# သင်လူတစ်ယောက်ဖြစ်ပြီလား

ဓမ္မဒဿန နှင့် ဓမ္မရသ စာစုများ



## မေတ္တာရှင်
(ရွှေပြည်သာ)

Graphic:KYAYTHAR

R-8

သင်လူတစ်ယောက်ဖြစ်ပြီလား
ဓမ္မဒဿန နှင့် ဓမ္မရသ စာစုများ
မေတ္တာရှင်
(ရွှေပြည်သာ)

လောကီလူသားများက လူတစ်ယောက်အဖြစ်
သတ်မှတ်ထားသော အင်္ဂါများမှာ
အမျိုးမြတ်ခြင်း၊ ရာထူးကြီးမြင့်ခြင်း၊
ဥစ္စာစည်းစိမ် ပေါများခြင်း တို့ဖြစ်ပြီး
ဘုရားရှင်က လူတစ်ယောက်အဖြစ်
သတ်မှတ်ထားသော အင်္ဂါများကတော့
သဒ္ဓါ - ကုသိုလ်တရားများကို ရဲဝံ့စွာလုပ်ရဲခြင်း
သတိ - ကုသိုလ်တရားများအပေါ် သတိရခြင်း
ဗြဟ္မစရိယ - မြတ်သောအကျင့်ကို
ကျင့်သုံးနိုင်ခြင်းတို့ဖြစ်သည်။
လောကီလူသားများ
သတ်မှတ်ထားသောအင်္ဂါများ
လုံးဝမပါ။

အင်္ဂုတ္တိုရ်ပါဠိတော်၊
တိကနိပါတ်။



မေတ္တာရှင် (ရွှေပြည်သာ)

# သင်လူတစ်ယောက်ဖြစ်ပြီလား

ဖြန့်ချိရေး
ရွှေပြည်သာစာပေ၊ မန္တလေးကျောင်း
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၆၁၁၆၂၂၊ ၆၁၁၄၅၇။

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၃၂၀၇၁၅၁၀၀၉

၆၀၀ ၂၁၈၀၅၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၆၀၀၄၃၄၀၈၁၀

**ထုတ်ဝေခြင်း**

ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

**အုပ်ရေ**

၃၀၀၀၀

**တန်ဖိုး**

၄၀၀၀ ကျပ်

**မျက်နှာဖုံး ပန်းချီ၊ ဒီဇိုင်းနှင့်အတွင်းဒီဇိုင်း**

ဝင်းမောင်မောင်၊ ကြေးသား၊ လှကြီး

**အတွင်းဖလင်**

Empire

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးငွေစိုး၊ သူရအောင်ပုံနှိပ်တိုက်၊

သုဒ္ဓဝိပဿနာရိပ်သာ၊ ဖန်ခါးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)

အမှတ် ၁၁၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**စီစဉ်သူ**

ဦးစိုးတင့်၊ ဦးဆန်းထွန်း

စာအုပ်ကတ်တလောက်အညွှန်း (CIP)

၂၉၄.၃

မေတ္တာရှင်၊ ရွှေပြည်သာ ၊

သင်လူတစ်ယောက်ဖြစ်ပြီလား /မေတ္တာရှင်(ရွှေပြည်သာ)၊ ရန်ကုန်။

ယုံကြည်ချက်စာပေ၊ ၂၀၁၀။

၄၁၄ စာ၊ ၁၈.၁၆ X ၂၅ .၅၃ စင်တီ။

(၁) သင်လူတစ်ယောက်ဖြစ်ပြီလား

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း(၁)** | |
| | **မိတ်ဆက်** | |
| ၁။ | လူတစ်ယောက်အဖြစ် သတ်မှတ်နိုင်သောအင်္ဂါ | ၁၆ |
| ၂။ | လူတစ်ယောက်နှင့် တစ်ခြမ်းဟူသည် | ၁၇ |
| ၃။ | ဗုဒ္ဓမြတ်စွာ၏ မိန့်ကြားချက် | ၁၈ |
| ၄။ | ခွင့်မပြု | ၁၉ |
| ၅။ | အကျိုးခံစားပုံ | ၂၀ |
| ၆။ | ကုသိုလ်ကံ အကုသိုလ်ကံ၏ လက်တွေ့ကောင်းကျိုး ဆိုးကျိုးများ | ၂၁ |
| ၇။ | အကုသိုလ်ဇော အကျိုးပေးပုံ ရှင်းတမ်း | ၂၃ |
| ၈။ | ကုသိုလ်ဇော အကျိုးပေးပုံ ရှင်းတမ်း | ၂၅ |
| ၉။ | ဗိုမအင်္ဂါ မပါသူ | ၂၆ |
| ၁၀။ | သရဏဂုံ တည်ရကျိုး | ၂၈ |
| ၁၁။ | သဘော်သားနတ်သားများ | ၃၀ |
| ၁၂။ | သောတာပန်နှစ်မျိုး | ၃၁ |
| | **အခန်း(၂)** | |
| ၁၃။ | အသားမှန်သမျှ အဆိပ်၊ အသီးအရွက်မှန်သမျှ ဆေး | ၃၄ |
| ၁၄။ | ရောဂါများခြင်း အသက်တိုရခြင်းအကြောင်း | ၃၅ |
| ၁၅။ | တစ်ကြိမ်သတ်၍ လေးကြိမ်ပြန်သေရသူ | ၃၇ |
| ၁၆။ | အသားစား သတ္တဝါတို့၏ အင်္ဂါ ၉ ချက် | ၃၈ |
| ၁၇။ | အသီးအနှံစားသော သတ္တဝါတို့၏ အင်္ဂါ ၉ ချက် | |
| ၁၈။ | အသားမစားခင်ကဖြစ်သော ရောဂါသုံးမျိုး | ၃၉ |
| ၁၉။ | ဇာတ်တော်ထဲက လူပြိတ္တာ | ၄၀ |
| ၂၀။ | မိုင်လေးထောင်ရှည်သော ငါး | ၄၄ |
| ၂၁။ | ကုလားအစ်နှင့် မြန်မာအစ် | ၄၅ |
| ၂၂။ | ငှက်တို့က ငွေရှာပေးရသူ | ၄၆ |
| ၂၃။ | ကြိုးစင်အထိ ပို့နိုင်စွမ်းရှိသော အပေါင်းအသင်း | ၄၉ |
| ၂၄။ | ထောင်မှူးများ၏ ခံစားချက်သံစဉ် | ၅၃ |
| ၂၅။ | အကြံအောင်သောနေ့သည် ထောင်ကျသောနေ့ | ၅၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆။ | အပေါင်းအသင်းမှား ကြိုးစင်သွား | ၅၉ |
| ၂၇။ | ကာမဂုဏ်နှင့် သစ္စာ | ၆၁ |
| ၂၈။ | ကျိုးကန်းနှင့် ဘဲဥ | ၆၇ |
| ၂၉။ | ကိုယ့်ကိုယ်ကို သတ်မိန့်ချသူ | ၆၉ |
| ၃၀။ | လင်သတ်အလောင်းဖျောက် ထောင်ထဲရောက် | ၇၁ |
| ၃၁။ | တရားခံဖော်သော ဆေးတံ | ၇၃ |
| ၃၂။ | အကြမ်းဆုံးသုံးမြို့ | ၇၇ |
| ၃၃။ | ထောင်ပိုင်ကုသိုလ်ရသောနေ့ | ၈၀ |
| ၃၄။ | ထောင်တွင်းမှ လိမ်လည်မှု | ၈၁ |
| ၃၅။ | မိုးကြိုးအသက် ကြွေရက်စော | ၈၅ |
| ၃၆။ | မိုးပေါ်က အပ်တစ်စင်းနှင့် မြေကြီးပေါ်က အပ်တစ်စင်း | ၁၀၉ |
| | **အခန်း(၃)** | |
| ၃၇။ | မိဘတိုင်း သိသင့်သော အမွေနှစ်မျိုး | ၁၁၉ |
| ၃၈။ | ဓမ္မအမွေပေးပုံ | ၁၂၀ |
| ၃၉။ | မြေကြီးပြိုတ္တာ | ၁၂၁ |
| ၄၀။ | ၉၂–ကမ္ဘာ့ဒိုခဲ့ရသူများ | ၁၂၃ |
| ၄၁။ | အမျှရအောင် ဝေနည်းအဆင့်ဆင့် | ၁၂၆ |
| ၄၂။ | အဇာတသတ် ကိုယ်တွေ့ပြိတ္တာ | ၁၂၇ |
| ၄၃။ | ဘာသာခြားတစ်ဦး၏ ဓမ္မမိဋ္ဌာန်ကြွေးကြော်သံ | |
| ၄၄။ | ဗုဒ္ဓနှင့် ဘာသာခြားအဘွားအို | ၁၂၉ |
| ၄၅။ | တစ်ကြိမ်ဦးချ ကျိုးဖလ | ၁၃၀ |
| ၄၆။ | အသက်ကိုစွန့်၍ သောက်ရေလှူသူ | ၁၃၁ |
| ၄၇။ | ဘာသာခြားအမေကို အမျှဝေပုံ | ၁၃၂ |
| ၄၈။ | သေရွာပြန် ဦးရေခဲ | |
| ၄၉။ | ငရဲပြည်သို့ အလည်သွားသူ | ၁၃၃ |
| ၅၀။ | အပြန်ခရီး | ၁၃၇ |
| ၅၁။ | စေတနာမြင့်၍ အကျိုးပေးမြင့်သူ | ၁၃၈ |
| ၅၂။ | သူတစ်ပါးမရသော ကောင်းကျိုးကိုရလိုလျှင် | |
| ၅၃။ | ရှောင်စရာနှင့် ဆောင်စရာ | ၁၃၉ |
| ၅၄။ | ဝင်္ကသုံးပါးကြောင့် အပါယ်ကျပုံ | ၁၄၀ |
| ၅၅။ | ဝင်္ကသုံးပါးချုပ်၍ နိဗ္ဗာန်ရပုံ | ၁၄၁ |
| ၅၆။ | ညစ်ကျူလိပ်ပြာ | ၁၄၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇။ | ဝတ္ထုနောက်မှာပြောချင်တာ | ၁၄၉ |
| ၅၈။ | ခြေရာအဆိပ် | ၁၅၁ |
| ၅၉။ | ဖမ်း၍မမိသော တရားခံ | ၁၅၉ |
| | **အခန်း(၄)** | |
| ၆၀။ | သောတာပန်၏ ဂုဏ်ရည်လေးချက် | ၁၆၇ |
| ၆၁။ | နောက်ဘဝ၌ သောတာပန်တည်စေမည့် ကုသိုလ်လေးမျိုး | ၁၆၈ |
| ၆၂။ | မင်းအဖြစ်ကို မလိုချင်သူ | ၁၇၀ |
| ၆၃။ | အသာစံဝါဒနှင့် အနာခံဝါဒ | ၁၇၁ |
| ၆၄။ | လာဘ်ပေးလာဘ်ယူကင်းသော စင်္ကာပူနိုင်ငံ | ၁၇၂ |
| ၆၅။ | မိမိအားနည်းချက်ကို မမြင်ရခြင်းအကြောင်း | ၁၇၃ |
| ၆၆။ | ပြစ်တင်ဆုံးမမှုကို မကြိုက်ရခြင်းအကြောင်းရင်း | ၁၇၄ |
| ၆၇။ | ဘွဲ့တံဆိပ်ပေးမှာ ကြောက်သူများ | ၁၇၆ |
| ၆၈။ | သခင်စိတ်နှင့် လီကွမ်ယု | ၁၇၇ |
| ၆၉။ | အဆင်းရဲဆုံးနိုင်ငံမှ ကိုယ်ပိုင်လေယာဉ်ရှိသူများ | ၁၇၈ |
| ၇၀။ | လိုတာက ငွေမဟုတ်၊ ခေါင်းဆောင်ကောင်း | ၁၇၉ |
| ၇၁။ | အာဆီယံ၏ အခြေခံအားနည်းချက် | ၁၈၀ |
| ၇၂။ | ဂေါ်ဘာချက်ဗ်နှင့် တိန့်ရှောင်ဖိန် | ၁၈၁ |
| ၇၃။ | ကိုယ့်ကိုယ်ကို သေဒဏ်ပေးသူ | ၁၈၂ |
| ၇၄။ | အူမတောင့်မှ သီလစောင့်ကြမည် | ၁၈၃ |
| ၇၅။ | ကိုရင်ဘဝမှ မင်းဘဝသို့ | ၁၈၄ |
| ၇၆။ | ထူးခြားသော ချင်ခြင်းသုံးခု | ၁၈၅ |
| ၇၇။ | အဓိဋ္ဌာန်ထမင်းသုံးလုတ် | ၁၈၈ |
| ၇၈။ | ဒုဋ္ဌဂါမဏိ အမည်ရခြင်းအကြောင်း | ၁၉၀ |
| ၇၉။ | ကိုယ်ပိုင်ပစ္စည်းနှင့် ဘုံဆိုင်ပစ္စည်း | ၁၉၁ |
| ၈၀။ | အမေရိကန်မှ သူရဲမိသားစု | ၁၉၅ |
| ၈၁။ | အာဏာမြေနှင့်စေတနာမြေ | ၁၉၈ |
| ၈၂။ | ရှင်ဥပဂုတ်လှူရခြင်းအကြောင်း | ၁၉၉ |
| ၈၃။ | အလှဆုံး သို့သော် အ,အဆုံး | ၂၀၀ |
| ၈၄။ | ပြုပြင်ရမည့် အလှူများ | ၂၀၁ |
| ၈၅။ | အတုယူရမည့် အလှူတစ်ခု | ၂၀၂ |
| ၈၆။ | ပိုးဟပ်စာဖြစ်သွားသော ပိဋကတ်သုံးပုံ | ၂၀၃ |
| ၈၇။ | ပြုပြင်ရမည့် ကထိန်သင်္ကန်းနှင့် ဝါဆိုသင်္ကန်း | ၂၀၄ |
| ၈၈။ | ဆရာဒကာ ပြုပြင်ရမည့် ကျောင်းအလှူ | ၂၀၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၉။ | ရာထူးထက် နိုင်ငံကို ပိုချစ်သူ | ၂၀၆ |
| ၉၀။ | ကျောင်းအလှူမခံသော ဆရာတော်များ | ၂၀၇ |
| ၉၁။ | မီးလောင်ခံရခြင်း အကြောင်းနှစ်ခု | ၂၀၈ |
| ၉၂။ | ဂျပန်များ ချမ်းသာခြင်း အကြောင်းတစ်ခု | ၂၀၉ |
| ၉၃။ | ရုတ်တရက်ပေါ်လာသော တောင်ကုန်း | ၂၁၀ |
| ၉၄။ | ဒုတိယစစ်ပွဲ | ၂၁၁ |
| ၉၅။ | ငရုတ်သီးကျောင်းတော် | ၂၁၄ |
| ၉၆။ | ဒုဋ္ဌဂါမဏိ၏ နောက်ဆုံးအချိန် | ၂၂၀ |
| ၉၇။ | သေခါနီး နတ်ရထားဆိုက်သော အမေစိန် | ၂၂၅ |
| | **အခန်း(၅)** | |
| ၉၈။ | ဘက်ဂီယို၏ ကိုယ်ကျင့်သီလ | ၂၂၉ |
| ၉၉။ | ရဟန်း မဖြစ်သော ပုဂ္ဂိုလ်(၁၁)ဦး | ၂၃၀ |
| ၁၀၀။ | ကာမေသု၏ ပစ္စက္ခဆိုးကျိုးများ | ၂၃၃ |
| ၁၀၁။ | ကြိုးချင်းထားကြိုးချင်းငြိ | ၂၃၄ |
| ၁၀၂။ | ခဲအိုမွေးသောမီး | ၂၃၇ |
| ၁၀၃။ | အပြာရုပ်ရှင် | ၂၄၁ |
| ၁၀၄။ | ဖွဲ့တစ်ဆုပ်နိုင်သေးရင် | ၂၄၃ |
| ၁၀၅။ | မယားခိုး | ၂၄၇ |
| ၁၀၆။ | မပြုံး ကြောင့် မပြုံးနိုင်ပါ | ၂၅၁ |
| ၁၀၇။ | အတွေ့ကို မရှောင်နိုင်တဲ့အခါ | ၂၅၅ |
| ၁၀၈။ | အိမ်တွင်းရေးအရှုပ် | ၂၅၉ |
| ၁၀၉။ | မှောင်လွန်းသောည | ၂၆၃ |
| ၁၁၀။ | မိန်းမ မဟုတ်သော ကလေးနှစ်ယောက်အမေ | ၂၆၇ |
| ၁၁၁။ | မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း | ၂၇၃ |
| ၁၁၂။ | ကာမဂုဏ်စိတ်ဖြစ်ပေါ်ခြင်းအကြောင်း | ၂၇၉ |
| ၁၁၃။ | အချစ်ပျက်ရေး လူမှန်းဆေး | ၂၈၀ |
| ၁၁၄။ | မိန်းမဖြစ်ရခြင်းအကြောင်းရင်း | ၂၈၃ |
| ၁၁၅။ | အတွေ့အတွက် အသက်ပေးသူ | ၂၈၅ |
| | **အခန်း(၆)** | |
| ၁၁၆။ | ရုပ်အထောက်အပံ့နှင့် စိတ်အထောက်အပံ့ | ၂၉၄ |
| ၁၁၇။ | မယ်တော်ကြီးနှင့် စိတ်ဓာတ်အထောက်အပံ့ | ၂၉၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၈။ | မိဘလေးမျိုး | ၂၉၈ |
| ၁၁၉။ | ကျော်ဖံလှနှင့် သစ္စာ | ၂၉၉ |
| ၁၂၀။ | နောင်တ ကြိမ်လုံး တဖုန်းဖုန်း | ၃၀၅ |
| ၁၂၁။ | အရက်သမားတစ်ယောက်၏ ဖွင့်ဟဝန်ခံချက် | ၃၀၆ |
| ၁၂၂။ | သေမင်းဆိုတဲ့ ညှော်သည်ကို ဘာနဲ့ ညှော်ခံမှာလဲ | ၃၀၇ |
| ၁၂၃။ | ခွေးသည် အရက်မသောက်ပါ ထို့အတူ | ၃၀၈ |
| ၁၂၄။ | လျှော့သောက်ပါသည် သို့သော် | ၃၀၉ |
| ၁၂၅။ | ဆန်အိုးကို နှစ်ခါတိုးသော ကြက်ကန်း | ၃၁၀ |
| ၁၂၆။ | တုတ်နှင့်ဆုံးမသူနှင့် နှုတ်နှင့်ဆုံးမသူ | ၃၁၁ |
| ၁၂၇။ | အရက်သမားရဲ့ ဒဿနမေးခွန်း | ၃၁၂ |
| ၁၂၈။ | အဖေကိုသတ်ခြင်း | ၃၁၃ |
| ၁၂၉။ | သမီးအရင်းကို စော်ကားသူ | ၃၁၄ |
| ၁၃၀။ | စိတ်ဝေဒနာကို အဖြေရှာခြင်း | ၃၁၇ |
| ၁၃၁။ | သဘော်ပေါ်မှ စိတ်ဝေဒနာသည်များ | |
| ၁၃၂။ | ဆရာကြီးသုံးယောက် | ၃၂၁ |
| ၁၃၃။ | စာရေးဆရာနှင့်အရက် | ၃၂၆ |
| ၁၃၄။ | ကွယ်လွန်သူ၏ ရှင်ပြုနားသမင်္ဂလာ ဖိတ်ကြားစာ | ၃၂၉ |
| ၁၃၅။ | သမိုင်းကြောင်းမကောင်းသောအရက် | ၃၃၅ |
| ၁၃၆။ | ကြီးကောင်ငင်စ | ၃၄၁ |
| ၁၃၇။ | ဦးရေအေး | ၃၄၇ |
| ၁၃၈။ | ချစ်တဲ့သူအငိုတိတ်အောင် | ၃၅၁ |
| ၁၃၉။ | ပြောစမှတ်ဆုတောင်း | ၃၅၅ |
| ၁၄၀။ | နှစ်လောင်းပြိုင်ဖြစ်ရသော ကာမေသုကံ | ၃၅၉ |
| ၁၄၁။ | မျောက်အ ဇာတ်ထုတ် ကတဲ့မင်းသား | ၃၇၁ |
| ၁၄၂။ | အရက်ရှုးနိဒါန်း | ၃၇၇ |
| ၁၄၃။ | ရှူးရှူးမပေါက်သင့်သောနေရာ | ၃၈၅ |
| ၁၄၄။ | သေသောက်ကြူး၍ အရူးဖြစ်ရခြင်း | ၃၈၉ |
| ၁၄၅။ | အရက်စွဲသူများနှင့် ရောဂါများ | ၄၀၇ |
| ၁၄၆။ | အရက်နှင့်အသည်း | |
| ၁၄၇။ | ပြင်သစ်ပြည်ရှိ အရက်မှန်မှန်သောက်သူအပေါ် တွေ့ရှိချက် | ၄၀၈ |
| ၁၄၈။ | အရက်+စိတ္တဇ= ရာဇဝတ်မှု | ၄၀၉ |
| ၁၄၉။ | အရက်သတင်းများ | ၄၁၁ |

"ထောက်မှန်ပေါ်တွင်၊ ကိုယ့်အသွင်ကို
ဆင်ပြင်လိုမူ၊ နေ့စဉ်ရှုသို့
ယခုဤကျမ်း၊ မှန်လိုမှန်း၍
ရှုစမ်းစေချင်၊ ကိုယ့်ဖြစ်အင်ကို
ဆင်ခြင်လေကွဲ့ နေ့စဉ်တဲ့"

**အရှင်ဇနကာဘိဝံသ**
**(ကိုယ်ကျင့်အဘိဓမ္မာမှ)**

# မိတ်ဆက်

ကောဇာသက္ကရာဇ် ၁၃၇၂–ခုနှစ် ကဆုန်လဆန်း ၁–ရက် သင်္ကြန်အကြိုနေ့။

၁၃. ၄. ၂၀၁၀နေ့တွင် မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော် တည်ထောင်သည့် သုဒ္ဓဝိပဿနာရိပ်သာကြီး၌ ပထမအကြိမ်သင်္ကြန်တွင်း ၇–ရက် တရားစခန်းပွဲကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ ၇–ရက် တရားစခန်းဖွင့်နိုင်ခဲ့သည်မှာ ရိပ်သာကြီးတွင် အဆောက်အဦများ ပြီးပြည့်စုံ၍ မဟုတ်ပါ။ တရားစခန်း မဖွင့်မီ ၂–လအလိုကပြောခဲ့သော ဆရာတော်၏သတိပေးသြဝါဒအရ ကြိုးစားပြီး ဖွင့်လှစ်ရခြင်းဖြစ်ပါသည်။

ဆရာတော်၏ သတိပေးတရားစကားမှာ–

''ရိပ်သာကြီး အမြန်ဖွင့်လှစ်နိုင်အောင် အမြန်ကြိုးစားပြီး လုပ်ဆောင်ကြ။ ဘာဖြစ်လို့လဲဆိုတော့ တရားဟောဆရာတော် အပါအဝင် တရားအားထုတ်မည့် ယောဂီများပါ မရဏဆိုတဲ့ သေခြင်းသဘောက အမြဲရှိနေလို့ပါ''

ဒီလိုမိန့်ကြားထားတာကြောင့် မြန်မြန်တရားအားထုတ်ရပြီး မြန်မြန်တရားရစေချင်တဲ့ ဆရာတော်၏ မေတ္တာစေတနာကို အလေးထားပြီး မပြည့်စုံတဲ့ အနေအထားရှိနေသည့်အတွင်းမှ ကြိုးစားပြီး ပထမအကြိမ် အဖြစ် ဖွင့်လှစ်လိုက်ပါတယ်။

ပထမဦးဆုံးအကြိမ်ဖြစ်သည်နှင့်အညီ ကျွန်တော်တို့ဝေယျာဝစ္စအဖွဲ့တွေအနေနှင့် လိုအပ်ချက်တွေ အတော်များများရှိတာကို သိရှိခဲ့ရပါသည်။ ယောဂီဦးရေမှာ ခန့်မှန်းထားသည့် ဦးရေ(၅၀၀)ထက် ကျော်လွန်ပြီး ဦးရေ ၁၀၀၀ကျော်ဖြစ်သွားရာ နေရာထိုင်ခင်းအစားအသောက်မှအစ အခက်အခဲများ အတော်ပင်ဖြစ်ခဲ့ရပါ၏။

ဘုရားတန်ခိုး၊ တရားတန်ခိုး၊ သံဃာတန်ခိုးဆိုသလိုပင် ဆရာတော်သည် နေ့စဉ်နေ့တိုင်း တရားဟောချိန် ငါးကြိမ်၊ တရားထိုင်ချိန် နှစ်ကြိမ် အပင်ပန်းခံ ဟောကြားပြသခဲ့သည်။ ညစဉ်လည်း ည(၈)နာရီ အချိန်တိုင်း'တကယ့်ဗုဒ္ဓဘာသာကျင့်စဉ်'ခေါင်းစဉ်ဖြင့် ညတရားပွဲကြီးများနှယ် ဟောကြားတော်မူခဲ့ပါသည်။

ဆရာတော်၏ မေတ္တာ၊ စေတနာဖြင့် ပင်ပန်းခံဟောကြားပြသမှုတွေကြောင့် ကျွန်တော်တို့ဝေယျာဝစ္စ အဖွဲ့ရဲ့ လိုအပ်ချက်တွေလည်း မေးမှိန်သွားခဲ့ရပါတယ်။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာအပေါ်မှာ ကြည်ညိုမှုသဒ္ဓါများ တိုးပွားလာအောင်၊ တရားအပေါ် ပိုမိုစိတ်ဝင်စားလာအောင် ဟောကြားပေးခဲ့တဲ့ ဆရာတော်ကို ကျေးဇူးတင်ရမည်ဖြစ်ပေသည်။

ဆရာတော်သည် တရားဟောရာ၌သာ စိတ်ဝင်စားအောင် ဟောပြောနိုင်သည်မဟုတ်။ စာပေအရေး အသားအရာတွင်လည်း စိတ်ဝင်စားဘွယ်ဖြစ်အောင်ရေးသားနိုင်ပါသည့်အပြင် ဆရာတော်ရေးသားပြီးသည့် စာအုပ်များကို အမည်ပေးရာတွင် စိတ်ဝင်စားဘွယ်ဖြစ်အောင် ပေးတတ်ရွေးတတ်ပါသည်။ ယင်းနှင့်ပတ်သက်ပြီး တစ်ခါတွင် စာပေစကားဝိုင်းတစ်ခုဝယ် စာအုပ်အမည်ပေးပုံနှင့် ဆက်စပ်ပြီး ပြောဆိုကြသည်ကို ယခုလို ကြားခဲ့ရပါသည်။

''မေတ္တာရှင်ဆိုတဲ့ဆရာတော်ရဲ့စာအုပ်တွေက နာမည်လေးဖတ်မိတာနဲ့တင် စာအုပ်ကိုလိုချင်လာတယ်။

''မျက်ရည်မကျခင် သိစေချင်'တဲ့။

''ကျွန်တော်တို့ ဝတ္ထုရေးတဲ့သူတွေတောင် ဒီလိုနာမည်မျိုး မတွေးမိ၊ မစဉ်းစားမိဘူးဗျာ''

''ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း''တဲ့။

''ဘဝနှင့် ရင်းရသောအတွေးအမြင်များ''တဲ့။

''မြန်မာတို့၏အသက်''

''အတွင်းရန်သူ''

''လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ''တဲ့။

''ကဲ၊ ကြည့်၊ ဘယ်လောက်စိတ်ဝင်စားစရာကောင်းတဲ့ နာမည်တွေလဲဆိုတာ''

''ဟုတ်ပါတယ်၊ ဆရာတော်ဟာ စာအုပ်နာမည်ပေးရာမှာတင် စိတ်ဝင်စားစရာမဟုတ်ဘဲ၊ စာအုပ်အတွင်းကဏ္ဍမှာပါတဲ့ မာတိကာခေါင်းစဉ် ထုတ်နှုတ်စီစဉ်ရာမှာပါ ကိုယ်တိုင်ရွေးချယ်စီစဉ်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ခေါင်းစဉ်များကို မြန်မာတို့၏အသက်စာအုပ်မှ ထုတ်နှုတ်ပြရမယ်ဆိုလျှင်–

''ဖြဟ္မာလိုလူ မျောက်လိုလူ''

''တကာကအထက် ဆရာကအောက်''

''မကျကောင်းသော ရဟန်းမျက်ရည်''

''လူဆိုးဖမ်းသော မြွေကြီး''

''အထက်နေပါဦး၊ အောက်လုံအောင်ဖုံး''

''အမင်္ဂလာ စိန်ခေါ်သံ''

စာအုပ်လှန်ပြီး မာတိကာကို ဖတ်ကြည့်မိယုံမျှနှင့် စိတ်ဝင်စားစရာကောင်းနေပြီ။ ယခုလည်း ဆရာတော်ကရိပ်သာ ညတရားပွဲမှာ မိရိုးဖလာဗုဒ္ဓဘာသာကနေ တကယ့်ဗုဒ္ဓဘာသာဖြစ်စေမယ့် တကယ့်ဗုဒ္ဓဘာသာကျင့်စဉ်အမည်နဲ့ တရားဟောရင်း စာအုပ်အသစ်ထွက်မယ့်အကြောင်း အသိပေးသည့်အနေနှင့် ထည့်ဟောတယ်။ ဒီစာအုပ်ဟာ လူငယ်၊ လူလတ်၊ လူကြီးအရွယ်သုံးပါးလုံးကို ဖတ်ချင်စဖွယ်ဖြစ်အောင် လက်တွေ့ဓမ္မရသဝတ္ထုများ၊ ဓမ္မဒဿနများအပါအဝင် အခန်းတိုင်းမှာ ပန်းချီလက်ရာများစွာနှင့် လူတွေရဲ့ရင်ထဲ၊ နှလုံးသားထဲ ရောက်သွားမယ့်စာအုပ်ပါ။ ရောက်လိမ့်မယ်လို့လည်း ယုံကြည်ပါသည်။ ဆရာတော်ကပြောဖူးသည်။

''နှလုံးသားကဟောတဲ့ တရားကမှ နှလုံးသားထဲရောက်သွားတယ်။ နှလုံးသားနဲ့ရေးတဲ့ စာကမှ နှလုံးသားမှာထင်နေပါလိမ့်မယ်''တဲ့။

ယခုထွက်မယ့် စာအုပ်အမည်က သင်သွားလေရာမှာ အစဉ်အမြဲလိုက်မေးနေတယ်လို့ မှတ်ထင်ခံစားရမယ့်နာမည်၊ **'သင်လူတစ်ယောက်ဖြစ်ပြီလား'**တဲ့။

စာအုပ်နာမည် ဖတ်လိုက်တာနဲ့ ဆရာတော်က ကျွန်တော့်ကို ကြည့်ပြီး မေးလိုက်သလိုခံစားရသည်မို့ ကြက်သီးများ ဖျန်းခနဲထသွားသည်။ တဆက်တည်းမှာပင် မြို့လယ်လမ်းဆုံများမှာ စိုက်ထူထားသည့် 'သင့်ကြောင့် မီးမလောင်ပါစေနှင့်'ဆိုတဲ့ စာသားကိုရေးကာ ကြည့်မိသူတိုင်းကို လက်ညှိုးထိုးပြီး သတိပေးသလို သရုပ်ဖော်ထားသော မီးသတ်သမားရုပ်ပုံပါ မီးသတိပေးဆိုင်းဘုတ်ကြီးကို မြင်ယောင်လာမိသည်။

ထိုသတိပေးဆိုင်းဘုတ်သည် ရုပ်ဝတ္ထုပစ္စည်းများ မီးလောင်ကျွမ်းမှုဘေးမှ ကင်းစင်စေရန် သတိပေးနှိုးဆော်ချက်သာဖြစ်ပြီး အခန့်မသင့်၍ မီးလောင်ခံရပါကလည်း ပစ္စက္ခဘဝတွင်သာ ဒုက္ခရောက်နိုင်သည်။ 'သင်လူတစ်ယောက်ဖြစ်ပြီလား' စာအုပ်ပါ သတိပေးရေးသားချက်များမှာကား ရခဲလှသော လူ့ဘဝကိုရလာ

ပါလျက် လူပီသသော လူတစ်ယောက်ဖြစ်မလာလျှင် သံသရာအဆက်ဆက် ဒုက္ခရောက်ရမည့် အကြောင်းများကို မီးမောင်းထိုးပြထားသည်။ လူ့ဘဝကိုရလာသော်လည်း လူဟူသည့်ပညတ်နှင့် ထိုက်တန်သော လူတစ်ယောက်မဖြစ်သေးလျှင် အမျိုးမျိုးသော မီးများလောင်ပေရော့မည်။

ဆရာတော်ဆိုလိုသည့် လူတစ်ယောက်ဆိုသည်မှာ ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်တိုင်းကို 'လူ'ဟု မသတ်မှတ်နိုင်သေးပါ။ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာပြည့်စုံကာမျှနှင့်လည်း လူအဆင့်မီသည်ဟု ဆိုကာ 'လူ'အဖြစ်မသတ်မှတ်နိုင်သေး။ ရာထူးဂုဏ်သိန်၊ အရှိန်အဝါရှိသူတွေက ရာထူးဂုဏ်သိန် အရှိန်အဝါမာန် တက်နေသော်လည်း 'လူ'ဖြစ်ပြီဟု မဆိုနိုင်သေးပါ။

ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ် ၁၆–နှစ် ၁၇–နှစ်ခန့်က သူငယ်ချင်းတွေစုမိပြီး ဘာသာရေးအသိ မရှိကြသေးသူတွေပီပီ ရောက်တတ်ရာရာစကားတွေ ပြောကြရင်း ငြင်းကြခုံကြတာပေါ့။ အဲဒီအထဲမှာ ကျွန်တော်တို့ထက် အသက်ကြီးတဲ့ သားသည်အဖေအိမ်ထောင်သည် အစ်ကိုကြီးတွေလည်းပါတယ်။ ငြင်းကြခုန်ကြစကားနိုင်လုကြရာက သားသည်ဖအေအိမ်ထောင်သည် အစ်ကိုကြီးတွေဟာ ကျွန်တော်တို့နဲ့ စကားနိုင်လုတာ သူတို့ရှုံးတော့မယ်ဆိုတာ သိတာနဲ့ နောက်သလိုပြောင်သလိုနဲ့ပြောပြီး အနိုင်ပိုင်းသွားလေ့ရှိတဲ့စကားတစ်ခွန်းရှိတယ်။ အဲဒါကတော့–

''မင်းတို့ လူမဖြစ်သေးပါဘူးကွာ၊ ကြိုးစားပါအုံး''တဲ့။ ကျွန်တော်တို့ အောင့်သက်သက်နဲ့ ခံလိုက်ရပေမယ့် ဘာမှပြန်မပြောသာခဲ့ဘူး။ ကျွန်တော်တို့သိတာက မွေးလာတဲ့လူတိုင်း လူဖြစ်ပြီလို့ သိထားတာလေ။

'သင်လူတစ်ယောက်ဖြစ်ပြီလား'ဆိုတဲ့ ဒီစာအုပ်ကိုဖတ်လိုက်ရတော့မှ ငါလူမှဟုတ်ပါရဲ့လားဆိုတာ ကိုယ့်ကိုကိုယ်ပြန်ပြီး ဆန်းစစ်ကြည့်မိတော့တယ်။ ဒီလိုဆန်းစစ်ကြည့်နိုင်ဖို့အတွက် ကျွန်တော့်စိတ်ကူးနှင့် ဖန်တီးထားတဲ့ ငါးပါးသီလဆိုတဲ့ မှန်ဘောင်ကြီးတစ်ခု ပြုလုပ်လိုက်ပါတယ်။ စောင့်ထိန်းရမယ့် သီလတရားတွေကို ဘောင်ခတ်လိုက်တဲ့သဘောပေါ့။ ဆည်းကပ်၊ ကိုးကွယ်၊ ကျင့်ကြံပွားများရမယ့် စိတ်ကောင်း စေတနာကောင်းတွေကို မှန်သားပြင်ကြီးလို သဘောထားပြီး မှန်ရှေ့မှာ ရပ်ကြည့်လိုက်။

ကိုယ့်ကို မင်းသားလေးလိုချောတယ်။ မင်းသမီးလေးလိုလှတယ်လို့ တခြားသူတွေဘယ်လိုပင် မြင်နေကြပါစေ။ မှန်သားပြင်မှာတွေ့ရတဲ့ရုပ်ဟာ မင်းသားလေးလို မင်းသမီးလေးလိုလှတယ်လို့ သူများတွေ ပြောနေကြတဲ့ မှန်သားပြင်ပေါ်မှာမဟုတ်တဲ့ ပကတိရုပ်ဟာ တကယ်ပဲမင်းသားလေးလိုလှရဲ့လား။ ငါလူ တစ်ယောက်ဖြစ်ပြီလားဆိုတာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ရမှာပါ။ (မျက်နှာဖုံးရုပ်ပုံကို ရှုပါ)

ဒါကြောင့် 'အတ္တာနုဝါဒဘေး'လို့ ခေါ်တဲ့ ကိုယ့်ကိုယ်ကို ကဲ့ရဲ့တဲ့ဘေးက လွတ်အောင်နေတတ်ပြီလား ဆိုတာ ဆရာတော်ရဲ့ 'သင်လူတစ်ယောက်ဖြစ်ပြီလား'ဆိုတဲ့ ဒီစာအုပ်မှာပါတဲ့ အကြောင်းအရာတွေဟာ ငါသည် လူငရဲသားလား။ လူ့တိရစ္ဆာန်လား။ လူပြိတ္တာလား။ လူ့ပရမတ္ထလားဆိုတာကို တိုင်းတာတဲ့ပေတံ သဖွယ်လည်း ဖြစ်ပါတယ်။ ဒီပေတံနဲ့တိုင်းပြီးလို့ 'လူ'ပီသပြီဆိုတာနဲ့ သင်ဟာအပါယ်လေးဘုံကို မကျ ရောက်နိုင်တော့ပါ။

ဒီအတွေးအခေါ်နှင့်အတူ ဆရာတော်ဟာ ဓမ္မဒေသနလေးတစ်ခုကို ယခုလိုရေးသားခဲ့သည်။

**''သူတစ်ပါးကို မကြည်ညိုလျှင် ကုသိုလ်မရရုံသာ ရှိသည်၊ မိမိကိုယ်ကို မကြည်ညိုလျှင် အပါယ်ကျတတ်သည်''**

မြတ်စွာဘုရားရှင်က အပါယ်ကျသူ မည်မျှများကြောင်းကို သူ၏လက်သည်းပေါ်မှ သဲအနည်းငယ်နှင့် ဂင်္ဂါမြစ်ကမ်းဘေးရှိ သဲသောင်ပြင်မှ သဲများနှင့် နှိုင်းယှဉ်ပြီး လူ့ဘုံသို့ ရောက်ရှိသူများသည် လက်သည်း

ပေါ်မှ သဲပမာဏမျှသာရှိပြီး အပါယ်သို့ကျသူများသည် သဲသောင်ပြင်ရှိ သဲပမာဏမျှရှိကြောင်း၊ ဥပမာဆောင်ပြီး လူ့ဘဝရခဲပုံကို ဟောကြားတော်မူခဲ့သည်။ ဤမျှမက လူ့ဘဝရခဲပုံကို အခြားဥပမာ၊ ဥပမေယျများစွာဖြင့် ဟောကြားတော်မူခဲ့ပါသည်။ အလျဉ်းသင့်သဖြင့် လူ့ဘဝရခဲသည့်အကြောင်းကို ဆရာတော်တစ်ပါး သီဖွဲ့ထားသော ကဗျာလေးကို ဖော်ပြရမည်ဆိုလျှင် –

တန်ဖိုးထားရ လူ့ဘဝ
ဗြဟ္မာ့ပြည်က အပ်ကိုချ မြေက အပ်တစ်ပြား။
အပ်သွားခြင်းထိ ပမာသိ၊ ခဲဘိလူ့ဖြစ်ပါ။
မနုဿပတ္တာဘဝေါ ဒုလ္လဘော၊ မိန့်ဟောမြွက်ဗုဒ္ဓါ။
ဘုရားအဆူဆူ ပွင့်တော်မူ၊ ရယ်ဟုလူ့ပြည်ရွာ။
တန်ဖိုးထားရ လူ့ဘဝရကြသူများမှာ...

ဒီလင်္ကာလေးကို ကြည့်ခြင်းအားဖြင့် ကံကောင်းထောက်မ၍ လူ့ဘဝကို လာကြသူများသည် မိမိတို့ ရရှိနေသည့် လူ့ဘဝတန်ဘိုးကို သိနားလည်ကြဖို့ လိုအပ်ပါသည်။ ကျွန်တော်တို့ ပုထုဇဉ်များဖြစ်ခွင့်ရှိသောဘုံ၂၆–ဘုံ ရှိသည့်အနက် လူ့ဘုံသည် တန်ဖိုးရှိအောင်နေနိုင်သလို တန်ဖိုးမဲ့အောင်လည်း နေ၍ရပါသည်။ ဒီအတွေးအသိကို နားလည်သဘောပေါက်ပြီး ရရှိလာတဲ့လူ့ဘဝမှာ အသက်ရှင်သန်နေရခိုက်တန်ဖိုးရှိအောင်နေမယ်၊ အကျိုးရှိအောင်အသုံးချနိုင်မယ်ဆိုလျှင် ပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်ထူးတွေ မရှိသော်လည်း လူဖြစ်ရကျိုးနပ်ပါတယ်။

ရာထူးဂုဏ်ထူး၊ ပစ္စည်းဥစ္စာ ဘယ်လောက်ရှိရှိ၊ ဘယ်လိုပဲချမ်းသာသည်ဖြစ်စေ လူ့ဘဝမှာ တန်ဖိုးရှိအောင် မနေဘဲနှင့် လူလောကထဲက ထွက်သွားရမယ်ဆိုလျှင် လူ့ဘုံရောက်ပြီး လူဖြစ်ရကျိုး မနပ်ဖူးဆိုတဲ့စကားဟာ ဒီလိုလူမျိုးအတွက်လို့ ဆိုရပါမယ်။ ဒါကြောင့်

ဓမ္မဒေသနနှင့် ဓမ္မရသမျိုးစုံ ပါဝင်တဲ့ 'သင်လူတစ်ယောက်ဖြစ်ပြီလား'ဆိုတဲ့စာအုပ်ဟာ သင့်ကိုလူဖြစ်ကျိုးနပ်အောင် ကျင့်ကြံနေထိုင်ပွားများစေပြီး အသိဉာဏ်များတိုးတက်မြင့်မားလာစေမှာဖြစ်ပါတယ်။ နောက်ပြီး ခေတ်သစ်ဓမ္မပဒလို့ ဆိုရလောက်အောင် တကယ့်အဖြစ်အပျက် အကြောင်းအရာ အရာဝတ္ထု သာဓကများနှင့် ဓမ္မသံဝေဂရစရာဖြစ်ဖွယ် ချယ်မှုန်းရေးဖွဲ့ထားတာကို တွေ့ရဖတ်ရမှာဖြစ်ပြီး၊ ဒီစာအုပ်ကို 'သင်လူတစ်ယောက်ဖြစ်ပြီလား'လို့ အမည်ပေးပြီးမေးတာဟာ မေးသင့်မေးထိုက်လို့မေးတာဆိုတာလည်း သိရမှာပါ။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် လူအဖြစ်ရခဲပုံနှင့်ပတ်သက်ပြီး ဘာသာခြားတစ်ယောက်က မေးမြန်းလာသည်ကို ကျွန်တော့်ဦးလေးဦးချစ်ဝင်းက လူလေးမျိုးနှင့် နှိုင်းယှဉ်ပြီး ဖြေကြားသွားပုံလေးကို တင်ပြရလျှင် –

မေး – ဦးလေးတို့ ဘုရားက လူအဖြစ်ကို ရခဲတယ်၊ ရခဲတယ်နှင့်ဟောကြားထားတာ ကျွန်တော်တော့ လက်မခံနိုင်ပါဘူး။ လူအဖြစ် ရလွယ်တာကို သိပ္ပံမဂ္ဂဇင်းတစ်ခုမှာ ဖတ်လိုက်ရလို့ သိရတာက ကမ္ဘာမှာ တစ်စက္ကန့်ကို လူငါးယောက်နှုန်းနဲ့ မွေးနေတယ်ဆိုပဲ။ ဒီအဆိုအရ လူအဖြစ်ရခဲတယ်ဆိုတာ မဟုတ်နိုင်ဘူး။ မှားနေတယ်၊ တရုတ်ပြည်မှာဆိုရင် အိမ်ထောင်စုတစ်စုကို တစ်ယောက် သို့မဟုတ် နှစ်ယောက်ပဲ မွေး

ခွင့်ရတယ်တဲ့၊ ကဲ ဦးလေးဘယ်လိုဖြေမှာလဲ။

ဦးချစ်ဝင်း။ ဒါကတော့မင်းရဲ့ ခြင်ကောင်ဦးနှောက်လောက်နဲ့ တွေးရင်တော့ ဟုတ်နေသလိုပဲပေါ့။ မွေးလာတဲ့သူရှိသလို သေသွားတဲ့လူတွေလည်းရှိမယ်ဆိုတာ ထည့်တွက်ရမယ်လေ။ တစ်စက္ကန့်မှာ ငါးယောက်မွေးလာသလို တစ်စက္ကန့်မှာ ငါးယောက်သေနေမယ်ဆိုလျှင် ဘယ်လိုတွေးမှာလဲ။ နောက်ပြီး လူအဖြစ်ရခဲပုံကို မွေးတာသေတာနဲ့ နှိုင်းယှဉ်ယုံနဲ့တင် မသိရသေးပါဘူး။ တိရစ္ဆာန်တွေနဲ့ လူတွေကို အရေအတွက်ခြင်း ယှဉ်ကြည့်မှပိုပြီး သိရတယ်။ ဥပမာ ခြတောင်ပို့တစ်ခုဆိုလျှင် ခြကောင်ရေ မရေမတွက်နိုင်အောင် များတယ်။ ခြင်၊ ယင်၊ ပုရွက်ဆိပ်၊ ဒီအကောင်လေးမျိုးနဲ့ပဲ နှိုင်းယှဉ်ကြည့်လိုက်၊ လူတွေ ဘယ်လောက် နည်းသွား တယ်ဆိုတာ ပေါ်လွင်နေပြီ။

ဘာသာခြား။ ဒီလိုယှဉ်တွေးကြည့်တော့လည်း ဟုတ်သားပဲ။

ဦးချစ်ဝင်း။ ဒါပေမယ့် တို့ဘုရားက လူအဖြစ်ရခဲပုံကို လူနဲ့ တိရစ္ဆာန်ယှဉ်ကြည့်ပြီး မွေးသေအဝင်အထွက်ကို သင်္ချာနည်းနဲ့ တွက်ချက်ပြီး မဆုံးဖြတ်ပါဘူး။ မွေးလာတဲ့လူတိုင်းကိုလည်း လူလို့မသတ်မှတ်ပါဘူး။

ဘာသာခြား။ ဒါဖြင့် ဘယ်လိုလူကို လူလို့ သတ်မှတ်ရမှာလဲ။

ဦးချစ်ဝင်း။ တို့ဘုရားက လူကို အမျိုးအစားလေးခုနဲ့ ခွဲခြားပြီး သတ်မှတ်တယ်။ အဲဒီလေးမျိုးက

၁။ လူငရဲသား

၂။ လူတိရစ္ဆာန်

၃။ လူပြိတ္တာ

၄။ လူပရမတ္ထဆိုပြီး ခွဲခြားသတ်မှတ်လိုက်တယ်။

တစ်ခုချင်းရှင်းပြရလျှင် ကုသိုလ်၊ အကုသိုလ်ရယ်လို့ မခွဲခြားတတ်၊ ဒါန၊ သီလလည်းမရှိ၊ ဘာဝနာဆိုတာ ဝေလာဝေး။ မွေးလာကတည်းက ဒုက္ခနဲ့စ၊ ဒုက္ခနဲ့ဆုံးပြီး လူ့လောကကနေ ထွက်သွားရသူများကို လူ့ငရဲသား တဲ့။

တိရစ္ဆာန်တွေဟာ စားဖို့ရှာမယ်၊ စားမယ်၊ အိပ်မယ်၊ ကာမဂုဏ်ခံစားမယ်၊ ဒါပဲသိတယ်။ လူဟာလည်း စားဖို့၊ အိပ်ဖို့၊ ကာမဂုဏ်ခံစားဖို့ ဒီသုံးမျိုးပဲသိပြီး ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးမသိ၊ ဘာသာရေးနားမလည်၊ နားလည်ဖို့လည်း မကြိုးစား မလေ့လာ၊ ဘာသာရေးသုတမရှိတော့ ဒါနမသိ သီလမရှိ၊ ကုသိုလ်၊ အကုသိုလ် မခွဲခြားတတ်၊ ဒီလိုနဲ့ပဲ လူ့ဘဝမှာနေရင်း သေသွားသူများကို လူ့တိရစ္ဆာန်လို့ တို့ဘုရားက သတ်မှတ်တော်မူတယ်။

လူဘဝတော့ရလာပါရဲ့၊ ရောဂါဝေဒနာထူပြောတဲ့အတွက် သူများတန်းတူမဟုတ်ဘဲ ခက်ခဲပင်ပန်းစွာ ရုန်းကန်ပြီး အလျှင်မီအောင်စားဖို့၊ ဝတ်ဖို့မနည်းကြိုးစားနေရတဲ့ဒုက္ခတွေကြောင့် ရတနာသုံးပါးကို သတိမရနိုင်၊ ဒါနမှု၊ သီလမှုတွေ မဆောက်တည်မပြုလုပ်နိုင်ဘဲ လူ့ဘဝကို စွန့်ခွာသွားရသူတွေကို လူ့ပြိတ္တာတဲ့။

လူပရမတ္ထဆိုတာကတော့ မိရိုးဖလာဗုဒ္ဓဘာသာဝင်မဟုတ်ဘဲ ရတနာသုံးပါးကို ယုံကြည်မှုသဒ္ဓါနဲ့ ကိုးကွယ်တယ်။ ဒါနပြုရာမှာ ပါရမီထိုက်အောင် ပညာနဲ့လှူတယ်။ သီလစောင့်ရမှာလည်း တစ်ပါးမှမကျိုးပေါက်အောင် အသက်နဲ့လဲပြီး စောင့်တယ်။ ဝိပဿနာတရားတွေကို နာကြားအားထုတ်ပြီး ကုသိုလ်၊ အကုသိုလ်ခွဲခြားနိုင်တဲ့သူကို ဆိုလိုတာဖြစ်ပြီး ဒီလိုဘဝမျိုးပိုင်ဆိုင်သူကိုမှ လူလို့ တို့ဘုရားကသတ်မှတ်တယ်။

ဒီစံနှုန်းနဲ့ တိုင်းတာမယ်ဆိုရင် တစ်စက္ကန့်မှာ လူငါးယောက်နှုန်း မွေးတာမပြောနဲ့။ လူတစ်ရာ၊ တစ်ထောင်မွေးလာတဲ့အထဲမှာ လူတစ်ယောက်ဖြစ်ဖို့ လွယ်မလား။ တို့ဘုရားဟောအရပြောရရင် မင်းတောင် လူထဲမပါဘူး။ ဦးလေးရှင်းပြတဲ့ လူလေးမျိုးအကြောင်းအဆုံးမှာ ဘာသာခြားပုဂ္ဂိုလ် ခေါင်းငိုက်စိုက်ချပြီး ပြန်သွားပါတော့၏။

လူ့ဘဝတန်ဖိုးကို သိကြတဲ့ပညာရှိသူတော်ကောင်းများဟာ လူအများကို လူ့ဘဝရလာတဲ့အချိန်ပိုင်း အတွင်းမှာ တန်ဖိုးရှိအောင်နေစေချင်ပါတယ်။ သူတို့ကိုယ်တိုင်လည်း လူ့ဘဝကို နှစ်သက်မက်မောကြ ပါတယ်။ လူဘဝနဲ့ နတ်ဘဝ ဘယ်ဘဝကို လိုချင်သလဲလို့ မေးလာရင် နတ်ဘဝကို မလိုချင်ပါဘူးလို့ ကျမ်းပြုပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်တဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးက 'တစ်ဘဝသံသရာ'စာအုပ်ထဲမှာ ယခုလို မိန့်ကြားခဲ့ဖူးပါတယ်။

မေး။ ဦးဓမ္မဂုတ္တ- ဦးဇနကရေ လွန်ခဲ့တဲ့ဘဝတုန်းက စုတေကာနီးမှာ ကိုယ်တော်ရဲ့ကံက ကိုယ် တော်ကို လိုရာတစ်ခုရွေးပါလို့ (မဆိုနိုင်သော်လည်း) တကယ်လို့ဆိုခဲ့ရင် ဘယ်ဘဝကိုရွေးမှာလဲ။

ဖြေ။ ဦးဇနက- အခုလို အသိဉာဏ်မျိုးသာရှိလျှင်တော့ လူဘဝကိုရွေးမှာပေါ့ ဘုရား။ ဒီလို မရွေး တတ်ခဲ့ပေမယ့် ကံကလူဘဝကို ရွေးပေးလိုက်တဲ့အတွက် အလွန်ကို ကျေနပ်ပါတယ်။

နတ်ဘုံနတ်ဘဝဆိုတာ ကာမဂုဏ်အာရုံတွေများလို့ ပါရမီ(၁၀)ပါးကို ဖြည့်ကျင့်နိုင်ဖို့ မလွယ်တဲ့အတွက် လူ့ဘုံလူ့ဘဝမှာသာ ပါရမီတွေ ဖြည့်ကျင့်နိုင်တာကြောင့် လူ့ဘုံလူ့ဘဝသာ အကောင်းဆုံးဖြစ်သလို လူ့ဘဝရလာတာဟာ ကံကောင်းတယ်လို့ မိန့်ကြားတော်မူပါတယ်။

ဤလူ့ရွာ  
ငါတို့နေရာ ဤလူ့ရွာ၏  
ခြောက်ဖြာနတ်ပြည် အလီလီထက်  
ဂုဏ်ရည်ဂုဏ်သွေး သာသည့်ရေးကို  
မြော်တွေးစေဟု ရေးသားမှုကြောင့်  
ယခုလူပေါင်း လူ့ပြည်ကောင်း၌  
စားကောင်းနေကောင်း စိတ်လည်းကောင်းဖို့  
အကြောင်းထွေထွေ ကောင်းပါစေသတည်း။  
ထွေထွေငါသူ အများလူသည်  
ငါ့တူဓိဋ္ဌာန် ရည်စိတ်သန်သည်  
နိဗ္ဗာန်တိုင်အောင် ကောင်းစေသော်။

(အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာမှ)

လူဖြစ်ဖြစ် ရဟန်းဖြစ်ဖြစ် ကိုယ့်ကိုကိုယ်ကြည်ညိုအောင် နေထိုင်ကျင့်ကြံမည်ဆိုလျှင် လူ့ဘုံသာ တန်ဖိုးအရှိဆုံး ဘုံတစ်ခုဖြစ်တဲ့အကြောင်းကို မင်းကွန်းဆရာတော်ဘုရားကြီးက ဤသို့ဟောကြားတော်မူခဲ့ ပါသေးသည်။

''လူ့ဘုံ၊ နတ်ဘုံ၊ ငရဲဘုံကို ရောက်သွားတဲ့သူတွေကို သံတွေခဲဥပမာနှင့် ပြောရမယ်ဆိုရင် ငရဲဘုံရောက် သွားသူများဟာ မီးထဲအမြဲဖုတ်ထားခံရတာနှင့် တူပါတယ်။ နေ့လည်းပူ၊ ညလည်းပူနဲ့ ဒုက္ခနဲ့စပြီး ဒုက္ခနဲ့ဆုံး သွားသလို ဖရိုဖရဲဖြစ်ပြီး မီးစားလို့သာ ကုန်သွားတယ်၊ ဘာမှ တန်ဖိုးရှိတာ မကျန်ခဲ့ဘူး။

နတ်ဘုံကိုရောက်သွားသူများကတော့ ရေထဲစိမ်ထားတဲ့သံတွေခဲနှင့် တူပါတယ်။ နေ့လည်းအေး ညလည်းအေးနဲ့ အမြဲတန်းနေပြီး ဘာမှအသုံးမပြုရဘဲ ရေတိုက်စားပြီး သံချေးတက်လို့သာ ကုန်သွားတယ်။ တန်ဖိုးရှိအောင် အသုံးမချလိုက်ရဘူး။

လူ့ဘုံရောက်လာသူများကတော့ ပန်းပဲဆရာဆီရောက်သွားတဲ့ သံတွေခဲနဲ့တူတယ်။ ဒီသံတွေခဲကို လိုသလို ပုံသွင်းနိုင်ဖို့ ပန်းပဲဆရာက မီးထဲထည့်ပြီး မီးဖုတ်မယ်၊ မီးဖုတ်ခံထားရလို့ ပူလောင်နေရသမျှ ကာလတွေဟာ အဆိုးလောကဓံတွေ ကြုံရခြင်းပဲပေါ့။ လူလောကထဲရောက်လာပြီဆိုရင် လူတိုင်း လူမှုဒုက္ခတွေအနည်းနဲ့ အများတွေ့ကြုံရမြဲမို့ အဆိုးလောကဓံနှင့် ကြုံခဲ့ရင် ယောနိသောမနသိကာရဆိုတဲ့ နှလုံးသွင်းမှန်မှန်ထားပြီး ကောင်းတဲ့အမြင်၊ ကောင်းတဲ့အကြံ အတွေးတွေနဲ့အတူ ဆင်ခြင်တရားလက်ကိုင်ထားပြီး နေထိုင်ရပါမယ်။ ကိုယ်သာနာစေ စိတ်မနာပါစေနဲ့ ဆိုတဲ့ တရားလိုပေါ့။

တစ်ခါ မီးထဲကနေထုတ်ပြီး ပေတုံးပေါ်တင် ထုရိုက်ခံရတာတွေဟာ ဒါန၊ သီလစတဲ့ ပါရမီတွေ ဖြည့်ကျင့်ရတာနှင့် တူပါတယ်။ ပူလောင်နေတဲ့ သံတွေခဲကို ရေထဲစိမ်လိုက်နှစ်လိုက်နဲ့ ကြုံရတာကိုတော့ အကောင်းလောကဓံနဲ့ တွေ့ပြီလို့ မှတ်ယူရပါမယ်။ သံတွေခဲကို ပန်းပဲဆရာက သူ့အလိုကျ မီးပေးလိုက်၊ ရေကိုင်လိုက်၊ တူနဲ့ထုလိုက်နဲ့ စိတ်တိုင်းကျ ပုံဖေါ်လိုက်တာ နောက်ဆုံးတော့ ဓါး၊ ပုဆိန်၊ ဆောက်၊ ပေါက်တူး၊ ပေါက်ပြား၊ ဂေါ်ပြား၊ သံတူရွင်းစတဲ့ အဖိုးတန်အသုံးအဆောင်တွေအဖြစ် ဖြစ်လာပါပြီ။

ဒီနည်းအတူ လူ့ဘုံလူ့ဘဝရောက်ရှိလာကြသူတွေဟာ ပန်းပဲဆရာဆီရောက်လာတဲ့ သံတွေခဲလို သဘောထားပြီးနေလိုက်ကြမယ်ဆိုရင် သာဝကဗောဓိဉာဏ်၊ ပစ္စေက ဗောဓိဉာဏ်၊ သမ္မာသမ္ဗုဒ္ဓ ဗောဓိဉာဏ်ဆိုတဲ့အဖိုးတန်ဉာဏ်တွေရဖို့အတွက် လိုအပ်တဲ့ပါရမီတွေကို လူ့ဘုံလူ့ဌာနမှာသာ ဖြည့်ဆည်းနိုင်ခွင့်ရမှာ ဖြစ်ပါတယ်။

မင်းကွန်းဆရာတော်ကြီး ဟောကြားသလို ရတောင့်ရခဲရလာတဲ့ လူ့ဘဝမှာ မိမိဘဝကို တန်ဘိုးရှိအောင် မနေဘူးဆိုပါက မယ်တော်ကြီးဒေါ်သိန်းရင် ပြောသလိုပြောရမည်ဆိုပါလျှင် –

''လူတစ်ယောက်ဟာ ဘာကုသိုလ်မှ မရှိ၊ ဘာတရားမှ မသိပဲ အသက်ကြီးလာရင် **သေဖို့ရာအသက်ကြီးလာတာ**''တဲ့။ နောက်ပြီး ပြောသေးတယ်။

''အကုသိုလ်တွေအမြဲလုပ်နေပြီး ကုသိုလ်မရှိတဲ့သူတွေကို ကြောင်သက်ရှည်လို့ ခေါ်ရမယ်''တဲ့။

ဘုရားလောင်းနှင့် သူတော်ကောင်းများသည် လူ့ဘုံလူ့ဌာနကို အလွန်နှစ်သက်ကြပါ၏။ ကံကောင်းထောက်မသဖြင့် လူ့ဘုံလူ့ဘဝသို့ ရောက်လာကြသည့် ကျွန်တော်တို့သည် ဤစာအုပ်ကိုဖတ်ပြီး လူပီသသော လူတစ်ယောက်ဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြပါစို့ .....

**စုဘဝလူဖြစ်လာ**
**ရှေးကံသာအကြောင်းမို့**
**ကောင်းလှလို့အရတော်**
**ရှုံးစေနဲ့နော်။**
**နောက်ဘဝအရင်းပေါ်စေအောင်**
**စုကနော် ကြိုးစားကြလေး။**

ညီမေတ္တာ
ရွှေပြည်သာစာပေ

# အခန်း (၁)

# လူတစ်ယောက်အဖြစ် သတ်မှတ်နိုင်သောအင်္ဂါ

လောကီလူသားများက လူတစ်ယောက်အဖြစ် သတ်မှတ်နိုင်သောအင်္ဂါနှင့် ဘုရားအစရှိသော သူတော်ကောင်းများ၏ လူတစ်ယောက်အဖြစ် သတ်မှတ်သောအင်္ဂါသည် မိုးနှင့်မြေလို ကွာခြားလွန်းလှ၏။

လောကီလူသားများက–

အမျိုးမြတ်ခြင်း၊

ခေတ်ပညာတတ်ခြင်း၊

ရာထူးကြီးမြင့်ခြင်း၊

ဥစ္စာစည်းစိမ်ပေါ်များခြင်း

ဟူသော အင်္ဂါများနှင့်ပြည့်စုံလျှင် အထက်တန်းစား လူတစ်ယောက်အဖြစ် သတ်မှတ်ကြ၏။ ဘုရားရှင်၏ လူတစ်ယောက်အဖြစ်သတ်မှတ်သော အင်္ဂါသုံးချက်တွင် အထက်ဖော်ပြပြီး အင်္ဂါများ တစ်ချက်မှ ပါမလာပေ။

အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်တွင် ဇမ္ဗူဒိပ်ကျွန်းနေလူသားများက နတ်တို့ထက်သာလွန်သော၊ တစ်နည်း လူတစ်ယောက်အဖြစ်သတ်မှတ်နိုင်သော အင်္ဂါသုံးချက်ကို ယခုလိုဟောကြားထား၏။

သတ္တိ – ကုသိုလ်တရားများကို ရဲဝံ့စွာ လုပ်ရဲခြင်း၊

သတိ – ကုသိုလ်တရားများအပေါ် သတိရခြင်း၊

ဗြဟ္မစရိယ– မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်း။

ဗုဒ္ဓ၏ လူတစ်ယောက်အဖြစ် အင်္ဂါသတ်မှတ်ချက်တွင် ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာများ တစ်ခုမှ မပါသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရမည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ၊ ပိယင်္ဂုကျွန်းတွင် သီတင်းသုံးနေ ထိုင်တော်မူကြသော ရဟန္တာအရှင်မြတ်ရှစ်ပါး၏ လူတစ်ယောက်အဖြစ် သတ်မှတ်သော အင်္ဂါနှစ်ချက်ကို ဆက်လက်ဖော်ပြပါဦးမည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် အမျိုး၊ ဘာသာ၊ သာသနာကိုဖျက်ဆီးသော ကျေးကုလားပေါင်း နှစ်သိန်းကျော်(၂၁၈၀၀၀)ကို နှစ်အတန်ကြာတိုက်ပွဲများဆင်နွှဲပြီး တိုက်ခိုက်သတ်ဖြတ်ခဲ့ရသည်။ မင်းအဖြစ်ကို ရရှိသောအခါ သတ်ဖြတ်ခဲ့ရသော အကုသိုလ်ကံများကို တွေးတောကာ ကုက္ကုစ္စဖြစ်လျက်ရှိ၏။

ထိုအခါ ပိယင်္ဂုက္ကျွန်း၌ သီတင်းသုံးတော်မူကြသော ရဟန္တာအရှင်မြတ်ရှစ်ပါး ကြွရောက်တော်မူလာပြီးလျှင် အောက်ပါနှစ်ဂါထာဖြင့် မင်းကြီးအားဆုံးမအားပေးတော်မူ၏။

သဂ္ဂမဂ္ဂန္တရာယော စ၊
နတ္ထိ တေ တေန ကမ္မုနာ။
ဒိယဍ္ဎမနုဇာ ဝေတ္ထ၊
ဃာဋိတာ မနုဇာဒိပ။

အို- ဒုဋ္ဌဂါမဏိမင်းကြီး၊ ကျေးကုလားပေါင်းနှစ်သိန်းကျော်ကို သတ်ဖြတ်ခဲ့သော သင်၏အကုသိုလ်ကံသည် နတ်ပြည်သို့မရောက်အောင် မဂ်ဖိုလ်ကို မရအောင် တားဆီးနိုင်စွမ်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် လူတစ်ယောက်နှင့်တစ်ခြမ်းကိုသာ သတ်ရာရောက်သောကြောင့်ဖြစ်၏။

### လူတစ်ယောက်နှင့် လူတစ်ခြမ်းဟူသည်

သရဏေသု ဌိတော ဧကော၊
ပဉ္စသီလေပိ စာပရော။
မိစ္ဆာဒိဋ္ဌိ စ၊ ဒုသီလာ၊
သေသာ ပသု သမာမတာ။

သင်မင်းကြီးသတ်ခဲ့သော လူနှစ်သိန်းကျော်တို့တွင် သရဏဂုံသာ တည်ပြီး ငါးပါးသီလ မစောင့်ထိန်းသူ၊ သရဏဂုံနှင့် ငါးပါးသီလနှစ်မျိုးလုံး ပြည့်စုံသူဟူ၍ လူနှစ်ဦးပါသွားခဲ့၏။ ထိုနှစ်ဦးတို့တွင် ပထမတစ်ဦးကို လူတစ်ခြမ်းဟုခေါ်၍ ဒုတိယတစ်ဦးကို လူတစ်ယောက်ဟု ခေါ်၏။ ကြွင်းသောသူအားလုံးတို့သည် အယူမှားနေသူ၊ ကိုယ်ကျင့်သီလမရှိသူများဖြစ်၍ တိရစ္ဆာန်တို့နှင့်သာ တူကုန်၏။

ဤတရားစကားကြောင့် ဒုဋ္ဌဂါမဏိမင်းကြီးသည် အားတက်သွားပြီးလျှင် သူပြုခဲ့ဖူးသော အကုသိုလ်ကံများကို မေ့ဖျောက်ပြီး ကုသိုလ်ကံများကို အမြဲမပြတ် ပြုလုပ်အားထုတ်သွားသောကြောင့် သေသောအခါ နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သော တုသိတာနတ်ဘုံသို့ ရောက်ခဲ့ရသည်။

ဤနေရာ၌ ဒုဋ္ဌဂါမဏိမင်းကြီးသည် ရန်သူပေါင်း နှစ်သိန်းကျော်ကို သတ်ခဲ့ပါလျက် ငရဲမကျဘဲ အဘယ့်ကြောင့် နတ်ပြည်သို့ ရောက်ရသနည်းဟူသော မေးခွန်း၏အဖြေကို ဗုဒ္ဓဘာသာဝင်တိုင်းအရေးတကြီး သိသင့်၏။ ဘုရားရှင်၏ ဖြေဆိုချက်ကို ဦးစွာလေ့လာနိုင်ရန် ဥပရိပဏ္ဏာသပါဠိတော်၊ မဟာကမ္မဝိဘင်္ဂသုတ်ကို အနှစ်ချုပ်ဖော်ပြအံ့။ တွေးခေါ်စဉ်းစား၍ ဖြည်းဖြည်းချင်းဖတ်ပါ။

## ဥပရိပဏ္ဏာသပါဠိတော်
## မဟာကမ္မဝိဘင်္ဂသုတ်
## ကံ၏အကျိုးကို
## အကျယ်ဝေဖန်ဟောကြားခြင်း
## ပေါတလိယပုတ္တပရိဗိုဇ်နှင့် အရှင်သမိဒ္ဓိ

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ပေါတလိယပုတ္တမည်သော ပရိဗိုဇ်သည် တောကျောင်း၌ သီတင်းသုံးနေသော အရှင်သမိဒ္ဓိထံရောက်လာပြီး ဤသို့ပြောကြားလေသည်။

''ငါ့ရှင်သမိဒ္ဓိ၊ ကာယကံ, ဝစီကံတို့သည် အချည်းနှီးသာဖြစ်ပြီး မနောကံသည်သာ မှန်ကန်၏ဟူ၍ ရဟန်းဂေါတမ ဟောကြားသည်ကို မျက်မှောက်ဆတ်ဆတ် ကြားနာခဲ့ရပါသည်။ အကြင်သမာပတ်ကိုဝင်စားနေစဉ် ဘာကိုမျှ မခံစားရသော သမာပတ်သည်လည်း ရှိသည်မဟုတ်ပါလော''

''ငါ့ရှင် ပေါတလိယပုတ္တ၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်။ ကာယကံ၊ ဝစီကံတို့သည် အချည်းနှီးသာဖြစ်ပြီး မနောကံသည်သာ မှန်ကန်၏ဟူ၍ မြတ်စွာဘုရားသည် ဟောကြားမည် မဟုတ်ပါ။ အကြင်သမာပတ်ကို ဝင်စားနေစဉ် ဘာကိုမျှမခံစားသော သမာပတ်သည်ကား ရှိပေ၏''

''ငါ့ရှင် သမိဒ္ဓိ၊ သင်ရဟန်းပြုသည်မှာ မည်မျှကြာပြီနည်း''

''ငါ့ရှင်ပေါတလိယပုတ္တ၊ မကြားသေးပါ၊ သုံးနှစ်မျှသာ ရှိပါသေးသည်''

''ဤမျှငယ်သော ရဟန်းသည်ပင် မိမိဆရာ၏ ဂုဏ်ကို စောင့်ရှောက်ကာကွယ်ရမည်ဟု ထင်မှတ်ဘိ၏။ မထေရ်ကြီးရဟန်းတို့ကား ဆိုဖွယ်မရှိတော့ချေ။ ငါ့ရှင်သမိဒ္ဓိကိုယ်၊ နှုတ်၊ စိတ်ဖြင့် စေ့ဆော်မှုရှိသော ကံကိုပြုလုပ်သော် ထိုသူသည် မည်သည့်ဝေဒနာကို ခံစားရပါသနည်း''

''ငါ့ရှင် ပေါတလိယပုတ္တ၊ ကိုယ်နှုတ်စိတ်ဖြင့် စေ့ဆော်မှုရှိသောကံကို ပြုလုပ်ခဲ့သော် ထိုသူသည် ဒုက္ခဝေဒနာကို ခံစားရ၏''

### ဗုဒ္ဓမြတ်စွာဘုရား၏ မိန့်ကြားချက်

အရှင်သမိဒ္ဓိက ယင်းသို့ ဖြေကြားသောအခါ ပေါတလိယပုတ္တပရိဗိုဇ်သည် ထိုစကားကိုကျေနပ်ထောက်ခံခြင်းလည်း မပြု။ ကန့်ကွက်ခြင်းလည်း မပြုဘဲ နေရာမှထသွားလေသည်။ ပေါတလိယပုတ္တပရိဗိုဇ် ထသွား၍ မကြာမီပင် အရှင်သမိဒ္ဓိသည် အရှင်အာနန္ဒာထံသို့ သွား၍ မိမိနှင့် ပေါတလိယပရိဗိုဇ်တို့ အပြန်အလှန် ပြောဆိုခဲ့ကြပုံ အလုံးစုံကို လျှောက်ကြားလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် အရှင်သမိဒ္ဓိကို တစ်ပါးတည်းခေါ်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ထိုစကားများကို ထပ်ဆင့် လျှောက်ကြားပြန်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက–

''အာနန္ဒာ၊ ငါသည် ပေါတလိယပုတ္တပရိဗိုဇ်အား တွေ့မြင်ဖူးသည်ဟူ၍ပင် မရှိချေ၊ အာနန္ဒာ– အချည်းနှီးသော ဿမိဒ္ဓိကား ခွဲခြားဝေဖန်၍ ဖြေဆိုရမည့် ပြဿနာကို တစ်ထစ်ချအားဖြင့် ဖြေကြားဘိ၏''ဟူ၍ မိန့်ကြားတော်မူသည်။

ဤသို့ ဗုဒ္ဓမြတ်စွာက မိန့်ကြားလေသော် ဗုဒ္ဓ၏ အနီးတွင်ရှိသော ရှင်ဥဒါယီက–

''အရှင်ဘုရား ... ခံစားမှုဟူသမျှသည် ဒုက္ခသာဖြစ်၏ဟူသောစကားကိုရည်ရွယ်၍ အရှင်သမိဒ္ဓိက ဖြေကြားခဲ့ခြင်း ဖြစ်တန်ရာပါ၏''ဟု ကြားဝင်၍ လျှောက်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက အရှင်အာနန္ဒာအား ဤသို့မိန့်ကြားတော်မူသည်။

''အာနန္ဒာ– အချည်းနှီးသော ဤဥဒါယီ၏ လမ်းလွဲပုံကို သင်မြင်၏လော၊ ဥဒါယီသည် မသင့်သောအားဖြင့် ခေါင်းထောင်လိမ့်မည်ဖြစ်ကြောင်း ငါသိမြင်ခဲ့၏''

ပေါတလိယပရိဗိုဇ်သည် အစ ကနဦးကပင် ဝေဒနာသုံးပါးကို မေးမြန်းခဲ့၏။ ကိုယ်နှုတ်စိတ်ဖြင့် စေ့ဆော်မှုရှိပြီး ချမ်းသာခံစားရမှု ဖြစ်စေနိုင်သော ကံကိုပြုသည်ရှိသော် ထိုသူသည် ချမ်းသာကို ခံစားရ၏။

ဆင်းရဲခံစားမှု ဖြစ်စေနိုင်သောကံကို ပြုသည်ရှိသော် ဆင်းရဲကို ခံစားရ၏။ ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှုဖြစ်စေနိုင်သော ကံကိုပြုသည်ရှိသော် ဆင်းရဲချမ်းသာမဟုတ်သော ဝေဒနာကို ခံစားရ၏။ ပေါတလိယပုတ္တပရိဗိုဇ်အား ဤသို့ဖြေကြားခဲ့သော် ကောင်းစွာဖြေကြားသည် မည်ပေရာ၏။

''အာနန္ဒာ၊ စင်စစ်သော်ကား သာသနာပ ပရိဗိုဇ်အချို့တို့သည် မိုက်မဲကုန်၏။ မလိမ္မာကုန်။ အချို့ပရိဗိုဇ်တို့ကား မြတ်စွာဘုရား၏ကံတို့ကို အကျယ်ဝေဖန်ခြင်းကို သိနားလည်ကြလိမ့်မည်။ အာနန္ဒာ– သင်တို့သည် မြတ်စွာဘုရား၏ ကံတို့ကို အကျယ်ဝေဖန်ခြင်းကို နာယူလိုလျှင် နာယူကြကုန်လော့''

### ပုဂ္ဂိုလ်လေးမျိုး

ဤသို့ ဗုဒ္ဓမြတ်စွာဘုရားက မိန့်ကြားလေသော် အရှင်အာနန္ဒာက ကံတို့ကို အကျယ်ဝေဖန် ဟောကြားရန် အချိန်အခါသင့်ပြီဖြစ်ကြောင်း လျှောက်ထားတောင်းပန်၏။ ယင်းတောင်းပန်ချက်အရ ဗုဒ္ဓမြတ်စွာဘုရားသည် ကံဝေဖန်ချက်ကို ဆက်လက်ဟောကြားတော်မူသည်။

''အာနန္ဒာ– လောက၌ ပုဂ္ဂိုလ်လေးမျိုးရှိ၏။ ထိုပုဂ္ဂိုလ်လေးမျိုးကား–

၁။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုများကိုပြုလုပ်၍ သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်သူ။

၂။ ထိုသို့မကောင်းမှုများကို ပြုလုပ်သော်လည်း သေလွန်သောအခါ နတ်ပြည်သို့ ရောက်သူ။

၃။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုများမှ ရှောင်ကြဉ်၍ သေလွန်သော အခါ နတ်ပြည်သို့ ရောက်သူ။

၄။ ထိုသို့မကောင်းမှုမှ ရှောင်ကြဉ်သော်လည်း သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက် သူများ ဖြစ်၏။

''အာနန္ဒာ– ဤလောက၌ အချို့သောရဟန်း ပုဏ္ဏားသည် ကြိုးစားအားထုတ်မှုကို အစွဲပြု၍ မကောင်းမှုတို့ကိုပြုလုပ်ပြီး သေလွန်သောအခါ ငရဲ သို့ ကျရောက်သော ပုဂ္ဂိုလ်တို့ကို သိမြင်နိုင်သော စိတ်တည်ကြည်မှုကို ရ၏။ ယင်းသို့ ရရှိသဖြင့် မကောင်းမှုသည်လည်းကောင်း၊ မကောင်းမှု၏ အကျိုးသည်လည်းကောင်း ရှိ၏။ မကောင်းမှု ပြုသူ ဟူသမျှ အပါယ်ငရဲသို့ ကျရောက်၏ဟူသော အယူ ကိုသာ စွဲမြဲစွာ ယူလေ၏။

''အာနန္ဒာ– ဤလောက၌ အချို့သောရဟန်း ပုဏ္ဏားသည်ကား ကြိုးစားအားထုတ်မှုကို အစွဲပြု၍ မကောင်းမှုတို့ကိုပြုသော်လည်း သေလွန်သောအခါ နတ်ပြည်သို့ရောက်သော ပုဂ္ဂိုလ်တို့ကို သိမြင်နိုင် သော စိတ်တည်ကြည်မှုကို ရရှိ၏။ ယင်းသို့ရရှိ သဖြင့် မကောင်းမှုသည်လည်းကောင်း၊ မကောင်း မှု၏ အကျိုးသည်လည်းကောင်း မရှိ။ မကောင်းမှု ပြုလုပ်သူဟူသမျှသည်လည်း နတ်ပြည်သို့ရောက် ၏– ဟူသော အယူအဆကိုသာ စွဲမြဲစွာ ယူလေ၏။

''အာနန္ဒာ– ဤလောက၌ အချို့သောရဟန်း ပုဏ္ဏားသည် ကြိုးစားအားထုတ်မှုကို အစွဲပြု၍ မကောင်းမှုတို့မှ ရှောင်ကြဉ်ပြီး သေလွန်သောအခါ နတ်ပြည်သို့ ရောက်သောပုဂ္ဂိုလ်တို့ကို သိမြင်နိုင် သော စိတ်တည်ကြည်မှုကို ရရှိ၏။ ယင်းသို့ရရှိ သဖြင့် ကောင်းမှုသည်လည်းကောင်း၊ ကောင်းမှု၏ အကျိုးသည်လည်းကောင်း ရှိ၏။ မကောင်းမှုမှ ရှောင်ကြဉ်သူ အားလုံးသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်၏–ဟူသော အယူကိုသာ စွဲမြဲ စွာ ယူလေ၏။

''အာနန္ဒာ– ဤလောက၌ အချို့သောရဟန်း ပုဏ္ဏားသည်ကား ကြိုးစားအားထုတ်မှုကို အစွဲပြု၍ မကောင်းမှုတို့မှ ရှောင်ကြဉ်သော်လည်း သေလွန် သောအခါ အပါယ်ငရဲသို့ကျရောက်သော ပုဂ္ဂိုလ်တို့ ကို သိမြင်နိုင်သော စိတ်တည်ကြည်မှုကို ရရှိ၏။

''ယင်းသို့ ရရှိသဖြင့် ကောင်းမှုသည်လည်း ကောင်း၊ ကောင်းမှု၏အကျိုးသည်လည်းကောင်း မရှိ၊ မကောင်းမှုမှ ရှောင်ကြဉ်သူအားလုံးသည်လည်း သေသောအခါ အပါယ်ငရဲသို့ကျရောက်၏– ဟူ သော အယူအဆကိုသာ စွဲမြဲစွာယူလေ၏။

### ခွင့်မပြု

''အာနန္ဒာ မကောင်းမှုသည်လည်းကောင်း၊ မကောင်းမှု၏အကျိုးသည်လည်းကောင်း ရှိ၏ဟု ဆိုခြင်းကို ငါခွင့်ပြု၏။ မကောင်းမှုပြုလုပ်၍ အပါယ် ငရဲကျရောက်သူတို့ကို သိမြင်၏ဟု ဆိုခြင်းကိုလည်း ငါခွင့်ပြု၏။ မကောင်းမှုပြုသူအားလုံးသည် အပါယ် ငရဲသို့ကျရောက်၏ဟု ဆိုခြင်းကိုမူ ငါခွင့်မပြု။ မိမိ ကိုယ်တိုင်သိမြင်အပ်သောအကြောင်းအရာသည်သာ မှန်ကန်၍ အခြားအယူအဆအားလုံးသည် မှားယွင်း ၏ဟုဆိုခြင်းကိုလည်း ငါခွင့်မပြု။ အကြောင်းကား ကံတို့ကို အကျယ်ဝေဖန်ရာ၌ မြတ်စွာဘုရား၏ ဉာဏ်သည် တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်ပေတည်း။

''အာနန္ဒာ– မကောင်းမှုသည်လည်းကောင်း၊ မကောင်းမှု၏ အကျိုးသည်လည်းကောင်း မရှိဟု ဆိုခြင်းကို ငါခွင့်မပြု၊ မကောင်းမှုပြုလုပ်သော်လည်း နတ်ပြည်သို့ ရောက်သူများကိုမြင်၏ဟု ဆိုခြင်းကို ငါခွင့်ပြု၏၊ မကောင်းမှု ပြုလုပ်သူအားလုံးသည်

နတ်ပြည်သို့ ရောက်၏ဟု ဆိုခြင်းကိုမူ ငါခွင့်မပြု။ မိမိကိုယ်တိုင် သိမြင်အပ်သော အကြောင်းအရာသည်သာမှန်ကန်၍ အခြားအယူအဆအားလုံးသည် မှားယွင်း၏ဟု ဆိုခြင်းကိုလည်း ငါခွင့်မပြု။ အကြောင်းကား ကံတို့ကို အကျယ်ဝေဖန်ရာ၌ မြတ်စွာဘုရား၏ဉာဏ်သည် တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်ပေတည်း။

''အာနန္ဒာ– ကောင်းမှုသည်လည်းကောင်း၊ ကောင်းမှု၏အကျိုးသည်လည်းကောင်းရှိ၏ဟု ဆိုခြင်းကို ငါခွင့်ပြု၏။ မကောင်းမှုမှ ရှောင်ကြဉ်၍ သေလွန်သောအခါ နတ်ပြည်သို့ ရောက်သူများကို မြင်၏ဟု ဆိုခြင်းကိုလည်း ငါခွင့်ပြု၏။ မကောင်းမှုမှ ရှောင်ကြဉ်သူအားလုံးသည်လည်း နတ်ပြည်သို့ရောက်၏ ဟု ဆိုခြင်းကိုမူ ငါခွင့်မပြု။ မိမိကိုယ်တိုင်သိမြင်အပ်သောအကြောင်းအရာသည်သာ မှန်ကန်၍ အခြားအယူအဆအားလုံးသည် မှားယွင်း၏ဟု ဆိုခြင်းကိုလည်း ငါခွင့်မပြု။ အကြောင်းကား ကံတို့ကို အကျယ်ဝေဖန်ရာ၌ မြတ်စွာဘုရား၏ ဉာဏ်သည် တစ်ပါးသောအခြင်းအရာအားဖြင့် ဖြစ်သောကြောင့်ပေတည်း။

''အာနန္ဒာ– ကောင်းမှုကံသည်လည်းကောင်း၊ ကောင်းမှုကံ၏ အကျိုးသည်လည်းကောင်း မရှိဟု ဆိုခြင်းကို ငါခွင့်မပြု။ မကောင်းမှုမှ ရှောင်ကြဉ်သော်လည်း သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်သူကို မြင်၏ဟု ဆိုခြင်းကို ငါခွင့်ပြု၏။ မကောင်းမှုမှ ရှောင်ကြဉ်သူအားလုံးသည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်၏ဟု ဆိုခြင်းကိုမူ ငါခွင့်မပြု။ မိမိကိုယ်တိုင် သိမြင်အပ်သော အကြောင်းအရာသည်သာ မှန်ကန်၍ အခြား အယူအဆအားလုံးသည် မှားယွင်း၏ဟု ဆိုခြင်းကိုလည်း ငါခွင့်မပြု။ အကြောင်းကား ကံတို့ကို အကျယ်ဝေဖန်ရာ၌ မြတ်စွာဘုရား၏ဉာဏ်သည် တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်ပေတည်း။

**အကျိုးခံစားပုံ**

''အာနန္ဒာ ဤလူ့ပြည်၌မကောင်းမှုကို ပြုလုပ်၍ သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်သူသည် ငရဲဒုက္ခခံစားရခြင်း၏ အကြောင်းဖြစ်သော ထိုမကောင်းမှုကံကို မိမိမသိမြင်မီ ရှေးအခါက ပြုလုပ်ခဲ့သည်ဖြစ်ရာ၏။ မိမိသိမြင်ပြီး နောက်မှပြုလုပ်ခဲ့သည်မှုလည်း ဖြစ်ရာ၏။ သေခါနီးကာလ၌ အယူများကို စွဲယူခဲ့ခြင်းကြောင့်သော်လည်းဖြစ်ရာ၏။ ဤလူ့ပြည်၌ ပြုလုပ်အပ်သော ကံ၏အကျိုးကိုမူ မျက်မှောက်ဘဝ၌ ဖြစ်စေ၊ ဒုတိယဘဝ၌ ဖြစ်စေ၊ ထိုထိုဘဝတစ်ပါး၌ ဖြစ်စေ ခံစားရ၏။

''အာနန္ဒာ ဤလူ့ပြည်၌ မကောင်းမှုကိုပြုလုပ်သော်လည်း သေလွန်သောအခါ နတ်ပြည်သို့ ရောက်သူသည် သုခခံစားရခြင်း၏ အကြောင်းဖြစ်သော ထိုကောင်းမှုကံကို မိမိမသိမြင်မီ ရှေးအခါက ပြုလုပ်ခဲ့သည်မှုလည်း ဖြစ်ရာ၏။ မိမိသိမြင်ပြီး နောက်မှပြုလုပ်သည်မှုလည်း ဖြစ်ရာ၏။ သေခါနီးကာလ၌ အယူမှန်ကို ယူခဲ့ခြင်းကြောင့်သော်လည်း ဖြစ်ရာ၏။ ဤလူ့ပြည်၌ ပြုလုပ်အပ်သောမကောင်းမှု၏အကျိုးကို မျက်မှောက်ဘဝ၌ ဖြစ်စေ၊ ဒုတိယဘဝ၌ဖြစ်စေ၊ ထိုထိုဘဝတစ်ပါး၌ဖြစ်စေ ခံစားရ၏။

''အာနန္ဒာ ဤလူ့ပြည်၌ မကောင်းမှုမှ ရှောင်ကြဉ်၍ သေလွန်သောအခါ နတ်ပြည်သို့ ရောက်သူသည် သုခခံစားရခြင်း၏ အကြောင်းဖြစ်သော ထိုကောင်းမှုကံကို မိမိမသိမြင်မီ ရှေးအခါက ပြုလုပ်ခဲ့သည်မှုလည်းဖြစ်ရာ၏။ မိမိသိမြင်ပြီးနောက်မှ ပြုလုပ်ခဲ့သည်မှုလည်း ဖြစ်ရာ၏။ သေခါနီးကာလ၌ အယူမှန်ကို ယူခဲ့ခြင်းကြောင့်သော်လည်း ဖြစ်ရာ၏။ ဤလူ့ပြည်၌ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၏ အကျိုးကိုမူ မျက်မှောက်ဘဝ၌ ဖြစ်စေ၊ ဒုတိယဘဝ၌ ဖြစ်စေ၊ ထိုထိုဘဝတစ်ပါး၌ဖြစ်စေ ခံစားရ၏။

''အာနန္ဒာ၊ ဤလူ့ပြည်၌ မကောင်းမှုမှ ရှောင်ကြဉ်သော်လည်း သေလွန်သောအခါ အပါယ်ငရဲသို့

ကျရောက်သူသည် ဒုက္ခခံစားရခြင်း၏ အကြောင်း ဖြစ်သော ထိုမကောင်းမှုကံကို မိမိမသိမြင်မီ ရှေးအခါက ပြုလုပ်ခဲ့သည့်မှုလည်း ဖြစ်ရာ၏။ မိမိသိမြင်ပြီး နောက်မှပြုလုပ်ခဲ့သည့်မှုလည်း ဖြစ်ရာ၏။ ဤလူ့ဘဝ၌ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၏ အကျိုးကိုမူ မျက်မှောက်ဘဝ၌ဖြစ်စေ၊ ဒုတိယဘဝ၌ဖြစ်စေ၊ ထိုထိုဘဝတစ်ပါး၌ဖြစ်စေခံစားရ၏။

''အာနန္ဒာ- ဤသို့လျှင် အကြောင်းမှားလျက် အကြောင်းမှားကို ပြတတ်သောကံလည်း ရှိ၏။ အကြောင်းမှားလျက် အကြောင်းမှန်ကို ပြတတ်သော ကံလည်းရှိ၏။ အကြောင်းမှန်လျက် အကြောင်းမှန်ကို ပြတတ်သောကံလည်း ရှိ၏။ အကြောင်းမှန်လျက် အကြောင်းမှားကို ပြတတ်သော ကံလည်း ရှိ၏''

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားလေသော် အရှင်အာနန္ဒာသည် ထိုဟောကြားချက်ကိုလွန်စွာ နှစ်ခြိုက်လေ၏။

ဖော်ပြပါဒေသနာတော်ကို အကျဉ်းချုပ်လိုက်လျှင် ဤသို့ဖြစ်လာ၏။

၁။ မကောင်းမှုပြုလုပ်၍ အပါယ်ကျ သူရှိသည်။
၂။ မကောင်းမှုပြုလုပ်၍ နတ်ပြည်ရောက်သူရှိသည်။
၃ မကောင်းမှုမှ ရှောင်ကြဉ်၍ နတ်ပြည်ရောက်သူရှိသည်။
၄။ မကောင်းမှုမှ ရှောင်ကြဉ်၍ အပါယ်ကျသူရှိသည်။

### ကုသိုလ်ကံ အကုသိုလ်ကံ၏ လက်တွေ့ကောင်းကျိုး ဆိုးကျိုးများ

တစ်နံပါတ်အရ- မကောင်းမှုပြုလုပ်၍ အပါယ်ကျသူများကို ပြအံ့။ ဗုဒ္ဓလက်ထက်တော်က ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းအနီးတွင် စုန္ဒအမည်ရှိသော ဝက်သတ်သမားတစ်ယောက် ရှိ၏။ သူ၏ ဝက်သတ်နည်းမှာ အလွန်ရက်စက်၏။ သတ်မည့်ဝက်များကို အသားတိုးစေရန် တင်းပုတ်ဖြင့် ဖူးရောင်လာသည်အထိ တစ်ကိုယ်လုံးထုနှက်၏။

ပြီးလျှင် ကြိုးဖြင့် မလှုပ်နိုင်အောင်တုတ်ကာ ဝက်၏ပါးစပ်ကို ဝါးချွန်ဖြင့်ထောက်၍ ထား၏။ နောက်ထိုပါးစပ်ထဲသို့ ကြိုက်ကြိုက်ဆူသော ရေနွေးများကို လောင်းထည့်၏။ ရေနွေးပူများသည် ဝက်၏ အူထဲမှအညစ်အကြေးများကိုယူဆောင်ကာ စအိုဝမှ ဆင်း၏။

စအိုမှ ဆင်းလာသောရေနွေးပူများ ဖြူလာသောအခါတွင်မှ ရေနွေးလောင်းခြင်းကိုရပ်၏။ ပြီးလျှင် ဝက်၏ခေါင်းကို ဖြတ်သတ်ပြီး အသားပေါ်၏။ ထိုအသားများကို ရောင်းလည်း ရောင်း၏။ သူတို့ မိသားစုလည်း စား၏။ အကုသိုလ်ကံ အကျိုးပေးလှည့် ရောက်လာသောအခါ စုန္ဒသည် ငရဲမီး၏ ပူလောင်ချက်ကြောင့် ပုဆိုး,အင်္ကျီများကို ချွတ်ပစ်ပြီး ကိုယ်လုံးတီးဖြင့် လေးဘက်ထောက် ပြေးကာ ခုနစ်ရက်တိတိ ဝက်အသံကဲ့သို့ အော်ဟစ်ပြီး သေဆုံး၍ ငရဲသို့ကျရ၏။

အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်မှ ဝက်သတ်သမားတစ်ဦးသည်လည်း သေခါနီးအချိန်တွင် စုန္ဒဝက်သတ်သမားကဲ့သို့ ဝက်သံကြီးဖြင့် အော်ဟစ်ကာသေဆုံးပြီး ငရဲသို့ကျခဲ့၏။ စုန္ဒဝက်သတ်သမားသေပြီး နှစ်ပေါင်း(၂၅၅၁)နှစ်ကျော်ကြာမှ အမရပူရမှ ဝက်သတ်သမားသေခြင်း ဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက် သေဆုံးချိန်မှာ နှစ်ပေါင်း(၂၅၀၀)ကျော် ကွာခြားသော်လည်း အလုပ်ကံ တူသောကြောင့် သေပုံပါ တူနေသည်မှာလည်း အံ့ဖွယ်တစ်ရပ်ပင်ဖြစ်၏။

နှစ်နံပါတ်အရ- မကောင်းမှုပြုလုပ်ပါလျက် နတ်ပြည်သို့ရောက်ရသူ အချို့ကိုဖော်ပြအံ့။ ဓမ္မပဒ၌ လာရှိသည့် ရာဇဂြိုဟ်မြို့သား တမ္ဗဒါဌိကအမည်ရှိ သူခိုးကြီးတစ်ဦးသည် ခိုးသူကြီးဘဝတွင် အကုသိုလ်မျိုးစုံ ပြုလုပ်ခဲ့၏။ သူတို့ ခိုးသူအဖွဲ့ဝင်ငါးရာလုံး ဘုရင့်တပ်က ဖမ်းမိသွားပြီး သေဒဏ်ချခံရ၏။

အချင်းချင်းပြန်သတ်ပေးလျှင် သေဒဏ်မှလွတ်၍ အာဏာသားရာထူး ပေးမည်ဟူသော မက်လုံးကြောင့် သူ့အဖွဲ့ဝင် လေးရာကိုးဆယ့်ကိုးယောက်တို့၏ ခေါင်းများကို တစ်မနက်အတွင်းပြီးအောင်ဖြတ်သတ်ပေးခဲ့၏။ ထိုနေ့မှာပင် အရပ်လေးမျက်နာမှ ငါးရာစီပါသော ခိုးသားဓားပြအဖွဲ့ လေးဖွဲ့ကိုထပ်မိလာပြန်၏။

ထိုခိုးသားနှစ်ထောင်လုံး သေဒဏ်ချမှတ်ခံရရာ တမ္ဗဒါဌိကပင် တစ်ရက်အတွင်း အပြီးသတ်ပေးခဲ့သည်။ နောက်နေ့မှစ၍ သေဒဏ်ကျသမျှ ရာဇဝတ်သားများကို နေ့စဉ်သတ်ဖြတ်ပေးနေသည်မှာ နှစ်ပေါင်းငါးဆယ်နီးပါးခန့်ပင် ကြာသွား၏။ သူအသက်ကြီးလာသောအခါ ရာဇဝတ်သားများ၏ ခေါင်းကိုတစ်ချက်တည်းပြတ်အောင် မဖြတ်နိုင်တော့ပေ။

ထိုကြောင့် တာဝန်ရှိသူများက သူ့အား နစ်နာကြေးပေးပြီး ရာထူးမှချလိုက်ကြသည်။ ထိုနေ့သည် သူ့သက်တမ်းကုန်မည့်နေ့ပင် ဖြစ်၏။ နေ့ခင်း တစ်နာရီခန့်တွင် သူသည် သေဆုံးရတော့မည်ဖြစ်၏။ ထိုအဖြစ်ကို မသိရှာသော အဘိုးကြီးဘဝရောက်နေသူဖြစ်သည့် တမ္ဗဒါဌိကသည် ငွေရွှင်သောအချိန်တွင် ဟင်းကောင်းကောင်းချက်စားမည် ဟူသောအတွေးဖြင့် အသားငါးများကို စိတ်ကြိုက်ရာဝယ်ကာ ချက်ပြုတ်လျက်ရှိ၏။

ချက်ပြုတ်ရေမိုးချိုးပြီးသောအခါ ထမင်းပွဲပြင်ပြီးစားရန် လက်ဆေးလိုက်သောအချိန်မှာပင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး သူ့အိမ်ရှေ့တွင် ဆွမ်းရပ်နေသည်ကို တွေ့လိုက်ရ၏။ သူ့ကို ဧရာမကျွအောင် တရားဖြင့် ကယ်တင်ချင်သောကြောင့် ကြွရောက်လာခြင်းပင် ဖြစ်၏။

မထေရ်မြတ်ကိုမြင်သောအခါ သူသည် သဒ္ဒါတရားဖြစ်ပြီး ပြင်ထားသောဆွမ်းဝိုင်းကို ကပ်လိုက်၏။ မထေရ်မြတ်၏ ဆွမ်းအနုမောဒနာ ဝိပဿနာတရားကိုလည်း နာကြားခွင့်ရလိုက်၏။ တရားပွဲအပြီး မထေရ်မြတ်ကိုလိုက်ပို့ပြီး ပြန်အလာမှာပင် နွားငွေ့ခံရပြီး သေရရှာသည်။

သို့သော် သူမသိသောအရင်ဘဝများက ပြုခဲ့သောကုသိုလ်၊ ယခုဘဝ တရားနာရသော ဓမ္မဿဝန ကုသိုလ်တို့ကြောင့် လူ့သက်ဖြင့်နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း အသက်ရှည်သောတုသိတာနတ်ဘုံသို့ရောက်ခဲ့ရသည်။ ထိုနည်းတူ မြန်မာနိုင်ငံ၊ ကလေးမြို့မှ စစ်မှုထမ်းဟောင်း အမျိုးသားကြီးတစ်ဦးသည်လည်း နတ်ပြည်သို့ရောက်ခဲ့ဖူးသည်။

သူ့အမည်ကို သူ့ရာထူးနှင့်တွဲ၍ တပ်ကြပ်ကြီး လှရွှေ ဟုပင် ခေါ်ကြ၏။ သူသည် သီတတ်သော အရွယ်မှစ၍ တပ်ထဲဝင်ရောက်ပြီး နှစ်ပေါင်းသုံးဆယ်ကျော် သတ်ဖြတ်သောက်စား လောင်းကစားဖြင့် အချိန်ကုန်ခဲ့သည်။ သူ့အသက် လေးဆယ်ကျော်တွင် ငှက်ဖျားရောဂါကြောင့် တပ်မှ ပင်စင်ယူခဲ့ရသည်။

**သူတစ်ပါးကို မကြည်ညိုရင် ကုသိုလ်မရရုံ ဘဲရှိမယ်၊ ကိုယ့်ကိုယ်ကို မကြည်ညိုရင် အပါယ်ကျတတ်တယ်၊ အကြောင်းကား သူတစ်ပါးကိုလိမ်ညာ၍ရသော်လည်း မိမိကိုယ် မိမိလိမ်ညာ၍ မရသောကြောင့်တည်း။**

ဟူသော ဩဝါဒ ဒဿနလေးကို တွေ့ရသောအခါမှစ၍ တပ်ကြပ်ကြီးလှရွှေသည် ကိုယ့်ကိုယ်ကို ကြည်ညိုအောင် နေတတ်ချင်လာ၏။ ထို့ကြောင့် ချင်းပြည်နယ်၊ ခန္တီးတောင်ပေါ်တွင် သီတင်းသုံးသော တောင်တန်းဆရာတော်ကြီးထံ အရောက်သွား၍ သေနည်းသင်တန်းတက်ခဲ့၏။

သေနည်းသင်တန်းအနှစ်ချုပ်မှာ–

မိမိ၏သေခြင်းတရားကို အဖန်ဖန် အမှတ်ရရမည်။ တစ်နည်းနေ့စဉ် မရဏာနုဿတိဘာဝနာပွားများရမည်။

လောဘ, ဒေါသ, မောဟကင်းအောင် နေရမည်။

သရဏဂုံသုံးပါးကို စွဲမြဲစွာ သတိရရွတ်ဆိုနေ

ရမည်။

မိမိကိုယ် မိမိ ကြည်ညိုအောင် နေရမည်။

မိမိကိုယ် မိမိ ကြည်ညိုရန် နှံသာဖြူပင်လို ကျင့်ရမည်။

နှံသာဖြူပင်သည် အိုလာလေ အနှစ်ပြည့်ပြီး မွှေးလာလေဖြစ်သည်။

နောက်ဆုံး နာပြီး သေသောအချိန်သည် အနှစ်အပြည့်ဆုံး အမွှေးဆုံးအချိန် ဖြစ်သကဲ့သို့ မိမိကိုယ်မိမိ ကြည်ညိုလိုသော လူသားသည် အသက်ကြီးလာသည်နှင့်အမျှ ဒါန,သီလ, ဘာဝနာဟူသော ကုသိုလ်တရား၊ သီလ,သမာဓိ,ပညာ ဟူသော သိက္ခာသုံးပါး အနှစ်တရားများသည် ပြည့်ပြည့်လာရမည်ဖြစ်၏။ သေဆုံးချိန်တွင်ကား ကုသိုလ်တရားနှင့် သိက္ခာသုံးပါးသည် ပြည့်ဝလျှံထွက်သည့်အဆင့် ထိရောက်နေရပေမည်။ သို့မှသာ မိမိကိုယ်မိမိ ကြည်ညိုသောသူ ဖြစ်ပေမည်။

ဆရာတော်ကြီးထံနှစ်နှစ်ခန့်နေထိုင်ပြီး ကလေးမြို့သို့ ပြန်အရောက်မှာပင် ငှက်ဖျားပိုး ဦးနှောက်ထဲ ဝင်သဖြင့် သေဆုံးရရှာသည်။ သို့သော် သေနည်းသင်တန်း၏ ကျေးဇူးကြောင့် နတ်ပြည်သို့ ရောက်ခဲ့ရသည်။ သူတည်းခိုနေထိုင်သောအိမ်မှ လူငယ်လေးတစ်ယောက်ကို အိပ်မက်ပေးသဖြင့် သူ နတ်ပြည်ရောက်ရကြောင်းကို သိကြရခြင်းဖြစ်သည်။

### အကုသိုလ်ဇော အကျိုးပေးပုံ ရှင်းတမ်း

တမ္ဗဒါဌိကနှင့် တပ်ကြပ်ကြီးလုရွှေတို့သည် ဘဝတစ်လျှောက်လုံးနီးပါး မကောင်းမှုတွေ ပြုလုပ်ခဲ့ပါလျက် အဘယ်ကြောင့် သေသောအခါ အပါယ်ငရဲမကျဘဲ နတ်ပြည်သို့ရောက်ရသနည်း- ဟူသော မေးခွန်း၏အဖြေကို နားလည်နိုင်ရန်အတွက် ဇောစေတနာ အကျိုးပေးပုံအစဉ်ကို ကြိုတင်သိထားဖို့ လိုအပ်ပေသည်။

ကုသိုလ်လုပ်သည်ဖြစ်စေ၊ အကုသိုလ်လုပ်သည်ဖြစ်စေ ဇောစေတနာ ခုနစ်ချက်စော၏။ ထို ဇောစေတနာ ခုနစ်ချက်တွင် ပထမဇောစေတနာသည် ယခုဘဝအကျိုးပေးသည်။ အကျိုးပေးခွင့် မရလျှင် ပျက်သွားသည်။ သတ္တမဇောစေတနာသည် သေပြီးနောက် ဒုတိယဘဝတွင် အကျိုးပေးသည်။

ထိုသတ္တမဇောသည်လည်း အကျိုးပေးခွင့်မရလျှင် ပျက်သွားသည်။ ထိုသို့ အကျိုးပေးခွင့်မရဘဲ ပျက်သွားသော ဇောစေတနာများကို အဟောသိကံဟုခေါ်သည်။ အလယ်ဇောငါးချက် စေတနာများကား တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မခြင်းလိုက်၍ အကျိုးပေးသည်။ ထို အလယ်ဇောငါးချက် စေတနာကား အကျိုးမပေးရဘဲ ပျက်သွားသည်ဟူ၍ မရှိပေ။

ထို အလယ်ဇောငါးချက် စေတနာကို အမည်အားဖြင့် အပရာပရိယဝေဒနီယကံဟု ခေါ်၏။ သတ္တဝါတိုင်းတွင် ထိုအပရာပရိယဝေဒနီယကံများ ပါလာကြသည်သာဖြစ်၍ ထိုအပရာပရိယဝေဒနီယကံ၏အစွမ်းကြောင့် ယခုဘဝ၌ အကုသိုလ်ပြုသူဖြစ်လျက် နတ်ပြည်သို့ရောက်ခဲ့ရပြီး ယခုဘဝ၌ ကုသိုလ် ပြုသူဖြစ်လျက် အပါယ်ငရဲသို့ ကျကြရခြင်းဖြစ်သည်။ ထိုအချက်ကို သိစေလို၍ မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်တွင်-

*ရှင်လူသတ္တဝါ၊ ထိုများစွာကား၊*
*အပရာပရိယ၊ ကံကိစ္စနှင့်၊*
*ကင်းကြသူဘိ၊ မည်မရှိရှင့်၊*
*မသိနိုင်တောင်း၊ ကံဆိုးကောင်းကို၊*
*ဥက္ကောင်းရှက်လျက်၊ အချက်သင့်စွာ၊*
*ခံရစွာ၏။*

ဟု ရေးစပ်တော်မူခဲ့ခြင်း ဖြစ်၏။ ဖော်ပြခဲ့သောဇာတ်လမ်းများ၌ တမ္ဗဒါဌိကနှင့် တပ်ကြပ်ကြီးလုရွှေတို့သည် မကောင်းမှုများကို ပြုလုပ်ခဲ့ကြ၏။ သူတို့ ပြုလုပ်ခဲ့သော အကုသိုလ်ဇောများတွင် ပထမဇောသည် အကျိုးမပေးဘဲ အဟောသိကံ ဖြစ်သွားသောကြောင့် ယခုဘဝတွင် ဆင်းရဲဒုက္ခ

မရောက်ရခြင်း ဖြစ်၏။

သတ္တမဇောသည်လည်း အဟောသိကံ ဖြစ်သွားသောကြောင့် သေပြီးနောက်ဒုတိယဘဝတွင်လည်း အပါယ်သို့မကျရောက်ခြင်းဖြစ်၏။ သို့သော် အလယ်ဇောငါးချက် စေတနာများ ရှိသေးသောကြောင့် တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မခြင်း မကောင်းကျိုးများကို ခံစားရဦးမည် ဖြစ်သည်။

နတ်ပြည်တွင် ဝိပဿနာတရား နာကြားခွင့်ရ၍ သောတာပန် တည်သွားမည်ဆိုလျှင်ကား သံသရာ တစ်လျှောက်လုံး အပါယ်ဘေးမှ ဝေးသွားနိုင်ပါသည်။

နံ့ပါတ်သုံးအရ- မကောင်းမှုမှ ရှောင်ကြဉ်၍ နတ်ပြည်ရောက်သွားသူတို့ကား များပြားလွန်းလှ၏။

ထိုများစွာထဲမှ အံ့ဩစရာအကောင်းဆုံး ဖြစ်ရပ်နှစ်ခုကို တင်ပြပါမည်။ ပထမဖြစ်ရပ်မှာ ဗုဒ္ဓလက်ထက်တော်က ဗာရာဏသီပြည်တွင်နေထိုင်သော နန္ဒိယသူကြွယ်ပင်ဖြစ်သည်။ သူသည် ဘုရားအမှူးရှိသော သံဃာတော်များအား ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို ကျောင်းရေစက်ချပွဲအပြီးမှာပင် တာဝတိံသာနတ်ပြည်တွင် နန္ဒိယသူကြွယ်အတွက် ဗိမာန်ကြီးတစ်ခု ကြိုတင်ပေါ်ပေါက်လာရသည်။ ယခုအချိန်တွင်ကား နန္ဒိယသူကြွယ်သည် ထိုဗိမာန်တွင်နေထိုင်၍ နတ်စည်းစိမ်များကို ခံစားလျက်ရှိသည်။ တာဝတိံသာနတ်သက်သည် လူသက်ဖြင့် ရေတွက်လျှင် သုံးကုဋေနှင့် အနှစ်ခြောက်သန်း ရှိသည်။

နတ်ပြည်တွင် လူပြည်ကဲ့သို့ ပဋိသန္ဓေနေရခြင်း ဆင်းရဲမရှိပေ။ နတ်သားဆိုလျှင် အသက်နှစ်ဆယ်အရွယ်၊ နတ်သမီးဆိုလျှင် ဆယ့်ရှစ်နှစ်အရွယ် ချက်ချင်းဖြစ်သည်။ သူတို့နေထိုင်သော ရွှေဗိမာန်၊ ငွေဗိမာန်၊ ပတ္တမြားဗိမာန်ကြီးများသည် အချို့ မိုင်တစ်ရာ၊ အချို့ မိုင်တစ်ထောင်ခန့်ထိ ကြီးမားကြသည်။

ထိုဗိမာန်တို့နှင့် လိုက်လျောညီထွေစွာပင် နတ်သား၊ နတ်သမီးတို့၏ ခန္ဓာကိုယ်သည် သုံးဂါဝုတ် (ခြောက်မိုင်) ပမာဏရှိသည်။ ဒဿနတစ်ခုပေးချင်သည်မှာ-

ငွေတစ်မျိုးတည်းကိုသာ စုသူသည် လူ့ပြည်မှာသာ ချမ်းသာ၍ နတ်ပြည်မှာ ဆင်းရဲသည်။ ငွေရော၊ ကုသိုလ်ရော စုဆောင်းသူသည်ကား လူ့ပြည်ရော နတ်ပြည်မှာပါ ချမ်းသာသည်။

ဟူသော အချက်ပင် ဖြစ်၏။ လူ့လောက, က တန်ဖိုးထားကြသော အမေရိကန်-ဒေါ်လာ၊ အင်္ဂလိပ်-ပေါင်၊ ဥရောပ-ယူရို၊ ဂျပန်-ယန်း၊ မလေးရှား-ရင်းဂစ်၊ ထိုင်း-ဘတ်၊ ဗီယမ်နမ်-ဒေါင်၊ အိန္ဒိယ-ရူပီး၊ တရုတ်-ယွမ်၊ မြန်မာ-ကျပ်ငွေ စသည်တို့သည် လူ့ဘဝတစ်ခုတည်းမှာသာ သုံး၍ရသည်။ နတ်ဘဝ၊ နတ်ပြည်တွင်ကား သုံး၍မရပေ။

ကုသိုလ်သည်ကား နတ်ပြည်,ဗြဟ္မာ့ပြည်သို့ ပို့ရုံတင်မက အိုနာသေကင်းရာ နိဗ္ဗာန်အထိ အရောက်ပို့နိုင်သည်။ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်တို့ကသာ နိဗ္ဗာန်သို့ပို့နိုင်သည်မဟုတ်ပါလား။

၁၉၅၀ ခုနှစ်ခန့်က ဖြူးမြို့နယ်၊ ဝဲကြီးအောက်ခုံရွာမှ ကျောင်းထိုင်ဆရာတော်ကြီး ဦးဇာဂရသည် ရောဂါသည်းပြီး သတိလစ်မေ့မျောသလို ဖြစ်သွားရာမှ တာဝတိံသာနတ်ပြည်အာရုံများကို ထင်မြင်လာသည်။ နတ်သား၊ နတ်သမီးများ၊ ဗိမာန်များကို ပကတိမျက်စေ့ဖြင့် မြင်ရသလို မြင်နေရသည်။

တစ်နေရာအရောက် ကြီးမားသော ဗိမာန်ကြီးတစ်ခုတွင် အခြွေအရံ နတ်သား၊ နတ်သမီးများကိုသာ တွေ့ရသည်။ ပိုင်ရှင်နတ်သား၊ နတ်သမီးများကို မတွေ့ရပေ။ ထို့ကြောင့် မေးကြည့်ရာ ပိုင်ရှင်ဖြစ်မည့် နတ်သမီးမှာ လူ့ဘဝမှာပင် ရှိနေသေးကြောင်း၊ ဤဗိမာန်ကြီးသည် ဗုဒ္ဓလက်ထက်က နန္ဒိယသူကြွယ် မသေခင်ပေါက်နှင့်သော ဗိမာန်မျိုးပင်ဖြစ်ကြောင်း နတ်သား၊ နတ်သမီးများက ရှင်းပြကြသည်။

ထိုအခါ ဆရာတော်က ဗိမာန်ရှင်၏လိပ်စာကို မေးရာ နတ်သမီးများက ယခုလိုပြောပြကြ၏-

ဒေါ်ကုလားမ

စမ်းမြိုင်ရပ်ကွက်

ဖြူးမြို့နယ်၊ ပဲခူးတိုင်း ဟူ၍ဖြစ်သည်။

ဆရာတော်သည် လိပ်စာကို သေချာမှတ်အပြီးမှာပင် သတိပြန်ရလာရာ ဒကာများကို ချက်ချင်းသွားရှာခိုင်းရာ တွေ့ခဲ့ကြ၏။ သို့သော် ဒေါ်ကုလားမပြုသောကုသိုလ်ကား အိမ်တွင် ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားတော်အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို နေ့စဉ်ကပ်လှူခြင်းသာ ဖြစ်သည်။ ဒါနကုသိုလ်အကျိုးပေးကောင်းဖို့အတွက် အလှူခံလှူဖွယ်ဝတ္ထုထက် စေတနာက ပို၍အရေးကြီးကြောင်း ဒေါ်ကုလားမအဖြစ်က သက်သေခံလျက်ရှိသည်။

သစ်ပင်တစ်ပင် ပေါက်ရောက်ကြီးထွားသီးပွင့်ဖို့အတွက် မြေ, ရေ, မျိုးစေ့သုံးမျိုး လိုအပ်၏။ ထိုသုံးမျိုးတွင် မျိုးစေ့ကောင်းဖို့သည် မြေ, ရေတို့ထက်ပို၍ အရေးကြီး၏။

မြေနှင့်ရေ မည်မျှလောက်ထိ ကောင်းပါစေ၊ မျိုးစေ့ကပိုးထိုးမည်ဆိုလျှင် မည်သို့မျှ အပင်မပေါက်နိုင်တော့ပေ။ ဤဥပမာ၌ မြေသည်အလှူခံနှင့်တူ၏။ ရေသည် လှူဖွယ်ဝတ္ထုနှင့်တူ၏။ မျိုးစေ့သည် လှူကြောင်းစေတနာနှင့်တူ၏။

နံပါတ်လေးကား မကောင်းမှုမှ ရှောင်သော်လည်း အပါယ်ကျပုံသာဓကများကို ထုတ်ပြရန်ဖြစ်၏။ အရှင်အာနန္ဒာအလောင်းနစဉ်အခါကရာဇဂြိုဟ်ပြည်တွင် သူဌေးသားသွားဖြစ်၏။ သူတော်ကောင်းနှင့် ပေါင်းသင်းမိသောကြောင့် မကောင်းမှုမှ ရှောင်ကြဉ်ပြီး ကုသိုလ်မျိုးစုံကို အားထုတ်ပြုလုပ်၏။

သို့သော် သူသေသောအခါ ရောရုဝရဲသို့ ကျသွားခဲ့ရ၏။

အင်္ဂပူမြို့နယ်အတွင်းမှ ကျောင်းတစ်ကျောင်းတွင် ပျံတော်မူသွားသော ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းအလှူရှင်ဖနီးမောင်နှံ နှစ်ဦးလုံးတို့သည် ထိုကျောင်းမှာပင် ပြိတ္တာကြီးများ ဖြစ်နေကြပြီး မကြာခဏ ကိုယ်ယောင်ပြလျက်ရှိ၏။

**ကုသိုလ်ဇောအကျိုးပေးပုံရှင်းတမ်း**

အရှင်အာနန္ဒာအလောင်း ရာဇဂြိုဟ်သူဌေးသားနှင့်အင်္ဂပူမှကျောင်းအလှူရှင်တို့သည် ကုသိုလ်ကောင်းမှုတွေပြုပြီး မကောင်းမှုမှ ရှောင်လျက်အဘယ့်ကြောင့် အပါယ်သို့ကျခဲ့ရသနည်း။

ရာဇဂြိုဟ်သူဌေးသားသည် အရင်ဘဝက ပန်းတိမ်သည်၏ သားတစ်ယောက် ဖြစ်ခဲ့၏။

ယင်းဘဝတွင် မိတ်ဆွေယုတ်များနှင့် ပေါင်းသင်းမိသောကြောင့် သူတစ်ပါး မယားများကို ပျော်ပါးဖျက်ဆီးမိခဲ့၏။ ကာမေသုကံကို ကျူးလွန်သောအကုသိုလ်ဇောစေတနာ ခုနစ်ချက်တွင် ပထမဇော၊ သတ္တမဇောတို့သည် အဟောသိကံ ဖြစ်သွားပြီး အကျိုးပေးခွင့်မရခဲ့။ ထို့ကြောင့် သူသည် ကျူးလွန်သော ပထမဘဝတွင် ဒုက္ခမရောက်ခဲ့သလို၊ သေပြီးနောက် ဒုတိယဘဝတွင်လည်း အပါယ်ငရဲသို့ မကျခဲ့ခြင်း ဖြစ်၏။

သို့သော် အဟောသိကံ ဖြစ်လေ့ဖြစ်ထမရှိသော အလယ်ဇောငါးချက် စေတနာများ ကျန်နေသေးသည်ကို သတိပြုခဲ့ပါ။ သူသည် ပန်းတိမ်သည်သားဘဝမှ သေသွားသောအခါ ဒုတိယဘဝတွင် ရာဇဂြိုဟ်မှ သူဌေးကြီးတစ်ဦး၏သား လာဖြစ်ခဲ့သည်။ ထိုသူဌေးသားဘဝတွင် မကောင်းမှုကို ရှောင်ပြီး ကောင်းမှုများကို ပြုလုပ်ခဲ့ပါ၏။

ထိုသူဌေးသားဘဝတွင်ပြုသော ကုသိုလ်ဇောစေတနာခုနစ်ချက်တို့တွင် ပထမဇောနှင့် သတ္တမဇောတို့သည် အဟောသိကံ ဖြစ်သွားခဲ့၏။ ထို့ကြောင့် ယင်းဘဝမှ သေသောအခါ ပန်းတိမ်သည်သားဘဝက ပြုခဲ့သောအကုသိုလ် အလယ်ဇောငါးချက် စေတနာများက မကောင်းကျိုးပေးခွင့်ရလာသောကြောင့် ရောရုဝရဲသို့ ဆွဲချလိုက်ခြင်းဖြစ်သည်။

ရောရုဝရဲမှ လွတ်သောအခါ ကာမေသုမိစ္ဆာစာရ အကုသိုလ်ဖောသည် မကုန်သေးသဖြင့် နွားဘဝ, ဆိတ်ဘဝ, မျောက်ဘဝတို့သို့ ပို့ပေးလိုက်သေး၏။ ထိုဘဝတွင်လည်း အထီးဖြစ်ပါလျက် ကာမေသုအဖျားခတ်မှုကြောင့် သင်းကွပ်ခံခဲ့ရသေး၏။ မျောက်ဘဝမှ စုတေသောအခါ ရာဇဗြိုဟ်သူဌေးသားဘဝက ပြုလုပ်ခဲ့သော ကုသိုလ်အလယ်ဖောငါးချက်သည် အကျိုးပေးခွင့်ရပြီး လူ့ဘဝသို့ ပို့ပေးလိုက်၏။

## ဗိုမအင်္ဂါ မပါသူ

သို့သော် ပန်းထိမ်သည်သားဘဝကပြုခဲ့သော အကုသိုလ် အလယ်ဖောငါးချက်ကလည်း စွမ်းအင်မကုန်သေးရကား ယောကျ်ားအင်္ဂါ, မိန်းမအင်္ဂါ နှစ်မျိုးမပါသော နပုန်းပဏ္ဍုက်ဘဝသို့ ရောက်ရ၏။ ထိုနပုန်းပဏ္ဍုက်များသည် ယခုခေတ်တွင်လည်း ရှိ၏။ နှစ်အနည်းငယ်အတွင်းက ရန်ကုန်မြို့တွင် မိဘများ၏ စီစဉ်ပေးမှုကြောင့် သူဌေးသားနှင့် သူဌေးသမီးတို့သည် လက်ထပ်ကြ၏။

သူတို့၏မင်္ဂလာသက်တမ်းမှာ တစ်ညသာ ကြာ၏။ နောက်နေ့ရောက်သည်နှင့် အိမ်ထောင်ရေး ပြိုကွဲသွား၏။ အကြောင်းကား မိန်းကလေးတွင် ဗိုအင်္ဂါ၊ မ,အင်္ဂါ နှစ်မျိုးလုံး မပါသောကြောင့်ပင်ဖြစ်၏။ မြိတ်မြို့ရှိ ဆွမ်းဒကာတစ်ဦး၏ သမီးတစ်ယောက်တွင်လည်း ထိုကဲ့သို့ အင်္ဂါနှစ်မျိုးလုံး ပါမလာသဖြင့် မိဘများ ဘာလုပ်၍ဘာကိုင်ရမှန်းမသိလောက်အောင် သောကရောက်နေကြောင်းကို စိတ်မကောင်းဖွယ်ရာတွေ့ရ၏။ ဆီးသွားရန် အပေါက်သေးသေးလေး တစ်ပေါက်ပါရှိကြောင်းကိုလည်း တစ်ဆက်တည်းသိရသည်။

အရှင်အာနန္ဒာအလောင်းသည် နပုန်းပဏ္ဍုက်ဘဝမှ စုတေသောအခါ ဘုရင့်သမီးတော် တစ်ဘဝ၊ ဇဝနနတ်သား၏ မယားနတ်သမီးအဖြစ် တစ်ဘဝ၊ သိကြားမင်း၏ မိဖုရားနတ်သမီးအဖြစ် လေးဘဝ ရောက်ပြီးမှ ယောကျ်ားစစ်စစ် ဘဝကို ပြန်ရသည်။ ရာဇဗြိုဟ်သူဌေးသားဘဝက ပြုလုပ်ခဲ့သောအလယ်ဖောငါးချက် ကုသိုလ်စေတနာများသည် ကောင်းသောလူ့ဘဝ၊ နတ်ဘဝသို့ကား ပို့ပေးပါ၏။

သို့သော် ရွှေပန်းထိမ်သည်သားဘဝက ပြုခဲ့သော အလယ်ဖောငါးချက် အကုသိုလ်စေတနာများ၏ အဖျားခတ်မှုကြောင့် အမျိုးသားဘဝ၊ နတ်သားဘဝဖြင့် စည်းစိမ်ခံစားခွင့်မရဘဲ အမျိုးသမီးဘဝ၊ နတ်သမီးဘဝနှင့်သာ စည်းစိမ်ခံစားခွင့်ရသည်ကို သတိပြုသင့်ပါ၏။

(၃၁)ဘုံတွင် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားများကို တင်းပြည့်ကျပ်ပြည့် ပြုလုပ်၍ ရသောဘုံသည် လူ့ဘုံတစ်ဘုံသာ ရှိသည်။ အပါယ်လေးဘုံသည် ဆင်းရဲဒုက္ခတွေ များလွန်းသောကြောင့် မည်သည့်ကုသိုလ်မျှ ပြုလုပ်ခွင့်မရ။ နတ်ဘုံ၊ ဗြဟ္မာဘုံကား ချမ်းသာသုခတွေ များလွန်းအားကြီးသောကြောင့် ကုသိုလ်တရားများကို တင်းပြည့်ကျပ်ပြည့် ပြုလုပ်၍ မရပြန်ပေ။ ဉပမာအားဖြင့် နတ်ပြည်၊ ဗြဟ္မာပြည်၌ အလှူခံမရှိသဖြင့် ဒါနကုသိုလ် မည်သို့မျှ ဆည်းပူး၍ မရနိုင်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဘုရားအလောင်းတော်များသည် နတ်ပြည်ရောက်လျှင် သက်တမ်းပြည့်မနေဘဲ မိမိကိုယ်မိမိ စုတေအောင် ပြုလုပ်ပြီးလျှင် လူ့ဘဝသို့ပြန်လာလေ့ရှိ၏။ လူ့ဘဝသည်သာကုသိုလ်မျိုးစုံ ပြုလုပ်၍ရသည် မဟုတ်ပါလော။

ထို့ကြောင့် လူ့ဘဝရသခိုက်တွင် ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ဝိပဿနာဘာဝနာကုသိုလ်၊ မဂ်ကုသိုလ်၊ ကုသိုလ်(၅)မျိုးလုံး အရယူသင့်သည်။ အကုသိုလ်ကိုကား ပြောဆိုဖို့၊ ပြုလုပ်ဖို့ဝေး၍ တွေးတော ကြံစည်ခြင်းကိုပင် မပြုသင့်ပေ။ နေ့ နတ်စည်းစိမ်ခံ၊ ညငရဲခံ၊ ပထမ(၇)ရက် နတ်စည်းစိမ်စံ၊ ဒုတိယ(၇)ရက် ငရဲခံရသော ဝေမာနိကပြိတ္တာများသည် လူ့ဘဝရစဉ်ကကုသိုလ်,

အကုသိုလ်နှစ်မျိုးရောပြီးပြုခဲ့ကြသောကြောင့်ဖြစ်၏။

နေ့စံညခံ၊ ခုနစ်ရက်စံ၊ ခုနစ်ရက်ခံဝေမာနိက ပြိတ္တာဘဝမျိုး မရောက်စေရန်အတွက် ယခုလို လူ့ဘဝရသခိုက်လေးတွင် ကုသိုလ်(၅)မျိုးလုံးကိုသာ အပြည့်အဝယူသွားစေချင်ပါ၏။ အကုသိုလ်ဆိုလျှင် အငွေ့အသက်မျှပင် ယူမသွားစေချင်ပါ။

အရှင်အာနန္ဒာအလောင်းနည်းတူ အင်္ဂပူမြို့နယ် မှကျောင်းဒကာများ အပါယ်ကျခြင်းဖြစ်ရပ်၌လည်း ယခုဘဝ ကျောင်းလှူသောဒါနကုသိုလ် သတ္တမဇောက အဟောသိကံဖြစ်သွားပြီး အတိတ်ဘဝတစ်ခုကပြုခဲ့သော အလယ်ဇောင်းချက် အကုသိုလ်စေတနာက ဝင်အကျိုးပေးလိုက်ခြင်းကြောင့် အပါယ်ကျရခြင်းဖြစ်ကြောင်း သဘောပေါက်လောက်ပေပြီ။

ဤကား ရန်သူနှစ်သိန်းကျော်ကို သတ်ဖြတ်ခဲ့ပါလျက် ဒုဋ္ဌဂါမဏိမင်းကြီး နတ်ပြည်ရောက်ရခြင်း အကြောင်းကို အကျယ် ရှင်းလင်းချက်တည်း။ ဒုဋ္ဌဂါမဏိမင်းကြီးဖြစ်ရပ်ကို ထောက်ထား၍ အမျိုး၊ ဘာသာ၊ သာသနာကို ဖျက်ဆီးလာသူများအား တွန်းလှန်တိုက်ခိုက်ဖို့အတွက် မြန်မာများအားလုံး လက်တွန့်မနေသင့်ပေ။

ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာအတွက်ဆိုလျှင် ဘုရားအလောင်းတော်သည်ပင်လျှင် ရန်သူများကို ခုခံတိုက်ခိုက်သတ်ဖြတ်ခဲ့သည်သာဖြစ်၏။ တစ်ခါတွင် ဘုရားအလောင်းတော်သည် ရေအိုင်ကြီးတစ်အိုင်တွင် ဂဏန်းတစ်ကောင် သွားဖြစ်၏။ တစ်ခုသောနွေတွင် ရေအိုင်မှရေများ တဖြည်းဖြည်း ခန်းလာ၏။

ကောက်ကျစ်သော ဗျိုင်းတစ်ကောင်သည် အိုင်ထဲမှ ငါးများ၊ ဂဏန်းများကို ရေများသော အိုင်ကြီးတစ်အိုင်သို့ ပို့ပေးမည်ဟုလိမ်ပြောကာ ချီယူသွားပြီး လမ်းခုလတ်ရှိ သစ်ပင်တစ်ပင်ပေါ်တွင် စား၊ စားပစ်၏။ အိုင်ထဲမှငါးများ၊ ဂဏန်းများ တော်တော်ကြီး ကုန်သွားသောအချိန်တွင် အလောင်းတော် ဂဏန်းအလှည့်သို့ ရောက်လာ၏။

အလောင်းတော်ဂဏန်းကိုလည်း ဗျိုင်းက ရှေးနည်းအတိုင်း ပြောဆိုစည်းရုံးပြန်၏။ အလောင်းတော်က သင်၏လည်ပင်းကို ငါ၏လက်မများဖြင့် ညှပ်လျက် လိုက်ပါခွင့်ရမည်ဆိုလျှင် ပြောင်းချင်ကြောင်းပြောလိုက်၏။ ဗျိုင်းသည် အလောင်းတော်၏ပညာဉာဏ်ကိုလိုက်မမီသည့်အတွက် အလောင်းတော် စိတ်တိုင်းကျ လိုက်ပါခွင့်ပြုလိုက်၏။

ဗျိုင်းသည် အလောင်းတော်ကို ချီယူလာပြီးလျှင် ရေများသောအိုင်ကြီးထဲသို့ မပို့ဘဲ သစ်ပင်တစ်ပင်ပေါ်သို့ ချီယူလာလေ၏။ သစ်ပင်ပေါ်ရောက်သောအခါ အလောင်းတော်က–

"အဆွေဗျိုင်း၊ ကျွန်ုပ်ကိုရေအိုင်ကြီးထဲသို့ ချမပေးဘဲ အဘယ့်ကြောင့် သစ်ပင်ပေါ်သို့ ချီလာရသနည်း" ဟု မေးလိုက်၏။ ထိုအခါ ဗျိုင်းက–

"ဂဏန်း၊ သင်ကား ငါ၏လိမ်ညာမှုကို သင်၏ရှေ့က ဆွေမျိုးသားချင်းတွေအတိုင်း ခံရလေပြီ။ သစ်ပင်အောက်တွင် ကြည့်လိုက်လော့၊ သင့်ဆွေမျိုးသားချင်းတို့၏ အရိုးများ၊ အခွံများကို တွေ့ရပေလိမ့်မည်" ဟု ပြန်ပြော၏။

ထိုအခါ အလောင်းတော်က–

"ဟယ်– ဗျိုင်းယုတ်၊ သင့်ကို ယုံကြည်စိတ်ချမှု မရှိသောကြောင့်ပင် ငါသည် သင့်လည်ပင်းကို လက်မဖြင့် ညှပ်၍လိုက်ခွင့်ရရန် တောင်းခံခဲ့ခြင်းဖြစ်၏။ ငါ့ကို အခုပင် ရေများစွာရှိသော ရေအိုင်ကြီးထဲသို့ ပို့လော့၊ မပို့ပါက ဤသစ်ပင်သည်ပင် သင် အသက်ဆုံးရှုံးရာဌာန ဖြစ်ရလိမ့်မည်"

ဟုပြောဆိုကာ ဗျိုင်း၏လည်ပင်းကို လက်မဖြင့် ညှပ်လေ၏။ ထိုအခါ ဗျိုင်းသည် နာကျင်လွန်းလှသဖြင့် ရေအိုင်ကြီးရှိရာသို့ ပို့ပေးရ၏။ ရေအိုင်အလယ်သို့ ရောက်သည်နှင့် ဘုရားအလောင်းဂဏန်းကြီးသည် နောက်ထပ် ဆွေမျိုးသားချင်းများကို သတ်ဖြတ်မှု မပြုနိုင်ရန် ဗျိုင်း၏လည်ပင်းကို သုံးပိုင်းပြတ်အောင် ညှပ်ဖြတ်လိုက်လေ၏။

■

### သရဏဂုံနှစ်မျိုး

သရဏဂုံသည် လောကီသရဏဂုံ၊ လောကုတ္တရာ သရဏဂုံဟု နှစ်မျိုးရှိသည်။ ပုထုဇဉ်တို့၌တည်သော သရဏဂုံကို လောကီသရဏဂုံဟု ခေါ်၍၊ အရိယာတို့၌ တည်သောသရဏဂုံကို လောကုတ္တရာ သရဏဂုံဟု ခေါ်သည်။ ထိုတွင် လောကုတ္တရာ သရဏဂုံသည် သံသရာတစ်လျှောက် ဘယ်သော အခါမှ ပျက်စီးခြင်းသို့ မရောက်တော့ပေ။

လောကီသရဏဂုံကား ယခုဘဝမှာပင် ပျက်စီးနိုင်လေသည်။ သို့သော် ပျက်ပြီးလျှင် ပြန်ဆောက်တည်က ရသည်သာ ဖြစ်၏။ လောကီသရဏဂုံ၏ ပျက်စီးခြင်းသည် နှစ်မျိုးရှိ၏။ ပထမ တစ်မျိုးကား အသက်သေသွား၍ ပျက်စီးခြင်းမျိုး ဖြစ်၏။ ဒုတိယ တစ်မျိုးကား ရတနာသုံးပါးမှ အခြားသော အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ ကိုကြီးကျော်၊ မနဲ့လေး၊ အိမ်တွင်း၊ နံကရိုင်း၊ ဦးရှင်ကြီးစသော နတ်စိမ်းများကို ကျွန်ုပ်တို့၏ အသက်နှင့် ခန္ဓာကိုယ်အား အပ်နှင်းလှူဒါန်းကိုးကွယ်ပါ၏ ဟုဆို၍ ဦးချလိုက်လျှင် သရဏဂုံပျက်သည်။

(မူလပဏ္ဏာသအဋ္ဌကထာ)

**မှတ်ချက်။** ။ ကိုးကွယ်လိုမှုကြောင့် မဟုတ်ဘဲ စီးပွားတက်လိုမှုစသည်ကြောင့် ဦးချခြင်းမျိုးကား သရဏဂုံ မပျက်ဟု– သရဏဂုံဝိနိစ္ဆယစာအုပ်တွင် လယ်တီဆရာတော် ဆုံးဖြတ်သည်။

ထိုနှစ်မျိုးတွင် ပထမတစ်မျိုးသည် အပြစ်မရှိသော ပျက်စီးခြင်းဖြစ်၍၊ ဒုတိယတစ်မျိုးကားအပြစ်ရှိသော ပျက်စီးခြင်း ဖြစ်သည်။ ထို(၃၇)မင်းစသော နတ်များသည် ၃၁–ဘုံနှင့် ခွဲကြည့်လိုက်လျှင် ပြိတ္တာဘုံသားများ ဖြစ်သည်။ ထို့ကြောင့် ယင်းပုဂ္ဂိုလ်တို့သည် ကိုးကွယ်စရာများ မဟုတ်။ သနားစရာများသာ ဖြစ်သည်။

မိမိပြုသမျှ ကုသိုလ်များကို အမျှဝေခြင်း၊ မေတ္တာပို့ခြင်းဖြင့် သူတို့ကို ကူညီနိုင်ပေသည်။ ကိုးကွယ်ခြင်းနှင့် ပသခြင်းနှစ်မျိုးတွင် ရတနာသုံးပါးမှလွဲ၍ တခြားမည်သည့်ပုဂ္ဂိုလ်မှ ကိုးကွယ်စရာ မဟုတ်ပေ။ ပသခြင်းသဘောအနေဖြင့်ကား ရှိးရာနတ်များကို ကျွေးမွေးကောင်းပေသည်။

### သရဏဂုံတည်ရကျိုး

အပါဒါနပါဠိတော်၌ သရဏဂုံတည်ရသော ကောင်းကျိုးရှစ်မျိုးကို ဟောကြားထား၏။ ယင်းရှစ်မျိုးကား သရဏဂုံတည်သူသည် ဘဝအဆက်ဆက်–

၁။ အပူဇော်ခံရသည်။
၂။ ဉာဏ်ကောင်းသည်။
၃။ မိမိ အလိုသို့ လိုက်ကြရသည်။
၄။ အားလုံးက နှစ်သက်ကြသည်။
၅။ အားလုံးက ချစ်ခင်သည်။
၆။ ရွှေရောင်အဆင်းဖြင့် လှပတင့်တယ်သည်။
၇။ ကျော်စောထင်ရှားသည်။
၈။ စည်းစိမ်ဥစ္စာပေါများချမ်းသာသည်။

မူလပဏ္ဏာသအဋ္ဌကထာတွင်ကား သရဏဂုံတည်ရကျိုး ငါးမျိုးကို ထုတ်ပြထားပြန်၏။ ယင်းငါးမျိုးကား–

၁။ ဘေးဆိုးအမျိုးမျိုးမှ ကင်းဝေးသည်။
၂။ ကြောက်လန့်သောစိတ်များကင်းပျောက်သည်။
၃။ ကိုယ်ဆင်းရဲစိတ်ဆင်းရဲမှလွတ်မြောက်သည်။
၄။ အပါယ်ဘေးမှ ကင်းလွတ်သည်။
၅။ စိတ်၏ညစ်နွမ်းမှုများကို ပယ်ဖျောက်ပေးသည်။

ထိုငါးချက်တွင် သရဏဂုံကြောင့် အသက်ဘေးမှ လွတ်ခဲ့ရသော မြိတ်မြို့နယ်၊ ရွှေပေးရွာအနီးတည်ရှိသည့်တပ်ထိန်းတပ်မှ ခရစ်ယာန်ဘာသာဝင် တပ်ကြပ်ကြီးတစ်ယောက်အကြောင်းကို တင်ပြအံ့။ စာရေးသူသည် ၂၀၀၅–ခုနှစ်က မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင်ဓမ္မရိပ်သာကျောင်းတွင် ဝါဆိုပြီး တရားပြရသည်။

တစ်ရက်တွင် ရွှေပေးရွာမှ မောင်ညွှန့်ဝင်း အမည်ရှိ (၂၉)နှစ်အရွယ် လူငယ်လေးတစ်ဦးက

သူတို့ရွာတွင် စာရေးသူကိုပင့်ပြီး ငါးညတရားပွဲ ကျင်းပ၏။ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်နှင့် နီး သောကြောင့် တပ်မိသားစုများလည်း တရားနာ လာရောက်ကြသည်။

တိုင်းရုံးအနီးတွင်တည်ရှိသည့် ဗိုလ်မှူးကျော် မိုးသည် စာရေးသူ၏ စာဖတ်ပရိသတ်ဖြစ်သဖြင့် ဇနီးနှင့်အတူ ညတိုင်းတရားနာရောက်၏။ သူတို့ စီးသောကားကို ဘာသာခြားတပ်ကြပ်ကြီး တစ် ယောက်က မောင်းရ၏။ ဘာသာခြားဖြစ်သော ကြောင့် တပ်ကြပ်ကြီးကား တရားပွဲထဲသို့ ဝင်မလာ ဘဲ ကျောင်းတိုက်အပြင်တွင် ရပ်ထားသောကားထဲ မှာသာ နေ့စဉ်ထိုင်နေလေ့ရှိ၏။

ဟွန်းများ၊ စပီကာများနှင့် ဟောခြင်းကြောင့် ကျောင်းပြင်တွင် ထိုင်နေသော ဘာသာခြားတပ် ကြပ်ကြီးလည်း စာရေးသူဟောသော တရားများကို ကြားနေရသည်သာ ဖြစ်၏။ တရားပွဲငါးညပြီးဆုံးပြီး နောက်တစ်ရက်မှာပင် တပ်ထိန်းတပ်မှ ဆွမ်းစားပင့် သောကြောင့် စာရေးသူ ကြွသွားရ၏။ တပ်ထဲ ရောက်သောအခါတွင်မှ အကြောင်းစုံကိုသိရ၏။

ဘာသာခြားတပ်ကြပ်ကြီးသည် ဗုဒ္ဓဘာသာသို့ ပြောင်းတော့မည်ဖြစ်သဖြင့် သူသိချင်သော အချက် များကိုမေးလိုပါသည်ဟုခွင့်တောင်းသဖြင့် ခွင့်ပြုကာ မေးသမျှ ဖြေဆိုပေးလိုက်သည်။ သူ့မေးခွန်းများ အဆုံးတွင် စာရေးသူက တစ်ချက်ပြန်မေးမိသည်။

''ဒကာတော်ဟာ ဘာသာခြားဘဝမှာ နှစ် ပေါင်း အကြာကြီးနေခဲ့ပြီးမှ အခုလိုဗုဒ္ဓဘာသာကို စိတ်ဝင်စားလာတာဟာ ဘယ်လိုအချက်တွေကို တွေ့ရလို့ပါလဲ''

''အချက်နှစ်ချက်ကြောင့်ပါ၊ တပည့်တော်ဟာ မထင်မှတ်ဘဲ ဆရာတော်ရဲ့တရားကို ငါးညတိတိ နာယူခွင့်ရလိုက်တယ်၊ ဒီအချက်ကြောင့်လည်း ဗုဒ္ဓ ဘာသာကို စိတ်ဝင်စားလာတာပါ၊ နောက်တစ်ချက် ကတော့ တပည့်တော်အသက်ကို သရဏဂုံကကယ် တင်ခဲ့ဖူးပါတယ်''

''ဩော်– အံ့သြစရာပါလား၊ကဲ. . . ပြောပါဦး''

''တပည့်တော် တစ်ညတော့ တပ်ဝင်းထဲမှာ ညစောင့်တာဝန်ကျပါတယ်၊ လက်နက်အပြည့်အစုံ တပ်ဆင်ပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ စောင့် နေပါတယ်၊ ညနာရီပြန် တစ်ချက်လောက်ရောက် တော့ ထိုင်ရင်းငိုက်နေတဲ့ တပည့်တော်ဟာ မေ့ခနဲ အိပ်ပျော်သလို ဖြစ်သွားတယ်။

''ဒီအချိန်မှာ တပည့်တော်ကိုယ်ပေါ်ကို မည်း မည်းအကောင်ကြီးတစ်ကောင် ဝုန်းခနဲ ခုန်ချလာ တယ်၊ တပည့်တော်ဟာ ရန်သူမှတ်ပြီး အပြင်းအ ထန်ခုခံတာပေါ့၊ အံ့သြစရာကောင်းတာက တပည့် တော် လက်တွေခြေတွေဟာ ဘယ်လိုမှ ရုန်းကန် လှုပ်ရှားလို့ မရတော့တာဘဲ။

''အဲဒီကျမှ သဘောပေါက်လာတယ်၊ ဒါရိုးရိုး ရန်သူ မဟုတ်ဘူး၊ မကောင်းဆိုးဝါး ဖြစ်ရမယ်၊ ဒါကြောင့် ငါ ခုခံလို့ မရတာနေမှာလို့ သဘော ပေါက်ပြီး တပည့်တော်တို့ဘာသာက ကျမ်းစာတွေ ကို ရွတ်ဆိုကြည့်တယ်၊ မကောင်းဆိုးဝါးကြီးက ဂရုမစိုက်ဘူး၊ တပည့်တော်ရဲ့လည်ပင်းကို အား ထည့်ပြီး ပိုညှစ်လာတယ်။

''အသက်ရှူရပ်သွားပြီး နဖူးကလည်း ဆီးကင်း ပမာဏရှိတဲ့ ဇောချွေးတွေ ထွက်လာတယ်၊ တပည့် တော် သိလိုက်တယ်၊ ငါတော့ ကေန်မုချ သေရ တော့မယ်၊ ငါ ကိုးကွယ်တဲ့ဘာသာကတော့ ငါ့ကို ပြန်မကယ်နိုင်တာ သေချာသွားပြီ၊ ငါ့သူငယ်ချင်း ဗုဒ္ဓဘာသာ တပ်ကြပ်ကြီးတစ်ယောက် အမြဲရွတ်ဆို လေ့ရှိတဲ့ သရဏဂုံကိုမသေခင် စမ်းပြီး ရွတ်ကြည့် လိုက်ဦးမယ်လို့ အတွေးပေါ်လာတယ်။

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့လည်း ဆိုလိုက်ရော၊ မကောင်းဆိုးဝါးကြီးဟာ တပည့်တော်ကိုယ်ပေါ်က ဝုန်းခနဲ ခုန်ချပြီး အသံနက်ကြီးနဲ့ အော်ပြေးတော့ တာပဲ။

''အဲဒီကျမှ တပည့်တော်ဟာ အိပ်ရာက နိုး

လာသလိုလို၊ သတိရလာသလိုလိုဖြစ်ပြီး ထထိုင်ရက်သား ဖြစ်နေတယ်၊ ဒီဖြစ်ရပ်ဟာ အိပ်မက်ပဲဖြစ်ဖြစ်၊ တကယ်ပဲဖြစ်ဖြစ် တပည့်တော်ရဲ့အသက်ကို သရဏဂုံက ကယ်လိုက်တယ်ဆိုတာကိုတော့ တပည့်တော် တစ်ထစ်ချယုံကြည်နေတယ်။

''ဒီအချက်ကြောင့်လည်း တပည့်တော်ဟာ ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာခဲ့ရတာပါပဲ''

### သင်္ဘောသားနတ်သားများ

ဒေဝတာသံယုတ်၊ သဂ္ဂိသုတ်တွင် အစုလိုက်အပြုံလိုက် နတ်ပြည်ရောက်သွားသော ဘာသာခြားဘဝမှလာခဲ့သည့် သင်္ဘောသားခုနစ်ရာ အကြောင်းကို ဟောကြားထား၏။ တစ်ခါတွင် သာဝတ္ထိပြည်မှ ပင်လယ်ကူး သင်္ဘောကြီးတစ်စင်း ထွက်ခွာလာခဲ့၏။ ထိုသင်္ဘောပေါ်တွင် ဘာသာခြား သင်္ဘောသား ခုနစ်ရာပါလာ၏။

ပင်လယ်ထဲရောက်သောအခါ မုန်တိုင်းမိပြီး သင်္ဘောကြီးသည်ပင်လယ်ထဲသို့ တဖြည်းဖြည်းခြင်း နစ်စပြုနေ၏။ ထိုအချိန်မှာပင် ဘာသာခြားသင်္ဘောသားခုနစ်ရာတို့သည် ဆောက်တည်ရာမရဖြစ်ပြီး သင်္ဘောကုန်းပတ်ပေါ်တွင် အော်ဟစ်ငိုယိုနေကြသည်။ သူတို့ကိုးကွယ်သော ဘုရားများကို တပြီးသူရူးများကဲ့သို့ ပြေးလွှားနေသူများလည်း ရှိသည်။

ထိုကဲ့သို့သောအချိန်မှာပင် ကြောက်ရွံ့ထိတ်လန့်မှုမရှိဘဲ ငြိမ်သက်တည်ကြည်စွာ ထိုင်နေသည့် သင်္ဘောသားတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြစွာဖြင့် အကြောင်းစုံကို မေးမြန်းစုံစမ်းကြည့်ရာ သာဝတ္ထိပြည်မှ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ကြောင်း သိကြရ၏။ သရဏဂုံကို စွဲမြဲသတိရနေသူများသည် မည်သည့်အချိန်မှာ သေသေ၊ အပါယ်မကျကြောင်း သိရသောအခါ အားလုံးသရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာတွင်းသို့ ဝင်ကြ၏။

ဘာသာခြားသင်္ဘောသားအားလုံး သရဏဂုံဆောက်တည်အပြီးမှာပင် သင်္ဘောကြီးတစ်စီးလုံး ပင်လယ်တွင်းသို့ နစ်မြုပ်သွား၏။ သို့သော် သေခါနီးကပ်ပြီးဆောက်တည်သော သရဏဂုံ၏အစွမ်းကြောင့် သရဏဂုံဆောက်တည်ပေးသူနှင့်ဆောက်တည်သူ အားလုံးတို့သည် လူ့သက်ဖြင့် နှစ်ပေါင်းသုံးကုဋေ အနှစ်ခြောက်သန်း အသက်ရှည်သော တာဝတိံသာနတ်ပြည်သို့ ရောက်ကြရသည်။

ဤကား သေခါနီးတစ်ခဏတာ ဆောက်တည်သော သရဏဂုံ၏အစွမ်းဖြစ်၏။ တစ်ဘဝတာ စွဲမြဲစွာဆောက်တည်သော သရဏဂုံ၏ကောင်းကျိုးကို အကျဉ်းချုပ်ပြဦးအံ့။ အပါဒါန်ပါဠိတော်၌ ခုနစ်နှစ်သားအရွယ်နှင့် သရဏဂုံ ဆောက်တည်သည့် အဆုံးမှာ ရဟန္တာဖြစ်သော မထေရ်မြတ်တစ်ပါး၏ အကြောင်းကို မှတ်တမ်းတင်ထား၏။

သရဏဂုံဆောက်တည်သည့်အဆုံးမှာ ရဟန္တာဖြစ်သောကြောင့် တိသရဏဂမနိယမထေရ် ဟု အမည်တွင်သည်။ ထိုမထေရ်သည် လွန်ခဲ့သော ၉၁–ကမ္ဘာကပွင့်တော်မူသည့် အနောမဒဿီမြတ်စွာဘုရားလက်ထက်တော်အခါက စန္ဒဝတီနေပြည်တော်တွင် မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးနေသည့် သားလိမ္မာတစ်ယောက် ဖြစ်ခဲ့သည်။

ယင်းဘဝက အနောမဒဿီမြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်နိသဘမထေရ်ကို ပင့်ပြီး သရဏဂုံဆောက်တည်ခဲ့သည်။ ထိုသရဏဂုံကို တစ်ဘဝတာစွဲမြဲခဲ့သောကြောင့် ၉၁–ကမ္ဘာ အပါယ်တံခါးပိတ်ခဲ့သည်။ အကြိမ်(၈၀) သိကြားမင်း ဖြစ်ခဲ့ရသည်။ စကြာမင်းဘဝ(၇၅)ကြိမ် ဖြစ်ခဲ့ရသည်။ ရိုးရိုးဧကရာဇ်ဘုရင်ဘဝ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရသည်။

ယခု ဂေါတမဘုရားသာသနာ၌ သာဝတ္ထိပြည်တွင် သူဌေးသားသွားဖြစ်ရသည်။ သူခုနစ်နှစ်သားအရွယ်တွင် အခြားရွယ်တူကလေးများနှင့်အတူ ပြေးလွှား ဆော့ကစားရင်း ရဟန္တာမထေရ်ကြီးတစ်ပါး သီတင်းသုံးသော ကျောင်းဝင်းထဲသို့ ရောက်သွားကြသည်။

မထေရ်ကြီးက ကလေးငယ်များ အကျိုးများရန် အတွက် သရဏဂုံသုံးပါး ဆောက်တည်ပေးရာ ၉၁ ကမ္ဘာထက်ကသရဏဂုံစွဲမြဲခဲ့သောသူငယ်လေးသည် သရဏဂုံအဆုံးမှာပင် ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၍ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရသည်။

## သောတာပန်နှစ်မျိုး

သောတာပန်သည် သဒ္ဓါတရားကို အဦးမှူး၍ မဂ်ဖိုလ်ကိုရသော သဒ္ဓါစုရသောတာပန်၊ ပညာ တရားကို အဦးမှူး၍ မဂ်ဖိုလ်ကိုရသော ပညာစုရ သောတာပန်ဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ပညာ စုရသောတာပန်သည် ရုပ်နာမ်တရားတို့၏ အဖြစ် အပျက်ကို ထင်ရှားစွာသိမြင်၏။ သဒ္ဓါစုရသောတာ ပန်ကား ပညာစုရသောတာပန်လောက် ရုပ်နာမ်တို့ ၏ အဖြစ်အပျက်ကို ထင်ရှားစွာ မမြင်ပေ။

သို့သော် ရတနာသုံးပါးကိုကား အသက်နှင့်လဲ ပြီး ကြည်ညိုသူဖြစ်၏။ ဗုဒ္ဓလက်ထက်တော်ကကာဠိ အမည်ရှိ သူဌေးသမီးတစ်ဦးသည် ကောင်းကင်၌ ဟေမဝတနှင့် သာတာဂိရိအမည်ရှိ နတ်ဘီလူးကြီး နှစ်ဦးတို့ ဘုရားရှင်၏ ဂုဏ်တော်များအကြောင်း ဆွေးနွေးပြောဆိုသံကို နားထောင်လိုက်ရ၏။

ထိုသို့ နားထောင်အပြီးမှာပင် ဘုရားရှင်ကို ကြည်ညိုသောသဒ္ဓါစိတ်ကြောင့် သောတာပန်တည် ခဲ့ရသည်။ နတ်ဘီလူးကြီးတို့ ပြောဆိုဆွေးနွေးသော စကားများတွင်ရုပ်နာမ်၊ ခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာ စသည်တို့မပါပေ။ ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ဂုဏ်တော်များသာပါပေသည်။ ထို့ကြောင့် ကာဠီ အမျိုးသမီးကို သဒ္ဓါစုရသောတာပန်ဟု ဆိုရပေမည်။

အသောကမင်းကြီး၏ မိဖုရားတစ်ဦးဖြစ်သော အသန္ဓိမိတ္တာအမည်ရှိ မိဖုရားတစ်ဦးသည် ကရ ဝိက်ငှက်(တချို့ကလည်းကြိုးကြာငှက်ဟုဆို)၏ တွန် ကျူးသံကို ကြား၍ ကိလေသာဆယ်ပါးအပြည့် ရှိသော ကရဝိတ်ငှက်မင်း၏ တွန်ကျူးသံသည်ပင် ဤမျှလောက်သာယာလျှင် ကိလေသာဆယ်ပါးလုံး အငွေ့မျှမကျန်အောင် ကင်းစင်တော်မူသော ဘုရား ရှင်၏အသံတော်ဆိုပါက မည်မျှလောက် သာယာ လိုက်လေမည်နည်းဟု တွေးတောကြည်ညိုကာ သောတာပန်တည်ခဲ့သည်။

သူသည်လည်း သဒ္ဓါစုရသောတာပန်မျိုးပင် ဖြစ်၏။ ထို့ကြောင့် ရတနာသုံးပါးနှင့် ပတ်သက် သည့်ကြည်ညိုဖွယ်ရာ သုတ္တန်အားလုံးကို ဖတ်ကြား နာယူကြရမည် ဖြစ်၏။ ဝိပဿနာတရား မဟုတ်၍ သုတ္တန်တရားများကို မနာလို ဟူသော အစွဲကြီးကို ချွတ်ပစ်ကြရမည် ဖြစ်၏။

## ငါးနှစ်သားနှင့် ရဟန္တာဖြစ်မှု

ဒါနကုသိုလ်ထက် သီလကုသိုလ်ကသာသည်။ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်ကသာသည်။ ဒါနကုသိုလ်ထက် သီလကုသိုလ်ကသာပုံကို သာဓ က ယုတ္တိဖြင့် ဦးစွာပြအံ့။ အပါဒါနပါဠိတော်တွင် ငါးနှစ်သားအရွယ်နှင့် ငါးပါးသီလဆောက်တည် သည့် အဆုံးတွင်ရဟန္တာဖြစ်သွားသော မထေရ် တစ်ပါးအကြောင်း ဟောကြားထားသည်။

သူသည် လွန်ခဲ့သော၉၁–ကမ္ဘာက ပွင့်တော်မူ သည့် အနောမဒဿီမြတ်စွာဘုရားလက်ထက်တော် အခါက စန္ဒဝတီနေပြည်တော်တွင် ဆင်းရဲသားတစ် ယောက် ဖြစ်ခဲ့ဖူးသည်။ ထိုတစ်ဘဝတာကာလ ပတ်လုံး ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းခဲ့ သည်။ ထိုသီလကုသိုလ်ကြောင့် ၉၁–ကမ္ဘာ အပါယ် တံခါးပိတ်ခဲ့သည်။

အကြိမ်(၃၀)သိကြားမင်း ဖြစ်ခဲ့သည်။ (၇၅)ကြိမ် စကြာမင်းဖြစ်ခဲ့သည်။ ရိုးရိုးကေရာဇ် ဘုရင်ဘဝ အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့သည်။ ယခု ဂေါတမ ဘုရားသာသနာ၌ သာဝတ္ထိပြည်တွင် သူဌေးသား သွားဖြစ်ခဲ့သည်။ သူငါးနှစ်သားအရွယ်တွင် မိဘများ က ရဟန်းတော်များအား အိမ်သို့ပင့်ပြီး အလှူ အတန်းလုပ်ကာ တရားနာကြ၏။

တရားမနာမီ ရဟန်းတော်က ငါးပါးသီလ

ဆောက်တည်ပေးရာ ငါးနှစ်သားအရွယ် ကလေး ငယ်လည်း လိုက်ပါဆောက်တည်လေ၏။ ငါးပါး သီလအဆုံးမှာပင် ဉာဏ်စဉ်များ အဆင့်ဆင့်တက်၍ ရဟန္တာဖြစ်တော်မူခဲ့သည်။ ငါးပါးသီလဆောက်တည်သည့်အဆုံးမှာပင်ရဟန္တာဖြစ်ရသောကြောင့် သူ၏ဘွဲ့တော်ကို ပဥ္စသီလသမာဒါနိယ ဟု ခေါ်ကြသည်။

ဤကား သီလကုသိုလ်က ဒါနကုသိုလ်ထက် သာပုံ သာကေယုတ္တိပင်ဖြစ်၏။ ယခုတစ်ဖန် သီလကုသိုလ်သည် ဒါနကုသိုလ်ထက်သာပုံ သဘာဝယုတ္တိကို ပြဦးအံ့။ သက်ရှိသတ္တဝါမှန်သမျှ အတပ်မက်ဆုံး၊ တန်ဖိုးအထားဆုံးအရာသည် အသက်ဖြစ်၏။ ထို့အောက် တန်ဖိုးထားသည်မှာ ခြေလက်အင်္ဂါ အသွေးအသား ဖြစ်၏။ ထို့အောက် တန်ဖိုးထားသည်မှာ ဥစ္စာစည်းစိမ်ပင် ဖြစ်၏။

ဆေးရုံတက်နေသော လူနာတစ်ယောက်ကို ယခုလို ပြောကြည့်ပါ။ သင့်အသက်ရှင်ဖို့ဆိုလျှင် သင်ပိုင်သမျှ ဥစ္စာစည်းစိမ်တွေကုန်အောင် ကုမှ၊ သင့်ရဲ့ ခြေလက်အင်္ဂါတွေ ဖြတ်ပစ်မှရမည်။ ထိုအခါ လူနာသည် သူပိုင်သောဥစ္စာစည်းစိမ်တွေကုန်အောင် ကုပါလိမ့်မည်။ သူ၏ ခြေတွေလက်တွေကိုလည်း အဖြတ်ခံပါလိမ့်မည်။

အကြောင်းကို စိစစ်လိုက်သောအခါ ဥစ္စာစည်းစိမ်ထက်၊ ခြေလက်အင်္ဂါထက် အသက်ကိုပို၍ တန်ဖိုးထား တပ်မက်သောကြောင့်ပင်တည်း။ နောက်တစ်နည်းပြဦးအံ့။ သိန်းငါးရာထီပေါက်သူ၏ ဝမ်းမြောက်မှုထက် အသက်ဘေးမှလွတ်လာသူ၏ ဝမ်းမြောက်မှုက ပိုမိုသာလွန်၏။ အကြောင်းကား ဥစ္စာကြေးငွေထက် အသက်ကို ပို၍တန်ဖိုးထားသောကြောင့်ပင်တည်း။

အကယ်၍ တစ်ရက်တာ ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းလိုက်ပြီဆိုလျှင် ထိုတစ်ရက်အတွင်း သတ္တဝါတို့အတပ်မက်ဆုံး တန်ဖိုးအထားဆုံးအသက်များကို လှူရာရောက်ပါ၏။ ထို့ကြောင့် ရှိးရှိးသာမန် ပစ္စည်းဥစ္စာကို လှူသောဒါနကုသိုလ်ထက်၊ သတ္တဝါတို့၏ အသက်ကိုလှူရာရောက်သော သီလကုသိုလ်က သာလွန်မွန်မြတ်ခြင်းဖြစ်ပါ၏။

ဓမ္မပဒအဋ္ဌကထာ၌ တစ်ခဏတာ စောင့်ထိန်းရသော ငါးပါးသီလကုသိုလ်ကြောင့် နတ်ပြည်ရောက်သွားသော ခိုးသားဓားပြများအကြောင်းကို ဖတ်ရဖူး၏။ ထိုခိုးသားဓားပြတို့သည် သတ်ဖြတ်၊ ခိုးဝှက်၊ လိမ်ညာစသော မကောင်းမှုများကို ကျူးလွန်နေသည်မှာ ကြာလှပြီဖြစ်၏။ သူတို့၏ ဆိုးဝါးယုတ်မာမှုကို သည်းမခံနိုင်တော့သဖြင့် ပြည်သူ၊ ပြည်သားများသည် စစ်တပ်နှင့်ပူးပေါင်းပြီး ပြေးပေါက်အားလုံးကိုပိတ်ကာ မလွတ်တမ်း လိုက်လံဖမ်းဆီးတော့၏။

သူတို့ ကျူးလွန်သောအပြစ်တွေမှာ များလွန်းသောကြောင့် မိသည်နှင့် ချက်ချင်းအသတ်ခံရမည်ကိုသိထားသော ခိုးသားဓားပြများသည် အခြားနေရာများသို့ ပြေး၍မရတော့သောကြောင့် တောကြီးတစ်ခုထဲသို့ ဝင်၍ ပြေးကြ၏။ တပ်နှင့် ပြည်သူကား ညီညာစွာဖြင့် တောကြီးတစ်ခုလုံး၏ ထွက်လမ်းများကိုပိတ်ကာ နယ်ကျဉ်းသထက် ကျဉ်းအောင်လုပ်ပြီး ချဉ်းကပ်လာကြ၏။

လုံးဝလွတ်လမ်း မရှိတော့ပြီကို သိသွားသော ခိုးသားဓားပြများသည် တောထဲတွင်အသင့်တွေ့ရသော ရဟန်းတော်တစ်ပါးကိုရှိခိုးပြီး သူတို့၏အသက်ကိုကယ်ရန် တောင်းပန်တိုးလျှိုးကြ၏။ ရဟန်းတော်က'အတ္တာဟိ အတ္တနော နာထော'ဟူသော ဒေသနာအရ မိမိကိုယ်သာမိမိ အားကိုးရမည်ဖြစ်ကြောင်း၊ သူတစ်ပါးကို အားကိုး၍ မရကြောင်း ဆုံးမသွန်သင်ပြီးလျှင် ငါးပါးသီလ ဆောက်တည်ပေးလိုက်၏။

အသတ်ခံရချိန် မရောက်မချင်း ငါးပါးသီလကို လုံခြုံအောင်ထိန်းဖို့ ဩဝါဒပေးလိုက်၏။ ခိုးသားဓားပြများသည် ရဟန်းတော်၏ ဩဝါဒအတိုင်း ငါးပါးသီလကို လုံခြုံအောင်ထိန်းရင်း ရဲဝံ့စွာအသတ်

ခံလိုက်ကြ၏။ သူတို့ သီလစောင့်ထိန်းချိန်သည် တစ်နာရီခန့်သာရှိမည်ဖြစ်၏။ ထိုတစ်နာရီခန့်စောင့် ထိန်းခဲ့သော သီလကုသိုလ်ကြောင့် ခိုးသားဓားပြ များသည် သေသောအခါ နတ်ပြည်သို့ ရောက်ကြ ရ၏။

ဤဖြစ်ရပ်ကိုထောက်၍ ဘဝပေးအခြေအနေ အရ ရေလုပ်သားဘဝသို့ ရောက်နေရသောသူ များသည် ဝမ်းနည်းအားငယ်စရာ မလိုပေ။ မိမိတို့ အချိန်ရသလောက် စောင့်ထိန်းပြီး သီလကုသိုလ်ကို အရယူကြရမည် ဖြစ်၏။

## သရဏဂုံတည်ရကျိုး

အပါဒါနပါဠိတော်၌ သရဏဂုံတည်ရသော ကောင်းကျိုး ရှစ်မျိုးကို ဟောကြားထား၏။ ယင်းရှစ်မျိုးကား သရဏဂုံ တည်သူသည် ဘဝအဆက်ဆက်–

၁။ အပူဇော်ခံရသည်။

၂။ ဉာဏ်ကောင်းသည်။

၃။ မိမိ အလိုသို့ လိုက်ကြရသည်။

၄။ အားလုံးက နှစ်သက်ကြသည်။

၅။ အားလုံးက ချစ်ခင်သည်။

၆။ ရွှေရောင်အဆင်းဖြင့် လှပတင့်တယ်သည်။

၇။ ကျော်ဇောထင်ရှားသည်။

၈။ စည်းစိမ်ဥစ္စာပေါ်များချမ်းသာသည်။

# အခန်း (၂)

# အသားမှန်သမျှ အဆိပ်
# အသီးအရွက်မှန်သမျှ ဆေး

အသားမှန်သမျှ အဆိပ်၊
အသီးအရွက်မှန်သမျှ ဆေး။

ဤစကားကို လက်တွေ့သာဓကဖြင့် ရှင်းအံ့။

သူတစ်ပါးအသားကို စားသော တောခွေး (ခွေးအ)များ ပန်းချထားသော သေးနံ့ကို ရှူရှိုက်မိသော သတ္တဝါမှန်သမျှ မူးလဲရသည်။ မူးလဲသော သတ္တဝါကို တောခွေးများသည် ကိုက်ခဲသတ်ဖြတ် စားသောက်ကြသည်။ အသားစားသူ၏သေးသည် အဆိပ်ဖြစ်နေသောကြောင့် နမ်းရှူရသူများ မူးလဲရသည်ကို သတိပြုပါ။

အသီးအရွက်စားသော နွား၏ကျင်ငယ်ရေကို သောက်လျှင်ကား သွေးကင်ဆာအပါအဝင် ရောဂါအားလုံး ပျောက်ကင်းပေသည်။ စာရေးသူကိုယ်တိုင် နွားကျင်ငယ်ရေဖြင့် ဂှက်ဖျားရောဂါ အမြစ်ပြတ်ခဲ့ရခြင်း ဖြစ်၏။ ဤကား အသီးအရွက်စားသူ၏ သေးသည်ပင် ဆေးဖြစ်နေသည်ကို သတိပြုပါ။

ဓမ္မပဒတွင် ဆေးပညာတတ်ကျွမ်းသွားသော ဆရာဇီဝကအား ဒိသာပါမောက္ခဆရာကြီးက တောအုပ်ကြီးတစ်ခုအတွင်း ဆေးဖက်မဝင်သော အသီးအရွက်,သစ်ဖု,သစ်ဥတို့ကို ရှာခိုင်း၏။ တောအုပ်ကြီးတစ်ခုလုံးသာနှံ့သွားသည်။ ဆရာဇီဝကအတွက် ဆေးဖက်မဝင်သော အသီးအရွက်ကို ရှာမရခဲ့ပေ။ ထို့ကြောင့် သက်ရှည်ကျန်းမာလိုပါက အသီးအရွက်ကိုသာ ဦးစားပေး၍စားပါ။

### ကျွဲ၊ နွားများ အနီရောင်ကို မုန်းခြင်းအကြောင်း

ဥက္ကာကရာဇ်မင်းလက်ထက်အခါက ဗြာဟ္မဏအမတ်များ၏ တိုက်တွန်းမှုကြောင့် ကျွဲ၊ နွားစသော တိရစ္ဆာန်များကို သတ်ဖြတ်စားသောက်လာကြကုန်၏။ မင်းမိန့်ဖြင့် တစ်ပြည်လုံး တစ်ပြိုင်နက် သတ်ကြသည်ဖြစ်သောကြောင့် ကျွဲ၊ နွားအကောင်ပေါင်း သိန်းချီ၍ အသတ်ခံရသည်။

ထိုကျွဲ၊ နွားသတ်ပွဲတော်ကြီးတွင် ဗြာဟ္မဏအမတ်များသည် ဝတ်ရုံနီကြီးများကိုခြုံ၍ စီမံခဲ့ကြသည်။ ထို့ကြောင့် ကျွဲ၊ နွားအဆက်ဆက်သည် အနီရောင်ကို မုန်းကြခြင်း ဖြစ်သည်။

အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်တွင် လူတွေ

အသားမစားခင်က နတ်များသည် ဘေးမရောက် အောင်၊ ကပ်ရောဂါများမဖြစ်အောင် စောင့်ရှောက် ပေးကြသည်။ လူများက တိရစ္ဆာန်တို့ကိုရက်စက်စွာ သတ်ဖြတ်စားသောက်လာသောအခါတွင်မှ မစောင့် ရှောက်တော့ဘဲ ဖယ်ခွာသွားကြသည်။

ထို့ကြောင့် ယခုအခါတွင် ကပ်ရောဂါများ၊ ရေ ကြီးခြင်း၊ မီးလောင်ခြင်း၊ လျှင်လှုပ်ခြင်း စသော ဘေးများအဆက်မပြတ်ကျရောက်နေခြင်းဖြစ်သည်။

## ရောဂါများခြင်း အသက်တိုရခြင်းအကြောင်း

လူသားတိုင်း ရောဂါကင်းချင်ကြ၏။ အသက် ရှည်ချင်ကြ၏။ သို့သော် ရောဂါများသူ၊ အသက်တို သူကများ၏။ အဘယ်ကြောင့်နည်း။ သူတစ်ပါးကို ညှဉ်းဆဲ၊ သတ်ဖြတ်ခဲ့ကြသောကြောင့်ပင်တည်း။ တချို့ သူဌေးများသည် အလွန်ချမ်းသာကြွယ်ဝ ကြ၏။ သို့သော် အနာရောဂါများပြီး ငယ်ငယ်ရွယ် ရွယ်နှင့် သေကြရ၏။

အဘယ်ကြောင့်နည်း သူတို့သည် ဒါနပြုခဲ့ ကြ သည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ ပေါများချမ်းသာ၏။ သို့သော် သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခဲ့ကြ၏။ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့်သေကြခြင်းဖြစ်၏။ ပါဏာတိပါတကံနှင့်ပတ်သက်၍ ဇာတ်အဋ္ဌကထာ ၌လာသော ဓမ္မဒိန္နာမင်းသမီးလေး၏ ပြောစကား ဂါထာတစ်ဂါထာကို အလွတ်ရနေသည်။ ထိုဂါထာ ကို တင်ပြနိုင်ရန်အတွက် သူနှင့်ဗာရာဏသီဘုရင် တို့၏နောက်ကြောင်းကို အကျဉ်းချုပ် တင်ပြပါမည်။

ဗာရာဏသီမြို့ကို အုပ်ချုပ်နေသော ဗြဟ္မဒတ် မင်း၏ သားတော်တစ်ပါးသည် မြို့တွင်းသို့လှည့် လည်ရင်း အုပ်ဆိုင်းသော ညောင်ပင်ကြီးတစ်ပင် ကိုတွေ့ရှိရာ ထိုခေတ်လူငယ်များ၏ ထုံးစံအတိုင်း ညောင်ပင်ကြီးရှေ့တွင် အဓိဋ္ဌာန်တစ်ခု ပြုလုပ်၏။ သူ၏အဓိဋ္ဌာန်မှာ ''အို ...ညောင်ပင်စောင့်နတ် မင်း၊ ငါ့ကို ဤဗာရာဏသီပြည်၌ မင်းဖြစ်အောင် စောင့်ရှောက် မ, စလော့၊ ငါ မင်းဖြစ်ခဲ့လျှင် သင့်ကို ဇမ္ဗူဒိပ်ကျွန်းရှိ မင်းတစ်ရာ၊ မိဖုရားတစ်ရာတို့၏ လည်ချောင်းသွေးတို့ဖြင့် ယဇ်ပူဇော်ပါမည်''ဟူ၍ ဖြစ်၏။

ဘုရင့်သားဖြစ်ခြင်း၊ ကံ၊ ဉာဏ်၊ ဝီရိယနှင့် ပြည့်စုံခြင်းတို့ကြောင့် သူ့ဖခင် နတ်ရွာစံသောအခါ သူသည် ဗာရာဏသီထီးနန်းကိုရရှိ၏။ ထိုသို့ ရရှိ သည်ကို သူ၏အစွမ်းကြောင့်မဟုတ်ဘဲ ညောင်ပင် စောင့်နတ်၏အစွမ်းကြောင့်ဟုထင်နေ၏။ ထို့ကြောင့် လက်နက်လူသူ စုရုံးပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းမှ မင်း ပေါင်းတစ်ရာ၊ မိဖုရားပေါင်းတစ်ရာကို ဖမ်းဆီးပြီး ညောင်ပင်အောက်တွင် ကြိုးတုပ်ထား၏။

ယဇ်ပူဇော်မည့်အချိန် ရောက်သောအခါ ဗာရာ ဏသီဘုရင်သည်ယဇ်ပူဇော်ရန် ညောင်ပင်အောက် သို့ ကြွလာ၏။ သူ့ကိုမြင်သောအခါ ဘုန်းကြီးသော မင်းဖြစ်ခြင်းကြောင့် အဖမ်းခံထားရသော မင်းနှင့် မိဖုရားများက ဦးတိုက်ရှိခိုး အရိုအသေပေးကြ၏။ သို့သော် ဓမ္မဒိန္နာအမည်ရှိ မိဖုရားငယ်တစ်ယောက် ကား ဗာရာဏသီဘုရင်ကို အရိုအသေမပေးဘဲ သူ့ခင်ပွန်းဘုရင်ကို အရိုအသေပေးနေသည်ကိုတွေ့ ရ၏။ ထိုအခါ ဗာရာဏသီဘုရင်က ယခုလိုမေးမြန်း ၏။

''ဟယ် – မိဖုရားငယ်၊ သင်သည် ငါ့ကိုအရို အသေမပေးဘဲ အဘယ့်ကြောင့် သင့်ခင်ပွန်းဘုရင် ကို အရိုအသေပေးရသနည်း''

''မင်းကြီး၊ သင်သည် ငါ့အပေါ် ဘာကျေးဇူးမျှ မရှိ၊ ထို့ကြောင့် သင့်အား အရိုအသေပေးရန် မလို ပေ၊ ငါ၏ ခင်ပွန်းသည်ကား ငါ့အပေါ်ကျေးဇူးရှိ၏၊ ထို့ကြောင့် ကျေးဇူးရှိသူကို အရိုအသေပြု၏''

ဓမ္မဒိန္နာ၏ အဖြေဆုံးသောအခါ ညောင်ပင် စောင့်နတ်သည်သဘောကျလှသဖြင့် ကိုယ်ထင်ရှား ပြကာ ဓမ္မဒိန္နာ၏ ကိုယ်ပေါ်သို့ ပန်းမျိုးစုံကို ပစ် ပေါက်ကြဲချကာ ဂုဏ်ပြုလေ၏။

ထိုအဖြစ်ကို မြင်သောအခါ ဗာရာဏသီဘုရင်

က ယခုလို ပြောကြား၏။

''ကိုးကွယ်နေသောငါပင် တစ်ခါမျှ မမြင်ဖူးသည့် ညောင်ပင်စောင့်နတ်သည် သင့်ကိုလာပူဇော်သည့်အတွက် သင့်ကိုများစွာ လေးစားမိပါ၏။ သို့သော် ငါ့ကို ဗာရာဏသီထီးနန်းရအောင် စောင့်ရှောက်မ,စပေးသော ကျေးဇူးရှိသည့်အတွက် သင်တို့ကို သေဘေးမှလွတ်ပေး၍ မရ၊ သင်တို့လည်း ချောင်းသွေးဖြင့် ယဇ်ပူဇော်ပေးရမည်သာဖြစ်၏''

''မင်းကြီး စဉ်းစားဆင်ခြင်လော့၊ ယမန်နေ့က ဤညောင်ပင်ကို မီးစွဲလောင်ရာ ညောင်ပင်စောင့်နတ်ကား ဘာမျှမတတ်နိုင်၊ ရွာထဲမှ လူငယ်လေးများ လာရောက်ငြိမ်းသတ်ပေးသောကြောင့်သာ သူ့ညောင်ပင် မီးမလောင်ဘဲ ဆက်လက်နေခွင့်ရခြင်းဖြစ်သည်။ ဤကဲ့သို့ မိမိနေထိုင်ရာဗိမာန်ကိုပင် စောင့်ရှောက်ကာကွယ်ခြင်းမပြုနိုင်သော ညောင်ပင်စောင့်နတ်သည် သင်မင်းကြီးကို ဗာရာဏသီ ထီးနန်းရအောင် အဘယ်မှာပြုလုပ်ပေးနိုင်ပါအံ့နည်း''

ထိုစကားအဆုံးတွင် ညောင်ပင်စောင့်နတ်သည် ဗမ္မဒိန္နာပြောတာ မှန်ပါပေသည်ဟု ထောက်ခံလျက် ဒုတိယအကြိမ် ပန်းများဖြန့်ကြဲကာ ပူဇော်ပြန်၏။ ထိုခဏမှာပင် ဇာတိဿရဉာဏ်ရသော ဗမ္မဒိန္နာသည် ငိုခြင်း, ရယ်ခြင်းနှစ်မျိုးကို ပြု၏။ ဘုရင်က အကြောင်းခြင်းရာကို မေးသောအခါ အောက်ပါဂါထာကို ရွတ်ပြီး အဖြေပေး၏။

ဧကဿ ကဏ္ဍံ ဆေတွာ၊

လောမဂဏနာ အာပဇ္ဇိ။

ဗဟူနံ ကဏ္ဍေ ဆေတွာန၊

ကထံ ကာဟာသိ ခတ္တိယ။

ငိုခြင်းမှာ သင်မင်းကြီးအတွက် ဖြစ်သည်။ ရယ်ခြင်းမှာ ကျွန်ုပ်အတွက် ဖြစ်သည်။ ကျွန်ုပ်သည် လွန်ခဲ့သောဘဝတစ်ခုက ညှော်သည်ကို ချက်ကျွေးရန် အသားမရှိသဖြင့် အိမ်မှာမွေးထားသော ဆိတ်တစ်ကောင်ကို သတ်ဖြတ်၍ ချက်ကျွေးမိခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ဆိတ်မွေးအရေအတွက်နှင့်အမျှ ခေါင်းဖြတ်သတ်ခံခဲ့ရရာ ယခုဘဝသည် နောက်ဆုံးဘဝ ဖြစ်သည်။ ဒီဘဝအသတ်ခံရပြီးသည်နှင့် ဝဋ်ကြွေးမှ လွတ်ပါမည်။ ထို့ကြောင့် ဝမ်းသာ၍ ရယ်သည်။ သင်မင်းကြီးကား ယခုအခါ တိရစ္ဆာန်ထက် များစွာမြင့်မြတ်သောမင်းနှင့် မိဖုရားပေါင်းနှစ်ရာတို့၏ ခေါင်းတို့ကို ဖြတ်၍သတ်တော့မည်ဖြစ်ရာ ကျွန်ုပ်ထက်ပိုလွန်သော ခေါင်းဖြတ်သတ်ခံရခြင်း ဆိုးကျိုးတို့ကို ခံစားရတော့မည် ဖြစ်သည်။ ထိုအဖြစ်ကိုတွေးမိ၍ သင် မင်းကြီးကို သနားသောကြောင့် ငိုကြွေးမိခြင်းဖြစ်သည်။

ထိုအခါ မင်းကြီးသည် ဓမ္မသံဝေဂများ ရသွားပြီးမင်း, မိဖုရား အားလုံးတို့ကို သေဘေးမှလွှတ်လေသည်။ ဤဒေသနာတော်ကို ဗုဒ္ဓဟောကြားခဲ့သည်မှာ နှစ်ပေါင်း (၂၅၀၀)ကျော်ခဲ့ပေပြီ။ ယခုခေတ်အချိန်တွင်ရော ထိုကဲ့သို့ ဖြစ်နိုင်ပါသေးသလောဟု မေးခဲ့ငြားအံ့။ ဖြစ်နိုင်ပါသည်။ သဘာဝတရားဟူသည် ကာလ၊ ဒေသ၊ ပုဂ္ဂလမရွေး အမြဲမှန်ကန်နေသောကြောင့်ပါပေတည်း။

ဥပမာအားဖြင့် သံပရာသီးကို မည်သည့် ဘာသာဝင် စားစား၊ ချဉ်၏။ ဘာသာပြောင်းသည့်အတွက် ချဉ်သောသဘာဝတရားက ပြောင်းမသွားပေ။ ထို့အတူ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးဖြစ်စေ၊ သူ့အသက်ကိုသတ်လျှင် ဖြစ်ရာဘဝတွင် အနာရောဂါများခြင်း၊ အသက်တိုခြင်း ဟူသော ဆိုးကျိုးတို့ကို ခံစားရမည်သာဖြစ်၏။

ထန်းလျက်ကို မည်သည့်ဘာသာဝင်မဆို မည်သည့်လူမျိုးမဆို မည်သည့်ကာလတွင် စားစား ချိုမည်သာ ဖြစ်၏။ ဘာသာပြောင်းသည့်အတွက် လူမျိုး ပြောင်းသည့်အတွက် ကာလ(အချိန်) ပြောင်းသည့်အတွက် ချိုသောသဘာဝ ပြောင်းမသွားပေ။

ထို့အတူ မည်သည့်လူမျိုးက ဖြစ်စေ၊ မည်သည့်ဘာသာဝင်က ဖြစ်စေ၊ မည်သည့်အချိန်ကာလတွင်ဖြစ်စေ သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်လိုက်မည်ဆိုလျှင် ဖြစ်ရာဘဝတွင် အနာရောဂါ

ကင်းခြင်း, အသက်ရှည်ခြင်း ဟူသော ကောင်းကျိုးတို့ကို ခံစားရမည်သာ ဖြစ်၏။

ချိုးမတစ်ကောင်ကို သတ်ခဲ့မိသည့်အတွက် လေးဘဝတိုင်တိုင် အသေစား ပြန်သေပေးရသော လူတစ်ယောက်အကြောင်းကို ရှာဖွေတင်ပြပါမည်။

## တစ်ကြိမ်သတ်၍
## လေးကြိမ်ပြန်သေရသူ

ဘုတလင်မြို့နယ်၊ အရာတော်နယ်၊ မုံရွာချောင်းဦးနယ်တစ်ခိုမှလူများ သစ်အတွက်အားကိုးရာ ရွာကြီးတစ်ရွာရှိ၏။ ရွာနာမည်ကား နှောပင်ကြီးရွာ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်၊ တစ်ရာခန့်က ရွာတွင်းရွာပြင်ကေပေါင်းများစွာ တောစိုးသစ်ပင်ကြီးများဖြင့် ဖုံးလွှမ်းနေခဲ့သည်။

ယခုအချိန်တွင်ကား ထိုသစ်ပင်တောကြီးများကိုယ်စား ဆီးခြံများ၊ ကြံခင်းများ၊ ခရမ်းချဉ်ခင်းများ၊ ပဲစင်းငုံခင်းများ၊ မြေပဲခင်းများ၊ နှမ်းခင်းများက အစားထိုး ဝင်ရောက်သွားပေသည်။ ၁၉၈၅-ခုနှစ်ခန့်က နှောပင်ကြီးရွာသား မောင်တိုးနှင့် နှောပင်ကြီးရွာသူမိဖြူတို့ မင်္ဂလာဆောင်ကြသည်။

လူငယ်ချင်းကလည်း မေတ္တာမျှ၊ လူကြီးချင်းကလည်း သဘောတူသဖြင့် မောင်တိုးနှင့် မိဖြူတို့အတွက် ပျော်စရာအကောင်းဆုံး ရက်တစ်ရက်ပင် ဖြစ်၏။ သို့သော် ညမိုးချုပ်သည်နှင့် မိဖြူ၏ပျော်ရွှင်မှုများသည် နေလုံးကြီးကဲ့သို့ အစရှာမရအောင် ပျောက်သွားလေသည်။

ခေါင်းအုံးကိုမျက်နှာအပ်ကာ တသိမ့်သိမ့်ငိုကြွေးနေသော မိဖြူကိုမောင်တိုးက ဆွဲထူလိုက်ပြီးလျှင်-

''မိဖြူ - မင်း အပျိုရည်ဘဝလေး ပျက်စီးမှာကိုတွေးပြီး စိတ်မကောင်း ဖြစ်နေတာလား၊ စိတ်ချမင်းသဘောမတူရင် အစ်ကို လက်ဖျားနဲ့တောင်မတို့ဘူးသိလား''ဟု ပြောလိုက်၏။ မိဖြူသည် မောင်တိုးကို မျက်ရည်များကြားက ပြန်ကြည့်လျက် -

''အဲဒါကြောင့် မဟုတ်ပါဘူး အစ်ကိုရယ်၊ မိဖြူအစ်ကိုနဲ့ သက်ဆုံးတိုင် မပေါင်းရဘူးဆိုတာ သိလို့စိတ်ဆင်းရဲပြီး ငိုနေတာပါ''

''အို မိဖြူကလည်း၊ မင်္ဂလာဦးညမှာ မဦးမချွတ်နိမိတ်မရှိတာတွေ ဘာလို့ လျှောက်ပြောရတာလဲ''

''မဟုတ်ဘူး အစ်ကို၊ မိဖြူဟာ ပြီးခဲ့တဲ့ဘဝသုံးခုကို ပြန်အမှတ်ရတယ်၊ အဲဒီဘဝသုံးခုမှာ နှစ်ဘဝက သားသမီးနှစ်ယောက်ရတာနဲ့ သေရတာ၊ အခုဘဝမှာလည်း ကလေးနှစ်ယောက်ရတာနဲ့ သေရဦးမယ်ဆိုတာ သိနေတယ်လေ၊ အစ်ကိုသိချင်ရင် ဟိုးအရင်သုံးဘဝကို ပြန်ပြောပြမယ်လေ''

''သိချင်တာပေါ့ မိဖြူရယ်၊ ပြောပြပါ''

''မိဖြူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ဆယ်ကျော်လောက်က ဒီရွာမှာ ဦးလုကြီးဆိုတဲ့ အမည်နဲ့ သစ်ခုတ်သမားကြီးတစ်ယောက် ဖြစ်ခဲ့တယ်၊ တစ်ရက်တော့ တောထဲမှာသစ်ပင်ခုတ်ရင်း ချိုးသိုက်တစ်ခုကိုတွေ့တာနဲ့ လေးခွထုတ်ပြီး ချိုးမကြီးကို ပစ်သတ်လိုက်တယ်၊ ပြီးတော့ မီးကင်ပြီး ထန်းရည်နဲ့ မြည်းလိုက်တယ်။

''ချိုးမကြီးမှာ ချိုးသေးသေးလေးနှစ်ကောင်ကျန်ခဲ့တယ်၊ နောက်တစ်လလောက်ကြာတော့ ဦးလုကြီးဟာ အလုပ်ပင်ပန်းတဲ့ဒဏ်၊ အာဟာရချို့တဲ့ဒဏ်ကြောင့် ကျန်းမာရေးချို့တဲ့လာတယ်၊ ရောဂါကလည်း တဖြည်းဖြည်း တိုးလာတယ်၊ ဒီအချိန်မှာ တောထဲမှာ သူသတ်ခဲ့မိတဲ့ ချိုးမကြီးနဲ့ ကျန်ရစ်ခဲ့တဲ့ ချိုးလေးနှစ်ကောင်ကို မျက်စေ့ထဲ မြင်နေတယ်၊ နောက် မကြာခင်မှာ ဆုံးတာပါပဲ။

''အဲဒီဘဝကသေတော့ သစ်ခုတ်တဲ့ တောကြီးထဲမှာပဲ ချိုးမတစ်ကောင် ပြန်ဖြစ်တယ်၊ ချိုးလေးနှစ်ကောင် ပေါက်တဲ့အချိန်မှာ မုဆိုးတစ်ယောက်သတ်လို့ ချိုးမကြီးဟာ သေရပြန်တယ်၊ ချိုးမကြီးဘဝကသေတော့ ဒီနှောပင်ကြီးရွာမှာပဲ မိကြည်လို့အမည်ရှိတဲ့ အမျိုးသမီးတစ်ဦး ဖြစ်လာတယ်။

ချိုးဘဝကလာတာဆိုတော့ မိကြည်ဟာ သူချိုးဘဝက နေခဲ့တဲ့တောထဲကို ခဏခဏ သွားတယ်၊

ချိုးကူသံကြားတိုင်း မျက်ရည်ကျပြီး ငိုရတယ်၊ ချိုးငယ်လေးတွေ ခုန်ဆွခုန်ဆွလုပ်နေတာ မြင်ရရင် စိတ်မကောင်းဖြစ်ပြီး ရင်ထဲမှာ လှိုက်ဖိုနေအောင် ခံစားရတယ်၊ ဟိုဘဝက ထားခဲ့ရတဲ့ သားလေးတွေကို သတိရလို့ပဲပေါ့။

''အဲဒီ မိကြည်ဘဝမှာ တစ်ရွာတည်းသား ကိုနောင်းနဲ့ အိမ်ထောင်ကျပြီး ကလေးနှစ်ယောက်အရမှာ ဆုံးခဲ့လို့ အခုလို မိဖြူဘဝကို ရောက်လာရတာပါ၊ ဒီဘဝမှာလည်း ကလေးနှစ်ယောက်ရပြီးရင် သေရဦးမှာပါ အစ်ကိုရယ်'' ဟုပြောကာ မိဖြူသည် မောင်တိုး၏ရင်ခွင်ထဲသို့ဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေးရှာလေသည်။ မောင်တိုးကား ဆန်းကြယ်သော ဘဝပိုင်ရှင် ဇနီးငယ်ကို တင်းကြပ်စွာပွေ့ပိုက်နှစ်သိမ့်ခြင်းမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့။ ယခုမိဖြူဘဝမှာလည်း က◌ာလေးနှစ်ယောက်ရသည်နှင့် ကွယ်လွန်သွားခဲ့သည်။ ဝဋ်ကြွေးမကုန်မချင်း နောက်ထပ် ဘယ်နှစ်ဘဝ ပြန်သေပေးရဦးမည် မသိပေ။

မိဖြူတစ်ယောက် ကလေးနှစ်ယောက်ရတိုင်း သေသေပေးရသည်မှာ သစ်ခုတ်သမား ဦးလုကြီးဘဝတုန်းက ချိုးမကြီးကို သတ်ဖြတ်ခဲ့မိသော အကုသိုလ်ကံကြောင့်ပင် ဖြစ်၏။ သတ်ဖြတ်မိခြင်း၏ အကြောင်းကို ရှာလိုက်သောအခါ ချိုးမ၏အသားကို စားလို၍ဖြစ်ကြောင်းကို တွေ့ရ၏။ ဤတွင်မေးခွန်းထုတ်စရာ ရှိလာ၏။

လူသည် တိရစ္ဆာန်တို့၏ အသားကိုမစားဘဲ အသက်မရှင်နိုင်တော့ပြီလော။ ဤမေးခွန်းကို ဖြေနိုင်ဖို့အတွက် မျက်မြင်သတ္တဝါများကို အသားစားသော သတ္တဝါ၊ အသီးအနှံအရွက်စားသောသတ္တဝါဟု သဘာဝကျစွာ နှစ်မျိုးခွဲကြည့်ရမည် ဖြစ်၏။

### အသားစားသောသတ္တဝါတို့၏ အင်္ဂါ၉-ချက်

အသားများစားပြီး အသက်ရှင်ရမည့် သတ္တဝါများကို သဘာဝတရားက ဖော်ပြပါ အချက်ကိုးချက်ကို ဖန်တီးထည့်သွင်းပေးလိုက်သည်။

၁။ မွေးမွေးချင်း မျက်စိမပွင့်ခြင်း၊

၂။ သူတစ်ပါးကို ဖမ်းယူနိုင်ဖို့ ချွန်ထက်ကောက်ကွေးသော လက်သည်းခြေသည်းများရှိရခြင်း၊

၃။ ချွန်ထက်သော ကွေးသော သွားအစွယ်ရှိခြင်း၊

၄။ ခံတွင်း၌ သွားရည် အနည်းငယ်သာ ရှိရခြင်း၊

၅။ ရေကို စုပ်၍ မသောက်၊ လျှာဖြင့် လျက်၍ သောက်ခြင်း၊

၆။ မည်မျှ ပူအိုက်သည်ဖြစ်စေ ချွေးမထွက်ခြင်း၊

၇။ အသားစားသတ္တဝါ၏ အူမသည် ခံတွင်းမှဒွါရ ထိသာရှိ၍ တိုလွန်းခြင်း၊

၈။ တစ်ဖက်သားကို သနားကြင်နာစိတ် မရှိခြင်း၊

၉။ ကာယဗလ, ဉာဏဗလ နည်းပါးခြင်း-

တို့ ဖြစ်သည်။

ကျား၊ ကြောင်စသောသတ္တဝါများ၏ခန္ဓာကိုယ်၌ ခြေသည်း, လက်သည်းရှည်များ၊ အစွယ်များသည်သားကောင်များကိုဖမ်းယူရန် သဘာဝတရားက ဖန်တီးပေးလိုက်ခြင်းဖြစ်၏။ နံပါတ်(၇)အင်္ဂါ၌ အူတိုပေးရသည်မှာ အသားသည် ပုပ်လွယ်၏။ အူထဲတွင် ကြာကြာနေလျှင် ရောဂါဖြစ်မည်။ ထို့ကြောင့် အပြင်သို့မြန်မြန်စွန့်ပစ်နိုင်ရန် ဖြစ်သည်။

အူတိုတိုဖြင့် မြန်မြန်စွန့်ပစ်သည့်ကြားကပင် တစ်ခါတစ်ရံ စားထားသောအသားများသည် ဗိုက်ထဲတွင် အချိန်အနည်းငယ် ပိုကြာသွားသည်နှင့် အဆိပ်ဖြစ်သွားသောကြောင့် ကြောင်များ၊ ကျားများ၊ ခွေးများသည် မြက်ကိုစားပြီး အန်ထုတ်ကြရသည်။ ဖော်ပြပါ အင်္ဂါကိုးချက်၏ ဆန့်ကျင်ဘက်များသည် မြေပေါက်စား၊ အသီးအနှံစား သတ္တဝါများ၏အင်္ဂါဖြစ်လာသည်။

### အသီးအနှံစားသော သတ္တဝါတို့၏ အင်္ဂါ ၉ ချက်

၁။ မွေးမွေးချင်း မျက်စိ ပွင့်ခြင်း၊

၂။ သူတစ်ပါးကို ဖမ်းယူနိုင်ဖို့ ချွန်ထက်ကောက်ကွေးသော ခြေသည်း၊ လက်သည်း မရှိခြင်း၊

၃။ ချွန်ထက်၍ ကွေးသော သွား, အစွယ် မရှိခြင်း။
၄။ ခံတွင်း၌ သွားရည်မပြတ်ရှိခြင်း။
၅။ ရေကို လျှာဖြင့် မလျက်ဘဲ စုပ်၍ သောက်ခြင်း။
၆။ ပူအိုက်လျှင် ချွေးထွက်ခြင်း။
၇။ အူမသည် ခန္ဓာကိုယ်ထက် ၁၂-ဆ ရှိအောင် ရှည်ခြင်း။
၈။ တစ်ဖက်သားကို သနားကြင်နာစိတ် ရှိခြင်း။
၉။ ကာယဗလ, ဉာဏဗလ ကြီးမားခြင်း-တို့ ဖြစ်သည်။

နွား၊ သိုး၊ ဆိတ် စသော သတ္တဝါများသည် ဖော်ပြပါ အင်္ဂါကိုးချက်နှင့် ညီကြ၏။ အသီးအရွက်ကိုသာ စားသောကြောင့် အူထဲမှာ ထိုအစာများ ကြာကြာနေသော်လည်း မည်သည့်ရောဂါမှ မပေးနိုင်။ ထို့ကြောင့် နွား၊ သိုး၊ ဆိတ်စသော အသီးအရွက်စားသတ္တဝါတို့၏ အူသည် အလွန်ရှည်လျားသည်။ အသီးအရွက်များသည် ရောဂါမဖြစ်စေသည့်အပြင် ရောဂါအချို့ကိုပင် ပျောက်ကင်းစေနိုင်၏။

နွားကျင်ငယ်ရေကို ဆေးအဖြစ်သောက်သုံးရန် ဗုဒ္ဓက ရဟန်းတော်များအား ညွှန်ကြားတော်မူခဲ့သည်။ စာရေးသူကျောင်းမှ ကျောင်းသားလေးတစ်ယောက်သည် သွေးကင်ဆာရောဂါ ဖြစ်နေသဖြင့် တစ်လတစ်ကြိမ် သွေးသွင်းရသည်။ စာရေးသူကျောင်းရောက်သောအခါမှစ၍ နွားကျင်ငယ်ရေကို ပုံမှန်သောက်လာရာ ယခုအခါသွေးကင်ဆာရောဂါ ပျောက်ပြီး သွေးမသွင်းရသည်မှာ နှစ်နှစ်ကျော်သွားလေပြီ။

စာရေးသူဇာတိ အမရပူရမြို့၊ နန်းတော်ရာ စံပြကွက်သစ်မှ လူငယ်တစ်ဦးသည် ရေဖျဉ်းရောဂါဖြစ်ရာ ဆေးမျိုးစုံ၊ ဆရာမျိုးစုံသော်လည်း မပျောက်နိုင် ဖြစ်နေ၏။ ထိုအခါကျမှ နွားကျင်ငယ်ရေကို သောက်ရာ သုံးပါတ်ခန့်သောက်ရုံနှင့် ပျောက်ကင်းသွားခဲ့သည်။ လူသား၏ ခန္ဓာကိုယ်တည်ဆောက်ပုံကို လေ့လာဆန်းစစ်ကြည့်သောအခါ အသီးအရွက်စားသတ္တဝါမျိုးထဲ၌ ပါဝင်နေသည်ကို တွေ့ရသည်။ လူတို့တွင် မိန်းမ၏အူမသည် ၂၈-ပေ ရှည်၍ ယောကျ်ား၏ အူမသည် ၃၂-ပေ ရှည်သည်။

လူသားသည် အသီးအရွက်စားသတ္တဝါ ဖြစ်ပါလျက် အသားများကို လွန်ကဲစွာ စားကြသောအခါ ရောဂါမျိုးစုံဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် သေကြရသည်။ ထိုအချက်ကို ဘုရားရှင်ကိုယ်တိုင် သုတ္တနိပါတ်ပါဠိတော်တွင် ယခုလိုဟောကြားတော်မူခဲ့၏။

**အသားမစားခင်က ဖြစ်သော ရောဂါသုံးမျိုး**

တယော ရောဂါ ပုရေ အာသုံ၊
ဣစ္ဆာ အနသနံ ဇရာ။
ပသူနဉ္စ သမာရမ္ဘာ၊
အဋ္ဌနဝုတိ အာဂမုံ။

လူသားများသည် တိရစ္ဆာန်တို့၏ အသားများကို မစားခင်က **တစ်စုံတစ်ခုကိုလိုချင်ခြင်း၊ ထမင်းဆာခြင်း၊ အိုခြင်းသုံးမျိုးသာ ရောဂါအဖြစ်တည်ရှိသည်။ ဥက္ကာကရာဇ်မင်းလက်ထက်ကျွဲ၊ နွားစသော တိရစ္ဆာန်များ၏အသက်ကို သတ်ဖြတ်စားသောက်သော အခါတွင်မှ (၉၈) ပါးသောရောဂါများ ပေါ်ပေါက်လာသည်။**

ထိုဟောကြားချက်ကို ကောက်ချက်ချကြည့်လျှင် ဖြစ်နိုင်ပါက အသားမစားဘဲ အသီးအရွက်များကို ဦးစားပေးစားသောက်ပါဟု ပြောလိုရင်းပင်ဖြစ်သည်။ ထိုဟောကြားချက်မှန်ကြောင်း အထောက်အထားပြဦးမည်။ ၁၉၆၄-ခုနှစ်ခန့်က ကမ္ဘာနှင့် အဆက်အသွယ်ပြတ်နေသော ဟိမဝန္တာတောကြီး အတွင်းမှ နိုင်ငံတစ်နိုင်ငံကို အင်္ဂလိပ်လူမျိုးဆရာဝန်ကြီး မက်ကာရီဆန်က ရှာဖွေတွေ့ရှိခဲ့သည်။

ထိုနိုင်ငံမှာ ဟွန်ဇာနိုင်ငံ ဖြစ်၏။ ထိုအချိန်က လူဦးရေ လေးသောင်းကျော်သာရှိ၏။ ထိုနိုင်ငံရှိ လူအားလုံး အသား လုံးဝမစားကြ။ အသီးအရွက်များကိုသာ စားကြသည်။ မက်ကာရီဆန်သည်

ထိုနိုင်ငံတွင် ခုနစ်နှစ်ကြာနေခဲ့သော်လည်း မည်သူ့ကိုမျှ ဆေးမကုခဲ့ရပေ။ ရောဂါကင်းသည့်အပြင် အသက်လည်း ရှည်ကြသည်။ ပျမ်းမျှနှုန်း အသက် ၉၀ ရှည်ကြသည်။

၁၀၀–ကျော် ပုဂ္ဂိုလ်များလည်းရှိသည်။ ထိုနိုင်ငံတွင် ရဲလည်း မရှိ။ စစ်တပ်လည်း မရှိ။ အကျဉ်းထောင်လည်း မရှိ။ တရားရုံးလည်း မရှိပေ။ ထိုအရာများ မရှိခြင်းသည် လူဆိုးသူခိုးတစ်ယောက်မှ မရှိဟူသောအချက်ကို ပြနေခြင်းပင် ဖြစ်၏။ အသားမစားသောကြောင့် သူတစ်ပါးအသက်ကို မသတ်ကြ။ သူတစ်ပါးအသက်ကို မသတ်ကြသောကြောင့် အသက်ရှည်၊ ကျန်းမာနေကြသည်ဟုလည်း ဆိုနိုင်ပေသည်။

မြောက်အမေရိကတိုက်ရှိ ရေခဲပြင်ပေါ်တွင် နေကြသော အက်စကီးမိုးလူမျိုးများသည်ကား အသီးအရွက် စားစရာမရှိသဖြင့် အသားတွေချည်းသာ နေ့တိုင်းစားကြရ၏။ ထို့ကြောင့် သူတို့တွင် ကင်ဆာ၊ သွေးတိုး၊ နှလုံး၊ ဆီးချို စသောရောဂါများဖြစ်ပွားပြီး ပျမ်းမျှအသက် ၂၇နှစ်ခွဲ အရွယ်မှာပင် သေဆုံးကြရသည်။

ဤကား အသား တအားစားသောသူများ ရောဂါများပုံ၊ အသက်တိုပုံ၊ အသီးအရွက်ကို ဦးစားပေးစားသူများ ရောဂါကင်းပုံ၊ အသက်ရှည်ပုံ လက်တွေ့သာဓကများကိုထုတ်ပြခြင်းပင်တည်း။ အသီးအရွက်စား သတ္တဝါအမျိုးအစားထဲတွင် ပါသော လူသားသည် မိမိခန္ဓာကိုယ်တည်ဆောက်ပုံသဘာဝနှင့် ဆန့်ကျင်သောအသားများကို အတိုင်းထက်အလွန် စားလာသောအခါ အသက်မသေမီမှာပင် ပုံဆိုးပန်းဆိုး ပြိတ္တာဘဝသို့ကူးပြောင်းသွားတတ်၏။

### ဇာတ်တော်ထဲက လူ့ပြိတ္တာ

အဋ္ဌကနိပါတ်၊ ဣန္ဒြိယဇာတ်တွင် သမင်သားအစားကျူးလွန်းသဖြင့် လူစင်စစ်က ပြိတ္တာဖြစ်သွားသော ပုဏ္ဏားလူငယ်တစ်ယောက် အကြောင်းကိုဟောထား၏။ ထိုပုဏ္ဏားလေးသည် ရုပ်ရည်အင်မတန် ချောမောလှပ၏။ ထို့ပြင် ဆင်တစ်ကောင်ကိုပင် တွန်းလှဲနိုင်လောက်အောင် ခွန်အားဗလနှင့်လည်း ပြည့်စုံ၏။

တစ်နေ့တွင် သူသည် အတွာဆန်သော အကြံတစ်ခုကိုကြံမိ၏။ ထိုအကြံသည် သူ့ကိုပြိတ္တာအဖြစ်သို့ ပို့ပေးမည့်အကြံပင် ဖြစ်၏။ ငါသည် သူတစ်ပါးထက် ခွန်အားဗလရှိသူဖြစ်၏။ လယ်ယာ လုပ်ကိုင်ပြီး မိဘ၊ သားမယားကို လုပ်ကိုင်ကျွေးခြင်းဖြင့် အကျိုးမရှိ။ လောကမှာ မိမိခန္ဓာကိုယ် တည်မြဲဖို့သာ အဓိကဖြစ်သည်။

ခန္ဓာကိုယ်တည်မြဲဖို့အတွက် အစာအာဟာရသည် အရေးအကြီးဆုံးဖြစ်၏။ အစာအာဟာရတို့တွင်လည်း သူ့အသားကိုစားရခြင်းသည်အကောင်းဆုံးဖြစ်၏။ အသားထဲတွင်လည်း သမင်သားသည် အကောင်းဆုံး ဖြစ်၏။ ထိုသို့ ကြံစည်ပြီး တောသို့ထွက်ကာ သားကောင်များကို နေ့စဉ်သတ်ဖြတ်စားသောက်နေ၏။

သူ စခန်းချသောနေရာမှာ ဟိမဝန္တာတောင်ဝိဝါအမည်ရှိ မြစ်ကမ်းအနီး ကြီးစွာသော တောင်ကွန်ယက်ကြီးတစ်ခုတွင်ဖြစ်သည်။ အသက်အနည်းငယ်ကြီးလာသောအခါ သူသည် နောင်ရေးအတွက်တွေးပြီး သမင်ပေါင်းများစွာကို ရသလောက်ဖမ်းပြီး တောင်ကွန်ယက်အတွင်း အရှင်လှောင်ထား၏။ ထို့နောက် လိုသလောက် နေ့စဉ်သတ်စားနေ၏။ သူအသက်ကြီးလာသောအခါ လိုက်မဖမ်းနိုင်တော့မှာကို တွေးမိသောကြောင့် ယခုလိုပြုလုပ်ထားခြင်း ဖြစ်သည်။

နှစ်ပေါင်းများစွာ ကြာလာသောအခါ နေ့စဉ်စားသောက်နေသော အသားများ၏ အဆိပ်အတောက်ဖြစ်သောဒဏ်၊ အကုသိုလ်ပထမဇောကံတို့၏အစွမ်းကြောင့် ခန္ဓာကိုယ်ကြီးသည် မသွားနိုင်၊ မလာနိုင်လောက်အောင် ဖောရောင်အက်ကွဲ၍ မြေကြီးပေါ်ပက်လက်ကြီး ဖြစ်နေတော့၏။

ထို့ပြင် လက်တွေ၊ ခြေတွေမှာလည်း လှုပ်ရှား၍

မရတော့ဘဲ မြေပြင်မှာအသားတွဲကြီးကဲ့သို့ ကပ်နေ၏။ အစားလည်း မစားရ၊ ရေလည်း မသောက်ရ၊ သေချင်သော်လည်း မသေရနှင့် လူပြိတ္တာကြီးဖြစ်ကာ နေရတော့၏။ နှစ်ကာလ အတော်ကြာသောအခါ သိဝိတိုင်း၏အရှင်ဖြစ်သော သိဝိမင်းကြီးသည် သမင်သား လတ်လတ်ဆတ်ဆတ်ကို မီးကျီးမှာကင်စားချင်သည်ဟူသော အာသီသကြောင့် အမတ်တို့ကို ခေတ္တနန်းအပ်ပြီး ဟိမဝန္တာတောထဲသို့ထွက်လာ၏။

လှည့်လည်သွားလာရင်း ကြောက်မက်ဖွယ်ရာကိုယ်ကြီးဖြင့် လူစင်စစ်က ပြိတ္တာဖြစ်နေသူကို တွေ့သဖြင့် မေးမြန်းစိစစ်လေ၏။

''သင့်ကို ဘာသတ္တဝါလို့ ခေါ်ပါသလဲ''

''အရှင် – အကျွန်ုပ်ဟာ လူပြိတ္တာဖြစ်ပါတယ်၊ သင်ကော ဘယ်သူလဲ၊ ဘာကိစ္စ ဒီတောကြီးထဲကို လာပါသလဲ''

''ကျွန်ုပ်ဟာ သိဝိမင်းဖြစ်တယ်၊ သမင်သား စားချင်လို့ တောကစားဝင်ခဲ့ခြင်းဖြစ်တယ်''

''အရှင်မင်းမြတ်၊ အကျွန်ုပ်ဟာ မိမိရဲ့ ချမ်းသာကို အလိုရှိလို့ သူတစ်ပါးဆင်းရဲအောင် သတ်ဖြတ်ညှင်းဆဲခဲ့သူဖြစ်ပါတယ်၊ ထိုမကောင်းမှုကံကြောင့် ယခု အရှင်မင်းမြတ် မြင်တော်မူတဲ့အတိုင်း လူစင်စစ်က ပြိတ္တာအဖြစ်ကို ရောက်နေပါပြီ။

''အကျွန်ုပ်ရဲ့ကိုယ်ဟာ ထက်ဝန်းကျင် မီးလိုပူလောင်နေပါတယ်၊ နေ့ရောညပါ ချမ်းသာကို မရပါ၊ ဒါကြောင့် အရှင်မင်းမြတ်ဟာ မကောင်းမှုကို မလုပ်ပါနဲ့တော့၊ သူတစ်ပါး၏အသက်ကို မနှစ်သက်ပါနှင့်တော့၊ မိမိတိုင်းပြည်ကိုပြန်ပြီး တတ်နိုင်သလောက် ကောင်းမှုပြုတော်မူပါ''

ထိုအခါကျမှ သိဝိမင်းကြီးသည် ထိတ်လန့်သံဝေဂရကာ တိုင်းပြည်သို့ပြန်ပြီး ဒါနစသော ကုသိုလ်ကောင်းမှုများကို အသက်ထက်ဆုံး ပြုလုပ်သွားတော့သည်။

ယခုခေတ်တွင်လည်း အသားတွေ တအားစားလွန်းသောကြောင့်လည်းကောင်း၊ ပါဏာတိပါတကံတွေအားကြီးလွန်းသောကြောင့်လည်းကောင်း လူစင်စစ်က ပြိတ္တာဖြစ်သွားသောသူ သုံးယောက်အကြောင်းကို မုံရွာစန်းမောင်ရေးသားသော 'ကြောက်စရာ သံသရာခရီးသည်များ' စာအုပ်တွင်ဖတ်ခဲ့ရ၏။

ပထမဆုံး လူပြိတ္တာကို ဦးစန်းမောင်ကိုယ်တိုင်တွေ့ခဲ့ရခြင်း ဖြစ်သည်။ တစ်ခါတွင် မုံရွာမှ အရာတော်မြို့နယ်သို့အသွား ကားလမ်းပေါ်တွင် ယောကျ်ားတစ်ယောက်သည် လေးဘက်ထောက်ပြီး ကားလမ်းတည့်တည့် ဖြည်းလေးစွာ ဖြတ်ကူးနေသဖြင့် ဒရိုင်ဘာသည် ကားကိုလမ်းဘေးသို့ ဆွဲချရပ်လိုက်ရ၏။

ကားရပ်ပြီး သေချာကြည့်သောအခါ အဝတ်အစားမပါသော ထိုသူသည် လေးဘက်ထောက်ပြီး နွားတစ်ကောင်လိုသွားသည်။ သူသည် လူလိုစကားပြော၍ မရတော့။ သူစကားပြောတိုင်း ဝမ်းဘဲ ဟူသော နွားအော်သံမျိုးသာ ထွက်တော့သည်။ အစားအစာကိုလည်း လက်နှင့်မစားတတ်တော့ဘဲ နွားကဲ့သို့ ပါးစပ်ဖြင့်သာ ယူစားသည်။ ထိုသူသည် နှစ်ပေါင်း ၃၀–နီးပါး နွားသတ်ရောင်းခဲ့သည်။

ထိုနွားသားကိုသာ တမက်တမော နှစ်ပေါင်း ၃၀–ကျော်စားခဲ့သည်။ ထိုကဲ့သို့ အသားကို လွန်ကျူးစွာ စားခြင်း၊ နွားတို့၏အသက်ကို သတ်ခြင်းတို့ကြောင့် ဘဝမပြောင်းဘဲ ပြိတ္တာဘဝသို့ ရောက်နေရခြင်း ဖြစ်သည်။ နောက်နှစ်ဦးမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှ ကချင်တိုင်းရင်းသား မရန်တန်ခေါ်ကိုခိုင်ဝင်း၏ ကိုယ်တွေ့ပြောပြချက်ဖြစ်သည်။

ကိုခိုင်ဝင်းသည် ရတနာမွန်မဂ္ဂဇင်းကို လစဉ်စွဲမြဲစွာဖတ်ရာမှ ဗုဒ္ဓဘာသာဖြစ်လာသူပင်။ ပထမတစ်ဦးမှာ တနိုင်းမြို့မှ ဖြစ်သည်။ တရုတ်မကြီးတစ်ယောက် ဖြစ်သည်။ ဝက်များကို ကိုယ်တိုင်မွေးပြီး ကိုယ်တိုင်သတ်ကာရောင်းသည်။ ကြမ်းတမ်းလွန်းသောကြောင့် ယောကျ်ားကြီးတစ်ယောက်ကဲ့သို့ဖြစ်နေသည်။

ဝက်သားမှာ ရောင်းကောင်းလွန်းသဖြင့် ရောင်းရငွေများကို တောင်းကြီးနှင့်ပင် ထည့်ထားရသည်။ ဝက်များကို မသတ်ခင် အရှင်လတ်လတ် လည်ချောင်းသွေးကို ဖောက်ယူလေ့ရှိသည်။ သေပြီးမှ ဖောက်ယူလျှင် လည်ချောင်းသွေး မထွက်တော့ပေ။

လည်ချောင်းသွေးဖောက်ယူမည့် ဝက်ကို ခြေထောက်ကြိုးချည်ပြီးလျှင် ထုတ်တန်းမှာ စောက်ထိုးဆွဲထားသည်။ ပြီးလျှင် ဓားထက်ထက်ဖြင့်လည်ပင်းကို ထိုးဖောက်လိုက်ရာ သွေးတို့က ရေများကဲ့သို့ ပန်းထွက်လာတော့သည်။ ဝက်မှာလည်း မချိမဆန့် နာကျင်လှသောကြောင့် အသံကုန်အော်ခါ ထွန့်ထွန့်လူးနေတော့သည်။ လည်ချောင်းသွေးကုန်လျှင် ဝက်လည်း သေတော့သည်။

နှစ်ကြာလာသည်နှင့်အမျှ အကုသိုလ်များ ဒဏ်ခတ်ခြင်းကို ထိုတရုတ်မကြီး ခံစားရတော့သည်။ တဖြည်းဖြည်းနှင့် သူမ၏မျက်နှာတွင် ဝက်မွေးများ ပေါက်လာသည်။ အစပထမတော့ ဘာမျှ မပြောပလောက်ဟု ထင်မိသည်။ ရက်ကြာလာသည်နှင့်အမျှ ခေါင်းတစ်ခုလုံး ဝက်မွေးတွေနှင့်ပြည့်ကျပ်သွားပြီး မျက်နှာပါဝက်တစ်ကောင်ကဲ့သို့ဖြစ်သွားတော့သည်။

နောက်ဆုံး ထိုတရုတ်မကြီးသည်လည်း ရှေ့တွင် ဖော်ပြခဲ့သော အရာတော်မှ နွားပြိတ္တာကဲ့သို့ ဖြစ်ကာ ဘဝဆုံးရပေသည်။ ငရဲကျဖို့ကား မြေကြီးလက်ခတ်မလွဲပင်တည်း။ တတိယတစ်ဦးမှာ ကာမိုင်းမြို့မှဖြစ်သည်။ ဦးမွတ်တားသည် ကာမိုင်းမြို့မှ အကြီးဆုံး ဆည်ကြီးတစ်ဆည်ကို နှစ်စဉ် လေလံဆွဲသူဖြစ်၏။

ထိုဆည်ကြီးမှ ငါးများ အဆမတန်ရ၏။ ရသမျှ ငါးများကို အစိမ်းလိုက်လည်း ရောင်း၏။ ငါးခြောက်လုပ်ပြီးလည်း ရောင်း၏။ ငါးပိသိပ်ပြီးလည်း ရောင်း၏။ ကာမိုင်းမြို့တွင် ဆည်သူကြီးဟူ၍ နာမည်ကြီး၏။ ငါးတွေကို သူများကိုလည်း သတ်ခိုင်းသည်။ ကိုယ်တိုင်လည်း သတ်သည်။ ငါးများကိုချက်လည်း စားသည်။ ကြော်လည်း စားသည်။ မကျက်တကျက်စားလျှင် အားရှိတယ်ဟု ပြောကြသောကြောင့် မကျက်တကျက် မီးကင်စားသည်။ ဆယ်နှစ်ခန့်ကြာသော အခါ မန္တလေးမဟာမြတ်မုနိသို့ ဘုရားဖူးသွားရာ သူပြုခဲ့သော အကုသိုလ်ကံကြောင့် ဘုရားပုံတော်ကို ပင် မမြင်ရတော့ပေ။

ထိုအချိန်တွင် သတိသံဝေဂရကာ အကုသိုလ်အလုပ်များကိုစွန့်ပြီး ကုသိုလ်တရားတို့ကို ဆက်လုပ်မည်ဆိုလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ထိရပြီး ယင်းအဖြစ်ဆိုးမှ လွတ်မြောက်နိုင်ပေသည်။ တိရစ္ဆာန်သတ်သော အကုသိုလ်သည် လူသတ်သော အကုသိုလ်ကို မမီပေ။

ဗုဒ္ဓလက်ထက်တော်က ရာဇဂြိုဟ်ပြည်တွင် ငါးပါးသီလအားလုံးကို နေ့တိုင်းဖောက်ဖျက်နေသော ခိုးသားဓားပြကြီးတစ်ယောက် ရှိခဲ့ဖူး၏။ သူသည် တစ်ယောက်တည်း အကုသိုလ်လုပ်ရတာ အားမရသဖြင့် ဓားပြအဖွဲ့သို့ဝင်ကာ အကုသိုလ်ဒုစရိုက်မှုများကို နှစ်ဆတိုး၍ ပြုလုပ်၏။ သူတို့ ဓားပြအဖွဲ့သည် အယောက်ငါးရာရှိ၏။ သူ၏နာမည်ကို တမ္ဗဒါဌိက ဟုခေါ်၏။

တစ်ရက်တွင် သူတို့ ဓားပြအဖွဲ့ကြီးတစ်ခုလုံးကို ဘုရင့်တပ်မှ ဖမ်းမိသွား၏။ အားလုံးခေါင်းဖြတ်သတ်စေရန် အမိန့်ချခံရ၏။ သုသာန်ရောက်သော အခါ သတ်ပေးမည့်အာဏာသား မရှိဖြစ်နေ၏။ အချင်းချင်း ခေါင်းဖြတ်သတ်ပေးလျှင် သေဘေးမှ လွတ်ပြီး အာဏာသားရာထူးပေးမည်ဟူသောအခွင့်အရေးကို မက်မောသောကြောင့် သူသည် သူ့အဖွဲ့သား ၄၉၉–ယောက်၏ခေါင်းကို ဖြတ်သတ်ပေးခဲ့သည်။

ထိုရက်မှာပင် အရပ်လေးမျက်နှာမှ နောက်ထပ် ဓားပြအဖွဲ့လေးဖွဲ့ကို ထပ်မိလာပြန်၏။ တစ်ဖွဲ့လျှင် လူငါးရာပါသဖြင့် စုစုပေါင်းလူနှစ်ထောင် ဖြစ်၏။ ထိုလူနှစ်ထောင်ကိုလည်း သူပင် သတ်ပေးရသည်။ ထိုနေ့မှစ၍ ရာဇဝတ်သားများကိုသတ်ပေးနေရာ

နှစ်ပေါင်း ငါးဆယ်နီးပါးကြာမြင့်၏။

အသက်ကြီးလာသောအခါ သူသည်ရာဇဝင်သားများကို တစ်ချက်တည်းဖြင့် ခေါင်းပြတ်အောင်မဖြတ်နိုင်တော့သောကြောင့် နှစ်နာကြေးများပေးပြီး အာဏာသားအလုပ်မှ ထုတ်လိုက်လေသည်။ အလုပ်မှနားရသောနေ့သည် သူသေရမည့်နေ့ပင်ဖြစ်သည်။ ထိုရက်မှာပင် ဆွမ်းခံကြွလာသောအရှင်သာရိပုတ္တရာကို သူ ဆွမ်းကပ်ခွင့်ရခဲ့၏။

ထို့နောက် အရှင်သာရိပုတ္တရာ ဟောကြားသောဝိပဿနာတရားကို တစ်နာရီခန့် နာကြားလိုက်ရ၏။ တရားနာပြီးသောအခါ မထေရ်မြတ်ကို ကျောင်းသို့ ပြန်လိုက်ပို့ပေး၏။

အပြန်တွင် နွားငွေ့ခံရပြီး သေရရှာသည်။ သို့သော် တစ်နာရီခန့် နာကြားထားသော ဝိပဿနာကုသိုလ်ကြောင့် လူ့သက်ဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း အသက်ရှည်သော တုသိတာနတ်ဘုံသို့ ရောက်ခဲ့ရသည်။ သာသနာတွင်း ဝိပဿနာကုသိုလ်ကား ဤမျှထိ အားကိုးရပါ၏။

လူများကို ထောင်နှင့်ချီသတ်ခဲ့သောသူကိုပင် ဝိပဿနာကုသိုလ်က အပါယ်တံခါးပိတ်ပေးသေးရာ၊ တိရစ္ဆာန်အဆင့်လောက်ကို သတ်ထားသူအတွက်ကား ပြောဖွယ်ရာပင် မရှိပေ။ ထိုသို့ မသိရာသော ကာမိုင်းမှ ဆည်သူကြီးသည် အရွဲ့တိုက်သည့် အနေဖြင့် ရွှေအဆိုင်း(၂၀)ဝယ်လာခဲ့ပြီးလျှင် ဆည်ကြီးထဲချထားသော တိုင်များကိုချလိုက်သောဟူ၏။

နောက်ရက်အတော်ကြာသောအခါ ငါးများကို မဖုတ်မကင်တော့ဘဲ အစိမ်းလိုက် စားလာသည်။ ဆည်ရှိသော နေရာမှတစ်ပါး ဘယ်ကိုမှလည်း မသွားတော့ပေ။ လကြာလာသည်နှင့်အမျှ မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံးသည် သူရဲသဘက်ပမာ ကြောက်မက်ဖွယ်ရာကြီး ဖြစ်လာပြီး လူ့ဘဝနှင့်ပင် မကောင်းဆိုးဝါးဘဝသို့ ရောက်ရလေသည်။

ထိုဆည်သို့လည်း မည်သူမှ မသွားရဲတော့ဘဲ ကာမိုင်းတစ်မြို့လုံးအတွက် အုံးအုံးကျွက်ကျွက် ပြောစရာတစ်ခုဖြစ်နေတော့သည်။ ယခုပြခဲ့သော ပုဂ္ဂိုလ်အားလုံးအား လူစင်စစ်မှ ပြိတ္တာသရဲဘဝသို့ ပို့ပေးသော အဓိကတရားခံမှာ ရသတဏှာပင် ဖြစ်၏။ လူသားတို့သည် အရင်က အသီးအရွက်သာစားပြီး နေခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ မျိုးဆက်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ထိုစဉ်က မည်သည့်ရောဂါမှလည်း မရှိကြ။ ဥက္ကာကရာဇ်မင်းလက်ထက်ရောက်မှ တိရစ္ဆာန်တို့ကို စတင် သတ်ဖြတ်စားသောက်လာကြခြင်း ဖြစ်သည်။ အသားကိုစားမိသောအခါမှစ၍ ရသတဏှာ၏နှိပ်စက်မှုကြောင့် အသားဟင်းမှမပါလျှင် ထမင်းလုတ်သည်မျိုမကျသည်အထိအဖြစ်ဆိုးလာကြသည်။

ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာနိုင်ငံမှာပင် တစ်ရက်လျှင် ကျွဲနွားအကောင်ပေါင်း သုံးသောင်းခန့်၊ ဝက်အကောင်ပေါင်း သုံးသိန်းခန့်၊ ကြက်အကောင်ပေါင်း တစ်သန်းခန့်တို့ကို သွေးသံရဲရဲဖြင့် သတ်ဖြတ်စားသောက်လျက်ရှိသည်။ သေချာသော အချက်တစ်ချက်ကား ဝယ်ယူစားသုံးသူများ လျော့လျှင် သတ်ဖြတ်မှုလည်း လျော့သွားမည်ဟူသော အချက်ပင်။

ထားဝယ်မြို့တွင် ဘာသာခြားများက နွားသတ်ရုံတစ်ရုံ လိုင်စင်ယူပြီး သတ်ဖြတ်ရောင်းချလာ၏။ သူတို့သည် ဗုဒ္ဓဘာသာများအား ရောင်းချမည့် အမဲသားများကို လှေခါးခြေရင်းတွင်ပုံထားပြီး ထဘီများဖြင့်အုပ်ပြီးမှ ရောင်းချလေ့ရှိသည်။ မြန်မာများ ဘုန်းကံနိမ့်အောင်လုပ်ခြင်းဟုသိရ၏။ ထိုအကြောင်းတို့ကို သိသွားသော မဟာစည်ယဉ်ေးသာသနာ့ရိပ်သာဆရာတော်ကြီးက နွားသားများ ဝယ်ယူစားသုံးခြင်းမပြုရန် ဒကာ၊ ဒကာမတို့အား ဟောကြားဆုံးမပေး၏။

ထိုအခါ ဒကာ၊ ဒကာမတို့ကလည်း ဝယ်ယူစားသုံးခြင်း မပြုကြသဖြင့် ဘာသာခြားများသည် ငွေများ ခွက်ခွက်လန်အောင်ရှုံးပြီး သားသတ်လိုင်စင်ကို ပြန်အပ်လိုက်ရတော့သည်။ ဆရာတော်၏

ကျေးဇူးကြောင့် ထားဝယ်နယ်မှနွားများ အသက် ချမ်းသာရာ ရခဲ့ကြပေသည်။ မြို့နယ်အားလုံး ထို နည်းအတိုင်းကျင့်သုံးလျှင် တိရစ္ဆာန်များ ရက်စက် စွာအသတ်ခံရမှုမှ လွတ်ကင်းကြပေလိမ့်မည်။

လူသားများသည် မူလက အသီးအရွက်များနှင့် မျှတခဲ့ပါလျက် အသားကိုစားမိသော အချိန်မှစ၍ စားနေကျ အသီးအရွက်ကို မစားတတ်တော့ဘဲ အသားကိုမစားရမနေနိုင်ဖြစ်သွားသည်မှာ အာနန္ဒာ အမည်ရှိသော ငါးကြီးအဖြစ်နှင့် တူလှပေသည်။ ထိုငါးကြီး အာနန္ဒာအကြောင်းကို အသီတိနိပါတ် မဟာသုတသောမဇာတ်၌ ဟောကြားထားသည်။

**မိုင်လေးထောင်ရှည်သောငါး**

ရှေးအခါက မဟာသမုဒ္ဒရာထဲတွင် အာနန္ဒာ, တိမိနန္ဒာ, အဇ္ဈာရောဟ, တိမိင်္ဂလ, တိမိရပိင်္ဂလ, မဟာတိမိရပိင်္ဂလဟူ၍ အမည်ရှိသော ခန္ဓာကိုယ် အကြီးဆုံး ငါးကြီးခြောက်ကောင် ရှိ၏။ ထိုတွင် ပထမသုံးကောင်သည် ယူဇနာငါးရာစီ ကြီးမားပြီး၊ ဒုတိယသုံးကောင်သည် ယူဇနာတစ်ထောင်စီ ကြီး မားသည်။

တစ်ယူဇနာသည် ယခုခေတ်မိုင်ဖြင့် ၈-မိုင်ရှိ သည်။ ထို့ကြောင့် အာနန္ဒာငါးကြီး၏ ပမာဏသည် မိုင်လေးထောင်ခန့် ရှိပေသည်။ ထိုငါးကြီး ခြောက် ကောင်လုံး သူတစ်ပါးအသားကို မစားကြပေ။ ကျောက်စိမ်၊ ကျောက်မှော်၊ ရေညှိများကိုသာ စား ကြသည်။ ထိုခြောက်ကောင်တွင် အာနန္ဒာငါးကြီး သည် မဟာသမုဒ္ဒရာ၏ နံပါးတစ်ဖက်မှာနေသည်။ ထိုမျှ ကြီးမားသော အာနန္ဒာငါးကြီးကို ကြည့်ရန် အတွက် များစွာသောငါးတို့သည် မပြတ်လာရောက် လေ့ရှိကြသည်။

တစ်နေ့တွင် လာကြည့်သောငါးများသည် အကြံတစ်ခု ဖြစ်လာကြ၏။ အခြေနှစ်ချောင်းရှိသော လူတို့တွင်လည်း အုပ်ချုပ်သောမင်း ရှိ၏။ အခြေ လေးချောင်းရှိသော သားကောင်တို့မှာလည်း အုပ် ချုပ်သောမင်း ရှိ၏။ ငါတို့ငါးများမှာသာ အုပ်ချုပ် သောမင်း မရှိပေ။ ငါးကြီးအာနန္ဒာသည် သဘော ကောင်း၏ သူတစ်ပါးအသားကိုလည်း မစား၊ သူ့ ကို ငါးတို့၏မင်းအဖြစ် တင်မြှောက်ကြမည်ဟူသော အကြံပင်ဖြစ်၏။

ထို့နောက် ငါးအားလုံး၏ သဘောတူညီချက် ဖြင့် ငါးကြီးအာနန္ဒာကို မင်းမြှောက်လိုက်ကြ၏။ မင်းမြှောက်သောနေ့မှစ၍ များစွာသောငါးတို့သည် တစ်နေ့နှစ်ကြိမ် အခစားသွားကြ၏။ တစ်ရက်တွင် ငါးကြီးအာနန္ဒာသည် ကျောက်စစ်ရေမှော်များကို စုပ်ယူစားသောက်လိုက်ရာ ရေမှော်အတွင်းမှာနေ သော ငါးတစ်ကောင် ခံတွင်းထဲသို့ ပါသွားလေ၏။

ငါးကြီးလည်း ကျောက်စစ်ရေမှော်အမှတ်ဖြင့် ဝါးစားရာ ထူးခြားသော အရသာတစ်မျိုးကိုခံစားရ သဖြင့် ထွေးကြည့်ရာ ငါးတစ်ကောင်ဖြစ်နေသည် ကို တွေ့ရလေ၏။ ဤမျှလောက်ကောင်းမှန်း မသိ လို့သာ ငါသည် ကျောက်စစ်ရေမှော်တို့ကို စားနေ ရခြင်း ဖြစ်သည်။ ယနေ့မှစ၍ ငါးများကိုသာ စား တော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထိုနေ့မှစ၍ အခစားလာသော ငါးများတွင် နောက်ဆုံးကျန်သော ငါးတစ်ကောင်ကို နေ့စဉ်ဖမ်း ယူ စားသောက်နေတော့၏။ နှစ်အတန်ကြာလာ သောအခါ ငါးများတစ်စတစ်စ ကုန်သွားသည်ကို အခစားလာသော ငါးများ သတိထားမိသွားကြ၏။ သေချာလေ့လာ စူးစမ်းသောအခါ ကြောင်သူတော် လုပ်ပြီး ငါးကြီးအာနန္ဒာကနေ့စဉ်ဖမ်းစားနေကြောင်း သိသွားကြ၏။

ထို့ကြောင့် သူရှိရာတွင်မနေကြတော့ဘဲ တခြား နေရာသို့ ထွက်ပြေးတိမ်းရှောင်သွား၏။ ထိုအခါ အာနန္ဒာငါးကြီးမှာ သူ့အသားကို မစားရသဖြင့် အစာပြတ်နေလေ၏။ ငါးသားအပေါ်တပ်မက်သော တဏှာကနိုပ်စက်သောကြောင့် အရင်နှစ်ပေါင်းများ စွာ စားလာခဲ့သော ကျောက်စစ်ရေမှော်၊ ရေညှိများ ကို စားလို့မရဘဲ ဖြစ်နေသည်မှာ သံဝေဂရဖွယ်

ကောင်းလှ၏။

နှစ်ပေါင်း ကမ္ဘာပေါင်း များစွာကတည်းက အသီးအရွက်ကိုသာ စားလာကြသော လူသားများသည် ဥက္ကာကရာဇ်မင်းလက်ထက်ရောက်မှအသားကို စားမိကြခြင်းဖြစ်၍၊ ယခုအချိန်တွင်ကား လူသားများသည်လည်း အာနန္ဒာငါးကြီးကဲ့သို့ အသားမစားရလျှင် မနေနိုင်၊ မထိုင်နိုင် ဖြစ်နေကြလေပြီ။ မိမိကိုယ်မိမိ သံဝေဂယူသင့်၏။

အသားမစားရလျှင် မနေနိုင်ဖြစ်နေသော အာနန္ဒာငါးကြီးသည် အခြားငါးကိုရှာဖွေရန် ရေအောက်မှ တောင်ကြီးတစ်တောင်ကိုလှည့်ပတ်ကြည့်၏။ တောင်၏အရှေ့ဘက်အစွန်းမှ သူ့ခေါင်းကြီးထွက်လာပြီး လှည့်ပတ်ကြည့်နေရင်းမှ တောင်၏အနောက်ဘက်စွန်းရှိ ငါးတစ်ကောင်ကို ဖျတ်ခနဲလှမ်းမြင်လိုက်၏။

ဆာလောင်မွတ်သိပ်နေသော အာနန္ဒာငါးကြီးသည် တောင်၏အနောက်ဘက်စွန်းမှ ငါးကို အာသာငမ်းငမ်းဖြင့် လှမ်း၍ ဟပ်လိုက်၏။ ဟပ်မိသည်နှင့် တပြိုင်နက် ချက်ချင်း ကိုက်ဝါးမျိုချပစ်၏။ သို့သော် သူကိုက်ဖြတ်မိသည်ကား အခြား ငါးတစ်ကောင် မဟုတ်ဘဲ သူ၏အမြီးဖျား ဖြစ်နေခြင်း ပင်တည်း။

**ကုလားအစ်နှင့်မြန်မာအစ်**

နာကျင်သော ဝေဒနာကို ထွန့်ထွန့်လူး ခံစားရင်း အာနန္ဒာငါးကြီးသည် သေပွဲဝင်ခဲ့ရလေသည်။ မုံရွာစန်းမောင်ရေးသားသော'ကြောက်စရာသံသရာခရီးသွားများ' စာအုပ်တွင် မုံရွာမြို့မှ နာမည်ကြီးစေတီတစ်ဆူ၏ ဘုရားပွဲတော်ကြီးတွင် ရဟန်းရှင်လူများ ဆယ်ရက်အတွင်း စားသောက်သုံးဆောင်ခဲ့သော အသားများ၏ ပမာဏကို တွက်ပြထား၏။

ဘုရားပွဲတော် ဆယ်ရက်အတွင်း နွေစဉ် သံဃာနှစ်ရာ ဆွမ်းကပ်ပြီး လူပေါင်းတစ်ထောင်ခန့်ကို ထမင်းကျွေးသည်။ ထိုသို့ ကျွေးနိုင်ရန် နွားခြောက်ကောင်၊ ဝက်(၆၅)ကောင်၊ ကြက်ထောင့်ငါးရာကို စေတီအနီးအနားမှာပင် သတ်ဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ကုလားတစ်ယောက်က မြန်မာတစ်ယောက်ကို ယခုလိုပြောခဲ့ခြင်း ဖြစ်၏။

''တို့ ... ကုလားအစ်က နွားတစ်မျိုးပဲ သတ်တာ၊ မင်းတို့ မြန်မာအစ်က တိရစ္ဆာန်မျိုးစုံ သတ်တာ၊ မင်းတို့က တို့ထက်ပိုရက်စက်တယ်'' ဟူ၏။

ထိုသို့သတ်ဖြတ်လှူဒါန်းသည့်အတွက် ကုသိုလ်မရဘူးလားဟု မေးခဲ့ပါက ရသည်ဟုဖြေရမည်ပင်။ သို့သော်သတ်နိုင်းသူ၊ သတ်သူအားလုံးမှာ အကုသိုလ်လည်း ရကြပေသည်။ ထိုသူများ သေလျှင် ကုသိုလ်, အကုသိုလ် နှစ်မျိုးရော ခံစားရသော ဝေမာနိကပြိတ္တာဘုံသို့ ရောက်ဖို့များ၏။ ကုသိုလ်အတွက် နေ့ဘက်တွင် နတ်စည်းစိမ်ကို ခံစားရ၏။ အကုသိုလ်အတွက် ညဘက်တွင် ငရဲဆင်းရဲကို ခံကြရပေမည်။

ကုသိုလ်ချည်းသက်သက်ရလိုလျှင် ဆိုင်ပေါ်တွင် အသင့်တွေ့ရသော ပံသုကူသားကိုဝယ်၍ချက်ကျွေးရမည်။ ပံသုကူသားက လိုသလောက် မရလျှင် ရသလောက်ကိုသာဝယ်၍ အသီးအရွက်နှင့် ရောချက်၍ကျွေးရမည်။ ထိုသို့ အသားထဲ၌ အသီးအရွက် ရောချက်ကျွေးရသည့်အတွက် ကုသိုလ်ကား လျော့မသွားသည့်အပြင် ပို၍ပင်ရ၏။

ကုသိုလ်ပိုရအောင်ဟုဆိုကာ သတ်ဖြတ်ကျွေးမွေးကြမည်ဆိုလျှင် အကုန်အကျပိုများသော်လည်း ကုသိုလ်အရကား နည်းသွားမည်သာဖြစ်၏။ ကိုယ်တိုင် မသတ်သော်လည်း သားသတ်သမားများကို ကြို၍ သွားမှာသည့်အတွက် အကုသိုလ် အနည်းငယ်ကား ဖြစ်သည်သာ။ ဤဒါနမျိုးသည် သတ္တဝါများကို သွား၍ ထိခိုက်သည့်အတွက် သပ္ပုရိသဒါန မဖြစ်တော့ပေ။

သပ္ပုရိသဒါနဟူသည်– သူတော်ကောင်းတို့ ပြုသောဒါနဟု ဆိုလိုပေသည်။ ပံသုကူသားကို ရသလောက်ဝယ်ချက်လျှင် (သို့မဟုတ်)အသီးအရွက်

ကို ဦးစားပေးချက်ကျွေးလျှင် မိမိအလှူအတွက် သူတစ်ပါးကို မထိခိုက်တော့ပေ။ သူတစ်ပါးကို မထိခိုက်အောင် ဒါနပြုခဲ့လျှင် ဖြစ်ရာဘဝတွင် ထိုအလှူရှင်၏ စည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါးဖျက်ဆီး၍ မရတော့ပေ။

**ငှက်တို့က ငွေရှာပေးရသူ**

လွန်ခဲ့သော နှစ်ပေါင်း၂၀ကျော်ခန့်က ငှက်တို့က ငွေရှာပေးရသော သူဌေးတစ်ဦး မြိတ်မြို့တွင် ရှိခဲ့ဖူး၏။ ဇီဝဖိုးငှက်တို့သည် သူတို့သားသမီးများထားရန် အသိုက်ကို သူတို့ပါးစပ်မှ အစေးဖြင့် ဆောက်လုပ်ကြသည်။ ထိုအစေးကို ဆေးဖက်ဝင်သည်။ အားရှိသည်ဟုဆိုကာ လူတို့က လုယက်စားသောက်ကြသည်။

ဇီဝဖိုးငှက်တို့သည်သူတို့၏အသိုက်ကို ပင်လယ်အတွင်းမှ ထွက်ပေါ်နေသော မြင့်မားမတ်စောက်သည့် ကျောက်တောင်များပေါ်၌ ပြုလုပ်ကြသည်။ ယခုခေတ်(၂၀၀၇) ကာလပေါက်ဈေးအားဖြင့် ငှက်သိုက်တစ်ပိဿာလျှင် သိန်း (၄၀)ကျော် ခန့်ရှိသည်။ ထိုကြောင့် စီးပွားရေးသမားများသည် မြင့်မားမတ်စောက်သော ကျောက်တောင်ကြီးများပေါ်သို့ သက်စွန့်ဆံဖျားတက်ရောက်ပြီး ငှက်သိုက်ကို အရယူကာ ရောင်းချကြသည်။

ထိုကဲ့သို့ လူတို့ဝေးရာ ပင်လယ်တွင်းရှိ ကျောက်တောင်ထိပ်ဖျားတွင် အသိုက်လုပ်လေ့လုပ်ထရှိသော ဇီဝဖိုးငှက်များသည် မြိတ်မြို့ ကမ်းနားလမ်းရှိ နှစ်ထပ်တိုက် အိမ်မြေတိုက်ခန်းတွင် အသိုက်ဝင်လုပ်ကြသည်။ အိမ်ရှင်သည် သစ္စာလည်း ရှိသည်။ လောဘကိုလည်း သတ်နိုင်သည်။

ဇီဝဖိုးငှက်ငယ်လေးများ အရွယ်ရောက်ကြီးပြင်းပြီး တခြားနေရာသို့ ထွက်သွားသောအခါတွင်မှ အသိုက်ကိုယူပြီး ရောင်းချသည်။ ထို့ကြောင့် ငှက်တွေမှာလည်း လုံခြုံစိတ်ချစွာ နေခွင့်ရသလို၊ အိမ်ရှင်မှာလည်း ပင်ပန်းစွာ ဘာမျှမလုပ်ရဘဲ တစ်နှစ်လျှင် သိန်းပေါင်းသုံးဆယ်ကျော် လေးဆယ်ခန့် ရရှိနေသည်။

မေတ္တာကရုဏာသာဦးဆောင်လျှင် လူသားသည် တစ်လောကလုံးတွင် အမြတ်ဆုံးဖြစ်သကဲ့သို့ လောဘ၊ ဒေါသကဦးဆောင်လျှင် လူသားသည် လောကတွင် အယုတ်ညံ့ဆုံး ဖြစ်ရပြန်သည်။ ဘုရားရှင်ကို အမြင့်မြတ်ဆုံးဘဝသို့ ပို့ဆောင်ပေးသည်မှာ မေတ္တာ၊ ကရုဏာဖြစ်သကဲ့သို့ အရှင်ဒေဝဒတ်ကို အယုတ်ညံ့ဆုံးဘဝသို့ပို့ပေးသည်မှာ လောဘ, ဒေါသဖြစ်သည်ကို အထူးသတိပြုရပေမည်။

မာသာထရီဇာကို လူသားတို့၏ အသက်ပေါင်းများစွာကယ်တင်ပေးသောအမြင့်မြတ်ဆုံးသူတော်စင်ဘဝသို့ပို့ပေးသည်မှာမေတ္တာ၊ကရုဏာပင်ဖြစ်သည်။

ဟစ်တလာကို ဂျူးလူမျိုးတို့၏ အသက်ပေါင်းများစွာကိုသတ်ဖြတ်သောအယုတ်ညံ့ဆုံးသူယုတ်မာဘဝသို့ပို့ပေးသည်မှာလောဘ၊ ဒေါသပင်ဖြစ်သည်။

လူမျိုးမရွေး၊ ဘာသာမရွေး၊ မေတ္တာ၊ ကရုဏာကို လက်ခံပါက သူတော်စင်ဘဝသို့ ရောက်ရမည်ဖြစ်ပြီး၊ လောဘ၊ ဒေါသကို လက်ခံပါက သူယုတ်မာဘဝသို့ ရောက်ရမည်သာဖြစ်သည်။

လူတို့သည် စားသောက်စရာ အသီးအရွက်အဥတွေ များစွာရှိပါလျက် ဇီဝဖိုးငှက်ငယ်လေးများ နေထိုင်မည့် အသိုက်များကို လုစားခြင်း၊ နွားငယ်လေးများစို့မည့် နွားနို့များကို လုသောက်ခြင်း၊ ပျားငယ်လေးများ စားသုံးမည့် ပျားရည်များကို လုယက်ခြင်းများသည် လောဘဦးဆောင်သောကြောင့်သာ ဖြစ်သည်။ တချို့ ဝိသမလောဘအားကြီးသူများသည် ဇီဝဖိုးငှက်များအပေါ် မေတ္တာမထားဘဲ အသိုက်တွေရသမျှ အကုန်လုယူ၏။

လူတွေက အသိုက်တွေ ယူသွားသောအခါ ငှက်မကြီးများမှာ အာစေးများကို အန်ထုတ်၍

အသိုက်ထပ်လုပ်ရပြန်သည်။ အသိုက်လုပ်ပြီး ဉချ မယ်မှ မကြုံရသေး လောဘကြီးသောလူများက နောက်တစ်ကြိမ် လာလုယူသွားပြန်သည်။ သုံးလေး ကြိမ် အာစေးများကို အန်ထုတ်ရသောအခါ သွေး စများပါလာပြီး တချို့ငှက်သိုက်လေးများမှာ သွေး ရောင်လွှမ်းနေတတ်သည်။

လေးငါးကြိမ်ထိ မတန်မဆ အန်ရသောအခါ ဇီဝဖိုးငှက်မကြီးများမှာ ရင်ကွဲပြီး သေကြရရှာသည်။ အမေရိကန်နိုင်ငံတွင် နွားလေးများကို မိခင်ဝမ်းမှ ကျွတ်ကျွတ်ခြင်း နွားလေးသား စည်သွတ်ဗူးလုပ် ရန် သတ်ပစ်ကြပြီး နွားမကြီးဆီမှ နို့များကို နေ့စဉ် စက်များဖြင့် ညှစ်ယူပြီး နို့ဆီ, နို့မှုန့်လုပ်ရောင်း ကြသည်။ နွားနို့၊ နို့ဆီ၊ နို့မှုန့်တို့ သုံးဆောင်ခါနီး လျှင် နွားလေးနှင့် နွားမကြီးတို့၏ ဒုက္ခကို သတိရ စေချင်၏။

ပျားရည်ဟူသည် ပျားအကောင်ပေါက်လေး များ စားသုံးရန် ပျားမိဘများက ရှာဖွေပေးရခြင်း ဖြစ်၏။ ထိုပျားရည်ကို လူတို့က လုယက်စား သောက်ပစ်လိုက်သောအခါ ပျားအကောင်လေး ပေါင်း သုံးလေးထောင်ကျော်သည် အစာတော်ပြီး သေကြရသည်။ သင့်ရှေ့၌ ချထားသော ပျားရည် တစ်ပုလင်းသည် ပျားအကောင်ပေါင်း သုံးထောင် ကျော်၏ အသက်နှင့်လဲပြီးမှရလာခြင်းဖြစ်ကြောင်း သတိပြုသင့်၏။

ဝိသမလောဘသည် အလွန်ကြောက်စရာ ကောင်း၏။ လူအချင်းချင်းထံမှ လုစားသကဲ့သို့ တိရစ္ဆာန်များထံမှလည်း လုစား၏။ ထိုအချိန်က အရာရှိကြီးတစ်ဦးသည် အာဏာသုံး၍ ဇီဝဖိုးငှက် များလာနေသော တိုက်အိမ်ကိုသိမ်းပိုက်လိုက်သည်။ အံ့သြစရာကောင်းသော အချက်ကား အရာရှိကြီး သိမ်းပိုက်လိုက်သည်နှင့် ငှက်များ လုံးဝမလာတော့ ခြင်းပါတည်း။

အရာရှိကြီးသည် ငှက်များ လာနိုးလာနိုးနှင့် စောင့်မျှော်နေလိုက်သည်မှာ ရက်မှလ၊ လမှနှစ်သို့ တိုင်ခဲ့သော်လည်း ငှက်များကား တစ်ကောင် တစ် မြီးမှ ပေါ်မလာတော့ပေ။ ထိုအခါကျမှ လက်လျှော့ ပြီး သိမ်းထားသော အိမ်ကိုပိုင်ရှင်အား ပြန်ပေး လိုက်သည်။ ထူးခြားသောအချက်ကား မူလပိုင်ရှင် လက်ထဲရောက်သည်နှင့် ဇီဝဖိုးငှက်များသည် သူ့ အလိုလို ပြန်လာကြခြင်းပင်တည်း။

ဤကဲ့သို့ မင်းဘေးမှ လွတ်ခဲ့ခြင်းသည် ထို သူဌေး ဒါနပြုခဲ့စဉ်အခါက သူတစ်ပါးကို မထိခိုက်ခဲ့ သောကြောင့်ပင်ဖြစ်၏။ သူတစ်ပါးကိုထိခိုက်၍ လှူ ဒါန်းခဲ့သော အလှူရှင်၏ စီးပွားဥစ္စာများကို မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံဆိုး ဟူသော ရန်သူမျိုး ငါးပါးက ဖျက်ဆီးသည့်အပြင် ထိုဒါနရှင် လူဖြစ်ခဲ့ လျှင် မက်ဖိုလ်မရနိုင်သော ဒွိဟိတ်ပုဂ္ဂိုလ်မျိုးလည်း ဖြစ်နိုင်သည်။

အကြောင်းကား သူ၏ဒါနကုသိုလ်တွင် သူတစ် ပါးအသက်ကို သတ်ခိုင်းခြင်းဟူသော အကုသိုလ် ပါသွားသောကြောင့်ဖြစ်၏။ အသားငါးတို့ကို ကြိုမှာ လျှင် တိရစ္ဆာန်တို့ကို သတ်ခိုင်းသည်နှင့်တူသော ကြောင့်ပင်။

ပါဏာတိပါတ်၊ သက်သတ်အမှု၊
ကိုယ်လိုပြုနှင့်၊ ပြုဟုသူက၊
တိုက်တွန်းကြ၍၊ ပြုရသောသူ၊
လိုတူသော့အား၊ ဖြစ်နိုင်ငြားလျက်၊
မတားမြစ်သူ၊ သုံးယောက်လူတွင်၊
သတ်သူနိရယ၊ ငရဲကျ၏၊
သူကခေါ်ရာ၊ ပါသူမှာမူ၊ တိရစ္ဆာန၊
ဖြစ်ထမများ၊ လိုတူအားဖြင့်၊
မတားမြစ်သူ၊ ထိုသူမှာတုံ၊
ပြိတ္တာဘုံ ဟု၊ အာရုံဖွင့်လှစ်၊
ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊
ကျမ်း၌လာ၏၊

(မဃဒေဝ၊ ၁၉၈)

(၁) ကိုယ်တိုင်သတ်သူ ငရဲကျသည်

(၂) သတ်သူခေါ်ရာ အဖော်လိုက်သူ တိရစ္ဆာန်ဘုံရောက်မည်

(၃) သတ်ခြင်းကို အလိုတူသောအားဖြင့် မတားမြစ်သူ ပြိတ္တာဘုံရောက်မည်ဟုဆိုလိုသည်။

(မှတ်ချက်)။ ။ ဒံပေါက်ကျွေးခြင်းသည်လည်း ကြက်များ အသတ်ခံရမည်ကိုသိလျက် မတားမြစ်ရာရောက်သည်။ ထို့ကြောင့် ဒံပေါက်မလှူစေလိုပါ။

**သူတစ်ပါးကို မကြည်ညိုလျှင်**
**ကုသိုလ်မရရုံသာ ရှိမည်၊**
**ကိုယ့်ကိုယ်ကို မကြည်ညိုလျှင်**
**အပါယ်ကျတတ်သည်။ အကြောင်းကား**
**သူတစ်ပါးကို လိမ်ညာ၍ရသော်လည်း**
**မိမိကိုယ်မိမိ လိမ်ညာ၍**
**မရသောကြောင့်တည်း။**


ကြိုးစင်အထိပို့နိုင်စွမ်းရှိသော
အပေါင်းအသင်း
ရန်အောင်မောင်မောင်

# ကြိုးစင်အထိ ဝံ့နိုင်စွမ်းရှိသော အပေါင်းအသင်း

''ဆရာ''

''ဘာလဲ မောင်ထွန်းရင်''

''ဆရာ့ကို ကျွန်တော်မေးခွန်းလေး တစ်ခုလောက် မေးပါရစေ''

''အောင်မယ်လေး မောင်ထွန်းရင်ရယ်၊ မင်းနဲ့ငါနေလာခဲ့တာ ဒါလောက်ကြာမှပဲ။ မေးချင်တာများ စကားပလ္လင်တွေ ဘာတွေ ခံနေရသေးတယ်လို့၊ ဘာမေးမှာလဲ မေးလေကွာ''

''မဟုတ်သေးဘူး ဆရာ၊ အဲဒီလို လွယ်လွယ်ကလေး မပြောလိုက်နဲ့။ အခု ကျွန်တော်မေးမယ့် မေးခွန်းဟာ မေးမယ် မေးမယ်နဲ့ ရင်ထဲမှာမျိုသိပ်ထားခဲ့ရတာ ကြာလှပါပြီ။ ထောင်မှူးကြီးလာတဲ့အခါကျတော့လည်း မမေးရဲလို့''

''အေးကွာ၊ မေးချင်တာ ရဲရဲမေး။ ဆရာ ဖြေနိုင်တာဆိုရင် ဖြေဖို့အသင့်ပါပဲ''

''ဆရာနဲ့ ကျွန်တော်တို့ဟာ ရန်သူတွေ မဟုတ်ဘူးနော်''

''ကြံကြီးစည်ရာကွာ မင်းနှယ့်၊ ဘယ်လိုလုပ်ရန်သူဖြစ်နိုင်မှာလဲ။ ဘာရန်ငြိုးရန်စမှ ရှိဖူးတာလည်းမဟုတ်''

''ဟုတ်ပြီ ကျွန်တော်လိုချင်တာ အဲဒါပဲ။ ကဲ ကျွန်တော် တစ်ခုထပ်မေးဦးမယ်''

''မေးဗျာ၊ မေး မေး''

''ဆရာပြောသလို ဘာရန်ငြိုးရန်စမှ မရှိဖူးတဲ့ ရန်သူလည်း မဟုတ်ဖူးတဲ့ ကျွန်တော်တို့နှစ်ယောက်ကို မနက်ဖြန် ကြိုးပေးသတ်ရတော့မယ်ဆိုတော့ ဆရာ့ရင်ထဲမှာ ဘယ်လိုခံစားရသလဲ၊ အဲဒါ ကျွန်တော်သိချင်တာပါ''

ကိုင်း ... မေးတဲ့သူက မေးပါပြီ၊ ဖြေနိုင်တာဆိုရင် ဖြေဖို့အသင့်ဆိုတဲ့ ဆရာကြီး ဖြေပေတော့။ ဤသည်မှာ ယခုလောလောလတ်လတ် အမေးခံရခြင်း မဟုတ်။ လွန်ခဲ့သော ၃၅ နှစ်ကျော်ကျော်က ထောင်မှူးမောင်မောင် အမှုထမ်းသက်သုံး,လေးနှစ်လောက်အရ ထောင်မှူးပေါက်စဘဝက အမေးခံခဲ့ရခြင်းဖြစ်၏။

ထွန်းရင်(ခေါ်)ကရင်ဆိုတာက နက်ဖြန်နံနက်(၅)နာရီတိတိမှာ ကြိုးစင်တင် ကြိုးပေးအသတ်ခံရတော့မည့်ကြိုးသမား သူတစ်ယောက်တည်းမဟုတ်။ ဗိုလ်မိုးကြိုး(ခေါ်) ဗိုလ်မုတ်ဆိတ်(ခေါ်) တင်မောင်ဆိုသူနှင့် နှစ်လောင်းပြိုင် ခေါင်းဆိုင်သေရမည့်သူဖြစ်၏။ ခပ်စောစောပိုင်းကပင် သူတို့နှစ်ဦးအတွက် ဆရာတော်တစ်ပါး ပင့်ဖိတ်ကာ သရဏဂုံတင်ပြီးခဲ့ပေပြီ။ ဗုဒ္ဓဘာသာကိုးကွယ်သူတို့ အစဉ်အလာအရတော့ လူသေပြီးမှ သရဏဂုံတင်ရစမြဲဖြစ်၏။

ဒါက 'အဇ္ဇေဝ သုဝေ၊ ခုတွေးဆပြန်လှန်၊ ယနေ့လား နက်ဖြန်ငယ်၊ ရက်မှန်မှန်မသိ' ဆိုတာလို ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ သေမှာမှန်း ကြိုတင်မှသိမထားဘဲ။ ခုတော့ ထွန်းရင်နှင့်

ဗိုလ်မိုးကြိုးတို့အတွက် ကြိုတင်သိထားပြီးသားလေ။

နက်ဖြန်နံနက် အရုဏ်တက် ၅နာရီတိတိ။ သည်တော့ သူတို့နှစ်ဦးအတွက်ကြိုတင်ပြီး သရဏဂုံတင်ထားလိုက်ခြင်းက မသေမီစပ်ကြား သရဏဂုံသုံးပါးကို အနုဿတိတရားပွားများ မနေနိုင်ပေဘူးလား။ အနုဿတိတရားဆယ်ပါးစလုံး မပွားများနိုင်တောင်မှ ဗုဒ္ဓါနုဿသတိ, ဓမ္မာနုဿတိ, သံဃာနုဿတိသုံးပါးတော့ အနည်းဆုံး အောက်မေ့ဆင်ခြင် သုံးသပ်နေနိုင်မည်။ ခရစ်ယာန်တို့ မွတ်စလင်တို့ဆိုလျှင်လည်း သူတို့ဘာသာအရ ခွင့်ပြုစမြဲဖြစ်၏။ ဘဝကူးကလေးမှ ကောင်းပါစေတော့။

ထိုအချိန်အထိ ထောင်မှူးမောင်မောင်သည် ကြိုးသမား ခြောက်ယောက်ခန့် ကြိုးပေးသည်ကို ကြုံခဲ့ဖူးပြီးဖြစ်၏။ ဒါလည်း တကယ်တော့ ယခင်လတွေက ရေးခဲ့သလို ဝေလေလေအခန်းလောက်သာ ပါဝင်ခဲ့ခြင်းဖြစ်ရာ၊ ယခုလိုလည်း ဘယ်ကြိုးသမားကမှ အမေးမခံခဲ့ရဖူးပေ။ ယခုတကယ်တမ်းတွေ့တွေ့ဆိုင်ဆိုင် မေးလာသောအခါ ဘာကစ၍ ဘယ်လိုဖြေရမှန်း စဉ်းစားမရတော့သဖြင့် အတန်ကြာအောင် တိတ်ဆိတ်တွေဝေနေမိပေသည်။ သူ၏အမေးကို ပေါ့ပေါ့တန်တန် ဖြေလိုက်လျှင်တော့ အလွယ်သား။

"ဟာ လူတစ်ယောက်လုံး သေရမယ့်ကိစ္စ တို့လည်းဘယ်မှာ စိတ်ကောင်းနိုင်ပါ့မလဲကွာ"

တကယ်လည်း စိတ်မကောင်းဖြစ်နေသည့် အတူတူ ဤမျှလောက် ဖြန်းသန်းဖြေလိုက်လျှင် ထွန်းရင်အနေနှင့်တော့ ကျေနပ်သွားရမည်သာ ဖြစ်၏။ သို့သော် နက်ဖြန် သေရတော့မည့်သတ္တဝါတစ်ဦးအား ယင်းကဲ့သို့ ဖြစ်ကတတ်ဆန်း အဖြေမျိုးပေးခြင်းထက် အလေးအနက်ထား၍ တုံ့ပြန်ပါမှ တရားမျှတမှုရှိပေလိမ့်မည်။

ဒါဖြင့် နောက်တစ်မျိုးလှည့်ပြီး စဉ်းစားကြည့်ရအောင်။

ထွန်းရင်သည် ထောင်မှူးမောင်မောင်တို့ ထောင်မှူးအုပ်ချုပ်သူတို့ဘက်က သနားလာအောင် ဒီမေးခွန်းကို တမင်တကာ မေးနေခြင်းများလား။ ဒီလိုလည်း လုံးဝမဖြစ်နိုင်။ ထောင်အုပ်ချုပ်သူတို့က သနားရုံမျှဖြင့်လည်း သူသည် သေရမည့်ဘေးမှ ပြေးမလွတ်နိုင်ကြောင်း ကောင်းကောင်းကြီးသိထားသူဖြစ်၏။ သို့စဉ်လျက် အဘယ့်ကြောင့် ဤမေးခွန်းမျိုးကိုမှ ကြံကြီးစည်ရာ မေးရပါလေသနည်း။ တွေးစရာပင်ဖြစ်၏။

ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင်သည် ယခင်လကရေးခဲ့သည့်အတိုင်း (က)အဆင့်အကျဉ်းထောင်ကြီးတစ်ထောင်တွင် အရေးကြီးသည့်တာဝန်တစ်ရပ်ကို ထမ်းဆောင်ရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရင်း လမ်းတွင် ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာများကို စားမြုံ့ပြန်နေခြင်းဖြစ်သည်။

ဟိုတုန်းကတော့ အသက်ကလည်း ငယ်သေးသည်။ ထောင်လုပ်ငန်းအတွေ့အကြုံကလည်း နုနယ်သေးသည်။ နောက်ပြီး ပါဝင်ကပြရသည့် အခန်းကလည်း ဝေလေလေအခန်းမျှလောက်သာ။ ယခုတော့ အသက်အားဖြင့် (၅၅)နှစ်ကျော်၍ (၆၀) အတွင်းအဝင် ပင်စင်ယူရန်ပင် လေးနှစ်လောက်သာ လိုတော့သည်။ ထောင်အတွေ့အကြုံအားဖြင့်လည်း ရင့်ကျက်ခဲ့ပြီဆိုကြပါစို့။

အရေးအကြီးဆုံးကတော့ သည်တစ်ခါ ဝေလေလေအခန်းက ညာလို့ ဝါးလို့ မရတော့။ ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင် ဒါရိုက်တာလုပ်ရုံမျှမကသေး ကိုယ်တိုင်အဓိကကျသည့်အခန်းကို ပါဝင်ကပြရတော့မည်ဖြစ်၏။ မင်းသားခန်းကတော့ မဟုတ်။ ဘီလူးဆိုင်းတီး၍ ထွက်ရမည့် ဘီလူးခန်း။ ကောင်းပြီ၊ အခုလိုအခါမျိုးမှာများ ငယ်ငယ်တုန်းကလို "ဆရာကြီးရင်ထဲ ဘယ်လိုခံစားရပါသလဲ" လို့ အကယ်၍များ မေးလာခဲ့လျှင် ဘယ်လိုဖြေရပါ့။ အင်း ...အစဉ်းစားရ အခက်သားပါကလား။

လောကကြီးတွင် လူရယ်လို့ဖြစ်လာလျှင် အလုပ်လုပ်ရမည်။ သမုဒ္ဒရာဝမ်းတစ်ထွာလို့ပဲ ဆိုဆို၊

သားကျွေးမှု၊ မယားကျွေးမှုလို့ပဲပြောပြော၊ လူမှန်လျှင် အလုပ်, လုပ်ကိုလုပ်ရမည်။ လုပ်စရာ အလုပ်တွေဆိုတာလည်း တောင်ပုံရာပုံရွေးလို့မကုန်။ ကိုယ်ပိုင်လုပ်ငန်း လုပ်မလား။ နိုင်ငံ့ဝန်ထမ်း၊ အစိုးရလခစားလုပ်မလား။ ကြိုက်တာယူကြိုက်တာရွေး။

အဲတစ်ခုတော့ရှိသည်။ အရွေးမှန်ဖို့လိုသည် 'ကုန်ရှုံးတော့တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်'ဟု ဆိုရိုးရှိသလို အလုပ်ရွေးမှားလျှင်လည်း တစ်သက်လုံး ဆွေးသွားရမှာသေချာနေ၏။ မောင်မောင်တို့လည်း မှားလိုက်သမှ ပက်ပက်စက်စက် ခွက်ခွက်လန်ပါရောလား။ တကယ်တော့ အရွေးမှားတယ်လို့လည်း မဆိုသာနှစ်ဆယ်ကျော်အစိတ်အပိုင်း အရွယ်တော် တစ်ဆိတ်ဟိုင်းမှာစိုးလို့ ရရာအလုပ် ကောက်ကာငင်ကာ ဝင်ခဲ့ရတော့လေသလား မသိ။

အေးလေ– ကိုယ်က ကုန်သည်မျိုးရိုးကလည်းမဟုတ်လေတော့ ကိုယ်ပိုင်အလုပ်ရယ်လို့ ဘာတစ်ခုမှ မယ်မယ်ရရမလုပ်တတ်၊ ငှက်ပျောပင်စိုက်မိလိုက်ဖပါဆိုတာလို မိဘတွေက အစိုးရလခစားလုပ်ခဲ့လေတော့ ကျောင်းပညာ သင်ပြီးသည်နှင့် အစိုးရအလုပ်တစ်ခုပဲ လုပ်ကောင်းသည်ဟု ထင်မိခဲ့၏။ သို့နှင့်ပင် ရရာထောင်မှူးအလုပ် ဝင်လုပ်ခဲ့ကြောင်းကြားရသည့်အဝေးကအစ်မတစ်ဦးမှာ မျက်ရည်ပေါက်ပေါက်ကျခဲ့ရဖူးသည်။ သူ့မောင်လေးတော့ဖာတ်ပွဲထဲကလက်မရှိအာဏာသား၊ ပါးကွက်သားတွေလို နှောင်ကြိုးတည်းထားသော မင်းသားကလေးကို တံစိုးလက်ဆောင်ယူ၍ မင်းသမီးလေးနဲ့တွေ့ပေးတဲ့ အခန်းကြည့်ပြီး ဒုက္ခရောက်ပါပြီပေါ့။

နောက်ဆုံးတော့ လူမတန် ကံ,ပုံချဆိုတာလို ကံတရားစီမံသည့်အတိုင်း နာခံကြရခြင်းဖြစ်ပါလိမ့်မည်။ လောကတွင် လူမှန်လျှင် စကြဝတေးမန္ဓာတ်မင်းချည်း ဖြစ်ချင်ကြမှာပေါ့။ မီလျံနာသူဌေး၊ သူကြွယ်ချည်း ဖြစ်ချင်ကြမှာပေါ့။ ခုတော့ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ရသလား။ မရပါ။ အဖြေက ဒါပါပဲ။ ဒီတော့ ကုန်သည်ပွဲစားလည်း ရှိမည်။ ကံ,ကိုသာ ရိုးမယ်ဖွဲ့ကြပါစို့။

ဘယ်လိုဖြစ်ဖြစ် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသူတိုင်းမှာတော့ တာဝန်ကိုယ်စီရှိကြတာအမှန်။ စစ်သားက စစ်တိုက်ရသည်။ ဆရာဝန်က ဆေးကုရသည်။ အင်ဂျင်နီယာက လမ်းဖောက်၊ တံတားဆောက်၊ တိုက်တည်ရသည်။ ဆရာ၊ ဆရာမက စာပြရသည် ဆိုရသလို တာဝန်ကိုယ်စီရှိကြသည့်အထဲ အကျဉ်းဌာနဝန်ထမ်းတို့ ထမ်းဆောင်ရသော တာဝန်မှာ ကြမ်းတမ်းခက်ထရော်သည်လို့ ဆိုရမည်လား။

ဘဝအကျိုးပေး မကောင်းဟု ဆိုရမည်လား မခွဲခြားတတ်သော်လည်း နလုံးစိတ်ဝမ်း အေးချမ်းဖွယ်ရာ လူသာခုခေါ် နတ်သာခုခေါ်သည့် တာဝန်မျိုး မဟုတ်ပါလေ။ ရဲက တရားခံကိုဖမ်းသည်။ တရားသူကြီးက အပြစ်ပေးလိုက်သည်။ သူတို့ထမ်းဆောင်ရသောတာဝန်မှာ အခိုက်အတန့်မျှသာဖြစ်၏။ သူတို့ ဖမ်းဆီးအပြစ်ပေးလိုက်သော အကျဉ်းသားတစ်ဦးကို ထောင်မှမလွတ်မချင်း ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူတို့မှာ အကျဉ်းဌာနဝန်ထမ်းတို့ပင်ဖြစ်၏။ ထားပါတော့၊ သူ့အပြစ်နှင့်သူစိတ်ဖြေလို့ ရသေးသည်။

တစ်ချိန်က ကြိမ်ဒဏ်ရှိခဲ့ဖူးသည်။ လူတစ်ယောက်ကို ကိုယ်လုံးတီးချွတ်၊ ကြိမ်ရိုက်သည့်ကားစင်တွင် တင်၊ ခြေနှင့်လက်တို့ကို မလှုပ်နိုင်အောင် ကြိုးနှင့် ခိုင်မြဲစွာတုပ်၊ တင်ပါးပေါ်တွင် ဆေးဝါရည် လူးထားသော ပိတ်စပါးကလေးကပ်ပြီး ဘယ်ကြိမ်၊ ညာကြိမ် တစ်ရွှမ်းရွှမ်း ရိုက်လိုက်သည့်အခါ အမယ်လေး၊ အဘလေး အော်သံများ တစ်ထောင်လုံး ကျွက်ကျွက်ညံသွားတတ်သည်။ အရိုက်လိုက် အစင်းစင်းကလေးများဉပြီး တင်ပါးကလေး တဆတ်ဆတ်တုန်ခါနေသည့်မြင်ကွင်းမှာ အနိဋ္ဌာရုံ အတိဖြစ်၏။ ရှိစေဦးတော့၊ သင်းမိုက်ပြစ်နှင့် သင်း စိတ်ကိုတင်း၍ ဖြေလိုက်ဦးမည်။

တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရန်စ မရှိဘဲနှင့် လူကို လူချင်း သတ်ရသောအလုပ်မှာ အလေးအနက်ထား၍ စဉ်းစားကြည့်လျှင် တကယ်တုန်လှုပ်ချောက်ချားဖွယ်ကောင်းလှသော တာဝန်မျိုးဖြစ်၏။ စစ်သည်တော်များ စစ်မြေပြင်တွင် စစ်တိုက်ရင်း လူသတ်လျက် ရှိကြသည်။ သို့သော် တစ်ဖက်သတ် အနိုင်ကျင့်၍ သတ်နေခြင်းမျိုးမဟုတ်။ သူပစ် ကိုယ်ပစ်၊ သူသေကိုယ်သေ သတ်နေရခြင်းဖြစ်၏။ ကိုယ်က သူ့ကိုမှန်အောင် မပစ်နိုင်လျှင် သူကကိုယ့်ကို ပစ်ပေလိမ့်မည်။

ဆိုလိုရင်းမှာ ကိုယ်က သူ့ကိုဦးအောင် မသတ်နိုင်လျှင် သူ၏ကျည်ဆန်က ကိုယ်၏ခန္ဓာကိုယ်အတွင်း ဖေါက်ထွင်းသွားလိမ့်မည်။ နှစ်ယောက်ချင်း လုံ့စွပ်တိုက်ပွဲဆင်နွှဲရာတွင်လည်း မိမိက ဦးစွာမထိုးနိုင်လျှင် ရန်သူ၏လုံ့စွပ်ဖျားတွင် မိကာ အသက်ပါသွားခြိမ့်မည်။ သည်တော့ တိုက်ပျော်သည်။ သတ်ပျော်သည်။ နောက်ပြီး စစ်မြေပြင်ဆိုတာက သူသူကိုယ်ကိုယ် သွေးသားဆူပွက်နေချိန် ဖြစ်၏။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့အနက် တစ်မီးမီး တောက်လောင်၍ လူနှစ်ယောက်ရန်ဖြစ်ကြ၊ထိုးကြ၊ ကြိတ်ကြ၊ သတ်ပုတ်ကြရာတွင်လည်း သွေးပူနေချိန်ဖြစ်၍ မထောင်းသာလှ။

ကြိုးဒဏ်စီရင်ရသော တာဝန်မှာမူ ဤသို့မဟုတ်ပါလေ။ အကျဉ်းထောင် လက်စွဲဥပဒေထဲတွင် တစ်ပိုဒ်ချင်း၊ တစ်လုံးချင်း၊ ရေးသားပြဋ္ဌာန်းထားချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာကာ လူတစ်ယောက်၏အသက်ကို ဇီဝိန်ချွေရသော တာဝန်မျိုးဖြစ်၏။ ဒါကြောင့်လည်း အင်္ဂလိပ်လိုကက်ပီတယ်လ်ပန်းနစ်ရှ်မင့်(Capital Punishment) အကြီးမားဆုံးအပြစ်ဒဏ်ရယ်လို့ ခေါ်ဝေါ်သမုတ်ခဲ့လေသလား မပြောတတ်။ တစ်ချိန်က ဗြိတိန်တွင် ကျင့်သုံးခဲ့သော စံနစ်မျိုးရှိလျှင်လည်း အကောင်းသား၊ သူတို့ဆီမှာ ကြိုးဒဏ်ပေးသည့် တာဝန်ကို အကျဉ်းထောင်ဝန်ထမ်းများ လုပ်ရန်မလိုပေ။ လခစားအဖြစ်သော်လည်းကောင်း၊ ကြိုးပေးသည့်အလုပ်ကို အသက်မွေးဝမ်းကြောင်း တစ်ခုအနေနှင့် လုပ်လျက်ရှိကြသည့် ဟင်းဂ်မင်း (Hang Man)ဟူ၍ သီးသန့်ရှိသည်။ ထိုသူများသည် ကြိုးပေးခြင်းအလုပ်ကို အထိအခိုက်ချို့ယွင်းချက် တစ်စုံတစ်ရာမရှိစေဘဲ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ကြသူများ ဖြစ်၏။ 'ကနဲထရိုက်အလုပ်ကို စိတ်ဝင်စားသူများ စဉ်းစားကြကုန်'

ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင်သည် ထောင်မှူးပေါက်စ မောင်မောင်ဘဝက ကြိုးသမားထွန်းရင်မေးခဲ့သော မေးခွန်းကို ဘယ်လိုဖြေခဲ့မိမှန်း စဉ်းစားလို့ မရတော့ပေ။ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် အသက်နှင့်ခန္ဓာကို အိုးစားကွဲရတော့မည့်သူတစ်ဦး ကျေနပ်နှစ်သိမ့်နိုင်မည့်အဖြေမျိုးကို ပေးမပေးနိုင်ခဲ့ပါစဆိုတာလည်း မမှတ်မိတော့။ တစ်ခုတော့ရှိသည်။ ထိုစဉ်ကသူသည်ကြိုးပေးသည့်ကိစ္စများတွင် ဝေလေလေသမားတစ်ဦးသာ။ သူတို့၏ခံစားချက်တွေမှာလည်း တစ်ယောက်တစ်မျိုးစီမို့ စိတ်ဝင်စားစရာတော့ အကောင်းသား။

**ထောင်မှူးများ၏ ခံစားချက်သံစဉ်**

ထောင်မှူးကြီးတစ်ယောက်က–

"ဟာ ...ကျွန်တော်တော့ အလုပ်ကထွက်သွားချင်စိတ်ကို ပေါက်သွားတာပဲ၊ ကြိုးသမားကို ကြိုးစင်ပေါ်ရောက်အောင် ဆွဲတင်ခဲ့ပြီး ဒေါက်ဖြုတ်ချတဲ့အထိတော့ ဒါလောက် မဆိုးသေးပါဘူးဗျ။ လုပ်ငန်းသဘောအရ အဆင်ပြေအောင် စိတ်စောနေမိတာကိုး။ အဲ– အလောင်းကို အပြင်ထုတ်သွားပြီး ကြိုးပေးတဲ့ကိစ္စ လုံးလုံးပြီးစီးပြီဆိုတော့မှ ရင်ထဲက ခံစားမှုကစလာတာကိုး။ ဒါနဲ့ မနက်ကဝတ်ခဲ့တဲ့ ယူနီဖေါင်းတွေကို အားလုံးချွတ်ပစ်လိုက်တယ်၊ နောက်ထပ်လည်း အဲဒီအဝတ်တွေ ပြန်မဝတ်ဖြစ်တော့ပါဘူး။ ပြီးတော့မှ ရေမိုးချိုး အဝတ်အစား အသစ်လဲပြီး အရက်နှစ်ခွက်လောက် ရေမရောဘဲ

သောက်ပစ်လိုက်တယ်။

ရင်ထဲပူထူသွားပြီး နည်းနည်းနလုံးငြိမ်သွား သလိုရှိပါရဲ့။ ဒါပေမဲ့ ကိုယ့်လက်တွေကိုကြည့်ကြည့် ပြီး နလုံးမသန့်ဖြစ်နေတယ်။ တစ်လနစ်လလောက် နဲ့အကင်းမသေဘူးဗျို့။ တဖြည်းဖြည်းကျမှ တာဝန် ပဲလေဆိုပြီး ကိုယ့်စိတ်ကို မနည်းကြီး တင်းယူ ရတယ်။

သူသည် ကြိုးကွင်းစွပ်ပြီး ကြိုးတင်ရာတွင် လက်အောက်ငယ်သားများနှင့် စိတ်မချနိုင်သဖြင့် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်၏။ တစ်ကယ်တော့ စိတ်မချမည်ဆိုလျှင်လည်း စိတ်မချ နိုင်စရာပင်။ ကြိုးကွင်းစွပ်တာက အကြောင်းမဟုတ် သော်လည်း ကြိုးတင်တာက အကြောင်းဖြစ်၏။ အချင်းတစ်လက်မရှိ မနီလာကြိုး၏ အစတစ်စတွင် သံကွင်းကလေးတစ်ခု မြှုပ်၍ ကြိုးကိုကျစ်ထားရ သည်။ မယ်တယ်လ်အိုင်း (Metal Aye)ဟုခေါ်၏။ အဆိုပါ သံကွင်းကို လက်ဝဲဘက်ဖြစ်စေ၊ လက်ယာ ဘက်ဖြစ်စေ မေးရိုးအောက်တည့်တည့် ထားပေးရ သည်။ သို့မှသာ ဒေါက်ဖြုတ်၍ ကြိုးစင်တံခါးပွင့်ပြီး ကြိုးသမား အောက်သို့ကျသွားသည့်အခါ နားရွက် နောက်နားသို့ ရောက်သွားနိုင်မည်ဖြစ်၏။ ကြိုးကွင်း တင်းမနေနိုင်လျှင် ခေါင်းပေါ်တွင် စွပ်ထားသော မျက်နှာဖုံးအိတ်ကြီးနှင့် လည်၍ ကျွတ်ထွက်သွား တတ်သည်။

ဒုတိယထောင်မှူးကြီး၏ အဖြေမှာမူ ခပ်ရိုးရိုး ပင်ဖြစ်၏။

''ဘယ်တတ်နိုင်မှာလဲ ဦးမောင်မောင်၊ တာဝန် ဟာတာဝန်ပဲမဟုတ်လား။ ဝက်ဖြစ်တဲ့ဘဝမှာ မစင် ကြောက်နေလို့ မဖြစ်တော့ဘူးလေ။ လူတစ်ယောက် လုံး သေရမယ့်ကိစ္စမှာ စိတ်တော့ ဘယ်ကောင်းနိုင် မှာလဲ။ သေတာမှ အခုပဲအရှင်လတ်လတ်သန်သန် မာမာကြီးကနေ စက္ကန့်အတွင်းလေ။ ဈေးထဲက ငါး စိမ်းသည်တွေ ငါးထုတာကမှ ကြာဦးမယ်။ ဒါပေမဲ့ ဒီအလုပ်ကို ငါလုပ်တာမဟုတ်ဘူး။ ထောင်မှူးကြီး ဆိုတဲ့အလုပ်က လုပ်တာပဲလို့ ကိုယ်စိတ်က ကိုယ် လှည့်ဖြေရတာပေါ့ဗျာ''တဲ့။

နောက်ထောင်မှူးတစ်ယောက်ရဲ့ အဖြေမှာမူ ခပ်ဆန်းဆန်းဖြစ်၏။ သူသည်လည်း စောစောက ထောင်မှူးလိုပင် သူတစ်ပါးအား စေခိုင်းရသည်ကို အားမရနိုင်ဘဲ ကိုယ်တိုင်ကိုယ်ကျလုပ်ရမှ ကျေနပ် သူတစ်ဦးဖြစ်၏။

''အင်း– ခင်ဗျား မျက်စိအောက်မှာပဲ နစ်ခါရှိပြီ နော်။ ပထမအကြိမ်မှာတော့ စိတ်ထဲမှာ တော်တော် လေးလှုပ်ရှားမိတယ်။ ဒါပေမဲ့ ခပ်ဆန်းဆန်းလေးဗျ ကြိုးသမားကို ကြိုးစင်ပေါ်တင်လိုက်တဲ့အချိန်မှာ ကျွန်တော့်သား ဆန်နီလေးရဲ့မျက်နှာကို ကွက်ခနဲ ပြေးမြင်လိုက်တယ်လေ''

အဆိုပါထောင်မှူးကြီးသည် အိမ်ထောင်ရေး ကသိလ်က် မကောင်းသူဖြစ်၏။ သူကိုယ်တိုင်အရက် မပြောနှင့် ဆေးလိပ်ပင် မသောက်တတ်။ ဆေးလိပ် ငွေ့ပင်မခံနိုင်။ သူ၏ဇနီးမှာ ထိုခေတ်အခါကဆိုရှယ် ခပ်ကျကျနှင့်စီးကရက်လက်ဖျားကမချဘဲယောကျ်ား လေးအပေါင်းအသင်းများနှင့် သွားသွားလာလာ နေ တတ်သူဖြစ်၏။ ကြာလာတော့ တစ်ယောက်နှင့် တစ်ယောက် ဘယ်လိုမှ အစေးမကပ်တော့ဘဲ ဇနီး က သူ့ကိုပစ်သွားခဲ့သည်။ သူက သားကလေး ဆန်နီကိုတော့ မရအရ ယူထားလိုက်၏။ ရှစ်နစ်၊ ကိုးနစ်ခန့်လောက်တော့ရှိပေပြီ။ မိတဆိုးလေး ဆန် နီကို သူအသက်လောက်ချစ်သည်။

''ဆန်နီမျက်နှာမြင်တာ ရိုးရိုးမြင်တာ မဟုတ် ဘူး။ ခင်ဗျားလည်း အသိသားနဲ့ ဒီကောင်က ပေါင် မုန့်ယိုသုတ်ကို သိပ်ကြိုက်တဲ့ကောင်လေ။ ဆန်နီ မျက်နှာမြင်လိုက်တုန်း ပေါင်မုန့်ယိုသုပ်နစ်ချပ်ကို ထပ်ပြီး ပလုပ်ပလောင်း စားနေတဲ့ပုံကို မြင်လိုက် ရတာ၊ အဲဒီတော့ ကျွန်တော့်စိတ်ထဲမှာ ငါဒီအလုပ် ကို သားကလေး ပေါင်မုန့်ယိုသုပ်စားဖို့ လုပ်ရတယ် လို့ စိတ်နလုံး ဒုံးဒုံးချပြီး လုပ်တာပဲ။ ဒီအပြင်တော့ ထူးခြားချက် သိပ်မရှိလုပါဘူး။ နောက်တစ်ယောက်

ကျတော့ လမိုင်းနည်းနည်းကပ်သွားသလား မသိပါဘူးဗျာ၊ လက်ယဉ်သွားတယ်လို့ ပြောရမှာလားပဲ။ ပထမတစ်ယောက်တုန်းကလောက် မဆိုးတော့ဘူးလေ။

''လုပ်စရာရှိတာလုပ်ပြီး အိမ်ပေါ် အသာတက်အိပ်နေလိုက်တယ်၊ ကိစ္စဝိစ္စပြီးလို့ အလောင်းကိုထောင်ထဲကထုတ်ယူသွားမှ ထောင်ဘူးဝအိမ်ပေါ်ကနေပြီး အောက်ကိုငုံ့ကြည့်လိုက်တယ်။ အဲဒီကျတော့ ဒီအလုပ်ကို ငါလုပ်တာမဟုတ်ဘူး။ ငါနဲ့ဘာမှမဆိုင်ဘူး။ ငါကအခုမှ အိပ်ရာကထတာပဲ။ ဒီအလုပ်ကို လုပ်တဲ့သူက နောက်တစ်ယောက်လို့ သဘောထားလိုက်တယ်လေ။ ကဲ–အေးရော မဟုတ်လား''

ထိုစဉ်ထောင်ပိုင်ကြီး၏ ခံစားမှုကိုတော့ မေးမကြည့်ခဲ့ဖူးပေ။ သို့သော် အမူအရာကို အကဲခတ်ခြင်းအားဖြင့် အတော်အတန် သိသာနိုင်ပါသည်။ ထောင်ပိုင်ကြီးတစ်ယောက်သည် နံနက်တိုင်း ပုတီးစိပ်နေကျဖြစ်၏။ ထိုနေ့က ကြိုးပေးရာတွင်လည်း လက်ထဲကပုတီးကို မချ။

သို့သော် ပါးစပ်ကမူ အငြိမ်မနေဘဲ ထောင်မှူးကြီးလုပ်ဆောင်သမျှထဲက အမြင်မတော်သည်များကို ဝင်ရောက်အမိန့်ပေးနေရ၏။ ယင်းထောင်ပိုင်ကြီးသည် တရားသူကြီး အပြစ်ပေးဝရမ်းပေါ်တွင် ကြိုးပေးစီရင်ပြီးကြောင်း လက်မှတ်ရေးထိုးရာတွင်လည်း တုန်တုန်ယင်ယင်ဖြစ်ကာ ဖြောင့်ဖြောင့်တန်းတန်း လက်မှတ်မထိုးနိုင်ဘဲ ဖြစ်နေရှာသည်ကို မြင်ခဲ့ရဖူးသည်။

ခက်တော့လည်း အခက်သား။ နောက်ပိုင်းတွင် အချို့ထောင်ပိုင်များသည် ထောင်မှူးကြီးများ ကိုယ်တိုင် ကြိုးကွင်းစွပ်၊ ကိုယ်တိုင်ဒေါက်ဖြုတ်၍ စတန့်ထွင်လာသည်များလည်း ရှိခဲ့ဖူး၏။ တကယ်တော့ နောက်ပိုင်း အကျဉ်းဌာနဝန်ထမ်းများအနေနှင့် အတွေ့အကြုံကနည်းပါးလာလေရာ မိမိတာဝန် ဖြစ်မည့် အတူတူ မထူးတော့ပါဘူး၊ တစ်တက်စားလည်း ကြက်သွန် နှစ်တက်စားလည်း ကြက်သွန်ဟု သဘောပိုက်ကာ လက်အောက်ငယ်သားကို စိတ်မချနိုင်တိုင်း ကိုယ်တိုင်ဝင်ကြဲကြသည်များလည်း ပါကောင်းပါပေလိမ့်မည်။

မိမိနှင့် လုပ်သက်နှစ်နှစ်လောက်သာ ငယ်သည့် ထောင်ပိုင်ကြီးတစ်ယောက်၏ ခံယူချက်ကမူတစ်မျိုးတစ်ဘာသာ။ ''ကျွန်တော်ကတော့ လူတစ်ယောက်ကို ကြိုးပေးရတော့မယ်ဆိုရင် အဲဒီကြိုးသမား ကျူးလွန်ခဲ့တဲ့ အဖြစ်အပျက်တွေကို အစအဆုံး အခေါက်ခေါက်အခါခါ ပြန်ဖတ်တယ်။ သူ ဘယ်လောက်အထိ ရက်ရက်စက်စက် ပြစ်မှုကျူးလွန်ခဲ့သလဲဆိုတာကို အနုလုံပဋိလုံ ပြန်ပြီးစဉ်းစားတယ်။ သူ့အသတ်ခံရတဲ့ တရားလိုဘက်နေပြီး ဝင်ခံစားကြည့်တယ်။ ငါသာ အဲဒီလိုခံစားရရင် ငါ့မိသားစုသာ အဲဒီလို နိုင့်ထက်စီးနင်း မတရားသတ်ဖြတ်ကျူးလွန်ခံရရင် ငါဘယ်လိုနေမလဲဆိုတာ မပေါ့ပေါ်အောင် တွေးတယ်။ သူ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့နေရာမှာ ခံစားမှုသက်သာသွားတာပေါ့ဗျာ။ သင်းမိုက်ပြစ်နဲ့ သင်းခံရတာပဲလေဆိုပြီး ဖြေသာသေးတာပေါ့''တဲ့။

ဒီနေရာမှာတော့ အဲဒီထောင်ပိုင်နှင့် ရန်အောင်မောင်မောင်တို့မှာ ခံယူချက်ချင်း ဆန့်ကျင်ဘက်လိုဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ဘယ်ကြိုးသမား ကြိုးစင်ပေါ်တက်ရဖို့ ရာခိုင်နှုန်းများသနည်း။ အဲဒီလို ကြိုးသမားကို စေ့စေ့စပ်စပ် မကြည့်တော့ပေ။ တာဝန်အရ သွားရောက်စစ်ဆေးရာတွင်လည်း မျက်လုံးထဲဝေဝါး၍ ကြည့်သည်။ သူ၏အကြောင်းအရာကိုသိထားလျှင် တော်ပြီ။ သူ၏မျက်နှာပုံရိပ်ကြီးကို သေသည်အထိ အမှတ်မရချင်ပေ။ ငါးစိမ်းသည်မ ငါးခေါင်းကို ပိဿာလေးနှင့် ထုလိုက်သလိုများနေလေသလားမသိ။

မိမိတာဝန်ထမ်းဆောင်ရမည့်ထောင်သို့ ရောက်ရောက်ချင်း ပထမဦးဆုံး သွားကြည့်ရသည့်နေရာမှာ ကြိုးစင်ပင်ဖြစ်၏။ ကြိုးစင်မှာ အလီပိုပုံစံ (ALiper pattern)ဖြစ်၍ မြန်မာပြည် အကျဉ်းထောင်ကြီးများတွင် ယင်းပုံစံမျိုးသာ များသည်။

အပေါ်ပိုင်းမှ တိုင်များ၊ တန်းများမှာ အရှင်ဖြစ်၏။ ယင်းတို့ကိုဖြုတ်ပြီး ဂိုထောင်ထဲတွင် သိမ်းထားရာမှ ထုတ်ခိုင်းပြီး အဆင်ခိုင်းရသည်။ ကြိုးစင်အောက်ခံ သမံတလင်းကိုင်ထားသော ကျင်းကိုတော့ အပေါ်မှ ပတ္တာ တပ်ထားသည့် တံခါးကြီးနှစ်ချပ် ဖုံးအုပ်၍ သော့ခတ်ထားသည်။

''ဦးရဲတင့် အဲဒီတံခါးနှစ်ချပ်ကိုဖွင့်ဗျာ။ ပြီးတော့ တံခါးအောက်မှာရှိတဲ့ သံလက်ယက်နဲ့ လီဗာကို သံချေးတွေ ပြောင်အောင်ပွတ်တိုက်ခိုင်းပါ။ ပထမ ရေနံဆီနဲ့ ချွတ်တိုက်ပစ်၊ နောက်မှ ဒီဇယ်နဲ့ဂိုထောင် ထဲက တိုင်နဲ့တန်းတွေကိုလည်းထုတ်ပြီး ပြောင် လက်နေအောင် တိုက်ခိုင်းထားပါ''

အတွေ့အကြုံ မရှိသေးသည့် ထောင်မှူးကြီးကို ပညာလည်းပေးရင်း အလုပ်လည်း ပြီးစီးအောင်ခိုင်း ရသည်။ တိုင်းနှင့်မြို့နယ်တရားရုံးများသို့လည်း ရက် သတ္တတစ်ပတ်ခွာ၍ ရက်ချိန်းအတောင်းခိုင်းလိုက် ၏။ ဖြစ်နိုင်လျှင် တနင်္ဂနွေနေ့ကိုပင် ယာယီသတ် မှတ်ပေးလိုက်သည်။ တနင်္ဂနွေနေ့ဆိုတော့ ထောင် အလုပ်ပိတ်သည်။ ထောင်ဝင်စာလည်း မရှိ။ အစစ အရာရာလုပ်ကိုင်ရတာရှင်းသည်။ ပြီးတော့ တာဝန် ထမ်းဆောင်သူတို့အနေနှင့်လည်း နားနားနေနေ ကိုယ်စိတ်နှစ်ပါး အပန်းဖြေနိုင်သည်။

''သူတို့နှစ်ယောက် စီရင်ချက်မိတ္တူ လက်ခံရရှိ ရင် ပေးစမ်းပါဦးဗျာ။ ဖတ်ကြည့်ရအောင်။ နောက် ပြီး မရှင်းတာရှိရင်လည်း ခင်ဗျားတို့ကို မေးချင်ပါ သေးတယ်''

သူငယ်ချင်းထောင်ပိုင်လိုပင် လွမ်းစရာပေါ်လာ လျှင် နာစရာနှင့်ထေနိုင်ရန် သူတို့နှစ်ယောက်အ ကြောင်းကိုလည်း သိထားချင်သေးသည်။ အောင်မြ နှင့်သန်းမြင့်တို့နှစ်ယောက် အမှုဖြစ်ပွားပုံမှာ သိပ်ပြီး အဆန်းတကြယ် ရှိလှသည်တော့မဟုတ်။ သို့သော် ရက်စက်ကြမ်းကြုတ်မှုမှာတော့ မီးကုန်ယမ်းကုန် ဖြစ်၏။ တစ်ခုတော့ရှိသည်။ သင်ခန်းစာယူလိုသူ များအတွက်တော့ ဗာလာနံ= လူမိုက်တို့နှင့်၊ အသေ ဝနာစ– ဝေးစွာရှောင်ရှားရန်တည်းဟူသော မင်္ဂလာ တရားတော်က အစချီရပါလိမ့်မည်။

အောင်မြနှင့်သန်းမြင့်တို့သည် မကွေးတိုင်း အတွင်းရှိမြို့ငယ်လေးတစ်မြို့တွင် တစ်မြို့တည်းနေ၊ တစ်ရေတည်းသောက်၊ မွေးဖွားကြီးပြင်းလာခဲ့ကြ သော ငယ်ပေါင်းကြီးဖော်များဖြစ်ကြသည်။ အောင် မြ၏ဖခင်မှာ အစိုးရစက်ရုံတစ်ရုံတွင် အလုပ်လုပ်၍ သန်းမြင့်၏ဖခင်မှာ သင်္ဘောဆိပ်တွင်ကူလီထမ်းနေ ရသဖြင့် လက်လုပ်လက်စားများဟု ဆိုရပေမည်။ မည်သို့ပင်ဖြစ်စေ မိဘများ၏မေတ္တာမှာ သားသမီး များကို ပညာတတ်စေချင်ကြသည်။ မိမိတို့လိုပင် ပင်ပန်းပန်း လုပ်ရမည်ကို စိုးရိမ်ကြသည်။ သို့ဖြစ်၍ သူတို့နှစ်ဦးကိုလည်း မဖြစ်မနေ ကျောင်းထားပေး ခဲ့ကြသည်။

သူသူငါငါ သတ္တဝါတို့၏ ဓလေ့စရိုက်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝတည်းက မပီ့တပီ ရုပ်လုံးကြွလာတတ်၏။ ကြီးလာလျှင် ခြင်ကောင် ဖြစ်မလား၊ ဆင်ပြောင်ဖြစ်မလားဆိုတာ ငယ်စဉ်က တည်းက ခန့်မှန်းလို့ရ၏။ ခြင်ကောင်ဖြစ်မည့်သူက ရေညှိရေမှော်ကိုစားနေသည့် ပိုးလောက်လန်းဘဝ ဖြင့် ရေထဲမှာ တလူးလူး တလွန့်လွန့်။ ဆင်ပြောင် ဖြစ်မည့်သူက ညာသံပေး၍ ဆင်စွယ်ရာကလေး ပြူတစ်ပြူတစ်။ အောင်မြမှာ ငယ်စဉ်ကတည်းက အနေအေးသည်။ လူချင်းယှဉ်လျှင် ကြောက်တတ် သည်။ ရန်ဖြစ်တော့မည်ဆိုလျှင် ဝေးဝေးရှောင်ပြေး တတ်၏။

သန်းမြင့်က လူဆူ၊ လူပူ၊ လူစွာ၊ ရန်မဖြစ် ရလျှင်မနေတတ်သူ။ အောင်မြကိုတော့ သန်းမြင့်က ခွေး ချေးနိုင်သလို အသေနိုင်သည်။ သူတို့နှစ် ယောက် ခုနစ်တန်းကျောင်းသားဘဝ ရောက်သည့် နှစ်မှ စပြီး ပျက်စပြုပြီ။ ပျက်စပြုပြီဆိုခြင်းထက် သန်းမြင့်ဖျက်၍ အောင်မြပျက်ရပါသည်ဟု အခိုင်အ မာဆိုမှ ပို၍မှန်ကန်ပါလိမ့်မည်။ ကျောင်းမှန်မှန် တက်နေသူ အောင်မြကို ကျောင်းပြေးရန် စတင်

သွေးထိုးလှုံ့ဆော်သူက သန်းမြင့်။ အောင်မြ စာကျက်နေလျှင် လာရောက်ဖြားယောင်းသွေးဆောင်ခေါ်ဆောင်သွားသူက သန်းမြင့်။ ဆေးလိပ်သောက်သင်ပေးတာတို့ အိမ်မှပိုက်ဆံခိုးရန် နည်းပေးလမ်းပြလုပ်ပေးသူမှာလည်း သန်းမြင့်။ ဘယ်ဘဝက ဝဋ်ကြွေးရယ်လို့မသိ။ အောင်မြသည် သန်းမြင့်၏ဩဇာအာဏာကို တစ်လုံးတစ်ပါဒမျှ မလွန်ဆန်ဝံ့အောင် သိမ်ငယ်လွန်းလှသည်။

ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှ မရွေ့တို့၊ လူတင်ပါလို့ နွားကျားကိုက်တာပါတို့ဆိုတဲ့ စကားပုံတွေမှာ အောင်မြနှင့် လားလားမှမသက်ဆိုင်သလိုဖြစ်နေ၏။ သန်းမြင့်၏ တစ်သွေးတစ်သံတစ်မိန့်အောက်တွင် အောင်မြ၏ခေါင်းမှာရွေ့ရုံမျှမက ပြားပြားဝပ်၍ စိုက်စိုက်ပင်ကျိုးကျခဲ့ရပြီး ချုံထဲက ကျားကြီး ပြောင်ထွက်ဆွဲခဲ့သည်မှာ ရှစ်တန်းအရောက်နှစ်ရောက်စလုံး ကျောင်းထုတ်ခံရသည်အထိ ဆိုးသွမ်းခဲ့ကြ၏။ အောင်မြ၏မိဘများကတော့ သူတို့သားကို သန်းမြင့်နှင့် လုံးဝမတွဲရန် ပြောမရသည့်အတူတူ ကျောင်းအထုတ်ခံရတာပင် ခပ်ကောင်းကောင်းဟု တွက်မိကြသည်။ ဘာပဲဖြစ်ဖြစ် ယခင်ကလိုတော့ တစ်ပူးတွဲတွဲ နေလို့မရတော့။ ပြီးတော့ စက်ရုံမှအကြီးကဲများကိုအကူညီတောင်းကာ အောင်မြအား နေ့စားအလုပ်တစ်နေရာရအောင် သွင်းပေးထားလိုက်သည်။ သန်းမြင့်မှာမူ သူ့အဖေနှင့်အတူ သင်္ဘောဆိပ်တွင် ကူလီထမ်းသလိုလို ဘာလိုလိုနှင့် ယောင်ခြောက်ဆယ်ဘဝဖြင့်ဆိုးမြဲ၊ ပေမြဲ၊ တေမြဲ။

လူဆိုး၊ လူပေ၊ လူတေတို့အတွက် ထောင်ဘူးဝတံခါးကြီးသည် ထာဝရဖွင့်ထားလျက်ရှိရာ သန်းမြင့်မှာ သင်္ဘောပေါ်မှပစ္စည်းခိုးမှုနှင့် ပခုက္ကူထောင်တွင် ဈေးဦးပေါက် ထောင်နှစ်နှစ်ကျခဲ့ရ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် အောင်မြ၏မိဘများမှာလည်း သူတို့သားအတွက် ဗေဒင်ဆရာကြီးတစ်ဦးထံတွင် စစ်ဆေးကြည့်ရာ ဥပစ္ဆေဒကကံ ထိုက်နိုင်သည်ဟု ဟောလိုက်သဖြင့် အောင်မြကို ရဟန်းဝတ်ခိုင်းလိုက်၏။ အသက်နှစ်ဆယ်မပြည့်သေးသဖြင့် ပဋိသန္ဓေတစ်နှစ်ကိုယူကာ ရဟန်းဘောင်တက်ခဲ့ရသည်။ အောင်မြမှာ ဦးအာစရိယဘဝနှင့်ရဟန်းဘောင်တွင် မြဲသွားလျှင်ကောင်းပေသား။ ယခုတော့ သည်လိုမဟုတ်။ အဖို့ကပါလာလေသလား မပြောတတ်။ ရဟန်းဘဝနှင့် မပျော်ပိုက်ဟုဆိုကာ တစ်နှစ်မပြည့်မီ လူပြန်ထွက်လာသည်။ မိမိနှစ်ခြိုက်သူတွေ့လျှင် အိမ်ထောင်ပြုရန် မိဘတွေက တိုက်တွန်းပြန်တော့လည်း ကျွန်တော် မိန်းမ, မယူချင်သေးပါ။ မိဘကို လုပ်ကျွေးချင်ပါသေးသည်ဟု ဆိုလာပြန်သည်။

ထိုအတောအတွင်းမှာပင် သန်းမြင့်လည်း ပခုက္ကူထောင်မှတစ်ဆင့် ရဲဘက်စခန်းများရောက်ကာ လျှော့ရက်များရ၍ ထောင်မှလွတ်လာခဲ့ပြန်သည်။ လူ့ဘဝတွင် 'မလိမ္မာတစ်ခါမိုက်'သူတို့သာ ထောင်ကထွက်လာလျှင် အပိုးကျိုးတတ်သော်လည်း သန်းမြင့်လို 'ခွေးမြီးကောက် ကျည်တောက်စွပ်'ရမည့် လူစားမျိုးအတွက်မူကား၊ 'မြင်းကို ချိုတပ်လိုက်သလို' ရှေးကထက် ပိုဆိုးပိုမိုက်လာခဲ့သည်။ သူ့ကိုယ်သူ ခိုးမှုနှင့်ထောင်ကျလာတာကိုများ တစ်ကယ့်လူစွမ်းကောင်းကြီးပမာ၊ 'ထောင်ထွက်ကွ'ဟု ဂုဏ်ယူဝင့်ကြွားချင်လိုက်သေးသည်။

အောင်မြမှာလည်း ရဟန်းဝတ်ကထွက်လာပြီးနောက် စက်ရုံတွင် အလုပ်ပြန်ဝင်ခဲ့ရာ တာဝန်အရ စက်ရုံမှပစ္စည်းများကို သင်္ဘောဆိပ်သို့ သွားပို့ရသည့်တာဝန်ကိုယူနေရသည်။ အဲဒီမှာ သန်းမြင့်နှင့် အောင်မြတို့နှစ်ယောက် ပြန်လည်ဆုံဆည်းမိကြခြင်းပင်ဖြစ်၏။ တစ်နေ့တွင် သန်းမြင့်က အောင်မြကို အရက်တိုက်ခိုင်းသည်။ အောင်မြက သူမသောက်တတ်၍ မတိုက်နိုင်ကြောင်း ငြင်းသည်။ သန်းမြင့်က မရမကဖွတ်ပြောနေရာ မတတ်သာသည့်အဆုံး အိတ်ထဲတွင်ပါလာသည့် ပိုက်ဆံကို ထုတ်ပေးလိုက်သည်။

သန်းမြင့်က လက်မခံဘဲ မင်းကိုယ်တိုင်လိုက်တိုက်ရမည်ဟု အတင်းခေါ်သဖြင့် အရက်ဆိုင်သို့

လိုက်သွားခဲ့ရသည်။ ငယ်ကြောက် မဟုတ်လား။ အရက်ဆိုင်ရောက်မှတော့ အောင်မြလည်း ဘာအသားနဲ့ ထုထားတာမို့ ခံနိုင်ပါမည်နည်း။ သန်းမြင့် တစ်ချက်အော်လိုက်ရုံနှင့် တစ်ခွက်ဝင်သွားသည်။ နှစ်ချက်အော်တော့ နှစ်ခွက်ဝင်သွားပြီ။ ဒီတော့မှ သန်းမြင့်က သူ့လိုရင်းကို ဇာတ်စုံခင်းပြတော့သည်။

''ဟေ့ကောင် အောင်မြ၊ မင်းကို ပူတူးမက တစ်ဖက်သတ် ကြွေနေတာကွ''

''ဘယ်ပူတူးမလဲ''

''တို့သင်္ဘောဆိပ်မှာ ကွမ်းယာရောင်းနေတဲ့ ပူတူးမလေ ကွမ်းယာဆိုင်က ပူတူးမပေါ့''

''ဒါတွေ ငါစိတ်မဝင်စားဘူး''

''မင်း စိတ်မဝင်စားပေမယ့် ငါစိတ်ဝင်စားတယ်''

''မင်းစိတ်ဝင်စားရင် မင်းဘာသာမင်း ရအောင်ယူပေါ့ကွ''

''အေး ... သူက ငါ့ကိုမကြိုက်လို့ခက်နေတာပေါ့။ မကြိုက်ရုံတင်မကဘူး စော်ကားလိုက်သေးတယ်ကွ။ ထောင်ထွက်အလုပ်မရှိတစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်တဲ့။ နင့်လိုကောင်စား ယူမယ့်အစား သူတောင်းစားယူတာကမှ တောင်းကျွေးဦးမယ်တဲ့။ ဒါနဲ့ငါက အောင်မြလိုကောင်ဆိုရင်ကော ဆိုတော့၊ ဟဲ့- သူနဲ့နင်နဲ့ တူသလားတဲ့။ ဟိုက အလုပ်နဲ့ အကိုင်နဲ့ အတည်တကျနေတာတဲ့''

''ဒါတော့ ငါလည်း မတတ်နိုင်ဘူး''

''မင်းမတတ်နိုင်ပေမယ့် ငါတတ်နိုင်တယ်၊ ဒီမယ် သန်းမြင့်တဲ့ကွ၊ တစ်မြင့်တည်းရှိတယ်၊ နားလည်လား၊ ဟောဒီမှာကြည့်''

သန်းမြင့် ပြောပြောဆိုဆို သူ၏ရုပ်အင်္ကျီထဲမှ စာနှစ်စောင်နှင့် ဓာတ်ပုံကိုထုတ်ပြသည်။ ဓါတ်ပုံမှာ သန်းမြင့်ပြောသည့် ပူတူးမ၏ ဓါတ်ပုံဖြစ်၏။ စာနှစ်စောင်ကို အောင်မြက ယူဖတ်ကြည့်ရာ မိမိထံသို့ ပြန်ထားသော ရည်းစားစာနှစ်စောင် ဖြစ်နေသည်။ အောင်မြ အခုမှ ပြန်စဉ်းစားကြည့်သည်။ ခုတလော ပူတူးမ၏ အပြုံးပန်းတွေ ဖော်ရွေမှုတွေ ဝေဆာနေပုံ၊ ကွမ်းယာစားပါဦးလား၊ စီးကရက်သောက်ပါဦးလားဟု လောကွတ်ပျူငှာ ရှိနေပုံတို့ကို တစ်စိမ့်စိမ့် တွေးပြီး ပူတူးမအတွက် စိတ်မကောင်းဖြစ်နေမိသည်။ ဓါတ်ပုံကျောဘက်တွင်လည်း 'ချစ်သော အောင်မြသို့' ဟု ရေးထားသေးသည်။

''သန်းမြင့် မင်း ဒီလို မိန်းကလေးတစ်ယောက်ကို မလှည့်စားသင့်ဘူးကွာ''

အောင်မြက အပြစ်တင်သော လေသံဖြင့်ပြောရာ သန်းမြင့်ကမူ ဘာမှမဖြစ်သလို တဟဲဟဲ ရယ်မောရင်း အရက်ခွက်ကိုယူပြီး မော့လိုက်သည်။

''ဟေ့ကောင် ဘုန်းကြီးလူထွက် ငတုံး။ လောကကြီးအကြောင်း မင်းဘာမှ နားမလည်သေးပါဘူး။ မင်းကိုယ်မင်း လူပြန်တော်ပညာရှိဂိုက် ဖမ်းမနေစမ်းပါနဲ့။ ပူတူးမကလည်း မင်းကိုအတည်ကြံတာ မဟုတ်ပါဘူး၊ သူ့မှာ ရည်းစားတွေမှိုလိုပေါက်နေလို့၊ နေဦး မင်းကို ငါတစ်နေ့ လက်တွေ့ပြဦးမယ်။ ငါ့အကြံက ဒါနဲ့မပြီးသေးဘူး''

### အကြံအောင်သောနေ့သည် ထောင်ကျသောနေ့

မှန်ပါသည်၊ သန်းမြင့်၏အကြံ တကယ်ပင် မဆုံးခဲ့ပါ။ ယင်းအကြံ အောင်မြင်သောနေ့မှာ သူတို့ သုံးယောက်စလုံး အကုသိုလ် အလုံးလိုက် အရင်းလိုက်ဝင်သော နေ့တစ်နေ့ ဖြစ်ပါလေ၏။ ထိုနေ့က ဧရာဝတီမြစ်ရေစီးကြောင်းပြောင်း၍ ကောက်သွားသော သင်္ဘောဆိပ်ပေါ်ရှိ ဆိပ်ခံသင်္ဘောပျက်ကြီး ပေါ်တွင် သန်းမြင့်နှင့်အောင်မြတို့ သောက်စားကြသည်။ မကြာမီ သန်းမြင့်စာရေး၍ ချိန်းဆိုထားသည့် အတိုင်း ပူတူးမတစ်ယောက် ဆိုက်ကားတစ်စီးဖြင့် ပေါက်ချလာ၏။

သန်းမြင့် ပူတူးမကို ပထမ အောင်မြနှင့်လွှတ်ပေးသည်။ ပြီးတော့ သူကပါ အလိုမတူဘဲ သားမယားအဖြစ် ဓားထောက်၍ပြုကျင့်ခဲ့သည်။ ပူတူးမ

က သန်းမြင့်လက်ထဲက ဓားကိုလုပြီး ပြန်ထိုးခဲ့ရာ သူ့လက်မောင်းတွင် ဒဏ်ရာရသွားခဲ့သည်။ သန်းမြင့် သူ့အသားထိ၍ သွေးစိမ်းရှင်ရှင် ထွက်လာပြီဆိုတော့ ငယ်ထိပ်သွေးတက်ပြီ။ ပုတူးမကိုချုပ်ကိုင်ပြီး အောင်မြကို ဓားနှင့်ထိုးစေ၏။ သူကိုယ်တိုင်လည်း ထိုး၏။ အမှုကတော့ ဒါပါပဲ။ ရက်စက်ကြမ်းကြုတ်လှသော မုဒိမ်းလူသတ်မှု။

သူတို့နှစ်ယောက်အား ကြိုးပေးမည့်နေ့။ တရားသူကြီး အဖွဲ့လည်းရောက်နေကြပြီ။ ထောင်ဆရာဝန်လည်း အဆင်သင့်။ အကျဉ်းဦးစီးဌာနအရာရှိနှင့် အကြပ်တပ်သားများသည် ကြိုးစင်နောက်ဘက်ပိုင်းကို ဂငယ်သဏ္ဍာန်ပိုင်းရံထားကြသည်။ လျှပ်စစ်မီးရောင် ထိန်ထိန်လင်းနေသည့်အပြင် အရေးပေါ်မီးငြိမ်းသွားပါက အဆင်သင့်ဖြစ်ရန် အောက်လင်းဓာတ်မီးလေးလုံးထွန်းညှိထားရာ လေထွက်သံတရှူးရှူး တရှဲရှဲမှတစ်ပါး ပကတိအသံ တိတ်ဆိတ်လျက်။

ထောင်ပိုင်ကြီးသည် ကြိုးစင်အောက်ခြေတွင် ရပ်လျက် သူ၏လက်အောက်ငယ်သားများ တစ်ခုပြီးတစ်ခု လုပ်ဆောင်ချက်များကို စူးစိုက်ကြည့်လျက်ရှိ၏။ ဒေါက်ဖြုတ်ရန် တာဝန်ယူထားသူကမူ လက်နှစ်ဖက်က ဒေါက်ခလုပ်ကိုကျစ်ကျစ်ပါအောင် ဆုပ်လျက်၊ တခြားဘယ်ကိုမှမကြည့်။ ထောင်ပိုင်ကြီးကိုသာ မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေ၏။ အောင်မြနှင့်သန်းမြင့်တို့ ကြိုးစင်ပေါ် ရောက်၍ သူတို့အတွက် ဆေးဖြူဖြင့်ဝိုင်းထားသောနေရာအသီးသီးတွင် ခြေစုံရပ်မိကြပြီ။ အောင်မြက ညာဘက်တွင် သန်းမြင့်မှာ ဘယ်ဘက်က။ သူတို့နှစ်ယောက်၏ ဦးခေါင်းကို ခေါင်းစွပ်အဖြူကြီးများလည်ပင်းအထိစွပ်ထားရာ အပေါ်အင်္ကျီလက်ပြတ်၊ အောက်ပိုင်းနံငယ်ဖြူနှင့်ဆိုတော့ ပိုးတောင့်တဲကြီးနှစ်ခုနှင့် တူနေသည်။

အောက်ပိုင်းမှ ခြေထောက်နှစ်ချောင်းကို ကြိုးတုပ်သူများက အလျင်အမြန် တုပ်ပေးနေကြသည်။ လက်နှစ်ဖက်မှာမူ ကြိုးတိုက်မှ ထုတ်စဉ်ကတည်းက လက်ပြန်ကြိုးတုပ်ပြီးသား။ ထိုအခိုက်မှာပင် အရာရှိတစ်ဦးက–

''တပ်ဖွဲ့ သတိ''

ဟုအမိန့်ပေးလိုက်ရာ ဂငယ်သဏ္ဍာန် ဝိုင်းထားသောတပ်ဖွဲ့ဝင်များ သက်သာအနေထားမှ သတိဆွဲလိုက်ကြသည်။ ကြိုတင်ပြင်ဆင်ဓာတ်တိုက်ထားပြီး ဖြစ်သည့်အတိုင်း ဝန်ထမ်းအသီးသီး၏ လုပ်ဆောင်ချက်များမှာဆက်တိုက်ပင်ဖြစ်၏။ အောင်မြနှင့်သန်းမြင့်တို့နှစ်ယောက်ကို ကြိုးကွင်းစွပ်၍ ကြိုးစကိုတင်းပြီးပြီ။ ထောင်ပိုင်ကြီး၏ အသံထွက်ပေါ်လာ၏။

''ကိုင်း မင်းတို့ လိုရာဆုကိုတောင်းကြ''

ပထမဦးဆုံး အောင်မြ၏အသံထွက်ပေါ်လာ၏။ အသံမှာ ပီပီသသကြီးမဟုတ် ခပ်ဝါးဝါး။

''ဖြစ်လေရာ ဘဝတိုင်းမှာ အခုလို မကောင်းတဲ့ အပေါင်းသင်းမျိုးနဲ့''

အောင်မြ၏ အသံမဆုံးမီ သန်းမြင့်၏ အသံစူးစူးဝါးဝါး ပေါ်လာပြန်၏။ ပီပီသသကြီး။

''ဟေ့ကောင် အောင်မြ..မင်း အဲဒီလို''

ထိုအခိုက်မှာပင် ထောင်ပိုင်ကြီးသည် ဘောင်းဘီအိတ်အတွင်းမှ လက်ကိုင်ပုဝါ အဖြူကလေးတစ်ထည်ကို ဆွဲထုတ်လိုက်ရာ ဒေါက်ဖြုတ်သူက အံကိုကြိတ်ပြီး ဒေါက်ခလုပ်ကို ဆွဲဖြုတ်လိုက်၏။ ကြိုးစင်ပေါ်မှ တံခါးကြီးနှစ်ချပ် ဂျိုင်းခနဲ မြည်ဟီးသွားကာ ပိုးတောင့်တဲကြီးနှစ်ခု အောက်သို့ လျှောခနဲ ကျဆင်းသွားတော့သည်။ ကြိုးစနှစ်ခုမှာ ခါယမ်းခြင်း မရှိဘဲ တင်းတင်းရင်းရင်း တည်ငြိမ်လျက်။ သန်းမြင့်သည် မသေခင် နောက်ဆုံးစက္ကန့်ပိုင်းအထိ အောင်မြအပေါ်အနိုင်ယူကာ ဩဝါဒပေးနေဆဲပါတကား။

**ရန်အောင်မောင်မောင်**

### အပေါင်းအသင်းများ ကြိုးစင်သွား

ဤဖြစ်ရပ်နှင့် ပတ်သက်၍ ဒဿနတစ်ခုကို တင်ပြချင်ပါသည်။ ယခုဖြစ်ရပ်၌ ပါရှိသော အောင်မြသည် သူတော်ကောင်းဓာတ်ခံရှိသူ ဖြစ်ပါသည်။

သူတော်ကောင်း မိတ်ဆွေနှင့်သာတွေ့လျှင် ရဟန္တာပင်ဖြစ်ချင်ဖြစ်နိုင်ပေလိမ့်မည်။ သို့ပါလျက် သန်းမြင့်ကဲ့သို့ ယုတ်မာသောမိတ်ဆွေနှင့် ရှည်ကြာစွာ ပေါင်းသင်းမိသောကြောင့် မုဒိမ်းမှု၊ လူသတ်မှုဖြင့် ကြိုးဒဏ်ကျခံရပေသည်။


နှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသားပစ္စေကဗုဒ္ဓါအလောင်းသည်ပင် မိတ်ဆွေယုတ်၊ ဆရာယုတ်နှင့်တွေ့ပြီး မုဆိုးကြီးဘဝသို့ ရောက်ခဲ့ရသေးသည်။ ကံကောင်းထောက်မစွာ ဘုရားအလောင်းဥဒေါင်းမင်းကြီးနှင့် တွေ့ရသောကြောင့်သာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားရခြင်းဖြစ်သည်။

ဥဒေါင်းမင်းနှင့်သာ မတွေ့ရလျှင် ငရဲကျဖို့ရာ သေချာနေပေသည်။ ထို့ကြောင့် ဗုဒ္ဓက အပေါင်းအသင်းနှင့်ပတ်သတ်၍ တိကျစွာ ဟောကြားတော်မူထားခြင်းဖြစ်၏။ ဗုဒ္ဓ၏ ဟောကြားချက်မှာ မိမိထက်သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး သာလွန်သူကိုသာ ရှာဖွေ၍ ပေါင်းသင်းရမည်။ သိက္ခာသုံးပါး သာလွန်သူကိုမရလျှင် သိက္ခာသုံးပါး တန်းတူရှိသူကို ရှာဖွေပေါင်းသင်းရမည်။

မိမိနေသော အရပ်၌ မိမိထက်၊ သိက္ခာသုံးပါး သာလွန်သူ၊ တန်းတူသူ မရှိလျှင် တစ်ယောက်တည်းသာ နေရမည်။ မိမိထက် သိက္ခာသုံးပါး နိမ့်ကျသူကိုကား ဘယ်သောအခါမှ မပေါင်းသင်းအပ်၊ အကြောင်းကား မိမိသိက္ခာသုံးပါး,ပါ နိမ့်ကျပျက်စီးသွားနိုင်ခြင်းကြောင့်ပင်တည်း။

(စာရေးသူ)

**မိမိနေသော အရပ်၌ မိမိထက်၊**
**သိက္ခာသုံးပါး သာလွန်သူ၊**
**တန်းတူသူမရှိလျှင်**
**တစ်ယောက်တည်းသာနေရမည်။**
**မိမိထက် သိက္ခာသုံးပါး နိမ့်ကျသူကိုကား**
**ဘယ်သောအခါမှ မပေါင်းသင်းအပ်၊**
**အကြောင်းကား မိမိသိက္ခာသုံးပါး,ပါ**
**နိမ့်ကျ ပျက်စီးသွားနိုင်ခြင်းကြောင့်ပင်တည်း။**


ကာမဂုဏ်နှင့် သစ္စာ
ရန်အောင်မောင်မောင်

# ကာမဝုဏ်နှင့်သစ္စာ

မေထုန်၊ လောင်းကစား၊ အရက်၊ ဤသုံးပါး သည် ဘယ်သောအခါမှ ရောင့်ရဲသည်ဟူ၍မရှိချေ။
(အင်္ဂုတ္တိုရ်ပါဠိတော်)

ကိုယ့်မိန်းမကိုယ်သတ်ပြီး ထောင်ထဲရောက်လာကြကုန်သော'ဒိန်းတလိန်း'ကြောင်များ အကြောင်း ကတော့ 'ပြောမဆုံးပေါင် တောသုံးတောင်' လို့ ဆိုရမည်လားမသိ။ ရေးဖွဲ့လို့ မကုန်နိုင်တယ်။ ကဲ– မယုံချင်နေဟု လောကအလည်အုံသြစဖွယ်ကောင်း လုပါပေ၏။ သို့သော်သူတို့၏ ဇာတ်လမ်းအများစုမှာ တစ်ခါလာလည်း မပြောပုဆိုးဆိုသကဲ့သို့ ထူးမခြားနားတွေသာ များနေလေတော့ ကျမ်းလေးအံ့စိုး၍ စုံတကာစေ့အောင် မဖေါ်ပြလိုတော့ပြီ။ အဲဒီ အထဲက ဦးဘရှင်တစ်ယောက်၏ ဇာတ်ကြောင်းကလေး မှာမူ မပြောပုဆိုးထဲက ဆင်ကွဲတစ်ခုလိုဖြစ်နေသဖြင့် အနောက်တိုင်းထမင်းစားပွဲတွေ၏ ဒဲဇတ်အစာပိတ် သဘောထားကာ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ချင်ပါသေးသည်။

ဦးဘရှင်မှာ ထောင်မှူးမောင်မောင် တာဝန်ယူရသည့်အလုပ်ဘက်မှကော်ပတ်ဘုတ်ကိုင်တစ်ယောက်ဖြစ်သည်။ ကော်ပတ်ဘုတ်ကိုင်ဆိုလို့ အထင်မသေးလေနှင့်။ သူလည်း ထောင်ထဲမှာတော့စားသာသော နေရာတစ်နေရာဖြစ်၏။

ဘဏ္ဍာရေးနှစ် တစ်နှစ်တစ်နှစ် ထုတ်လုပ်ရသည့် လက်သမားလုပ်ငန်းမှ ပရိဘောဂတန်ဖိုးမှာ နည်းနည်းနောနော မဟုတ်ပေ။ သိန်းချီ၍ ထုတ်လုပ်ရသည်။ ကျောင်းပရိဘောဂ အများဆုံးဖြစ်သည်။ အစိုးရဌာနများ၊ ကျောင်းများမှာ ပရိဘောဂ လုပ်ချင်လျှင် ပထမဦးဆုံး အကျဉ်းထောင်ကို မှာရသည်။

အကျဉ်းထောင်မှလုပ်မပေးနိုင်လျှင် အန်အေစီ Nom Availaule Certificate တောင်းရ၏။ ယင်းထောက်ခံချက်ပါမှ ပြင်ပတွင် တင်ဒါခေါ်၍ လုပ်ခွင့်ရှိသည်။ ဒီကြားထဲ ထောင်အရာရှိကြီးငယ်များနှင့် မကင်းရာမကင်းကြောင်း အိမ်ထောင်ပရိဘောဂများလည်း ကြားညှပ်လုပ်ပေးရသေးသည်။ အဆိုပါ လက်သမားရုံမှ ထွက်သမျှ နောက်ဆုံး ကော်ပတ်ရုံသို့ ပို့ရသည်။ ရုံးသုံးဗီရိုတို့၊ အရာရှိစားပွဲတို့၊ ကုလားထိုင်တို့ဆိုလျှင် ကော်ပတ်စားပြီး ပါလစ်သုတ်ပေးရသည်။ လက်သမားရုံမှ အကျဉ်းသားတွေကလည်း ဆေးလိပ်သေတ္တာကလေးအစ၊ ခေါက်မုန့်ကလေးအစ ဆေးလိပ်ဖိုးရအောင် အကြံအဖန်လုပ်လေ့ရှိကြ၏။ ယင်းပစ္စည်းများကို ကော်ပတ်စားပြီး ပါလစ်သုတ်ဖို့ ကိစ္စကျတော့ ဦးဘရှင်ကို ကပ်ရသည်။ ဆေးလိပ်ပေးရသည်။ အလားတူပင် ထောင်တွင်းမှာထိုးသည့်ကြိုးပုတီးကိုလည်း အပြင်လူများအလွန်ကြိုက်နှစ်သက်ကြသည်။ ယင်းကြိုးပုတီးကိုလည်း ပါလစ်ဝအောင် စိမ်ထားလေလေ၊ ကြာရှည်ခိုင်ခံ့လေလေ၊ ထောင်မှူးမောင်မောင်ကိုင်သည့် ကြိုး

ပုတီးဆိုလျှင် ဒုလ္လဘရဟန်း သုံးကြိမ်ခံ၍ သိမ်သုံးကြိမ် ဝင်ပြီးပြီ။ အနှစ်သုံးဆယ်ကျော်ကျော် ယခုထက်တိုင် ကိုင်နေဆဲဖြစ်၍ အရောင်တဖိတ်ဖိတ်။

ဦးဘရှင်၏ ထူးခြားချက်က စကားတစ်ခွန်းပြောပြီးလျှင် ယင်းပြောပြီးသား စကားကိုနှုတ်မှ တိုးတိုးကလေး ရွတ်ဆိုနေတတ်ခြင်းဖြစ်၏။ ဥပမာ ထောင်မှူးမောင်မောင် နိုင်းစရာရှိ၍ ခေါ်လိုက်သည့်အခါ သူရောက်ပြီး''ဆရာကြီး ကျွန်တော်ရောက်ပါပြီ'' ဟုပါးစပ်မှ အသံထွက်၍ ပြော၏။ ပြီးတော့ အသံမထွက်ဘဲ နှုတ်ခမ်းနှစ်ခုကို တရွရွလှုပ်ပြီး ''ဆရာကြီး ကျွန်တော် ရောက်ပါပြီ'' ဟု ထပ်ပြောတတ်သည်။

ထောင်မှူးမောင်မောင် သူနှင့်တွေ့စက မေးကြည့်ဖူးသည်။

''ခင်ဗျားဟာ ဘယ်လိုဖြစ်တာလဲ ဦးဘရှင်၊ ဘာပြုလို့စကားပြောပြီးတိုင်း ခင်ဗျားပါးစပ်က လှုပ်နေရတာလဲ''

''ကျွန်တော်လည်း ဘာဖြစ်မှန်းမသိဘူး ဆရာကြီး၊ မွေးရာပါအကျင့်ပဲ၊ ကျွန်တော် လူမှန်းသူမှန်းသိတတ်တဲ့ အချိန်ကစပြီး အဲဒီလိုပဲ ပြောပြီးသားနောက်ဆုံးစကားကို ခပ်တိုးတိုး ပြန်ပြန်ရွတ်တတ်တာ အကျင့်လိုဖြစ်နေပြီ''

ပြောရင်းဆိုရင်းက ဦးဘရှင်၏ နှုတ်ခမ်းနှစ်ခုမှာ ရွစိရွစိ၊ အင်း ဒါလည်း ရောဂါတစ်ခုပဲနဲ့ တူပါတယ်။ ဆရာဝန်တွေတော့ သိမှာပဲဟု ထောင်မှူးမောင်မောင် စိတ်ထဲအောက်မေ့လိုက်၏။ နောက်ပိုင်းတွင်မူ သူနှင့်လုပ်ဖော်ကိုင်ဖက်အကျဉ်းသားများက တစ်မျိုးပြောလာပြန်၏။

''ဦးဘရှင်ကြီးဟာ စိတ်ဖေါက်ပြန်နေပြီနဲ့ တူတယ်''

''ဟ. . . ဒါ သူ လုပ်နေကျပဲကွ၊ စကားပြောပြီးတိုင်း ပြောပြီးသားစကားကို ပြန်ပြောတာလေ၊ မွေးရာပါလို့ ပြောတယ်''

''အခုဟာက ဘာစကားမှမပြောဘဲ၊ ဒီအတိုင်းနေရင်းက ရွရွလှုပ်နေလို့ ပြောတာပါ''

''ဟင် . . . ဟုတ်လားနေပါဦး ငါခေါ်မေးကြည့်ပါဦးမယ်ကွာ''

မကြာမီ ဦးဘရှင်ရောက်လာသည်။ သူရောက်လာကြောင်း သတင်းပို့ပြီးသည်နှင့် ထုံးစံအတိုင်း သူ့နှုတ်ခမ်းနှစ်ခုက တလှုပ်လှုပ် တရွရွ။

''ဦးဘရှင်– ခင်ဗျား– အရင်တုန်းက စကားပြောပြီးမှ အဲဒီပြောပြီးသား စကားကို ခပ်တိုးတိုးပြန်ပြန်ရွတ်တယ် မဟုတ်လား''

''မှန်ပါတယ်'' ''ခုဘာမှမပြောဘဲနဲ့ ဒီအတိုင်းနေရင်းက တရွရွလှုပ်နေတယ်လို့ ပြောကြတယ်။ အဲဒါ ဘယ်လိုဖြစ်နေတာလဲဗျ''

ဦးဘရှင်မျက်မှောင်ကြီးကုတ်သွားကာ စိတ်ရှုပ်သော လေသံမျိုးဖြင့်–

''ကျွန်တော်လည်း ဘာပြန်ပြောရမှန်းတောင်မသိတော့ပါဘူး ဆရာကြီးရယ်၊ ခုဟာက ထောင်ထဲရောက်မှ ဖြစ်လာတဲ့ကိစ္စပါ။ ထောင်ထဲရောက်တာတောင် အစက ဘာမှမဖြစ်သေးဘူး ခုတလောမှ ဖြစ်လာတာပါ''

''အင်း . . . ဘယ်လို စဖြစ်လာသလဲ ဆိုစမ်းပါဦး''

''ဘယ်လို စဖြစ်တာလဲဆိုတော့ ကျွန်တော့စိတ်ထဲမှာ တစ်ခုခုကို စိတ်မကူးလိုက်နဲ့ အဲဒီ စိတ်ကူးအတိုင်း ပါးစပ်ကထွက်ထွက်သွားတာပါပဲ။ ဒါနဲ့ ဘာမှစိတ်မကူးဘဲ ကြိုးစားပြီးနေကြည့်တယ်။ ဒါပေမဲ့ မရပါဘူး ခဏပါပဲ။ နောက်တော့ ပြန်တွေးမိပြန်ရော။ စိတ်ကူးမိပြန်ရော၊ အဲဒီကျရင် အတွေးအတိုင်း ပါးစပ်က ယောင်ယောင် ထွက်မိတာပါပဲ။ ဘေးကလူတွေအနေနဲ့ ကြည့်ရင်တော့ ကျွန်တော့်ကို ရူးနေပြီလို့ ထင်ကြမှာပေါ့၊ ပြောကြမှာပေါ့။ အဲဒါ ကျွန်တော်ကို ကူညီပါဦး၊ ကယ်ပါဦး ဆရာကြီးရယ်။ ကျွန်တော် ရူးများနေပြီလား။ ဆရာဝန်တစ်ယောက်ယောက်နဲ့ ပြပေးပါဦး''

ထောင်မှူးမောင်မောင် အတော်လေး စိတ်

မကောင်းဖြစ်မိသွားသည်။ စိတ်မကောင်းဖြစ်ရသည်ဆိုခြင်းထက် ကိုယ်ချင်းစာတရား ရင်ဝယ်ထားပြီး ကြေကွဲဝမ်းနည်းရပါသည်ဆိုပါမှ ပို၍ မှန်ကန်လိမ့်မည်ထင်ပါသည်။ ဟုတ်ပေမှာပေါ့။ ထောင်ထဲ ရောက်နေသည့်အကျဉ်းသားတစ်ဦးအဖို့ ထောင်မှူး၊ ထောင်ပိုင်တို့မှ အားမကိုးလျှင် ဘယ်သူ့သွား၍ အားကိုးရပါမည်နည်း။ ထောင်မှူးမောင်မောင်သည် ဦးဘရှင်ကို ထောင်ဆရာဝန်ထံခေါ်သွားပြီး ပြသတိုင်ပင်ကြည့်သည်။ ထောင်ဆရာဝန်က သေချာစွာ စမ်းသပ်စစ်ဆေး မေးမြန်းပြီး အောက်ပါအတိုင်း အကြံပြုလိုက်သည်။

''ကျွန်တော့် စိတ်ထင်တော့ စိတ်ရောဂါ ဒါမှမဟုတ် ဦးနှောက်တို့ အာရုံကြောတို့နဲ့ဆိုင်လိမ့်မယ်လို့ထင်တယ်။ ခက်တာက မန္တလေးမှာ စိတ်ရောဂါအထူးကုဆေးရုံလည်းမရှိဘူး။ ဒါပေမဲ့ ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ပါရဂူဆရာဝန်ကြီးတစ်ယောက် ရောက်နေတယ်လို့ ကြားတယ်။ သူ့ဆီကို ပထမပြကြည့်ရရင် ကောင်းမယ်။ (ထိုစဉ်က မန္တလေးတွင် စိတ်ရောဂါ အထူးကုဆေးရုံ မဖွင့်ရသေး)။

ခက်တာက ထောင်ထဲရှိ အချုပ်တရားခံ (သို့မဟုတ်) ထောင်ကျအကျဉ်းသားတစ်ဦးကို အပြင်ဆေးရုံသို့ လွယ်လွယ်ကူကူနှင့် ထုတ်၍မရပေ။ အရေးပေါ်ကိစ္စဆိုလျှင် ထောင်ပိုင်ကတာဝန်ယူ၍ပို့နိုင်သည်။ သို့တိုင်အောင် ခရိုင်ရာဇဝတ်တရားသူကြီးထံ အမိန့်တောင်းခံရသေးသည်။ ယခုလိုကိစ္စမျိုးကျတော့ ခရိုင်ရာဇဝတ်တရားသူကြီးထံမှ ခွင့်ပြုမိန့်ကျပြီးမှသာ အပြင်ထုတ်ခွင့်ရှိ၏။ မတတ်နိုင်တော့ပြီ။ သက်ဆိုင်ရာလမ်းကြောင်းအတိုင်းသာ ခွင့်ပြုမိန့်တောင်းရတော့သည်။ အဆင်ပြေချင်တော့ ဆယ်ရက်ခန့်အကြာမှာပင် ခရိုင်ရာဇဝတ်တရားသူကြီးထံမှ ခွင့်ပြုမိန့်ကျလာ၏။ ဒီလိုကျပြန်တော့ ဦးဘရှင်က တစ်မျိုးလှည့်ပြီး ဈေးဆစ်လာပြန်သည်။

''ကျွန်တော် သံခြေချင်းမပါဘဲ အပြင်ထွက်လို့ မရဘူးလား ဆရာကြီး''

''ဟာ– ဒါတော့ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူးဗျာ။ ဥပဒေမှာ အတိအလင်းဆိုထားတဲ့ကိစ္စပဲ။ ခင်ဗျားလို သန်သန်မာမာမပြောနဲ့ သေခါနီးလူမမာတောင် သံခြေချင်းခတ်လိုက်ရတာ ခင်ဗျားအမြင်ပဲလေ''

သို့နှင့်ပင် ဦးဘရှင်သည် အပြင်ပြည်သူ့ဆေးရုံကြီးတွင် တစ်လနီးပါးခန့်ကြာသွားရာ ထောင်မှူးမောင်မောင်ပင် မေ့သလောက်နီးပါးဖြစ်နေ၏။ တစ်နေ့တွင် ဦးဘရှင်သည် အလုပ်ဖက်ရုံးခန်းသို့ဝမ်းသာအားရ ပေါက်ချလာသည်။

''ဆရာကြီး ကျွန်တော်ဆေးရုံကြီးက ပြန်ဆင်းလာပြီ။ ဆရာကြီးကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး ဆရာကြီးရာ''

နောက်ဆုံး စကားလုံးလေးများကို တီးတိုးရေရွတ်နေဆဲ။

''ခင်ဗျား ရောဂါအခြေအနေ ဘယ်လိုလဲ''

''အများကြီး သက်သာပါတယ်''

''ဒါပေမဲ့ ခင်ဗျားပါးစပ်က အခုထိ လှုပ်နေတုန်းပါလား''

''အဲဒါကတော့ မွေးရာပါဖြစ်နေလို့ ဘာမှမတတ်နိုင်ဘူးတဲ့။ အခု အရင်ကလို စိတ်ကူးရုံနဲ့ ပါးစပ်မလှုပ်တော့ဘူးလေ။ ဆေးတွေဆက်စားဖို့လည်း စာရေးပေးလိုက်ပါတယ်။ မွေးရာပါလည်း တဖြည်းဖြည်းတော့ ပျောက်ချင်ပျောက်သွားနိုင်ပါတယ်တဲ့''

ဆေးစာရွက်ကိုယူကြည့်ရာ စိတ်ငြိမ်ဆေး၊ အိပ်ဆေးနှင့်အားဆေးများကိုတွေ့ရသည်။ တချို့ ဆေးတစ်မယ် နှစ်မယ်ကိုတော့ ထောင်မှူးမောင်မောင်လည်း ဘာမှန်းနားမလည်။ ဦးဘရှင်က ပြောပြောဆိုဆို ထောင်မှူးမောင်မောင်အား ထိုင်၍ကန်တော့မည်ပြုရာ ထောင်မှူးမောင်မောင်က ကပျာကယာ ဆွဲထူလိုက်ပြီး–

''ဦးဘရှင် ခင်ဗျားက ကျုပ်ထက်အသက်ကြီးတာ၊ မလုပ်ပါနဲ့ဗျာ''

''အသက်ကြီးတာ၊ ငယ်တာနဲ့ မဆိုင်ပါဘူး ဆရာရယ်၊ ကိုယ့်ကျေးဇူးရှင်မို့ ကိုယ်ကန်တော့တာပဲ။ ထောင်ထဲမှာဆိုတော့ ကျွန်တော်မှာလည်း တခြားကန်တော့စရာ ဘာမှရှိတာမဟုတ်ပါဘူး''

''မလိုပါဘူးဗျာ၊ ကျွန်တော်တို့က တာဝန်ဝတ္တရားအရ ဆောင်ရွက်ပေးရတာ။ ခင်ဗျားတတ်နိုင်မယ်ဆိုရင်လည်း တစ်ခုပဲကူညီပါ''

''ပြောပါ ဆရာ ကျွန်တော် ဘာလုပ်ပေးရမလဲ''

''ခင်ဗျားလည်း ကိုယ့်မိန်းမ ကိုယ်သတ်ပြီး ထောင်ကျလာတာနော်''

''ဟုတ်ပါတယ် ဆရာ၊ အမှန်ကကြိုးကျရမယ့် အမှုပါ။ ကျွန်တော့်ရှေ့နေ အလိုက်ကောင်းလို့ရယ်၊ မျက်မြင်သက်သေ မရှိတာကြောင့်ရယ် ကြိုးမကျဘဲ တစ်သက်တစ်ကျွန်း အနှစ်အစိတ် ကျခဲ့တာပါ''

''အေးဗျာ ... ဖြစ်နိုင်ရင် အဲဒီအကြောင်း ကလေးသာ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပေးပါ။ ခင်ဗျားက ပြောပြီးသား စကားပြန်ပြန်ရွတ်တတ်တော့ ခိုင်းရတာလည်း အားနာပါရဲ့''

''အားမနာပါနဲ့ဆရာ၊ ပြောပြပါ့မယ်၊ တစ်လုံးမကျန် အမှန်အတိုင်း အကုန်ပြောပါ့မယ်။ ဆရာကြီး မေးစရာရှိရင်လည်းမေးပါ။ ဘာမှ အားမနာပါနဲ့''

ပြီးသည်နှင့် ဦးဘရှင်သည် ''ဆရာကြီး မေးစရာရှိရင်လည်း မေးပါ။ ဘာမှအားမနာပါနဲ့'' ဟု နှုတ်မှ ခပ်တိုးတိုး ရွတ်နေပါတော့သည်။

စင်စစ် ဦးဘရှင်သည် ဘာမျှအသက်ကြီးသေးသည် မဟုတ်ပေ။ ထောင်မှူးမောင်မောင်ကသာ မိမိထက် အသက်ကြီးသူတစ်ဦးအနေနှင့် ဦးတပ်၍ ခေါ်နေခြင်းဖြစ်၏။ ထိုစဉ်က ဦးဘရှင်၏ အသက်မှာ သုံးဆယ့်ငါးထက် ကျော်ဦးမည်မဟုတ်ပေ။ တစ်ခုတော့ရှိသည် ဦးဘရှင်သည် လောကဓံမုန်တိုင်းဒဏ်ကို ဘယ်လောက်များ အလူးအလဲခံခဲ့ရသည် မသိ။ သူ့အသက်နှင့်နှိုင်းစာလျှင် ရုပ်ရည်က ဆယ်နှစ်လောက် ပိုမို အိုမင်းရင့်ရော်နေတာကတော့ အမှန်။

''ဘရှင်ရေ ခဏလောက်ဟေ့''

ဘရှင်သည် ကြံခင်းတွင် လမိုင်းမျိုးသစ်များ ချပြီးပြန်အလာ ဆန်ပြာနေရာမှ လှမ်းခေါ်လိုက်သော အရီးဒေါ်ငွေမျှင်၏အသံကြောင့် တွဲခနဲ ရပ်သွားသည်။ ဒေါ်ငွေမျှင်မှာ ဘရှင်၏ ကွယ်လွန်သူမိခင်ကြီးဒေါ်ငွေရှင်၏ ညီမအရင်းဖြစ်၍ ဘရှင်က 'အရီး' ဟုခေါ်သည်။

''ဘာလဲ အရီး''

''ခဏလောက် အိမ်ဝင်ပါဦးကွယ်၊ ပြောစရာလေးရှိလို့''

ဘရှင်မငြင်းသာတော့ အိမ်ထဲသို့ ဝင်လာခဲ့ရသည်။ အမှန်အတိုင်း ဘရှင်သည် အိမ်ထဲသို့ မဝင်ချင်။ အထူးသဖြင့် ဒေါ်ငွေမျှင်၏ ယောကျ်ား ဦးဘထွန်းနှင့် သူ့သားသမီးတွေကို လုံးဝမတွေ့ချင်။ မတော်တဆလမ်းမှာ တွေ့ကြလျှင်လည်း တစ်ဦးနှင့်တစ်ဦး ခေါ်ပြောကြသည် မဟုတ်။ ဒေါ်ငွေမျှင်သည် ခါးလယ်လောက်သာသာမြင့်သော လေးပင်သုံးပင်ခန်း အိမ်၏ရှေ့ကြမ်းပြင်ပေါ်တွင် ဆန်ကောတစ်ချပ်ဖြင့် ဆန်ပြာလိုက်၊ စပါးလုံး ရွေးလိုက်လုပ်နေသည်။ ဘရှင်က ဒေါ်ငွေမျှင်၏အနီး နေရာလွတ်တွင် ဝင်ထိုင်လိုက်သည်။

''ဘာများလဲ အရီး''

''တခြား မဟုတ်ပါဘူး ငါ့တူရယ်၊ သတိပေးစရာကလေးရှိလို့ပါ''

''ပြောစရာရှိတာ ဘွင်းဘွင်းသာ ပြောပါအရီး၊ ကျွန်တော် အရီးကိုခင်ပါတယ်။ ကျွန်တော် ကြည့်မရတာက အရီးယောကျ်ားကြီးနဲ့ အရီးသား၊ သမီးတွေပါ''

''အေးပါ အရီးသိပါတယ်၊ အခုလည်း သူတို့မရှိပါဘူး၊ ဒါ့ကြောင့် အေးအေးဆေးဆေး စကားပြောရအောင် မင်းကိုခေါ်တာပေါ့။ ဒီလိုကွယ့် ဒီစကားမျိုးက ကိုယ့်တူအရင်း အဒေါ်အရင်းချင်းမို့သာ မပြောမဖြစ်လို့ ပြောရမယ့်စကားကိုး။ သူစိမ်းတစ်ရံဆိုရင်တော့ ယောင်လို့တောင်သွားမဟလေနဲ့

ယုံရင်တော်ပါရဲ့ မယုံရင် ကိုယ့်ရှူးကိုယ်ပတ်တတ်တဲ့ စကားမျိုး မဟုတ်လား''

ဒါလောက်ဆိုရင် ရိပ်ဖမ်း သံဖမ်း သဘောမျှလောက်တော့ ဘရှင်အကဲခတ်လို့ရပါပြီ။ သို့သော် မိမိ မကြားချင်သော စကား၊ မသိချင်သောအကြောင်းအရာ မဟုတ်ပါစေနဲ့လို့ ရင်ထဲကျိတ်၍ ဆုတောင်းနေဆဲ။

''ခက်တာက ဒီကိစ္စမျိုးမှာ ဘေးပြောသာမရှိရင် ကာယကံရှင်အနေနဲ့ သိဖို့အခက်သားကလား။

''အေး ‥ သိတော့သိမယ် အစစအရာရာ အလွန်အကျွံဖြစ်ပြီးမှ သိရတတ်တာမျိုး မဟုတ်လား။ ခုဟာက သူပြောလူပြောနဲ့ နားမဆံ့တော့လို့ မပြောမပြီး မတီးမမြည်ဆိုတာလို မင်းကိုဖွင့်ပြောရမှာ''

ဟုတ်ပါပြီ။ သေချာသွားပါပြီ။ ဒါလောက်စကားပလ္လင်ခံနေမှ ဂွမ်းပုံအကြောင်းမှတစ်ပါး အခြားမရှိ။

''တည့်တည့်သာ ပြောပါ အရီးရာ၊ ဂွမ်းပုံအကြောင်းမဟုတ်လား''

''အေး ‥‥ အဲဒီအကြောင်း ပြောမလို့ပဲ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်လိုက်မာန်ပါတော့ မလုပ်နဲ့ပေါ့ကွယ်''

ဘရှင်သည် သူ့ခေါင်းသူ တဖြည်းဖြည်းကုတ်လိုက်ရင်း

''ခက်ပါတယ် အရီးရယ်၊ ဒီကောင်မ သတ်ပစ်မှ အေးမှာပါ''

''အေး ‥‥ အဲဒါကြောင့် စိတ်လိုက်မာန်ပါ လက်လွန်ခြေလွန် မလုပ်ဖို့ အရီးပြောတာပေါ့။ ဒါမျိုးဆိုတာ ခေါင်းအေးအေးထားပြီး ကိုယ့်မိန်းမကိုယ် ဖျောင်းဖျောင်းဖျဖျ ဆုံးမရမှာပေါ့။ မရတဲ့အဆုံးတော့ သင်းထိုက်နဲ့သင်းကံ သွားပေ့စေပေါ့။လောကမှာ မိန်းမတွေပေါပါတယ်ကွယ်။ မိန်းမတစ်ယောက်အတွက်နဲ့တော့ ကိုယ့်ဘဝကို အနစ်မွန်း မခံချင်စမ်းပါနဲ့''

''သွားမယ် အရီးရာ''

''အေး ‥ အေး ‥ ငါပြောသလို တရားလက်လွတ်တော့ ဘာမှမဖြစ်စေနဲ့နော် ကြားလား ငါ့တူ''

''ဟုတ် ‥‥ ဟုတ်ကဲ့ပါ''

ဟုတ်ကဲ့ပါဆိုသော်လည်း ကြံခင်းမှပြန်လာစဉ်ကလို ခြေလှမ်းမသွက်တော့၊ ခေါင်းထဲမှာလည်း နောက်ကျိတွေဝေသွားပေပြီ။ ဆံတစ်ပင်တင်း ချစ်ခြင်းမယားတဲ့။ ဒိန်းဒလိန်းနတ်ဖမ်းစားပြီဆိုမှဖြင့် ရင်ထဲမှာ ဒိန်းတပ်တပ်ဗလောင်ဆူမြဲပေပေါ့။

ဘရှင် ပျဉ်းမနားတောင်ဘက် သပြေလုရွာအနောက်ဘက် ကျေးရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ မြန်မာမဟုတ်၊ ဦးတောရီဆိုသူ ကျုလီယာကပြားဖြစ်၏။ မိခင်က ဒေါ်ငွေမျှင်၏ အစ်မအရင်း ဒေါ်ငွေရှင်။ ဘရှင်မှာ တစ်ဦးတည်းသောသားဖြစ်၍၊ ဗုဒ္ဓဘာသာပင် ကိုးကွယ်သည်။ ဘရှင်အား ရှင်ပြုပေးပြီးနောက် ကိုရင်ဝတ်ဘဝနှင့် ရှိနေစဉ်မှာပင် ဦးတောရီသည် ဓားပြများသတ်၍ သေခဲ့ရသည်။ ဘုန်းတော်ကြီးမှာ ဗေဒင်လက္ခဏာကို ဝါသနာပါသူဖြစ်ရာ ဘရှင်၏ ဇာတာကို ကြည့်ရှုတွက်ချက်ပြီး၊ ဥပဇ္ဈေဒကဏ်သင့်ရန် အကြောင်းရှိသည်။ ဘုန်းကြီးဘဝနှင့်သာ ဆက်နေသွားရန် အကြံပေးခဲ့သည်။

သို့သော် ဂျပန်ခေတ်ရောက်၍ မိခင်ကြီး အပြင်းဖျားသောအခါ တစ်ဦးတည်းသော သားအနေနှင့် မနေသာတော့ဘဲ ကိုရင်ဝတ်မှထွက်ကာ မိခင်ကြီးကို ပြုစုရပြန်သည်။ မိခင်ကြီးမှာ အပြင်းဖျားရာက ပျောက်ကင်းသည့်တိုင် အကောင်းပကတိ ပြန်မဖြစ်တော့ဘဲ တရောင်ရောင်နှင့် လုံးပါးပါးခဲ့ရာက နောက်ဆုံး လောကကြီးကိုပါ မျက်ကွယ်ပြုသွားခဲ့သည်။ ထိုအချိန်က ဘရှင်မှာ ဆယ့်သုံးလေးနှစ်အရွယ် ဥမမယ် စာမမြောက် မိတဆိုး ဖတဆိုးဘဝနှင့် လောကအလည် ယောင်လည်လည် ကျန်ရစ်ခဲ့သည်။ အဒေါ်အရင်း ဒေါ်ငွေမျှင် ခေါ်ယူမွေးစားထားသော်လည်း ဦးလေးဖြစ်သူက သားသမီးများ၍ မကြည်ဖြူ။ သူ့သားသမီးတွေကလည်း

သဘောထားပုပ်ကြသည်။ သို့နှင့်ပင် ဘရှင်သည် ဟိုအိမ်၊ သည်အိမ် နွားကျောင်း၊ ဘဲကျောင်း၊ သူ ရင်းငှားဝင်လုပ် စသည်အားဖြင့် အလျဉ်းသင့်သလို ကိုယ့်ဝမ်းကိုရှာကြံကျောင်းနေခဲ့ရာမှ အင်္ဂလိပ်များ ပြန်ဝင်လာပြီးနောက် ဂွမ်းပုံနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။

## ကျီးကန်းနှင့်ဘဲဥ

''ဂွမ်းပုံ နင်ငါ့ကို တကယ်ချစ်ပါတယ်နော်''

''ဩော် ကိုဘရှင်ရယ် အခုမှ ဘာသူငယ်ပြန် နေရပြန်တာတုန်း၊ ချစ်လို့ ယူထားတာပေါ့''

''မဟုတ်သေးဘူးလေ၊ နင်က ဂွမ်းပုံဆိုတဲ့ အတိုင်း၊ ဂွမ်းကလေးလို ဖြူပြီးနုနေတာ မဟုတ် လား၊ ငါက နက်ကြုတ်နေတာ။ ဒီကြားထဲကလူလား က စပ်လိုက်သေး။ နင်နဲ့ငါ တွဲသွားရင် ကျီးကန်းက ဘဲဥချီလာတယ်လို့ ပြောကြတာဟဲ့''

''ဘယ်သူတွေ ဘာပြောပြောပေါ့တော်၊တော်နဲ့ ကျုပ်တစ်ယောက်နဲ့ တစ်ယောက် ချစ်နေကြရင် ပြီးတာပဲ မဟုတ်လား။ ဘာလဲ တော်က ကျုပ်ကို မယုံဘူးပေါ့လေ''

''ကိုင်းလာ ဘုရားရှေ့မှာ သစ္စာဆိုကြမယ်''

ဘုရားရှေ့ရောက်သောအခါ ဘရှင်က မတိုင် တတ်ဘူးဆိုသဖြင့် ဂွမ်းပုံက တိုင်ပေးခဲ့ရသည်။ တစ်ယောက်အပေါ် တစ်ယောက် သစ္စာဖေါက်ပါက ကုန်းသွား ကုန်းဘေး၊ ရေသွား ရေဘေး၊ ဘေး အပေါင်းနှင့် တွေ့ရပါစေသားဟု သစ္စာဆိုကာ ညောင်ရေအိုးမှ သစ္စာရေသောက်ခဲ့ကြသည်။ ထို မျှသာမက ဂွမ်းပုံက အဆစ်ပါထည့်လိုက်သေး၏။

''သစ္စာဆိုနေတာက ဘယ်တော့မှ စူးမှန်း မသိ ဘူး။ ဝေးပါသေးတယ်တော်၊ ကျုပ်သာ သစ္စာ ဖေါက်လို့ကတော့ တော့လက်နဲ့သာ ကျုပ်ကို သတ် ပစ်လိုက်၊ လည်စင်းခံမယ်''

ဘရှင်ကျေနပ်သွားကာ အားကျမခံပြန်၍ပြော ခဲ့မိ၏။

''အေး ...ငါသစ္စာဖောက်ရင်လည်း နင်ငါ့ ကို သတ်၊ ဒါမှမဟုတ် ငါ့ကိုယ်ငါသတ်မယ်''

ဘရှင်သည် ဂွမ်းပုံနှင့် ညားစက သစ္စာဆိုခဲ့ ဖူးသည်များကို ပြန်လည် ကြားယောင်နေမိသည်။ ယခုတော့ ချစ်လှစွာသောဇနီးသည် ဂွမ်းပုံ၊ တကယ် ပဲ သစ္စာဖောက်လေပြီလား။

''အမေ့''

ဘရှင်သည် အတွေးတွေအူပေါက်ကာလျှောက် လာခဲ့ရာက အိမ်အဝင်ဝရှိ ငုတ်တိုတစ်ခုနှင့် တိုက် မိရာက ယောင်ယမ်းအော်လိုက်မိခြင်း ဖြစ်၏။ အိမ် ရှေ့မှာတော့ ဂွမ်းပုံကို မတွေ့ရ။ အထဲမှာပင် ရှိလေ မလား။

''ဂွမ်းပုံရေ ...''

''တော် ...ကိုဘရှင် ပြန်လာပြီလား။ ကျုပ် ဗိုက်ထဲကလေထိုးလွန်းလို့ ထမင်းအိုးတောင်မတည် ရသေးဘူး။ အတော်ပဲ ထမင်းအိုးကလေးတစ်လုံး ဆန်ဆေးပြီး တည်ထားလိုက်ပါလား။ ဟင်းတော့ မနက်က ခရမ်းချဉ်သီးတွေ ရှိသေးသားပဲ''

ဘရှင်အိမ်ခန်းထဲ ဝင်သွားသောအခါ ဂွမ်းပုံ သည် ဝမ်းဗိုက်အောက်တွင် စောင်တစ်ထည်ခု၍ မှောက်အိပ်နေသည်ကို တွေ့လိုက်ရ၏။ အစက တော့ အရီးဒေါ်ငွေမျှင်ထံမှ ကြားခဲ့သမျှကို မေးမြန်း ပြီး အနေအထိုင်ဆင်ခြင်ရန် ဆုံးမဖို့ စိတ်ကူးခဲ့ပြီး သား။ သို့သော် ဇနီးသည်နေမကောင်းဖြစ်နေသည် ကို မြင်ရပြန်တော့လည်း အစရခက်နေသည်။

ဒါပဲပြောပြီး ဘရှင်ပြန်ထွက်လာခဲ့သည်။ စော စောက မောင်းတင်လာခဲ့သမျှ ဘယ်ရောက်ကုန် သည် မသိရတော့ဘူး။ တကယ်တော့ ဘရှင်သည် ဂွမ်းပုံကို အသက်လောက် ချစ်မြတ်နိုးသူဖြစ်၏။ ချစ်လွန်းလို့လည်း နေရာတစ်ကာတွင် အလိုလိုက် ၏။ ဘရှင်သာ အပြောရလွှတ် ဒိုင်ခံလုပ်သွားမြဲ ဖြစ်သည်။ သို့ဖြစ်၍ ဘရှင်သည် ဂွမ်းပုံကို မေးရင်း မေးရင်းက အချစ်ကြီးပြီး အမျက်ကြီးသွားမှာ စိုးရိမ် ပူပန်နေခြင်းပင်။ တစ်ညတွင် ဘရှင်သည် ရွာ

မြောက်ဘက်တွင် အဖေါ်တစ်ယောက်နှင့်အတူ ကင်းကျလျက်ရှိသည်။ ည(၁၀)နာရီခန့်တွင်အသက် ဆယ်နှစ်ခန့်ရှိ ကလေးငယ်တစ်ယောက်က ဘရှင်ရှိရာသို့ အပြေးအလွှားရောက်လာသည်။ ထိုကလေးမှာ ဘရှင်တို့အိမ်နီးချင်း ဦးစံဘ၏သားငယ် မောင်လူအေးဖြစ်သည်။ မောင်လူအေးသည် အသက်ပင် မှန်မှန်မရှူနိုင်ဘဲ –

"ဦးလေး – ဦးလေး"

"ဟေ – ဘာလဲ၊ မောင်လူအေး"

"ဦးလေးပြောတာ ကျွန်တော်တွေ့ထားပြီဗျ။ ဘယ်မလဲဗျ၊ ဦးလေးကျွန်တော်ကို ပေးမယ်ဆိုတာ"

"အေး ... အေး ... ရော့"

ဘရှင်က အင်္ကျီအိတ်အတွင်းမှ ပိုက်ဆံတစ်မတ် ထုတ်၍ပေးလိုက်ရသည်။ ဘရှင်သည် မောင်လူအေးအား မုန့်ဖိုးပေးမည်ဟုဆိုကာ မိမိ မရှိခိုက် အိမ်ကိုအရိပ် အခြေစောင့်ကြည့်ရန်နှင့် လူအဝင်ရှိလျှင်ဖြစ်စေ၊ ဇနီးဖြစ်သူဂွမ်းပုံ အပြင်ထွက်သည်ကို မြင်လျှင်ဖြစ်စေ၊ မိမိအားလိုက်ခေါ်ရန် မှာကြားထားခဲ့ခြင်းဖြစ်၏။ ဘရှင် အိမ်ထဲဝင်သွားတော့ ဂွမ်းပုံကို မတွေ့။ သို့ဖြစ်၍ ဘုရားစင်အောက် ထရံတွင် ထိုးထားသော ငှက်ကြီးတောင်ဓားကို ဆွဲထုတ်ကာ အပြင်သို့ထွက်ခဲ့သည်။ ထိုအချိန်တွင် ဦးစံဘနှင့် သားအကြီးဖြစ်သူ သက်တင်တို့ကလည်း မောင်လူအေးကို အကျိုးအကြောင်းမေးမြန်းထား၍ ဘရှင်တို့အိမ်ဘက်ဆီသို့ တစေ့တစောင်း အကဲခတ်လျက်ရှိကြ၏။ ဘရှင်ခြံအပြင်သို့ ရောက်သည်ဆိုလျှင်ပင် ဂွမ်းပုံ၏ "အမယ်လေး ... ကယ်ကြပါဦးတော့" ဟူသော ငယ်သံပါအောင် အော်လိုက်သံနှင့်အတူ "ကမြင်းမ သေပေတော့" ဟူသော ဘရှင်၏အသံတို့ကို ဆက်တိုက်ကြားလိုက်ရသဖြင့် ဦးဘစံတို့သားအဖ ထွက်လာကြသည်။

ကံကောင်းထောက်မသည်ဟု ဆိုရချေမည်။ ဦးဘစံတို့ အချိန်မီရောက်သွားကြ၍ ဓားတဝင့်ဝင့်နှင့်ဂွမ်းပုံကို သတ်မည်တကဲကဲလုပ်နေသော ဘရှင်ကို အချိန်မီ ဝင်ဆွဲလိုက်နိုင်ကြသည်။ ထိုအချိန်မှာ လူတစ်ယောက် အဝတ်အစား ပိုသီဖတ်သီနှင့် ရွာတောင်ပေါက်ဆီသို့ သုတ်ခြေတင်သွားသည်ကိုတွေ့လိုက်ကြရ၏။

"ဟော့– ကောင်မ နင့်ကို ငါသတင်းကြားလို့ ချောင်းနေတာ ကြာပြီ။ ခုမှ လက်ဆုပ်လက်ကိုင် မိတော့တယ်။ နင် ဘာငြင်းချင်သေးလဲ"

ဂွမ်းပုံမှာ ဘာမျှပြန်မပြောနိုင်ဘဲ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ တရှုပ်ရှုပ်ငိုနေသည်။ ဦးဘစံ၏ ဇနီးရောက်လာပြီး ဂွမ်းပုံကို ဆွဲခေါ်သွား၏။ ဦးဘစံနှင့် သက်တင်တို့က ဘရှင်ကို အိမ်ပြန်ခေါ်ခဲ့ပြီး တရားချနေကြသည်။ နောက်ထပ် တစ်ပတ်ခန့်ကြာသွားသည်။ ဘရှင်နှင့် ဂွမ်းပုံတို့မှာ တစ်အိမ်တည်း အတူနေကြလျက် တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြ။ သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်။ တစ်ညနေတွင်မူ ဂွမ်းပုံက စကား စလာသည်။

"ကိုဘရှင်"

"ဘာလဲဟ"

"တော်တို့ ကျုပ်တို့ ပိုက်ဆံ အသုံးကျပ်နေတယ်။ အဲဒါ မနက်ဖြန်တောထဲကို ထင်းလည်းခုတ်ရင်း ဖက်လည်းခူးရင်း သွားကြရအောင်လား။ မနက်ကတည်းက ထမင်းချက်သွားကြတာပေါ့။ နေ့လည်နေ့ခင်း တောထဲမှာပဲ နားနားနေနေ စားကြတာပေါ့၊ မကောင်းဘူးလား"

"နင့်သဘောပဲလေ"

ဂွမ်းပုံသည် နောက်တစ်နေ့ နံနက်စောစောစီးစီးထ၍ စိတ်လိုလက်ရ ထမင်းချက်သည်။ အိမ်ရှိသည့် ဒုံးခြောက်လေးငါးမြှောင်းကို မီးအုံးပြီး ငါးပိချက်တစ်ခွက်ချက်သည်။ တို့စရာကတော့ တောထဲရောက်မှ အလျဉ်းသင့်သလို ...။ နံနက်ခြောက်နာရီသာသာခန့်တွင် ဘရှင်တို့လင်မယား လှည်းတစ်စီးဖြင့် အနောက်ရိုးမဘက်သို့ ထွက်ခဲ့ကြသည်။ တောထဲရောက်တော့ ဘရှင်က ထင်းခုတ်၊ ဂွမ်းပုံ

က ဖက်ချူးပြီး မွှန်းတည့်အချိန်လောက်တွင် ထမင်းစားရန် ပြင်ကြဆင်ကြသည်။ ထမင်းမစားမီ ဂွမ်းပုံက ဘရှင်မသိအောင်ယူလာသော ပုလင်းတစ်လုံးကို တောင်းထဲမှဆွဲထုတ်လိုက်ရာ ဘရှင်အံ့အားသင့်သွားသည်။

''နင့်ပုလင်းထဲက ဘာတွေလဲဟ''

''အရက်တွေလေ''

''ဘာလုပ်ဖို့လဲ''

''တော် ... သောက်ဖို့ပေါ့''

''နင်ဘယ်တုန်းက သွားယူလိုက်တာလဲ''

''မနေ့ညကလေ ဒေါ်မြမေဆီ ဆန်ချေးထားတာ သွားတောင်းရင်း ကိုတာတီးတို့ဆိုင်က ဝင်ဝယ်ခဲ့တာ''

''အေး ... နည်းနည်း ပင်ပန်းတဲ့အခါတော့ အကောင်းသား။ ကဲ .. အကြမ်းပန်းကန်နဲ့ ငှဲ့ဟာ''

ဘရှင်သည်အရက်ကို အမြဲတမ်းသောက်လေ့မရှိသော်လည်း တစ်ရံတစ်ခါတော့ အနည်းအကျဉ်းသောက်တတ်သည်။ ဘရှင် တစ်ခွက်သောက်ပြီးသောအခါ ဂွမ်းပုံကလည်း သူမအတွက် တစ်ခွက်ထပ်ငှဲ့၍ မော့ချလိုက်သည်။

''ဟင် နင်ကပါ အရက်တွေဘာတွေသောက်လို့ပါလား''

''တစ်ခါတလေ ဒီလိုပဲ ပျော်ပျော်ပါးပါးပေါ့တော်''

ဘရှင်ကသောက်လိုက် ဂွမ်းပုံကသောက်လိုက်နှင့် ထမင်းမစားမီ အရက်တစ်လုံး ကုန်တော့သည်။ ထမင်းစားပြီးသည်နှင့် ဂွမ်းပုံက စကားအဆန်းတွေတစ်လုံးပြီးတစ်လုံး ပြောတော့သည်။

''ကိုဘရှင်''

''ဟင်''

''တော် ကျုပ်ကို တကယ်ချစ်တယ်နော်''

''ဟော ... အေး''

''ကျုပ်သိပါတယ်တော်၊ တော်ကျုပ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျုပ်ကောင်းကောင်းသိပါတယ်။ ကဲ–ကဲ ဒါဖြင့် တော်ကျုပ်ကို အားရပါးရကြီးဝအောင် ချစ်ပစ်လိုက်စမ်း''

ပြောမယ့်သာ ပြောရသည်၊ ဘရှင်မှာလည်း အတော်လေးမူးနေပြီဖြစ်သည့်အပြင် မိမိအနီးတွင် ကန့်ကရ ပွတ်သပ်လုပ်နေသောဂွမ်းပုံ၏ ဖောဇွဇ အာရုံကို မကျော်လွှားနိုင်တော့ဘဲ လူသူကင်းသည့် စုံတောအလယ်တွင် ချစ်ပင်ပျိုး၍ ချစ်မိုးတွေ ရွာခဲ့မိကြသည်။

**ကိုယ့်ကိုယ်ကို သတ်မိန့်ချသူ**

တအောင့်အကြာတွင် ဂွမ်းပုံသည် လဲလျောင်းနေရာမှ လူးလဲထလိုက်ပြီး ထဘီကို ပြင်ဝတ်၍ ဆံပင်ကို ပြင်ထုံးလိုက်သည်။ ပြီးတော့ အနီးတွင် ချထားသော ဘရှင် ထင်းခုတ်သည့် ဓါးမကိုယူပြီး ဘရှင်၏လက်ထဲ ထိုးထည့်လိုက်သည်။ ဘရှင်မှာ ထိုအချိန်ထိ ဂွမ်းပုံ၏ အပြုအမူတွေကို ဘာတစ်ခုမှ နားမလည်နိုင်သေး။

''ဒီဓားက ဘာလုပ်တာလဲ ဂွမ်းပုံ''

ဂွမ်းပုံက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

''ဟား ... ဟား ... ဟား တော်နဲ့ ကျုပ်တို့ သစ္စာဆိုထားကြတာတွေ မေ့ကုန်ပြီလား။ ကျုပ် သစ္စာဖောက်မိခဲ့တယ်လေ။ တော် ကျုပ်ကို သတ်ပစ်ပါ''

ဘရှင်မှာ အခုမှ ရှင်းရှင်းလင်းလင်း နားလည်တော့သည်။

''မဟုတ်သေးပါဘူး ဂွမ်းပုံရာ၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲဟာ''

ဂွမ်းပုံက ခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။

''ဟင့်အင်း ဟင့်အင်း တော် ခွင့်လွှတ်ပေမယ့် ကျုပ်ကိုယ်ကျုပ် ခွင့်မလွှတ်နိုင်ဘူး။ ကျုပ်လည်း တော်ချစ်သလို၊ တော့်ကို အသက်လောက်ချစ်တာပဲ''

''အေးလေ အဲဒီလိုချစ်ရင် နင်နောက်ထပ် မမှားအောင် မဆင်ခြင်နိုင်ဘူးလား''

''ဒီမယ် ကိုဘရှင် ကျုပ်စိတ်ကို ကျုပ်နိုင်တယ်ထားဦး။ ကျုပ်သွေးသားကို ကျုပ်မနိုင်ဘူး။ ဒီတော့ နောက်ထပ်လည်း ဖေါက်ပြန်နေဦးမယ့် အတူတူ ကျုပ်လိုကောင်မကို တစ်ခါတည်း သတ်ပစ်လိုက်ရင် မအေးပေဘူးလား''

''ကဲ ဒါဖြင့် ငါတစ်ခုမေးမယ် နင်မှန်မှန်ဖြေမလား''

''ကြိုက်တာသာ မေး။ ခုနေအခါတော့ ကျုပ်က သေလူလေ။ အမှန်အတိုင်း ပြောမှာပဲ''

''နင်နဲ့ ဟိုညက ဖေါက်ပြားကြတာ ဘယ်သူလဲ''

''ကိုအောင်ပွင့်လေ''

ဘရှင်၏ မျက်စိထဲမြင်နေတာက အလျှံညီးညီး တောက်လောင်နေသည့် မီးတောက်ကြီး။ စီးထားတာက မြင်းဖြူ။ ဆူပွက်နေတာက ဒေါသပိုးပေါင်း သောင်းခြောက်ထောင်၊ အဲဒီတွန်းအားတွေ စုပေါင်းမိသောအခါ ဘရှင်၏လက်ထဲမှ ဓါးမသည် အလိုလိုနေရင်း အပေါ်သို့မြောက်တက်သွားပြီး ဂွမ်းပုံ၏ လည်မျိုကို ပိုင်းမိလျက်သား ဖြစ်သွားတော့၏။

''တကယ့် မိန်းမဗျာ၊ အမေ့ဆိုပြီး အသံထွက်သွားတာတောင် အပြုံးမပျက်ဘူး''

ဦးဘရှင်၏ ပါးစပ်မှ နောက်ဆုံးပြောပြီးသား စကားကို ပြန်ရွတ်နေ၏။ ထောင်မှူးမောင်မောင်က မမေးမဖြစ် စကားကြွင်းလေးကို ကပျာကယာ မေးလိုက်ရ၏။


''နေပါဦး အဲဒီ ကိုအောင်ပွင့်ဆိုတာက ဘယ်သူမို့လို့လဲဗျ''

''ဆရာ့ကိုတော့ ကိုယ့်ကျေးဇူးရှင် အရင်းအချာမို့ အမှန်အတိုင်း ဖွင့်ပြောရတော့မှာပဲ။ ကိုအောင်ပွင့်ဆိုတာက ဂွမ်းပုံရဲ့ အရင်ယောကျ်ားကြီးလေ။ သူ့လက်ထဲက ကျွန်တော်နဲ့ ဖေါက်ပြန်ပြီး ညားခဲ့ရတာပါ''

ထောင်မှူးမောင်မောင်၏နှုတ်မှ ''ဩော် ဩော်''ဟု ပြောမိသည်ထင်၏။ သို့သော် ရင်ထဲကမူ မဃဒေဝစာကလေးတစ်ပိုဒ်ကို ရွတ်ဆိုမိလေသည်။

မိန်းမဖျက်က
ပြည်ပျက်တတ်စွာ၊ ဆိုရိုးမှာရှင့်
မေတ္တာမမြဲ၊ သစ္စာလွဲ၍
ဖေါက်လွဲရွေ့လွယ်၊ လေသဖွယ်နှင့်
တကယ်မယွင်း၊ အားလွန်မြင်းသို့။

**ရန်အောင်မောင်မောင်**



လင်သတ်အလောင်းပျောက်

# လင်သတ်အလောင်းပျောက် ထောင်ထဲရောက်

လောကမှာ ကိုယ့်ရည်းစား ကိုယ့်မိန်းမကိုယ် သတ်တဲ့သူတွေချည်းပဲလား။ ကိုယ့်လင်ကိုယ်သတ်တဲ့ မိန်းမကောမရှိဘူးလား။ ဟာ ... သိပ်ရှိတာပေါ့။ ဘယ်နှယ့်ပြောပါလိမ့်။ သူတို့လည်း အခုခေတ်မှ သတ်ကြသည်မဟုတ်။ လွန်လေပြီးသော ရှေးအတိတေ ကာလကပင်၊ ကိုယ့်လင်ကို သတ်ခဲ့တဲ့အကြောင်း ဇာတ်နိပါတ်တော်တွေ၊ ကျမ်းဂန်တွေထဲမှာ အထင်ရှားပြဆိုထားခဲ့သည် မဟုတ်ပါလား။

''ချစ်ဟောင်းကိုရှဲ၊ ချစ်သစ်လဲ၍၊
သေပွဲဝင်ကာ၊ မိသာမာသို့၊
ကြင်နာ မဲ့ကင်း၊ ချစ်မငဲ့ဘူး၊
ကိုးဆယ်ကိုးဇာတ်၊ လင်ကိုသတ်သား၊
မမြတ်ယုတ်မာ၊ ကျမ်းဋ္ဌလာခဲ့''
(မဃဒေဝလင်္ကာသစ် သတ်ပုံအတိုင်း)

ကိုယ်လင်ကိုယ်သတ်တဲ့ မိန်းမဆိုလို့ အကျဉ်းထောင်လုပ်သက်(၃၅)နှစ်ခန့်အရ ထောင်ပိုင်ရင့်မကြီးဖြစ်နေသူကိုယ်တိုင် အထူးဆန်းသဖွယ် ထောင်တွင်းဝင်၍ ကြည့်ခဲ့ရသော အကျဉ်းသူတစ်ယောက်အကြောင်းကို ပြေး၍သတိရမိသည်။ ထိုစဉ် ရန်အောင်မောင်မောင်သည် အောက်မြန်မာပြည်ရှိ (က) အဆင့် အကျဉ်းထောင်ကြီးတစ်ထောင်တွင် ထောင်ပိုင်အဆင့်(၁)အဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။

''ဆရာကြီး ကျွန်တော်တို့ မိန်းမထောင်ကို ဝင်ပြီး လေ့လာချင်ပါတယ်''

''မိန်းမထောင်မှာ 'ထောင်'နဲ့ပတ်သက်တဲ့ကိစ္စ ဘာရှိလို့လဲ''

ယင်းကဲ့သို့ပြန်လည် မေးလိုက်ရခြင်းမှာ အကြောင်းရှိ၏။ ထိုအချိန် အထက်မြန်မာပြည်ရှိ ဗဟိုအကျဉ်းထောင်ကြီးတစ်ထောင်တွင် ထောင်မှူး သင်တန်းတစ်ခုဖွင့်လှစ်လျက်ရှိရာ၊ လုပ်သက်ရင့်ထောင်ပိုင်ကြီးများက ဦး၊ ရေး၊ ထောက်ဆိုင်ရာ ဘာသာရပ်များကို တာဝန်ခွဲ၍ ပို့ချပေးခဲ့ရသည်။ မိမိတာဝန်ယူရတာက 'ထောက်'ဆိုင်ရာဘာသာရပ်ဖြစ်သဖြင့် မိန်းမထောင်ကိုလေ့လာချင်သည် ဟု သတင်းပို့လာသူ ထောင်မှူးသင်တန်းသားအား ပြန်မေးလိုက်ရခြင်း ဖြစ်သည်။

သင်တန်းသားက ဘာမှပြန်မဖြေဘဲ ပြုံး၍သာနေသည်။ အနီးတွင်ရှိနေသော သင်တန်းဆရာ ထောင်မှူးဦးသန်းဋ္ဌေးက အနီးကပ်၍တိုးတိုး ပြောလိုက်သည်။

''အမှန်က ဘာမှမဟုတ်ဘူးဆရာကြီး၊ မိန်းမထောင်က ဟိုအမျိုးသမီးကို ကြည့်ချင်လို့''

''ဘယ်အမျိုးသမီးလဲဗျ''

''ဒရိုင်ဘာနဲ့ပေါင်းပြီး သူ့လင်သူသတ်တဲ့အမျိုးသမီးလေ''

'' ဪ ... ဪ''

ဒါလောက်ဆို ချက်ချင်း နားလည်လိုက်ပါပြီ။ အဲဒီ အမျိုးသမီးအကြောင်းက လူပြော သူပြော များလှသဖြင့် မိမိလည်း ကြားတန်သလောက်ကြား ပြီး ဖြစ်၏။ ဒရိုင်ဘာနှင့် ယင်းအမျိုးသမီးတို့ လူမှု ရေးဖောက်ပြားကာ လင်ကြီးကို ပူးပေါင်းကြံစည်၍ သတ်ကြသည်။ အလောင်းကို မြေတွင်းတစ်နေရာ တွင် မြှုပ်ထားကာ ခင်ပွန်းဖြစ်သူ တောပစ်သွား ရာမှ ပြန်မရောက်လာကြောင်း သတင်းလွှင့်ထားခဲ့ ၏။ ရဲစခန်းတွင်လည်း ဒီအတိုင်းပင်အမှုဖွင့်ခဲ့၏။

ထို့ကြောင့် ရွှေ့က၊ ပေါ်ရာဏာတို့၊
မယားအနား၊ ကျွန်ယောက်ျားကို၊
မထားအပ်ရာ၊ မိန့်ကြမှာရှင့်။
**(မဃဒေဝ)**

ဒုစရိုက်မောင်မယ်တို့ လုပ်ထားကိုင်ထားကြပုံ ကဖြင့် တကယ့်ကို ပိပိရိရိ ရှိကြပါပေသည်။ ကြားရ သူ တစ်ဖက်သား လက်ဖျားခါရလောက်အောင် အကွက်ဆင်ထားကြပုံကလည်း သေသေသပ်သပ် ရှိလှပါ၏။ တောပစ်သွားရာတွင် ယူသွားလေ့ရှိသည့် သေနတ်။ စီးလေ့ရှိသည့် ဖိနပ်နှင့်၊ အခြားအသုံးအ ဆောင် ပစ္စည်းများကိုလည်း လက်စလက်နမကျန် ရအောင် ဖျောက်ဖျက်သိဝှက်ထားပြီး ဖြစ်သည်။

သို့သော် ရာဇဝတ်ဘေးတို့မည်သည် ပြေးလွတ် ရိုးထုံးတမ်းစဉ်လာ မရှိပါချေ။ 'ဘုရင်တို့ဘုန်း မိုးသို့ ချုန်း၊ လူပုန်းတောမှာ မနေသာ'တဲ့ ရှေးက စာဆို ရှိပြီးသားပဲ။ ဒုံးပျံခေတ်၊ ပြိုဟ်တုခေတ်၊ စတားဝါး ခေတ်တွင် တိုးတက်နေပါသည်ဆိုသော နိုင်ငံကြီး များ၌ပင် သိပ္ပံနည်းကျ စနစ်တကျ ကျူးလွန်ခဲ့ကြ သည့် ရာဇဝတ်မှုကြီးများမှာလည်း တစ်နေ့မဟုတ် တစ်နေ့မှာ ပေါ်လာစမြဲ။ ဘာမဟုတ်သည့် သဲလွန် စကလေးမှ စတင်ခြေရာခံမိကာ အရိုးတွန်စမြဲ။

ရာဇဝတ်ဘေးဆိုသည်မှာ၊ ဖြည်းဖြည်းပြေးလို့ လည်းမလွတ်၊ မြန်မြန်ပြေးလည်း မလွတ်၊ ဒုန်းစိုင်း လို့လည်း မလွတ်၊ သဲလွန်စ တစ်ခုမဟုတ် တစ်ခုခု တော့ အမြဲလိုလိုကျန်ရစ်တတ်သည်။ ယခုလည်းဖြစ် ချင်တော့ သဲလွန်စမကျန်ရစ်ရလေအောင် ဖျော့ ကွက်၊ ယိုကွက်အားလုံးကို ပိတ်ဆို့တားဆီးထားခဲ့ ပြီးကာမှ အရေးအကြီးဆုံးအချက်တစ်ချက်ကိုမူ မျက်စိလျှမ်းသွားခဲ့ကြသည်။ သတိမမူမိချင်တော့ ဂူကိုမမြင်မိ၊ ကြိုးစင်ဆိုတာ ဝေလာဝေး။ ယင်းအ ချက်ကား အခြားမဟုတ် သေဆုံးသူ အမြဲတမ်း သောက်သုံးလေ့ရှိသည့် ဆေးတံနှင့်ဆေးမှုန့်ဗူးပင် တည်း။ ထာဝရဆေးလိပ်ဆေးတံသောက်သုံးသူတို့ သည် တခြားပစ္စည်းသာ မေ့ချင်မေ့သည်။ ဘိန်းစား နှင့် ဘိန်းပြောင်းပမာ အလွန်ကြိုက်နှစ်သက်သည်။ အဲဒီပစ္စည်းမျိုးတော့ မမေ့မလျော့ ပါအောင်ယူသွား တတ်စမြဲ။ မီးခြစ်ကတော့ ထားလိုက်ပါ။ ဘယ်မှာ ရှာဝယ်ဝယ် စက္ကူမီးခြစ်နှင့်လည်း သုံးလို့ရသည်။ ဒါတောင် ဆေးတံသမားအဖို့တော့ မိမိအသုံးပြုနေ ကျ ဂက်(စ်)မီးခြစ်ကလေး ပါမှ။

**တရားခံဖော်သော ဆေးတံ**

''နေပါဦး ဒီဆေးတံနှင့် ဆေးမှုန့်တွေက ဘာပြု လို့ ကျန်ရစ်ခဲ့တာတုန်း၊ သူအမြဲတမ်း သုံးနေကျ မဟုတ်လား''

ဒီမေးခွန်းကို ဒုစရိုက်မယ်အကြောက်ဆုံးဖြစ်၏။ ခင်ပွန်းသည်ပြန်မလာ၍ အပူရုပ်သရုပ်ဆောင်နေ သည့်မျက်နှာမှာ အပျက်ကြီး ပျက်သွားခဲ့ရ၏။ မချို လို့ပေါ်တဲ့သွား ရယ်သလား မေးချင်မေးကြပေတော့။ သူမကတော့ ခပ်ပေါ့ပေါ့ပင် ဆင်သေကို ဆိတ်သား ရေဖြင့် ဖုံးဖိရန် ကြိုးစားခဲ့ပါသေးသည်။

''အို ‥ ဒါတော့ သူ့ဆေးတံတွေက အများကြီး ပဲ။ ရှိုးကေ့ထဲမှာကြည့်ပါလား၊ ဆယ့်လေးငါးချောင်း တောင်''

မှန်ပါသည်၊ ဆေးတံသမားတို့မည်သည် တတ် နိုင်လျှင်တတ်နိုင်သလို ဝါသနာအလျောက် ဆေးတံ များ ဝယ်ယူစုဆောင်းတတ်သည်မှာဓမ္မတာပါ။ သို့ သော် တစ်ချောင်းယူပြီးကြည့်လိုက်တော့ အသိသာ

ကြီး။ ရက်ပိုင်းအတွင်း အသုံးပြုထားသည့် ဆေးတံ၏အနံ့အသက်၊ ဆေးချေးတက်နေပုံ၊ ဆေးတံရိုးအတွင်းပိုင်းမှ အဆီကလေးများ ဝေ့နေပုံက အကွာခြားကြီးပါလား။ သည်တော့လူတွေ၏(အထူးသဖြင့်ရဲတွေ၏) အာရုံသည် သူတို့တတွေနေသည့် ခြံဝင်းကြီးဆီသို့ ပြန်လည်စုရုံး ရောက်ရှိလာ၏။ စောစောပိုင်းကတော့ တောပစ်သွားလျှင် အတူပါသွားတတ်သူများကို လိုက်လံစုံစမ်းရ၊ တောထဲတွင် ရှာဖွေကြရနှင့် တောင်ဘက်သို့ပြေးနေသော ယုန်ကို မြောက်ဘက်အနံ့ လိုက်ရှာနေခဲ့ကြရသည်။ ယခုတော့ တောင်ဘက်သို့ ပြန်လည်ကာ စုမိကြပြီ။

သူတို့နေတာက ခြံကြီးဝန်းကျယ်နှင့်။ လင်မယားနှစ်ယောက်တည်းလည်း မဟုတ်။ ကွယ်လွန်သူပထမဇနီးက ကျန်ရစ်ခဲ့သည့် သားကြီးသမီးကြီး သုံးယောက်။ ကြီးပေါင်း ယခုဇနီးနှင့်က သားတစ်ယောက်နှင့်သမီးတစ်ယောက်။ လူကြီးတွေက ဘူးခံနေမှတော့ ဖရုံသီးမည့်ကလေးတွေကိုပင် ချော့၍တစ်မျိုး၊ အစ်၍တစ်ဖုံ၊ လှည့်ကာပတ်ကာမေးရာမှ အစအန ရလာကြသည်။ လက်စသတ်တော့ သူတို့နှစ်ယောက် လူမှုရေးဖေါက်ပြန်နေတာ ကြာလှမှကိုး။ ကလေးကြီးကြီးတွေက အများကြီးသိ၍ ကလေးငယ်တွေက ရိုးတိုးရိပ်တိပ်သိကြသည်။ ကုန်ကုန်ပြောရလျှင် ကလေးတွေအဖေကြီးကိုယ်တိုင်ပင်သားကြီးသမီးကြီးတွေမှတစ်ဆင့်သိတန်သလောက်သိထားပြီးဖြစ်၏။ သိထားလို့လည်း ဇနီးဖြစ်သူကိုပြီးခဲ့တာတွေ ပြီးခဲ့ပါစေတော့။ နောက်ထပ်မမှားကြရန် စောင်းပါးရိပ်ခြည် ဆုံးမစကားပြောထားဖြစ်၏။

သို့သော်ႇ ဤသို့သော်ကား သမန်ကာလျှံကာသို့သော်မဟုတ်။ ကိလေသာမီးဟပ်၍ မျက်စိစုံလုံးကန်းစေသော သို့သော်ဖြစ်၏။ 'သောက်လေသောက်လေ တော်မပြေတည့်' 'ရေငံဆားကျင်း နွားတစ်သင်း'လို့ အဆိုရှိသည်မှာ ဝေလာဝေး၊ စက်ရပ်လို့လည်းမရတော့ စပါယ်ရှယ်ဂီယာကြီးဝင်ကာ ဂျမ်းဖြစ်လေပြီ။ မျက်စိကန်းနေမှတော့ တစ္ဆေလည်း မကြောက်၊ သရဲလည်း မကြောက်နိုင်တော့။ သည်တောလွှန်မြောက်လျှင် သူတို့မျှော်မှန်းထားသည့် သာယာချမ်းမြေ့သော ခရီးလမ်းကလေး။ အဲဒီလမ်းစ၏အဆုံးမှာ ကြိုးစင်ကြီးရှိနေတာကို သူတို့မမြင်နိုင်ကြ။ ပထမဇနီးနှင့်မွေးထားသည့် သမီးကြီးကမိထွေးလက်အောက် ဘယ်လိုမှနေလို့မရသဖြင့် ရပ်ဝေးရှိ ဖခင်၏ဆွေမျိုးများထံ ရောက်နေသည်။ ဒီတော့ သမီးကြီးအောက် ၁၄-နှစ်အရွယ်ခန့်ရှိ ရှစ်တန်း ကျောင်းသားကလေး၏စကားကိုပင် အတည်ယူရတော့မလိုဖြစ်နေသည်။

''အဲဒီတော့ ဘယ်နှစ်နာရီလောက်ရှိပြီလဲ''

''အိပ်ချင်မူးတူးနဲ့ ဆိုတော့ ဘယ်နှစ်နာရီမှန်း မသိပါဘူး''

''အဲဒီတော့ အောက်ထပ်က ဘာသံတွေ ကြားသေးလဲ''

''အောက်ထပ်ကတော့ ဘာသံမှ မကြားပါဘူး။ ဒါပေမဲ့ အိမ်သာမှန်ပြတင်းကအပြင်ကို လှမ်းကြည့်တော့ အိမ်နောက်ဖေးက စိန်ပန်းပင်ကြီးအောက်မှာ လူရိပ်နှစ်ရိပ်တွေ့ရတယ်''

''ဘယ်သူတွေလဲ''

''လူကိုတော့ သဲသဲကွဲကွဲ မမြင်ရဘူး''

''အေး ဘယ်သူတွေလို့ ထင်သလဲကွာ''

''ဦးလေးနဲ့ အန်တီလေးတို့နေမှာပါ''

''ဒီလိုပဲ သူတို့နှစ်ယောက်ကို ဟိုနားတွေ့၊ ဒီနားတွေ့တွေ့နေကျပဲ။ ကျွန်တော်တို့အဖို့ ရိုးနေပြီလေ''

''သေချာပါပြီ။ သူတို့နှစ်ယောက်လက်ချက်ပဲ ဖြစ်ရမှာပေါ့''

ရဲက သူတို့နှစ်ယောက်ကို ဖမ်း၊ သက်သေလူကြီးများနှင့်အတူ စိန်ပန်းပင်ကြီး တစ်ဝိုက်မှာတူးကြ၊ ဆွကြရင်းကတောပစ်သွားသည်ဆိုသူ၏ အလောင်းကို ပြန်လည်ရရှိခဲ့ကြသည်။ ဆင်ကောင်ကြီး ဖမ်းမိမှတော့ ဆင်ခြေရာရှာဖို့ မလိုတော့။ အိမ်နောက်ဖေးခြံစည်းရိုးခြေရင်းတွင်မြေမြှုပ်ဖျောက်ဖျက်ထားသော

တောပစ်သေနတ်နှင့် တောစီးဖိနပ်တို့ကိုပါ တူးဖော်ပေးကြရတော့သည်။ ဒရိုင်ဘာ၏ ဖြောင့်ချက်တွင်–

''ဟုတ်ပါတယ်၊ အဲဒီညာ ကလေးတွေကို ကြက်သားဟင်းထဲမှာ ဆေးခြောက်ခတ်ပြီးကျွေးတာပါ။ ဓားမြှောင်ကိုလည်း အစ်မကပဲ အဆင်သင့်ရှာထားတာပါ။ အဘိုးကြီး အိပ်ပျော်နေတုန်း ကျွန်တော့်ကို အထိုးခိုင်းလို့ ကျွန်တော်က နှစ်ချက်ထိုးပါတယ်။ အဘိုးကြီး လန့်နိုးသွားပြီး မလုပ်ဖို့ အတန်တန်တောင်းပန်ပါတယ်၊ အစ်မက''ပေးစမ်း ဓားမြှောင်၊ ယောကျ်ားမဟုတ်သလိုပဲ''ဆိုပြီး ကျွန်တော့်ကို အချုပ်ခိုင်းလို့ ချုပ်ပေးထားတုန်း အစ်မက သုံးလေးချက်ဆက်ထိုးမှ အဘိုးကြီး ငြိမ်ကျသွားပါတယ်''

''ကြောက်မက်ဖွယ်ကောင်းလှပါကလား''

''မိန်းမတို့ဓာတ်၊ သည့်တိုင်းမှတ်လော၊
မတ်နှင့်တသွန်၊ ကျွန်နှင့်ကြုံကြိုက်
တွေ့ရာကြိုက်၍၊ ကြုံကြိုက်သမျှ
မိပါပတို့၊ ကြုံကြုံမကောင်း၊
လင်ကြီးဟောင်း၌၊ ငန်းစောင်းမြွေဟောက်၊
ပြန်ကာပေါက်သို့၊ စိတ်ကောက်ဝင်ကာ၊
ပျက်သစ္စာနှင့်၊ မေတ္တာသွေးပြောင်း၊
သတ်ခွင့်ချောင်းလျက်၊ သေကြောင်းကိုသာ၊
ကြံတတ်စွာ၏၊ ကိလေသာဟူ၊
မိုက်သွေးဆူက၊ လူသောခွေးသော၊
ကျွန်ကျေးသောဟု၊ သဘောမထင်၊
မဆင်ခြင်ခဲ့''

(မဃ–စ, ၂၃၉, ပ. ၁၄၁)

ဒါလောက် အကျော်ဒေးယျဖြစ်ခဲ့သည့်အမှုကြီးကို ထောင်မှူးသင်တန်းသားများအနေနှင့် စိတ်ဝင်တစားရှိသည်မှာ အပြစ်မဆိုသာပါ။ လုပ်ငန်းသဘောသဘာဝအနေနှင့်လည်း တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေတာကလည်း အမှန်။ သည့်ထက် မှန်ရာကိုဆိုရလျှင် သင်တန်းဆရာကိုယ်တိုင်ကလည်း သူ့တပည့်တွေနှင့် ထူးမခြားနားထဲကပါ။ သူကလူကြီးဆိုတော့ သိက္ခာဆယ်နေရသေးသကိုး။

ခုတော့လည်း ..တပည့်လိမ္မာတော့ ဆရာအာပတ်လွတ်သွားတာပေါ့လေ။ သို့နှင့်ပင် သက်ဆိုင်ရာအကျဉ်းထောင်တာဝန်ခံအရာရှိအားသတင်းပို့စေပြီး နောက်တစ်နေ့နံနက် မိန်းမထောင်သို့ ဝင်ကြည့်ဖြစ်သည်။

''ကောင်းကောင်းထိုင်ထား''

မိန်းမထောင်အချုပ်တန်းစီး၏ အော်သံမှာတစ်ထောင်လုံး ဟိန်းထွက်သွားသည်။ အသံက ငါးစိမ်းသည် အသံလိုစွာတာမဟုတ်၊ မိန်းမကောင်းလျှာပါး ကျယ်လောင်လောင်မဟုတ်၊ ဩဇာတိက္ကမနှင့်ပြည့်ဝသော အသံမျိုးဖြစ်သည်။ ရွေးလည်း ရွေးတတ်ကြပေ့။ ကောင်းကောင်းထိုင်ထားဆိုသည်မှာ ပုံစံထိုင်ကြရန် အော်ဟစ်သတိပေးလိုက်ခြင်းဖြစ်၏။ ထောင်ထဲမှာကတော့ ပုံစံနှင့်ဘယ်နေရာမှမကင်း။

ထောင်ပုံစံဆိုသည်မှာလည်း ခေတ်တွေစနစ်တွေနဲ့အညီ အမျိုးမျိုး ပြောင်းလဲခဲ့ပေပြီ။ ရှေး ခေတ်ကတော့ 'ထောင်ဥပဒေ' စာအုပ်ကြီးထဲတွင် ရုပ်ပုံနှင့် အတိအကျဖော်ပြထားသည့်အတိုင်း တစ်မျိုးတည်း ဖြစ်၏။ ထိုင်လျှင်ဆောင့်ကြောင့်ထိုင်၊ လက်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်တင်ထား၊ ထလျှင် ခြေစုံရပ်၊ ဒူးစေ့၊ ရှေ့တည့်တည့်ကြည့်၊ လက်နှစ်ဖက်ကို ရှေ့တွင် ဆန့်တန်း၍ လက်ဝဲဘက်လက်ဖမိုးပေါ်ညာဘက်လက်ဝါးကအုပ်ထား။ ဒါက လက်နောက်ပစ်လျှင် လက်နက်ဝှက်ထားမှာစိုးလို့၊ သွားလျှင်နှစ်ယောက်တစ်တွဲသွား။ ယခုခေတ်မှာ ထူးခြားလာတာက ထိုင်လျှင် တင်ပလ္လင်ခွေထိုင်၊ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ပေါင်တစ်ဖက်တစ်ချက်စီပေါ်တွင်တင်ထားရ၏။ အမျိုးသမီးများ ထိုင်လျှင် ဒူးတုပ်၍ထိုင်၊ လက်ပိုက်ထား ကလေးရှိလျှင် ကလေးကိုပေါင်ပေါ်တင်၍ပွေ့ထား။ မတ်တတ်ရပ်တာနှင့်သွားတာကတော့ ယခင်အတိုင်းပါပဲ။

ပထမအောက်ထပ်သို့ ဝင်ကြည့်ကြရာ အမျိုးသမီးထောင်မှူးက သင်တန်းဆရာကြီးနှင့်သင်တန်းသားများကို ရှင်းပြနေသည်။

''ဒီအောက်ထပ်မှာတော့ ခိုးမှုရယ်၊ မှောင်ခို မှုရယ်၊ ပြည့်တန်ဆာမှုရယ်၊ တခြား တိုလီထွာလီ အမှုကလေးတွေထားပါတယ်။ အပေါ်ထပ်မှာမှ လူ သတ်မှုနဲ့ မူးယစ်ဆေးဝါးလို အမှုကြီးတွေကို ထား ပါတယ်''

သူမ ဘာကိုဆိုလိုမှန်း ဆရာကြီးကလည်း ချက်ချင်း သဘောပေါက်လိုက်ပါသည်။ ''ဆရာကြီး တို့ တွေ့ချင်တဲ့အမျိုးသမီး ဒီအထဲမှာ မပါသေးဘူး ဆိုသည့်သဘော''

''ဟုတ်တာပေါ့လေ မူးယစ်ဆေးဝါးမှုကလည်း သေဒဏ်အထိ အပြစ်ပေးနိုင်တဲ့ အမှုမျိုးပဲ။ လူ သတ်မှုနဲ့အတူတူ၊ လုံခြုံစိတ်ချရတဲ့ အပေါ်ထပ်မှာ ထားရမှာပေါ့''

တွေ့ပါပြီ အပေါ်ထပ်တက်၍ အခန်းထဲဝင် လိုက်သည်နှင့် ထင်းခနဲ ဒိုကြားထဲ သင်တန်းသား ဆရာထောင်မှူးက ဟိုဟာပဲဆိုပြီး ပြမည့်ဟန်မျိုး အနီးကပ်လာသဖြင့် မိမိကသိပါတယ် ဆိုသည့် သဘော တံတောင်နှင့် အသာတွက်လိုက်ရသေး သည်။ အများစုအလယ်တွင် ကွက်ကွက်ကွင်းကွင်း ထင်းထင်းကြီး သိသာနေခြင်းကတော့ အမျိုးသမီး ၏ ဝတ်စားဆင်ယင်မှုနှင့် မှုန်နှံ့သာခြယ်သထားမှု မှာ အများစုနှင့်မတူ တစ်မူထူးခြားနေခြင်းကြောင့် ပင်ဖြစ်၏။ နဂိုကလည်း ဒီအတိုင်းပင် ပြောသံကြား ပြီးသား။

အသက်အားဖြင့်(၃၀)ကျော်(၃၅)နှစ်အတွင်း ခန့်မှန်းရသည်။ အသားမဖြူမညို၊ ကိုယ်လုံးကိုယ် ပေါက်မှာ သွယ်သွယ်လျလျ၊ ဒူးတုပ်ထိုင်နေသဖြင့် အရပ်အမြင့်ကို အတိအကျမခန့်မှန်းနိုင်သော်လည်း သိပ်မပုတာကတော့ သေချာသည်။ နက်ပြာရောင် ဘူးပါတိတ်ကို အထက်အောက်ဝမ်းဆက် ချုပ်ထား သည်။ အမှုစစ်ဆေးဆဲ အချုပ်ခန်းဆိုတော့ ကိုယ် ဝတ်ချင်တာဝတ်ခွင့်ရှိသည်မဟုတ်လား။ မျက်ခုံးမွေး ကိုလည်း အကျဆွဲထား၍ မျက်တောင်တုတပ်ထား၊ မထားတော့ ဂရုမပြုမိ။ မျက်နှာပေါ်မှာ မိတ်ကပ် လိမ်းထားမှန်းတော့ သိသာသည်။ နှုတ်ခမ်းနီကို လည်း မသိမသာဆိုးထားသည်။ ဒါတွေကိုလည်း အချုပ်တရားခံဆိုတော့ ရုံးထွက်ရုံးပြန်ရှိသေး၍ ခွင့် ပြုထားရသည်။ အဖိုးတန်ရွှေ ငွေ၊ လက်ဝတ်လက် စားတော့ လုံးဝ,ဝတ်ဆင်ခွင့်မရှိ။ ပါလာလျှင်စာရင်း နှင့်တကွ ထောင်မှူးကြီးထံ အတိအကျ အပ်နှံထား ပြီးဖြစ်၏။ နားကပ်မပါလို့လည်း အကြောင်းမဟုတ် လှပါ။ ယခုခေတ်အမျိုးသမီးတွေ နားပေါက်မရှိတာ က ခပ်များများရယ်။

ထောင်ကျသွားပြီးဆိုလျှင်တော့ ဘယ်သူဘယ် ဝါ့ သမီးကြီးပဲဖြစ်ဖြစ်၊ အပေါ်ဖြူ အောက်ဖြူ။ ဒါတောင်သနပ်ခါးလိမ်းရာတွင်လည်း အချို့က မိတ် ကပ်ကလေး ထည့်ချင်သေးသည်။ ဒါလောက်အထိ တော့လိုက်၍ မချုပ်ချယ်တော့ပါ။ ထောင်ဥပဒေ အရ သူတို့ခေါင်းဖြီးလျှင်သုံးဖို့ အုန်းဆီပင် ထုတ်ပေး ရသေးသည်။ ဆံပင်ရှည်ထားသော အကျဉ်းသား ရှိလျှင်လည်း အုန်းဆီခွဲတမ်း တစ်ပတ်တစ်ကြိမ်ရ သည်။ ယခုခေတ် ဆံပင်အရှည်ထားသည့်အကျဉ်း သားများလည်း မရှိတော့ပါပြီ။

''သူ့မျက်နှာကို သေသေချာချာ ဂရုစိုက်ကြည့် စမ်းပါ။ မျက်နှာကလေးက တစ်ချက်မညှိုးဘူး။ ခပ်တင်းတင်း''

ဤအချက်ကိုတော့ အသေအချာ အလေးထား ၍ လေ့လာလိုက်ပါသည်။ အလကားပါ၊ အပေါ်ယံ ရုပ်ကြည့်ရင်တော့ ဟုတ်ပေမပေါ့။ ထိုအချိန်အခါ က အကျဉ်းထောင်လုပ်သက်(၃၂)နှစ် ကျော်(၃၃)နှစ် အတွင်း ဝင်ခဲ့ကြပြီဖြစ်သော ထောင်ပိုင်ကြီးတစ် ယောက်အဖို့တော့ ဒီလိုမျက်နှာပေးမျိုးကရိုးနေပါပြီ။ အမှန်က ဘာမှမဟုတ်။ သူ့ကိုယ်သူ ဟန်လုပ်၍ မာန်တင်းထားခြင်းသာဖြစ်သည်။ အတွင်းအဖွဲ့တွ က တဟုန်းဟုန်းတောက်လောင်နေသော သောက မီးနှင့် အားငယ်စိတ်တို့ကို ရေခဲစိမ်ထားသော ဇာ ပဝါပါးပါးဖြင့် ဖုံးလွှမ်းထားခြင်းသာ ဖြစ်၏။

ထောင်မှူးသင်တန်းတွင် မိမိတာဝန်ယူထားရ

သည့် ဘာသာရပ်ကို သင်ကြားပို့ချပြီးစီးသောအခါ မိခင်ထောင်သို့ပြန်လာခဲ့ရသည်။ ကိုယ့်ထောင်ကိုယ် ပြန်ရောက်သည့်တိုင်အောင် တစ်နှယ်ငင်တစ်စဉ်ပါ တန်းလာသည့်စိတ်ကူးစိတ်သန်းကလေးကမပျောက် နိုင်သေးပေ။ ငါ့ထောင်မှာကော ကိုယ့်လင်ကိုယ် ရက်ရက်စက်စက် သတ်သည့် မိန်းမမျိုးရှိသလား။ ရှိပါ့ခင်ဗျာရှိပါ့။ ဒီနယ်က ပိုတောင်ကြမ်းသေးသည်။ သက်ကယ်ပျစ်ကလေး အစိတ်ကို အကြွေးသွား တောင်းရာမှ မိန်းမအချင်းချင်း နှစ်တစ်လက်မ တုတ်ချောင်းဖြင့် အသေရိုက်သတ်ခဲ့သည့် မိန်းမ တောင်ရှိသေး။

**အကြမ်းဆုံး သုံးမြို့**

အကျဉ်းထောင်လုပ်သက် အတွေ့အကြုံအရ မြန်မာပြည်အရပ်ရပ်တွင် ကြမ်းသောနယ်မြေ သုံး နယ်မြေ တွေ့ရသည်။ အဲဒါတွေကတော့ ရွှေဘို ရယ်၊ မြင်းခြံရယ်၊ သာယာဝတီရယ် ထစ်ခနဲရှိ လျှင် တုတ်ဆွဲ၊ ဓားဆွဲနှင့် မခံချင်စိတ်က တကယ် ပြင်းထန်တတ်ကြသည်။ တုတ်ကို တုတ်ချင်း, ဓား ကို ဓားချင်း ယှဉ်ပြိုင်ရင်ဆိုင်ရဖို့လည်း ဝန်မလေး ကြောက်မွေးပါလျှင် ဖာဂနာနှင့် တစ်ပင်ချင်း နှုတ် ပစ်မည်။ ဒါလောက်အထိ။

ကိုယ့်ဆွေမျိုးသားချင်းထဲက တစ်ယောက် ယောက် အသတ်ခံရလို့ ရဲက လာစစ်သည့်အခါ ဖော်ပြမည်ထင်သလား။ ဝေလာဝေး။ မည်သူမည် ဝါ သတ်သွားမှန်း အတပ်သိပါလျက် မသိပါဘူးဟု ပြောင်ငြင်းသည်။ ဘူးခံသည်။ ပြီးတော့မှ အသာ လေး အခွင့်ကောင်းကို ချောင်းနေသည်။

ချောင်းတာမှ ရက်ပိုင်းလည်း မဟုတ်။ လပိုင်း လည်း မဟုတ်။ နှစ်ချီ၍ ချောင်းသည်။ သည်းခံ၍ စောင့်သည်။ အဲ ... အခွင့်သာပြီဆိုလျှင်တော့ ထွက်ပြေးဖို့ မကြိုးစားလေနှင့်။ ပုံလေတဲ့ငှက်ခါး နင်နားပြီ မဟုတ်လား။ လာခဲ့ ဒီတစ်ခါ မင်းအလှည့် ပဲ။ သူတို့ကိုမေးလိုက်လျှင်လည်း ရှင်းရှင်းနှင့်ဘွင်း ဘွင်းပင် အမှန်အတိုင်း ဖြေတတ်သည်။

''ဟုတ်တယ်၊ သူ့ကို ကျွန်တော် သတ်တယ်၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က သူ့အဖေကကျွန်တော့် အဖေကို သတ်သွားလို့''

''ဟ-မင်းအဖေကို သတ်တာက သူမှမဟုတ် ဘဲ၊ သူ့အဖေဆို''

''ဟုတ်တယ်၊ သူ့အဖေလေ၊ သူ့အဖေမှ မရှိ တော့ဘဲ သေသွားပြီကိုး၊ ဒီတော့ သူ့ကိုပဲ သတ်ရ မှာပေါ့''

ကဲ- အဲဒါသာ စဉ်းစားကြည့်ပေတော့။ ဘာပဲ ပြောပြော၊ အငြိုးကြီး ငြိုးပြီး ကလဲ့စားချေသည့် သဘောပါနေတာကတော့ အမှန်။ ဒါက အများကြီး တော်သေးသည်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ကျွန်တော့်အဘိုးကို သူ့ဦးလေးကသတ်လို့ အခုသူ့ ကို ဘုရားပွဲမှာ အပြီးဖျောင်လိုက်တာဆိုတာက ပါသေးသည်။ တောဘုရားပွဲတို့ ဘုန်းကြီးပျံတို့ လူစု စုရှိပြီဆိုလျှင် သူတို့အဖို့ လူသတ်ကွင်းကြီး ဖြစ်နေ သည်။

ဒီတော့ ကြိုးတိုက်ခန်းထဲတွင် ကြိုးသမား (၂၃) ယောက်အထိ လူစည်ကားနေသည်မှာ အဆန်း မဟုတ်တော့ချေ။ ယင်းကြိုးသမား (၂၃)ယောက် အနက် ကြိုးသမားသုံးယောက်တို့၏ အခြေအနေ သိပ်ပြီး မကောင်းလှပေ။ အခြေအနေ မကောင်းဟု ဆိုရခြင်းမှာ အယူခံလည်း ရှုံးပြီးပြီ။ စောဒက တက် ရာမှာလည်း အနိုင်မရခဲ့။ နိုင်ငံတော်သမ္မတထံ အသနားစာတင်ထားသည်မှာလည်းကြာလှပြီ။ နိုင်ငံ တော်သမ္မတထံမှ အသနားခံစာရှုံးသည့် အမိန့်သာ ကျလာလျှင် ကြိုးပေးရတော့မည် ဖြစ်၏။

သူတို့သုံးယောက်၏ အမှုကလည်း ဆိုးသလား မမေးနှင့်။ ဆိုးမှဆိုး။ ပထမ ဓားပြတိုက်သည်။ ဒုတိယ မုဒိမ်းကျင့်သည်။ တတိယ လူသတ်သည်။ ဓားပြ၊ လူသတ်၊ မုဒိမ်းဆိုတော့ ဒီထက်ရက်စက် ကြမ်းကြုတ်သော အမှုမရှိတော့ပြီ။ ကနဦးကတော့ မြို့မှစပါးရောင်း၍ ပြန်လာသောနွားလှည်းကို ဓားပြ

တိုက်ကြခြင်းသာလျှင် ဖြစ်၏။ လှည်းပေါ်တွင် သား အမိသားအဘသုံးယောက်ပါလာရာ ဖခင်က လှည်း ရှေ့တွင် ထိုးထားသောဆောင်းဓားဖြင့် ခုခံရာမှ လုပ် သေနတ်ဖြင့် ပစ်သတ်လိုက်ကြသည်။ မထူးတော့ ဘူးဆိုပြီး သမီးငယ်နှင့်သူ့အမေကို မုဒိမ်းကျင့်ကာ လက်စတုံးသတ်ပစ်ခဲ့ကြခြင်းဖြစ်၏။

အမှုဖြစ်စဉ်က စုစုပေါင်း ခြောက်ယောက်ဖြစ် သည်။ ခြောက်ယောက်စလုံး ကြိုးမိန့်၊ တစ်သက် တစ်ကျွန်းဒဏ် နှစ်မိန့်စီကျခဲ့ရာမှ အယူခံရာတွင် သုံးဦးမှာ လူသတ်မှုနှင့် မုဒိမ်းမှုတို့တွင် မပါဝင်ခဲ့ဘဲ ဓားပြမှု တစ်မှုတည်း ကျူးလွန်ခဲ့ကြောင်း ပေါ်လွင် သည်ဆိုကာ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်၏။ သည်တော့ နိုင်ငံတော် သမ္မတထံမှ အသနားခံစာမှာလည်း မျှော်လင့်ချက် သိပ်မရှိလှပေ။

ထိုအချိန်အထိ ထောင်မှူးမောင်မောင်သည် ထောင်မှူးဘဝမှ ထောင်မှူးကြီး၊ ထိုမှတစ်ဆင့် ဒုတိယထောင်ပိုင်၊ ထောင်ပိုင်အဆင့်(တစ်) ဖြစ် လာသည်အထိ ကြိုးသမားအား ကြိုးပေးရာတွင် တာဝန်ခံ၍ ကိုယ်တိုင်ကိုယ်ကျ အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ဖူးခြင်း မရှိသေးပေ။ ထောင်မှူး တစ် ယောက်အနေနဲ့ ကြိုးသမားဆယ့်ခြောက်ယောက် လောက် ကြိုးပေးသည်ကို တွေ့ခဲ့ကြခဲ့ဖူးပါသည်။ သို့သော် ထောင်မှူးတစ်ယောက်အနေနဲ့ ကြိုးပေး ရာတွင် 'တို့လူလေးများ ဆိုသလေ ‥ ဝေလေလေ' ဆိုသည့်အခန်းလောက်ကသာဖြစ်၏။

ကြိုးသမားတစ်ယောက်ကို ကြိုးပေးစီရင်ရာ တွင် အဓိကအခန်းမှ တာဝန်ယူဆောင်ရွက်ရသူတို့ မှာ ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီးတို့သာလျှင် ဖြစ်၏။ အချင်းတစ်လက်မရှိ မနီလာကြိုးကို ကြို တင် မှာယူရရှိထားရမည်။ အဆိုပါကြိုးကို ပိဿာ ချိန် သုံးဆယ်ခန့်လေးသော သံတုံးကြီးတစ်လုံး အောက်မှဆွဲ၍ အပေါ်ကြိုးစကို ထုပ်တန်းတွင် ချည် နှောင်ကာ သုံးလေးရက်လောက် စန့်နေအောင်ဆွဲ ဆန့်ထားရမည်။ ပြီးတော့ ကြိုးသမားကို ပေါင် ချိန်ရမည်။ အရပ်အမြင့် တိုင်းရမည်။ လည်ပင်း အကျယ်ကိုတိုင်းရမည်။ အဲဒါတွေစုံမှ ထောင်ဥပဒေ စာအုပ်ကြီးတွင် အတိအကျဖော်ပြပါရှိသော ဖော်မြူ လာဖြင့် ကြိုးအရှည်(drop) ဘယ်လောက်ထားရ မည်ကိုတွက်ရချက်ရမည်။ အချို့ဆုတောင်းကောင်း သော ထောင်ပိုင်ကြီးများသည် ပင်စင်ယူသွားကြ သည့်တိုင်အောင် ထိုကဲ့သို့ တာဝန်ယူ၍ ကြိုးပေးခဲ့ရ သည့် အဖြစ်မျိုးနှင့် မကြုံတွေ့ခဲ့ရပေ။ မိမိလည်း အလားတူဆုတောင်း၍ ထောင်ပိုင်အဆင့်(တစ်)ဖြစ် ခဲ့ရပြီ။ သို့သော် ဒီသုံးကောင်ကြောင့် စိတ်ထဲမှာ တထင့်ထင့်။ သို့ဖြစ်၍ မိမိနှင့် လုပ်ဖော်ကိုင်ဖက် ဒုတိယထောင်ပိုင်ကို တိုးတိုးတိတ်တိတ် တိုင်ပင် ကြည့်ရသည်။

''ဦးမြင့်သိန်းရေ၊ ကျွန်တော်တို့ မနီလာကြိုးကို မှာထားရင်ကောင်းမလားပဲ''

''ဟာ ‥ ဆရာကလည်း နိမိတ်မရှိ နမာမရှိ၊ ဘာပြုလို့ ကြိုမှာထားရမှာလဲ''

''ဟို ‥ အကောင်သုံးကောင်က သိပ်ပြီးစိတ်ချ ရတာ မဟုတ်ဘူးဗျ''

''အမိန့်မှမကျသေးဘဲ ဆရာရယ်၊ သတ္တဝါ တစ်ခု ကံတစ်ခု ဘယ်ပြောလို့ရမှာလဲ''

''အေးလေ၊ ဒါတော့ ဒါပေါ့၊ အမိန့်ကျလာတဲ့ အချိန်ကျမှမှာနေရင် မင်းတို့ ကြိုတင်လုပ်မထား ဘူးလားလို့ အပြစ်တင်ခံရမှာစိုးလို့ပါ''

ဦးမြင့်သိန်းလည်း တစ်ခွန်းကနှစ်ခွန်းအတိုက် အခံ ပြောလိုဟန်မတူတော့ပေ။

''ဆရာ မှာစေချင်လည်း မှာထားလိုက်ပါ့မယ် လေ။ ကြိုးမပေးဖြစ်ရင်လည်း လာမယ့်အကျဉ်း ထောင် ပြေးခုန်ပစ်ပြိုင်ပွဲမှာ လွန်ဆွဲရတာပေါ့''

ဦးမြင့်သိန်းပြောသော သတ္တဝါတစ်ခု ကံတစ်ခု ဆိုသည့်စကား တစ်ကယ်ပင် မှန်ကန်လှပါသည်။ အဘယ်ကြောင့်ဆိုသော် ရေဒီယိုမှာရော ရုပ်မြင် သံကြားမှာပါ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်း

ချမ်းသာခွင့် အမိန့်တစ်ခု ထွက်ပေါ်လာ၏။ အဆိုပါ အမိန့်အရ သေဒဏ်ကျခံနေရသူများ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေ။ ကျန်သည့် ထောင်ကျအကျဉ်းသားများလည်း အချို့ကျ အပြစ်ဒဏ်မှ လျှော့ပေါ့ကျခံစေ။ ထောင်ပိုင်ကြီး ရန်အောင်မောင်မောင်သည် ဝမ်းသာလွန်းသဖြင့် ချက်ချင်းပင် ထောင်တွင်းဝင်၍ ကြိုးသမားများကို ပြောပြလိုက်သည်။ သူတို့ခမျာလည်း ပျော်လို့ရွှင်လို့ အော်လို့ဟစ်လို့၊ ရယ်သူကရယ်၊ ငိုသူကငို, တဟေးဟေး, တဟားဟားဖြစ်နေကြရာ မနည်းကြီး ပတ်တုပ်ယူရသည်။

ထောင်ပိုင်အဆင့်(တစ်)အထိတော့ ဆုတောင်းပြည့်ခဲ့ပြီ။ နောက်တစ်ဆင့် ထောင်ပိုင်အဆင့်(နှစ်) ကျန်သေးသည်။ ဒါလည်း သတ္တဝါတစ်ခုကံတစ်ခုပဲ။

ဘယ်လိုလဲ စောင့်ကြည့်ကြရအောင်။

• • •

အောင်မြ၊ သန်းမြင့်၊ ဝင်းမြင့်၊ အုန်းထွန်း၊ ရဲလွင်(ခေါ်) ပက်ထရစ်ဘားနတ်၊ သိုက်ထွန်းနှင့်၊ မောင်သန်းတို့ ကောင်းရာသုဂတိလားကြပါစေ။ ဤသည်မှာ ရန်အောင်မောင်မောင်၏ အသက်နှင့်ကိုယ်ခန္ဓာတည်မြဲနေသမျှ ကာလပတ်လုံး မိမိပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ဂုဏ်ကျေးဖူး အထူးတင်ပေသော၊ မွေးသည့်မိခင် မွေးသည့်ဖခင်၊ ဆရာသမား၊ ဘိုးကြီး၊ ဘွားကြီး၊ ရေမြေ့သနင်း မင်းမှအစပြု၍၊ အထက်ဘဝဂ်၊ အောက်အဝီစိ၊ အနန္တစကြဝဠာ၊ ဖီလာထုတ်ချင်း၊ အကြွင်းမရှိ၊ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသုခိတ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့နှင့်အတူ အမည်တပ်၍ မေတ္တာပို့ အမျှဝေရမည့် ကြိုးသမား ခုနစ်ဦး၏အမည်များပင်တည်း။

ရှင်းပါအံ့။ ရန်အောင်မောင်မောင်သည်၊ ကြိုးပေးရာတွင်၊ ထောင်ပိုင်အဆင့်(တစ်) အထိတော့၊ ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူဆောင်ရွက်ရမည့် ဘေးမှကင်းဝေးရန် ဆုတောင်းပြည့်ခဲ့ပြီဖြစ်ကြောင်း လက်ခမောင်းခတ်ခဲ့ ကြွေးကြော်ခဲ့မိ၏။ သို့သော် စကားအကုန်မဆိုဘဲ နောက်ထပ် ထောင်ပိုင်အဆင့်(နှစ်)တက်ရန် ကျန်သေးကြောင်းတော့ စကားကြွင်းချန်ခဲ့ပါသေးသည်။

ထောင်သံသရာဆိုသည်မှာလည်း ဘဝသံသရာ စက်ဝန်းကြီးထဲက စက်ဝန်းငယ်လေးတွေ ဖြစ်ဟန်တူပါသည်။ ဘာပြုလို့လဲဆိုတော့ ခုပဲကြည့်လေ။ ထောင်လုပ်သက်အနှစ်လေးဆယ်ခန့်အတွင်း ထောင်မှူးပိစိကွေးလေးမောင်မောင်မှသည် ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် ဖြစ်သည်အထိ ဆုံလည်နွားနှင့် ချားရဟတ်ပမာ မန္တလေးအကျဉ်းထောင်သို့ တာဝန်ဖြင့် ၁၉၅၀–ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၅၆–ခုနှစ်မှာတစ်ကြိမ် ယခုတစ်ကြိမ်၊ သုံးခါ သံသရာလည်ခဲ့ရပြီ မဟုတ်လား။ ဒီတစ်ခေါက်ကတော့ 'ကဲ ဘယ်ပြေးမလဲမိရွှေသဲ' ဆိုတာလို၊ ယခင်သင်တန်းနည်းပြ ဆရာဘဝနှင့် လာခဲ့စဉ်က အရေးတယူ ထောင်ထဲဝင်၍ ကြည့်ခဲ့ရသော ဒရိုင်ဘာနှင့်ပေါင်း၍ ကိုယ့်လင်ကိုသတ်သည် အမျိုးသမီးနှင့် ပက်ပင်းတိုးခဲ့ရချေပြီ။ မတွေ့ချင်လို့လည်း နေလို့မရ မမြင်ချင်လို့လည်းမဖြစ်။

ထောင်ပိုင်တစ်ယောက်အနေနှင့် အကျဉ်းသား၊ အကျဉ်းသူများကို အနည်းဆုံးတစ်ပါတ် တစ်ကြိမ်၊ နှစ်ကြိမ်တော့ မဖြစ်မနေ တွေ့မြင်နေရမည်သာဖြစ်သည်။ သာမန်အကျဉ်းသား၊ အကျဉ်းသူထက် သေဒဏ်စီရင်ခြင်း ခံထားရတော့ပိုပြီး ဂရုတစိုက်ကြည့်ဖို့ တာဝန်ရှိနေသည်။ ယခင်လကရေးခဲ့သည့် အမျိုးသမီးသည် ယခုလေးနှစ်အကြာပြန်တွေ့တော့ သေဒဏ်စီရင်ခြင်းခံရ၍ ကြိုးတိုက်အတွင်း ရောက်နေပေပြီ။ ကြိုးသမားဆိုတော့ အပေါ်အဖြူအောက်အဖြူနှင့် နုတ်ခမ်းနီပါးနီဆိုးထားခြင်း အလျဉ်းမရှိ။ မျက်ခုံးမွေးလည်းမဆွဲ။ ဆံပင်တစ်ပတ်လျှိုနှင့်သနပ်ခါးရေကျဲ လိမ်းထားသည်ကိုပင် မတွေ့ရ။ လက်ထဲမှာလည်း ထောင်အတွင်းလုပ် ကြိုးပုတီးတစ်ကုံးကိုကိုင်လျက် သူမ၏မျက်နှာတွင် ဖုံးလွှမ်းထားသော

ရေခဲစိမ်ဇာပဝါပါးသည်လည်း ကွာကျခဲ့ချေပြီ။ ဟန်လုပ်၍ တင်းထားခဲ့သော မာန်မာနတွေလည်း လေလျော့၍သွားသည့် ပူဖေါင်းတစ်ခုသဖွယ် ပြေလျော့ပိန်ရှုံ့သွားခဲ့လေပြီ။

ကြိုးတိုက်ဆိုလို့ သတိရမိသေးသည်။ ထောင်မှူး မောင်မောင်တို့ အလုပ်ဝင်စက မန္တလေးလို ဗဟိုအကျဉ်းထောင်ကြီးတွင် မိန်းမကြိုးသမားများ ထားဖို့ ကြိုးတိုက်ရယ်လို့ မရှိခဲ့ပေ။ ထိုစဉ်က မိန်းမကြိုးသမားဆိုတာကလည်း ကြုံတောင့်ကြုံခဲ ရှားရှားပါးပါး မဟုတ်လား။ ထိုသို့ရှိနေစဉ် မမျော်လင့်ဘဲ မိန်းမတစ်ယောက် ကြိုးမိန့်ကျလာရာ အုပ်ချုပ်သူလူကြီးတွေ ပျာယာခတ်သွားခဲ့ရသည်။ ကြိုးသမားဆိုတာကလည်း ထောင်ဥပဒေအရမည်သည့် အကျဉ်းသား အကျဉ်းသူနှင့်မျှ ရောထားလို့မရ။ ကြိုးတိုက်အတွင်းမှာသာ သီးသန့်ထားရသည်။

မှတ်မှတ်ရရ ထိုအမျိုးသမီးမှာ ယော၊ ဂန့်ဂေါနယ်မှဖြစ်၍ အသက်ရှစ်နှစ်အရွယ်ရှိ ကလေးမတစ်ဦးထံမှ နားဆွဲတစ်ရံကို ချွတ်ယူပြီး၊ ရေတွင်းပျက်ထဲတွန်းချ၍ သတ်ခဲ့သောအမှုဖြစ်၏။ နောက်ပိုင်းကျတော့ အယူခံရာတွင် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်သို့ ပြောင်းလဲသွား၍တော်သေး၏။ ထိုစဉ်ကတော့ မိန်းမကြိုးသမားဆိုတာ ရှားပါးပစ္စည်း။ ယခုခေတ်မှာတော့ မူးယစ်ဆေးဝါးအက်ဥပဒေအရလည်း ကြိုးကျလာသောအမျိုးသမီးများရှိလေရာ ကြိုးတိုက်မရှိလျှင် မဖြစ်တော့။

ထိုအချိန်တွင် အားမတန်၍ မာန်လျှော့ခဲ့ရသော ကိုယ့်ယောက်ျားကိုယ်သတ်ခဲ့သည့်ကြိုးသမားနှင့်ကြုံရပါ ဒရိုင်ဘာကြိုးသမားတို့မှာ အယူခံရော၊ စောဒကပါ ရှုံးခဲ့သည်မှာ (၂)နှစ်ခန့် ကြာခဲ့ပေပြီ။ နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော် သမ္မတထံမှ အသနားခံစာကို စောင့်ဆိုင်းနေကြဆဲဖြစ်၏။ စစ်ပြီးဒီဘက်ပိုင်းမှာတော့ ထိုအချိန်ထိ မိန်းမကြိုးသမားကို ကြိုးပေးသတ်သည့် ရာဇဝင်မရှိသေး။ စစ်ကြိုခေတ်ကလည်း မကြုံဖူးခဲ့ဟု ဆရာ၊ ဆရာထောင်ပိုင်ကြီးများပြောပြ၍ သိရသည်။ ဒီတစ်ခါတော့ ကြုံများကြုံရလေမလား။

တစ်ခုသောနံနက်ခင်း ထောင်ပိုင်ကြီး လွှတ်လူများလွှတ်နေစဉ် ညွှန်ကြားရေးမှူးရုံးမှ ထောင်မှူး ဦးတင်လှ ပေါက်ချလာသည်။

''ဆရာကြီး ဗိုလ်မှူးက ခေါ်ခိုင်းလိုက်လို့''

''အေး ‥ အေး ‥ လာခဲ့မယ်၊ ဗိုလ်မှူး အပြင်သွားစရာရှိသေးလား''

''အခုအချိန်ထိတော့ ဘာသံမှ ပြောသံမကြားရသေးဘူး''

''ဒီလိုဆိုရင် လွှတ်လူ ပြီးအောင်လွှတ်လိုက်ဦးမယ်၊ လေးငါးယောက်ပဲကျန်တော့တာပါပဲ။ အဲဒါပြီးရင်လာခဲ့မယ်လို့ သတင်းပို့လိုက်ပါ။ ကြားလား''

''ဟုတ်ကဲ့ပါ ဆရာကြီး''

ဦးတင်လှ အလေးပြု၍ ထွက်သွားသည်။

**ထောင်ပိုင်ကုသိုလ်ရသောနေ့**

ထောင်ပိုင်ကြီး၏ မြောက်မြားလှစွာသော လုပ်ငန်းတာဝန်များထဲတွင် နေ့စဉ်ကုသိုလ်ရသော လုပ်ငန်းတစ်ခုရှိ၏။ ယင်းလုပ်ငန်းမှာ နေ့စဉ်နံနက်စောစော လွှတ်လူများကိုလွှတ်ရသောအလုပ်ပင်တည်း။ ငယ်ငယ်က ခိုကလေး၊ စာကလေးများကိုဖမ်းမိသည့်အခါ ''နင့်ကိုတစ်ခါလွှတ် ငါ့ကိုဘဝဆက်တိုင်းလွှတ်'' ဟု ဆိုကာ လက်ခုပ်ထဲမှလွှတ်ခဲ့ဖူးသည်များကိုလည်း ပြန်ပြောင်းသတိရနေမိသည်။ ရွှေတိဂုံဘုရားစောင်းတန်းခြေရင်းတွင် စာကလေး၊ ခိုကလေးများကို လှောင်ချိုင့်အတွင်း လှောင်ထားပြီး ကုသိုလ်ဖြစ်လွှတ်ရန် ရောင်းချနေ သူများကိုလည်း မြင်ယောင်မိသည်။ ကုသိုလ်တော့ ရပါ၏၊ တာဝန်က ကြီးလှပါဘိသည်။

ဘဏ်မှာငွေပိုပေးမိလို့အကြောင်းမဟုတ်၊ ငွေရှိလျှင် စိုက်လျော်လိုက်လို့ရသည်။ သက်မဲ့ပစ္စည်းကိုင်ရသည့် အစိုးရဝန်ထမ်းများအဖို့လည်း အကြောင်းမဟုတ်လှပါ။ လူမတတ်ပေမယ့် လက်ဖက်ထုပ်

တော့ တတ်ရမည်ဆိုသကဲ့သို့ ငွေသာရှိပါစေ။ စိုက် လျော်ထည့်လို့ဖြစ်နိုင်သေးသည်။ ထောင်မှာ လူများ မိခဲ့လျှင်မူ ငွေနှင့် ဝယ်ထည့်လို့လည်း မရ။ သူ့ကိုယ် စား မှားလွှတ်မိသူကိုယ်တိုင် အထဲဝင်ရမည့်ကိန်း ဆိုက်နေသည်။ သို့ဖြစ်၍ လွှတ်လူလွှတ်သည့်ကိစ္စ ကို ထောင်ပိုင်ကြီးကိုယ်တိုင် တာဝန်ယူနေရခြင်း ဖြစ်သည်။ ထောင်ပိုင်ကြီး မအားလပ်သည့်အခါ များတွင် ထောင်ပိုင်လေးကို တာဝန်ယူစေရသည်။ သို့တည်းမဟုတ် အမိန့်စာထုတ်၍ တာဝန်လွှဲပိုင် ခွင့်ရှိသည်။ ယခုတော့ ထောင်ပိုင်လေးက ကျိုင်းတုံ ထောင်ပြောင်းသွား၍ သူ့နေရာတွင် လူစားရောက် မလာသေး။ ထောင်ပိုင်အဆင့်(တစ်)ရောက်လာမယ် လို့တော့ သတင်းကြားထားသည်။ အမိန့်စာက မထွက်သေး။

ဒါဖြင့် လူမှားလွှတ်သည့်ကိစ္စမျိုးမရှိနိုင်ဘူးလား ဆိုတော့ ရှားသည်ဟုဆိုရပေမည်။ ဖြူ ငမဲ မှား လွှတ်သည့်ကိစ္စကတော့ လုံးဝမရှိသလောက်ပင်။ ဘယ်လိုလုပ်ရှိပါ့မတုန်း။

ထောင်ဝင်စာက စစ်သလို ထောင်နံပါတ်၊ အမည်၊ အဖေနာမည်၊ အမေနာမည်၊ မိန်းမ၊ ခင် ပွန်းအမည်၊ အသက်၊ အပြစ်ပေးသည့်ရုံး၊ ဖြစ်ပွား သည့် ပြစ်မှု၊ ချလိုက်သည့်ပြစ်ဒဏ်အားလုံးကို စစ် မေးပြီးမှ၊ ကိုယ်ပေါ်တွင် ထင်ရှားသည့်အမှတ်အ သားသုံးခုကို သေသေချာချာစစ်ပြီး လွှတ်လိုက်ရ တဲ့ကိစ္စပဲ။ ဖြစ်နိုင်တာနှင့်ဖြစ်တတ်တာက လျှော့ ရက်များ မှားယွင်းတွက်ချက်ထားခြင်း၊ ပိုမိုတွက် ချက်ထားခြင်း၊ လျှော့ရက်သည် ချလိုက်သည့် အပြစ်ဒဏ်၏သုံးပုံ၊ တစ်ပုံထက် ပိုနေသည့် စသည့် ကိစ္စများပင်ဖြစ်၏။

အချုပ်ခံရက်ကို ထောင်ကျရက်အဖြစ် သတ် မှတ်သည့် အမိန့်ထွက်ပြီး နောက်ပိုင်းတွင် တွက်ရ ချက်ရတာ ပိုပြီးလက်ဝင်သေးသည်။ ဂရုစိုက်ရသေး သည်။ ကြောက်စရာ အကောင်းဆုံးကတော့ လွှတ် ဝရမ်းအတုနှင့် ညားတတ်ခြင်းပင် ဖြစ်၏။ ဒါက များသောအားဖြင့် အချုပ်တရားခံများအား လွှတ် ရာတွင် ဖြစ်လေ့ဖြစ်ထ ရှိတတ်သည်။ ရန်ကုန် ထောင်ကြီးမဖျက်မီက ထောင်အုရာရှိတွေ ပယ်ပယ် နယ်နယ်ကြီး ခံခဲ့ရဖူးပြီ။

ရန်ကုန်ထောင်ပိုင်ကြီးမှာ တာဝန်တွေ များပြား လှသည့်အလျောက် လွှတ်လူကိစ္စမှန်သမျှကိုထောင် ပိုင်လေးနှင့် လွှဲထားသည်။ ထိုနေ့ကမှ ထောင်ပိုင် ကလေးကလည်း အသုဘတစ်ခု သွားပို့ရန်ရှိနေ သဖြင့် ညနေပိုင်းရုံးပြန် အချုပ်လွှတ်လူများရှိပါက ဆက်လက်ဆောင်ရွက်ရန် ထောင်မှူးကြီးကိုတာဝန် ပေးသွားသည်။

ထောင်မှူးကြီးသည် တစ်ဆယ့်နှစ်နာရီမှ နှစ် နာရီ ထမင်းစားပြန်ပြီးနောက် ရုံးပြန်တက်လာသော အခါ အချုပ်ကိုင်ရသည့်ထောင်မှူးက အချုပ်မှတ်ပုံ တင် စာအုပ်ကြီးနှင့်အတူ အာမခံဖြင့် လွှတ်ရမည့် အချုပ်တရားခံကို ခေါ်လာခဲ့သည်။ ထောင်မှူးကြီး က အချုပ်ရီမန်များ၊ လွှတ်ဝရမ်းနှင့်အာမခံစာချုပ် ပေါ်တွင်ပါသည့်တရားသူကြီး၏လက်မှတ်များ၊ ရုံး တံဆိပ်များကိုသေချာစွာစစ်ဆေးပြီးလွှတ်လိုက်သည်။

**ထောင်တွင်းမှုပါမ်ိလည်မှု**

တရားသူကြီး၏ ထိုးမြဲလက်မှတ် အင်္ဂလိပ်လို၊ မြန်မာလို နှစ်လက်မှတ်ကိုပါတွဲထားသည့် ဖိုင်တွဲ ကြီး ရှိနေသည်။ ထိုနေ့က လွှတ်သွားသည့်အထဲတွင် ဂျော့ချ်အေရှန်(ခေါ်) မြင့်သိန်းတစ်ယောက် ပါသွား သည်ကို မည်သူမျှ သတိမပြုမိပေ။

ရုံးချိန်းနေ့ကျတော့ သူ့အမှုကို ခေါ်ပြီးရုံးထုတ်၊ ရဲက ပါမလာကြောင်း၊ အာမခံလွှတ်ဝရမ်းဖြင့် ထောင်ကလွှတ်သွားပြီဟု သိခဲ့ရကြောင်း ပြောပြ သဖြင့် ထောင်မှပြန်ပို့သည့် လွှတ်ဝရမ်းမိတ္တူနှင့် အာမခံစာချုပ်တို့ကို ရှာကြည့်ရာ ရုံးမှာပင်တွေ့ရ သည်။ သို့သော် လွှတ်ဝရမ်းနှင့် အာမခံစာချုပ် တို့က အစစ်မဟုတ်။ အတုကြီး ဖြစ်နေသည်။ အတု ဆိုသော်လည်း အစစ်နှင့် ဘာမှမခြား။ တရားသူ

ကြီးလက်မှတ်ရော၊ ရုံးတံဆိပ်တို့ပါ တစ်ထေရာ တည်း။ တစ်ခုတည်း ဆိုစရာရှိသည်မှာ ရုံးတံဆိပ် မှာ သစ်လွင်နေခြင်းပင်။

အမှန်အတိုင်း ဂျော့ချ်အေရှန်၏ အမှုများမှာ လက်နက်မှုတို့ သောင်းကျန်းသူများနှင့်ဆက်သွယ် မှုတို့ဖြစ်သဖြင့် အာမခံနိုင်သော အမှုများ မဟုတ် ပေ။ သို့သော် သူကတော့ခပ်တည်တည် ထောင်က ထွက်သွားခဲ့ပြီဖြစ်၏။ သူ့ကြောင့် ဒုက္ခလှလှကြီး ရောက်သွားရသူများမှာ ထောင်မှူးကြီးနှင့် အချုပ် ကိုင်သည့် ထောင်မှူးတို့ပင်။

ဂျော့ချ်အေရှန်(ခေါ်) မြင့်သိန်းသည် ယင်းအမှု မတိုင်မီကလည်း မန္တလေးထောင်မှ ထောင်မှူး၊ ထောင်ပိုင်တွေကို အလားတူ ချောက်ချခဲ့ဖူးပြီ။ ထို စဉ်ကတော့ လွှတ်ဝရမ်းတုဖြင့် ထွက်သွားခဲ့ခြင်း မဟုတ်။ တရားရုံးမှ အပြစ်ပေးလိုက်သော ထောင် ကျဝရမ်းများရှိ အပြစ်ဒဏ်များကို ပြင်ဆင်ခြင်းဖြစ် ၏။ အပြစ်ဒဏ်ကို ရေးသားရာတွင် ဘဏ်လုပ်ထုံး လုပ်နည်းအတိုင်း ငွေသားကို ဂဏန်းနှင့်ရော စာ သားနှင့်ပါ ရေးရသည်။ ဒါကိုလည်း သူ ရအောင် ပြင်သည်။ ဥပမာ– ထောင်ဒဏ် အနှစ်နှစ်ဆယ် ချလိုက်သူကို ထောင်ဒဏ်နှစ်နှစ်၊ ဆယ်နှစ်ချလိုက် သူကို ငါးနှစ်(သို့မဟုတ်)တစ်နှစ် ပိုပြီး ယုတ္တိရှိအောင် ပုဒ်မကိုပါ ပြင်သင့်လျှင်ပြင် သည်။ တရားသူကြီး လက်မှတ်ထိုးစရာလိုလျှင် တစ်ထေရာတည်းတူ အောင် ထိုးလိုက်သေးသည်။

ဂျော့ချ်အေရှန် (ခေါ်) မြင့်သိန်းမှာလည်း ဇာတ် သိမ်းမကောင်းခဲ့ရှာပါ။ သူသည် ထောင်တွင်းရှိ သောင်းကျန်းသူများကိုပါ လက်နက်များ ဝယ်ပေး မည် ပြောပြီး ငွေများ လိမ်လည်ယူခဲ့သူဖြစ်၏။ ထောင်မှ လွှတ်ဝရမ်းတုဖြင့် လွတ်သွားပြီးနောက် အပြင်တွင်လည်း အထင်ကရနေလို့ မဖြစ်သဖြင့် ထောင်တွင်းသို့ ပြန်သွားခဲ့ရာ အသတ်ခံခဲ့ရကြောင်း သတင်းစာများတွင် ပါလာခဲ့သည်။

အကျဉ်းထောင်များတွင် လွှတ်လူလွှတ်ရသည့် ကိစ္စမှာထိုမျှလောက်အထိတာဝန်ကြီး၏။ အန္တရာယ် လည်းများ၏။ သို့ဖြစ်၍ ကြေးနန်းဖြင့် လွှတ်မိန့်ကို လက်မခံရ။ အပြင်လူ ယူလာသော လွှတ်ဝရမ်းကို လက်မခံရ။ တရားရုံးမှ လွှတ်ဝရမ်းကိုလည်း သမ္မ ပြာတာယူလာမှယင်း၏ မှတ်ပုံတင်နှင့်လူကို တိုက် ဆိုင်စစ်ဆေးပြီး မှန်ကန်မှသာလျှင်(Local Despatch Book)ချောစာအုပ်တွင် လက်မှတ်ထိုး၍ လက်ခံရမည်ဟု အမိန့်များ ထုတ်ဆင့်ထားခဲ့သည်။ အဝေးမြို့က ပို့ရသည့် လွှတ်ဝရမ်းဆိုလျှင် မှတ်ပုံ တင်ချောစာနှင့်ပို့မှ လက်ခံ၍လွှတ်ပေးရသည်။

သာယာဝတီအကျဉ်းထောင်တွင် တာဝန်ထမ်း ဆောင်စဉ်က တစ်ကြိမ် ကြုံခဲ့ဖူးပါပြီ။ ဗဟိုတရား ရုံးမှ ရှေ့နေကြီးသည် သူ၏အမှုသည် ကြိုးသမား အတွက် လွှတ်ဝရမ်းကိုကိုင်ကာ တက္ကစီကားစင်း လုံးငှား၍ ယူလာဖူးသည်။ ထောင်က ဆောရီးပဲ မလွှတ်နိုင်ကြောင်း ပြောပြသောအခါ သူဒေါပွ၍ ဗဟိုတရားရုံးကို ဖုံးဆက်ကြည့်ပါဟု ပြန်ပြောသည်။ ဖုန်းမဆက်နိုင်ကြောင်း ညွှန်ကြားချက် မရှိကြောင်း ရှင်းပြလိုက်ရသည်။ စာတိုက်မှမှတ်ပုံတင်ဖြင့်ရောက် လာမှလွှတ်ရတော့ ကြိုးသမားမှာ အချောင်သက် သက်သုံးလေးရက်နောက်ကျသွားခဲ့ရသည်။ နစ်နာ သွားခဲ့သည်။

ထောင်ပိုင်ကြီးသည် လွှတ်လူများ ကိစ္စပြတ် သည်နှင့် ညွှန်ကြားရေးမှူးရုံးဘက် ထွက်လာခဲ့ သည်။ ညွှန်ကြားရေးမှူး ဆိုသည်မှာလည်း ထောင် မှူးမောင်မောင်တို့ အလုပ်စဝင်စတုန်းက မရှိခဲ့ပေ။ ထောင်မှူး၊ ထောင်မှူးကြီး၊ ဒုတိယထောင်ပိုင် ထောင်ပိုင်ပြီးလျှင် ရုံးချုပ်မှာ အကျဉ်းဌာန မင်းကြီး ရယ်၊ ဒုတိယဌာနမင်းကြီးရယ် (S.J.I) (Supervisor of Jail Industries) စက်မှုလက်မှုဝန်ရယ် ဤ သုံးဦးသာ အကြီးအကဲအနေဖြင့်အုပ်ချုပ်နေခဲ့သည်။ နောက်ပိုင်းကျတော့ ရုံးချုပ်တွင် အထူးအရာရှိ တစ် ဦးတိုးလာ၏။ မရေးမနှောင်းဆိုသလိုပင် အင်းစိန် ထောင်နှင့် မန္တလေးထောင်တို့တွင်လည်း အထူး

အရာရှိ တစ်ဦးစီ ခန့်ထားခဲ့၏။ ၁၉–၄–၇၅ နောက်ပိုင်းကျမှ အကျဉ်းဦးစီးဌာနဟူ၍ ဖွဲ့စည်းပုံအသစ်ပီပီပြင်ပြင် ပေါ်လာပြီး ညွှန်ကြားရေးမှူးများဖြင့် အကျဉ်းထောင်များကို တိုင်းနှင့်ပြည်နယ် အလိုက် အုပ်ချုပ်စေခဲ့ခြင်းဖြစ်သည်။ သို့တိုင်အောင် ပြည်နယ်နှင့်တိုင်းတိုင်းမှာ အကျဉ်းထောင်က မရှိ။ ရှိပြန်လျှင်လည်း တစ်ထောင်စ နှစ်ထောင်စ ဆိုတော့ ညွှန်ကြားရေးမှူး များများစားစားထားဖို့ မလိုပြန်။ သို့ဖြစ်၍ ရန်ကုန်တိုင်းထောင်အုပ်စု၊ မန္တလေးတိုင်းထောင်အုပ်စု၊ ဧရာဝတီတိုင်းထောင်အုပ်စုနှင့် မွန်ပြည်နယ် ဟူ၍ ခွဲခြားကာ တာဝန်ပေးထားခဲ့ခြင်းဖြစ်၏။

မန္တလေးတိုင်းထောင်အုပ်စုထဲတွင် (က) အဆင့်ထောင်တစ်ထောင်နှင့်(ခ)အဆင့်(ဂ) အဆင့်ထောင်အစုံရှိသည်။ နယ်အားဖြင့်လည်း အကျဉ်းဆုံးဖြစ်သည်။ အရှေ့လားသော် လားရှိုး၊ ကျိုင်းတုံ၊ တောင်လားသော် လှိုင်ကော်၊အနောက်လားသော် မုံရွာ၊ မြောက်လားသော် ဗန်းမော်၊ မြစ်ကြီးနားအထိ ဖြစ်၏။ ထောင်ပိုင်ကြီးအဖို့တော့ တစ်မူကုသိုလ်ထူးသည် ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် သူနှင့်ညွှန်ကြားရေးမှူးဖြစ်သူ ဗိုလ်မှူးတို့မှာ ယခုမှတွေ့ဖူးကြသူများမဟုတ်။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်က ဗန်းမော်တွင် အတူတူနေကြဖူးသည်။ ထိုစဉ်က ထောင်ပိုင်ကြီးမှာ နှစ်ပွင့် ထောင်မှူးကြီးဘဝ၊ သူကလည်းနှစ်ဘား ဗိုလ်ဘဝ ထောင်ပိုင်ကြီး၏တူနှင့်ဗိုလ်သင်တန်း တစ်ပတ်တည်း ဆင်းလာခဲ့သူဖြစ်၏။ မိမိတို့တစ်ဦးချင်းသာ မဟုတ်၊ မိသားစုပါ အိမ်နီးပါးချင်းအနေနဲ့ ခင်မင်ခဲ့ကြပြီးဖြစ်သည်။ ညွှန်ကြားရေးမှူးက မကြာခဏ ရယ်စရာပြောလေ့ရှိသည်။

''ထောင်ပိုင်ကြီးက အဲဒီတုန်းကနှစ်ပွင့်ထောင်မှူးကြီးဆိုပေမယ့် နယ်မှာတော့ ထောင်ပိုင်ကြီးကိုဗျ။ ကျွန်တော်တို့ ဖျူဟာမှူးတို့ တပ်ရင်းမှူးတို့နဲ့ တင်းနစ်ကစားဖက်တွေလေ။ ကျွန်တော်တို့က ကိုယ့်လူကြီးတွေပါတဲ့ပွဲဆိုတော့ ဘောလုံးတောင် ကောက်ပေးခဲ့ရတာပေါ့''

ဘာပဲဖြစ်ဖြစ် ယခုလက်ရှိကိုယ့်အထက်လူကြီးဖြစ်လာသောအခါ ထောင်ပိုင်ကြီးအနေနှင့်လည်း သိတတ်ရသည်။ လေးလေးစားစား ဆက်ဆံရသည်။ သူ့ကျေးဇူးတွေကလည်း ကြီးမားလှပါ၏။ ထောင်ပိုင်ကြီးမှာ ပင်စင်မယူမီ ကျန်းမာရေး အခြေအနေ အတော်လေးချွတ်ယွင်းခဲ့ရာ အဖက်ဖက်က လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ခဲ့သည်များကိုလည်း ဒီတစ်သက် မေ့နိုင်စရာအကြောင်းမရှိတော့ပေ။

ညွှန်ကြားရေးမှူးနှင့်တွေ့သောအခါ သူအခေါ်ခိုင်းရသော အကြောင်းရင်းကိုရှင်းပြသည်။ သူ၏လက်အောက်ရှိ (က)အဆင့်အကျဉ်းထောင်မှ ကြိုးသမားနှစ်ယောက်မှာ နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်သမ္မတထံမှ အသနားခံစာရှုံးခဲ့လေသည်။ ဒါဆိုလျှင် ကြိုးပေးရတော့မည်ဖြစ်၏။ အဲဒီ ထောင်မှ ထောင်ပိုင်ကြီးမှာလည်း အိပ်ရာထဲ လဲနေသည်။ ဒုတိယတာဝန်ခံအရာရှိလည်း မရှိ ထောင်မှူးကြီးလုပ်သူမှာလည်း အခြားဌာနမှပြောင်းရွှေ့လာသူဖြစ်၍ ကြိုးပေးသည့်အတွေ့အကြုံ လုံးဝမရှိ။

''အဲဒါ ထောင်ပိုင်ကြီးပဲ သွားပြီးတာဝန်ယူပေးစေချင်တယ်ဗျာ၊ အကူအညီလိုချင်ရင်လည်း ကျွန်တော့် အုပ်စုထဲက ကြိုက်တဲ့အရာရှိခေါ်သုံးပါ''

''ဟုတ်ကဲ့– ပထမတစ်ခေါက်တော့ ဟိုထောင်က ကြိုးစင်အခြေအနေကြည့်ဖို့နဲ့ ကြိုတင်ပြင်ဆင်မှုလုပ်ဖို့ရယ်၊ မြို့နယ်တရားရုံးတို့ တိုင်းတရားရုံးတို့နဲ့ ရက်ချိန်းကြိုတင်ညှိဖို့ ရက်ကြိုပြီးသွားဖို့လိုပါလိမ့်မယ် အစစအရာရာပြင်ဆင်ပြီး ရက်ချိန်းလည်း သတ်မှတ်ပြီးပြီဆိုမှ တစ်ညအိပ် ကြိုပြီးသွားလိုက်ပါ့မယ်''

''အေးဗျာ၊ ခင်ဗျား ကောင်းမယ်ထင်သလိုသာ ကြည့်စီစဉ်ပါ။ လိုတဲ့အကူအညီရှိရင်လည်းပြောပါ''

ထောင်ပိုင်ကြီး ထိုင်ရာမှထမည်အပြု ဗိုလ်မှူးက သူ၏အံဆွဲသော့ကိုဖွင့်ပြီး အထဲမှစာအိတ်နီကြီး

တစ်အိတ်ကို ဆွဲဖွင့်လိုက်သည် (စာအိတ်နီကို သေဒဏ်ကိစ္စများတွင်သာ သုံးလေ့ရှိသည်)

''နေဦးဗျ–နောက်ဆက်တွဲလက်ဆောင်ကလေး တစ်ခု ထပ်ပေးဦးမယ်။ ဒါလည်းကြိုတင်ပြင်ဆင်စရာရှိတာကလေး ပြင်ဆင်ထားနိုင်အောင်ပေါ့''

ထောင်ပိုင်ကြီးသည် ဖွင့်ပြီးသား စာအိတ်ထဲမှ စာရွက်ခေါက်ကြီးကို ထုတ်ကြည့်လိုက်ရာ ထင်ထားသည့်အတိုင်း ကြိုးသမားကိစ္စပင် ဖြစ်နေသည်။

ဝင်းမြင့်မှာလူသတ်မှု၊ အလောင်းဖျောက်ဖျက်မှုတို့နှင့် သေဒဏ်ကျထားခဲ့ရာ အယူခံလည်း ရှုံးခဲ့ပြီး စောဒကလည်းရှုံးခဲ့ပြီ။ ယခုနောက်ဆုံးအဆင့် နိုင်ငံတော်သမ္မတထံမှာ အသနားခံစာလည်း ရှုံးခဲ့ပြီဖြစ်၏။ ကြိုးဒဏ်စီရင်ရုံသာ ရှိတော့သည်။

''ဒါဖြင့် သူနဲ့အမှုတွဲ 'မတင်လှိုင်'ကျတော့ကော''

''အဲဒါတော့ ကျွန်တော်လည်း မသိဘူးလေဗျာ၊ သူတစ်ယောက်တည်းအတွက် ရုံးမိန့်လာတာပဲ၊ ကြည့်ရတာ အမျိုးသမီးကိုကြိုးမိန့်မပေးချင်ဘူးနဲ့ တူတယ်''


ကိုယ့်ယောက်ျားကိုယ်သတ်သော မတင်လှိုင်မှာ နောက်ထပ်ထွက်ပေါ်လာသော အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ခုအရ ကြိုးဒဏ်မှ တစ်သက်တစ်ကျွန်းသို့ လွှဲပြောင်းကျခံသွားခဲ့ရပါသည်။

ကဲ– ဘယ်မှာ အချို့အချို့သော ထောင်ပိုင်တွေလို ဆုတောင်းပြည့်ခဲ့လို့လဲ။ အသက်ကြီးတောင့်ကြီးမား အငြိမ်းစားယူခါနီးကျမှ ဆင်ပြောင်ကြီး အမြီးတစ်လေပြီ။

ရန်အောင်မောင်မောင်

# မိုးကြိုးအသက် ကြွေရက်စော

ရန်အောင်မောင်မောင်



# မိုးကြိုးအသက် ကြွေရက်စော

လွန်ခဲ့သောနှစ်လခန့်က ရန်အောင်မောင်မောင် ထံသို့ ဆန်းဆန်းပြားပြား စာတစ်စောင် ရောက်လာ ပါသည်။

ဆန်းဆန်းပြားပြားဟု ဆိုရခြင်းမှာ စာရေးသူ သည် သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး ဖြစ်နေ ခြင်းကြောင့်ပင်။

ဒကာကြီး ဦးရန်အောင်မောင်မောင်။

ကျုပ်ကတော့ မန္တလေးမြို့ အနောက်ဘက် (၈၀)တိုက်မှာ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး ပါပဲ။ ရဟန်းဝါဆယ်ဝါကျော်ခဲ့ပြီပေါ့ဗျာ။ ပရိယတ် ပဋိပတ်တွေ လိုက်စားရင်း တစ်ဖက်ကအပျင်းပြေ သဘော ဝါသနာတူသောဦးဇင်းတွေနဲ့ လစဉ်ထုတ် မဂ္ဂဇင်းတွေကိုလည်း ဖတ်ခဲ့မိကြပါတယ်။ အဲဒီအ ထဲမှာ ဒကာကြီးရေးတဲ့'ကလျာအမျိုးသမီးမဂ္ဂဇင်း' ထဲက 'ထောင်တစ်သက် အတွေ့အကြုံ'လည်းပါ တာပေါ့လေ။

အဲဒီအထဲမှာ ကျုပ်ဘဝင်မကျနိုင်တာက ဒကာ ကြီးရေးတာ အခန်းဆက်တွေလည်းများလှပြီ။ အခု ထက်ထိကြိုးပေးခံရတဲ့ ကြိုးသမားအကြောင်းလည်း တစ်ခါမျှ မပါသေးဘူး။ လွတ်လပ်ရေးမရမီ စပ်ကူး မပ်ကူးကာလ ဂျူနီဦးစောတို့ ကြိုးပေးတဲ့အကြောင်း တော့ ပါသပေါ့လေ။ အဲဒီတုန်းက ကျုပ်တို့မွေးကင်း စအရွယ် လူမမည်ကလေးတွေမို့ နောက်ပိုင်းမှ စာ တွေဖတ်ပြီး သိခဲ့ရတဲ့အကြောင်းအရာတွေပါ။

အဓိက ကျုပ်တို့သိချင်တာက အခုကြိုးပေးတဲ့ စနစ်မရှိတော့ဘူးလား။ သေဒဏ်ဆိုတာ ပယ်ဖျက် လိုက်ပြီလား အဲဒါပါပဲ။ ဒကာကြီး ဆောင်းပါးတွေ ထဲမှာလည်း အဲဒီအကြောင်း တစ်စွန်းတစ်စ မပါ လေတော့ ယုန်ထင်ကြောင်ထင် ဖြစ်စရာကြီးပေါ့။

ဒါပါပဲ– ဒကာကြီးရယ် အလျဉ်းသင့်တဲ့ အပတ် မှာ အဲဒီအကြောင်းလေးတွေ ထည့်ရေးစေချင်ပါ သေးတယ်။

(မေတ္တာ သဒ္ဓော အနန္တော)
အရှင်ပညာသီဟ

မှန်လှပါ အရှင်ပညာသီဟ ဘုရား။

တပည့်တော်တို့ မြန်မာနိုင်ငံတွင် သေဒဏ်မရှိ တော့ကြောင်း၊ သေဒဏ်ကိုပယ်ဖျက်လိုက်ကြောင်း အမိန့်ကြော်ငြာစာထွက်သည်ကို အရှင်ဘုရားတွေ့ ခဲ့ဖူးပါသလား။ တပည့်တော်တော့ မတွေ့၊ မသိ၊ မကြားဖူးပါ။

ယင်းကဲ့သို့ မကြားဖူးသည့်အပြင် မည်သည့်မြို့ နယ်ပြည်သူ့တရားရုံးမှ မည်သူက မည်သူ့ကို မည် ကဲ့သို့ သတ်သဖြင့် သေဒဏ်စီရင်လိုက်ကြောင်း၊ မူးယစ်ဆေးဝါးမိသဖြင့် သေဒဏ်အမိန့် ချမှတ်လိုက် ကြောင်း သတင်းစာများတွင် ဖတ်ရှုရမည်ဖြစ်ပါ သည်။ သို့ဖြစ်၍ တပည့်တော်တို့နိုင်ငံတွင် သေဒဏ်

စနစ် ကြိုးပေးသည့်စနစ် ပယ်ဖျက်ခြင်း မရှိသေးကြောင်း လယ်ပြင် ဆင်သွားသလို ထင်ရှားနေပါသည် ဘုရား။

ကြိုးပေးသည့်အကြောင်း မရေးဖြစ်သေးတာက ဒီလိုပါ။

အခန်းဆက်ဆောင်းပါးရှည်ရေးရာတွင် အချိန်ကာလထက် အကြောင်းအရာကို ဦးစားပေးရပါသည်။ ဆောင်းပါးတစ်ခု၏အစသည် နောက်ဆုံးဆောင်းပါး၏ အဆုံးတွင်ပါရှိသည့်အကြောင်းအရာနှင့် နီးနှောဆက်နွယ်နေရမည်။ သို့မှသာ စာဖတ်သူတို့၏စိတ်အာရုံတို့အနှောင့်အယှက် မဖြစ်စေဘဲ ဆွဲဆောင်နိုင်စွမ်း ရှိပါလိမ့်မည်။

ဒီတော့ အချိန်ကာလအားဖြင့် အစီစဉ်အတိုင်းဖြစ်ချင်မှလည်း ဖြစ်မည်။ ခုန်ပျံကျော်လွှား ဟိုရောက်ဒီရောက် ဖြစ်ချင်လည်း ဖြစ်သွားနိုင်သည်။ ဒါကြောင့် အကြောင်းအရာချင်းတူညီသည့် မန္တလေးထောင်ရောက်လိုက် အင်းစိန်ထောင် ရောက်သွားလိုက်၊ အချိန်ကာလထက် အကြောင်းအရာကို ဦးစားပေးနေရခြင်း။

ကြိုးပေးသည့်အကြောင်း စရမည်ဆိုလျှင်တော့ ထောင်မှူးမောင်မောင် အလုပ်ဝင်ပြီး နှစ်နှစ်သားမပြည့်ခင်ကပင် နဖူးတွေ့ဒူးတွေ့ ပထမဦးဆုံး ကြုံတွေ့ခဲ့ဖူးပါပြီ။

မန္တလေးထောင်ကြီးမှာပင်ဖြစ်၏။ အကျဉ်းထောင်လောက လုပ်ငန်းအဝဝတွင် ကြိုးပေးသည့်အလုပ်မှာ မဟာ့မဟာကြီးမားသည့် လုပ်ငန်းကြီးတစ်ရပ်ပင် ဖြစ်လောက်သည်။ ဒါ့ကြောင့်ပင် ကိုယ်ရွှေ အင်္ဂလိပ်တို့က ကြိုးဒဏ်ကို capital punish ment ဟု ခေါ်ဆိုခဲ့လေသလားမသိ။

ထောင်မှူးမောင်မောင် အလုပ်ဝင်စကပင်လျှင် ကြိုးသမားနှင့် ရင်းနှီးခင်မင်သိကျွမ်းခဲ့ရပါ၏။ မောင်မောင်က မိန်းဂျေး(ခေါ်) ကုလားလို ဒန်တာဝါးလား (တုတ်ကိုင်လျှောက်ရသည့်) ထောင်မှူးဆိုတော့ ကြိုးသမားမှာလည်း သူ့လက်အောက်မှာ။ အမှန်ကတော့ ခပ်ချာချာထောင်မှူးပါ။ ထက်သည့်ထောင်မှူးတွေက အဲဒီလိုနေရာမျိုးတွေမှာမကိုင်ရ။ ထောင်ကျရုံးတို့၊ အချုပ်ရုံးတို့၊ ဈေးတိုက်တို့ ကိုင်ရသည်။

ဈေးတိုက်ဆိုတာက ယခင်အခေါ် ယခုခေတ်က ထောက်ထောင်မှူးကြီး 'ထောက်'ဆိုသည်မှာ တပ်မတော်မှ အကျဉ်းဌာနမင်းကြီးနေရာတွင် ညွှန်ကြားရေးမှူးချုပ်လုပ်သူများက (ဦး) (ရေး) (ထောက်) ပုံသဏ္ဌာန်ဖန်တီးလာပြီးမှ ဖွဲ့စည်းလာခဲ့ခြင်း။ ခပ်ရှင်းရှင်းကလေး ရေးရရင်တော့အကျဉ်းသားအားလုံး၏ စားဝတ်နေရေးအတွက် အောက်ခြေသိမ်းဖန်တီးပေးနေရသည့် ထောင်မှူး။ ယခင်ဖွဲ့စည်းပုံအရ ထောင်မှူးကြီး။

မဟုတ်ကဟုတ်ကနှင့် ကမောက်ကမနေတတ်သော ထောင်မှူးမောင်မောင်တို့နှင့် အဲဒီလိုနေရာမျိုးမှာ ဝေလာဝေး။ ဟိုခေတ်ဟိုအခါက ဒီလိုကောင်မျိုးကို ထောင်ပိုင်လက်ထောက်ကြီးများက မျက်စိမကျ။ ဒီတော့ ထောင်မှူးမောင်မောင်တို့လို လူစားက ဒန်တာဝါးလား တုတ်ထမ်းလမ်းလျှောက်ပေါ့။ တစ်ခုတော့ကောင်းသည် ပျော်ပျော်နေ၊ ပျော်ပျော်စား၊ ပျော်ပျော်လာ၊ ဘာတာဝန်မှမရှိ။

ကျောင်းမှထွက်စ အသက်ကလည်းငယ်ငယ်၊ ထောင်မှူးအလုပ်ကို လိုလိုချင်ချင် စိတ်ဝင်စား၍ လုပ်ခဲ့ခြင်းလည်း မဟုတ်၊ မြဲမည်လည်း မထင်၊ အထက်တန်းစာရေးနှင့်စာလျှင်တော့ အာဏာပါဝါလေး နှစ်ပြားတစ်ပဲဖိုးလောက် ပိုသည့်သဘော ရှိသဖြင့် အခိုက်အတန့်ဝင်တည်းသည့်သဘော လုပ်ခဲ့ခြင်းဖြစ်ရာ အလုပ်အပေါ်တွင်လည်း သိပ်တန်ဖိုးမထားချင်။ ဒီတော့ အမှန်အတိုင်းဆိုရလျှင် ထောင်မှူးပေါက်စမောင်မောင်ဘဝက ဘာတစ်ခုမှအလေးအနက်မထား။ ခပ်ပေါ့ပေါ့နေ၊ ခပ်ပေါ့ပေါ့စား၊ ခပ်ပေါ့ပေါ့လုပ်။ အဲဒီခေတ်က မြို့ပိုင်ပေါက်စ ထောင်ခြောက်လဆိုသည့်အတိုင်း ထောင်မှူးပေါက်စ ထောင်ခြောက်လမကျခဲ့တာပင် ကံကောင်း။

ဘာပဲပြောပြော ငယ်စဉ်တောင်ကြေးကလေး

ဘဝကတည်းက သန္ဓေတည်ခဲ့သောအနုပညာဗီဇကဖြင့် ကျောင်းသားဘဝမှသည် ထောင်မှူးအလုပ်ဝင်ခဲ့သည့်တိုင် ချင်ခြင်းတပ်လျက်ပင်ရှိ၏။ ကဗျာကလေး စပ်လျက်၊ စာတိုပေစကလေး ရေးလျက်။ ဘယ်စာအုပ်တိုက်ပို့သလဲ၊ ဘယ်မဂ္ဂဇင်း တိုက်ပို့သလဲ။ ဘယ်စာအုပ်တိုက်၊ ဘယ်မဂ္ဂဇင်းတိုက်မှ မပို့ပါ။ ကိုယ့်ဘာသာကိုယ် ရေးချင်လို့ရေးနေခြင်းဖြစ်၏။ မှတ်မိပါသေးသည် အဲဒီတုန်းက စိတ်ပါလက်ပါရေးခဲ့သည့် ဝတ္ထုတိုကလေးတစ်ပုဒ်။

'သပြေနှစ်ခက် ကြွေရက်စော'

ထိုစဉ်က တပ်မတော်က စစ်ဗိုလ်ချုပ်များ၏ ပခုံးထက်တွင်ယခုခေတ်လို ကြယ်ပွင့်တွေ မဟုတ်။ သပြေခက်အတန်းကလေးများ ဖြစ်၏။ ဗိုလ်က သပြေခက်နှစ်ခက်၊ ဗိုလ်ကြီးဆိုလျှင် သပြေခက်သုံးခက်၊ ထောင်မှူးမောင်မောင်တို့လည်း သူငယ်ချင်း စစ်ဗိုလ်များနှင့် သွားရင်းလာရင်း၊ လည်ရင်းပတ်ရင်း၊ ပိုးရင်းပန်းရင်းက သူငယ်ချင်းစစ်ဗိုလ်များကို မိမိတို့ထက်ပို၍ အရေးပေးခံရသည်ကို တွေ့ရသောအခါ မှန်တာပြောရလျှင် စစ်ဗိုလ်ရှူး, ရှူးမိ၏၊ ရှူးလို့လည်း ဗိုလ်သင်တန်းလျှောက်ခဲ့၏။ သို့သော် မရ။

မရလည်းဘာဖြစ်လဲ၊ စာရေးချင်တဲ့ ဗီဇကရှိနေတော့ စာထဲတွင် ကိုယ်ဘာသာကိုယ် ဗိုလ်ဖြစ်လိုက်သည်။ အံမယ်၊ စာရေးဆရာများ တယ်ပြီးစိတ်ကူးယဉ်လို့ကောင်းကိုး။ ကိုယ်ရေးတဲ့စာထဲ ဖြစ်ချင်တာအကုန်ဖြစ်လို့ရပါလား။ စကြဝတေးမန္ဓာတ်မင်းကြီးဖြစ်မလား၊ ရှင်ဘုရင်ဖြစ်မလား။ သူတောင်းစားဖြစ်မလား၊ ဖြစ်ချင်တာ အကုန်ဖြစ်လို့ရသည်။ သို့သော် စာရေးဆရာတွေ သက်ဆိုးမရှည်တာ အဲဒါတရားခံဖြစ်လောက်သည်။

အဘယ်ကြောင့်ဆိုသော် အနုပညာလောကတွင် စာရေးဆရာလောက် ခံစားမှုများတာ မရှိနိုင်။ ဝတ္ထုတစ်ပုဒ်ရေးသည်ဆိုကြပါစို့၊ စာရေးဆရာသည် ဇာတ်ကောင်တိုင်းအတွက် ခံစားနေရသည်။ သူပဲမင်းသား၊ သူပဲမင်းသမီး၊ သူပဲဇာတ်ပို့၊ တရားဟောဓမ္မကထိကဆိုလည်း သူပါပဲ။

ရုပ်ရှင်တို့၊ ပြဇာတ်တို့၊ ကဇာတ်တို့မှာ မင်းသားက မင်းသားအခန်းတစ်ခုတည်း၊ မင်းသမီးက မင်းသမီးတစ်ခုတည်း၊ မင်းသမီး အဖေအမေကလည်း ထိုနည်းလည်းကောင်း ဇာတ်ရုပ်တစ်ရုပ်တည်းအတွက်သာ သရုပ်ဆောင်ရ၏၊ ခံစားရ၏။

စာရေးဆရာဆိုသည်မှာ သူရေးသည့်ဝတ္ထုထဲက ဇာတ်ကောင်တိုင်းအတွက် ခံစားနေရ၏။ ကိုယ်စားပြုနေရ၏။ ဝတ္ထုထဲက ဇာတ်လိုက်မင်းသားအကြောင်းရေးသည့်အခါ စာရေးဆရာသည် သူ့ကိုယ်သူ အလိုလိုနေရင်း မင်းသားဖြစ်သွား၏။ မင်းသားတွေး တွေးရ၏။ မင်းသားရေးရေးရ၏။ မင်းသားပြောပြောရ၏။ မင်းသမီးအလှည့်ကျတော့ကော။ ဘယ်လိုလေး ကပိုကရိုဝတ်စားဆင်ယင်မည်၊ ဘယ်လိုမူလိုက်မည်၊ ဘယ်လို ခရာလိုက်မည်၊ ဘယ်လိုတာလိုက်မည်၊ သူပဲ မင်းသမီးပါ။

နောက်တစ်ခါ ယောက္ခမကြီးအကြောင်းရောက်လာပြန်တော့–

"ဟော့ ‥ တူနှစ်ကိုယ် တဲအိုပျက်မှာနေရ ရွှေပုံပေါ်မှာစံရ ချစ်တာချစ်တာ ပဓာန"ဆိုတာ သီချင်းထဲမှာကွ၊ သီချင်းထဲမှာ နားလည်လား။ ဟင်း ... တစ်မွန်းတည့်တောင် မခံဘူး" စသည်အားဖြင့် ယောက္ခမတွေး တွေး၍ ယောက္ခမရေး ရေးရပြန်သည်။ အလားတူပင် အခြားဇာတ်ပို့မှန်သမျှအကြောင်း ရေးတော့မည်ဆိုလျှင်လည်း သူတို့ကိုယ်စား ဈာန်ဝင်စား၍ရေးပါမှ ဇာတ်ကွက် ဇာတ်လမ်းသရုပ်ပီပြင်သည်။ တိုတိုနှင့်လိုရင်းကို ဆိုရသော် ဝတ္ထုတစ်ပုဒ် ဖြစ်လာသည်။ ဒီလို စာရေးဆရာတွေ ရသာမျိုးစုံ ခံစားမှုတွေပြင်းပြပြီး အသက်တိုကြစေသလား။ ဒါလည်းစဉ်းစားစရာပေါ့။

စောစောက'သပြေနှစ်ခက် ကြွေရက်စော' ပြန်ဆက်ရအောင်...

ဟိုတုန်းကရေးခဲ့သည့် ဇာတ်လမ်းအတိအကျ

ကိုတော့ ဘယ်လိုမှ သတိမရတော့။ သို့သော် ကိုယ့်ဘာသာကိုယ် ဇာတ်လိုက်လုပ်, ကိုယ်ဘာသာကိုယ် ဇာတ်လမ်းဆင်ပြီး ကိုယ်ရေးချင်သလို ရေးထားတဲ့ ဝတ္ထုပဲ၊ ကိုယ်ကောင်းချည်းပဲပေါ့။ ခုနေပြန်ရှာတွေ့လို့ ဖတ်ကြည့်လျှင်လည်း ရယ်စရာကြီးနေမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် စာရေးသင်ခါစ စာရေးဆရာ၊ ကဗျာဆရာလောင်းလျာတို့ လုပ်တတ်သည့် အကျင့်ကလေး တစ်ခုရှိသည်။ အဲဒါက တခြားမဟုတ်၊ ကိုယ်ရေးထားသည့် စာကလေးကဗျာကလေးကို မိမိနှင့် နီးစပ်ရာလူကို ပြတတ်ခြင်းပင်ဖြစ်သည်။

ထိုစဉ်က ထောင်မှူးမောင်မောင်မှာ မိန်းဂျေး ထောင်မှူးဖြစ်သဖြင့် ကြိုးသမားရေချိုးထုတ်သည့် လုပ်ငန်းကို နေ့စဉ်လုပ်ရသည်။ ကြိုးသမားဆိုလိုက်သည်နှင့် အပြင်လူတွေစိတ်ထဲ ဒီနေ့စက်ရှင်တရားသူကြီးရုံးမှ ဒီကနေ့ စီရင်ချက်ချ၊ နက်ဖြန်သဘက်ကြိုးစင်ပေါ်တင်၊ ကြိုးပေးလိုက်သည်ဟု ထင်ကြသည်။ သို့ကလို အထင်မှား အမြင်မှား၍ မေးကြမြန်းကြသည်။ အမှန်က ထိုသို့မဟုတ်ပေ။

တရားခံတစ်ယောက်ကို ပြစ်မှုထင်ရှားသဖြင့် ယခင် စက်ရှင်တရားသူကြီးရုံး၊ ယခင်မြို့နယ်ပြည်သူ့တရားသူကြီးအဖွဲ့မှ သေဒဏ်စီရင်ချက်ချပြီးနောက် ခုနစ်ရက်အတွင်း ဗဟိုတရားရုံးသို့ အယူခံလွှာတင်သွင်းရသည်။ ခေတ်စနစ်ချင်းတော့ တူချင်မှတူမည်။ ထိုစဉ်က အယူခံဝင်ရာဌာနမှာ High Courtခေါ်တရားလွှတ်တော်ဖြစ်၏။ တရားလွှတ်တော်မှ အယူခံရှုံးသော် နောက်တစ်ဆင့်တက်ရ၏။ Supreme Courtခေါ် တရားလွှတ်တော်ချုပ်ရှိသေးသည်။ အုပ်ချုပ်ရေးစနစ်သစ်တွင် မရှိတော့သော တရားရေးဝန်ကြီးဌာန၏စီမံကွပ်ကဲမှုဖြစ်၏။ စောဒကတက်သည်ခေါ်၏။ စောဒကပါ ရှုံးလျှင်တော့ နောက်ဆုံးအဆင့်ဖြစ်သည့်သမ္မတထံ အသနားခံစာ တင်ပေရော့။

နိုင်ငံတော်သမ္မတဆိုတာလည်း မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးမှ ပေါ်ပေါက်လာခြင်းဖြစ်၍ လွတ်လပ်ရေး မရမီကဆိုလျှင် (Governor) ခေါ် ဘုရင်ခံထံတင်ရသည်။ အချို့ သေဒဏ်ကိစ္စဆိုလျှင် ဘုရင်ခံနှင့်မပြီးပြတ်၍ အင်္ဂလန်ရှိဘုရင်မင်းမြတ်ထံအရောက် အသနားခံစာတင်ရသည်။ သူ့ကျွန်ဘဝနှင့်လွတ်လပ်သည့်ဘဝ အများကြီးကွာလှပါဘိခြင်း။

ဆိုလိုတာက ကြိုးသမားတစ်ယောက်သည် ယခု ကြိုးမိန့်အပေးခံရပြီး ချက်ချင်းကြိုးစင်တင်၍ အသတ်ခံရခြင်း မဟုတ်။ အယူခံတင်၊ အသနားခံစာတင်စသည့် သူ့ဘက်က ခုခံကာကွယ်ခွင့်အဆင့်ဆင့်တို့ကိုလုပ်ဆောင်ရင်း အနည်းဆုံး သုံး၊ လေးလကြာ၏။ အများဆုံး လေးငါးနှစ်လည်း ကြာတတ်သည်။ သည်တော့လည်း ကြိုးသမားတွေ သူတို့ဘဝမေ့ပြီပေါ့။ သူတို့ကိုယ် သူတို့ 'ငါတို့ကြိုးမိန့်ပေးခံထားရပါကလား' ဆိုသည့် အသိတရားပင် မရှိတော့။ ထောင်ထဲမှာ သူလိုလို ငါလိုလို အသိတရားအပြည့်အဝနှင့် ဘုရားရှိခိုး ပုတီးစိပ်နေကြသည့်ကြိုးသမားများရှိသလို သီချင်းကလေးတအေးအေးနှင့် မေ့မေ့ပျောက်ပျောက်နေတတ်ကြသော ကြိုးသမားများလည်း အမြောက်အမြားရှိ၏။

စောစောက ရေးခဲ့သည့်အတိုင်း ထောင်မှူးမောင်မောင်တို့ ရေချိုးထုတ်ချိန်တွင် အညောင်းပြေအညာပြေ ခြင်းလုံးခတ်ကြသည့် ကြိုးသမားလည်းရှိ၏။ ဘယ်နှယ့်တတ်နိုင်မလဲ။ တစ်နေ့တစ်နေ့ အယူခံအမိန့်တွေ၊ စောဒကအမိန့်တွေ၊ အသနားခံစာတွေ စောင့်စားလာခဲ့ရသည်မှာ ရက်ကိုလစား လကို နှစ်ကဝါးမျိုခဲ့သည်မှာ လမှသည် နှစ်ချီခဲ့ပြီမဟုတ်လား။ သည်တော့လည်း ကြိုးသမားနှင့်ယင်းကြိုးသမားကို စောင့်ထိန်းရသော မိန်းဂျေး ထောင်မှူး (သို့မဟုတ်) တိုက်ထောင်မှူးတို့မှာ တစ်ဦးမေတ္တာတစ်ဦးမှာ ကူးလူးကာ ဆိုကဲ့သို့ လုံးလားထွေးလား တရင်းတနှီး။

မှတ်မှတ်ရရ ထောင်မှူးမောင်မောင် ပထမဆုံးခင်မင်ရင်းနှီးခဲ့ရသည့် ကြိုးသမားမှာ ထောင်ဝင်နံပါတ်၅၀၅၈ ဖိုလ်မိုးကြိုး(ခေါ်)ဘသော်ပင်ဖြစ်၏။

'စီ'ဆိုသည့်အင်္ဂလိပ်စာလုံး၏အဓိပ္ပါယ်မှာ(Casual) ဖြစ်၏။ အမြဲတမ်းထောင်ကျစားနေသူ တစ်ယောက် မဟုတ်။ တစ်နည်းအားဖြင့် ထောင်ဝေါဟာရအရ ပြောရလျှင် ထောင်လက်ကောက်တစ်ဦး မဟုတ်။ ထောင်လက်ကောက်ကျတော့ ထောင်နံပါတ်၏ နောက်မှ 'အိပ်ချ်'(Habitual) သူက ထောင်ကျစား နေသူ။

ကြိုးသမားကိုရော သာမန် ထောင်ကျအကျဉ်း သားကိုပါ တရားရုံးက 'စီ'နှင့်'အိပ်ချ်'ကိုအပြစ်ပေး ဝရမ်းတွင် ခွဲခြားလိုက်ပြီးဖြစ်၏။ ယင်းအမှုကို စွဲ တင်သော အမှုလိုက်ရဲများ၏ ကျွမ်းကျင်မှုအပေါ် တွင် အဓိက မူတည်နေပေသည်။ တစ်ခါတစ်ရံ ယင်းအမှုလိုက်ရဲများ မျက်စိလျှမ်းသွားသည့်အခါ ထောင်ပိုင်များက 'စီ'သမားများကို'အိပ်ချ်'တပ် လိုက်ရန်လည်း ထောင်ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသေးသည်။

''အံမာ ဟော့ကောင် ဝါဟစ်၊ မင်းထောင်က ထွက်သွားတာ ဘာကြာသေးလို့လဲ။ အရင်ကလည်း သုံးလေးခါ ထောင်ကျဖူးတဲ့ကောင်ပဲ။ မင်းကို 'စီ' တပ်လို့ ဘယ်ရမလဲကွ။ 'အိပ်ချ်' ပဲဖြစ်ရမှာပေါ့''

ကောင်းပြီ 'စီ' နှင့်'အိပ်ချ်'ဘာကွာလို့လဲ။ ဟာ – ဟိုတုန်းကတော့ သိပ်ကွာတာပေါ့။ 'စီ'သမား ထောင်ကလွတ်လျှင် ထောင်ဘူးဝမှလွှတ်လိုက်ခြင်း ဖြစ်၏။ 'အိပ်ချ်'သမားကျတော့ထောင်ဘူးဝမှလွှတ် လို့မရ ရဲမှတစ်ဆင့် လွှတ်ရသည်။

ထောင်ဘူးဝမှလွှတ်ခြင်းကို (Gate Release) ဟုခေါ်၍ ရဲမှတဆင့် လွှတ်ခြင်းကို (Through Police Release) ဟုခေါ်၏။ ထောင်ဥပဒေစာအုပ်ကြီး မှာရော ထောင်ပုံစံစာအုပ်တွေမှာပါအတိအလင်းပါ ၏။ တံခါးလွှတ်အကျဉ်းသားများကို ရဲဆားပုလင်း (Surevillance) တွေက စိတ်မဝင်စား။ ''ဒီကောင် တစ်ခါတစ်လေ ထောင်ကျဖူးတဲ့ကောင်ပဲ''ရဲမှ တစ် ဆင့် လွှတ်တဲ့ အကျဉ်းသားဆိုရင်တော့ သူတို့မှာတာ ဝန်ရှိနေပြီ။ အလုပ်ပိုနေပြီ။ ဒီကောင် နောက်ထပ် ဘာပြစ်မှုကျူးလွန်ဦးမှာလဲ၊ တို့ကို ဘာအလုပ်ပေး ဦးမှာလဲ၊ သူ့ကို မလှုပ်နိုင်အောင် ကိုင်ထားသည်။ ဒါက ဆားပုလင်းတွေအလုပ်။ တစ်ခုတော့ ရှိသည်။

ဆားပုလင်းတွေက အဲဒီလို အိပ်ချ်အက်စ်တွေ ကို ခိုင်းစားတာလည်း ရှိသေးသည်။ ဒါက သူ့အမြီး နှင့်သူ့ချည်၊ ငါးကြင်းဆီနှင့် ငါးကြင်းကြော်ခြင်းဖြစ် ၏။ အမှုတစ်ခုဖြစ်ပြီဆိုလျှင် ဒီအိပ်ချ်တွေမပါချင် နေ သူတို့သိသည်။ သူတို့ကိုသာ အမြီးလိမ်လိုက်၊ အစအန ရလာတတ်၏။ ဒီလိုလည်း ဆားပုလင်း တွေက ပါးရနပ်ရသည်။

ဒီဘက်ခေတ် စာဖတ်သူတွေ ဗဟုသုတ ရစေ လိုသော စေတနာနှင့် ရောက်တတ်ရာရာ လျှောက် ရေးနေမိခြင်းပါ။ သူများပြောသံကြားမဟုတ်။ ကိုယ် တွေ့တွေ့ချည်းပါ။

မိုးကြိုး(ခေါ်)ဘသော်အကြောင်း ပြန်ဆက်ရ သော် သူ့ကိုရေချိုး၊ လမ်းလျှောက်ဖို့ တိုက်ခန်းဖွင့် ပေးရန် အချိန်နောက်ကျသွားသည်နှင့် –

''ဆရာ ဘယ်သွားနေလဲ။ ဒီနေ့ နောက်ကျ လိုက်တာ။ လေးနာရီတောင် ထိုးကာနီးနေပြီ''

''အေးဗျာ။ ကျုပ်လည်း ဒီနေ့စိတ်ထဲ ဆာ ဆာရှိတာနဲ့ အလုပ်ဘက်က ဦးသိန်းရုံးခန်း သွားပြီး စာထိုင်ရေးနေတာ။ နည်းနည်း နောက်ကျသွား တယ်ဗျာ''

''ဘာစာတွေလဲ ဆရာရဲ့''

''ဝတ္ထုကလေးတစ်ပုဒ် ရေးနေတာပါဗျာ''

''ဘာဝတ္ထုလဲ ဆရာရဲ့''

''အချစ်ဝတ္ထုဆိုပါတော့လေ။ ကိုယ့်ဘာသာ ကိုယ်လည်း ရေးသာရေးနေရတယ်။ အချစ်ဝတ္ထု လား၊ စစ်ဝတ္ထုလား သိပ်ပြီးမကွဲပြားလှပါဘူး''

''ဒါနဲ့ ဆရာ့ဝတ္ထုနာမည်က ဘာတဲ့လဲ''

''သပြေနုစ်ခက် ကြွေရက်စော– တဲ့''

ဗိုလ်မိုးကြိုး(ခေါ်)ဘသော် တစ်အောင့်လောက် တွေဝေငေးမောနေသည်။ သူသည် ရေမချိုးမီ 'ဒ' နံပါတ် ကြိုးတိုက်ရှေ့တွင် အညောင်းပြေ လမ်း

လျှောက်နေခြင်းဖြစ်၏။ ထောင်မှူးမောင်မောင်က သူနှင့်မလှမ်းမကမ်းမှာ ကုလားထိုင်တစ်လုံးနှင့် ထိုင်စောင့်နေရသည်။ ထိုစဉ်က မန္တလေးတစ်ထောင်လုံးတွင်မှ ကြိုးသမားသုံးယောက်သာရှိသည်။

တစ်ယောက်လျှင် နာရီဝက်ခန့်အညောင်းပြေ အညာပြေ လမ်းလျှောက်ပြီးတော့ ရေချိုး တိုက်ခန်းပြန်ပိတ်။ ကြိုးသမားသုံးယောက် ရေချိုး၊ ထောင်မှူးမောင်မောင်လာမှ ဖွင့်ရသည်။ ဒီတော့ နေ့စဉ်နေ့တိုင်း ကြိုးသမားသုံးယောက်အတွက် တစ်နာရီခွဲနှစ်နာရီလောက် အချိန်ပေးရ၏။

ထောင်မှူးမောင်မောင် အားလပ်ခွင့်ရသောနေ့ဆိုလျှင်လည်း တခြားတာဝန်ကျသော ထောင်မှူးတစ်ယောက် သွားထိုင်စောင့်ပေးရ၏။ အဲဒီလို ကြိုးသမားသုံးယောက်နှင့်ထောင်မှူးမောင်မောင်တို့ နီးစပ်ရင်းနှီး ကြုံတွေ့ဆက်ဆံနေရတော့ ဘယ်လိုမရင်းနှီးဘဲ ခံနိုင်ပါတော့မည်နည်း။

အဲဒီရင်းနှီးမှုဒဏ်ကလည်း တော်တော်ခံစားရသည်။ မိမိနှင့် ရင်းနှီးကျွမ်းဝင်နေသည့်ကြိုးသမားတစ်ယောက် အယူခံ၊ စာဒက၊ အသနားခံစာ အဆင့်ဆင့်ရှုံးပြီး တကယ်တမ်းကြိုးစင်တင်ရတော့မည့်အချိန်တွင် …။

နောက်ဆုံးတော့ ဘာမျှမဟုတ် ခင်မင်တွယ်တာမှု၏ အကျိုးဆက်အနေနှင့် ရင်နာရခြင်းပါတည်း။ သူ့အပြစ်ရှိလို့ သူခံရတာပဲ။ သင်းထိုက်နဲ့သင်းကံပေါ့။ သို့ကလို လွယ်လွယ်တွေး၍ အပေါ်ယံလွှာလွှာကလေး ဖြေဖျောက်မည်ဆိုလျှင်လည်း ရနိုင်ပါသည်။ သို့သော် တစ်ကယ်တမ်းကျတော့ တစ်ဦးနှင့်တစ်ဦး ဆွေမတော်မျိုးမစပ် တာဝန်အရ ဆက်ဆံကြရာက အနေကြာလာသောအခါ သံယောဇဉ် အမျှင်တန်းကလေး မသိမသာသွယ်ယှက်ခဲ့မိကြလေသည်။ သူ့အကြောင်းကိုယ်သိ ကိုယ့်အကြောင်းသူသိသည်ဆိုလျှင်ပင် ခင်မင်တွယ်တာမှု အရင်းပြုပြီး သံယောဇဉ်မျိုးစေ့ကလေး ရင်ဝယ်ပျိုးခဲ့မိပေပြီ။

ထောင်မှူးမောင်မောင်မှာ ထိုစဉ်က လုပ်သက်အလွန်ပင် နုနယ်သေး၍ ကြိုးပေးသတ်ရာတွင် အဓိကတာဝန်အရှိဆုံး ပုဂ္ဂိုလ်မှာ ထောင်ပိုင်ကြီးပင် ဖြစ်၏။ အစစအရာရာလုပ်ငန်းသဘောအရ ပြေပြစ်ချောမောဖို့ သူ့မှာတာဝန်ရှိသည်။ ထောင်ပိုင်ကြီး၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုအရ ကိုယ်ထိလက်ရောက်လိုက်လံ ဆောင်ရွက်ရသူကထောင်မှူးကြီး၊ အချို့ထောင်မှူးကြီးများ တာဝန်ကိုဘယ်လောက်အထိ ကြောက်သနည်း။

သို့တည်းမဟုတ် လေးစားသနည်းဆိုလျှင် ကြိုးစင်ပေါ်တွင် ကြိုးသမားကို ကိုယ်တိုင်ကွင်းစွပ်ရမှ ကျေနပ်သည်။ အချို့ကလည်း ကိုယ်တိုင်ဒေါက်ဖြုတ်ကြသည်။ တကယ်တော့ ဒါကလူနည်းစုပါ။ အများစုက ယုံကြည်စိတ်ချရသော အကျဉ်းသား (သို့မဟုတ်) ထောင်ကြပ်တစ်ဦးဦးကို ခိုင်းစေလေ့ရှိကြပါသည်။

တစ်ချိန်က ဗြိတိန်တွင်ကြိုးပေးသည့် အလုပ်ကို အကျဉ်းထောင်ဝန်ထမ်းများက လုပ်ဆောင်ရန်မလို။ လခစားအဖြစ်သော်လည်းကောင်း၊ ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ကြိုးပေးသည့်လုပ်ငန်းကို လုပ်ဆောင်ကြသည့် လူသတ်သမား(Hangman)ဟူ၍ သီးသန့်ရှိသည်။ ထိုသူများသည် ကြိုးပေးသည့်လုပ်ငန်းကို အထိအခိုက် ချွတ်ယွင်းချက်တစ်စုံတစ်ရာမရှိဘဲ အသက်မွေးဝမ်းကျောင်းပညာတစ်ရပ်အနေနှင့် ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်နိုင်ကြသည်ဆို၏။ တစ်ကယ်တော့ ဒါကလည်း ပညာတစ်ခုပါ။ ပညာတစ်ခုဟု ဆိုရခြင်းမှာ အင်္ဂလိပ်များ ရေးဆွဲသွားသော အကျဉ်းထောင်လက်စွဲဥပဒေတွင် အသေးစိတ်ဖော်ပြထားသည့် ကြိုးပေးရာတွင်လိုက်နာရမည့် ပုံသေကိန်း(Formula)ကို ဖတ်ရှုမှတ်သားလိုက်နာခဲ့ရခြင်းကြောင့်ပင် ဖြစ်ပါ၏။

အပြင်လောကတွင် အဖန်ငါးရာငါးကမ္ဘာ ခံစားရတတ်သည်ဟု ဆိုအပ်သော ကြိုးဆွဲချသည့်အလုပ်မှာ အလွယ်ကလေး။ ဒါက အပြင်လောကတွင်

သူ့သဘောနှင့်သူဆောင်သွားသော ဥပစ္ဆေဒကကံ ခံစားရခြင်း။ အောင်မြင်ထမြောက်သည်လည်း ရှိမည်။ လွဲချော်ချွတ်ယွင်းသည်လည်း ရှိမည်။ ထောင်ထဲမှာ တရားဥပဒေအရ ကြိုးပေးရသည့် လုပ်ငန်းမျိုးကျတော့ အဲဒီလိုလက်တန်း ကချော်ကချွတ်လုပ်လို့မရ။ နည်းစနစ် အတိအကျ လုပ်နည်းလုပ်ဟန် မှန်ပါမှ။

ဒါကြောင့်လည်း အကျဉ်းထောင်လက်စွဲဥပဒေထဲတွင် အတိအကျရေးထားသည်။ အဲဒီ ကြိုးပေးမည့် အကျဉ်းသား အရပ်အမြင့် ဘယ်လောက်ရှိသလဲ။ ကိုယ်အလေးချိန် ဘယ်လောက်လဲ။ သူ့လည်ပင်းက တုတ်သလား။ သေးသလား။ ဘယ်နှစ်လက်မလဲလို့ သွားတိုင်းလျှင် အဲဒီကြိုးသမား တရားခံ၏ စိတ်ထဲ ဘယ်လိုခံစားရမည်နည်း။ ဒီတော့ ပါးရည်နပ်ရည်ရှိသည့် ထောင်မှူးကြီးများက အဲဒီကြိုးသမားကို ထောင်ထဲဝင်စကပင် လည်ပင်းတိုင်းထားလိုက်သည်။ အရပ်အမြင့်လည်း တိုင်းရသည်။ ကိုယ်အလေးချိန်ကျတော့ အတိအကျရှိနိုင်ပြန်သည်။

နောက်ဆုံးတော့ အဲဒီကြိုးပေးခံရမည့် ကြိုးသမား ဘယ်လိုပဲမသိအောင်လုပ်လုပ် တစ်နည်းမဟုတ်တစ်နည်းနှင့် သိသွားသည်ကများပါသည်။

သို့ကလို ထောင်အာဏာပိုင်တို့အနေနှင့် ကြိုးပေးမည့်ကိစ္စကို ဘယ်လိုပင် သိုသိုသိပ်သိပ် ဖုံးဖုံးဖိဖိလုပ်စေကာမူ ကြိုတင်ရိပ်မိသိရှိသွားသူတို့အထဲတွင် ထောင်ဝင်အမှတ် ၅၀၅၅ ဗိုလ်မိုးကြိုး (ခေါ်) ဘသော်လည်း အပါအဝင်ဖြစ်၏။

''ဆရာဦးမောင်မောင် ရေးနေတဲ့ ဝတ္ထုက 'သပြေနှစ်ခက် ကြွေရက်စော' နော်''

''အင်း ဟုတ်တယ်လေ အဲဒါ ဘာဖြစ်လဲ''

''အဲဒါ တကယ့်အဖြစ်အပျက်လား ဆရာ''

ထောင်မှူးမောင်မောင် ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ။ တကယ့်အဖြစ်အပျက်တော့မဟုတ်၊ စိတ်ကူးယဉ် သက်သက်ချည်းလည်း မဟုတ်။

''အေးဗျာ… အဲဒါတော့ ကျုပ်လည်း ဘာပြန်ပြောရမှန်းတောင် မသိဘူး။ ခုမှ ဝတ္ထုရေးသင်ခါစလေ''

''ဒါဖြင့်ရင်လည်း 'မိုးကြိုးအသက် သေရက်ကယ်စော' ဆိုတဲ့အကြောင်းလေးရေးပါလား ဆရာ''

''ဗျာ''

* * *

အချိန်ကာလအားဖြင့် ၁၉၄၈–၄၉ခုနှစ်ခန့်၊ မြန်မာပြည် လွတ်လပ်ရေးရပြီးစ။ ထိုအချိန်က အမိမြန်မာနိုင်ငံကြီး သူ့ကျွန်ဘဝမှလွတ်မြောက်ခဲ့ရသည့်တိုင် နိုင်ငံအတွင်း အေးဆေးငြိမ်းသက်ခြင်းကား အလျဉ်းမရှိခဲ့ပေ။ ကွန်မြူနစ်နှင့်ရဲဘော်ဖြူများက တောခိုသောင်းကျန်းခဲ့ကြသည်။ စောဘဦးကြီးခေါင်းဆောင်သောအဖွဲ့ကလည်း သူတစ်လူငါတစ်မင်းဆူပူထကြွလျက်ရှိ၏။ တခြားမကြည့်နှင့်၊ မန္တလေးမြို့ကြီးကို သောင်းကျန်းသူ ရောင်စုံအဖျက်သမားများ သိမ်းပိုက်ထားစဉ်ကဆိုလျှင်…

နာရီစင်ကြီး သွားကြည့်။

နံနက်ပိုင်းသွားကြည့်လျှင် ကွန်မြူနစ်အလံ တစ်လူလူလွင့်လျက် တွေ့ရမည်။ နေ့လယ်ပိုင်းကျတော့ စောဘဦးတို့အလံ။ ညနေပိုင်းကျပြန်တော့ ရဲဘော်ဖြူအလံ။ အစိုးရစစ်တပ်များကတော့ နန်းတွင်းမှာ အခိုင်အခန့်ရှိနေကြသည်။ စစ်ကိုင်းဘက်ကိုလည်း သူတို့မကူနိုင်။ ပြင်ဦးလွင်ကိုလည်း ပိုင်ပိုင်နိုင်နိုင် မသိမ်းနိုင်။

သို့သော် ရက်ပိုင်းမျှသာဖြစ်၏။ နောက်ပိုင်းတွင် နန်းတွင်းမှ စစ်တပ်များနှင့် စစ်ကိုင်း၊ ပြင်ဦးလွင်တို့ဘက်မှ စစ်ကူများပူးပေါင်းပြီး စနစ်တကျ ပြန်လည်တိုက်ခိုက်လိုက်သောအခါ သောင်းကျန်းသူများ တောထဲပြန်ဝင်သွားရသည်။

အဲဒီလို အချိန်အခါမျိုးတွင် မြစ်သားမြို့နယ် တစ်ဝိုက်၌ ရဲဘော်ဖြူ ဗိုလ်မိုးကြိုး (ခေါ်) ဘသော်တို့ ခြောက်လုံးပြူးကြီး တကားကားနှင့် ဗိုလ်ကျ

မင်းမူနေသည်မှာ ဘာမှမဆန်းလှ။

တကယ်တော့ ဗိုလ်မိုးကြိုး 'ခေါ်' ဘသော်မှာလည်း လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက်တွင် နိုင်ငံရေး အစဉ်အလာရှိခဲ့သူတစ်ဦးပင်ဖြစ်ပါ၏။ စစ်ကြိုခေတ်က ကျောက်ဆည်မြို့ အစိုးရအထက်တန်းကျောင်းတွင် ကိုးတန်းအထိ ပညာသင်ဖူးသည်။ ဂျပန်ခေတ်က ကူမဲမြို့ အာရှလူငယ်အစည်းအရုံးတွင် ပါဝင်လှုပ်ရှားနေရာမှ ဗမာ့ကာကွယ်ရေး တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ အင်္ဂလိပ်တွေ ပြန်ဝင်လာချိန်မှာတော့ ဒုဗိုလ်အဆင့်။ ရဲဘော်ဖြူ ရဲဘော်ဝါကွဲတော့ ရဲဘော်ဖြူထဲပါကာ တောခိုသွားခဲ့ခြင်းဖြစ်၏။ ဗိုလ်မိုးကြိုးဆိုတာကလည်း ရဲဘော်ဖြူ ဗိုလ်ဘဝနှင့် တောခိုသွားခဲ့ပြီးမှ ရခဲ့သည့်အမည်။ မူရင်းအမည်ကတော့ ဗိုလ်ဘသော်ပါပဲ။

ဗိုလ်ဘသော်ဘဝ မတိုင်ခင် စစ်ကြိုခေတ်ကျောင်းသား မောင်ဘသော်အနေနှင့် ဆရာမဒေါ်ခင်လေးတင့်နှင့် အတန်းပင် ရင်းနှီးခဲ့ရသည်။ ရင်းနှီးစရာအကြောင်းကလည်း ပေါ်ပေါက်ခဲ့၏။

တကယ်တော့ ဘသော်ကတောသား။ တောသားဆိုသော်လည်း တောသားအနုံညာတတော့မဟုတ်။ တောသူကြီးသားဖြစ်၏။ သူကြီးသားဆိုကာမျှနှင့် အထင်မသေးနှင့်။ သူကြီးဆိုသည်မှာ ယခင်ကျေးရွာအုပ်စု ကောင်စီဥက္ကဋ္ဌကဲ့သို့ အာဏာအပြည့်ရှိသည်။ ကျေးရွာအုပ်စု ကောင်စီဥက္ကဋ္ဌမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်၍ အဖွဲ့အစည်းနှင့် အုပ်ချုပ်ရသည်။ သူကြီးဆိုတာက သူတစ်ယောက်တည်း။ အာဏာရှင်စနစ်။ သူ့လက်အောက်က ရွာခေါင်းတို့၊ ဆယ်အိမ်ခေါင်းတို့ရှိသေးသည်။ သို့သော် တုတ်တုတ်မျှ လှုပ်ဝံ့ကြသူများမဟုတ်။ တစ်သွေး၊ တစ်သံ၊ တစ်မိန့်။

ဘသော်၏အဖေ သူကြီးဦးလူတုတ်ဆိုတာက ရိုးရိုးသူကြီးမဟုတ်။ မင်းစုဘူတာအနောက်ဘက် ဒရယ်ခေါင်းရွာမှ အထူးအာဏာရ သူကြီးဖြစ်သည်။ နှစ်လုံးပြူးသေနတ်ကြီးတစ်လက်အပိုင်စားပေးသနားခြင်းခံရသည်။ အထူးအာဏာရသူကြီးဆိုတော့ ရာဇသတ်ကြီးဥပဒေအရ ပြစ်မှုကျူးလွန်သူတစ်ဦးဦးကို ထောင်ဒဏ်ခြောက်လအထိ အပြစ်ပေးခွင့်ရှိသည်။

စစ်ပြီးခေတ်ပြဇာတ်များ တစ်ခေတ်ဆန်းချိန်က သရော်ခဲ့ ထေ့ခဲ့သော မယ်သုံပေါက်စီတို့ အပြောကလေးအတိုင်း ရေးရလျှင် ...

''သီဂျီးသီဆန်း၊ ဖိုးစတန်းဒတ် သီမင်း''

ဘသော်တို့ ကြီးပြင်းလာရတာက အဲဒီလိုဘဝမျိုးပါ။ ဆိုလိုတာက 'သီဂျီးသီဆန်း' ဆိုသည်မှာ သူကြီး၏သား၊ ဖိုးစတန်းဒတ် သီမင်းဆိုတာကတော့ လေးတန်းကျောင်းသား။

မှန်ပါသည်။ အဲဒီလို ရွာမှာရှိသည့် မူလတန်းကျောင်းမှလေးတန်းအောင်ပြီးသည့်နောက်ကျောက်ဆည်မြို့ ဟိုက်စကူးကျောင်းသို့ ဘသော် ရောက်ခဲ့ခြင်းဖြစ်၏။ ဒရယ်ရွာနှင့်အနီးဆုံး မြစ်သားမြို့တွင် ထားလျှင်လည်းရပါသည်။ သို့သော် သူကြီးကတော်ဒေါ်ကလေးမ၏မောင်, ဦးသာညွှန့်ဆိုတာက အမိန့်တော်ရရှေ့နေဘဝနှင့် ကျောက်ဆည်တွင် ကောင်းစားနေသည်။ သည်တော့ ဘသော်၏ ဘဝရှေ့ရေးကိုမျှော်တွေးပြီး သူကြီးကတော် ဒေါ်ကလေးမ၏ အစီအမံဖြင့် ဘသော်တစ်ယောက်ကျောက်ဆည်မြို့ အစိုးရဟိုက်စကူးကျောင်းသို့ ရောက်ခဲ့ရခြင်းပင်။

အမိန့်တော်ရ ရှေ့နေဦးသာညွှန့်၏ ဇနီးက ဒေါ်ခင်လေးမြင့်၊ ကျောက်ဆည်မြို့ ဘိလစ်စာရေးကြီး၏သမီး ဆယ်တန်းမအောင်၍ ကျောင်းထွက်ထားသည်။ သူ့ညီမ, မခင်လေးတင့်က ဆယ်တန်းမှာ။ ဘသော်နှင့် မခင်လေးတင့်တို့ အသက်အားဖြင့် လေးငါးနှစ်တော့ ကွာတာပေါ့။

''ဟဲ့ ..ဘသော်, နင် ဒီလပတ်စာမေးပွဲမှာ သင်္ချာကျတယ်ဆို''

''ဟုတ်တယ် မမတင့်၊ ကျွန်တော် နှစ်မှတ်ပဲ လိုတာပါ''

''သင်္ချာဆိုတာ အမြဲတမ်း တွက်နေရတာဟဲ့၊ ပြစမ်းပါဦး နင့်သင်္ချာစာအုပ်တွေ''

ဒီလိုနှင့် ဘသော်တစ်ယောက် တစ်တန်းပြီး တစ်တန်းတက်လာခဲ့ရာမှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် ဘသော်က ကိုးတန်းမှာ၊ မခင်လေးတင့်က မန္တလေးတက္ကသိုလ်မှ အင်တာအောင်ပြီး ရန်ကုန်တက္ကသိုလ်ရောက်။

ဂျပန်ခေတ်ကျတော့ မခင်လေးတင့်က ကျောက်ဆည်မြို့မှ အာရှလူငယ်အစည်းအရုံး ခေါင်းဆောင်။ ဘသော်တို့လည်း ဘယ်ခေလိမ့်မလဲ။ ကူမဲမြို့မှာ သူလည်း အာရှလူငယ်အစည်း အရုံးအဖွဲ့ဝင်ပေါ့။ ခေတ်ပညာတတ် လူငယ်ဆိုတော့ တောမှာမနေနိုင်၊ နီးစပ်ရာ ကူမဲမြို့ပေါ်တက်လာသည်။ ဒီမှာပင် ဒုဋ္ဌဝတီ၊ ဖော်ဂျီ၊ ပန်းလောင်မြစ်ပေါင်းအစုံ ပြန်လည်ဆုံစည်းမိကြသလို မခင်လေးတင့်နှင့်မောင်ဘသော်တို့ ပြန်လည်ဆုံဆည်းခွင့်ကြုံခဲ့သည်။

''ငါ့မောင်က ဘယ်ဆိုးလို့လဲ။ အမျိုးသားရေးလှုပ်ရှားမှုကျတော့ ရှေ့တန်းကပါလာသားပဲနော်''

''ဒါပေါ့ မမတင့်ရဲ့လက်သည်းဆိပ်တော့လက်ထိပ်နာဆိုတာလို ကိုယ့်အမျိုးထိလာတော့လည်းမချိအောင်နာရမှာပေါ့။ ဒါတင်မကသေးဘူး ကျွန်တော်ဗမာ့တပ်မတော်ထဲ ဝင်တော့မလို့။ ကိုယ်ထိလက်ရောက်ပဲ ဝင်ကြတော့မယ် မမတင့်ရယ်''

မခင်လေးတင့်မှာ ခေတ္တခဏမျှ တွေဝေငေးမောသွားသည်။ ဘာပဲပြောပြော မိမိ၏အိမ်တွင် ငါးတန်းကျောင်းသားလေး အရွယ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန် လူပျိုဘော်ဝင်ခဲ့သည်အထိ လက်ပွန်းတတီး နေခဲ့ရတော့လည်း သံယောဇဉ်နှယ်ကြိုးက မထိတထိ ရစ်ပတ်နှောင်ဖွဲ့ခဲ့မိလေပြီ။ ခင်လေးတင့် တစ်ခုတည်းမေးမိသည်။

''ငါ့မောင် အသက် ဘယ်လောက်ရှိပြီလဲ''

''ဆယ်ခြောက်နှစ်၊ အဲလေ ․․ ဆယ်ခြောက်နှစ်ကျော်လို့ ဆယ့်ခုနစ်နှစ်ထဲ ဝင်ခဲ့ပြီ''

''ဗမာ့တပ်မတော်က အသက်'၁၈'နှစ်ပြည့်မှ ဝင်ခွင့်ပြုတာ မောင်လေးရဲ့''

''ရပါတယ်ဗျာ၊ သူတို့ ဆယ့်ရှစ်နှစ်ဆိုလည်း ဆယ့်ရှစ်နှစ်ပေါ့''

ခင်လေးတင့်တစ်ယောက် ဟင်းခနဲ မသိမသာ သက်ပြင်းချလိုက်သည်ကို ဘသော်အနေနှင့် သိကောင်းမှ သိမည်။

မှန်ပါသည်၊ အဲဒီအချိန်က ဘသော် ဘာမှမသိလိုက်။ ဘသော် တကယ်တမ်းသိသည့်အချိန်ကျတော့ မြစ်သားမြို့ အစိုးရအလယ်တန်းကျောင်းအုပ်ဖြစ်နေသော ဒေါ်ခင်လေးတင့်က မြို့နယ်မှ ပါလီမန်အမတ်လည်း ဖြစ်နေပြီ။ ဘသော်လည်း ရဲဘော်ဖြူ ဗိုလ်မိုးကြိုး(ခေါ်) ဗိုလ်ဘသော်ဖြစ်နေပြီ။

မြန်မာပြည်ကြီး သူ့ကျွန်ဘဝမှ လွတ်လပ်ရေးရပြီးစ ပြည်တွင်းစစ် အရှိန်အဟုန်မြင့်မားနေချိန်။ သစ်ပင်မှန်လျှင် အမြစ်ရှိရမည်။ လူမှန်လျှင် အချစ်ရှိရမည်။ တိုင်းပြည်မှန်လျှင်လည်းစစ်ရှိရမည်၊ သို့သော် စစ်ဆိုတာကတော့ တကယ့်ကို ရင်နာစရာ၊ စက်ဆုပ်စရာ ကောင်းလှပါကလား။ ဘာဖြစ်လို့လဲဆိုတော့ စစ်ဆိုတာ ကိုယ့်အချင်းချင်းလည်း တိုက်နေခိုက်နေသတ်နေဖြတ်နေကြတာကိုး၊ အိမ်ကြက်အချင်းချင်း အိုးမည်းအသုတ်ခံရပြီး ခွပ်နေရသည့်ဘဝပေကိုး။ နောက်ဆုံးတော့ ဘာမှမဟုတ်ပါ။ ဝါဒမှိုင်းပါပဲ။ လူသည်သာလျှင် အဓိကတရားခံ ဖြစ်၏။

ငါကကွန်မြူနစ်၊ သူကဆိုရှယ်လစ်၊ ကွန်မြူနစ်ပင် ရိုးရိုးမဟုတ်သေး၊ အလံနီကွန်မြူနစ်ရယ်လို့ ကွန့်တက်လိုက်သေးသည်။ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ နောက်တစ်ခါ ပမညတ–ဆိုပြီး ပေါ်လာပြန်သေးသည်။ အဲဒီလို ဖြူနီပြာ ဝါဒမှိုင်းတွေတိုက်လာမှတော့ တစ်မြေထဲနေ တစ်ရေတည်းသောက်သည့် အမိနိုင်ငံသားအချင်းချင်း အိုးမည်းသုတ်ခံရ၍ ခွပ်ကြပြီ၊ သတ်ကြပြီ ဖြစ်ကြပြီ။

ဘယ်လောက် ရင်နာစရာ ကောင်းလိုက်သနည်း။ အမှန်က ဒီရေလှိုင်း၊ ဒီဝဲဂယက်၊ ဒီကျောက်ဆောင်ကြားတွင် ဗိုလ်မိုးကြိုး'ခေါ်' ဗိုလ်ဘသော်တစ်ယောက် စစ်ဦးဘီလူးအနေနှင့် သားကောင်ဖြစ်ကာ ကြိုးကျခဲ့ရခြင်းပင်။

ဘသော် ကြိုးပေးအသတ်မခံရမီ တစ်ရက် အကြိုက ပြောခဲ့သည့်စကားသံကလေးများ ယခု ထက်တိုင် ကြားယောင်နေမိပါသေးသည်။ ကြာ တော့ ကြာပါပြီ၊ လွန်ခဲ့သည့်(၃၆)နှစ်က။

''ဆရာကလည်း ဆရာ့ခံစားမှုနဲ့ဆရာ၊ 'သပြေ နှစ်ခက် ကြွေရက်စော'ဝတ္ထုကိုရေးနေတာနော်''

''အေးလေ – ထားပါတော့ဗျာ''

ဘယ့်နှယ့်လုပ်မလဲ၊ နက်ဖြန်မနက်ဘဲ ကြိုးပေး အသတ်ခံရတော့မယ့်သူကို အလိုက်အထိုက် ပြန် ပြောရတော့မှာပေါ့။ ဘသော်ကမူ အလေးအနက်။

''အဲဒီလိုပေါ့ပေါ့လေး မပြောလိုက်ပါနဲ့ ဆရာ ရယ်။ အခုလက်ရှိ အခြေအနေအတိုင်း ပြောရရင် ကျွန်တော်က သေလူ ဆရာက ရှင်လူပါ''

ထောင်မှူးမောင်မောင်က ပျာပျာသလဲ ဖာရ ထေးရသည်။

''မဟုတ်၊ မဟုတ်ပါဘူး ကိုဘသော်ရယ်...၊ ကျွန်တော် ပေါ့ပေါ့ဆဆပြောနေတာ မဟုတ်ပါဘူး။ ခင်ဗျားရင်ထဲ ဘယ်လိုခံစားနေရမယ်ဆိုတာ၊ ကျွန် တော် ကိုယ်ချင်းစာပါတယ်''

ဘသော် အံတစ်ချက်ကြိတ်လိုက်သည်။ ပြီး တော့ မချိတရိရိလိုလို၊ မထီမဲ့မြင်လိုလို သူ့မျက်နှာ ပြင်ပေါ်မှာ ပြုံးရိပ် ခပ်ဖျော့ဖျော့သန်းသွား၏။

''ဆရာက ကျွန်တော့်ကို သေရမှာ ကြောက် တယ်ထင်လို့လား''

''ဟင့်အင်း ..အဲဒီလို မထင်မိပါဘူးဗျာ''

ဘသော် နှုတ်ခမ်းတစ်ချက် ရွဲ့လိုက်ရင်း...၊

''ဟင်း ..ဝေးသေး''

ဟူးကနဲ သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက် ပြန်သည်။ ပြီးမှ ...

''ဆရာဦးမောင်မောင်ကို ကျွန်တော် တစ်ခု မေးမယ်''

ထောင်မှူးမောင်မောင်က ဘသော်၏ မျက်နှာ ရိပ် မျက်နှာကဲကို ကြည့်ပြီး ...

''မေးပါ ကိုဘသော် မေးပါ''

''ဒီလူသတ်မှုကို ကျွန်တော် တကယ်ကျူးလွန် တယ်လို့ ဆရာထင်သလား''

ထောင်မှူးမောင်မောင်က အသာလေး ငြိမ်နေ သော်လည်း ဗိုလ်မိုးကြိုးက မငြိမ်။

''ကျွန်တော် မေးတာ ဖြေပါဦးလေ ဆရာရဲ့''

မတတ်သာတော့ပြီ ဖြေပြောကလေး ပြောပါမှ။

''အေးဗျာ.. နက်ဖြန်မနက် ကြိုးပေးအသတ် ခံရတော့မယ့် လူသားတစ်ယောက်အနေနဲ့ မုသား စကားမပြောဘူးဆိုတာ ကျွန်တော်ယုံပါတယ်။ အမှု အကြောင်းတော့ ကျွန်တော်မသိဘူးလေ''

မှန်ပါသည်။ ထောင်မှူးမောင်မောင်အနေနဲ့ ဘယ်လိုလုပ် အမှုအကြောင်း သိနိုင်ပါ့မလဲ။ ကြိုး သမားအယူခံကို ကိုယ်တိုင်ကိုယ်ကျ ရေးကြရသည့် ထောင်မှူးကြီးတို့၊ ထောင်ကျရုံး ထောင်မှူးတို့ဆို လျှင်တော့ သူ၏ စီရင်ချက်မိတ္တူကိုဖတ်ပြီး အမှု သွား အမှုလာ သိနိုင်စရာအကြောင်းရှိသည်။ စီရင် ချက်မိတ္တူတွင်ပါသည့် စွဲချက်များ၊ နှစ်ဖက်သက် သေ ထွက်ဆိုချက်များ၊ ကျွမ်းကျင်မှုဆိုင်ရာပါရဂူ များ၏ သက်သေခံအချက်များကို ထောက်ထားပြီး၊ အဲဒီကြိုးသမား တကယ်သတ်သလား မသတ်ဘူး လားဆိုတာကောက်ချက်ချနိုင်စရာအကြောင်းရှိသည်။ ခုတော့ ထိုအချိန်ထိုအခါက ထောင်မှူးမောင်မောင် တကယ့်ကိုထောင်မှူးပေါက်စ ကျောင်းသား၊ နို့နံ့ မပြယ်သေးသည့် လူငယ်လူရွယ်ဆိုတော့ ခပ်ပေါ့ ပေါ့နေ ခပ်ပေါ့ပေါ့စား တစ်နေကုန် တစ်နေခန်း တာဝန်များပိနေသည့်ကြားက အားလပ်သည်နှင့် နန်းတွင်းမှမြို့ပြင်ထွက်မည်၊ လည်မည်၊ ပတ်မည်၊ ပိုးမည် ပန်းမည်၊ ပျော်မည်၊ ပါးမည်၊ ဒါလောက်ပဲ ရှိတာ။

ဤလူ့ပြည်တွင် နာရီပိုင်းသာနေရတော့မည့် ကြိုးသမား တစ်ယောက်အနေနှင့် ထောင်မှူးမောင် မောင်၏အဖြေကို မချင့်မရဲဖြစ်လာဟန်တူပါသည်။

''အမှုအကြောင်းက အရှင်းကလေးပါ ဆရာ ရယ်။ ကျွန်တော် လူမသတ်ဘူးလို့မငြင်းလိုပါဘူး။

နိုင်ငံရေးအရ တောခိုရင်း လက်အောက်ငယ်သား တွေကို သတ်ဖို့ အမိန့်ပေးခဲ့တာတွေရှိသလို၊ စိတ် လိုက်မာန်ပါ ကျွန်တော်ကိုယ်တိုင် သတ်ခဲ့တာတွေ လည်း ရှိပါတယ်''

ဗိုလ်မိုးကြိုးတိုက်အခန်းထဲတွင် ပုဆစ်တုပ်၍ ထိုင်နေရာမှ သူ၏ရှေ့ရှိ တံခါးသံတိုင်နှစ်ချောင်းကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက် သည်။ ပြီးတော့ ထောင်မှူးမောင်မောင်ကို မျက်နှာ လွှဲလိုက်ပြီး ခေါင်းကိုမော့ကာ အာကာသမိုးကောင်း ကင်ကြီးကို အဓိပ္ပါယ်ကင်းမဲ့စွာဖြင့်မော့ကြည့်လိုက် သည်။ ပြီးတော့မှ ရင်ထဲက လှိုက်၍လှိုက်၍ ထွက် လာသော ဆို့နင့်သည့်အသံကြီးဖြင့် –

''အခု အမှုကတော့ မမှန်ပါဘူး ဆရာရယ်၊ ဒေါက်တာစိုးသိမ်းကို ကျွန်တော် မသတ်တာ အမှန် ပါ''

ထောင်မှူးမောင်မောင် ဘာမှဝင်မပြောသာပါ။ ဘသော်ပြောသမျှကိုသာ အသာလေးငြိမ်ပြီး နား ထောင်နေရသည်။

ဒေါက်တာစိုးသိမ်းဆိုတာက မြစ်သားမြို့ဇာတိ။ သူလည်း ပါလီမန်အမတ်ပင်ဖြစ်၍ နိုင်ငံရေးအရ ဒေါ်ခင်လေးတင့်နှင့် အတန်ပင်ရင်းနှီးသည်။ သူ့မှာ က သားကြီးမယားကြီးနှင့်။ ဒီကြားထဲ အပျိုကြီး ပါလီမန်အမတ် ဒေါ်ခင်လေးတင့်ကို ကြာကူလီရိုက် ချင်သည့် သတင်းအစအန ကြားလာရသောအခါ ရဲဘော်ဖြူ ဗိုလ်မိုးကြိုး (ခေါ်) ဗိုလ်ဘသော်အနေနှင့် မချင့်မရဲဖြစ်ကာ ကြိမ်းဝါး ပြောဆိုခဲ့ဖူးတာတော့ အမှန်။ ဒီမသာ ကိုယ့်တွင်းကိုယ်ဖော်နေတာနဲ့ တူပါ တယ်ကွာ။ တစ်နေ့တော့''ဘသော်အကြောင်း သိရ စေမပေါ့''ဟု နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ သတဲ့။ ဘသော်စကား အဆိုအရတော့၊ ယခုလည်း နှုတ်ကြောင့်ပင် ကြိုးကျခဲ့ရလေသလား။

တကယ်တော့ ဒေါက်တာစိုးသိမ်း အသတ်ခံရ ပုံမှာ သိပ်ပြီးရှုပ်ရှုပ်ထွေးထွေး မရှိလှ။ ရိုးရိုးစင်းစင်း နဲ့ ရှင်းရှင်းကလေးဖြစ်၏။

မြစ်သားမြို့ ဖဆပလရုံးခန်းတွင် အရေးပေါ် အစည်းအဝေးတစ်ခု ထိုင်နေကြသည်။ နေ့ခင်း ထမင်းစားချိန်တိုင်အောင် မပြတ်သေး။ ထမင်းကို ဖြစ်သလိုမှာစားကြပြီး နောက်အစည်းအဝေး ဆက် ထိုင်ကြပြန်သည်။ ဒေါ်ခင်လေးတင့်ရော ဒေါက်တာ စိုးသိမ်းပါ, ပါသည်။ ဒေါ်ခင်လေးတင့်မှာ ညနေသုံး နာရီကျော်ကတည်းက နာရီတကြည့်ကြည့် ဖင်တ ကြွကြွဖြစ်နေပေပြီ။ ကျောက်ဆည်ပြန်ရဦးမှာ မဟုတ်လား။ တကယ်တမ်း အစည်းအဝေးပြီးတော့ ညနေငါးနာရီခွဲပြီ။ ဒီအချိန် ကျောက်ဆည်ပြန်ဖို့ ဘယ်မှာဘတ်စ်ကားရှိတော့မှာလဲ။ ဒေါ်ခင်လေးတင့် ဟူးခနဲ သက်ပြင်းချမိသည်။

ပျဉ်းမနား– မန္တလေး လော်ကယ်ရထားတော့ ရှိသည်။ သို့သော် အဲဒီရထားက မြစ်သားဘူတာကို ညခုနစ်နာရီခွဲ ရှစ်နာရီလောက်မှာ ဆိုက်တတ်၏။ ကျောက်ဆည်သို့ မိုးစုပ်စုပ်ချုပ်မှ ရောက်မည်။ မတတ်နိုင်တော့ဘူးလေ။ ရောက်ချင်တဲ့အချိန်မှ ရောက် အဲဒီလော်ကယ်ရထားကိုပဲ စောင့်စီးရတော့ မှာပေါ့။

ဒီညမပြန်လို့ကတော့ မဖြစ်။ အသက်ရှစ်ဆယ် ကျော် မိခင်မှဆိုးမကြီးမှာ လေဖြတ်ထားသည်။ အစ်မဖြစ်သူ ဒေါ်ခင်လေးမြင့်ကလည်း မီးယပ်ကျိုး နေသည်။ သူ့သားသမီးတွေကလည်း ဘာမှလုပ် တတ်ကိုင်တတ်သည်မဟုတ်။

အစည်းအဝေးပြီးတော့ ဥက္ကဋ္ဌကြီးက ဝတ္တရား အရမေးသည်။

''ကျွန်မလော်ကယ်ရထားနဲ့ပဲစောင့်ပြန်ရမှာပေါ့''

''ဟင်း. . အဲဒီရထားဆိုရင် မိုးချုပ်မနေဘူး လား၊ အချိန်မှန်တာလည်း မဟုတ်''

''ရပါတယ် ဥက္ကဋ္ဌကြီးရယ် . . . ရောက်တဲ့ အချိန်ပေါ့''

ဒေါက်တာစိုးသိမ်းက မရဲတရဲ ဝင်ပြောသည်။

''ကျွန်တော် ကားနဲ့ လိုက်ပို့ပေးမယ်လေ ဆရာမ''

"ဟင့်အင်း ‥ ဟင့်အင်း‥၊ နေပါစေရတယ်"

အကျိုးအကြောင်း ဘာမှ မသိရှာသေးသော ဥက္ကဋ္ဌကြီးကမူ ‥

"ဆရာမကလည်း အားနာစရာမှ မဟုတ်တာ။ ကိုယ့်လုပ်ဖော်ကိုင်ဖက်ချင်းပဲ ဆရာ့ကားနဲ့ဆို ခဏကလေး ရောက်သွားမှာ"

အဖွဲ့ဝင်များထဲမှာ သိပြီးသူရှိသလို၊ ဥက္ကဋ္ဌကြီးနည်းတူ မသိကြသေးသူများလည်း ရှိကြလေရာ‥။ မသိကြသေးသည့် လူကြီးများက–

"ဆရာမရေ စိတ်ကူးမလွဲနဲ့။ ဒေါက်တာစိုးသိမ်းကားနဲ့သာ ပြန်၊ သူ့ကားက ကျွန်တော်တို့အဖွဲ့အတွက် ချောကားပဲ"

ဒေါ်ခင်လေးတင့်မှာ တကယ့်အကျဉ်းအကျပ်ထဲ ရောက်နေရသည်။ ရှေ့တိုးလည်းထမ်းပိုး နောက်ဆုတ်လည်း လှည်းတုတ်။ သူ့ကားနှင့် မလိုက်ချင်ပါဘူးဟု ဘယ်လိုရှင်းပြရပါမည်နည်း။ သိပြီးသူတွေ အတွက်အကြောင်းမဟုတ်သော်လည်း မသိရသေးသူတွေကို ရှင်းပြရအောင်က မိအေးနှစ်ခါရှက် ဘဝရောက်ရပေတော့မည်။ အဲဒီလိုအခြေအနေမျိုးတွင် အချက်ကျကျ အခွင့်အရေးယူလာတတ်သူက ဒေါက်တာစိုးသိမ်း။

"ကဲပါ ဆရာမရယ်၊ စိတ်ကူးမလွဲပါနဲ့။ ကျွန်တော့်ကားနဲ့ပဲ လိုက်ပို့ပါ့မယ်"

ဒေါ်ခင်လေးတင့်မှ အင်းမလုပ် အဲမလုပ် ရှိနေစဉ်မှာပင် ဒေါက်တာစိုးသိမ်းက တစ်ဆက်တည်း သူ့ဒရိုင်ဘာဘက်သို့ လှည့်၍ ‥‥

"ဦးကျော်ရှိန် အိမ်ကိုပြန်ပြီး ဓါတ်ဆီဖြည့်ဗျာ၊ ကျွန်တော့် သေနတ်ပါယူလာခဲ့ကြားလား"

"ဟုတ်ကဲ့ပါဆရာ"

ကြိုးသမားဗိုလ်မိုးကြိုး'ခေါ်'ဗိုလ်ဘသော် အသံမှာ လုံးဝမှုမမှန်တော့ပေ။ တိုးသွားလိုက် ကျယ်သွားလိုက်။ တစ်ခါတစ်ရံ လည်ချောင်းကွဲသံကြီးလိုလို၊ အာခေါင်ခြစ်၍ ထွက်လာသော အသံကြီးလိုလို အတက်အကျ အနိမ့်အမြင့် ပုံမှန် မဟုတ်တော့။

နာရီပိုင်း မိနစ်ပိုင်းအတွင်း ဧကန်မုချ မလွဲမသွေ မြေကြီးလက်ခတ်မလွဲ သေရတော့မည့် လူတစ်ယောက်အနေနဲ့ သူဘာပြောချင်သနည်း။ ဘာပြောမည်နည်း။ ပြောချင်တာပြော။ ထောင်မှူးမောင်မောင် သည်းခံခွင့်လွှတ်နားထောင်ရပေမည်။ သူပြောထားပြီပဲ။

"ဆရာက ရှင်လူ ကျွန်တော်က သေလူပဲ"

"အဲဒီညက သူတို့ မြစ်သားကနေ ညနေ(၆)နာရီလောက်မှ ထွက်ဖြစ်ကြတယ်လေ။ တရားရုံးမှာ ထွက်ချက်အရ ဂျစ်ကားကို ဒေါက်တာစိုးသိမ်းက မောင်းလာတယ်။ ဘေးမှာ ဆရာမဒေါ်ခင်လေးတင့်က ထိုင်လာတယ်။ ဒရိုင်ဘာက နောက်ခန်းမှာ။

"ဒါထက်ဆရာ‥ မြင်းခြံကလာတဲ့ ကားလမ်းနဲ့ ရန်ကုန်–မန္တလေးလမ်းဆုံတဲ့နေရာ လက်ညှိုးထိုးကို ဆရာသတိထားမိသလား မသိဘူး"

"ဟာ– သိပ်သိတာပေါ့ဗျာ။ အဲဒီ လက်ညှိုးထိုးမှာ ထမင်းစားလို့ အားကြီးကောင်းတယ်လေ"

"ဟုတ်တယ် အဲဒီလက်ညှိုးထိုးမှာ ဒေါက်တာစိုးသိမ်းက လောကွတ်ချော်ပြီး ထမင်းကျွေးသေးသတဲ့"

လက်ညှိုးထိုးက သူတို့ဂျစ်ကား ဆက်ထွက်တော့ ခုနစ်နာရီကျော်ပြီပေါ့။ မုန့်ပေါင်းရွာဆိုလျှင် လက်ညှိုးထိုးနှင့် ဆယ်မိုင်ကျော်ခဲ့ပြီ။ ရှေ့နားမှာ သမံတလင်းရွာနှင့် သမံတလင်းတံတား၊ လမ်းဘေးတစ်ဖက်တစ်ချက်တွင် တောကလည်း ခပ်ထူထူ။

တစ်နေရာအရောက်တွင် လမ်းဘေးမှသေနတ်သံများ တစ်ဒိန်းဒိန်း တစ်ဒိုင်းဒိုင်း ထွက်ပေါ်လာပြီး ဂျစ်ကား ထိုးရပ်သွားသည်၊ မရပ်လို့လည်းမဖြစ် ကားရှေ့ ညာဘက်ဘီးက သေနတ်မှန်၍ ပေါက်သွားပြီ။ လမ်းဘေးထိုးမကျသွားအောင်ပင် ဘရိတ်နှင့် ဂီယာပါရော၍ ထိန်းယူလိုက်ရသည်။

ဒေါက်တာစိုးသိမ်းကလည်းသတိရှိသူပင်။ ကားရှေ့မီးကို မမှိတ်သေးဘဲထားသည်။ ပြီးတော့ ခါးတွင်ချိတ်ထားသော ခြောက်လုံးပြူးကို အသာထုတ်

၍ ပေါင်ကြားတွင် ဂုက်ထားသည်။ လက်ညှိုးက ခလုပ်ပေါ်မှာ အသင့်။

လမ်းဘေးမှ သေနတ်သံ ဒိုင်းခနဲ မြည်ဟီး သွားပြီး ...

''မီးပိတ်လိုက်ဟေ့''

ဒေါက်တာစိုးသိမ်း ကားမီးပိတ်လိုက်ရသည်။

ဒေါ်ခင်လေးတင့်က ခပ်တိုးတိုး သတိပေးပါ သည်။

''မခုခံနဲ့နော်ဆရာ၊ ခုခံရင် ပိုဆိုးလိမ့်မယ်''

ဒေါက်တာစိုးသိမ်း ဘာမှပြန်မပြော။

သိပ်မကြာလိုက်။ လက်နက်ကိုင်လူဆိုးများ ကားအနီး ဝိုင်းအုံလာကြသည်။

''တစ်ယောက်မှ မလှုပ်ကြနဲ့။ အကုန်လုံး ခေါင်း ငုံ့ထားကြ''

ဒေါက်တာစိုးသိမ်းသည် ခေါင်းငုံ့ထားရာမှ မျက်လွှာကို မသိမသာခိုးပင့်ပြီး ခေါင်းဆောင်ကို ရှေးရှာနေမိသည်။ ညာဘက်လက်ကလည်း ပေါင် ကြားထဲတွင် ခြောက်လုံးပြူးသေနတ်ကို ကျစ်ကျစ် ပါအောင် ဆုပ်လျက်။

သို့သော် မှောင်နှင့်မည်းမည်း ဘယ်လိုလုပ် ခေါင်းဆောင်ကို ရွေးတတ်ပါမည်နည်း။ ထိုအချိန် မှာပင် သူတို့ထဲကတစ်ယောက်က–

''ကိုင်း ... အချိန်သိပ်မရှိဘူး။ ပါလာတဲ့ရွှေ ငွေ၊ လက်ဝတ်လက်စား မြန်မြန်ထုတ်ပေးကြ။ တိုင်း ပြည်အတွက် ရန်ပုံငွေသဘောပေါ့။ ချန်ထားမယ် တော့ မကြံနဲ့နော်၊ ချန်ထားတာ ရှာလို့တွေ့ရင် သေပြီသာမှတ်''

ဒေါက်တာစိုးသိမ်းသည် ထိုသူကိုပင် ခေါင်း ဆောင်ဖြစ်မည်ဟု မှတ်ယူဟန်ရှိသည်။ ပေါင်ကြား ထဲက သေနတ်ကို ဖြုန်းခနဲထုတ်၍ ထိုသူကို ချိန်ပြီး ပစ်လိုက်သည်။ ဒိုင်းခနဲအသံ မထွက်လိုက်ပါ။ အကု သိုလ်ဝင်ချင်တော့ ကျည်အ'နဲ့တွေ့ပြီး ခြောက်ခနဲ သာမြည်သွား၏။ နောက်တစ်ချက် ထပ်ပစ်ချိန်မရ လိုက်ပါ။ ခြေမြန်လက်မြန်လူဆိုးများက ဒေါက်တာ စိုးသိမ်းကို သေနတ်ဒင်ဖြင့် ဆောင့်သူကဆောင့်၊ သေနတ်လှသူကလှပြီး ကားပေါ်မှ ဒရွတ်တိုက်ဆွဲ ခေါ်သွားကြသည်။ ခေါင်းတစ်ခြား ကိုယ်တစ်ခြား သေနတ်ဒဏ်ရာ ဗရပွ။

ကြိုးသမား ဗိုလ်မိုးကြိုး(ခေါ်) ဗိုလ်ဘသော် ပြောသမျှကို နားထောင်အပြီး ထောင်မှူးမောင် မောင်က မရှင်းတာလေးတစ်ခုကို မေးဖြစ်အောင် မေးလိုက်မိသည်။

''နေပါဦး– ခင်ဗျားပြောတဲ့အထဲမှာမြစ်သားက ဖဆပလညွှန့်ကြီး မသိဘဲ သိတဲ့လူက သိထား တယ်ဆိုတာ ဘာများပါလိမ့်''

''ဩော်... ဟုတ်တယ်ဆရာ။ ကျွန်တော် ပြောတဲ့အထဲ အဲဒါကျန်သွားတယ်။ တစ်ခြားမဟုတ် ဘူး ဆရာရဲ့။ ဒေါ်ခင်လေးတင့် မြစ်သားအစည်း အဝေးကအပြန်၊ ဘတ်စ်ကားပေါ် ထိုင်စောင့်နေ တုန်း၊ ဒေါက်တာစိုးသိမ်းဇနီး ဒေါ်မေရီလာပြီး ကြောင်တောင်နိုက်မ၊ လင်ခိုးမ၊ ဘာညာနဲ့ရန်တွေ့ သွားသတဲ့''

''ဩော်... ဩော်''

၈ ၈ ၈

ထောင်မှူးမောင်မောင်နှင့်ကြိုးသမားတို့ စကား ကောင်းနေစဉ်မှာပင် ထောင်မှူးကြီး ဦးလှအောင် နှင့် မန္တလေးတောင်ခြေမှ ဆရာတော်ကြီးတစ်ပါးတို့ ကြိုးတိုက်သို့ ရောက်လာသည်။ ဆရာတော်ကြီးမှာ သက်တော်အားဖြင့် ခြောက်ဆယ်ကျော်၊ ဝါတော် လေးဆယ်ကျော်လောက်ပေပြီ။ တနင်္ဂနွေနေ့တိုင်း ထောင်တွင်းသို့ကြွ၍ သီလပေး တရားဟောနေကျ ဘုန်းကြီးဖြစ်၏။

ဒီကနေ့ ကြွလာတာကတော့ခါတိုင်းလိုအကျဉ်း သားတွေကို သီလပေးတရားဟောဖို့ မဟုတ်။ မနက် ဖန်မနက် အရဏ်တက်ချိန်ကြိုးပေးခံရမည့် ဗိုလ်မိုး ကြိုး(ခေါ်)ဗိုလ်ဘသော်ကိုသရဏဂုံတင်ရန် ဖြစ်၏။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာ အရ လူသေပြီး၊ အသုဘချခါနီး သရဏဂုံတင်ခြင်း

ဖြစ်၏၊ အခုလူက မသေသေး၊ သရဏဂုံတင်တော့မည်။

ဘာပြုလို့လဲတဲ့...။

ဘာပြုလို့မှန်းတော့ ထောင်မှူးမောင်မောင်လည်း စဉ်းစားလို့မရပါ။ ထောင်တွေမှာအစဉ်အလာအတိုင်း အဲဒီလိုပင် ကြိုးသမားတွေကို ကြိုးမပေးမီ တစ်နေ့ကြိုတင်၍ သရဏဂုံတင်ခဲ့သည်။

ရှေးမြန်မာမင်းလက်ထက်တွေကများ သို့ကလို စက်တိုင်မတက်ခင် သရဏဂုံတင်ခဲ့သည့် အလေ့အထ ရှိခဲ့ဖူးလေသလား။ ရှိကောင်း ရှိမည်။

သို့မို့ကြောင့်လည်း
သူတည်းတစ်ယောက်
ကောင်းဖို့ရောက်မူ
တစ်ယောက်သူမှာ
ပျက်လင့်ကာသာ

ဓမ္မတာတည်း။ အစချီသည့်.. အနန္တသူရိယ အမတ်ကြီး၏ မျက်ဖြေလင်္ကာကြီး ကမ္ဘည်းတင်ခဲ့ဟန် ရှိသည်။ ယင်း အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလင်္ကာကို ဖတ်ရပြီးနောက် နရပတိစည်သူမင်းကြီးက သတ်အံ့ဆဲဆဲ အမတ်ကြီး၏ အသက်ကို ခွင့်လွှတ်ခဲ့သည်။

လက္ခဏာ ဟန်မကျချင်တော့
အနန္တခက်ပွေ၊
ကံမှအသက်ရှည်မည်၊
ကျမျက်ရည်ယိုဆင်း
တွေးမိတိုင်းစိတ်နာသည်၊
မအိပ်တာလေးညဥ့်အလင်း။

သို့ကလို သေအံ့မူးမူးအချိန်ကလေးတွင် တေးထပ်တစ်ပုဒ် ရေးစပ်ခဲ့သူ စလေဦးပုညကိုတော့ မြို့ဝန်ဦးသာအိုးက ချမ်းသာမပေးခဲ့ပေ။ သို့သော် တော်ပါသေးသည်။ မင်းတုန်းမင်းတရားကြီးက အကျိုးအကြောင်းသိရသည့်အခါ ''လူကို ခွေးကသတ်လေရဲ့''ဟု အသိမှတ်ပြုခြင်း ခံလိုက်ရသေးသည်။

ယခု ဗိုလ်မိုးကြိုး'ခေါ်' ဗိုလ်ဘသော်ကျတော့ ဘာမျက်ဖြေလင်္ကာမှလည်း ရေးခွင့်မရှိ တေးထပ်တစ်ပုဒ် ရေးစပ်ဖို့လည်း ဝေလာဝေး၊ ရေးလည်း မရေးတတ်၊ ရေးတတ်လို့ရေးခဲ့လျှင်လည်း သူ့မျက်ဖြေလင်္ကာတွေ တေးထပ်တွေကို ဘယ်သူကမှ ဂရုတစိုက် ဖတ်နေလိမ့်မည်မဟုတ်။

ဘာပဲပြောပြော လူဆိုသည်မှာ မျှော်လင့်ချက်လေးကိုယ်စီနှင့် အသက်ရှင်နေကြသူများဖြစ်၏။ သူသူကိုယ်ကိုယ် မြေကြီးလက်ခတ်မလွဲ မုချမသွေသေရတော့မည်ကို သိနေသည့်တိုင် နောက်ဆုံးနာရီပိုင်း၊ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအထိ မျှော်လင့်ချက်ကလေးတော့ ထားတတ်စမြဲ။

တခြားမကြည့်နှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရက်စက်ယုတ်မာစွာ လုပ်ကြံခဲ့သော ဂဠုန်ဦးစောကိုကြည့်။ သူ့ကို ကြိုးပေးအဆုံးစီရင်တော့မည့် နံနက်ခင်းအရုဏ်တက် ကြိုးတိုက်အတွင်းမှာ သွားထုတ်သောအခါ ပထမဦးဆုံး ပြောလိုက်တဲ့စကားများ။

Any message gram from Landon?

အဓိပ္ပါယ်ကတော့'လန်ဒန်မှ ဘာ သတင်းထူးသေးသလဲ'တဲ့။ အမေကျော် ဒွေးတော်လွှမ်း နယ်ချဲ့အင်္ဂလိပ် အစိုးရမင်းများ၏ အရှင်သခင် လန်ဒန်ရှိဘုရင်မင်းကြီးထံမှ သူ့အသက်တစ်ချောင်း ကယ်မရာကယ်မကြောင်း ဘာသတင်းကောင်းကလေးများ လာသေးသလဲပေါ့လေ ...။ အမေးခံရသည့် ထောင်ပိုင်ကြီးက

''No, nothing. Very sorry.''

''ဟင့်အင်း .. ဝမ်းနည်းပါတယ်ဗျာ။ ဘာမှ မလာပါဘူးပေါ့''

ဂဠုန်ဦးစော ကြိုးပေးစဉ်က ထောင်မှူး မောင်မောင်တို့ မမီလိုက်ပါ။ နည်းနည်းလောက် ကပ်လွဲသွားသည်။ အကယ်၍သာမီခဲ့လျှင် ဦးစော မျက်နှာ အနေအထား ဘယ်လိုရှိမည်။ ဘယ်လိုနေမည်ကို ကြည့်ချင်သေးသည်။

ဘာပြုလို့လဲဆိုတော့ (၃၇)နှစ်တည်းဟူသော

အကျဉ်းထောင်လောက အမှုထမ်းသက်တမ်းတစ်လျှောက်၊ ကြိုးသမားအတော်များများ ကြိုးစင်တင်ကြိုးပေးသည်ကို မျက်ဝါးထင်တွေ့ကြုံခဲ့ရသည့်အတွေ့အကြုံအရ "ငါ တကယ်သေရတော့မှာပါကလား။ ဘယ်လိုမှ ထွက်ပေါက်မရှိတော့ဘူးလား။ လွတ်လမ်းမရှိတော့ဘူးလား" သို့ကလိုသိရသည့်အချိန်တွင် ယင်းကြိုးသမားသည်(half dead) တစ်ဝက်သေသွားပြီဖြစ်၏။ ဒါ တကယ့်ကို ကိုယ်တွေ့ပါပဲ။

ဥပမာ ဆိုကြပါစို့။ ကင်ဆာရောဂါ ဖြစ်နေသူတစ်ဦးသည် သူ့ကိုယ်သူ ကင်ဆာရောဂါ ဖြစ်နေကြောင်း အတိအကျသိခဲ့လျှင် ကင်ဆာရောဂါအကြောင်းကိုလည်း တကယ် သိနားလည်ခဲ့လျှင် ထိုသူသည် တစ်ဝက်သေနေပြီ။ ဘာပဲပြောပြော သူ့စိတ်ထဲ သေတာနှင့်မသေတာ ဒီနှစ်ခုကိုပဲ ချိတုံချတုံ၊ ၄ပ်ချည်ပေါ်ချည် စဉ်းစားနေမှာ မြေကြီးလက်ခတ်မလွဲ။ အန္တိမနောက်ဆုံး မျှော်လင့်ချက်ဆုံးရှုံးခဲ့ရသည့် ကြိုးသမားတစ်ယောက်မှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်၏။

"ငါသေရတော့မည်၊ ငါသေရတော့မည်"

ထိုအခါတွင် စောစောကဂျူန်ဦးစောတွေးသလို ငါမသေနိုင်သေးပါဘူး။ သူအားကိုးသည့် ဗြိတိသျှနယ်ချဲ့ အင်္ဂလန်လန်ဒန်မှ သူ့အသက်ကိုကယ်တင်ရာ ကယ်တင်ကြောင်း သတင်းကောင်းလေးများကြားရဦးမလားဟူသော မျှော်လင့်ချက်ရေခဲတောင်ကြီးသည် နေထိနှင်းပမာ ဒလဟောစီးဆင်း အရည်ပျော်သွားခဲ့ပေပြီ။

"သွားပြီ ‥ သွားပြီ၊ ငါ့ဘဝမှာ ဘာမျှော်လင့်ချက်မှ မရှိတော့၊ ငါသေရတော့မည်"

သိသာပါသည်။ အလွန်ခက်ထန်မာကျောသော ကြိုးသမားပင်ဖြစ်စေကာမူ တကယ့်အတွေ့အကြုံအရ အခိုင်အမာ ပြောနိုင်ပါသည်။ အလွန်ခက်ထန်မာကျောသော ကြိုးသမားဆိုတာကော တကယ်ရှိတတ်ပါသလားလို့ မေးခဲ့ပါလျှင်‥ "ဟာ‥ သိပ်ရှိတာပေါ့" ဟုပင် ဖြေရလိမ့်မည်။

ကြိုးသမားဘဝနှင့် အနေကြာလာသောအခါ ပင်ကိုက ဂျိုတိုက်တတ်သော အလေ့အကျင့်ရှိသည့် ကြိုးသမားသည် သူ့ဝသီအတိုင်းဂျိုတိုက်လေ့ရှိ၏။

"ငါးဟင်း အရိုးများတယ်"

"ကြက်သားဟင်း မနူးဘူး"

"အမဲသားဟင်းက အရွတ်တွေချည်းပဲ"

စသည်အားဖြင့် ကြိုးသမားများထဲမှ အမြဲတမ်းချေးထူသည့်သူများ ရှိခဲ့ဖူးသည်။

ထိုစဉ်ကတော့ ကြိုးသမားများမှာ ဘီကလပ်အကျဉ်းသားများ စားသလို နေ့စဉ် အသား၊ ငါးစားနေကြရသည်။

မာကျောခက်ထန်သည့်ကြိုးသမားများနှင့် ကြုံလာသည့်အခါမျိုးတွင် ထောင်အာဏာပိုင်များအနေနှင့်အလွန်ပင်တာဝန်ကြီးသည်။ ဆရာ့ဆရာထောင်ပိုင်ကြီးများ ပြောစကားအရဆိုလျှင် ယင်းကဲ့သို့ ဗရုတ်သုတ်ခ၊ ဝရုန်းသုံးကားကြိုးသမား အမြောက်အမြား ရှိခဲ့ဖူးသည် ဆို၏။

ကြိုးသမားတစ်ယောက်ဆိုလျှင် ကြိုးတိုက်ခန်းအတွင်း အဝတ်အစားကကိုယ်တုံးလုံး၊ သူ့ကိုယ်သူလည်း သူစွန့်ပစ်ထားသည့် မစင်များနှင့် ရစရာမရှိအောင် လိမ်းကျံထားသည်။ တိုက်ခန်းအပြင်မှ လာသမျှကိုလည်း ဂန်ဖလားအတွင်းမှ မစင်နှင့် ကျင်ငယ်ရည်များကိုလှမ်းပက်လေ့ရှိသည်။ လူကလည်း ဗလကောင်းကောင်း တောင့်တောင့်တင်းတင်း။

အဲဒီလို ကြိုးသမားကျတော့ လွယ်လွယ်နှင့် ဖမ်းလို့ ချုပ်လို့မရ။ သင်းတို့လိုလူစားကို ကြိုးတိုက်အပြင်က ဖမ်းလို့ချုပ်လို့ရအောင် ပစ္စည်းကိရိယာတစ်မျိုးတီထွင်ရ၏။ လွယ်လွယ်ကလေးပါ။ မီးခဲကပူသည် မီးခဲကို လက်နှင့်ကိုင်လို့မရ၊ လက်နှင့်ကိုင်လို့မရတော့ ကိုင်လို့ရအောင်မီးညှပ်ပေါ်လာရသည်။ ယခုလည်း လူပူကို လက်နှင့်ဖမ်းချုပ်လို့မရတော့ လူညှပ်ပေါ်လာမှာပေါ့။ မီးကျီးခဲအတွက် မီးညှပ်ခပ်သေးသေးသာလိုမည်။ လူမီးခဲလူပူအတွက်တော့

လူညှပ်ခပ်ကြီးကြီး လုပ်ရပေလိမ့်မည်။

ဗိုလ်မိုးကြိုး(ခေါ်)ဗိုလ်ဘသော်အား ကြိုးဒဏ်စီရင်ချိန်က ထောင်မှူးမောင်မောင်တစ်ယောက် ဘယ်လိုများခံစားရလေသနည်း။ အမှန်အတိုင်း ထိုအချိန်က လူတစ်ယောက်၏အသက်ကို ကြက်လည်လိမ်လိုက်သလို သို့တည်းမဟုတ် စဉ်းတီတုံးပေါ်တင်ပြီး ဓားထက်ထက်ဖြင့် ပိုင်းချလိုက်သလို ထောင်မှူးမောင်မောင်အနေနှင့် တွေ့မြင်ဖူးခြင်းမှာ တတိယအကြိမ်ဖြစ်၏။

ပထမဦးဆုံးအကြိမ်မှာ ဂျပန်ခေတ်က ဖြစ်၏။ ထိုစဉ်က မောင်မောင်၏အသက်မှာ ဆယ့်သုံးလေးနှစ်ခန့်ရှိသေးသည်။ တောမီးလောင်တော့ တောကြောင် လက်ခမောင်းခတ်ဆိုတာကို အင်္ဂလိပ်အပြေး ဂျပန်ဝင်ချိန် သူခိုးဓားပြများ ဆူပူထကြွလျက် ရှိသည်။

''ဒေါရောဘော။ ။ ။ ခူးရား ဘာကဲရိုး''

ဒေါရောဘော။ ။ ဆိုတာက ဂျပန်လို သူခိုး၊ ခူးရား ဘာကဲရိုး ဆိုတာက ဆဲရေးတိုင်းထွာခြင်း။ ဂျပန်ခေတ်က ဓားပြမပြောနှင့် သူခိုးကိုတောင် သေဒဏ်ပေးသည်။

တစ်ခုတော့ အကောင်းသား။ အဲဒီလို သူခိုးကို သေဒဏ်ပေးစဉ်က ပြည်သူလူထုတွေ အိပ်ကောင်းခြင်း အိပ်ရသည်၊ စားကောင်းခြင်းစားကြရသည်။ ဖက်ဆစ်တော့ ဖက်ဆစ်ပေါ့လေ။

သူခိုးကို သေဒဏ်ပေးစဉ်က၊ ဆယ့်သုံးလေးနှစ်သား မောင်မောင်၏အတွေ့အကြုံ။ မောင်မောင်တို့ရပ်ရွာဇာတိ ရန်အောင်(ခေါ်)ရနောင် မြောက်ဘက်ဈေးကုန်းမှာ။ သူခိုးကို မမှတ်မိတော့။ ဘယ်မှာဘယ်လိုခိုးမှုန်းလည်း ဘယ်လိုမှ စဉ်းစားလို့မရတော့၊ ဓားပြမဟုတ် သူခိုးမှုန်းသာ ပိုးတိုးဝါးတားသတိရနေသည်။ သေဒဏ်စီရင်ခြင်းခံရမည့်သူကို လုံးပတ် လူတစ်ဖက်စာသာသာခန့်ရှိ ကုက္ကိုပင်ကြီးနောက်ကျောမှီပြီး လက်ပြန်ကြိုးတုတ်ထား၏။ မျက်နှာကို အဝတ်စည်းထားသည်။ ထောင်မှာကြိုးပေးတာလိုတော့ စနစ်တကျမရှိ။ အဘယ့်ကြောင့်ဆိုသော် ခြေထောက်ကို တုတ်နှောင်ထားခြင်းမရှိ။ ဂျပန်ခေတ်စစ်ဦးဘီလူး လူသတ်ပွဲပဲ၊ ဘယ်လိုလုပ်နည်းစနစ်ကျနိုင်ပါ့မလဲ။

သေဒဏ်စီရင်ကြမည့်သူများမှာ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများလည်းပါသည်။ ဗမာဘီအိုင်အေစစ်ဗိုလ်နှင့် စစ်သားများလည်းပါသည်။

သေဒဏ်စီရင်ရာတွင် payonet (ခေါ်)လှံစွပ်နှင့်အသေထိုးသတ်ရမည်ဖြစ်၏။ လှံစွပ်တပ်ထားသောရိုင်ဖယ်ကိုယ်စီကိုင်ထားသည့် ဂျပန်စစ်သားက နှစ်ယောက်၊ မြန်မာစစ်သားက နှစ်ယောက်။ သူတို့လေးယောက်စလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ သို့သော် သေဒဏ်စီရင်ခြင်းခံရမည့်သူကို ကျောခိုင်းနေကြရသည်။ လှည့်မကြည့်ရ။ အမိန့်ပေးမည့်သူက ဂျပန်စစ်ဗိုလ်၊ မြန်မာစစ်ဗိုလ်တစ်ဦးလည်း အနီးတွင်ရှိ၏။ လူသတ်ပွဲကို လာရောက်ကြည့်ရှုကြသည့် ပြည်သူလူထု ပရိတ်သတ်ကား မနည်းလှပေ။ ရန်အောင်မြို့ထဲကမဟုတ်ဘဲ ကြားကြားသမျှ နီးစပ်ရာရွာများကပါ နံနက်ဝေလီဝေလင်းကတည်းက စုရုံးရောက်ရှိနေကြသည်မှာ ခါတိုင်း ရန်အောင်ဈေးနေ့ထက် လေးငါးဆမျှ စည်ကားလျက်ရှိ၏။ ရန်အောင်ဈေးမှာ အညာဒေသဓလေ့ထုံးစံအရ ငါးရက်တစ်ဈေးဖြစ်သည်။

ယမန်နေ့က ရန်အောင်သူကြီး ဦးသန့်ထွန်း၏ အမိန့်ဖြင့် မောင်းတဒူဒူခတ်ကာ ကြေညာထားချက်အရ ရွာနီးချုပ်စပ်ကပါ ကြားသိသွားပြီး ဒါလောက်လူများနေခြင်းဖြစ်၏။ သတ်ရမည့်အချိန်က နံနက်ရှစ်နာရီတိတိ။ ဂျပန်စစ်ဗိုလ်က လက်မှနာရီကို ကြည့်လိုက်သည်။ ရှစ်နာရီထိုးသည့်နှင့်။ ။

• ဂျပန်စစ်မိန့်ပေးသံများကို ထိုစဉ်ကအလွတ်ရခဲ့သော်လည်းယခုတော့မေ့ကုန်ပြီ၊ သဘောကတော့–

''ရှေ့ကြည့်''

''သတိ''

''နောက်လှည့်''

''အသင့်ပြင်''

''လှံစွပ်ထိုး''

ဒါလောက်ပါပဲ။

ဂျပန်စစ်ဗိုလ်၏အမိန့်သံဆုံးသွားသည်နှင့် လှံစွပ်တပ်ထားသော ရိုင်ဖယ်သေနတ်ကိုင်ထားသည့် စစ်သားလေးဦးတို့သည် ပေနှစ်ဆယ်ခန့်အကွာမှ တဟုန်ထိုးပြေးသွားကာ ကုက္ကိုပင်တွင် ချည်နှောင်ထားသော သူခိုး၏ရင်ကို လှံစွပ်ဖြင့် အားရှိပါးရှိ ထိုးလိုက်ကြသည်။

'ကျား' ◦◦ ဆိုတာက စစ်သားအော်သံ။

'အား'◦◦ ဆိုတာက လှံစွပ်နှင့် အထိုးခံရသော သူခိုး၏အော်သံ။

စစ်သားလေးယောက်တို့၏လှံစွပ်ထိုးချက်မှာ တကယ်ပင် ချိန်သားကိုက်လှပေသည်။ လက်ဝဲလက်ယာရင်အုံတွင် တစ်ချက်စီ၊ အလားတူပင် လက်ဝဲလက်ယာဝမ်းဗိုက်တွင် တစ်ချက်စီ။မှတ်မိသလောက် အသတ်ခံရသူသည် ချက်ချင်းသေပုံမရပါ။(ယခုထက်တိုင်ပင် မျက်စိထဲမြင်ယောင်နေပါသေးသည်) အဲဒီလို အသတ်ခံရတာနှင့်နှိုင်းစာလျှင် ကြိုးပေးခံရတာက အများကြီးသက်သာတာပေါ့။

ဒုတိယအကြိမ် လူသတ်ပွဲကို တွေ့ကြုံတွေ့ရသည်မှာ အင်းစိန်ဗဟို အကျဉ်းထောင်ကြီးရှေ့တွင်ဖြစ်၏။ အင်းစိန်ဗဟိုအကျဉ်းထောင်ရှေ့ဆိုလို့ မောင်မောင်တစ်ယောက်ထောင်မှူးဖြစ်နေပြီ မထင်လိုက်လေနှင့်။ ၁၉၄၈–၄၉ခုနှစ် လွတ်လပ်ရေးရပြီးချိန်၊ မောင်မောင်က အင်းစိန်အရေးပေါ် အင်ဂျင်နီယာသင်တန်းကျောင်းသားဘဝ။ E.C.E.C ခေါ် Emergency Civil Engineerimg Classes ကျောင်းသားဘဝ၊ စပ်စပ်စုစု ညနေခင်း အင်းစိန်ဈေး ဆိုရှယ်ကဖေးတွင် လက်ဖက်ရည်သောက်ရင်း။ နောက်တစ်နေ့ ထောင်ကြီးရှေ့၌ သေဒဏ်အမိန့်ကျပြီးသူနှစ်ယောက်ကို သေနတ်ဖြင့်ကွပ်မျက်စီရင်မည်ဖြစ်ကြောင်းကြားခဲ့ရသည်။ ဘာရယ်လို့တော့ မဟုတ်။ လူငယ်လူရွယ်တို့ သဘာဝအလုပ်မရှိ အလုပ်ရှာခဲ့ကြခြင်းပင်။

''ခင်မောင်လှ ◦◦◦ သွားမလားဟေ့''

မောင်မောင်၏အဆိုကို ခင်မောင်လှကသဘောတူလိုက်၏။

''အေး◦ သွားတာပေါ့ကွာ။ အဲဒီအဖွဲ့က ခေါင်းဆောင်က တို့စစ်ကိုင်းသားပဲ၊ ဗိုလ်သိုးထိန်းတဲ့''

''ကိုကျော်ဝင်းလည်း လိုက်ခဲ့ဗျာ''

''အင်း၊ လိုက်ခဲ့မယ်လေ'' မနက်(၇)နာရီဆိုတော့ စောစောထ လမ်းလျှောက်ရလိမ့်မယ်။

ထိုအချိန်က မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးစ ဖြူနီညိုပြာ သောင်းကျန်းသူသူပုန်များ မီးကုန်ယမ်းကုန် ဆူပူထကြွနေချိန် အစိုးရအနေနှင့် တစ်ဖက်က သောင်းကျန်းသူများကို နှိမ်နင်းရင်း တစ်ဖက်က တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် ဆောင်ရွက်နေရသည်။ အဲဒီအချိန်က ကြိုးသမားကို ထောင်ထဲမှာကြိုးမပေး။ ထောင်အပြင်ထုတ်၍ သေနတ်ဖြင့် သုတ်သင်စီရင်သည်။ ယင်းကဲ့သို့ သေနတ်ဖြင့် သုတ်သင်စီရင်သည့် တပ်ဖွဲ့ကို execution squad ဟုခေါ်သည်။

မောင်မောင်တို့အဖွဲ့ တကယ်ပင် ဝီရိယကောင်းခဲ့ကြပါသည်။ နောက်တစ်နေ့နံနက် ဝေလီဝေလင်း မိုးကလေး တစိမ့်စိမ့်ရွာနေသည့်ကြားက ထီးကိုယ်စီဆောင်းပြီး အင်းစိန်ထောင်ကြီးရှေ့ အရောက်သွားခဲ့ကြသည်။ တကယ်တော့ ဘာလိုလိုနဲ့ အဲဒီကတည်းက ထောင်ဇာတာ ပါနေလေသလားမသိ။ အင်းစိန်ထောင်ကြီးဝင်ရာလမ်း၏အရှေ့ဘက်။ ယခုတော့ ထောင်ဝင်စာဈေးတန်းနှင့် အဆောက်အအုံတွေပြည့်နေပြီ။ ဟိုတုန်းကတော့ လယ်ကွင်းပြင်ဟာလာ ဟင်းလင်း၊ အဲဒီလယ်ကွင်းပြင်ကြီးထဲမှာ ကြိုးသမား နှစ်ယောက်တို့သည် နောက်မှီနှင့်လက်တင်ပါသည့် ကုလားထိုင်ကြီးနှစ်လုံးပေါ်တွင် အကျအနထိုင်လျက်။ လွတ်လွတ်လပ်လပ်တော့ မဟုတ်။

သူတို့လက်တွေ ခြေထောက်တွေ ခါးတွေကို ကုလားထိုင်နှင့်ပူးတွဲပြီး၊ မလှုပ်နိုင်အောင် ကြိုးတုပ်

ထားသည်။ ကြိုးပေးသည့်အခါ ကြိုးသမားကို ဝတ်ပေးသလို အင်္ကျီအဖြူလက်ရှည်(ဆရာဝန် ဂျူတီကုတ်)လိုအင်္ကျီကို ပြောင်းပြန်ဝတ်ထားသည်။ ဦးခေါင်းကိုလည်း အဝတ်ဖြူခေါင်းစွပ်ဖြင့်စွပ်ထား၏။ မောင်မောင်တို့ငယ်ငယ်က မတော်တဆ ဟာဝေယံရုပ်အင်္ကျီလို ရင်ကွဲအင်္ကျီကို ပြောင်းပြန်ဝတ်မိသည့်အခါ လူကြီးမိဘများက ပြောလေ့ရှိကြသည်။

"ဟဲ့ အဲဒီလို မဝတ်ကောင်းဘူးတဲ့"

ရှေးပဝေသဏီကတည်းက သေဒဏ်စီရင်ခြင်းခံရမည့်သူများကို အဲဒီလို အင်္ကျီပြောင်းပြန် ဝတ်ပေးခဲ့လေသလား။ ဒါလည်း စဉ်းစားစရာ။

အမှန်တော့ ဘာမှမဟုတ်ပါ။

ဒီဘက်ခေတ် ထောင်မှူးမောင်မောင်တို့ ကြိုးပေးစီရင်ရာတွင် မျက်မြင်အတွေ့အကြုံများအရ ကြိုးသမား၏ ရှေ့မျက်နှာစာ၌ ရှုပ်ရှုပ်ယှက်ယှက် ဘာတစ်ခုမျှ မရှိစေလိုသည့်သဘောပင် ဖြစ်ဟန်ရှိပါသည်။ ကြိုးပေးရန် ကြိုးကွင်းစွပ်လိုက်သည့်အခါ အင်္ကျီရှေ့ရှိ ကြယ်သီးတွေ ဘာတွေနှင့်များငြိနေမလား၊ အနှောင့်ယှက်ဖြစ်နေမလား။ ဒီသဘော။

◉ ◉ ◉

လူတစ်ယောက် အသက်တစ်ချောင်း မွေးဖွားလာဖို့ကိစ္စ လွယ်လို့လား။ အာဝေဏိက ဝေဒနာငါးပါးကို ခံစားပြီး ကိုးလလွယ် ဆယ်လမွေး၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဝါးဖတ်တော် ကဆီနှစ်နှင့် လူဖြစ်အောင်မွေးလာခဲ့ရသည့် ကိစ္စ မလွယ်သလို။ အဲဒီအသက်တစ်ချောင်း မီးစာကုန်ဆီခန်းသို့တည်းမဟုတ် မီးစာကမကုန်သေးပါဘဲလျက် ဆီခန်း၍ ဟုတ်ခနဲငြိမ်း။ နောက်တစ်ခါ ဆီရှိသေးသော်လည်း မီးစာ ကုန်သွားသဖြင့် မီးမတောက်တော့။

ကောင်းပြီ။ ဆီလည်းရှိသည်။ မီးစာလည်း အရှည်ကြီးကျန်နေသေးသည်။ ဒီကြားထဲ လေပြင်းတစ်ချက် ဝှေ့လိုက်သဖြင့် ဟုတ်ခနဲ ငြိမ်းသွားပြန်ရင်ကော။

လူသားတစ်ယောက် အသက်တစ်ချောင်း ကြိုးပေးအသက်ခံရသည့်ကိစ္စမှာ မီးစာလည်းမကုန် ဆီလည်း အလုံအလောက်ရှိပါသေးလျက် ဘဝဘဝက ပြုခဲ့ဖူးသည့် ကုသိုလ်၊ အကုသိုလ်တည်း ဟူသော လေပြင်းမွှေ၍ ဟုတ်ခနဲ ငြိမ်းသွားရခြင်း မဟုတ်ပါလား။

လူ့အကျိုးပေး ဆိုတာကလည်း အဆန်းသား။ ကြဲကြဲဖန်ဖန် အင်ဂျင်နီယာကျောင်းသား မောင်မောင်သည် ကံမကောင်း အကြောင်းမသင့်၍ ကျောင်းမှထွက်ပြီး ထောင်မှူးမောင်မောင် ဖြစ်လာရ၏။ ပထမဦးဆုံး နဖူးတွေ့ဒူးတွေ့ ဗိုလ်မိုးကြိုး(ခေါ်) ဗိုလ်ဘသော် ကြိုးပေးသည့် အတွေ့အကြုံနှင့် ရင်ဆိုင်ခဲ့ရသည်။

"အမှုက အရှင်းကလေးပါ ဆရာရယ်။ ကျွန်တော် လူမသတ်ဘူးလို့ မငြင်းလိုပါဘူး။ နိုင်ငံရေးအရ တောခိုရင်း လက်အောက်ငယ်သားတွေကို သတ်ဖို့ အမိန့်ပေးခဲ့တာတွေရှိသလို၊ စိတ်လိုက်မာန်ပါ ကျွန်တော်ကိုယ်တိုင် သတ်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်"

သို့ကလို ဗိုလ်မိုးကြိုးပြောခဲ့၏ နောက်တစ်ဖန်။

"အခု အမှုကတော့ မမှန်ပါဘူး ဆရာရယ်၊ ဒေါက်တာစိုးသိမ်းကို ကျွန်တော်မသတ်တာ အမှန်ပါ"

ဒီလိုလည်း အခိုင်အမာဆိုထားပြန်သည်။

ထောင်မှူးမောင်မောင် ဘယ်လိုမှ ဘဝင်မကျနိုင်သဖြင့် ထောင်ကျရုံးသို့သွား၍ စီရင်ချက်မိတ္တူကို ဖတ်ကြည့်သည်။ အရှင်းသားပဲ။

ဒေါ်ခင်လေးတင့်အား ဒေါက်တာစိုးသိမ်းက မြစ်သားမှ ကျောက်ဆည်သို့ဂျစ်ကားဖြင့်လိုက်ပို့စဉ် အတူပါလာသည့် ဒရိုင်ဘာဦးကျော်ရှိန်က ဗိုလ်မိုးကြိုး(ခေါ်)ဘသော်ကို လူမြင်လျှင်မှတ်မိပါသည်ဟု ဆိုကာ တရားခံများကြား လက်ဆွဲ၍ပြခဲ့သည်ဟု ဆို၏။

တစ်ခါက ရေးဖူးပြီ။ အိုင်ဒင်တီဖီကေးရှင်းပရေဒ် (Identificantion parade) ဟုခေါ်၏။

တရားဥပဒေ ရှုထောင့်က ကြည့်မည်ဆိုလျှင် အဲဒီ အချက်တစ်ချက်တည်းနဲ့ပင်။ အနိစ္စသဘော ကိစ္စချောနေပြီဖြစ်၏။ သို့သော် ဒေါ်ခင်လေးတင့်၏ ထွက်ချက်ကျတော့ တစ်မျိုး။

''ကျွန်မ ဗိုလ်မိုးကြိုး(ခေါ်) ဗိုလ်ဘသော်ကို စစ်မဖြစ်ခင် ငယ်ငယ်ကတည်းက အိမ်မှာလာပြီး ကျောင်းနေခဲ့လို့ ကောင်းကောင်းသိခဲ့ပါတယ်။ အဲဒီ ညက သမ်တလင်းတံတားနားရောက်တော့ မိုးချုပ် နေပါပြီ။ ကားတောင်မီးဖွင့်မောင်းခဲ့ရတာပါ။ ဒီကြား ထဲ သေနတ်သံတွေက တဒိုင်းဒိုင်းနဲ့၊ လူဆိုးတွေက ခေါင်းငုံ့ထားကြဆိုတော့ မောင်ဘသော် ပါ,မပါ ကျွန်မ, မမြင်ပါဘူး။ သူ့အသံကိုလည်း မကြားမိပါ ဘူး''

တရားဥပဒေအရ သံသယအကျိုးကို တရားခံ ခံစားခွင့်ရှိသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဒါပေမဲ့ တရားခံနှင့်သက်သေ ဒေါ်ခင်လေးတင့်တို့မှာ ဟို ဘက်သည်ဘက် ဆွေမျိုးစပ်မည်ဆိုလျှင် ဒေါ်ခင် လေးတင့်၏အစ်မ ဒေါ်ခင်လေးမြင့်ဆိုတာက ဗိုလ် မိုးကြိုး၏မိခင်၊ ဒရယ်ခေါင် ရွာသူကြီးကတော် ဒေါ် ကလေးမ၏မောင် ရှေ့နေဦးသာညွှန့်၏ဇနီး။ ဒါ ကြောင့်များ သံသယ၏အကျိုးမှာ မပီမပြင် ဝိုးတိုး ဝါးတားဖြစ်ကာ ဗိုလ်မိုးကြိုးတစ်ယောက် ကြိုးကျခဲ့ ရလေသလား။

ထောင်မှူးမောင်မောင်မှာ ဥပဒေသမားမဟုတ် ၍ ခေါင်းရှုပ်လှပါသည်။ ဗိုလ်မိုးကြိုးကို အခုမှ ဒီ အကြောင်းတွေပြန်မေးနေ ပြောနေလို့ကော ဘာထူး တော့မည်နည်း။ မနက်ဖြန်မနက်ပဲ သူ့ကို ကြိုးပေး တော့မည်။

မနက်ဖြန်မနက် ကြိုးပေးရမည့်ကိစ္စ၊ ထောင် မှူး၊ ထောင်ပိုင်တို့ဘက်က ကြိုတင်ပြုလုပ်ဆောင် ရွက်ရမည့် ကိစ္စအဝဝကား နည်းနည်းနောနော မဟုတ်ပေ။ ကောင်းပြီ ထောင်မှူးမောင်မောင်၏ ပထမဆုံး အတွေ့အကြုံဖြစ်သော ဗိုလ်မိုးကြိုးကို ကြိုးပေးစဉ်က ဘယ်လိုများပါလိမ့်။

ထိုစဉ်က ဗိုလ်မိုးကြိုးအသက် ဘာရှိဦးမည် နည်း။ အစိတ်ပေါ့။ သို့သော် ကိုယ်လုံးကိုယ်ထည်က ထွားကြိုင်းတုတ်ခိုင်သည်။ သန်မာတောင့်တင်း သည်။ သူ့ကို လွယ်လွယ်နှင့် ဖမ်းဆီးချုပ်နှောင်လို့ ရပါ့မလား။ လူညှပ်များလိုဦးမလား။

ထောင်မှူးကြီး ဦးလှအောင်မှာ စစ်ကြိုခေတ် ကတည်းက ထောင်မှူးလုပ်ခဲ့သူဖြစ်၍ အတွေ့အ ကြုံ ရင့်ကျက်လှပေပြီ။

''ဂွင်းနီ–ဦးသက်ရှည် ခေါ်လိုက်ဟေ့ ..''

ဂွင်းနီဦးသက်ရှည်မှာ ထောင်ကြပ်ချုပ်ဖြစ်၏။ ထောင်ဝါဒါ(ခေါ်) ထောင်ကြပ်တွေ၏ အချုပ်တပ်မှာ ဆိုလျှင် အာအက်စ်အမ်နှင့် တစ်ပုံစံတည်း။

ဦးသက်ရှည်ကလည်း အရပ်ထောင်ထောင် မောင်းမောင်း။ ကိုယ်လုံးကိုယ်ထည်ထွားထွားကျိုင်း ကျိုင်း။ တော်ရုံတန်ရုံထောင်ဝါဒါများ ကျလီကျမာ လာမလုပ်နှင့်၊ နားရင်းအုပ်လိုက်ရုံနှင့် ခွေလဲသွား မည်။

''ဦးသက်ရှည်''

''ဟုတ်ကဲ့ဆရာကြီး''

''ခင်ဗျားလို ခပ်တောင့်တောင့် သန်သန်မာမာ ထောင်ဝါဒါလေးငါးယောက်လောက် ရှာထားပါဗျာ။ ကျုပ်တို့ မိုးကြိုးကို ဆွဲထုတ်တန်ထုတ်ရလိမ့်မယ်''

''စိတ်ချပါဆရာကြီး''

ထောင်ကြပ်ချုပ် ဦးသက်ရှည်လည်း နယ်နယ် ရရမဟုတ်။ စစ်ကြိုခေတ်ကတည်းက ထောင်ဝါဒါ အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ဂွင်းနီ(ခေါ်) ထောင် ကြပ်ချုပ်ရာထူးသို့ အဆင့်ဆင့် ရာထူးတက်လာသူ ဖြစ်၏။ သူလည်း ယခုလို ကြိုးပေးသည့် အတွေ့အ ကြုံ အမြောက်အမြား ရှိခဲ့ဖူးပြီ။ ဝါရင့် သဘာရင့်။

ထောင်မှူးမောင်မောင် စိတ်ထဲမှာတော့ မိုးကြိုး သည်ထောင်မှူးကြီး ကြိုတင်ပူပန်သလို ကလန် ကဆန် လုပ်လိမ့်မည်မထင်ပါ။ ကြိုးမပေးမီတစ်နေ့ သရဏဂုံတင်သည့်အချိန်အထိ ဗိုလ်မိုးကြိုးသည် ချောချောမွေ့မွေ့ပင်ဖြစ်၏။ ထောင်မှူးမောင်မောင်

နှင့်လည်း အေးအေးဆေးဆေး စကားလက်ဆုံကျလျက်။

တစ်ခုတော့ရှိသည်။ လွန်ခဲ့သော တစ်ပတ်ခန့် သူ၏ဦးလေးတော်စပ်သူ ရွှေနေဦးသာညွန့် ထောင်ဝင်စာလာတွေ့စဉ်က–

''စိတ်ကောင်းကောင်းထားပေါ့ ဘသော်ရာ လူဆိုတာ အကုသိုလ် တကယ်ဖိစီးလာပြီဆိုရင် ဘယ်လိုမှ ရှောင်လို့တိမ်းလို့ မလွတ်ဘူး''

ဖိုလ်မိုးကြိုးမှာ သူ့ဦးလေးရွှေနေပြောသည့် စကားအဓိပ္ပါယ်ကိုချက်ချင်းသဘောမပေါက်သဖြင့်–

''ဟင် ဘယ်လို ရှောင်တိမ်းလို့ မလွတ်တာလဲ ဦးလေး''

''ဒီလိုလေကွာ မင်းက မန္တလေးထောင်ကြီးချုပ်ကနေပြီး ကျောက်ဆည် စက်ရှင်တရားသူကြီးရုံးကို ဆယ့်လေးရက် တစ်ကြိမ် ရမန်လာလာယူရတယ် မဟုတ်လား။ အဲဒီလိုလာတုန်းမှာ ပုလိပ်တွေက ဒရိုင်ဘာဦးကျော်ရှိန်ကို အဲဒါဖိုလ်မိုးကြိုးပဲဆိုပြီး ပြတဲ့သဘောပေါ့''

ဖိုလ်မိုးကြိုးမှာ ငယ်ထိပ်ကို မြွေပေါက်ခံလိုက်ရသလို ခံပြင်းလွန်းသဖြင့် ယမ်းပုံမီးကျအံတကြိတ်ကြိတ်၊ တောက် တစ်ခေါက်ခေါက်။

''ဟင်း၊ ကြည့်စမ်း ဒီကောင်တွေ တစ်ကယ်ယုတ်မာပါကလား''

''အကုသိုလ်ဆိုတာ အဲဒါပဲပေါ့ ဘသော်ရာ။ အာဃာတရားတွေ ဘာမှထားမနေပါနဲ့တော့''

ဒီတစ်ချက်တော့ ဖိုလ်မိုးကြိုး ခံပြင်းတာအမှန်။

''ကြည့်စမ်းပါဦး ဆရာမောင်မောင်ရယ်။ မရရသကချိုင်ဆိုတာကို အဲဒီလို မတရားလုပ်တာကတော့ ကျားကျားမီးယပ် ဖြစ်မနေဘူးလား''

မှန်ပါသည် အဲဒီသတင်းစကားကြားရသည့် ထောင်မှူးမောင်မောင်၏စိတ်ထဲ ဖိုလ်မိုးကြိုးတစ်ယောက် ဒေါက်တာစိုးသိမ်းကို တကယ်သတ်မသတ် သံသယဝင်ခဲ့ပါချေပြီ။ သို့သော် အရာခပ်သိမ်း အားလုံးသောကိစ္စအပေါင်းတို့မှာ ကုန်လွန်ခဲ့ပြီဖြစ်၏။ ခုမှတော့ ဘာတစ်ခုမှ ပြုပြင်လို့မရတော့။

နက်ဖြန်နံနက်ပဲ ဖိုလ်မိုးကြိုးကို ကြိုးပေးအဆုံး စီရင်တော့မည်။

နောက်တစ်နေ့နံနက် ခရာသံမှာ တကယ်ပင် လွမ်းဆွတ်ကြေကွဲဖွယ်ရာကောင်းလှသည်။ ယခင်ကလည်း နံနက်စောစော ဗြူဂလာ(ခရာသမား) ရာမက်ခန်း၏ ခရာသံကို ကြားနေကျဖြစ်၏။ ဒီနေ့ မနက်ကျတော့ ပိုပြီးစောသည်။ '၄'နာရီ ကြိုးပေးရမှာဆိုတော့ နံနက်'၃'နာရီလောက်ကစပြီး မှုတ်နေသည်။ ရာမက်ခန်း၏ နိုးထခရာသံမှာ ဆွဲဆွဲငင်ငင် ချွဲချွဲပျစ်ပျစ်နိုင်လှသည်။

တကယ်တော့ ထောင်မှူထမ်းတိုင်းလည်း တစ်ညလုံး အိပ်ပျော်ကြသည်မဟုတ်ပါ။ နက်ဖြန်မနက် အရဏ်တက် ကြိုးပေးရမည့်ကိစ္စမှာ သူတို့ခေါင်းထဲ အရိုးစွဲလျက်။ တာဝန်အရှိဆုံး ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးတို့အဖို့ ပိုပြီးဆိုးတော့မပေါ့။

ထောင်အပြင်မှာ ရာမက်ခန်း၏ ခရာသံသည် သံစဉ်တစ်မျိုးပြောင်းသွားပြန်၏။ စောစောက နိုးထခရာသံလို ချွဲချွဲပျစ်ပျစ် ဆွဲဆွဲငင်ငင်မဟုတ်။ ခပ်ဆတ်ဆတ်ကလေး မြူးမြူးကြွကြွနှင့် အိပ်ရာမှ လူးလဲထချင်စရာ အသံမျိုးဖြစ်သည်။

ဝန်ထမ်းအိပ်ရာမှလူးလဲထ၊ ယူနီဖောင်း ကပျာကယာဝတ်ကြ။ ထောင်တွင်းသို့ ခပ်သုတ်သုတ်ဝင်။ ထိုအချိန်တွင် အပြင်မှာကားတစ်စီးဖြင့် တရားသူကြီးတစ်ယောက်လည်းရောက်လာပေပြီ။ စက်ရှင်မင်းကြီး ကိုယ်တိုင်လာချင်လာ၊ မလာချင်လျှင် သူ့လက်အောက် ရာဇဝတ်ရာဇဝတ်တရားသူကြီး တစ်ယောက် လွှတ်ချင်လွှတ်။ တရားသူကြီးတော့ပါရမည်။ ထောင်ဆရာဝန်လည်း ရောက်လာပြီ။ သူလည်း အဓိကကျသူတစ်ဦး။ အပြင်မှလာသည့် တရားသူကြီးနှင့် ထောင်ဆရာဝန်တို့က ထောင်ပိုင်ကြီးရုံးခန်းမှာ ခေတ္တနားနေကြသည်။ ထိုအချိန်တွင် ထောင်ဝါဒါတွေ အမိန့်သံခပ်အုပ်အုပ်ပေး၍ ထောင်တွင်းသို့ ချီတက်သွားကြပြီ။ ထောင်မှူးမောင်မောင်တို့ အရာရှိငယ်တစ်စုလည်း ခပ်ကုတ်ကုတ်နှင့်

အမှတ်(၁) ကြိုးတိုက်အနီး ရောက်နေကြပြီဖြစ်၏။

သို့သော် ဘာ့ကြောင့်မှန်းမသိ။ ဗိုလ်မိုးကြိုးကို ကြိုတင်မရွေ့ခဲ့ကြ။ နောက်တော့မှသိရသည်မှာ ဗိုလ်မိုးကြိုးအား ကြိုးပေးရာတွင် တာဝန်ယူမည့် ထောင်မှူးကြီးမှာ စစ်ကြိုခေတ်ကတည်းက ဝင်ခဲ့သူ ဖြစ်သော်လည်း ဒီဘက်ခေတ်တွင် ဤအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်သဖြင့် လက်ရွံ့နေသည်။ ဗိုလ်မိုးကြိုးကိုလည်း မယုံရဲ။ သို့ဖြစ်၍ မနက်ကျမှ တစ်ခါတည်း (၁)တိုက်မှ ထုတ်မည်။ နှစ်ခါရွေ့၍ နှစ်ခါပြဿနာအတက်မခံနိုင်။

တကယ်တန်း ဗိုလ်မိုးကြိုးထံရောက်သွားချိန်တွင် အထင်နှင့်အမြင်မှာ တစ်မျိုးစီဖြစ်နေ၏။ ဗိုလ်မိုးကြိုးမှာ အပြုံးပင်မပျက်။

''ဘာလဲဗျ ဆရာဦးသက်ရှည်ရ။ ခင်ဗျားတို့က ကျွန်တော်ကို ရုန်းမယ်ကန်မယ်လို့များ ထင်နေသလား။ ဟင်း. . ဝေးသေး။ လူ့ဘဝတစ်သက် တစ်ခါသေရတာဘာဆန်းလို့လဲ။ ရော့ . . ခင်ဗျားတို့ လက်ထိပ်ခတ်ချင်ခတ်''

မိုးကြိုးသည် ယောင်ယောင်ကန်းကန်းနှင့် သံတိုင်ကြားမှ လက်နှစ်ချောင်းထိုးပေး၏။ ဘယ်လိုလုပ်လက်ထိပ်ခတ်မလဲ။ အဲဒီအတိုင်းသာလက်ထိပ်ခတ်ရလျှင် ဆွဲမရ၊ နှုတ်မရ၊ ညုပ်ပူးညုပ်ပိတ် ဒုက္ခဖြစ်နေမှာပေါ့။ သို့ဖြစ်၍ ထောင်မှူးကြီးက ပျာပျာသလဲ။

''လက်ထိပ်ခတ်ဖို့မလိုသေးပါဘူးကွာ၊ တို့ မှတ်ပုံတင်စာအုပ်ကြီးနဲ့တိုက်ကြည့်ရအောင် မင်းအပေါ်အင်္ကျီကိုသာ အရင်ချွတ်လိုက်ပါ''

ထိုအချိန်အထိ ကြိုးတိုက်တံခါးမဖွင့်သေး။ ဗိုလ်မိုးကြိုး ရှပ်အင်္ကျီကိုချွတ်လိုက်သည်။ ထောင်ပိုင်ကြီး ကြိုးတိုက်ရှေ့တိုးသွား၏။ တရားသူကြီးကိုလည်း ခေါ်သည်။

''လာ. . . ဘရာသာ (အစ်ကို) ရှေ့တိုး''

တရားသူကြီး ရှေ့တိုးလာသည်။ ထောင်ကျရုံး ထောင်မှူး မစ္စတာဂျက်ဆွမ်ဆင် ထောင်ကျမှတ်ပုံတင်စာအုပ်ကြီးကို ဖွင့်၍ ကုလားထိုင်တစ်လုံးပေါ်တင်ထားသည်။ (ယခင်ကရေးခဲ့ဖူးပြီ။ ထောင်ကျလူသစ် ထောင်ဝင်စာ မေးမြန်းသလိုပါပဲ၊ နာမည်၊ အဖေနာမည်၊ အမေနာမည်၊ အသက်၊ နေရပ်လိပ်စာ စသည်အားဖြင့် မေးမြန်း၏)

အရေးအကြီးဆုံးက သူဟာ တကယ်ကြိုးပေးခံရမည့် ကြိုးသမားတစ်ယောက် ဟုတ်ရဲ့လား။ သူ့ထောင်ဝင်စာ ရယူထားခဲ့သော ကိုယ်ခန္ဓာပေါ်ရှိ အမှတ်အသားများနှင့် တိုက်ဆိုင်စစ်ဆေးဖို့ပင် ဖြစ်၏။ အားလုံးပြီးစီးပြီလား။ ပြီးစီးပြီဆိုလျှင် ကြိုးတိုက်သံ တံခါးဖွင့်ပေးတော့။

အဲဒီနေရာမှာ သတိကြီးစွာထားဖို့လိုသည်။ သူကလန်ကဆန်လုပ်မည်ဆိုလျှင် မူလကြိုတင် စီစဉ်ထားပြီးဖြစ်တဲ့အတိုင်း လူအားနှင့် ချုပ်ကိုင်ဖမ်းရမည်။ လူအားဖြင့်မနိုင်လျှင် လူမီးညှပ်ဖြင့်ညှပ်မည်။

သို့သော် ဗိုလ်မိုးကြိုးမှာ စောစောက သူပြောခဲ့သည့်အတိုင်း အသာတကြည် အဖမ်းခံပါသည်။ စိတ်ကို လုံးလုံးလျားလျား လျှော့ချထားဟန်တူ၏။

နောက်ပိုင်း ဆက်လက်လုပ်ကိုင်သွားသည့် အစိတ်အပိုင်းတွေကတော့ ဇာတ်တိုက်နာနေသည့် ပြဇာတ်တစ်ခု သို့တည်းမဟုတ် အကြိမ်ကြိမ် အဖန်ဖန်လေ့ကျင့်ပြီးဖြစ်သည့် စစ်ရေးပြတစ်ခုသဖွယ် တစ်ခုပြီးတစ်ခု ဖယ်ခတ်သလို သွက်သွက်လက်လက်ရှိလှသည်။

လေသံကလေးဖြင့် အနီးကပ် ညွှန်ကြားသွားသူက ထောင်မှူးကြီး။ ဟိုတုန်းက ထောင်ပိုင်ကြီးများ ဘုန်းတန်ခိုးကြီးမားလှပါဘိ။ အသာကလေး လက်ပိုက်ကြည့်နေပြီး အမြင်မတော်တာကလေးတွေ့မှ တစ်ခွန်းစနှစ်ခွန်းစ ဝင်ပြောရုံလောက်သာ။

ကြိုးပေးခအနေနှင့် အကျဉ်းထောင်လက်စွဲ ဥပဒေတွင် ပြဋ္ဌာန်းထားသည်မှာ–

| | |
|---|---|
| အကျဉ်းထောင်ဝန်ထမ်းအလိုဆိုလျှင် | ၅/ကျပ် |
| အကျဉ်းသားဆိုလျှင် | ၁၀/ကျပ် |
| အပြင်လူဆိုလျှင် | ၁၅/ကျပ် |

**ရန်အောင်မောင်မောင်**

ဤစာအဆုံးတွင် စာဖတ်သူရင်ထဲ၌ ယုံမှားသံသယ တစ်ခုဝင်နေပါလိမ့်မည်။ မိုလ်မိုးကြိုးသည် လူသတ်မှုကို တကယ်မကျူးလွန်ပါဘဲနှင့် ကြိုးဒဏ်ကျသည်မှာ တရားပါ့မလားဟူသော သံသယပင်ဖြစ်၏။ အနည်းငယ်ဖြေရှင်းပါအံ့။ မိုလ်မိုးကြိုးသည် ဒေါက်တာစိုးသိမ်းကို မသတ်သော်လည်း လက်နက်ကိုင်တစ်ယောက်ဖြစ်နေသောကြောင့် အခြားတစ်ယောက်ယောက်ကိုတော့ ကေန်မုချ သတ်ခဲ့ဖူးပါလိမ့်မည်။

သို့မဟုတ် အတိတ်ဘဝ တစ်ခုခုကလည်း သူတစ်ပါးအသက်ကို သတ်ခဲ့ဖူးပါလိမ့်မည်။ ဤအကြောင်းနှစ်ခုအနက် တစ်ခုခုရှိမည်မှာ အသေအချာပင် ဖြစ်၏။ ထိုကဲ့သို့ သူ့အသက်ကို သတ်ခဲ့သော အကုသိုလ်ကံရှိနေပြီဆိုလျှင် တစ်နည်းနည်းဖြင့် ဥပစ္ဆေဒကကံထိုက်ပြီး သေကြရသည်သာဖြစ်၏။

ဇာတ်အဋ္ဌကထာ၌လာသော ဖြစ်ရပ်လေးတစ်ခုကို တွေးခေါ်နိုင်ရန် တင်ပြပါမည်။ အရင်က ပုဏ္ဏားများသည် တိရစ္ဆာန်တို့၏လည်ပင်းကို ဖြတ်သတ်ပြီး ယဇ်ပူဇော်လျှင် ပြုခဲ့မိသောအကုသိုလ်များ ကျေပျောက်သွားသည် ဟု စွဲယူကြသည်။ ထို့ကြောင့် အပြစ်အကြီးအသေးအလိုက် ကြက်,ဆိတ်, နွားစသောတိရစ္ဆာန်များကို လည်ပင်းဖြတ်သတ်လေ့ရှိကြသည်။

တစ်ခါတွင် ပုဏ္ဏားတစ်ယောက်သည် ဆိတ်တစ်ကောင်ကို လည်ပင်းဖြတ်သတ်ရန်အတွက် ဆိတ်၏ ကိုယ်ခန္ဓာပေါ်တွင် ဆေးရောင်ဖြင့် လက်ငါးချောင်းရာပေးထား၏။ လည်ပင်းဖြတ်ခါနီးတွင် ဆိတ်က ငိုခြင်း၊ ရယ်ခြင်းနှစ်မျိုးကိုပြုသဖြင့် မေးကြည့်ရာ ဆိတ်က ပြန်လည်ရှင်းပြ၏။

သူလည်း အရင်ဘဝတစ်ခုက ယခုလို ဆိတ်တစ်ကောင်ကို လည်ဖြတ်ပြီး ယဇ်ပူဇော်ခဲ့ဖူးသည်။ ဤအကုသိုလ်ကြောင့် သူသည် လည်ပင်းချည်းဖြတ်ပြီး အသတ်ခံနေရသည်မှာ (၄၉၉) ဘဝရှိပြီဖြစ်သည်။ ယခုဘဝသည် ဘဝငါးရာမြောက် ဖြစ်သည်။ ဤတစ်ဘဝ ခေါင်းဖြတ်ခံပြီးသည်နှင့် ပြုခဲ့သောအကုသိုလ်မှ လွတ်သွားပြီဖြစ်သည်။ ဤဝမ်းသာစရာအကြောင်းကြောင့် ရယ်ခြင်းဖြစ်သည်။

သင်ပုဏ္ဏားသည်လည်း ငါ့ကိုခေါင်းဖြတ်ခြင်းအကုသိုလ်ကြောင့် ဘဝငါးရာပြန်ပြီး လည်ပင်းဖြတ်ခံရမည်ဖြစ်သည်။ ဤဝမ်းနည်းစရာအကြောင်းကြောင့် ငိုကြွေးခြင်းဖြစ်သည်ဟုရှင်းပြရာ ပုဏ္ဏားသည် သနားသွားပြီး ဆိတ်ကို သေဘေးမှလွှတ်ပေးလေသည်။ သို့သော် ဆိတ်ကပြောပြသည်။ သင်ကလွှတ်သော်လည်း ငါပြုခဲ့သောအကုသိုလ်ကမလွှတ်သည့်အတွက် တခြားအကြောင်းကြောင့် ခေါင်းပြတ်သေရမည်သာဖြစ်သည်ဟူ၏။

ထိုအခါ ပုဏ္ဏားက သင့်ကိုဘယ်သူကမှမသတ်အောင် ငါစောင့်ရှောက်မည်ဟုဆိုကာ ဆိတ်ကို အမြဲတမ်းစောင့်ရှောက်ပေး၏။ တစ်ရက်တွင်တခြားပုဏ္ဏားတစ်ယောက်နှင့်တွေ့ပြီး စကားပြောမိ၏။ ထိုအချိန်မှာပင် ဆိတ်ကိုချည်ထားသော ကြိုးသည် အောက်သို့ လွတ်ကျသွား၏။ ဆိတ်သည် သခင်လက်မှလွတ်သည်နှင့် ကျောက်တုံးတစ်တုံးနား ကပ်ပေါက်နေသော ဆီးပင်မှအရွက်များကို မတ်တပ်ရပ်လျှက် စားနေ၏။ ထိုအချိန်မှာပင် မိုးကြိုးပစ်ချပြီး ကျောက်တုံးမှ ကျောက်စောင်းကျောက်စများသည် ဘေးသို့ပြန့်ထွက်သွား၏။ ထိုထဲမှ ထက်လှသော ဓားသွားသဏ္ဌာန်ကျောက်စောင်းတစ်ခုသည် ဆိတ်၏လည်ပင်းကိုဖြတ်ပစ်လိုက်လေသည်။ သူ့အကြွေးရှိလျှင် ဆပ်ရသည်သာ။ အကြွေးမဆပ်ချင်လျှင် အကြွေးမယူကြဖို့သာရှိသည်။

**စာရေးသူ၏ဖြည့်စွက်ချက်။**

❀ ❀ ❀



ပြနောင်းညို
မိုးပေါ်က အပ်တစ်စင်းနှင့်
မြေကြီးပေါ်က အပ်တစ်စင်း

# မိုးပေါ်က အပ်တစ်စင်းနှင့် မြေကြီးပေါ်က အပ်တစ်စင်း

''မိုးပေါ်ကကျလာတဲ့ အပ်တစ်စင်းနဲ့ မြေကြီးက လွှတ်တင်လိုက်တဲ့ အပ်တစ်စင်း ဆုံစည်းဖို့ မလွယ် သလိုဘဲ လူ့အသက်တစ်ချောင်းဟာ ဖြစ်ခဲလှတယ် တဲ့မြေးရဲ့''

သူမ၏မြေးမကလေးယုယုသည် လူ့အသက်ကို ကယ်တင်နိုင်စွမ်းသော ဆရာဝန်မကလေးတစ်ဦး ဖြစ်သည်ဟူသော ဂုဏ်ယူခြင်းများ အရင်းခံကာ ဘွားဘွား မကြာခဏပြောလေ့ရှိသော စကားကို ယုယု ကြားယောင်လာသည်။

''အသက်တစ်ချောင်းနယ် ဖြစ်ခဲပေလို့သာ တော်တော့တာပေါ့ ဘွားဘွားရယ်''ဟု ယုက မချင့် မရဲ စိတ်ထဲမှ ညည်းတွားလိုက်မိရှာပေ၏။

''အင်န်အေရောက်တယ်''

ညတာဝန်ကျသူနာပြုဆရာမက လူနာအသစ် ရောက်ရှိကြောင်းဖြင့် ကြော်ငြာမောင်းခတ်လိုက်လေ သည်။

''လေဘာပိန်းလား၊ ဘလီဒင်းမိဗ္ဗိလား''ဟု သားဖွားဆရာမက သားဖွားရန် ကမ္ဗဇလေလှုပ်ခါ သူလား၊ မိန်းမကိုယ်မှ သွေးဆင်းသူလား ခွဲခြားသိ ရန် မွေးခန်းအဝမှ ရပ်ကာမေးလေ၏။

''သွေးဆင်းများတယ်၊ အရေးပေါ်ကသွေးပေါင် ချိန်ထားတာလည်း သုညတဲ့၊ တစ်ကိုယ်လုံး ဖြူဖပ် နေပြီ''

နေ့လစေ့လျက်နှင့် ဖြစ်ဖြစ်မြောက်မြောက် ဗိုက် မနာသော ကိုယ်ဝန်ဆောင်တစ်ဦးအား သားအိမ် ညှစ်အားကောင်းလာစေရန် သွေးသွင်းထားသည်ကို ဆေးစက်ကျနှုန်း ချိန်ဆပေးနေသော ယုယုက ဟို သည်လှည့်ကြည့် ရှာဖွေမိသည်။

ညတာဝန်ကျ အလုပ်သင် ဆရာဝန်သုံးဦး အနက် ရော်ဂျီသည် သားဖွားနှင့် မီးယပ်အထူးကု 'မမ'နှင့်အတူ ခွဲစိတ်ခန်းသို့လိုက်ပါကာ မျိုးဥသွား လမ်းကြောင်းပြွန်ငယ်တွင် သန္ဓေတည်ရာမှ ပြွန် ပေါက်ထွက်သူ လူနာတစ်ဦးအား အရေးပေါ်ခွဲစိတ် ကုသနေကြရလေသည်။

''မောင်မောင် ဘယ်သွားနေလဲဟင်''

''အချုပ်အလုပ် မပြီးသေးဘူး''ဟုမွေးကင်းစ ကလေးငယ်ကို အနီးနဲ့ထွေးကာပွေ့ပိုက်၍ မွေးခန်းမှ ထွက်လာသော မတီးလ်ဒါကဖြေသည်။

''ကြာပဲကြာလှပြီ''

''သုံးယောက် ဆက်တိုက်ချုပ်နေရတာ ယုယု ရဲ့''

မောင်မောင်က သားဦးမွေးဖွားသူလူနာ၏ မွေး လမ်းကြောင်း ချဲ့ထွင်ပေးထားသော ဖြတ်ညှပ်ဒဏ် ရာကို ပြန်လည်ချုပ်ပေးနေရသည်ဆိုတော့ ယုယု တစ်ယောက်သာလျှင် ရောက်လာသောလူနာကို ကြည့်ရှုကုသမှုပေးရတော့မည်။

လူနာအမျိုးသမီးအနီးမရောက်မီ ခပ်လှမ်းလှမ်း မှပင် ပုပ်ဟောင်သော အောက်ပိုင်းရနံ့ကို ယုယု

ရှုရှိုက်ရသည်။ ယုယုတို့မှာနှာခေါင်းမရှုံ့နိုင်၊ မစက်ဆုပ်နိုင်ပါ ရောဂါပိုးတော့ဝင်နေပြီဟု ဂန္ဓာရုံအားဖြင့် ရောဂါလက္ခဏာသရုပ်ခွဲကြရပါ၏။

လူနာ၏ အေးစက်သောလက်ကို ဆွဲကိုင်ကာ သွေးခုန်နှုန်းစမ်းရင်း သုံးခွန်းသောစကားကို မေးရသည်။ သွေးဆင်းသလား၊ ခါးကိုက်သလား၊ သွေးထိန်သလား။

''အဖျားတိုင်းပေးပါဦး အစ်မကြီး''

သားပျက်ရာမှ ရောဂါပိုးဝင်နေသည့် အခြေအနေကို သိပြီးနောက် အတွင်းပိုင်းနှိုက်မစမ်းမီ သွေးပေါင်ချိန် ပြန်တက်လာစေရန် အကြောဆေးသွင်းဖို့ အပြေးအလွှား အလုပ်ရှုပ်ရသည်။ သကြား၊ ဆားရည်ပုလင်းဖွင့် ပလတ်စတစ်ကွင်းစွပ်၊ဆေးသွင်းရန် ပိုက်တပ်ဆင်၊ သွေးကြောထဲ စိုက်သွင်းထားမည့် အပ်ကို ထိန်းရန် ပလတ်စတာစများဖြတ်၊ အရက်ပြန်ဆွတ်ထားသော ဂွမ်းစကိုယူ. . .

''အဖျားတစ်ရာ့နှစ်''ဟု အစ်မကြီးဒေါ်အေမီက လှမ်းအော်သည်။

''အက်စ်အိုင်ဘယ်လ်အခန်းထဲ ရွှေ့ခိုင်းလိုက်ပါ အစ်မကြီး။ ပုလင်းချိတ်ဖို့ တိုင်လည်း ရှာခိုင်းပေးပါ''

အသည်းအသန် လူနာများထားရာအခန်းထဲသို့ လူနာရောက်၍အရေးပေါ်ကုသမှုများပေးပြီးနောက်မှ အတွင်းပိုင်း နှိုက်စမ်းရတော့သည်။ သားအိမ်နောက်မှာ ပြည်တည်နာပင် ဖြစ်နေပါပေါ့လား။

လက်မှ အဆက်မပြတ် အလုပ်လုပ်စဉ် လူနာအား မေးခွန်းထုတ်နေကာ ဦးနောက်ကလည်း ရောဂါနှင့် အထူးကုနည်းမှန်ကန်တိကျအောင် စဉ်းစားဆုံးဖြတ်နေရလေ၏။

လူနာမည်မထားရီ၊ အသက်သုံးဆယ်၊ကိုယ်ဝန်ခုနစ်ခါဆောင်ပြီးပြီ။ ကလေး လက်ရှိလေးယောက်။ ဆက်တိုက် ကိုယ်ဝန်ပျက်သည်မှာ သုံးကြိမ်။ ကဲ. အသက်တစ်ချောင်းသည် ဖြစ်လွယ်ပျက်လွယ်လွန်းလှချည့်ဟု ယုယု အတွေးမပေါက်ဘဲ နေနိုင်ရိုးလားနော်။

''ချော်လဲတာ မဖြစ်နိုင်ပါဘူးမထားရီရယ်၊ မှန်မှန်ပြောပါ၊ အနာသိမှ ဆေးရှိမှာ၊ ကိုယ့်အခြေအနေနဲ့ကိုယ် သိသားနဲ့၊ မရှုနိုင် မကယ်နိုင်ဖြစ်မှ ဆေးရုံပြေးလာတာ မဟုတ်လားဟင်''

သေတွင်းနှုတ်ခမ်းဝယ် မေးတင်နေသောအချိန်အခါမို့ ကြာကြာစစ်ဆေးရန်မလိုဘဲ အောက်မှ သံချောင်းထိုးမွေကာ သားဖျက်ခဲ့ကြောင်း ဝန်ခံချက်ပေးတော့၏။

''ဒါကြောင့် ဒီလောက် စုတ်ပြတ်နေတာပေါ့၊ ဘယ်လောက်ပေးရသလဲ''ဟု ဒေါ်အေမီက ဝင်မေးသည်။

''နှစ်ရာ''

''အဲသလောက် ငွေအကုန်ခံရင် ကိုယ်ဝန်မရှိအောင် ရှင် ကြိုတင်ကာကွယ်နိုင်ပါတယ် မထားရီရယ်၊ ဆေးစားမလား၊ ကွင်းသွင်းမလား၊ ဆေးထိုးမလား၊ အသက်သုံးဆယ်ကျော်လာရင် သားကြောဖြတ်ခွင့်လျှောက်လိုက်ဦး၊ ကဲ ကြိုက်ရာ''

''ဆေးထိုးဆေးစားရင် ကျွန်မ ဇက်ကြောတက်လို့ပါ ဆရာမရယ်''

''ခုလို ဖြစ်တော့ကော ကောင်းသလားဟင်၊ အင်း . . . အသိခေါက်ခက် အဝင်နက်၊ အပ်နဲ့ထွင်းရမယ့် ကိစ္စကို ပုဆိန်နဲ့ပေါက်၊ အစကတည်းကမရှိအောင်ကာကွယ်၊ ရှိလာမှတော့ မွေးလိုက်ပေါ့၊ ခုတော့. . .''

''ယောက်ျားက ကျွန်မကိုယ်ဝန်ရှိတိုင်း မယားငယ်ယူတယ် ဆရာမရယ်၊ ဒါကြောင့်. . .''

ယုယုက သွေးအမျိုးစားခွဲခြား တိုက်ဆိုင်စစ်ဆေးနိုင်ရန် သွေးဖောက်ယူရပြန်သည်။ သွေးပေါင်ကျနေရကား သွေးကြောတစ်ခါရှာရတိုင်း အရပ်ကူပါ လူဝိုင်းပါနှင့် ချွေးပြန်ရသည်။ သွေးနှစ်ပုလင်း။ အမြန်နှင့် သွေးနှစ်ပုလင်း အရန်တောင်းလိုက်လေမှ။ သွေးတောင်းပုံစံဖြည့်၊ သွေးလှူဘဏ်ညတာဝန်ကျသူထံ အကြောင်းကြား စာရေး။

''တားဆေးတစ်ကပ်မှ နှစ်ကျပ်၊ ဆေးကျ ဂရု

စိုက်မစားဘဲ အမေ့မေ့အလျော့လျော့။ မမေ့ချင်တာ ကျ ဝီရိယကကောင်း''

စာရင်းဇယားရေးမှတ်ရင်း ဒေါ်အေမီ ရေရွတ် မြည်တမ်းနေသောစကားများကြောင့် ယုယု မလုံ မလဲ မျက်နှာကလေး ရဲတွတ်သွားရလေသည်။

ယုယုလည်း အလုပ်များ၍ ဆေးကပ်မှန်မှန် မစားဘဲ အမေ့မေ့အလျော့လျော့ ဖြစ်ခဲ့ရသည်။ ပြဿနာပေါ်တော့မည့် ရင်တထိတ်ထိတ် ဖြစ်ခဲ့ရ သည့်အဆင့်ကို ယခုကျော်လွန်လျက် ပြဿနာပေါ် ခဲ့လေပြီကော။

ပြဿနာဆိုရသော်လည်း အမှန်အားဖြင့် ပြဿနာဆိုစရာ အကြောင်းကိစ္စမဟုတ်ခဲ့ပါ။ မောင် မောင်နှင့် ယုယုသည် လူငယ်ဘဝ မေတ္တာမျှခဲ့ကြ ပြီးနောက် နှစ်ဖက်မိဘနား ပေါက်ကြားတော့လည်း ကျေနပ်သဘောတူလေရကား ရှေ့နှစ်ခါ မင်္ဂလာ ဆောင်ကြဖို့ စီစဉ်ပြီးသားပါ။

ကိုယ်ဝန်ရှိလာတော့လည်း လက်ထပ်ချိန် ရှေ့ တိုးလိုက်ရုံရှိရမှာ မဟုတ်လား သို့သော်. . .။

ယင်း'သို့သော်'ကို ယုယု ဆက်မတွေးအားသေး ပါ။ မထားရီ၏ ရောဂါရာဇဝင်နှင့်တွေ့ရှိချက် ကုသ ချက်များကို မှတ်တမ်းတင်ရပါ၏။ ခွဲစိတ်ခန်းသို့ တယ်လီဖုန်းဆက်၍ မမထံ သတင်းပို့ရပါ၏။ မမက အနည်းအကျဉ်းဖြည့်စွက်ရုံမှအပ ယုယုဆောက်ရွက် မှုများကိုအတည်ပြုကာ ခွဲခန်းမှထွက်လာလျှင်ကြည့် ရှုစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြန်လေ၏။

လူနာအသစ်တစ်ဦး ရောက်လာပြန်သည်။ လူ နာတင်ကပ်ပေါ်မှာပင် ကလေးထွက်လာလေရာ ဘာတစ်ခွန်းမှ မမေးနိုင်ဘဲ ရတ်ရတ်သဲသဲ မွေးခန်း ထဲ သွင်းသွားရပြန်လေ၏။ မွေးလူနာတစ်ယောက် သွေးသွန်နေသည်ဟု သိရလေသည်။

ယုယုက ကိုယ်ဝန်သုံးလနှင့် သားလျှောရာ ကလေးထွက်ပြီး အချင်းအစအန ကျန်ရစ်သော အမျိုးသမီးတစ်ဦးကို သားအိမ်ခြစ်ရန် ပြင်ဆင်ရပြန် သည်။ သွေးအဆင်းများသဖြင့် သွေးသွင်းထားရ သေးသည်။ ဒုတိယ သွေးပုလင်းစသွင်းမှ သားအိမ် ခြစ်ဖြစ်လေ၏။

ညဥ့်ဦးပိုင်းကလည်း ကိုယ်ဝန်ရင့်ပါမှ သွေးသွန် သောလူနာအတွက် သွေးတောင်းရသေးသည်။ညဥ့် သန်းခေါင်ယံရောက်ချိန်မှာ ခွဲခန်းသွင်းမည့် လူနာ အတွက် သွေး။ မိုးသောက်ယံမှာတော့ သားအိမ်ခြစ် ရန်လူနာအတွက် သွေး။ ပြီးတော့ မထားရီအတွက် သွေး။ သွေးလှူဘဏ်နှင့် စုန်ဆန်ကူးသန်းရင်း ခြေ သလုံးများပင် တောင့်ချင်ချင်။

ဝမ်းဆွဲဒေါ်ချစ်က အိပ်မှုန်စုံမွှားနှင့် ''လူနာ အသစ် နှစ်ဆယ်ရှစ်ယောက်တဲ့တော်။ စံချိန်သစ်ပဲ။ မွေးတာလည်းနှစ်ဆယ့်တစ်ယောက်''''ဘယ်သူ ရှုပ်တာလဲ''''ဘယ်သူရှုပ်တာလဲ''ဟုရန်လိုနေသည်။

''ယုယုကမရှုပ်တတ်ဘူး၊ အေးလွန်းလို့ ဘာလူ နာမှ မလာတတ်လို့ အတွေ့ကြုံတောင်နည်းနေတာ အစ်မကြီးတို့ သားဖွားမီးယပ်ဆောင်ကိုက ရှုပ်တာ''

''ဟုတ်မှာပါ။ ငါတို့မိန်းမတွေကိုကလည်း ကလေးမွေးလိုက် ကလေးဖျက်ချလိုက်နဲ့၊ ဒီအလုပ် အတွက်ပဲ လူဖြစ်လာကြတော့သလို. . ''

အလုပ်သမားမဆုံက မျက်လုံးကို လက်ခုံနှင့် ပွတ်သပ်သမ်းဝေရင်း . . .

''ညဥ့်ဦးကလေ ဆရာဂျော်ဂျီရယ် ကလေးနလုံး ခုန်သံနားထောင်တဲ့ ထရမ်းပတ်ကလေ သူ့လက်ထဲ ကနေ စားပွဲပေါ်ကိုလွတ်ကျပြီး ကြမ်းပြင်ပေါ်ကို ထပ်ကျ၊ တစ်ခါ လိမ့်သွားလိုက်တာမွေးခန်းဝထိပဲ'' ဟု အားပါးတရ ဖော်ကောင်လုပ်လေ၏။

စားပွဲခေါက်ရုံနှင့် လူနာအရောက်များသည် ဟု အယူသည်းသော ဆရာမများက'အီး'ခနဲ သံပြိုင် အော်ညည်းလိုက်ကြလေ၏။

''ဟဲ. ဟဲ။ ခြစ်ခြစ်ခြုတ်ခြုတ်ပေါ့ဗျာ။ ဒီလိုနဲ့ မိုးမိုးတို့ နှစ်ညပဲ ကျန်တော့တယ်နော့''ဟု လော်လီ က လူနာမှတ်တမ်းစာရွက်လေးကို ယပ်တောင် သဖွယ် အလုယပ်တောင်ခပ်ရင်း ဇာတ်သံအပြည့် နှင့် နောက်ပြောင်ကာ ခွဲခန်းမှပြန်ရောက်လာသည်။

တစ်ကယ်ကို ခြစ်ခြစ်ခြုတ်ခြုတ်ပါပဲ။ ဆရာမောင်မောင်က အဆက်မပြတ်ချုပ်။ ယုယုကလည်း ခုပဲ တစ်ယောက်ခြစ်ပြီးသားတဲ့။

လာပြန်ပါပြီ နောက်တစ်ယောက်။ သွေးဆင်းသည်။ ခါးကိုက်သည်။ သွေးထိမ်ခဲသည်။ သံတူကြောင်းကွဲ ဆင်တူယိုမှား။ သည်တစ်ယောက်ကိုတော့ အဖျားလည်းရှိ၊ အနံ့အသက်လည်းမကောင်းရကား။ သားအိမ်ပေါက်မှာ ရောဂါပိုးပျံ့နှံ့မှာ စိုးရိမ်ရသောကြောင့် မခြစ်ဘဲ ရသမျှထုတ်ယူရုံသာ။ မကျွေးမွေးနိုင်သော စီးပွားရေးချို့တဲ့မှုကြောင့် သားဖျက်ရသော ဇာတ်လမ်းတစ်ပုဒ် ကြားနာရပြန်၏။

ဂျော်ဂျီနှင့် မရှေးမနှောင်း ရောက်ရှိလာသော မမကမထားရီကို စစ်ဆေးကြည့်ရှုကာပြည်တည်နာကို ခွဲခန်းတွင်ဖောက်ထုတ်ရမည်ဟု ညွှန်ကြားချက်ပေးသည်။

''မနက်လေးနာရီတော့ ထိုးနေပြီ။ အကြောင်းကြားရမှာနဲ့ ပြင်ဆင်တာနဲ့ မိုးလင်းသွားမှာပဲ''

''မလုပ်ရင်လည်း ပေါက်ထွက်သွားမှာ စိုးရတယ်။ အင်း ...ထင်ရာတွေ မျက်ကန်းတစ္ဆေမကြောက် လုပ်လာကြတာ''

ယုယုသည် တစ်ညလုံး တမှေးမှမအိပ်လိုက်ရသောကြောင့် ခြေလက်လေးလံလာရုံမက ဦးနှောက်ပါ ထုံထိုင်းလာကာ ဖန်စပ်နေသော မျက်လုံးများလည်း မမြင်တမြင် မှုန်ဝါးလာလေပြီး ...

''ယုယု နင်နဲ့မောင်မောင် သွားအိပ်တော့လေ။ ငါဆက်လုပ်ထားလိုက်မယ်''ဟု ဂျော်ဂျီက ငဲ့ညှာစွာပြောသည်။

သို့သော် ဒေါ်အေမီက အထအနကောက်ကာ ''ဆရာဂျော်ဂျီ တစ်ခန်းစီပါ ထည့်ပြော''ဟု ရွတ်လိုက်လေ၏။

ယုယုက မကြားဟန်ပြုကာ နောက်နေ့ဆေးထိုးရမည့်ဇယားကို ရေးဆွဲနေသည်။

မောင်မောင်နှင့် စကားပြောစရာတော့ ရှိနေပါသည်။ ဘာပြောမည် ဆုံးဖြတ်ပြီးသား။ မပြောချင်လည်းပြောရမည်။'ဝက်ဖြစ်မှတော့ မစင်မကြောက်နိုင်တော့ပါ' ဟု ယုယုက စကားပုံရိုင်းရိုင်းပဲ ပုံခိုင်းရပေတော့မည်။

''မချိုတဲ့ဟ''

အသက် နှစ်ဆယ်ကျော်ရုံကလေး။ ချစ်စရာရုပ်ရည်ကလေးနှင့် လူနာအသစ်။

ထုံးစံမပျက် ခါးကိုက်၊ သွေးဆင်း၊ ချမ်းတုန်၊ သွေးထိမ်ခဲသေးခြင်း စသော ရောဂါလက္ခဏာများနှင့် ဆိုးရွားသည်မှာ ဆီးမသွားသည်မှာ နှစ်ရက်ရှိခဲ့ပြီ။ ဖြူစပ်စပ်ညစ်ထေးထေး အသားအရောင်နှင့် ခြေလက်မျက်နှာရောင် အမ်းအမ်းနှင့်။ တအေ့အေ့ ကြို့ထိုးနေလေ၏။

''ကျောက်ကပ်တော့ ထိသွားပြီကွာ''ဟု ဂျော်ဂျီက မှတ်ချက်ချသည်။ ဂျော်ဂျီ လူနာကိုစမ်းသပ်စစ်ဆေးခိုက် ယုယုက စားပွဲတွင် ငိုက်မျဉ်းနေသည်။ မွေးခန်းထဲမှ ထွက်လာသော မောင်မောင်ကို ယုယုက မထားရီအား သွေးပေါင်ချိန်ပေးရန် တစ်ဆင့်ခိုင်းလိုက်လေ၏။

''မောင်မောင်ရေ ငါ့ခွဲခန်းထဲက ထွက်လာတဲ့ လူနာကိုလည်း သွေးပေါင်ချိန်ပေးပါလားကွာ''

''ငါ့မွေးလူနာတစ်ယောက်အတွက် သွေးသွားတောင်းရဦးမယ်''

''အေး ...အေး။ ဒါဆိုလည်း ပြီးရော''

ခွဲခန်းထုတ်လာသော လူနာဆီသွားရန် အတန်ငယ် အလုပ်မဲ့ဝေးသဖြင့် မောင်မောင်မသွားဘဲ ကပ်ဖွဲ့သည်ကို ယုယုကြားရသည်။ မောင်မောင့်အကျင့်ပေပဲ။ ယုယု သက်ပြင်းချမိလေသည်။

မောင်မောင်က သွေးပုလင်းထည့်သော ပုံးကိုယူကာ အောက်ထပ်သို့ ဆင်းသွားလေသည်။

''ယုယုရေ .. မချိုကိုပြဖို့ ငါသမားတော်ကို သွားပင့်ရဦးမယ်။ မနက်ကျရင် သွေးဖောက်ဖို့ ပြင်ဆင်ထားပေးပါဦးဟာ''

❀ ❀ ❀

'မမ'ညွှန်ကြားသည့်အတိုင်း 'မချို'အတွက် ဆက်လက်ဆောင်ရွက်ကြရသည်။ ယုယုကပိုးသတ်ပြီးပုလင်းများကို လှမ်းယူကာလိုအပ်သည့် ဓာတ်ခွဲစမ်းသပ်ချက် အမည်များရေးသားကာ ကော်နှင့်ပုလင်းတွင် ကပ်ရသည်။

တံခါးဝရောက်မှ ပြန်လှည့်ကာ''ဖျက်ခက ငါးကျပ်တဲ့၊ ဟာ တကယ်တန်တယ်''ဟု ထပ်၍ကွန့်သွားလေသေး၏။

''ချုပ်စရာတစ်ယောက်ရှိတယ်'' ဟူသော မတီးလ်ဒါ၏ အသံ။

ယုယုက နှာခေါင်းစည်း မျက်နှာဖုံးကလေးယူကာ ထိုင်ရာမှ ထရပြန်သည်။

သွေးသွင်းပြီးပြန်လာသူမောင်မောင်ကို ''မနက်ကျ မပြန်သွားနဲ့ဦးနော် မောင်မောင်'' ပြောစရာရှိလို့ မှာကြားရသည်။

မနေ့ည ဂျူတီဝင်ချိန်ဆုံမိစဉ်က ယုယု ပစ္စည်းများထားခိုက် မောင်မောင်က ယုယုပခုံးကို သူ့ပခုံးဖြင့် တွန်းတိုက်ကျီစယ်ရင်း ''သိပ်လှတာပဲ''တီးတိုးချီးမွမ်းသည်။ နောက်ထပ် ကိုယ်ရေးကိုယ်တာဆက်ဆံမှုတစ်စုံတရာ မရှိတော့ဘဲ လုပ်ငန်းခွင်တွင် စုံးစုံးမြုပ်နေကြရသည်။ ယခုမှပင် အမှာစကားတစ်ခွန်း အလုအယက်ပြောကြရချေ၏။

သည်လိုသာ တောက်လျှောက်အလုပ်များနေခဲ့လျှင် သည်ကိုယ်ဝန်ရှိလာနိုင်အားမည် မဟုတ်ဟု ယုယုက ခါးသီးစွာတွေးမိပြီးမှ'ယုယု' အဆင်ခြင်နည်းတာပါပဲလေဟု ကြေကွဲမိပြန်၏။

နောက်ထက် ကလေးမလိုချင်သေးပါဆိုသော လူနာ၏ချဲ့ထွင်ထားသော မွေးလမ်းကြောင်းကို ပြန်ချုပ်ပေးရင်း ယုယုက ဆေးကပ်သောက်နည်း သင်ကြားပေးရသည်။ မွေးပြီးတစ်လပြည့်သည်နှင့် ဆေးဆင်တူ နှစ်ဆယ့်တစ်လုံးကို တစ်နေ့တစ်လုံး မပျက်မကွက်သောက်။ ကုန်လျှင် အားဆေးခုနစ်လုံးကို တစ်နေ့တစ်လုံးဆက်သောက်။ အားဆေးသောက်စဉ် သွေးတစ်ဖန်ပေါ်မည်။ အားဆေးကုန်လျှင် တစ်ဖန်နောက်တစ်ကျော့ နောက်တစ်ကတ် ဆက်သောက်။

''မထားရီရယ်–ဗိုက်ကတအားအောင့်လို့ 'မမ' သွားကြည့်တော့ သူ့ပြည်တည်နာပေါက်ထွက်သွားပတဲ့။ ဗိုက်ဖွင့်ရမယ်ဆိုပဲ။ ခွဲခန်းကလည်း အသင့်ဖြစ်ပြီမို့ ခေါ်သွားလေရဲ့'' ဟု မတီးလ်ဒါက ပြောပြလေသည်။

''မမနဲ့ ဘယ်သူလိုက်သွားလဲ''

''ဆရာမောင်မောင်''

ယုယု အာရုံထဲတွင် မထားရီ၏ ဖြူဖတ်သော မျက်နှာ။ မချို၏ ရောင်အမ်းဖြူညစ်လျက်ကပင် ချစ်စရာကောင်းနေသေးသော နှမြောဖွယ်မျက်နှာ အစီအရီ ပေါ်လာကြသည်။ နောက်ဆုံးတော့ ယုယု မျက်နှာကို ယုယု ပြန်မြင်ယောင်ကာ နှုတ်ခမ်းကလေးကို သွားဖြင့် ဖိနှိပ်ကိုက်ထားလိုက်မိလေ၏။

မထားရီသည် ခင်ပွန်းသည်က ဖောက်ပြန်တတ်သဖြင့် သားဖျက်ရသည်။ မချိုသည် ချစ်သူက စွန့်ပစ်သွားသဖြင့် သားဖျက်ရသည်။ အမျိုးမျိုးသော အကြောင်းပြချက်များဖြင့် သားဖျက်ကြလေ၏။ ယင်းကိစ္စတွေကို အမျိုးသမီးများ တတ်သိနားလည်အောင် မည်သို့ ပညာပေးရပါ့။

တစ်နေ့က မိန်းမငယ်နှစ်ယောက်ဆိုလျှင် ဝန်နှင့်အားမမျှအောင် လူနာများသဖြင့် ခုတင်တစ်လုံးတွင် နှစ်ယောက်ထားရလေရာ သူတို့အချင်းချင်း သတင်းလွှေ့လွှေ့ ပျော်မွေ့မြူးတူးနေကြပုံကို ယုယု သတိရလာ၏။

''ဒီမိန်းကလေးနှစ်ယောက်လုံး ဆေးရုံဆင်းလို့ရပြီ။ ဆေးကတ်ဝေပါဦးတဲ့'' တဟီဟီ ရယ်နေကြသည်။

''နည်းနည်းမှ မျက်နှာမပူဘူးနော်''ဂျော်ဂျီ မှတ်ချက်ချတော့ ''အဲဒါကြေးစားတွေ''ဟု ဒေါ်အေမိက တစ်ရပ်ကွက်တည်း အချင်းချင်းမို့ သိရှိနေသည့်အတိုင်း တီးတိုး ဖောက်သည်ချခဲ့လေသည်။

အသက်လေးဆယ်ကျော်အရွယ် အပျိုကြီး

အမည်ခံသူတစ်ဦးကျပြန်တော့''ဓမ္မတာများတာပါ'' ဟု ဖွတ်ငြင်းဆန်ရင်းနှင့်ပင် ကလေးလျှောထွက်ခဲ့ ကာ နေကောင်းသွားပြီး ဆေးရုံမှဆင်းသွားခဲ့လေ၏။

အိမ်ထောင်ပြုဖို့များ စိတ်ကူးရှိသလားအပျိုကြီး ဟူသော မေးခွန်းကို ထေ့ငေါ့သည့်အထင်အမြင်ဖြင့် ''ကြုံကြုံစည်စည် ဆရာမရယ်''ဟုမျက်နှာထား တင်းသွားလေသည်။

''ဆေးကတ်လေးများ လိုရမယ်ရ ဆောင်ထား ချင်မလားလို့ မေးတာပါ'' ဆိုမှခေတ္တတွေဝေပြီးလျှင် 'ရှင်–ဟုတ်ကဲ့ ဒါဆိုလည်း တစ်ကတ်လောက်' တဲ့ လေ။

''ကိုယ်ဝန်ဖျက်တဲ့ လူနာတွေထဲမှာ တမင်တ ကာ ဖျက်ချင်တာတွေက ပိုများနေတယ်နော်'' ဟု မောင်မောင် ထင်မြင်ချက်ပေးစဉ် ဒေါ်အေမီက''ကိုး ဆယ်ရာခိုင်နှုန်း''ဟု ကျိန်းသေပြောချလိုက်တော့ အိုကျိမမက ပြုံးစစနှင့် ''အေမီ ပြောသလောက် တော့လည်း မဟုတ်သေးပါဘူးဟယ်'' ဟု ဆို၏။ ရိုးရိုးသားသားပျက်ကျသူထက် ဖျက်ချလူနာက ပို များသည်ကိုမူ 'မမ'လည်း မငြင်းပေ။

ယုယုသည် မွေးခန်းထဲမှ ထွက်လာခဲ့ပြီးနောက် 'မမ' လူနာများလှည့်လည်ကြည့်ရှုလျှင် အသင့်ဖြစ် စေရန် စာရွက်စာတမ်းများ စုစည်းပြင်ဆင်နေလိုက် လေ၏။

''ကိုယ်ဝန်ဆေးခန်းကို အတွဲတစ်တွဲ ရောက် လာတယ်ကွယ်။ ကလေးဖျက်ပေးဖို့ပါ။ မယူနိုင်သေး လို့ပါတဲ့။ မယူဘူးလည်းမဟုတ်။ နောက်တော့ ယူ မှာဆိုပဲ။ ယူဖို့ဖြစ်လာပြီဟာ ယူမှာဖြင့် ယူလိုက်ရုံ ပေါ့။ ခုတော့ဘယ့်နှယ်။ ကိုယ်တရားဟောလွှတ် လိုက်တယ်။ ဒါပေမဲ့ နောက်တစ်နေရာသွားမှာပဲ ဆိုတာသိနေတော့''စသည်ဖြင့် မမပြောပြသည်များ ကို ယခုအခါ ယုယု နားထောင်ရသည်မှာ လိပ်ပြာ မသန့်တော့ပါ။

ယုယုလည်း ယုယုဝမ်းမှသန္ဓေကို မလိုချင်ဘဲ ကိုး။ စီးပွားရေးကြောင့် ဖြစ်စေ၊ အခြားမည်သည့် အကြောင်းကြောင့်ဖြစ်စေ၊ မလိုလားပါဘဲ ပိုက်လွယ် လာရသောသန္ဓေသားကို ဖျက်ချင်ကြရာ၌ ရှောရှော ရှူရှူ ပျက်ကျသွားလျှင်တော်ရဲ့။ ကံယုံ၍ ဆူးပုံနင်း ကြရာဝယ် လတ်တလောသွေးလွန်၍သော်လည်း ကောင်း၊ ပိုးဝင်ကာ သွေးဆိပ်တက်၍သော်လည်း ကောင်းအသက်ဆုံးရှုံးသွားရတတ်ပေသည်။ မသေ ပြန်တော့လည်း တရှောင်ရှောင် နာမကျန်း ဖြစ်ကာ အလုပျက်ယွင်းနိုင်သလို အိမ်ထောင်မှုသုခ မပြည့် စုံမှု တိမ်းချော်မှုတွေနှင့် ရင်ဆိုင်ရတတ်ပြန်သည်။ နောက်တစ်ချိန် သားသမီးလိုချင်လာကာမှ မရနိုင် သည့်အခက်ခဲကြုံတွေ့ရခြင်း၊ သားအိမ်ပြင်ပ သန္ဓေ တည်ပေါက်ကွဲခြင်းများ ဆင့်ပွားဖြစ်တတ်ပြန်သေး ၏။ အဆိုးရွားဆုံးကား ကင်ဆာ။

ရက်စက်စွာ အဖျက်ဆီးခံရသော သန္ဓေသား သည် ပျက်မကျဘဲ သက်ဆိုးရှည်လာပြီး လူစဉ်မမီ ကြုံလှီချို့ငဲ့လာပါလျှင်မူကား မိဘသားသမီးနှစ်ဦး လုံး လူရောစိတ်ပါ ဒုက္ခရောက်ရလေတော့၏။

ကိုယ်ဝန်ဖျက်မှုတွေကို ဘယ်လိုတားဆီးမှာလဲ။

ယုယုတို့ ဆေးပညာရှင်တွေမှာတော့ ကိုယ်ဝန် ဖျက်လာသူကိုလည်း ကျောသား၊ ရင်သားမခွဲခြား ဘဲ ဆေးဝါးကုသပေးကြရမှာပါ။ ကိုယ်ဝန်ဖျက်ပေး သူကို သိရှိသတင်းရလျှင်သာ သက်ဆိုင်ရာသို့ သတင်းပို့ တိုင်တန်းရလေရာ လက်တွေ့တွင်မူ ဤ မှုကိုပင် ထိထိရောက်ရောက် အကောင်အထည် ဖော် ဆောင်ရွက်နိုင်ခြင်းမရှိ။ ဤမှုနှင့်လည်း သား ဖျက်ခြင်းသည် သိသိသာသာ လျော့နည်းသွားလိမ့် မည် မထင်။

မလိုချင်သောသန္ဓေသားကို ရှိလာခါမှ ဖျက်ချ ခြင်းနည်းတူ မဖျက်သာ၍ တွန့်ဆုတ်ခါးသီးစွာ လူ သားအဖြစ် မွေးဖွားရခြင်းသည်လည်း နှစ်ခြိုက် လက်ခံဖွယ် အခြင်းအရာတစ်ခု မဟုတ်နိုင်ပေ။

အကောင်းဆုံးကား ပဋိသန္ဓေမရှိခင်ကပင် ကြို တင်ကာကွယ် တားဆီးတတ်ကြဖို့ပင် ဖြစ်ပေလိမ့် မည်။

''ယုယုရေ သွားပြီ''

မောင်မောင်က လူနာမှတ်တမ်းတစ်ခု ကိုင်ကာ ဝင်လာသည်။

''ဘယ်သွားတာလဲ''

ယုယုတို့သည် ကြာရှည်စိတ်ထိခိုက် မနေနိုင်ဘဲ လူနာများ၏ ရောဂါအဖြေရှာရန်နှင့် ခွဲစိတ်ရမည့် လူနာများ ကျန်းမာရေးအခြေအနေစစ်ရန် စသော ရည်ရွယ်ချက်များအတွက် သွေးဖောက်ကာ ဓာတ်ခွဲခန်းပို့ဖို့ စိုင်းပြင်းကြရသည်။ သည်လိုနှင့် နံနက်ရှစ်နာရီ ထိုးခဲ့လေပြီ။

''မွေးပြီးသားလူနာ မအေးသန့်ကို အဖျားတက်တုန်း သွေးဖောက်ပါ ငါအသေအချာမှာခဲ့တာ။ ငှက်ဖျားပိုးရှိမရှိ သေချာချင်လို့ကွ။ သွေးထည့်ဖို့ပုလင်းပါ စာကပ်ပေးခဲ့ရက်နဲ့ကွာ''

''ငါမေ့သွားလို့ပါကွာ။ ဒီနေ့ဖောက်လိုက်ပါ့မယ်''

''နေပါစေတော့။ ငါညက ဖောက်ပြီးပြီ''

မောင်မောင်သည် မျက်နှာထားတင်းတင်းနှင့် နံနက်တာဝန်လည်းယူရန် ရောက်လာသူ ငွေသိန်းကို ဟိန်းဟောက်နေသည်။

''သားပျက်တဲ့အခန်းက မလှကို သွေးသွင်းဖို့မှာသွားတာလည်း သွေးမသွင်းဘူး''

''မနေ့က အလုပ်သိပ်များသွားတာနဲ့ကွာ။ ဒီနေ့မှ သွင်းဖြစ်တဲ့လူနာမို့ပါ''

ဟု ငွေသိန်းက တောင်းပန်နေလေ၏။

မောင်မောင်က နောက်ဆုံးအနေနှင့် လက်ထဲမှ လူနာမှတ်တမ်းတစ်ခုကို ငွေသိန်းအား လှမ်းပေးကာ

''မနေ့က ဆရာမကြီးသွေးတွေဖောက်ခိုင်းထားတာ မင်းတို့တစ်ခုမှ ပုလင်းမပေးဘူး။ ရော့ ကိုယ့်ဘာသာပဲ ပုလင်းစာကပ်ပြီးဖောက်လိုက်ပေတော့'' ဟုဆို၏။

မလှမှာ အသည်းအသန် လူနာမဟုတ်ပါ။ သို့စင်လျက် သွေးမသွင်းဖြစ်သည်ကို မောင်မောင်က လူကြီးနားပေါက်ကြားအောင် တိုင်တန်းခဲ့လေရာ ယနေ့ ငွေသိန်းတို့ကို 'မမ' ဆူမည့်အစီအစဉ်ရှိကြောင်း ယုယု သိထားရလေသည်။ လက်မလည်အောင် အလုပ်များ၍ ဝန်နှင့်အား မမျှသောအခါ အရေးကြီးသည်ကို ဦးစားပေးကာ အရေးသိပ်မကြီးသည်ကိုနောက်တန်းပို့ရကြောင်း မောင်မောင်စာနာသင့်ပေသည်။ ယခုမူ ကြီးသောအမှုကိုငယ်စေ၍ ငယ်သောအမှုကို ပပျောက်စေသော သဘောတရား မောင်မောင်မှာ မရှိခဲ့ပါ။

မောင်မောင်သည် တော်ပါ၏။ တိကျပါ၏။ သို့သော် တစ်ခါတစ်ရံ သေရေးရှင်ရေးမဟုတ်သော ကိစ္စများတွင် လစ်ဟင်းတတ်ကြောင်းယုယုထောက်ပြနိုင်သော်လည်း စကားနည်းရန်စဲ နှုတ်ဆိတ်နေလိုက်မိတော့သည်။

ယုယုက ထမင်းဘူး၊ နားကြပ် စသည်တို့ကို ကောက်သိမ်းနေခိုက် နံနက်တာဝန်ကျဝမ်းဆွဲဆရာမက ''ဆရာမောင်မောင် ကလေးကိုအမေဆီ ပို့မလို့ စစ်ဆေးပါဦး''ဆိုရာ မောင်မောင်က လှည့်မကြည့်ဘဲ ''ကျွန်တော်တို့တာဝန်ချိန် ကုန်ပြီ''ဟု ပြော၏။

''ဆရာငွေသိန်း မအားလို့ပါ။ တခြားလူတွေလည်း မရောက်သေးဘူး''

''ရှစ်နာရီနဲ့ ငါးမိနစ်ရှိပြီ။ နောက်မှစစ်ဗျာ''

အပန်းမကြီးသဖြင့် ယုယုက စစ်ဆေးပေးလိုက်ချင်သော်လည်း မသိဟန်ပြုနေလိုက်ရတော့သည်။

မောင်မောင့်ကို ယုယု အဘယ်ကြောင့်ချစ်သူအဖြစ်ရွေးချယ်ကာ ရာသက်ပန်လက်တွဲဖို့ရည်မှန်းခဲ့မိပါလိမ့်။

မောင်မောင်နှင့် ယုယုသည် တစ်တန်းတည်းသားများ ဖြစ်ကြသော်လည်း ကျောင်းသားဘဝက ဆက်စပ်ပတ်သက်စရာ အကြောင်းမရှိခဲ့ဘဲ စကားပင်ဟဟ မပြောဖြစ်ခဲ့ကြပေ။

အလုပ်သင် ဆရာဝန်ဘဝ အတူတွဲဖက်တာဝန်ကျချိန်ကျမှ မောင်မောင်က ယုယုကို ချစ်ရေးဆိုလာခဲ့သည်။ တော်သော၊ ရုပ်ဆင်းအင်္ဂါပြေပြစ်သော ချမ်းသာကြွယ်ဝသော မောင်မောင်ကို ယုယု

လက်ခံဖြစ်ခဲ့သည်။ မပွေမရှုပ်တတ်ကြောင်း ကြား သိရသမျှနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်သောအရည် အချင်း ပြည့်စုံပြီဟု ယုယု ယူဆခဲ့မိပေ၏။

တစ်နှစ်တာ အလုပ်အတူတူ တွဲယှဉ်လုပ်ကိုင် ကြရသော အချိန်ကာလ၊ ချစ်သူရည်းစား ဖြစ်ခဲ့ပြီး ခါမှ မောင်မောင်နှင့် နီးနီးကပ်ကပ် ပတ်သက်ရ လေရာ ဤကာလအပိုင်းခြားအတွင်း သိမြင်လာ ရသော မောင်မောင်ဒေါသကြီးပုံ၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်း ကတ်ဖဲ့အသာစီးယူပုံ၊ လူတစ်ဖက်သား ကို အထင်သေးနှိမ့်ချတတ်ပုံ၊ စုခြုံလိုက်တော့ မောင်မောင် တကိုယ်ကောင်းဆန်လွန်းပုံတွေကို ယုယု မနှစ်သက်နိုင်တော့။ ယုယုအပေါ်မှာပင်လျှင် သူပိုင်ပစ္စည်း တစ်ခုအဖြစ် သူ့စိတ်တိုင်းကျနေသည့် အနေအထားမျိုးမှာထက် ပို၍ နူးညံ့သိမ်မွေ့သော အချစ်မျိုး ပေးတတ်သူမဟုတ်သည်ကို ယခု ယုယု အသိနောက်ကျခဲ့လေပြီ။

ယနေ့လူငယ်များအနေဖြင့် ချစ်ကြိုက်လိုက် သည်နှင့် စည်းမထားကြတော့ပေပဲကိုး။ ယုယုတို့လို အဆီးအတားမရှိ ကောက်ကာငင်ကာ အချိန်မရွေး လက်ထပ်ယူနိုင်သူအဖို့တော့ ဆိုဖွယ်ရာ ဘယ်ရှိလိမ့် မလဲ။ အလုပ်ရမှ လက်ထပ်မည်စိတ်ကူးနှင့်သာ တားဆေးစားဖြစ်ခဲ့လျက် တကယ်တမ်း ပန်းခင်း သလို ဖြောင့်ဖြူးသောလမ်းမှာ လျှောက်နေရသော် လည်း ယုယု ပေါ့လျော့လစ်ဟင်းခဲ့မိတော့သည်။

'မိန်းမတို့ ဣန္ဒြေရွှေပေးမရ'ဆိုသောစကား၏ တန်ဖိုးကို ယခု ယုယုနားလည်ပြီ။ ယုယု အညှာ မလွယ်ခဲ့ဘဲ ဣန္ဒြေသိက္ခာထိန်းသိမ်းခဲ့ပါလျှင် မောင် မောင့်ကို 'မချစ်တော့ဘူး' သိလာချိန်ဝယ် ဤအချစ် ဇာတ်လမ်းကို တစ်ခန်းရပ် ဇာတ်သိမ်းလိုက်ရုံသာ။ မချစ်တော့ဘူးဆိုရာ အစက'ချစ်ခဲ့သလား'လည်း ယုယု မရေမရာချင်ဘဲ ချစ်သည်ဟု ယူဆခဲ့၊ ပြောခဲ့ မိခြင်းမျှသာ သေချာပေတော့သည်။

ငွေရတု၊ ရွှေရတု၊ စိန်ရတုတွေ ဆင်နွှဲရ လောက်အောင်သေတစ်ပန်သက်တစ်ဆုံးပေါင်းသင်း ရမည့် ယောကျ်ားတစ်ယောက်ကို ယခုကတည်းက မှ မချစ်သောကြောင့် လက်မထပ်ချင်တော့သော ယုယုတစ်ယောက် ရှေ့လျှောက်မည်သို့စခန်းသွား ခရီးဆက်ရမှာလဲ။

မီးမလောင်ခင်က တားပါမှ။ ရင်တွင်းမီးလောင် နေမှတော့ ယုယုသည် မီးကိုငြိမ်းသတ်ဖို့ပဲ ရှိတော့ သည်။ မီးဒဏ်ကြောင့် ပင်ကိုပြန်မဖြစ်နိုင်တော့ သည်ကိုလည်း ယုယု လက်ခံလိုက်ပေရော့။

ကိုယ်ဝန်ဖျက်ခြင်းကို ယုယု စက်ဆုပ်သည်။ မထားရိတို့ မချိတို့လို အသက်ဘေးမကြုံရဘူးထား။ ကိုယ်လက်အင်္ဂါ ချို့တဲ့စွာ သက်ဆိုးရှည်လာမည့် ကလေးမျိုး မရဘူးထား၊ ကိုယ်ဝန်ဖျက်ခြင်း၏ နောက်ဆက်တွဲ ရောဂါပြဿနာတွေ ဖြစ်မလာဘူး ထား၊ လောကရေဲကိုရောသံသရာကြွေးကိုပါ ယုယု ရင်မဆိုင်ရဘူးထား၊ လူမှုရေးကျင့်ဝတ်တစ်ခု ကို ယုယု ဖောက်ဖျက်ရန် လိပ်ပြာရှက်လှပါ၏။

ယုယု အားတင်းလိုက်ပါသည်။

ယုယု အဆင်ခြင်ကင်းစွာ မထိန်းသိမ်းခဲ့သော ကြောင့် ယုယု မလိုလားပါဘဲနှင့် အသက်ဝင်လှုပ် ရှားလာမည့် အပြစ်မဲ့ရင်သွေးကို ယုယုမွေးဖွားလိုက် ပါမည်။ သူကလေးဘဝ သာယာပျော်ရွှင်ရန် ယုယု မှာ တာဝန်ရှိလေသောကြောင့် ယုယုသည် သာယာ သောအိမ်ထောင်တစ်ခု ဖန်တီးပေးရပါမည်။ ယုယု သည် မောင်မောင့်အတွက် ဟန်ဆောင် အားတင်း ထားရသော အချစ်အတုအယောင်များဖြင့် ယုယု ဘဝကို စတေးပစ်လိုက်ရပါတော့မည်။

ယုယု သတ္တိရှိပါ၏။

''ပြောစရာရှိလို့ဆို ယုယု''ဟု ယုယုတို့အနား ယူရာ အခန်းထဲတွင် မောင်မောင်ကမေးလေသည်။

''တို့တွေ လက်ထပ်ကြစို့ မောင်မောင်၊ ဘာလို့ လဲ ဆိုတော့ ...''

သူ့ကိုယ်သူသာ အရေးထား စိတ်ဝင်စားသူ မောင်မောင်ကား ယုယု၏အပြုံးသည် မဲ့၍နေပါ လျှင်လည်း သိမြင်လိုက်မည် မဟုတ်ပါ။

''မိုးပေါ်ကကျလာတဲ့ အပ်တစ်စင်းနဲ့ မြေကြီးက လွှတ်တင်လိုက်တဲ့ အပ်တစ်စင်း ဆုံစည်းဖို့ မလွယ် သလိုပဲ လူ့အသက်တစ်ချောင်းဟာ ဖြစ်ခဲလှတယ် တဲ့ မြေးရဲ့''

ဘွားဘွား မကြာခဏ ပြောလေ့ရှိသောစကား ကို ယုယု ကြားယောင်လာသည်။

''အသက်တစ်ချောင်းနှယ် ဖြစ်ခဲပေလို့သာ တော်တော့တာပေါ့ ဘွားဘွားရယ်'' ယုယုက မချင့် မရဲ စိတ်ထဲမှ ညည်းတွားလိုက်မိရှာလေ၏။

မြနှောင်းညို
(၁၉၈၄)

ရက်စက်စွာ အဖျက်ဆီးခံရသော
သဓနွာထားသည်
ဖျက်မကျေတဲ့ ထက်ဆိုးရှည်လာပြီး
လူစဉ်မဓိ ကြံ့လို့ရှိုခွဲလာဝါလျှော်မှုထား
မိတထားသမီးနှစ်ဦးလုံး လူရောစိတ်ဝါ
ဒုက္ခရောက်ရလေတော့၏။
ကိုယ်ဝန်ဖျက်မှုတွေကို
ထယ်လိုတားဆီးမှာလဲ။

# အခန်း (၃)

ဥစ္စာစည်းစိမ် ဆင်းရဲ၍ အပါယ်မကျ။
ကိုယ်ကျင့်သီလ စာရိတ္တဆင်းရဲမှ အပါယ်ကျသည်။

**မိဘတိုင်းသိသင့်သောအမွေနှစ်မျိုး**

တစ်ခါတစ်ရံ တကယ့်ဖြစ်ရပ်သည် စိတ်ကူးယဉ်ဝတ္ထုထက် ပို၍ ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်နေတတ်သည်။ ထို့ကြောင့် နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း အောင်ကျော်ဇံ၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်ရပ်ကို ယခုအချိန်တိုင်အောင် အမ်းမြို့နယ်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ပြောဆိုမဆုံး ဖြစ်နေကြခြင်း ဖြစ်သည်။

အောင်ကျော်ဇံသည် မိဘထံမှ ဓမ္မအမွေကို မရခဲ့သောကြောင့် ယော်စဉ်ကခိုးခြင်း၊ ဝှက်ခြင်းကို ဝါသနာပါခဲ့သည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ပါလျက်နှင့် ငါးပါးသီလစောင့်ထိန်းခြင်း၏ ကောင်းကျိုး၊ ဖောက်ဖျက်ခြင်း၏ ဆိုးကျိုးတို့ကို နားမလည်သော ဘဝရောက်ရသည်မှာသူ့အတွက် နစ်နာလှသည်။

ဗုဒ္ဓဘာသာဝင် မိဘအများစုသည် မိမိတို့၏ သားသမီးများကို ဓမ္မအမွေပေးဖို့ ဂရုမစိုက်ကြ။ လောကီပစ္စည်း ဥစ္စာအမွေ၊ လောကီပညာအမွေ ပေးဖို့လောက်ကိုသာ ဂရုစိုက်ကြသည်။ အမှန်အားဖြင့် လောကီပစ္စည်းအမွေနှင့် ပညာအမွေများသည် တစ်ဘဝသာ သုံးနိုင်ပေသည်။ ဓမ္မအမွေသည်ကား ယခု ပစ္စုပ္ပန်ဘဝမှစ၍ သံသရာ တစ်လျှောက်လုံး အသုံးပြုနိုင်မည် ဖြစ်သည်။

ဓမ္မအမွေသည် အပါယ်တံခါး ပိတ်ပေးနိုင်သော်လည်း၊ ပစ္စည်းအမွေသည် အသုံးမချတတ်လျှင် အပါယ်ကိုပင် ဆွဲချနိုင်ကြောင်း မိဘတိုင်းသတိပြုသင့်၏။ ထို့ကြောင့် မိမိ၏သားသမီးများကို သံသရာတစ်လျှောက်လုံးထိ ချစ်ပါသည်ဆိုလျှင် ပစ္စည်းအမွေနှင့်အတူ ဓမ္မအမွေကိုလည်း အရပေးနိုင်ရပေမည်။

ဗိမ္ဗိသာရမင်းကြီးနှင့် အနာထပိဏ်သူဌေးကြီးတို့သည် သောတာပန်ဖြစ်တာခြင်းလည်း တူသည်။ ကျောင်းဒကာဖြစ်တာခြင်းလည်း တူသည်။ သားဆိုး တစ်ယောက် ရှိတာခြင်းလည်း တူသည်။ မတူသောအချက်ကား အနာထပိဏ် သူဌေးကြီးသည် သားဖြစ်သူကို ဓမ္မအမွေပေးနိုင်ခဲ့ပြီး၊ ဗိမ္ဗိသာရမင်းကြီးက သားဖြစ်သူကို ဓမ္မအမွေ မပေးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ဗိမ္ဗိသာရမင်းကြီးသည် သားကို ဓမ္မအမွေမပေးနိုင်ခဲ့ခြင်းကြောင့် ထိုသား၏ပြန်လည်သတ်ဖြတ်ခြင်းကိုလည်း ခံခဲ့ရသည်။ ထိုကံကြောင့် သားဖြစ်သူ အဇာတသတ်မှာလည်းငရဲသို့ကျခဲ့ရသည်။အနာထပိဏ်သူဌေးကြီးကား သားဖြစ်သူကို ဓမ္မအမွေပေးနိုင်ခဲ့ခြင်းကြောင့် သူကိုယ်တိုင်လည်း စိတ်ချမ်းသာပြီး သက်ရှည်ကျန်းမာစွာနေခဲ့ရသလို သားမိုက်ကြီးမှာလည်း သောတာပန်တည်ကာ အပါယ်တံခါးပိတ်ခဲ့ရပေသည်။

### ဓမ္မအမွေပေးပုံ

အနာထပိဏ်သူဌေးတွင် သားသမီး လေးယောက်ရှိရာတွင် သမီးသုံးယောက်မှာ သောတာပန်နှင့် သကဒါဂါမ်တို့ဖြစ်သော်လည်း သားဖြစ်သူ မောင်ကာဠကား စုန်းပြူးဟု ဆိုရလေမည်လားမသိ။ အရက်သောက်၊ လောင်းကစားလုပ်နှင့် လူမိုက်၊ လူရမ်းကားကြီး ဖြစ်နေလေသည်။ သူဌေးကြီးအိမ်တွင် နေ့စဉ် သံဃာနှစ်ထောင် ဆွမ်းကပ်သည့်အတွက် ဆွမ်းအနုမောဒနာတရားကို မိသားစုအားလုံးနှင့်တကွ ကျေးကျွန်အားလုံးပါ နာကြားခွင့်ရကြသည်။

သို့သော် ထိုတရားနာပရိသတ်ထဲတွင် မောင်ကာဠ မပါပေ။ ထို့ကြောင့် သူဌေးကြီးက တစ်နေ့တစ်ရာပေးပြီး မောင်ကာဠအား ကျောင်းသို့ ဥပုသ်စောင့် သွားခိုင်းသည်။ ငွေတစ်ရာကိုမက်သောကြောင့် မောင်ကာဠ ဘုရားကျောင်းတော်သို့ သွားသည်။ သို့သော် တော်ရာချောင်ကြားထိုးအိပ်ပြီး ညနေကျပြန်လာပြီးလျှင် ဖခင်ထံငွေတစ်ရာတောင်းပြီး သောက်စားပျော်ပါးနေသည်သာ။

ငါးကြိမ်၊ ခြောက်ကြိမ်ခန့် ကျောင်းသို့ သွားပြီးသောအခါ မောင်ကာဠသည် ဇေတဝန်ကျောင်းတော်နှင့် မစိမ်းတော့ပေ။ ထိုသို့ဖြစ်အောင် အနာထပိဏ်သူဌေးကြီးက တစ်ရက်တစ်ရာအကုန်ခံနေခြင်းဖြစ်၏။ နောက်ဆုံးတစ်ကြိမ်တွင်ကား ''ငွေတစ်ထောင်ပေးမည်'' ဘုရားရှင်၏တရားတော်ကို မှတ်မိအောင်နာယူခဲ့ပါဟု ခိုင်းလိုက်သည်။

မောင်ကာဠသည် ငွေတစ်ထောင် လိုချင်သောရမ္မက်ဇောကြောင့် တရားကိုနာလေရာ တရားအဆုံးတွင် သောတာပန်တည်သွားလေသည်။ ယခုခေတ်မိဘများသည်လည်း အနာထပိဏ်၏နည်းကိုယူ၍ သားသမီးများအား ဓမ္မအမွေရအောင်ပေးသင့်ပါ၏။ ယခုပြောနေသော အောင်ကျော်ဖံသည် ဓမ္မအမွေကို မရခဲ့သူတစ်ယောက်ပင်ဖြစ်၏။

### ပစ္စည်းမီးလောင် ဂျူသစ်ပင်ပိ

ထို့ကြောင့် ငယ်စဉ်ကတည်းက ခိုးတတ်သောအကျင့်သည် ကြီးသည်အထိပါလာခဲ့၏။ သူတို့ရွာဦးကျောင်းပိုင် လယ်ယာကေတော်တော်များများရှိ၏။ ကျောင်းရှိသံဃာများ ပစ္စည်းလေးပါးအတွက် ရွာသားများက စုပေါင်းလှူဒါန်းထားခြင်းဖြစ်၏။

ရွာသားများသည်ပင် အလှည့်ကျစနစ်ဖြင့် ပျိုးနုတ်ကောက်စိုက်မှအစ ရိတ်သိမ်း စပါးကျီထဲသွင်းသည်အထိ ကူညီလုပ်ကိုင်ပေးကြ၏။ ထို့ကြောင့် ကျောင်းနေသံဃာများသည် စပါးဘယ်နှတင်းရသည်။ ဘယ်နှတင်း လျော့နေသည် စသည်တို့ကို မသိချေ။ ထိုအချက်ကို သတိထားမိသွားသော အောင်ကျော်ဖံသည် ပထမနှစ်တွင် ကျောင်းပိုင်စပါးပုံကြီးမှ စပါးနှစ်တင်းကို ခိုးယူခဲ့၏။

သူထင်သလိုပင် သူခိုးသည်ကို ကျောင်းသံဃာများက မသိပေ။ ကိုယ့်စပါးမဟုတ်သဖြင့် ဝိုင်းဝန်းလုပ်ကိုင်ပေးကြသော ရွာသားများကလည်း မသိကြ။ ထို့ကြောင့် နောက်နှစ်တွင်(၄)တင်း တက်ခိုး၏။ နောက်တစ်နှစ်တွင်(၈)တင်း ခိုး၏။ နောက်တစ်နှစ်တွင်(၁၆)တင်း ခိုး၏။ နောက်ဆုံးနှစ်တွင် (၃၂)တင်း ခိုး၏။ နောက်ဆုံးနှစ်ဟု ဆိုရခြင်းမှာအကြောင်းရှိ၏။

### သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူသူများသည်

ဥစ္စာနည်းပြီး မွဲတတ်သည်။
တော်ပြတ်နေအောင် ဆင်းရဲတတ်သည်။
အလိုရှိရာကို ဘယ်သောအခါမှ မရ။
ရရှိလာသော စီးပွားဥစ္စာများကို
မီး,ရေ,မင်း,ခိုးသူ,အမွေခံဆိုးဟူသော
ရန်သူမျိုးငါးပါး
ဖျက်ဆီးခံရတတ်သည်။

ထိုဘုရားဟောအတိုင်း ဆန်းကြယ်စွာဖြစ်ပုံကို ရှုဦးလေ့။ အောင်ကျော်ဖံဟု ပြောနေသော်လည်း သူ့အသက်သည် လေးဆယ်ကျော်နေပြီ ဖြစ်သည်။ သားနှင့်မယားနှင့် အိမ်နှင့်ခြံနှင့် တင့်တောင့်တင့်တယ် နေနိုင်သူပင်ဖြစ်သည်။ ဘာသာရေးအသိမရှိ၍သာခိုးဝှက်တတ်သောအကျင့်ပါနေခြင်းဖြစ်သည်။

ထိုနေ့က သူသည်ငါးပေါက်ကလေးများကို ဝါးခြမ်းနှင့်ညှပ်ပြီး မီးကျီးမှာ ကင်နေသည်။ အကြောင်းကိစ္စတစ်ခု ပေါ်လာသဖြင့် ခပ်လှမ်းလှမ်းမှ အိမ်သို့ ရုတ်တရက် ထသွားသည်။ ငါးကင်ကိုလည်း သည်အတိုင်းထားခဲ့သည်။ သူသည် သွားတုန်းက ခဏဟုဆုံးဖြတ်ပြီး သွားခဲ့ပုံရသည်။ ထိုအိမ်ရောက်သောအခါတွင်မှ စကားကောင်းပြီး ချက်ချင်းပြန်ဖို့မေ့သွား၏။

ထိုအချိန်မှာပင် အောင်ကျော်ဖံနှင့် အကျင့်ချင်းတူသော ကျီးတစ်ကောင်သည် ငါးကင်တစ်ခုလုံးကို ဆွဲယူပြီး သစ်ပင်တစ်ပင်ပေါ် ပျံတက်သွား၏။ ထိုသစ်ပင်ကား အောင်ကျော်ဖံ၏ အိမ်ခေါင်မိုးပေါ် ဝဲနေသောသစ်ပင်တည်း။ ငါးကင်ကိုညှပ်ထားသော ဝါးခြမ်းသည် မီးစွဲလောင်လျက်ရှိ၏။

ထို့ကြောင့် ငါးကင်ကို ထိုးဆိတ်စားလိုက်သော ကျီး၏မျက်နှာကို မီးကဟပ်လိုက်၏။ မီးပူဒဏ်မခံနိုင်သဖြင့် ကျီးသည် ချီလာသောငါးကင်ကို လွှတ်ချလိုက်ရာ အောင်ကျော်ဖံ၏ အိမ်ခေါင်မိုးပေါ် တည့်တည့်ကျလေတော့သည်။ ခြောက်သယောင်းနေသောဓနိများ ခဏနှင့်မီးစွဲကာ တစ်အိမ်လုံး လောင်လေတော့သည်။

အိမ်မကြီးမှတစ်ဆင့် စပါးကျီများ၊ နွားတင်းကုပ်များပါမကျန် ခြံဝင်းထဲရှိ အဆောက်အဦအားလုံး ဘာမျှမကျန်အောင် လောင်ကျွမ်းလေတော့သည်။ အဆောက်အဦးများ ကုန်ခါနီးအချိန်ကျမှ အောင်ကျော်ဖံ ရောက်လာသည်။ တောရွာဖြစ်သဖြင့် မီးသတ်ကားလည်း မရှိသဖြင့် ထိုင်ကြည့်ရုံမှ တစ်ပါး ဘာမျှမတတ်နိုင်ပေ။

'ရှိသမျှ ပစ္စည်းများ ကုန်လေပြီ'ဟူသော သောကမီးကြောင့် အောင်ကျော်ဖံသည် ခေတ္တရူးသွပ်သကဲ့သို့ဖြစ်ကာ မီးလောင်ကျွမ်းနေသော ခြံဝိုင်းကြီးကို ပြေးလွှားလှည့်ပတ်ကြည့်ရင်း နှုတ်မှလည်း ''ကုန်ပါပြီ၊ ကုန်ပါပြီ''ဟု အော်ဟစ်လျက် ရှိသည်။

ထိုအချိန်မှာပင် သူ့အိမ်ဘေးမှ သစ်ပင်ကြီးတစ်ပင်သည် ရုတ်တရက် ပြိုလဲကျလာပြီး အောင်ကျော်ဖံကို ဖိသတ်သလို ဖြစ်သွားလေသည်။ မီးလောင်နေသောငါးကင်ကိုကျီးသည်အဘယ့်ကြောင့် အောင်ကျော်ဖံ၏ အိမ်ခေါင်မိုးပေါ်ကိုမှ လွှတ်ချမိရသနည်း။ အောင်ကျော်ဖံသည်လည်း အဘယ့်ကြောင့် ခြံဝင်းကိုလှည့်ပတ်ပြေးနေရသနည်း။

ထိုအချိန်မှာမှသစ်ပင်ကြီးသည် အဘယ့်ကြောင့် အောင်ကျော်ဖံ၏ ကိုယ်ပေါ်တည့်တည့်သို့ ပိကျရသနည်း။ ဤသုံးခု တစ်ဆက်တည်း ကွက်တိဖြစ်အောင် ပြုလုပ်ပေးသူမှာ သံဃာများ၏ စပါးများကို ခိုးယူသော အကုသိုလ်ပထမဇောမှတစ်ပါး မည်သူဖြစ်နိုင်ပါမည်နည်း။

**မြေကြီးပြီထ္တာ**

*ဘယ်လောက်ပင် စားရ စားရ၊*
*တစ်ဝမ်း ဝရုံပဲ။*
*ဘယ်လောက်ပင် ဝတ်ရ ဝတ်ရ၊*
*အရေပြား ဖုံးရုံပဲ။*
*ဘယ်လောက်ပင် အိပ်ရ အိပ်ရ၊*
*တစ်ကိုယ်စာလေးပဲ။*
*ဘယ်လောက်ပင် ပစ္စည်းဥစ္စာရှိရှိ၊*

*သေရင် ထားပစ်ခဲ့ရတာချည်းပဲ။*
*ကုသိုလ်ပြုလျှင် ကိုယ့်ဖို့*
*ကျန်ခဲ့လျှင် သူများဖို့။*

နိဗ္ဗာန်ကို အတိအကျ မြန်မာပြန်လျှင် တဏှာ (လောဘ)ကင်းခြင်းဟု အဓိပ္ပါယ်ရ၏။ ထို့ကြောင့် လိုချင်မှုနည်းသွားလေ ချမ်းသာများလာလေဟု သိအပ်၏။ ရဟန်းသံဃာများကို ဗုဒ္ဓသည် ရဟန္တာ မြန်မြန်ဖြစ်စေချင်၏။ ထို့ကြောင့် စားရေး၊ ဝတ်ရေး၊ နေရေးနှင့်ပတ်သက်၍ ဗုဒ္ဓက ယခုလို ဆုံးမခဲ့၏။

ရှေးဘုန်း ရှေးကံရှိ၍ ပို့ဆွမ်း၊ ပင့်ဆွမ်းရှိလျှင်လည်း ဘုဉ်းပေးပါ။ မရှိလျှင် ဆွမ်းခံ၍ စားပါ။ လှူသူရှိလျှင် သင်္ကန်း အကောင်းစားများကို ဝတ်ပါ။ မရှိလျှင် ပံသုကူသင်္ကန်း ရှာ၍ဝတ်ရုံပါ။ လှူသူရှိလျှင် ကျောင်းကောင်းကောင်းနှင့် နေပါ။ မရှိလျှင် သစ်ပင်အောက်တွင် နေပါ။ လှူသူရှိလျှင် ဆေးဝါးကောင်းကို ဘုဉ်းပေးပါ၊ မရှိလျှင်နွားကျင်ငယ်ရေကို သောက်ပါ။

ထိုအဆုံးအမအတိုင်း လိုက်နာသူများသည် ပစ္စက္ခ၊ သံသရာနှစ်ဖြာလုံး ချမ်းသာ၍၊ မလိုက်နာသူများသည် ပစ္စက္ခ၊ သံသရာနှစ်ဖြာလုံး ဆင်းရဲရပေသည်။ ဆင်းရဲသွားသော ရန်ကုန်မြို့သစ်မှအမျိုးသမီးကြီးတစ်ဦး အကြောင်းတင်ပြအံ့။ မြို့သစ်တွင် မြေကွက်ရသဖြင့် ခြံခတ်သောအခါ ထိုအမျိုးသမီးကြီးသည် တစ်ဖက်ခြံမှ မြေတစ်ပေနီးပါးကို ခိုးယူမိလိုက်သည်။

ထိုအချိန်က တစ်ဖက်ခြံမှမြေရှင်သည် ခြံလာမခတ်ရသေးပေ။ ထို့ကြောင့် အရင်ရောက်သူက မြေတစ်ပေပိုပြီး ခြံခတ်ယူလိုက်ခြင်း ဖြစ်သည်။ နောက်ရောက်သော ခြံရှင်သည် တရားသမားဖြစ်သောကြောင့် ဘာမှမပြောပေ။

တဖက်ခြံရှင်က အပြစ်မပေးသော်လည်း သူပြုသော အဒိန္နာဒါနအကုသိုလ်ကား အပြစ်ပေးသည်သာဖြစ်၏။ ထို့ကြောင့်ထိုအမျိုးသမီးကြီး သေသောအခါ ထိုမြို့သစ်၊ ထိုရပ်ကွက်ထဲမှာပင် ပြိတ္တာမကြီးသွားဖြစ်သည်။ သူသည် ပြိတ္တာစဖြစ်သောနေ့မှစ၍ တခြားအရပ်မှမြေများကို တောင်းကြီးတစ်လုံးဖြင့် ခေါင်းပေါ်ရွက်သယ်ပြီး သူ့မြေတစ်ပေခိုးခဲ့မိသော ခြံဝိုင်းထဲသို့လောင်းချပေးနေရခြင်းပင်ဖြစ်၏။

ခိုးယူခဲ့သော မြေတစ်ပေအတွက် အရင်းရော အတိုးပါ ပေးဆပ်နေရခြင်း ဟု ဆိုရမည်ထင်သည်။ လူတစ်ယောက်သည် အကုသိုလ်ဒုစရိုက် တစ်မျိုးမျိုးလုပ်တိုင်းဘေးလေးမျိုးဆိုက်၏။ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး၊ အတ္တာနုဝါဒဘေး၊ အပါယဘေးတို့ပင်ဖြစ်၏။

ပရာနုဝါဒဘေးဟူသည် သူတစ်ပါးက စွပ်စွဲကဲ့ရဲ့သောဘေး ဖြစ်၏။ ဒဏ္ဍဘေးဟူသည် ထောင်၊ တန်းကျပြီး အပြစ်ပေးခံရခြင်းမျိုးကို ဆိုလို၏။ အတ္တာနုဝါဒဘေးဟူသည် မိမိကိုယ်မိမိ စွပ်စွဲကဲ့ရဲ့သောဘေး ဖြစ်၏။ အပါယဘေးကား အပါယ်လေးပါးသို့ ကျရောက်သောဘေးပင် ဖြစ်၏။

ထိုလေးမျိုးတွင် ရှေ့နှစ်မျိုးသည် သူတစ်ပါး မရိပ်မိအောင် ပိပိရိရိ လုပ်ခြင်းဖြင့်သော်လည်းကောင်း၊ လာဘ်ထိုးခြင်းဖြင့်သော်လည်းကောင်း လွတ်အောင်ရှောင်၍ ရနိုင်သေး၏။ နောက်နှစ်မျိုးကား မည်သို့သောနည်းဖြင့်မျှ ရှောင်လွှဲ၍ မရနိုင်ပေ။ သူတစ်ပါးကိုသာ လိမ်၍ရမည်။ မိမိကိုယ်မိမိကား ဘယ်သောအခါမှ လိမ်၍မရ။

ထို့ကြောင့် ဒုစရိုက်မှု တစ်ခုခုလုပ်ပြီးသည်နှင့် မိမိကိုယ်မိမိ စွပ်စွဲသော အတ္တာနုဝါဒဘေးကြီးသည် နေ့စဉ် နှိပ်စက်တော့၏။ မိမိကိုယ်မိမိ စွပ်စွဲခြင်းဟူသည် မိမိကိုယ်မိမိ မကြည်ညိုခြင်းပင် ဖြစ်၏။ မိမိကိုယ်မိမိ မကြည်ညိုသူများ၏ နောက်ဆုံးပန်းတိုင်ကား အပါယ်လေးပါးပင် ဖြစ်၏။ ရန်ကုန်မြို့သစ်မှ အမျိုးသမီးကြီးကို ပြိတ္တာဘဝသို့ ပို့ပေးသည်မှာ ဤနောက်ဆုံး ဘေးနှစ်မျိုးကြောင့်ပင် ဖြစ်၏။

နှစ်အတော်ကြီး ကြာသောအခါတွင်မှ ကျောင်းဆရာမဖြစ်နေသော သူ့သမီးကို အိပ်မက်ပေးပြီး အကူအညီတောင်းရှာသည်။ သူတောင်းသောအကူ

အညီများမှာ တိကျသေချာလှသည်။

(၁) နိုးထားသော မြေတစ်ပေကို တစ်ဖက်ခြံသို့ ပြန်ပေးပါ။

(၂) နိုးယူထားသောနှစ်အလိုက် အတိုးငွေပါ ထည့်ပေးပါ။

(၃) ထိုနှစ်ချက် ပြည့်စုံအောင်လုပ်ပြီးမှ ကုသိုလ်ပြုပြီး သူ့ကို အမျှပေးပါ။

သို့မှသာ သူပြိတ္တာဘဝမှလွတ်မည်ဟုဆိုသည်။ သမီးဖြစ်သူသည် သူပြောသည့်အတိုင်းလုပ်ပေးသဖြင့် ပြိတ္တာဘဝမှ လွတ်သွားပါသည်။ လောဘသည် သမလောဘ၊ ဝိသမလောဘဟု နှစ်မျိုးရှိ၏။ တရားသဖြင့် လိုချင်သောလောဘကို 'သမလောဘ'ဟု ခေါ်ပြီး၊ မတရားသဖြင့် လိုချင်သောလောဘကို 'ဝိသမလောဘ'ဟု ခေါ်သည်။

တရားသဖြင့် လိုချင်သောလောဘသည် အနာဂါမ်အရိယာမှာပင် ရှိသေး၏။ (ဘဝရာဂါနုသယကို ဆိုလို)။ ထိုသမလောဘကား မိမိ၊ သူတစ်ပါးနှစ်ဦးလုံးကို ဒုက္ခမပေးပေ။ ဝိသမလောဘသည်သာ မိမိသူတစ်ပါး နှစ်ဦးသားလုံးကိုဒုက္ခပေးသည်။ လူသည် သဘာဝအားဖြင့် မြင့်မြတ်သောသူ ဖြစ်ပါလျက် ယုတ်နိမ့်သောအပါယ်ဘုံသို့ ကျရသည်မှာ ထိုဝိသမလောဘကြောင့်ပင်ဖြစ်၏။

မိသားစုကို လုပ်ကိုင်ကျွေးမွေးသူများသည် သမ္မာအာဇီဝကျကျ တရားသဖြင့်သာ ရှာဖွေကျွေးမွေးသင့်၏။ ဝိသမလောဘ၏ ကျေးကျွန်ဖြစ်ပြီး မတရားသောနည်းများဖြင့် ရှာဖွေကျွေးမွေးမည်ဆိုလျှင် မိသားစုများသည် စားစရာကိုသာအတူ ဝိုင်းစားပေးကြမည် ဖြစ်၏။ အပါယ်သို့ကျဖို့ရှိလျှင်ကား မည်သူမျှ လိုက်ပါပေးလိမ့်မည် မဟုတ်။ မိမိတစ်ယောက်တည်းသာ သွားရမည်ဖြစ်သည်။

### ၉၂ - ကမ္ဘာငိုခဲ့ရသူများ

ဝိသမလောဘအလိုလိုက်ပြီး သံဃာတော်တို့ထက် ဦးဦးဖျားဖျား လှူဖွယ်၊ စားဖွယ်များကို နိုးယူစားသောက် သုံးစွဲကြသည့်အတွက် ၉၂ ကမ္ဘာတိုင်တိုင်ငိုကြွေးရင်း ဝေဒနာခံကြရသူများအကြောင်းကို တိရောကုဍ္ဍသုတ်အဖွင့်အတိုင်း တင်ပြဦးအံ့။

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ၉၂–ကမ္ဘာထက်၌ ဖုဿဘွဲ့မည်ရှိသော ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့၏။ ထိုဘုရားရှင်၏ခမည်းတော်မှာ ကာသိမည်သော မြို့ကြီးကို အစိုးရသော ဇယသေနမင်းကြီး ဖြစ်၏။ မယ်တော်၏အမည်မှာ သီရိမာ မည်၏။ ဇယသေနမင်းကြီးသည် သားဘုရားကို ကြည်ညိုလွန်း၊ ချစ်လွန်းသောကြောင့် ဘုရားနှင့်တကွ သံဃာအားလုံးကို သူတစ်ဦးတည်းသာ ကိုးကွယ်ဆည်းကပ်လှူဒါန်း၏။

တခြား မည်သူ့ကိုမှ လှူဒါန်းပူဇော်ခွင့် မပေးပေ။ ထိုအခါ ဖုဿဘုရားရှင်နှင့် အဖေတူ အမေကွဲ ညီနောင်သုံးယောက်သည် ဘုရားရှင်နှင့် သံဃာတော်များကို ပူဇော်လှူဒါန်းခွင့်ရရန် အကြောင်းတစ်ခု ဖန်တီးကြ၏။ ထိုအကြောင်းကား ပစ္စန္တရာဇ်အရပ်တို့၌ သူတို့လူများကိုလွှတ်၍ ထကြွလှုပ်ရှားခိုင်းခြင်းတည်း။

ထိုသတင်းကိုကြားသော မင်းကြီးသည် သားတော်သုံးပါးကို သွားရောက် နှိမ်နင်းခိုင်း၏။ သားတော်သုံးပါးသည် ငြိမ်သက်အောင်နှိမ်နင်းပြီး ပြန်လာသောအခါ ဇယသေနမင်းကြီးက–

''သင်တို့အလိုရှိသော ဆုကိုတောင်းကုန်လော့''

ဟု ခွင့်ပြုလိုက်၏။ မင်းသားတို့က–

''အကျွန်ုပ်တို့သည် ဘုရားရှင်ကို ပြုစုလုပ်ကျွေးရန် အလိုရှိကြပါကုန်၏''

ဟု လျှောက်တင်၏။ ထိုအခါ မင်းကြီးက–

''ထိုအရာမှတစ်ပါးတခြားသောအရာကို ယူကြလော့''ဟု ပြန်ပြော၏။ မင်းသားတို့ကလည်း–

''ထိုဆုမှတစ်ပါးတခြားသောအရာကို မလိုချင်''ဟူ၍ တင်းခံထား၏။

ထိုအခါ မင်းကြီးက တစ်ထစ်ပြန်လျှော့ချပြီး "အချိန်ကာလ အကန့်အသတ်နှင့် တောင်းပါ"ဟု ဆိုလာသဖြင့် သားတော်များက(၇)နှစ် ပြုစုလုပ်ကျွေးခွင့်ပြုရန် တောင်း၏။ မင်းကြီးက ခွင့်မပြုပေ။ ထိုမှ ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်၊ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလထိ မပေးဘဲ သုံးလကျမှ ခွင့်ပြုလေ၏။

မင်းသားတို့သည် သူတို့ အပိုင်စားရသောနယ်၌ ကျောင်းကြီးဆောက်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်များကို သုံးလတိုင်တိုင် ကျွေးမွေးလှူဒါန်းကြ၏။ ထိုကြီးကျယ်သော အလှူကြီးကို လှူနိုင်ရန် တိုင်းမှူးတစ်ယောက်နှင့် ဘဏ္ဍာစိုးလင်မယားတို့၏ အကူအညီကို များစွာယူခဲ့ရ၏။

ထောင်နှင့်ချီသော သံဃာတော်များကို အဆင်ပြေပြေ ဆွမ်းကျွေးနိုင်ရန် ဝေယျာဝစ္စပေါင်းတစ်သောင်းတစ်ထောင်ကို အသုံးပြုရသည်။ ထိုဝေယျာဝစ္စများတွင် စိတ်ဓာတ်ယုတ်ညံ့သောသူများသည် စားဖွယ်များကို သံဃာတော်များအရင် ခိုးယူစားသောက်ကြ၏။ သံဃာတော်များ သုံးဆောင်ပြီးမှ စားလျှင် အပြစ်ကင်းမှန်းသိပါလျက် သံဃာတော်တို့အရင် ခိုးဝှက်စားသောက်ကြခြင်းသည် ဝိသမလောဘဓာတ်ကြောင့်ပင် ဖြစ်၏။

ထိုဘဝမှ စုတေကြသောအခါ မင်းသားသုံးပါး၊ တိုင်းမှူးယောကျ်ား၊ ဘဏ္ဍာစိုး လင်မယားနှင့် စိတ်ကောင်းထားကြသော ဝေယျာဝစ္စလုပ်သူများသည် နတ်ပြည်သို့ ရောက်ကြရပြီး၊ စိတ်ထားမကောင်းသော ဝေယျာဝစ္စလုပ်သူများက ငရဲသို့ ကျကြရသည်။ စိတ်ထားကောင်း၍ အလုပ်ကောင်းခဲ့သူများသည် နတ်ပြည်ခြောက်ထပ် အစုန်အဆန်လှည့်၍ နတ်စည်းစိမ်ခံစားရင်း ၉၂-ကမ္ဘာ ကြာခဲ့၏။

စိတ်မကောင်းသဖြင့် အလုပ်မကောင်းခဲ့သူများသည်ကား ငရဲကြီးရှစ်ထပ်တွင် အစုန်အဆန် ဒုက္ခခံစားရင်း မျက်ရည်ပင်လယ်ဝေခဲ့ရသည်မှာ ၉၂ ကမ္ဘာပင် ကြာခဲ့၏။ ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားပွင့်တော်မူသောအခါ စိတ်ထားမကောင်းသူများသည် ငရဲမှလွတ်လာပြီး ဇော်မွတ်ခေါင်းပါးသောပြိတ္တာများလာဖြစ်ကြသည်။

တစ်ခါတွင် ဆွေမျိုးတော်စပ်သူတို့ ပေးဝေသော အမျှကိုသာဓုခေါ်ရ၍ တခြားပြိတ္တာများ ချမ်းသာသုခရသွားသည်ကို မြင်ကြရသဖြင့် ကဿပဘုရားရှင်ကို ယခုလိုသွားရောက်မေးလျှောက်ကြ၏။

"မြတ်စွာဘုရားတပည့်တော်တို့သည် ဇော်မွတ်ခေါင်းပါးစွာဖြင့် ဆင်းရဲဒုက္ခခံစားနေရသည်မှာ ၉၂ ကမ္ဘာတိုင်ခဲ့ပါပြီ၊ တပည့်တော်တို့သည် တခြားပြိတ္တာများကဲ့သို့ ချမ်းသာသုခကို ခံစားရန် အခွင့်အရေး ရပါဦးမည်လားဘုရား"

"ယခုအခါ၌မရနိုင်ကုန်၊ နောင်အခါ၌ ဂေါတမမည်သော မြတ်စွာဘုရား ပွင့်ထွန်းတော်မူလိမ့်မည်။ ထိုဘုရားရှင်လက်ထက်၌ ၉၂-ကမ္ဘာထက်က သင်တို့နှင့် အမျိုးတော်ခဲ့သူတစ်ဦးသည် ဗိမ္ဗိသာရအမည်ဖြင့် မင်းဖြစ်လတ့်၊ ထိုမင်းသည် ဂေါတမဘုရားအားအလှူပေး၍ သင်တို့အားအမျှပေးလတ့်၊ ထိုအခါကျမှ သင်တို့ချမ်းသာကြမည်"

ဘုရားနောက်တစ်ဆူပွင့်ရာ နှစ်ကာလကို ကြာလွန်းအားကြီးသဖြင့် နှစ်၊ လဖြင့် မတွက်တော့ဘဲ မြေကြီးအမြင့် ပမာဏနှင့်သာ တွက်ကြတော့၏။ နောက်ဘုရားတစ်ဆူ ပွင့်ရာကာလကို ရောက်ရန်အတွက် ယခုဘုရားရှင်လက်ထက်မှ သက်ရှိ သက်မဲ့များ သေကြေပျက်စီး မြေကြီးဖြစ်သွားရမည်။ ထိုမြေကြီးများ၏ အမြင့်ပမာဏ ရှစ်မိုင်လောက်ရှိမှ နောက်ဘုရားတစ်ဆူပွင့်သည်။

ကဿပဘုရားရှင်၏ တစ်လုံးတစ်ခဲတည်းသော ဓာတ်တော်ကိုဌာပနာပြီး တည်ထားသောရှစ်မိုင်အမြင့်ရှိသည့် ရွှေစေတီကြီးသည် ယခုအခါ ဤမြေကြီး အောက်ရောက်နေပေပြီ။ ပြိတ္တာများသည် ထိုမျှကြာအောင်စောင့်ရမည့်အချိန်ကာလကို မနက်ဖြန်ခါ စားသောက်ရတော့မလောက် သဘောထားပြီး ဝမ်းမြောက်ဝမ်းသာဖြင့် စောင့်စားကြလေသည်။

ထိုသို့ စောင့်စားရင်းဖြင့် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ မင်းသားသုံးပါးသည် ဥရုဝေလကဿပ၊ ဂယာကဿပ၊ နဒီကဿပ ဟူ၍ ရသေ့သုံးဦး ဖြစ်လာ၏။ အရင်ဘဝက အခြွေအရံများသည် ယခုဘဝတွင်လည်း သူတို့၏တပည့်များပင် ဖြစ်လာကြ၏။ ရသေ့သုံးဦးနှင့် အခြွေအရံများအားလုံး ရဟန္တာဖြစ်တော်မူကြသည်။

အလှူအားလုံးကို တာဝန်ယူ ခေါင်းဆောင်ရသော တိုင်းမှူးယောက်ျားသည် ယခုဘဝတွင် ဗိမ္ဗိသာရမင်း ဖြစ်လာ၏။ ဘဏ္ဍာစိုးသူကြွယ်သည် ဝိသာခသူကြွယ် ဖြစ်လာပြီး၊ သူ၏မယားသည် ဓမ္မဒိန္နာမည်သော သူကြွယ်မ ဖြစ်လာသည်။ ကြွင်းသော ပရိသတ်အားလုံးသည် မင်း၏ပရိသတ် ဖြစ်လာသည်။

အခြံအရံ တပည့်တစ်ထောင်စီရှိသော ရသေ့သုံးပါးကို ချေချွတ်ပြီးသည်နှင့် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူသည်။ ရောက်စနေ့မှာပင် ဗိမ္ဗိသာရမင်းကြီးနှင့် တစ်သိန်းတစ်သောင်းသောပရိသတ်တို့သည် တရားပွဲအပြီးတွင်သောတာပန်တည်ကြသည်။ ဗိမ္ဗိသာရမင်းကြီးက နောက်ရက်အတွက် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းစားပင့်ရာ ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူသည်။

၉၂–ကမ္ဘာထက်ကတော်စပ်ခဲ့ဖူးသော ဆွေမျိုးဟောင်းပြိတ္တာများသည် ဗိမ္ဗိသာရမင်းကြီးသည် ငါတို့အတွက်လှူပြီး အမျှပေးတော့မည်ဟုဝမ်းမြောက်ဝမ်းသာရောက်လာကြသည်မှာ ထက်အောက် နန်းတော်ရင်ပြင်ကြီးတစ်ခုလုံး ပြည့်ကျပ်နေတော့သည်။

မင်းကြီးသည်အလှူပေးရင်း ဘုရားရှင် သီတင်းသုံးတော်မူမည့်နေရာ ကျောင်းအတွက် စဉ်းစားနေသောကြောင့် အမျှပေးဝေရန် မေ့လျော့သွားလေသည်။ ထို့ကြောင့် ပြိတ္တာများသည် မချီတင်ကဲဝမ်းနည်းလှသဖြင့် ညဥ့်နက်သန်းခေါင်ရောက်သောအခါ မင်းကြီး၏နန်းတော်တွင်းဝင်၍ ကြောက်မက်ဖွယ်ရာ အသံကြီးများဖြင့် အော်ဟစ်ကြလေသည်။

မင်းကြီးသည် ကြောက်ရွံ့လှသဖြင့် နံနက်မိုးလင်းသည်နှင့် ဘုရားရှင်ထံသွားပြီး မေးလျှောက်ရာ ဘုရားရှင်က အလုံးစုံရှင်းပြလိုက်လေ၏။ ထိုအခါကျမှ နောက်တစ်ကြိမ် ဆွမ်းကျွေးရပြန်၏။ ထိုအခါတွင်လည်း၉၂–ကမ္ဘာထက်က တော်စပ်ခဲ့ဖူးသော ဆွေဟောင်းမျိုးဟောင်းပြိတ္တာများသည် ရင်ပြင်တစ်ခုလုံးပြည့်အောင် ရောက်လာကြပြန်၏။

ဘုရားရှင်သည် ပြိတ္တာများကို မင်းကြီးမြင်နိုင်အောင် တန်ခိုးဖြင့် ပြတော်မူ၏။ မင်းကြီးသည် သောက်ရေ၊ သုံးရေကန်ကိုပေးလှူ၍ အမျှပေးဝေသောအခါ ပြိတ္တာများသည် ကြာမျိုးစုံဖြင့် လှပတင့်တယ်သော ရေကန်ကြီးကိုရပြီး ထိုရေကန်၌ ရေချိုးခြင်း၊ ရေသောက်ခြင်းဖြင့် ၉၂–ကမ္ဘာထက်က ငတ်မွတ်သောဘေးများ ကင်းပျောက်ပြီး ရွှေအဆင်းကဲ့သို့ လှပတင့်တယ်သွားလေ၏။

တစ်ဖန်ယာဂု၊ ခဲဖွယ်၊ စားဖွယ်များကို လှူ၍ အမျှပေးသောအခါ ထိုလှူသည့်အတိုင်း စားဖွယ်ခဲဖွယ်တို့ကို ဆွေမျိုးပြိတ္တာများ ရရှိသွားကြသည်။ တစ်ဖန် အဝတ်ပုဆိုး အိပ်ရာနေရာများကို ပေးလှူသောအခါ ပြိတ္တာများသည်အဝတ်ပုဆိုး အိပ်ရာနေရာများကို ရရှိခံစားကြရလေ၏။ ဤဘက်မှာ လှူသည့်အတိုင်း ဟိုဘက်မှာသွားရသည်ကို သတိပြု၍ အဆောက်အဦရစေချင်လျှင် အဆောက်အဦ လှူပေးရမည်စသဖြင့် ချဲ့ထွင်၍သိပါ။

### အမျှရနိုင်သောဘုံနှင့် မရနိုင်သောဘုံ

ကွယ်လွန်သူအတွက် အမျှရနိုင်သောဘုံနှင့် မရနိုင်သောဘုံ ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံတို့သို့ ရောက်သွားလျှင် ဤဘဝကပေးသော အမျှကို သာဓုမခေါ်နိုင်တော့ပေ။ သို့သော် မိမိရည်စူးသူမရသော်လည်း ဘဝအဆက်ဆက်ကဆွေမျိုးတော်စပ်ခဲ့ဖူးသည့် မကျွတ်မလွတ်သေးသော ဆွေဟောင်းမျိုးဟောင်းများ

သာစုခေါ်နိုင်သည့်အတွက်ကောင်းကျိုးရှိသည်သာ။

သာစုခေါ်နိုင်သောဘုံကား ပြိတ္တာဘုံသာဖြစ်၏။ အသူရကာယ်သည် ပြိတ္တာအကြီးစားပင်ဖြစ်၍ပြိတ္တာဘုံထဲ အကြုံးဝင်သည်ဟု သိနိုင်သည်။ ပြိတ္တာလေးမျိုးရှိ၏။ ယင်းတို့ကား–

၁။ ပရဒတ္တူပဇီဝိကပြိတ္တာ

၂။ ခုပ္ပိပါသိကပြိတ္တာ

၃။ နိဇ္ဈာမတဏှိကပြိတ္တာ

၄။ ကာလကဉ္စိကပြိတ္တာ တို့ ဖြစ်သည်။

သူတစ်ပါးတို့ ပေးအပ်သောအစာကို အမှီပြု၍ အသက်ရှင်ရသောပြိတ္တာကို**ပရဒတ္တူပဇီဝိကပြိတ္တာ**ဟု ခေါ်သည်။ ထမင်းငတ်ခြင်း၊ ရေမွတ်သိပ်ခြင်းဖြင့် မပြတ်အနိုပ်စက်ခံနေရသော ပြိတ္တာမျိုးကို **ခုပ္ပိပါသိကပြိတ္တာ**ဟုခေါ်၏။ အမြဲတမ်းအလောင်ကျွမ်းခံနေရသဖြင့် ပူပန်ခြင်းရှိသော ပြိတ္တာကို **နိဇ္ဈာမတဏှိကပြိတ္တာ**ဟု ခေါ်၏။

အသူရကာယ်ဟု အသီးအခြား ခေါ်ဝေါ်အပ်သော ပြိတ္တာအသူရကာယ်ကို**ကာလကဉ္စိကပြိတ္တာ**ဟုခေါ်၏။ ကာလကဉ္စိကအသူရကာယ်၏ပုံသဏ္ဌာန်အကျယ်ကို အဋ္ဌကထာတွင် ယခုလိုဖွင့်ပြထား၏။

ထိုကာလကဉ္စိက အသူရကာယ်တို့၌ အတ္တဘောသည် သုံးဂါဝုတ်(ခြောက်မိုင်)မျှ ပမာဏရှိသောဟူ၏။ နည်းသော အသားအသွေးရှိ၏။ အရိုးအရေမျှသာ ရှိသည်အဖြစ်ကြောင့် ဖက်ရွက်ခြောက်ကဲ့သို့သောကိုယ်ရှိ၏။ ပုဇွန်တို့ကဲ့သို့မျက်စိတို့သည် ထွက်၍ ဦးခေါင်း၌တည်ကုန်၏။ ခံတွင်းသည် အပ်နဖါးပေါက်နှင့်တူ၏။ ထိုခံတွင်းသည် ဦးခေါင်းပေါ်၌တည်၏။ ထို့ကြောင့် ကာလကဉ္စိကအသူရကာယ်တို့သည် အောက်သို့ညွတ်ကုန်း၍အစာကို ယူစားရ၏။ (ဒီ ၄ ၃–၅)

**မှတ်ချက်**။ ။ နိယတဗျာဒိတ်ခံယူပြီးသော ဘုရားအလောင်းတော်တို့သည် ခုပ္ပိပါသိကပြိတ္တာမျိုး၊ နိဇ္ဈာမတဏှိကပြိတ္တာမျိုးနှင့် ကာလကဉ္စိကပြိတ္တာအသူရာမျိုး၌ မဖြစ်ဟု အပါဒါန်သုတ္တနိပါတ် ဗုဒ္ဓဝင်နှင့် စရိယာပိဋကအ အဋ္ဌကထာတို့၌ အဆိုရှိရာ ပရဒတ္တူပဇီဝိက ပြိတ္တာမျိုးကား ဖြစ်နိုင်သေး၏။

(အပါဒါန ၄– ၁၊ ၁၅၇။ သုတ္တနိပါတ ၄– ၁၊ ၄၅။ ဗုဒ္ဓဝံသ ၄–၃၁၆။ စရိယာပိဋက ၄–၃၂၁)

ပြခဲ့ပြီး ပြိတ္တာလေးမျိုးတို့တွင်လည်း သေချာပေါက်အမျှရနိုင်သော ပြိတ္တာမျိုးသည် ပရဒတ္တူပဇီဝိကပြိတ္တာမျိုးပင် ဖြစ်သည်။ ရိုးရိုးပေးလှူရာ၌ အလှူခံပုဂ္ဂိုလ် ရွေးစရာမလိုသော်လည်း၊ တမလွန်က လူအတွက် လှူရာ၌ကား အလှူခံပုဂ္ဂိုလ်ကို ရွေးရ၏။

### အမျှရအောင်ဝေနည်း အဆင့်ဆင့်

၁။ အလှူခံပုဂ္ဂိုလ်သည် သီလစင်ကြယ်သောသူ ဖြစ်ရမည်။

၂။ သေသူကို နာမည်ခေါ်၍ ကြိုတင်ဖိတ်ကြားထားရမည်။

၃။ အမျှပေးသောအခါ သေသူ၏နာမည်ကို ထုတ်ဖော်ရမည်။

၄။ အပ်စပ်သော လှူဖွယ် ဝတ္ထုများကိုသာ လှူရမည်။

(ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသည် ဖြစ်ရမည်၊ အလှူခံရဟန်း၌ ကပ္ပိယမပါလျှင် ငွေများမလှူသင့်)။

ထိုလေးချက်တွင်အလှူခံပုဂ္ဂိုလ် သီလစင်ကြယ်ဖို့ အရေးကြီးပုံနှင့်ပတ်သက်၍ ပေတဝတ္ထုပါဠိတော်လာ၊ စူဠသေဋ္ဌိပေတဝတ္ထုကို အကျဉ်း ချုပ်ပြဦးအံ့။

အခါတစ်ပါး၌ အဇာတသတ်ဘုရင်သည် နန်းတော် အထက်ကောင်းကင်မှ ဖြတ်သွားနေသော ပုဂ္ဂိုလ်တစ်ယောက်ကို ထူးဆန်းစွာတွေ့ မြင်လိုက်ရ၏။ ရဟန်းတစ်ပါးထင်ပြီး လိုအပ်ချက်ကို လှူဒါန်းရန် လှမ်းပင့်လိုက်၍ ထိုပုဂ္ဂိုလ်သည် အဇာတသတ်မင်းရှေ့သို့ ရောက်လာလေ၏။

ထိုပုဂ္ဂိုလ်၏ တစ်ကိုယ်လုံးတွင် အဝတ်အစား မပါသကဲ့သို့ အသားစိုင်၊ အသားခဲဟူ၍လည်း တစ်

ခုမှ မပါပေ။ အရိုးပေါ် အကြောပတ်ပြီး အရေပြား လေး ဖုံးရုံသာ ဖုံးထား၏။ ဦးခေါင်းမှာလည်း ဆံပင် မရှိဘဲ ပြောင်နေသည်ကို တွေ့ရ၏။ အဇာတသတ် မင်းသည်အံ့ဩထိတ်လန့်စွာဖြင့် ယခုလိုမေးမြန်း၏။

''သင့်ကို ရဟန်းတစ်ပါးဟု ထင်မိ၏။ ဟုတ်ပါ သလား''

''မဟုတ်ပါ၊ ပြိတ္တာတစ်ဦးသာ ဖြစ်ပါသည်''

''အဘယ့်ကြောင့် ပြိတ္တာဘဝသို့ ရောက်ရပါသ နည်း။ ပြောပြနိုင်လျှင် ပြောပြစေချင်ပါသည်''

''ပြောပြနိုင်ပါသည်၊ ကျွန်ုပ်သည်အရင်ဘဝက ဗာရာဏသီပြည်တွင် လူ ဖြစ်ခဲ့သည်။ မည်သည့် ဒါနကုသိုလ်မှ မလုပ်ခဲ့သလို မည်သည့်သီလမှ မစောင့်ထိန်းဘဲ အကုသိုလ်နှင့် နေခဲ့သည်။ ထို့ ကြောင့် သေသောအခါ ယခုလိုပြိတ္တာဘဝသို့ရောက် ခဲ့ရခြင်း ဖြစ်ပါသည်။

''ယခု ဘယ်အရပ်သို့ သွားမည်နည်း''

''ကျွန်ုပ်၏ သမီးတစ်ယောက်သည် မိဘဘိုး ဘွားများအတွက် အလှူလုပ်ပေးမည်ဟု ကြားသိရ သောကြောင့် စားသောက်ခွင့်ရရန် သာဓုခေါ်ခွင့်ရ ရန် အန္ဓကဝိန္ဒမြို့သို့ သွားရောက်ပါမည်''

''ထိုအလှူမှ အပြန်တွင်ဝင်ခဲ့ပါဦး၊ လိုအပ်ချက် ရှိနေလျှင် ကူညီလှူဒါန်းပြီး အမျှပေးဝေပါမည်''

''ကောင်းပါပြီ''

ဟု ဝန်ခံ၍ ပြိတ္တာသည် ဆက်လက် ထွက်ခွာ သွားလေသည်။ အလှူကိစ္စပြီးသောအခါ ထိုပြိတ္တာ သည် ကတိအတိုင်း အဇာတသတ်ဘုရင်ထံသို့ ဝင်လာ၏။ ထိုအခါ အဇာတသတ်ဘုရင်က ယခုလို မေးမြန်း၏။

**အဇာတသတ် ကိုယ်တွေ့ပြိတ္တာ**

''ကုသိုလ်၏ အကျိုးကို ခံစားခဲ့ရပါ၏လော''

''မခံစားခဲ့ရပါ''

''အဘယ့်ကြောင့် မခံစားခဲ့ရပါသနည်း''

''အလှူခံများသည် သီလမရှိသော ပုဏ္ဏားများ ဖြစ်၍ မခံစားရခြင်းဖြစ်ပါသည်''

**မှတ်ချက်**။ ။ သူ့သမီးသည် ဗုဒ္ဓဘာသာဝင်မဟုတ်၊ ပြဟ္မာကိုကိုးကွယ်သော ဗြာဟ္မဏဘာသာဝင်(ဟိန္ဒူ) ဖြစ်သည်။ ထို့ကြောင့် ပုဏ္ဏားများကိုသာ ဆွမ်းကျွေး ခြင်း ဖြစ်သည်။

ထိုအခါ အဇာတသတ်မင်းသည် သံဃာတော် များကိုပင့်ဖိတ်၍ ကျွေးမွေးလှူဒါန်းပြီး အမျှပေးရာ ထိုသူသည် ပြိတ္တာဘဝမှ လွတ်မြောက်ပြီး နတ်စည်း စိမ်ချမ်းသာကို ခံစားသွားရလေသည်။ ဤအဖြစ် အပျက်မျိုး ယခုခေတ်မှာလည်းရှိပေသည်။ မန္တလေး မြို့မှဘာသာခြားသူဌေးကြီးတစ်ဦး၏ သမီးငယ်လေး ဆုံးသွားပြီး အိမ်ထဲမှာပင် ပြိတ္တာဖြစ်နေရှာသည်။

သူ့တွင် ဝတ်စရာ၊ စားစရာမရှိဘဲ ငတ်ပြတ် ဆင်းရဲနေပုံကို ကိုယ်ထင်လည်းပြ၊ အိပ်မက်လည်း ပေးသဖြင့် ထိုသူဌေးကြီးသည် သူတို့ အစ္စလာမ် ဘာသာဆိုင်ရာ ပုဂ္ဂိုလ်များကိုပင့်ဖိတ်ပြီး အလှူပေး သည်။ မိန်းကလေးက သူမရကြောင်း ပြောသည်။ တခြား ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာမှ ပုဂ္ဂိုလ် များကို ပင့်ဖိတ်ပြီး အမျှပေးကြည့်ပြန်သည်။ မရ ကြောင်း ကိုယ်ထင်လည်းပြ၊ အိပ်မက်လည်းပေး၏။

နောက်ဆုံး ဗုဒ္ဓဘာသာနည်းအတိုင်း ရဟန်း သံဃာတော်များ ပင့်၊ ကုသိုလ်ပြု အမျှပေးမှ စည်း စိမ်ချမ်းသာများ ရကြောင်းကို ကိုယ်ထင်လည်းပြ၊ အိပ်မက်လည်းပေးပြီး တစ်ခါတည်း ကျွတ်သွားလေ သည်။ လက်တွေ့ဖြစ်သဖြင့် ထိုဘာသာခြား သူဌေး ကြီးက ယခုလိုရဲရဲတောက် စကားတစ်ခွန်းကို ဘာ သာခြား မိတ်ဆွေများနှင့်တွေ့တိုင်း အမြဲပြော၏။

**ဘာသာခြားတစ်ဦး၏**
**ဓမ္မစိဋ္ဌာန် ကြွေးကြော်သံ**

<u>တမလွန်ဘဝက ပုဂ္ဂိုလ်ကို စည်းစိမ်ချမ်းသာ</u>
<u>ပေးလို့ရတာဆိုလို့ ဗုဒ္ဓဘာသာ</u>
<u>တစ်ဘာသာပဲ ရှိတယ်။</u>

ထို့နောက် မန္တလေးမြို့ မိုးကောင်းစာသင်တိုက်

ကြီးအတွင်း တိုက်ကျောင်းကြီးတစ်ကျောင်းဆောက်လုပ် လှူဒါန်းခဲ့ဖူးကြောင်း မှတ်သားရဖူး၏။ နောင်တွင် သူ့ဆွေမျိုးများအားလုံး ဗုဒ္ဓဘာသာဝင်ဖြစ်သွားကြသည်။ ၂၀၀၇-ခုနှစ် ၁၁-လပိုင်းအတွင်းကလည်း မော်လမြိုင်မှ စိတ်ဝင်စားဖွယ်ရာ ဖုန်းတစ်ခုဝင်လာ၏။

''ဟယ်လို ပြောပါ၊ မေတ္တာရှင် ရွှေပြည်သာ ဆရာတော် စကားပြောနေပါတယ်''

''တပည့်တော်က ဘာသာခြား အမျိုးသမီးတစ်ဦးပါ၊ ဆရာတော်ရေးတဲ့'အရှုံးမရှိသော ဒဿန'စာအုပ်ကိုဖတ်ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားပါပြီ၊တပည့်တော်တို့ ဘာသာဝင်တွေဟာ အစွန်းရောက်တာများပါတယ်၊ ဒါကြောင့် မိသားစုအားလုံးကြားထဲမှာအငယ်ဆုံးဖြစ်နေတဲ့ တပည့်တော်ဟာ ဗုဒ္ဓဘာသာကို ပေါ်ပေါ်ထင်ထင်မကိုးကွယ်ရဲပါဘူး။ မိသားစုအားလုံးမသိအောင် စိတ်ထဲပဲကြိတ်ပြီး ကိုးကွယ်နေရပါတယ်၊ အဲဒါ တပည့်တော် ဗုဒ္ဓဘာသာဝင်ဖြစ်၊ မဖြစ် သိလိုပါတယ် အရှင်ဘုရား''

''မြတ်စွာဘုရားရဲ့ သာသနာတော်မှာ မနောကံလို့ခေါ်တဲ့ စိတ်ကပဓာနကျပါတယ်၊ စိတ်ထဲကရတနာသုံးပါးကို ထက်ထက်သန်သန် ကြည်ညိုတယ်ဆိုရင် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ပါပြီ၊ ဓမ္မပဒမှာ ဝဏ္ဏဝတီ သို့မဟုတ် စူဠဝိသာခါလို့အမည်ရတဲ့ သူဌေးသမီးတစ်ယောက် ရှိပါတယ်၊ သူဟာခုနစ်နှစ်သမီးအရွယ်ကတည်းက သောတာပန်တည်ထားသူလေးပါ။

သောတာပန်ဆိုရင် ရတနာသုံးပါးကို အသက်နဲ့လဲပြီးကြည်ညိုတယ်၊ ငါးပါးသီလကိုလည်း အသက်နဲ့လဲပြီး လုံခြုံတယ်၊ ရှေးက ဇနီးမောင်နှံဘဝနဲ့ဘုရားတည်ခဲ့ဖူးတဲ့ သူ့အမျိုးသားဟာ ဒီဘဝကျတော့ သားသတ်မုဆိုးကြီးဖြစ်နေတယ်၊ ရွေးရေစက်ပါတော့ မိန်းကလေးဟာ အဲဒီ မုဆိုးကြီးနောက်ကိုလိုက်သွားတယ်။

**အထင်လွဲခံရတဲ့ သောတာပန်မလေး**

''နောက်တော့ ပေါင်းသင်းနေထိုင်ကြတယ်ပေါ့၊ ဒီအမျိုးသမီးလေးဟာ သောတာပန်အရိယာဖြစ်သော်လည်းပဲ လင်ဖြစ်သူ တောလည်ထွက်ခါနီးရင်လေး၊ မြား၊ လက်နက်တွေ ပြင်ဆင်ပေးရတယ်၊ ဒါကို မြင်သွားတဲ့ ရဟန်းတော်တွေက သောတာပန်အရိယာဖြစ်သူဟာ သူတစ်ပါးအသက်ကို သတ်ရာရောက်သလို ဖြစ်နေတယ်ဆိုပြီး ဝေဖန်ကြတယ်''

''ပါဏာတိပါတကံရော မထိုက်ဘူးလား ဘုရား''

''မထိုက်ဘူး၊ ဘာကြောင့်လဲဆိုတော့ သတ္တဝါတွေကို သေစေလိုတဲ့ စေတနာမပါသောကြောင့်ပဲ၊ ပါဏာတိပါတကံထိုက်ဖို့အတွက် အင်္ဂါငါးချက်လိုတယ်။

၁။ သတ္တဝါ ဖြစ်ရမယ်၊
၂။ သတ္တဝါမှန်း သိရမယ်၊
၃။ သေစေလိုတဲ့ စိတ် စေတနာရှိရမယ်၊
၄။ ဝီရိယနဲ့ သတ်ခိုင်းရမယ် (သို့မဟုတ်) ကာယကံမြောက် ကိုယ်တိုင်သတ်ရမယ်၊
၅။ ထိုသတ္တဝါ သေသွားရမယ်။

ဒီငါးချက်မှာ သေစေလိုတဲ့စိတ်စေတနာ ရှိရမယ်ဆိုတဲ့အချက် ပျက်ကွက်နေတဲ့အတွက်ကြောင့် ဒီမိန်းကလေးဟာ ပါဏာတိပါတကံ မထိုက်တာပါ၊ ရှင်းရှင်းလင်းလင်း သိစေချင်တာကတော့ သူ့ရဲ့ကိုယ်အမူအရာက သတ္တဝါတွေကို သေအောင်လုပ်ပေးသလိုဖြစ်ပေမယ့် သူ့စိတ် မနောကံက ဖြူစင်နေတဲ့အတွက် အပြစ်မဖြစ်တာကို သိစေချင်တာပါ။

ဒါကိုဘုရားရှင်က ဥပမာတစ်ခုနဲ့ဟောပြတယ်-

ပါဏမှိစေ ဝဏောနာဿ၊
ဟရေယျ ပါဏိနံ ဝိသံ။
နဗ္ဗဏံ ဝိသမန္ဝေတိ၊
နတ္ထိ ပါပံ အကုဗ္ဗတော။

လက်ဖဝါးမှာအနာရှိရင် အဆိပ်ကို ကိုင်လိုက်တာနဲ့ ချက်ချင်းသေမယ်၊ လက်ဖဝါးမှာအနာမရှိရင်

အဆိပ်ကိုကိုင်သော်လည်း ဘာမှမဖြစ်ဘူး။

အဲဒီဥပမာအတိုင်းပဲ သတ္တဝါကို ကာယကံနဲ့ သတ်ရာရောက်သလို ဖြစ်သွားသော်လည်း သေစေလိုတဲ့ စေတနာဆိုး မရှိတဲ့သူအတွက် ဘာအပြစ်မှ မရှိဘူးလို့ ဆိုလိုပါတယ်။

ဒါကြောင့် ဒကာမလေးအနေနဲ့ မိဘဆွေမျိုးများရှေ့မှာ ဝတ္တရားအရအရင်ဘာသာကို ကိုးကွယ်သလို ကိုယ့်ခန္ဓာကနေနေရပေမယ့် စိတ်က ရတနာသုံးပါးကို နှစ်နှစ်ကာကာ ကြည်ညိုနေတယ်ဆိုရင် ဗုဒ္ဓဘာသာပါပဲ၊ အခုဆိုရင် ဒကာမလေးဟာ'အရှုံးမရှိသောဒဿန'စာအုပ်ဖတ်ပြီးကတည်းက ရတနာသုံးပါးကို နှစ်နှစ်ကာကာ ကြည်ညိုနေတာ လအတော်ကြာနေပါပြီ။

''ဒီစာအုပ်ဟာ ၂၀၀၆–ခုဩဂုတ်လကထုတ်တာ၊ အခု ၂၀၀၇–ခု နိုဝင်ဘာတောင် ရောက်နေပြီဆိုတော့ တစ်နှစ်တောင်ကျော်နေပြီလေ၊ ဒီတော့ ဒကာမလေး ရတနာသုံးပါးကိုကြည်ညိုနေတဲ့အချိန်ဟာ တစ်နှစ်ကျော်နေပြီလို့ ဆိုနိုင်တာပေါ့၊ ရတနာသုံးပါးကို အဲဒီလို လပေါင်းများစွာ ကြည်ညိုသူကို မဆိုထားနဲ့ သေခါနီးမိနစ်ပိုင်းလောက် ကြည်ညိုတဲ့ ကုသိုလ်နဲ့တင် နတ်ပြည်ရောက်သွားတဲ့ဘာသာခြားတွေ အများကြီးရှိပါတယ်''

''အရှုံးမရှိသော ဒဿနစာအုပ်ထဲမှာ မပါသေးတဲ့ အကြောင်းအရာ ဖြစ်ရပ်ဆန်းမျိုးရှိသေးတယ်ဆိုရင် တပည့်တော်မ နားထောင်ချင်ပါတယ် ဘုရား''

''ဒကာမလေးက ဘာသာခြားကပြောင်းလာတာ မကြာသေးဘူးသာ ဆိုတယ်၊ ဘုန်းကြီးတွေနဲ့ စကားပြောတာတော့ ချောနေပါလား''

''အဲဒါက သူငယ်ချင်းရဲ့ကျေးဇူးပါ၊ ဒီစာအုပ်ကိုလည်း အဲဒီဗုဒ္ဓဘာသာသူငယ်ချင်းကပဲ ငှားတာပါ''

''အခု အေးအေးဆေးဆေး နားထောင်ချိန်ရရဲ့လား၊ အိမ်ကမိဘတွေ သိကုန်လို့ ဒကာမလေး အဆူခံနေရဦးမယ်''

''မသိနိုင်ပါဘူးဘုရား၊ အိမ်မှာ တခြားမိသားစုတစ်ယောက်မှ မရှိတဲ့အချိန် ရွေးဆက်လိုက်တာပါ''

**ဗုဒ္ဓနှင့် ဘာသာခြား အဘွားအို**

''ဒါဆိုရင်လည်း အေးအေးဆေးဆေး ပြောပြမယ်၊ ဘုရားရှင်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုပါ၊ တစ်ခါတော့ ဘုရားရှင်ဟာနံနက်မိုးသောက်ထတဲ့အချိန်မှာ မဟာကရုဏာသမာပါတ် ဝင်စားရင်း စဏ္ဍာလတင်းကုပ်မှာနေတဲ့ သက်တမ်းကုန်နေတဲ့ အဘွားအိုတစ်ယောက်ကို သွားမြင်တယ်၊ သူ့နာမည်က စဏ္ဍာလီတဲ့''

''စဏ္ဍာလဆိုတော့ လူသေမြှုပ်ပေးတဲ့ သုဘရာဇာမျိုးပဲလား ဘုရား''

''ဒီလိုဖြစ်ဖို့ပဲ များပါတယ်၊ စာထဲမှာတော့ စဏ္ဍာလ တင်းကုပ်ထဲနေတယ် ဆိုတာလောက်ပဲပါတယ်၊ ဒီအဘွားအိုဟာ စာထဲကအတိုင်းဆိုရင် ဘာသာခြားတစ်ယောက်ပဲလို့ ကောက်ချက်ချနိုင်တယ်''

''ဘယ်အချက်ကိုကြည့်ပြီး ပြောတာလဲဘုရား''

''ဒါက ပြီးတော့ ပေါ်လာပါလိမ့်မယ်၊ စဏ္ဍာလီအမည်ရှိတဲ့ အဘွားအိုဟာ အခုမနက်ခင်းမှာပဲသေမယ်၊ ပြီးတော့ ဘာကုသိုလ်မှ မရှိတဲ့အတွက် ငရဲလည်းကျမယ်၊ ငရဲမကျစေချင်တဲ့အတွက်ဘုရားရှင်ဟာ သံဃာပေါင်းများစွာခြံရံပြီး ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်တယ်။

''ဒီအချိန်မှာ အဘွားအိုကလည်း မြို့ပြင် အထွက်လမ်းမှာ ဘုရားနဲ့မျက်နှာချင်းဆိုင် တည့်တည့်တိုးနေတော့တာပေါ့၊ မြတ်စွာဘုရားကလည်း အဘွားအို ရှေ့ဆက်သွားမရဘဲ ရှိခိုးကန်တော့ဖြစ်သွားအောင် ရှေ့တည့်တည့်ကနေ ပိတ်ရပ်ထားတော်မူတယ်။

''ဒါပေမဲ့ အဘွားအိုဟာ ဘုရားရှင်ကို ရှိမခိုးဘူး၊ ဒီအတိုင်းပဲ ပေပြီး ရပ်နေတယ်''

''ဘာလို့ မရှိခိုးတာလဲ ဘုရား''

''ဘာသာခြားမို့လို့ နေမှာပေါ့၊ ဒီအချက်ကို ကြည့်ပြီး ဘာသာခြားလို့ ကောက်ချက်ချခဲ့တာ၊

ဒီအခါမှာ အရှင်မောဂ္ဂလာန်က ဂါထာနှစ်ဂါထာနဲ့ ဘုရားရှင်ကို ရှိခိုးဖို့ အဘွားအိုကို တိုက်တွန်းတယ်။

စဏ္ဍာလီဒါယကာမကြီး အခြံအရံအကျော်စော ရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ ခြေတော်ကို ရှိခိုးလော့၊ အမြတ်ဆုံးဣသိ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သင့်ကိုသာလျှင် ချီးမြှောက်တော်မူခြင်းငှာ ရပ်တည်တော်မူ၏၊ တာဒိဂုဏ် (လောကဓံနှင့်ကြုံသော်လည်း တုန်လှုပ်ခြင်းမရှိ သည်းခံနိုင်ခြင်း)နှင့် ပြည့်စုံတော်မူသောပုဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၌ စိတ်ကိုကြည်လင်စေလော့၊ လျင်မြန်စွာ လက်အုပ်ချီ၍ ရှိခိုးလိုက်လော့၊ သင်၏ အသက်သည် အလွန်တို တောင်းလှ၏ တဲ့။

အရှင်မောဂ္ဂလာန်ကဘုရားရှင်ရဲ့ ကြည်ညိုဖွယ် ရာဂုဏ်တွေကိုလည်းဟောပြတယ်၊ သူတစ်ခဏ အတွင်း သေရတော့မယ်ဆိုတာကိုလည်း တန်ခိုးနဲ့ မြင်အောင်ပြလိုက်တယ်၊ အဲဒီတော့မှအဘွားအိုဟာ ဘုရားရှင်ကို ကြည်ညိုမြတ်နိုးစွာနဲ့ ဦးချရှိခိုးတယ်။

### တစ်ကြိမ်ဦးချ ကျိုးဖလ

ထိခြင်းငါးပါးနဲ့ ရှိခိုးပြီးတော့ အဘွားအိုဟာ သူ့အတွက် တစ်ပင်တစ်ပန်းကြွလာတဲ့ ဘုရားရှင်ကို ကြည်ညိုမြတ်နိုးစွာနဲ့ လက်အုပ်ချီပြီး ကြည်ညို နေတယ်၊ ဒီလောက်ဆိုရင် နတ်ပြည်ရောက်ဖို့ လုံလောက်ပြီဆိုတာသိသွားတဲ့ ဘုရားရှင်ဟာ သံဃာများနဲ့အတူ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်သွားတယ်။

ဘုရားရှင်ကြွပြီး ခဏအတွင်းမှာပဲ သားဖောကြောင့် ဒေါသဖြစ်နေတဲ့ နွားမတစ်ကောင် အတင်းဝင်ဝှေ့လို့ အဘွားအိုဟာ သေပွဲဝင်ရရှာတယ်၊ ဒါပေမဲ့ သေခါနီး ဘုရားရှင်ကို ရှိခိုးတဲ့ကုသိုလ်ကြောင့် လူ့သက်နဲ့ဆိုရင် နှစ်ပေါင်းသုံးကုဋေနဲ့ အနှစ်ခြောက်သန်းအသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံကိုရောက်ရတယ်။

နတ်ဘုံရောက်ရောက်ခြင်း၊ ငါ ဘာကုသိုလ်ကြောင့် ရောက်ရတာလဲဆိုတာ ပြန်ဆင်ခြင်ကြည့်တော့ ဘုရားရှင်ကို ရှိခိုးတဲ့ ကုသိုလ်ကြောင့်ဆိုတာ သိသွားတယ်၊ သူ ဒီလိုရှိခိုးဖြစ်အောင် တိုက်တွန်းဟောကြားပေးတဲ့ အရှင်မောဂ္ဂလာန်ရှိရာကို သူ့ဗိမာန်ကြီးပါ သယ်ဆောင်ရောက်လာပြီး ကျေးဇူးတင်စကား လျှောက်ထားတယ်။

(ဗိမာနဝတ္ထုပါဠိတော်၊ စဏ္ဍာလီဗိမာနဝတ္ထု)

ဒီသာဓကကိုထောက်ပြီး၊ သေခါနီးဘုရားရှင်ကို တစ်ခဏတာ ကြည်ညိုရှိခိုးတဲ့ကုသိုလ်လေးတောင် ဒီလောက်ကောင်းကျိုးတွေ ပေးသေးရင် ဒကာမလေးတို့လို နေစဉ်ကြည်ညိုရှိခိုးတဲ့သူတွေ ဆိုရင် ဘယ်လောက်ထိများ ကောင်းကျိုးတွေရလိုက်လေ မလဲလို့တွေးပြီး ရတနာသုံးပါးကို ကြည်ညိုကိုးကွယ် ခွင့်ရတာကို ဝမ်းသာပါ''

''အခုလိုသိရတာ ဝမ်းသာလှပါတယ်ဘုရား၊ တပည့်တော် ဆရာတော်ရေးသမျှ စာအုပ်အားလုံး နီးပါးကို ဖတ်ထားတော့ ရတနာသုံးပါးကို တအား ကြည်ညိုနေတာဘုရား၊ ဘယ်တော့မှလည်းနောက်ဆုတ်မှာ မဟုတ်တော့ဘူး၊ တစ်ချိန်ချိန်မှာ မိဘဆွေမျိုးတွေကဒီအကြောင်းတွေသိသွားလို့အတင်းအကြပ်ကိုင်ပြီး ပိတ်ပင်လာခဲ့ရင် တပည့်တော်က ရတနာသုံးပါးတော့ မစွန့်ဘူး၊ အသက်ကိုစွန့်မယ်လို့လည်း ဆုံးဖြတ်ထားပါတယ် ဘုရား''

''ဒါ–မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲ၊ ရတနာသုံးပါးနဲ့ ပတ်သက်လာရင် လူ့ဘဝခန္ဓာကိုတောင် စွန့်ရဲရမယ်၊ လူ့ဘဝက ကြေးလက်ကောက်ဆိုရင် နတ်ဘဝက ရွှေလက်ကောက်အဆင့်ပဲ၊ ကြေးလက်ကောက်နဲ့ ရွှေလက်ကောက်ကို ဘာမှ မလဲရဲစရာ မရှိဘူး။

''အချိန်ရရင်– ရတနာသုံးပါးအတွက် အသက်ကိုတောင်စွန့်သွားတဲ့ ဘာသာခြားမိန်းမပျိုလေးတစ်ယောက်အကြောင်းကိုလည်းပြောပြချင်သေးတယ်''

''ပြောပြပါဘုရား တပည့်တော်မ အချိန်ရပါတယ်''

''တစ်ခါတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရဟန်းသံဃာများစွာနဲ့အတူ ဒေသစာရီ လှည့်လည် တရားဟောရင်း ကောသလတိုင်းအတွင်းက ထူဏ အမည်ရှိတဲ့၊ ပုဏ္ဏားရွာကြီးရဲ့အနီးကို ရောက်လာ တယ်၊ ထူဏရွာကြီးဟာ မြစ်တစ်ဘက်ကမ်းမှာရှိနေ တာပေါ့၊ မြစ်ကိုဖြတ်ကျော်ပြီးတာနဲ့ ထူဏရွာကို ရောက်မယ်ပေါ့''

### အသက်ကိုစွန့်၍ သောက်ရေလှူသူ

သူတို့တစ်ရွာလုံးဟာ ဘာသာခြားတွေချည်းပဲ ဖြစ်တဲ့အပြင် ဣဿာမစ္ဆရိယ လွှမ်းမိုးနေခဲ့တဲ့သူက အများစု ဖြစ်နေတယ်၊ ဒါ့ကြောင့် ဘုရားရှင်သူတို့ ရွာထဲကြွလာလို့မရအောင် လှေအားလုံးကိုဝှက်ထား ကြတယ်၊ မြစ်ကူးတံတားတွေကိုလည်း ဖျက်ဆီးပစ် ကြတယ်၊ ရွာထဲမှာရှိတဲ့ ရေအိုးစင်မှန်သမျှကိုလည်း ဖျက်ဆီးပြီး ရေတွင်းတစ်တွင်းသာ သူတို့သုံးဖို့ချန် ထားပြီး ကျန်တဲ့တွင်းအားလုံးကို မြက်ထုံးတွေပြည့် အောင်ထည့်ပြီး ပိတ်ဆို့ထားလိုက်ကြတယ်။

အဲဒီအကုသိုလ်စိတ်တွေနဲ့ သေရင်ကိုပဲ ဒီရွာသူ ရွာသားအားလုံးဟာ အပါယ်ငရဲကို ကျကြမှာ၊ ဒါ့ ကြောင့် ဘုရားရှင်ဟာ ဈာန်အဘိညာဉ်သုံးပြီး မြစ် ကိုကျော်ကာရွာတွင်းကိုရောက်အောင်ကြွသွားတယ်၊ ရွာထဲကျတော့ သစ်ပင်ရိပ်တွေမှာ ဘုရားအမှူးရှိ တဲ့ သံဃာတော်တွေဟာ ထိုင်နေတော်မူကြတယ်။

ရွာထဲမှာ အရေးပေါ်ဥပဒေတစ်ခုလည်း သတ် မှတ်ထားတယ်၊ ဘုရားရှင်နဲ့ ရဟန်းတော်များကို မည်သူမျှ ခရီးဦးကြိုဆိုခြင်း မပြုရ။ မည်သူမျှ ဆွမ်း လောင်းလှူခြင်းမပြုရ ဆိုတဲ့ ဥပဒေပဲ။ ဒီအချိန်မှာ ပုဏ္ဏားတစ်ဦးအိမ်က ကျွန်မလေးတစ်ယောက်ဟာ ရေခပ်လာရင်း ဘုရားရှင်နဲ့ သံဃာတော်များကိုတွေ့ သွားတော့ အလွန်ကြည်ညိုသွားတယ်။

သောက်ရေ လှူဒါန်းချင်တဲ့ သဒ္ဓါစိတ်တွေဟာ လည်း တဖွားဖွားဖြစ်ပေါ် လို့လာတယ်၊ ဒီလိုလှူခဲ့ ရင် သူ့သခင်နဲ့ ရွာသားတွေက ဝိုင်းပြီးရိုက်သတ် နိုင်တယ် ဆိုတာကိုလည်း သူသိတယ်၊ ဒါပေမဲ့ ကျွန်မလေးဟာ သူ့အသက်ထက် ရတနာသုံးပါးကို ပိုပြီးတန်ဖိုးထားတယ်။

ဘုရားရှင်ကို ရိုသေစွာရှိခိုးပြီး ရေအိုးတစ်အိုးလုံး ကပ်လှူလိုက်တယ်၊ ဘုရားရှင်နဲ့ သံဃာတော်ပေါင်း များစွာ ဘုဉ်းပေးကြပေမယ့်၊ သူ့အိုးထဲကရေဟာ မလျော့ဘူး။ ပြည့်နေတဲ့အိုးကို ဒီအတိုင်း ပြန်ရွက်ပြီး အိမ်ဘက်ကိုလှည့်ထွက်ခဲ့တယ်၊ ဒီအချိန်မှာ သူ့ သခင်ပုဏ္ဏားသူဌေးကလည်း ဒေါသဖြစ်ဖြစ်နဲ့ လိုက် အလာ လမ်းမှာတွေ့ကြတယ်။

ပုဏ္ဏားသူဌေးဟာ ဒေါသကိုမထိန်းနိုင်ဘဲ ကျွန် မလေးကို မြေပြင်ပေါ်တွန်းလှဲပြီး လက်နဲ့မျက်နှာ ကိုရိုက်၊ ခြေနဲ့ရင်ဝကိုကန်တယ်၊ ကျွန်မလေးဟာ အဲဒီနှိပ်စက်တဲ့ဒဏ်နဲ့ပဲ သေပွဲဝင်ရှာတယ်။

ကျွန်မလေးဟာ လူ့ဘဝကသေတော့ နတ် ပြည်ကို ရောက်ရတယ်၊ ရတနာမျိုးစုံစီခြယ်ထားတဲ့ ဗိမာန်ကြီးရဲ့တံခါးဝမှာ အဆင်းငါးမျိုးရှိတဲ့ ကြာပန်း တွေနဲ့ တန်ဆာဆင်ထားတဲ့ မြစ်ကြီးတစ်မြစ်နီးပါး ကြီးမားတဲ့ ရေကန်ကြီးတစ်ကန်ပေါ်ပေးရတယ်၊ ရေ ကန်ကြီးထဲမှာ ရွှေနဲ့သွန်းလုပ်ထားတဲ့ လှေတစ်စီး လည်းရှိတယ်၊ နတ်သမီးလေးဟာ အဲဒီလှေကိုစီး ပြီး မြူးတူးပျော်ပါးနေတယ်။

ဒီအချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရှင်အာနန္ဒာကို ရေသွားယူဖို့ရေတွင်းရှိရာကို စေ လွှတ်တယ်။ အရှင်အာနန္ဒာက ထူဏရွာသားတွေ မြက်ထုံးတွေနဲ့ ပိတ်ဆို့ထားတဲ့အတွက်ကြောင့် ရေ ကိုယူလို့မရနိုင်ကြောင်း လျှောက်ထားတယ်၊ မြတ် စွာဘုရားကလည်း ရေကိုယူခဲ့ဖို့ပဲထပ်ခိုင်းနေတယ်။

သုံးကြိမ်မြောက်ထိ ခိုင်းတဲ့အခါမှာတော့ အရှင် အာနန္ဒာဟာ ပြန်မလျှောက်ရဲတော့ဘဲ ဘုရားရှင်ရဲ့ သပိတ်တော်ကိုယူပြီး ပိတ်ဆို့ထားတဲ့ ရေတွင်းတစ် တွင်းရှိရာကို ထွက်လာခဲ့တယ်။ အရှင်အာနန္ဒာ ရေ တွင်းနားရောက်ခါနီးအချိန်မှာပဲ ရေတွင်းထဲက ရေ တွေဟာ စက်နဲ့ပန်းထုတ်သလို ကန်ထွက်လာပြီး

အရှိန်အဟုန်နဲ့ ရွာထဲကို စီးဆင်းသွားတယ်။

ပိတ်ဆို့ထားတဲ့မြက်ထုံးတွေပါ ရေနဲ့တစ်ခါတည်း မျောပါသွားတော့တာပေါ့၊ ရေအားက ဘယ်လောက်ထိ ကြီးမားသလဲဆိုရင် ထူဏရွာကြီး တစ်ဝက်နီးပါးလောက် မြုပ်သွားတယ်၊ ဒီအချိန်ကျမှ ရွာသားအားလုံး သူတို့အမှားကိုသိသွားပြီး ဘုရားရှင်ကို ကန်တော့တောင်းပန်ကြတယ်၊ အဲဒီအခါကျမှ တွင်းထဲက ရေတွေပန်းထွက်တာ ရပ်သွားတယ်။

နောက်နေ့မှာ ထူဏတစ်ရွာလုံးကဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းကပ်လှူကြတယ်၊ တရားနာခါနီး လူအားလုံး စုံတဲ့အချိန်ကျမှ နတ်သမီးလေးဟာ သူ့ရဲ့ဘဝချမ်းသာကို ရွာသားတွေသိစေချင်တဲ့အတွက် ဗိမာန်ကြီးနဲ့ဆင်းလာပြီး ဘုရားရှင်ကို ရှိခိုးနေတယ်၊ ထူဏရွာသားတွေအားလုံး အံ့သြငေးမောနေတဲ့အချိန်မှာပဲ ဘုရားရှင်ရဲ့အမေးကြောင့် နတ်သမီးလေးဟာ သူ့ရဲ့အသက်စွန့်ရတဲ့ ရေအလှူအကြောင်းကို သေချာလျှောက်ထားတယ်''

''အားကျစရာပါပဲဘုရား တပည့်တော်မလည်း အဲဒီမိန်းကလေးလို ရတနာသုံးပါးအတွက်ဆိုရင် အသက်ကိုစွန့်ပါ့မယ်ဘုရား၊ နောက်ကိုဘယ်တော့မှ မဆုတ်ပါဘူး၊ ဆရာတော်ကို နောက်တစ်ခုမေးချင်တာက တပည့်တော်မ အမေဆုံးတာ နှစ်နှစ်ကျော်သွားပြီ၊ တပည့်တော်မတို့ဘာသာက ဘာသာရေးဆရာတွေနဲ့ ကုသိုလ်ပြုပြီ အမျှပေးပေမယ့် အမေ့မှာ ဘာမှမရဘူးဘုရား''

''ဒီအကြောင်းတွေကို ဒကာမလေး ဘယ်လိုလုပ်သိသလဲ''

''အမေက အိပ်မက်ပေးလို့ သိတာပါ၊ အဲဒါ တပည့်တော်မ ကုသိုလ်လုပ်ပြီး စိတ်ထဲက အမျှဝေနေတာ အမေ ရပါ့မလားဘုရား''

''စိတ်ထဲက အမျှဝေရုံနဲ့တော့ မရနိုင်ဘူး''

''ပါးစပ်က အသံထွက် အမျှဝေရင်လည်း ကျန်တဲ့သူတွေသိသွားရင် ပြဿနာဖြစ်မှာ အဲဒါတပည့်တော် ဘယ်လိုလုပ်ရမလဲဘုရား၊ အကြံပေးပါဦး''

### ဘာသာခြားအမေကို အမျှဝေပုံ

''ဒီလိုလုပ်ပါ ဒကာမလေးရဲ့မိတ်ဆွေ ဗုဒ္ဓဘာသာတစ်ယောက်အိမ်မှာ ကုသိုလ်လုပ်ပါ၊ ပြီးတော့ အဲဒီအိမ်မှာပဲ အမျှပေးလိုက်ပေါ့၊ မိခင်ကို ဖိတ်တဲ့အခါမှာတော့ ဘယ်ရပ်ကွက်၊ ဘယ်လမ်း၊ အိမ်နံပါတ်ဘယ်လောက်မှာ ကုသိုလ်လုပ်မယ်ဆိုတာကိုတော့ သေချာပြောပြီးတော့ဖိတ်ပါ''

''ဪ– ဟုတ်တာပေါ့ အဲဒီအချက်ကို တပည့်တော်မ မေ့နေတာ ကျေးဇူးတင်ပါတယ်ဘုရား၊ တပည့်တော်မ ဆရာတော်ပြောတဲ့အတိုင်း အမျှပေးလိုက်ပါ့မယ်''

တိရောကုဍ္ဍသုတ္တန်၌ သံဃဝေယျာဝစ္စ ပြုလုပ်ရင်း ခိုးယူမိသည့်အတွက် ၉၂–ကမ္ဘာတိုင်တိုင် ငရဲဘဝ၊ ပြိတ္တာဘဝဖြင့် ဒုက္ခရောက်ရသူများအကြောင်းကို တင်ပြခဲ့၏။ ယခုခေတ်တွင်လည်း ဝေယျာဝစ္စအတွက် လှူသောငွေအနည်းငယ်ကို အလွဲသုံးစားပြုခဲ့သည့်အတွက် ငရဲကျရသူတစ်ယောက်အကြောင်းကို 'တက္ကသိုလ် သျှင်သီရိ'ရေးသားသည့် 'သေရွာပြန်တို့၏ ဖြစ်ရပ်မှန်ဘဝအတွေ့အကြုံများ' စာအုပ်တွင် လျှပ်တစ်ပြက်တွေ့လိုက်ရသည်ကို ပြန်လည်တင်ပြပါအံ့။

### သေရွာပြန် ဦးရေခဲ

ဤလောကတွင် ယုံကြည်ရ ခက်ခဲသော အကြောင်းရပ်များရှိသည့်အနက် ယခုတင်ပြမည်ဖြစ်သော သေရွာပြန်ဦးရေခဲ၏ အကြောင်းမှာ အံ့သြဖွယ်တစ်ရပ်ပင် ဖြစ်သည်။ အသက်၅၇နှစ် ရှိပြီဖြစ်သော ဦးရေခဲသည် အဘဦးနှင်းမောင် အမိဒေါ်သိန်းတင်တို့၏ သားသမီးခုနစ်ဦးအနက် အကြီးဆုံးဖြစ်သည်။

မွေးရပ်ဇာတိမှာ မင်းလှမြို့ဖြစ်ပြီး လွန်ခဲ့သည့် နှစ်(၃၀)ခန့်မှစ၍ ယခုနေထိုင်ရာသုံးခွမြို့သို့ ရောက်

ရှိခဲ့သည်။ ဦးရေခဲသည် ဖနီးဒေါ်အေးရွှေနှင့် သားသမီးခြောက်ယောက်တို့ကို ဆိုက်ကားနင်း၍ လုပ်ကိုင်ကျွေးမွေးခဲ့သည်။

ယခုအမည် ဦးရေခဲသည် သုံးခွမြို့ကပေးသော အမည်ဖြစ်သည်။ အမည်အရင်းမှာ အောင်ကြည်ဖြစ်သည်။ ဆိုက်ကားနင်းစားရသော်လည်း တရားမဲ့သော လုပ်ကိုင်ပြောဆိုမှုကို စိတ်ပင်မကူးခဲ့။ ခပ်အေးအေးပင် နေတတ်သည်။

တစ်ကြိမ်က အိမ်ပေါ်ထိုင်နေစဉ် လူငယ်နှစ်ဦးက မည်သည့်အချက်ကြောင့်မသိ။ အိမ်ပြင်မှ လာ၍တုတ်၊ ဓားများကိုင်ကာ ဆင်းခဲ့ရန် စိန်ခေါ်သည်။ သူက ပုံမပျက်ပင် ထိုင်လျက်။

## စိန်ခေါ်ရင် ခေါင်းငုံ့ပေးမယ်

''မင်းတို့မကျေနပ်စရာ ငါတော့ ဘာမှုမလုပ်မိပါဘူးကွာ၊ မကျေနပ်ဘူးဆိုရင် ကြိုက်သလို လုပ်ကြပါ၊ ငါကတော့ ဘာမှပြန်မလုပ်ပါဘူးကွာ''

ဟု အေးဆေးစွာပြောသည်။ အိမ်နီးချင်းများကပင် မကျေနပ်ကြ၊ တစ်ဖက်သတ် ရန်ဖြစ်နေရသည်ဖြစ်၍ လူငယ်နှစ်ဦးမှာလည်း ပြန်သွားကြသည်။ ထိုချိန်မှစ၍ ရေခဲတုံးလိုအေးတဲ့လူဆိုပြီး အမည်ရင်းကို မခေါ်ကြတော့ဘဲ 'ဦးရေခဲ'ဟု တွင်ခဲ့တော့သည်။

သူသတင်းကြားစကပင် စိတ်ဝင်စားခဲ့၏။ ယခုနှစ် ဝါဆိုလပြည့်နေ့ကမှ သုံးခွမြို့သား မိတ်ဆွေများဖြစ်သော ဦးမောင်မောင်၊ ဦးလှမြိုင်တို့နှင့်သုံးခွမြို့(၃)ရပ်ကွက်၊ လောကမာရဇိန်ဘုရားကြီးအနီးနေ သူ့အိမ်သို့ သွားခဲ့သည်။ ဦးရေခဲသည် ဥပုသ်စောင့်ပြီး တန်ဆောင်းထဲတွင် တရားထိုင်နေ၍ ခေတ္တစောင့်ရသည်။

''လာရင်းကိစ္စ သိပါရစေခင်ဗျာ''

''ကျွန်တော်ကတော့ ရန်ကုန်ကပါ၊ ဟိုးလွန်ခဲ့တဲ့သုံးနှစ်ကျော်က ထူးဆန်းစွာတွေ့ခဲ့ရတဲ့ ဦးရေခဲရဲ့အတွေ့အကြုံကို သိလိုလို့ဖြစ်ပါတယ်၊ နောက်ဒီအကြောင်းကိုလည်း စာစောင်တစ်ခုမှာ အများဗဟုသုတဖြစ်ဖို့လည်း တင်ပြချင်လို့ ကျေးဇူးပြုပြီး ပြောပြပါခင်ဗျာ''

ဦးရေခဲသည် ကျွန်တော်တို့သုံးဦးကို အကဲခတ်သလို ကြည့်သည်။ အနီးတွင်ရှိသော စုတ်နေသည့် မွေ့ရာကို ကြည့်သည်။ ပြီးမှ–

''ဟုတ်ကဲ့ ကျွန်တော်ပြောပြပါမယ်၊ တစ်ခုတော့ ကြိုတင်တောင်းပန်ပါရစေ၊ ဒီထဲပါတဲ့ နာမည်တွေကိုတော့ မပြောပါရစေနဲ့၊ ဒါတွေက ပုဂ္ဂိုလ်ရေးတွေမို့ပါ၊ ဒီမြို့သားဆို သူတို့သိပါတယ်''

ကျွန်တော်နှင့်ပါလာသူ မိတ်ဆွေနှစ်ဦးကို ကြည့်၍ပြောသည်။ မိတ်ဆွေများကလည်း ပြိုင်တူခေါင်းညိတ်၍ ထောက်ခံကြသည်။ နောက်မှသိရသည်က အခုသက်ရှိထင်ရှား ဆွေမျိုးရင်းတွေဖြစ်နေ၍ မှန်သော်လည်း အမည်ထုတ်ဖော်ပြောသည်ကို လက်မခံဟု သိရသည်။

## ငရဲပြည်သို့ အလည်သွားသူ

''ဖြစ်ပုံက ဒီလိုဗျ၊ ဟောဒီဟာ– အဲဒီတုန်းက ကျွန်တော်အိပ်တဲ့ မွေ့ရာဖြစ်လို့စုတ်ပေမယ့် လွှင့်မပစ်ဘဲ ခုလည်း ဒီနေရာမှာပဲ အိပ်နေပါတယ်၊ ကျွန်တော်ဖြစ်ခဲ့တဲ့နေ့ကတော့ ၁၃၄၇–ခုနှစ် တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့က ဖြစ်ပါတယ်။

''ဒီလိုမဖြစ်ခင် တစ်နှစ်လောက်ကတည်းက ရောဂါမည်မည်ရရမရှိဘဲ တရှောင်ရှောင်ဖြစ်နေခဲ့တယ်၊ ဆေးရုံ၊ ဆေးခန်းနဲ့ ရှိတာလေးတွေ ရောင်းချကုတာ ငွေတစ်ထောင်ကျော်လောက်သာကုန်တယ်။ ဘာမှမထူးခြားဘူး။

''ခုလိုဖြစ်ဖို့ (၄၉)ရက် အလိုမှာတော့ ထမင်းကို စားဖို့ဝေးလို့ အနံ့တောင် မခံနိုင်ဖြစ်လာတယ်၊ တဖြည်းဖြည်းဖြစ်လာတာက အရည်တောင်နှစ်ခွက်သောက်လို့ မရဘူး၊ မတ်ခွက်နဲ့သောက်သောက်၊ လက်ဖက်ရည်အကြမ်းပန်းကန်လေးနဲ့ သောက်သောက်တစ်ခွက်ပဲ၊ နှစ်ခွက်ဆက်သောက်ရင် အန်ပစ်တာပဲ။

''ဒါကိုသိတော့ အိမ်ကလူတွေက များများဝင်အောင် နွားနို့ကို မတ်ခွက်ကြီးနဲ့ တစ်နေ့တစ်ခွက်တိုက်ကြတယ်၊ ကျွန်တော့စိတ်ကလည်း လူတွေနဲ့စကားမပြောချင်ဘူး၊ ခြင်ထောင်ထဲမှာပဲ နေချင်တယ်၊ ထူးခြားစွာဖြစ်မယ့်နေ့ ညနေ(၃)နာရီလောက်ကစပြီး ရင်ထဲမှာ နေမရအောင်ပူလောင်လာတာပဲ။

''နောက်တော့ မွေ့ရာပေါ်မှာ လူးလိမ့်နေတယ်၊ ဆရာဝန်ခေါ်ကတယ် မရဘူး၊ ဝေဒနာခံစားရလွန်းလို့ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်ရာက ညဘက်ရောက်လာပြီး အိမ်အမိုးကိုကြည့်လိုက်တော့ ဓနိတွေ ပေါက်ပြဲနေတာတွေကို မြင်တယ်၊ တစ်ခါမျှမပေါ်ဖူးတဲ့ ထူးထူးခြားခြားတွေ့ရသော ကောင်းတာတွေကကောင်း ပျက်တာတွေကပျက်၊ ငါလည်းပျက်ရတော့မယ်ထင်တယ်လို့ သံဝေဂရတယ်။

''အဲဒီလိုနေစဉ် လူကငြိမ်သွားပြီး မေ့ဆေးပေးခံရသူလို တဖြည်းဖြည်း အသိတွေအာရုံမှာ လျော့လာတယ်၊ သုံးခွဈေးက ခေါက်လိုက်တဲ့ နာရီသံရှစ်ချက်ကို ကောင်းကောင်းကြားလိုက်ရပြီး ခဏနေကျွန်တော်တို့လမ်းထိပ်က နာရီသံတော့ခြောက်ချက်သာကြားရပြီး လုံးဝသတိမေ့သွားတာပဲ။

### ငရဲသို့အသွား

''ခြေ၊ လက်၊ ကိုယ်လုံးကိုယ်ထည် ကျွန်တော့်ထက် ကြီးမားတုတ်ခိုင်ပြီး ခါးတောင်းမြှောင်နေအောင်ကျိုက်ထားတဲ့ လူကြီးတစ်ယောက် အိမ်ပေါက်ဝမှလာပြီး'ဟေ့ကောင် လာခဲ့လို့' အသံမာမာနဲ့ ခေါ်တာပဲ။ အဲဒီလူကြီးရဲ့မျက်နှာက ခက်ထန်ပြီးအားခွန်ဗလကလည်း ကျွန်တော့်ထက်များစွာကွာခြားနေတဲ့အတွက်–

'အင်း– ငါခုခံလို့လဲ နိုင်မှာမဟုတ်ဘူး၊ အသာတကြည်လိုက်တာပဲ ကောင်းပါတယ်'လို့ ဆုံးဖြတ်ပြီး သူခေါ်ရာကိုထလိုက်ခဲ့တာပဲ။ ကျွန်တော် ခုဆက်ပြောမယ့် တွေ့ခဲ့တဲ့အကြောင်းအရာတွေကတော့ ရုပ်ရှင်ထဲကလိုလို၊ မျက်လှည့်ပြနေသလိုလိုပါပဲ။

''ဟော ဟို မြောင်းကူးတံတားလေး ဟိုဘက်လည်းရောက်ရော၊ လေးပေလောက်ရှိတဲ့ ခပ်သေးသေးအုန်းတုံးကလေးသုံးခုဟာ ကြိုးမချည်သံမစွဲဘဲတွဲလျက်ရှိနေတယ်။ လူကြီးက ကျွန်တော့်ကို ''အဲဒီအပေါ်တက်ထိုင်''လို့ ပြောတယ်။ အဲဒီအပေါ်ကျွန်တော်သူခိုင်းတဲ့အတိုင်း ထိုင်လိုက်တယ်ဆိုရင်ပဲ ဘာမျှမပြောတော့ဘဲ သူက ရှေ့ကလျှောက်သွားတော့နောက်က ကျွန်တော်ထိုင်နေတဲ့ အုန်းတုံးသုံးခုဟာ ဘီးတပ်ထားတဲ့ယာဉ်လို ပါသွားတယ်။

''ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုဖြစ်လာပါလိမ့်မလဲလို့ တွေးရင်းလိုက်သွားရာက မြေကြီးပေါ်မှာတဖြည်းဖြည်း သွားနှုန်းက မြန်လာတယ်။ အနေအထားကလည်း တဖြည်းဖြည်းချင်း နိမ့်ဆင်းသွားတယ်လို့ ထင်ရတယ်။ သူက ခြေတစ်လှမ်းချင်းလျှောက်နေတာမှန်ပေမယ့် ကျွန်တော်ထိုင်နေတဲ့အုန်းတုံးကလေးကတော့ ရိပ်ရိပ်တန်းအောင် မြန်နေတယ်။

''တော်တော်သွားမိတယ်ဆိုရင် မြေကြီးပေါ်မှာရှိနေတဲ့ သစ်ပင်တွေဘာတွေ မမြင်ရတော့ဘဲဟင်းလင်းပြင် ကွက်လပ်ကြီးထဲကိုရောက်လာတယ်။ ရှေ့မှာ ဝင်းကြီးလို ကာရံထားတာကို တွေ့ရတယ်။ တဖြည်းဖြည်းနီးလာတာနဲ့ အထဲက ဆူညံအော်ဟစ်လိုက်တဲ့ အသံတွေဟာ ကြက်သီးမွေးညင်းထအောင် ကြောက်စရာကောင်းတယ်။

''အနားလည်းရောက်ရော ကျောက်တောင်ကြီးလို အပြားကြီးနှစ်ချပ်ဟာ တံခါးလို အတွင်းကိုပွင့်သွားတယ်။ လမ်းမကြီးကဖြူးနေတယ်။ အတွင်းဝင်မိတယ်ဆိုရင်ပဲ အပူရှိန်ဟပ်သလို ရှိန်းခနဲဖြစ်ပြီးပူလာတယ်။ စောစောက အော်သံတွေဟာ ဒီထဲရောက်တဲ့အခါ မကြားရတော့ဘူး။

''တော်တော်သွားမိရင် ပထမဆုံးတွေ့တာကတုံးလုံးလဲနေတဲ့ ယောကျ်ား၊ မိန်းမတွေကို ဦးခေါင်းကိုချည်း လိုက်ရိုက်နေတဲ့နေရာပဲ။ တစ်ဆက်တည်းအချို့နေရာမှာတော့ ထိုင်လျက် ပါးစောင်နှစ်ဖက်ကို

သံချိတ်နဲ့ ဆွဲဟထားတယ်။ ကျွန်တော်က သိချင်တဲ့ အတွက် မေးမလို့ စိတ်ကူးရုံရှိသေးတယ်။ ခေါင်း ရိုက်တဲ့ဟာတွေက မင်းလူ့ပြည်ကျမှသိမယ်။ ပါးစပ် ချိတ်ထားတာက နှုတ်ကြမ်းသူတွေလို့ ရှေ့ကလူကြီး ကပြောတယ်။

''ငရဲဆိုရင် နှိပ်စက်သူကတစ်ဘက်၊ ခံရသူက တစ်ဘက်လို့ ကျွန်တော်ထင်ခဲ့တယ်။ ဒီလိုချည်း မဟုတ်ဘူး။ အချင်းချင်း နှိပ်စက်ရတာလည်းရှိ တယ်။ ခုတွေ့တဲ့နေရာဟာ လူနှစ်ယောက်တစ်တွဲ အချင်းချင်း အပြန်အလှန် တစ်ချက်စီ ရိုက်နေတာ ကို တွေ့ရတယ်။

''အဲဒါ မင်းတို့ဆီမှာ ကြက်တိုက်သူတွေပေါ့လို့ ရှေ့က လူကြီးကပြောတယ်။ ကျွန်တော်တို့ ငယ်စဉ် က လူကြီးသူမတွေက 'ဒါ မလုပ်နဲ့၊ ငရဲအိုးထဲ ဇောက်ထိုးကျလိမ့်မယ်'လို့ပြောရင် မိုးပြဲဒယ်အကြီး စားကို မျက်စိထဲ မြင်လာတယ်။ ဆီတွေနဲ့ကြော် မှာပဲလို့ ထင်မိတယ်။ တကယ်တွေ့ရတော့ ငရဲအိုး မှာ အဲဒီလို မဟုတ်ပါဘူး။

အိုးနှုတ်ခမ်းအရောင်ဟာ စဥ့်ရောင်ဖြစ်ပြီး လူ ကြီးကပို့လို့ ရောက်သွားတဲ့အခါ မည်းမှုန်ကျယ်လည်း မသိ။ ကျွန်တော်ရောက်တဲ့ နှုတ်ခမ်းသာ မြင်ရ တယ်။ ကျန်သုံးဖက် နှုတ်ခမ်းကို လှမ်းကြည့်လို့ပင် မမြင်ရဘူး။ မီးတွေ ပိုပြီးထည့်ထားတာလည်း မဟုတ်။ ကန်ကြီးလို ဖြစ်နေတယ်။

''ကြည့်လို့မဆုံးနိုင်တဲ့ ပြင်ကြီးထဲမှာယောကျ်ား မိန်းမတွေဟာ အလိပ်လိုက် ရေနွေးပူထဲမှာ လိမ့်ပြီး ပူလောင်မှုဒဏ်ကို ခံနေကြရတယ်။ ရေနွေးပူဆိုပေ မယ့် အဲဒီမှာတွေ့ရတာက အချို့နေရာမှာ အုတ်နီ မှုန့်ရောင် နီကြန်ကြန် ပျစ်ချွဲချွဲ၊ အချို့နေရာမှာ တော့ ခဲပုပ်ရောင်လို ပျစ်တွဲတွဲဖြစ်ပါတယ်။

လူကြီးက ကျွန်တော့်ကိုပြပုံမှာ တစ်ခုက တစ်ခု ကျော်လွှားပြပုံမျိုး မဟုတ်။ မြင်စေချင်တဲ့အရာကို ပြလိုက်။ နောက်တစ်ဘက် သွားပြလိုက် အဲဒီလိုပုံ မျိုး။ ကျွန်တော် မေးစေချင်တဲ့နေရာကျ ရပ်ပေး တယ်။ တစ်နေရာမှာတော့ ငရဲခံရတဲ့ လူတွေက မတ်တတ်ရပ်လျက် နှိပ်စက်သူတွေက လက်ရိုက် သစ်သားတုတ်ကြီးနဲ့ ဘယ်ပြန်ညာပြန် ရိုက်တာပဲ။

အံ့ဩစရာကောင်းတာက အဲဒီမှာ ကျွန်တော် သိတဲ့ အဘိုးကြီးတစ်ဦးကိုတွေ့တယ်။

'ဆရာကြီး ခင်ဗျား၊ ဘယ်လိုဖြစ်တာလဲ'လို့ ကျွန်တော်ကမေးတော့ ထူးခြားမှုက ကျွန်တော်က သူ့ကိုကြည့်ပြီး မေးပေမယ့် သူကကျွန်တော့်ကို တိုက်ရိုက်မဖြေဘူး။ ရှေ့ကလူကြီးကို ပြောတယ်။ သူတို့ချင်းပြောတဲ့အသံလည်းမကြားရပါဘူး။ ပါးစပ် လှုပ်တာသာတွေ့ရတယ်။ ပြီးမှ ဟိုလူကြီးက အသံ ထွက်ပြီး ကျွန်တော့်ကို ပြန်ပြောတယ်။

အဲဒီမှာတွေ့လို့ မေးတဲ့သူတိုင်းဟာ သူက တစ်ဆင့်သာ ပြန်ပြောတယ်။

''ဒီလိုခံရတာ တခြားကြောင့်မဟုတ်ဘူး၊ ဟို တုန်းက ရေကန်တူးဖို့ အလှူခံရတဲ့ ငွေတွေထဲက ဆေးလိပ်ဝယ်သောက်မိလို့ ဖြစ်ပါတယ်၊ သူ သိမ်း ထားတဲ့ ပစ္စည်းကိုးမျိုးရှိတယ်၊ မင်းပြန်ရောက်ရင် အဲဒါတွေရောင်းချပြီး တစ်ဝက်ကိုစား၊ တစ်ဝက် ကို လှူပါ။ လှူရာမှာလည်း ကန်တူးဖို့ ကျောင်း ဆောက်ဖို့ ကိစ္စများမှာ လှူပါ။

''ကုသိုလ် အမျှဝေတဲ့အခါ ငရဲမင်းကြီးနဲ့ သူ့ ကိုသာ အမည်ခေါ်ဝေပါ'' လို့ မှာတယ်။ ၃၁–ဘုံ တို့ ဘာတို့မမှာဘူး။ အဲဒီမှာ ကျွန်တော်နဲ့ အမေး အဖြေ လုပ်ရတဲ့လူတိုင်းက ဒီလိုပဲမှာတယ်။

**မှတ်ချက်**။ ။ ထိုသူသည် ဦးရေခဲ၏ အမျိုးထဲမှပင် ဖြစ်သည်။ သူပြောသည့်အတိုင်း သတိပြန်လည် သောအခါတွင် သွားရာသောအခါ ပစ္စည်းကိုးမျိုးလုံး ပြန်ရသည်။ ခိုင်းသည့်အတိုင်း ပစ္စည်းများကို ထုခွဲ လှူဒါန်း၍ အမျှပေးဝေခဲ့သည်။ ဘုန်းကြီးကျောင်း ထဲမှ ရေကန်ဖြစ်သောကြောင့် လူ့ဘဝတုန်းက ကျောင်းဂေါပကအဖွဲ့ဝင် ဖြစ်ဟန်တူသည်။

''ဘာမျှ တန်ဖိုးမရှိသည့် ဆေးလိပ်တစ်လိပ်စာ ငွေကို အလှူခံငွေထဲမှ ခိုးယူသုံးစွဲမိသောကြောင့်

ရေကြေချရခြင်းမှာ တွေးမိတိုင်း ရင်နာစရာ ကောင်းလှသည်။ ကိုယ့်စီးပွားရေး ကိုယ်လုပ်စဉ်က သီလစင်ကြယ်ခဲ့ပြီး၊ ဘာသာရေး၊ လူမှုရေး၊ အများအကျိုးလုပ်သောအခါတွင်မှ သီလဖောက်ဖျက်သော သူခိုးဘဝသို့ မရောက်သင့်ပေ။

"ကျောင်းဂေါပက၊ ဘုရားဂေါပကအလုပ်နှင့် သာသနဝေယျာဝစ္စ အလုပ်များသည် စေတနာကောင်းထားလျှင် ထားသလောက် ကောင်းကျိုးအနန္တ ရစေသလို စေတနာယုတ်လျှင်လည်း ယုတ်သလောက် မကောင်းကျိုးအနန္တ ရစေနိုင်ပေသည်။ များသောအားဖြင့် ဂေါပကအများစု၊ ဝေယျာဝစ္စအများစုသည် အလှူခံရသောငွေကို မိမိတို့ ကွမ်းဖိုး၊ ဆေးဖိုးအတွက် သုံးစွဲကောင်းသည်ဟု ထင်နေတတ်သည်။

"စ လုပ်စဉ်ကတည်းက နေ့စားလစားယူ၍ လုပ်မည်ဟု လူသိရှင်ကြားအသိပေး၍ မိမိလုပ်အားခယူခြင်းကား အပြစ်မဟုတ်ပေ။ ကုသိုလ်ဖြစ် ဂေါပကအလုပ်၊ အကျိုးဆောင် ဝေယျာဝစ္စအလုပ် ဝင်လုပ်ပါသည် ဟု သိစေပြီးမှ အလှူငွေကို ယူသုံးခြင်းသည်ကား ခိုးခြင်းတစ်မျိုးပင် ဖြစ်သည်။

ထိုခိုးတတ်သော ဂေါပကမျိုးကိုရည်ရွယ်၍ လူရှင်တော်များ ပြောတတ်သော စကားတစ်ခွန်းရှိသည်။ 'ဂေါပကတစ်ယောက် လမ်းမှာကန့်လန့်ဖြတ်အိပ်နေလျှင် ခေါင်းကကျော်သွားပါက အပြစ်မရှိ။ ဗိုက်ပေါ်ကကျော်သွားမှ အပြစ်ရှိသည်။ အကြောင်းကား ဗိုက်ထဲတွင် စားထားသော ကျောင်းပစ္စည်း၊ ဘုရားပစ္စည်းများ ရှိနေသောကြောင့်' ဟူ၏။

**(စာရေးသူ)**

"တစ်နေရာမှာတော့ စဥ္စရောင်ကရားအိုးနှင့် ရေနွေးပူတွေကိုခပ်ပြီး ဟ ထားတဲ့ ပါးစပ်တွေထဲကို လိုက်လောင်းတယ်။ တွေ့ရတဲ့နေရာတိုင်းမှာ တစ်ဦးချင်း တစ်ယောက်ချင်း မဟုတ်ဘူး။ မျက်စိတဆုံး မရေမတွက်နိုင်အောင်များတဲ့ ယောက်ျား၊ မိန်းမတွေချည်းပဲ။ လူ့ပြည်မှာ လူမှုကျန်သေးရဲ့လားလို့ ထင်ရအောင်များတယ်။

"အဲဒီမှာလည်း ကျွန်တော်သိတဲ့ ကလေးမတစ်ယောက်ကိုတွေ့တယ်။ သူက ဘာကြောင့်ရောက်တာလဲလို့ မပြောဘူး။ အိမ်မှာ သူသိမ်းထားခဲ့တဲ့ တစ်မတ်စေ့တစ်စေ့၊ လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရံနဲ့တဘက်တို့ကိုပြလိုက်ပါတယ်။ အဲဒါရောင်းပြီး သီလရှိသူတွေကို ကျွေးမွေးလှူဒါန်း၍ သူနဲ့ ငရဲမင်းကြီးကို အမျှဝေပေါလို့ မှာလိုက်တယ်။

"နောက်တစ်နေရာမှာ တချို့က ဓားနဲ့အခုတ်ခံရတယ်။ တချို့က အရှင်လတ်လတ် တုံးလုံးလဲ့ပြီး၊ ဓားနဲ့ အမွှန်းခံရတယ်။ အဲဒီမှာလည်း ဓားမွှန်းခံရတဲ့ အသိမိန်းမကြီးတစ်ယောက်ကို တွေ့တယ်။ သူကတော့ လူ့ပြည်မှာရှိစဉ်က 'ပါးစပ်ကြမ်းပြီး ငါးအရှင်ကို ဓားနဲ့မွှန်းခဲ့လို့' လို့ ပြောတယ်။ ဘာမှ မမှာလိုက်ဘူး။ နောက်တစ်နေရာမှာတော့ ဓားနဲ့ရစ်ပြီး အရေကို အရှင်လတ်လတ် ခွာနေတယ်။

အဲဒီမှာ သိတဲ့အဘိုးကြီးကတော့ နွားမသေမရှင် အရေခွဲ ခွါခဲ့တဲ့အတွက်တဲ့။ အိမ်မှာ သူသိမ်းထားတဲ့ စာရွက်စာတမ်းတွေကို နေရာနဲ့တကွ ပြောတယ်။ ဟိုရောက်ရင် ပြောပြပြီး အလှူပေးပါ။ သူနဲ့ ငရဲမင်းကြီးကို အမျှပေးဝေပါ လို့ မှာလိုက်တယ်။ နောက်တစ်နေရာမှာ ထန်းသီးခန့်မီးခဲလို ရဲရဲအလုံးကြီးတွေ ပါးစပ်ထဲခွံ့တယ်။

"တစ်နေရာမှာ အဲသလိုအရည်တွေ ပါးစပ်ထဲလောင်းတယ်။ မေးကြည့်တော့ ဘိန်းစားသူတွေနဲ့ အရက်သောက်သူတွေတဲ့။ နောက်ထိုးလိုက်၊ ရိုက်လိုက်၊ ခုတ်လိုက် အမျိုးမျိုးခံနေရသူတွေလည်း တွေ့တယ်။ တစ်နေရာမှာတော့ ကျွန်တော့်အသိလူငယ်လေးတစ်ဦးဟာ ဆူးတွေနဲ့ အပင်ပေါ်ကို လူကြီးတစ်ဦးက ကြိမ်နဲ့ရိုက်ပြီး တက်ခိုင်းနေတာ တွေ့ရတယ်။

သူကလည်း အိမ်မှာသူဝှက်ထားတဲ့ ဖောင်တိန်၊ သူ့သချာစာအုပ်နဲ့ မြန်မာစာအုပ် ငှားထားတဲ့သူတွေကို နာမည်နဲ့ပြောတယ်။ ကုသိုလ်ပြုပေးပါလို့လည်း

မှာလိုက်တယ်။ သူနဲ့ အတူခံနေရသူတွေဟာ လူ့ပြည်တွင်နေစဉ်က သူတော်ကောင်းတွေကို နောက်ပြောင် ဆဲရေးသူများလို့ ပြောတယ်။

''ကျွန်တော်ရောက်ခဲ့တဲ့ နေရာများမှာ ငရဲအိုးသုံးနေရာတွေ့တယ်။ ပထမအိုးမှာခံနေရသူများက ရေနွေးထဲမှာ အလိပ်လိုက် လိမ့်နေကြတယ်။ ဒုတိယအိုးမှာ ဆူပွက်နေတဲ့သဘော ခံနေရသူတွေဟာ ပွက်ပွက်ဆူတဲ့ ရေနွေးအိုးထဲမှာ လက်ဖက်ခြောက်တွေလို ဖွားခနဲပေါ်လိုက်၊ မြုပ်သွားလိုက် ကျွမ်းထိုးမှောက်ခုံဖြစ်တာမြင်လို့ အော်နေချိန်မရဘူး။

တတိယ နောက်ဆုံးအိုးမှာ ထူးခြားတာက အသားဖြူသူရော၊ အသားမည်းသူရော၊ သူတော်စင်အဝတ်နဲ့ရော လူမျိုးစုံတွေ့တာပဲ။

### အပြန်ခရီး

''ဒါတွေတွေ့ပြီး ဆက်သွားတဲ့အခါ စိတ်မချမ်းမြေ့စရာတွေကိုမတွေ့ရတော့ဘဲ အလွန်သာယာတဲ့ ဟင်းလင်းပြင်ကြီး၊ အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့ စီချယ်ထားတဲ့ ဗိမာန်သုံးခု၊ ကျယ်ပြန့်ပြီး သစ်သီးဝလံများ၊ ပန်းပွင့်၊ ပန်းနွယ်များ ယှက်သန်းသာယာတဲ့ ကြည်နူးဖွယ်ဥယျာဉ်ကြီးကို တွေ့ရတယ်။

အဲသလို ပြန်လာတဲ့လမ်းမှာ တစ်ဖက်ကလွယ်အိတ်ကြီး လွယ်၊ တစ်ဖက်က နွယ်ပင်တွေ ပွေ့ပြီး လျှောက်လာတဲ့ ဆေးဆရာကြီးလို အဘိုးအိုတစ်ဦးကိုတွေ့တယ်။ ဒီအခါ ကျွန်တော့်ရှေ့က လူကြီးက လှမ်းပြီး ဒီကောင့်ရောဂါ ဘာနဲ့ကုရမလဲလို့မေးတယ်။ ဟိုဆရာကြီးက–

''အလွယ်ကလေး၊ သက်ရင်းကြီး လေးငါးရွက်သုံးခွက်တစ်ခွက်တင်ကျို၊ ထန်းလျက်သုံးခဲလောက်ပစ်ထည့်၊ ဆားမီးဖုတ်နဲ့သောက်၊ ပျောက်ပေါ့ကွ'လို့ ပြောပြီး ဆက်သွားတယ်။ ကျွန်တော်လည်း ဒီဆေးကို မေ့မသွားအောင် အကြိမ်ကြိမ် ရွတ်လာခဲ့တယ်။ ဒီနောက်တော့ လူကြီးကရှေ့ကသွား၊ ကျွန်တော် ထိုင်နေတဲ့ အုန်းတုံးလေးသုံးခုက နောက်ကလိုက်နဲ့ အလာကထက်တောင် မြန်သေးတယ်။

''ရိပ်ရိပ်တန်းပြီး နားရွက်ကို လေတိုးတာမခံနိုင်အောင်ကို ဖြစ်တယ်။ သုံးခွ ပြန်ရောက်တဲ့အခါ ရုံးကို ပထမမြင်ရတယ်။ နောက် တဖြည်းဖြည်း ကျွန်တော် မူလကထိုင်တဲ့ မြောင်းကူးကို ရောက်တယ်။ ဟိုလူကြီးက ခပ်ထန်ထန်ပဲ 'ဟော့ကောင် ဆင်းသွားတော့'လို့ ပြောတာ။ ကျွန်တော်လည်း ကပျာကယာဆင်းပြီး မြောင်းကူးတံတားလေးပေါ် လျှောက်ခဲ့တယ်။ တစ်ဝက်ရောက်လို့ လှည့်ကြည့်တဲ့အခါ အုန်းတုံးရော လူကြီးပါ မတွေ့ရတော့ဘူး။

### သင်္ဂြိုဟ်မည့်နေ့

''တကယ်တော့ ကျွန်တော်ပြောပြတာက ဘာမှမများ၊ ဘာမှ မကြာလိုက်ဘူးလို့ ထင်ရတယ်။ တန်ဆောင်မုန်းလဆန်း၁–ရက် ည(၈)နာရီ သတိမေ့မြောသွားတာ၊ ခုကျွန်တော်ပြန်တဲ့နေ့က တန်ဆောင်မုန်းလဆန်း ၃–ရက်နေ့ နံနက် (၄)နာရီက ဖြစ်တယ်။ ဒီမှာ ဖြစ်နေကြတာက သေပြီ။

''ဒါ့ကြောင့် ကျွန်တော့်ခန္ဓာကိုယ်ကို ခြေမ၊ လက်မပူး၍ ကြိုးချည်ပြီး သေတ္တာပျက်သုံးလုံးပေါ်မှာ ပျဉ်ခင်းကာ အလောင်းစင်ပြင်ထားကြတယ်။ တစ်ရက်အကြာမှာ ခေါင်းသွင်းရေး၊ မသွင်းရေး အငြင်းပွားတဲ့အခါ သမီးအကြီးမက ကျွန်မအဖေဟာ ပုပ်လည်း မပုပ်၊ အသားအရေလည်း တောင့်တင်းမနေတဲ့အတွက် သင်္ဂြိုဟ်ခါနီးမှ သွင်းပါလို့ အတိုက်အခံပြောထားတဲ့အတွက် အလောင်းစင်ဘေးမှာ ခေါင်းအသင့်ချထားတယ်။ နေ့လည် ၁၂–နာရီဆိုရင် မသာပို့ကြမယ်။ အသုဘယာဉ်လည်း ငှားပြီးပြီ။

''မနက် အသုဘလာသူများကျွေးဖို့ ဆန်နှစ်တင်း၊ ဝက်သားအချိန်(၇၀)၊ ဟင်းချို၊ ငံပြာရည်ချက်၊ တို့စရာ အားလုံးအဆင်သင့်ဖြစ်နေပြီ။ ကျွေးမွေးဖို့ ပန်းကန်ခွက်ယောက်များ ငှားရမ်းထားလို့

အိမ်ပေါ်တောင်ရောက်နေပြီ၊ ဒီပစ္စည်းအားလုံးက ကြွေးယူပြီး လုပ်ကိုင်ထားတာဖြစ်တယ်။

''အဲ- ဖဲဝိုင်းကလည်း အိမ်ပေါ်မှာ သုံးဝိုင်းလောက် ရှိတယ်။ ဒီလိုဖြစ်နေတဲ့အချိန် ကျွန်တော် သတိပြန်ဝင်လာပြီး 'ရေ ရေ ပေးပါ'လို့ အော်ရင်း ငုတ်တုတ်ထထိုင်လိုက်တဲ့အခါ ဘာပြောကောင်းမလဲ။ ဖဲဝိုင်းကလူတွေ လန့်ပြီး တိုးဇှေ့ပြေးလိုက်ကြတာ။ ပန်းကန်ပြား ၁၈-ချပ်၊ ဟင်းသောက်ပန်းကန် ၆-လုံး ကွဲကုန်တာပဲ။ သတ္တိကောင်းတဲ့ ကျွန်တော့်သမီးက ပြေးလာပြီး ခြေလက်ကကြိုးတွေ ဖြတ်ပေးတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ မျက်လုံးတွေပြာပြီး ဘာမျှသဲကွဲစွာ မမြင်ရဘူး''

ဤကား ဦးရေခဲ၏ကိုယ်တွေ့တည်း။

**စေတနာမြင့်၍ အကျိုးပေးမြင့်သူ**

''စေတနာမြင့်လျှင် အကျိုးပေးမြင့်သလို စေတနာနိမ့်လျှင် အကျိုးပေးနိမ့်၏''

ပြခဲ့သော သာဓကနှစ်ခုသည် ဝေယျာဝစ္စ ပြုလုပ်ခွင့်ရသော်လည်း စိတ်ထားနိမ့်သောကြောင့် အကျိုးပေးနိမ့်ပုံပင် ဖြစ်၏။ ယခု စိတ်ထားမြင့်သောကြောင့် အကျိုးပေးမြင့်ပုံ သာဓကအချို့ကို တင်ပြပေအံ့။

'သုတ္တန္တပိဋကတ်၊ မဟာဝဂ္ဂပါဠိတော်၊ ပါယာသိသုတ်'တွင် ပါယာသိမြို့စားကြီးသည် ဥစ္ဆေဒဒိဋ္ဌိအယူမှားကြီးနှင့် နှစ်ပေါင်းအတော်ကြာ နေခဲ့ရ၏။ တစ်နေ့တွင်အရှင်ကုမာရကဿပမထေရ်၏ အမေးအဖြေတရားများကြောင့်ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သွားခဲ့သည်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးသည့်နောက် နေ့စဉ်အလှူကြီးများ ပေး၏။

ထိုအလှူကြီးများအတွက် ဝေယျာဝစ္စလုပ်ပြီး ဦးဆောင်လှူဒါန်းရသူမှာ ဥတ္တရအမည်ရှိသော လူငယ်လေးတစ်ဦး ဖြစ်သည်။ သူတို့နှစ်ဦး လူ့ဘဝမှ စုတေကြသောအခါ အလှူ့ရှင် ပါယာသိမြို့စားကြီးက လူသက်ဖြင့် အနှစ်ကိုးသန်းအသက်ရှည်သော စတုမဟာရာဇ်နတ်ဘုံရောက်ရပြီး ဝေယျာဝစ္စပြု လုပ်ပေးရသူ ဥတ္တရလုလင်ကား နှစ်ပေါင်းသုံးကုဋေ အနှစ်ခြောက်သန်း အသက်ရှည်သော တာဝတိံသာနတ်ဘုံသို့ ရောက်ခဲ့သည်။

ဤအချက်ကိုထောက်၍ ဘာသာရေး၌ ဝေယျာဝစ္စလုပ်သူများသည် သန့်ရှင်းဖြူစင်စွာဖြင့် ကိုယ့်ပစ္စည်းလို သဘောထားပြီး လုပ်ခဲ့လျှင် အလှူ့ရှင်ထက် ပိုမြင့်သောနတ်ဘုံအထိ ရောက်နိုင်ကြောင်းကို နားလည်ပြီး စေတနာမြင့်မြင့်ထား၍ ပြုလုပ်သင့်၏။ အလှူ့ရှင်ဖြစ်ပါလျက် အနိမ့်ဆုံးနတ်ပြည်သို့ ရောက်ရခြင်းအကြောင်းများကို ထိုသုတ္တန်၌ပင် ထုတ်ပြထား၏။ယင်းတို့မှာ-

၁။ အရိုသေပြုပြီး လှူဒါန်းမှု မရှိခြင်း။
၂။ မိမိလက်ဖြင့် ကိုယ်တိုင်လှူဒါန်းမှု မရှိခြင်း။
၃။ အလေးမြတ်ပြုပြီး လှူဒါန်းမှု မရှိခြင်း။
၄။ ဂရုမစိုက်ဘဲ ပစ်ပစ်ခါခါပြုပြီး လှူဒါန်းခြင်း။

တို့ပင်ဖြစ်၏။ ဤအချက်ကိုထောက်၍ အလှူရှင်များသည် မာနမထားဘဲ မိမိအလှူကို မိမိကိုယ်တိုင် သာဟတ္ထိကမြောက်အောင် ဦးစီးလှူဒါန်းသင့်ကြောင်း သင်ခန်းစာယူသင့်၏။ ဥတ္တရလုလင်မှာ ဝေယျာဝစ္စကူညီလုပ်ပေးသူ ဖြစ်ပါလျက် အလှူရှင်ထက် မြင့်သောနတ်ဘုံသို့ ရောက်ရခြင်းမှာ-

၁။ အရိုသေပြုပြီး လှူဒါန်းခြင်း။
၂။ မိမိလက်ဖြင့် ကိုယ်တိုင်လှူဒါန်းခြင်း။
၃။ အလေးအမြတ်ပြုပြီး လှူဒါန်းခြင်း။
၄။ (ဂရုတစိုက်) ပစ်ပစ်ခါခါ မပြုဘဲ လှူဒါန်းခြင်း။

တို့ကြောင့်ပင် ဖြစ်၏။ ဝေယျာဝစ္စပြုလုပ်သူများအတွက် မှတ်သားလိုက်နာစရာ ဒဿနတစ်ခုရှိ၏။ ယင်းကား-

**သူတစ်ပါးမလုပ်ချင်သော**
**ကောင်းကျိုးကိုရလိုလျှင်**

*သူတစ်ပါးမလုပ်ချင်သော*
*ဝေယျာဝစ္စကို ပြုလုပ်လျှင်*

*သူတစ်ပါးမရသော ကောင်းကျိုးကိုရသည်။* ဟူ၏။ ဤအချက်နှင့် ပတ်သက်၍ ဗိုလ်ကန်းမြို့ဘက်မှ မိသားစုတစ်စုအကြောင်းကိုတင်ပြချင်၏။ စာရေးသူ သုံးနှစ်တိတိ စာချပေးခဲ့သော လှိုင်မြို့နယ်၊ ၅-ရပ်ကွက်၊ ကြခင်းပရိယတ္တိစာသင်တိုက် သံဃာများအတွက် လိုအပ်သောပစ္စည်းလေးပါးကို နှစ်ပေါင်းများစွာ လှူဒါန်းနေသောမိသားစုတစ်စု ရှိ၏။

ဒကာအမည်က ကိုတင်စိုး ဟုခေါ်၍ ဒကာမအမည်ကို မမြင့်ကြည် ဟု ခေါ်သည်။ အိမ်သို့မည်သည့် အကြောင်းကိစ္စဖြင့် ကြွလာသောသံဃာဖြစ်စေ ဆွမ်းကပ်ပြီးမှသာ ကျောင်းသို့ ပြန်ခွင့်ပြုသည်။ သံဃာတော်များ အကြိုက်ဆုံးဖြစ်သော သို့သော် လူတစ်ရာလျှင် တစ်ယောက်သာလှူသော ငါးပိရည်နှင့် တို့စရာကို သူတို့အိမ်မှ နေ့စဉ်လှူပေးတတ်သဖြင့် သံဃာအားလုံးက ကျေးဇူးတင်နေရသော မိသားစုလည်းဖြစ်၏။

ကိုတင်စိုးသည် နိုင်ငံခြားသင်္ဘောသား တစ်ယောက်ဖြစ်သဖြင့် ရပ်ကွက်ထဲတွင် သူတို့မိသားစုသည် လူချမ်းသာစာရင်းဝင်ပင်ဖြစ်သည်။ လူချမ်းသာတို့၏ အသုံးဆောင်ဖြစ်သောတိုက်၊ ကား၊ တယ်လီဖုန်း အကုန်ရှိ၏။ သူတို့မိသားစုတွင် သမီးအကြီးဆုံးဖြစ်သောမမြင့်ကြည်သည်'စီးတဲ့ရေ ဆည်တဲ့ကန်သင်း'ဟူသောစကားအတိုင်း မကုန်သင့်တာမကုန်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်သည်။

ပပလွှားလွှား မနေတတ်ဘဲ ရိုးရိုးယဉ်ယဉ်ပင် နေတတ်သည်။ ရန်ကုန်မြို့ပေါ်တွင် ယခုလို လူချမ်းသာတစ်ယောက်ဖြစ်အောင် ပို့ပေးလိုက်သော အကြောင်းတရားကို မမြင့်ကြည်က ယခုလို ပြောပြဖူးသည်။

**လူချမ်းသာဖြစ်စေသော ကုသိုလ်**

''တောမှာနေစဉ်က တပည့်တော်မတို့ မိသားစုဟာ အင်မတန် ဆင်းရဲတယ်၊ မရှိလို့မလှူ မလှူလို့ မရှိ ဆိုတဲ့ စကားလေးလို ဖြစ်မှာစိုးလို့ ရှိတာလေး ရှာကြပြီးတော့ တတ်နိုင်သလောက် အမြဲတမ်းလှူပါတယ်၊ တပည့်တော်တို့မိသားစုမှာ ဒါနကုသိုလ်ထက် ဝေယျာဝစ္စကုသိုလ်က ပိုများမယ်ထင်ပါတယ်။

''ဥပုသ်နေ့ရောက်တာနဲ့ မိသားစုအားလုံး ကျောင်းကို အစောကြီးသွားပြီး တစ်ကျောင်းလုံး သန့်ရှင်းရေးလုပ်တယ်၊ ကိုရင်တွေ ဦးဇင်းတွေရဲ့ စောင်တွေ၊ ခြင်ထောင်တွေ၊ သင်္ကန်းတွေတွေ့သမျှ အကုန်လျှော်ဖွတ်ပေးတယ်၊ အိမ်သာအားလုံးကိုလည်း ဆေးကြောသန့်ရှင်းပြီး ရေဖြည့်ပေးတယ်။

''အဲဒီ ဝေယျာဝစ္စကုသိုလ်တွေကတော့ အမြဲတမ်းလိုလို ရပါတယ်၊ ရန်ကုန်ကို မိသားစုအားလုံး ပြောင်းကြတော့မယ်ဆိုပြီး ဆရာတော်ကို သွားကန်တော့တော့ ဆရာတော်က အမိန့်ရှိပါတယ်။

'ဟဲ-မြင့်ကြည်၊ နင်တို့မိသားစုဟာ သူတစ်ပါး မလုပ်ချင်တဲ့ ဝေယျာဝစ္စကုသိုလ်တွေကို အများကြီး လုပ်ခဲ့ကြတယ်၊ ဒါကြောင့် နင်တို့ရန်ကုန်ရောက်ရင် သူတစ်ပါးမရတဲ့ ကောင်းကျိုးချမ်းသာတွေကို နင်တို့ရကြလိမ့်မယ်၊ သူတစ်ပါးမစီးရတဲ့ကား နင်တို့ စီးရလိမ့်မယ်၊ သူတစ်ပါး မနေရတဲ့တိုက်မှာ နင်တို့ နေရလိမ့်မယ်'တဲ့။

''ရန်ကုန်ရောက်တာနဲ့ ကိုတင်စိုးနဲ့ အိမ်ထောင်ကျတာပါပဲ၊ အိမ်ထောင်ကျပြီးတာနဲ့ ကူညီမယ့်သူတွေ့ပြီး ကိုတင်စိုးဟာ ဘာမှမကုန်ရဘဲ နိုင်ငံခြားသင်္ဘောသားအလုပ်ကို ရခဲ့တာပါ''

**ရှောင်စရာနှင့် ဆောင်စရာ**

အဒိန္နာဒါနအခန်း နိဂုံးချုပ်တွင် ရှောင်စရာဈေးသည်နှင့် ဆောင်စရာဈေးသည်တို့ အကြောင်းကို တင်ပြချင်၏။ ထားဝယ်မြို့သူ အမျိုးသမီးကြီးတစ်ယောက်သည် စာရေးသူကျောင်းတွင် ဆောက်လုပ်နေသော အမျိုးသမီးယောဂီဆောင်နှစ်ထပ်ကျောင်းအတွက် တိုင်တစ်လုံးစာ ငွေလှူချင်နေသည်။

ထိုစဉ်၂၀၀၂-ခုနှစ်က နှစ်ဆယ့်လေးပေ ကွန်

ကရစ်တိုင်တစ်လုံးအတွက် ငါးသောင်းကျပ် ကုန်ကျသည်။ ထိုအမျိုးသမီးကြီးတွင် သဒ္ဓါရှိသော်လည်း ဥစ္စာကမရှိရှာ။ ထို့ကြောင့် သူ့မိခင်အမွေပေးခဲ့သော ရွှေထည်ပစ္စည်းလေးတစ်ခုကို သွားရောင်းသည်။ သူရောင်းမည့်ပစ္စည်းသည် ထိုစဉ်အချိန်က တစ်သိန်းခွဲခန့် တန်သည်။

သို့သော် သူမက တစ်သိန်းခွဲခန့် တန်သည်ကို မသိရှာသဖြင့် ကျောင်းအတွက် ကွန်ကရစ်တိုင် လှူရန် ငါးသောင်းခန့်ရချင်ကြောင်း ထုတ်ပြောမိသည်။ ဝယ်သူသည် တစ်သိန်းခွဲတန်မှန်းသိလျက် ငါးသောင်းသာ ပေးလိုက်သည်။

ထိုကိစ္စတွင် ဝယ်သူသည် ရောင်းသူထံမှ ငွေတစ်သိန်းကို လှည့်ပတ်လိမ်ညာ၍ ခိုးယူလိုက်ခြင်း ဖြစ်သည်။ ကခါအဋ္ဌကထာ၌လာသော ခိုးနည်း၂၅ မျိုးတွင် ထေယျာဝဟာရ ခိုးနည်း၌ ပါဝင်သည်။ ထို့ကြောင့်ထင်ပါသည်။ ယင်းမြို့ မီးလောင်သော အခါ ထိုသူ၏အိမ်သည် ထိပ်ဆုံးမှပါသွားခဲ့သည်။

''လှူဖို့ ရောင်းတာပါ'' ဟု ထုတ်ပြောပါလျက် မတရားသဖြင့် ယူရက်သော ဝိသမလောဘစိတ်ကား စက်ဆုပ်ရွံရှာဖွယ်ရာကောင်းလှ၏။ ဤပုဂ္ဂိုလ်မျိုးသည် ဗုဒ္ဓ၏တပည့်အမည်ခံပြီး အရှင်ဒေဝဒတ်၏ကျင့်စဉ် တိတ္ထိဆရာကြီးခြောက်ဦးတို့၏ ကျင့်စဉ်ကို ကျင့်သုံးခြင်းပင် ဖြစ်သည်။

ဤဖြစ်ရပ်ကို မှတည်၍ ဝဋ်သုံးပါးကြောင့် အပါယ်ကျရပုံ၊ ဝဋ်သုံးပါးမှလွတ်၍ ပဋ္ဌမနိဗ္ဗာန် ချမ်းသာခံစားရပုံတို့ကို အများနားလည်အောင် ရေးသားအံ့။

### ဝဋ်သုံးပါးကြောင့် အပါယ်ကျပုံ

ဝဋ်သည် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟု သုံးပါးရှိ၏။ ထိုတွင် ကိလေသဝဋ်အရ ဤနေရာ၌ ရုပ်နာမ်ကိုငါဟု အယူမှားသောဒိဋ္ဌိကိလေသာကို ယူရ၏။ ကမ္မဝဋ်အရ ဒုစရိုက်, ဒုရာဇီဝကိုယူရ၏။ ဝါသနာအရအပျော်အပျက်အနေဖြင့် ခိုးလျှင် ဒုစရိုက်၊ အသက်မွေးဝမ်းကျောင်း အတွက်ခိုးလျှင် ဒုရာဇီဝ ဤသို့ခွဲရ၏။

ဝိပါကဝဋ်အရ အပါယ်ခန္ဓာဖြစ်ခြင်းကို ယူရ၏။ အကြောင်းဝဋ် အကျိုးဝဋ်ခွဲလျှင် ကိလေသဝဋ်၊ ကမ္မဝဋ်သည် အကြောင်းဝဋ်ဖြစ်ပြီး ဝိပါကဝဋ်သည် အကျိုးဝဋ်ဖြစ်သည်။ ရွှေကို ဈေးနှိမ်ပြီးဝယ်သော သူသည် ဒုရာဇီဝအမှုကို ပြုခြင်းဖြစ်သည်။ ရွှေဝယ်သူတွင် တကယ်ရှိသောအရာကား ဖောက်ပြန်ခြင်း သဘောတရားရှိသည့် ရုပ်တရားနှင့် အာရုံကိုသိခြင်း သဘောတရားရှိသည့် နာမ်တရားတို့သာဖြစ်သည်။

ထိုရှိသည့် ရုပ်နာမ်သည်လည်း မပျက်မစီး အမြဲတည်နေသည် မဟုတ်။ တရစပ်ဖြစ်ပျက်နေသော အရာသာဖြစ်သည်။ အမြဲတမ်းဖြစ်ပျက်နေသောကြောင့် အနိစ္စတရားသာ ဖြစ်သည်။ အဖြစ်အပျက်နှင့် အမြဲတမ်း နှိပ်စက်နေသောကြောင့် ဒုက္ခသာ ဖြစ်သည်။ ထိုရုပ်နာမ်များ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေဟု မိမိ အလိုလိုက် အကြိုက်ဆောင်အောင် ပြုလုပ်နိုင်စွမ်းမရှိသောကြောင့် အနတ္တတရားသာ ဖြစ်သည်။

မမြဲသောတရားကို မြဲသည်၊ ဆင်းရဲသော တရားကို ချမ်းသာသည်၊ ကိုယ့်အလို မလိုက်သော တရားကို ကိုယ့်အလိုလိုက်သည်၊ ဖောက်ပြန်သော သဘောရုပ်နှင့် သိသဘောနာမ်ကို ငါဖြစ်သည်ဟု ဖောက်ပြန် မှားယွင်းစွာ ယူမိလေသောအခါ ငါချမ်းသာဖို့အဓိက ကျန်တဲ့သူတွေဘာဖြစ်ဖြစ်ဟူသော ဝိသမလောဘစိတ်ကြီး ဝင်ရောက်လာလေတော့သည်။

ဤသည်ကိုပင် ကိလေသဝဋ်ဟု ခေါ်ခြင်းဖြစ်၏။ ထိုကိလေသဝဋ်ကြောင့် ရွှေဆိုင်ပိုင်ရှင်သည် တစ်သိန်းခွဲတန်သောပစ္စည်းကို ငါးသောင်းပေး၍ ဝယ်လိုက်ခြင်းဖြစ်သည်။ ဤကားကမ္မဝဋ်ကို ပြုလုပ်လိုက်ခြင်းပေတည်း။ ထိုကမ္မဝဋ်ခေါ် အကုသိုလ်ကံကြောင့် ထိုသူများသေလွန်သောအခါ အပါယ်ဘုံ

တစ်ခုခုသို့ ကျရောက်နိုင်ပါသည်။ ထို့ကြောင့် အပါယ်လေးပါးသို့ ကျရခြင်းကိုပင် 'ဝိပါကဝဋ်'ဟု ခေါ်ခြင်းဖြစ်သည်။

### ဝဋ်သုံးပါးချုပ်၍ အပါယ်မကျပုံ

မြိတ်မြို့တွင် 'အောင်လံမိတ္တူဆိုင်'ဟူ၍ ရှိလေသည်။ ထိုဆိုင်ပိုင်ရှင်အမည်မှာ ကိုတင်ဝဏ္ဏ ဖြစ်သည်။ စာရေးသူ၏ ပစ္စည်းလေးပါးအလှူရှင်တစ်ဦးပင် ဖြစ်၏။ ထို့ပြင် စာရေးသူ၏စာဖတ်ပရိသတ်၊ တရားနာပရိသတ်လည်း ဖြစ်၏။

တစ်ရက်တွင် ရန်ကုန်မှပစ္စည်းများ ဝယ်လာရာ သိန်းသုံးဆယ်ကျော်ဖိုးခန့် ရှိသည်။ ပစ္စည်းဘောက်ချာစာရွက်ကို သေချာပြန်ပေါင်းကြည့်သောအခါ ငွေငါးသိန်းခန့် ကွာနေသည်ကို တွေ့ရသည်။

သိန်းသုံးဆယ်ခန့်ကျသည်ကို နှစ်ဆယ့်ငါးသိန်းခန့်သာ တွက်ယူထားသည်။ ကိုတင်ဝဏ္ဏသည် ကွာနေသော ငါးသိန်းကို ဘဏ်မှ နေ့ချင်းလွှဲပေးလိုက်သည်။ စာရိတ္တထက် အဖိုးတန်သောအရင်းအနှီး လောကတွင် မရှိချေ။ စာရိတ္တကို တန်ဖိုးဖြတ်သူများသည် လောကတွင် အမိုက်မဲဆုံးသောပုဂ္ဂိုလ်များပင် ဖြစ်သည်။

နောက်တစ်လခန့်အကြာတွင် ကိုတင်ဝဏ္ဏတစ်ယောက် ရန်ကုန်တွင် ကားတစ်စီးဝယ်ရာ သိန်းငါးဆယ်ခန့် အရေးတကြီး လိုအပ်နေသည်။ ထိုအခက်အခဲကိုသိသွားသော ကွန်ပျူတာစက္ကူအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက သိန်းငါးဆယ်ကို အတိုးမဲ့ထုတ်ချေးပေးလိုက်သည်။


ကိုတင်ဝဏ္ဏထံမှ မည်သည့်ပစ္စည်းမှလည်း အပေါင်အနေနှင့် ယူမထားပေ။ ထိုဆိုင်ရှင်သည် ကိုတင်ဝဏ္ဏအပေါ် အဘယ့်ကြောင့်ဤမျှလောက် ယုံကြည်နေရသနည်း။ ထိုဆိုင်ရှင်သည် ပိုသောငွေငါးသိန်းကို ပြန်လည်ပေးပို့ခြင်း ခံခဲ့ရသောသူ ဖြစ်နေသောကြောင့်ပင်တည်း။ အကယ်၍ ကိုတင်ဝဏ္ဏတစ်ယောက် သိန်းငါးရာလိုသည်ဟု ဆိုလျှင်လည်း ထိုဆိုင်ရှင်က စိုက်ထုတ်ပေးဦးမည်သာဖြစ်၏။ ထိုကဲ့သို့ ပေးရဲသည်မှာ ရွှေ၊ ငွေ၊ ရတနာထက် တန်ဖိုးကြီးသော ကိုတင်ဝဏ္ဏ၏ စာရိတ္တကို ထိုဆိုင်ရှင်က သိထားသောကြောင့်ပင်တည်း။

ထိုကဲ့သို့ ဝိသမလောဘကို ပယ်သတ်နိုင်ခြင်းသည် အပါယ်ဆွဲချမည့် အကြောင်းတရားများကို ပယ်သတ်ခြင်းနှင့် အတူတူပင် ဖြစ်၏။ ရုပ်နာမ်ကိုစွဲသော ဒိဋ္ဌိအယူမရှိခြင်းကြောင့် မတရားသောနည်းဖြင့် ငွေကိုမယူခြင်းဖြစ်သည်။ ထိုကဲ့သို့ မတရားမှုများ မရှိသောကြောင့် ကိုတင်ဝဏ္ဏကဲ့သို့ ကိုယ်ကျင့်သီလရှိသောသူများသည် အပါယ်မကျဖို့ရန် သေချာသလောက်ဖြစ်သည်။

ကိလေသဝဋ်ချုပ်၍ ကမ္မဝဋ်ချုပ်သည်။ ကမ္မဝဋ်ချုပ်၍ ဝိပါကဝဋ် ချုပ်သည်။ သံသရာတစ်လျှောက် အပါယ်မကျသောချမ်းသာကို မည်သည့် ချမ်းသာမှ လိုက်၍ မီမည်မဟုတ်ပေ။ အပါယ်ဘဝ ခန္ဓာဒုက္ခမှ သံသရာတစ်လျှောက် လွတ်မြောက်သွားခြင်းကိုပင် ပထမနိဗ္ဗာန်ဟု ခေါ်ကြောင်း အနတ္တဒီပနီကျမ်းသစ်၌ လယ်တီဆရာတော်က ဖွင့်ပြခဲ့သည်။

ဝဋ်သုံးပါးကို ထောက်ဆ၍ ကြည့်လိုက်လျှင် သောတာပန်များ အပါယ်မကျခြင်းသည် ဒုစရိုက် ဒုရာဇီဝဟူသော ကမ္မဝဋ်ကို မပြုလုပ်သောကြောင့် ဖြစ်သည်။ ထို့အတူပုထုဇဉ်များသည်လည်း ဒုစရိုက်၊ ဒုရာဇီဝဟူသော ကမ္မဝဋ်ကို မပြုလုပ်လျှင် အပါယ်မကျနိုင်တော့ပေ။

အပါယ်ကျခြင်းဟူသည် အကျိုးတရားဖြစ်သည်။ ထိုအကျိုးတရားသည် ဒုစရိုက်၊ ဒုရာဇီဝ ပြုလုပ်ခြင်းဟူသော အကြောင်းတရားကြောင့် ဖြစ်ရသည်။ ဒုစရိုက်၊ ဒုရာဇီဝဟူသောအကြောင်းတရားကို ပယ်သတ်နိုင်ခဲ့လျှင် အပယ်ကျခြင်းဟူသော အကျိုးတရားကား မည်သို့သောနည်းနှင့်မျှ မဖြစ်နိုင်တော့ပေ။



## အတ္တကျော်

# ညစ်ကျူလိပ်ပြာ

# ညစ်ကျူလိပ်ပြာ

( ၁ )

တစ်နေ့နေ့ကျလျှင်တော့ ဆပ်ပြာမှုန့် ကောင်းကောင်း ချေးချွတ်ဆေးကောင်းကောင်းနှင့် လိပ်ပြာလေးတွေကို လျှော်ဖွပ်နိုင်ဖို့ ကြိုးစားရပေဦးမည်။

( ၂ )

ပြောရလျှင် ကျွန်တော် အလွန်တရာ အအိပ်မက်ခြင်းက စရပါမည်။ ကျွန်တော်သည် အလွန်အပျင်းကြီးသူ တစ်ယောက်ဖြစ်သည်ကို ဂုဏ်ယူစွာ ဝန်ခံလိုက်ချင်ပါသည်။ မတ်တတ်ရပ်နေတာထက် ထိုင်နေတာက သက်သာ၏။ ထိုင်နေတာထက် လဲလျောင်းနေတာက သက်သာ၏။ လဲလျောင်းနေတာထက် အိပ်စက်နေသည်က သက်သာ၏။ အဲသလို ကျွန်တော်က ယူဆယုံကြည်သည်။

ကွယ်လွန်သူ မိတ်ဆွေကြီးရာမ(ဘူမိဗေဒ)က အိပ်လွန်းသည့် ကျွန်တော့်ကိုသည်လိုပြောဖူးသည်။

''မောင်ရင်လေးက တော်တော် အအိပ်မက်တာပဲ။ တကယ်က မောင်ရင်သေချာစဉ်းစား ကြည့်စမ်း၊ တစ်နေ့မှာ ရှစ်နာရီ အိပ်တယ်ဆိုရင် တစ်နေ့ရဲ့သုံးပုံနှစ်ပုံကိုပဲ မောင်ရင် လူအဖြစ်နေခွင့်ရတယ်။ အဲသည်တော့မောင်ရင် လူ့ဘဝမှာ အသက်(၆၀)နေတယ်သာဆိုတယ်။ အိပ်နေတာက အနှစ်(၂၀)နိုးပြီး တကယ်တမ်းနေခွင့်ရလိုက်တာက အနှစ်(၄၀)တည်းရယ်။ ဘယ်လောက်နှမြောစရာကောင်းသလဲ၊ သိပ်မအိပ်စမ်းပါနဲ့ကွာ''တဲ့။

သူပြောတာ ဟုတ်သလိုလိုတော့အရှိသား။ သို့သော် ကျွန်တော်မလုပ်နိုင်။ ဘယ့်နှယ်ကွယ်. . အိပ်နေတာက အရာရာကို မျက်စိအနောက်သက်သာသည်။ ခေါင်းအခြောက်သက်သာသည်။

နိုးနေတဲ့ ဘဝမှာတော့ စိတ်တိုင်းမကျစရာ တစ်မျိုးပြီးတစ်မျိုးနှင့် နပန်းသတ်ရင်း လောကကြီးကို အလကားနေရင်းကို တံတောင်နှင့်တွက်ချင်နေတတ်မြဲ။ အိပ်ပျော်နေတဲ့ဘဝမှာတော့ အရာရာက ကိုယ်နှင့်သိပ်မဆိုင်တော့ စိတ်တိုင်းမကျစရာ နည်းသွားသလို စိတ်တိုင်းမကျတောင်မှ လောကကြီးကို သိပ်မထိခိုက်။

သည်တော့ ကျွန်တော့်လမ်းစဉ်သည် အိပ်ရေးအဓိက။

( ၃ )

အအိပ်မက်သောသူအတွက် အိပ်မက်တွေထပ်ထပ်လာသလားတော့ကျွန်တော်မပြောတတ်နိုင်ပေ။ သေချာသည်ကတော့အိပ်မက်တစ်ခုကိုအထပ်ထပ် အကြိမ်ကြိမ်ကျွန်တော်မက်နေမိသည်သာဖြစ်ပါသည်။

ထိုအိပ်မက်ကို ကျွန်တော်အလွန်မုန်းမိပါသည်။ သို့သော် ထိုအိပ်မက်ကကျွန်တော်ကို အမြဲလိုလိုနှိပ်စက်လေ၏။

ကြာတော့ အအိပ်မက်သော ကျွန်တော်တစ်ယောက် အိပ်ရမှာကို ကြောက်လာခဲ့ပါပြီ။ အိပ်မက်

ကို မမက်အောင် ဘယ်လိုကမှတားဆီးကာကွယ်လို့ မရနိုင်တော့သည့်အဆုံး မအိပ်ဘဲနေဖို့သာ အတတ်နိုင်ဆုံး ကြိုးစားယူရတော့မည့် ကျွန်တော့်အဖြစ်ပါ။

'သုတ္တေဝ– အိပ်ပျော်သော်လည်း၊ ကိဉ္စိ– တစ်စုံတစ်ခုသော၊ ပါပံ– မကောင်းသော အိပ်မက်ကို၊ နပဿတိ– မမြင်မက်'ဟုမွမ်းထားသော မေတ္တသုတ်တော်ကို ယုံကြည်စွာ အဖန်ဖန်ရွတ်ဆိုပြီး အိပ်လည်း မအောင်မြင်။ မေတ္တသုတ်က မစွမ်းဟု ဆိုလိုခြင်းမဟုတ်ပါ။ ကျွန်တော်အိပ်မက်ကလည်း ကောင်းသောအိပ်မက် မဟုတ်သည့်တိုင် မကောင်းသောအိပ်မက်(ဝါ) အိပ်မက်ဆိုးမဟုတ်သောကြောင့် မေတ္တသုတ်ပါ 'ပါပံ၊ မကောင်းသောအိပ်မက်' စာရင်းတွင် ဝင်ဟန်မတူပါ။

'ယံ ဒုန္နိ မိတ္တံ အဝမင်္ဂလဠ'နှင့်လည်း စာရင်းဝင်ဟန်မတူပါ။ နှစ်မျိုးစလုံး စုံရွတ်၍လည်းကောင်း၊ တစ်မျိုးစီ ရွတ်ဆို၍လည်းကောင်း အိပ်ကြည့်သည့်တိုင် ကျွန်တော့်အိပ်မက်က ကျွန်တော့်ကို ကောင်းကောင်းကြီးနှိပ်စက်မြဲမို့ ကျွန်တော့်ခမျာ မအိပ်ရဲတော့ပါ။

( ၄ )

ဟုတ်ကဲ့ ...။

ကျွန်တော်အိပ်မက်က သည်လိုပါခင်ဗျာ၊ စင်းစင်းလေးပါ။ ကျွန်တော်သည် သိပ္ပံဘွဲ့နောက်ဆုံးနှစ်စာမေးပွဲကို အကြိမ်ကြိမ်ကျရှုံးလျက် တက္ကသိုလ်တက်နေရသည်ဟုချည်းမြင်မက်ခြင်းသာဖြစ်ပါသည်။

( ၅ )

ဘုရားစူး ကျိန်ပြောပါ့မည်။

ကျွန်တော် ဘွဲ့ရတစ်ယောက်ပါ ခင်ဗျာ...။

ဟုတ်ပ ... ၁၉၇၉ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှရူပဗေဒဘာသာအဓိကနှင့် 'ဘက်ချလာအော့ဖ် ဆိုင်းယင့်စ်'ဟု မည်တွင်တော်မူပါပေထသော၊ 'ဘီအက်စ်ဘွဲ့'ဟု ခေါ်ပါပေထသော၊ သိပ္ပံဘွဲ့ကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားပါ၏။

သို့ရာတွင်...။

( ၆ )

ဟုတ်ကဲ့ ...။

သို့ရာတွင် ကျွန်တော့်မှာ ဘွဲ့နှင့်ပတ်သက်နေလေသော စိတ္တဇဝေဒနာတစ်ခု ဖြစ်နေပါသည်။

အထက်တွင်ဆိုခဲ့သည့်တိုင်း ကျွန်တော်သည် အိပ်မက်ထဲတွင် ဘယ်သောအခါမှ ဘွဲ့မရသူဖြစ်လို့ ချည်းနေပါသည်။

တကယ်က ၁၉၇၉ ခုနှစ်တွင် ကျောင်းပြီးကာ ၁၉၈၁ ခုနှစ်တွင် ဘွဲ့လက်မှတ်ကြီး ကျွန်တော်မျိုး 'ငရေချမ်း' လက်ထဲရောက်နေသည်မှာ ၁၃–၄ နှစ်ရှိနေပါပြီ။

သို့သော် ထို ၁၃–၄ နှစ်တွင်းတွင် ထိုအိပ်မက်က ကျွန်တော့်ကို အကြိမ်တစ်ရာမက နှိပ်စက်ပြီးနေပါပြီ။

( ၇ )

စတင်မြင်မက်စ လေး။ ငါး။ ဆယ်ခါတုန်းကတော့ သိပ်မထောင်းတာလှ...။ သာမန်အိပ်မက်ကယောက်ကယက်ဟုသာ ခပ်ပေါ့ပေါ့ တွေးထင်ခဲ့မိသည်။ အထပ်ထပ်၊ အဖန်ဖန်ပြန်ပြန်မက်လေတော့မှ တစ်စ၊ တစ်စ မအီမလည် ဖြစ်လာရချေသည်။

တစ်ညများဆိုလျှင် အိပ်ချင်မူးတူးနှင့် ဖိုင်တွဲတစ်တွဲတွင် ချောင်ထိုးထားမိသော ဘွဲ့လက်မှတ်ကြီးကို ထုတ်ကြည့်ကာ ကျွန်တော့်နာမည်နှင့် ဟုတ်၊ မဟုတ် ထကြည့်မိရသည်အထိ ကယောင်ကတမ်းဆိုးပါ့ကွယ်။

( ၈ )

စိတ်ရောဂါ အထူးကု ဆရာဝန်တစ်ဦးဦးထံသွားပြလိုစိတ်ပင် ပေါက်လာသည်။ ခက်နေသည်က ကျွန်တော်တို့ဆီမှာ စိတ်ကုဆရာဝန်ဆီ ပုထုဇဉ်

တွေ့သွားသည့် ဝေလေ့ကမရှိ။ စိတ်ရောဂါကုဆရာဝန်တွေကလည်း ဟိုနိုင်ငံတွေမှာလိုမပေါ။

ကိုယ့်ပြဿနာကိုယ်တော့ စိတ်ရောဂါမှန်း သိနေပြီ။ အိုး. . အနာသိမှတော့ ဆေးရှိရပေမယ် ပေါ့. . .။

ကိုယ့်ဘာသာကိုယ် ကုယူမည်။ ရေချမ်းပဲ။ ပေါ့ ရွှတ်ရွှတ်မှ မဟုတ်တာ ဘာရမလဲ၊ ငါကွ. . ဟု ကိုယ့်ကိုယ်ကို မောင်းတင်လိုက်သည်။

( ၉ )

တက္ကသိုလ်ကျောင်းသားဘဝကို အစအဆုံး အနုလုံပဋိလုံကြည့်သည်။ ဒါကကုထုံးသဘောလေ၊ ဟဲ. . . ဟဲ။

စာမေးပွဲဖြေခဲ့ပုံတွေ အသေးစိတ် ပြန်စဉ်းစားကြည့်သည်။ မှန်းစမ်း . . .။

( ၁၀ )

အာရုံမှာ ထင်လင်းစွာ ဦးဦးဖျားဖျား ပေါ်လာလေသည်က ကျွန်တော် ပထမနှစ် သိပ္ပံလက်တွေ့ စာမေးပွဲ ဖြေခဲ့ပုံကလေး . . .။

တစ်နှစ်အတွက် ရူပဗေဒလက်တွေ့သင်ခန်းစာ ၁၄ခုအနက်မှာ တစ်ခုကို ဖြေရမည်။

ကျွန်တော် ရွှေဉာဏ်ရှင်ရေချမ်း(မဟာသောက်ပျင်း)က အဲဒါကို ခုနစ်ခုပဲ ကြိုကြည့်သွားသည်။ (၁၄)ခုထဲက (၇)ခုလောက်သာ ကြည့်လိုက်လျှင် လုံလောက်ပြီဟု ကိုယ့်အတွေးနှင့်ကိုယ် ပိုင်းဖြတ်ချလိုက်သည်။

အဲ. . တကယ်တမ်းစာဖြေခန်းထဲလည်း ရောက်လို့ မဲလည်းနှိုက်ချလိုက်ပါရော၊ ခွက်ခွက်လည်း လန်ပါလေရော ခင်ဗျာ. . .။

ကံကြမ္မာကား တော်တော်ကြီးကို စုတ်ပဲ့ပုံရလေသည်။ ကျွန်တော်လုံးဝ ကြည့်မထားခဲ့သော ကျန်ခုနစ်ခုထဲမှ တစ်ခုကို ဖြေရမည် ဖြစ်လေ၏။ 'အားလည်ကိန်း'ဆိုပဲ။ သေဟဲ့ နန္ဒိယဟု ကျဆင်းရှာ ဥဒါန်းကျူးရုံမှတစ်ပါး ကျွန်တော်ကကော ဘာများ တတ်နိုင်ပါဦးမည်နည်း။ (ဗန်းမော်တင်အောင်၏ ထင်ရှားလှသော အသုံးအနှုန်းကို ပြောင်ခိုးထားခြင်း ဖြစ်ပါသည်။ စာပေဆားပုလင်းများ ဝမ်းသာကြစေကုန်သတည်း။)

အားလည်ကိန်းဆိုတော့ သူ့ပုံသေနည်းကို ဆယ်တန်းတုန်းက အသေကျက်ခဲ့ဖူးသဖြင့် ရေးနိုင်သည်။ သို့သော် ယင်းမှဆက်မလုပ်တတ်တော့။

တစ်ယောက်တစ်မျိုးစီ ဖြေကြသည်မို့ ဘေးဘီဝဲယာမှ သူငယ်ချင်းအတန်းဖော်တွေကို အားကိုးလို့ကလည်း မရနိုင်တော့သည်မှာ သေချာနေသည်။

ထိုအခါ ကျွန်တော်သည်အဖြေလွှာနှင့် မေးခွန်းကိုရှေ့တွင်ချကာ ကျက်သရေအပြည့်၊ ဣန္ဒြေအတိ၊ သိက္ခာအစုံနှင့် ငုတ်တုတ်ကြီး ထိုင်နေမိရလေတော့သည်။

ကွမ်းတစ်ယာကိုဝါးပြီး ကွမ်းသွေးနှစ်ခါလောက် ထွေးပြီးချိန်ခန့်အကြာတွင် ထိုင်ကိုယ်တော် ကျွန်တော့်အပါးသို့ စာမေးပွဲခန်းစောင့်သူ သရုပ်ပြဆရာလေး ရောက်လာပါသည်။

''ဖြေလေကွာ''

''မဖြေတတ်လို့ပါဆရာ''

''မင်း စာမကြည့်ခဲ့ဘူးလား''

''ကြည့်ခဲ့ပါတယ်ဆရာ။ ဒါပေမဲ့ ကျွန်တော်က ကိုယ့်ဘာသာရွေးကြည့်လာတော့ မကြည့်တဲ့ထဲက ဟာ ဖြစ်နေလို့ပါ. . ''

ကျွန်တော်ကား ငုတ်တုတ် . .။ ကျွန်တော် ရှေ့စားပွဲမှ အတန်းဖော်မိန်းကလေး စာငုံ့ဖြေရင်း ပေါ်နေသည့် ခါးသားဖြူဖြူလေးကို ကသိဏ်းရှုနေမိသည်။

ကွမ်းတစ်ယာ အသေအချာညက်သွား၍ မျိုချလိုက်ပြီးချိန်လောက်အကြာတွင် စောစောက ဆရာလေး ရောက်လို့လာပြန်သည်။

''ဟော့ကောင်. . . ဖြေလေကွာ''

''မရလို့ပါဆိုမှ ဆရာရယ်''

''မဖြေရင် ကျလိမ့်မယ်ကွ. . .''

''သိပ်ကို သေချာတာပေါ့ ဆရာရယ်။ ဒါပေမဲ့ မဖြေနိုင်မှတော့ ဘယ်တတ်နိုင်ပါ့မလဲ''

''ခက်တဲ့ကောင်ကွာ. . .''ဟုညည်းရင်း ဆရာ ထွက်သွားပြန်သည်။

ကျွန်တော်ကတော့ တစ်စက်ကလေးမှ စိတ်မပူတော့။ ကိုယ့်အပြစ်နှင့်ကိုယ် ထင်ရာလုပ်ချလာခဲ့ပြီးမှ ဖြစ်လာသောအကျိုးဆက်ကို ရဲရဲခံယူလိုက်ရုံသာရှိသည်။ နောင်တတွေ၊ ဘာတွေလည်း မရချင်။ ကိုယ်ဖြစ်ကိုယ်ခံ။ သည်အချိန်ကျမှ နောင်တတွေ ရနေလို့လည်း မရသောစာက ရတော့မည်မဟုတ်။ အဲဒီတော့လည်း စိတ်အေးလက်အေးနှင့် တောင်တွေး၊ မြောက်တွေး။

ကွမ်းနောက်တစ်ယာ ထပ်ဝါးပြီး ညက်လုလုလောက်အကြာတွင် ဆရာလေး ရောက်လို့လာပြန်သည်။ သည်တစ်ခါ သူကကျွန်တော့်ကို ခပ်တိုးတိုးကပ်မေးသည်။

''မင့်ကို ဆယ်မိနစ်အချိန်ပေးမယ်၊ မင်းအပြင်မှာ စာသွားဖတ်ရင် ဖြေနိုင်မလား. . .''

''ဟား . . သိပ်ရတာပေါ့ဆရာ၊ ဆယ်မိနစ်တောင်မလိုဘူး။ ငါးမိနစ်ဆိုရင်ကိုရတယ်ဆရာ''

''ဒါဆို သွားဖတ်ချေကွာ''

ကျွန်တော့်ဉာဏ်က အထူးဆင့်မှာ ရှိသည်။ လျှောက်လွှာစာရွက်နှင့် တစ်မျက်နှာခွဲသာသာရှိသည့် စာတစ်ပုဒ်ကိုငါးမိနစ်အတွင်း ကြောင်ပုစွန်စားသလို သေသေချာချာပိုင်ပိုင်နိုင်နိုင်ရသွားသည်။

သည်လိုနှင့် ပထမနှစ်စာမေးပွဲကို ကျွန်တော် တစ်ကောင် ယောင်တောင်ပေါင်တောင် အောင်မြင်ခဲ့လေ၏။

( ၁၁ )

ဒုတိယနှစ်၊ တတိယနှစ် စာဖြေပွဲတွေမှာတော့ အလားတူတွေ ထပ်မဖြစ်တော့။ နီးမှ ကပ်တွန်းသွားသည့်တိုင် အောင်ရုံလောက်ကတော့ ဟန်မပျက်ဖြေနိုင်ခဲ့သည်ချည်းသာ။

အဲ . . . နောက်ဆုံးနှစ် စာဖြေပွဲရောက်တော့မှ တစ်ဘာသာမှာ ဗရချာရမ်း နေလေတော့သည်။ ဈူကလီးယားဘာသာ။

ကျွန်တော်တစ်ပုဒ်သာ ဖြေနိုင်သည်။ ဖြေရမှာက ခြောက်ပုဒ်. . .။ တစ်ပုဒ်နှင့်တော့ အောင်မှတ်မရနိုင်သည်ကို ကျွန်တော် ကောင်းကောင်းကြီးကို သိနေသည်။

ပေးထားတာက ရှစ်ပုဒ်။ ဖြေထားတာက တစ်ပုဒ်။ ကျန်ခုနစ်ပုဒ်ထဲမှ တစ်ပုဒ်မှ ကျွန်တော်မဖြေတတ်တော့. . . .။ ဘာတတ်နိုင်မှာလဲ။

စတုတ္ထနှစ် တစ်နှစ်လုံး လက်တွေ့တန်းများကလွဲလျှင် မည်သည့်ပို့ချချက်တန်းကိုမှ မလိုက်ခဲ့။ အတန်းထဲသို့ပင်လျှင် ကျွန်တော်မရောက်ဖူး။ သည်တော့လည်း ကျွန်တော်မဖြေနိုင်သည်မှာ အဆန်းမဟုတ်လှပေ။

ဆိုခဲ့သည့်အတိုင်း ကျွန်တော်သည် ကိုယ်လုပ်လိုက်သည့်အတွက် ဖြစ်ပေါ်လာသော အကျိုးဆက်ကိုအပြုံးမပျက် လက်ခံနိုင်သူဖြစ်ပေရာ ယခုလည်း ဘာကိုမှ ဆက်မကြိုးစားတော့ဘဲ အချိန်စေ့သည်အထိ သည်အတိုင်း ငုတ်တုတ်ထိုင်နေလိုက်သည်။

စာမေးပွဲခန်းတို့၏ စည်းမျဉ်းများအရ ဖြေဆိုချိန် သုံးနာရီအတွင်း အနည်းဆုံး တစ်နာရီမပြည့်ဘဲ ထွက်ခွာခွင့်မရှိသည်ကို ကျွန်တော်သိသဖြင့် တစ်နာရီပြည့်အောင် ထိုင်စောင့်နေရခြင်းဖြစ်သည်။

တစ်နာရီလည်း တင်းတင်းစေ့ရော ကျွန်တော်နေရာမှ ထရပ်လိုက်သည်။ စာမေးပွဲခန်းစောင့်ဆရာ ကျွန်တော့်အနားသို့ ရောက်လာသည်။

အဖြေလွှာကို ထိုးအပ်လိုက်ချိန်တွင် ဆရာက မေးသည်။

''ပြီးပြီလားကွ''

''ဟုတ်ကဲ့ဆရာ''ဟု ကျွန်တော်ဖြေလိုက်တွင် ဆရာကကျွန်တော့် အဖြေစာအုပ်ကိုလှန်ကြည့်သည်။

''ဟင်. . . မင့်ဟာက တစ်ပုဒ်တည်း''

''ဟုတ်တယ် ဆရာ၊ အဲဒါပဲရလို့''

ကျွန်တော် နာခံစွာ ထိုင်အချတွင် ဆရာက မေးခွန်းစာရွက်ကို ယူကြည့်ပါသည်။ မေးခွန်းကို အစအဆုံး ဖတ်ကြည့်ပြီးသွားသောအခါ ဆရာက

''သည်တစ်ပုဒ်ဖြေလေ. . .''ဟု မေးခွန်းတစ်ပုဒ်ကို လက်ညှိုးနှင့် ထောက်ပြပါသည်။

ကျွန်တော် မေးခွန်းကို ဖတ်ကြည့်ပြီး ခေါင်းရမ်းကာ. . .။

''မဖြေတတ်ဘူး ဆရာ''

''မဟုတ်သေးပါဘူးကွာ။ သည်အပုဒ်ကတော့ မင့်မှာရှိတဲ့ ဆယ်တန်း ဗဟုသုတလောက်နဲ့တင် လျှောက်ရေးလို့ရပါတယ်ကွာ။ ရေးစမ်းပါ။ မင်းလဂ်ရေးနဲ့ဆို တစ်မျက်နှာခွဲလောက် ရေးလိုက်၊ အဲဒါပြီးရင် သွားကွာ။ စာပါရင်ပြီးရော။ ရေး . . .''

ကျွန်တော်သက်ပြင်းမော တစ်ချက်ချလိုက်ကာ ဆရာ ခိုင်းသည့်အတိုင်း ဆယ်တန်းအသိဖြင့် စတုတ္ထနှစ် သိပ္ပံဘွဲ့စာမေးပွဲကို ဖြေချလိုက်ပါသည်။

(စာဖြေခန်းထဲက ထွက်ပြီး အတန်းဖော်တွေနှင့် ပြန်ဆုံမှသိရသည်မှာ ထိုအခန်းစောင့်ဆရာသည် ကျွန်တော်တို့အတန်းအား ဈေးကလီးယားဘာသာရပ်ကို ပို့ချပေးသည့်ကထိကဖြစ်မှန်း သိရလေ၏။ ဆိုးလိုက်သည့်အဖြစ်ကား ကိုယ့်ဆရာ ကိုယ်မမြင်ဖူးသဖြင့် ဆရာမှန်းမသိသောအဖြစ်ပေတည်း)

မည်သို့ပင်ဖြစ်စေ ဆရာက ကျွန်တော့်ကို အထက်ကနှယ် အဖြေခိုင်းသဖြင့် ကျွန်တော်ကလည်း နာခံစွာဖြေချခဲ့သဖြင့် ကျွန်တော်သည် အနီနောက်ဆုံးနှစ် စာမေးပွဲကိုလည်း ဘာသာစုံဂရိတ်သရီးဖြင့် ယောင်တောင်ပေါင်တောင် အောင်မြင်ခဲ့ပြန်လေသည် တမုံ့။

( ၁၂ )

ကံကောင်းချင်တော့ ကျွန်တော်တို့သည် တားမ်ပေပါ(ခေါ်)ဘွဲ့ယူစာတမ်းကို ရေးစရာမလိုခဲ့ယေ. . .။ သည်လိုနှင့် ကျွန်တော် သောက်ပျင်းဘွဲ့ခံ မောင်ရေချမ်းသည် ၁၉၇၉ ခုတွင် ကျောင်းပြီးကာ ၁၉၈၁ တွင် ဘွဲ့ယူခဲ့ပါသည်။

သို့သော်. . .

ဟုတ်ကဲ့ သို့သော်တကယ်တမ်းတွင် ကျွန်တော် ရူပဗေဒကိုမတတ်မှန်း ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံး ဖြစ်လေသည်။

ရူပဗေဒဝေးစွ။ ရူပဗေဒကျောင်းသားတို့ တတ်အပ်သော အဌာရသများတွင်ပါဝင်သည့် အသုံးချသင်္ချာကိုပင်ကျွန်တော်လုံးဝ(လုံးဝ)မတွက်တတ်ပါပေ။

( ၁၃ )

လား . . . လား . . .။

သည်တော့ အိပ်မက်ထဲတွင် ကျွန်တော် ကြိမ်ဖန်များစွာ ဒုက္ခလှလှ တွေ့နေရသည်မှာ မဆန်းလှပြန်ပေ။ ကိုယ့်လိပ်ပြာကိုယ်ဒြက မသန့်မှတော့ ထိုမသန့်သော လိပ်ပြာကလေးက မသိစိတ်ဖြင့်မြင်မက်နေသော အိပ်မက်ထဲတွင် ပျော်ရွှင်မြူးထူးလွတ်လပ်စွာ ဝဲပျံခုန်က စိုးမိုးပြလေမည်သာတည်း။

( ၁၄ )

သည်လို စိတ်ကို သရုပ်ခွဲပြီးသကာလ ကိုယ့်ကိုယ်ကိုပြန်ကုရန်နည်းလမ်းကိုထပ်ဆင့်ဖွေရှာသည်။

တွေ့ပြီ။ ကိုယ်ကိုယ်ကိုတော့ ဒီဘွဲ့ကို ကိုယ်နှင့် မထိုက်တန်မှန်းသိသည်။ သို့သော် ထိုက်ထိုက်၊ မထိုက်ထိုက်၊ တန်တန်၊ မတန်တန်၊ ထိုဘွဲ့ လက်မှတ်ကြီးသည် ကျွန်တော်လက်ထဲတွင် ပိုင်ပိုင်နိုင်နိုင် ရောက်ရှိနေပေသည်။ သည်အချိန်ကျမှတော့ ဘယ်သူမှပြန်ယူလို့ မရနိုင်ပါလေတော့။ ဘယ်သူကကော ပြန်တောင်းနေလိမ့်မလဲ. . .။

ဒါဆို ကိုယ့်ဘာသာ စိတ်အေးလက်အေး နေရုံပေါ့ကွယ်. . .။

ဒါလေးများ။

ခက်တာက ဒီရွှေလိပ်ပြာ၊ တော်တော်လည်း ကူလီကူမာနိုင်သည်။

ဟုတ်ပရော့…။ စိတ်ထဲတွင် စနိုးစနောင့်နေတုန်း..။

ဟော့ကောင် ..ဖြေတွေး တွေးကြည့်စမ်း ..။

တွေးစမ်း ….ဖြေပြီး တွေးစမ်း …

အမယ် ..အဲလိုတွေးတော့ အလာကြီးပဲ ..။

ဟုတ်ပ…။

တကယ်တော့ သည်လောကကြီးမှာ အဲလိုမျိုးတွေ ဖြစ်နေသူက ကိုယ်တစ်ယောက်တည်းမှ မဟုတ်တာ။

ဒါနဲ့များ …ဒါနဲ့များ။

( ၁၅ )

တစ်နေ့နေ့ကျလျှင်တော့ ဆပ်ပြာမှုန့်ကောင်းကောင်း ဈေးချိုဆေးကောင်းကောင်းနှင့် လိပ်ပြာလေးတွေကို လျှော်ဖွတ်နိုင်အောင် ကြိုးစားရပေဦးမည်။

(အတ္တကျော်)

**တွေးနောက်မှာ ပြောချင်တာ**

ဤဝတ္ထုကို ၁၉၉၅-ခု၊ မတ်လ(၃)ရက်နေ့တွင် ရေးသားပြီးစီးခဲ့ပြီး ထိုနှစ်မေလထုတ် သရဖူမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။

ပြောစရာ နောက်ဆက်တွဲက ထိုသို့မိမိကိုယ်မိမိ ဖြောင့်ချက်ပေးသည့်အနေဖြင့် ဤဝတ္ထုကို ရေးလိုက်မိသည့်နောက်တွင် ထိုအိပ်မက်ကို လုံးဝထပ်မမက်တော့ပါ။


ထို့ကြောင့်စာဖတ်သူများလည်း ကျွန်တော့်နယ်တစ်စုံတစ်ရာကြောင့် လိပ်ပြာများညစ်ကျုံနေသည်ဆိုပါလျှင် မိမိကိုယ်မိမိဝန်ခံဖြောင့်ချက်ပေးခြင်းအားဖြင့်လည်းကောင်း၊ မိမိကိုယ်မိမိ မထောက်မညှာဘဲ အမှန်ကိုအမှန်တိုင်း တည့်တည့်မှန်မှန် ပြန်လည်ဝေဖန်နည်းဖြင့်လည်းကောင်း ကုစားနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ချင်ပါသေးသည်။

ကျွန်တော်ကတော့ ကျွန်တော့်ကုထုံး မှန်သွားပြီဟု ခိုင်ခိုင်မာမာယူဆလျက် လူတစ်ယောက်အဖြစ် ဆက်လက်လုပ်ဆောင်နိုင်သွားပါပြီ။

အဟောဝတ…

ဩော် ကောင်းလေစွ…

ကောင်းလေစွ…


ခြေရာအဆိပ်
လွှန်းထားထား

# ခြေရာအဆိပ်

( ၁ )

ကျွန်မရင်နာသွားရတာက ကျွန်မသူ့ကို အဖြေပေးမိတော့မယ့် သာယာတဲ့ မနက်ခင်းတစ်ခုမှာ ကျွန်မ တစ်ကြိမ်တစ်ခါမှ တွေးတောထင်မှတ်မထားခဲ့မိတဲ့ ဆိုးရွားတဲ့လုပ်ရပ်တစ်ခုကို သူလုပ်ကိုင်ခဲ့တာပါပဲ။

သူ့ကိုကျွန်မ စတွေ့ခဲ့တာဟာ ကျူရှင်တစ်ခုမှာပါ။ ကျွန်မနဲ့တန်းတူ လိုက်တက်တာမျိုး မဟုတ်ဘဲ ကျွန်မ ကျူရှင်အတက်အဆင်းကို စောင့်ကြည့်မှတ်သားနေတဲ့ နွမ်းလျဖျော့ကြင်နေတဲ့ ကချင်ပုဆိုးကွက်တစ်စုံဟာ နေ့ပေါင်းများစွာ ကျွန်မမျက်ဝန်းထဲ တိုးဝင်လာတတ်ခဲ့တယ်၊ မတောက်ပပေမယ့် ရိုတာကလေးနဲ့ရောင့်ရဲရှင်သန်နေတတ်တဲ့ သူ့ဆီမှာ မက်မောတွယ်တာစရာဆိုလို့ ချောမောသန့်ပြန့်တဲ့ ရုပ်ရည်ကလေးနဲ့ လိုက်ဖက်တဲ့ ခြေထောက်ဖြူဖြူစင်စင်ကလေး တစ်စုံပါပဲ။

အံ့သြစရာကောင်းတာက အဝတ်အစားနွမ်းဖတ် ဟောင်းမြွေ့လွန်းလှတဲ့သူဟာ ချုပ်ရိုးသားမြင်ရုံနဲ့ ကျွန်မမှတ်မိနိုင်တဲ့ ကျွန်မစီးနေကျ ယောက်ျားစီး မြမာလာကတ္တီပါဖိနပ် အကောင်းစားမျိုးကို စီးထားနိုင်တာပါပဲ။

ကျွန်မခြေထောက်က အနည်းငယ်ကြီးတော့ မြမာလာယောက်ျားစီးကိုမှ စိတ်ချကျေနပ်တတ်သူပါ၊ မိန်းကလေးဖိနပ်လေးတွေ ကျွန်မ မစီးတတ်၊ အဲဒါကလည်း ကျွန်မရဲ့ ထူးခြားချက်ပဲ ဖြစ်ပါတယ်၊ ဖိနပ်ကိစ္စပြောရတာက ကျွန်မက ခြေထောက်တွေကို စိတ်ဝင်စားတတ်လို့ပါပဲ၊ သူ့ကို တွေ့စက သူ့ခြေထောက်ကလေး သန့်ပြန့် ဖြူစင်ပြီး ခြေချောင်းလေးတွေ လုပညက်မွတ်နေတာလေး တစ်ခုတည်းနဲ့ ကျွန်မ နှစ်လိုစွဲလမ်းသွားခဲ့တာ။

ကျွန်မက သူ့ခြေထောက်ကလေးက စပြီး သူ့ကို ခင်တွယ်မြတ်နိုးတတ်လာသူပဲ ဖြစ်ပါတယ်။

( ၂ )

ကျွန်မကိုယ်တိုင်ကတော့ ခြေထောက်မလှသူလေ။

သူနှင့်ကျွန်မ စတင်ပွင့်လင်းစွာခင်မင်ခဲ့တဲ့နေ့ရက်တစ်ရက်တော့ ကျွန်မဘယ်တော့မှ မမေ့ဖြစ်တော့မှာ သေချာပါတယ်။ အဲဒီနေ့က မိုးတွေသည်းထန်စွာ ရွာသွန်းနေခဲ့တယ်။

ကျွန်မ ကျူရှင်လှေကားပေါ်က အဆင်းမှာ အနက်ရောင် မပီပြင်တော့ဘဲ အိုမင်းဖျော့တော့နေတဲ့ ထီးခပ်စုတ်စုတ်ကလေးနဲ့ ကုပ်ကုပ်ကလေး ရပ်စောင့်နေတဲ့သူ့ကို ရေစိုရွှဲစွာတွေ့ခဲ့ရတော့ထုံးစံထက်ပိုအံ့သြသွားမိတာပါပဲ။ ကျွန်မအထင် ရင်ထဲလှိုက်ခနဲတောင် တုန်လှုပ်သွားခဲ့တယ်ထင်ပါရဲ့။

ကျွန်မမှာ ထီးပါမနေခဲ့ဘူး။ ကျွန်မက ထီးကိုင်ပျင်းတတ်သူ အမျိုးအစားထဲမှာပါဝင်ခဲ့သူပါပဲ။ မိုး

အစဲကိုကျွန်မလေ့ကားကနေရပ်စောင့်ဖို့ပြင်နေဆဲ . .

''ကားဂိတ်ကို လိုက်ပို့ပေးရမလား ဟင်၊ မှောင်နေမယ်၊ မိုးကိုစောင့်နေရင် ဒါမှမဟုတ် ထီးယူသွားမလား''

တိုးသက်ညင်သာတဲ့ အသံဖျော့ကလေးနဲ့အတူ အပြုံးချိုသာကလေး စွန်းထင်းနေတဲ့ သူ့နှုတ်ခမ်းကလေးကို ကျွန်မ အဲဒီအချိန်မှာ သိပ်ကိုသဘောကျ နှစ်ခြိုက်ခုံမင်သွားခဲ့တယ်၊ ပြီးတော့ သူ့ရဲ့ခြေထောက်ဖြူစင်ချောမွတ်ကလေး။

ရေစိုစိနေတဲ့အတွက် သူ့ဖိနပ်ကလေးက ပျော့အိယိုယွင်းနေပြီ၊ ပြီးတော့ စီးသက်ရင့်သွားပြီမို့ ကြိုးဖွာစုတ်စ ပြနေပြီ၊ အို . . သူ့ဖိနပ်ကလေးများ မတော်တဆ ပြတ်တောက်သွားမလား၊ ကျွန်မ စိုးရိမ်ပူပန်မှုကလေး ကြဲဖန်ဝင်နေမိသေးတယ်။

''မိုးဒေဝါ . . . ယူသွားမလား''

ကျွန်မအမည်ကို ချစ်ခင်နှစ်သက်ဟန် တစ်မျိုးလေးနဲ့ သူတိုးတိုးကပ်ခေါ်တဲ့ အခါမှာတော့ ကျွန်မ စတင်ရင်ခုန်လာမိတယ်။ ကျွန်မ အဲဒီအချိန်ကလေးမှာ စသိသွားခဲ့ရတာကတော့ ကျွန်မလည်း သူ့ကို ချစ်ခင်စွဲလမ်းနေခဲ့မိပြီ ဆိုတာပါပဲ။

ကျွန်မရင်ထဲမှာ သူ့ကိုစိမ်းရွှံ့မနေဘဲ သူနဲ့အတူ တစ်မိုးတည်းအောက်မှာ ထီးအတူဆောင်းသွားလိုစိတ်က လျှပ်တစ်ပြက် ဝင်ရောက်နိုးကြွသွားခဲ့ပြီး ဆင်ခြင်စွမ်းမှန်သမျှ ကျွန်မကိုယ်ကနေ တဒင်္ဂ လွင့်ကွာ ပယ်ရှားနေခဲ့တယ်။

''လိုက်ပို့ပေးလေ''လို့ ကျွန်မခပ်တိုးတိုး ဆိုလိုက်တဲ့အခါ လက်ခနဲ တောက်ပသွားတဲ့ သူ့မျက်နှာကလေးပေါ်က မျက်လုံးတစ်စုံဟာ တစ်ဖျပ်ဖျပ် ရွှန်းလက်လို့ နေခဲ့တာကိုလည်း ကျွန်မ, မမေ့နိုင်ခဲ့ပါဘူး။ အဲဒီနေ့မှာ သူနဲ့ကျွန်မ စ,ခင်မင်သွားခဲ့တယ်။

မှတ်မှတ်ရရ နောက်တစ်နေ့မှာ သူ့ဖိနပ်အသစ်ကျပ်ချွတ်ကလေး ပြန်ဖြစ်နေခဲ့တာကိုလည်း ကျွန်မ သတိထားခဲ့မိတယ်။

( ၃ )

သူ့အမည်အရင်းက ညီငယ်တဲ့၊ ဒါပေမဲ့ ကျွန်မနှင့် ကျွန်မသူငယ်ချင်းတွေကြား သူ့ကိုပေးထားတဲ့ အမည်ဝှက်ကလေး ကလင်းန်(clean)လောက် စွဲမက်နှစ်ခြိုက်ခြင်း မရှိလှပါဘူး။ သူ့ကို 'သန့်ရှင်းစင်ကြယ်သော'လို့ အဓိပ္ပါယ်ရတဲ့ အမည်ကလေး ပေးထားရတာက ကျွန်မအဖို့ သိပ်ကိုကြည်နူးရင်ခုန်စေပါတယ်။

တစ်ခါမှာတော့ သူနဲ့စကားပြောရင်းကနေ သူ့ကို ကလင်းန်(clean)လို့ လွှတ်ခနဲခေါ်မိသွားတဲ့အခါ သူကတအံ့တဩ ကြောင်, အသွားပြီး . . .

''ဘာလဲ . . ကလင်းန် ဆိုတာ''

လို့ပြန်မေးတာမို့ ကျွန်မဖုံးကွယ်လျှို့ဝှက်ထားဖို့ဆန္ဒမရှိဘဲ ရိုးသားစွာ ဝန်ခံရှင်းပြခဲ့ပါတယ်။ သူ နှစ်ခြိုက်စွာရယ်မောရင်းကနေ နားရွက်ဖျားကလေး တွေ နီရဲရှက်ရွံ့နေခဲ့ပုံကလေးကို ကျွန်မ အတိုင်းအဆမဲ့ မြတ်နိုး မက်မောနေခဲ့ဖူးတယ်။ ခြေချောင်းကလေးတွေ သန့်ပြန့်ရှင်းစင်လှတဲ့ သူ့ကို ထာဝစဉ် ဖိနပ်အနက်တင်းရင်းကလေးနဲ့ မြင်လိုတဲ့စိတ်နဲ့ ဒီတစ်ခါ သူ့ဖိနပ်ကလေးဟောင်းသွားတဲ့အခါ ကျွန်မ အမှတ်တရလက်ဆောင် ဖိနပ်အသစ်ကလေး ဝယ်ပေးမယ်လို့ ဆုံးဖြတ်စိတ်ကူးထားလိုက်မိတယ်။

အဲဒီစိတ်ကူး ချလိုက်တဲ့ကာလနဲ့ မဝေးကွာလှတဲ့ နေ့တစ်နေ့မှာ သူကျွန်မကို ချစ်ရေးဆိုလာခဲ့တယ်၊အဲဒီအချိန်မှာသူနဲ့ပတ်သက်တဲ့သူ့အကြောင်းဆိုတာကို ကျွန်မဘာမှမသိရသေးတဲ့ အခြေအနေပါ။ သူ့ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ အသိုင်းအဝိုင်း၊ နေရပ်လိပ်စာ ဘာတစ်ခုမှ ကျွန်မ သိရှိခွင့်မရသေးဘူး။ သူက ဖွင့်မပြခဲ့တာမို့လည်း ကျွန်မ စစ်မေးစပ်စုလိုစိတ် လုံးဝရှိမနေခဲ့ပါဘူး။ ကျွန်မ အကဲခတ်ရသလောက်ကတော့ သူဟာ ဆင်းရဲမယ်၊ သို့သော် ရိုးသားရောင့်ရဲတတ်မယ်၊ ဖြူစင်အေးချမ်းတယ်၊ ကျွန်မကိုစိတ်ချမ်းသာမှုပေး စွမ်းနိုင်မှုရှိတယ်၊ ကျွန်မကို ယုယကြင်နာတယ်၊

အလိုလိုက်တယ်၊ ချစ်ခင် မြတ်နိုးတတ်သူတစ်ယောက် ဖြစ်တယ်။

ဒါတွေဟာ ကျွန်မဘက်က အပြစ်အနာအဆာကင်းတဲ့ အမှတ်ပြည့်မဟုတ်တောင် ကျွန်မအဖို့ အောင်မှတ်ပေးထားမိတဲ့ ချစ်သူတစ်ယောက် ဖြစ်လာစေမည့် သူ့အရည်အချင်းတွေပါပဲ။

( ၄ )

ကျွန်မသူ့ကို အဖြေပေးဖို့တော့ အချိန်ဆွဲထားလိုက်သေးတယ်။ ဒါကိုတော့ သူ့ဘက်က မှတ်ချက်ရယ်၊ ဆန္ဒရယ်နဲ့ ဘာမှစောဒကမတက်ခဲ့ဘဲ ကျွန်မပြောတဲ့အချိန်ကိုပဲ လိမ္မာပါးနပ်စွာ သူစောင့်ဆိုင်းမည့်ပုံပါပဲ။ ဒါပေမဲ့ သေချာတာတစ်ခုက ကျွန်မနဲ့ပတ်သက်တဲ့ စိတ်ချယုံကြည်မှုမျိုး သူ့ထံမှာ အပြည့်အဝရှိနေမှာပါပဲ။ ဒါကလည်း သူစိတ်ချလောက်တဲ့ အပြုအမူအရိပ်အယောင် တချို့ကို ကျွန်မဆီက သူရခဲ့ပြီး ဖြစ်ခဲ့တာပါပဲ။ ဥပမာ ။ သူစကားတစ်ခွန်းပြောခါနီး မျက်လုံးကလေးမှိတ်၊ နှုတ်ခမ်းကလေးစုပြီး ခေါင်းကလေး ဆတ်ခနဲညိတ်လိုက်တဲ့ ထုံးစံကလေးကို ကျွန်မမိနစ်နဲ့ယှဉ်ပြီး မက်မက်မောမောငေးကြည့်ခဲ့ဖူးတာကို သူသတိမထားမိဘဲနေမှာ မဟုတ်။

ကျွန်မဝတ်လာတဲ့ ဂျင်းဂျာကင်ကို ကျွန်မအိုက်တဲ့အခါဖြစ်စေ၊ မဝတ်လို့တဲ့အခါဖြစ်စေ သူ့ကိုပေးထားလေ့ရှိတဲ့ ရင်းနှီးမှုနိမိတ်ပြ သံယောဇဉ်တွေကို သူမရိပ်မိဘဲ နေမည်မဟုတ်။ သွားစရာနေရာတစ်ခုရှိရင် သူ့ကိုပဲ အဖော်လုပ်ခေါ်ဆောင်သွားလေ့ရှိတဲ့ ကျွန်မရဲ့ အားကိုးတွယ်တာမှုတွေကို သူနားမလည်ဘဲ နေမည်မဟုတ်။

အစစအရာရာမှာပါပဲလေ။ ကျွန်မ ဘယ်လောက်ပဲ ဒေါသထွက်စိတ်အနှောင့်ယှက် ဖြစ်နေပါစေ၊ သူ့ကို မြင်လိုက်လျှင်မြင်လိုက်ချင်း ရုတ်ခြည်းပြုံးမိမလို စိတ်ပြေ ရှင်းလင်းသွားတတ်တာကို ကျွန်မကိုယ်တိုင် သူ့ကိုပြောပြခဲ့ဖူးတာမို့ သူတအံ့တသြ မနေတတ်မထိုင်တတ် ပုံစံကလေးနှင့်ပင် ကျွန်မကို ထွင်းဖေါက်ရှင်းလင်းသွားခဲ့သလို နားလည်သွားခဲ့ဖူးတာ ကျွန်မကိုယ်တိုင်အသိ။

သူ့ကို ကောင်မလေးတချို့ နှစ်ခါပြန်လှည့်ကြည့်သွား၊ ပြုံးသွားလုပ်သွားကြလျှင် သဝန်တိုငြူစူမှု သိသာစွာပြတတ်ကာ သူ့ကိုရန်လုပ်ခဲ့ဖူးတာတွေကို သူက ချစ်မြတ်တနိုး ရယ်မောငြိမ်ခံလျက်ကြည့်နူးနေတတ်တာ။

ပါးချိုင့်ရှည်ကလေး ပိုင်ဆိုင်သောသူ့ကို (ကျွန်မ မရှိလျှင် ပါးချိုင့်ပေါ်အောင်မရယ်ရဟုအနိုင်ယူအမိန့်ထုတ်ကာ ဖွတ်တင်းကျပ်ခဲ့စဉ်က) ကျွန်မကို နားမလည်သလို အံ့အားသင့်ကြောင်ငေးမှု တဒင်္ဂဖြစ်ပေါ်သွားခဲ့ပေမယ့် သူ ရအောင်လိုက်နာခဲ့ပါတယ်။ ပါးနှစ်ဖက်ကို ဖေါင်းအောင်လုပ်ပြီးမှ ရယ်ပြဖို့ ကြိုးစားနေခဲ့သောသူ့ကို ကျွန်မ နှုတ်ထွက်ပွင့်ဖိတ်အန်ကျတော့မတတ်၊ ချစ်မြတ်နိုးသွားခဲ့ဖူးတယ်။

ဘာပဲဖြစ်ဖြစ်လေ သူနှင့် ကျွန်မကြားမှာ ကျွန်မအဖြေမပေးသေးတာကလွဲလို့ တကယ့်ချစ်သူတွေပမာ ရင်းနှီးပွင့်လင်းခဲ့ကြပြီး ဖြစ်တယ်။ သူ့ဘက်ကသေချာပိုင်နိုင်မှုထားနေသလို ကျွန်မဘက်ကလည်း ချစ်သူတွေဖြစ်သွားလျှင် ‘မောင်’ လို့ခေါ်မည်လို့တောင် သတ်မှတ်စိတ်ကူးထားခဲ့ပြီးပြီ။

ပြီးတော့ ... အဖြေပေးတဲ့နေ့မှ ဟောင်းနွမ်းစပြုနေပြီဖြစ်တဲ့ မောင့်ဖိနပ်အတွက် ကျွန်မနှင့်ဆင်တူ မြမာလာ ဖိနပ်အသစ်ကလေးရယ်၊ ဖြူဖွေးစင်ကြယ်တဲ့ ကြွေရောင်ရှပ်ဖြူလှလှလေး တစ်ထည်ရယ်၊ ယောပုဆိုးလေးတစ်ထည်ရယ် ပေးဖို့ကိုလည်း ကျွန်မ စီစဉ်ထားခဲ့တယ်။ အဲဒီအထိ ကျွန်မအသေးစိတ်ကျကျနန ချစ်မြတ်နိုးခဲ့ရသူပါ ကလင်းနိရယ်။

( ၅ )

တကယ်တမ်း သူ ကျွန်မကို သစ္စာဖေါက်သွားခဲ့တာလည်းမဟုတ်၊ မချစ်ဘဲ ဟန်ဆောင်လိမ်ညာ

ခဲ့တာလည်း မဟုတ်။ သူလုပ်ခဲ့သော လုပ်ရပ်ပြစ်ချက်သည် ကျွန်မကို ချစ်ခြင်းနှင့် ဘာမှဆိုင်မနေခဲ့ပါ။ သို့သော် ကျွန်မနှင့် ဘာမှမဆိုင်ဘူးထင်ရသောသူ့လုပ်ရပ်ဆိုးကြီးက တကယ်တမ်းမှာ ကျွန်မနှင့် လုံးဝပတ်သက်နေခဲ့ပြီး ကျွန်မနလုံးသား တစ်စုံလုံးကို လှုပ်ခါယမ်းပစ်၊ ခြေချပစ်ခဲ့တာအမှန်ပါပဲ။ ရင်ဘတ်တစ်ပြင်လုံး အောင့်ကျိန်းကျဉ်တက်သွားရလောက်အောင် မယုံကြည်နိုင်မှုများနှင့် ခါးသီးစက်ဆုပ်မှုများကို ကျွန်မ ကြုံတွေ့ခဲ့ရသည်။

အဲဒီနေ့က ကျွန်မသူ့ကို အဖြေပေးလိုက်တော့မယ့်နေ့ ...။ မေမေနှင့် အလှူအိမ်ကို လိုက်သွားခြင်းက မှန်တာလား၊ မှားတာလား။ ကျောင်းကို စောစီးစွာ ကြိုသွားလိုက်ခဲ့ရင် မှန်မှာလား၊ မှားလား။ ကျွန်မ ကာလအတော်ကြာသည်အထိ ဝေခွဲမတတ်ခဲ့။ မှန်းတီးနာကြည်းခြင်းဆိုတာထက် စက်ဆုပ်အထင်သေးသွားခြင်းက သူ့ကို ချစ်ခြင်းများနှင့် ကျွန်မအကြားတွင် ဘယ်လိုဆက်ပေးလို့မှမရတော့။ ကျွန်မ ရင်နှင့်အမျှ ခါးသက်တုန်လှုပ်ခဲ့တာတော့ အဖတ်ဆယ်၍ပင် မရတော့ချေ။

မနက်စောစောထကာ ဆယ်နာရီ ကျူရှင်မှာ စောင့်ခိုင်းထားတဲ့သူ့အတွက် ကျွန်မဝယ်ထားသော လက်ဆောင်ပစ္စည်းများကို စိတ်လက်ချမ်းသာကြည်နူးစွာ ထုပ်ပိုးနေခဲ့သောအချိန်သည် သူနှင့်ပတ်သက်၍ သာယာမှုပဲ ကျွန်မအတွက်ဖြစ်ခဲ့တယ်။

''ချစ်တယ် ကလင်းနိရယ်...''

လို့ အညင်သာဆုံး လေသံကလေးနဲ့ ဆိုလိုက်ပြီး ပါးချိုင့်ကလေးများပေါ်အောင်ပြုံးလိုက်မယ်၊ တစ်စုံတစ်ရာ စကားစလိုက်ဖို့အတွက် သူ့မူပိုင်ကလေးအတိုင်း နှုတ်ခမ်းလေးစေ့စု၊ မျက်လုံးလေးမှိတ်၊ ခေါင်းကလေးအဆတ်ကို စောင့်ဆိုင်းကြည့်ပေးပြီးမှ လက်ဆောင်ကလေးကို ပေးလိုက်မှာ။

ပြီးရင် သူ့ခြေထောက် ဖွေးသန့်လှပကလေးမှာ ရှိနေတဲ့ ဟောင်းမြေ့စုတ်ဖွာစပြုနေတဲ့ ဖိနပ်ကလေးကို အသစ်လေးနဲ့လဲစီးခိုင်းလိုက်ပြီး လိုက်နာ, နာခံစွာ သူလုပ်နေသမျှကို ကျွန်မချစ်မြတ်နိုးမှုတနင့်တပိုးနှင့် ငေးကြည့်နေရမှာ...။

ဒါတွေဟာလည်း သူနှင့်ပတ်သက်၍ နောက်ဆုံးသော ကျွန်မရဲ့ စိတ်ကူးလှပကလေးတွေပဲ ဖြစ်ခဲ့ပါတယ်။

( ၆ )

ငြင်းမရတဲ့အဆုံးမှာ အချိန်တွေလည်း အများကြီးလိုသေးတာမို့ မေမေ အတင်းအဖေါ်ခေါ်တဲ့ ရပ်ကွက်တစ်ခုထဲမှ မေမေ့သူငယ်ချင်းတစ်ယောက်ရဲ့အိမ်တက်အလှူသို့ ကျွန်မလိုက်ခဲ့ရတယ်။ အလှူကနေအပြန် ကျူရှင်ကို တဆက်တည်းသွားမှာမို့ သူ့အတွက် အထုပ်အပိုးတွေ တစ်ပြုံတစ်မနဲ့ ကျွန်မ အလှူအိမ် ရောက်ခဲ့ရတယ်။

အလှူအိမ်မှာ ဖိနပ်ဂရုစိုက်ရလေ့ရှိတာမို့ ကျွန်မသေချာ အမှတ်အသားလုပ်ကာ ချွတ်ပြီးမှ အိမ်ပေါ်တက်ခဲ့တယ်။

လူချမ်းသာရပ်ကွက် မဟုတ်တာမို့ လူ့ပြောက်သောက်လည်း အတည်တကျမရှိစွာ ဝင်ရောက်စားသောက်သွားကြတာပါပဲ။

ကျွန်မ စားသောက်ပြီးလုလုအချိန်မှာမှ ဖိနပ်ချွတ်နေရာမှာ သူ့ကိုမထင်မှတ်စွာ တွေ့လိုက်ရတာမို့လှမ်းခေါ်မိမတတ် ကျွန်မ အံ့သြပျော်ရွှင်သွားခဲ့တယ်။

ဩော်...သူ ဒီရပ်ကွက်ထဲက ထင်ပါရဲ့။ ပုံစံကတော့ စားသောက်ပြီးပြန်ဆင်းတော့မယ့်ပုံမျိုး။

အံ့သြစရာကောင်းတာက ဘယ်သူ့ကိုမှလည်း သူပြန်မည့်အကြောင်း လိုက်နှုတ်ဆက်မနေ၊ ကျွန်မကိုလည်း မြင်ပုံမရ၊ ကျွန်မထိုင်နေတာကလည်း တံခါးကွယ်တစ်နေရာဆိုတော့သူ့ဘက်ကဘယ်လိုမှ မတွေ့နိုင်။

ကျွန်မကသာသူ့ကို ရှင်းလင်းစွာ မြင်နေရတာ။

ကျွန်မရှေ့မှာ ထာဝစဉ် ရိုးသားစွာအေးဆေးလှတဲ့သူ။ ဒီတစ်ခါမှာတော့ သိပ်ကိုလှုပ်ရှားနေပြီး

တည် ငြိမ်မှုကင်းနေခဲ့ပါတယ်။

မျက်လုံးတွေက ကျီးကန်းတောင်းမှောက်။

တစ်မျိုးပဲ ထူးခြားနေတယ်။

အပြစ်တစ်စုံတရာ လုပ်တော့မယ့် ကလေးငယ် တစ်ယောက်လို ခိုးကြောင် ခိုးဝှက်ပုံစံ။

ကျွန်မထ,သွားဖို့အလုပ်မှာ လျင်မြန်ဖျတ်လတ် လှတဲ့ သူ့လုပ်ရပ်တစ်ခုက လူသူမရိပ်မိနိုင်လောက် အောင် မြန်ဆန်ပြီးပြောက်သွားခဲ့ပေမယ့် ကျွန်မက တော့ တအံ့တသြရှိသွားရတယ်။

သူများယွင်းတာများလားလို့ တခဏ ဖြေတွေး လိုက်သေးပေမယ့် လုစ်ခနဲနေအောင်လှည့်ထွက် သွားတဲ့ ပေါ့ပါးသွက်လက်သလောက် တွံဆိုင်းမရွံ့ ရဲမှုတစ်ရပ် ခိုဝင်နေသောပုံစံကို ကျွန်မသေချာမြင် တွေ့သွားရတယ်။ သူဟာ ကျွန်မ ထင်မှတ်မထား တဲ့ လုပ်ရပ်ဆိုးရွားတစ်ခုကို ကျွန်မကွယ်ရာမှာ လုပ်ခဲ့ တာပေမယ့် ကျွန်မမြင်သိနေခဲ့သလို၊ သူစော် ကားလိုက်တဲ့ ကာယကံရှင်ဟာလည်း ကျွန်မပဲဖြစ် နေတာဟာ ဆိုးဝါးညံ့ဖျင်းလှတဲ့ ကံမကောင်းသော တိုက်ဆိုင်လွှန်းမှုတစ်ခုပါပဲ။

( ၇ )

မတော်တဆ မှားယွင်းရသည်ဆိုရအောင် လည်း လုံးဝကွာခြား သိသာစေလှသောအခြေအနေ ပဲ။ ကျွန်မအမှတ်သားလုပ်ထားခဲ့တဲ့နေရာမှာ ကျွန်မ ရဲ့ အသစ်ကျပ်ချွတ် မြမာလာဖိနပ်ကလေး ပျောက် ဆုံးနေပြီး အစားထိုးချန်ခဲ့တဲ့ ဟောင်းနွမ်းကာအနား စုတ်ဖွာ ပြတ်တောက်လှရှိနေတဲ့ ချုပ်ရိုးချုပ်သားမြင် ရုံနဲ့ ကျွန်မမှတ်မိနိုင်တဲ့ မြမာလာဖိနပ်ဟောင်း တစ်ခုဆိုတာရယ်၊ ပိုသေချာတာက သူ့ရဲ့ဖိနပ်ဆို တာရယ်။ မှားယွင်းသွားတယ်ထားဦးတော့ ကျွန်မ ဖိနပ်နေရာမှာကွက်လပ်သာရှိရမှာပေါ့။ ဘာ့ကြောင့် အဲဒီအဟောင်းအစုတ်ကို အစားလာထိုးခဲ့တာလဲ။

ကျွန်မ မှတ်မိနေနိုင်တာကလည်း ကျွန်မဖိနပ် နေရာကို အသေအချာ အမှတ်အသားလုပ်ထားခဲ့ လို့ပဲ ဖြစ်တယ်။

'ကလင်းနီ'လို့ ကျွန်မ မြတ်နိုးလေးနက်စွာ အမည်ပေးခဲ့မိတဲ့ လူငယ်တစ်ယောက်ဟာ သူ့ရဲ့ သန့်စင်လှတဲ့ ခြေချောင်းလေးတွေနဲ့ လိုက်ဖက် အောင် ဆင်မြန်းသည့်ဖိနပ်တစ်ရံကို ဒီလိုနည်းများ ဖြင့် ရှာဖွေ စီးယူခဲ့သည်တဲ့လား။ အလွယ်တကူနှင့် ကျွန်မ အဲဒီအဖြစ်အပျက်ကို လက်ခံယုံကြည်လို့ မရခဲ့သေး။

ကျွန်မမျက်စိအောက်မှာဖြစ်သွားခဲ့တာ သေချာ မှုရှိသည့် အမှုတစ်ခုသာမဟုတ်ခဲ့ဘူးဆိုလျှင် ကျွန်မ အပြင်းအထန် ငြင်းဆန်မိမှာ ဖြစ်တယ်။

ကျွန်မရင်ထဲကို စင်ကြယ်သန့်စင်သော ပျော် ရွှင်ခြင်းတွေ သယ်ဆောင်ထည့်သွင်းပေးခဲ့သူ လူ ငယ်ကလေးတစ်ဦးဟာ ညစ်နွမ်းအကျည်းတန်တဲ့ လုပ်ရပ်တစ်ခုနဲ့အတူ စက်ဆုပ်နာကျင်ခြင်းတွေပါ မထင်မှတ်ဘဲပေးသွားခဲ့ပါတယ်။

ကျွန်မ သူ့ကို မုန်းသွားတာမျိုး မဟုတ်ဘူး။

အံ့သြဆို့ကျင်ကာ နာမျက်သွားတာမျိုးပဲ ဖြစ် တယ်။ အဲဒီခံစားချက်က မုန်းသွားတာထက် ပိုဆိုး ရွားလှတာပါပဲ။

သူ့မျက်နှာကို မကြည့်ရဲ မမြင်လိုတဲ့အထိ စိတ် ထဲကုန်ခန်းပျက်စီးသွားခဲ့တာပဲ ဖြစ်တယ်။

သူ သိပ်ရက်ကြောက် ကြေကွဲသွားမှာကိုတော့ ကျွန်မ မလိုလားတာ အမှန်ပဲ။ ဒီတော့ ကျွန်မ တစ်ဦးတည်း မျှဝေသူမဲ့စွာ အုံခဲဖွဲ့သိပ်လာတဲ့ နာ ကျင်ဆို့ပိတ်ခြင်းတွေကို တနင့်တပိုး ခံစားခဲ့ရတော့ တယ်။

ကလင်းနီရယ်. . . ရှင့်ရုပ်ကလေးနဲ့ ဒီအလုပ် အကိုင်မျိုးကို လုပ်ရက်ခဲ့လိုက်တာ ကျွန်မအံ့သြနာ ကျင်လို့ မဆုံးတော့ဘူး။

ကျွန်မမြတ်နိုးစွဲမက်လှတဲ့ ရှင့်ရဲ့ ခြေထောက် ကလေးတစ်စုံမှာ ဆင်မြန်းဖို့အတွက် အကောင်းစား ဖိနပ်တစ်ရံရှာနည်းဟာ ဒီနည်းတွေနဲ့တဲ့လား။

ရှင်စီးသမျှ ဖိနပ်အသစ်ကလေးတွေဟာ ဒီလို

မသမာမစင်ကြယ်တဲ့နည်းလမ်းနဲ့ရယူခဲ့တာတဲ့လား။

ကျွန်မ တပ်မက်ခုံမင်လှစွာ ပေးထားခဲ့တဲ့ 'ကလင်းန်'ဆိုတဲ့နာမည်ကလေး ရှင့်ထံကနေ ပြန်ရုပ်သိမ်းလိုက်မှာရယ်၊ ရှင်ကိုပေးဖို့ လက်ဆောင်ဖိနပ်အသစ်ကလေးကို ရှင့်အတွက်မပေးနိုင်တော့ဘူးဆိုတာရယ်၊ နောက်ဆုံးတော့ ရှင်ကျွန်မကိုဘယ်တော့မှ လာမပတ်သက်ပါနဲ့တော့ ဆိုတာရယ်ကို အတတ်နိုင်ဆုံး နာကျင်စက်ဆုပ်မှုတွေ ဖယ်ပြီး ရှင့်ကို အသက်သာဆုံး စကားလုံးတွေနဲ့ ကျွန်မ ဖေးမညင်သာစွာ ငြင်းပစ်လိုက်နိုင်ဖို့ ကြိုးစားရဦးမယ်။

အပိုင်တွက်ထားမယ့် ရှင်. . . ဆို့ကျဉ်နာကျင်ဟန်နဲ့ ကျွန်မကို ငေးမောလိုက်မယ့် မျက်လုံးနက်တွေကို ကျွန်မစိုက်ကြည့်ဖို့ မကြိုးစားတော့ဘဲ. . .။

''လောကမှာ ယောက်ျားတစ်ယောက်အတွက် အလုပ်မရှားနိုင်ပါဘူး။ ညီငယ်ရယ် . .''လို့ ရှင့်ကို အသက်ညှာဆုံး စကားတစ်ခွန်း ဆိုလိုက်မယ်။ နားမလည်ခြင်းများစွာနဲ့ ရင်ကွဲနင့်နဲ့သွားပေမဲ့ ရှင့်ကို ကျောခိုင်းလိုက်ပြီးတဲ့နောက်မှာတော့ ကျွန်မမျက်လုံးအိမ်ထဲက မျက်ရည်တချို့ လွတ်လပ်နာကျင်စွာ ခုန်ပေါက်စီးဆင်းလာပါစေတော့ . . .။

ကျွန်မ သုတ်သင်ပစ်လိုက်ဖို့ကိုတော့ အတော်ကြီး အားယူရဦးမှာပေါ့လေ. . .။

လွန်းထားထား(ဆေးတက္ကသိုလ်)



# ဖမ်း၍မမိသောတရားခံ

စိတ်ဆိုသောစိတ်ကို ကြံစည်လေ့လာနေသော ဦးမင်္ဂလာ၏စိတ်။ 'ကပေါက်တိ ကပေါက်ချာ' ဖြစ်နေကြောင်းကို သတိထားမိသည်။

ကပေါက်တိ ကပေါက်ချာ ဆိုသည်မှာ အစီစဉ်အတိုင်း မဟုတ်သည့်သဘော။ ဘုရားဟော ဒေသနာအစဉ်မှာ လောဘ၊ ဒေါသ၊ မောဟဟူ၍ ပထမ၊ ဒုတိယ၊ တတိယ၊ သူ့အဆင့်နှင့်သူလာသည်ကို ယခု ဦးမင်္ဂလာက ဒေါသအကြောင်း၊ အာဃာတ၊ ဣဿာ၊ မစ္ဆေရ အကြောင်းတွေးပြီးမှ လောဘအကြောင်း ပြန်တွေးချင် တွေးနေပြန်သည်။

စိတ်ဆိုသော စိတ် အကြောင်းတွေးရသည်မှာ ပင် ဟိုစိတ်အကြောင်းတွေးရာက ဒီစိတ်ဝင်၊ ဒီစိတ်အကြောင်းတွေးရာက ဟိုစိတ်ကိုရောက်သွား။ မျောက်များလို ဟိုခုန် ဒီကူးနှင့်၊ အရှုံးပမာ တစ်နေရာတည်းမှာ အငြိမ်မနေနိုင်ပါတကား။ တစ်ခုတော့ ရှိသည်။ ဦးမင်္ဂလာ စိတ်အကြောင်းနှင့် ပတ်သက်၍ အဘိဓမ္မာသင်္ဂြိုဟ်ကို တက်ယူသင်ကြားနေခြင်း မဟုတ်ဘဲ တွေ့ရာ၊ မြင်ရာ၊ ဖတ်ရာ၊ နာရာ တွေးမိရာတို့ကို ဆင်ခြင်ကြည့်မိတဲ့ခဏမှာ ဆိုင်ရာဆိုင်ရာ ပေါ်လာသော စိတ်ကို ကြံစည်ကြည့်နေခြင်းကြောင့် 'ကပေါက်တိ ကပေါက်ချာ' ဖြစ်နေပုံရပါသည်။

ဘာပဲဖြစ်ဖြစ်လေ စ၍တွေးလိုက်မိလျှင် ဆက်၍သာ တွေးလိုက်ချင်သည်။ ယခုတွေးမိသည်က လောဘအကြောင်း။ လောဘဆိုတာက မြန်မာလို ရှင်းရှင်းပြောရလျှင် လိုချင်သည့်သဘော၊ ပိုင်ဆိုင်လိုသည့်သဘော ဖြစ်သည်။ ဘာတွေကို ပိုင်ဆိုင်ချင်ပါသလဲ၊ ဝတ္ထုကာမ၊ ကိလေသာကာမပေါ့။ ဝတ္ထုကာမဆိုတာ ငွေကြေးဥစ္စာ ရာထူးရာခံ ဆိုကြပါစို့။ ဒါက အတိုဆုံးချုံးလိုက်တာ၊ ကိလေသာကာမဆိုတာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်အာရုံတွေကို ခံစားချင်တာ၊ ဒါလည်း အတိုချုံး လိုက်တာပါပဲ။ အဲ ... နောက်တစ်ခုက ကိုယ်က လိုချင်တာတွေမှန်သမျှသာ လောဘ မဟုတ်သေး။

ကိုယ်ပိုင်တဲ့ပစ္စည်း ကိုယ်မှာ ရှိတာလေးတွေ သူတစ်ပါးအား မပေးချင်တာ မလှူချင်တာ တွန့်တိုတာတွေဟာလည်း လောဘပဲပေါ့။ အဲဒီစိတ်မျိုးဟာ သူများရမှာကို သဝန်ကြောင်တဲ့ မစ္ဆေရစိတ်နဲ့ သံတူကြောင်းကွဲ ဖြစ်နေတတ်တာတွေလည်း ရှိတယ်။ သိသာအောင်ပြောရရင် ကာမဂုဏ်ဆိုင်ရာ လိုချင်တာလောဘ၊ မိမိပစ္စည်းဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေ၊ ဂုဏ်ကိုဖြစ်စေ၊ 'သူတစ်ပါးမရစေချင်တာ' မစ္ဆရိယ။ ဒါကြောင့်မို့လို့ သူစွန့်လွှတ်နိုင်တဲ့ စိတ်မျိုးနဲ့ တိုက်ယူရတာ ဖြစ်တယ်။ စွန့်ကြဲတယ်ဆိုတဲ့ စကားဟာ စွန့်လွှတ်နိုင်ခြင်းဆိုတဲ့အဓိပ္ပါယ်ကို သက်ရောက်နေပါတယ်။

လိုချင်တာမှန်သမျှ လောဘဆိုပေမယ့် စာပေကျမ်းဂန် ဗဟုသုတတို့ကို ယောနိသောမနသိကာရ

'ကောင်းမွန်သန့်ရှင်းသောစိတ်'နဲ့ လိုချင်တာမျိုးကျတော့ အကုသိုလ်ဖြစ်တဲ့ လောဘမဟုတ်တော့ဘူး။ နိဗ္ဗာန်၊ မဂ်ဖိုလ် လိုချင်တာမျိုးကျတော့လည်း လောဘ မဟုတ်တော့ဘူးတဲ့ ဆန္ဒသာဖြစ်တယ်တဲ့။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စေတသိက်သုံးမျိုးလုံးဟာ ဘယ်ယုဉ်ဘက်စိတ်ကိုမျှ ကောင်းကျိုးမပေးပါဘူး။ ဘယ်အခါမှ၊ ဘယ်အချိန်မှ၊ ကောင်းကျိုးမပေးပါဘူး။ ဘယ်ပုဂ္ဂိုလ်ကိုမှလည်း ကောင်းကျိုးမပေးပါဘူး။ နောက်ဆုံးပြောရရင် သူတော်ကောင်းကြီးတွေပဲ ဖြစ်ပါစေ၊ အဲဒီစိတ်မျိုးတွေ လက်ခံလိုက်ရင် လက်ခံတဲ့ခဏကစပြီး ကောင်းကျိုးမပေးတော့ပါဘူး။ မဖောက်မပြန်တဲ့ ပရမတ်စစ်စစ်တွေလေ။

လောဘငယ်လျှင် မကောင်းကျိုးငယ်ငယ်ပေးသလို၊ လောဘကြီးလျှင် မကောင်းကျိုးကြီးကြီးပေးတတ်ပြီး လောဘအလွန်အကျွံဖြစ်နေရင်တော့ မကောင်းကျိုး အလွန်အကျွံဖြစ်သွားတာပဲ၊ လောဘရှင်းရှင်း 'ဖြတ်'မှ မကောင်းကျိုးကင်းကင်း 'ပြတ်' သွားပါလိမ့်မယ်တဲ့။ ဒါတောင် ဖွဲမီးများဟာ အတွင်းမှာ လိုက်လောင်နေသလို သူတစ်ပါးလည်း မသိ။ ကိုယ့်ကိုယ်ကိုပင် မသိနိုင်အောင် ဖုံးဖိထားတဲ့ ဖွဲမီးလောဘတွေ ရှိတတ်သေးသတဲ့၊ ဒါကို ပါဠိစကားနဲ့ဆိုရင် လောဘကိလေသာမှာ–

ဝီတိက္ကမကိလေသာ = အလွန်အကျွံဖြစ်တဲ့ ကိလေသာစိတ်။

ပရိယုဋ္ဌာနကိလေသာ = ရှိရိုးရှိစဉ် ရှိနေတဲ့ ကိလေသာစိတ်။

အနုသယကိလေသာ = မရှိတော့သယောင် ဖုံးကွယ်နေတဲ့ ကိလေသာ စိတ်။

အဲဒီလိုခွဲခြား၍ ဘုရားကိုယ်တော်မြတ်က ဟောတော်မူထားပါတယ်။ အဲဒီလို တရားတော်ကို မြန်မာစကားပြေသက်သက်နဲ့ တီထွင်ပြီးတော့ သူလိုကိုယ်လိုလူတွေ များများသဘောပေါက်နားလည်အောင် ရေးထားတော်မူခဲ့တဲ့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက 'ကမ္မဋ္ဌာနဒီပနီ'မှာ ဟောဒီလိုရှင်းပြတော်မူခဲ့ပါတယ်။

လောဘကိလေသာ တစ်ခုသည် ဝီတိက္ကမမှု၊ ပရိယုဋ္ဌာနမှု၊ အနုသယမှု ဟူ၍ အခိုင်အတန့်မှု သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် လောဘ၏ ဝီတိက္ကမမှုဆိုသည်ကား ဝစီဒွါရမှ လောဘစကားမျိုး ထွက်၍လာအောင် လွန်စွာ သောင်းကျန်းမှုတစ်ပါး၊ ကိုယ်အင်္ဂါကြီးငယ်ဟူသော ကာယဒွါရမှ လောဘအမူအရာမျိုး ဖြစ်ပွား၍လာအောင် လွန်စွာသောင်းကျန်းမှုတစ်ပါး ဤသို့ နှုတ်အင်္ဂါ၊ ကိုယ်အင်္ဂါ နှစ်ပါးလှုပ်ရှားလေအောင် ထမ်းဆောင်ချိုကြွ တံခွန်ပြ၍လာသော သာယာမှု၊ ချစ်ခင်မှု၊ လိုချင်မှုများသည် ဝီတိက္ကမမှုမည်၏။ ဤဝီတိက္ကမမှုကိုမြင်ကြလျှင် ဤသူ့မှာသာယာသောတဏှာ, ရာဂလောဘဖြစ်သည်ဟု ပကတိလူတို့အချင်းချင်းပင် သိကြကုန်၏။

ပရိယုဋ္ဌာနမှုဆိုသည်ကား ကိုယ်အင်္ဂါ၊ လှုပ်ရှားသည့်တိုင်အောင် မသောင်းကျန်းမူ၍ စိတ်နှလုံးအတွင်း၌သာလျှင် ဇောကိစ္စ ပွက်ပွက်ဆူထ၍နေသော လောဘမှုပေတည်း။ ဤပရိယုဋ္ဌာန လောဘကိုကား ပကတိလူတို့ မသိနိုင်ကြကုန်။ မိမိစိတ်ကို မိမိသာသိနိုင်၏။ သူတစ်ပါး၏စိတ်ကို သိနိုင်ကြကုန်သော အဘိညာဉ်ရ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကိုယ်စောင့်နတ် အစရှိသောနတ်တို့သည်လည်းကောင်း သိနိုင်ကြကုန်၏။

အနုသယဆိုသည်ကား မနောဒွါရ၌ ဇောကိစ္စနှင့် အမျှထကြွခြင်း မရှိမူ၍ အနမတဂ္ဂသံသရာနှင့်အမျှ စိတ်သန္တာန်ထဲဝယ် အမြဲထာဝရ ကိန်းဝပ်ငုပ်အောင်း၍နေသောလောဘမှုပေတည်း။ ဤလောဘမှုကိုကား သဗ္ဗညုတဘုရားရှင်တို့သာသိမြင်နိုင်ကုန်၏။ သာသနာပအခါ၌ကား အခြားတစ်ပါးသော လူ,နတ်,သိကြား,ဗြဟ္မာတို့ကိုမဆိုထားဘိ၊ သရဘင်္ဂအစရှိသော အဘိညာဉ်ရ ဘုရားအလောင်းတော်ကြီးများသော်မှလည်း ဤအနုသယလောဘ

ကို မသိနိုင်ကြ မမြင်နိုင်ကြကုန်။

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားသည် မြတ်စွာဘုရားသခင်၏ ဒေသနာတော်တို့ကို လူတိုင်းနားလည် နားဝင်အောင် ဖတ်ချင်စဖွယ်ဖြစ်အောင် မြန်မာစကားစစ်စစ်ဖြင့် ဤသို့ရေးသားတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်လည်း ပုထုဇဉ်သမားများနားလည်အောင်၊ နားဝင်အောင်၊ နာချင်စဖွယ်ဖြစ်အောင် ပုံဝတ္ထုသာဓက ဇာတ်နိပါတ်များဖြင့်တန်ဆာဆင်ကာ ဆွဲဆောင်သိမ်းသွင်း ယူငင်တော်မူ၍ ပရမတ္ထဖြစ်သော သစ္စာလေးပါးတို့ကို ဟောပြတော်မူခဲ့ပါသည်။ ပုထုဇဉ်အဖြစ်မှ သောတာပန်အဖြစ်သို့သော်လည်းကောင်း၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တဖိုလ်ရောက်သည်အထိ ဝတ္ထုသာဓက ဥပမာ၊ ဥပမေယျတို့ဖြင့် လမ်းညွှန်ပြသတော် မူလေ့ရှိသည်။

ဘုရားကိုယ်တော်တိုင် ဟောတော်မူသည့် ထိုထိုသော ဇာတ်နိပါတ်၊ ဝတ္ထုတို့ကို ကြားနာပြီးလျှင် မဂ်တရား၊ ဖိုလ်တရားဝင်သွားရသောပုဂ္ဂိုလ်များမှာ အသင်္ချေအနန္တရှိကြပါသည်။ အတိတ်ဘဝ ဘဝများမှ ဇာတ်ဝတ္ထုများဖြစ်စေ၊ မျက်မှောက်ပစ္စုပ္ပန်ခေတ်၌ ကိုယ်တွေ့မျက်မြင် အဖြစ်အပျက်များပင်ဖြစ်စေ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကသည်အကြောင်းကြောင့် သည်အကျိုးဖြစ်သည်ဟု ခွဲခြမ်းစိတ်ဖြာပြသတော်မူခဲ့သည်။ ထို့ကြောင့် ထိုထိုပုဂ္ဂိုလ်အနန္တမှာ မသိ၍မဖြစ်၊ နားမလည်၍ မဖြစ်၊ ဓမ္မစစ်စစ်ကို ခံစားနိုင်ခဲ့ကြလေသည်။

တစ်ခါတစ်ရံ ဦးမင်္ဂလာသည် ဘုရားဟောတော်မူခဲ့သော ဇာတ်ဝတ္ထုသက်သေ သာဓကများစွာတို့မှာ သတိသံဝေဂ ရယူနိုင်သကဲ့သို့ ယခုမျက်မှောက် ပစ္စုပ္ပန်ခေတ် ကိုယ်တွေ့ကိုယ်ကြား အဖြစ်အပျက်များမှလည်း တရားကိုရှာ၍ သံဝေဂယူတတ်ပါသည်။ ယခုပင်လောဘစိတ်ကို ဆင်ခြင်လိုက်မိသည်မှာ စာရေးဆရာ နီလေးမောင်ရေးသားသော (၁၉၈၉ ခု ဖေဖော်ဝါရီလထုတ် ဖြစ်ရပ်မှန်မှုခင်းစာအုပ်)မှအဖြစ်အပျက်တစ်ခုကိုဖတ်ရှုလိုက်ရခြင်းကြောင့် လောဘအကြောင်း တွေးလိုက်မိခြင်းဖြစ်ပါသည်။

မှတ်မိသမျှကို ပြောရလျှင်. . .။

ပြည်မြို့ သီလရှင်ကျောင်းတစ်ကျောင်းတွင် သုံးနှစ်တိုင်တိုင် သီလရှင်အဖြစ်ဖြင့် မွေ့လျော်နေထိုင်ခဲ့သော ဒေါ်သီလစာရီ ဆရာကြီးသည် သမီးဖြစ်သူ ဖျားနာ၍ ဆေးရုံတွင်တင်ထားရသည်။

'အမေ့ကို တွေ့လိုလှပါသည်'ဟု စာပေးမှာကြားသောကြောင့် ခရမ်းသုံးခွသို့ မီးရထားနှင့် ပြန်လာခဲ့သည်။ သမီးနှင့် သမက်မှာ ဆင်းရဲလှစွာသော လယ်ကူလီများဖြစ်ရှာကြသည်။ သားသမီးဟူသော သံယောဇဉ်ကို အမျှင်မဖြတ်နိုင်သေးသည့်အတွက် တရားစခန်းမှ မနားတမ်း ထွက်လာခဲ့ရရှာသည်။

ပြည်နှင့် ရန်ကုန် အစုန်ရထားမှာလည်း ခရီးသည်များ ပြွတ်သိပ်ကျပ်ညပ်နေကြသည်။ မိမိတစ်နေရာ တစ်ထိုင်စာ အတွက်ကလေးနှင့် လောဘမ ဒေါသထွက်ပြီး ရန်ဖက်နေကြသူများကိုလည်း တွေ့ရသည်။ ရန်ကုန်ဘူတာကြီးရောက်လို့တောင် ထိုနေရာများမှ ဖင်မကြွဘဲ တစ်သက်လုံးထိုင်သွားကြတော့မည့်အတိုင်း ထာဝရနေရာများ မှတ်နေကြရော့လားမသိ။

ဒေါ်သီလစာရီသည် ထိုလောဘ၊ ဒေါသ၊ စက်ကွင်းမှရှောင်၍ နောက်တစ်တွဲမှာ နေရာရှာ ကြည့်မိသည်။ သူ၌ပေါ့ပါးသော လက်ဆွဲအိတ်ကလေးတစ်လုံးသာပါသဖြင့် ဝန်ထုပ်ဝန်ပိုး မများလှပါ။ ထိုင်လောက်သည့်နေရာရလျှင် သူ့အတွက် သပ္ပါယဖြစ်ပါသည်။ သူတက်လာသောတွဲတွင် ခရီးသွားတစ်ယောက်၏ နံဘေးရှိ နေရာလွတ်တစ်ခု၌ မကြီးလွန်းမငယ်လွန်း သံသေတ္တာတစ်လုံး ခုထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဒေါ်သီလစာရီက နူးညံ့စွာ တောင်းပန်လိုက်သည်။

"ဒကာလေး သေတ္တာကိုထိုင်ခုံအောက်မှာ ချထားလို့ ရရင်ချပေးပါလားကွယ်၊ ဆရာကြီးထိုင်

ပါရစေ''ဟု တောင်းပန်သည်။

''ဒါ. . . ကျွန်တော့်သေတ္တာ မဟုတ်ပါဘူး။ လူတစ်ယောက် စောစောက လာထားသွားတာပါ''

''ဒါဆိုလည်းအဲဒီလူလာရင် ဆရာကြီးထပေးပါ့မယ် အခုလောလောဆယ် တစ်နေရာစာမှမရလို့''

ထိုခရီးသွားသည် နူးညံ့ပျော့ပျောင်းသော အသံနှင့်တကွ ရည်ရည်မွန်မွန်ရှိသော ဒေါ်သီလစာရီ၏ ရုပ်ရည်လက္ခဏာတို့ကြောင့် လေးစားကြည်ညို၍ သံသေတ္တာကိုထိုင်ခုံအောက်သို့သွင်းပေးလိုက်သည်။ သေတ္တာမှာအတော်လေး လေးလံပုံရ၍ အကောင်းစားသော့ခလောက်ဖြင့်ခတ်ထားသည်။ လောလောဆယ်တော့ ထိုင်စရာကလေး တစ်နေရာရသည့်အတွက် ဒေါ်သီလစာရီမှာ ဝမ်းသာလိုက်ရပါသည်။ သို့သော် စိတ်ချရသည်တော့ မဟုတ်သေး။ နေရာရှင်လာလျှင် မိမိက ထပေးရပေလိမ့်မည်။ ဤနေရာမှ ထပေးပြီး ဘယ်နေရာမှာ သွားထိုင်ရမလဲ၊ တစ်တွဲလုံးမှာ နေရာအပြည့်၊ လူအပြည့်၊ တစ်ဘူတာဆိုက်၍ တစ်နေရာစာမလပ်မချင်း မတ်တတ်ရပ်၍သာ လိုက်ခဲ့ရလိမ့်မည်။

''အဲသည်သေတ္တာရှင်၊ နေရာရှင်၊ ပေါ်မလာလျှင် အကောင်းသား''ဟု တောင့်တလိုက်မိသည်။

''ဟယ်. . . ငါ့ဥစ္စာ မဟုတ်သေးပါဘူး။ ငါထိုင်စရာ နေရာတစ်ကွက်ရဖို့ ပစ္စည်းရှင်ပေါ်မလာပါစေနဲ့လို့တောင့်တတာဟာ လောဘက မတော်မတရားလွှမ်းဆော်နေတာပါကလား''ဟု ဝေဖန် အပြစ်တင်လိုက်မိသည်။

''ထ, မပေးရသေးခင် ထိုင်နေရသလောက်တော့ ကိုယ်သက်သာနေရသေးတယ်မဟုတ်လား''

မီးရထားက ဥသြမှုတ်ပြီး 'ဂျိမ့်' ခနဲစထွက်လိုက်သည်။ နေရာရှင် ပေါ်မလာသေးမီ ရထားက အရှိန်နဲ့ ပြေးနေသည် နေရာရှင်ပေါ်မလာသေး။

''ဟုတ်ပြီ၊ ခုအချိန်မှာတော့ နေရာရှင် ပေါ်မလာနိုင်ဘူး။ တစ်ခုခုသောအကြောင်းနဲ့ ရထားမမီလိုက်တာဖြစ်မယ်၊ ဘယ်လိုပဲဖြစ်စေ၊ သနားတော့သနားပါရဲ့၊ ငါဒီနေရာထိုင် အပိုင်စားရပြီ၊ အင်း. . . ငါ ဆောက်တည်ခဲ့တဲ့ ရှစ်ပါးသီလ၊ ငါ ရှုမှတ်ဆင်ခြင်ခဲ့တဲ့ သမထဘာဝနာတို့ရဲ့ တန်ခိုးကြောင့် နတ်ကောင်းနတ်မြတ်များက ဖန်တီး မ, စပေးတာဖြစ်မှာပေါ့'' ဟု နှစ်သိမ့်နေမိသည်။

ဒီလို စိတ်ချလက်ချရှိတော့မှ မိမိညာလက်တွင် ပတ်ထားသော ပုတီးကိုဖြုတ်၍ ဗုဒ္ဓါနုဿတိ အလုပ်ကိုလုပ်ရင်း။ အနီးအနား ခရီးသွားဖော်များကို စေ့စေ့စပ်စပ်ကြည့်လိုက်မိသည်။ စီးပွားရေးသမားများက စီးပွားရေးအကြောင်း ပြောနေကြသည်။ မှောင်ခိုသမားများက ရှာဖွေရေးအရာရှိများအကြောင်းကို ပြောနေကြသည်။ ငိုက်တဲ့လူများကလည်း မှေးငိုက်နေကြသည်။ သည်ကြားထဲတွင် ခိုးရာလိုက်ပြေးလာသည်ဟုထင်ရသော လုလင်ပျိုနှင့်လုံမငယ်လေးစုံတွဲကလည်း သောကဗျာပါဒများနှင့် ကျိုးလန့်စာစား သတိထားနေကြပုံရသည်။

''ဩော်. . . လောဘသမားတွေ လောဘသမားတွေ၊ ဝတ္ထုကာမလောဘ, ကိလေသာကာမလောဘ''

ဒေါ်သီလစာရီက ဂုဏ်တော်ပုတီးကို စိပ်ရင်း လောဘတရားကို ဆင်ခြင်လိုက်မိသည်။ အဲသည့်နောက် ကိုယ်တိုင်သတိမထားမိသော သူ့လောဘတဏှာကို ဆက်၍ တွေးလိုက်မိသည်။

ငါ့သမီးလေး ချမ်းသာပါစေ၊ သူ့ယောကျ်ားကလည်း ဆင်းဆင်းရဲရဲမို့ ဆေးဝါးဓာတ်စာမှ ပြည့်စုံအောင် ရှာဖွေပေးနိုင်ပါ့မလား။ ငါ့မှာလည်း ခရီးစရိတ်ကလွဲလို့ ပိုပိုလျှံလျှံ ရှိတာမဟုတ်ဘူး။ ဒုက္ခ, ဒုက္ခဖြစ်ချင်တာမဖြစ်၊ မဖြစ်ချင်တာဖြစ်ရတဲ့ ဒုက္ခသစ္စာပါလားနော်။

မကြာမီ စိတ်နွမ်းလျပန်းနှင့် ဒေါ်သီလစာရီမှာ မှေးခနဲအိပ်ပျော်သွားသည်။ ရထားကြီးက တဟည်းဟည်း ပြေးနေသည်။ ခရီးပန်းတိုင် မရောက်မချင်း တစ်ယောက်ဆင်း တစ်ယောက်တက်၊ တစ်ဘူတာထွက် တစ်ဘူတာ ရပ်လာခဲ့ရာမှ ဘူတာတစ်ခုမှ

အထွက်တွင် ရထားခေါင်းတွဲက ခပ်ကြမ်းကြမ်းကလေး ဆောင့်ဆွဲလိုက်ခြင်းကြောင့် ဒေါ်သီလစာရီမှာ ကိုယ်တစ်ပိုင်း ယိမ်းထိုး၍ လန့်နိုးသွားရသည်။ သူဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မှန်း မသိ၊ အနားကလူကို ကြည့်လိုက်တော့ ပြည်ဘူတာမှစီးလာခဲ့သည့်ခရီးသွားဖော်မဟုတ်၊ လူစိမ်းတစ်ယောက်ဖြစ်နေသည်။ အခြားခရီးသည်များလည်း ဆင်းသူကဆင်းသွားကြ၍ အသစ်တက်သူများက တက်လာကြဟန်တူသည်။

''ဘယ်များရောက်လာသလဲ မသိဘူး''ဟု ဒေါ်သီလစာရီကအနားကလူကိုပြောမေးမေးလိုက်သည်။

''ဇီးကုန်းဘူတာကထွက်ခဲ့ပြီလေ ရာဖွေရေးတွေတက်လာတုန်းက ဆရာကြီးသေတ္တာကိုတောင် မေးနေသေးတာ ဆရာကြီးက အိပ်ပျော်နေတော့ အားနာလို့နဲ့ တူပါရဲ့ ကိစ္စမရှိပါဘူးလေဆိုပြီး ထွက်သွားကြတယ်''

ဒေါ်သီလစာရီ၏ရင်ထဲတွင် 'ဒိုင်း'ခနဲ လာဆောင့်တော့သည်။

ငါ့သေတ္တာဆိုပါကလား။ ငါ့ဟာလည်း မဟုတ်ဘဲနဲ့ ငါ့ဟာမဟုတ်ရင် ဘယ်သူ့ဟာလဲ။ ဒီတွဲထဲမှာ သေတ္တာပိုင်ရှင်ပါမလာတာကတော့ သေချာတယ်။ ပိုင်ရှင် မရှိတဲ့ဟာဆိုရင် ပံသုကူပေါ့။ လူတွေအားလုံးက ငါ့ဟာလို့ ထင်ရင် ချော်အလဲမှာ ရောထိုင်လိုက်ရင်ပြီးရော၊ နေဦး နေဦး. . ပိုင်ရှင်က သဒ္ဓါဒေယျနဲ့ ပေးလှူတာမဟုတ်တဲ့ပစ္စည်းကို'ညာတာပါတေး' နဲ့လက်ခံလိုက်တာဟာအဒိန္နာဒါနာပေါ့၊ သီလစာရီရယ်၊ ငါ ရှစ်ပါးသီလပျက်တော့မလို့မဖြစ်ဘူး မဖြစ်ဘူး၊ နောက်တစ်ခါ မေးလာတဲ့သူကို ငါ့ပစ္စည်းမဟုတ်တဲ့အကြောင်း ပြောပြလိုက်တော့မယ်။

ဒေါ်သီလစာရီက မတော်မတရား ထွက်လာတဲ့လောဘကို အရဟံဂုဏ်တော်နှင့် ပုတီးစိပ်၍ ကြိတ်ချေနေလေသည်။ အရဟံဂုဏ်တော် ဆိုသည်မှာ ဆိတ်ကွယ်ရာအရပ်မှာ မကောင်းမှုကိုပြုတော်မူခြင်း မရှိသည့် ဗုဒ္ဓဂုဏ်တော်ကြီး မဟုတ်လား။

ဒေါ်သီလစာရီက မျက်စိမိှတ်၍ ပုတီးစိပ်နေတဲ့ အတွင်းမှာပင် ဆေးရုံသံကုတင်ကလေးပေါ်၌ ကြုံလှီဖျော့တော့အားလျော့နွမ်းနယ်နေသည့်သမီးကလေး၏မျက်နှာက အထင်းသား ပေါ်လာပြန်သည်။

''အားရှိစေသော အစာအာဟာရတို့မှ ချို့တဲ့၍ ဈေးကြီးလှစွာသော စားဆေး၊ ထိုးဆေးတို့နှင့်မှ အကုသမခံရသည့် သမီးငယ်ကလေး၏ အဖြစ်မှာ အသက်ဇီဝမှ ကြာကြာခံနိုင်ရှာပါ့မလား''

ငါ့အောက်ကသေတ္တာမှာ ငွေကြေး များများစားစားမပါချင်ထား၊ အဝတ်အစားကောင်းကောင်း မွန်မွန် အဖိုးတန်တာကလေးတွေတော့ ပါလာမှာသေချာတယ်။ ယောကျ်ားဝတ်ဖြစ်ဖြစ်၊ မိန်းမဝတ်ဖြစ်ဖြစ်၊ ခုခေတ်မှာ ဈေးတွေက ခေါင်ခိုက်နေကြတာ၊ အဟောင်းထည်အဖြစ်နဲ့ပဲ ရောင်းဦးတော့၊ ကောင်းကောင်းပိုက်ဆံရမှာ သေချာသလောက်ရှိတယ်။ အဲသည်အထဲက သမီးကလေးဖို့ ဆေးဝါးဓါတ်စာ ဝယ်ပေးနိုင်မယ်၊ ဗုဒ္ဓယတြာ၊ ဗေဒင်ကိန်းခန်းယတြာတွေ ချေနိုင်ဖို့ ရလိမ့်မယ်၊ ဘုရားကူ၊ သမားကုပေါ့။

''သမီးလေး ဆေးရုံကဆင်းတောင် အလုပ်ကြမ်း မလုပ်မကိုင်ရဘဲ တစ်လကိုးသီတင်း နားနားနေနေ စားသောက်နေထိုင်သွားဖို့ ပြည့်စုံချင် ပြည့်စုံနေလိမ့်မယ်'' အဲဒီကမှ ပိုလျှံနေဦးမယ်ဆိုရင်တော့ ငါနေတဲ့ကျောင်းမှာ ကုသိုလ်ကောင်းမှုလေးတော့ တစ်ခုခု လုပ်နိုင်ဦးမယ်၊ ပိုင်ရှင်မဲ့ပံသုကူပစ္စည်းကို ယူတာဟာ အဒိန္နာဒါန မဖြစ်နိုင်ပါဘူး၊ ရတဲ့အထဲကသမ္မာအာဇီဝမဖြစ်တာဆိုလို့ ဘယ်ဟာမှငါတရားလက်လွှတ်မသုံးပါဘူး။ ဒီတစ်ခါလာမေးရင် ငါ့ဥစ္စာလို့ပြောလိုက်တော့မယ်၊ရန်ကုန်ဘူတာရောက်တော့လည်းအလုပ်သမားငှားပြီး ဆွဲဆင်းသွားရုံပေါ့။

ကဲ. . အခု အချိန်ကစ၍ ငါ့သေတ္တာ၊ ငါ့ပစ္စည်းငါ့ဟာ ဖြစ်စေသတည်း။ ဒေါ်သီလစာရီ၏ ပရိယုဋ္ဌာနကိလေသာကို တစ်တွဲလုံးရှိ ခရီးသွားများက လုံးဝမသိနိုင်ကြပါ။ လူတကာမပြောနှင့် ဒေါ်သီလစာရီ

ကိုယ်တိုင်ပင် မိမိလောဘကိုမိမိမမြင်အောင် ဆင်ခြေအမျိုးမျိုးနှင့်တိုး၍ တိုး၍ဖုံးဖိထားလိုက်လေသည်။

''ဟော ဟော တချို့လူတွေ အထုပ်အပိုးများကို ရထားပေါ်မှ ပစ်ချနေကြပါပကောဲ၊ တချို့က လည်း အထုပ်ပြီး လူပါလိုက်၍ ခုန်ချနေကြသည်။ ဘာဖြစ်ကြတာလဲ''

''မှောင်ခိုသမားတွေလေ လက်ပံတန်းဘူတာ ဝင်ရင် ရှာဖွေရေးသမားတွေက တက်ရှာကြတော့ မှာမို့ လမ်းခုလတ်ကပစ်ချပြီး ဆင်းကြရတာ၊ တချို့ များ အကျမတော်လို့ ကျိုးတဲ့လူကျိုး ပဲ့တဲ့သူပဲ့ပေါ့''

အနားမှ ခရီးသည်က ရှင်းပြသောကြောင့်။

''ဩော် ဩော်. . . လောဘသားတွေ''ဟု ဒေါ်သီလစာရီက တိုးတိုးလေးညည်းလိုက်လေသည်၊ လက်ပံတန်းဘူတာသို့ မီးရထားကြီး ဝင်ခဲ့ပါပြီ၊ ဆင်းသူက အထုပ်အပိုးများကို ဆွဲ၍ဆင်းသွားကြသည်၊ တက်သူများကလည်း အထုပ်အပိုးများနှင့်တက်လာကြသည်။ ထိုသူများအနက်မှ ရှာဖွေရေးအရာရှိ သုံးယောက်ပါလာသည်။

ခရီးသည်များ၏ အထုပ်အပိုးကို လိုက်လံကာ စစ်ဆေးကြည့်ရှုကြသည်။ တိုတိုပြောရရင်တော့ ရှာဖွေရေး အရာရှိတစ်ယောက်က ဒေါ်သီလစာရီ၏ ထိုင်ခုံအောက်မှသေတ္တာကို လက်ညှိုးထိုးပြီး မေးလိုက်သည်။

''ဒါ ဆရာကြီးသေတ္တာလား''

ဒေါ်သီလစာရီ ရင်ထဲမှာ ဒိုင်းခနဲ ဖြစ်သွားသည်။ သို့ပေမယ့် မရှုံ့မရဲသော်လည်း ပီပီသသပင် ဖြေလိုက်ရသည်။

''ဟုတ်. . . ဟုတ်ပါတယ် ဒကာလေးရယ်''

''ဘာတွေပါသလဲ''

''ဟိုဟို အဝတ်အစားနဲ့ တိုလီမိုလီ လက်ဆောင်ပေးလိုက်တဲ့ ပစ္စည်းလေးတွေပါကွယ်''

''ကျွန်တော်ဖွင့်ကြည့်ပါရစေ၊ သော့လေး ခဏလောက်''

''ဟောတော့''

ဤစကားမှာတော့ ဒေါ်သီလစာရီ၏ နှုတ်မှ လွတ်ထွက်သွားခြင်းမဟုတ် ရင်ဝမှာ ဒိုင်းခနဲလာဆောင့်သော 'အသံတိတ်' စကားနှစ်လုံးသာဖြစ်ပါသည်။ မိမိသေတ္တာ မဟုတ်ဘဲ အဲသည်သော့က ဘယ်မှာရှိနိုင်မှာပါ့မလဲ။

''ဟို. . . ဟို. . . ဒကာလေးရယ်၊ ဆရာကြီး လမ်းမှာ သော့ကျပျောက်ခဲ့တယ်ကွယ်''ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

သဘောကောင်းပုံရသော အရာရှိကလေးက သေတ္တာကို ထိုင်ခုံအောက်မှ အနည်းငယ်ဆွဲကြည့်လိုက်သည်။ ပြီတော့ ဘာမှမပြောဘဲ တွဲပေါ်မှ ဆင်းသွားသည်။

ဒေါ်သီလစာရီမှာ ဟင်းကနဲသက်မချလိုက်ရင်း ကိုယ့်ကိုယ်ကိုတော့ လောဘကြောင့် မုသာဝါဒထိ တိုးလာခဲ့ရကြောင်း သိလိုက်ရပါသည်။ ဒါလည်း ဆရာတော်ပြောတဲ့ ဝိတိက္ကမလောဘကိလေသာပေါ့၊ ဒေါ်သီလစာရီမှာ စိတ်ဒုန်းဒုန်းမှ မချရသေး၊ အရာရှိကလေးနှင့် အထက်လူကြီးတစ်ယောက် ပြန်၍ ပေါက်ချလာသည်။

''ဒီသေတ္တာပဲ ဆရာ၊ သော့ပျောက်သွားတယ် လို့ပြောတယ်၊ သေတ္တာကလည်း အလေးကြီး''ဟု အစီရင်ခံနေသည်။

''ဒါ ဆရာကြီးသေတ္တာလား''

ဒီတစ်ခါမေးသူက အထက်အရာရှိကိုယ်တိုင် ဖြစ်သည်။

''ဟုတ်ပါတယ် ဒကာလေးရယ်''

''သော့လမ်းမှာ ပျောက်ခဲ့တယ်ဆို''

''ဟုတ်ပါတယ် ဒကာလေးရယ်''

''ကျွန်တော်တို့နည်းနဲ့ ကျွန်တော်တို့ ဖွင့်ကြည့်ရင် ဆရာကြီးခွင့်ပြုမလား''

''ခွင့်ပြုရမှာပေါ့လေ ဘယ့်နှယ့်လုပ်မလဲ''

သို့နှင့် အရာရှိနှစ်ယောက်က သော့ကိုဖျက်၍ ဖွင့်ကြည့်လိုက်ကြသည်။ အနီးအနားက လူတွေပါ ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ကြသည်။ ''အမယ်လေး''

ဟု ထအော်တဲ့ မိန်းမများကလည်း အော်ကြသည်။ သေတ္တာထဲမှာတော့ လူတစ်ယောက်၏ အလောင်းကို ခေါင်းမပါဘဲ အပိုင်းပိုင်းခုတ်ဖြတ်၍ ဆေးကြောထည့်ထားခြင်းဖြစ်သည်။

ဒေါ်သီလစာရီမှာ ရင်ဘတ်ကို လက်နဲ့ဖိပြီး မူးမေ့သွားတော့မလောက် ခံစားလိုက်ရသည်။

''အမယ်လေး ..အမယ်လေး ဒါဆရာကြီး သေတ္တာ မဟုတ်ပါဘူးကွယ် ဘုရားသိပါတယ်၊ ဆရာကြီးရဲ့ မတော်လောဘကိုလည်း ဘုရားသိပါတယ်''ဟုရှိုက်ကြီးတစ်ငင်ငင်ရှင်းပြနေရတော့သည်။

''ခုမှတော့ မဖြစ်ဘူး ဆရာကြီးရေ၊ ရဲစခန်းသာလိုက်ပြီး အဖြစ်မှန်ကို ပြောပြပေတော့''

ဤသို့နှင့် သေတ္တာနှင့်တကွ ဆရာကြီးဒေါ်သီလစာရီသည် သွားလိုရာခရီးပန်းတိုင်သို့ မရောက်ဘဲ လက်ပံတန်းဘူတာမှာဆင်း၍ ရာဇဝတ်မှု အရှုပ်အရှင်းထဲတွင် သောကမကင်းအောင် ပါဝင်လိုက်ရလေတော့သည်။

ဤကား နီလေးမောင်ရေးသားသော ဖမ်းမမိသောတရားခံ ဖြစ်ရပ်မှန်အကြောင်းကို ဦးမင်းလာက မှတ်မိသလောက် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ နီလေးမောင်ကသူ့ဝတ္ထုအဆုံးသတ်၌ဤသို့ ရေးထားသည်။

''သီလရှင်ကြီး ဒေါ်သီလစာရီကား လောဘ (စိတ်)၏ အနိုင်ယူမှုကို ခံခဲ့ရသဖြင့် ရုံးရောက်,ဂါတ်ရောက်ဖြစ်ခဲ့ရသည်။ ပိရိစွာလက်စတုံးလုပ်ခဲ့သည့် ထိုအမှုကိုမူ သက်ဆိုင်ရာရဲတစ်ယောက်က ဖော်ထုတ်နိုင်ကာ တရားခံကိုဖမ်းဆီးနိုင်ခဲ့ပါသော်လည်း ဒေါ်သီလစာရီတစ်ယောက်မှာတော့ တဒင်္ဂမျှ လွတ်သွားသည့် စိတ်တရားခံကို ပြန်လည်ဖမ်းဆီးရန် မတတ်နိုင်တော့လေပြီတကား''ဟု နိဂုံးချုပ်ထားပါသည်။

နီလေးမောင်က လောဘ (စိတ်)ဟူရာတွင်၊ လောဘဟူသည်မှာ 'စိတ်အစစ်' အမည်မဟုတ်ပါ။ အာရုံကို သိတတ်သောစိတ်ကို ပူးကပ်လို့ဆော်ပေးသည့်'စေတသိက'စေတသိက်သာဖြစ်ပါသည်။ သို့သော် ထိုစေတသိက်က တရားခံဖြစ်ပါလျက် သူ့အမည်ကိုမခံဘဲ စိတ်အပေါ်သာ လွှဲချတတ်သည်။ ဥပမာ။ လောဘဖြစ်လာလျှင် လောဘစိတ်ဒေါသဖြစ်လာလျှင် ဒေါသစိတ်, မောဟဖြစ်လာလျှင် မောဟစိတ်ဟူ၍သာ အမည်ခံစေသည်။

ခေတ်စကားနှင့်ပြောရလျှင် လက်သီးပုန်းထိုးပေးသူသာဖြစ်သည်။ 'ရှဲဒိုး'ခေါ်လျှင်လည်း ခေါ်နိုင်ပေလိမ့်မည်ထင်သည်။

တရားခံဖြစ်သောလောဘ(စေတသိက်)ကို စောစောကသာ သိရှိဖမ်းမိဆုံးမနိုင်လျှင် ဒေါ်သီလစာရီမှာ ဒုက္ခဖြစ်နိုင်စရာမရှိပေ၊ ယခုကား ခရမ်းသုံးခွဆေးရုံတွင်တင်ထားရသော သမီးလေးထံသို့ အချိန်မီမှ ရောက်ပါလေစ။

ဒေါ်သီလစာရီနှင့် လူမမာ သမီးငယ်လေးအား ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။

သု ခ

**လောဘဟူသည်မှာ 'စိတ်အစစ်' အမည်မဟုတ်ပါ၊**
**အာရုံကို သိတတ်သော စိတ်ကို**
**ပူးကပ်လို့ဆော်ပေးသည့်'စေတသိက'စေတသိက်သာ**
**ဖြစ်ပါသည်။**
**သို့သော် ထိုစေတသိက်က တရားခံဖြစ်ပါလျက်**
**သူ့အမည်ကို မခံဘဲ စိတ်အပေါ်သာ လွှဲချတတ်သည်။**

# အခန်း (၄)

# သောတာပန်၏ဂုဏ်ရည်သည်လေးချက်ရှိသည်။

### သောတာပန်၏ ဂုဏ်ရည်လေးချက်

၁။ ဘုရားရတနာကို အသက်နှင့်လဲ၍ ယုံကြည်သည်။

၂။ တရားရတနာကို အသက်နှင့်လဲ၍ ယုံကြည်သည်။

၃။ သံဃာရတနာကို အသက်နှင့်လဲ၍ ယုံကြည်သည်။

၄။ ငါးပါးသီလကို အသက်နှင့်လဲ၍ လုံခြုံသည်။

(သံယုတ်ပါဠိတော်၊ ပထမဂိဇ္ဈကာဝသထသုတ်)

သောတာပန်သည် ဤဂုဏ်အင်္ဂါလေးချက်နှင့် ပြည့်စုံသောကြောင့် အပါယ်မကျခြင်းဖြစ်သည်။ ပုထုဇဉ်သည်လည်း ဤအင်္ဂါလေးချက်နှင့် ပြည့်စုံနေလျှင် အပါယ်မကျတော့ပေ။ ဥပမာအားဖြင့် သောတာပန်သည် ဘီအေစာမေးပွဲအောင်မြင်ပြီး ဘီအေဘွဲ့လက်မှတ်ရပြီးသူနှင့် တူသည်။

ဖော်ပြပါ ဂုဏ်ရည်လေးချက်နှင့် ပြည့်စုံသော ပုထုဇဉ်သည် ဘီအေစာမေးပွဲ အောင်မြင်ပြီးသော်လည်း ဘီအေဘွဲ့တံဆိပ်လက်မှတ် မရသေးသူနှင့် တူသည်။

ဘီအေအောင်ပြီးသော်လည်း ဘွဲ့လက်မှတ်မရသေးသူသည် ဘီအေဘွဲ့လက်မှတ် ရပြီးသူများခံစားရသည့် အခွင့်အရေးများကို တန်းတူခံစားခွင့်ရှိသည်။ ဥပမာ– ကိုယ်ရေးအကျဉ်းရေးရာတွင် ပညာအရည်အချင်းနေရာ၌ ဘီအေအောင်ဟု တန်းတူရေးနိုင်ခွင့် ရှိခြင်းမျိုးပင်။

တစ်ဖန် ဘီအေဘွဲ့လက်မှတ်ရပြီးသူများအား ခန့်ထားသည့် ရာထူးနေရာတွင် ဘီအေအောင်ပြီးသူကို ခန့်ထားနိုင်ခြင်းတို့ပင် ဖြစ်၏။

ဤဥပမာတွင် ဘီအေအောင်ပြီး၊ ဘွဲ့လက်မှတ်ရပြီးသူသည် သောတာပန်နှင့် တူသည်။ ဘီအေအောင်ပြီးသော်လည်း ဘွဲ့လက်မှတ် မရသေးသူသည် ရတနာသုံးပါးကို နက်နဲစွာကြည်ညိုသော၊ ငါးပါးသီလလုံသော ပုထုဇဉ်နှင့်တူသည်။

### သဘော်ကြီးစီးသူနှင့် ငှက်ပျောဖောင်စီးသူ

ဒုစရိုက်နှင့် ဒုရာဇီဝကင်းပြီး ကုသိုလ်တရားနှင့်သာ တစ်ဘဝလုံးပျော်မွေ့နေကြသော အရိယာနှင့် အရိယာနွယ်ဝင် စူဠသောတာပန် ပုထုဇဉ်တို့သည်

ခိုင်ခံ့သော သင်္ဘောကြီးများဖြင့် ပင်လယ်တွင်း ခရီးသွားသူများနှင့် တူသည်။ ကုသိုလ်တစ်ပဲ၊ ငရဲ တစ်ပိဿာလမ်းစဉ်ဖြင့်နေကြသော အန္ဓပုထုဇဉ် များကား ငှက်ပျောဖောင်ကိုစီးပြီး ပင်လယ်တွင်းခရီး သွားသူများနှင့် တူသည်။

ငှက်ပျောဖောင်ဖြင့် ခရီးသွားသူများကား ကိုယ် လိုရာဆိပ်ကမ်းသို့ မကပ်နိုင်ဘဲ မျောချင်ရာမျောပြီး ပျက်စီးကြရသကဲ့သို့ အန္ဓပုထုဇဉ်များ သံသရာခရီး သွားကြရာတွင်လည်း ကိုယ်ရောက်ချင်သည့်လူ့ဘုံ၊ နတ်ဘုံသို့ ရောက်သူမရှိဘဲ အပါယ်လေးပါးသို့သာ အကျများကြ၏။

ကံကောင်း၍ ဆိပ်ကမ်းကောင်းလေး တစ်ခု တစ်လေသို့ ဆိုက်ကပ်နိုင်သောအခါ ရှိပါ၏။ သို့ သော် ကြာရှည်လေးမြင့်နေ၍မရ။ ခဏနှင့်ပင်လယ် တွင်း ပြန်မျောရသကဲ့သို့ ကုသိုလ်၊ အကုသိုလ်ရော ပြွမ်းသော အန္ဓပုထုဇဉ်တစ်ယောက် သုဂတိဘဝ သို့ ရောက်လျှင်လည်း ခဏသာ။ ပြီးလျှင် မိမိအမြဲ နေသည့် အိမ်သဖွယ်ဖြစ်သော အပါယ်လေးပါး သို့သာ ပြန်ရောက်ရ၏။

ခိုင်ခံ့သည့် သင်္ဘောဖြင့် ပင်လယ်ခရီးသွား သူများသည် မိမိနားလိုရာဆိပ်ကမ်း၌ စိတ်ကြိုက် နားနေ ဆိုက်ကပ်ခွင့်ရှိသကဲ့သို့ အရိယာများ အရိ ယာနွယ်ဝင် ပုထုဇဉ်များ ဘဝသံသရာခရီးကျင် လည်စဉ်အတွင်း မိမိဖြစ်လိုရာ ဘုံဘဝ၌ ဖြစ်နိုင်ခွင့် ရှိကြ၏။

ခိုင်ခံ့သော သင်္ဘောကြီးသည် ပင်လယ်တွင်း မျောပါပျက်စီးခြင်းမရှိသကဲ့သို့ အရိယာများ အရိ ယာနွယ်ဝင် ပုထုဇဉ်များသည် အပါယ်လေးပါးသို့ ကျရောက်ခြင်း မရှိကြတော့ချေ။

အကုသိုလ်ကို လုံးဝမပြုတော့သော၊ ကုသိုလ် ချည်းသာပြုသော ပုထုဇဉ်များသည် သောတာပန် များကဲ့သို့ ဘယ်သောအခါမှ အပါယ်မကျတော့ဟု ဆိုရခြင်းမှာ အင်္ဂုတ္တိုရ်ပါဠိတော်၊ သောတာနုဂတ သုတ်အရ ဆိုရခြင်းဖြစ်သည်။

**နောက်ဘဝ၌ သောတာပန်တည်မည့်**
**ကုသိုလ်လေးမျိုး**

ထိုသုတ်၌ ပါရမီမပြည့်သေးသောကြောင့် ယခုဘဝ၌ သောတာပန်မတည်သေးသော်လည်း နောက်ဘဝ၌ နတ်ပြည်တွင် သောတာပန်တည်ရ မည့် သူတော်ကောင်း ပုထုဇဉ်လေးမျိုးကို ဟော ကြားထား၏။ ယင်းတို့မှာ –

၁။ တရားတော်များကို ရွတ်ဆို ပူဇော်နေသူ
၂။ တရားတော်ကို စိတ်ဝင်တစား အမြဲနာကြား နေသူ
၃။ တရားတော်ကို စိတ်ဖြင့် ဆင်ခြင်နှလုံးသွင်းသူ
၄။ အယူမှားပျောက်အောင် တရားကိုရှုမှားထားသူ

တို့ဖြစ်သည်။ အရိယာနွယ်ဝင် ပုထုဇဉ်များသည် ဖော်ပြပါ ကုသိုလ်လေးမျိုးတွင် တစ်မျိုးမျိုးကို အမြဲ ပြုလုပ်နေသူသာဖြစ်၏။ ထို့ကြောင့် ယခုဘဝ မဂ် ဖိုလ်မရသော်လည်း နောက်ဘဝနတ်ပြည်တွင် မဂ် ဖိုလ်ရမည့်သူဖြစ်သောကြောင့် သောတာပန်နည်း တူ သံသရာတစ်လျှောက် အပါယ်လေးပါး မကျ တော့သူဟု တန်းတူထား၍ ဆိုရခြင်းဖြစ်သည်။

ယခု မိမိကြိုက်နှစ်သက်ရာဘုံကို ရွေးချယ်နေ ထိုင်သွားကြသော ပုထုဇဉ် သူတော်ကောင်းတို့၏ အကြောင်းများကိုလက်လှမ်းမီသမျှတင်ပြအံ့။ ပထမ တစ်ဦးမှာ ဓမ္မပဒအဋ္ဌကထာ၌လာသောမဟာဓမ္မိက အမည်ရှိ ဥပါသကာကြီးပင် ဖြစ်၏။ လူမိုက်သည် လူ့ဘုံကို ကာမဂုဏ်ခံစားရာ နေရာတစ်ခု အဖြစ် သတ်မှတ်၏။ လူလိမ္မာသည် လူ့ဘုံကို ကုသိုလ်မျိုး စိုက်ပျိုးရာ နေရာအဖြစ် သတ်မှတ်၏။

လောကကြီးပျက်စီးအောင် လုပ်သူများသည် လူ့ဘုံကို ကာမဂုဏ်ခံစားရာနေရာဟု သတ်မှတ်သူ များပင်ဖြစ်၏။ ထိုအမြင်၊ ထိုအယူအဆသည် ဘယ် သူသေသေ ငတေမာပြီးရောဟု သဘောထားသော အတ္တသမားများစွာကို ဖြစ်ထွန်း ပေါ်ပေါက်စေ ခဲ့သည်။

လောကကြီးကို သာယာချမ်းမြေ့အောင်ပြုလုပ်

သူများသည် လူ့ဘုံကိုကုသိုလ်မျိုးစုံ ဆည်းပူးရာနေရာဟု သတ်မှတ်သူများပင်ဖြစ်သည်။ ထိုအမြင်၊ ထိုအယူအဆက လောကကောင်းကျိုးကို အပြည့်အဝ တကယ်လုပ်ဆောင်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာစသော အရိယာသူတော်ကောင်းများစွာကို ဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်။

မဟာဓမ္မိက ဉပါသကာကြီးသည် လူ့ဘဝကို ကုသိုလ်အားလုံး ဆည်းပူးရာနေရာအဖြစ် သတ်မှတ်သူဖြစ်၏။ ထိုသို့ သတ်မှတ်သည့်အတွက်စီးပွားရေးမှာ အားမပျော့သည့်အပြင် ပို၍ကြိုးစားအားထုတ်ရှာဖွေ၏။

များများရှိမှ များများလှူနိုင်မည်ဟု ခံယူထားသောကြောင့်ပင် ဖြစ်၏။ ထိုခံယူချက် မရှိမှုကြောင့် မြန်မာပြည်ရှိ ဗုဒ္ဓဘာသာအများစုမှာ ဆင်းရဲသူသာများ၏။ ဗုဒ္ဓဘာသာများဆင်းရဲသောအခါသာသနာလည်း ညှိုးငယ်ရတော့၏။ ဘာသာမကောင်း၍ဘဲ လူတွေဆင်းရဲနေသယောင်အထင်သေးခံရတော့၏။

အမှန်ကား ဗုဒ္ဓဘာသာဖြစ်ပြီး ဗုဒ္ဓစကား နားမထောင်သောကြောင့် မြန်မာအများစု ဆင်းရဲနေရခြင်း ဖြစ်၏။ ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒီဃဇာဏုသုတ်တွင် ကြီးပွားချမ်းသာလိုသူများသည်-

**ထထကြွကြွ လုံ့လဝီရိယရှိစွာဖြင့် ရှာဖွေရမည်။ ရလာသောဉစ္စာများကို မိန်းမအပျော်အပါး၊ လောင်းကစား၊ သေရည်သေရက် ကိစ္စတို့ဖြင့် မကုန်ခန်းအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်။ အဝင်အထွက်မျှအောင် စာရင်းဇယားဖြင့် သုံးစွဲရမည်။ ကိုယ့်ကိုသွန်သင်ဆုံးမမည့် မိတ်ကောင်း၊ ဆွေကောင်းကို ရှာဖွေပေါင်းသင်းရမည် ဟု ဟောကြားထား၏။**

မြန်မာအများစုကား စီးပွားဉစ္စာကို ပျင်းတိပျင်းရွဲသာ ရှာဖွေကြ၏။ ဝတ်ကျေတမ်းကျေသာရှာဖွေကြ၏။ ရလာသော ဉစ္စာကြေးငွေကိုလည်း ထင်သလို သုံးကြဖြုန်းကြ၏။ ဝင်ငွေ ၂၀၀ဝိ/သာရှိသော်လည်း ထွက်ငွေက ၄၀၀ဝိ/ ဖြစ်နေတတ်၏။

ထို့ကြောင့်လည်း မြန်မာအများစုမှာ ကြွေးတင် ကျွန်ဖြစ်နေကြရ၏။

ဘုရားရှင်က ကြီးပွားချမ်းသာလိုလျှင် မိတ်ကောင်းဆွေကောင်းကို ရှာဖွေပေါင်းသင်းဟု ဟောထားသော်လည်း မြန်မာအများစုကား မြာပွေသူ၊ ဖိုးသမားနှင့် လောင်းကစားသမားများကိုသာ ရှာဖွေပေါင်းသင်းကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာအများစုသည် ဗုဒ္ဓစကားကို နားမထောင်ကြသောကြောင့် ဆင်းရဲရသည်ဟု ဆိုခဲ့ရခြင်းဖြစ်၏။

ဆိုခဲ့ပြီး မဟာဓမ္မိက ဉပါသကာကြီးကား ဗုဒ္ဓဘာသာပီပီ ဘုရား၏စကားတော်ကိုတစ်သွေမတိမ်းလိုက်နာပြီး စီးပွားရှာသောကြောင့် ကြီးပွားချမ်းသာ၏။ ကြီးပွားချမ်းသာသလောက်လည်း သာသနာနှင့်လောကကို ချီးမြှောက်ထောက်ပံ့၏။ သရဏဂုံလည်းတည်၊ ငါးပါးသီလလည်း လုံသောကြောင့် လူတစ်ယောက်စင်စစ်ဖြစ်သော မဟာဓမ္မိကဉပါသကာကြီးသည် သေခြင်းတရားကို မိတ်ဆွေလို သဘောထားနိုင်ခဲ့၏။

သက်တမ်းကုန်၍ သေချိန်ကျသောအခါသံဃာတော်များ၏ တရားကိုနာရင်း သေလိုသည့်အတွက် သံဃာတော်များကို ပင့်ဖိတ်ပြီး အိပ်ရာထက်မှာပင် တရားနာယူ၏။ ထိုအချိန်တွင်နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စင်းသည် ဉပါသကာကြီး၏ ခေါင်းရင်းဖက် ကောင်းကင်မှပေါ်လာကာ သူ့ရထားပေါ်တက်ပါ၊ ငါ့ရထားပေါ် တက်ပါနှင့် အတင်းခေါ်ယူနေကြ၏။

ဉပါသကာကြီးက တရားနာပျက်မည်စိုးသည့်အတွက် ခေတ္တဆိုင်းငံ့ကြပါဦးဟု လှမ်းပြောလိုက်၏။ ထိုစကားကို ကြားသွားသော ရဟန်းတော်များက သူတို့ကို လျှောက်ထားသည်ထင်၍ တရားဟောမှုကိုရပ်ပြီး ကျောင်းသို့ ပြန်ကြွသွားကြ၏။ သားသမီးများကလည်း ဉပါသကာကြီးသည် သေခြင်းတရားကို ကြောက်လန့်သောကြောင့် တရားဟောကို ရပ်နိုင်းသည်ဟုထင်ကာ အော်ဟစ်ငိုကြလေ၏။

မေးမြန်းကြည့်၍ သားသမီးများ၏စိုးရိမ်သောက ကိုသိသွားသော ဥပါသကာကြီးက ရဟန်းများကို တရားဟော ရပ်နိုင်းခြင်း မဟုတ်ဘဲ နတ်ရထား ခြောက်စင်းကိုသာ ခဏရပ်နိုင်းခြင်းဖြစ်ကြောင်း ရှင်းပြ၏။ သူတို့၏ပကတိမျက်စိဖြင့် မမြင်ရသော ကြောင့် သားသမီးတို့က မယုံကြပေ။ ထိုအခါ တစ် ဘဝလုံးပြုခဲ့သောကုသိုလ်၏ကောင်းကျိုးကို သေချာ သိစေလိုသော ဥပါသကာကြီးက နတ်ပြည်ခြောက် ထပ်တွင် အမြတ်ဆုံးဟုဆိုရသော တုသိတာနတ် ရထား၌ ချိတ်မိပါစေသတည်းဟု အဓိဋ္ဌာန်ပြု၍ ပန်းကုံးတစ်ကုံးကိုကောင်းကင်သို့ပစ်တင်ရန် အကြံ ပေး၏။

ပြောသည့်အတိုင်းပစ်တင်လိုက်သောအခါ ပန်း ကုံးသည် တုသိတာနတ်ရထား၌ ချိတ်ဆွဲမိနေ၏။ သို့သော်ပန်းကုံးကိုသာမြင်ရပြီး နတ်ရထားကိုကား မမြင်ရပေ။ ထိုသို့ လက်တွေ့မြင်ရသော အခါတွင်မှ သားသမီးများသည် အံ့ဩဝမ်းသာသွားကြလေ၏။ ပန်းကုံးကြီး တဖြည်းဖြည်း မြင့်တက်သွားသည်နှင့် ဥပါသကာကြီး၏ လူ့ဘဝ တစ်ဘဝတာသည်လည်း အကျိုးရှိစွာ ချုပ်ငြိမ်းလေတော့သည်။

သဘောကြီးဖြင့် ခရီးသွားသူသည်ကပ်လိုသည့် ဆိပ်ကမ်းတွင်ကပ်နိုင်သကဲ့သို့ ကုသိုလ်ဖြင့်သံသရာ ခရီးသွားသူသည် မိမိရောက်လိုသည့်ဘုံသို့ ရောက် နိုင်ကြောင်း မဟာဓမ္မိကဥပါသကာကြီးက လက် တွေ့ပြလိုက်ခြင်း ဖြစ်၏။

ဓမ္မိကဥပါသကာကြီးသည် ဗုဒ္ဓစကားကို သေ ချာ နားထောင်ခဲ့သောကြောင့် စီးပွားရေးရော ကုသိုလ်ရေးပါနှစ်ခုလုံး အောင်မြင်ခဲ့ခြင်းဖြစ်၏။ ဗုဒ္ဓ ဘာသာမြန်မာတိုင်းကို ဓမ္မိကဥပါသကာကြီးကဲ့သို့ ဖြစ်စေချင်လှသည်။

### မင်းအဖြစ်ကို မလိုချင်သူ

သဘောဖြင့် ခရီးသွားသူကဲ့သို့ မိမိလိုချင်သော ဘဝကို အရယူနိုင်သူအဖြစ် ဒုတိယမြောက် တင်ပြ မည့်သူမှာ ဒုဋ္ဌဂါမဏိမင်းကြီးပင် ဖြစ်သည်။ သူကား မင်းအဖြစ်ကို မလိုချင်ဘဲနှင့် ယူခဲ့ရသူသာ။ ထို့ ကြောင့်လည်း မင်းဖြစ်သောအခါ မိမိကောင်းစား ရေးအတွက် ဘာတစ်ခုမျှမလုပ်ခဲ့ဘဲ လောကနှင့် သာသနာ ကောင်းစားရေးအတွက် သက်တမ်းကုန် သည်အထိ တရစပ် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သူရိယာဘိဝံသ မထေရ်မြတ်ကြီးသည် ဆရာတော် တို့ခေတ်အခါက လူကြီးဆိုသူများကို နိုင်ငံတိုးတက် ကောင်းစားရေးအတွက် အောက်ပါစကားတစ်ခွန်း ကို လေးနက်စွာ ပြောခဲ့ဖူး၏။

''ဒကာကြီး၊ ဒကာကြီးတို့ နိုင်ငံတိုးတက်ချင်ရင် အာဏာမလိုချင်တဲ့သူကို သေချာရွေးပြီး အာဏာ ပေးကြပါ။ ဒီလိုလူမျိုးတွေကမှ နိုင်ငံကောင်းကျိုးကို တကယ်လုပ်မှာ၊ အာဏာကို ငမ်းငမ်းတက်လိုချင် ကြတဲ့သူတွေဆီ အာဏာရောက်သွားလို့ကတော့ နိုင်ငံကောင်းစားအောင် တကယ်လုပ်မှာ မဟုတ်ဘူး။

''အာဏာရနေတဲ့ အချိန်တစ်လျှောက်လုံး သူနဲ့ သူ့ဆွေမျိုးသားချင်း ကောင်းစားရေးပဲ လုပ်သွားမှာ၊ ဘာကြောင့်လဲဆိုတော့ အာဏာကို ငမ်းငမ်းတက် လိုချင်တယ်ဆိုတာကိုက လောဘပဲ။ လောဘဦး ဆောင်နေတဲ့လူတစ်ယောက်ဟာ ငါကောင်းစားရေး ကို ဦးစားပေးမှာပဲ''

သမ္မတအုပ်ချုပ်သော ပါလီမန်ခေတ်အချိန်က ပင်ဖြစ်၏။ ရန်ကုန်မှ ထင်ရှားသောနိုင်ငံရေးသမား တစ်ယောက်သည် သမ္မတအဖြစ် အရွေးခံနိုင်ရန် မဲဆွယ်စည်းရုံးလျက်ရှိ၏။ ထိုအချိန်က တစ်ပြည်လုံး သည် သံဃာတော်များကို အထူးလေးစားအားထား နေကြချိန်ပင်။

ထိုအချက်ကို ရိပ်စားမိသော သမ္မတလောင်း နိုင်ငံရေးသမားက ဩဇာအာဏာညောင်းသော ဆရာတော်ကြီးတစ်ပါးထံချဉ်းကပ်ပြီး သူသမ္မတဖြစ် လျှင် ဤမြို့နယ်တွင် လမ်းများအားလုံးကတ္တရာခင်း ပေးမည်။ အထက်တန်းကျောင်းကြီးများ ဆောက်

ပေးမည်စသည်ဖြင့် မစားရ ဝခမန်း ပြောကာ စည်းရုံး၏။

ဆရာတော်ကြီးမှာ ထိုသူ၏စကားကိုယုံပြီး သူ ကိုးကွယ်သောဒကာ၊ ဒကာမအားလုံးအား မဲပေး ရန်တိုက်တွန်းလိုက်၏။ ထိုသူသည်မဲနိုင်ပြီး သမ္မတ ကြီး ဖြစ်သွားလေသည်။ သမ္မတသက်တမ်းသာ တစ်နှစ်ပြီးတစ်နှစ် ကုန်လာသည်။ သူတို့မြို့နယ် အတွက် ကတ္တရာလမ်း၊ အထက်တန်းကျောင်း စသည်တို့မှာ တစ်ခုမှဖြစ်မလာပေ။

ထိုအခါ ဆရာတော်ကြီးက ထိုသမ္မတအား ကိုယ်တိုင်တွေ့ဆုံပြီး ကတိပေးထားသည့်အတိုင်း လုပ်ပေးဖို့ပြောသည့်အခါ ထိုသမ္မတကြီး ပြန်ပြော သောစကားကို နားထောင်ကြပါကုန်။

''ဒီလို သမ္မတဖြစ်လာအောင် မဲရဖို့အတွက် တပည့်တော် အမျိုးသမီးရဲ့ စိန်တစ်ဆင်စာ ကုန်ခဲ့ရ တယ်ဘုရား၊ ဒါကြောင့်ပထမဆုံးအမျိုးသမီးရဲ့ စိန် တစ်ဆင်စာ အရင်ရအောင် လုပ်ရဦးမယ်ဘုရား။ စိန်တစ်ဆင်စာပြန်ရပြီးရင် တပည့်တော်ကိုယ်တိုင် ချမ်းသာအောင် လုပ်ရဦးမယ် ဘုရား၊ တပည့်တော် ချမ်းသာပြီးရင် သားသမီးတွေ ချမ်းသာအောင် လုပ်ရဦးမယ်ဘုရား။ သားသမီးတွေ ချမ်းသာပြီးရင် ဆွေမျိုးတွေ ချမ်းသာအောင် လုပ်ပေးရဦးမယ် ဘုရား။ ဆွေမျိုးတွေ အားလုံးချမ်းသာပြီးမှ နိုင်ငံ ကောင်းစားအောင် လုပ်နိုင်တော့မယ်ဘုရား''ဟူ၏။

ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးများချည်းခေါင်းဆောင် တက်ဖြစ်နေပါက မြန်မာနိုင်ငံသည် ကျောက်စိမ်း တွေ၊ ပတ္တမြားတွေ တန်နှင့်ချီပြီး ထွက်နေပါသော် လည်း ဘယ်သောအခါမှ ချမ်းသာလိမ့်မည် မဟုတ် ပေ။ ဤပုဂ္ဂိုလ်မျိုးကား အနာခံသူမဟုတ်၊ အသာစံ သူသာ ဖြစ်၏။ အသာစံသူသည် ဗုဒ္ဓ၏ တပည့် သာဝက အမည်ခံပြီး ဒေဝဒတ်၏လမ်းစဉ်ကို ကျင့် သုံးလိုက်နာသူသာဖြစ်၏။ ထိုသူမျိုးနှင့် စပ်၍ ဤ ဒဿနကို မှတ်သားအပ်၏။

### အသာစံဝါဒနှင့် အနာခံဝါဒ

အသာစံခြင်းဝါဒကို ဒေဝဒတ်တည်ထောင်ခဲ့ ခြင်း ဖြစ်သည်။ အသာစံခြင်း၏ နောက်ဆုံးပန်းတိုင် သည် အပါယ်လေးပါး။ အသာစံခြင်းဝါဒကို တည် ထောင်ခဲ့သောဒေဝဒတ်ကိုယ်တိုင် ယခုအခါ အဝီစိ ငရဲသို့ကျရောက်နေပြီဖြစ်၏။ အသာစံခြင်း ဟူသည် ဗုဒ္ဓပယ်သတ်ခိုင်းသော သမုဒယသစ္စာ ခေါ် တဏှာ ကို သိမ်းပိုက်ထားခြင်းသာ ဖြစ်၏။

အနာခံခြင်းဝါဒကို ဗုဒ္ဓရှင်တော်မြတ်ဘုရား တည်ထောင်တော်မူခဲ့သည်။ အနာခံခြင်း၏ နောက် ဆုံးပန်းတိုင်သည် နိဗ္ဗာန်။ အနာခံခြင်းဝါဒကို တည် ထောင်ခဲ့သော ဘုရားရှင်ကိုယ်တိုင် ယခုအခါနိဗ္ဗာန် သို့ ရောက်နေပြီဖြစ်သည်။ အနာခံခြင်းဟူသည် သမုဒယသစ္စာခေါ် တဏှာကို အလုပ်ဖြင့်လက်တွေ့ ပယ်သတ်လိုက်ခြင်းပင် ဖြစ်၏။

ဗုဒ္ဓဘာသာနိုင်ငံအများစု ဆင်းရဲနေကြသည် မှာ ဗုဒ္ဓဘာသာဖြစ်ပါလျက် ဗုဒ္ဓလမ်းစဉ်ကို မလိုက် ဘဲ ဒေဝဒတ်၏လမ်းစဉ်နောက်သို့ ကောက်ကောက် ပါအောင်လိုက်နေကြသောကြောင့်ဖြစ်၏။ဤအချက် ကိုထောက်၍ ဗုဒ္ဓဘာသာဝင်အများစု ဆင်းရဲတွင်း နက်နေရခြင်းအတွက် ဗုဒ္ဓတွင် တာဝန်မရှိ။ ဗုဒ္ဓပြခဲ့ သောလမ်းစဉ်အတိုင်း မလိုက်သည့် ဗုဒ္ဓဘာသာဝင် များတွင်သာ တာဝန်ရှိသည်။

ကမ္ဘာပေါ်တွင် ချမ်းသာကြွယ်ဝနေကြသော နိုင်ငံများ၏ ခေါင်းဆောင်တို့သည် ဗုဒ္ဓဘာသာ မဟုတ်သော်လည်း ဗုဒ္ဓ၏ဝါဒဖြစ်သည့် ကိုယ်ကျိုး စွန့်အနစ်နာခံခြင်းဝါဒကို ကျင့်သုံးခြင်းကြောင့် ဖြစ် ကြောင်း သက်သေပြနိုင်ပေသည်။ အနီးစပ်ဆုံး ဖြစ်သည့် စင်္ကာပူနိုင်ငံကိုပင် ထောက်ပြချင်သည်။

### သယံဇာတထွက် တန်ဖိုးရှိသူ

စင်္ကာပူနိုင်ငံသည် ကျွန်းသစ်၊ ရေနံ၊ ဓာတ်ငွေ့၊ ကျောက်စိမ်း၊ ပတ္တမြား၊ ငါးစသော သယံဇာတ ပစ္စည်း ဘာတစ်ခုမျှမထွက်သည့် ကျွန်းနိုင်ငံလေး

တစ်ခုသာဖြစ်သည်။ သို့သော် စင်္ကာပူနိုင်ငံသားများ ကံကောင်းသည်ကား သယံဇာတပစ္စည်းအားလုံး ထက် တန်ဖိုးရှိသောခေါင်းဆောင်ကောင်းကို ရရှိခြင်းပင်ဖြစ်၏။

ထိုသူကား စင်္ကာပူနိုင်ငံသားများကို ကမ္ဘာတွင် အချမ်းသာဆုံး စာရင်းဝင်အောင် နှစ်ပေါင်း ၃၀ ကျော်သည်အထိ မရပ်မနား ကြိုးစားအားထုတ်ပေးခဲ့သူဝန်ကြီးချုပ်လီကွမ်ယုပင်ဖြစ်၏။ နိုင်ငံတစ်နိုင်ငံ တိုးတက် ချမ်းသာရန်အတွက် သယံဇာတထက် ခေါင်းဆောင်ကောင်းက ပို၍ အရေးကြီးကြောင်း စင်္ကာပူနိုင်ငံက သက်သေပြလျက်ရှိသည်။

စင်္ကာပူနိုင်ငံသည် တန်ဖိုးရှိသယံဇာတပစ္စည်း မဆိုထားနှင့်သောက်ရေပင်ထွက်ရှိသောနိုင်ငံမဟုတ်ပေ။ သောက်ရေ၊ သုံးရေများကို မလေးရှားနိုင်ငံမှ တစ်ရက်လျှင် ဂါလံသန်းပေါင်း(၂၅၀)ခန့်အထိ ဝယ်ယူသုံးစွဲနေရသည်။ လီကွမ်ယုသည် သူ၏ဝန်ကြီးချုပ်သက်တမ်း နှစ်ပေါင်း(၃၀)ကျော်အတွင်း ဝန်ကြီးချုပ်လစာမှတစ်ပါး လာဘ်စားသောဒေါ်လာတစ်ပြားတစ်ချပ်မှ မရှိပေ။

စာရင်းစစ်များ စ,သုံးလုံးများ၊ ထောက်လှမ်းရေးများအား သူအပါအဝင် ဝန်ကြီးအားလုံး၏ပိုင်ဆိုင်မှုဥစ္စာငွေကြေးများ၊ ဘဏ်စာအုပ်များကို အချိန်မရွေး စစ်ဆေးခွင့်ပေးထားသည်။ ဤသို့ ပိုင်ဆိုင်မှုငွေကြေးများကို လွတ်လပ်စွာ စစ်ဆေးခွင့်ပေးထားခြင်းသည် အနာခံခြင်းဝါဒကို ကျင့်သုံးနေခြင်းကြောင့်ဖြစ်ကြောင်း လယ်ပြင်တွင်ဆင်သွားသကဲ့သို့ ထင်ရှားလှ၏။

လာဘ်ပေးလာဘ်ယူ ရှိနေသော နိုင်ငံများသည် ဘယ်သောအခါမှ ကြီးပွားတိုးတက်သောနိုင်ငံအဖြစ်သို့ ရောက်လာလိမ့်မည် မဟုတ်ပေ။ လာဘ်ပေးလာဘ်ယူပပျောက်အောင် အားထုတ်ခဲ့ပုံများကို လီကွမ်ယုကိုယ်တိုင် ရေးသားခဲ့သော 'တတိယကမ္ဘာမှ ပထမကမ္ဘာသို့'စာအုပ်မှ ကောက်နုတ်ဖော်ပြအပ်ပေသည်။

**လာဘ်ပေးလာဘ်ယူကင်းသော**
**စင်္ကာပူနိုင်ငံ**

စင်္ကာပူတွင် လာဘ်ပေးလာဘ်ယူခြင်းကို အတင်းအကြပ် နှိမ်နင်းခဲ့သဖြင့် နောက်ပိုင်းတွင် သိသိသာသာ နည်းသွားသည်။ ကမ္ဘာပေါ်တွင် လာဘ်စားမှု အနည်းဆုံးနိုင်ငံစာရင်းကို အုပ်ချုပ်မှုတိုးတက်ရေးကမ္ဘာ့နှစ်ချုပ်စာအုပ်(၁၉၉၇)တွင် ထုတ်ပြန်ခဲ့သည်။ လာဘ်စားမှု လုံးဝမရှိသောနိုင်ငံကို ဆယ် မှတ်ပေးသည်။ အာရှတွင် လာဘ်စားမှုအနည်းဆုံးနိုင်ငံအဖြစ် စင်္ကာပူနိုင်ငံသည် စာရင်းဝင် အမှတ်(၉–၁၈)ရ၏။ ဟောင်ကောင်၊ ဂျပန်၊ တရုတ်(ထိုင်ပေ)တို့ကစင်္ကာပူနောက်လိုက်၏။ ကမ္ဘာပေါ်တွင် စင်္ကာပူသည် လာဘ်ပေးလာဘ်ယူအနည်းဆုံးတွင် သတ္တမအဆင့် ရရှိ၏။

၁၉၈၅ မတ်လတွင် ဘတ်ဂျက်နှင့် ပတ်သက်၍ အခြေအတင် အပြောဆိုကြ၏။ အလုပ်သမားပါတီဥက္ကဋ္ဌက ကျွန်တော်၏ ဝန်ကြီးချုပ်လစာ စင်္ကာပူဒေါ်လာ၂၉၀၀–သည် မလေးရှားဝန်ကြီးချုပ်လစာ ဒေါ်လာ ၁၀၀၀–ထက်စာလျှင် အတော်များနေကြောင်း ဝေဖန်၏။ ကျွန်တော်ကလည်း ဖိလစ်ပိုင်သမ္မတမာကိုစ့်သည် တစ်လလျှင်လစာ စင်္ကာပူဒေါ်လာ ၁၀၀၀–သာရှိကြောင်း လူဦးရေသန်းတစ်ရာ ငါးဆယ်ကိုအုပ်ချုပ်သော အင်ဒိုနီးရှားသမ္မတသည်လည်း စင်္ကာပူဒေါ်လာ၂၅၀၀–သာယူကြောင်း။

သို့သော် သူတို့သည် (လာဘ်စားခြင်း အောက်ဆိုက်ယူခြင်းတို့ကြောင့်) ကျွန်တော်ထက်အဆမတန်ကြွယ်ဝချမ်းသာကြောင်း အင်ဒိုနီးရှားခေါင်းဆောင်တွေ အငြိမ်းစားယူလျှင်ပင် သမ္မတအိမ်တော်မှာ ဆက်နေ၍ရကြောင်း မလေးရှားခေါင်းဆောင်သည်လည်းအိမ်(သို့)မြေအခမဲ့ရကြောင်း။ ကျွန်တော် ယခုနေသောအိမ်မှာ အစိုးရပိုင်ဖြစ်ကြောင်း၊ ကျွန်တော့်မှာ ငွေအပိုမရှိကြောင်း ခိုင်လုံစွာ ပြန်လည်ရှင်းလင်းနိုင်ခဲ့သည်။

၁၉၇၀ခုနှစ်တွင်ဝန်ကြီးများလစာကို၂၅၀၀–မှ

၄၀၀၀–သို့ တိုးပေးခဲ့သည်။ ဝန်ကြီးချုပ်ဖြစ်သော ကျွန်တော်ကား ၃၅၀၀–ထက် တိုးပြီးမယူ။ နှစ်စဉ် ဝန်ကြီးလစာများကို တိုးပေးခဲ့သည်။ သို့မှသာ ပုဂ္ဂလိကဝင်ငွေနှင့် အလှမ်းမကွာမည် ဖြစ်သည်။ အမှန်တကယ်တော့ ဥပဒေအထက်တွင် ဘာမှမရှိပါ။ ဝန်ကြီးချုပ်သည်လည်း ဥပဒေအဆုံးအဖြတ်ကို ခံရမည်ပင်။

### အာဏာထက် နိုင်ငံကို ပိုချစ်သူ

ဤဖော်ပြချက်၌ လီကွမ်ယုသည် ဝန်ကြီးချုပ်ဖြစ်သည့်အတွက် သာမန်ဝန်ကြီးများ လစာဒေါ်လာ ၄၀၀၀–ယူချိန်တွင် သူသည် ဒေါ်လာ၄၀၀၀၀–ခန့်ယူလျှင် ဖြစ်နိုင်သည်သာ။ သို့သော် ပို၍ မယူသည့်အပြင် သာမန်ဝန်ကြီးများလစာထက် ဒေါ်လာ ငါးရာပင်လျှော့၍ယူခြင်းသည် ဗုဒ္ဓဝါဒအတိုင်း အနာခံခြင်းပင် ဖြစ်၏။ သို့မဟုတ် အာဏာထက် နိုင်ငံကို ပိုချစ်ခြင်းပင်ဖြစ်၏။

ဗုဒ္ဓက ဓမ္မပဒတွင်–

သုဒဿံ ဝဇ္ဇ မညေသံ၊
အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံ ဟိသော ဝဇ္ဇာနိ၊
ဩဖုနာတိ ယထာ ဘုသံ။

**"သူတစ်ပါးအပြစ်ကို မြင်လွယ်၏။ မိမိအပြစ်ကို မြင်နိုင်ခဲ၏။ သူတစ်ပါးအပြစ်ကိုသာ မြင်လေ့ရှိ၍ မိမိအပြစ်ကို မြင်လေ့မရှိသောသူသည် သူတစ်ပါးအပြစ်ကို များများပြောခြင်း၊ အပြစ်ပေးခြင်းဖြင့် မိမိအပြစ်ကို ဖုံးကွယ်တတ်ကြ၏။ ဥပမာအားဖြင့် ငှက်တို့ကို ဖမ်းလိုသော ငှက်မုဆိုးသည် ငှက်တို့မမြင်အောင် သူ့ခန္ဓာကိုယ်ကို သစ်ခက် စသည်ဖြင့် ဖုံးလွှမ်းသကဲ့သို့ပင်တည်း"** ဟု ဟောကြားခဲ့၏။

ဘုရားမဖြစ်သေးသမျှ မိမိကိုယ်ကို အသိဉာဏ်ပြည့်စုံပြီဟူ၍ ဘယ်သောအခါမှ မအောက်မေ့သင့်ပေ။ စေတနာကောင်းဖြင့် မိမိအပြစ်ကို ထောက်ပြပေးလာလျှင် နိုင်ငံနှင့်လူမျိုးကိုချစ်သူ ခေါင်းဆောင်မှန်သမျှ ပြုပြင်ရမည်သာ ဖြစ်၏။

ပုထုဇဉ်မှန်သမျှ သိမှုနှင့် မသိမှုတွင် မသိမှုက များသောကြောင့် အပြစ်အနာအဆာ တွေ့တိုင်း ပြုပြင်နေရမည်ဖြစ်၏။ မည်သည့်အချိန်ထိ ပြုပြင်ရမည်နည်းဟုမေးခဲ့လျှင် သေသည့်အချိန်ထိ ပြုပြင်နေရမည် ဖြစ်သည်။ ဘုရားရှင်ပြီးလျှင် ပညာဉာဏ်အရာ တေဒဂ်ဘွဲ့ထူးရ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ အဓိဋ္ဌာန်ချက်ကို ကြည့်ပါ။

**"ယနေ့မှ ဝတ်သော ခုနစ်နှစ်သားကိုရင်ငယ်၏ဆုံးမစကားပင်ဖြစ်သော်လည်း ငါသည် ဦးထိပ်ဖြင့် ခံယူ၍ ကျင့်သုံးလိုက်နာပါမည်"**

ဤစကားသည် အပြောမဟုတ်၊ လက်တွေ့လုပ်ရပ်မှ ပေါက်ဖွားလာသောစကားဖြစ်၏။ တစ်ခါတွင် ဆွမ်းခံကြွခါနီး သင်္ကန်းရုံတာ မညီမညွတ်ဖြစ်နေသော အရှင်သာရိပုတ္တရာအား ကိုရင်ငယ်လေး တစ်ပါးက သင်္ကန်းရုံတာမညီမညွတ်ဖြစ်နေ၍ ပြင်ရုံသင့်ကြောင်းလာ၍ ဆုံးမ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် ချက်ချင်းညီအောင်ပြန်ရုံကာ ကိုရင်ထံလာ၍ လက်အုပ်ချီလျက် ယခုလိုပြော၏။

"ဆရာကိုရင်လေး၊ သင်္ကန်း ပြင်ရုံလိုက်တာ ညီပါပြီလား၊ နောက်တစ်ခါ အပြစ်တွေ့ခဲ့လျှင် ယခုလို ဆုံးမပါဘုရား"

### မိမိအားနည်းချက်ကို မမြင်ရခြင်းအကြောင်း

ပညာတေဒဂ်ရ ရဟန္တာမထေရ်မြတ်ကြီးပင် ချို့ယွင်းချက် ရှိနေလျှင် ပုထုဇဉ်သာဖြစ်သော နိုင်ငံခေါင်းဆောင်များတွင် အားနည်းချက် ချို့ယွင်းချက်ဆိုသည်မှာ ကေန်မုချရှိတော့မည်သာ ဖြစ်၏။ ကျားကစားလျှင် သို့မဟုတ် စစ်တုရင်ကစားလျှင် ကစားနေသူနှစ်ဦးထက် ဘေးကကြည့်နေသူက အကွက်ပိုမြင်၏။ ထို့ကြောင့် စစ်တုရင်၊ ကျားတစ်ခုခုကစားလျှင် 'ဘေးမပြောကြေး'ဟူသော စည်းကမ်းချက်ကို

ထည့်သွင်းသတ်မှတ်ကြခြင်း ဖြစ်၏။

စစ်တုရင်ကစားနေသူထက် ဘေးကကြည့်သူက အဘယ့်ကြောင့် ပို၍အကွက်မြင်ရသနည်း။ အမှန်ဆိုလျှင် လက်တွေ့ကစားနေသူက အကွက်ပိုမြင်သင့်သည် မဟုတ်ပါလော။ အဖြေကား လက်တွေ့ကစားနေသူသည် နိုင်ချင်လွန်းအားကြီးသောလောဘ၊ ရှုံးမှာကြောက်သော ဒေါသဦးဆောင်နေသောကြောင့် အသိဉာဏ်တွေ မှောင်ကျသွားပြီး အကွက်ကို သိပ်မမြင်ခြင်း ဖြစ်၏။

ဘေးမှကြည့်သူကား အနိုင်လည်းမလိုချင်၊ ရှုံးမှာလည်း မကြောက်သဖြင့် လောဘ, ဒေါသကင်းပြီးစိတ်ကြည်လင်ကာဉာဏ်ပွင့်လင်းနေသောကြောင့် လက်တွေ့ကစားနေသူထက် အကွက်ကို ပိုမြင်ခြင်း ဖြစ်၏။ နိုင်ငံရေးကို လက်တွေ့ဦးဆောင်နေသူထက် မလုပ်ဘဲ ဘေးကနေသူက ပို၍ ကွက်ကျော်မြင်ခြင်းမှာလည်း ဤသဘောမျိုးပင် ဖြစ်၏။

- မိမိကိုယ်ကို အရင်ဦးဆုံး ဆုံးမသွန်သင်ရာ၏။ ပြီးမှ သူတစ်ပါးကို ဆုံးမသွန်သင်အပ်၏။
- လူမိုက်သည် ဆုံးမသွန်သင်သောသူကို မုန်း၏။ သူတော်ကောင်းသည် ဆုံးမသွန်သင်သောသူကို ချစ်ခင်၏။
- အပြစ်ပြ၍ ဆုံးမသွန်သင်လာသူကို ရွှေအိုးရှိရာ ညွှန်ပြသူကဲ့သို့ သဘောထား၍ ဆည်းကပ်ရမည်။

### မိမိအပြစ်ကို ရေးနိုင်းသော မင်းနှစ်ပါး

အပြုစိတ်ထားဖြင့် အပြစ်ပြ၍ ဆုံးမသွန်သင်လာသူသည် မိမိအပေါ်တွင် ချစ်ခင်သောကြောင့်သာ ဖြစ်၏။ မိမိအပေါ်တွင် မေတ္တာမရှိသူသည်ကား မိမိမည်ကဲ့သို့ မှားနေသည်ဖြစ်စေ အမုန်းခံပြီး ဆုံးမသွန်သင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဘာသာရေးလောကမှဖြစ်စေ နိုင်ငံရေးလောကမှဖြစ်စေ ပညာရှိသူတော်ကောင်းများသည် ဆုံးမသွန်သင်မှုကို လိုလားတောင့်တကြသည်သာ ဖြစ်၏။

ဗုဒ္ဓအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ရင်သွေးတော်ဖြစ်သော ရှင်ရာဟုလာသည် မနက်မိုးလင်းသည်နှင့် သဲများကို လက်နှစ်ဖက်ဖြင့် ကျုံးယူလိုက်ပြီး၊ ယနေ့အဖို့ ဤသဲလုံးအရေအတွက်မျှရှိသော ဆရာများသည် ''ငါ့အား အပြစ်ပြ၍ ဆုံးမကြပါစေ''ဟု အဓိဋ္ဌာန်ပြုလေ့ရှိ၏။

မင်းတုန်းမင်းလက်ထက် နန်းတွင်းသတင်းစာထုတ်ဝေစအခါက အယ်ဒီတာဘိုးဝဇီရအား မင်းတုန်းမင်းကြီးက–

''ငါ့၌ဖြစ်စေ၊ ဝန်ကြီးများ၌ဖြစ်စေ အပြစ်တစ်စုံတစ်ရာတွေ့လျှင် လွတ်လပ်စွာရေးသားနိုင်သည်။ သင့်အပေါ် မင်းပြစ်မင်းဒဏ် မကျရောက်စေရ''ဟု မိန့်ကြားတော်မူခဲ့၏။

အမေရိကန်မှ သမ္မတကြီးတစ်ဦးသည်လည်း သူသမ္မတစဖြစ်သည့်နေ့မှစ၍ အပြစ်ရှာ ဝေဖန်ရေးသမားတစ်ယောက်ကို သီးသန့်ခန့်ထား၏။ သူ၏ အားနည်းချက်၊ ဟာကွက်၊ ပျော့ကွက်များကို သတင်းစာတွင်ရေးနိုင်းခြင်း ဖြစ်၏။ မနက်မိုးလင်းသည်နှင့် ထိုသမ္မတကြီးသည် သတင်းစာထဲတွင် သူ၏အပြစ်ကိုရှာ၍ ဖတ်၏။ တွေ့လျှင် ထိုအပြစ်မျိုး မဖြစ်အောင် ပြင်လိုက်၏။

လအနည်းငယ်အကြာမှာပင် ထိုအပြစ်ရှာ ဝေဖန်ရေးသမားသည် သမ္မတကြီးတွင် မည်သည့်အပြစ်မှ ရှာမတွေ့တော့သဖြင့် အလုပ်မှ နှုတ်ထွက်သွားရလေသည်။ ထိုသမ္မတကြီးသည်လည်း အမေရိကန်သမ္မတသမိုင်းတွင် အတော်ဆုံးသမ္မတကြီးအဖြစ် သမိုင်းဝင်ခဲ့ရပေသည်။

### ပြစ်တင်ဆုံးမမှုကို မကြိုက်ရခြင်း အကြောင်းရင်း

ပြစ်တင်ဆုံးမခြင်းကို မကြိုက်ရခြင်း၏ အဓိကအကြောင်းမှာ 'မာန' တရားပင်ဖြစ်၏။ ငါ ရာထူး

ကြီးသည်၊ ငါ ချမ်းသာသည်၊ ငါ ပညာတတ်သည် ဟူ၍ မာနသည် ထောင်လွှားတက်ကြွခြင်း သဘော ရှိသော်လည်း သူ့ကို လက်ခံထားသူအား ဖြစ်ရာ ဘဝတွင် ယုတ်ညံ့သောအမျိုး၊ ယုတ်ညံ့သော ဘဝ သို့ ပို့ဆောင်ပေးတတ်သည်။

မာနကင်းပြီး ရိုသေထိုက်သူကို ရိုသေ၊ လေးစားထိုက်သူကို လေးစားသော ဂါရဝနိဝါတသည် အပေါ်ယံအမြင်အားဖြင့် နိမ့်ကျခြင်းသဘော ရှိသော်လည်း သူ့ကိုလက်ခံသူမှန်သမျှအား မြင့်မြတ်သော အမျိုး၊ မြင့်မြတ်သောဘဝသို့ ပို့ဆောင်ပေးတတ်သည်။ ဇာတ်တော်၌လာသော ဝိဒေဟရာဇ်ပြည်မှ ပုတ်သင်ညိုတစ်ကောင်သည် မင်းကြီး တိုင်းခန်းလှည့်လည်ထွက်လာတိုင်း မင်းဥယျာဉ်အုတ်တံတိုင်း ပေါ်မှ ထွက်ပေါ်လာကာ ခေါင်းညိတ်အရိုအသေပေးပြီး ကြိုဆိုတတ်သည်။

မင်းကြီးက သဘောကျပြီး ငွေပြားတစ်ပြား ဆုချလိုက်သည်။ ငွေပြားကိုဖောက်ပြီး ကြိုးတပ်ကာ ပုတ်သင်ညို၏ လည်ပင်းကို ဆွဲပေးလိုက်သောနေ့မှ စ၍ ပုတ်သင်ညိုသည် မင်းကြီး မည်သည့်အချိန် လာ, လာ ထွက်ကြိုဆိုခြင်း မရှိတော့ပေ။ အဘယ့်ကြောင့် ပုတ်သင်ညို အရင်ကလို လာမကြိုရသနည်း ဟု မေးကြည့်သောအခါ ပညာရှိအမတ်ကြီးက ငွေပြားတစ်ပြားကို ပိုင်ဆိုင်ခွင့်ရသဖြင့် မာနကြီးသွား၍ဖြစ်ကြောင်း–

အကယ်၍ ငွေပြားကို ပြန်သိမ်းလိုက်ပါလျှင် မာနတွေကျသွားပြီး အရင်လို ပြန်လည်ကြိုဆိုမည် ဖြစ်ကြောင်း ရှင်းပြလျှောက်ထားသဖြင့် ဆုချထားသော ငွေပြားကို ပြန်သိမ်းလိုက်ရ၏။ ငွေပြား မရှိတော့သောနေ့မှစ၍ ပုတ်သင်သည်အရင်ကအတိုင်း မင်းကြီး တိုင်းခန်းလှည့်လည်လာသည်နှင့် ထွက်ပြီး ကြိုဆိုပါတော့သည်။ ငွေတစ်ပြားအတွက် တိရစ္ဆာန်ကိုပင် ထောင်လွှားတက်ကြွစေသော မာနတရားကို လူတိုင်း အထူးသတိပြုသင့်ကြသည်။

ငွေကြေး၊ ဥစ္စာ၊ ရာထူး၊ အာဏာ၊ ပညာ စသော အရာများအားလုံးသည် မာနတက်ကြွစေတတ်သော တရားများ ဖြစ်၏။ အံ့သြစရာကောင်းသည်ကား တစ်ခါတစ်ရံ ဥစ္စာကြေးငွေရှိသည်ကို မသိဘဲလျှက် မာနတက်တတ်ခြင်းမျိုး ရှိနေတတ်ခြင်းပင်။ ဇာတ်တော်တစ်ခုတွင် ရက်ကန်းသည်မလေးတစ်ယောက်သည် ဂါရဝနိဝါတရှိပြီး ယဉ်ကျေးသိမ်မွေ့၏။

ထိုအခါ ပညာရှိတစ်ဦးက ဤသို့ သိမ်မွေ့ခြင်းသည် ဥစ္စာမာန်မတက်သေးသောကြောင့်ဖြစ်သည်။ ဥစ္စာမာန်တက်လာလျှင်ကား မာနတက်ပြီးခက်ထန်လာမည်ဖြစ်မည်။ ဥစ္စာ၏မာန်သည် မည်မျှထိကြီးသနည်းဆိုလျှင် ဥစ္စာရှိမှန်းမသိဘဲနှင့်ပင် ဥစ္စာ အနီးအနား၌ နေရသောသူသည် မာန်တက်လာတတ်သည်။

ထိုအချက်ကို လက်တွေ့ထင်ရှား သိသာရန်အတွက် ထိုရက်ကန်းသည်မလေးထိုင်ရာခုံအောက် မြေကြီးထဲတွင် ဥစ္စာရွှေငွေများစွာကို မြှုပ်နှံထားလိုက်ကြသည်။ ထိုရက်ကန်းသည်မလေးသည် ဥစ္စာကြေးငွေများ သူ့ခုံအောက် မြေကြီးထဲတွင်ရှိနေသည်ကို မသိပေ။ ထိုသို့ မသိဘဲနှင့်ပင်လျှင် မာန်မာနများ တက်လာပြီး မည်သူနှင့်မျှ မတည့်တော့ပဲ စကားများ ရန်ချည်းဖြစ်နေတော့သည်။

ထိုအခါကျမှ ညအချိန်တွင်မြေကြီးထဲမှ ဥစ္စာရွှေငွေများကို ပြန်လည်တူးဖော်ပြီးယူလိုက်ကြသည်။ ဥစ္စာရွှေငွေများ မရှိတော့သည်နှင့် ရက်ကန်းသည်မလေးသည် အရင်အတိုင်း မာနကင်းပြီး ယဉ်ကျေးသိမ်မွေ့သူလေး ပြန်ဖြစ်သွားတော့သည်။

မာနကိလေသာ မဖြစ်စေရန်အတွက် ရာထူး၊ ဂုဏ်ထူး၊ ဘွဲ့တံဆိပ်စသည်တို့ကို ပညာရှိသူတော်ကောင်းများက ဝေးဝေးမှရှောင်ကြဉ်ကြခြင်း ဖြစ်သည်။ ထွဋ်ခေါင်ဆရာတော်ကြီးသည် မင်းတုန်းမင်းကြီး မင်းသားဘဝကတည်းက ဆည်းကပ်ကြည်ညိုခဲ့ရသော ဆရာတော်ကြီး ဖြစ်သည်။

မင်းတုန်းမင်း ရှင်ဘုရင်ဖြစ်လာသောအခါ

ရတနာပုံနေပြည်တော်သို့ပင့်သော်လည်း တောထဲမှ ကြွမလာခဲ့ပေ။ အာဏာ, ရာထူး, စည်းစိမ်ဥစ္စာတို့သည် မသူတော်တို့အတွက် သိမ်းပိုက်ဆောင်ထားစရာများဖြစ်သော်လည်းသူတော်ကောင်းများအတွက်ကား လုံထုတ်စရာ အမှိုက်များသဖွယ်သာဖြစ်၏။

နေပြည်တော်သို့ပင့်၍မရသောအခါ ဘွဲ့တံဆိပ်ပေးပို့ ဆက်ကပ်ဖို့ စီစဉ်ပြန်၏။ ဆရာတော်ကား ဘွဲ့တံဆိပ်တော်ကို လက်မခံခဲ့ပေ။

### ဘွဲ့တံဆိပ်ပေးမှာ ကြောက်သူများ

ကိလေသာဆယ်ပါးတို့ကျက်စားရာ လူ့လောကအတွင်း နေထိုင်သူဖြစ်ပါလျက် နိုင်ငံဆိုင်ရာ အမြင့်ဆုံးဘွဲ့ထူးနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ အမြင့်ဆုံးဘွဲ့ထူးကြီးတို့ကို လက်မခံသူ ပုဂ္ဂိုလ်ထူး သူတော်စင်ကြီးတစ်ဦးကို တွေ့ဖူးသည်။ သူကား ပြင်သစ်လူမျိုးစာရေးဆရာနှင့် တွေးခေါ်ပညာရှင် ယန်းပေါဆတ်(ဂျွန်ပေါ်ဆတ်လည်း ခေါ်)ပင်ဖြစ်၏။ သူ့ကို ၁၉၀၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။

၁၉၄၅-ခုနှစ်က ပြင်သစ်အစိုးရမှလီဂျင်အော့ဖ်အောနာ(Legion of honour) ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ပေးသောအခါ ယန်းပေါဆတ်က ငြင်းပယ်ခဲ့သည်။ သူ လက်မခံဘဲ ငြင်းရခြင်းအကြောင်းကို ရှင်းပြသည်မှာလည်း ကြောင်းကျိုးဆီလျော်၍ ရှင်းလင်းပြတ်သားလှသည်။ သူရှင်းပုံမှာ-

''ကျုပ်ဟာ ပြင်သစ်လူမျိုးလေ၊ ပြင်သစ်ကို ဂျာမန်တို့ကသိမ်းတော့ နိုင်ငံချစ်သူ၊ လူမျိုးချစ်သူ ပီပီ ကျုပ် ပြင်သစ်မျိုးချစ်ဖြစ်ခဲ့တာ၊ ခုခံတော်လှန်ရေးစစ်ပွဲ ဆင်နွှဲခဲ့တာ အဆန်းလား၊ အမိနိုင်ငံအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်၊ ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်တာ''

''ဒါ့ကြောင့် ဂျာမန်အကျဉ်းစခန်းမှာ ကိုးလနီးပါးနေခဲ့ရတယ်။ ကျုပ်လုပ်တာ နိုင်ငံသားတိုင်း လုပ်ရမယ့်အလုပ်ကို လုပ်တာပါ။ ဒါ ဘာဆန်းလဲ။ ဒီလိုပဲ လွတ်လပ်ရေးတိုက်ပွဲဆိုတာ ဂုဏ်ပြုထိုက်တဲ့တိုက်ပွဲပဲ။ ဒီအချိန်မှာ နိုင်ငံသားတိုင်း သူ့အတိုင်းအတာနဲ့သူ လုပ်ခဲ့တာချည်းပဲ။ ဒီအထဲက ရွေးချယ်ဂုဏ်ပြုတယ်ဆိုတော့ ဒီလူဟာ လွတ်လပ်ရေးတိုက်ပွဲတစ်ခုလုံးထက် ပိုအရေးပါသူ ဖြစ်မနေဘူးလား။ ဒီသဘောသက်ဝင်နေတဲ့အတွက် ကျုပ်လက်မခံရဲဘူး။ လူတစ်ယောက်ရဲ့ အရေးကြီးဆုံးအလုပ်ဟာ လူ့ဘဝနဲ့ လူ့ပတ်ဝန်းကျင်မှာ ကိုယ့်တာဝန်ကိုယ်ကျေပွန်ဖို့ပဲ''ဟူ၍ ဖြစ်သည်။

၁၉၆၅-ခုနှစ်က စာပေဆိုင်ရာ နိုဗယ်ဆုကြီးပေးသည်ကိုလည်း လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ငြင်းပယ်ရခြင်းအကြောင်း သူရှင်းပြသည်မှာ-

''ဒါဟာ မဆန်းပါဘူး၊ ကျုပ်က ဒီငြင်းပယ်မှုအလုပ်ကို ခုမှထလုပ်တာမဟုတ်ဘူး။ အစကတည်းက ဆုရွေးချယ်ရေးကော်မတီကို ကြိုတင်ငြင်းပယ်သတိပေးထားတာ မူလရည်ရွယ်ချက်အတိုင်း ကျုပ်လုပ်တာ''

''လောကမှာအရေးကြီးတာက ကိုယ့်ရဲ့အတွေးအခေါ်နဲ့လုပ်ရပ်ကို ကိုယ်တိုင်တန်ဖိုးထား သတ်မှတ်ရမယ်။ ဒါမှ သဘာဝကျမယ်။ ဂုဏ်ထူး, ဘွဲ့ထူးကြည့်ပြီး တန်ဖိုးသတ်မှတ်လို့ရမလား။ ကျုပ်ဟာ တွေးခေါ်မြော်မြင်မှုနဲ့ အနုပညာအတွက် အသက်ရှင်နေတာ။ လူဆိုတာ ယုံကြည်ချက်နဲ့ ပတ်သက်လာရင် ပြတ်သားရမယ်။ လူတွေအတွက်အဓိကအကျဆုံးက ကိုယ့်လုပ်ဆောင်မှုအပေါ်မှာ လိပ်ပြာသန့်ရမယ်။ သန့်ရှင်းရမယ်''ဟူ၏။

လူဆိုတာ ယုံကြည်ချက်နဲ့ပတ်သက်လာရင် ပြတ်သားရမယ်ဟူသော စကားအတိုင်း ယန်းပေါဆတ်သည် သူ့ယုံကြည်ချက်ကို အသက်နှင့်လဲသည်အထိ ပြတ်သားခဲ့၏။ ပြင်သစ်ကိုလိုနီဖြစ်သော အယ်လ်ဂျီးရီးယားမျိုးချစ်များက ပြင်သစ်ကို တော်လှန် ပုန်ကန်ကြသောအခါ ယန်းပေါဆတ်က ထိုလုပ်ရပ် မှန်ကန်ကြောင်း ပြတ်ပြတ်သားသား ထောက်ခံသည်။

ပြင်သစ်နိုင်ငံသား အားလုံးနီးပါး၏ ပြောဆို

ကဲ့ရဲ့ဝေဖန်မှု၊ ပြစ်တင်ရှုတ်ချမှု၊ မုန်းတီးမှုများကို ခံရသော်လည်း ဂရုမစိုက်ခဲ့ချေ။ အယ်လ်ကျီးရီးယား မျိုးချစ်များကို တိုက်ခိုက်ရန်အတွက် ပြင်သစ်လူငယ်များအား စစ်ထဲဆွဲခေါ်ထည့်ခြင်းကိုလည်း သူ့လက်မှတ်ထိုးပြီး တစ်ကမ္ဘာလုံးသိအောင် တရားဝင် ကန့်ကွက်ခဲ့သည်။ အယ်လ်ကျီးရီးယားမျိုးချစ်များအား သူ ထောက်ခံအားပေးရခြင်းအကြောင်းကို ယခုလို ပြောဆိုခဲ့၏။

''ဒါဟာ လက်တွေ့ဘဝပဲလေ၊ လူဆိုတာ ကျောက်ရုပ်မဟုတ်ဘူး၊ ဖိနှိပ်ချုပ်ချယ်မှုများလာရင် တွန်းလှန်ထိုးထွက်တာ ဓမ္မတာလေ၊ သူတို့ဘဝ လွတ်မြောက်ရေးအတွက် လုပ်သင့်တာ လုပ်တာပဲ၊ ထောက်ခံရမယ်''

ထိုအပြုအမူများကြောင့် လက်ယာအယူသီးများက သူ့အိမ်ကို နှစ်ကြိမ်တိုင် ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ယန်းပေါ်ဆတ်ကား သူ့ယုံကြည်ချက်ကို တစ်ပြားသားမျှ လျှော့မပစ်ခဲ့ပေ။

### သခင်စိတ်နှင့် လီကွမ်ယူ

လီကွမ်ယုအကြောင်းကို ပြန်ဆက်အံ့။ လီကွမ်ယုသည် သူ့ဝန်ကြီးချုပ် ဘဝတစ်လျှောက်လုံးတွင် သခင်စိတ်နှင့် အလုပ်လုပ်ခဲ့သူသာ ဖြစ်၏။ ကျွန်စိတ်၊ သူခိုးစိတ်ဖြင့် အလုပ်လုပ်ခဲ့သူ မဟုတ်ပေ။ ထိုစိတ်သုံးမျိုးနှင့် ပတ်သက်၍ ဆရာအောင်သင်း၏ အယူအဆကို 'နေမကောင်း၍ အနားယူခြင်း' ဆောင်းပါးမှ ကောက်နုတ်ဖော်ပြအံ့။

သာမန်လူကောင်းများကား အလုပ်မလုပ်ဘဲ မနေနိုင်။ လူတော်များကတော့ကောင်းသောအလုပ်ကို မပြတ်လုပ်နေလေ့ရှိသည်။ နိုင်ငံတော်ဝန်ထမ်းဖြစ်စေ ကုမ္ပဏီအဖွဲ့အစည်းဝန်ထမ်းဖြစ်စေ အချို့ဝန်ထမ်းတို့သည် အထက်လူကြီး ကျေနပ်လောက်ရုံမျှသာ အလုပ်လုပ်လေ့ရှိသည်။ ကျွန်စိတ်တည်း။

လူတော်တို့သည်ကား အထက်လူကြီးကျေနပ်လောက်ရုံမျှသာမက သူ့ကိုယ်သူ ကျေနပ်အောင် အလုပ်လုပ်နေတတ်သည်။ သခင်စိတ်တည်း။ ကျွန်က ပညာ တန့်နေသည်။ သခင်က ပညာ တိုးနေသည်။ အကြောင်းကြောင်းကြောင့် ထိုထိုသော အလုပ်ခွင်တို့မှ အနားယူလိုက်ရသော ထိုသူနှစ်ဦးတို့ဘဝမှာ တက်တက်စင်အောင် ကွာခြားသွားတတ်ကြသည်။

လူတော်အတွက် အကြံပေးအရာရှိ၊ အတိုင်ပင်ခံအမှုဆောင်စသည့် ရာထူးတွေကအသင့်စောင့်နေကြသည်။ အိုသော်လည်း ပျိုနေကြသည်။ တောင်းပန်လိုသူတွေ၊ တိုးလျှိုးလိုသူတွေ၊ ပညာလိုသူတွေ၊ ကန်တော့လိုသူတွေက ဝိုင်းဝိုင်းလည်နေတတ်သည်။ ဝန်ထမ်းမဟုတ်သော ကိုယ်ပိုင်စီးပွားရေးပိုင်ရှင်ကြီးများပင်လျှင် အလုပ်ကို ငြီးငွေ့လာသောကြောင့် အနားယူလိုက်စေကာမူ အလုပ်မလုပ်ဘဲ မနေနိုင်။

ပရဟိတလုပ်ငန်းများ၊ သာသနာပြုလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြု၍ ဆက်လက်အလုပ်လုပ်နေကြပြန်တော့သည်။ လူတော်သခင်စိတ်တွေ ဖြစ်ခဲ့လေတော့ အလုပ်ကောင်းကို အကျင့်ပါနေခဲ့ကြလေပြီ။ ကျွန်စိတ်ဝင်ခဲ့သည့် ဝတ်ကျေတမ်းကျေ သမားများကတော့ ဘာလုပ်ရမှန်း မသိတော့ဘဲ ယောင်ချာချာနှင့် မိမိကိုယ်မိမိ လူပိုကြီး တစ်ယောက်ဟု ခံစားလာမိတတ်သည်။

ဤသို့အားဖြင့် ဘဝကို အချိန်တိုတို ကုန်ဆုံးသွားတတ်သည်ဟု ထင်မိသည်။ သို့မဟုတ်လျှင်လည်း အိမ်တွင်ကျီးစောင့်ကြက်နှင့် မြေးထိန်းမှုကြိုလိုက်ပို့ကို တာဝန်ကြီးတစ်ခုလုပ်ပြီး ရသေ့ စိတ်ဖြေအလုပ်လုပ်နေကြရတော့သည်ဟု ထင်မိသည်။

### သူခိုးဖြစ်မှန်းမသိ ဖြစ်နေသူများ

အချို့သောဝန်ထမ်းတို့ကား တတ်နိုင်သမျှ နိုကာ, ကပ်ကာ, လစ်ကာနေတတ်ကြသည်။ ထိုသို့နေတတ်သူကိုပါးနပ်သူဟု ထင်တတ်ကြ၏။ ထိုသူတို့ကား သူခိုးစိတ်တည်း။ အချိန်နှင့်လစာကို ခိုးယူ

နေသူများ ဖြစ်သည်။

**အောင်သင်း**

လီကွမ်ယုကား သခင်စိတ်ဖြင့် အလုပ်လုပ်ခဲ့သူဖြစ်ခြင်းကြောင့် ဝန်ကြီးချုပ်အဖြစ်မှ ပင်စင်ယူပြီးဖြစ်သော်လည်း ဂုဏ်ထူးဆောင်ဝန်ကြီးချုပ်အဖြစ်တက်လာသမျှ ဝန်ကြီးချုပ်များကို သွန်သင်ညွှန်ပြနေရတုန်းပင် ဖြစ်သည်။ ဆရာအောင်သင်း ပြောသည့်အတိုင်း တစ်ထပ်တည်းကျနေပေသည်။

ယခုကဲ့သို့ အသက်ရှစ်ဆယ်အရွယ်ခန့်ထိ စင်္ကာပူတစ်ပြည်လုံး၏ ကြည်ညိုလေးစားမှုကို ခံနေရခြင်းမှာ သခင်စိတ်ဖြင့် အလုပ်လုပ်ခဲ့ခြင်း၊ အနာခံခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ လီကွမ်ယု၏ အနာခံပုံဖြစ်ရပ်လေးတစ်ခုကို သူရေးခဲ့သည့်အတိုင်း 'တတိယကမ္ဘာမှ ပထမကမ္ဘာသို့' စာအုပ်မှ ထုတ်နှုတ်တင်ပြအံ့။

## အဆင်းရဲဆုံးနိုင်ငံမှ ကိုယ်ပိုင် လေယာဉ်ရှိသူများ

ကော့တဝါညီလာခံတွင် ကျွန်တော်သတိရမိလေသူ နောက်တစ်ဦးမှာ ရှိတ်(ခ်)မူဂျီ ဘူ(ရ်)ရာမန်ဖြစ်ပါသည်။ ပါကစ္စတန်ကို ခွဲခဆန့်ကျင်ကာ အရှေ့ပါကစ္စတန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် ဦးဆောင်ခဲ့သောသူရဲကောင်းဖြစ်ပါသည်။ သူသည်ကော့တဝါသို့သူ၏ကိုယ်ပိုင်လေယာဉ်ဖြင့်ရောက်ရှိလာပါသည်။

ကျွန်တော် လေယာဉ်မှ ဆင်းသောအခါ ဘင်္ဂလားဒေ့ရှ် အမှတ်တံဆိပ်ဖြင့် ဘိုးရင်း (၇၀၇) လေယာဉ်တစ်စီးရပ်ထားသည်ကို တွေ့ရပါသည်။ ကျွန်တော်ပြန်သောအချိန်အထိ ထိုလေယာဉ်မှာ ထိုနေရာမှမရွေ့ရှားဘဲရပ်ထားသည်ကို တွေ့ရပါသည်။ တစ်စုံတစ်ရာ ဝင်ငွေမရှာဘဲ လေယာဉ်တစ်စီးကို ၈-ရက်ကြာ ရပ်ထားခြင်း ဖြစ်သည်။

အာဖရိကမှ ကင်ညာနှင့် နိုင်ဂျီးရီးယားကဲ့သို့သော နိုင်ငံသမ္မတများသည်လည်း အထူးသီးသန့်လေယာဉ်များထားရှိခဲ့ကြသည်။ သူတို့သည် ဆင်းရဲကျပ်တည်းပြီး အကူအညီ လိုအပ်နေပါသည် ဟု ပြောဆိုကြွေကြော်နေမှုနဲ့ လျော်ညီအောင် အဘယ့်ကြောင့် မနေကြသည်ကို ကျွန်တော် စဉ်းစား၍ မရအောင်ရှိမိသည်။

ကျွန်တော်တို့၏ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်က နယူးယောက်တွင်ရှင်းပြဖူးသည်။ နိုင်ငံကဆင်းရဲလေ ခေါင်းဆောင်များအတွက် ကြီးကျယ်ခမ်းနားသော ကာဒီလက်ကားကြီးများကို ငှားစီးလေဖြစ်သည်ဟု ပြောသည်။ ထို့ကြောင့် ကျွန်တော်သည် သာမန်ခရီးသည်တင်လေယာဉ်စီးခြင်းကို ကောင်းမြတ်မှုတစ်ခုပမာ ကျင့်သုံးခဲ့ပါသည်။

ဤရေးသားချက်ကိုကြည့်လျှင် လီကွမ်ယုသည် မိမိချမ်းသာဖို့ထက် နိုင်ငံချမ်းသာဖို့ကို အဓိကထားသောခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည်။ သူလည်း ပုထုဇဉ်တစ်ဦးသာဖြစ်ခြင်းကြောင့် ကိုယ်ပိုင်လေယာဉ်ကြီးဖြင့် ရှိုးထုတ်ချင်စိတ်ရှိမည်မှာ သေချာပါသည်။

သို့သော် နိုင်ငံတော်ငွေများ မကုန်သင့်တာ မကုန်စေရန်အတွက် ဝန်ကြီးချုပ်ဘဝမှ အနားယူသည်အထိ ရိုးရိုးခရီးသည်တင်လေယာဉ်ဖြင့် သာမန်ခရီးသည်များနှင့်အတူ လေယာဉ်စီးနင်းကာ အစည်းအဝေးမှန်သမျှကို တက်ရောက်ခဲ့ပေသည်။

အချို့သောနိုင်ငံမှ ခေါင်းဆောင်များကား မိမိကိုယ်တိုင် တိုင်းပြည်ဝင်ငွေများကို သုံးစွဲရတာအားမရသဖြင့် မိမိ၏သားသမီးများ၊ မြေးများကိုပင် နိုင်ငံတော်ပိုင်လေယာဉ်ဖြင့် အခြားနိုင်ငံမှကျောင်းသို့ နေ့စဉ်အသွားအပြန်ကျောင်းတက်ခိုင်းလိုက်သေးသည်။

ထိုကဲ့သို့ အသားစံသောခေါင်းဆောင်ကို ရထားသောနိုင်ငံများအတွက် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ဆီသို့ရောက်ဖို့အရေးကား 'ရွှေပြည်တော် မျှော်တိုင်းဝေး' ဖြစ်နေ

မည်မှာ သေချာလှပေသည်။

ဤနေရာမှစ၍ လီကွမ်ယု ရေးသားသော 'တတိယကမ္ဘာမှ ပထမကမ္ဘာသို့'စာအုပ်မှမှတ်သား လိုက်နာဖွယ်ရာကောင်းသော အချက်အချို့ကို ကောက်နှုတ်တင်ပြပါမည်။ ယင်းစာအုပ်မှာ စာမျက်နှာလေးရာနီးပါး ရှိသည်။ ယခု ကောက်နှုတ်ဖော်ပြသည်မှာ သုံးမျက်နှာပင် မပြည့်ပါ။ 'ဟိန်းလတ်' မြန်မာပြန်သည့်ယင်းစာအုပ်ကို လူငယ်များအားလုံး ဝယ်ယူဖတ်ရှုဖို့ တိုက်တွန်းပါသည်။ ယင်းစာအုပ်မှာ ၂၀၀၂–ခုနှစ် နိုင်ငံရေးစာအုပ်(ဘာသာပြန်) အမျိုးသားစာပေဆုကို ဆွတ်ခူးခဲ့ပေသည်။

### ပြည်သူ့ယုံကြည်ကိုးစားမှ တိုးပွားမည်

ပြဿနာပေါင်းစုံ ဝန်းရံနေသော အရှေ့တောင်အာရှ၏ ကျွန်းနိုင်ငံတစ်ခုအနေဖြင့် ရေရှည်ရပ်တည်နိုင်ရန်မှာ သာမန်အနေဖြင့်တော့မဖြစ်ကြောင်း ကျွန်တော်ကောက်ချက်ဆွဲမိသည်။ ကျွန်တော်တို့သည် သာမန်ထက်ပိုလွန်သော ကြိုးပမ်းမှုမျိုးကို လုပ်မှဖြစ်မည်။

ကျွန်တော့် ပြည်သူများသည် အိမ်နီးနားချင်းနိုင်ငံများထက် ပစ္စည်းကိုပိုကောင်းအောင် ပိုသက်သာအောင် ပိုအရည်အသွေးရှိအောင်လုပ်မှ ဖြစ်မည်။ ကျွန်တော်တို့သည် သူများထက်သာမှ ခြားနားမှ အနေတော်ဖြစ်မည်။ ကျွန်တော်တို့ အောင်မြင်မှု၏ အကြီးမားဆုံးအခြေခံမှာ ပြည်သူတို့၏ ယုံကြည်ကိုးစားမှုပင် ဖြစ်သည်။

### လူ (၁၂၀)သာရှိသော နိုင်ငံမှသည်

၁၈၁၉ ခုနှစ်က လူ(၁၂၀)သာရှိတဲ့ တံငါရွာလေးကနေ ခုလို လူသန်းကျော် မီတင်းနေထိုင်ကြတဲ့ မြို့ကြီးပြကြီးတစ်ခု ဖြစ်လာရတာဟာ ကုန်ပစ္စည်းနှင့် လုပ်အားကို တခြားနိုင်ငံတွေထက် ပိုဈေးသက်သာအောင် ပိုကောင်းအောင် လုပ်နိုင်ခဲ့လို့ပါပဲ။ ဒီလိုမှမဟုတ်ရင် စင်္ကာပူပျောက်သွားတာ ကြာပါပြီ။

စင်္ကာပူနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများထက် အဖက်ဖက်မှ သာမှဖြစ်မည်။ တန်းတူဖြစ်လျှင် စင်္ကာပူကိုလာကြမည် မဟုတ်။ ကျွန်တော်တို့နိုင်ငံတွင် သဘာဝသယံဇာတမရှိ။ ပြည်တွင်းဈေးကွက်မရှိ။ သို့သော် နိုင်ငံခြားသားများက စင်္ကာပူနိုင်ငံတော်ကို အခြေစိုက်ပြီး အကျိုးမြတ်တွေ ရကြ၊ အောင်မြင်ကြလျှင် စင်္ကာပူကို လာရောက်အခြေစိုက်ကြမှာ သေချာသည်။

### အလုပ်ရှင်နှင့် အလုပ်သမား

ကျွန်တော်သည်အလုပ်ရှင်များကိုလည်း မကြာခဏခေါ်ပြောပါသည်။ မိမိ၏ အလုပ်သမားများအပေါ် တရားမျှတစွာ ဆက်ဆံရန်လိုကြောင်း မိမိအကျိုးတစ်ခုတည်း မကြည့်ဘဲ အလုပ်သမားများဘက်မှလည်း ကြည့်တတ်ရန်လိုကြောင်း ဤသို့နှစ်ဦးနှစ်ဖက် ဘက်စုံကြည့်မှသာလျှင် လုပ်ငန်းမှာ အောင်မြင်လာမည် ဖြစ်ကြောင်း။

လုပ်ငန်းအောင်မြင်လျှင် မိမိလည်း အကျိုးအမြတ်ရ၊ နိုင်ငံတော်လည်း အခွန်အကောက် ပိုရ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးပိုင်းများတွင် ပြည်သူ့အတွက် တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

### လိုတာက ငွေမဟုတ်၊ ခေါင်းဆောင်ကောင်း

၁၉၈၃ ခုနှစ် ဩဂုတ်လတွင် အကွီနို စီးလာသောလေယာဉ်သည် တိုင်းပြည်မှတစ်ဆင့် မနီလာလေဆိပ်သို့ ဆင်းခဲ့သည်။ လေယာဉ်ပေါ်မှ အဆင်းတွင် အကွီနိုသည် သေနတ်ဖြင့် ပစ်သတ်ခံရသည်။ သူနှင့် လေယာဉ်တစ်စီးတည်း လိုက်ပါလာသော သတင်းထောက်အဖွဲ့များမှာလည်း လုံခြုံမှုအာမခံချက်မရှိ ဖြစ်ခဲ့သည်။

အကွီနို အသတ်ခံရမှုကြောင့် တစ်ကမ္ဘာလုံး ဒေါသဖြစ်ကြသည်။ အကျိုးသက်ရောက်မှုမှာ ဖိလစ်

ပိုင်အား လွှဲပေးရမည့် ချေးငွေများကို နိုင်ငံတကာ ဘဏ်များမှ ရပ်စဲလိုက်ကြသည်။ ထိုငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၅–ဘီလီယံ ရှိသည်။ အတိုး ပေးရန် ငွေပင်မရှိအောင် ဖြစ်ခဲ့ရသည်။

ဤကိစ္စသည် မားကိုစ်၏ ပျက်စီးခြင်းကို ယူ ဆောင်လာလေသည်။ သူသည် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဘော်ဘီကွန်ဂရင်အား ကျွန်တော့်ထံ လွှတ်၍ ဒေါ်လာသန်းသုံးရာမှငါးရာခန့်ကို အတိုးငွေ များပေးဆပ်ရန် ချေးငှားဖို့ ပြောခိုင်းသည်။ ကျွန် တော်က သူ့မျက်လုံးများအား တည့်တည့်စိုက်ကြည့် ကာ ဖြေကြားခဲ့သည်။

''ဒီငွေကိုချေးလိုက်ရင် ကျွန်တော်တို့ဘယ်တော့ မှ ပြန်ရမှာ မဟုတ်တော့ဘူး။ ခင်ဗျားတို့ တကယ် လိုအပ်နေတာက ချေးငွေမဟုတ်ဘူး။ ခေါင်းဆောင် ကောင်း တစ်ယောက်ပဲ''

## လီကွမ်ယုအကြံ ဘီလျံကုဋေကုဋာတန်

အုပ်ချုပ်ရေးတွင် ကွန်မြူနစ်လမ်းကြောင်းနှင့် သွားနေသော်လည်း စီးပွားရေးတွင် ဒီမိုကရေစီလမ်း ကြောင်းဖြင့် သွားလိုသော ဗီယက်နမ်ခေါင်းဆောင် များသည် လီကွမ်ယုထံမှ အကြံဉာဏ်များစွာကို ယူခဲ့သည်။ ဗီယက်နမ်တို့က နိုင်ငံပိုင်စက်ရုံ အလုပ် ရုံများကို ပုဂ္ဂလိကသို့ပြန်လွှဲရာ၌ ပြည်တွင်းရှိ တိုင်း ရင်းသားများကို လွှဲလိုသည်။ လီကွမ်ယုက နိုင်ငံခြား မှ ကော်ပိုရေးရှင်းများအား လွှဲအပ်ပေးသင့်သည့် အကြောင်း ယခုလိုရှင်းပြခဲ့သည်။

အရှုံးပေါ်နေသော နိုင်ငံပိုင်လုပ်ငန်းများကိစ္စကို ကျွန်တော်တို့ ဆွေးနွေးခဲ့ကြသည်။ သူတို့က ထို လုပ်ငန်းများ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲရာတွင် ပြည်တွင်းမှ အလုပ်သမားများနှင့် ပုဂ္ဂလိကများအား လွှဲပြောင်းပေးလိုသည်။ ကျွန်တော်က ထိုသို့ပြုလုပ် ခြင်းမှာ သူတို့အတွက် အကျိုးမရှိနိုင်ကြောင်း ရှင်းပြ ခဲ့သည်။ သူတို့ လိုအပ်နေသည်မှာ လုပ်ငန်းစီမံအုပ် ချုပ်ရေးထိရောက်မှု ဖြစ်သည်။

ကျွန်တော်ကစက်ဘာပူလေကြောင်းကို ဥပမာပြခဲ့ သည်။ စက်ဘာပူလေကြောင်းမှာ နိုင်ငံပိုင် ဖြစ်သည်။ ၁၀၀–ရာနိုင်နှုန်း နိုင်ငံပိုင်ဖြစ်သည်။ သို့သော် နိုင်ငံ တကာ လေကြောင်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အကျိုးအမြတ်များစွာရနေခြင်းမှာ စီမံအုပ်ချုပ်နိုင်မှု ကောင်း၍ ဖြစ်ကြောင်း ကျွန်တော်က ရှင်းပြသည်။

အကယ်၍ အရှုံးပေါ်မည်ဆိုလျှင် ရပ်ပစ်လိုက်ဖို့ သာ ရှိသည်။ ထို့ကြောင့် ပုဂ္ဂလိကအဖြစ် ပြောင်းရာ တွင် နိုင်ငံတွင်းမှအလုပ်သမားများအား လွှဲပေးမည့် အစား နိုင်ငံခြားကော်ပိုရေးရှင်းများအား လွှဲပေးသင့် သည်ဟု ကျွန်တော်ကထောက်ခံပြောပြခဲ့သည်။ သို့ မှသာ နိုင်ငံတကာမှ လုပ်ငန်းအတွေ့အကြုံများ ရရှိမည်ဖြစ်သည်။

လုပ်ငန်းအုပ်ချုပ်မှု ကျွမ်းကျင်သူများလည်းရ မည်။ နည်းပညာသစ်များအတွက် အရင်းအနှီးများ လည်းရလာမည် ဖြစ်သည်။ လုပ်ငန်းနှင့် အုပ်ချုပ်မှု စနစ် ပြောင်းပစ်ရန်မှာလည်း မလုပ်မဖြစ်သောကိစ္စ ဖြစ်သည်။ နိုင်ငံခြားသားများနှင့် အလုပ်တွဲလုပ်မှ သာ လုပ်ငန်းအတွေ့အကြုံနှင့် နည်းပညာများ ရရှိ နိုင်သည်။ ပြည်တွင်းမှလူများအား ပုဂ္ဂလိကလုပ်ငန်း များလွှဲပေးခြင်းဖြင့် ထိုအကျိုးအမြတ်များ မရနိုင်ပေ။ (မှတ်ချက်)။ ။တရုတ်ပြည် တိုးတက်လာသည် မှာလည်း လီကွမ်ယုထံမှ အကြံဉာဏ်ယူခြင်း ကြောင့် ဖြစ်သည်။

## အာဆီယံ၏ အခြေခံအားနည်းချက်

အာရှတွင် လာဘ်စားခြင်း၊ အကျင့်ပျက်ခြင်း၊ ဆွေမျိုးကောင်းစားရေးဝါဒ၊ မိတ်ဆွေအပေါင်း အသင်းမျက်နှာလိုက်သည့် ဝါဒများသည် မားယွင်း ကြောင်းနှင့် အာဆီယံတန်ဖိုး၏ အခြေခံအားနည်း ချက်များအဖြစ်အနောက်ဝေဖန်သူများကသက်သေ သာဓကဖြင့် ထောက်ပြကြသည်။

စက်ဘာပူတွင် ငွေကြေးအကျပ်အတည်း မရှိခြင်း

သည် လာဘ်မစားခြင်း၊ မိတ်ဆွေစွဲဝါဒ မရှိခြင်းတို့ကြောင့် ဖြစ်သည်။ စင်္ကာပူမှ အစိုးရအရာရှိကြီးများသည် ဒိုင်လူကြီးများ ဖြစ်ကြပြီးဈေးကွက်တွင် ယှဉ်ပြိုင်ကြသူများ မဟုတ်ကြပေ။ ဒုက္ခရောက်နေကြသော နိုင်ငံများရှိ များစွာသောနိုင်ငံရေးသမားများနှင့် အစိုးရအရာရှိများသည် အာဏာနှင့်တာဝန်များကို ပြည်သူ့ကောင်းကျိုးအတွက်မလုပ်ဘဲ ပုဂ္ဂလိကအကျိုးအမြတ် အခွင့်အရေးရရန် လုပ်ဆောင်နေကြသည်။

### ဂေါ်ဘာချက်ဗ်နှင့် တိန့်ရှောင်ဖိန်

ဖြေရှင်း၍မရနိုင်သော ပြဿနာများကို နောက်တစ်ဆင့်တွင် ဘယ်ပုံဘယ်နည်းဖြေရှင်းမည်ဆိုခြင်းကိုပင် ဂေါ်ဘာချက်ဗ်မှာ မသေမချာမရေရာ ဖြစ်နေရလေသည်။ ကျွန်တော့်ဘာသာ တွေးမိသည်မှာ သူသည်သူ့ကံကြမ္မာကို ပျက်သုဉ်းစေမည့် အမှားတစ်ခုကို ကျူးလွန်မိသည်။ ပြုပြင်ပြောင်းလဲရေးကို အရင်မလုပ်ဘဲ ပွင့်လင်းမှုကို အရင်လုပ်မိခြင်း ဖြစ်သည်။

တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်သည် ဂေါ်ဘာချက်ဗ်ထက် ပို၍အမြော်အမြင်ရှိသည် ဟု ဆိုရမည်ပင်။ သူက တခြားနည်းဖြင့် နိုင်ငံကို ပြုပြင်ပြောင်းလဲခဲ့သည်။

### ငွေတဖွဖွ အမေရိကန်

မည်သို့ဆိုစေ အကြောင်းအရာအားလုံးအနက် ဗီယက်နမ်နှင့်ပတ်သက်သော အကြောင်းအရာက အချိန်ကို ကုန်ဆုံးစေခဲ့သည်။ သူပြောပုံက အမေရိကန် နိုင်ငံသည် ကြီးမား၏။ ချမ်းသာ၏။ တန်ခိုးအာဏာရှိ၏။ နောက်တစ်နိုင်ငံသည် ဆင်းရဲ၏။ ဖွံ့ဖြိုးမှု မရှိသေး။ ပြီးတော့လက်တွေ့အားဖြင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှု မရှိသေး။

အဲဒီနိုင်ငံလေးနှင့် စစ်မက်ဖက်ပြိုင် ဖြစ်နေသည်။ အမေရိကန်တွေသည် ဒေါ်လာကုဋေချီပြီး စစ်စရိတ်အတွက် အကုန်အကျခံနေသည်။ ထိုစစ်ပွဲမှာ အမေရိကန်လူမျိုး (၃၂၆၀၀)ဦး သေဆုံးပြီး၊ နှစ်သိန်းသည် အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် အမေရိကန်ပြည်သူများနှင့် ကွန်ဂရက်လွှတ်တော်အဖွဲ့ဝင်များ မှင်သက်မိသွားကြသည်။

ထိုကိစ္စအကြောင်းအရာများနှင့် ပတ်သက်ပြီး အမေရိကန်များသည် အခြားအဖွဲ့အစည်းတွေမှာ အလုပ်မဖြစ်သောစနစ်ကို ဖွတ်ရှေ့တန်းမတင်သင့်ဟု ထင်ပါသည်။ လူများသည် အမှားနှင့်အမှန်ကို ခွဲခြားသိရှိဖို့ လိုအပ်ပါသည်။ အမေရိကန်မှာတင်ပြနေသော လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်အတော်များများသည် အာရှနိုင်ငံများအတွက် မသင့်တော်သောအချက်များလုပ်၍မရသောအချက်များ အများကြီးပါသည်။ ထိုအပေါ်တွင်ဖွတ်မလုပ်သင့်ပါ။

### ခေါင်းဖြတ်အာဏာ

အာဏာရှင်အစိုးရသည် တစ်ခါတစ်ရံ အချိန်တိုတို ကာလအတွက်တော့ ကောင်းချင်ကောင်းပါလိမ့်မည်။ သို့သော် ရေရှည်မှာတော့ ဒီမိုကရေစီကျင့်စဉ်များကသာ လျော်ကန်သင့်မြတ်သော အစိုးရကို မွေးဖွားပေးနိုင်ပါသည်။ တရုတ်လူမျိုးများသည် ဦးနှောက်အသုံးပြုပြီး ဦးခေါင်းနှင့် စဉ်းစားဆင်ခြင်ဆုံးဖြတ်သော အစိုးရအစား ဦးခေါင်းဖြတ်သောအစိုးရနှင့်ချည်း သမိုင်းတစ်လျောက် ကြုံတွေ့ခဲ့ကြရသည်။

### ဗန်ပြန်သားဒီမိုကရေစီ

သူများဒီမိုကရေစီတိုင်းလိုက်ပြီး ဒီမိုကရေစီနေမည့်အစား မိမိလူမျိုးယဉ်ကျေးမှု ဓလေ့စရိုက်နှင့် သင့်လျော်မည့် အစိုးရစနစ်ကိုသာ ကူးပြောင်းဖို့ လိုအပ်ပါသည်။

နယူးယောက်တိုင်းသတင်းစာတွင် အမေရိကန်စာရေးဆရာ(ဘော်ရှိကိုစစ်)က ဝေဖန်ရေးသားထား

ရာတွင် ဟောတီအစိုးရလုပ်ရပ်သည် အပြစ်ရှိတာ၊ မရှိတာ။ လူမဆန်တာဆန်တာ အပထား ဝါရှင်တန်ရဲ့မူဝါဒရေးဆွဲသူများ မလွဲမသွေဝန်ခံရမည့်အချက်ကား ဖန်ပြွန်သားဒီမိုကရေစီသည် ကာယကံရှင်များအတွက် အလွန်အန္တရာယ်များကြောင်း ဝန်ခံရမှာဖြစ်သည်ဟု ဝေဖန်ပါသည်။

## ဂျပန်ကို လိုက်မမီနိုင်ခြင်း အကြောင်းနှစ်ချက်

ဂျပန်ကိုလိုက်မီရန် စက်ာပူသည် ဘယ်နနှစ်ကြိုးစားရမည်လဲဆိုလျှင် ဆယ်နှစ်၊ ဆယ့်ငါးနှစ်လောက်တော့ရှိမည်ဟု စဉ်းစားပြီး ဖြေဆိုပါသည်။ သို့သော် စက်ာပူအလုပ်သမားများသည် ဂျပန်ကိုရာနှုန်းပြည့် လိုက်မမီနိုင်ဘူးဟု ဆိုသည်။ သူကဘာကြောင့် လိုက်မမီနိုင်တာလဲဆိုသည့် အကြောင်းပြချက်နှစ်ရပ် ဖော်ပြပါသည်။

၁။ ဂျပန်အလုပ်သမားများသည် မိမိနှင့် လုပ်ဖော်ကိုင်ဖက်ချင်း သူ့အလုပ်ကိုယ့်အလုပ်မရွေး။ တစ်ဦးကိုတစ်ဦး ကူညီလုပ်ကိုင်ပေးလေ့ရှိသည်။ စက်ာပူအလုပ်သမားများကား မိမိအလုပ်ကိုသာမိမိ ဂရုစိုက်ပြီး ဆောင်ရွက်လုပ်ကိုင်လေ့ရှိသည်။

၂။ စက်ာပူမှာ ဗြိတိသျှအစိုးရ၏စနစ်ဖြစ်သောအရာရှိနှင့် သာမန်ဝန်ထမ်းအကြား ရှင်းလင်းခြားနားစွာ တည်ရှိနေကြသည်။ စက်ာပူတွင် အရာရှိအဆင့်ကို တိုက်ရိုက်ရရှိတတ်ပါသည်။ ဂျပန်မှာ အလားတူ သာဓကမျိုး မရှိပါ။

ဂျပန်နှင့် ဗြိတိသျှတို့၏ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာကိစ္စများတွင် ဂျပန်အင်ဂျင်နီယာမှအစ စီမံခန့်ခွဲသူအားလုံး စက်ရုံတိုင်းမှာ အခြေခံမှစပြီး အလုပ်လုပ်ကြရပါသည်။ အတွေ့အကြုံကြောင့် အခြေခံအလုပ်သမား ဝန်ထမ်းတွေကို မည်သို့သိမ်းသွင်း ဦးဆောင်ရမည်ဆိုသည်ကို သိရှိ သဘောပေါက်သွားပါသည်။

ဗြိတိသျှသဘောၤကျင်းမှ စီမံခန့်ခွဲရေးဆိုင်ရာလူကြီးတွေကတော့ ကောဇောခင်းရုံးခန်းမှာနေ၍ တစ်လက်မမှ မရွေ့ပါ။ သဘောၤကျင်းထဲသို့ တစ်ခေါက်ရောက်အောင်ပင် မဆင်းပါ။ ဤအနေအထားသည် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးဆိုင်ရာ သဘောထားများနှင့် ကုန်ထုတ်လုပ်မှုကို များစွာ ထိခိုက်စေတတ်ပါသည်။

## ကိုယ့်ကိုယ်ကို သေဒဏ်ပေးသူ

ဂျပန်နိုင်ငံ၏ စီမံခန့်ခွဲသူ မန်နေဂျာများသည် မိမိတို့အလုပ်အပေါ် မိမိတို့ လုံးဝစိတ်ရောကိုယ်ပါမြှုပ်နှံလုပ်ကိုင်ကြပြီး၊ မိမိအမှားကိုလည်း မိမိ တာဝန်ခံနိုင်ရဲသော သတ္တိရှိကြသည်။ ဂျပန်သဘောၤကျင်းတစ်ခုတွင်ရှိသော အင်ဂျင်နီယာတစ်ယောက်ဆိုလျှင် အရေးကြီးရေနံတင်သဘောၤကြီးများ လုပ်သည့်နေရာမှာ သူ့ကြောင့် အမှားတစ်ခုဖြစ်သွားခဲ့၏။

ထိုကုန်ကျစရိတ် တွက်ချက်မှုအမှားကြောင့် လုပ်ငန်းကြီးတစ်ခုလုံး မအောင်မမြင်ဖြစ်သွားသည်။ သူသည် ထိုမအောင်မြင်သောစီမံချက်နှင့်ပတ်သက်ပြီး မိမိမှာ လုံးဝတာဝန်ရှိသည်ဟု မှတ်ယူသည့်အတွက်ကြောင့် ကုမ္ပဏီ၏ငွေကြေးအရ ထိုနှစ်အတွက်အရှုံးပေါ်မှုကို သူ့အသက်နှင့်လဲပြီး ပေးဆပ်သွားသည်။

သူသည် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့သည်။ ကျွန်တော်တို့ တုန်လှုပ်သွားကြသည်။ ကျွန်တော်တို့ စက်ာပူလူမျိုးများတွင် လေးနက်ပြင်းထန်သော ပုဂ္ဂလိကတာဝန်ခံနိုင်သော စိတ်အလျဉ်းမရှိပါ။

## ဝန်ကြီးချုပ်သက်တမ်း အကြာဆုံးလူ

ရွေးကောက်ပွဲတွေမှာ အနိုင်ရရှိပြီး ဝန်ကြီးချုပ်အဖြစ် သက်တမ်းအရှည်ကြာဆုံး တည်ရှိအောင် လုပ်နည်းနိဿရည်းများကို သူကကျွန်တော့်အား မေးသည်။ ပြည်သူလူထု လိုအပ်တာတွေကို ကျွန်တော်သိတယ်၊ ကိုယ့်လိုပ်ပြာကိုသန့်တယ်။ ပြီးတော့

'လုံးဝမလိမ်ညာဘဲ အမှန်ကိုပဲပြောပါတယ်' ဟု ကျွန်တော် ဝန်ကြီးချုပ်အဖြစ် သက်တမ်းရှည်ရသည့်အခြေခံအကြောင်းရင်းတွေကိုဖွင့်ပြောခဲ့သည်။

ပြည်သူများ၏ ယုံကြည်မှုကိုရယူနိုင်ရန်အတွက် ကျွန်တော် မယုံကြည်သည်ကို ပြည်သူတို့အားမည်သည့်အခါမှ မယုံကြည်စေရပါ။ ယုံကြည်ဖို့မပြောပါ။

သို့နှင့်ပင် ပြည်သူများသည် ကျွန်တော်ရိုးသားတည်ကြည်ပါလားဆိုသည်ကို တဖြည်းဖြည်းသိရှိလာကြပါသည်။ ကျွန်တော်၏ရိုးသားမှုသည် ကျွန်တော့်အတွက် စွမ်းအားအကြီးဆုံး အောင်မြင်ရေးတန်ဆာ တစ်ရပ်ပင်ဖြစ်သည်။

**လေဝင်လျှင် ယင်ပါဝင်သည်**

ဂူဟာန်သို့ ကားဖြင့်လာရာလမ်းတွင် ဖူချင်းပြည်နယ်မှအရာရှိတစ်ဦးက အပြီးသတ်လုဆဲအဆောက်အဦကြီးတစ်ခုကို လက်ညှိုးထိုးပြသည်။ ဒါက မင်းသားတွေရဲ့နန်းတော်ကြီးပဲဟုပြောသည်။ ကျွန်တော်ကရုတ်တရက်နားမလည်။ မင်းသားဆိုတာ ဒေသအာဏာပိုင် လူ့ရေးရာပျက်ပြားမှုကို ရှင်းပြသည်။ မည်သူမျှ သူတို့၏လုပ်ရပ်များကို မတိုင်ရဲဟုလည်း ဆို၏။

အာဏာဆိုသည်မှာအခွင့်အရေး၊ အခွင့်အရေးဆိုသည်မှာ ကိုယ့်မိသားစုကိုယ့်ဆွေမျိုး ကောင်းစားရေးဆိုသော ရှေးခေတ်တရုတ်ပြည်လမ်းကြောင်းအတိုင်း သွားနေသည်ဟုလည်း စိတ်ပျက်လက်ပျက်ပြောပြသည်။ တိန့်ရှောင်ဖိန်ကမူ ''တံခါးဖွင့်လိုက်၍ လေကောင်းလေသန့်များဝင်လာသကဲ့သို့ ယင်တွေလည်း ပါလာတတ်စမြဲ။ ဒါကို နောက်တော့သန့်စင်ပစ်ရမည်''ဟု ပြောသည်။

**ဘူမတောင့်မှ သီလတောင့်ကြမည်**

စင်္ကာပူနိုင်ငံသားတွေ ဥပဒေအတိုင်းသေဝပ်စွာနေထိုင်ခြင်း၏အကြောင်းကို သိလိုသဖြင့် တရုတ်ဝါဒဖြန့်ချိရေးဝန်ကြီးဌာန ဝန်ကြီးကူဝေချင် ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ရောက်လာသည်။ ကျွန်တော်က စည်းကမ်းတစ်ခုတည်းပေါ်တွင် မူမတည်ကြောင်း ပြည်သူများသည် အိမ်ခြေ‌ရာခြေ ကောင်းကောင်း၊ လူမှုရေး အာမခံချက်များ ကောင်းကောင်းရှိမှသာ သူတို့၏ စားနပ်ရိက္ခာနှင့် စည်းကမ်းပိုင်းကို ထိန်းနိုင်ကြောင်း။

ထိုအခါတွင် ဥပဒေကို လိုက်နာလိုစိတ်တွေပေါ်လာကာ ရာဇဝတ်မှုစုံစမ်းရေး၊ ကာကွယ်ရေးများတွင် ရဲအဖွဲ့ကိုကူညီလိုသောစိတ်ဓာတ်များ ရှိလာကြမည်ဖြစ်ကြောင်းများကို ကျွန်တော်ကရှင်းပြခဲ့သည်။ အခြေခံဥပဒေနှင့်အညီမအုပ်ချုပ်သောခေါင်းဆောင်များရှိသောနိုင်ငံသည် အဓိကရုဏ်းများ၊ အာဏာသိမ်းမှုများ၊ တော်လှန်ရေးများ အဆက်မပြတ်ဖြစ်ကာ နိုင်ငံပြိုကွဲရစမြဲ ဖြစ်သည်။

**ခေါင်းဆောင်ကောင်း၏ အင်္ဂါများ**

၁၉၆၈-ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါရဂူဘွဲ့ရသူများ၊ ရှေ့နေများ၊ ဆရာဝန်များ၊ ထိပ်တန်းအရာရှိကြီးများ၊ အထက်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ပါလာကြ၏။

သို့သော် သူတို့အားလုံးကို အရည်အချင်းပြည့်သူများဟု သတ်မှတ်၍ မရ။ သူတို့က ပါရဂူဘွဲ့ယူဖို့စာတမ်းရေးတာ တော်ချင်တော်မည်။ အတွက်အချက် ကျွမ်းချင်ကျွမ်းမည်။ ခေတ်ပညာတစ်ခုခုတွင် တစ်ဖက်ကမ်းခတ်ချင် ခတ်မည်။

သို့သော် ခေါင်းဆောင်မှု အရည်အသွေးဆိုသည်မှာ သာမန်အရည်အချင်း မည်ကာမတ္တမျှကို ခေါ်၍မရ။ ခေါင်းဆောင်မှုထဲတွင် သတ္တိ၊ သန္နိဋ္ဌာန်၊ စာရိတ္တ၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု စသည်တို့ ပေါင်းစပ်ပါဝင်နေသည်။ လူများက သူ့ကို ခေါင်းဆောင်အဖြစ်သတ်မှတ်ပြီး သူ့နောက်လိုက်လိုသူတွေဖြစ်ရမည်။

မင်းအဖြစ် မလိုချင်သော ဒုဋ္ဌဂါမဏိမင်းအကြောင်း ပြန်ဆက်အံ့။

### ကိုရင်ဘဝမှ မင်းဘဝသို့

မဟာနာမနေပြည်တော်ကြီးကို အုပ်စိုးသော ကာကဝဏ္ဏတိဿမင်းကြီးနှင့် မိဖုရားခေါင်ကြီး ဖြစ်သော ဝိဟာရဒေဝီတို့တွင် ရင်သွေးသားတော် မထွန်းကားချေ။ ထို့ကြောင့် သားတော်တစ်ပါး အင်မတန် လိုချင်ကြသည်။ သဒ္ဓါတရားရှိသူများ ဖြစ်ကြသောကြောင့် မင်းဘဏ္ဍာအဖြစ်ရရှိသော အခွန်အတုတ်တို့၏ ထက်ဝက်ကို စွန့်ကြလှူဒါန်းခြင်း၌ အသုံးပြုကြသည်။

သူတို့လက်ထက်တွင် တိဿကျောင်း၊ စိတ္တလတောင်ကျောင်း၊ ဂမိဌဝါလိကျောင်း၊ ပါလကျောင်း စသော ကျောင်းတိုက်ကြီးပေါင်းများစွာ ပေါ်ထွန်းခဲ့သည်။ ဘုရား၊ ပုထိုး၊ စေတီများစွာကိုလည်း တည်ထားပူဇော်ကြသည်။ ထိုမင်း၊ မိဖုရားနှစ်ပါးတို့ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပူဇော် လုပ်ကျွေးသော ရဟန်းသံဃာပေါင်း ခြောက်ထောင်မျှရှိသည်။

ထိုကျောင်းပေါင်းများစွာတွင် ကောဋိပဗ္ဗတကျောင်းတိုက်ကြီးမှာ အကျော်ကြားဆုံး ဖြစ်သည်။ တခြားကြောင့် ကျော်ကြားခြင်းမဟုတ်။ သူတော်ကောင်းစိတ်အပြည့်ရှိသော ကိုရင်လေးတစ်ပါးရှိသောကြောင့် ကျော်ကြားခြင်းဖြစ်သည်။ ဆယ်ပါးသီလကို လုံခြုံအောင်စောင့်ထိန်းခြင်း၊ ဆရာရဟန်းတို့ ဆုံးမသောစကားကို ရိုသေစွာလိုက်နာခြင်း၊ ကျောင်းသံဃာအားလုံးအတွက်ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်း၊ သေနာသနဝတ်၊ စေတီယင်္ဂဏဝတ်စသည်ကို မပျက်မကွက်ပြုခြင်း စသောအချက်တို့ကြောင့် ထိုကိုရင်လေးမှာ ထင်ရှားကျော်ကြားခြင်းဖြစ်သည်။

ဝိဟာရဒေဝီ နေ့စဉ်ပြုသော ဒါနကုသိုလ်များ အနက် တိဿကျောင်းတိုက် အရာမ်အတွင်းရှိ သိဃပဿယအမည်ရှိသော ပရိဝုဏ်သို့ ညစဉ်လာ ရောက်၍ဆေး၊ အဖျော်လှူဒါန်းခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ထိုပရိဝုဏ်သည် နာမကျန်းသော ဂိလာနသံဃာများကို ထားသောနေရာပင် ဖြစ်သည်။ ထိုအချိန်တွင် ကိုရင်လေးသည် နာမကျန်းဖြစ်သဖြင့် သိဃပဿယပရိဝုဏ်သို့ ရောက်ရှိနေသည်မှာ သုံးရက်ရှိလေပြီ။ တစ်ရက်တွင်မိဖုရားကြီးသည် သံဃာ့ထေရ်ကြီးထံတွင် တရားဒေသနာ နာကြားနေ၏။

''မိဖုရား သင်တို့မှာ ရှေးရှေးကပြုခဲ့တဲ့ အတိတ်ကောင်းမှုကြောင့် ယခုဘဝမှာ သူတကာတို့ထက် မြတ်သောမင်းစည်းစိမ်ကို ရရှိခံစားရခြင်း ဖြစ်၏။ ကုသိုလ်ကောင်းမှုမျိုးစေ့ဆိုတာ ဆက်ခါဆက်ခါပွားများစိုက်ပျိုးအပ်တယ်။ ယခုဘဝမှာလည်း ကုသိုလ်တရားများကို မမေ့မလျော့ အားထုတ်ပါ''

မိဖုရားကြီး၏မျက်နှာသည် တရားနာနေရသော်လည်း ခါတိုင်းနေ့များကလို ရွှင်လန်းခြင်း မရှိချေ။ ထိုအကြောင်းအရာကို မိဖုရားကြီးကိုယ်တိုင် လျှောက်ထားပါလေပြီ။

''အရှင်ဘုရား၊ တပည့်တော်မတို့မှာ များစွာသော စည်းစိမ်ကိုရရှိပေမယ့် အကျိုးမဲ့အချည်းနှီး ဖြစ်နေပါတယ်ဘုရား''

''ဘာ့ကြောင့်လဲ ဝိဟာရဒေဝီ''

''သားသမီး မထွန်းကားတဲ့အတွက်ကြောင့်ပါ ဘုရား''

အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံသော မထေရ်ကြီးသည် ခေတ္တမျှ ငြိမ်သက်စွာ ဆင်ခြင်ပြီးလျှင် အောက်ပါအတိုင်း မိန့်တော်မူ၏။

''ဝိဟာရဒေဝီ– သိဃပဿယပရိဝုဏ် နာမကျန်းဆောင်မှာကောဋိပဗ္ဗတကျောင်းက သာမဏေငယ်တစ်ပါးရောက်နေတာကိုသိတယ်မဟုတ်လား''

''သိပါတယ်ဘုရား''

''တမြန်နေ့ ညဥ့်ချမ်းကပဲ တပည့်တော်မ ဆေးဝါးနှင့်အဖျော်များ ကပ်လှူခဲ့ရပါတယ် ဘုရား''

''အင်း – သာမဏေငယ် အနာရောဂါသည်းနေတယ်၊ သူ့ဆီကိုသင်သွားလိုက်ပါ ဝိဟာရဒေဝီ''

အတွေးအခေါ်ရှိသော ဝိဟာရဒေဝီသည် မထေရ်မြတ်ကြီး၏ ဆိုလိုချက်ကို ချက်ချင်းသဘောပေါက်၏။

ကိုရင်လေး ပျံတော်မူတော့မည်။ သင့်ဝမ်းတွင် သားအဖြစ်ဝင်စားအောင်မေတ္တာရပ်ခံတိုက်တွန်းပါဟု ဆိုလိုခြင်းပင်ဖြစ်၏။ မိဖုရားကြီး ဂိလာနဆောင်သို့ ရောက်သောအခါ ကိုရင်လေးမှာ နောက်ဆုံးအချိန်သို့ ရောက်နေပေပြီ။ မိဖုရားကြီး ကပ်လှူထားသောဆေးနှင့် အဖျော်ရစ်ပါးမှာ အရာပင်မယွင်းကြ။ သာမဏေငယ်မှာ ဆေးလည်းမဝင်၊ အစာလည်း မဝင်တော့ပြီ ဖြစ်သည်။

''တပည့်တော်ဝိဟာရဒေဝီမိဖုရားကြီးပါဘုရား''

သာမဏေငယ်သည် မျက်တောင်တစ်ချက် လှန်ကြည့်ကာ အသိအမှတ် ပြုလိုက်ပြီး၊ မျက်လုံးပြန်မှိတ်သွားသည်။ သာမဏေငယ်၏ တစ်ကိုယ်လုံးသွေးဆုတ်ဖြူရော်နေပြီ ဖြစ်သည်။

''တပည့်တော်တို့၏ စည်းစိမ်ချမ်းသာဟာ များပြားကြီးကျယ်လှပါတယ် ကိုရင်၊ တပည့်တော်တို့ရဲ့ သားအဖြစ်ကို တောင့်တပြီး ပတ္ထနာပြုပါဘုရား''

မိဖုရားကြီးသည် အချိန်ဆွဲမနေတော့ဘဲ လိုရင်းကို ပွင့်လင်းစွာ လျှောက်ထားလိုက်တော့သည်။ သာမဏေငယ်၏ မျက်လွှာများပွင့်လာကာ ရီဝေသောမျက်လုံးများဖြင့် မိဖုရားကြီးကို လှမ်းကြည့်နေသည်။

''နောက်ဘဝမှာ တပည့်တော်မရဲ့သားအဖြစ်ရရှိဖို့ စိတ်အာရုံပြုဆုတောင်းလိုက်ပါကိုရင်လေးရယ်''

ကိုရင်လေးထံမှ အားနည်းဖျော့တော့သောလေသံလေး ပြန်ထွက်လာသည်။

''ကျွန်ုပ် မင်းအဖြစ်ကို အလိုမရှိဘူး''

ဝိဟာရဒေဝီစိတ်တွင် အတိုင်းမသိ ကြည်ညိုသွားသည်။ မင်းအဖြစ်လိုချင်၍ မင်းစည်းစိမ်ခံစားချင်၍ မင်းဖြစ်လာသူသည် မင်းစည်းစိမ် ယစ်မူး၍ အချိန်ကုန်သွားမည်သာ ဖြစ်သည်။ လောကအကျိုး၊ သာသနာအကျိုး သည်ပိုးလိုသူ မင်းဖြစ်မှသာလျှင် လောကအတွက်ရော၊ သာသနာအတွက်ပါ အကျိုးရှိမည်ဆိုသည်ကို ဝိဟာရဒေဝီသဘောပေါက်သည်။

သာမဏေငယ်သည် မင်းအဖြစ်ကိုသာပယ်နေခြင်းဖြစ်သည်။ မိမိသားအဖြစ်ကို ပယ်ခြင်း မဟုတ်။ မိမိကလည်း မင်းဖြစ်စေဖို့အတွက် အဓိကထားပြီး လျှောက်ထားနေခြင်း မဟုတ်။ မိမိသားဖြစ်စေဖို့ အတွက် အဓိကထားပြီး လျှောက်ထားနေခြင်း ဖြစ်၏။ ဝိဟာရဒေဝီသည် ဆုံးဖြတ်ချက်တစ်ခုကိုခိုင်မာစွာချလိုက်သည်။ မိဖုရားတို့၏ မင်းမိန့်ညြဖာဖြင့် သံဃာဘတ်, ဂိလာနဘတ် ပြုဖွယ်အမှုတို့ကို ချက်ချင်းစီစဉ်ကာ လှူဒါန်းပူဇော်သည်။

ထို့နောက် အဖိုးထိုက် အဖိုးတန်ပန်းများကိုလည်း တင့်တယ်စွာဆင်ယင်ပြီး ပူဇော်စေပြန်သည်။

''ကိုရင်လေး၊ သာသနာပြု ယောက်ျားမြတ်တစ်ယောက် ဖြစ်ဖို့အတွက် တပည့်တော်ရဲ့သားအဖြစ်ကို ဆုတောင်းပါ သားကိုရင်လေးရယ်''

သို့ကုလွဲသည်းထန်သောမိဖုရားကြီး၏ တောင်းပန်ဟိုးလျှိုးသံက ကိုရင်လေး နှလုံးသားထဲအထိ ဝင်ရောက်သွားပေပြီ။ ကိုရင်လေးသည် မိဖုရားကြီးအား အကြည်ဓာတ် ဆုတ်ယုတ်နေပြီဖြစ်သောမျက်လုံးများဖြင့် လှမ်းကြည့်ရင်း မိဖုရားကြီး၏ အလိုဆန္ဒကို လိုက်လျောရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

## ထူးခြားသော ချင်ခြင်းသုံးခု

မိဖုရားကြီး သန္ဓေရင့်လာသောအခါ ထူးခြားသော ချင်ခြင်းသုံးခု တပ်၏။ ပထမချင်ခြင်းမှာ ဥသဘနွားလားပမာဏရှိသော ပျားအုံကို ဦးခေါင်းရင်းမှာထားပြီး လက်ဝဲနံပါးဖြင့်လျောင်းကာ သံဃာတော်များကို ပျားဆွမ်းကပ်လိုခြင်း၊ အကြွင်းပျားဆွမ်းကို စားလိုခြင်း ဖြစ်သည်။ ဒုတိယချင်ခြင်းမှာ ဋ္ဌောရကျေးမင်း၏ စစ်သူကြီး ဦးခေါင်းကိုဖြတ်ခဲ့သော သံလျက်ဆေးရေကို ဦးခေါင်းပြတ်ပေါ် မတ်တပ်ရပ်ပြီး သောက်လိုခြင်းဖြစ်၏။

တတိယချင်ခြင်းမှာ အနုရာဓမြို့အနီး ကြီးစွာသော ရေကန်ကြီးထဲမှကြာပန်းကို ဆင်မြန်းလိုခြင်းတို့ပင် ဖြစ်၏။ ပထမချင်ခြင်းအတွက် မင်းကြီးသည်

ဥသဘာနွားလားမျှရှိသော ပျားအုံကြီးကို ရှာဖွေဆက် သနိုင်သူအား တစ်သက်စာ စားမကုန်အောင် ဥစ္စာ ကြေးငွေများ ဆုချမည်ဖြစ်ကြောင်း မြို့တွင်းစည် လည်စေ၏။

သာမန်ပုဂ္ဂိုလ်တို့အတွက်ကား မဖြစ်နိုင်သော အရာသာဖြစ်၏။ သို့သော် ဘုန်းကံကြီးမားသူတို့ အတွက်ကား မဖြစ်နိုင်သောအရာဟူ၍ မရှိချေ။ ဘုန်းကံဟူသည် အတိတ်ကပြုခဲ့သော ဒါနကုသိုလ် များပင် ဖြစ်၏။

ဒါနတည်းဟူသောဘုန်းကံရှိခဲ့လျှင် ကွမ်းယာ ရောင်းစားလျှင်ပင် တိုက်လေးလုံးလောက်ဆောက် နိုင်သည်အထိ ကြီးပွားချမ်းသာ၏။ တောခေါင် ခေါင်တွင်နေသော ရဟန်းဖြစ်သော်လည်း ပစ္စည်း လေးပါး ပေါ၏။ မြိတ်မြို့မှ ဦးစိုးကြီးသည် ကွမ်းယာ ရောင်းပြီး ကြွယ်ဝချမ်းသာနေသူဖြစ်၏။ သာမညဆရာတော်၊ ကုံလုံဆရာတော်၊ မြိုင်ကြီးငူဆရာ တော်တို့သည် တောနက်ကြီးထဲတွင်နေပြီး ပစ္စည်း လေးပါး ပေါများကြ၏။

ဒါနတည်းဟူသော ဘုန်းကံမရှိခဲ့လျှင် မြို့ကြီး ပေါ်တွင် ကုမ္ပဏီထောင်နိုင်သော်လည်း အရင်းပြုတ် ပြီး ဒေဝါလီခံကြရ၏။ မြို့ပေါ်တွင်နေထိုင်သော ရဟန်းဖြစ်သော်လည်း ပစ္စည်းလေးပါး ရှားပါး၏။ ဘုန်းဟူသည် ပုညသဒ္ဒါမှလာခြင်းဖြစ်၏။ ပုညသဒ္ဒါ သည် ကုသိုလ်ကို ဟော၏။ ထို့ကြောင့် ဘုန်းကံ နည်းခြင်းသည် ကုသိုလ်နည်းခြင်းကြောင့် ဖြစ်သလို ဘုန်းကံကြီးခြင်းသည်လည်းကုသိုလ်ကြီးခြင်းကြောင့် သာဖြစ်ကြောင်း မှတ်အပ်၏။

လူတို့သည် အများအားဖြင့် ပစ္စည်းဥစ္စာ ပေါ များချမ်းသာချင်ကြသော်လည်း ဒါနပြုရန်အတွက် ကား တွန့်ဆုတ်နေတတ်ကြ၏။ ဤစိတ်ဓာတ်သည် အကျိုးတရားကိုသာ လိုချင်ပြီး အကြောင်းတရားကို မလုပ်ချင်သော အချောင်သမားစိတ်ဓာတ်သာ ဖြစ် ၏။ ဝိဟာရဒေဝီ၏ ပထမချင်ခြင်း ပြည့်စုံသွားခြင်း အကြောင်းကို ပြန်ဆက်အံ့။

မောင်းကြေးနင်းလည်သံကို ကြားသွားသော မျက်မမြင်အဘိုးအိုတစ်ယောက်သည် သားများကို ခေါ်ပြီး သူ့အား တောင်ကုန်းကြီးတစ်ကုန်းပေါ်တွင် ပေါက်ရောက်နေသည့် မုဒရက်ပင်ကြီး တစ်ပင်ပေါ် တွင်ငြမ်းဆင်ပြီး တင်ပေးထားရန်စေခိုင်း၏။ ထို အချိန်သည် မုဒရက်ပင်ကြီးတစ်ပင်လုံး အပွင့်တွေ ဝေဆာနေချိန် ဖြစ်သည်။

စင်စစ် ထိုအဘိုးအိုသည် ပျားသတ္တဝါတို့၏ ဘာသာစကားကိုတတ်ကျွမ်းသူဖြစ်၏။ မုဒရက်ပင်မှ ပန်းပွင့်များ၏ဝတ်ရည်ကို လာရောက်စားသုံးကြ မည့် ပျားများ၏ပြောစကားကို ချောင်းနားထောင် လိုသောကြောင့် ယခုလို သစ်ပင်ပေါ်တွင် ငြမ်းဆင် ပြီး တင်ပေးထားခိုင်းခြင်း ဖြစ်၏။ နံနက်အရုဏ် တက်ချိန်တွင် ပျားမျိုးစုံလာရောက်ပြီး မုဒရက်ပွင့်မှ ပန်းဝတ်ရည်များကို စုပ်ယူကြ၏။

ထိုပျံသန်းလာသော ပျားများအနက်မှ ပျားငယ် တစ်ကောင်နှင့်ပျားကြီးတစ်ကောင်တို့၏ ပြောစကား ကြောင့် နွားလားဥသဘာခန့်ရှိသော ပျားအုံကြီးရှိ သောနေရာကို သိခွင့်ရခဲ့သည်။ ဂေါဌသမုဒ္ဒရာကမ်း ရှိ ဆူးခြုံအောက်တွင် မှောက်ထားသောလှေကြီး၏ ဝမ်းခေါင်းထဲတွင် စွဲနေသောပျားလဘို့မှာ နွားလား ဥသဘပမာဏလောက်ပင် ကြီးမားပေသည်။ မိဖုရားကြီး၏ ပထမချင်ခြင်းကား ပြည့်ဝခဲ့ပေပြီ။

ဒုတိယချင်ခြင်းအတွက်ကား လက်ရုံးရည်က အဓိကကျသောကြောင့် ဝေဠုသုမနအမည်ရှိသော သူရဲကောင်းကို တာဝန်ပေးပြီး ကျေးမင်းတို့စံနေ ရာ အနုရာဓမြို့သို့ စေလွှတ်လိုက်လေသည်။ ဝေဠု သုမနသည် ဧဠာရကျေးမင်း၏ မြင်းထိန်းကြီးထံ တွင်ခစားနေထိုင်ရန် အခွင့်လမ်းကိုစောင့်မျှော်လျက် ရှိသည်။

ရှစ်ရက်ခန့်အကြာမှာပင် မြင်းထိန်းကြီးထံမှ တစ်ဆင့် ဧဠာရကျေးမင်းစီးသော သိန္ဓောမြင်းကို အတင်းဖမ်းယူစီးသွားနိုင်ခဲ့သည်။ ဝေဠုသုမနသည် အနုရာဓမြို့အနီး ရေကန်မှ ကြာပန်းများကို ချီးယူ

ပြီးလျှင် သံလျက်ကိုဆွဲယူလျက် ကဆုန်စိုင်းလျက် ပြေးနေသော သိန္ဓောမြင်း၏ကျောကုန်းထက်မှ ယခုလို ရဲဝံ့စွာ ကျုံးဝါးစိန်ခေါ်လိုက်၏။

''ငါဟာ ကာကဝဏ္ဏတိဿမင်းကြီးရဲ့ သူရဲကောင်း ဝေဠုသုမနပဲ၊ သတ္တိရှိသူ လိုက်ခဲ့လော''

ဌောရကျေးမင်းသည် စီးချင်းထိုး ဝါသနာပါသူဖြစ်သောကြောင့် တပ်သားအများစုကို မလိုက်စေဘဲ နန္ဒသာရထိမည်သော စစ်သူရဲကြီးတစ်ယောက်ကိုသာလိုက်သွားစေသည်။ နန္ဒသာရထိသည် သိရိဂုတ္တမည်သောမြင်းကိုစီးကာ ဝေဠုသုမနနောက်သို့ အမီလိုက်ခဲ့၏။ ဝေဠုသုမနသည် မြစ်ကမ်းရိုး အနီး ခရာခြုံကြီး ဘေးနားတွင်ကပ်လျှက်ရပ်နေလိုက်၏။ နန္ဒသာရထိ ခြုံပုတ်အနီးရောက်သည်နှင့် ဖုံးကွယ်နေရာမှခုန်ထွက်ကာ မြင်းချင်းယှဉ်၍ ဝင်ပူးလိုက်၏။ နန္ဒသာရထိကား လှုပ်ရှားချိန်ပင် မရလိုက်။ ဝေဠုသုမနသူရဲကောင်းလက်ထဲတွင် သူ၏ဦးခေါင်းသည် သွေးသံရဲရဲဖြင့် ပါသွားခဲ့လေသည်။

မိဖုရားကြီး၏ ချင်ခြင်းအာသာများ အားလုံးပြည့်စုံသွားလေပြီ။ နေ့လစေ့၍ သားရတနာလေးကို ဖွားမြင်သောအခါ ဖွားမြင်သောနေ့မှာပင် ပိုင်ရှင်မဲ့နေသော ရတနာသဘော်ခုနစ်စင်းသည် မဟာဂါမနေပြည်တော်ဆိပ်ကမ်းသို့ အလိုလို ဆိုက်ကပ်လာခဲ့သည်။ ထို့ပြင် ဂင်္ဂါမြစ်အနီး ခြုံကြီးတစ်ခုတွင်းမှ ဆဒ္ဒန်ဆင်မျိုးမှ ပေါက်ဖွားသော ဆင်ဖြူတော်တစ်စီးကိုလည်း ရရှိတော်မူခဲ့၏။ ထိုဆင်ဖြူတော်၏ အမည်ကို စတင်တွေ့ရှိသော တံငါသည်၏အမည်ကို အစွဲပြုလျက် ကဏ္ဍုလဟု အမည်မှည့်စေသည်။

ဘုန်းရှင်ကံရှင်မင်းတစ်ပါး ဖြစ်လာမည်ဆိုသည်ကို လက်တွေ့ပြလိုက်ခြင်းပင်ဖြစ်၏။ ကာကဝဏ္ဏတိဿမင်းကြီးကား ဝမ်းမြောက်မဆုံး ရှိနေတော့၏။ သားတော်ကို အမည်မှည့်သောနေ့တွင်သံဃာတော်တစ်သောင်းနှစ်ထောင်ကို ပင့်ဖိတ်၍ မင်းကြီးသည် ယခုကဲ့သို့ ထူးခြားသောအဓိဋ္ဌာန်ကို ပြုတော်မူ၏။

''ငါ၏သားတော်သည် သီဟိုဠ်ကျွန်းအလုံးကို အုပ်ချုပ်၍ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက်နိုင်မည့် မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်မည်ဆိုပါက ဤတိုက်ခန်းမဏ္ဍပ်သို့ ရဟန်းတော်တစ်ထောင့်ရှစ်ပါးတို့သည် ကြွမြန်းဝင်ရောက်တော်မူကြပါလေသတည်း။ ထိုရဟန်းတို့သည် သင်္ကန်းကို ရုံလျက်သာ ကြွလာပါစေသတည်း။

''ကြွလာကြသောအခါ ဤတံခါးခုံ၌ လက်ယာခြေကို ရှေးဦးစွာ ချကြပါစေသတည်း။ တစ်ခုသော ထီးနှင့်ယှဉ်သော ဓမ္မကရိုဏ် ထုတ်ဆောင်ပါစေသတည်း၊ ထို့နောက်မှ ဂေါတမအမည်ရှိသော မထေရ်မြတ်သည်သာလျှင် သားငယ်ကို ထိကိုင်ပါစေသတည်း၊ ထိုအရှင်သည်သာလျှင် သရဏဂုံနှင့် သီလကို ပေးပါစေသတည်း''

မင်းကြီး၏ အဓိဋ္ဌာန်အတိုင်း အကုန်ဖြစ်တော်မူ၏။ သံဃာတော်များကို ဆွမ်းဆက်ကပ်ပြီးသောအခါ ဂါမဏီအဘယဟူသောအမည်ကို မှည့်ခေါ်ကြလေသည်။ နာမကရဏအမည်ပေး မင်္ဂလာသဘင်ပြီးသည့်နောက် ကိုးရက်မြောက်နေ့ဝယ် ဝိဟာရဒေဝီမိဖုရားကြီး၌ ဒုတိယပဋိသန္ဓေကို ဆောင်လွယ်ရကြောင်း သိရှိရပြန်၏။ ထိုအခါဖြစ်သော ချင်ခြင်းကား စကားပင်တစ်ပင်၏အရင်း သန့်ရှင်းသောအိပ်ရာထက်တွင်အိပ်ကာ ထက်ဝန်းကျင်ကြွေကျသော စကားပန်းတို့ကို နမ်းကြူလိုခြင်းပင် ဖြစ်၏။

ဤချင်ခြင်းကို ပြည့်စုံစေ၍ ဆယ်လပြည့်သောအခါ ဖွားမြင်သောသားကို တိဿဟူသောအမည်ဖြင့် မှည့်ခေါ်ကြ၏။ သားတော်များ ငါးနှစ်သားအရွယ်သို့ရောက်သောအခါ ထမင်းခွံ့မင်္ဂလာကို ပြုကြ၏။ သံဃာတော်ငါးရာအားပင့်ဖိတ်၍ ဆွမ်းကပ်အပြီးတွင် ကြွင်းသောဃနာဆွမ်းများကို ရွှေခွက်တွင်ထည့်၍ မိဖုရားအားစားစေ၏။ သားတော်နှစ်ပါးကိုလည်း ကျွေးမွေး၏။

ရွှေခွက်ကိုကိုင်စေ၍ မင်းကြီးသည် သားတော်နှစ်ပါးကို စေ့စေ့ကြည့်ပြီးလျှင် ယခုစကားကို ဆို၏။

''သားတော် ဂါမဏီအဘယနှင့် သားတော်

တိဿ ယခုသင်တို့ ရွှေခွက်ထဲက ဃနာထမင်းကို စားကြတော့မှာဖြစ်တယ်၊ အကယ်၍ သင်တို့ညီနောင်ဟာ မြတ်စွာဘုရားရဲ့သာသနာတော်ကို မချီးမမြှောက် မထောက်မပံ့ဘဲ မေ့လျော့ချွတ်ယွင်း စွန့်ပစ်ကြကုန်သည် ဖြစ်အံ့၊ ယခုစားသော ဃနာထမင်းဟာ သင်တို့ဝမ်းမှာ အစာမကျေဘဲ လောင်မြိုက်ကိုက်ခဲပါစေသား''

သားတော်နှစ်ပါးတို့ကား တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးရွှင်စွာ ကြည့်ကြပြီးလျှင် ဃနာထမင်းကို မြိန်ယှက်စွာ စားသောက်ကြလေသည်။

### အဓိဋ္ဌာန်ထမင်းသုံးလုတ်

ဂါမဏိမင်းသား တစ်ဆယ့်နှစ်နှစ်အရွယ်၊ တိဿမင်းသား ဆယ်နှစ်အရွယ်တွင် သားတော်တို့၏ အလိုဆန္ဒကိုစမ်းသပ်သော အစီအမံတစ်ခု ပြုလုပ်၏။ သံဃာတော်များကို ဆွမ်းကျွေးပြီးလျှင် ကြွင်းသောထမင်းများကို ရွှေခွက်သုံးခွက်တွင် ခွဲထည့်ပြီး သားတော်နှစ်ပါးကို ခေါ်လိုက်၏။ မင်းကြီးသည် ပထမရွှေခွက်ကိုကိုင်လျက် ယခုလို ပြောကြား၏။

''သားတော်တို့၊ သင်တို့ရဲ့ ဘိုးဘေးစဉ်လာ မပျက် ကိုးကွယ်သော ရဟန်းသံဃာတော်တို့၏ မျက်ကွယ်သည် ဘယ်သောအခါမှ မဖြစ်ပါစေနဲ့၊ ရဟန်းသံဃာတို့၏မျက်မှောက်မှာသာ အစဉ်တစိုက် ရှင်သန်ကြီးပြင်းကြ၊ အကယ်၍ မျက်ကွယ်ဟူသော အမှတ်နှင့် မသင့်မလျော် ကြံစည်ပြုမူ လုပ်ကိုင်ကြမည်ဆိုလျှင် ယခုစားသောထမင်းသည်အစာမကြေဖြစ်စေသတည်းလို့ အဓိဋ္ဌာန်ပြုပြီး စားကြရမယ်''

ညီနောင်နှစ်ပါးလည်းဆုတ်ဆိုင်းခြင်းမရှိ၊ တက်ကြွစွာ သစ္စာပြုလျက် ပထမထမင်းလုတ်ကို စားလိုက်ကြ၏။

မင်းကြီးသည် ဒုတိယရွှေခွက်ကို ညွှန်ပြ၍–

''ငါတို့ ညီနောင်နှစ်ပါးတို့သည် အချင်းချင်း ယုံမှားကင်းလျက် အသက်သေချိန်ထိ သင့်တင့်ညီညွတ်စွာနေပါအံ့၊ အကယ်၍ မသင့်မမြတ် ပြုမူ နောက်ယှက် အကောက်ကြံဖျက်လိုသူအား ဤထမင်းသည် အစာမကြေပါစေသတည်းလို့အဓိဋ္ဌာန် ပြုစားကြရမယ်''

မင်းသားညီနောင်တို့သည် အားရဝမ်းသာစွာ သစ္စာဆို၍ စားကြပြန်၏။ တတိယရွှေခွက်ကို မင်းကြီးက ညွှန်ပြလိုက်ပြန်၏။ မင်းကြီး၏ မျက်နှာကား ပို၍လေးနက်တည်ကြည်နေ၏။

''သားတော်တို့၊ တတိယရွှေခွက်ထဲက တတိယထမင်းကိုတော့ ငါတို့ဟာ ကျေးမင်းတို့နဲ့စစ်မပြုကြပါကုန်အံ့၊ စစ်ထိုးခဲ့သော် ဤထမင်းသည် အစာမကြေပါစေသတည်းလို့အဓိဋ္ဌာန်ပြုပြီးစားကြရမယ်''

မင်းသားနှစ်ပါးကို မင်းကြီးနှင့် မှူးကြီးမတ်ရာ သေနာပတိအားလုံး စိတ်ဝင်တစား လှမ်းကြည့်နေကြ၏။ တစ်ချိန်လုံး ပြုံးရွှင်ကြည်နူးစွာ ရှိနေသော မင်းသားနှစ်ပါးမျက်နှာမှာ မှုန်မှိုင်းညှိုးဆိုင်းသွား၏။ တည်ကြည် ခက်ထန်သွား၏။ မင်းသားနှစ်ပါးသည် ရွှေခွက်ထဲမှ ထမင်းတစ်ဆုပ်စီနှိုက်ပြီးလျှင်နန်းတော်တွင်းသို့ ဝေ့ယမ်းကြဖြန့်ပစ်လိုက်၏။ ပြီးလျှင်ခမည်းတော်ကို ဦးတိုက်ပြီး ထွက်ခွာသွားကြ၏။

ဤအပြုမူသည် ဗုဒ္ဓသာသနာတော်ကိုဖျက်ဆီးနေသော ကျေးမင်းတို့အား စစ်သံပေးလိုက်သော အပြုအမူဆိုလျှင် မမှားပေ။

### ဂါမဏိနှင့် သူရဲကောင်းဆယ်ဦး

ငယ်စဉ်မှစ၍ အသက်ဆယ့်ခြောက်နှစ်အရွယ်အထိ ဂါမဏိ ကစားခဲ့သော အရာများမှာ ဆင်ရုပ်၊ မြင်းရုပ်များမဟုတ်၊ တကယ့်ဆင်၊ တကယ့်မြင်းများသာဖြစ်၏။ သူကိုယ်တိုင် တိုက်ရည်ခိုက်ရည် ပြည့်ဝလာသလို သူကဲ့သို့ တိုက်ရည်ခိုက်ရည်ပြည့်ဝသော သူရဲကောင်းဆယ်ဦးကိုလည်း ရရှိလာခဲ့၏။

ပထမတစ်ဦးမှာ နန္ဒိမိတ္တ။

သူသည် ဘုရားပုထိုးစေတီများအား ဖျက်ဆီးနေသော အသားမည်းကျေးလူမျိုးများကို ပေါင်နှစ်

ချောင်းမှကိုင်၍ တစ်ခြမ်းစီဖြစ်အောင် ဖြသတ်နိုင်ခဲ့သူ ဖြစ်၏။

ဂါမဏိမင်းသားဆီ မရောက်မီမှာပင် သူသတ်ဖြတ်ခဲ့သော ကျေးလူမျိုးများမှာ ရာပေါင်းများစွာ ရှိခဲ့သည်။

ဒုတိယသူရဲကောင်းက သူရနိမိလ။

သူကား ခုနစ်ဆယ့်နှစ်မိုင်ခရီးကို သုံးနာရီခန့်နှင့် အရောက်သွားနိုင်လောက်အောင် လျှင်မြန်ဖျတ်လတ်သူ ဖြစ်သည်။

တတိယသူရဲကောင်းကား မဟာသောဏ။

သူကား ထန်းပင်, အုန်းပင်ကြီးများကိုပင် အမြစ်တစ်ဖွားဖွား ပါလာအောင် ဆွဲနုတ်နိုင်သူ ဖြစ်သည်။

စတုတ္ထသူရဲကောင်းကား ကောဌတိမ္ဗရ။

သူသည်လည်း တည်ပင်၊ ယင်းတိုက်ပင်များကို အမြစ်ပါအောင်ဆွဲနုတ်နိုင်သူတစ်ယောက်ပင်ဖြစ်၏။

ပဉ္စမသူရဲကောင်းကား အဘယ။

သူကား တည်ပင်၊ ယင်းတိုက်ပင်များကိုအမြစ်ပါအောင် ဆွဲနုတ်နိုင်သူ ကောဌတိမ္ဗရအား ခြေမဖြင့်ညှပ်၍ ဖေ့ယမ်းပြနိုင်သူ သူရဲကောင်းတစ်ယောက်ပင် ဖြစ်၏။

သို့သော် အဘယကား ကိုရင်ကြီးသာဖြစ်သည်။ ကောဌတိမ္ဗရက သူနေသော ဘုန်းကြီးကျောင်းဝိုင်းထဲမှ အုန်းသီးများကို သူ့တပ်သားများအား ကျွေးမွေးရန်အတွက် အုန်းပင်ကိုလှုပ်ခါချရာမှ အုန်းပင်များ ကျိုးကြေကုန်သဖြင့် အထက်တွင်တင်ပြခဲ့သလို ကောဌတိမ္ဗရအား ခြေမနှင့်ညှပ်ပြီး ဖေ့ယမ်းခဲ့ခြင်း ဖြစ်သည်။

သူရဲကောင်းဖြစ်သော ကောဌတိမ္ဗရသည် သူ့ထက်စွမ်းရည်သတ္တိရှိသော အဘယသာမဏေအား ဂါမဏိမင်းသားထံတွင် အမှုထမ်းနိုင်း၏။ ထိုအခါ အဘယသာမဏေ ပြန်ပြောသောစကားကို ကြည့်ပါ။

''မင်းပေးတဲ့ချမ်းသာ ငါ မလိုချင်ဘူး။ ငါ့မှာ မိဘရဲ့ ရွှေငွေရတနာတွေ အများကြီးရှိတယ်၊ ငါ့ရဲ့ ကြီးမားတဲ့အားခွန်ဗလကြောင့် မင်းဒဏ်သင့်မှာ စိုးလို့ မိဘများက ဒီဆရာတော်ထံမှာ ကိုရင်ဝတ်ပေးထားခြင်းဖြစ်တယ်''

''အရှင်ဘုရားတို့လို စွမ်းနိုင်တဲ့သူတွေကမှ သာသနာကို ကာကွယ်စောင့်ရှောက်မှုမပြုရင် ဘယ်သူကလာပြီး စောင့်ရှောက်နိုင်တော့မှာလဲ ဘုရား။ အခုဆိုရင် အသားမည်းကျေးလူမျိုး မိစ္ဆာဒိဋ္ဌိတွေဟာ သာသနာကို ဖျက်ဆီးနေကြတာ အရှင်ဘုရားတို့ အမြင်သား မဟုတ်လား၊ သိနေမြင်နေပါလျက် သာသနာကြီးပျက်စီးတာကို လက်ပိုက်ကြည့်နေတော့မှာလား ဘုရား''

''အေး၊ ဒီလိုဆိုတော့လည်း ငါ လူထွက်ပြီး မင်းမှုထမ်းသင့်တော့တာပေ့ါ''

ဤသို့ဖြင့် အဘယသာမဏေသည် ဂါမဏိမင်းသား၏ ပဉ္စမမြောက်သူရဲကောင်းကြီး ဖြစ်လာတော့သည်။ အဘယသည် စစ်ထဲဝင်စဉ်ကတည်းက ရာထူး၊ အာဏာ၊ ဥစ္စာလိုချင်သည့်အတွက် မဟုတ်၊ ဗုဒ္ဓသာသနာရဲ့ ရန်စွယ်ကို ဖယ်ရှားဖို့ရန်အတွက် ဖြစ်၏။ လောကကောင်းစားဖို့ စစ်ထဲဝင်ခဲ့ခြင်းဖြစ်၏။ ငါကောင်းစားဖို့ စစ်ထဲဝင်ခဲ့ခြင်း မဟုတ်။ ထိုကဲ့သို့သော စစ်သူရဲကောင်းများကို ရည်ရွယ်၍ 'ရဲသော်မသေ သေသော်ငရဲမလား'ဟူသော အဆိုသည် ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်၏။

ဆဋ္ဌမသူရဲကောင်းကား ဘရဏ။

သူကား အသက်ဆယ့်ခြောက်နှစ်အရွယ်တွင်ပင် စိုင်၊ ပြောင်၊ တောဝက်စသော သားကောင်ကြီးများကို လက်နက်မသုံးဘဲ ခြေဖြင့်အမီလိုက်၍ လက်သီးဖြင့်ထိုးကာ သေစေနိုင်ခဲ့သူ ဖြစ်သည်။

သတ္တမသူရဲကောင်းမှာ ရှေ့တွင်ဖော်ပြခဲ့ဖူးသော မြင်းစီးသူရဲကောင်း ဝေဠုသုမနပင်ဖြစ်၏။ ခြေကုန်သုတ်ပြေးနေသော မြင်း၏ကျောပေါ်တွင် မတ်တပ်ရပ်ပြီး စီးနိုင်သူတစ်ယောက်ပင် ဖြစ်၏။

အဋ္ဌမသူရဲကောင်းကား ဒေဝဖြစ်၏။

သူသည် ဆဌမသူရဲကောင်းဘရဏကဲ့သို့ သား ကောင်များ နောက်သို့ခြေဖြင့်မီအောင်လိုက်ပြီး သား ကောင်များ၏ခြေထောက်ကိုဆွဲကိုင်ကာကောင်းကင် သို့မြှောက်တင်ပစ်ပေါက်ပြီး ဖမ်းဆီးနိုင်သူဖြစ်သည်။

နဝမသူရဲကောင်းကား ဖုဿဒေဝဖြစ်၏။

သူကား လေးသည်ကျော်တစ်ဦး ဖြစ်၏။ အသံ ကြားရုံဖြင့် ထိမှန်အောင်ပစ်နိုင်သော သဒ္ဒဝေဓိ အတတ်၊ လျှပ်စစ်ရောင်တစ်ချက်အလက်တွင် မှန် အောင်ပစ်နိုင်သော ဝိဇ္ဇုဝေဓိအတတ်၊ ရှေ့မှမြားကို နောက်မြားဖြင့် မှန်အောင်ပစ်နိုင်သော သရဝေဓိ အတတ်၊ သားမြီးဖျားကိုပင် ထက်ခြမ်းကွဲအောင်ပစ် နိုင်သော ဝါဠဝေဓိအတတ်များကို မျက်ဝါးထင်ထင် ပစ်ခတ်ပြနိုင်သူ ဖြစ်၏။

နောက်တစ်ဦးကား ဝသဘဖြစ်၏။

သူ၏ လျှင်မြန်မှု၊ ခွန်အားကြီးမားမှုမှာ လူနှစ် ဆယ်အားထက်သာလွန်၏။ ဝသဘနှင့်အားကောင်း မောင်းသန်ယောကျ်ားကြီးနှစ်ဆယ်တို့ ရေကန် အပြိုင်တူးကြရာ တစ်ယောက်တည်း တူးသော ဝသဘ၏ ရေကန်က အရင်ပြီးခဲ့သည်။

### ဒုဋ္ဌဂါမဏီအမည်ရခြင်းအကြောင်း

သူရဲကောင်းဆယ်ဦးတွင် တစ်ဦးလျှင်လက်ရွေး စင်ဆယ်ဦးစီ ထပ်မံရှာဖွေစည်းရုံးစေရာ လက်ရွေး စင်သူရဲကောင်းတစ်ရာ့တစ်ဆယ်ဖြစ်လာ၏။ ထပ်မံ ၍ ထိုတစ်ရာတစ်ဆယ်တို့အား တစ်ယောက်လျှင် ဆယ်ယောက်စီ ရှာဖွေစည်းရုံးစေပြန်ရာ နောက်ဆုံး တွင် လက်ရွေးစင် သူရဲကောင်းအဖွဲ့တစ်သောင်း တစ်ထောင်တစ်ရာ့တစ်ဆယ်အထိ ဖြစ်သွား၏။

စစ်သွေး၊ စစ်မာန်ပြည့်ဝနေသော ဂါမဏီမင်း သားသည် သာသနာကိုဖျက်ဆီးနေသော ကျေးလူ မျိုးတို့ကို သီဟိုဠ်ကျွန်းမှတိုက်ထုတ်ခွင့်ပြုရန် ဖခင်ထံ ခွင့်တောင်းခဲ့၏။ ဂါမဏီ၏ ခွင့်တောင်းမှုကို ဖခင် မင်းတရားကြီးသည် သုံးကြိမ်တိုင်တိုင် ပယ်ချခဲ့၏။ မင်းတရားကြီးသည် ကျေးလူမျိုးတို့လာတိုက်လျှင် ခုခံဖို့အတွက်သာ စိတ်ကူးခဲ့ဟန်တူသည်။

ပြီးတော့ ဂါမဏီတို့၏အင်အားလောက်နှင့် ဒမိဠကျေးမင်းတို့ကို နိုင်အောင်တိုက်နိုင်မည်ဟု ထင် ဟန်မရှိ။ ထို့ကြောင့် ခွင့်မပြုခြင်း ဖြစ်ပေလိမ့်မည်။ စစ်ပညာတွေ နှစ်များစွာ လေ့ကျင့်သင်ကြားပြီးမှ ကိုယ့်မြေပေါ်တွင် ကျူးကျော်ပြီး သာသနာကိုဖျက် ဆီးနေသူများအား တိုက်ခိုက်ခွင့် မရသောအခါ ဂါမဏီသည် လူငယ်ပီပီစိတ်ဆိုးသွားပြီး မလုပ်သင့် သော အလုပ်တစ်ခုကိုလုပ်လိုက်၏။ ထိုအလုပ်ကား တစ်ရက်တွင် ဂါမဏီ၏အမတ်ငယ်တစ်ယောက် သည် ရွှေပန်းကနုတ်ဖော်ထားသော သေတ္တာအ သေးတစ်လုံးအားဘုရင်ကြီးထံလာရောက်ဆက်သ၏။

မင်းကြီးက သေတ္တာကို ဖွင့်ကြည့်လိုက်သော အခါ တွေ့ရသောပစ္စည်းများကား ရွှေချည်ဖောက် ပဝါ ကတ္တီပါခြုံထည်၊ ရွှေနန်းခတ်ထားသော ပုလဲ လုံးများစီထားသည့် အပေါ်ရုံသိုင်းတဘက်၊ ပုလဲခါး စည်းကြိုး၊ ထို့နောက် ရွှေရောင်ပန်းပွင့်များ အကွက် ဖော်ယက်လုပ်ထားသည့် ထဘီတစ်ထည်။

သားတော်ကား ခမည်းတော်ကို အဆုံးစွန်စော် ကားမှု။ မိဖုရားစုဘုရားလတ်က အင်္ကျီလိပ်နှင့် စစ် မတိုက်ဝံ့သော ကင်းဝန်မင်းကြီးထံ မိန်းမအသုံးအ ဆောင်များ ပို့လိုက်ခြင်းမျိုးပင်ဖြစ်၏။ မင်းကြီးသည် သုံ့မှုန်ညှိုးမှိုင်းသွားသော မျက်နှာဖြင့် တောက်တစ် ချက်ကို ခေါက်လိုက်ပြီးလျှင် အနားမှာရှိသော ပြ တိုက်ဝန်ကို ချက်ချင်းအမိန့်ပေးတော့၏။

''ဘုရင့်သားတော်ဆိုတော့ ကြေးတို့၊ သံတို့နဲ့ မထိုက်တန်ဘူး၊ ရွှေပဲ ဖြစ်ရမယ်၊ ခြေမျက်စေ့တွေ ကို ချုပ်ကိုင်ချည်နှောင်မယ့် ရွှေခြေချင်းတစ်စုံ လုပ် စမ်း၊ အဘကို စော်ကားတဲ့ လူယုတ်မာ၊ ပြစ်မှားတဲ့ လူမိုက်၊ သင့်ကိုယ်သင်လက်ရွေးစင်သူရဲကြီးတွေအ ပေါ် အုပ်ချုပ်ရတယ်ဆိုပြီးတော့ ဂုဏ်မောက်နေတဲ့ စစ်ဘီလူး၊ စစ်သူရဲကြီးတစ်ကျိပ်ကို ဘယ်သူပေးလို့ ရတာလဲ၊ စစ်အင်အားအပြည့်နဲ့ စစ်တပ်လေ့ကျင့်ဖို့ မဟာဂါမမှာ ဘယ်သူနေရာပေးထားသလဲ၊ မွေး

ကျေးဇူး၊ ကျေးကျေးဇူးတွေမှ မထောက်၊ အဘထံကို မိန်းမအသုံးအဆောင်တွေပို့လွှတ်ရဲတဲ့ တိရစ္ဆာန်အတွက် ဆင်ရိုင်းကိုထူးခတ်သလို ခြေချင်းနဲ့ ထူးခတ်ထားရုံကလွဲပြီး ဘာမှမရှိဘူး''။

ထိုအချိန်မှစ၍ ဂါမဏိဟူသော နာမည်၏ရှေ့တွင် ဒုဋ္ဌဟူသောစကားတစ်လုံး အပိုပါလာတော့၏။ ဒုဋ္ဌဟူသည် ဖခင်ကိုပြစ်မှားဖျက်ဆီးသူဟု အဓိပ္ပါယ်ရ၏။ ဒုဋ္ဌဂါမဏိသည် သူ့အမှားကို သိမြင်သွားသော်လည်း မင်းပြစ်မင်းဒဏ်ကို ကြောက်ရွံ့သောကြောင့်ကျေးကျွန်အနည်းငယ်ကိုစုစည်းကာ မလယဇနပုဒ်ဆီသို့ ထွက်ပြေးသွားလေသည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် သုံးဆယ့်တစ်ဘုံတွင် လူ့ဘုံ၊ လူ့ဘဝကို ကုသိုလ်မျိုးစုံပြုရာဘုံဌာနအဖြစ် သတ်မှတ်ထားသူဖြစ်၏။ ထို့ကြောင့်လူ့ဘဝနေရသမျှ အခိုက်အတန့်တွင် ကုသိုလ်များများပြုဖို့သာ ဂရုစိုက်တော့၏။ ဒေါသဖြစ်စရာ ဒုဋ္ဌဂါမဏိအကြောင်းကို ဆက်မစဉ်းစားတော့ဘဲ ကုသိုလ်မျိုးစုံကိုသာ ဆက်၍ပြုလုပ်တော့၏။ သူ၏ အသက်(၆၄)နှစ်တွင် စေတီတော်ကြီး၊ ကျောင်းတော်ကြီးပေါင်း (၆၄)ဌာနအထိ လှူဒါန်းသာသနာပြုတော်မူ၏။

သာမန်မင်းတစ်ပါးအနေဖြင့် ဤမျှအထိကုသိုလ်ပြုသည်မှာ များလွန်းသည်ဟု ထင်စရာရှိ၏။ ဤသို့ထင်သူသည် လူဖြစ်လာရခြင်း၌ ကာမဂုဏ်ခံစားဖို့သည် အဓိက၊ ကုသိုလ်ပြုဖို့သည် သာမညဟု ခံယူထားသူများပင်ဖြစ်၏။ ထိုသို့သောသူများသည် အဆင်း၊ အသံဟူသော ကာမဂုဏ်များခံစားနိုင်ဖို့အတွက် စလောင်းတပ်ရာတွင် သိန်းနှစ်ဆယ် အကုန်ခံနိုင်သော်လည်း မိဘမဲ့ကလေးများပြုစုစောင့်ရှောက်ဖို့အတွက် အလှူငွေထည့်ရန်၌ကား နှစ်သောင်းလောက်လှူရလျှင်ပင် များလွန်းအားကြီးသည် ဟု ထင်တတ်ကြ၏။

ကာကဝဏ္ဏတိဿမင်းကြီးကား လူဖြစ်လာရခြင်း၌ ကုသိုလ်ပြုဖို့သည် အဓိက၊ ကာမဂုဏ်ခံစားဖို့သည် သာမညဟု ခံယူထားသူ ဖြစ်၏။ ထို့ကြောင့် သူပိုင်သောငွေများကို ကုသိုလ်အတွက် အဓိကထားပြီး သုံးခြင်းဖြစ်၏။

## ကိုယ်ပိုင်ပစ္စည်းနှင့် ဘုံဆိုင်ပစ္စည်း

လှူပြီးသမျှ ဥစ္စာပစ္စည်းအားလုံးသည် ကိုယ်ပိုင်ပစ္စည်း ဖြစ်၏။ မလှူရသေးသောဥစ္စာပစ္စည်း၊ ခြံမြေအားလုံးသည် ဘုံဆိုင်ပစ္စည်း ဖြစ်၏။ ဘုံဆိုင်ဟူသည် မိသားစုဆွေမျိုးသားချင်း အများပိုင်ဟု ဆိုလိုခြင်းဖြစ်၏။ ကိုယ်ပိုင်ပစ္စည်းဆိုလျှင် မီး၊ ရေ၊ မင်း၊ သူခိုး၊ အမွေခံဆိုးဟူသော ရန်သူမျိုးငါးပါး ဖျက်ဆီး၍ မရ၊ သေလျှင်လည်း မိမိနောက်က အရိပ်ပမာ ကောင်းကျိုးပေးရန် အမြဲလိုက်ပါ၏။

ဘုံဆိုင်ပစ္စည်းဆိုလျှင် ရန်သူမျိုးငါးပါး အမြဲတမ်း ဖျက်ဆီးခံရနိုင်သလို သေလျှင်လည်း မိမိနောက်သို့ လိုက်ပါခြင်းမရှိချေ။ လှူခြင်းဟူသည် မိမိအတွက် ယူခြင်းဟု နားလည်နိုင်ရန်အတွက် သဒ္ဓါအပြင် ပညာပါ လိုအပ်၏။ ထိုပညာဟူသည် ဘီအေ၊ အမ်အေ၊ ပီအိတ်ချ်ဒီ(ဒေါက်တာဘွဲ့) တို့ကို ဆိုလိုခြင်း မဟုတ်။

အလှူဒါနပြုခြင်းဟူသည် ပြိတ္တာဘုံသို့ ပို့ဆောင်တတ်သော လောဘကိလေသာကို သတ်ခြင်းဖြစ်သည်။ အလှူဒါနပြုခြင်းဖြင့် လောကသားများ ချမ်းသာသုခ ရသလို အလှူရှင်ကိုယ်တိုင်လည်း ဘဝအဆက်ဆက် ချမ်းသာသုခကို ရရှိသည်။

''ဝိနတော တဏှာယ နိက္ခန္တတ္တာ၊ နိဗ္ဗာနန္တိ ပဝုစ္စ တိ'' ဟူသော သင်္ဂဟကျမ်း အဖွင့်အရ တဏှာ လောဘမှ ထွက်မြောက်ခြင်း၊ တဏှာလောဘ ကုန်ခြင်းကိုပင် နိဗ္ဗာန်ဟုဆိုထားရာ လောဘကို သတ်ရာရောက်သော ဒါနပြုခြင်းသည် နိဗ္ဗာန်သွားရာ လမ်းကြောင်းပေါ်တွင် မှန်မှန်လျှောက်နေခြင်းပင် ဖြစ်သည်။

စိတ္တေန နီယတေ လောကော–စိတ်နောက်သို့ လောကခေါ် ရုပ်တရားက လိုက်ရသည်ဖြစ်ရာ ရယူခြင်း၌ ပျော်မွေ့သူများ၊ သူတစ်ပါးထံမှ ရယူရန်သာ အားထုတ်ခဲ့သူများသည် ဘဝဆက်တိုင်းရယူရသော ဘဝ(ဆင်းရဲသောဘဝ)သို့သာ ရောက်ကြရပြီး ပေးဆပ်ခြင်း၌ ပျော်မွေ့သူများ၊ သူတစ်ပါးကို ပေးဆပ်ရန်သာ ပျော်မွေ့ခဲ့သူများသည် ဘဝဆက်တိုင်း ပေးရသောဘဝ (ချမ်းသာသောဘဝ)သို့သာ ရောက်ကြရသည်။

ယူရသောဘဝနှင့် ပေးရသောဘဝတွင် ဘဝအဆက်ဆက်ယူရသောဘဝတွင်သာ ပျော်မွေ့ခဲ့သောကြောင့် ဂင်္ဂါဝါလုသဲစုမက ဘုရားအဆူဆူ ပွင့်ခဲ့ပြီဖြစ်သော်လည်း မည်သည့်မဂ်၊ မည်သည့်ဖိုလ်မှ မရဘဲ ယခုအချိန်တိုင်အောင် ပုထုဇဉ်ဘဝနှင့် ရှိနေသေးခြင်း ဖြစ်၏။ ယူချည်းယူနေလျှင် ဘဝအဆက်ဆက် ဆင်းရဲမည်။ လှူချည်းလှူနေလျှင် လှူစရာများ ကြံဖန်ရောက်လာသလို ဘဝအဆက်ဆက် ချမ်းသာမည်ဆိုတာ သိပါလျက် လူတစ်ရာတွင် (၉၉)ယောက်က ယူသည့်ဘက်မှချည်း နေကြသည်မှာ အဘယ့်ကြောင့်နည်း. . .။

အဖြေကား. . .။

လူသားတစ်ယောက်၏ မရေမတွက်နိုင်အောင် ကျင်လည်ခဲ့ရသည့် ဘဝများစွာတွင် ကိုယ်ကလှူပြီး ချမ်းသာခဲ့သောဘဝထက် ကိုယ်ကယူပြီး ဆင်းရဲခဲ့ရသောဘဝကကိုးဆယ့်ကိုးရာခိုင်နှုန်းရှိခဲ့သောကြောင့် အကျင့်ပါနေခြင်းပင် ဖြစ်၏။

ယခုဖော်ပြခဲ့သော အတွေးအခေါ် ပညာမျိုးကို ဘီအေ၊ အမ်အေ၊ ပီအိတ်ချ်ဒီဘွဲ့ရသူတိုင်းတွေးနိုင်သည်မဟုတ်ပေ။ ထို့ကြောင့် ပီအိတ်ချ်ဒီဘွဲ့ ရထားသူဖြစ်သော်လည်း မလှူရက်မတန်းရက် ဖြစ်နေသူ ရဟန်း၊ ရှင်၊ လူအချို့ကိုတွေ့နေရခြင်းဖြစ်၏။ မည်သည့်ဘွဲ့မှမရသော်လည်းလောကအတွက်၊ သာသနာအတွက်အကျိုးရှိသောနေရာများတွင်သိန်းပေါင်းရာနှင့်ချီ၍ လှူဒါန်းနေသူများသည် ဖော်ပြခဲ့သော အတွေးအခေါ်ပညာ ရှိနေသောကြောင့်ပင်ဖြစ်သည်။

၂၀၀၇ ခုနှစ်မိုးရာသီက ရန်ကုန်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီး ကလေးများ ရာနှင့်ချီ၍ ကလေးဆေးရုံကြီးသို့ ရောက်လာကြသည်။ ကုတင်မဆန့်၍ ရာနှင့်ချီသောကလေးများမှာ ကြမ်းပြင်တွင် ဖျာခင်း၍ ဆေးကုသမှုခံယူကြရ၏။ အသိတစ်ယောက်၏ကလေးလူနာကို လာကြည့်ရင်း ထိုမြင်ကွင်းကိုတွေ့သွားသည့် ဂျူးသိန်းဆေးပေါ့လိပ်ပိုင်ရှင်ဦးကြင်ဝမ်နှင့် ဒေါ်လှသိန်းမိသားစုတို့သည် တိုးချဲ့ဆောင်ဆောက်လုပ်ရန်အတွက် သိန်းနှစ်ထောင် လှူဒါန်းခဲ့သည်။

ငွေတွေ ထားစရာနေရာမရှိအောင် ချမ်းသာနေ၍လှူဒါန်းခြင်းမဟုတ်။ တကယ်လိုအပ်နေသောကြောင့် လှူခြင်းဖြစ်ပြီး၊ ထိုကဲ့သို့ လူမှုရေးအလှူများတွင် များများစားစားလှူဒါန်းသူ သိပ်မရှိသောကြောင့် လှူဒါန်းကြခြင်းဖြစ်သည်။ တစ်ကြိမ်တည်း သိန်းနှစ်ထောင် လှူနိုင်ခြင်း မဟုတ်။ သိန်းနှစ်ရာမျိုး သုံးရာမျိုးလှူခြင်းဖြင့် သိန်းနှစ်ထောင်ပြည့်သွားခြင်းဖြစ်သည်။

ဒေါက်တာဖော်ထွန်း+ဒေါ်ဌေးဌေးကြည်(ယူနီဗာဆယ်ဆောက်လုပ်ရေး) မိသားစုကလည်း သိန်းတစ်ထောင် လှူဒါန်းသည်။ ပြင်ဦးလွင်မှ စိုးစံ ဘော်ဒါဆောင်ပိုင်ရှင် အငြိမ်းစားဗိုလ်မှူးကြီးကလည်း နွမ်းပါးသော လူနာများအတွက် ပြင်ဦးလွင် ပြည်သူ့ဆေးရုံတွင် ဆေးပဒေသာပင် ငွေသိန်းတစ်ထောင် လှူဒါန်းသည်။

အရိုးတောင်း လက်ဖက်သုပ်ပိုင်ရှင် ဦးကျော်သိန်းနှင့်ဇနီးတို့ကလည်း မိတ္ထီလာမြို့တွင် သိန်းရာနှင့်ချီ၍တန်သော အထက်တန်းကျောင်းကြီးကို တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ဆယ်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ပြီး (ဂျီ–တီ–အိုင်)တက္ကသိုလ်၊ ဆေးတက္ကသိုလ်တို့သို့ တက်ရောက်သင်ကြားနိုင်စွမ်းမရှိသော နွမ်းပါးသည့် မြန်မာပြည်အရပ်ရပ်မှ ကျောင်းသားများ

အား ဘွဲ့ရသည်အထိ ထောက်ပံ့လှူဒါန်းနေသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်သည်။

တစ်လတစ်လလျှင် ထိုကျောင်းသားများကို ထောက်ပံ့ကြေးသည်ပင် သိန်း–၂၀ အောက်လျော့မည်မထင်။ စာရေးသူသည် သူတို့ကို တွေ့ဖူးသည်မဟုတ်။ သတင်းစာတွင်ဖတ်ရသည့် အချက်လေးများကို ကြည့်၍ ရေးသားရခြင်းဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် လွန်ခဲ့သည့် လေးနှစ်ခန့်က အင်းစိန်ထောင်အတွင်းရှိ အကျဉ်းသားပေါင်းတစ်သောင်းကျော်အားငါးဆယ့်လေးသိန်းအကုန်ကျခံကာ ထမင်းကျွေးပြီး တရားပေးတော်မူခဲ့သည်။ ဆရာတော်ကြီးဓမ္မပူဇာအဖြစ် ရသမျှငွေများကို မ,တည်၍ စစ်ကိုင်းတောင်ရိုးရှိ ချောင်ပေါင်းများစွာမှ ရှင်၊ ရဟန်း၊ သီလရှင်ပေါင်းများစွာတို့အတွက် ရေအလှူ၊ ဆေးရုံတော်အလှူ၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အလှူတို့အတွက် သိန်းပေါင်းထောင်နှင့်ချီ၍ လှူဒါန်းတော်မူခဲ့သည်။

ရေအလှူ၊ ဆေးအလှူ၊ ပညာအလှူတို့ အတွက် ဆရာတော်သည် တစ်လလျှင် သိန်းသုံးရာအနည်းဆုံးထား၍ ရှာဖွေ လှူဒါန်းနေရကြောင်း ကြည်ညိုလေးစားဖွယ်ရာကြားသိရသည်။ ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိကသည်လည်း သထုံမြို့မှ အလှူခံရရှိသောမြစိမ်းကျောင်းတိုက်ကြီးကို သိန်းသုံးထောင်ကျော် အကုန်ကျခံ၍ အသစ်ဆောက်၊ အဟောင်းပြင်၍ ပဲခူးမြို့မှ သာသမဏေကျော်စာသင်တိုက် ဆရာတော်အား စာသင်တိုက် ဖွင့်လှစ်ရန်အတွက် သိန်းငါးရာငွေပဒေသာပင် စိုက်ထူပေးပြီး လှူဒါန်းတော်မူခဲ့သည်။

ပြီးခဲ့သည့် တစ်လကျော်ကျော်အတွင်းကလည်း ရေနံချောင်းမြို့တွင် လိုအပ်နေသော အထက်တန်းကျောင်းကြီး ဆောက်လုပ်ရန်အတွက် သိန်းငါးရာ မ,တည်လှူဒါန်းပေးခဲ့သည်။ ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒသည်လည်း မျက်စိအလင်းမရသူများအား ဩစတေးလျနိုင်ငံမှဆရာဝန်များနှင့် အခမဲ့ ခွဲစိတ်ကုသပေးနေရာ စာရေးသူ သိတာပင်လျှင် နှစ်ကြိမ်ရှိသွားပေပြီ။ တစ်ကြိမ်လျှင် သိန်းပေါင်းနှစ်ရာနီးပါး ကုန်ကျသည်ဟု သိရသည်။

မြိတ်မြို့နှင့် ပဲခူးမြို့တို့တွင် ဓမ္မပူဇာအဖြစ်ရလာသောဝတ္ထုငွေများကို မူလတန်းကျောင်းများတွင် အိမ်သာများဆောက်လုပ်ရန် ရသမျှအကုန် စွန့်ကြဲလှူဒါန်းခဲ့သည်။ နှစ်ရပ်ပေါင်း သိန်းငါးဆယ်ကျော်ခန့်ရှိသည်။ ဆရာတော်၏ ဇာတိဖြစ်သော စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်တွင် သိန်းသုံးရာခန့်တန်သော မူလတန်းကျောင်း စာသင်ဆောင်ကြီးတစ်ဆောင်ကိုလည်း လှူဒါန်းခဲ့သေးသည်။

ဓမ္မစေတီဆရာတော်အရှင်ကောသလ္လသည်လည်း မန္တလေးမြို့၊ သာသနာ့တက္ကသိုလ်ဘေးရှိ သာသနာ့ဆေးရုံငွေပဒေသာပင်အတွက် ဝတ္ထုငွေ သိန်းတစ်ထောင်ကို မ,တည်လှူဒါန်းခဲ့သည်။ ဤစာရေးနေသည့်(၉၊၅၊၂၀၀၈)နေ့တွင် မန္တလေးမြို့တွင် ဆရာတော်၏တရားပွဲရှိ၏။ ထိုညရသော ဓမ္မပူဇာငွေအားလုံးနှင့် ဆရာတော်ထံမှ သိန်းတစ်ရာ မ,တည်၍ လပွတ္တာနှင့်ဘိုကလေးမှ လေဘေးဒုက္ခသည်များအား ကူညီလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

သီတဂူကြယ်တစ်ပွင့်ဖြစ်သော အရှင်ပညာနန္ဒနှင့် သီတဂူကြာတစ်ပွင့်ဖြစ်သော အရှင်ခေမာသိရီလက်ာရတို့ နှစ်ပါးသည်လည်း သီတဂူဆရာတော်ဘုရားကြီး၏မူအတိုင်း လှူသမျှယူ၍ ယူသမျှလှူနေကြသော မထေရ်နှစ်ပါးပင်ဖြစ်သည်။ အရှင်ပညာနန္ဒသည် ကျေးရွာလမ်းများ ပြုပြင်ပေးခြင်း၊ ဘုရားစေတီအဟောင်းများ ပြုပြင်ပေးခြင်း၊ တန်းကျောင်းနှင့် ဓမ္မဗိမာန်အသစ်များ ဆောက်လုပ်လှူဒါန်းခြင်းဖြင့် လိုအပ်သောကွက်လပ်ကို ဖြည့်နေသော ဆရာတော်တစ်ပါးပင် ဖြစ်သည်။

အရှင်ပညာနန္ဒ တည်ဆောက်ပေးထားသော မူလတန်းကျောင်း လေးကျောင်း ရှိသည်။ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ဖိုးဝင်းတိုက်ရွာ၊ ရုံးပင်

ကုန်းရွာ၊ သာလိုင်းရွာ၊ ရွာသစ်ရွာတို့တွင် ဆောက်လုပ်ပေးခြင်း ဖြစ်သည်။ ဖိုးဝင်းတိုက်ရွာ မူလတန်းကျောင်းဆောင်အတွက်သိန်းတစ်ရာခန့်ကုန်ကျသည်။ ရုံးပင်ကုန်းရွာ မူလတန်းကျောင်းအတွက် သိန်းရှစ်ဆယ်ခန့် ကုန်ကျသည်။

သာလိုင်းရွာနှင့် ရွာသစ်ရွာတို့အတွက်လည်း မူလတန်းကျောင်းဆောင် ဆောက်လုပ်ရန် သုံးဆယ့်ငါးသိန်းစီ မ,တည်လှူဒါန်းထားပြီး ဖြစ်ကြောင်းလည်း သိရသည်။ အရှင်မြတ် ပြုပြင်မွမ်းမံခဲ့သော စေတီတော်ပေါင်းမှာ ၁၅–ဆူရှိပြီ ဖြစ်သည်။ အရှင်မြတ်လှူဒါန်းခဲ့သော ပရဟိတလှူဒါန်းငွေပေါင်းမှာ သိန်းငါးထောင်နီးပါးခန့် ရှိနေပြီဖြစ်သည်။

သီတဂူကြာတစ်ပွင့်ဖြစ်သော အရှင်ခေမာသိရီလက်ာရမထေရ်မြတ်သည်လည်း နွမ်းပါးသောဝေဒနာရှင်များအတွက် ဗီဝိတဒါန အခမဲ့ဆေးခန်းကြီးဖွင့်လှစ်ပြီး ဆရာဝန်မျိုးစုံဖြင့် ရောဂါမျိုးစုံကို ကုသပေးလျက်ရှိသည်။ ဆေးခန်းသို့ မလာရောက်နိုင်သူများအတွက် ဆရာများ၊ ဆေးများ တင်ဆောင်ထားသော မော်တော်ယာဉ်များဖြင့် နယ်လှည့်ကုသပေးလျက်ရှိသည်မှာ သဲကန္တာရကြီးတစ်ခုအတွင်းမှ အိုအေစစ်လေးတစ်ခုကို တွေ့မြင်ရသကဲ့သို့ ချမ်းမြေ့လှပါသည်။

တစ်လအတွက် ဆေးဖိုးကုန်ကျငွေမှာ သိန်းခြောက်ဆယ်ကျော်ခန့်ရှိသည်ဟု သိရသည်။

သာကေတမြို့၊ မဇ္ဈိမဂုဏ်ရည် ဆရာတော်သည်လည်း ဒကာ, ဒကာမများနှင့်အတူ သိန်းငါးရာ မ,တည်၍ လေဘေးဒုက္ခသည်များကို လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင်(၁၁၊၅၊၂၀၀၈) နေ့နှင့်(၁၂၊၅၊၂၀၀၈)နေ့ မန္တလေးမြို့တရားပွဲ နှစ်ညရရှိငွေများနှင့်ပစ္စည်းမျိုးစုံကိုလည်း ပို့ဆောင်လှူဒါန်းကြမည် ဖြစ်သည်။

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဆရာတော် ဦးတိက္ခအရှင်သူမြတ်သည် နိုင်ငံကျော်ဓမ္မကထိက ဆရာတော်တစ်ပါးပင်ဖြစ်သည်။ မြန်မာပြည်တွင် အမှန်တကယ်လိုအပ်နေသော နာရေးကူညီမှုအသင်းကြီးကို ဆရာတော် စတင်တည်ထောင်တော်မူခဲ့ခြင်း ဖြစ်သည်။ ယခုဆိုလျှင် မြန်မာတစ်ပြည်လုံးတွင် နာရေးကူညီမှုအသင်းများ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။

ဗုဒ္ဓက အကုသိုလ်ကိုအမင်္ဂလာဟုသတ်မှတ်၏။ မြန်မာအများစုကအသုဘနှင့်ပတ်သက်သော အရာများကို အမင်္ဂလာဟုသတ်မှတ်၏။ အသုဘနှင့် ပတ်သက်သောအရာကို အမင်္ဂလာဟု သတ်မှတ်ခြင်းသည် ဗြာဟ္မဏ(ဟိန္ဒူ)ဝါဒမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ဗြာဟ္မဏဝါဒကို ဗုဒ္ဓဝါဒဟု အယူအဆမှားသောအခါ မြန်မာများသည်စီးပွားရေး၊ ဘာသာရေးကိစ္စတို့၌ အနှုတ်လက္ခဏာများ ပြလာတော့သည်။

အသုဘရုပ်ကလာပ်တင်ယာဉ်များကို မြန်မာများက အမင်္ဂလာဟုသတ်မှတ်ပြီး တည်ထောင်ငှားရမ်းမည့်သူမရှိသောအခါ ဘာသာခြားများက အလုအယက်တည်ထောင်ကြတော့သည်။ မြန်မာတို့၏ငွေများသည် ဘာသာခြားတို့လက်ထဲသို့ အလုံးလိုက်အခဲလိုက် ဝင်သွားလေတော့၏။

ဘာသာခြားတို့သည် ထိုမှရသောငွေများဖြင့်ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးများကို အရယူပြီး သူတို့ဘာသာသို့ ဖွတ်သွင်းကြတော့၏။ လူမျိုးလျှင် လူမျိုးပြုတ်မည်ကို သိသွားသော ဆရာတော်ကြီးက သူ၏ကျောင်းဝိုင်းထဲတွင် အသုဘရုပ်ကလာပ်တင်ယာဉ်များဝယ်ယူပြီး နာရေးကူညီမှုအသင်းကြီးကို တည်ထောင်လိုက်တော့သည်။

တည်ထောင်စက အချို့သော အမြင်ကျဉ်းမြောင်းသည့် ဒကာများသည် ကျောင်းဝိုင်းကို သုသာန်တစပြင်ဖြစ်အောင်လုပ်သည်ဟု ဆိုကာ ဆရာတော်အားဝေဖန်တိုက်ခိုက်ကြ၏။ ဆရာတော်ကား–

အများအကျိုး၊ ရွက်သည့်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း

**မဖွဲ့တိမ်းစောင်း၊ ကိုယ်လမ်းကြောင်းကို**
**စိတ်ကောင်းနှင့်ယှဉ်၊ ရွေးရှုနှင်လေ့၊**

ဟူသော သြဝါဒလင်္ကာအတိုင်း မိမိလမ်းကိုအောင်မြင်သည်အထိဆက်လက်လျှောက်ခဲ့၏။ ယခုအချိန်တွင်ကား ဆန့်ကျင်ဘက်လုပ်ခဲ့သော ဒကာများသည်လည်း ဆရာတော်၏နောက်သို့ လိုက်ပါခဲ့ကြပြီဖြစ်သည်။ ဆရာတော်၏မေတ္တာကား ကြီးမားလှ၏။ မြင်ရသော လူသားများအပေါ် မဆိုထားနှင့် မမြင်ရသော ပြိတ္တာ ခေါ် ပေတများပေါ်မှာပင် မေတ္တာ၊ ကရုဏာထား၏။

အမျှပေးသူ မရှိသည့်အတွက် ကျွတ်လွတ်ခွင့်မရသော ပေတများစွာ ရှိ၏။ ထိုပေတများ ကျွတ်လွတ်ခွင့်ရစေရန် သုသာန်များတွင် သံဃာတော်များအား ပင့်ဖိတ်၍ အလှူဒါနပြုပြီး အမျှပေးကြ၏။ ထိုပေတတို့အတွက် ပြုလုပ်သော အကျွတ်အလွတ်ပွဲများကို ဆရာတော်ဦးဆောင်၍ ကျင်းပနေရာမြန်မာပြည်ရှိ သုသာန်များ အတော်စုံလင်သွားပြီဖြစ်သည်။

### အမေရိကန်မှ သရဲမိသားစု

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့မှ ဗုဒ္ဓဘာသာမြန်မာများသည် စာရေးသူအား သူတို့ဆီသို့ တရားဟောကြွရောက်နိုင်ရန် ကြိုးစားနေသည်မှာ နှစ်ကြိမ်တိုင်တိုင် ရှိခဲ့လေပြီ။ သို့သော်ရုပ်ဓာတ်ပိုင်းဆိုင်ရာ ချမ်းသာကြွယ်ဝသလောက်စိတ်ဓာတ်(ဝိဇ္ဇာ)ပိုင်းဆိုင်ရာ ဆင်းရဲနွမ်းပါးလှသော အမေရိကန်သံရုံး တာဝန်ခံများကြောင့် ကြွရောက်ခြင်း မပြုနိုင်ခဲ့ပေ။

သူတို့သည် သာသနာပြုဆရာတော်တစ်ပါးဖြစ်သည်ဆိုခြင်းကိုလည်း နားမလည်၊ လူတို့ မရမကရှာဖွေနေသော ဥစ္စာစည်းစိမ်များကို စွန့်လွှတ်နေသည်ကိုလည်း သိမြင်နိုင်သည့် ဦးနှောက်ဉာဏ်မရှိရကား မြန်မာပြည်သို့ ပြန်လာမည့်သူ မဟုတ်၊ အမေရိကန်တွင် ခိုဝင်နေထိုင်မည့်သူဖြစ်သည်ဟူသော မှတ်ချက်ဖြင့် ခွင့်မပြုကြခြင်းဖြစ်သည်။

စာရေးသူကား ထိုသို့ခွင့်မပြုသည့်အတွက် ဝမ်းမနည်းသည့်အပြင် ဝမ်းပင်သာမိ၏။ မသွားချင်ခြင်း၏ အကြောင်းမှာ နှစ်ချက်ရှိ၏။ တစ်ချက်မှာ ထိုနိုင်ငံမှာ ဗုဒ္ဓကျမ်းဂန်များ၏ သတ်မှတ်ချက်အရ ပစ္စည်းဉစ္စာမည်မျှချမ်းသာသော်လည်း ရတနာသုံးပါး မထွန်းကားသည့်အတွက် ပစ္စန္တရာဇ်အရပ် ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

နှစ်အချက်မှာ စာရေးသူသည် မြန်မာပြည်မှာမွေးသည့်အတွက် မြန်မာလူမျိုးများသည် စာရေးသူ၏ကျေးဇူးရှင်များပင်ဖြစ်၏။ ထိုကျေးဇူးရှင်များအားတရားဖြင့်ကျေးဇူးဆပ်ဖို့ စာရေးသူတွင် အပြည့်အဝတာဝန်ရှိ၏။ စာရေးသူ အနှစ်တစ်ရာကာလပတ်လုံး မရပ်မနားဟောသော်လည်း မြန်မာပြည်တစ်ပြည်လုံး နှံ့မည် မဟုတ်ပေ။

မြန်မာပြည်မှာ တရားဟောရမည့်ရက်လျှော့မှာစိုးသောကြောင့်လည်း အမေရိကန်သို့မသွားလိုခြင်းဖြစ်သည်။ ဆန်ဖရန်စစ္စကိုမြို့ရှိ စာရေးသူ၏စာဖတ်ပရိသတ်ဖြစ်သော မိသားစုထံမှ ဓာတ်ပုံတစ်ပုံနှင့်စာတစ်စောင် ရောက်လာခဲ့သည်။ စာတွင်ရေးထားသည်မှာ ယခုဓာတ်ပုံတွင်ပါသောတိုက်မှာ သူတို့ဝယ်ထားသောတိုက် ဖြစ်သည်။

ထူးခြားသည်မှာ အရင်တိုက်ပိုင်ရှင်မိသားစုသုံးဦးလုံး ခြံထဲတွင် မကျွတ်မလွတ်ဖြစ်နေကြခြင်းပင်။ မိဘနှစ်ပါးနှင့်ဆယ်နှစ်အရွယ်သားလေးတစ်ယောက်တို့ဖြစ်သည်။ ထိုပြိတ္တာဖြစ်နေသော ကလေးသည်မြန်မာကလေးနှင့် မကြာခဏ အင်္ဂလိပ်လိုစကားပြောပြောနေတတ်သည်ဟု ဆိုသည်။

အနှောင့်အယှက်တော့ မပြု။ သူတို့လူ့ဘဝကပုံစံအတိုင်း ဟန်မပျက် ဝင်ထွက်သွားလာ လှုပ်ရှားနေကြသည်ကို မိသားစုအားလုံး မကြာခဏ တွေ့ကြရသည် ဟု ဆိုသည်။ သိစေချင်သည်မှာ အမေရိကန်နိုင်ငံသည် ကမ္ဘာတွင် ရုပ်ပိုင်းဆိုင်ရာ အချမ်းသာဆုံးဖြစ်သည်မှန်သော်လည်း ပြိတ္တာဘဝရောက်

နေသူများအား ကျွတ်လွတ်အောင် ပြုလုပ်ပေးနိုင်မည့် ရတနာသုံးပါး မရှိသည့်အတွက် အမြဲတစေ နေအပ်သောအရပ် မဟုတ်။ ခေတ္တတစ်ဖြုတ် ငွေရာသင့်သော အရပ်သာဖြစ်ကြောင်းကို သေချာသိစေလိုခြင်းပင်ဖြစ်၏။

မြန်မာပြည်တွင်ကား ရတနာသုံးပါးထွန်းကားရာ ပတိရူပဒေသဝါသဖြစ်သောကြောင့် ခြေချော်လက်ချော် ပြိတ္တာဘဝသို့ ရောက်သွားသော်လည်း ပူစရာမရှိ။ မိမိ မိသားစုသာမက တောင်စလင်းတိုက်သစ်ဆရာတော်ကဲ့သို့ ကုသိုလ်ပြုပြီး အမျှဝေပေးမည့်သူ အများအပြား ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။ ဆရာတော်သည် ယခုလည်း တကယ်လိုအပ်နေသော ပရဟိတအလှူတစ်ခုကို ဦးဆောင်ပြုလုပ်နေပြန်ပြီ ဖြစ်သည်။

ချင်းပြည်နယ် တောင်တန်းဒေသများမှ ခရစ်ယာန်ဘာသာမှဗုဒ္ဓဘာသာသို့ဝင်ရောက်လာကြသော တိုင်းရင်းသားများမှာစားရေး၊ ဝတ်ရေး အလွန်ဒုက္ခရောက်ကြ၏။ မူရင်းဘာသာရေးအဖွဲ့အစည်းကလည်း သူတို့ဘာသာမှ ထွက်သွားသူဖြစ်သည့်အတွက် ဆက်လက်ထောက်ပံ့မှုမပြုတော့။ ဗုဒ္ဓဘာသာအများစုမှာလည်း လူမှုရေး ထောက်ပံ့လှူဒါန်းမှုအင်မတန်အားနည်းကြသည့်အတွက် တိုင်းရင်းသားများမှာ အလွန်ဒုက္ခရောက်ကြသည်။

တောင်စလင်းတိုက်သစ်ဆရာတော်ကြီးသည် ထိုကွက်လပ်ကိုဝင်ဖြည့်သည့်အနေဖြင့် တောင်တန်းဒေသ ထောက်ပံ့ရေးအဖွဲ့ကြီးကို ဖွဲ့စည်းပြီး အဝတ်အထည် အဟောင်းအသစ်၊ အစားအစာ ရသမျှကို စုဆောင်းပြီး ပေးပို့လှူဒါန်း လျက်ရှိသည်။ အသင်းအဖွဲ့ဝင်များထံမှ လစဉ်စုကြေးငွေများဖြင့် လိုအပ်သောပစ္စည်းများကိုဝယ်၍လည်း ပြည့်စုံသည်ထက်ပြည့်စုံအောင် ထောက်ပံ့လျက်ရှိသည်။

ထိုကဲ့သို့သော ဆရာတော်များထံ လှူဒါန်းခြင်းသည် တရားကို ပူဇော်ရာရောက်သလို ကာလဒါနပရဟိတအလှူကိုလည်း လှူရာရောက်ပေသည်။

၂၀၀၈-ခုနှစ် မေလ(၂)-(၃)ရက်တို့က တိုက်ခတ်သောမုန်တိုင်းကို'နာဂစ်'ဟု အမည်ပေးထားသည်။ နာဂစ်ဆိုသည်မှာ အူရဒူဘာသာစကားအရ ဒက်ဖိုဒီလ်ပန်းအား ခေါ်ဝေါ်ခြင်းဖြစ်ပြီး ပါကစ္စတန်နိုင်ငံကပေးထားသည့် နာမည်ဖြစ်သည်။

အိန္ဒိယမိုးလေဝသဌာနက မြောက်အိန္ဒိယသမုဒ္ဒရာခြမ်းတွင်ဖြစ်ပွားသော မုန်တိုင်းများအား အမည်ပေးရန် အိန္ဒိယသမုဒ္ဒရာမြောက်ခြမ်းနိုင်ငံ ရှစ်နိုင်ငံမှ တောင်းခံထားသော အမည်များအနက်မှ တစ်ခုဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မော်လဒိုက်၊ မြန်မာ၊ အိုမန်၊ ပါကစ္စတန်၊ ထိုင်း၊ သီရိလင်္ကာ ရှစ်နိုင်ငံမှ ပညာရှင်များက အမည်ပေးထားခြင်းဖြစ်သည်။

မုန်တိုင်းအမည်မှည့်ခေါ်ရာတွင် ယင်းနိုင်ငံများကို အက္ခရာအလိုက်စီ၍ ၎င်းတို့ ပေးထားသောအမည်များကို အသုံးပြုခြင်း ဖြစ်သည်။ နောက်ဆုံးမုန်တိုင်းခြောက်ခုမှာ–

အော့ဂနီ (ဘင်္ဂလားဒေ့ရှ်)
အာကာက်ရှ် (အိန္ဒိယ)
ဂိုနူး (မော်လဒိုက်)
ရေမြင်း (မြန်မာ)
စီဒါ (အိုမန်)
နာဂစ် (ပါကစ္စတန်)တို့ဖြစ်ပြီး၊ နောက်လာမည့်မုန်တိုင်းမှာအက္ခရာစဉ်အရအလှည့်ကျသော သီရိလင်္ကာနိုင်ငံမှပေးထားသည့် အာဘီ ဖြစ်သည်။

မုန်တိုင်းကျပြီး နောက်တစ်ရက်မှာပင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ငွေသိန်းနှစ်ထောင်နှင့် ဆန်အိတ်နှစ်ထောင်ကိုလှူဒါန်းခဲ့သည်။ မက်(စ်)မြန်မာကုမ္ပဏီလီမိတက်မှ လပွတ္တာမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့် ဒုက္ခသည်များအတွက် အလှူငွေကျပ်သိန်းနှစ်ထောင်၊ ဆန်အိတ် နှစ်ရာ့ငါးဆယ်ကျော်၊ အဝတ်အထည်များ၊ ရေဘူးများ၊ ရေထည့်ပီပါများ၊ ခေါက်ဆွဲခြောက်များ တန်ဖိုးကျပ်သိန်းတစ်ထောင့်ရှစ်ရာ စုစုပေါင်း ကျပ်သိန်းသုံးထောင့်

ရှစ်ရာကို လှူဒါန်းသည်။

ထို့ပြင် 'ထူးထရေးဒင်း'ကုမ္ပဏီကလည်း ဘိုကလေးမြို့နယ်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဥက္ကဋ္ဌဦးတေဇက ငွေကျပ်သိန်းတစ်သောင်း တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆေး၊ ရေနှင့် သွပ်တို့ကို လှူဒါန်းခဲ့သည်။

လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးလှမောင်ရွှေနှင့် အလှူရှင်အဖွဲ့ကလည်း ဆန်အိတ်တစ်ထောင်နှင့် တခြားလိုအပ်သည့် ပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။ ဒိုင်းမွန်းစတားကုမ္ပဏီ ဒေါက်တာဦးကိုကိုကြီးက ဆန်အိတ်သုံးထောင်နှင့် ငွေကျပ်သိန်းငါးရာတန်ဖိုးရှိကော်ဖီမစ်၊ ခေါက်ဆွဲနှင့် ဘီစကွတ်မုန့်များ စုစုပေါင်း ကျပ်သိန်းတစ်ထောင့်ငါးရာလေးဆယ်။

ရွှေသန်လျင်ဦးကျော်ဝင်းက ငွေကျပ်သိန်းသုံးထောင်၊ ဦးအောင်သက်မန်း (ရောရွှေဝါကုမ္ပဏီ)က ငွေကျပ် သိန်းငါးထောင်တန်ဖိုးရှိ ဆန်နှင့် ရေသန့်၊ ယုဇနကုမ္ပဏီ ဦးဌေးမြင့်က စုစုပေါင်းငွေကျပ်သိန်းသုံးထောင့်နှစ်ရာ့လေးဆယ် တန်ဖိုးရှိသော ငါးမျိုးစုံ (၆၈၀၀၀)ကီလို၊ စားဆီအထုပ် (၂၀၀၀၀)၊ တီရှပ် (၁၀၀၀၀)ထည်၊ငါးအသားလွှာ(၆၄၀၀၀)ကီလိုဂရမ်၊ ငါးခြောက်ထုပ် (၄၀၀၀၀)နှင့် ဆန်အိတ် (၂၀၀၀)။

Asia World ကုမ္ပဏီက ငွေကျပ်သိန်းနှစ်ရာ၊ ကမ္ဘောဇဘဏ်ကုမ္ပဏီ လီမိတက်မှ ငွေကျပ်သိန်းသုံးထောင်၊ ငွေကျပ် လေးကုဋေငါးသန်းခြောက်သိန်းခြောက်သောင်းတန်ဖိုးရှိ အာလူးပီသာငါးသောင်းလေးထောင်နှင့် ကြက်ဥအလုံးပေါင်း လေးသိန်း၊ ဒေါက်တာစိုင်းစံထွန်း(Alpine)က ငွေကျပ်သိန်းငါးရာတန်ဖိုးရှိတစ်လီတာရေသန့်ပုလင်း ဆယ်သိန်းနှင့် ငွေကျပ်သိန်းငါးရာဖြင့် စုစုပေါင်း ငွေကျပ်သိန်းတစ်ထောင်။

ဦးမောင်ဝိတ်မိသားစုကုမ္ပဏီက ငွေကျပ်သိန်းငါးရာ၊ ဦးကိုကိုထွေး (တော်ဝင်-မိသားစုကုမ္ပဏီ)က ငွေကျပ်သိန်းတစ်ထောင်တန်ဖိုးရှိ ဆန်အိတ်ထောင့်ငါးရာနှင့် အဝတ်အထည်ဆေးဝါးပစ္စည်းများ၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ ဥက္ကဋ္ဌဦးစိုးထွန်းရှိန်က ငွေကျပ်သိန်းသုံးရာတန်ဖိုးရှိ ငါးသလောက်ငါးများ လှူဒါန်းသည်။

ပြည်ပနိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စုမှ ဒေါ်လာသုံးသန်းနှစ်သိန်းငါးသောင်းခန့် တန်ဖိုးရှိသော ပစ္စည်းများ၊ အင်ဒိုနီးရှားနိုင်ငံမှ ဒေါ်လာတစ်သန်းနှင့် ဒေါ်လာတစ်သန်းခန့် တန်ဖိုး ရှိသော ပစ္စည်းများ၊ ထိုင်းနိုင်ငံမှ ဒေါ်လာတစ်သိန်း၊ အိန္ဒိယမှ လေယာဉ်နှစ်စင်းစာပစ္စည်းများ၊ တရုတ်နိုင်ငံမှ လေယာဉ်တစ်စင်းစာ ပစ္စည်းများ၊ ဂရိ၊ စင်္ကာပူ၊ ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများမှ လေယာဉ်တစ်စင်းစာပစ္စည်းတို့ကို လှူဒါန်းခဲ့သည်။

မှတ်ချက်။ ။ စာရေးသူအနေဖြင့်ကား တခြားနာမည်ကြီး ဓမ္မကထိကဆရာတော်များကဲ့သို့ များများစားစား မလှူနိုင်ခဲ့ပေ။ မလှူနိုင်ခြင်းအကြောင်းမှာ နဝကမ္မငွေနည်းပါးနေသောကြောင့် ဖြစ်သည်။

၂၀၀၇-ခုနှစ်မှစ၍ ၂၀၀၈-ခုနှစ် လေးလပိုင်းအထိ ဓမ္မပူဇာငွေများကို ခန့်မှန်းရေတွက်ကြည့်ရာ သိန်းနှစ်ထောင်ခန့် ရှိသည်ကို တွေ့ရသည်။

ထိုသိန်းနှစ်ထောင်အနက် စာရေးသူ၏ ရိပ်သာလေးခုမှသံဃာများ၊ကျောင်းသားများအတွက်ပစ္စည်းလေးပါး ကုန်ကျငွေမှာ သိန်းလေးရာခန့် ရှိသည်။ သိန်းတစ်ရာမှစားရေး၊ဝတ်ရေး၊ကျန်းမာရေးအတွက်ဖြစ်ပြီး၊ကျပ်သိန်းသုံးရာမှာနေရေး (အဆောက်အဦ) အတွက် ဖြစ်သည်။ လေဘေးအတွက် လှူဒါန်းရန် နဝကမ္မငွေကို မေးကြည့်လိုက်သောအခါ သိန်းတစ်ရာ့ခုနစ်ဆယ်ခန့်သာ ရှိတော့သည်။

ကျပ်သိန်းပေါင်း ထောင့်လေးရာခန့် မည်သည့်နေရာသို့ ရောက်သွားလေသနည်း။ နှစ်စမှစ၍ လှူဒါန်းနေသော ပရဟိတအလှူထဲ အကုန်ပါသွားပေပြီ။ ထို့ကြောင့် လေဘေးဒုက္ခသည်များအတွက် စာရေးသူလှူဒါန်းမည့်ငွေမှာ မန္တလေးမြို့ဆုတောင်းရ

ဘုရားဝင်း တရားပွဲနှစ်ညမှရရှိငွေ သိန်းကိုးဆယ် နှင့် စာရေးသူနဝကမ္မမှ သိန်းငါးဆယ်၊ သကျသီဟ ဘုရားဝင်း တရားပွဲမှ သိန်းတစ်ရာ၊ စစ်ကိုင်းမြို့ တရားပွဲမှ သိန်းရှစ်ဆယ်၊ တရုတ်တိုင်ပေတွင် နေ ထိုင်သူ စာရေးသူ၏စာဖတ်ပရိသတ်တစ်ဦးမှ သိန်း ခုနစ်ဆယ်၊ တစ်ဦးချင်းလာရောက်လှူဒါန်းငွေ သိန်း လေးဆယ် စုစုပေါင်းဝတ္ထုငွေ ကျပ်သိန်းလေးရာ သုံးဆယ်ခန့်နှင့် ပစ္စည်းမျိုးစုံ ဆယ့်နှစ်ဘီးကား နှစ်စီးတိုက်တို့ ဖြစ်ပေသည်။

လေဘေးကြောင့် ဒုက္ခရောက်ကျန်ရစ်ခဲ့သော မိဘမဲ့ကလေးပေါင်း သုံးရာကျော်ခန့်ရှိသည်ဟုသိရ သည်။ ထိုကလေးများကိုလည်းတတ်နိုင်သလောက် ကျွေးမွေးစောင့်ရှောက်ဖို့ ဆုံးဖြတ်ထားသည်။ ဗုဒ္ဓ ဘာသာများက မမွေးမြူလျှင် ထိုကလေးအားလုံး ဘာသာခြားထဲရောက်သွားကြမည်ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲကလည်း ထိုမိဘမဲ့ ကလေးများအတွက် ဖျာပုံမြို့နှင့် လပွတ္တာမြို့တို့တွင် မိဘမဲ့ကလေးများ မွေးမြူစောင့်ရှောက်ရေးပရဟိတ ကျောင်းများတည်ထောင်ပေးမည်ဟုအသိပေးလိုက် သောကြောင့် ကျေးဇူးတင် ဝမ်းမြောက်ရပေသည်။ (၁၉။ ၅။ ၂၀၀၈)နေ့ကမန္တလေးအိုးဘိုအကျဉ်းထောင် အကျဉ်းသားငါးထောင်ကျော်တို့အား ထမင်းတစ်နပ် ကျွေးပြီး တရားဟောပေးခဲ့သည်။

ထမင်းတစ်နပ်စာအတွက် နှစ်ဆယ့်ငါးသိန်းခန့် ကုန်ကျခဲ့သည်။ အကျဉ်းထောင် ထမင်းကျွေးအလှူ က ဦးသွားသောကြောင့်လည်း လေဘေးတွင်ထင် သလောက် မလှူနိုင်ခြင်းဖြစ်သည်။ နောက်ဆက်တွဲ သတင်းအရ သီတဂူဆရာတော်နှင့် အရှင်ဆေကိန္ဒ တို့သည်လည်း လေဘေးဒုက္ခသည်များအတွက် သိန်းရာပေါင်းများစွာလှူဒါန်းနေကြောင်းသိရသည်။

## ဉာဏ်ယှဉ်သောဒါနနှင့် ဉာဏ်မယှဉ်သောဒါန

ဒါနသည် ဉာဏ်ယှဉ်သောဒါနနှင့် ဉာဏ်မယှဉ် သော ဒါနဟူ၍ နှစ်မျိုးရှိ၏။ လောကအတွက် သာသနာအတွက် တကယ်အကျိုးရှိမည့်နေရာကို ရွေးချယ် လှူဒါန်းသောဒါနသည် 'ဉာဏ်ယှဉ်သော ဒါန'ပင် ဖြစ်ပါသည်။ ထိုသို့ ရွေးချယ်ခြင်းမပြုဘဲ အာဏာမြဲဖို့၊ ရာထူးတက်ဖို့၊ အငယ်အနှောင်း နောက်သို့ လိုက်သွားသောဇနီး(သို့)ခင်ပွန်းပြန်လာဖို့ စသော မျှော်လင့်ချက်တစ်ခွဲသားဖြင့် ယတြာချေ သည့် အနေအားဖြင့် ရမ်းသမ်းလှူဒါန်းသော ဒါန မျိုးကား 'ဉာဏ်မယှဉ်သောဒါန'ပင် ဖြစ်၏။

ဉာဏ်ယှဉ်သောဒါနကို 'တိဟိတ်ဒါန'ဟု ခေါ် ဆိုနိုင်ပြီး၊ ဉာဏ်မယှဉ်သောဒါနကို'ဒွိဟိတ်ဒါန' ဟု ခေါ်ဆိုနိုင်သည်။ လေဘေးဒုက္ခသည်များကို လှူ ဒါန်းခြင်းသည် ဉာဏ်ယှဉ်သောဒါနပင်ဖြစ်သည်။ ဉာဏ်ယှဉ်သောဒါနကို ပြုခဲ့သောသူများသည်ဖြစ် ရာဘဝတွင် ပစ္စည်းဥစ္စာများပေါများ ကြွယ်ဝသည့် အပြင် ဉာဏ်ပညာလည်း ထက်မြက်ကြသည်။ ဘု ရားတရားတော်ကိုတစ်ကြိမ်နာကြားရုံမျှနှင့် ရဟန္တာ ဖြစ်သည်အထိ–အသိဉာဏ်ပညာကြီးမားကြသည်။

ဉာဏ်မယှဉ်သောဒါနကို ပြုခဲ့သူများသည်ကား ဖြစ်ရာဘဝတွင် ဥစ္စာပစ္စည်းကား ပေါများချမ်းသာပါ ၏။ သို့သော် အကြောင်းတရားကုသိုလ်ပြုစဉ်က တည်းက ဉာဏ်မယှဉ်ခဲ့သောကြောင့် လူချမ်းသာ ဘဝရောက်ရသော်လည်း ဉာဏ်မပါသော ဒွိဟိတ် ပုဂ္ဂိုလ်သာ ဖြစ်ရတော့သည်။

## အာဏာမြေနှင့် စေတနာမြေ

စာရေးသူ မြို့နယ်တစ်ခုတွင် ရိပ်သာစတည် စဉ်က ကျောင်းမြေမှာ ကျဉ်းကျဉ်းလေး ဖြစ်သည်။ မြေပြန့်ပင် မပါပေ။ တောင်ကုန်းလေတစ်ခုကို လှူဒါန်းခြင်း ဖြစ်သည်။ ပေသုံးဆယ် ပေခုနစ်ဆယ် ကျောင်းတစ်ကျောင်း ဆောက်နိုင်လောက်အောင် ပင် မြေပြန့်မပါသဖြင့် တောင်ကုန်းကို ဘူဒိုဇာနှင့် ထိုးချပြီး မြေညှိရသေးသည်။

တစ်နေ့တွင် ရာထူးအတန်မြင့်သော အရာရှိ

ကြီးတစ်ယောက်သည် စာရေးသူ၏ တရားပွဲတစ်ပွဲကို မထင်မှတ်ဘဲ နာမိရာမှတစ်ဆင့် စာရေးသူကို ကြည်ညိုသွားခဲ့၏။ တရားနာဖို့ တစ်နာရီအချိန်ပေးသော ထိုအရာရှိကြီးကို လေးစားရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူအများစုသည် ဂေါက်ရိုက်ဖို့၊ အရက်သောက်ဖို့ အချိန်အတော်များများ ပေးနိုင်ကြသော်လည်း တစ်နာရီခန့် တရားနာဖို့ အချိန်ကို မပေးနိုင်ကြသောကြောင့် ဖြစ်သည်။

တစ်ရက်တွင် သူသည် ကျောင်းသို့ရောက်လာကာ ကျောင်ဝင်းကို လှည့်လည်ကြည့်ရှုပြီးနောက် စာရေးသူအား ယခုလို လျှောက်ထား၏။

''ဆရာတော်၊ ကျောင်းဝင်းက သိပ်ကျဉ်းနေတယ်၊ ကျောင်းဝင်းမြေကျယ်သွားအောင် တပည့်တော် အကျိုးဆောင်ပေးပါ့မယ် ဘုရား''

အကျိုးဆောင်ပေးမည် ဆိုသည်မှာ အာဏာသုံးပြီး ကျောင်းဝင်းနှင့် တစ်စပ်တည်း ခြံမြေများကို သိမ်းပေးမည်ဟု ဆိုလိုခြင်းပင်ဖြစ်၏။ စာရေးသူသာ ငြိမ်နေလျှင် ကျောင်းပတ်ဝန်းကျင်မှ ခြံရှင်များ ဒုက္ခရောက်ကြတော့မည်။ လောဘဦးဆောင်သော ကိလေသာဆယ်ပါးကို ပယ်သတ်ဖို့ ရိပ်သာလာဖွင့်သော ဆရာတော်တစ်ပါးသည် သူတစ်ပါးမြေကို မတရားသဖြင့်လိုချင်နေပါကသူပြသောတရားသည် လောဘကြီးမား များပြားရေးတရားသာ ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့်–

''ဒကာကြီး၊ အာဏာသုံးပြီး သိမ်းမှရမယ့်မြေကို ဆရာတော် မလိုချင်ပါဘူး၊ စေတနာနဲ့လှူတဲ့မြေကိုပဲလိုချင်ပါတယ်၊ ဒါကြောင့်ကျောင်းမြေကျယ်ဖို့အတွက် စိတ်ထဲမှာထားမနေပါနဲ့၊ သာသနာ့မြေကျယ်အောင်ပဲ တတ်နိုင်တဲ့ဘက်က ကြိုးစားပေးပါ''

**ရှင်ဥပဂုတ်လှူရခြင်းအကြောင်း**

အညာဒေသမြို့တစ်မြို့တွင် တရားဟောစဉ်ကပင် ဖြစ်၏။ တည်းခိုသော ရိပ်သာကျောင်းဝိုင်းထဲတွင် ရှင်ဥပဂုတ် ကျောင်းဆောင်ကြီးတစ်ဆောင်ကို တွေ့ရ၏။ ရေကန်၊ ကျောင်းဆောင်၊ ရုပ်တုသုံးမျိုးပေါင်းလျှင် သိန်းငါးဆယ်ကျော်ခန့် တန်ဖိုးရှိသည်။ အကျိုးမရှိ အချည်းနှီးကုန်သွားရသော ငွေသည် မီးလောင်ခံရသော ပစ္စည်းကဲ့သို့ အလွန်နမြောဖို့ကောင်းသည်။ ထို့ကြောင့် ကျောင်းအကျိုးဆောင် ဒကာကြီးတစ်ယောက်ကို ချက်ချင်းမေးခွန်းထုတ်မိသည်။

''ဒကာကြီးက ဒီကျောင်းနဲ့ ဘယ်လိုပတ်သက်ပါသလဲ''

''တပည့်တော် ဒီကျောင်းက အကျိုးဆောင်ပါဘုရား''

''ကျောင်းအကျိုးဆောင်၊ ရိပ်သာအကျိုးဆောင်ဆိုတာ လာလှူတဲ့အလှူငွေလေးစာရင်းမှတ်ပေးရုံနဲ့ မလုံလောက်သေးဘူးဗျ၊ ကျောင်းနဲ့ပတ်သက်တဲ့ဒကာများကလာလှူတဲ့အခါလောကအတွက် သာသနာအတွက် အကျိုးရှိတဲ့နေရာမှာ ရွေးချယ်လှူတတ်ဖို့ ရှင်းပြသင့်တယ်။

''ကျောင်းထိုင်ဆရာတော်ရော အကျိုးဆောင်ဒကာတွေပါ အလှူရှင်တွေ ပိုင်ဆိုင်တဲ့ငွေကို ကိုယ့်ငွေလိုသဘောထားပြီး မကုန်သင့်တာမကုန်အောင် မလှူသင့်တဲ့နေရာ မလှူအောင် လှူသင့်တဲ့နေရာလှူအောင် ဝိုင်းဝန်းစောင့်ရှောက် အကြံပေးသင့်တယ်၊ ဒီ ရှင်ဥပဂုတ်ကန်ကြီးနဲ့ ကျောင်းဆောင်ကြီးလှူတာ လောကအတွက်ရော သာသနာအတွက်ပါ ဘာမှအကျိုးမရှိဘူး။

''အလှူရှင်ကို ဒီနေရာမျိုး မလှူသင့်တဲ့အကြောင်း ဒကာကြီးတို့ ကျောင်းအကျိုးဆောင်တွေက နားလည်အောင် ရှင်းမပြကြဘူးလား။ အလှူရှင်ရဲ့ ငွေကုန်တာ တို့ငွေကုန်တာမှတ်လို့ အကျိုးရှိရှိ မရှိရှိ ထည့်မတွက်ဘူး၊ တို့ကျောင်းဝိုင်းထဲ လှူရင်ပြီးတာပဲလို့ သဘောထားပြီး ရှင်းမပြကြတာလား''

''မဟုတ်ပါဘူးဘုရား၊ တပည့်တော်လည်း ဆရာတော်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ၊ ဝိဘဇ္ဇဉာဏ် ရှိသင့်သလောက် ရှိပါတယ်ဘုရား။

အလှူရှင်ကိုလည်း တပည့်တော်ရှင်းပြပါတယ်၊ ဒီ ရှင်ဥပဂုတ်ပုံကြီးလှူခြင်းဖြင့် လောကအတွက်ရော သာသနာအတွက်ပါ ဘာမှအကျိုးမရှိဘူး။ အခု ကျွန်တော်တို့ရိပ်သာထဲမှာ ဓမ္မာရုံကြီးတစ်ခုဆောက် ဖို့ရှိတယ်၊ မတည်မယ့်သူမရှိလို့ မဆောက်ရသေးပါ ဘူး။

''ရှင်ဥပဂုတ်ဆောင်ကြီးဆောက်ရင် သိန်းငါး ဆယ်ကျော်လောက် ကုန်မှာပါ။ အဲဒီမှာ ကုန်မယ့်ငွေ သိန်းငါးဆယ်ကို ဓမ္မာရုံဆောက်ဖို့အတွက် မ,တည် ပေးပါလို့ ပြောပါတယ်၊ မရဘူးဘုရား။ ရှင်ဥပဂုတ်မှ ရှင်ဥပဂုတ်ပဲတဲ့ ဘုရား၊ တစ်ပြားမှ မလျှော့ဘူး''

''ဒီလောက် ရှင်းပြနေတဲ့ကြားထဲက ဒီလူက ဘာဖြစ်လို့ ရှင်ဥပဂုတ်ကိုပဲ လှူချင်နေရတာလဲ''

''သေချာ လိုက်စုံစမ်းကြည့်လိုက်တော့ ဒီလူရဲ့ အမျိုးသမီးကအငယ်အနှောင်းနောက်ကို လိုက်သွား သတဲ့ဘုရား။ အဲဒါ ဗေဒင်ဆရာကို သွားမေးတော့ အမျိုးသမီး ပြန်လာစေချင်ရင် ကျောင်းတစ်ကျောင်း မှာ ရှင်ဥပဂုတ်လှူပါ၊ အမျိုးသမီး ပြန်လာပါလိမ့် မယ်လို့ ဟောသတဲ့ဘုရား''

ဤအလှူမျိုးသည်ကား ဉာဏ်မယှဉ်သော အလှူမျိုးသာဖြစ်၏။ ထိုအလှူရှင်များသည် အလှူ ဒါနကြောင့် နောက်ဘဝတွင် ဥစ္စာစည်းစိမ်ကား ပေါများချမ်းသာနိုင်ပါ၏။ သို့သော် အလှူဒါန ပြု စဉ်ကတည်းက လောကကောင်းစားဖို့ ဉာဏ်ယှဉ် ပြီး လှူခဲ့သည်မဟုတ်ဘဲ ငါ ကောင်းစားဖို့ ဉာဏ် မယှဉ်ဘဲ လှူခဲ့သည်ဖြစ်သောကြောင့် ဉာဏ်မပါ သည့် ဒွိဟိတ်ပုဂ္ဂိုလ်မျိုးသာဖြစ်ရပါလိမ့်မည်။

### အလှဆုံး သို့သော် အ,အဆုံး

မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့တစ်မြို့တွင် အင်မ တန် ပေါများကြွယ်ဝချမ်းသာသော မိသားစုတစ်စု ကို တွေ့ခဲ့ရဖူး၏။ သူတို့တွင် သားသမီးငါးယောက် ရှိ၏။ အကြီးလေးယောက်သည် သမီးများချည်းဖြစ် ပြီး အငယ်ဆုံးသာ သားဖြစ်သည်။ စာရေးသူတွေ့ ခဲ့ရစဉ်က ထိုသားငယ်သည် ဆယ့်ခြောက်နှစ်ခန့် သာရှိသေးသည်။ ဖြူဝင်းပြီး လှပချောမွေ့သူလေး ဖြစ်သည်။ ရဟန်းဝတ်လိုက်လျှင် အလွန်သပ္ပါယ် ပြီး လူကြည်ညိုများမှာပဲဟုတွေးမိပြီး ရဟန်းပြုစေ ချင်သည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့၏။

သူ့အကြောင်းကို သေချာသိသည်နှင့် ရဟန်းပြု စေချင်သည့်ဆန္ဒများ ချက်ချင်းပျောက်ကွယ်သွား တော့သည်။ အကြောင်းကား ထိုကလေးသည် စကားမပြောတတ်သည့် အ,အလေးတစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။ တချို့ ဆွံ့အသူကလေးများ မှာ ဉာဏ်ပါသောကြောင့် ဆွံ့အ, နားမကြား ကျောင်းတွင် စာသင်ပါက တတ်မြောက်သည်။

ယခုဖော်ပြသောကလေးကား ဆွံ့အသည့်ပြင် ဉာဏ်ပါမပါသောကြောင့် စာသင်၍ မရပေ။ ဉာဏ် မပါလိုက်ပုံမှာ သူထမင်းဆာသည်ကိုပင် ဆာသည် ဟု မသိပေ။ မိဘများက အလိုက်တသိကျွေးလျှင် စားသည်။ မကျွေးလျှင် မစားပေ။ မိဘများသာမရှိ လျှင် ထိုကလေးသည် ရှေ့သို့မည်ကဲ့သို့ စခန်းသွား ရမည်မသိ။ တွေးမိတိုင်း ရင်လေးဖွယ်ကောင်းလှ သည်။

ထိုကလေး အသိဉာဏ်ပညာ မပါလိုက်ပုံမှာ တစ်နေ့တွင် သူနှင့် သူ့အရွယ်ကလေး သုံးလေး ယောက်တို့ အုန်းသီးခွဲစားကြသည်။ သူ့သူငယ်ချင်း တစ်ယောက်က အုန်းသီးအခွံကို စတင်ခွာလျက်ရှိ သည်။ သူငယ်ချင်းကအုန်းသီးပေါ်ဓားဖြင့်ခုတ်လိုက်၊ ကလန့်ပြီးခွာလိုက်နှင့် သူ့အလုပ်သူ အာရုံစိုက်ပြီး လုပ်နေသည်။ ထိုသူငယ်က အနားမှာထိုင်ပြီး အုန်း သီးခွံခွာသည်ကို စိုက်ကြည့်လျက်ရှိသည်။

လျှပ်တစ်ပြက်အတွင်းမှာပင် မည်သူမျှ သတိ မပြုမိသော အလုပ်တစ်ခုကို ထိုသူငယ်ကပြုလုပ် လိုက်သည်။ သူပြုလုပ်လိုက်ပုံကား ခုတ်နေသော ဓားအောက်သို့ သူ့ညာလက်ချောင်းများကို လျှိုသွင်း လိုက်ခြင်းပါတည်း။ ထိုကလေး၏ လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်း ပြတ်ထွက်သွားသည်။ ထို

သူငယ်သည် ခုတ်နေသောဓားအောက်သို့ လက်လျှိုလိုက်လျှင် ပြတ်သွားနိုင်သည်ဟူသော အသိဉာဏ်မျိုးပင် ပါရှိမလာခဲ့ချေ။

အကျိုးတရားကိုမြင်လိုက်သည်နှင့် အကြောင်းတရားကို ပြန်ရှာဖို့ မခဲယဉ်းတော့ချေ။ ထိုသူငယ်သည် သူဌေးသားဖြစ်ပြီး ချမ်းသာကြွယ်ဝခြင်း၊ ရုပ်ရည်လှပ ချောမောခြင်းတို့သည် သဒ္ဓါတရားဖြင့် အလှူဒါန ပြုခဲ့သောကြောင့် ဖြစ်သည်။ သို့သော် သူပြုခဲ့သောဒါနသည် လောကအတွက်၊ သာသနာအတွက်တကယ်အကျိုးမများသောဉာဏ်မယှဉ်သည့်ဒါနမျိုးသာ ဖြစ်သည်။ ထို့ကြောင့် ဉာဏ်ပညာမပါသည့် အဖျင်း အ,အဘဝမျိုးသို့ ရောက်ရခြင်းဖြစ်သည်။ ကိုယ့်ပစ္စည်းနှင့်ကိုယ် အဖျင်း အ,အ ဘဝရောက်ရခြင်းမှာ နစ်နာလှသည်။ အလှူဒါနပြုသူတိုင်း အကျိုးများမည့်နေရာ လှူမိဖို့ သတိပြုသင့်သည်။

### ပြုပြင်ရမည့် အလှူများ

ပထမဆုံးပြုပြင်ရမည်မှာ ဘုန်းကြီးပျံပွဲများ ဖြစ်သည်။ 'ဘုန်းကြီးသေ ရွာကြေ' ဟူသော စကားသည် ဘုန်းကြီးတစ်ပါးပျံတော်မူလျှင် ထိုရွာအတွက် မည်မျှလောက်ထိ ဒုက္ခရောက်သွားသည်ကို မီးမောင်းထိုးပြနေခြင်း ဖြစ်သည်။ ကမ္ဘာတွင် မြန်မာသည် အလှူဒါနအပြုဆုံး ဖြစ်သည်။ အလှူ ဒါနအပြုဆုံးမြန်မာသည် ကမ္ဘာတွင် အချမ်းသာဆုံးဖြစ်သင့်၏။

သို့သော် ယခုအချိန်ထိ မြန်မာသည် ကမ္ဘာတွင် အဆင်းရဲဆုံးစာရင်း၌ ပါဝင်နေရသည်မှာ ဉာဏ်မယှဉ်သော ဒါနတွေကများနေသောကြောင့်ဖြစ်သည်။ ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူသည်နှင့် သက်ဆိုင်ရာ ကျောင်းထိုင်တပည့်ဆရာတော်များက သူ့ရွာကိုယ့်ရွာအပြိုင် လောင်တိုက်များ၊ ဇာတ်များ၊ အငြိမ့်များ၊ ဆိုင်းများ အပြိုင်အဆိုင်ငှားရမ်းပြီးပူဇော်ကြတော့သည်။

'တန်ဆေး၊ လွန်ဘေး'ဟူသော စကားအတိုင်း မိမိနိုင်သလောက် မလှူဘဲ မနိုင်ဝန်ကို ထမ်းပြီး ပူဇော်ကြသောအခါ ဘုန်းကြီးပျံပြီးသည်နှင့် စားစရာ မကျန်အောင် ဖြစ်သွားကြတော့သည်။ ဤသို့ မဖြစ်ဖို့အတွက် ဘာသာရေးတွင် ခေါင်းဆောင်ဖြစ်သော ကျောင်းထိုင်ဆရာတော်များအမြင်ကျယ်ရန် အထူးလိုအပ်သည်။ ဒကာ, ဒကာမတို့၏ ငွေကြေးကို မိမိ၏ငွေကြေးလို သဘောထားပြီး မကုန်သင့်သည့်နေရာတွင် မကုန်အောင် လမ်းပြပေးသင့်သည်။

ဖြစ်သင့်သည်မှာ ဆရာတော်ကြီးတစ်ပါး ပျံတော်မူသည်နှင့် သက်ဆိုင်ရာဆရာတော်များနှင့်ရွာသားများကို အသိပေးအကြောင်းကြားရုံသာ လုပ်ရမည်။ အိမ်တစ်အိမ် ရွာတစ်ရွာ မည်မျှထိထည့်ဝင်လှူဒါန်းရမည်စသော သူပုန်များ ဆက်ကြေးခွဲသည့်ပုံစံမျိုး မလုပ်သင့်ပေ။ ထိုအပြုမူမျိုးသည် ကုသိုလ်ထက် အကုသိုလ်ကိုပိုဖြစ်စေသည်။ ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်စေသည်။

သေစာရင်စာအဖြစ်ထားသော ပစ္စည်းလေးများကို အပေါင်ဆိုင်ပို့ပြီး ဘုန်းကြီးပျံအတွက် ခွဲတမ်းကို မဖြစ်မနေ ထည့်ရသည်ဆိုခြင်းမှာ အရပ်ရပ် ကြားလို့မှ မသင့်လျော်ပေ။ ငါ့ပူဇော်ပွဲအတွက် ဒကာ, ဒကာမတွေ စားစရာမရှိအောင် ဆင်းရဲသွားသတဲ့ဟုသိရလျှင် ပျံတော်မူသွားသည့် ဆရာတော်ကြီးသည်လည်း စိတ်ဆင်းရဲမည်မှာ အမှန်ပင်။

နောင်ဘဝရောက်သည်အထိ ဒကာ, ဒကာမတို့အပေါ် မေတ္တာထားသော ဆရာတော်ကြီးအချို့ကား ပျံလွန်တော်မမူမီ အရေးတကြီးထားပြီး ကြိုတင်မှာကြား တတ်ကြ၏။ တောင်တွင်းကြီးမြို့၊ ဒက္ခိဏာရုံကျောင်း ဆရာတော်ကြီးပျံလွန်တော်မမူမီ ရေးသားခဲ့သော ဘုန်းကြီးပျံမှာတမ်း လင်္ကာလေးကို ဖတ်ကြည့်ပါ။

**ဘုန်းကြီးပျံမှာတမ်း**

ဝိညာဉ်ကွေကွင်း၊ ငါ့ရုပ်ကြွင်း၊
ချက်ချင်းခေါင်းထဲထဲ့ (ထည့်)။

ကုတင်မှာပြောင်၊ အထည်ရှောင်၊
လှအောင်မဆင်နဲ့။
မီးပုံသို့သွင်း၊ တစ်နေ့ချင်း၊
လက်ငင်းမီးရှို့ကွယ့်။
တစ်ပါးနှစ်ပါး၊ သံဃာများ၊
တတ်အားသလောက်နဲ့။
မင်းကျောင်း, မိုးကောင်း၊ စမ်းဖျားပေါင်း၊
ထပ်လောင်း မိုးထိထဲ့(ထည့်)။
မစိုးရိမ်နှင့်၊ ဗိမာန်ပင့်၊
တော်သင့်လောက်ပြီကွယ့်။
ကုသိုလ်လိုလို၊ ဘာလိုလို၊ အပိုမလုပ်နဲ့။
(တောင်တွင်းကြီးမြို့၊
ဒက္ခိဏာရုံကျောင်းဆရာတော်)

အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးဆိုလျှင် မြန်မာတွင်သာမက ကမ္ဘာကပါ ကြည်ညိုခံရသောဆရာတော်ကြီးတစ်ပါးဖြစ်သည်။ ကျမ်းပြုအကျော် စာသင်တိုက်ဆရာတော်ကြီး၏ ရုပ်ပန်ပြင်ဆင်ထားပုံမှာ အထက်တွင်ဖော်ပြခဲ့သောလင်္ကာအတိုင်းပင် ဖြစ်သည်။

ရိုးရိုးကုတင်ကြီးတစ်လုံးပေါ်တွင် ပိတ်စအဖြူလေးခင်းပြီး အပေါ်မှသင်္ကန်းလေး ခြုံထားရုံသာဖြစ်သည်။ အဝေးမှတပည့်များ လာရောက်ကန်တော့နိုင်ရန် သုံးရက်ထားသည်။ မည်သည့်အတီးအမှုတ်မှ မပါ၊ တရားပွဲများသာပါသည်။ သုံးရက်ပြည့်ချိန်တွင် တပည့်သံဃာတော်များ ကိုယ်တိုင်ထမ်း၍ ကျောင်းဝင်းအတွင်းမှာပင် မီးသင်္ဂြိုဟ်ခဲ့သည်။

ဇာတ်ပွဲများ၊ ဆိုင်းများ၊ လောင်တိုက်များအတွက် ကုန်ကျမည့်ငွေများကို ပျံတော်မူသွားသည့် ဆရာတော်ကြီးအတွက် ရည်မှန်း၍ မူလတန်းကျောင်းဆောင်သော်လည်းကောင်း၊ ဆေးရုံတိုးချဲ့ဆောင်သော်လည်းကောင်း ဆောက်ပေးခဲ့လျှင် မည်မျှ အကျိုးရှိလိုက်မည်နည်း။ တမလွန်သို့ ရောက်သွားသည့် ဆရာတော်ကြီး သိခဲ့လျှင်လည်း မည်မျှဝမ်းသာလိုက်မည်နည်း။

**အတုယူရမည့် အလှူတစ်ခု**

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်တွင် နံ့သာမြိုင်အမည်ရှိအနာကြီးရောဂါသည်ရွာကြီးတစ်ရွာရှိသည်။ ထိုရွာတွင် သပ်ရပ်ခန့်ညားသော မူလတန်းကျောင်းဆောင်ကြီးတစ်ဆောင် ရှိသည်။ ထိုကျောင်းရှိ ခန်းမတွင် စာရေးသူသည် အနာကြီးရောဂါသည်များကိုယ်တိုင်ချက်ပြုတ် လှူဒါန်းဆက်ကပ်သည့်ဆွမ်းကို မြိန်မြိန်ယှက်ယှက် ဘုဉ်းပေးခဲ့ဖူးသည်။

၂၀၀၇–ခုနှစ် ၅–လပိုင်းက စာရေးသူဦးဆောင်၍ နံ့သာမြိုင်ရွာရှိ အနာကြီးရောဂါသည် မိသားစုများနှင့် ရေနံ့သာ အနာကြီးရောဂါဆေးရုံရှိ လူနာများအား ၅၈–သိန်းခန့် တန်ဖိုးရှိသည့်ငွေနှင့် ပစ္စည်းများကို လှူဒါန်းခဲ့သည်။ ညတရားပွဲတစ်ညဟောပြီး ရေနံ့သာဆေးရုံဝင်းအတွင်းမှာပင် ကျိန်းစက်ခဲ့သည်။ တရားပွဲမှရသော ဓမ္မပူဇာငွေများကိုလည်း နွမ်းပါးသော မိသားစုများအား ခွဲဝေလှူဒါန်းခဲ့သည်။

စာရေးသူ တရားဟောကြွမည့် ထိုရွာမှာပင် ဆွမ်းစားမည်ဆိုသည်နှင့် ဆေးရုံအုပ်ကြီးဒေါက်တာမြတ်သီတာက ဆွမ်းကို သူတို့ဆေးရုံဝန်ထမ်းတွေ ဆက်ကပ်မည်ဖြစ်ကြောင်း လျှောက်ထားသည်။ စာရေးသူက လက်မခံ၊ နံ့သာမြိုင်ရွာမှ အနာကြီးရောဂါသည်များ ကိုယ်တိုင်ချက်ပြီး ကိုယ်တိုင်ကပ်သော ဆွမ်းကိုသာစားမည်ဟု ပြောလိုက်ရာ ဒေါက်တာအတော် အံ့သြသွားသည်။

စာရေးသူကား ရောဂါသည်မိသားစုများအား ရုပ်ဝတ်ပိုင်းဆိုင်ရာကိုသာ အဆင့်မြင့်အောင် ထောက်ပံ့ကူညီလိုသည် မဟုတ်၊ ထိုရောဂါသည်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ မြှင့်တင်ကူညီလိုသူဖြစ်သည်။ အများစုက သူတို့ကို လူစာရင်းမှထုတ်ပယ်ပြီး လူတို့နှင့်ဝေးရာ တောကြီးထဲပစ်ထားချိန်တွင် နာမည်ကြီးဆရာတော်တစ်ပါးက သူတို့ရှိရာ တရားလာဟောပေးပြီး၊ သူတို့ကပ်သော ဆွမ်းကို

မြိန်ယှက်စွာ ဘုဉ်းပေးသည်ကို မြင်ရသောအခါ ဆွမ်းကပ်ခွင့်ရသော ရောဂါသည်မိသားစုများမှာ မျက်ရည်ကျလောက်အောင် ဝမ်းသာနေသည်ကို တွေ့ရသည်။

စာရေးသူသည် သူတို့အား ရုပ်အာဟာရ သာမက နာမ်အာဟာရပါ ကျွေးလိုက်သည်ဟု ဆိုလျှင်လည်း မမှားပေ။ ၅၈-သိန်းသော ငွေကိုရသော ဝမ်းသာမှုထက် သူတို့ကျွေးသောဆွမ်းကို စာရေးသူနှင့် သံဃာငါးပါးအပါအဝင် ပရိသတ်ပေါင်းတစ်ရာကျော်တို့ မြိန်ယှက်စွာ စားသောက်နေသည်ကို မြင်ရသောဝမ်းသာမှုကား အဆပေါင်းများစွာ သာလွန်ကြောင်းကို သူတို့၏ ပီတိမျက်နှာများက အထင်အရှား ဖော်ပြနေသည်။

**မှတ်ချက်။** ။လေးစားစရာကောင်းလှသော ဒေါက်တာမြတ်သီတာအကြောင်းကို 'အသာစံခြင်းနှင့် အနာခံခြင်း'စာအုပ်တွင် အကျယ်ရေးသားပါမည်။

ထိုရွာမှ ဝေဒနာရှင်အားလုံးသည် အစွမ်းထက်သော အမ်ဒီတီအမည်ရှိ ဆေးပေါင်းကို သောက်ထားပြီးဖြစ်၍ အနာကြီးရောဂါပိုး မရှိတော့ပါ။ ရောဂါပိုး၏ ဒဏ်ရာဒဏ်ချက်ဖြစ်သော လက်တိုခြေတို၊ မျက်စိဖွင့်မရ စသည်တို့ကား ရှိပါသည်။ ထိုအရာတို့သည် အနာပျောက်သွားသော်လည်း အမာရွတ်ကျန်နေခြင်းမျိုးသာ ဖြစ်သည်။ ရောဂါပိုးမရှိတော့သဖြင့် သူတို့နှင့် ဖက်လှဲတကင်းနေပြီး သူတို့ကျွေးတာကိုစားသော်လည်း ရောဂါကူးစက်ခြင်း လုံးဝမရှိတော့ပါ။

စာရေးသူတို့ ဆွမ်းစားခဲ့သော ထိုမူလတန်းကျောင်းကြီးကို ဆောက်လှူသူမှာ ဂျပန်နိုင်ငံမှ အနာကြီးရောဂါသည် တစ်ဦးပင်ဖြစ်သည်။ အရင့်အရင် အစိုးရလက်ထက်တုန်းက အနာကြီးရောဂါသည်ဖြစ်နေသော ဂျပန်များကို ဆေးကုမပေးဘဲ ပင်လယ်ထဲရှိ ကျွန်းကြီးတစ်ကျွန်းတွင်သွားပစ်ထားကြသည်။

ယခုအစိုးရလက်ထက်တွင် ထိုသို့ စွန့်ပစ်ခံရသော ရောဂါသည်များအား နစ်နာကြေးပေးခြင်းဖြစ်သည်။ ထိုနစ်နာကြေးများကို ကာယကံရှင်နှင့် ကျန်ရစ်သူမိသားစုက နံ့သာမြိုင်တွင် မူလတန်းကျောင်း လာဆောက်လှူပေးခြင်း ဖြစ်သည်။ ဂျပန်တို့က မြန်မာတို့အား ဉာဏ်ယှဉ်သော ဒါနပြုနည်းကို သင်ပေးလိုက်သည် ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ ထိုသို့ သေသူအတွက် ရည်မှန်းပြီး အဆောက်အဦလှူပေးလျှင် တမလွန်ကပုဂ္ဂိုလ်မှာ အဆောက်အဦ ရပါသည်။ ဇာတ်ပွဲများ၊ ဆိုင်းများ၊ လောင်တိုက်များ လှူဒါန်းခြင်းဖြင့် အလှူပေးသူ ရောရည်မှန်းသူအတွက်ပါ ဘာမျှရနိုင်သည်မဟုတ်ပေ။ ဂျပန်များသည် ဉာဏ်ယှဉ်သော ဒါနတို့ကို ပြုခြင်းကြောင့် လှူသလောက် ချမ်းသာနေခြင်း ဖြစ်သည်။

## ပိုးဟပ်စာ ဖြစ်သွားသော ပိဋကတ်သုံးပုံ

ကျောင်းတိုက်များသို့ ပိဋကတ်သုံးပုံ လှူခြင်းမှာ ကောင်းပါသည်။ သို့သော် လိုတာထက် ပိုလှူလျှင်သော်လည်းကောင်း၊ စာမကြည့်သောကျောင်းသို့ လှူလျှင်သော်လည်းကောင်း မကောင်းပါ။ တချို့သော အလှူရှင်များသည် မည်သည့်ပစ္စည်းလှူလှူ မိမိကိုးကွယ်ရာ ကျောင်းကိုသာလှူသည်။ တခြားမည်သည့်ကျောင်းကိုမှ မလှူ။

ထို့ကြောင့် ပိဋကတ်သုံးပုံ လှူခွင့်ကြုံလာလျှင် တကယ်လိုအပ်နေသောကျောင်းကို ရှာဖွေ၍ လှူခြင်းမပြု၊ မိမိကိုးကွယ်ရာကျောင်းကိုသာ သွားလှူသည်။ ထိုကျောင်းတွင် ပိဋကတ်သုံးပုံမှာ အစုံနှစ်ဆယ်ခန့် ရှိနေသည်။ အမှန်တကယ် အသုံးပြုမည်က တစ်စုံ၊ ကျန်ဆယ့်ကိုးစုံသည် ပိုးဟပ်စာသာ ဖြစ်သွားတော့သည်။

ထို့အတူ စာပေဝါသနာမပါသော ဗေဒင်ဟော၊ ဆေးကု၊ ဓာတ်ရိုက်၊ ဂဏန်းပေးသော ကျောင်းသို့ သွားလှူလျှင်လည်း ပိုးဟပ်စာလှူခြင်းနှင့် အတူတူ

ပင် ဖြစ်သည်။ ခန့်မှန်းကြည့်မိသည်မှာ မြန်မာပြည် အရပ်ရပ်ရှိ ပိုးဟပ်စာဖြစ်သွားသော ပိဋကတ်သုံးပုံများ၏တန်ဖိုးကို တွက်ကြည့်လိုက်လျှင် သိန်းပေါင်း လေးသောင်းနှင့် အထက်မှာ ရှိပေလိမ့်မည်။ ထိုငွေများဖြင့်ဆိုလျှင် အဆင့်မြင့် အထက်တန်းကျောင်းကြီးဆယ်ကျောင်း အသာလေး ဆောက်နိုင်ပေသည်။

ပိဋကတ်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဟု သုံးမျိုးရှိသည်။ ပါဠိတော်သည် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူချက်ဖြစ်သည်။ အဋ္ဌကထာနှင့် ဋီကာသည် စာတတ်ရဟန္တာနှင့် ပုထုဇဉ်ရဟန်းတော်များရေးသားခြင်းဖြစ်သည်။ အဋ္ဌကထာသည် ပါဠိတော်ကို အကျယ်ချဲ့ခြင်းဖြစ်ပြီး ဋီကာသည် အဋ္ဌကထာကို အကျယ်ချဲ့ခြင်း ဖြစ်သည်။

ပါဠိတော်သည် အုပ်နှစ်ဆယ်ရှိပြီး၊ အဋ္ဌကထာနှင့် ဋီကာသည်နှစ်ရပ်ပေါင်း အုပ်ရှစ်ဆယ်ခန့်ရှိသည်။ မြန်မာများ အများဆုံးလှူကြသည်မှာ ပါဠိတော် အုပ်နှစ်ဆယ်ဖြစ်သည်။ ထိုအုပ်နှစ်ဆယ်တွင် စာသင်သားသံဃာများ တကယ်အသုံးပြုနိုင်သော စာအုပ်မှာ သုံးအုပ်သာပါသည်။

ထိုသုံးအုပ်သည်လည်း ဓမ္မာစရိယတန်းအတွက်သာဖြစ်သည်။ ငယ်, လတ်, ကြီးများ အသုံးပြုနိုင်သည်မဟုတ်ပေ။ စာသင်တိုက်တို့တွင်လည်း အငယ်၊ အလတ်၊ အကြီးတန်း အပါးတစ်ရာရှိမှ ဓမ္မာစရိယခေါ် စာချတန်းကတစ်ပါးခန့်သာရှိသည်။

သာသနာအတွက် တကယ်အကျိုးရှိသော ကျမ်းစာအုပ်လှူနည်းကိုသင်ပြရလျှင် စာသင်တိုက်မှ ပဓာန နာယကဆရာတော်နှင့် သွားရောက်တွေ့ဆုံပါ။ တွေ့လျှင် ယခုလိုလျှောက်ပါ။

''အရှင်ဘုရား၊ တပည့်တော် စာချ၊ စာသင်၊ သံဃာတော်များ တကယ်အသုံးပြုနေတဲ့ ကျမ်းစာအုပ် တစ်သိန်းဖိုးခန့် လှူဒါန်းချင်ပါသည်၊ လိုအပ်တဲ့ ကျမ်းစာအုပ်စာရင်းကို ပေးပါဘုရား''

ထိုအခါဆရာတော်က လိုအပ်သောစာအုပ်များကို ရေးပေးပါလိမ့်မည်။ ထိုသို့လှူလျှင် ဉာဏ်ယှဉ်သောဒါန ဖြစ်သွားပါသည်။ ပိဋကတ်သုံးပုံပါဠိတော်အစုံရှိသော အဋ္ဌကထာ၊ ဋီကာ၊ နိဿယအစုံမရှိသော ကျောင်းများ ရှိတတ်သည်။ ထိုသို့သော ကျောင်းများသို့ အဋ္ဌကထာ၊ ဋီကာ၊ နိဿယအစုံကို လှူဒါန်းနိုင်ပေသည်။

### မြှုပြင်ရမည့် ကထိန်သင်္ကန်းနှင့် ဝါဆိုသင်္ကန်း

ကထိန်အလှူရှင်များသည် အဓိကနှင့်သာမညကို မခွဲတတ်သူက များသည်။ ကထိန်ခင်းမည်ဆိုလျှင် အဓိကသည် ကထိန်ခင်းသောကျောင်းမှ သံဃာတော်အပါးစေ့ သင်္ကန်းအကောင်းစားတစ်စုံစီ ရဖို့ဖြစ်သည်။

သာမညသည် ဖိတ်ထားသောပရိသတ်ကိုကျွေးမွေးခြင်းဖြစ်သည်။ ယခုခေတ်ကထိန်ပွဲလုပ်နည်းမှာ အလှူခံရထားသောငွေ ၂၅–သိန်းဆိုလျှင် သင်္ကန်းပရိက္ခရာအတွက် ငါးသိန်းခန့်ပဲ သုံးသည်။ ကျန်သော နှစ်ဆယ်သည် ပရိသတ်အကျွေးအမွေးထဲပါသွားသည်။

အမှန်ကား ထိုသို့မဖြစ်သင့်။ ကျောင်းရှိ သံဃာအားလုံးအတွက် သင်္ကန်းအကောင်းစား (တစ်စုံလျှင် နှစ်သောင်းခန့်တန်)တစ်စုံစီရအောင် ဝယ်လိုက်ပြီး ကျန်သောငွေကိုမှ ထိုက်သင့်သမျှပရိသတ်ကိုဧည့်ခံသင့်သည်။ လက်ကျန်ငွေ နည်းနေလျှင် မုန့်ဟင်းခါး၊ များလျှင် ထမင်းစသည်ဖြင့် တော်သလို စီမံသင့်သည်။

ယခုကား ထိုသို့မဟုတ်။ သာမညဖြစ်သော ပရိသတ်ကျွေးမည့်ငွေကို အရင်ထုတ်လိုက်ပြီး ထိုမှပိုသောငွေကိုမှ အဓိကဖြစ်သော ကထိန်သင်္ကန်းကို ဝယ်ယူရာ အဘယ်မှာလျှင်ကျောင်းရှိသံဃာအားလုံးကို စေ့ငအောင် သင်္ကန်းလှူနိုင်ပါမည်နည်း။

စာရေးသူသည် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်တွင် ၁၉၈၅ မှ ၁၉၈၈အထိ လေးနှစ်တိတိနေခဲ့သော်

လည်း ကထိန်သင်္ကန်းနှင့် ဝါဆိုသင်္ကန်းတစ်စုံမှ မရခဲ့ဖူးပေ။

ဝါဆို သင်္ကန်းကပ်ပွဲများကိုလည်း ကထိန်သင်္ကန်းကပ်ပွဲကဲ့သို့ ပြုပြင်ကြမည်ဆိုလျှင် စာသင်သား သံဃာများအတွက် ပိုမို အဆင်ပြေလာစရာ အကြောင်းရှိပေ၏။

**ဆရာ့ဂါထာ မြှုပြင်ရမည့်**
**ကျောင်းအလှူ**

မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာတစ်ရွာတွင် ကျောင်းလှူသောအမှု တစ်မှု ဖြစ်ပွား၏။ ကိုယ်တော်နှစ်ပါးဘွဲ့ကို ဦးသီလနှင့် ဦးသုတဟုပဲ ထားပါ။ ထိုအမှုတွင် ဦးသီလ အနိုင်ရသဖြင့် ဦးသုတ ကျောင်းပေါ်မှဆင်းပေးရသည်။

မည်မျှလောက် မှားနေနေ ကိုယ်နှင့် ပတ်သက်သောဘက်မှသာ ရပ်တည်မည်ဟူသောဝါဒသည် မြတ်စွာဘုရားနှင့် ဆန့်ကျင်ဘက်ဒေဝဒတ်နှင့် တိတ္ထိဆရာကြီးခြောက်ဦးတို့၏ ဝါဒဖြစ်သည်။

မည်သူမျက်နှာကိုမှ မကြည့်၊ မှန်ရာဘက်မှသာ နေမည်ဟူသောဝါဒသည် ဗုဒ္ဓ၏ဝါဒဖြစ်သည်။ မိဘ၊ ဆရာ၊ ဆွေမျိုးသားချင်းထက် အမှန်ကိုချစ်မှ ဓမ္မလွှမ်းမိုး၍ လောကကြီးငြိမ်းချမ်းသာယာမည်။ အမှန်တရားထက် မိဘဆရာ၊ ဆွေမျိုးသားချင်းကို ပိုချစ်မည်ဆိုလျှင် အဓမ္မလွှမ်းမိုး၍ လောကကြီးပူလောင် ဆူပွက်နေမည်သာဖြစ်သည်။ ဗုဒ္ဓဘာသာမှန်လျှင် အရာအားလုံးတို့ထက် အမှန်တရားကို ပိုချစ်သင့်သည်။

တတိယတန်းဖတ်စာတွင်ပါသော ရခိုင်ဘုရင်မင်းထီးသည် မိမိခန္ဓာ ကိုယ်ထက်ပင် အမှန်တရားကို ပိုချစ်သူ ဖြစ်၏။ နန်းတော်ထဲတွင် ကွမ်းစားပြီး ထုံးများကို နန်းတော်တိုင်တွင် သုတ်တတ်ကြသဖြင့် မင်းကြီးကိုယ်တိုင် ဥပဒေ ထုတ်ပြန်၏။ နန်းတော်တိုင်ကို ထုံးသုတ်လျှင် သုတ်သောလက်ညှိုးကို ဓားဖြင့်ဖြတ်စေ။ တစ်ရက်တွင် ဘုရင်မင်းထီးကိုယ်တိုင် မေ့လျော့ပြီး နန်းတော်တိုင်ကို ထုံးသုတ်မိ၏။

အမတ်တစ်ဦးက ထိုဖြစ်ရပ်ကို ရက်စွဲဖြင့် အတိအကျ မှတ်ထား၏။ တစ်နေ့တွင် နန်းတော်တိုင်တွင် သုတ်ထားသော ထုံးများကိုတွေ့သဖြင့် ဘုရင်မင်းထီးက စစ်မေး၏။ ထိုအခါ အမတ်က သူမှတ်ထားသည့်အတိုင်း တရားခံမှာ ဘုရင်မင်းထီးကိုယ်တိုင်သာဖြစ်ကြောင်း လျှောက်တင်၏။ ဘုရင်မင်းထီးဘာလုပ်မည် ထင်ပါသနည်း။ မိမိခန္ဓာကိုယ်ထက် အမှန်တရားကိုချစ်သူဖြစ်သောကြောင့် သံလျက်ကိုလှမ်းယူပြီးလျှင် မိမိလက်ညှိုးကို မိမိကိုယ်တိုင် ပြန်ဖြတ်ပစ်လိုက်သည်။ ဥပဒေအထက်တွင် မည်သူမှ မရှိဟူသောအချက်ကို လက်တွေ့ပြလိုက်ခြင်းပင်ဖြစ်၏။

**ကျောင်းအုပ်ဆရာကြီးနှင့်**
**မာရသွန်ပြိုင်ပွဲ**

မြို့နယ်တစ်ခုမှ ကျောင်းအုပ်ဆရာကြီးတစ်ယောက်အကြောင်းကိုလည်း လေးစားဖွယ်ရာကြားလိုက်ရ၏။ ထိုကျောင်းအုပ်ဆရာကြီးသည်လည်း စည်းကမ်းဥပဒေအထက်တွင် မည်သူမျှမရှိဟူသော အချက်ကို စွဲကိုင်ကျင့်သုံးသူ ဖြစ်၏။ သူ့ကျောင်းတွင်ဆရာ, ဆရာမရော၊ ကျောင်းသူ ကျောင်းသားများပါ ကျောင်းဝတ်စုံဝတ်မလာလျှင် ဘောလုံးကွင်းကို သုံးပတ်ပတ်ပြေးရမည်ဟု သတ်မှတ်ထား၏။

တစ်ရက်တွင် ဆရာကြီးသည် ဆွမ်းကျွေးတစ်ခုမှအပြန် ကျောင်းနောက်ကျမည်စိုးသဖြင့် ကျောင်းဝတ်စုံမလဲဘဲ ကျောင်းတက်လာမိရာ၏။ နိုင်ငံတော်အလံကို အလေးပြုသော အခမ်းအနားအပြီးမှာပင် သူသတ်မှတ်ပေးထားသောဥပဒေကို သူကိုယ်တိုင် ချိုးဖောက်မိနေပြီဖြစ်ကြောင်း သိသွား၏။ ဆရာကြီးသည် သိလျှင်သိချင်း သူကိုယ်တိုင် ဥပဒေကို ချိုးဖောက်မိသွားပြီဖြစ်ကြောင်း တစ်ကျောင်းလုံးကို ပွင့်လင်းစွာ ပြောပြပြီးလျှင် ဘောလုံးကွင်းကြီးကို သုံးပတ်ပြေးရှာ၏။

ဆရာကြီးတွင် ပန်းနာရောဂါရှိကြောင်း တစ်ကျောင်းလုံးသိသည်။ သနားတတ်သောဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများမှာ ဘောလုံးကွင်းကို ပတ်ပြေးလျက်ရှိသော ဆရာကြီးကိုကြည့်လျက် မျက်ရည်ကျကြရသည်။ ဆရာကြီးမှာ ပန်းနာရောဂါ အခံရှိသည့်အပြင် အသက်ကလည်း ခြောက်ဆယ်နားကပ်နေပြီဖြစ်သဖြင့် နှစ်ပတ်မပြည့်မီမှာပင် ဖောချွေးများပျံပြီး မျက်လုံးများပြာလာပြီဖြစ်သည်။

သုံးပတ်ပြည့်သော နေရာရောက်သည်နှင့် ကျောင်းအုပ်ဆရာကြီးသည် အရုပ်ကြိုးပြတ်လဲကျကာ သတိလစ်သွား၏။ ဆေးရုံသို့ အရေးပေါ်တင်ကာ ရက်အတန်ကြာကုသလိုက်ရသည်။ စည်းကမ်း ဥပဒေနှင့်အမှန်တရားကို မိမိအသက်ထက် ချစ်သောသူတစ်ယောက်ဟု ဆိုသင့်၏။

### ရာထူးထက် နိုင်ငံကို ပိုချစ်သူ

၂၀၀၆ ခုနှစ် ဩစတေးလျဝန်ကြီးချုပ်မှာ ဂျွန်ဟောင်းဝပ်ဖြစ်သည်။ သူတို့နိုင်ငံတွင် ကိုယ်ပိုင်ကားမောင်းသူ, စီးသူများသည် အန္တရာယ်ကင်းစေရန်အတွက် ထိုင်ခုံနှင့်တွဲပြီးခါးပတ်ပတ်ရသည်။ မပတ်လျှင် ဒေါ်လာနှစ်ရာ ဒဏ်ငွေရိုက်သည်။ တစ်ရက်တွင် ဂျွန်ဟောင်းဝပ်သည် သတိမေ့ပြီး ခါးပတ်မပတ်ဘဲ ကားမောင်းလာသည်။

မော်တော်ယာဉ်ထိန်းသည် နောက်မှ ချက်ချင်းလိုက်လာပြီး ဒေါ်လာနှစ်ရာကို ဒဏ်ငွေရိုက်လိုက်သည်။ ဝန်ကြီးချုပ်ကလည်း ရိုကျိုးစွာပင် ဒဏ်ငွေဆောင်လိုက်သည်။ ဤဖြစ်ရပ်၌ ဒဏ်ငွေရိုက်ရဲသော မော်တော်ယာဉ်ထိန်းကိုရော ဒဏ်ငွေဆောင်သော ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်ကိုပါ ချီးကျူးသင့်၏။ ဥပဒေအတိုင်းဖြစ်သော်လည်း ဝန်ကြီးချုပ်ကို ဒဏ်ရိုက်လျှင် အညိုးထားပြီး တစ်ချိန်ချိန်တွင် အပြစ်ရှာပြီး ရာထူးမှဖြုတ်ပစ်နိုင်သည်ကို မော်တော်ယာဉ်ထိန်းသိသည်။

ဒဏ်မရိုက်ဘဲ လွှတ်ပေးလိုက်လျှင် သူ့တွင် အန္တရာယ်ကင်းသည်ကား မှန်ပါ၏။ သို့သော် စည်းကမ်းမဲ့သူတွေ ပေါလာပြီး နိုင်ငံပျက်စီးမည်။ မော်တော်ယာဉ်ထိန်းသည် ရာထူးထက်နိုင်ငံကို ချစ်သူသာဖြစ်၏။ ဂျွန်ဟောင်းဝပ်သည်လည်းရာထူးထက်နိုင်ငံကိုချစ်သူပင်ဖြစ်၏။ လူသိရှင်ကြား ဒဏ်ရိုက်ခံလိုက်လျှင် အမတ်များနှင့်ပြည်သူတွေအထင်သေးပြီး ဝန်ကြီးချုပ်ရာထူးမှ လျှောကျသွားနိုင်သည်။

ဒဏ်ရိုက်မခံဘဲ မော်တော်ယာဉ်ထိန်းကို သူ့လူများနှင့် အချိုသပ်ခေါ်ယူပြီး ထောင်ချချင်လျှင် ရသည်သာ။ သို့သော် ထိုသို့ပြုလုပ်လျှင် ဥပဒေကို မည်သူမျှ လေးစားတော့မည် မဟုတ်သဖြင့် နိုင်ငံပျက်စီးမည်။ နိုင်ငံတော့အပျက်စီးမခံ ရာထူးသာ အပျက်စီးခံမည်ဟူသောစိတ်ဖြင့် ဂျွန်ဟောင်းဝပ်သည် ဒဏ်ရိုက်ခံခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ရာထူးထက် နိုင်ငံကိုချစ်သူတွေ ပေါများလာသောကြောင့် ဩစတြေးလျနိုင်ငံသည် ကြွယ်ဝချမ်းသာသောနိုင်ငံအဖြစ်သို့ ရောက်လာခြင်းဖြစ်သည်။

ဆင်းရဲမွဲတေသော နိုင်ငံများတွင်ကား ဥပဒေထက်တွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသာမက သူတို့၏ ဆွေမျိုးသားချင်းအားလုံးရှိနေသည်။ အမှုတစ်ခုကို စစ်လိုက်သည်နှင့် ဝန်ကြီးတစ်ဦး၏သားသည် အမှုတွဲထဲပါနေလျှင် အမှုကိုဆက်မစစ်တော့ဘဲ အပြီးပိတ်လိုက်တော့သည်။

ဆင်းရဲသောနိုင်ငံများတွင် ဥပဒေသည် ခိုင်မာမှုမရှိ။ ပင့်ကူမျှင်နှင့်တူ၏။ အားကောင်းသောအကောင်ကြီးကြီး လာငြိလျှင် ပင့်ကူမျှင်သည် ထိုအကောင်ကြီးကို ချုပ်နှောင်ခြင်းငှာမစွမ်းနိုင်။ ပင့်ကူမျှင်များက အကောင်ကြီးနောက်သို့ စုတ်ပြတ်ပါသွားကြသည်။ သေးငယ်သောအကောင်ငယ်လာပြီး ငြိလျှင်ကား ရုန်းကန်၍မရတော့ဘဲ သေပွဲဝင်ရတော့သည်။

ထို့အတူ ဆင်းရဲသောနိုင်ငံများတွင် ရာထူးကြီးသူ ပိုက်ဆံချမ်းသာသူ ဥပဒေကိုကျူးလွန်ပါက

အရေးယူ၍ မရ။ ဥပဒေသာ စုတ်ပြတ်ပြီး ထိုသူ့နောက်သို့ပါသွားရသည်။ ရာထူးရှိသူများ ပိုက်ဆံရှိသူများနှင့် ပတ်သက်လာလျှင် တရားရုံးနှင့် တရားသူကြီးများသည် မတရားရုံးနှင့် မတရားသူကြီးများ ဖြစ်သွားကြသည်။

ရာထူးမရှိသူ ဆင်းရဲနွမ်းပါးသူများဆိုလျှင်ကား အရာရှိအိမ်ဘေး ပတ်ပတ်လည် ပလတ်စတစ် ကောက်မိရုံနှင့် ဆန္ဒပြသူကို ရေဗူးတစ်ဗူးပေးမိရုံနှင့် ထောင် ဆယ်နှစ်ခန့် အချခံရသည်။ ပြုပြင်ရမည့် ကျောင်း အလှူအကြောင်းကို ပြန်ဆက်အံ့။

## ကျောင်းအလှူမခံသော ဆရာတော်များ

ဒကာကမသိ၍ လှူလာလျှင်ပင် ဆရာဖြစ်သူကလည်း အလှူမခံသင့်။ ရွာရှိပြီး ဘုန်းကြီးကျောင်း မရှိသောရွာတွေ အများကြီး ရှိ၏။ ထိုရွာမျိုးတွင်သာ ကျောင်း ဆောက်သင့်၏။ မြစ်သားမြို့မှ မြို့ပြင်ကြီး ဆရာတော်သည် ဆရာတော်၏ ကျောင်းထဲတွင် ကျောင်းဆောက်လှူရန်လာသော ဦးသက်ရှည်အား လက်မခံဘဲ စာသင်သားများပြီး ကျောင်းနည်းနေသော မန္တလေးမြို့ ဘုရားကြီးတိုက်ထဲတွင်သာ ကျောင်းဆောက်လှူခိုင်းခဲ့သည်။

မင်းကွန်းတိပိဋကဆရာတော်ကြီးသည်လည်း ဆရာတော်ထံတွင် ကျောင်းဆောက်လှူချင်သည့် ဗန္ဓုလဦးဆိုင်အား စာသင်သားများသော ရွှေရေးဆောင်တိုက်ထဲတွင်သာ ကျောင်းဆောက်လှူရန် ညွှန်ကြားခဲ့သည်။ မြောက်ဥက္ကလာပမှရွှေဥမင်တောရဆရာတော်ကြီးသည်လည်း ဆရာတော်ထံတွင် ကျောင်းဆောက်လှူချင်သော ဝန်ကြီးတစ်ဦးအား စာသင်တိုက်ကြီးတစ်တိုက်မှ ဆွမ်းစားကျောင်းကြီးကိုသာ ပြီးအောင်ဆောက်ပေးဖို့ ညွှန်ကြားခဲ့သည်။

ဦးသုတအတွက် ရောမ တိုက်ကျောင်းကြီးတစ်ကျောင်းဆောက်လုပ်ပြီးစအချိန်မှာပင် ဂျပန်လူမျိုးများ ထိုရွာသို့ ရောက်လာသည်။ ဆောက်ပြီးစ ကျောင်းကြီးကိုကြည့်၍ ဂျပန်များက ယခုလို မေးမြန်း၏။

''ဒီကျောင်းကြီးက ဘုန်းကြီးကျောင်းပဲလား''

''ဟုတ်ပါတယ်''

''ဟိုနားမှာ ဘုန်းကြီးကျောင်းကြီးတစ်ကျောင်း ရှိရက်နဲ့ ထပ်ဆောက်တော့ အပိုမကုန်သင့်ဘဲ ကုန်တာပေါ့၊ ပြီးတော့ နေမယ့်သံဃာက အများကြီးလား၊ တစ်ပါးတည်းလား''

''တစ်ပါးတည်းပါ''

''တစ်ပါးတည်းဆိုရင် တစ်ပါးနေသာရုံပဲ ဆောက်သင့်တာပေါ့၊ အခုတော့ မတန်တဆအကြီးကြီးဆောက်တော့ မကုန်သင့်တာ ထပ်ကုန်တာပေါ့၊ ခင်ဗျားတို့ မြန်မာတွေဟာ အလှူဒါနကတော့ အများကြီး ပြုတယ်၊ ဒါပေမဲ့ လိုတဲ့နေရာကျတော့ ရွေးပြီးတော့ မလှူတတ်ဘူး၊ ကျွန်တော်တို့ ဂျပန်တွေဟာ ဟိုအဝေးကြီးကနေ မြန်မာပြည်ထဲ လာတယ်ဆိုတာ လိုတဲ့နေရာမှာ ရွေးပြီးတော့ လှူပေးချင်လို့ပါ။

''ကျွန်တော်တို့ ဂျပန်တစ်နိုင်ငံတည်း လှူပေးရုံနဲ့လည်း အားလုံးတော့ ဘယ်ပြည့်စုံမလဲ၊ ခင်ဗျားတို့ မြန်မာတွေကလည်း လှူတော့မယ်ဆိုရင် အခု ကျွန်တော်တို့လိုပဲ ကွင်းဆင်းပြီး လိုအပ်တဲ့နေရာကို ရှာဖွေလှူသင့်ပါတယ်၊ မြန်မာပြည်မှာ ပျက်စီးယိုယွင်းနေတဲ့ တန်းကျောင်းတွေအများကြီးရှိပါတယ်၊ အစိုးရတစ်ဦးတည်းနဲ့ အားလုံးပြည့်စုံအောင်လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး၊ အခု ကျွန်တော်တို့ ဒီရွာထဲက မူလတန်းကျောင်းလေးကို အသစ်ပြင်ဆောက်ပေးဖို့အတွက် ကိုယ်တိုင်လာကြည့်ကြတာပါ။

## တစ်သိန်းကျော်အလှူ

ရွာစားငှားတာ၊ လေးသောင်းပါ
မင်းသမီး လူရွှင်တော်၊ သုံးထောင်ကျော်
ဓာတ်ပုံရိုက်ခ၊ ခြောက်ထောင်ကျ
ရှင်လောင်းဝတ်စုံ၊ ငါးထောင်ကုန်
ကျွေးမွေးစရိတ်၊ ကိုးသောင်းအစိတ်

သံဃာတော်မြတ်၊ ငါးဆယ်ကျပ်
အားလုံးပေါင်းသော်၊ တစ်သိန်းကျော်
နတ်လူ သာဓုခေါ်စေသော်။ ။
ဒိုးမောင်မောင်(ချောက်)

လွန်ခဲ့သော(၁၅)နှစ်ကျော် ၁၉၈၅–ခုနှစ် တစ်ဝိုက်ဆီက အညာဒေသမှ ရှင်ပြုအလှူတစ်ခု၏ ကုန်ကျငွေများကို ကဗျာစပ်ထားခြင်းဖြစ်သည်။ ပကာသန ကုန်ကျငွေတွေကများနေပြီး အဓိက ထားပြီး လှူဒါန်းရမည့် သံဃာတော်များကိုကား တစ်ပါးလျှင် ငါးဆယ်ကျပ်သာလှူဒါန်းပုံကို သရော်သောအားဖြင့် ရေးစပ်ထားခြင်းဖြစ်သည်။ ထိုအချိန်က ရှင်လောင်းလှည့်ရန် မြင်းတစ်ကောင်ငှားလျှင်ပင် ငါးရာခန့် ကုန်ကျသည်။

မြင်းတစ်ကောင်ငှားရန်အတွက် ငါးရာအကုန်ခံနိုင်သော်လည်း ဘုန်းကြီးတစ်ပါးအတွက် ငါးဆယ်သာအကုန်ခံခြင်းသည် ကုသိုလ်ရဖို့ထက် လူအထင်ကြီးခံရဖို့ အဓိကထားကြောင်း ထင်ရှားပေသည်။ ၂၀၀၅–ခုနှစ်အတွင်းက အမရပူရမြို့မှ အလှူနှစ်ခုကို ယှဉ်ပြပါမည်။ အလှူနှစ်ခုလုံး သိန်းသုံးဆယ်ကျော်စီ ကုန်ကျသည်။ ပထမအလှူရှင်၏ သိန်းသုံးဆယ်ကျော် ကုန်ကျစာရင်းကို ကြည့်ပါ။

| | |
|---|---|
| ဆင်များငှားရမ်းခ | ၁၀ သိန်း |
| နာမည်ကြီးဆိုင်းငှားရမ်းခ | ၁၀ သိန်း |
| နာမည်ကြီးဘိသိက်ဆရာ | ၃ သိန်း |
| ရှင်လောင်းလှည့်စဉ် အသုံးပြုရန် ကားနှင့် ဒိုးပတ်ဝိုင်းငှားခ | ၃ သိန်း |
| ကျွေးမွေးစရိတ် | ၄ သိန်း |
| စုစုပေါင်း | ၃၀ သိန်း |

ဆင်းရဲသားများမှာ သိန်းသုံးဆယ်ကျော် အလှူဆိုသောကြောင့် အားခဲလာကြသည်။ သို့သော် မနက်၉–နာရီမှ စတင်ကျွေးရာ ၁၀–နာရီ ထိုးသည်နှင့် ထမင်းကုန်ပြီဟုဆိုကာ အကျွေးအမွေးကို ရပ်လိုက်လေသည်။ ဤကား မြန်မာတို့၏ပကာသန အလှူပေတည်း။ နောက်အလှူကား စာရေးသူမိခင်ကြီးဒေါ်သိန်းရင်၏ အလှူပေတည်း။ မိခင်ကြီး၏ သိန်းသုံးဆယ်ကျော် အလှူတွင်ကား ဆိုင်းမပါ၊ ဘိသိက် မပါ၊ ရှင်လောင်းလှည့် မပါပေ။ သိန်းသုံးဆယ်လုံး ထမင်းချက်ကျွေးခြင်းဖြစ်ရာ မနက် ၆–နာရီမှ နေ့ခင်း၁၂–နာရီအထိ ကျွေးရသည်။ အမရပူရ တစ်နယ်လုံး လာစားကြသည်။

#### မီးလောင်ခံရခြင်း အကြောင်းနှစ်ခု

မိမိ၏ ကြိုတင်မှာကြားမှုကြောင့် သတ္တဝါများ သေရခြင်းသည် မိမိအလှူအတွက် သူတစ်ပါးကို ထိခိုက်ခြင်းပင် ဖြစ်သည်။ ထိုသို့ထိခိုက်ပြီး လှူခဲ့လျှင် လှူခဲ့သည့်အတွက်ကား ဖြစ်ရာဘဝတွင် ချမ်းသာသည်။ သူတစ်ပါးကို ထိခိုက်ခဲ့သည့်အတွက် ထိုအလှူရှင်၏ စည်းစိမ်ချမ်းသာများကို မီးလောင်တတ်သည်။ မီးမလောင်လျှင် ရေမျောတတ်သည်။ ရေမမျောလျှင် သူခိုးခိုးယူသွားတတ်သည်။ သူခိုးက မခိုးလျှင် မင်းက သိမ်းယူတတ်သည်။ မင်းက သိမ်းယူခြင်း မပြုလျှင် အမွေခံသားဆိုး သမီးဆိုးက ဖျက်ဆီးတတ်သည်။ ဤငါးခုကို ရန်သူမျိုးငါးပါးဟု ခေါ်သည်။

မြန်မာပြည်ရှိ မြို့ကြီးအများစုတွင် မကြာခဏ မီးအကြီးအကျယ်လောင် ကျွမ်းလေ့ရှိသည်။ မြန်မာနိုင်ငံသည် တိုးတက်မည်လုပ်လိုက်၊ မီးလောင်လိုက်နှင့် မတိုးတက်နိုင်အောင် ဖြစ်နေသည်။ မီးလောင်ခြင်းတွင် မြင်သာသောအကြောင်းနှင့် မမြင်သာသောအကြောင်းဟူ၍ အကြောင်းနှစ်ပါးရှိ၏။ မြင်သာသောအကြောင်းမှာ ပေါ့ဆသောကြောင့် မီးလောင်ခြင်း ဖြစ်၏။ မမြင်သာသောအကြောင်းမှာ ဒါနပြုစဉ်က သတ္တဝါတို့ကို ထိခိုက်စေခြင်းကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် အလှူဒါနပြုစဉ် သတ္တဝါတို့အား မထိခိုက်အောင် ပံသုကူသားကိုသာကျွေးပါ။ ပံသုကူသားမရလျှင် သက်သတ်လွတ်ကိုသာ ကျွေးပါ။

သက်သတ်လွတ် ကျွေးသည့်အတွက် အကုန်အကျ နည်းသွားသော်လည်း ကုသိုလ်ကား ပို၍ရသွား ပါသည်။

ဆွမ်းကပ်လျှင် ဗုဒ္ဓဘာသာဝင်အများစုသည် ကြက်သားဆီပြန်၊ ဝက်သားဆီပြန်၊ ဆိတ်သားဆီ ပြန်၊ ငါးဆီပြန် စသည်အားဖြင့် အသားဟင်း လေး ငါးမျိုးအပါဝင် ဟင်းအမယ်ပေါင်း ဆယ်မျိုးဆယ့်ငါး မျိုးခန့်ထိ ချက်ပြုတ်ကပ်လှူတတ်သည်။ သို့သော် သံဃာများ တကယ်ဘုဉ်းပေးသွားသည်မှာ နှစ်ခွက် သုံးခွက်သာ။ ကျန်ဟင်းများအတွက် ငွေအပိုကုန်ကြ ရသည်။

ထို့ကြောင့် အမရပူရမြို့ မဟာဂန္ဓာရုံဆရာ တော်ကြီးသည် ကျောင်းသို့ ဆွမ်းကပ်လာလျှင် အသားဟင်းတစ်ခွက်ထက် ပိုချက်ခွင့်မပြုပေ။ ချဉ် ရည်ဟင်း၊ ငါးပိရည်၊ ပဲနပ် ဤအရံဟင်းများ အပါ ဝင် ဟင်းအမယ်သုံးလေးမျိုးခန့်ဖြင့်သာ ကပ်လှူရ သည်။ ထိုသို့ စည်းစနစ် ထားလိုက်သည့်အတွက် ဆွမ်းဒကာမှာ တစ်သိန်းကုန်မည့်နေရာတွင် ငါး သောင်းသာ ကုန်တော့သည်။

ပိုလျှံသောငွေကို တခြားလိုအပ်သည့်နေရာတွင် လှူခွင့်ရသည်။ သို့မဟုတ် ဆွမ်းတစ်နပ် ကပ်ရမည့် နေရာတွင် ဆွမ်းနှစ်နပ်ကပ်ခွင့်ရသွားသည်။ မြန်မာ ပြည် မွဲခြင်းအကြောင်းထဲတွင် စည်းကမ်းမရှိမှုသည် ထိပ်ဆုံးမှပါသည်။ မြန်မာပြည်ရှိ ဘုန်းကြီးကျောင်း ပေါင်း နှစ်သောင်းကျော်မှ ပိုလျှံ၍ သွန်ပစ်ရသော ထမင်းများသည် အငတ်ဘေးဆိုက်နေသော အီသီ ယိုးပီးယားတစ်နိုင်ငံလုံးရှိ ပြည်သူများအား တစ်နပ် စာလုံလောက်အောင် ကျွေးမွေးနိုင်သည့် ပမာဏ ဖြစ်သည်။

**(မှတ်ချက်)**

၂၀၀၈–၂၀၀၉ တစ်နှစ်အတွင်း မြန်မာပြည်၌ အကြိမ်ပေါင်း (၁၁၀၀)ကျော် မီးလောင်သည်။

**ဂျပန်များ ချမ်းသာခြင်း**
**အကြောင်းတစ်ခု**

အလဟဿ သွန်ပစ်လောက်သည်အထိ မဖြစ် အောင် ဘုန်းကြီးကျောင်းများရော အိမ်များပါ ထိန်း သိမ်းသင့်ကြသည်။ ဂျပန်နိုင်ငံ ချမ်းသာခြင်းအ ကြောင်းများစွာတို့တွင် စည်းကမ်းရှိခြင်းလည်းတစ်ခု အပါဝင်ဖြစ်သည်။ လူတစ်ဦး ထမင်းတစ်စေ့ သွန် ပစ်လျှင် လူတစ်သန်း ထမင်းစေ့တစ်သန်းဖြစ်ပြီး လူသန်းငါးဆယ်ဆိုလျှင် ထမင်းစေ့လည်း သန်း ငါးဆယ် ဖြစ်သည်။

ထမင်းစေ့ သန်းငါးဆယ်ကို တင်းဖွဲ့လိုက်လျှင် တင်းပေါင်းများစွာ ဖြစ်လာမည်။ ထို့ကြောင့် ဂျပန် ပြည်သူအားလုံး ထမင်းစားလျှင် ထမင်းစေ့တစ်စေ့ မှ မပိုအောင် စားကြသည်။ မြန်မာပြည်ကို ကြွယ်ဝ ချမ်းသာစေလိုသူတိုင်း အတုယူသင့်ပေသည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် သက်တော် ၆၄–နှစ်တွင် ကုသိုလ်တော်ပေါင်း ၆၄–မျိုးလုပ်ခြင်း နှင့် ဆက်စပ်ပြီး အတွေးအခေါ်နှင့် အတွေ့အကြုံ များကို သုံးသပ် ရေးသား၍ပြီးပြီဖြစ်သောကြောင့် ဒုဋ္ဌဂါမဏိမင်းအကြောင်းကို ပြန်ဆက်ပါမည်။ ကာကဝဏ္ဏတိဿမင်းကြီး သက်တော် ၆၄–နှစ်တွင် နတ်ရွာစံသည်နှင့် ဒုဋ္ဌဂါမဏိမင်းဖြစ်လာခဲ့သည်။

သို့သော် ညီတော် တိဿကုမာရမင်းသားသည် မယ်တော်နှင့် ကဏ္ဍုလဆင်တော်ကိုယူ၍ ဒီဃဝါပိ အရပ်သို့ ပြန်သွားခဲ့ပြီ။ ဤကား နောင်တော်ကို စစ်ကြေငြာလိုက်ခြင်းတစ်မျိုးပင် ဖြစ်၏။ ထို့ကြောင့် ဒုဋ္ဌဂါမဏိမင်းက မယ်တော်နှင့် ဆင်တော်ကို ပြန်ပို့ ရန် သုံးကြိမ်တိုင်တိုင် သဝဏ်လွှာစေသော်လည်း အရေးမစိုက်ဘဲ နေခဲ့ခြင်းဖြစ်၏။ နောက်ဆုံးတွင် စစ်သတင်းသည် ဒီဃဝါပိအရပ်သို့ ရောက်လာခဲ့ လေပြီ။

ဒုဋ္ဌဂါမဏိမင်း စစ်အင်္ဂါအစုံအညီဖြင့် စစ်ထိုးရန် ချီလာပြီ။ စူဠစူဠင်္ဂဏိယအပြင်၌ တပ်စွဲထားပြီ။ မျှော်လင့်သည့်အတိုင်း ဖြစ်လာပြီဖြစ်ရာ တိဿ

ကုမ္မာသည် ကဏ္ဍာလဆင်ကိုစီး၍ စစ်တလင်းသို့ ထွက်ခဲ့လေသည်။ ပုထုဇဉ်လူသားတွေ ရှိနေသရွေ့ အာဃာတလုစစ်ပွဲတွေ ရှိနေမည်သာ ဖြစ်သည်။ ဤ ကားမထူးဆန်း။ ထူးဆန်းသည်ကား ညီနောင်နှစ်ပါးနှင့် စစ်သည်များ အသက်မသေရအောင် အဘိညာဉ်ရ ရဟန္တာများနှင့် ပုထုဇဉ်ရဟန်းများက တတ်နိုင်သမျှ ဝိုင်းဝန်းစောင့်ရှောက်ပေးကြခြင်းပင်တည်း။

### ရုတ်တရက်ပေါ်လာသော တောင်ကုန်း

စစ်မျက်နှာနှစ်ခု စတင်ရင်ဆိုင်မိသည်နှင့် တိ သကုမ္မာကအသာရလိုက်သည်။ ဒုဋ္ဌဂါမဏိ၏တစ်ထောင်တပ်မှာ ပျက်သွား၏။ ထို့ကြောင့် ဒုဋ္ဌဂါမဏိကိုယ်တိုင် မြင်းတစ်စီးဖြင့် လက်လွတ်ထွက်ပြေးရသည်။ တိသကုမ္မာသည် နောင်တော်ထွက်ပြေးမှန်း သိသည်နှင့် ကဏ္ဍာလဆင်ကိုစီးပြီး အပြင်းလိုက်၏။ ညီတော်လိုက်လာသည်ကို သိလိုက်သည်နှင့် ဒုဋ္ဌဂါမဏိသည် မြင်းကိုပြန်လှည့်ကာ ညီတော်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်၏။

ကွင်းပြင်စစ်တလင်းတွင် ညီနောင်နှစ်ပါး စီးချင်းထိုးရတော့မည်။ ထိုအချိန်မှာပင် ဟင်းလင်းပြင်ကွင်းကြီးအလယ်၌ တောင်ကုန်းကြီးတစ်ခု ရုတ်တရက် ပေါ်လာတော့သည်။ တိသကုမ္မာသည် အခြေအနေကို ချက်ချင်းနားလည်လိုက်သည်။ အဘိညာဉ်ရ,ရဟန်းများက ညီနောင်နှစ်ပါး မထိခိုက်ရအောင် ဖန်ဆင်းလိုက်ခြင်းပေတည်း။

တိသကုမ္မာသည် တောင်ကိုဖြတ်ရန် မကြိုးစားဘဲ နောက်ပြန်ဆုတ်သွားသလို ဒုဋ္ဌဂါမဏိသည်လည်း ဆန့်ကျင်ဘက်အရပ် ကပ္ပကန္ဒရမြစ်ဆီသို့ မြင်းကို နှင်သွားလေသည်။ ဇီဝမာလီဆိပ်သို့ရောက်ချိန်တွင် ဒုဋ္ဌဂါမဏိသည် မောဟိုက်ပင်ပန်းနေပြီဖြစ်သည်။ ယမန်နေ့ကစစ်ရေးကြောင့် ထမင်းတစ်နပ်မှ မစားခဲ့ရသဖြင့် အစာတော်ရေစာတ်လည်း ဖြစ်နေသည်။

ထို့ကြောင့် ဇီဝမာလီဆိပ်တွင် မြင်းကိုဖြုတ်ပြီး နောက် ခြေကုန်လက်ပန်းကျစွာ နားနေရင်း တိဿ အမည်ရှိစစ်သည်ကို မေးလိုက်၏။

''တိဿ၊ မနေ့ကတည်းက ဘာမှပွဲတော်မတည်လိုက်ရဘူး၊ စားစရာ တစ်ခုခု မင်းရှာနိုင်မလား''

အမတ်စစ်သည်က စားနပ်ရိက္ခာကိုဖွင့်၍''တစ်နပ်စာထမင်းတော့ ရှိပါသေးတယ်အရှင်''ဟု ဆိုကာ ရွှေခွက်တွင်ထည့်၍ ဆက်လေ၏။ ဒုဋ္ဌဂါမဏိသည် ရွှေခွက်ထဲသို့ လက်နှိုက်မည်ပြုပြီးမှ ဆတ်ခနဲပြန်ရုတ်လိုက်၏။ စစ်သည်က နားမလည်သလို ဒုဋ္ဌဂါမဏိကို ပြန်ကြည့်နေသည်။ မင်းသားသည် ကလေးဘဝကတည်းက သံဃာတော်များအား မလှူတန်းဘဲ ပွဲတော်စာမစားပါဟု အဓိဋ္ဌာန်သစ္စာပြုထားသည် မဟုတ်ပါလော။

ထို့ကြောင့် ယခုလို ပြတ်သားစွာ ပြောလိုက်၏။

''ငါဟာ စားဦးစားဖျားကို မလှူဘဲ စားလေ့မရှိဘူး၊ ဘယ်လို အခက်အခဲများနဲ့ ကြုံကြုံ၊ အလှူဦးကို ငါလှူခဲ့တာချည်းပဲ၊ ဒါကြောင့် ဒီထမင်းတွေကို လှူဖို့တစ်စု ငါတို့စားဖို့တစ်စု ခွဲလိုက်ပါ၊ ပြီးလျှင် အလှူခံအရှင်မြတ်တို့ကို ကြွေးကြော်ပင့်ဖိတ်ပါ''

ဒုဋ္ဌဂါမဏိ၏ အမိန့်အတိုင်း အမတ်စစ်သည်သည် အလှူခံအရှင်မြတ်တို့ကို ပင့်ဖိတ်လိုက်၏။

''မဟာဂါမပြည့်ရှင် ဒုဋ္ဌဂါမဏိမင်းကြီး၏ စားဦးစားဖျား ဆွမ်းအလှူကို လှူဒါန်းပါ၏၊ သူတော်ကောင်းသူမြတ်များအား ရည်မှန်း၍ လှူနေပါ၏၊ ကြွရောက် အလှူခံတော်မူပါ''

ထိုအသံကို ပိယင်္ဂုကျွန်း၌ သီတင်းသုံးသော ဂေါတမ,မထေရ်ကြားတော်မူ၏။ မထေရ်မြတ်သည် ဒိဗ္ဗသောတအဘိညာဉ်တန်ခိုးဖြင့် ကြားခြင်းဖြစ်သည်။ မထေရ်မြတ်သည် တပည့်ဖြစ်သူကုဋုမ္ဗိကတိဿထေရ်အား ဆွမ်းအလှူခံရန် စေလွှတ်လိုက်သည်။ ထိုမထေရ်သည် ကောင်းကင်ခရီးဖြင့်ကြွလာကာ ဒုဋ္ဌဂါမဏိမင်း၏အနီးတွင် ဆွမ်းရပ်လေ၏။

ဒုဋ္ဌဂါမဏိမင်းသည် လှူရန်ဖယ်ထားသောအဖို့

ကိုသာမက သူစားရန်ထားသောအဖို့ကိုပါ လောင်းလှူလိုက်လေ၏။ ထိုအခါ စီးတော်မြင်းမှာလည်း သူ့အတွက်ရထားသောအဖို့ကို မထေရ်အား လှူလိုက်ရန် အမူအရာဖြင့် ပြပြန်လေသဖြင့် မြင်း၏ ဆန္ဒအတိုင်း လှူပေးရ၏။

ဆွမ်းသပိတ်ကို ဒုဋ္ဌဂါမဏိမင်းကိုယ်တိုင် ကပ်လှူ၏။ မထေရ်မြတ်သည် ဆွမ်းသပိတ်ကို ခံယူပြီးလျှင် ကောင်းကင်ခရီးမှပင် ပြန်ကြွသွား၏။ တပည့်ကုဋုမ္ဗိကမထေရ် ကပ်လှူသောသပိတ်ကို ဂေါတမမထေရ်သည် ဆွမ်းဘုဉ်းပေးဆဲဖြစ်သော ရဟန်းငါးရာတို့အား ဝေမျှပေးတော်မူလိုက်၏။ ဒုဋ္ဌဂါမဏိမင်းလှူဒါန်းသော ဆွမ်းသပိတ်သည် ဂေါတမမထေရ်နှင့် ရဟန်းငါးရာတို့ ဘုဉ်းပေးပြီးသည့်တိုင်အောင် ဆွမ်းကျန်များသည် သပိတ်တွင်း၌အပြည့်အမောက်ပင် ရှိနေသေး၏။

ဂေါတမ,မထေရ်သည် ဆွမ်းအပြည့်အမောက်ရှိနေသော သပိတ်ကိုကောင်းကင်သို့ပစ်၍ ဒုဋ္ဌဂါမဏိမင်းထံ ပြန်လည်ပို့လွှတ်လိုက်၏။ မင်းကြီးတို့သုံးဦးသား ဆွမ်းကျန်ကို တဝကြီးပြန်လည်စားကြရ၏။ စားပြီးနောက် မင်းကြီးသည် သပိတ်တော်ကိုကပ္ပကန္ဒရမြစ်ရေ၌ စင်ကြယ်စွာဆေးကြော၍ မိမိခါးစည်းပိုအဝတ်ဖြင့် သပိတ်ကို ပွတ်တိုက်သန့်စင်၏။ ပြီးလျှင် ထိုအဝတ်ကိုပင် သပိတ်တော်၌ရစ်ပတ်ကာ ကောင်းကင်သို့ပစ်မြှောက်လိုက်ရာ မထေရ်မြတ်တို့ထံ ပြန်ရောက်လေ၏။

**သဒ္ဓါစေတ် အားကြီးသူအတွက် လှူချင်စရာပစ္စည်းတွေ အမြဲတမ်းပိုနေတတ်သော်လည်း လောဘစေတ်ကြီးမားသူအတွက်ယူချင်စရာ ပစ္စည်းတွေ အမြဲတမ်းလိုနေတတ်သည်။**

ဟူသော ဒဿနလေးကား မှန်လွန်းပေစွ။

သဒ္ဓါစေတ်ကြီးမားသော ဒုဋ္ဌဂါမဏိမင်းအတွက် မိမိတစ်ယောက်စာသာရှိသော ထမင်း တစ်ပန်းကန်သည်ပင် လှူချင်စရာပစ္စည်းအဖြစ် အမြဲပိုနေသည် မဟုတ်ပါလော။

**ဒုတိယ ခရီး**

ဒုဋ္ဌဂါမဏိမင်းသည် မဟာဂါမသို့ပြန်ကာ ဗိုလ်ခြေခြောက်သောင်းဖြင့် စစ်အင်အားစီမံ၍ ဒုတိယအကြိမ် ဒီဃဝါပိအရပ်သို့စစ်ချီလာပြန်၏။ ညီနောင်နှစ်ပါး စစ်မြေပြင်တွင် ဒုတိယအကြိမ်ဆုံမိကြပြန်လေသည်။ ကဏ္ဍုလဆင်တော်ထက်မှာ ညီတော်ကိုမြင်ရသောအခါ ဒုဋ္ဌဂါမဏိမင်းကိုယ်တိုင် စစ်သွေးများ ဆူလှုံ့ ဝေတက်လာလေ၏။ မိမိ၏စီးတော်ဆင်ကို အသုံးပြုနေသည့် ညီတော်ႇ. . ။

ဆင်ထက်မှညီတော်ထံ လှံတံလွှတ်ရန်အတွက် ဒုဋ္ဌဂါမဏိမင်းသည် မြင်းကို ဆင်ပတ်လည်တွင် လှည့်ပတ်စီးရင်း အခွင့်အရေးကို ရှာဖွေလျက်ရှိ၏။ ဒုဋ္ဌဂါမဏိစီးသော ဒီဃထုနိကာမည်သော မြင်းမသည် စစ်မြင်းတို့တွင် အသန်ဆုံး၊ အမြန်ဆုံး၊ အထွားဆုံး ဖြစ်သည်။ ထို့ကြောင့် အခြားမြင်းများမလုပ်နိုင်သောအရာကို ဒီဃထုနိကာ လုပ်နိုင်သည်။

ထိုအချက်ကို သိထားသော ဒုဋ္ဌဂါမဏိမင်းက အဝေးမှ အရှိန်ဖြင့်ပြေးလာပြီးလျှင် ကဏ္ဍုလဆင်တော်ကို မြင်း၏အားအစွမ်းဖြင့် ခုန်ပျံ၍ကျော်လိုက်၏။ ထိုသို့ ခုန်ပျံဖြတ်ကျော်စဉ်အတွင်း ညီတော်၏ကျောနောက်နားရောက်အောင် လှံတံကို ပစ်လွှတ်နိုင်ခဲ့သည်။ ဤဖြစ်ရပ်သည် ကဏ္ဍုလဆင်တော်၏စိတ်ကို ပြင်းစွာထိခိုက်စေ၏။

ကဏ္ဍုလဆင်တော်သည် မူလကတည်းက မိမိ၏ သခင်ရင်းမဟုတ်သော တိဿကုမ္မာအား မိမိကျောပေါ်တင်ပြီး မိမိ၏သခင်ရင်း ဒုဋ္ဌဂါမဏိမင်းကို ရင်ဆိုင်နေရခြင်းကြောင့် အလွန်စိတ်မသက်မသာ ဖြစ်နေ၏။ ယခု မိမိ၏ကျောပေါ်သို့ လွှားခနဲခုန်ကျော်ခြင်းကို ခံလိုက်ရသောအခါ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွား၏။

ဤသို့ မြင်းမ၏ အခုန်ကျော်ခံရခြင်းမှာ တိဿကုမ္မာ၏ ညံ့ဖျင်းခြင်းကြောင့်ဟုတွက်ကာ တစ်ကိုယ်လုံးဆတ်ဆတ်ခါလှုပ်ကာ သစ်ပင်ဆီသို့ပြေးကပ်၏။ ကဏ္ဍုလဆင်သည် မိမိကိုသူ့ကျောပေါ်မှ ခါချပြီးဟု

သိသွားသော တိဿမင်းသားသည် သစ်ကိုင်းကို ဆွဲခိုလိုက်ရလေသည်။ တိဿမင်းသား သူ့ကျော ပေါ် မရှိတော့သည်ကိုသိသည်နှင့် ကဏ္ဍုလဆင်သည် သခင်ရင်းဒုဋ္ဌဂါမဏိမင်းထံအပြေးထွက်ခဲ့၏။

ကဏ္ဍုလဆင် ဒုဋ္ဌဂါမဏိမင်းထံ ရောက်သည်နှင့် တိုက်ပွဲ၏အနိုင်အရှုံးသည် ပေါ်လွင်ထင်ရှားသွားပေပြီ။ တိဿမင်းသား၏ တပ်သည် ပျက်လေပြီ။ ဒုဋ္ဌဂါမဏိကို ငယ်ကြောက်ဖြစ်သော တိဿမင်းသားသည် သူ့စစ်တပ် ဖရိုဖရဲဖြစ်သည်နှင့် ပြန်လည် စုစည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ လက်လွတ်ထွက်ပြေးတော့သည်။ ဒုဋ္ဌဂါမဏိလည်း ညီတော်နောက်သို့ အပြင်းလိုက်လေ၏။

တိဿမင်းသားသည် မည်သည့်နေရာပြေးမှ နောင်တော်၏ ဓား, လှံမှ လွတ်မည်ဆိုသည်ကို သေချာသိမှုကြောင့် မဟာထေရ်ကြီး၏ ကျောင်းစောင်းအောက်၌ ဝင်ပုန်းလေ၏။ မထေရ်ကြီးကလည်း အသက်တစ်ချောင်းကိုကယ်တင်သည့်အနေဖြင့် ကျောင်းစောင်းကို သင်္ကန်းကြီးဖြင့် ဖုံးအုပ်ထားလိုက်၏။ ဒုဋ္ဌဂါမဏိလည်း ကျောင်းတိုက်ထဲထိ ဝင်လိုက်သွား၏။

မထေရ်ကြီး၏ ကျောင်းစောင်းအနီးတွင်ခြေရာပျောက်သွားသည်ကို တွေ့ရသည့်အတွက် မထေရ်ကြီးအား မေးလျှောက်လိုက်၏။

''အရှင်ဘုရား၊ တိဿ ဘယ်မှာရှိပါသလဲဘုရား''

''မင်းမြတ်၊ တိဿဟာ ကျောင်းစောင်းထက်မှာ မရှိဘူး''

ကျောင်းစောင်းအောက်မှာ တိဿမင်းသားရှိမှန်း ဒုဋ္ဌဂါမဏိ သိသွားလေပြီ။ သို့သော် ရတနာသုံးပါးကို မင်းအာဏာ၏အထက်မှာထားသူ သာသနာပြုမင်းတစ်ပါးဖြစ်သောကြောင့်။

''ကောင်းပါပြီ အရှင်ဘုရား''

ဟုလျှောက်ထားပြီး မသိချင်ဟန်ပြုကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ ကျောင်းတိုက်ထက်ဝန်းကျင်အတွင်းကားစစ်သည်အစောင့်အရှောက်အများအပြားကိုအစောင့်ထားလိုက်သည်။ တိဿမင်းသားသည် ရဟန်းတော်တို့၏ အကူအညီဖြင့်ပင် ကျောင်းစောင်းထက်တွင် ပျံတော်မူသောရဟန်းအသွင်ဖြင့် သင်္ကန်းကိုခြုံထားပြီး ရဟန်းတော်တို့ ပခုံးထက်မှ နောင်တော်ကို တပတ်ရိုက်ကာ ထွက်လာခဲ့၏။

ရဟန်းတော်များထမ်းလာသော ကျောင်းစောင်းထက်မှ တိဿမင်းသားကို ဒုဋ္ဌဂါမဏိမင်းသည် အနားကပ်သွားပြီး ယခုလို ပြောဆိုကြိမ်းမောင်း၏။

''တိဿ နင်ဟာ အမျိုးတို့ရဲ့ နတ်ဖြစ်တဲ့ သံဃာတော်တို့ ခေါင်းထက်မှာ စီးနင်းလိုက်ပါပြီး ထွက်သတဲ့လား။ အေး နင်က စီးနင်းလိုက်ပါရဲပေမယ့် ငါကတော့ ဘိုးဘေးအစဉ်အဆက်အရှင်သခင်ဖြစ်တဲ့ ရဟန်းသံဃာတော်တို့ လက်ထဲကနေ ရာဇဝတ်သားကိုဗလက္ကာယလုပြီး ဖမ်းယူတဲ့အထိ မမိုက်မဲနိုင်ဘူး၊ အေး- မင်းအသက်ဘေးက လွတ်ခဲ့ရတဲ့ ကျေးဇူးကိုသာ မင်း အောက်မေ့ပါ၊ သံဃာတော်တို့ ရဲ့ဂုဏ်ကို ဆင်ခြင်နှလုံးသွင်းပါ''

ဒုဋ္ဌဂါမဏိကား မယ်တော်ကိုဆောင်ယူပြီး ဝိဟာရမှထွက်ခွာသွားလေပြီ။ တိဿမင်းသားသည် ဒီဃဝါပိသို့ ပြန်ရောက်နေပြီဖြစ်သော်လည်း စိတ်လက် ချမ်းသာစွာမနေရဲတော့။ သူသည် အကြီးဆုံးအပြစ်ကိုကျူးလွန်ခဲ့ပြီ မဟုတ်ပါလား။ ဤ အပြစ်များ ကြေရာကြေကြောင်းအတွက် သူ့အသက်ကို ဆက်လက် ကာကွယ်ပေးနိုင်မည့်သူများမှာ သံဃာတော်အရှင်သူမြတ်များသာ ဖြစ်ပေသည်။

နောင်တော်က ခွင့်မလွှတ်မချင်း သူ့အသက်သည် လုံခြုံစိတ်ချရမှု မရှိတော့ပေ။ နောင်တော်သည် သံဃာတော်များမျက်နှာကို ထောက်ထားပြီး သူ့ကိုနှစ်ကြိမ်တိုင်တိုင်လွှတ်ခဲ့သည်မဟုတ်ပါလော။

တစ်နေ့တွင် ဂေါဓဂတ္တတိဿမထေရ်သည် နောက်ပါ ရဟန်းငါးရာ ခြံရံလျက် ဒုဋ္ဌဂါမဏိမင်း၏ နန်းတော်သို့ ကြွချီတော်မူလာ၏။ သံဃာတော်ကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲအဆင်သင့် ဖြစ်နေ

သော ဒုဋ္ဌဂါမဏီမင်းသည် ဝမ်းသာအားရပင် မထေရ်မြတ်နှင့် သံဃာတော်များအား ခရီးဦးကြိုဆို နေရာပေးကာ ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်တို့ကို ချက်ချင်းပြင်ဆင်လေသည်။

ဆွမ်းလောင်းလှူရန် ရတနာအုပ်ကြီးကို မင်းကြီးကိုယ်တိုင် ချီမ၍ မထေရ်မြတ်အနီးသို့ တိုးကပ်လာ၏။ ထို့နောက် အုပ်ထဲမှဆွမ်းကို ဇွန်းဖြင့် ခပ်ယူကာ သပိတ်ထဲ လောင်းလှူရန် အသင့်ပြင်လိုက်၏။ ထူးခြားပေစွ။ ဂေါဓဂုတ္တတိဿမထေရ်ကြီးသည် သပိတ်ဖုံးကို မဖွင့်ချေ။ မင်းကြီးသည် မထေရ်မြတ်ကိုကြည့်ပြီး အကြောင်းကို မေးလျှောက်၏။

''အရှင်ဘုရား ဘာကြောင့် သပိတ်ကို မဖွင့်ပါသလဲ''

''မင်းမြတ်၊ သင့်ညီတော် တိဿဟာ သင့်ကို တောင်းပန်ပြီး ကန်တော့လိုတဲ့အတွက် ကျွန်ုပ်တို့သူ့ကို ခေါ်ဆောင်လာခဲ့ရပါတယ်''

ဒုဋ္ဌဂါမဏီမင်း တွေခနဲတစ်ချက် ဖြစ်သွား၏။ တိဿဟူသော အမည်ကိုကြားလိုက်သည်နှင့် အမျက်ဒေါသတို့သည် ဗလောင်ဆူ၍ ငယ်ထိပ်သို့ တက်လာ၏။ မျက်စိသည် သံလျက်တင်သည့်နေရာကို လှမ်းကြည့်ပြီးသားဖြစ်သွား၏။ မထေရ်မြတ်က ဆက်မိန့်သည်။

''မင်းမြတ်၊ တိဿရဲ့အပြစ်ကို သည်းခံလိုက်ပါ၊ ခန္တီပါရမီဆိုတာ နိုပ်စက်ညှင်းဆဲသူရှိမှ ဖြည့်ဆည်းခွင့်ရပါတယ်၊ ခန္တီပါရမီဆိုတာ ပညာရှိ သူတော်ကောင်းတို့ရဲ့ နှလုံးသားမှာသာတည်ရှိခွင့် ရှိပါတယ်၊ ဒါ့ကြောင့် ဘုရားအလောင်းတော်တို့ရဲ့ ကျင့်စဉ်ပါရမီဆယ်ပါးမှာ ခန္တီပါရမီ ပါနေတာပါ''

''အခု အဲဒီသူယုတ်မာ ဘယ်မှာပါလဲ ဘုရား''

''နန်းတော်စောင်းတန်းဦးမှာ နေခဲ့တယ်၊ သင့်မျက်မှောက်ကို တိဿမလာရဲဘူး မင်းမြတ်''

ဒုဋ္ဌဂါမဏီသည် မထေရ်မြတ်တို့ ရှေ့မှောက်၌ မိမိ အမျက်ဒေါသကို ကြိုးစား မျိုသိပ်နေရသည်။ တိဿအသုံးပြုထားသော လှံများ၊ ကာများသည် သက်ရှိသံဃာတော်များ ဖြစ်နေသည့်အတွက် ဒုဋ္ဌဂါမဏီ မည်ကဲ့သို့ တိုက်ခိုက်ရမှန်းမသိ ဖြစ်နေ၏။ ထိုအချိန်မှာပင် မယ်တော်ကြီးသည်အနီးမှပြေးထွက်သွားပြီး သားတော်ငယ်တိဿအား ခြုံလွှာဖြင့် ဖုံးအုပ်လျက်–

''ဓားတွေလှံတွေကို သိမ်းလိုက်၊ တစ်အူတုံဆင်း ညီရင်းအစ်ကိုချင်းတစ်ယောက်သွေးကိုတစ်ယောက် မသောက်ကြနဲ့၊ နတ်ရွာစံခမည်းတော်ကြီးရဲ့ အမှာစကားကို သတိရကြပါ''

ဟု တတွတ်တွတ် ပြောလျက်ရှိ၏။

ဒုဋ္ဌဂါမဏီ ခေါင်းငိုက်စိုက်ကျလျက်သွားသည်။ ထို့နောက်ဂေါဓဂုတ္တတိဿမထေရ်ကိုမော်ကြည့်လျက် တုန်ယင်သောအသံဖြင့် လျှောက်ထားလေသည်။

''အရှင်ဘုရား၊ တပည့်တော်ဟာရဟန်းသံဃာတော်တို့ရဲ့ ကျွန်အဖြစ်ကို ငယ်စဉ်ကတည်းက ခံယူခဲ့သူ ဖြစ်ပါတယ်ဘုရား၊ အဲဒီအဖြစ်ဟာ ယခုပို၍ ထင်ရှားပါပြီ၊ အရှင်တို့ထံက ခုနစ်နှစ်အရွယ် သာမဏေငယ်တစ်ပါးကို စေလွှတ်ပြီး ပြောဆိုတဲ့စကားဖြစ်စေဦး တပည့်တော် မငြင်းဆန်သာ၊ လိုက်နာရမှာ ဖြစ်ပါတယ်ဘုရား။

''ယခုညီတော်တိဿကြောင့် နှစ်ဖက်စစ်သည် ဗိုလ်ပါတို့ သေကြေပျက်စီးခဲ့ပေမယ့် ညီတော့်ကို တပည့်တော် ခိုက်ရန်မပွားတော့ပါ၊ တပည့်တော်ရဲ့ နှလုံးသားမှာ စူးဝင်နေတဲ့ အမျက်အဆိပ်များကို တပည့်တော် နှလုံးသွေးစက်စက် အကျခံပြီး ပြန်လည် ဆွဲနုတ်ပါတော့မယ်၊ အရှင်မြတ်တို့ ဆုံးမရာကို နာခံပြီး သင့်မြတ်ပေါင်းစည်းမှုကို ရွေးရှုပါတော့မယ်ဘုရား''

ဂေါဓဂုတ္တတိဿမထေရ်သည် သာဓုခေါ်၍ သပိတ်ဖုံးကို ဖွင့်ပေးလိုက်လေသည်။ ထိုအချိန်မှစ၍ ညီ နောင်နှစ်ပါး ညီညွတ်စွာဖြင့် သူရဲကောင်း ဆယ်ယောက်နှင့်အတူ ဗုဒ္ဓဘာသာကို ဖျက်ဆီးနေကြသော ကျေးလူမျိုးများကို အောင်မြင်စွာတိုက်ခိုက်ဖယ်ရှားနိုင်ခဲ့သည်။ သာသနာ့ရန်စွယ်များကို ဖယ်

ရှားသုတ်သင်နိုင်ပြီးသည့်နောက် ဗုဒ္ဓသာသနာကြီး ထွန်းလင်းအောင် အသက်ထက်ဆုံးဆောင်ရွက် တော်မူခဲ့သည်။

ကျေးလူမျိုးတို့အား တိုက်ခိုက်ပုံ၊ သာသနာကို ပြုစုပုံများကို ချစ်ဦးညိုရေးသားသော 'ဒုဋ္ဌဂါမဏိ' စာအုပ်တွင် အကျယ်ဖတ်ကြပါကုန်။ ဤစာအုပ် တွင်ကား ရန်သူများကိုအောင်နိုင်ပြီးနောက် သူရဲ ကောင်းများအား သူကောင်းပြုသောအခန်းနှင့် မင်း ကြီး၏ ဘဝနေဝင်ချိန်အခန်း နှစ်ခန်းမျှလောက်ကို သာ ယင်းစာအုပ်မှ ထုတ်နုတ်တင်ပြလိုက်ပေသည်။

## ငရုတ်သီးကျောင်းတော်

ဒုဋ္ဌဂါမဏိမင်းကြီးသည် စက်ရာတော်၌ ပြန်၍ လဲလျောင်းလိုက်၏။ နောင်တပူပန်မီးများ ငြိမ်းသေ သွားပြီးဖြစ်၍ တည်ငြိမ်စွာ သုံးသပ်ဆင်ခြင်လာနိုင် ခဲ့ပေသည်။ ထိုအခါ ငယ်စဉ်ဘဝမှ ဖြစ်ရပ်တစ်ခု သည် သဏ္ဍာန်ဝယ် ထင်ရှားစွာပေါ်လာခဲ့၏။

ငါတို့ငယ်စဉ်က ခမည်းတော် မယ်တော်တို့ဟာ ငါတို့ကို ထမင်းခွံ့တဲ့အခါ ငါတို့ရဲ့ အမျိုးနတ်ဖြစ်တဲ့ သံဃာတော်များနဲ့ကင်း၍ တရံတစ်ဆစ်မျှ မစား ကြနဲ့လို့ ဆုံးမဩဝါဒ ပေးခဲ့တယ်။ ငါဟာ ဒီဩဝါဒ နဲ့ကင်းပြီး ဘယ်တုန်းကများ သံဃာနဲ့ကင်းလျက် စားခဲ့ဖူးသလဲ။

မိမိ၏ ထမင်းအာဟာရစားသောအနပ်များစွာ တို့ကို အောက်မေ့မိ၏။ သံဃာနှင့်ကင်းလျက် (သို့ မဟုတ်)ရဟန်းသံဃာကို အယုတ်သဖြင့် ဦးမချ ဦးမတင်ဘဲလျက် စားခဲ့သောအကြိမ်ဆို၍ မရှိသ လောက်ပင် သို့သော် စူးရှထက်မြက်နေသော မင်း ကြီး၏အာရုံ၌ တစ်ကြိမ်သောအဖြစ်က ထင်ထင် ရှားရှား ပေါ်လာသည်။ စစ်ပွဲကာလတစ်ခု။ နံနက် စာ စားတော်ခေါ်ချိန်၌ သံဃာ၏အဖို့ကို မထားမိဘဲ ငရုတ်တစ်တောင့် စားခဲ့မိသော တစ်ကြိမ်တည်း သောအဖြစ်။

တစ်ကြိမ်တစ်ခါ ရှိခဲ့ဖူးတယ်၊ ဒီငြုပ်တစ်တောင့် အတွက် ငါကိုယ်ငါ ဒဏ်ထားရလိမ့်မည်။

နောင်သောအခါ ငရုတ်တစ်တောင့်ကို သံဃာ အဖို့ ဦးမထားမိဘဲ စားမိသော ထိုနေရာ၌ မရိစဝဋ္ဋိ ဟူသော ကျောင်းတော်ဝိဟာရကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

## ထေရုပ္ပဋ္ဌာဘယ ခေ်သူကြီးရဲ့ ရန်သူရှာပုံတော်

လက်ာဒီပကျွန်းတစ်ခုလုံး၌ သာသနာ၏ အန္တရာယ် ရန်စွယ်ရန်ငြောင့်များ ကင်းစင်ကွယ်ပခဲ့ လေပြီ။ တိမ်တိုက်တို့ဖုံးအုပ်မှုမှ ကင်းစင်သော ကောင်းကင်အဇ္ဈောတွင် သူရိယနေမင်းသည် လွတ် လပ်လင်းချင်းစွာ ပွင့်ထွန်း တောက်ပဘိသကဲ့သို့ ရတနာသုံးပါး၏ ဂုဏ်အနန္တသည် လက်ာဒီပကျွန်း အပြင်၌ ကျက်သရေရှိစွာ ထွန်းလင်းတောက်ပခဲ့ပြီ ဖြစ်၏။

သာသနာထွန်းကားသော လက်ာဒီပကျွန်း အလုံး၌ မိစ္ဆာဒိဋ္ဌိဘုရင်အပေါင်းလည်း တစ်ဦးတစ် လေမျှမရှိတော့ပေ။ ဒုဋ္ဌဂါမဏိမင်းတစ်ဦးတည်းသာ လျှင် တစ်ပါးတည်းသောဧကရာဇ်ဘုရင်အဖြစ် အုပ် ချုပ်စိုးစံခဲ့၏။ ထီးပြိုင်နန်းပြိုင်ပဒေသရာဇ် မရှိ၊ မကိုင်ရွံ့သရဖူ အပြိုင်ဆောင်းသော ခေါင်းဆောင်မရှိ၊ ဘုန်းလက်ရုံး အာဏာပြိုင် မရှိ။ ဒုဋ္ဌဂါမဏိဟူသော အမည်နာမသည်သာ လက်ာဒီပ၏ ပြိုင်ဖက်ကင်း သော သက်ဦးဆံပိုင်ဧကရာဇ် ဖြစ်လာခဲ့လေသည်။

ခတ်တော်ဋ္ဌာပနာသော ရာဇလုံတံကို ဆွဲကိုင် လျက် မင်းကြီးသည် ရာဇပလ္လင်ပေါ်တက်ခဲ့၏။ တစ်ပါးတည်းသော ဧကရာဇ်အဖြစ် ရာဇာဘိသေက သဘင် ဆင်ယင်ခံယူခဲ့၏။ ရာဇာဘိသေကသဘင် အပြီးတွင် ဒုဋ္ဌဂါမဏိမင်းကြီးသည် အထူးအရေး ပါသော နောက်ထပ်သဘင် တစ်ခုကျင်းပခဲ့ရသည်။ ထိုသဘင်ကား သူရဲကြီးတို့အား ရာထူးဋ္ဌာနန္တရ များ၊ ဘွဲ့တံဆိပ်များဖြင့် ချီးမြှောက်သောသဘင် ဖြစ်သည်။

သူရဲကြီးများသည်ဒုဋ္ဌဂါမဏိမင်းသား ငယ်ဘဝကတည်းက လက်ရုံးနှလုံးဖြင့် သစ္စာရှိစွာ အမှုတော်ထမ်းခဲ့ကြသည့် တကယ့်သူရဲကောင်းများ ဖြစ်ကြပေသည်။ မိမိအထွတ်အထိပ် ရောက်ချိန်တွင် မိမိနှင့်ကောင်းတူဆိုးဖက် အစဉ်တစိုက် ပါဝင်ခဲ့သောပုဂ္ဂိုလ်များကို ထိုက်ထိုက်တန်တန် ချီးမြှောက်ခြင်းသည် မင်းကောင်းမင်းမြတ်တို့၏ ကျင့်ထုံးတစ်ခုပင်ဖြစ်၏။ ဒုဋ္ဌဂါမဏိမင်းသည် သူရဲကောင်းတစ်ကျိပ်တို့အားချီးမြှောက်သောသဘင်ကို ခမ်းနားစွာကျင်းပလေသည်။

သို့သော် ထိုသဘင်တွင် မည်သူမျှ မျှော်လင့်မထားသော၊ မင်းကြီးကိုယ်တိုင်ပင် မျှော်လင့်မထားသော ထူးခြားသည့်ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့၏။ နန္ဒမိတ္တ၊ သူရနိမိလ၊ မဟာသောဏ၊ ကောဋ္ဌတိမ္ဗရ၊ ဘရဏ၊ ဝေဠုသုမန၊ ခဉ္ဇဒေဝ၊ ဖုဿဒေဝ၊ လဘိတျဝသဘ သူရဲကြီးကိုးယောက်တို့သည်အသီးသီးသောရာထူးဌာနန္တရများ၊ ဆုလာဘ်များ၊ ဘွဲ့တံဆိပ်များကို ခံယူကြသည်။ သူရဲကြီးတစ်ယောက်၏ အမည်ကို ခေါ်ယူလိုက်တိုင်း သူတို့သည် အလှည့်ကျမင်းကြီးရှေ့မှောက်သို့ ဝင်ရောက်လာကြသည်။

မင်းကြီးက ရာဇလုံတံဖြင့် သူရဲကြီးတို့၏ဦးထိပ်သို့ အသာအယာထိတို့ကာ အမြင့်ဆုံးသော ချီးမြှောက်ခြင်းဖြင့် အသိအမှတ်ပြုသည်။ ထို့နောက် နားခံတော်နှင့် သံတော်ဆင့်ကို ခံယူရရှိမည့် ဘွဲ့တံဆိပ်နှင့် ရာထူးဌာနန္တရတို့ကို ဖတ်ကြားကြေငြာကြသည်။ နန်းရင်ပြင်တစ်ခုလုံး ကောင်းချီးပေးသံများဖြင့် အုန်းအုန်းကျွက်ကျွက် ဖြစ်နေသည်။

သံတော်ဆင့်သည် အာဝဇ္ဇန်းကောင်းကောင်းဖြင့် သူရဲကြီးတို့၏ ထူးခြားသော သူမတူသည့်စွမ်းရည်များကိုပါ ထုတ်ဖော်ကြေငြာပေးနေသည်။ ထိုအခါသဘင်သည် ပို၍အသက်ဝင်နေတော့၏။ သူရဲကြီးများအုပ်ချုပ်သည့် တပ်မတပ်ဖွဲ့စစ်သည်များကလည်း မိမိတို့ခေါင်းဆောင်၏ ဂုဏ်ထူးဝိသေသကို ကြေငြာလိုက်တိုင်း တဟေးဟေး ဟစ်ကြွေးကာ ကောင်းချီးပေးကြသည်။ ဆယ်ယောက်အနက် နောက်ဆုံးတစ်ယောက်ဖြစ်သော ထေရပုတ္တာဘယ အလှည့် ရောက်လာ၏။

''သူရဲကြီး ထေရပုတ္တာဘယ''

သံတော်ဆင့်ကကြေငြာလိုက်သည်။ ဟေး ခနဲ အသံထွက်ပေါ်လာသည်။ ထိုအသံများအစဲတွင် တစ်ခုသော အသံဝါကြီးက ပေါ်ပေါက်၍လာ၏။

''ကိုရင်ကြီး ကြွတော်မူပါဘုရား''

သူရဲကြီးကောဋ္ဌတိမ္ဗရ၏ အသံဖြစ်၏။ ပရိသတ်သည် ဝါးခနဲ ရယ်လိုက်ကြသည်။ ကောဋ္ဌတိမ္ဗရသည် ထေရပုတ္တာဘယ၏ အရင်းနီးဆုံး မိတ်ဆွေဖြစ်သည်။ စင်စစ် ထေရပုတ္တာဘယ သူရဲကြီး ဒုဋ္ဌဂါမဏိမင်းထံ သူရဲကောင်းအဖြစ် ရောက်ရှိလာခြင်းပင်လျှင် ကောဋ္ဌတိမ္ဗရက ခေါ်ဆောင်လာခဲ့ခြင်းဖြစ်လေသည်။

ထေရပုတ္တာဘယသည် သူရဲကြီးတစ်ကျိပ်အဖွဲ့ဝင်အဖြစ်သို့ မရောက်မီက မဟာသမဏထေရ်ထံ၌ သာမဏေဝတ်နေခဲ့၏။ ကောဋ္ဌတိမ္ဗရနှင့် တွေ့ဆုံကာ သတ်ပုတ်တိုက်ခိုက်ကြပြီးမှ ခင်မင်ရင်းနှီးသွားကြခြင်း ဖြစ်၏။ သူသည် ကောဋ္ဌတောင်အနီးကိတ္တိရွာကြီး၏ အုပ်ချုပ်ရေးမှူး ရောဟဏသူကြွယ်၏သားဖြစ်သည်။ မျိုးရိုးဇာတိအားဖြင့် သူကြွယ်မျိုးဖြစ်သည်။

ကိုရင်ကြီးဘဝတွင် ကောဋ္ဌတိမ္ဗရနှင့်တွေ့ကာ အစွမ်းပြနိုင်ခဲ့သဖြင့် ကောဋ္ဌတိမ္ဗရကဘုရင်ထံ အမှုထမ်းရန် ဆွဲဆောင်ခဲ့၏။ ထိုစဉ်က ကိုရင်ကြီးသည် ကောဋ္ဌတိမ္ဗရအား–

''ဘုရင့်ထံမှာ ငါက ဘာဖြစ်လို့ အမှုထမ်းရမှာလဲ၊ ဘုရင်ပေးတဲ့ စည်းစိမ်ချမ်းသာကို ငါကဘာဖြစ်လို့ မက်ရမှာလဲ၊ ငါ့မှာ လိုချင်ရင် မိဘပစ္စည်းတွေ အပုံအပင်မလိုချင်လို့ သာမဏေဝတ်နေတာ''

ဟု ပြန်ပြောခဲ့၏။ ကောဋ္ဌတိမ္ဗရက–

''ဘုရင်ပေးတဲ့စည်းစိမ်နဲ့ ဘုရင့်ထံ အမှုမထမ်းချင်လည်းနေပေါ့ ကိုရင်ကြီး၊ ဒါပေမဲ့ သာသနာ

တော်ကို ဖျက်ဆီးနေတဲ့ မိစ္ဆာဒိဋ္ဌိဗြဟ္မာရတွေရဲ့ရန်ကို ကိုရင်ကြီးက မျက်ကွယ်ပြုပြီး ဒီကျောင်းတိုက်ထဲမှာပဲ အေးအေးလူလူ နေမယ်ဆိုရင်လည်း နေပေါ့''

ဟုဆိုလိုက်သဖြင့် ''ဒါဆိုရင်တော့ ငါ လူထွက်ရတာပကွာ'' ဟုပြောပြီး လူဝတ်လဲခဲ့သူ ဖြစ်လေသည်။ သူ့ဖခင်အဘယသူကြွယ်သည် မဟာသုမနထေရ်၏ အလုပ်အကျွေး ဖြစ်ခဲ့ပြီးနောက် တရားသံဝေဂရကာ ရှိသမျှစည်းစိမ်ကို သားအားအပ်ခဲ့ပြီး မဟာသုမနထေရ်ထံ၌ ရဟန်းပြုခဲ့သူ ဖြစ်၏။ ထို့ကြောင့် အဘယဟူသော အမည်ရင်းတွင် ထေရပုတ္တရဟန်း၏သား အဘယဟူ၍ အမည်နာမသစ်တိုးခဲ့ခြင်းဖြစ်၏။

ထေရပုတ္တာဘယ၏ ဇာတ်ကြောင်းကို အားလုံးကုန်သော ပရိသတ်သိပြီးဖြစ်သည်။ ထို့ကြောင့် ကိုရင်ကြီး ဘဝမှလူဝတ်လဲကာ မင်းကြီးထံအမှုထမ်းလာသော ထေရပုတ္တာဘယကို ကိုရင်ကြီးကြွတော်မူပါဘုရားဟု ကောဋ္ဌတိမ္ဗရက အော်လိုက်သည်တွင် အကြောင်းသိ ပရိသတ်က တဝါးဝါးရယ်ကြခြင်းဖြစ်သည်။

ထေရပုတ္တာဘယသည် သတ်မှတ်ထားသော နေရာသို့ ရောက်လာ၏။ သူ့မျက်နှာမှာ ထူးထူးခြားခြား တည်ငြိမ်နေသည်။ ပရိသတ်က ခင်မင်နှစ်လိုစွာ ရယ်မော ဩဘာပေးနေကြသော်လည်း သူက မရယ်မပြုံး ရှိနေသည်။ သာမဏေဘဝမှ ထွက်လာကတည်းက ဆံပင်မထားဘဲ ဦးပြည်းဖြင့်သာနေခဲ့သဖြင့် သူ့အသွင်မှာ တစ်မူထူးခြားနေသည်။

ယခုပို၍ ထူးခြားနေသည်မှာ ထေရပုတ္တာဘယသည် ဘုရင့်သူရဲကောင်းဝတ်စုံကို ဝတ်ဆင်မလာဘဲ ရိုးရိုးသာမန်ဝတ်စားလာခြင်း ဖြစ်၏။ ပရိသတ်သည် ထေရပုတ္တာဘယ၏ တစ်မူထူးခြားနေသော ဝတ်စားဆင်ယင်မှုနှင့် သူ၏ မရယ်မပြုံးရှိနေသော အသွင်ကို သတိထားလိုက်မိကြသည်။ ထေရပုတ္တာဘယသည် ဘုရင့်ရှေ့တွင် ဒူးထောက်လိုက်ပြီးနောက် သူ၏ဦးခေါင်းထိပ်ထက် ကျရောက်လာမည့် ရာဇလုံတံ၏ အထိအတွေ့ကိုပင် မစောင့်တော့ဘဲ ပြောလိုက်၏။

''ကျွန်ုပ် ဘွဲ့တံဆိပ်တော်နဲ့ ရာထူးဌာနန္တရများကို လက်မခံပါရစေနဲ့ ဘုရင်မင်းမြတ်''

သူ့အသံသြသြကြီးမှာ နန်းရင်ပြင်၌ဟိန်းထွက်လာသည်။ ပရိသတ်အသံများ တိတ်သွားသည်။ ချီးမြှင့်မည့် ဘွဲ့တံဆိပ် အဆောင်အယောင်များ၊ ရာထူးဌာနန္တရများစာရင်းကို ဖတ်ကြားကြေငြာရန် အသင့်ဖြစ်နေသည့် သံတော်ဆင့်နှင့် နားခံတော်တို့လည်း ရုတ်တရက်အံ့အားသင့်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြ၏။ ဒုဋ္ဌဂါမဏိမင်းကြီးက ရာဇလုံတံကို ကိုင်ထားရင်း မိမိ၏သူရဲကောင်းကြီးကို စိုက်ကြည့်ရင်းပြောသည်။

''ဘာကြောင့်လဲ ထေရပုတ္တာဘယ၊ ဘာဖြစ်လို့လဲ၊ အရှင်သခင်ရဲ့ ချီးမြှောက်မှုဆိုတာ မငြင်းပယ်စကောင်းဘူး မဟုတ်လား''

''ဟုတ်ပါတယ် အရှင်၊ ဒါပေမဲ့ ကျွန်ုပ်မှာ အရေးတော်များ မပြီးဆုံးသေးပါဘူး၊ ဆက်လက်လုပ်ဆောင်ဖွယ်ရာများ ရှိနေသေးလို့ အရှင်သခင်ရဲ့ ချီးမြှောက်မှုကို ငြင်းပယ်နေရခြင်း ဖြစ်ပါတယ်''

ဒုဋ္ဌဂါမဏိမင်းကိုယ်တိုင် အံ့ဩသွား၏။ သို့သော် မိမိ၏သူရဲကောင်းကြီးကို ချစ်ခင်စွာဖြင့် မင်းကြီးသည် အကြည်အသာ ပြုံးရင်း မေးလိုက်သည်။

''အရှင်သခင်ရဲ့ ချီးမြှောက်မှုကို ငြင်းပယ်နေရလောက်အောင်ဘာတွေများအရေးတော်ပေါ်နေသလဲ၊ ဘာတွေများဆက်လက်လုပ်ဆောင်ဖွယ်ရာ ရှိနေသေးလို့လဲ ထေရပုတ္တာဘယ''

ပျော်တတ်သော ကောဋ္ဌတိမ္ဗရက လှမ်းပြောလိုက်၏။

''ကိုရင်ကြီး၊ ရည်းစားသနာတွေ့ထားဟန်တူပါတယ်အရှင်၊ သူအိမ်ထောင်ပြုတော့မလို့ ထင်ပါရဲ့''

ရယ်သံများ ထွက်ပေါ်လာ၏။ သို့သော် ထေရပုတ္တာဘယ၏ မျက်နှာထားမှာ တည်လွန်းသဖြင့် ပရိသတ်သည် အလိုလို အရယ်ရပ်သွားပြီး နောက်

ပြောင်လိုက်သူ ကောဋ္ဌတိမ္ဗရကိုယ်တိုင်လည်း အိုးတိုးအမ်းတမ်း ဖြစ်သွား၏။ ထေရပုတ္တာဘယ ဆက်ပြောသည်။

''ကျွန်ုပ်မှာ စစ်ထိုးစရာ ရှိနေပါသေးတယ် ဘုရင်မင်းမြတ်''

သည်တစ်ခါ အားလုံးပင်တိတ်ဆိတ်သွားကြ၏။ မိစ္ဆာဒိဋ္ဌိဋ္ဌောရတွေရန်မှ အလုံးစုံကင်းစင်ပြီးသော အချိန်တွင် မည်သည့်စစ်မှုထိုးစရာမရှိတော့။ သာသနာ့ရန်စွယ်ဟူသမျှ ထောင်းထောင်းညက်ကြေ ပျက်ကြွေကျလေပြီ။

''ထေရပုတ္တာဘယ၊ ငါကိုယ်တိုင်ပဲ ကေရာဇ်အဖြစ်နဲ့ ရာဇဘိသေက ခံယူပြီးပြီ၊ လင်္ကာဒီပမှာ စစ်မီးငြိမ်းပြီး ဋ္ဌောရတွေ ပြုတ်ပြုတ်ပြုန်းကုန်ပြီ၊ သင့်မှာ ဘာစစ်ထိုးစရာရှိနေသလဲ၊ ငါ နားမလည်ဘူး''

ထေရပုတ္တာဘယသည် ဒူးထောက်နေရာမှ ရပ်လိုက်၏။ သူ့အရပ်မောင်းကြီး ပိုမိုမြင့်မားထွားကြိုင်းနေသည်ဟု ထင်ရသည်။ မျက်လုံးများ စူးရဲလေးနက်နေသည်။ မျက်နှာသွင်ပြင် တည်ငြိမ်နက်ရှိုင်းနေသည်။

''နားဆင်ပါ အရှင်၊ ကျွန်ုပ်မှာ အလွန်အောင်နိုင်ခဲသော အဇ္ဈတ္တရန်သူများ ကြွင်းကျန်နေပါသေးတယ်၊ လင်္ကာဒီပကျွန်းအလုံးက မိစ္ဆာဒိဋ္ဌိ သာသနာ့ရန်စွယ်ဋ္ဌောရတွေ ပျက်ပြုန်းသွားသော်လည်း ဒါဟာ ဗဟိဒ္ဓရန်သူတွေရဲ့ကျဆုံးခန်းသာ ဖြစ်ပါတယ်၊ ကြီးမားလှတဲ့ အဇ္ဈတ္တရန်သူတွေ ရှိနေပါသေးတယ်''

''အဇ္ဈတ္တရန်သူ. . .၊ အဲဒါ ဘာလဲ''

''ကိလေသာတည်းဟူသော ရန်သူစစ်ဖြစ်ပါတယ် အရှင်၊ ဒီ အတွင်းရန်သူကြီးကို တိုက်ခိုက်နှိမ်နင်းဖို့ ကျွန်ုပ်ကို ရဟန်းပြုခွင့်ပေးပါ၊ ဘွဲ့တံဆိပ်ရာထူးဌာနန္တရများကို လက်မခံပါရစေနဲ့၊ ထေရပုတ္တာဘယ စစ်ဆက်တိုက်ပါရစေ''

အာမေဋိတ်သံများဖြင့် နန်းရင်ပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွား၏။ ထေရပုတ္တာဘယကားပကတိလေးနက်သောအမူအရာဖြင့် ဒုဋ္ဌဂါမဏိမင်းကြီးကို စူးစူးဝံ့ဝံ့ကြည့်နေ၏။ မင်းကြီးကလည်း သူရဲကောင်းကြီးကို ကြည့်နေ၏။ ထေရပုတ္တာဘယ၏ မျက်လုံးအိမ်၌ မင်းကြီး ယခင်ကတစ်ခါမျှမတွေ့ဖူးသော အရောင်ဝန်းတို့တောက်ပနေသည်။ တည်ကြည်မြဲမြံခြင်း တစ်ရွေးစေ့မျှပင် ရွေ့လျားတိမ်းဖယ်မှုမရှိခြင်းကိုပြသော ခိုင်ကြည်သည့် သန္နိဋ္ဌာန် အလင်းစက်များ ဖြစ်၏။

ထေရပုတ္တာဘယ၏ မြဲမြံသော ဆုံးဖြတ်ချက်မျက်လုံးကိုဒုဋ္ဌဂါမဏိမင်းကြီးတွေ့ခဲ့ဖူးပေါင်းများလှပြီ။ အသေအကြေ ထိုးခုတ်ရမည့်တိုက်ပွဲများ ကြောက်ခမန်းလိလိစစ်ပွဲများဝင်ရတော့မည်ဆိုလျှင် ထေရပုတ္တာဘယစစ်သူရဲ၏ မျက်လုံးများ၌ ဤသို့သောအရောင်တွေ တောက်ပလာမြဲဖြစ်၏။ သို့သော် ယခုမြင်တွေ့နေရသော မျက်ဝန်းအိမ်၏ တောက်ပမှုမှာ မင်းကြီးမြင်ခဲ့ဖူးသော ထိုထိုသော အကြိမ်များနှင့်မတူ။

ထိုထိုသော အကြိမ်များထက် ပို၍စူးရှသော အကြည့်မျိုး ဖြစ်နေသည်။ စစ်ပွဲဝင်ခါနီး မျက်လုံးများမှာဖျတ်ဖျတ်တောက်လက်နေတတ်သည်။ ယခုကား ငြိမ်သက်သော ထုထည်ကြီးသော စွမ်းပကားကို စောင့်သည့် ထူးခြားသည့်အရောင်မျိုး။ စစ်သူရဲ၏ မျက်နှာသွင်ပြင်သည် အထူးကြည်လင်နေ၏။ စစ်သွေးတို့ဖြင့် နီမြန်းနေခြင်း မဟုတ်ဘဲ၊ ထူးခြားသော အငွေ့များဖြင့် လွှမ်းပတ်ထားသလို ရှင်းသန့်ခြင်းဖြင့် ခိုင်မာနေ၏။

''ကိလေသာရန်သူ၊ ဟုတ်လား ကိုရင်ကြီး''

မင်းကြီးက ရင်းနှီးစွာ မေးလိုက်၏။

''ဟုတ်ပါတယ်အရှင်၊ လောကသားတို့ နှိမ်နင်းရန် ခက်ခဲလှတဲ့၊ နှိမ်နင်းဖို့လည်း မေ့လျော့နေတတ်ကြတဲ့ အကြီးမားဆုံး အဇ္ဈတ္တရန်သူပါ၊ ဒီစစ်ပွဲကို ကျွန်ုပ် တိုက်ခိုက်ရပါမယ်၊ ဒီစစ်ပွဲ မတိုက်ခိုက်ရသေးသမျှ၊ ဒီစစ်ပွဲ မအောင်မြင်သေးသမျှ ကျွန်ုပ်ဟာ ရှုံးနိမ့်သူ ဖြစ်နေရပါဦးမယ်၊ စစ်ပွဲဝင်ဖို့ ခွင့်ပြု

တော်မူပါ၊ ဒါကြောင့် ယခုသဘင်မှာ အပ်နှင်းချီးမြှင့်တဲ့ ဆုလာဘ်၊ဘွဲ့ စည်းစိမ်များကို ကျွန်ုပ်မခံယူလိုပါ''

''စဉ်းစားပါဦးလေ၊ ထေရပုတ္တာဘယ၊ ကျွန်ုပ်နှင့်အတူတွဲပြီး သင်ရဲ့ သွေးသောက်စစ်သူရဲကြီးများနဲ့အတူတွဲပြီး စစ်ပွဲပေါင်းများစွာနွဲခဲ့ပြီးမှ အခုအချိန်မှာ သင်လမ်းခွဲသွားလို့ ဘယ်သင့်ပါ့မလဲ၊ အတူတကွတိုက်ပွဲဝင်ခဲ့သူများဟာအောင်ပွဲရဲ့အသီးအပွင့်ကိုလည်း အတူတကွ မြိန်ယှက်စွာ သုံးဆောင်သင့်တာပေါ့''

ဒုဋ္ဌဂါမဏိမင်းကြီးက ခွင့်ပြုမိန့်မပေးဘဲ တားမြစ်လိုက်သည်။

''ကျွန်ုပ် အကြိမ်ကြိမ်စဉ်းစားဆုံးဖြတ်ခဲ့ပြီးပါပြီ ဘုရင်မင်းမြတ်''

''သင့်ဆုံးဖြတ်ချက်ဟာ ဒုဋ္ဌဂါမဏိနဲ့တကွသော သင့်ရဲ့ ရောင်းရင်းကြီးများကို စွန့်ပစ်ရာ ရောက်နေတယ်လေ ထေရပုတ္တာဘယ''

''မူလကတည်းက တစ်ယောက်တစ်လမ်းစီ လာခဲ့ကြတာပါအရှင်၊ ဆုံသင့်ဆုံအပ်တဲ့အချိန်၊ ဆုံရမယ့်နေရာမှာ အတူတကွဆုံကြရပြီးနောက် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ရမှာဖြစ်ပါတယ်''

''ခုချိန်ဟာ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြရမယ့်အချိန်မှ မဟုတ်သေးဘဲ၊ ကျွန်ုပ်တို့အတူတကွ ဆက်လက်လုပ်စရာတွေရှိနေသေးတယ်''

''လင်္ကာဒီပတစ်ဝှမ်းလုံးမှာရှိတဲ့ မိစ္ဆာဝါဒီဒြောရ ကျေးတွေအားလုံး ပြုတ်ပြုတ်ပြုန်းကုန်ပါပြီ အရှင်''

''ဒီဒမိဠတွေ ပြုတ်ပြုတ်ပြုန်းကုန်တာကတော့ မှန်ပါတယ်၊ ဗုဒ္ဓဓမ္မသာသနာကြီး ထွန်းကားစည်ပင်ဖို့ ကျွန်ုပ်တို့အတူလက်တွဲပြီး လုပ်စရာတွေ ရှိနေသေးတယ်''

''အဗ္ဗုတ္တရန်သူကြီးတွေနဲ့ တိုက်ခိုက်ရမယ့် ကိလေသာစစ်ပွဲကို ဆင်နွှဲပြီး အောင်မြင်မှု မရသေးသမျှ ကာလပတ်လုံး ကျွန်ုပ်ဘာကိုမှ ဆက်လက်မလုပ်နိုင်ပါဘူးအရှင်''

ဘုရင်နှင့်သူရဲကောင်းတို့ အခြေအတင် ဖြစ်နေကြ၏။ အနီးရှိ စစ်သူရဲကြီးများမှာ စိတ်ဝင်စားလွန်းသဖြင့်တိတ်ဆိတ်နေကြသည်။ အစဉ်တစိုက် ဘုရင့်အမိန့်ကိုဦးထိပ်ရွက်ခဲ့သော ထေရပုတ္တာဘယသည် အရှင်သခင်ကို တော်လှန်လေပြီလော။

''ဆုလာဘ်ဘွဲ့နှင့် စည်းစိမ်တွေကို ခံစားစံစားလိုက်ပါဦးလား ထေရပုတ္တာဘယ၊ တစ်လျှောက်လုံး စစ်ပွဲတွေ ဆင်နွှဲခဲ့ရတဲ့အတွက် သင်မောပန်းနွမ်းနယ်လှပါပြီ၊ စည်းစိမ်တွေနဲ့ အမောဖြေလိုက်ပါဦး၊ အနားယူလိုက်ပါဦး''

''အမောဖြေ အနားယူဖို့ အချိန်မရှိတော့ပါဘူး အရှင်၊ အချိန်နဲ့အမျှ အဇ္ဈတ္တရန်သူတွေဟာ အလုံးအရင်းနဲ့ တိုးပွားလာနေကြပါတယ်၊ ဒီအချိန်မှာမှ ကျွန်ုပ်ဒီစစ်ပွဲကို မဆင်နွှဲရင် သံသရာတစ်လျှောက်လုံး အရှုံးကြီးရှုံးရပါတော့မယ်၊ ဒုဋ္ဌဂါမဏိမင်းတရားကြီးဟာ သူ့ရဲ့သူရဲကောင်းကို တကယ်တမ်း ချစ်မြတ်နိုး သနားတော်မူတယ်ဆိုရင် ခွင့်ပြုစေချင်ပါတယ်''

မင်းကြီး ရန်းမထွက်နိုင်အောင် ဖြစ်သွား၏။

''ထေရပုတ္တာဘယ သင်ဟာ သင့်ရဲ့အရှင်သခင်ဆီက ခွင့်ပြုမိန့်ကိုတောင်းဆိုနေခြင်းမှ မဟုတ်ဘဲ၊ သင့်ရဲ့ဆုံးဖြတ်ချက်ကို သင်ပြုပြီး ဒါကိုခွင့်ပြုရမယ်ဆိုပြီး ဘုရင်မင်းမြတ်ကို သင်ကပြန်ပြီးအမိန့်ပေးနေသလို ဖြစ်နေပါလား''

ထေရပုတ္တာဘယသည် ငြိမ်သက်သွား၏။ စကားတို့ မဆိုတော့။ သို့သော်နောက်မဆုတ်တမ်း ခိုင်မာလွန်းသော အသွင်သဏ္ဌာန်က ပိုမို၍ထင်ရှားလာသည်။

''ပြောပါဦးထေရပုတ္တာဘယ၊ ဘုရင်မင်းမြတ်ကို ဒီလိုအမိန့်ပေးရမယ်လို့ သင်ကပြန်ပြီး အမိန့်ပေးနေတာလား''

စစ်သူရဲကြီး၏ မေးကြောကြီးများ ထောင်လာသည်။ ရင်အုံကြီး မို့မောက်လာကာ ပြင်းပြင်းအသက်ရှူလိုက်သည်။

''သာသနာ့အန္တရာယ် မိစ္ဆာဒိဋ္ဌိဒမိဠတွေရဲ့ ရန်

ကို အလုံးစုံဖြိုခွင်းနိုင်ခဲ့တဲ့ ဘုရင်မင်းမြတ်တစ်ပါးရဲ့ စိတ်နှလုံးအပေါ်မှာ ကျွန်ုပ် ယုံကြည်လေးမြတ်စွာနဲ့ ဒီစကားကိုဆို၊ ဒီအခွင့်အရေးကို တောင်းခံခဲ့ခြင်း ဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာရဲ့ဓာတ်တော် ဌာပနာထားတဲ့ ရာဇလုံတံ ကိုင်ဆွဲတော်မူသော ကေရာဇ်ဘုရင်တစ်ပါးရဲ့ ခွင့်လွှတ်ကြင်နာမှုကို ကျွန်ုပ် အလုံးစုံယုံကြည်ပြီး ဘုရင်မင်းမြတ်ကို ကျူးပြီးအမိန့်ပေးနေခြင်း မဟုတ်ပါဘူး။ သူရဲကောင်းအပေါ် ချစ်ခင်နားလည်လှတဲ့ အရှင်သခင်ရဲ့နှလုံးသားကို ကျွန်ုပ်ယုံကြည်စွာ ခွင့်ပန်နေခြင်း ဖြစ်ပါတယ်''

သူရဲကောင်းက ဘုရင်ကို ပြန်၍ချည်တုပ်လိုက်ခြင်း ဖြစ်သည်။ ဒုဋ္ဌဂါမဏိမင်းကြီး ယှဲ့ယှဲ့မျှ ပြုံးသည်။ ထို့နောက် –

''ကိုင်း ငါ ခွင့်ပြုမိန့်မပေးနိုင်ဘူးဆိုရင်ကော ကွယ်''

ထေရပုဏ္ဏာဘယ၏ ကိုယ်လုံးကြီး တွန့်ခနဲ ဖြစ်သွားသည်ဟု ထင်ကြရသည်။ မို့မောက်နေသော ရင်အုံကြီးသည် ဖြေလျှော့လိုက်သော ဖားဖိုကြီးတစ်ခုနှယ် ရှူးခနဲအသံကြီး ထွက်လာသည်ဟုလည်း ထင်ရ၏။ ကျောက်ရုပ်ကြီးလို ငြိမ်သက်သွားပြီးမှ ထေရပုဏ္ဏာဘယထံမှ အသံထွက်လာသည်။ လှိုက်လှဲသည်းထန် ဝမ်းခေါင်းသံကြီး. . ။

''ဒုဋ္ဌဂါမဏိမင်းကြီးအပေါ် အသက်ပေးသစ္စာရှိခဲ့တဲ့ ထေရပုဏ္ဏာဘယတစ်ယောက် တစ်လျှောက်လုံးလုံး ပဋိညာဉ်ခံသစ္စာရှိကျွန်ယုံ ဖြစ်ခဲ့ပြီးမှ နောက်ဆုံးမှာ အရှင်သခင်ရဲ့အမိန့်ကို ကျူးကျော်ဖောက်ဖျက်သွားတယ်ဆိုတဲ့ ရောမအမည်းစက်ကြီးကိုပဲ ကံဆိုးသူအကျွန်ုပ် ခံသွားရတော့မှာပါပဲအရှင်''

သဘင်တစ်ခုလုံး တဝေါဝေါဖြစ်သွားသည်။ မင်းကြီးသည် ထိုင်ရာမှထကာ ထေရပုဏ္ဏာဘယ၏ ပခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်၏။ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြပြန်သည်။ မင်းကြီး၏ အသံ ပေါ်လာ၏။

''ထေရပုဏ္ဏာဘယ ကိလေသာစစ်ပွဲကို ဆက်တိုက်ပါ၊ သင့်ကို ငါ ခွင့်ပြုတယ်''

စစ်သူကြီး၏မျက်နှာသည် ကြေးနီရောင်မှသည် ရွှေရောင်သို့ တစ်မုဟုတ်ချင်း ပြောင်းသွားတော့သည်။

လအနည်းငယ်အကြာတွင် ဤကိစ္စနှင့်ပတ်သက်၍ သူရဲကောင်းကောဋ္ဌတိမ္ဗရက မင်းကြီးအား စောဒကတက်ခဲ့သေး၏။ ကောဋ္ဌတိမ္ဗရမှာ ထေရပုဏ္ဏာဘယအား ကိုရင်ကြီးအဖြစ်မှ ရှင်လူထွက်ဖြစ်စေကာမင်းကြီးထံခေါ်ဆောင်လာခဲ့သူဖြစ်ပြီး အရင်းအခြာဆုံးလည်းဖြစ်၊ ထေရပုဏ္ဏာဘယအပေါ်တွင် သံယောဇဉ်အကြီးဆုံးလည်း ဖြစ်လေသည်။ ဘုရင်မင်းမြတ်က ထေရပုဏ္ဏာဘယအား ခွင့်ပြုလိုက်ခြင်းအတွက် မည်သို့မျှကန့်ကွက်ခွင့် မသာသော်လည်း ဘဝင်မကျနိုင်သော ကောဋ္ဌတိမ္ဗရကဆို၏။

''အရှင် ကိုရင်ကြီးကို အလိုလိုက်လွန်းတယ်၊ သူဟာ ကြံ့တစ်ကောင်လိုပဲ၊ ဦးချိုတည်မိရာမှာ ဘာကြီးရှိနေနေ အသေခံပြီး ဝင်တိုးဆောင့်တတ်တဲ့ လူစားမျိုး၊ အခု အရှင်ရဲ့ခွင့်ပြုချက်ကို မရ,ရအောင်လုပ်ပြီး နန်းတော်နဲ့ ကျွန်တော်တို့အားလုံးကို သူစွန့်ခွာသွားပြီ၊ သူပြောတဲ့ ကိလေသာစစ်ပွဲကို ဘယ်လိုနည်းနဲ့ ဆင်နွှဲမှာတဲ့လဲ၊ သူဘယ်လို ဆင်နွှဲပြီး ဘယ်လိုပုံနဲ့အောင်မလား, ရှုံးမလားတော့မသိ၊ ခုလောလောဆယ်တော့ကျွန်တော်တို့မှာ ထေရပုဏ္ဏာဘယဆိုတဲ့ စစ်သူကြီးတစ်ယောက် ဆုံးရှုံးရပြီ''

ကောဋ္ဌတိမ္ဗရသည် မကျေမချမ်းနှင့် ညည်းညူလေသည်။ သို့သော် ကာလများ မကြာမီမှာပင် ကောဋ္ဌတိမ္ဗရ၏ပါးစပ်ကိုပိတ်သွားစေသော သတင်းတစ်ခု ရောက်လာ၏။ ထိုသတင်းသည် ဟိမဝန္တာမှ ရောက်လာခြင်းဖြစ်သည်။

''ဘုရင့်စစ်သူရဲကောင်း ထေရပုဏ္ဏာဘယ ရဟန်းပြုပြီး များမကြာမီ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ပြီ၊ ရဟန္တာငါးရာခြံရံပြီး သီတင်းသုံးစမ္မယ်နေတော်မူပြီ''

ဒုဋ္ဌဂါမဏိမင်းကြီးသည် လှိုက်လှိုက်လှဲလှဲ ကျူး

ရင့်လေသည်။

''ထေရပုတ္တာဘယအတွက် ဝမ်းမြောက်ပီတိကြီးစွာ ဖြစ်ရလေတယ်၊ သူဟာ တကယ်ပဲ ကိလေသာ စစ်ပွဲကို တိုက်ခိုက်အောင်မြင်သွားပြီ၊ အကြီးကျယ်ဆုံး အောင်ပွဲကို သူ ရသွားပြီ၊ ဒါတင်မကဘူး၊ ငါ့ကိုယ်ငါအတွက်လည်း ဝမ်းမြောက်လှတယ်၊ စစ်ထိုးသောအမှုဟာ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် မဖြစ်ဘူးလို့ ရဟန္တာမြတ်တို့ ဟောကြားခဲ့တာ မှန်လိုက်လေခြင်း၊ ထေရပုတ္တအဘယက သက်သေထင်ရှားပြသွားပြီ''

### ဒုဋ္ဌဂါမဏီ၏ နောက်ဆုံးအချိန်

မဟာစေတီတော်၏ လုံးတော်အုတ်ရိုးပိုင်း လုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်၏။ အင်္ဂတေလိမ်းကျံခြင်းကား မပြုရသေး။ ထီးတော်တင်ဖို့ ဆိုသည်မှာလည်း အချိန်မကျရောက်သေး။ မဟာစေတီတော်တည်ခြင်းအမှုသည် လုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း တရိပ်ရိပ်တိုးတက်လာနေသည်ကား အမှန်ပင်ဖြစ်၏။ သို့နှင့်အမျှ တရိပ်ရိပ် ကျဆင်းနေသော အခြားအဖြစ်သနစ်တစ်ခုလည်းပေါ်ပေါက်နေသည်။ ယင်းကား ဒုဋ္ဌဂါမဏီမင်းကြီး၏ ဇရာ၊ ထို့နောက် ဗျာဓိ။

ဒမိဠကျေးကုလားတို့နှင့် သာသနာ့အန္တရာယ်ဋ္ဌောရကျေးမင်းတို့ကို သုတ်သင်ဖယ်ရှားရေး ကြွေးကြော်သံဖြင့် နှစ်ရှည်လများ စစ်ထိုးခဲ့သော စစ်ပွဲဒဏ်များက မင်းကြီး၏ဇရာကို ဗျာဓိအဖြစ်သို့ ပို့ဆောင်ပေးကြပြီ ဖြစ်သည်။ ရတနာသုံးပါးကို အထွဋ်တပ်ကာ တစ်ဘဝလုံးလုံး မနားမနေ အပန်းမဖြေ လှုပ်လှုပ်ရှားရှား တိုက်တိုက်ခိုက်ခိုက် နေခဲ့သည့် ခန္ဓာကိုယ်သည် ချုံးချုံးကျခဲ့လေပြီ။

ဇရာတည်းဟူသော မြေခင်းပျော့ပျော့ပေါ်တွင် ဗျာဓိသည် တံခွန်အလံများကို တစ်စင်းပြီး တစ်စင်း စိုက်ထူလာသည်။ ထိုဗျာဓိတံခွန်အလံများတို့သည် မရဏလေပြင်းအရှိန်ဖြင့် တဖျတ်ဖျတ် လှုပ်ခါနေကြသည်။ ဒုဋ္ဌဂါမဏီမင်းကြီး ကိုယ်တိုင်လည်း မိမိအခြေအနေကို မိမိသိ၏။ သမားတော်တို့၏ ဆေးဝါးကုသမှုကို ခံယူရင်းဖြင့်ပင် မင်းကြီးသည် ဒီဃဝါပိအရပ်ဒေသရှိ ညီတော်တိဿကို အခေါ်လွှတ်လိုက်၏။

''တိဿ မဟာစေတီကြီး အမြန်ဆုံးပြီးစီးရေး ဆက်လုပ်ဆောင်ဖို့ ညီတော် တာဝန်ယူပါ''

နောင်တော်မင်းကြီးသည် စကားလုံးများ ပီသအောင် အတော်ကြီးအားစိုက်ပြောနေသည်ကို တိဿ သိလိုက်၏။ အနည်းငယ်စကားပြောရုံမျှဖြင့် မောပန်းကြီးစွာ အသက်ရှူနေရ၏။

''စိတ်ချယုံကြည်စွာ နောင်တော်မင်းမြတ် စံနေတော်မူပါ၊ ဝေဒနာ ပျောက်ကင်းရေးကိုသာ ရှေးရှုပါ နောင်တော်''

မင်းကြီး ယဲ့ယဲ့ပြုံးသည်။ မျက်ဝန်းအိမ်များ အရောင်သွေ့ခြောက်လျက်–

''နောင်တော့် ဝေဒနာက စေတီမပြီးမီ . . ''

စကားမဆက်နိုင်။ ပါးစပ်ကို ဟ၍ အသက်ရှူနေရသည်။ သမားတော်က မျက်ရိပ်ပြသည်။ မင်းကြီး ပြန်လည်မိန်းမောသွားစဉ် တိဿကုမာရသည် တိတ်တဆိတ် ထွက်လာခဲ့လေသည်။ နန်းတော်မုခ်တံခါးအထွက်မှာပင် တိဿသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

အစဉ်အတိုင်းသာ ဆက်လက်လုပ်ဆောင်မယ်ဆိုရင် မဟာစေတီကြီးအပြီးကို နောင်တော်မီနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ကောင်းသောစေတနာ ပြဌာန်းမှုနဲ့ ငါလုပ်မှ ဖြစ်တော့မယ်။ ဒီလို လုပ်တဲ့အတွက် အပြစ်တစ်စုံတစ်ရာ ဖြစ်မယ်ဆိုရင်လည်း အဲဒီအပြစ်ကို ငါခံဖို့အသင့်ပဲ။

အပ်ချုပ်သမားများကို တိဿကုမာရ ခေါ်လိုက်၏။ စင်ကြယ်စွာသော အဝတ်အဖြူတို့ကို အစပ်အဟပ်ညီညွတ်စွာ ချုပ်လုပ်ရစ်ပတ်စေသည်။ ထိုအဝတ်အပေါ်တွင် ကျွမ်းကျင်သော ပန်းချီကျော်များကို ပွတ်တိုင်, ရေပြည့်အိုး, တံခွန်ကုက္ကား, မုလေးပွားစသည့်ရုပ်ပုံများ ရေးဆွဲစေ၏။ ထို့နောက် လက်

ရာအကောင်းဆုံး တောင်းရွေသမားများကိုခေါ်၍ အသန့်ရှင်းဆုံးဝါးများဖြင့် ထီးတော်, လဝန်း, နေဝန်း, အထက်ပွတ်တိုင်, ဆည်းလည်း, ညောင်ရွက် စသည်များကို ရက်လုပ်စေ၏။

ထိုပန်းချီပုံများ ဝါးဖြင့်ပြီးသော စေတီတော် အပြောက်အမွှမ်းများကို တည်လက်စ စေတီတော်ကြီးတွင် အံကိုက် အနံကိုက် မွမ်းမံလိုက်ကြသည်။ ထို့နောက် စေတီတော်ကြီးပြီးစီးပါကြောင်း နောင်တော်ထံ ဝင်၍ လျှောက်တင်သည်။ ထိုအချိန်တွင် မင်းကြီးကား လျောင်းလျက် ဣရိယာပုထ်မှတစ်ပါး ထိုင်ခြင်း, ထခြင်းပင် မပြုနိုင်တော့ပေ။

ဝေါယာဉ်ပေါ်တွင် လျောင်းလျက်လိုက်လာရင်း စေတီတော်ကြီးကို လက်ျာရစ် လှည့်လည်ကာ ရှိခိုးပူဇော်လေသည်။ လက်ျာရစ်ပူဇော်ပြီး အနောက်တောင်ဘက်တံခါးဝ မြေအခင်းထက်တွင် လက်ျာနံပါးဖြင့် လျောင်းလျက် ပူဇော်ပြန်သည်။ လက်ဝဲနံပါးသို့ ပြောင်းကာ လောဟပါသာဒကို ဖူးမြော်ရှိခိုးသည်။

လက်ာဒီပအနုရာဓတစ်ဝှမ်းတွင် သီတင်းသုံးကြသော ရဟန်းအပေါင်း မင်းကြီးထံ ရောက်ရှိလာကြ၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ နောက်ဆုံးအချိန်နီးကပ်လာပြီဖြစ်သဖြင့် ရဟန်းတော်တို့သည် အစုအဖွဲ့လိုက် တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြလေသည်။

ထိုအစုအဖွဲ့ရဟန်းများတွင် တစ်ပါးသောရဟန်းမပါဝင်ချေ။ လစ်လပ်သော ထိုရဟန်းတော်ကို မင်းကြီးကလည်း တောင့်တလေသည်။ မင်းကြီးသည် စိတ်ထဲတွင် တွေးကြ၏။

အဘယဆိုတဲ့ စစ်သူကြီးဟာ ဋ္ဌောရကျေးမင်းတို့နဲ့ ငါ နှစ်ဆယ့်ရှစ်ကြိမ်တိုင် စစ်ထိုးခဲ့ရာ ငါ့ထံပါးအမြဲရှိခဲ့တယ်။ ငါ့ကိုဝန်းရံပြီး ငါ့အသက်ဘေး ကာကွယ်ရေးနှင့် စစ်ပွဲအောင်မြင်ရေးအတွက် ရွတ်ရွတ်ချွံချွံ စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့တယ်။ အခုတော့ မရဏာရာဇန္နဲ့(သေမင်းနဲ့) စစ်ထိုးရတဲ့ဒီပွဲမှာ ငါရှုံးနိမ့်ခဲ့မယ်ဆိုတာသိခဲ့တဲ့အတွက် သူမလာတော့ဘူးထင်ပါရဲ့။

''ဩော် ... စစ်တကာစစ် အောင်မြင်ပြီးနောက်အတွင်းကိလေသာစစ်ကို ဆက်ထိုးဖို့ ငါ့ထံကထွက်ခွာသွားခဲ့တဲ့ ထေရပုတ္တာဘယမထေရ် ဘယ်ဆီများကြွရောက်နေပါလိမ့်''

ဆဠဘိညာ ရဟန္တာဖြစ်တော်မူသော ထေရပုတ္တာဘယမထေရ်သည် အမွှန်ဖြစ်သော ပဥ္စလိတော၌ ရဟန္တာငါးရာအရံနှင့်တကွ သီတင်းသုံးနေပေသည်။ မင်းကြီး၏အတွေးအကြံကို မထေရ်မြတ်သည် စေတောပရိယအဘိညာဉ်ဖြင့် သိတော်မူလိုက်၏။ သို့ ဖြင့် မင်းကြီး ထိုသို့တွေးကြံအပြီးမှာပင် မထေရ်သည် ရဟန္တာငါးရာရံလျက် ကောင်းကင်ခရီးမှကြွလာကာ မင်းကြီးအနီး ရပ်လျက်တည်လေပြီ။

မင်းကြီး၏ သီဝေသွေ့ခြောက်သော မျက်လုံးအိမ်များသည် မထေရ်ကိုမြင်သည်နှင့် ကြည်စင်တောက်ပသွား၏။ လျောင်းလျက်ပင် ရင်ညွှန့်ရှေ့၌ လက်အုပ်ချီကာ–

''အရှင်ဘုရားတပည့်တော်က ယခင်ကလူဝတ်ကြောင်ဘဝ အရှင်ဘုရားအပါအဝင် စစ်သူရဲကြီးတစ်ကျိပ်တို့နဲ့အတူတကွ စစ်မြေပြင်ဝင်ခဲ့ပါတယ်၊ ယခု ထိုစစ်များ ရပ်စဲပါပြီ၊ အခုတော့ တပည့်တော်တစ်ယောက်တည်းသာ သေမင်းနဲ့ စစ်ထိုးဖို့အားထုတ်နေရပါပြီ၊ ဒီပွဲမှာ တပည့်တော် ရှုံးနိမ့်မှာပါဘုရား''

ထေရပုတ္တာဘယမထေရ်သည် မင်းကြီး၏ လက်အစုံတို့ကို ဖွဖွဆုပ်ကိုင်လျက် မိန့်တော်မူလေသည်။

''ဒကာတော် မဟာရာဇ၊ ကြောက်ရွံ့တော်မမူလင့်၊ ကိလေသာတည်းဟူသောရန်သူကို မအောင်လျှင် သေမင်းတည်းဟူသော ရန်သူကိုလည်း မအောင်မြင်နိုင်ဘူး၊ မြတ်စွာဘုရားရှင်က အလုံးစုံသော ရုပ် နာမ်သင်္ခါရတရားတို့သည် ပျက်ရမည်

သာဖြစ်တယ်၊ ဇရာ, မရဏ, အနိစ္စတို့သည် ရှက်ခြင်း၊ ကြောက်ခြင်းမှ ကင်းသည်ဖြစ်၍ အတုမရှိသော သုံးလူ့အရှင် ဘုရားရှင်ကိုယ်တော်တိုင်ကို ပင်လျှင်နှိပ်စက်ကြကုန်တယ်၊ ဒါကြောင့် ငါ၏ ရုပ်နာမ် ခန္ဓာဟူသမျှတို့သည်မမြဲကုန်၊ ဆင်းရဲအတိဖြစ်ကုန်၏။ အစိုးမရချေတကားလို့ ဒကာနှလုံးသွင်းပါ''

မင်းကြီးသည် မျက်လွှာအစုံပိတ်ရင်း တရားနာယူပြီးနောက် မျက်လွှာပြန်ဖွင့်၏။ အရှုံးမရှိသော စစ်ပွဲများကိုချည်း ဖြတ်သန်းခဲ့သည့် ဒုဋ္ဌဂါမဏိသည် သေမင်း ရန်သူရှေ့မှောက် အညံ့ခံရမည့်အရေးကို ချောက်ချားနေလေသည်။ မင်းကြီး နှုတ်ခမ်းများ တဆတ်ဆတ်လှုပ်လာသည်။ လေဆက်ပြတ်ကာ စကားပီသအောင် မပြောနိုင်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း ယခုကား ထေရပုတ္တာဘယမထေရ်ကို အကြောင်းပြုလျက် မင်းကြီး စကားတွင်တွင် ပြောလေတော့သည်။

''အရှင်ဘုရား၊ ရန်သူအပေါင်းတို့ ထောင်းထောင်းဖျက်ချေ ပျက်ကြွေစေခဲ့တဲ့တပည့်တော်ကား အခုအချိန်မှာ မရဏရန်သူကို ရှုံးနိမ့်စေအောင် မတတ်နိုင်တော့ပါလားဘုရား''

မထေရ်မြတ်ကား စကားမဆိုဘဲ အသာအယာ ခေါင်းငြိမ့်သည်။

''အရှင်ဘုရား ယခုအခါ–

ဒိုကြွေးခြင်းဆိုတဲ့ စစ်သည်တွေ ရောက်လာပါပြီ။

မသိခြင်းဆိုတဲ့ ဗိုလ်ပါအစုတို့ ဖွဲ့တည်ကြပါပြီ၊

ပြင်းစွာတွေဝေခြင်းဆိုတဲ့ လုံရိုးက ထကြွပါပြီ၊

ယောင်ယမ်းမြည်တမ်းခြင်းဆိုတဲ့ အလံတံခွန်တွေ တလူလူ လွင့်ပါပြီ၊

နှလုံးမသာခြင်းဆိုတဲ့ စည်တီးသံတွေ ဟီးဟီးညံနေပါပြီ၊

ရင်ကို ထုရိုက်ခြင်းဆိုတဲ့ ကြေးနင်း ခွက်ခွင်းသံတွေ ဆူဝေပါပြီ၊

ပြင်းစွာ ပင်ပန်းခြင်းဆိုတဲ့ ခရုသင်းသံတွေ ထွက်ပေါ်ပါပြီ၊

မျက်ရည်တည်းဟူသော သွေးတို့ ယိုစီး၊

ဒုက္ခဝေဒနာတည်းဟူသော အဲမောင်းသွားတို့ စူးနစ်၊

စိတ်၏ ဆင်းရဲခြင်းတည်းဟူသော မိုန်းသွားတို့ စိုက်ဝင်၊

ကိုယ်၏ ဆင်းရဲခြင်းတည်းဟူသော ဆောက်၊ တင်းပုတ်တို့ ရိုက်ခတ်၊

ထိတ်လန့်ခြင်းတည်းဟူသော သံလွှစက်တို့ ခုတ်ဖြတ်၊

မရဏမြားက စွဲဝင်ပါပြီဘုရား၊

သေခြင်းဆင်က နင်းပါပြီဘုရား၊

ကုသိုလ်, အကုသိုလ် စစ်သူရဲတို့ တိုက်ခိုက်ပါပြီဘုရား၊

ယမမင်းရဲ့ တမန်တို့ ဟစ်ကြွေးလှည့်လည်ကြပါပြီဘုရား၊

သေခြင်းတည်းဟူသော ဒီစစ်ပွဲကြီးကို အောင်မြင်နိုင်တဲ့ သတ္တဝါရယ်လို့ မရှိပါလားဘုရား''

ထေရပုတ္တာဘယမထေရ်က ကြည်လင်အေးဆေးစွာ မိန့်တော်မူ၏။

''မင်းမြတ်ဒကာတော်၊ ဆင်ခြင်လိုက်စမ်း၊ နှစ်ခုမြောက်သောအတိတ်ဘဝ သာမဏေဖြစ်စဉ်က တည်းက သင်ဟာ ကြီးစွာသောကုသိုလ်သမ္ဘာရ သမ္ဘာဆန္ဒကြောင့် နတ်ပြည်သို့ရောက်ကြောင်းနိမိတ် ထင်ခဲ့ပေတယ်၊ နတ်၏ချမ်းသာကို ရရှိခဲ့ပေတယ်၊ သို့စင်လျက် နတ်၏ချမ်းသာကို မင်းမြတ်ပယ်ခဲ့တယ် မဟုတ်လား၊ သည်သို့ပယ်ပြီး၍ မင်းအဖြစ်သို့ လာကာ များစွာသော ကောင်းမှုကုသိုလ်တော်တွေကို ပြုခဲ့တယ်မဟုတ်လား။

''သင် မင်းမြတ်ရဲ့ ကေရာဇ်အဖြစ်ကို ရယူခံစားခြင်းဟာ ဘုရားရှင်သာသနာတော်ကို ထွန်းပစိမ့်သောငှာသာ ပြုတော်မူပေတယ်၊ များစွာသော ကောင်းမှုတွေနဲ့ ပြည့်စုံခဲ့တဲ့ မင်းမြတ်ဒုဋ္ဌဂါမဏိ

ယနေ့တိုင်အောင် အစုစု သင်ပြုခဲ့သော ကောင်းမှုကုသိုလ်တို့ကို အောက်မေ့ဆင်ခြင်ပါ၊ ဒကာတော်မင်းမြတ်''

''အရှင်ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်ရဲ့ နှစ်ကြိမ်သောစစ်ပွဲမှာလည်း အဖော်သဟဲ ဖြစ်ပါပေတော့တယ် အရှင်ဘုရား''

လက်အစုံကို နဖူးပြင်ထက်သို့ တုန်ရီစွာကပ်လျက် ထေရပုဏ္ဏာဘယမထေရ်အား ရှိခိုးနေရင်းပင် မင်းကြီးသည် မိန်းမောသွားပြန်လေသည်။ အနီးရှိ နားခံတော်နှင့် စာတော်ဖတ် စာရေးအမှုထမ်းက အသင့်ကိုင်ထားသော ပုရပိုက်ကိုဖွင့်ရန် ပြင်လျက် သမားတော်ကြီးကို လှမ်းကြည့်သည်။ ဘုရင့်သမားတော်ကြီးက အသာအယာ ခေါင်းငြိမ့်ပြလိုက်သည်။ စာတော်ဖတ်၏ နူးညံ့တိုးစိမ့်သောအသံ ပေါ်လာ၏။

''မြတ်သော မင်းကြီးဘုရား၊ ဘုန်းတော်ကြီးသော မင်းမြတ်သည် သာသနာတော်၏ အကျိုးစီးပွားများစိမ့်သောငှာ ကိုးဆယ့်ကိုးဆောင်သော ကျောင်းတို့ကို ကောင်းစွာ ဆောက်တော်မူပြီ။ တစ်ဆယ့်ကိုးကုဋေသော ဥစ္စာတို့ဖြင့် မရိစိဝမည်သော ကျောင်းတော်ကို ဆောက်တော်မူပြီ။ ထိုမျှသာမကသေး အရပ်ရပ်အစုစု များလှစွာသောကောင်းမှုတော်တို့ကား .....

မင်းကြီး၏ မျက်လွှာများ ဖြည်းညှင်းစွာ ပွင့်လာကြပြန်သည်။ စက္ခု အကြည်စက်တို့ တစ်စတစ်စ မှေးမှိန်ဖျော့တော့လာနေ၏။ ဗျာဓိ၏စစ်တလင်းတွင် မရဏစစ်သည်များက အလုံးအရင်းဖြင့် ဝင်ရောက်ကျူးကျော် တိုက်ခိုက်လာကြသဖြင့် မင်းကြီး၏ ရင်အုံသည် လေပြင်းထန်သော သမုဒ္ဒရာမျက်နှာပြင်ထက်မှ လှိုင်းများနှယ် မို့မောက်နိမ့်ဆင်း ပြင်းစွာလှုပ်ရှားနေကြသည်။

စာတော်ဖတ်၏ အသံရပ်သွားသဖြင့် သမားတော်ကြီးက တီးတိုးပြောလိုက်၏။

''ဆက်ဖတ်ပါ၊ ဝေဒနာ သည်းထန်ပေမယ့် ဘုရင်မင်းမြတ်ရဲ့ သောတအကြည်ရုပ်ဟာ ဆုတ်မသွားသေးဘူး၊ ဆက်ဖတ်ပါ''

''ကုဋေသုံးဆယ်သော ဥစ္စာတို့ဖြင့် နတ်ဗိမာန်မခြားအတူ လောဟပါသာဒကို ဆောက်စေပြီး မဟာစေတီတည်သည်မှ အခြားသောအလှူဝတ္ထုတို့သည် ကုဋေတစ်ထောင်ထိုက်ကုန်ပြီ၊ ဘုန်းတော်ကြီးသောအရှင်သည် ကောလမ္ဗအမည်ရှိရောဟဏဇနပုဒ် မလယအရပ်၌နေစဉ် အလွန်ဆိုးရွားသော ဒုဗ္ဘိက္ခန္တရကပ် ကြုံသည်ဖြစ်၍ လူအပေါင်းတို့ မုရိုးသီးကိုပြုတ်၍ စားကြရသောကာလ မင်းမြတ်သည် အဖိုးအနဂ္ဃထိုက်သည့် နားဋောင်းတော်နှစ်ခုဖြင့် ဆပ်ဆန်ကိုဝယ်၍ ဟင်းလေးယာဂုဆပ်ဆွမ်းကို လှူတော်မူရာ မလိယမဟာဒေဝထေရ်အမှူးရှိသော ရဟန္တာငါးပါးတို့သည် အလှူခံဘုဉ်းပေးခဲ့ကြပြီ''

စာတော်ဖတ်၏ အကြည့်ကိုသမားတော်ကြီးက ခေါင်းငြိမ့်ပြသည်။

''ထို့ပြင် အခြားစုဋ္ဌဂ်ဏိယ စစ်မြေပြင်တွင် ညီတော်တိဿနှင့် စစ်ထိုးကြစဉ်ကာလ အရေးမလှသဖြင့် ဆုတ်ပြေးရသောအခါဝယ် တစ်ယောက်စာသော ထမင်းကို စားမည်အပြုတွင် အလှူခံတို့ကို ကြွေးကြော် ဖိတ်မန်သဖြင့် ကြွလာတော်မူသော ရဟန္တာအရှင်မြတ်အား မိမိအသက်မငဲ့ကွက်ဘဲ ရွှေခွက်၌ ရှိသမျှထမင်းကိုလှူခဲ့ပြီ''

ဤအကြောင်းကို ကြားနာပြီးချိန်တွင် မင်းကြီး၏အသွင်မှာ အံ့သြဖွယ်ရာ ပြောင်းလဲသွား၏။ မျက်လုံးများ အရောင်ပြန်လက်လာကာ တစ်စုံတစ်ခု ပြောလိုဟန်ဖြင့် နှုတ်ခမ်းတပြင်ပြင် ဖြစ်လာသည်။ သမားတော်ကြီးက မင်းကြီး၏ အခြေအနေကို အကဲခတ်ကာနှင့်းရည်ဖြင့်ဖျော်စပ်သောဆေးအနည်းငယ်ကိုလည်း ဝါဠွမ်းစ,တွင် ဆွတ်စေကာ အသာအယာအစက်ချ တိုက်ကျွေးလိုက်သည်။

မယုံနိုင်စရာကောင်းလောက်အောင်ပင် အမောဆိုက်နေသောလက္ခဏာများပပျောက်သွားကာ မင်းကြီးသည် တစ်လုံးချင်း စကားပြောလေတော့သည်။

''မရိစိဝကျောင်း လောဟပါသာဒစာတ်တော်

ဌာပနာ မဟာစေတီ တည်ဆောက်လှူဒါန်းအနု မောဒနာပြုတဲ့ ခုနစ်ရက်တာတွေမှာ သံဃာတော် များကို ကြီးကျယ်လှတဲ့ အလှူပေးခဲ့ပြီ၊ လင်္ကာဒီပ တစ်ကျွန်းလုံးရှိ သံဃာတော်အားလုံးကို သုံးကြိမ် တိုင်တိုင် တိစီဝရိတ်သင်္ကန်း လှူခဲ့ပြီ၊ ဆယ့်နှစ်ဌာန တို့မှာ ဆီမီးတစ်ထောင် ညှိထွန်းလှူခဲ့ပြီ၊ ဆယ့်ရှစ် ဌာနနေ ရဟန်းတို့ကို ဆွမ်း, ဆေး လုပ်ကျွေးခဲ့ပြီ''

''လေးဆယ့်လေးဌာနမှာ ပျားဆွမ်း၊ ဃနာ ဆွမ်း၊ ဆီကြော်နှီခဲ၊ မဟာဇလောမုန့်တို့ကို ဆွမ်းနဲ့ တကွ နိစ္စပတ်ကပ်လှူခဲ့ပြီ၊ လစဉ် ရှစ်ရက်ဥပုသ် နေ့တိုင်း ကျောင်းတိုက်အားလုံး ဆီမီးထွန်းဖို့ ဆီကို ကပ်လှူခဲ့ပြီ၊ အာမိသဒါနထက် ဓမ္မဒါနကပိုပြီးမြတ် တယ်၊ လောဟပါသာဒအောက် သံဃာအလယ်မှာ ရှိသေသမှုနဲ့မဟောဝံ့လို့ ဓမ္မကထိကပုဂ္ဂိုလ်တို့ကို ပူဇော်၊ တရားစကားများ ပြောဟောစေခဲ့တယ်၊ ဒီတရားပွဲမှာ ထောပတ်, တင်လဲ, သကာချို, ပုဆိုး အဝတ် အစုံအစုံ ကပ်လှူခဲ့တယ်''

အနည်းငယ် မောသွားဟန်ရှိသဖြင့် သမား တော်ကြီးက နှင်းရည်ဆေးစက် ချပေးရပြန်သည်။ နှုတ်ခမ်းများကို လိမ်းသပ်လျက် မင်းကြီး စကား ဆက်သည်။

''ငါလှူခဲ့တဲ့ အဲဒီဒါနတွေ များလှတယ်၊ ဒါပေ မဲ့ ငါ့စိတ်ထဲ စွဲစွဲထင်ထင် မရှိ၊ ငါ အလွန်နှစ် သက်တဲ့ အလှူက နှစ်ခု၊ အသက်ဘေးမငဲ့ဘဲ လှူရ တဲ့ဆပ်ဆွမ်းနဲ့ စစ်ပြေးရစဉ်ကလှူရတဲ့ တစ်ယောက် စာဆွမ်း ဒီနှစ်ခုသာပဲ''

ထေရပုတ္တာဘယမထေရ်သည် မင်းကြီး၏ ဦး ခေါင်းရင်းဘက်သို့ ချဉ်းကပ်လာသည်။ ကြည်ညို ရင်းစွဲကို တိုးပွားစေရန် မထေရ်မိန့်လေသည်။

''ဒကာတော် မဟာရာဇ၊ မင်းကြီး ဆပ်ဆွမ်း ကိုခံသော ရဟန်းငါးပါးတို့မှာ မလိယဒေဝမထေရ် က ဆပ်ဆွမ်းခံယူပြီ သုမနတောင်မှာနေတဲ့ ရဟန်း ကိုးရာတို့ကို ခွဲဝေလှူဒါန်း ဘုဉ်းပေးကြတယ်၊ ဒီ ဆွမ်းကိုခံယူတဲ့ ဓမ္မဂုတ္တထေရ်က တစ်ဖန်ကလျာဏီ ကျောင်းက ရဟန်းငါးရာတို့နဲ့ ခွဲဝေ ဘုဉ်းပေးပြန် တယ်၊ ဓမ္မဒိန္နမထေရ်က ပိယင်္ဂုကျွန်းက ကေလာ သကျောင်းနေ ရဟန်းခြောက်သောင်းနှင့်အတူ ခွဲ ဝေဘုဉ်းပေးပြန်တယ်၊ မဟာဗျဂ္ဃမထေရ်ကလည်း ဒက္ကနုကကျောင်းနေ ရဟန်းခုနစ်ရာတို့နဲ့အတူ ခွဲဝေ ဘုဉ်းပေးပြန်တယ်''

အဆင့်ဆင့် အဆဆပွားသော ထိုဆပ်ဆွမ်းဒါန ၏ အာနိသင်ကို နားလည် ကြည်နူးစွာဖြင့် မင်းကြီး မျက်တောင်ခတ်သည်။

''မဟာရာဇ စစ်ပြေးစဉ်က တစ်ယောက်စာ ဆွမ်းကို အလှူခံခဲ့တဲ့ ကုဋ္ဌမ္ဗိကပုတ္တတိဿမထေရ် က တစ်သောင်းနှစ်ထောင်သော ရဟန်းတို့နဲ့အတူ ခွဲဝေဘုဉ်းပေးတယ်၊ အောက်မေ့ဆင်ခြင်ပြီး ကုသိုလ် ပီတိပွားပါလေ ဒကာတော်''

မင်းကြီး လက်အုပ်ချီလျက်–

''နှစ်ဆယ့်လေးနှစ်တိုင် တပည့်တော်ဟာ သံဃာရဲ့ကျွန်အဖြစ်နဲ့ လုပ်ကျွေး ပူဇော်ခဲ့ပါတယ်၊ တပည့်တော်ရဲ့ ရုပ်အစုဟာလည်း သံဃာအား ကျေးဇူးများပါစေ၊ တပည့်တော် လွန်ပြီးနောက် ကြွင်းကျန်တဲ့ ရုပ်ကလာပ်ကို မဟာစေတီမြင်ရာ အရပ် သံဃာတို့ ကံကြီးကံငယ်ပြုရာ ဥပုသ်သိမ်မှာ မီးသင်္ဂြိုဟ်ပေးပါဘုရား''

ထေရပုတ္တာဘယမထေရ် ဆိတ်ဆိတ်နေတော် မူသည်။ နောက်ဆုံးအချိန် နီးကပ်လာပြီဖြစ်ကြောင်း အားလုံးသိလိုက်ကြ၏။ မီးစာသည် ကုန်ဆုံးတော့ မည်။ ဆီသည်ခမ်းခြောက်တော့မည်။ ငြိမ်းသေခါနီး တဒင်္ဂ နောက်ဆုံးအနေဖြင့် လက်ခနဲထွန်းပသည်။

''တိဿ''

လေသံသဲ့သဲ့မျှသာ ရှိသည်။

''မဟာစေတီ မပြီးသေးတာ ပြီးစီးအောင်လုပ်၊ နံနက်၊ ည ဆွမ်း, ပန်း, ရေ ချမ်း, တူရိယာသံ, ပူဇော်၊ သံဃာတော်တို့ကိုစွ မမေ့မလျော့. . ''

ထွန်းပသောဆီမီးအလင်း ချက်ချင်း မှိန်ဖျော့ သွားသည်။

ရဟန်းသံဃာတော် အပေါင်းတို့၏ ရွတ်ဖတ်သရဇ္ဈာယ်သံပေါ်လာသည်။ ခေတ္တအကြာတွင် မင်းကြီး၏ လက်တစ်ဖက်အနည်းငယ်လှုပ်လျက် လက်ဝါးကာပြသည်ကို တွေ့ကြရလေသည်။ သံဃာတို့က ရွတ်ဖတ်ခြင်းကို တားမြစ်သည်ဟုယူဆကာ ရပ်လိုက်ကြ၏။ မင်းကြီးမျက်လုံးမဖွင့်ဘဲ ဆက်ရွတ်ပါ ဟူသောအဓိပ္ပါယ်ဖြင့် လက်ကိုပြပြန်သည်။ ထို့နောက် လေသံဗလုံးဗထွေးဖြင့်–

''ရထားခြောက်စင်း လာတယ်၊ နတ်တို့ လာခေါ်တယ်၊ ခဏနေပါလို့ လက်ဝါးကာ ပြပါတယ်''

မင်းကြီးသည် သေအံ့မူးမူးဝယ် ကယောင်ကတမ်း ရေရွတ်နေပြီဟု အချို့မှူးမတ်များ တီးတိုးပြောကြလေသည်။ ထေရပုဏ္ဏာဘယမထေရ်သာ လျှင် အဖြစ်မှန်ကိုသိတော်မူသည်။

တကယ်ပင် ဒုဋ္ဌဂါမဏိမင်းကြီးအတွက် နတ်သားများသည် နတ်ရထား ခြောက်စင်းဆိုက်တည်ကာ ရထားပေါ်သို့ တက်ရောက်ရန် ခေါ်ငင်ကြောင်း မထေရ် သိတော်မူလျက် ထင်ရှားသိသာကြစေရန် မင်းကြီးနားတွင်ကပ်ကာမေးသည်။

''ဒကာတော် နတ်ရထားရောက်လာသည်ကို ဘယ်သို့သိနိုင်ကြမလဲ''

မင်းကြီး၏ နှုတ်ခမ်းများလှုပ်ရုံသာ လှုပ်သည်။ မထေရ်ကား နားလည်ဟန်ဖြင့် ခေါင်းညိတ်လျက်–

''ပန်းကုံးတွေကို အထက်ဆီ ပစ်တင်ကြည့်လိုက်ကြပါ''

ဟု မိန့်လေသည်။ ပန်းကုံးများ ပစ်တင်လိုက်ကြ၏။ လူတို့ မမြင်အပ်သော နတ်ရထားတို့၏ လှည်းသံ၊ ဘီး စသည်တို့၌ ပန်းကုံးများ ကပ်ငြိကာ ကောင်းကင်၌ ပန်းဆိုင်း တွဲရရွဲဆွဲသည်သို့ တည်ကြလေသည်။ ထိုအခါမှ သံသယ ကင်းကြလေသည်။ မင်းကြီး၏ လက်ချောင်းများ အနည်းငယ်လွန့်ပြန်သဖြင့် မထေရ်မြတ်သည် နားအနီးကပ်ကာ နားထောင်ရသည်။ လွန်စွာတိုးလျသော လေသံသဲ့သဲ့–

''နတ်ပြည်ခြောက်ရွာ နတ်ရထားခြောက်စင်း ဘယ်နတ်ရွာကို. . .''

''ဒကာတော် ဗုဒ္ဓဖြစ်ထိုက်သောအခါကို ကြည့်မျှော်နေသော မေတ္တေယျဘုရားအလောင်းဟာ တုသိတာနတ်ပြည်မှာ ရှိတယ်''

မင်းကြီးငြိမ်သက်သွားသည်။ ထေရပုဏ္ဏာဘယမထေရ်၏စကားကို ကောင်းစွာနားလည်ဟန် လက်ချောင်းလှုပ်ပြသည်။ ဆီမီးသည် လုံးဝချုပ်ငြိမ်းတော့မည်။ မီးမောက်လှုပ်ရှားရင်အုံသည် ဖြည်းညှင်းစွာသာ နိမ့်မြင့်ရှိတော့သည်။ မထေရ်က မင်းကြီးအား မဟာစေတီဘက် စောင်းလှည့်ပေးရန် သမားတော်ကို အရိပ်အကဲပြသည်။

သမားတော်ကြီး အကူအညီဖြင့် ဒုဋ္ဌဂါမဏိမင်းကြီးသည် မဟာစေတီဘက် လျောင်းလျက်ပင် ညင်သာငြိမ်သက်စွာ ချုပ်လေသည်။ ထိုခဏ၌ပင် တုသိတာနတ်ပြည်မှလာသောရထားထက်၌ဥပပတ်နတ်၏ကိုယ်သည် ထင်ရှားဖြစ်ပေါ်၏။ နတ်၏ တန်ဆာကိုယ်အရောင်အဝါဖြင့် အလွန်တင့်တယ်သောအဆင်းကို လူအားလုံးပင် အထင်အရှား မြင်ကြရသည်။ နတ်ဒေဝါသည် မဟာစေတီကြီးကို လက်ယာရစ်သုံးပတ်လှည့် ရှိခိုးသည်။ သံဃာတော်တို့ကို ရှိခိုးသည်။ အခြားမဲ့၌ ကွယ်ပျောက်သွားလေသည်။

**သေခါနီး နတ်ရထားဆိုက်သော**
**အမေစိန်**

အမေစိန်။

ဗုဒ္ဓဘာသာကို မိရိုးဖလာအရသာ ယုံကြည်သူမဟုတ်။ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်ကို အလေးအနက် ယုံကြည်သည်။ ဒါနတရားကို ယုံကြည်၏။

သိတတ်သောအရွယ်မှစ၍ အလှူကို နိုင်သရွေ့ပြုခဲ့သည်။ အိမ်ရှေ့တွင် လာရောက်တောင်းခံသောသူတောင်းစားကအစ ကန်တော့ပါရဲ့ဟု တစ်ခါမှ မပြောခဲ့။ မရှိ ရှိတာကို ပေးလှူလေ့ရှိသည်။ အလှူ၌လည်း ဝါသနာ ထုံခဲ့သည်။

သီလတရားကို သိတတ်သောအရွယ်မှစ၍ ဥပုသ်နေ့တိုင်း ဝတ်မပျက် ဆောက်တည်ခဲ့သည်။ ဂုဏ်တော်ပုတီး စိပ်သည်။ ပရိတ်ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်ပြီး ပုဂ္ဂိုလ်, သတ္တဝါများကို ကုသိုလ်အဖို့ဘာဂ အမျှဝေခဲ့သည်။ အမေစိန်သည် လယ်သမားသမီး ဖြစ်သည်။ ငယ်စဉ်က မိရိုးဖလာ လယ်ယာအလုပ်နှင့်ပင် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

လယ်ယာအလုပ်ဟူသည် လယ်ထဲ၌ ငါးရှာ၊ ဖားရှာနှင့် အကုသိုလ်မကင်း ဆက်စပ်နေသော အလုပ်ဖြစ်သော်လည်း အမေစိန်ငယ်စဉ်ကတည်းက ရှောင်သည်။ သားငါးအရှင်ဆိုကမစားတော့။ အမေစိန်မိဘများသည် လယ်ကူလီများ ဖြစ်ကြသည်။ မိဘက လယ်ကူလီဖြစ်၍ ဘဝကိုပြင်းထန်စွာ ရုန်းကန်ရသည်တွင် အမေစိန်ပါ အရွယ်ရောက်လာသည့်အချိန်တွင်ရော၍ ရုန်းကန်ရသည်။

အမေစိန်သည် အိမ်အလုပ်အားသည့်အခါတွင် ဖခင်ထံတွင် စာရေးစာဖတ်တတ်အောင် သင်သည်။ ရလာသမျှသော စာတိုပေစများကိုဖတ်သည်။ မှတ်သည်။ ကျောင်းသို့ ဥပုသ်စောင့်သွားသည့်အခါတိုင်း ဘုန်းကြီးကျောင်း၌ရှိသော တရားစာများကို ဘုန်းကြီးထံက ငှားဖတ်သည်။

စာဖတ်ပါများ၍ အသိဉာဏ်တရား ရင့်ကျက်လာသော အမေစိန်သည် ကံ, ကံ၏အကျိုးကို ယုံကြည်သည်။ ယခု ဤဘဝ လယ်ကူလီသမီးဖြစ်ရခြင်းသည် အတိတ်က ဒါနနည်းခဲ့လို့ဟု ယူဆယုံကြည်လာခဲ့သည်။ သို့အတွက် သူမ တတ်နိုင်သောဒါနအဖြစ် ဘုရားဆွမ်းတော်နှင့် သောက်တော်ရေကို မပြတ်ကပ်သည်။ ဘုန်းကြီးကျောင်းဆွမ်းကို မပြတ်လောင်းသည်။ မိဘကိုလည်း တတ်နိုင်သရွေ့ ပြုစုလုပ်ကျွေးသည်။ စိတ်ချမ်းသာအောင်ထားသည်။ မိမိအတွက်ကြောင့် မိဘစိတ်မချမ်းမသာ ဖြစ်စေမည့်အလုပ်ဟူသမျှရှောင်သည်။

သို့အတွက် အမေစိန်ငယ်စဉ်ဘဝသည် တည်ငြိမ်သည်။ အေးဆေးသည်။ စိတ်သဘောထား နူးညံ့ ပျော့ပျောင်းသည်။ စိတ်ကောင်း၊ စေတနာကောင်းရှိသောမိန်းကလေးဖြစ်သည်။ဘာသာတရားကိုင်းရှိုင်း၍ ယဉ်ကျေးလိမ္မာသော မိန်းကလေးအဖြစ်ထင်ပေါ်ကျော်ကြားသည်။ မုန်းသူမရှိ၊ ချစ်သူပေါသည်။

အရွယ်ရောက်သော် ခွေးမတော်လိုသူ ယောက္ခမတွေပေါသည်။ လိုချင်သော အမျိုးသားတွေပေါသည်။ လာရောက်စပ်ဟပ်သူတွေများသည်။ အမေစိန်က မိဘသဘောဟု သဘောထားလိုက်သည်။ နောက်တော့မိဘတို့၏လယ်ပိုင်ရှင်သားကိုညိုမောင်နှင့်ပင် နှစ်ဘက်မိဘ သဘောတူညီချက်အရ အိမ်ထောင်ပြုခဲ့သည်။

ကိုညိုမောင်ကား အသားမည်းပြီး ရုပ်အကျည်းတန်သလောက် စိတ်နေသဘောထား ပြည့်ဝသည်။ မယားကို အလိုလိုက်သည်။ အလုပ်ကို ကြိုးစားသည်။ မယားဖြစ်သူ ပြောပြသော ကံတရား၏ အကျိုးတရား ဒါန, သီလတရားတို့ကို ယုံကြည်စွာ လေးစားလိုက်နာဆောင်ရွက်သည်။

သို့အတွက် သူတို့လင်မယားသည် အပြင် ရူပကာယအားဖြင့် မင်းကုသနှင့်ပပဝတီဟု အများကသမုတ်ပြောဆိုကြသော်လည်း သူတို့လင်မယား၏ ပကတိအသွင်သည် တူညီသောသဒ္ဓါတရားနှင့် တူညီသောမေတ္တာတရားရှိကြ၍ သာယာချမ်းမြေ့သော အိမ်ထောင်ရှင်များ ဖြစ်ခဲ့ကြသည်။

အမေစိန်တို့တွင် မကြာခင် သားလေးတစ်ယောက် ထွန်းကားခဲ့သည်။ နောင်နှစ်တွင် သမီးတစ်ယောက် ထွန်းကားခဲ့သည်။ သားသမီးနှစ်ယောက် ထွန်းကားခဲ့သောအချိန်ဝယ် ပြည်တွင်းသောင်းကျန်းမှုအရေး၌ သောင်းကျန်းသူများ ထကြွသောင်းကျန်းကြသောကြောင့် သူတို့တစ်တွေသည် ရွာပစ်၊ လယ်ပစ်၊ အိမ်ပစ် ပြေးရလေသည်။

ထိုသို့သော ဒုက္ခဘေး ကာလကြားဝယ်လည်း အမေစိန်သည် ဘာသာတရားကို မမေ့၊ ပိုမိုအလေးထား၍ပင်တတ်နိုင်သရွေ့ဆောင်ရွက်လှူသည်။

ပရိတ်ရွတ်မေတ္တာပို့သည်။ နောက်နေ့ဦးပေါက်တွင် အစိုးရတပ်များက သောင်းကျန်းသူတို့ကိုတိုက်ထုတ်နိုင်ပြီးသောအခါ သူတို့တစ်တွေရွာသို့ ပြန်ကပ်နိုင်ကြသည်။ လယ်ယာအလုပ်ကို ပြန်လည် လုပ်ကိုင်ခဲ့ကြသည်။

ပြည်တွင်းစစ်ကာလအတွင်းဝယ် ကိုညိုမောင် မိဘများ ကွယ်လွန်ခဲ့သဖြင့် ကိုညိုမောင်သည် မိဘလယ်ယာများကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။ အလုပ်ကို ကြိုးစားလုပ်ခဲ့သည်။ ဆန်စပါးအလုပ်အပြင် အမေစိန်ကလည်း အိမ်မှာ အိမ်ဆိုင်ဖွင့်သည်။ ရွာသူရွာသားများကို မြို့ဈေးနှင့် အနည်းငယ်ခွာကာ အမြတ်တင်ရောင်းချပေးသည်။

သူတို့တစ်တွေ စီးပွားရေးအခြေအနေ တိုးတက်လာသည်။ သားလေး (၇)နှစ်အရွယ် အရောက်တွင် ရှင်ပြုမင်္ဂလာ ပြုကြသည်။ သားလေးသည် ရှင်ပြုပြီးနောက် သာသနာ့ဘောင်တွင်ပျော်ကာ ပရိယတ္တိစာပေများကို ဆက်လက်သင်ယူသွားသည်။ နောက် ရဟန်းဘဝအထိ တက်လှမ်းသွားသည်။

အမေစိန်တို့ လင်မယားသည် သားဦးပဉ္စင်း တက်ရောက်စာသင်နေသောကျောင်းတွင် စာသင်သားသံဃာတော်များသီတင်းသုံးရန်အတွက်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရန် ကြံရွယ်ပြီး အလုပ်ကို ကြိုးစားလုပ်ပြန်သည်။ ဦးညိုမောင်က ရိုးမတောင်ခြေသွားပြီး မြေပဲစိုက်သည်။ လွှစက်ထောင်သည်။ ကျောင်းဆောက်ရန်အတွက် ရသမျှ ငွေနှင့် သစ်၊ သဲတို့ ဝယ်စုသည်။

ထိုနှစ်တွင် အမေစိန်တို့၌ ထူးဆန်းသော အဖြစ် အပျက်တစ်ရပ်နှင့် ကြုံခဲ့ရသည်။ သူတို့နှင့် သူတို့ အိမ်ရှေ့မှ ဦးဆန်းတို့ စပါးရောင်းကြသည်။ စပါးဖိုး ငွေများလည်း များစွာရရှိခဲ့သည်။ ထိုညတွင်ရွာထဲမှ ခေတ်သိတစ်ယောက်က လက်ထောက်ချ၍ ရွာတွင် ဓားပြတိုက်လေတော့သည်။ အမေစိန် သစ္စာဆိုသည်။

ထိုငွေသည် သာသနာတော်အတွက် ကျောင်းဆောက်မည့်ငွေဖြစ်ပါ၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ သာသနာစောင့်နတ်များ စောင့်ရှောက်ကာကွယ်ပေးပါဟု သစ္စာပြုတိုင်တည်သည်။ ဓားပြတို့သည် ဦးဆန်းအိမ်နှင့် တခြားအိမ်များသာ ဓားပြဝင်တိုက်၍သွားကြသည်။ အမေစိန်တို့ အိမ်ကို တိုက်၍ ရမသွားပေ။

နောက်ကျမှ ထောင်ကလွတ်လာသော ဓားပြတစ်ယောက်က အမေစိန်တို့ကို လာရောက်ကန်တော့ဝန်ချရင်းပြောပြရာ ဓားပြတိုက်ရန် ဦးဆန်းအိမ်နှင့် အမေစိန်တို့အိမ်သည် အဓိက ပစ်မှတ်ဖြစ်သည်။ ဦးဆန်းအိမ်တိုက်ပြီး အမေစိန်တို့အိမ် ဆက်လာသည်။ လမ်းကကူးရုံနှင့် ရောက်မည့်အိမ်ကို သူတို့တစ်တွေ ရှာမတွေ့ကြတော့။

ရွာခံလက်ထောက်ကလည်း ရုပ်ဖျက်ပါလာသည်။ သူလည်း ရှာမရတော့။ သို့အတွက် အလင်းရောင်ထဲ ရှာမည်ဟုဆိုကာ ဦးဆန်းအိမ်ကို မီးတင်ရှို့ကြသည်။ မီးအလင်းရောင်ထဲတွင် တစ်ဘက်အိမ်ကို မြင်ရမည်ဟု ထင်ခဲ့ကြသည်။ ဘာမှမမြင်၊ ဟင်းလင်းပြင်သာ မြင်ရသည်။ မကြာခင်ရွာလယ်မှ စစ်သားလိုလို၊ ရဲလိုလို လူတွေချီတက်လာသည်ကို တွေ့ရ၍ သူတို့တတွေ သေနတ်တစ်ချက် ထောင်ဖောက်ပြီး ထွက်ပြေးကြသည်။

တကယ်တော့ စစ်သားလည်း မဟုတ်၊ ရဲသားလည်း မဟုတ်ပါ။ သူတို့စိတ်ထဲ အမြင်သာ ဖြစ်သည်။ အမေစိန်က သူ၏ ပရိတ်မေတ္တာတန်ခိုးနှင့် သစ္စာတန်ခိုးဟု လက်ခံယုံကြည်ခဲ့သည်။ ထိုသူကိုလည်း တရားပြဆုံးမသည်။ မမိုက်ရန် တရားဟောသည်။ နောက်တော့ ထိုဓားပြသည် အမေစိန်တို့အိမ်မှာပင် လူငှားလာလုပ်ပြီး လူယုံတစ်ယောက်ဖြစ်ခဲ့ရသည်။

ဤသို့ဖြင့် အမေစိန်သည် ဘဝတစ်လျှောက်လုံးလျှောက်ခဲ့ရာ သမီးလည်း အိမ်ထောင်ကျ၍ သူ့အိမ်သူ့ရာနှင့်ဖြစ်ခဲ့ပြီး သားကလည်း လောကုတ္တရာ

ပညာစာတွေတက်ပြီး ဓမ္မာစရိယဘွဲ့ကိုပင်ရကာ စာချဆရာတော် ဖြစ်နေခဲ့လေပြီ။ ထိုအချိန်တွင် အမေစိန်၏ ကျန်းမာရေးနောက်ပြီး ရောဂါရောက်ကာ ခံစားလာရသည်။ အိုခြင်းမှ ဗျာဓိအနာက နှိပ်စက်လာသည်။

အမေစိန်သည်ဖြစ်ပေါ်လာသော အနာရောဂါဖြင့်ပင် နာလန်မထူနိုင် ဖြစ်လာပြီး သေရာညောင်စောင်းလဲလျောင်းရသည့် ဘဝသို့ ရောက်ခဲ့သည်။ အမေစိန်သည် ရောဂါခံစားနေစဉ်အတွင်း သားစာချဆရာတော်နှင့် သံဃာတော်တို့၏ ပရိတ်တရားကို ညနေတိုင်းနာသည်။

ဦးညိုမောင်နှင့် သမီးကလည်းပြုခဲ့သောအလှူဒါနတို့ကို အာရုံပြုနိုင်အောင် မပြတ်သတိပေးကြသည်။ အမေစိန်၏နောက်ဆုံးနေ့ဖြစ်သည်။ သားစာချဆရာတော်နှင့်သံဃာတော်များကထုံးစံအတိုင်း ပရိတ်ရွတ်ပေးကြသည်။ အမေစိန်သည် ပရိတ်တရားကို အာရုံညွတ်ပြီးနာသည်။ ရောဂါကို သတိမေ့ ထားလိုက်သည်။

မကြာမီ အမေစိန်အာရုံမြင်ကွင်းတွင် အလွန်တရာလှပပြီး အရောင်များ တဖိတ်ဖိတ် တောက်ပလျက်ရှိသော ရထားပျံများသည် တစ်စင်းပြီးတစ်စင်း သူ့အနားရောက်လာသည်ကို မြင်နေရသည်။

အမေစိန်အာရုံသည် နတ်ရထားများဆီသို့ ရောက်သွားသည်။ နတ်ရထားမောင်းသူ အသီးသီးတို့က အမေစိန်ကို သူ့ရထားတက်ပါ။ ငါ့ ရထားတက်ပါ ဟု ခေါ်နေကြသည်။ မည်သူက ဘယ်နတ်ပြည်က ရထားပါဟူ၍ အမည်ထုတ်ဖော် ပြောနေကြသည်။ အမေစိန်သည် ရထားတစ်စီးပေါ်သို့ တက်လိုက်လိုသောဆန္ဒ ရှိသည်။

ဘယ်ရထားနှင့် လိုက်လျှင်ကောင်းမည်လဲ ဟု သားဘုန်းကြီးကိုမေးမည်ဟု ကြံစည်ကာ ပရိတ်ရွတ်နေသောသံဃာတော်များကိုလက်ကာပြီး တားလိုက်သည်။ ထို့နောက် ရှင်လန်းတက်ကြွသော အသံဖြင့်

''ဦးပဉ္ဇင်း နတ်ပြည်ခြောက်ထပ် ဘယ်နတ်ပြည်က ကောင်းသလဲ ဘုရား'' ဟု လျှောက်ထားလိုက်သည်။

''တုသိတာနတ်ပြည်က ပျော်စရာကောင်းတာပေါ့ ဒကာမကြီး၊ ဘုရားလောင်းတွေနေတဲ့ နတ်ပြည်လေ'' သားဘုန်းကြီးကလည်း မဆိုင်းမတွ အဖြေပေးလိုက်သည်။

အမေစိန်သည် သံဃာတော်များကို လက်အုပ်ချီကာ တိုးညှင်းသောအသံဖြင့်

''ဒါဆို တပည့်တော် တုသိတာနတ်ရထားနှင့် လိုက်သွားပါတော့မယ်ဘုရား''ဟု ရေရွတ်ပြီး ခေါင်းတစ်ဘက်လှည့်ကာ ဝိညာဉ်ချုပ်သွားပါတော့သည်။

(တက္ကသိုလ် သျှင်သီရိ၏ သေရွာပြန်ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများစာ-၁၇၁ မှ ၁၇၉)

ဖော်ပြပါ ဓမ္မိကဥပါသကာကြီး၊ ဒုဋ္ဌဂါမဏိနှင့် အမေစိန်တို့သည် ဒါန၊ သီလ၊ ဘာဝနာ၊ တစ်နည်း သရဏဂုံနှင့် ငါးပါးသီလ ပြည့်စုံကြသည့် သူတော်ကောင်းများဖြစ်သည်။ ထိုသူတော်ကောင်းမျိုးသည် သင်္ဘောစီး၍ ရေလမ်းခရီးကိုသွားကြသော ခရီးသည်များနှင့်တူကြောင်း ရှေ့တွင် ရေးသားခဲ့လေပြီ။

သင်္ဘောဖြင့် ခရီးသွားသူများသည် မိမိတို့လိုရာဆိပ်ကမ်းတွင် ကပ်နိုင်သကဲ့သို့ သရဏဂုံနှင့် ငါးပါးသီလပြည့်စုံသူများသည် သောတာပန်နှင့် အလားတူသဖြင့် ဘဝသံသရာကျင်လည်ရာတွင် ကိုယ်ဖြစ်ချင်သည့် သုဂတိဘုံတွင်ဖြစ်ခွင့်ရှိကြပေသည်။ ထို့ကြောင့် စာဖတ်သူအားလုံး သင်္ဘောဖြင့်ခရီးသွားသူများဖြစ်အောင် သရဏဂုံနှင့် ငါးပါးသီလကို ပြည့်စုံအောင် ကြိုးစားကြဖို့ တိုက်တွန်းအပ်ပေသည်။

# အခန်း (၅)

**ဘက်ဂီယို၏ ကိုယ်ကျင့်သီလ**

အီတလီမှ ကမ္ဘာကျော်ဘောလုံးသမားလေး ဘက်ဂီယိုသည် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သည်။ အမေရိကန်မှ ရုပ်ရှင်သရုပ်ဆောင် ဗန်ဒိန်းသည်လည်း ဗုဒ္ဓဘာသာဝင်ဟုပင်သိရသည်။ ဗန်ဒိန်းနှင့် ပတ်သက်၍ထူးခြားသောသတင်းကို မကြားရသော်လည်း ဘက်ဂီယိုနှင့်ပတ်သက်၍ကား ဗုဒ္ဓဘာသာဝင်အမျိုးသားများ လေးစားအတုယူဖွယ်ရာ သတင်းတစ်ခုကို ကြားသိရသည်။

ဘက်ဂီယိုသည် သူ့ခေတ်သူ့အခါက ဘောလုံးရွှေမင်းသားလေးဆိုပြီး အလွန် နာမည်ကြီးခဲ့သူဖြစ်သည်။ နာမည်ကြီးကမ္ဘာကျော်အဆိုတော် မက်ဒေါနားက ဘက်ဂီယိုဝတ်သော နံပါတ်တစ်ဆယ် အကျႌလေးကိုရလျှင် သေပျော်ပါပြီဟုပင် ပြောဆိုခဲ့ဖူးသည်။ ဤအချက်ကိုကြည့်၍ မက်ဒေါနားသည် ဘက်ဂီယိုအပေါ် မည်မျှထိ စွဲလမ်းတပ်မက်နေကြောင်း သတိထားမိနိုင်သည်။

အနောက်နိုင်ငံအများစုတွင် ကာမေသုမိစ္ဆာစာရကံကို အကုသိုလ်ဟူ၍၊ ဒုစရိုက်မှုဟူ၍ မယူဆကြပေ။ ပြင်သစ်စာရေးဆရာကြီး အလက်ဇန္ဒားဒူးမား ရေးသားသော သူ့ရဲကောင်းသုံးယောက်ဝတ္ထုတွင် အဓိက ဇာတ်ဆောင်အမျိုးသားများသည် သူတစ်ပါးမယားများကို ကြာခိုပုံ ကွက်ကွက်ကွင်းကွင်း ရေးပြထားသည်။

သူတစ်ပါးမယားကိုအောင်မြင်စွာ သွေးဆောင်ဖျက်ဆီးပြီး ထိုအမျိုးသမီးထံမှ ငွေကြေးပစ္စည်းများရအောင်ယူပြီး သုံးစွဲပြနိုင်လျှင် သူတို့နိုင်ငံတွင် လူတော်ဟုပင် သတ်မှတ်သည်။ မြန်မာပြည်တွင် ထိုသို့သောယောကျ်ား, မိန်းမများကို ‘ပိုင်းလုံး’ဟု နာမည်တပ်ပြီး လူရာမသွင်းကြတော့ပေ။

ကာမေသုမိစ္ဆာစာရကို ဒုစရိုက်ဟုမယူဆသော နိုင်ငံတွင် လူဖြစ်ခဲ့ရသည့်ဘက်ဂီယိုသည် ဗုဒ္ဓဘာသာဖြစ်သောနေ့မှစ၍ ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းခဲ့သည်မှာ အံ့သြလေးစားဖွယ်ရာကောင်းလှသည်။ တစ်ရက်တွင် မက်ဒေါနားက ဘက်ဂီယိုအား သူ့ထံတွင်တစ်ညတာပျော်ပါးရန် လာရောက်ဖို့ ဖိတ်မံခဲ့သည်။

ထိုအခါ ဘက်ဂီယိုက သူသည် ဗုဒ္ဓဘာသာဝင်ဖြစ်သောကြောင့် ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းရပါမည်။ ထို့ကြောင့် မက်ဒေါနားထံသို့

မလာရောက်နိုင်ပါကြောင်း ပြတ်သားစွာ ငြင်းပယ်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်ဖြစ်စ ဘက်ဂီယိုသည်ပင် ကာမေသုမိစ္ဆာစာရကံကို ထိုမျှ ထိန်းသိမ်းနိုင်လျှင် သိတတ်သော အချိန်မှစ၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာကြသော မြန်မာအမျိုးသားများသည် ဘက်ဂီယိုထက်ပင် ပို၍ ထိန်းသိမ်းသင့်သည်။

**ရဟန်း မဖြစ်သော ပုဂ္ဂိုလ် (၁၁) ဦး**

ကခ်ါအဋ္ဌကထာတွင် ရဟန်း,မဖြစ်သောပုဂ္ဂိုလ် (၁၁)မျိုး ထုတ်ပြထားသည်။ ယင်းတို့မှာ–

၁။ သူတစ်ပါး၏ သုက်သွေးကို ပါးစပ်ဖြင့်စုပ်ယူ မျိုရမှမေထုန်ပြုနိုင်သော (အာသိတ္တကပဏ္ဍုက်)
၂။ သူတစ်ပါး သွားလာမှီဝဲ ပေါင်းဖော်နေသော မေထုန်ကို ချောင်းကြည့်၍ မိမိ၏ကိလေသာကို ငြိမ်းစေသူ(ဥဿူယပဏ္ဍုက်)။
၃။ သင်းကွပ် ထုတ်ပစ်ထား၍ ဝှေးစေ့မရှိသူ (ဩပက္ကမိကပဏ္ဍုက်)။
၄။ လဆန်း ဖြစ်စေ၊ လဆုတ် ဖြစ်စေ၊ တစ်ပက္ခ တစ်ပက္ခ၌ ကာမအရာကို မအောင့်နိုင်ဘဲ ပိုမိုသောင်းကျန်း သံဝါသပြုသူ (ပက္ခပဏ္ဍုက်)။
၅။ မိန်းမအင်္ဂါ၊ ယောကျ်ားအင်္ဂါနှစ်မျိုးလုံး မပါသူ (နပုန်းပဏ္ဍုက်)။
၆။ မိမိကိုယ်တိုင် သက်န်းဝတ်၍ ရဟန်းယောင်ဆောင်သူ (ထေရသံဝါသက)။
၇။ တိတ္ထိဘောင်သို့ ပြောင်းသွားသူ (တိတ္ထိယ ပက္ကန္တက)။
၈။ တိရစ္ဆာန်(နတ်ပြဟ္မာပင် ရဟန်းခံ၍မရ၊ တိရစ္ဆာန်အရကောက်၌ ထည့်သွင်းထားသည်)
၉။ ပဉ္စာနန္တရိယကံထိုက်သူ ငါးဦး–
အမေသတ်သူ
အဖေသတ်သူ
ရဟန္တာသတ်သူ
ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်သူ
သံဃာသင်းခွဲသူ

မှတ်ချက်။ ။ သံဃာသင်းခွဲသောကံကို ရဟန်းသာ ပြုနိုင်သည်၊ လူပုဂ္ဂိုလ်များ မပြုလုပ်နိုင်၊ အကြောင်းမှာ သိမ်ထဲတွင်သာ သံဃာသင်းခွဲနိုင်သောကြောင့် ဖြစ်သည်။

၁၀။ ဘိက္ခုနီမကို ဖျက်ဆီးသူ(ဘိက္ခုနီဒူသက)။
၁၁။ ယောကျ်ားအင်္ဂါ, မိန်းမအင်္ဂါ နှစ်မျိုးလုံးပါသူ (ဥဘတောဗျည်း)တို့ ဖြစ်သည်။

ရဟန်းခံခါနီးတွင် ရဟန်းလောင်းဆုံးမသော မထေရ်က– ပုရိသောသိ= သင် ယောကျ်ားစစ်စစ် ဖြစ်၏လောဟုဆုံးမသည်ကို ဒုလ္လဘဝတ်ဖူးသူတိုင်း ကြုံဖူးကြပေလိမ့်မည်။ ထိုသို့ စစ်မေးခြင်းသည် ပဏ္ဍုက်ငါးမျိုးနှင့် ဥဘတောဗျည်း ဤခြောက်ဦးတို့တွင် တစ်ဦးဦး ဖြစ်နေမှာစိုးသောကြောင့် ဖြစ်သည်။ ထိုသို့ ဖြစ်နေလျှင် ရဟန်းခံသော်လည်း ရဟန်း မဖြစ်ပေ။

ထိုပုဂ္ဂိုလ်ခြောက်ဦးတို့သည် အတိတ်ဘဝက သူတစ်ပါး သားမယားများကို ပြစ်မှားဖျက်ဆီးခဲ့သောကြောင့် ဖြစ်သည်။ သူတစ်ပါး သမီးပျိုများကို လက်ထပ်မယူမီ ကျူးလွန်ခဲ့လျှင်လည်း ကာမေသုမိစ္ဆာစာရကံထိုက်သည်သာဖြစ်သည်။ ထို့ကြောင့် မိန်းမပျိုက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ မကျူးလွန်သင့်ပေ။

ယောကျ်ားအင်္ဂါ, မိန်းမအင်္ဂါနှစ်မျိုးလုံး မပါသောနပုန်းပဏ္ဍုက်များကိုရန်ကုန်တွင်တစ်ယောက်၊ မြိတ်မြို့တွင်တစ်ယောက် တွေ့ခဲ့ရဖူးသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ရန်ကုန်မြို့တွင်လူချမ်းသာအသိုင်းအဝိုင်းမှ သားနှင့်သမီးတို့ လက်ထက်မင်္ဂလာပွဲတစ်ခု ကျင်းပခဲ့ဖူးသည်။ မင်္ဂလာဆောင်ပြီးနောက်နေ့မှာပင် ကောင်လေးက ကောင်မလေးကို တရားဝင် ကွာရှင်းပြတ်စဲပစ်လိုက်သည်။

အကြောင်းစုံကို စုံစမ်းကြည့်သောအခါ ကောင်မလေးတွင် ဖို၊ မအင်္ဂါ နှစ်မျိုးလုံး မပါသောကြောင့် ဖြစ်ကြောင်း သိရသည်။ မြိတ်မြို့တွင်ကား စာရေးသူ၏ ဒကာအသိုင်းအဝိုင်းတွင်းမှ ဖြစ်၍ တိကျ

သေချာစွာ သိရပေသည်။ ပုံစံမှာ မိန်းကလေးပုံစံဖြစ်သော်လည်း ဖိုမအင်္ဂါနှစ်မျိုးလုံး မပါရှာပေ။ ဆီးသွားရန် ခဲတံချောင်းခန့် အပေါက်လေးတစ်ပေါက်သာပါကြောင်း သိရပေသည်။ ထိုသို့သော ပုဂ္ဂိုလ်များကို နပုန်းပဏ္ဍုက်ဟု ခေါ်သည်။

ညီတော်အာနန္ဒာအလောင်းသည်ပင် နစဉ်ဘဝတစ်ခုက သူတစ်ပါးသားမယား ပြစ်မှားခဲ့ဖူးသောကြောင့် ဖိုမအင်္ဂါနှစ်မျိုးလုံးမပါသော နပုန်းပဏ္ဍုက်ဘဝသို့ တစ်ဘဝ ရောက်ခဲ့ရဖူးသည်။ ယောကျ်ားအင်္ဂါ မိန်းမအင်္ဂါ နှစ်မျိုးလုံးပါသော ဥဘတောဗျည်းများကိုကား အတော်များများတွေ့ရသည်။ ရန်ကုန်

ယောကျ်ားအင်္ဂါက သိပ်မထင်ရှားပေ။ မိန်းမဥဘတောဗျည်းသည် မိမိက ကိုယ်ဝန်ဆောင်နိုင်သော်လည်း တခြားမိန်းမများအား သန္ဓေတည်အောင်စပ်ယှက်နိုင်စွမ်းမရှိပေ။

ယောကျ်ားဥဘတောဗျည်းသည် ယောကျ်ားအင်္ဂါထင်ရှား၍ မိန်းမအင်္ဂါ သိပ်ပြီးမထင်ရှားပေ။ ယောကျ်ားဥဘတောဗျည်းသည် မိမိကိုယ်တိုင်ကိုယ်ဝန်မဆောင်နိုင်သော်လည်း တခြားမိန်းမများအား သန္ဓေတည်အောင် စပ်ယှက်နိုင်စွမ်း ရှိသည်။ အနည်းငယ်အားဖြင့် မိမိလည်း ကိုယ်ဝန်ဆောင်နိုင်ပြီး တခြားမိန်းမအားလည်း သန္ဓေတည်အောင် စပ်




တချို့သော ဥဘတောဗျည်းများကား
ယောကျ်ား ဥဘတောဗျည်း၊
မိန်းမဥဘတောဗျည်းဟု
တစ်ထစ်ချ ပြော၍မရဘဲ
သူ့တွင်ဖြစ်ပေါ်လာသော စိတ်ဓာတ်အလိုက်
အမျိုးမျိုးပြောင်းလဲနေသောသူများလည်း
ရှိသည်။

တိုင်း၊ ဒလမြို့တွင်တစ်ယောက်၊ ရွှေပြည်သာမြို့တွင်တစ်ယောက်၊ လှိုင်သာယာမြို့တွင်တစ်ယောက်။ ဧရာဝတီတိုင်း၊ ကျုံမငေးမြို့တွင် တစ်ယောက်၊ ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ် ဘေးပေါက်ရွာတွင် တစ်ယောက်တို့ ဖြစ်သည်။

ထိုဥဘတောဗျည်းတို့သည် မိန်းမဥဘတောဗျည်း၊ ယောကျ်ားဥဘတောဗျည်းဟုနှစ်မျိုးရှိသည်။ မိန်းမဥဘတောဗျည်းသည် မိန်းမအင်္ဂါ ထင်ရှား၍

ယှက်နိုင်သည့် ဥဘတောဗျည်းအချို့လည်း ရှိသည်။

လိင်ဖောက်ပြန်သူများသို့ဟု နာမည်ပေးထားသည့် ဘာသာပြန်စာအုပ်တစ်အုပ်ကို ဖတ်ဖူးသည်။ ထိုစာအုပ်တွင် လိင်ဖောက်ပြန်နေသူမျိုးစုံတို့၏အဖြစ်အပျက်များကို အတော်ပြည့်စုံအောင် ရေးသားထားသည်။ ထိုစာအုပ်ထဲတွင်လည်း အင်္ဂါနှစ်မျိုးပါသူ ဥဘတောဗျည်းများအကြောင်းပါဝင်သည်။ တစ်ခါတွင် မုဆိုးဖိုတစ်ဦးသည်မိန်းကလေးတစ်ယောက်

ကို လက်ထပ်ယူခဲ့သည်။

ထိုမိန်းကလေးသည် ထိုယောကျ်ားနှင့် ကလေး နှစ်ယောက်ရခဲ့သလို ထိုယောကျ်ား၏ လင်ပါသမီး ကိုလည်း ကိုယ်ဝန်ရှိအောင် စပ်ယှက်နိုင်ခဲ့ကြောင်း အံ့သြဖွယ်ရာတွေ့ရှိခဲ့ရသည်။

တချို့သောဥဘတောဗျည်းများကား ယောကျ်ား ဥဘတောဗျည်း၊ မိန်းမဥဘတောဗျည်းဟု တစ်ထစ် ချ ပြော၍မရဘဲ သူ့တွင်ဖြစ်ပေါ်လာသော စိတ် ဓာတ်အလိုက် အမျိုးမျိုးပြောင်းလဲနေသော သူများ လည်း ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း အတန်ကြာ က ရောဝတီတိုင်း၊ ကျုံမငေးမြို့ရှိ စာသင်တိုက် ကြီးတစ်ခုတွင် ဥဘတောဗျည်းပြဿနာတစ်ခုတက် ခဲ့ဖူးသည်။

ထိုစာသင်တိုက်ရှိ ရဟန်းတစ်ပါးသည် တခြား ရဟန်းများထက် ထူးခြားနေသည်။ ကောင်းသော ထူးခြားခြင်းကား မဟုတ်ပေ။ ထိုကိုယ်တော်သည် တစ်ခါတစ်ရံ ယောကျ်ားတစ်ယောက်လို ခန့်ညား တည်ကြည်စွာနေသော်လည်း၊ တစ်ခါတစ်ရံ မိန်းမ တစ်ယောက်လို ကန့်ကလျနေပြန်သည်။ မိန်းမ စိတ် ပေါက်နေသခိုက်တွင် အရွယ်ရောက်နေသော ကျောင်းသားကြီးများ၊ ကိုရင်ကြီးများနှင့် အမြင် မတော်အောင် ပွတ်သီးပွတ်သပ်နေလွန်းသဖြင့် အများ၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရသည်။

တချို့သော စာသင်သားများက အမြင်ကပ် သဖြင့်'မိန်းမလျာ''အခြောက်'စသည်ဖြင့် နောက် ပြောင်ကြသောအခါ သူသည် မခံမရပ်နိုင်ဖြစ်ပြီး ဆရာတော်ကြီးအား သွားရောက်တိုင်ကြား၏။ ဆ ရာတော်ကြီးသည် ငိုယိုပြီးလျှောက်နေသော ထို ကိုယ်တော်အား သေချာအကဲခတ်လျက်ရှိ၏။ ပြီး လျှင်–

''အေး ... နောက် မစအောင် ငါခေါ်ပြီးဆုံးမ လိုက်မယ်၊ မင်း.. သူတစ်ပါး စ,တာမခံချင်ရင် တစ်ပါးတည်း သီးသန့်နေမှ ရမယ်၊ ရော့ .. သော့၊ ဟိုကျောင်းထောင့်က နှစ်ထပ်တိုက် အပေါ်ဆုံးထပ် မှာ သွားနေ၊ မင်းအဖော်ရအောင် ကျောင်းသားကြီး တစ်ယောက် လွှတ်လိုက်မယ်''

ဟု အမိန့်ရှိလိုက်သဖြင့် ထိုကိုယ်တော်သည် ကန့်ကလျဖြင့်သော့ကိုယူကာ ဆရာတော်ရှေ့မှ ထ သွားလေ၏။ ပြီးလျှင် ဆရာတော်ကြီးသည် အသက် နှစ်ဆယ်အရွယ်ခန့်ရှိသော တက္ကသိုလ်ကျောင်းသား ကြီးတစ်ယောက်ကို အနားခေါ်ပြီး ယခုလိုမှာ၏။

''ထွန်းမင်း၊ မင်း ... ဒီနေ့ညကစပြီး ဟို ကျောင်းထောင့်က နှစ်ထပ်တိုက်အပေါ်ထပ်မှာ သွား နေရမယ်၊ အဲဒီမှာ ကိုယ်တော်တစ်ပါးရှိတယ်၊ ငါ ဒီကိုယ်တော်ကို မသင်္ကာဘူး၊ ယောကျ်ားစစ်တယ် မထင်ဘူး၊ မင်း သူနဲ့ နီးနီးကပ်ကပ်နေကြည့်စမ်း၊ မသင်္ကာဖွယ်ရာ အမူအရာတွေနဲ့ မင်းကို ဆွဲဆောင် ဖြားယောင်းရင် အိပ်ခန်းရဲ့ညာဘက်ဘေးက လျှို့ ဝှက်ခလုတ်ကို နှိပ်လိုက်၊ ငါနဲ့ သံဃာတွေပြေးတက် လာပြီး ဒီကိုယ်တော်ကို ယောကျ်ားစစ်၊ မစစ် လက် တွေ့စစ်ဆေးမယ်''

ထိုကျောင်းသားကြီးသည် ခန္ဓာကိုယ် တောင့် တောင့်တင်းတင်းနှင့် ယောကျ်ားချောချောသူတစ် ယောက် ဖြစ်သည်။ ဆရာတော်ကြီးကား စာသင် သားသံဃာ ပေါင်းများစွာကို အုပ်ချုပ်နေသူ ဖြစ်၍ ထိုကိုယ်တော်၏မျက်နှာနှင့်ကိုယ်ဟန်အမူအရာကို သဘောမကျလှပေ။ ယောကျ်ားစစ်စစ်တော့ မဖြစ် နိုင်ဟု တွက်ဆသိနေပြီဖြစ်သည်။

ဆရာတော် ထင်သည့်အတိုင်း ည–၁၂နာရီ ခန့်တွင် လူခေါ်ခေါင်းလောင်းသံများ တစ်တိုက်လုံး ဆူညံသွားသဖြင့် သံဃာများအားလုံး အသံလာရာ နှစ်ထပ်ကျောင်း အပေါ်ထပ်သို့ အတင်းပြေးတက် သွားကြသည်။

ထိုကိုယ်တော်ကို ဝိုင်းဝန်းချုပ်နှောင်ပြီး သင်္ကန်း အားလုံးချွတ်၍ စစ်ဆေးကြည့်သောအခါ ဖိုမအင်္ဂါ နှစ်မျိုးလုံး ပါနေသည်ကို တွေ့ကြရတော့၏။ ထို ပြဿနာ ဖြစ်သောအချိန်တွင်ကား မအင်္ဂါက ထင် ရှားနေပြီး ဖိုအင်္ဂါကား သိပ်မထင်ရှားပေ။ ဆရာ

တော်ကြီးသည် ထိုကိုယ်တော်အား လူဝတ်လဲပေးပြီး ကျောင်းမှနှင်ထုတ်လိုက်ရသည်။

တခြားစာသင်တိုက်ကြီးမှ ဆရာတော်ကြီးများထံသို့လည်း အကြောင်းကြား အသိပေးလိုက်သည်။ သို့မဟုတ်လျှင် သူရောက်ရာကျောင်းတိုက်အားလုံး ပြဿနာဖြစ်ကြရပေတော့မည်။ ယခု ဖော်ပြပါ ဥဘာတောဖျည်းမျိုးကား ယောကျ်ားဥဘာတောဖျည်း၊ မိန်းမဥဘာတောဖျည်းဟု တိကျစွာခွဲခြား၍မရနိုင်ပေ။ သူ့စိတ်က ယောကျ်ားစိတ်အားကောင်းနေချိန်တွင် ဖိုအင်္ဂါကထင်ရှားပြီး မအင်္ဂါက မထင်ရှားပေ။

သူ့စိတ်က မိန်းမစိတ်အားကောင်းနေချိန်တွင် မအင်္ဂါက ထင်ရှားပြီး ဖိုအင်္ဂါကမထင်ရှားပေ။ ရောဝတီတိုင်း၊ လပွတ္တာမြို့နယ် ဘေးပေါက်ရွာမှ ဥဘာတောဖျဉ်းသည်လည်း ယခုတင်ပြသော ဥဘာတောဖျဉ်းကဲ့သို့ပင်ဖြစ်သည်။ သူကားလူဖြစ်သောကြောင့် ပို၍သိသာသည်။ မိန်းမစိတ်ပေါက်သော အချိန်တွင် မိန်းကလေးလိုဝတ်ပြီး မိန်းကလေးလိုနေကာ မိန်းမများနှင့်ပင် ပေါင်းသင်းဆက်ဆံသည်။

ယောကျ်ားစိတ်ပေါက်သွေားအချိန်တွင်လည်း ဖျင်ကြမ်းအင်္ကျီရင်ကွဲကြီးဝတ်ပြီး ပုဆိုးတိုတိုနှင့်ထင်းခွဲ၊ ရေခတ်၊ မြေပေါက်စသည့် အလုပ်ကြမ်းများကို ယောကျ်ားများနှင့်တန်းတူ လုပ်နေလေ့ရှိသည်။ ထူးခြားသည်မှာ ယောကျ်ားစိတ်ပေါက်သော အချိန်တွင် မိန်းမစိတ်ပေါက်ချိန်က ထင်ရှားစွာရှိသော ရင်သားများသည် ယောကျ်ားတစ်ယောက်ကဲ့သို့ပြန်ဖြစ်သွားခြင်းပင်။

ထိုကဲ့သို့ မိန်းမစိတ်၊ ယောကျ်ားစိတ်ဖြစ်နေသည်မှာ လချို့ခြားကြာသည့်အခါရှိသလို၊ နှစ်ချို့ခြားကြာသည့်အခါများလည်း ရှိသည်။ ဥဘာတောဖျည်းလည်း အသည်းနဲ့ပဲဟု ဆိုရလေမည်လားမသိ။ တစ်ခါတွင် သူသည် မိန်းမစိတ်ပေါက်ပြီးမိန်းကလေးလိုနေချိန်တွင် တခြားရွာမှအလုပ်လာလုပ်သော ကောင်လေးတစ်ယောက်နှင့် ချစ်ကြိုးသွယ်မိကြသည်။

သူသည် မိန်းကလေးလိုနေချိန်တွင် တကယ်ပင်လုပသောကြောင့်တစ်ရွာသားကောင်လေးသည် ခွဲလို့မရအောင် ချစ်သွားမိ၏။ မခွဲနိုင်မခွာရက် ဖြစ်လာသောအခါ သူတို့သည် ရွာလူကြီးထံသို့ သွားကြ၏။ လက်မှတ်ထိုးပြီး အကျဉ်းချုံးလက်ထပ်ရန် ဖြစ်သည်။ ရွာလူကြီးကားအတွေးအခေါ်ရှိသူဖြစ်၏။ ထို့ကြောင့်ကောင်လေးကို ယခုလိုပြောဆိုအကြံပေး၏။

''မင်းနဲ့ တစ်သက်လုံးအတူတွဲပြီး နေထိုင်မယ့် ဒီကလေးမလေးအကြောင်းကိုသေချာသိပြီးပလား''

''မသိသေးဘူးခင်ဗျ''

''တစ်သက်လုံး အတူတွဲနေထိုင်မယ့် ဒီမိန်းကလေးအကြောင်းကို သေချာသိအောင် မင်းစုံစမ်းပါဦး၊ မင်းကျေနပ်အောင် လေ့လာစုံစမ်းပြီးပြီဆိုမှတို့ လက်မှတ် ထိုးပေးပါ့မယ်၊ ဒီနေ့လက်ထပ် နောက်နေ့ကွဲဆိုရင် မင်းတို့ရောငါတို့ရော မကောင်းပါဘူး''

ထိုစကားကြောင့် သူငယ်လေးသည် သူ့မိန်းကလေးအကြောင်းကို သေချာစုံစမ်းကြည့်ပြီးအကြောင်းစုံသိသွားသဖြင့် လက်မထပ်တော့ဘဲ ရွာမှအပြီးအပိုင်ထွက်သွားလေတော့သည်။ ထိုမိန်းကလေးသည် လအတော်ကြာသည်အထိ အိပ်ခန်းထဲမှမထွက်တော့ဘဲ ငိုကြွေးရသည်။ ဘုရားရှေ့တွင်လည်း ဘဝအဆက်ဆက် ဤကဲ့သို့သော ဘဝဆိုးသို့ဘယ်သောအခါမှ မရောက်ပါရစေနှင့်ဟု ဆုတောင်းလေသည်။

ထိုအရာမျိုးကား ဆုတောင်း၍ ရနိုင်သည်မဟုတ်။ သူတစ်ပါးသားမယားကို မဖျက်ဆီးမှသာ ရနိုင်ပေသည်။

### ကာမေသုမိစ္ဆာ၏ ပစ္စက္ခဆိုးကျိုးများ

ဤဖော်ပြပြီးသည်တို့ကား အတိတ်ကပြုခဲ့သော ကာမေသုမိစ္ဆာစာရက်၏ဆိုးကျိုးများ ဖြစ်၏။ စင်စစ် ထိုကာမေသုမိစ္ဆာစာရက်ကား ပြုဆဲပစ္စက္ခဘဝမှာပင် ဆိုးကျိုးအမျိုးမျိုးကိုပေးစွမ်းနိုင်သည်သာ ဖြစ်၏။ မကောင်းမှုကို ပြုလုပ်နေပါလျက် ကောင်းကျိုးခံစားနေရသူ တချို့ကို တွေ့မြင်နိုင်ပါ၏။ ထို

သို့တွေ့မြင်ရခြင်းသည် ထိုသူပြုသော မကောင်းမှု အကုသိုလ်ကံက မကောင်းကျိုးပေးရန် အချိန် မရောက်သေးသောကြောင့်သာ ဖြစ်၏။

ပြုခဲ့သော အကုသိုလ်ကံ အကျိုးပေးချိန်ရောက် လျှင် မကောင်းကျိုးကိုသာ ပေးမည်ဖြစ်သည်။ ထို့ ကြောင့် အကုသိုလ်ကံကို သေးသေးလေးဟု မှတ် ထင်ပြီး မပြုအပ်ချေ။ ကုသိုလ်ကောင်းမှုကို ပြုလုပ် နေပါလျက် မကောင်းကျိုးခံစားနေရသူတချို့ကို တွေ့မြင်နိုင်ပါ၏။ ထိုသို့ တွေ့မြင်ရခြင်းသည် ထိုသူ ပြုသော ကုသိုလ်ကံက ကောင်းကျိုးပေးရန် အချိန် မရောက်သေးသောကြောင့် ဖြစ်၏။

ပြုခဲ့သောကုသိုလ်ကံ အကျိုးပေးချိန်ရောက် လျှင် ကောင်းကျိုးကိုသာပေးမည် ဖြစ်သည်။ ထို့ ကြောင့် ကုသိုလ်ကောင်းမှုကို သေးသေးလေးဟု အထင်သေးပြီး မပြုဘဲမနေအပ်ချေ။ လူတို့၏ နှစ် တစ်ရာသည် တာဝတိံသာနတ်တို့၏ တစ်ရက်သာ ရှိ၏။ နတ်တို့၏ တစ်ရက်စာမျှရှိသော သက်တမ်း တစ်ရာကို အရှည်ကြီးထင်ပြီး အကုသိုလ်များ ပြု လုပ်ပါက မိမိသာနစ်နာမည် ဖြစ်၏။

လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် ကုသိုလ်လုပ်ဖို့ ဖြစ်သောကြောင့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ဝိပဿနာ ဘာဝနာကုသိုလ်၊ မဂ်ကုသိုလ်၊ စုစုပေါင်း ကုသိုလ် ငါးမျိုးလုံး အရယူနိုင်ပါမှ လူဖြစ်ကျိုးနပ်မည် ဖြစ်၏။ ကုသိုလ်ကြားထဲတွင် အကုသိုလ်များ ရောနှောလာ ပါက သုဂတိဘဝစစ်စစ်သို့ မရောက်တော့ဘဲ သုခ၊ ဒုက္ခ ရောနှောနေသည့် ဝေမာနိကပြိတ္တာဘုံသို့ ရောက်တတ်၏။

'အတွင်းရန်သူ' စာအုပ်တွင် ရေးသားခဲ့သော လောသကတိဿမထေရ်အလောင်း မိတ္တဝိန္ဒက ကိုယ်တိုင်တွေ့ခဲ့ရသည့်သမုဒ္ဒရာအတွင်းမှဗိမာန်ရှင် နတ်သမီးများသည် သုခနှင့်ဒုက္ခကို ရောနှောခံနေ ရသည့်ဝေမာနိကပြိတ္တာမများပင်ဖြစ်၏။ သူတို့သည် လူဖြစ်လာရခြင်း၏အဓိကရည်ရွယ်ချက်သည် အာရုံ ငါးပါး၊ ကာမဂုဏ်တရားတွေခံစားဖို့ဟု ယူဆကြ၏။

ထို့ကြောင့် တရားသောနည်းဖြင့်ရော၊ မတရား သောနည်းဖြင့်ပါ ငွေကို ရှာဖွေခဲ့ကြ၏။ ကုသိုလ် ရော အကုသိုလ်ရောနှစ်မျိုးလုံးပြုခဲ့ကြသောအခါ သုခ၊ ဒုက္ခနှစ်မျိုးတွဲပြီး ခံစားရသော ဝေမာနိက ပြိတ္တာဘုံသို့ရောက်ကြရခြင်းဖြစ်၏။ ထိုဘုံတွင် သူ တို့သည် ခုနစ်ရက် ငရဲခံ၊ ခုနစ်ရက် နတ်စည်းစိမ် စံစားကြရသည်။

ဖော်ပြပါ အတွေးအမြင်လေးကို ခံယူပြီး အကုသိုလ်မှန်သမျှကိုရှောင်ကြဉ်စေချင်ပါ၏။ အထူး အားဖြင့် ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်စေ ချင်၏။ ထိုကံကို ကျူးလွန်ခြင်းအားဖြင့် ဤပစ္စုပ္ပန် ဘဝမှာပင် စိတ်ဆင်းရဲမှုမျိုးစုံကို ခံစားကြရပါ၏။ ကာမေသုမိစ္ဆာစာရကံကြောင့် ဤပစ္စုပ္ပန်ဘဝမှာပင် ဒုက္ခရောက်ကြရသော တကယ့်ဖြစ်ရပ်များကို သု တေသီဘုန်းမြင့်သွေး ရေးသားသော လူသားနှင့် ကာမေသုစာအုပ်မှ အနှစ်ချုပ်ဖော်ပြပါအံ့။

## ကြိုးချင်းထား၊ ကြိုးချင်းငြိ

ရင်းနှီးမှု အတိုင်းအတာ လွန်ကဲရာမှအစ စိတ် အာရုံတွေဟာ ဖောက်ပြန်တတ်ပါတယ်၊ ရင်းနှီးမှု လွန်ပြီး တစ်ဦးအိပ်ရာ တစ်ဦးဝင်အိပ်ခြင်း၊ တစ်ဦး နှင့်တစ်ဦး လင်မယားမဟုတ်ဘဲ ဆိတ်ကွယ်ရာနေ ခြင်းများကလည်း ကာမေသုမိစ္ဆာစာရကံကို ထ မြောက်စေတတ်ပါတယ်၊ မိုက်ကယ်ဝင်းမောင်နဲ့ ဇော်ဇော်တို့ နှစ်ယောက်ဟာ ငယ်သူငယ်ချင်းတွေ ဖြစ်ကြတယ်။

တက္ကသိုလ်ပြီးတော့ မိုက်ကယ်ဝင်းမောင်က သင်္ဘောသားဖြစ်သွားတယ်။ မိုက်ကယ်ရဲ့ မိဘတွေ က ချမ်းသာတောင့်တင်းတော့ သင်္ဘောသားဖြစ် ရေးအတွက် အတော်ပဲ ငွေကုန်ခံလိုက်ရတယ်။ မဖြစ်ဖြစ်အောင်ကြိုးပမ်းခဲ့တယ်။ မိုက်ကယ်သင်္ဘော နှစ်ခေါက်တက်အပြီးမှာ ကျောင်းနေစဉ်က ကြိုက်ခဲ့ တဲ့ သီတာဆွေနဲ့ အိမ်ထောင်ပြုခဲ့တယ်။

ဇော်ဇော်ဟာ မိုက်ကယ်နဲ့ ငယ်သူငယ်ချင်းမို့ ခင်မင်ရင်းနှီးမှု အားကြီးတယ်။ မိုက်ကယ်သင်္ဘော ပြန်လာပြီဆိုရင် ဇော်ဇော့်အိမ်ကို အရင်ဆုံးသွား တတ်တယ်။ ဇော်ဇော်နဲ့ မိုက်ကယ်ရင်းနှီးမှုများသလို သီတာဆွေနဲ့ ဇော်ဇော်ပါ ရင်းနှီးမှု ပိုလာကြတယ်။ မိုက်ကယ်သင်္ဘောငါးခေါက် လိုက်ပြီးချိန်မှာ မြို့လယ်က တိုက်ခန်းတစ်ခန်းကို ဝယ်ပြီးနေပြီ။

မိဘတွေနဲ့ မနေကြတော့ဘဲ အိမ်ထောင်ခွဲကြပြီ။ သူတို့ရဲ့အိမ်မှာ ရေခဲသေတ္တာ၊ တီဗီ၊ကက်ဆက်၊ ပရိဘောဂပစ္စည်းတွေ အားလုံးပြည့်စုံပြီ။ သူတို့မှာ သားလေးတစ်ယောက်ရနေပြီး သူတို့နဲ့အတူ အဒေါ်တစ်ယောက်က အတူနေပါတယ်။ ဘွဲ့ရပြီး ဇော်ဇော်ဟာ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ပါတယ်။ သူ့အလုပ်က မြို့ထဲမှာဖြစ်ပြီး သူ့အိမ်က မြို့သစ်မှာ ဖြစ်တယ်။

သွားရပြန်ရတာ ဝေးလို့ဆိုပြီး ဇော်ဇော်ဟာ မိုက်ကယ်ဝင်းမောင်တို့ အိမ်မှာ တစ်ပတ်ကိုငါးရက် အိပ်တယ်။ စနေနေ့နဲ့ တနင်္ဂနွေနေ့တွေကျမှ မြို့သစ်က သူ့မိဘအိမ်ကိုပြန်တယ်။ အနေနီးစပ်ရာကနေ ဇော်ဇော်နဲ့ သီတာဆွေတို့ရဲ့ စိတ်တွေဟာ ဖောက်ပြန်လာတော့တာပဲ။

မိုက်ကယ်ဝင်းမောင် ဆဌမမြောက် သင်္ဘောပြန်တက်ချိန်မှာ ဇော်ဇော်နဲ့ သီတာဆွေတို့ ငြိစွန်းကြတော့တယ်။ ဇော်ဇော်ဟာ သူငယ်ချင်းအပေါ်မှာ သစ္စာမစောင့်သလို သီတာဆွေကလည်း ခင်ပွန်းသည်ရဲ့ မျက်နှာကို မထောက်ထားတော့ဘူး။ သူတို့နှစ်ယောက် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်နေကြတာကို မိုက်ကယ်ရဲ့အဒေါ်က ရိပ်မိလာတယ်။

ကြာတော့ သိလာတယ်။ သီတာဆွေကို အဒေါ်ဖြစ်သူက ဆင်ခြင်ဖို့ အရိပ်အခြေဆုံးမတယ်။ ဇော်ဇော်ကိုလည်း အိမ်အဝင်အထွက် လက်မခံတော့ဖို့ အကြံပေးတယ်။ သည်ပြဿနာကို မိုက်ကယ်ရဲ့ မိဘများ သိသွားချိန်မှာတော့ အခြေအနေတွေဟာ ဆိုးကုန်ပြီ။ သူ့သားပြန်ရောက်လာချိန်ကိုတောင် စောင့်ဆိုင်းမနေတော့ဘဲ သင်္ဘောဒေါက်တင်နေတဲ့ သူတို့သားရှိရာကို စာနဲ့ရေးပြောတယ်။ တယ်လီဖုန်းနဲ့ ပြောတယ်။

မိုက်ကယ်ဟာ ဒီအကြောင်းတွေသိတော့ ဇနီးစိတ်နဲ့ အရက်တွေအလွန်အကျွံသောက်တော့တယ်။ သင်္ဘောကပ္ပတိန်နဲ့ စကားများ၊ သင်္ဘောသားချင်းလည်း မသင့်မြတ်တဲ့အထိတောင် ဖြစ်ခဲ့ရတယ်။ မြန်မာပြည်ကိုလည်း မြန်မြန်ပြန်ချင်နေတယ်။ နောက်ကြောင်း မအေးဘူး။ ဇော်ဇော်နဲ့ သီတာဆွေဟာ တိတ်တဆိတ် ခိုးတွေ့နေကြတယ်။ မိုက်ကယ်ရဲ့မိဘများက သေချာစွာသိအောင် လူအစောင့်ချထားပြီး လိုက်နေတာကို သူတို့မသိကြဘူး။

ကာမေသုမိစ္ဆာစာရကံဟာ လူမမြင်ရာမှာ ပြုကျင့်ပေမယ့် လူသိတာများတယ်။ လောကမှာ လူသတင်းလူချင်းဆောင်တာပဲမဟုတ်လား။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး။ မိုက်ကယ်ဟာ ဥရောပနိုင်ငံမြို့တစ်မြို့ကနေ သင်္ဘောဆက်မလိုက်တော့ဘဲ မြန်မာပြည်ကို ပြန်လာခဲ့တယ်။

မြန်မာပြည်ရောက်တော့ အိမ်ကိုမပြန်ဘဲ တစ်နေရာမှာ တိတ်တဆိတ်ဝင်ခိုနေတယ်။ ရုပ်ဖျက်ပြီး သူ့မိန်းမနဲ့ဇော်ဇော်တို့ရဲ့အခြေအနေကို စုံစမ်းတယ်။ သူစုံစမ်းကြည့်တဲ့အခါ သူ့မိဘများ အကြောင်းကြားထားတဲ့အတိုင်း မှန်နေတာကို သူသိလာခဲ့တယ်။ မျက်စိနဲ့တပ်အပ်မြင်တယ်။ မိုက်ကယ်ဟာ ဇော်ဇော်နဲ့ သီတာဆွေတို့ သွားလာလှုပ်ရှားနေတာတွေကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ထားတယ်။ ချိန်းတွေ့တတ်တဲ့နေရာကိုလည်း သူသိခဲ့ပြီ။

နောက်ဆုံးမှာ မိုက်ကယ်ဝင်းမောင်ဟာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်တယ်။ သူ့ဇနီးနဲ့ဇော်ဇော်ကို မျက်နှာချင်းဆိုင်ဆုံပြီး ဖြေရှင်းတယ်။ ကောင်းမွန်စွာဆွေးနွေးတယ်။ သူ့ရဲ့သားလေးကို သူခေါ်ထားလိုက်ပြီး သီတာဆွေကို တရားဝင် ပြတ်စဲလိုက်တယ်။ စာချုပ်စာတမ်းနဲ့ ပြတ်စဲပြီး ဇနီးကိုဇော်ဇော်လက်ထဲအပ်လိုက်တယ်။

သူကိုယ်တိုင် ခိုးရိုက်ထားတဲ့ ဓာတ်ပုံတွေလည်း ပေးလိုက်တယ်။ မိုက်ကယ်ဝင်းမောင်ရဲ့မိဘများက လည်း အဲသည်အစီအစဉ်ကို သဘောတူပြီးလိုအပ် တာတွေကိုစီစဉ်ပေးခဲ့တယ်။ သီတာဆွေဟာကာမေ သုမိစ္ဆာစာရကံကိုကျူးလွန်လို့ ချက်ခြင်း နေစရာမရှိ ဖြစ်သွားရော၊ ဖော်ဖော်ရဲ့မိဘတွေက သီတာဆွေကို အိမ်ပေါ်အတင်မခံဘူး။

ဖော်ဖော် အလုပ်လုပ်တဲ့ကုမ္ပဏီကလည်း မိုက် ကယ်မိဘများရဲ့ ဆွေမကင်းမျိုးမကင်းကုမ္ပဏီ ဖြစ် တယ်။ အဲသည်အကြောင်းတွေလည်း သိရော၊ ဖော် ဖော်ကို သစ္စာမရှိဘူးဆိုပြီး အလုပ်ကထုတ်ပစ်လိုက် တယ်။ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်တဲ့အပြစ် က ကြီးပါတယ်။ သိလာရင် ပတ်ဝန်းကျင်အားလုံး က ရှောင်ဖယ်ကုန်ကြရော။

ဖော်ဖော်နဲ့ သီတာဆွေဟာ ဟိုကပ်နေ၊ သည် ကပ်နေနဲ့ လောကမှာ လူတောမတိုး၊ လူရာမဝင် ကြတော့ဘူး။ အဲသည် အဖြစ်အပျက် ဇာတ်လမ်းကို ကြည့်ရင် ရင်းနှီးမှုလွန်ကဲတာကြောင့် မဖြစ်သင့်တာ တွေဖြစ်ကုန်ကြတာဖြစ်တယ်။ မိုက်ကယ်ဝင်းမောင် ကိုယ်တိုင်က ဖော်ဖော်ကို သိပ်အရေးပေးခဲ့တယ်။ အိမ်မှာနေခွင့်ပြုတာ သိပ်များသွားတယ်။ နီးစပ်မှု များလွန်းရင် ဖိုနဲ့မဟာဖောက်ပြန်တတ်ကြပါတယ်။ အချို့ဟာ နီးစပ်မှုဒဏ်ကို မခံနိုင်ကြပါဘူး။

နီးစပ်မှုရှိတိုင်း ဖောက်ပြန်ကြတာတော့ မဟုတ် ပါဘူး။ အချို့ကသစ္စာမရှိဘူး။ ခန္ဓာကိုယ် သွေးသား တောင်းဆိုမှုပေါ်မှာအမှီပြုပြီး ဖောက်ပြန်တဲ့စိတ် မွေးကြတယ်။ အကောင်းဆုံးက အတိုင်းအတာအရ ပဲ ရင်းနှီးပွင့်လင်းတာ ကောင်းပါတယ်။ သီတာဆွေ ရဲ့ ကာမေသုမိစ္ဆာစာရကံကြောင့် သားလေးဟာ မိခင်ရင်းနဲ့အတူ မနေရရှာဘူး။ ကျူးလွန်သူနှစ် ယောက်ဟာလည်း ရေရှည်မှာအတူမနေနိုင်ကြဘူး။

တစ်ဦးနဲ့တစ်ဦး ဆင်းရဲမှုတွေကြားမှာ မသင့် မမြတ်ဖြစ်ပြီး ကွဲကွာသွားကြတယ်။ သီတာဆွေက သူ့အဒေါ်တစ်ယောက်ရှိတဲ့ ရွာကလေးတစ်ရွာကို ရောက်သွားတယ်။ ဖော်ဖော်ကလည်းအလုပ်အကိုင် မဲ့ဘဝနဲ့ ဟိုနေဒီနေ ဖြစ်သလိုလှည့်လည်နေတယ်။ ကာမေသုကံသာ မကျူးလွန်ခဲ့ရင် အားလုံးအဆင် ပြေကြမှာပါ။

**သုတေသီဘုန်းမြင့်သွေး**

ကာမရောဂါ၊ ကိုယ်တွင်း နာကား။
ကုရာ နတ္ထိ၊ ဆေးမရှိဘူး။
မိမိပညာ၊ သတိသာလျှင်၊
မဟာဩသဓ၊ ဆေးမည်စွရှင့်။


(မဃဒေဝ)

အနာဂါမ်လောကုတ်
သဘောဟုတ်မရမီ
နှမြောဖို့ သမထပြည်မှာ
မ,မသီစေနှင့်။
ဒင်းမျိုးကို ရမ္မက်ခွာ
စက္ကဝါ ခြား၍နေသင့်။
ပုထုဇဉ် အမှာကံ
သာမန်ကို မဆိုနှင့်။
ကာယကံ ထိုအကျင့်ကိုလ
အပျိုနှင့် ကျင်လည်။
ရှာန်လက်ကိုင် ယုတ်ယိုတရားတွေနှင့်
ပုဂ္ဂိုလ်အများ ပျက်ပြားလှလေပြီ။
ကျူပ်ဆိုတဲ့စကား စာထွက်ညီအောင်
ရာဂဂ္ဂိ မီးအသတ်ကိုလ
နီးစပ်က မလွယ်မလွယ်
ခက်လှပါတယ်။
မြဲစေဖို့ သမထနွယ်ထွင်မယ်
မန်းမြို့တောင်ခြေ ဂူအောင်းချင်ပေ့လေး။

(ကဗျာနန်)

**မှတ်ချက်။** ။ မင်းသမီး၊ မင်းသားများကို သီချင်း ရေးပေးနေသော ဆရာတော်တစ်ပါး ဖြစ်သည်။ ဤတေးထပ်ကို ရေးအပြီး တောထွက်တော်မူသည်။

(စာရေးသူ)


ခဲအိုမွေးသော မီး
သုတေသီဘုန်းမြင့်သွေး

# ခဲအိုမွေးသောစီး

ခယ်မနဲ့ ခဲအိုဆိုတာ အတူနေကြရင် အလွန်နီးစပ်မှုရှိကြပါတယ်။ မိဘမရှိတော့လို့ အစ်မကြီးနဲ့နေရတဲ့ညီမတွေဟာ ခဲအိုကောင်းနဲ့တွေ့မှ ဘဝငြိမ်းချမ်းတတ် ပါတယ်။ ခဲအိုဆိုးနဲ့တွေ့ရင်တော့ အလွန်ဒုက္ခရောက်ကြပြီး ကိုယ့်ကိုယ်ကို အဲသည်အိမ်ထောင်စုထဲက ခွဲမထွက်ရင် တစ်နေ့မဟုတ် တစ်နေ့ဒုက္ခတွေ့ရတတ်တယ်။

မြို့တစ်မြို့မှာ ခဲအိုဆိုးနဲ့တွေ့ခဲ့ရတဲ့ မထွေးမေဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။မထွေးမေဟာ အသက်ဆယ့်ကိုးနှစ် ရှိပြီ။ ဖခင်က အရင်ကွယ်လွန်ခဲ့ပြီး မိခင်က သူဆယ်တန်းရောက်တဲ့နှစ်မှာ ကွယ်လွန်တယ်။ သူ့မှာ အစ်မကြီးတစ်ယောက်သာ ရှိတယ်။ အစ်မလုပ်သူကလည်း စီးပွားမရှာတတ်ဘူး။ ခင်ပွန်းသည်ရဲ့လုပ်စာကိုပဲ ကလေးသုံးယောက်နဲ့ ထိုင်စားနေသူ ဖြစ်တယ်။

မိဘတွေ မရှိတော့တဲ့အချိန်မှာ ထွေးမေဟာ အစ်မနဲ့ အတူနေပါတယ်။ ကျောင်းဆက်မတက်နိုင်တော့တဲ့အတွက် ဆေးလိပ်ခုံတစ်ခုံမှာ အလုပ်ဝင်လုပ်တယ်။ ထွေးမေဟာ ကလက်တက်တက် ပျံတန်တန်မဟုတ်ပါဘူး။ မိုင်းကောင်းကျောက်ဖိ မိန်းကလေးတစ်ယောက်ပါ။ ဒါပေမဲ့ ထွေးမေဟာပြည့်ဖြိုးတယ်။ ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်တယ်။ ကာလသားတွေငေးမောသဘောကျတဲ့ မိန်းကလေးတစ်ယောက်။

ထွေးမေရဲ့ခဲအို ကိုဘလွန်းဟာ စီးပွားရှာရာမှာ အလွန်ကြိုးစားရှာပါတယ်။ အဲဒါကြောင့်လည်း မချမ်းသာပေမယ့် ဆင်းရဲအောင်တော့ မနေရဘူး။ စားနိုင်သောက်နိုင် အဆင့်မှာ နေရတယ်။ ထွေးမေဟာ သူ့အစ်မအိမ် ရောက်ပြီးကတည်းက အခြားအရာတွေ နေရထိုင်ရတာအဆင်ပြေပေမယ့် ကိုဘလွန်းကြီးရဲ့မျက်စိအကြည့်ကို သူသဘောမကျခဲ့ဘူး။ ခဲအိုရဲ့ မျက်လုံးအကြည့်ဟာ အဓိပ္ပါယ်တစ်မျိုးဆောင်နေတယ်လို့ သူသဘောပေါက်ခဲ့တယ်။

မျက်လုံးအကြည့်တွေထဲမှာ တဏှာရာဂအကြည့်ဟာ အလွန်သိသာပါတယ်။ ကြောက်စရာလည်း ကောင်းပါတယ်။ မနှစ်မြို့သူအဖို့မှာ အလွန်အော့နလုံးနာစရာ ကောင်းပါတယ်။ ထွေးမေဟာ သူ့ခဲအိုရဲ့ အကြည့်ကို မကြိုက်ဘူး။ အကြည့်လည်း မခံချင်ဘူး။ သူ့ခဲအိုရဲ့အကြည့်ကိစ္စကိုလည်း အစ်မဖြစ်သူကို ပြောမပြရဲဘူး။

သူ့မှာ တခြားပြောင်းနေရအောင်ကလည်း နေစရာမရှိဘူး။ သည်မြို့မှာဆွေမျိုးနီးစပ်တစ်ယောက်မှ မရှိဘူး။ ရွာတစ်ရွာမှာ အဒေါ်ကြီးတစ်ယောက်ရှိပေမယ့် ထွေးမေကို အစ်မကသွားနေခွင့် မပေးဘူး။ ခဲအိုကိုဘလွန်းဟာ ခရီးထွက်လို့ ပြန်ရောက်လာတိုင်း ထွေးမေဖို့ပါလက်ဆောင်တွေ ဝယ်လာတတ်တယ်။ ခဲအိုရဲ့လက်ဆောင်ကို ခယ်မကမလိုချင်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ခဲအိုအကြည့်တွေကို

မကြိုက်လို့ပါပဲ။ ရည်ရွယ်ချက်နဲ့ ပေးသလိုဖြစ်နေလို့ ဖြစ်တယ်။ အစ်မဖြစ်သူကတော့ ရိုးအတာမှ အရမ်းပါပဲ။ သူ့ယောကျ်ားက သည်လိုညီမအတွက် ပါ ဝယ်ဝယ်လာတာကို သူကသဘောကျနေတယ်။ သူ့ညီမကို မျက်နှာငယ်လေးမဖြစ်ရ သနားနေတယ်လို့ ယူဆနေတယ်။ ခဲအိုဟာ အကြည့်ကနေ တစ်ဆင့် တက်လာခဲ့တယ်။ ကွယ်ရာမှာဆို ကျောပုတ် ခေါင်းပုတ် လုပ်လာခဲ့တယ်။

မထွေးမေဟာ ခဲအိုခရီးမထွက်တဲ့ နေ့တွေဆိုရင် အိမ်မှာနေရတာ ဒုက္ခရောက်နေတယ်။ အဲဒါကြောင့် ဆေးလိပ်ခုံကနေ ညနေမိုးချုပ်မှ ပြန်တတ်တယ်။ တစ်နေ့မှာ ထွေးမေ ဒုက္ခရောက်တော့တာပဲ။ အဲသည်နေ့က အစ်မဟာ ကြွေးကိစ္စနဲ့ အပြင်သွားနေတယ်။ ကလေးတစ်ယောက် အဖော်ခေါ်သွားတယ်။ ကျန်ကလေးနှစ်ယောက်ကလည်း ဗွီဒီယိုသွားကြည့်နေကြတယ်။

ထွေးမေဟာ အစ်မရှိတယ်အထင်နဲ့ အိမ်ပေါ်တက်ခဲ့တာဖြစ်တယ်။ အိမ်ပေါ်မှာ ခဲအိုရှိနေမှန်းလည်း မသိဘူး။ သူအိမ်ပေါ်တက်စဉ်က ခဲအို အိမ်ပေါ်မှာလုံးဝမရှိဘူး။ ဘယ်အချိန်ရောက်လာခဲ့တယ် မသိဘူး။ အဲသည်နေ့ ညနေက ထွေးမေဟာ ခဲအို အနိုင်ကျင့်တာခံလိုက်ရတယ်။ သန်မာတဲ့ ခဲအိုလက်က မရုန်းနိုင် မအော်နိုင်ခဲ့ဘူး။ အားချင်းမမျှတော့ အရှုံးပေးခဲ့ရတယ်။

ထွေးမေရှိုက်ကြီးတငင် ငိုနေတာကို အစ်မဖြစ်သူ ပြန်လာတော့ မြင်တယ်။ ထွေးမေက ပြောပြလို့ အကြောင်းစုံသိသွားတယ်။ အစ်မဖြစ်သူဟာ ဒေါသအကြီးအကျယ်ဖြစ်ပေမယ့် ဘာလုပ်လို့လုပ်ရမှန်း မသိပါဘူး။ ပတ်ဝန်းကျင်သိမှာကိုလည်း အလွန်ရှက်နေတယ်။ အဲသည်လို ကာမေသုမိစ္ဆာစာရက်ကို ခဲအိုကိုဘလွန်း ကျူးလွန်ပြီးတဲ့နောက်မှာ သူတို့မိသားစုကမ္ဘာလေးဟာ ပျက်စီးသွားတော့တာပဲ။

အဲသည်အဖြစ်အပျက် ဖြစ်ပျက်ပြီးနောက် သုံးလမှာ ထွေးမေဟာ မြစ်ထဲခုန်ဆင်းပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့တယ်။ အရက်နှင့်အသက်ကို လဲလှယ်ခဲ့တယ်။ထွေးမေရဲ့အစ်မဟာနောက်ခြောက်လကျော်လောက်မှာ မအိပ်နိုင်မစားနိုင်ဖြစ်ပြီး စိတ်ဝေဒနာရှင်ဖြစ်ရာက နောက်တစ်နှစ်မှာ ဆုံးသွားတယ်။ သေတော့ ရန်ကုန်စိတ်ကျန်းမာရေး ဆေးရုံမှာ သေဆုံးသွားခဲ့ရှာတယ်။

ကိုဘလွန်းဟာ ကလေးသုံးယောက်နဲ့ ကျန်ခဲ့ပြီး သူကိုယ်တိုင်လည်း စိတ်ထိခိုက်လို့ ပိန်ချုံးပြီး လူရုပ်မပေါ်အောင် ဖြစ်နေတယ်။ စီးပွားရေးကလည်းပျက်စီးပြီး တစ်နေ့စာတစ်နေ့ မနည်းရှာဖွေစားသောက်နေရတယ်။ ကိုယ်မွေးခဲ့တဲ့မီး ကိုယ့်ကို ပြန်လောင်တာပါပဲ။ တစ်ညနေမှာ တစ်ချိန်(မိနစ်ပိုင်းကလေး) ကျူးလွန်ခဲ့တဲ့ ကာမေသုမိစ္ဆာစာရက်ကြောင့် ဘဝတစ်ခုလုံးကို ပျက်စီးသွားတော့တယ်။

တဒင်္ဂသာယာမှုကိုလိုချင်လို့ တစ်ဘဝသာယာမှုတွေ ထာဝရဆုံးရှုံးခဲ့ရပြီ ဖြစ်တယ်။ ကာမေသုမိစ္ဆာစာရက်ဟာ ပြုမူပြီးရင် ပြုပြီးသူကိုယ်တိုင် နောင်တခံစားရတာမျိုးပါပဲ။ နောင်တမရှိတဲ့ လူစားမျိုးဆိုတာကတော့ သိပ်ကို မိုက်တွင်းနက်ပြီး အသိတရားမရှိတဲ့ လူစားမျိုးသာ ဖြစ်ပါလိမ့်မယ်။ ကိုဘလွန်း နောင်တရချိန်ဟာ သိပ်ကို နောက်ကျသွားခဲ့ပြီ။

သူကိုယ်တိုင်လည်း အဲသည်စိတ်နဲ့ တစ်သက်လုံး စိတ်ဆင်းရဲနေတယ်။ ကလေးသုံးယောက်အရွယ်ရောက်တဲ့အထိ ရှာဖွေကျွေးမွေးပြီးနေခဲ့တယ်။ နောက်ထပ် အိမ်ထောင်မပြုခဲ့ဘူး။ ကိုဘလွန်း အသက် ၅၈–နှစ်မှာ ရဟန်းဝတ်တယ်။ အသက် ၈၀–ကျော်မှ ရဟန်းဘဝနဲ့ပဲ ရွာကလေးတစ်ရွာမှာ နိဂုံးချုပ် ဇာတ်သိမ်းသွားခဲ့တယ်။

ခဏတာသာယာမှုရတဲ့ ကာမေသုမိစ္ဆာစာရက်ဟာ ဘာကောင်းသလဲ။ သေသူသေ၊ ရူးသူရူးဖြစ်ပြီး အထီးကျန်ခဲ့ရတယ် မဟုတ်လား။ နောင်မှရတဲ့ နောင်တဆိုတာ မီးလို အလွန်ပူပါတယ်။ ကာမေသုမိစ္ဆာစာရက်ကြောင့် ကိုယ်မွေးတဲ့မီး ကိုယ်အလောင်မခံရအောင် လူ့ဘဝမှာ နေကြရမယ်။

သုတေသီ ဘုန်းမြင့်သွေး

# အပြာရုပ်ရှင်

သုတေသီဘုန်းမြင့်သွေး



နိုင်ငံခြား အပြာရုပ်ရှင်ကားတွေဟာ လူငယ်တွေကို သိပ်ပျက်စီးစေပါတယ်။ အရွယ်မရောက်ခင်မှာ အတွေးအခေါ်များတွေ ခေါင်းထဲဝင်ကုန်ကြပါရော။ သတင်းစာထဲကလည်း အော်သံတွေ၊ တိုင်တာတွေရှိကြပေမယ့် အချို့နေရာတွေမှာ ပုန်းလျှိုးကွယ်လျှိုး ပြနေကြတာပါပဲ။ အပြာရုပ်ရှင်ကားတွေဟာ မသိနားမလည်တဲ့ လူငယ်လူရွယ်တွေကို လမ်းမှားကိုပို့တာ ဖြစ်တယ်။

ပညာသင်ရမယ့်အရွယ်မှာ မဟုတ်မမှန်တဲ့စိတ်တွေ ဝင်လာတော့တယ်။မဟုတ်တဲ့ဘက်မှာ အထင်ကြီးကုန်တော့တယ်။ အတုယူကုန်တော့တယ်။ မြို့တစ်မြို့က ဆယ်ကျော်သက်အရွယ် လူငယ်လေးတစ်ဦးဟာ ညနေပိုင်းတစ်ချိန်ပြတတ်တဲ့ အပြာကားကို မကြာခဏကြည့်တယ်။ အပြာကားတွေ ကြည့်ရာကနေ သူဟာ စိတ်ထားတွေ ပြောင်းလာတယ်။

သူနဲ့ရင်းနှီးတဲ့ ကောင်မလေးတစ်ယောက်ကို ကြံစည်လာတယ်။ ကောင်မလေးကလည်း သူ့လိုပဲ ဆယ်ကျော်သက်ကလေးပါပဲ။ ကောင်လေး အပြာကားတွေ ကြည့်ပါများရာက ကောင်မလေးကို ကျူးလွန်ချင်တဲ့စိတ်တွေ တစ်နေ့တခြား ပေါ်ပေါက်နေတယ်။ သူတို့မြို့မှာ ဇာတ်ပွဲဝင်တဲ့တစ်ညမှာတော့ သူဟာ မိုက်မိုက်ကန်းကန်း ကြံစည်လာတော့တယ်။

အိမ်စောင့်ကျန်ခဲ့တဲ့ ကောင်မလေးထံ နည်းမျိုးစုံသုံးပြီး ရောက်အောင်သွားတယ်။ အဲသည်ညက မုဒိမ်းမှု ဖြစ်တယ်။ ကောင်လေးကို အိမ်နီးချင်းတွေက ဝိုင်းဝန်းရိုက်နှက်ပြီး စခန်းကို ပို့တယ်။ ဆယ့်ငါးနှစ်တောင် မပြည့်သေးတဲ့ ကောင်လေးဟာ သူ့လိုပဲ ဆယ့်ငါးနှစ်တောင် မပြည့်သေးတဲ့ ကောင်မလေးကို မုဒိမ်းမှု ကျူးလွန်တယ်။

အဲသည်လိုဖြစ်ရတာဟာ အပြာကားတွေကနေ သင်ကြားပေးတဲ့ ကာမေသုမိစ္ဆာစာရကံတွေပါပဲ။ ငယ်သေးတော့ ရှူးရှူးမိုက်မိုက်လုပ်ကြတယ်။ တကယ်တော့ အပြာကားတွေဟာ အရွယ်ရောက်တဲ့လူကြီးအတွက်လည်း လုံးဝ မကောင်းပါဘူး။

အဲသည်လိုကားမျိုးတွေ ကြည့်တာဟာ လိင်စိတ္တဇရောဂါ ဖြစ်စေပါတယ်။ မဟုတ်မဟတ်တွေ ခံစားချင်စိတ် ပေါက်လာစေပြီး အတွေ့အာရုံတွေမှာ ပေါက်တတ်ကရတွေ လုပ်ချင်လာတတ်ပါတယ်။ အပြာကားတွေကနေ လှုံ့ဆော်ပေးတဲ့စိတ်က ကာမေသုမိစ္ဆာစာရကံတွေဘက်မှာ အားကောင်းစေပါတယ်။ မိန်းမလိုက်စားချင်တဲ့ စိတ်တွေပွားများစေပါတယ်။

ဖောက်ပြန်တဲ့ စီးပွားရေးသမားတွေရှိတဲ့ အရင်းရှင်နိုင်ငံကြီးတွေကနေ အဲဒီလို အပြာရုပ်ရှင်တွေကို ထုတ်လုပ်တာဖြစ်တယ်။ အဲဒီ နိုင်ငံမျိုးတွေမှာ မုဒိမ်းမှုတွေ သိပ်ပေါများတာပါပဲ။ အချို့နိုင်ငံ့စီးပွားရေးသမားတွေဟာ အလွန်ကြောက်စရာ ကောင်းပါတယ်။ သူတို့ဟာ ငွေရရင်ပြီးရော လူတွေကို တိရစ္ဆာန်လို လုပ်ပြကြတယ်။ တိရစ္ဆာန်လိုပဲ အရှက်မရှိကြပါဘူး။

အနောက်နိုင်ငံတွေမှာ လိင်စိတ္တဇရောဂါဟာ တစ်နေ့တခြား များပြားတိုးတက်နေတယ်။ အဲသည်လို ဖြစ်ရတာဟာ အပြာရုပ်ရှင်၊ အပြာစာအုပ်တွေနဲ့ ဆက်စပ်နေပါတော့တယ်။ ကာမဂုဏ်ဆိုတာကို အသက်အရွယ်ရောက်မှ ပြည့်စုံအောင်လုပ်မယ်လို့ တွေးပြီး ငယ်စဉ်မှာကာမဂုဏ်ဘက်ကို လုံးဝစိတ်မရောက်သင့်ပါဘူး။

အပြာရုပ်ရှင်တွေဟာ အဲသည်စိတ်ကို အမြန်ဆုံးဖြစ်ပွားလာအောင် တွန်းပို့တာမျိုး ဖြစ်တယ်။ ဗဟုသုတအနေနဲ့လည်း မကြည့်သင့်ပါဘူး။ အဲဒီဗဟုသုတမျိုးက ဒုက္ခရောက်စေမယ့် ဗဟုသုတမျိုးသာ ဖြစ်ပါတယ်။ လူ့ဘဝမှာ အဲဒီကိစ္စကို ရှေ့တန်းတင်သူမှန်သမျှဟာ ပညာရေး၊ စီးပွားရေး၊ ကြီးပွားရေးတွေမှာ နောက်ကျကျန်ခဲ့တာပါပဲ။ လူကို အတွေးခေါ်မှားစေတဲ့ အပြာရုပ်ရှင်ကို မကြည့်မိအောင် နေကြရမယ်။

သုတေသီဘုန်းမြင့်သွေး

# ဖွဲတစ်ဆုပ် နိုင်သေးရင်

## သုတေသီဘုန်းမြင့်သွေး



# ဖွဲ့တစ်ဆုပ်နိုင်သေးရင်

ကာမေသုမိစ္ဆာစာရကံဟာ အသက်ငယ်စဉ်မှာသာ စောင့်ထိန်းရမည့်အရာ မဟုတ်ပါဘူး။ ထိုကံကို အသက်ကြီးသည်အထိ စောင့်ထိန်းရမှာ ဖြစ်တယ်။ ဖွဲ့တစ်ဆုပ်နိုင်သေးရင် ကျားစိတ်မကုန်သေးဘူးလို့ ဆိုတယ်။ ဘကြီးမွှန်းတစ်ယောက်ရဲ့ အဖြစ်အပျက်ဟာ သင်ခန်းစာယူစရာ အဖြစ်အပျက်တစ်ခုပါပဲ။

ဘကြီးမွှန်းဟာ ဆေးကုန်သည်တစ်ယောက်ဖြစ်ပြီး လယ်အချို့လည်း ပိုင်ဆိုင်တယ်။ သူ့ရဲ့ အိမ်ထောင်ဘက်ဟာ သားသမီးငါးယောက်ရအပြီးမှာ ဆုံးပါးခဲ့တယ်။ မုဆိုးဖိုဘဝကို အသက်လေးဆယ်ကျော်မှာ ရောက်ခဲ့တယ်။ သားတွေ၊ သမီးတွေက ကြီးပြင်း အသီးသီးအိမ်ထောင်ပြုသွားကြတော့ သူနဲ့အတူ တစ်ယောက်မှ မနေကြတော့ဘူး။

အကြောင်းအမျိုးမျိုးနဲ့ သားသမီးတွေက ရွာကိုလည်း စွန့်၊ အဖေကြီးကိုလည်း စွန့်ခွာသွားကြတယ်။ ဘကြီးမွှန်းဟာ ဒီရွာနေ၊ ဒီရွာ ချက်မြှုပ်ဖြစ်တယ်။ သူ့ရဲ့မိဘတွေကလည်း ဒီရွာမှာပဲ ခေါင်းချသွားကြပါတယ်။ တစ်ကိုယ်တော်ဖြစ်တဲ့ ဘကြီးမွှန်းကို အိမ်နီးနားချင်းတွေက စောင့်ရှောက်ကြပါတယ်။ သူစားသောက်ဖို့ ထမင်း, ဟင်းကိုတော့ ငွေရီဆိုတဲ့ အသက်နှစ်ဆယ့်တစ်နှစ်အရွယ် ကောင်မလေးကလာရောက်ချက်ပြုတ်ပေးပါတယ်။

ဘကြီးမွှန်းဟာ အသက်ခုနှစ်ဆယ့်ရှစ်နှစ်ရှိပြီမို့ ဖောက်ပြန်မှု ဘာမှမရှိဘူးလို့ ထင်ကြတယ်။ ရှစ်ဆယ်ပြည့်ဖို့လည်း နှစ်နှစ်သာ လိုတော့တယ်။ မျက်စိကလည်း မှုန်နေပြီ ဖြစ်တယ်။ ငွေရီက နှစ်ဆယ့်တစ်နှစ်၊ ဘကြီးမွှန်းက ခုနှစ်ဆယ့် ရှစ်နှစ်၊ အသက်အားဖြင့် ငါးဆယ့်နဲ့ခုနှစ်နှစ်တောင် ကွာခြားပါတယ်။ ဒီလိုကွာခြားပေမယ့် ထမင်းချက် ဟင်းချက် ဆေးပေးမီးယူလုပ်ရင်းက ငြိစွန်းကြရော။

အသက်ကြီးမှ ကာမေသုမိစ္ဆာစာရကံကို အဘိုးကြီး မစောင့်ထိန်းနိုင်ခဲ့ဘူး။ သားတွေသမီးတွေ မျက်နှာကို မထောက်ထားဘူး။ ငွေရီမှာ မပေါ့မပါးဖြစ်လာတဲ့အခါမှာ ဘကြီးမွှန်း ဒုက္ခတွေ့တော့တာပါပဲ။ တာဝန်မယူလို့လည်း မဖြစ်။ ဒီရွာမှာ ဆက်နေရမှာလည်း ရှက်တော့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတယ်။ သည်ကိစ္စမျိုးဆိုတာက တိုင်ပင်လို့ ကောင်းတဲ့ ကိစ္စမျိုးလည်း မဟုတ်ဘူး။

နောက်ဆုံးတော့ ငွေရီရဲ့အမေကို စာရေးပြောခဲ့ပြီး ဘကြီးမွှန်းနဲ့ ငွေရီဟာ ရွာကထွက်ပြေးရတဲ့ဘဝကိုရောက်ရော။ ဘကြီးမွှန်းဟာ နေရာသစ်တစ်ခုမှာ ပါလာတဲ့ငွေနဲ့ အိမ်ခန်းကျဉ်းကျဉ်းလေး ငှားရတယ်။ ငွေရီကို သမီးအဖြစ်နဲ့ ကြေငြာထားပြီး အတူနေတယ်။

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိတော့ မသေခင်မှာ ငရဲရောက်နေတယ်။ နေရာသစ်ရောက်မှ ပစ္စည်းလည်း အခိုးခံရတယ်။ စားဝတ်နေရေးလည်း အဆင်မပြေဘူး။ ရွာမှာကျန်ခဲ့တဲ့ ပစ္စည်းတွေ

လည်း ထိန်းသိမ်းသူမရှိတော့ ပျက်စီးကုန်ပါရော။ ငွေရီရဲ့မိခင်ကလည်း ရှက်လွန်းတဲ့အတွက် သူ့အိမ်ကို စောင့်ရှောက်မပေးဘူး။

'စိတ်ထောင်းတော့ ကိုယ်ကြေ'ဆိုသလို ဘကြီးမွှန်းဟာ နေရာသစ်ကိုရောက်ပြီး တစ်နှစ်ကျော်မှာ လေဖြတ်သွားတယ်။ ငွေရီကလည်း ကလေးငယ်ပိုက်ပြီး မရှာတတ်မစားတတ် ဒုက္ခရောက်နေတယ်။ ဘကြီးမွှန်း လယ်တွေကိုလည်း သူ့ရဲ့ သားသမီးတွေက အရောင်းမခံကြဘူး။ ဒုက္ခများစွာတွေ့ပြီးမှ ရွာကို ပြန်လာကြရတယ်။ ရွာကို ရောက်ပြန်တော့လည်း ဘကြီးမွှန်းဟာ အိပ်ရာထဲလဲနေတဲ့ဘဝ ရောက်နေခဲ့ပြီ။

ငွေရီကိုတော့ သူ့မိခင်က သနားပြီး ပြန်လက်ခံပါတယ်။ ဒါပေမဲ့ ငွေရီလည်း ရှက်စိတ်နဲ့ ရွာမှာ ခေါင်းမဖော်ဝံ့ အိမ်ပြင် မထွက်ဝံ့ဘူး။ အဲဒီလို လေဖြတ်ရောဂါနဲ့ပဲ ဘကြီးမွှန်းဟာ ဘဝတစ်ပါးကို ဆင်းဆင်းရဲရဲ ပြောင်းသွားရရှာတယ်။ ရှက်လို့ မလာကြတဲ့ သူ့ရဲ့ သားသမီးတွေကလည်း သေမှပဲ ရွာကို တစ်ခေါက်ပြန် လာခဲ့ကြတယ်။ ဒါတောင်မှ ကြာကြာမနေကြဘူး။

ကာမေသုမိစ္ဆာစာရကံကိုသာ မကျူးလွန်ရင် ဘကြီးမွှန်းဟာ ဒီလိုအဖြစ်ဆိုးမျိုး ကြုံရမှာ မဟုတ်ပါဘူး။ အသက်လည်း ရှည်ရှည်နေရဦးမှာ ဖြစ်တယ်။ မစဉ်းမစားပြုမိရင် ဒုက္ခကို ရင်ဝယ်ပိုက်လိုက်မိတာနဲ့ အတူတူပါပဲ။ ငွေရီကို သူပစ်လို့လည်း မရ၊ ရှောင်လို့လည်း မကောင်းဖြစ်တော့ ဒုက္ခကို ရင်ဝယ်ပိုက်လိုက်ရတာနဲ့ အတူတူပါပဲ။

အသိမကြွယ်တဲ့ ငွေရီဟာလည်း ဘာမသိ ညာမသိ ငယ်ငယ်ရွယ်ရွယ်မှာ ဒုက္ခနဲ့အတူ ကြီးပြင်းရတော့တာပေါ့။ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ရင် ဘယ်အရွယ် ဘယ်အချိန်မှာ ကျူးလွန်သည်ဖြစ်စေ ဒုက္ခရောက်ကြရတာပါပဲ။ သာယာမှုဆိုတာ တကယ်တော့ မရှိပါဘူး။ သဘာဝမကျရင် သာယာမှုဆိုတာ မရနိုင်ပါဘူး။ ဖောက်ပြန်မှုဟာ ဆုံးရှုံးမှု သက်သက်ပဲ ဖြစ်ပါတယ်။

သုတေသီဘုန်းမြင့်သွေး

# မယားခိုး

## သုတေသီဘုန်းမြင့်သွေး



# မယားခိုး

'သက်ဝေ'ဟာ ဥစ္စာပေါရုပ်ချော ဖြစ်တယ်။ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေသူ တစ်ယောက်။ သက်ဝေသတင်းကို မထင်မှတ်ဘဲ ကြားလိုက်ရတော့ အလွန် အံ့သြနေကြရတယ်။ ဟုတ်မှ ဟုတ်ပါ့မလားလို့လည်း သံသယဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ 'သက်ဝေ'မှာ မိဘတွေ စေ့စပ်ကြောင်းလမ်းထားသူ ရှိတယ်။ ကောင်မလေးက ပညာလည်း တတ်တယ်။ ရုပ်လည်း ချောတယ်။ ကောင်မလေးရဲ့ မိဘအသိုင်းအဝိုင်းက ဂုဏ်လည်း မြင့်၊ စီးပွားမှာလည်း တင့်တင့်တယ်တယ်တွေပါပဲ။

ပြီးတော့ 'သက်ဝေ'နဲ့ အဲဒီကောင်မလေးကလည်း လူငယ်ချင်း နားလည်မှုရနေကြတာပဲ။ အခုတော့ ကြားရတဲ့သတင်းက ဘယ်လိုမှ အဆက်အစပ် မရှိတာ ဖြစ်နေတယ်။ 'သက်ဝေ' မိန်းမခိုးသွားသတဲ့။ ခိုးသွားတဲ့မိန်းမက 'ကိုသောင်း' မိန်းမတဲ့။ အဲဒီလို 'ကိုသောင်း'ရဲ့ မိန်းမ, မခင်ညိုကို 'သက်ဝေ'က ခိုးပြေးတယ်ဆိုတော့ တော်ရုံနဲ့ ဘယ်သူမှ မယုံကြည်ကြဘူး။

'သက်ဝေ'က နှစ်ဆယ့်ခြောက်နှစ်၊ 'မခင်ညို'က လေးဆယ့်သုံးနှစ်၊ သူတို့နှစ်ယောက်အသက်ကလည်း ကွာလှပါတယ်။ မယုံကြည်နိုင်ကြပေမယ့် သူတို့နှစ်ယောက်လုံး ရပ်ကွက်ထဲက ပျောက်နေကြတော့ ဟုတ်သလို ထင်လာကြတယ်။ 'ကိုသောင်း'က ရဲတပ်ဖွဲ့စခန်းမှာ 'သက်ဝေ'ကို မယားခိုးမှုနဲ့ စွဲဆိုထားတယ်။ 'သက်ဝေ'ရဲ့မိဘတွေကတော့ သူ့သားပျောက်သွားလို့ လူပျောက်မှု ဖွင့်ထားတယ်။

ဘယ်လိုပဲ စုံစမ်းကြပေမယ့် သဲလွန်စပျောက်နေတယ်။ တော်တော်နဲ့ စုံစမ်းလို့ မရကြဘူး။ နှစ်ယောက်အတူ ပျောက်နေတာ ကြားတဲ့အတွက် ခိုးပြေးကြတယ် ဆိုတာကတော့ ရှစ်ဆယ်ရာခိုင်နှုန်း သေချာသွားပါပြီ။ သူတို့နှစ်ယောက် အဆက်အသွယ် ရှိတယ်ဆိုတာ ဘယ်သူမှ သေသေချာချာ မသိကြဘူး။ 'ကိုသောင်း'ကတော့ သေသေချာချာ သိလို့သာ 'သက်ဝေ'ကို မယားခိုးမှုနဲ့ တရားစွဲတိုင်တန်းခဲ့တာပဲ ဖြစ်တယ်။

တစ်နှစ်နီးပါးကို သတင်းပျောက်နေတယ်။ နောက်မှ သတင်းထွက်လာတယ်။ 'မခင်ညို'ရဲ့ ဆွေမျိုးများရှိတဲ့ ရွာတစ်ရွာမှာ သူတို့နှစ်ယောက် ရှိနေကြသတဲ့။ သတင်းရတော့ 'ကိုသောင်း'ဟာ သက်ဆိုင်ရာကို သတင်းပို့တယ်။ သွားဖမ်းတာ မိလာခဲ့တယ်။ မယားခိုးမှုနဲ့ အချုပ်ခန်းမှာ အဖမ်းခံနေရတဲ့'သက်ဝေ'ကို သွားကြည့်ကြတာ ရပ်ကွက်ထဲက လူတွေအများကြီးပဲ။

တချို့လည်း တွေ့လာတယ်။ အချို့ကတော့ မတွေ့ရဘူး။ ရဲစခန်းဆို တစ်ကြိမ်မှ မရောက်ဖူးတဲ့ 'သက်ဝေ'ဟာ အချုပ်ခန်းထဲကိုရောက်တော့ ငိုနေတာပေါ့။ သူ့မိဘတွေလည်း ရင်ကျိုး။ ဆွေမျိုးသားချင်းတွေလည်း စိတ်ထိခိုက် ဖြစ်ကြရတယ်။

'သက်ဝေ'မှာ အရင်းနှီးဆုံး 'မြတ်မောင်'ဆိုတဲ့ သူငယ်ချင်းရှိတယ်။ 'သက်ဝေ'ရဲ့ အဖြစ်ကို 'မြတ်မောင်' အားလုံးသိတယ်။

'သက်ဝေ'နဲ့ 'မခင်ညို'ဖြစ်ကြတာ'မြတ်မောင်' ပယောဂမကင်းဘူး။ အမှန်ကတော့ 'မြတ်မောင်'က 'မခင်ညို'ကို အချောင်ကြံနေတာပါ။ 'ကိုသောင်း'နဲ့ ဆက်လက် မပေါင်းသင်းချင်တော့တဲ့ 'မခင်ညို' ဟာ'မြတ်မောင်'ကို မဖမ်းဘဲ'သက်ဝေ'ကို အမိဖမ်း လိုက်တာ ဖြစ်တယ်။ 'မြတ်မောင်'တို့အိမ်ဟာ လူ နည်းတယ်။ သုံးယောက်သာရှိပြီး နံနက်ဆို သူ့ အမေနဲ့အဖေက ဈေးထဲမှာ ဈေးဆိုင်ထွက်ဖို့ အစော ကြီးသွားကြတယ်။ 'မြတ်မောင်' အိမ်ကို 'သက်ဝေ' က လာလည်တတ်တယ်။

မကြာခဏ လည်ပတ်ရာကနေ 'မြတ်မောင်' အိမ်ကို လာတတ်တဲ့ 'မခင်ညို'နဲ့ ဆက်သွယ်မိကြ တာပဲ။ 'မခင်ညို'က မိန်းမလည်တစ်ယောက်ပါ။ သူဟာ မိဘကပေးစားလို့ 'ကိုသောင်း'နဲ့ ယူရပေ မယ့် 'ကိုသောင်း'ကို မချစ်ဘူး။ 'ကိုသောင်း'က သူ့ထက် အသက်နှစ်ဆယ် ကြီးတယ်။ 'မခင်ညို' က 'သက်ဝေ'ကို မာယာတွေနဲ့ ရက်ပိုင်းအတွင်း ဖမ်းခဲ့တာပါ။


တစ်နေ့မှာ 'မြတ်မောင်'က ဈေးကို ထမင်းချိုင့် သွားပြီးပို့တယ်။ 'သက်ဝေ'ကို အိမ်စောင့်ခိုင်းခဲ့ တယ်။ အဲဒီနေ့မှာ 'မခင်ညို'ဟာ 'သက်ဝေ'ကို မာယာတွေနဲ့ ကျူးသွင်းခဲ့တာပါပဲ။ အတွေ့ကို မရှောင်နိုင်တဲ့ 'သက်ဝေ'ဟာ 'မခင်ညို' အလိုကျ ဖြစ်သွားခဲ့တယ်။ 'မခင်ညို'က သူ့ကိုမယူရင် ခိုး မပြေးရင် အဝမ္မမှုနဲ့ တိုင်မယ်ပြောတယ်။ ယူရင် တော့ ဘဝခရီးမှာ သူကိုယ်တိုင် လုပ်ကျွေးမယ်လို့ ပြောတယ်။

'သက်ဝေ'ဟာ ကျူးလွန်မိတဲ့ ကာမေသုမိစ္ဆာ စာရကံကြောင့် မယူချင်ဘဲ ယူလိုက်ရတာပဲ။ ကာ မေသုမိစ္ဆာစာရကံ တစ်ကြိမ် ကျူးလွန်မိလိုက်တာ ဟာ 'သက်ဝေ'ကို ဒုက္ခဖြစ်စေတာပါပဲ။ 'သက်ဝေ' ဟာ ထောင်ဒဏ်နှစ်နှစ် စီရင်ချက် အချခံခဲ့ရတယ်။ 'မခင်ညို'က သူ့ခင်ပွန်းဟောင်း'ကိုသောင်း'နဲ့ ပြန် ပြီးပေါင်းနေတယ်။ 'သက်ဝေ'ဟာ ထောင်ကျပြီး ရဲဘက်စခန်းတစ်ခုကို သွားရတယ်။

အဲဒီ ရဲဘက်စခန်းကို ပို့တဲ့နေ့က ရန်ကုန် ဘူတာကြီးမှာ သွားရမယ့် ရထားကို အကျဉ်းသား ရဲဘက်တွေနဲ့အတူ ပုံစံထိုင်ထိုင်ပြီး စောင့်နေရ တုန်းမှာ 'သက်ဝေ'ဟာ 'မခင်ညို'ကို တွေ့တယ်။ 'ကိုသောင်း'နဲ့ 'မခင်ညို'ကတော့ သူ့ကို မမြင်ပါ ဘူး။ 'ကိုသောင်း'နဲ့'မခင်ညို'ဟာ ရယ်မောပြုံးရွှင် ပြီး ဘာတွေ ပြောသွားကြတယ်ဆိုတာတော့ မသိ ဘူး။ ဘေးမှာ ကလေးနှစ်ယောက်လည်းပါတယ်။


မိသားစုလိုက်ကို 'သက်ဝေ'လှမ်းမြင်တယ်။ 'မခင်ညို'ကို တွေ့တော့ 'သက်ဝေ'ဟာ ကာမေသု မိစ္ဆာစာရကံကို သွားပြီးသတိရရာကနေ သူ့ပါးပြင် မှာ မျက်ရည်ပူတွေ စီးဆင်းသွားပါတော့တယ်။

သုတေသီဘုန်းမြင့်သွေး



# မပြုံး ကြောင့် မပြုံးနိုင်ပါ

## သုတေသီဘုန်းမြင့်သွေး



# မပြုံးကြောင့် မပြုံးနိုင်ပါ

ကာမေသုမိစ္ဆာစာရက်ကို ပြုကျင့်ရင် သေပြီးတဲ့နောက်မှာ ငရဲကျတယ်။ မျက်မှောက်ဘဝမှာ ဒုက္ခတွေ တွေ့ကြုံရတယ်။ 'ဖိုးမောင်'အဖြစ်ကတော့ နောက်ဘဝမရောက်ခင် ယခုဘဝမှာပဲ ငရဲကျတော့တာပဲ။ 'ဖိုးမောင်'ဟာ အသက်သုံးဆယ် မပြည့်သေးတဲ့ လူငယ်တစ်ယောက်ဖြစ်တယ်။ နှစ်ဆယ့်ကိုးနှစ် ကျော်ခဲ့ပြီ။ သုံးဆယ်တော့မပြည့်သေးဘူး။ ကျောင်းပညာကို နဝမတန်းထိ သင်ခဲ့တယ်။

နောက်တော့ ကျောင်းကထွက်ပြီး သူ့မိဘရဲ့ စီးပွားရေးလုပ်ငန်းမှာ ဝင်လုပ်တယ်။ 'ဖိုးမောင်' ရုပ်ချောတာက ယောကျ်ားချောချောတာ မဟုတ်ဘူး။ မိန်းမချောချောတယ်။ မျက်နှာသွယ်တယ်။ အသားဖြူပြီး အရပ်ရှည်တယ်။ အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ် ဝတ်တတ်ပါတယ်။ သူဟာ သန့်ရှင်းမှုကိုလည်း သိပ်အရေးထားတာပါပဲ။

သူ့မိဘတွေက သူ့ကို ချစ်တယ်။ ပညာရေးမှာ မတော်ပေမယ့်မိဘစီးပွားရေးကို ကူလုပ်တဲ့အတွက် သူ့ကို ချစ်ကြတယ်။ 'ဖိုးမောင်'က ပေါင်းသင်းဆက်ဆံရေးမှာ ကောင်းလို့ စီးပွားရေးလုပ်ရာတွင် ကျွမ်းကျင်တယ်။ အမြဲပြုံးနေတယ်။ အေးအေးဆေးဆေးရှိလှတဲ့ သူ့ဘဝဟာ နတ်ပွဲတစ်ခုကို ခရီးထွက်မိရာက ပြောင်းလဲသွားတော့တာပါပဲ။ အဲဒီခရီးဟာ သူ့ဘဝ ကံဆိုးဖို့ ဇာတ်လမ်းစခဲ့တာပါ။

နတ်ပွဲကို သူ့အစ်မဝမ်းကွဲတစ်ယောက်က ခေါ်တာဖြစ်တယ်။ ရန်ကုန်ကနေ တစ်ညအိပ်သွားရတယ်။ နတ်ပွဲမှာ နှစ်ရက်နေပြီးမှ ပြန်လာမယ်။ သူ့အစ်မ ဝမ်းကွဲနဲ့အတူ အမျိုးသမီးနှစ်ယောက်ပါတယ်။ စုစုပေါင်းလေးယောက်ခရီးထွက်ခဲ့ကြတယ်။

အဲဒီ ခရီးစဉ်မှာ ဖော်ရွေတတ်တဲ့ 'ဖိုးမောင်'နဲ့ 'မပြုံး'တို့ တွေ့ကြတာပဲ။ 'မပြုံး'နဲ့ 'ဖိုးမောင်' အစကတည်းကတော့ သိပြီးသားပါ။ ဘာဖြစ်လို့လဲဆိုတော့ လမ်းတစ်လမ်းတည်း နေကြလို့ ဖြစ်တယ်။ တွေ့ကြတယ်ဆိုတာက ဖောက်ပြန်ဖို့ လမ်းစတွေ့ကြတယ်လို့ ဆိုတာပါ။ 'မပြုံး'ဟာ အိမ်ထောင်ရှိတယ်။ သားသမီးတော့မရှိဘူး။ 'မပြုံး'ဟာ အကျင့်စာရိတ္တကောင်းတဲ့သူ မဟုတ်ဘူး။

မူရာမာယာများတယ်။ သူ့ရဲ့လင်မသိအောင် ယောကျ်ားတွေနဲ့ တွဲတတ်တယ်။ အဲဒီခရီးစဉ်မှာ 'ဖိုးမောင်'ဟာ 'မပြုံး'ရဲ့အမဲ ဖြစ်နေတော့တယ်။ မြင်းကမလှုပ် ခုံကလှုပ် ဖြစ်ရာက လှုပ်ပါများတော့ နဲ့လာတယ်။ 'ဖိုးမောင်'ဟာ 'မပြုံး'ရဲ့ ထိကပါး ယိကပါးလုပ်မှုတွေမှာ သာယာလာခဲ့တယ်။ ဒါပေမဲ့ 'ဖိုးမောင်'ဟာ သတိရှိပါတယ်။ 'မပြုံး'မှာ အိမ်ထောင်ရှိမှန်းသိလို့ ဆင်ခြင်နေခဲ့တယ်။

ခရီးကပြန်လာတဲ့အထိ'ဖိုးမောင်'ဟာ ကာမေသုမိစ္ဆာစာရက်ကို မကျူးလွန်မိသေးဘူး။ 'မပြုံး'ရဲ့ ခင်ပွန်းက နယ်မှာအလုပ်လုပ်တယ်။ အိမ်ကို နှစ်လလောက်မှတစ်ခါ ပြန်လာတယ်။ 'ဖိုးမောင်'ဟာ

မပြုံးအိမ်ကို အဝင်အထွက် ပြုရာက အလုပ်ပိတ်တဲ့ တစ်ရက်မှာ ကာမေသုမိစ္ဆာစာရက် ကျူးလွန်မိတဲ့ အဖြစ်ကို ရောက်ရှိသွားရော။

အဲဒီလို ကျူးလွန်မိတဲ့အဖြစ်ကို 'မပြုံး'က ဘာမှ မထူးဆန်းပေမယ့် 'ဖိုးမောင်'မှာ တုန်လှုပ်ချောက်ချားခဲ့တယ်။ သူကျူးလွန်မိတဲ့ ညပိုင်းမှာပဲ 'မပြုံး' ခင်ပွန်းပြန်ရောက်လာတာ တွေ့ပြီးကတည်းက သူ့စိတ်တွေမတည်ငြိမ်တော့ဘူး။ ကြောက်နေတယ်။ 'မပြုံး'တို့အိမ်နဲ့ သူ့အိမ်ဟာ မျက်စောင်းထိုး ရှိနေတယ်။ 'မပြုံး'ရဲ့ ခင်ပွန်းကိုတွေ့ရင် 'ဖိုးမောင်'ဟာ မျက်နှာချင်း မဆိုင်ရဲဘူး။ သူ့ဟာသူ လိပ်ပြာမလုံဘဲ စိတ်တွေ လှုပ်ရှားယောက်ယက်ခတ်နေတယ်။

'မပြုံး'နဲ့သူ ကျူးလွန်မိတာကို တစ်ယောက်ယောက်ကမြင်ပြီး သူ့ခင်ပွန်းကို ပြန်တိုင်မလားလို့ စိတ်မှာ ထင်နေတယ်။ သူ့ကျူးလွန်စဉ်က အိမ်ခန်းနားက လူတစ်ယောက်ဖြတ်သွားသံကို ကြားမိတဲ့ အစွဲ ရှိတယ်။ သူ့စိတ်တွေက ချောက်ချားလွန်းလို့ အဲဒီညကစပြီး အိပ်မပျော်ဘူး။ စကားသံကြားရင် 'မပြုံး'ယောကျ်ားအသံလို့ ထင်နေတယ်။ လူခြေသံကြားရင်လည်း 'မပြုံး'ယောကျ်ားရဲ့ခြေသံလို့ ထင်နေတယ်။

တစ်ညအိပ်မပျော် နှစ်ညအိပ်မပျော်နဲ့ စိတ်ချောက်ချားလာခဲ့တယ်။ ဒီလိုနဲ့ 'ဖိုးမောင်'ဟာ စားမဝင်အိပ်မပျော် ဖြစ်လာတယ်။ သူ့အကြောင်းကိုလည်း အရပ်ထဲမှာ ပြောနေကြပြီလို့ ထင်နေတယ်။ အလုပ်လုပ်ရင်လည်း ဒီအကြောင်းတွေး။ အိပ်ရာထဲရောက်လည်း အတွေးမပြတ်။ ဒီလိုနဲ့ တစ်လအကြာမှာ 'ဖိုးမောင်'တစ်ယောက် စိတ်ဝေဒနာဖြစ်နေပြီဆိုတာ သူ့ရဲ့မိဘတွေရိပ်မိလာတယ်။ သူဟာ သိသာအောင် အမူအရာတွေ ပြနေတာပဲ။


အအိပ်လည်း မမှန်ဘူး။ အစားလည်း မမှန်တော့ဘူး။ မိဘတွေက ဆရာဝန် ခေါ်ပြရတဲ့အထိဖြစ်လာတယ်။ ပယောဂဝင်တယ်ထင်လို့ ပယောဂဆရာတွေကိုလည်း ခေါ်ပြတယ်။ 'ဖိုးမောင်'ဟာ မပြုံးယောကျ်ားရဲ့စကားပြောသံကြားရင် နေစရာမရှိအောင် ကြောက်တယ်။ 'မပြုံး'တို့အိမ်ဘက်ကိုလည်း မကြည့်ရဲဘူး။

တစ်နေ့မှာ 'မပြုံး'ယောကျ်ားက လူမမာ လာမေးတယ်။ 'ဖိုးမောင်'ဟာ အိမ်ပေါ်တက်လာတဲ့ 'မပြုံး'ရဲ့ယောကျ်ားကိုတွေ့တော့ နောက်ဖေးပေါက်ကနေ ဆင်းပြေးတော့တာပဲ။ အိမ်သားတွေ လိုက်ဖမ်းတာလည်းမရဘူး။ ညဘက်ရောက်မှပဲ အခြားလမ်းတစ်လမ်းထဲက ဖမ်းမိခဲ့တယ်။ 'မပြုံး'နဲ့ သူကာမေသုမိစ္ဆာစာရက်ကျူးလွန်တာကို 'မပြုံး' ယောကျ်ားက လုံးဝမသိပါဘူး။

'ဖိုးမောင်'ဟာ တစ်စတစ်စ စိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်သွားပြီး စိတ်ကျန်းမာရေးဆေးရုံပို့ရတဲ့အထိပါပဲ။ လုံးဝ ရူးသွပ်သွားခဲ့တယ်။ သူက ထွက်ထွက်ပြေးလို့ ချုပ်နှောင်ထားရတယ်။ အစားလည်းမစားလို့ ပိန်ကပ်နေတယ်။ စားချင်တဲ့အခါမှ တစ်ခါတလေ စားတယ်။ ရုပ်ချောလှတဲ့ 'ဖိုးမောင်' ဟာ မျက်တွင်းတွေချိုင့်ပြီး အလွန် အရုပ်ဆိုးသွားတယ်။

ကာမေသုမိစ္ဆာစာရက်ကို ကျူးလွန်မိလို့ သေမရေမကျဘဲ ယခုဘဝမှာတင် ငရဲကျနေတယ်။ သူ ဘာကြောင့် ဒီလိုဖြစ်သွားတယ် ဆိုတာကို လောကကြီးမှာ သိသူတစ်ယောက်သာ ရှိပါတယ်။ သိတဲ့သူက 'မပြုံး'... 'မပြုံး'ရယ်ပါ။

**သုတေသီဘုန်းမြင့်သွေး**


အတွေ့ကို မရှောင်နိုင်တဲ့အခါ
သုတေသီဘုန်းမြင့်သွေး

# အတွေ့ကိုမရှောင်နိုင်တဲ့အခါ

'ကျော်အောင်'ဟာ ကာမေသုမိစ္ဆာစာရက်ကို ဘဝတစ်ကွေ့မှာ အမှတ်မထင် ကျူးလွန်မိလို့ သူ့ဘဝဟာ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရတယ်။ ဘယ်လိုမှ သူတွေးထင်မထားတဲ့ အရာဟာ ခရီးစဉ်တစ်ခုမှာ စပြီးဖြစ်တာပဲ။ အဲဒီခရီးစဉ်ဟာ ရည်ရွယ်ချက်က တစ်မျိုးဖြစ်ပြီး အကြောင်းကံက တစ်မျိုးဖန်လာခဲ့ပါတော့တယ်။

သူ့ရည်ရွယ်ချက်က ပြည်မြို့ကိုသွားပြီး သူတို့ဆေးတိုက်အတွက် ကိုယ်စားလှယ်တစ်ဦး ရှိဖို့ပဲဖြစ်တယ်။ ပြည်မြို့မှာ သူတို့ဆေးတိုက်အတွက် ကိုယ်စားလှယ် မရှိဘူး။ ဆေးတိုက်ပိုင်ရှင်က အဲဒီကိစ္စအတွက် 'ကျော်အောင်'ကို ပြည်မြို့ကို လွှတ်တာပဲ ဖြစ်တယ်။ 'ကျော်အောင်'ဟာ(...ဆေးတိုက်)ရဲ့ အထွေထွေမန်နေဂျာဖြစ်တယ်။

ဆေးတိုက်ပိုင်ရှင်ရဲ့ လူယုံတစ်ယောက်လည်းဖြစ်တယ်။ 'ကျော်အောင်'ဟာရိုးသားတယ်။ အလုပ်အပေါ်မှာ သစ္စာရှိသလို အမြော်အမြင်လည်း ကြီးတယ်။ ဆေးတိုက်မှာ လုပ်သက် ဆယ်နှစ်ကျော်ခဲ့ပြီ။ သူ့အသက် (၂၄)နှစ်ကတည်းက အလုပ်ဝင်လုပ်ခဲ့တယ်။ အလုပ်ဝင်စကတော့ ရိုးရိုးအရောင်းစျေးသည် တစ်ဦးပါပဲ။

ရှစ်နှစ်ကျော်လုပ်ပြီးမှ သူဟာ အထွေထွေမန်နေဂျာ ဖြစ်ခဲ့တာပါ။ ပြည်မြို့ကို သူတစ်ယောက်တည်း ခရီးထွက်ခဲ့တာ ဖြစ်တယ်။ ပြည်အမြန်ရထားကို စီးခဲ့တယ်။ ရန်ကုန်ဘူတာကြီးကနေ နေ့လည်တစ်နာရီမှာ ရထားထွက်ပါတယ်။ သူ့ထိုင်ခုံနဲ့ ကပ်လျက်မှာ သူ့ထက် အသက်နှစ်နှစ်ငယ်တဲ့ အမျိုးသမီးပါလာတယ်။

'ကျော်အောင်'ရဲ့ အသက်က(၃၄)၊ အဲဒီအမျိုးသမီး အသက်က(၃၂)။ ထိုင်ခုံတစ်ခုတည်းမှာ အတူတကွ ရထားစီးရာကနေ စကားပြောဖြစ်ကြတယ်။ တစ်ဦးပါလာတာကို တစ်ဦး စားကြရာက ပိုမို ရင်းနှီးလာတယ်။ အမျိုးသမီးရဲ့ နာမည်က 'မထားထား'လို့ ခေါ်တယ်။ အသားညိုပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း ဖြစ်တယ်။ နှာတံပေါ်တယ်။ 'မထားထား'က ပြည်မြို့ကို မရောက်ဖူးလို့ အလည်အပတ်သွားတာလို့ ပြောတယ်။ ဘုရားဖူးပြီး တစ်ည၊ နှစ်ညအိပ်ပြီး ပြန်မယ်လို့ 'ကျော်အောင်' သိခဲ့တယ်။

ရန်ကုန်က တစ်နာရီထွက်တဲ့ ပြည်ရထားဟာ ပြည်မြို့ကို ညကိုးနာရီ ဆိုက်တယ်။ တစ်လမ်းလုံး စကားပြောဆို ရင်းနှီးခဲ့ကြတယ်။ ကျော်အောင့်စိတ်မှာ လှုပ်ရှားနေတယ်။ မထားထားရဲ့ အမူအရာတွေကလည်း လူပျိုကြီးကျော်အောင်အတွက် စိတ်လှုပ်ရှားစရာ ဖြစ်နေတယ်။ 'ကျော်အောင်'ဟာ စီးပွားရေးဘက်မှာသာ အာရုံများခဲ့ပြီး မိန်းမတွေနဲ့ နီးနီးစပ်စပ် မရှိဘူး။

မိန်းမအချို့ရဲ့သဘောကို သူမသိဘူး။ ရည်းစား

လည်း ထားခဲ့ဖူးသူ မဟုတ်ပါဘူး။ ပြည်မြို့ရောက်တော့ 'မထားထား'က 'ကျော်အောင်'ကို ဘယ်မှာ တည်းမှာလဲလို့ မေးတယ်။ 'ကျော်အောင်'ကတည်းခိုခန်း တစ်ခုခုမှာ တည်းခိုမယ့်အကြောင်း ပြောပြလိုက်တယ်။ 'မထားထား'က သူပါလိုက်ပြီး တည်းခိုချင်ကြောင်း ပြောတယ်။ 'ကျော်အောင်'စိတ်မှာ အဲဒီအချိန်ထိ ရိုးရိုးသားသားပဲ ဖြစ်ပါတယ်။

တည်းခိုခန်း တစ်ခုခုသွားပြီး တစ်ယောက်တစ်ခန်း ငှားမယ်လို့ စဉ်းစားခဲ့တယ်။ ဆိုက္ကားတစ်စီး ငှားပြီး တည်းခိုဖို့နေရာ လိုက်ရှာကြတယ်။ ပထမရောက်တဲ့ တည်းခိုခန်းမှာက နေရာမရဘူး။ အခန်းမရှိတော့ဘူး။ ဒုတိယရောက်တဲ့ တည်းခိုခန်းမှာက တစ်ယောက်ခန်းတွေ မရဘူး။ နှစ်ယောက်ခန်းပဲ ရတယ်။ တတိယရောက်တဲ့ တည်းခိုခန်းမှာလည်း နှစ်ယောက်ခန်းပဲ ရတယ်။ အချိန်ကလည်း မိုးချုပ်လာပြီ။ မိုးကလည်း ရွာနေတယ်။

ဒီညတော့ ရသလို တည်းခိုးအိပ်ရမှာပဲဆိုပြီး အခန်းငှားမိတယ်။ 'ကျော်အောင်'ဟာ သူစိမ်းမိန်းကလေးတစ်ဦးနဲ့အတူ အိပ်ရလို့ အိပ်မပျော်ဘူး။ နှစ်ယောက်ခန်းက ကုတင်တစ်လုံးစီ ဖြစ်တယ်။ ဒါပေမဲ့ သူ့ကုတင်ပေါ်မှာ သူအိပ်မပျော်နိုင်ပါဘူး။ မိုးက သဲသဲမဲမဲ ရွာနေတယ်။ နံနက်မိုးလင်းခါနီးမှ 'ကျော်အောင်'အိပ်ပျော်တယ်။ အဲသည်ညက ဘာအမှားမှ အမှားအယွင်း မဖြစ်ပါဘူး။ ကျော်အောင့်စိတ်ကို 'ကျော်အောင်' နိုင်နင်းအောင်မြင်နိုင်ခဲ့ပါတယ်။

ဒုတိယနေ့မှာ ကျော်အောင်ကသူ့ကိစ္စအတွက် သူလျှောက်လုပ်တယ်။ 'မထားထား'ကလည်း သူသွားလိုရာ သွားတာပဲ။ တည်းခိုခန်းမန်နေဂျာကို တစ်ယောက်ခန်းရရင် ပေးဖို့ သူမှာခဲ့တယ်။ ပါလာတဲ့အမျိုးသမီးနဲ့ သူနဲ့ဟာ လင်မယားမဟုတ်ကြောင်း သူပြောပြပါတယ်။ ဒါပေမဲ့ အဲဒီညလည်း တစ်ယောက်ခန်း မရဘူး။ နှစ်ယောက်ခန်းမှာပဲ သူတို့နေကြရတယ်။ 'မထားထား'ရဲ့အမူအရာတွေဟာ အခြေအနေတစ်ခုကို လမ်းဖွင့်ပေးသလို ဖြစ်နေတယ်။

'ကျော်အောင်'စိတ်တွေဟာ (၆၀) ရာခိုင်နှုန်းလောက် ယိမ်းယိုင်လာတော့တယ်။ တတိယညမှာတော့ မှားခဲ့ပြီ။ 'ကျော်အောင်'ဟာ အလုပ်ကိစ္စပြီးစီးပေမယ့် ပြည်မြို့က မပြန်သေးဘူး။ သူတို့ နှစ်ယောက် ပြည်မြို့မှာ ခုနစ်ရက်တိတိ အတူနေကြပါတယ်။ 'ကျော်အောင်'ဟာ'မထားထား'ကို အမှန်တကယ် လက်ထပ်ယူမယ့်အကြောင်း ပြောတယ်။ ရန်ကုန်ပြန်ရောက်ရင် ဆက်သွယ်ဖို့ အကြောင်းတွေပြောတယ်။ လိပ်စာ အမှန်ပေးပါတယ်။

ရန်ကုန်ပြန်ဖို့ ရထားလက်မှတ် ဝယ်ကြတယ်။ အိမ်ပြန် လက်ဆောင်တွေလည်း ဝယ်ကြတယ်။ ကြင်စဦးဇနီးမောင်နှံလို ဖြစ်နေကြတယ်။ အဲဒီညနေက ညစာထမင်းအတူ ထွက်စားကြတယ်။ ရထားချိန်က ဝေးသေးလို့ တည်းခိုခန်း ပြန်တယ်။ တည်းခိုခန်းပြန်ရောက်လို့ ပစ္စည်းတွေ သိမ်းဆည်းနေစဉ်မှာ အခန်းတံခါးကို ခပ်ပြင်းပြင်းခေါက်သံကြားရတဲ့အတွက် 'ကျော်အောင်' တံခါးဖွင့်ပေးလိုက်တယ်။

တံခါးအပြင်ဘက်မှာ ရဲတပ်ဖွဲ့ဝင်အချို့နဲ့အရပ်သားသုံးဦး။ တစ်ဦးက 'မထားထား'ကိုအပြင် ဆွဲထုတ်တယ်။ အပြင်ဆွဲထုတ်သူဟာ 'မထားထား'ရဲ့ခင်ပွန်းဖြစ်ကြောင်းရှင်းပြတယ်။ 'ကျော်အောင်'ဟာ မျက်လုံးတွေ ပြာဝေသွားပြီး သူ ဘာမှမပြောနိုင်အောင် ဖြစ်ရပြီ။ ဒုက္ခတွေနဲ့ချက်ချင်းတွေ့ပြီ။ လောလောဆယ် သွေးဆောင် ဖြားယောင်းမှု၊ မယားခိုးမှုနဲ့ အချုပ်ခံရပြီး ရဲတပ်ဖွဲ့စခန်းကို လိုက်ခဲ့ရတယ်။

'မထားထား'ဟာ ခင်ပွန်းသည်နဲ့ စိတ်ဆိုးပြီး အိမ်ကထွက်လာတဲ့ အမျိုးသမီးတစ်ဦး ဖြစ်တယ်လေ။ ခင်ပွန်းသည်က စုံစမ်းပြီး လိုက်ရင်းက 'ကျော်အောင်'နဲ့ တည်းခိုခန်းမှာ အတူမိတာပဲ။ သက်ဆိုင်ရာမှာ 'ကျော်အောင်'ဟာ အဖြစ်အပျက်တွေအမှန်ကို အမှန်အတိုင်း ရှင်းပြတယ်။ ဒါပေမဲ့


သူဟာ 'မထားထား'နဲ့ ခုနစ်ညတောင် တည်းခို အတူအိပ်ခဲ့ကြောင်း ည္ဩစာရင်းမှာ သိသာနေပြီ။ ဥပဒေ ငြိနေခဲ့ပြီ။

လူပျိုကြီး'ကျော်အောင်'ဟာ ကာမေသုမိစ္ဆာ စာရက်ံ ကျူးလွန်မိတဲ့အတွက် အပြစ်ဒဏ်ခံရတော့ တယ်။ 'မထားထား'ကတော့ သူ့ခင်ပွန်းနောက်ကို ပြန်ပါသွားတာပဲ။ 'ကျော်အောင်'ဟာ တစ်ခါမှ မရောက်ဖူးတဲ့ အချုပ်ခန်းထဲ ရောက်တော့တယ်။ သူ့ဆေးတိုက်က ဒီအကြောင်းကို သိသွားတော့ အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်ရတာပေါ့။

အသက်ကြီးပြီဖြစ်တဲ့ သူ့အဖေနဲ့အမေလည်း ဒုက္ခတွေ ရောက်ကြရတယ်။ တရားရုံးသွားရ၊ ထောင်ဝင်စာတွေ့ရနဲ့ အလုပ်တွေ ရှုပ်ကုန်ပါရော။ 'ကျော်အောင်'ဟာ သူ့များဇနီးမယားကို သွေး ဆောင်ပေါင်းသင်းမှုနဲ့ ထောင်ကျတယ်။ သူထောင် ကျနေစဉ်မှာ သူ့ဆေးတိုက်ပိုင်ရှင်က သူ့နေရာမှာ လူစားတစ်ယောက် ခန့်လိုက်တယ်။

မိန်းကလေးကစလို့ ဖြစ်ရတဲ့ အဖြစ်အပျက် ဖြစ်ပေမယ့် 'ကျော်အောင်'ဟာ အတော်ခံလိုက်ရ တယ်။ သူ့ဘဝဟာ အခြေအနေပြောင်းသွားအောင် ကို ဖြစ်ခဲ့ရတယ်။ ဒုက္ခပေးတဲ့ ဒီမိန်းမကို ကလဲ့စား ချေဖို့ကလည်း ဘာအကျိုးရှိမှာလဲ။ ခရီးသွားရာမှာ မိန်းကလေးကိစ္စ သတိထားရမယ်။ ရှောင်နိုင် အောင် ရှောင်ရမှာ ဖြစ်တယ်။ မရှောင်နိုင်ဘဲ ကာမေသုမိစ္ဆာစာရက်ံကို ကျူးလွန်မိလိုက်တာဟာ ထောင်ထဲအထိ ရောက်သွားတတ်တယ်။

**သုတေသီဘုန်းမြင့်သွေး**


အိမ်တွင်းရေးအရှုပ်
သုတေသီဘုန်းမြင့်သွေး

# အိမ်တွင်းရေးအရှုပ်

ကာမေသုမိစ္ဆာစာရက်ဟာ ဆင်းရဲသူမှ ပညာမဲ့သူမှ ကျူးလွန်တတ်တာမျိုး မဟုတ်ပါဘူး။ ဆင်းရဲပေမယ့် အသိတရားကြီးသူတွေ ရှိပါတယ်။ ဆင်းရဲပေမယ့် သီလခိုင်သူတွေ ရှိပါတယ်။ တချို့သော ပညာတတ်ပြီး ဥစ္စာချမ်းသာသူတွေရဲ့ ပတ်ဝန်းကျင်ထဲမှာလည်း ကာမေသုမိစ္ဆာစာရက် ကျူးလွန်သူတွေ ရှိတတ်ကြတယ်။ ချမ်းသာတဲ့သူတွေနေတဲ့ ရပ်ကွက်တစ်ခုက ဖာတ်လမ်းရှုပ်တစ်ခုရှိတယ်။

အိမ်ထောင်ဦးစီးလုပ်သူက နိုင်ငံခြားပြန် ကုမ္ပဏီပိုင်ရှင် တစ်ဦးဖြစ်တယ်။ လုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်တယ်။ ဇနီးဖြစ်သူက ဝန်ထမ်းအရာရှိ ငယ်တစ်ယောက်ပါ။ သူတို့မှာ သားတစ်ယောက် သမီးတစ်ယောက် ရှိတယ်။ သားသမီးတွေကလည်း ဘွဲ့ရပညာတတ်တွေ ဖြစ်ကြတယ်။ နိုင်ငံခြားထွက်ဖို့ ကြိုးစားနေသူတွေ ဖြစ်တယ်။

သူတို့မိသားစုဟာ ပညာလည်းပြည့်စုံ၊ ဥစ္စာလည်း မပူရ၊ စီးပွားကလည်းတက်မို့ အလွန်ချမ်းမြေ့သာယာတဲ့ မိသားစုတစ်စုပါပဲ။ ဒါပေမဲ့ အကြောင်းကံတစ်မျိုးက သူတို့ မိသားစုဘဝလေးထဲ ကို တိုးဝင်လာခဲ့ပါတယ်။ အိမ်ထောင်ဦးစီးဖြစ်တဲ့ ဖခင်ဟာ အသက်(၄၅)နှစ်ပဲ ရှိသေးတယ်။ လူလတ်ပိုင်းအချိန် အရွယ်ထဲမှာ ရောက်နေပြီ။

ဖခင်ဖြစ်သူဟာ မဟာဝိဇ္ဇာဘွဲ့ကိုရပြီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ခဲ့ဖူးတယ်။ ပညာရှိတစ်ယောက်ဖြစ်ပေမယ့် ပညာရှိသတိဖြစ်ခဲ ဖြစ်သွားတဲ့အခါ မိသားစုကမ္ဘာလေးမှာ ဒုက္ခတွေ ပင်လယ်ဝေကုန်တော့တာပဲ။ အဖြစ်ကတော့ဆိုးတယ်။ ဖခင်ဖြစ်သူဟာ အိမ်ဖော်မလေးနဲ့ ငြိစွန်းတယ်။

ပညာတတ် လူချမ်းသာ ဖြစ်ပေမယ့် ကာမေသုမိစ္ဆာစာရက်ကို ကျူးလွန်မိလိုက်တဲ့အခါမှာ စိတ်ရှုပ်စရာတွေ၊ စိတ်မချမ်းသာစရာတွေ ဖြစ်ကုန်ပါလေရော။ အိမ်ဖော်မလေးဟာ သူ့ရဲ့သမီးထက် နှစ်နှစ်သာ ကြီးပါတယ်။ အိမ်ဖော်မလေး မပေါ့မပါးဖြစ်လာတဲ့အခါမှာ ဇနီးဖြစ်သူသိသွားတယ်။ အိမ်ဖော်မလေးကလည်း မကြံတတ်တော့တဲ့အခါ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တယ်။

အိမ်ဖော်မလေးကို လျော်ကြေးထိုက်တန်အောင်ပေးပြီးနှင်ဖို့ ကြိုးစားသေးတယ်။ အဲဒီလို စဉ်းစားပြန်တော့ အိမ်ဖော်မလေးမွေးဖွားမယ့် ရင်သွေးပြဿနာက ပေါ်လာပြန်တယ်။ တကယ်တော့ ဒီရင်သွေးဟာ သူ့ခင်ပွန်းနဲ့ရတဲ့ ရင်သွေးဖြစ်တော့ နောင်မှာ ပြဿနာ အရှုပ်အရှင်းတွေ ဖြစ်လာမှာပဲလို့ တွေးမိပြန်တယ်။

တောကို ပြန်ပို့ပြန်ရင်လည်း အိမ်ဖော်မလေးရဲ့ မိဘတွေကမကျေနပ်ရင် အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်လာနိုင်တယ်။ ဖြစ်မှာလည်း သေချာပါတယ်။ ကာမေသုမိစ္ဆာစာရက်ဟာ ပြုပြီးရင် နောက်ဆက်တွဲတွေ သိပ်ရှုပ်တာပဲ။ အိမ်ဖော်မလေးကို

ဘယ်နေရာမှာ ထားရမယ်။ ဘယ်လို မီးဖွားပေးရမယ်ဆိုတာ စဉ်းစားလို့ မရကြဘူး။ မွေးပြန်ရင်လည်း ဘယ်သူ့ကို လင်ကောင်ဖော်ပေးရမလဲ။

မိသားစုထဲမှာ ဒီကိစ္စကို ဇနီးဖြစ်သူတစ်ဦးသာ သိပြီး သားနဲ့သမီးက မသိကြဘူး။ အိမ်ဖော်မလေးကိုယူမယ့်လူ ရှာဖို့ကလည်း မလွယ်လှချေဘူး။ ငွေသုံးသိန်းပေးပြီး ယူမယ့်လူ ရှာတယ်။ ယူမယ့်လူကို သုံးသိန်းပေးမယ်ဆိုပြီး သူတို့အိမ်က ဒရိုင်ဘာမိန်းမကို ရှာခိုင်းတယ်။ အိမ်ထဲမှာ ဇာတ်လမ်းက အဲဒီလို ရှုပ်ထွေးနေတော့တယ်။

စိတ်အလိုလိုက်ပြီး ပြစ်မှားမိတဲ့ ပညာတတ်ကြီးလည်း တကယ်ကြုံလာတဲ့အခါ ဘာမှ မတတ်နိုင်အောင် ဖြစ်နေတော့တယ်။ သူဟာ ဝီစကီတွေသောက်ပြီး ဒီကိစ္စကို ဘာလုပ်လို့ ဘာဆုံးဖြတ်ရမှန်းမသိဘူး။ အချိန်ကလည်း တစ်လထက်တစ်လ ပိုအရေးကြီးလာခဲ့ပြီလေ။ အိမ်ဖော်မလေး အိမ်ကပျောက်မသွားအောင်လည်း ဂရုစိုက်ရတယ်။ အိမ်ဖော်မလေး ကျန်းမာရေးကိုလည်း ဂရုစိုက်ရတယ်။ တဖြည်းဖြည်းနဲ့ လင်မယားနှစ်ယောက်တည်း ဒီကိစ္စသိရာကနေ ဒရိုင်ဘာလင်မယားပါ သိလာတယ်။

ဆရာဝန်တစ်ဦးကလည်း သံသယတွေ ဖြစ်လာတယ်။ အဲဒီ ဆရာဝန်မက သူတို့ မိသားစုရဲ့ဆရာဝန်မ ဖြစ်တယ်။ ခက်နေတာက ဒရိုင်ဘာရဲ့မိန်းမ ရှာပေးတဲ့လူကိုယူဖို့ အိမ်ဖော်မလေးက သဘောမတူဘူး။ ရှာလို့ရတဲ့လူက အသက်ကြီးတယ်။ ရုပ်ရည်လည်း မသန့်ပြန့်ဘူး။ အိမ်ဖော်မလေးရဲ့ အသက်ဟာ အိမ်ရှင်သမီးထက် နှစ်နှစ်တည်းပဲ ကြီးပါတယ်။ ဇနီးသည်ဟာ သဘောထားကြီးပါတယ်။

ပြဿနာအားလုံး ပြေလည်သွားအောင် သူက ကွာရှင်းပေးမယ်။ သူ ကွာရှင်းပေးပြီးနောက်မှာ အိမ်ဖော်မလေးကို တရားဝင်လက်ထပ်ယူဖို့ မိန်းမကောင်းပီသစွာ အကြံပေးတယ်။ အဲသည်လို လုပ်ဖို့ဆိုတာက လွယ်မယောင်နဲ့ အတော်ခက်တဲ့ ကိစ္စ။ တကယ် လက်တွေ့လုပ်ရမယ်ဆိုတော့ မလွယ်လှဘူး။ သိက္ခာတွေ ဂုဏ်တွေ ပတ်ဝန်းကျင်တွေက ရှိသေးတယ် မဟုတ်လား။

ဖောက်ပြန်တဲ့ ကာမေသုမိစ္ဆာစာရကံဟာ ပြုစဉ်မှာလွယ်သလောက် ဖြစ်ပေါ်လာတဲ့အကျိုးဆက်က ခက်လှပါတယ်။ နောက်ဆုံးတော့ နိုင်ငံခြားပြန်ပညာတတ်ကြီးဟာ အိမ်ဖော်မလေးကို တကယ်ယူလိုက်ရတယ်။ မယားငယ် သဘောမျိုးယူပြီး တခြားနေရာမှာ အိမ်တစ်လုံးဝယ်ပြီးထားတယ်။ သူ့မယားကြီးကို မကွာရှင်းဘူး။

သူတို့ရဲ့ အဲသည်ပြဿနာကို ဖုံးဖုံးဖိဖိလုပ်ပေမယ့် ကြာတော့ သိသူတွေ သိသွားကြတယ်။ ဆွေမျိုးတွေက စ,သိကြတာ။ နိုင်ငံခြားပြန်ကြီးရဲ့ သားနဲ့သမီးဟာ အဲဒီကိစ္စကို သိပြီးကတည်းက ရှက်လို့ဆိုပြီး အဘိုးအဘွားအိမ်သွားနေကြတယ်။ ဖခင်မရှိတဲ့အချိန်မှာ အိမ်ကိုလာပြီး မိခင်ကိုတွေ့ကြတယ်။ သုံးနှစ်ကြာမှ အိမ်ပြန်နေကြတယ်။

ယခု အချိန်ထိတော့ နိုင်ငံခြားပြန်ကြီးဟာ ဝီစကီတွေသောက်ပြီး ဟိုအိမ် ဒီအိမ် သွားလိုက်ပြန်လိုက်ပါပဲ။ သူတို့ရဲ့ သာယာလှပတဲ့ မိသားစုကမ္ဘာလေးဟာ ကာမေသုမိစ္ဆာစာရကံကြောင့် ပျက်စီးခြင်းမက ပျက်စီးသွားခဲ့ရပါတယ်။ နိုင်ငံခြား ပြန်ပညာတတ်ကြီးဟာ ရေမှန်မှန်မချိုးတတ်တဲ့ အိမ်ဖော်မလေးကို ရေချိုးဖို့ မကြာခဏ ဆူပူနေရတယ်လို့ သိရတယ်။ ဘယ်သူမပြု မိမိမှုဆိုတော့ အဲဒီမိမိမှုကို သူ့အသက်အရွယ် ဘယ်အထိ ခံစားရမလဲ မသိဘူး။

သုတေသီဘုန်းမြင့်ထွေး


မှောင်လွန်းသော ည
သုတေသီဘုန်းမြင့်သွေး

# မှောင်လွှန်းသောည

ညအမှောင်က နက်ရှိုင်းသထက် နက်ရှိုင်းလာနေပါတယ်။ အချိန်က သန်းခေါင်ကျော်စ ပြုပါပြီ။ အိပ်မပျော်သေးသူက စိန်မောင်ဖြစ်ပြီး၊ တစ်မိသားစုလုံးကတော့ အိပ်မောကျနေပါပြီ။ တစ်အိမ်လုံးဟာ ယနေ့ညမှာ ပိုပြီး မိုက်မှောင်နေပါတယ်။ ထွန်းထားနေကျ ညအိပ်မီးပန်းရောင်လေးကလည်း မလင်းဘူး။ မီးမလင်းအောင် စိန်မောင်က လုပ်ထားတာ ဖြစ်တယ်။

ဒီညမှာ စိန်မောင်ဟာအကြံသမားတစ်ယောက်ဖြစ်ပါတယ်။ သူဟာ မ,ကြံသင့် မ,ကြံထိုက်တာကို ကြံစည်စိတ်ကူးထားတယ်။ စိန်မောင်တို့အိမ်ကို စိန်မောင် မိန်းမရဲ့တူမ 'မတင်သိန်း' ရောက်ခဲ့တာ ခြောက်လရှိပြီ။ 'မတင်သိန်း'ဟာ နယ်ကနေ စက်ချုပ်သင်တန်းလာတက်ရင်းနဲ့ စိန်မောင်တို့ အိမ်မှာ လာနေတာ ဖြစ်တယ်။ စိန်မောင်ရဲ့မိန်းမ၊ မိခင်ကြည်ရဲ့တူမ အရင်းခေါက်ခေါက်ဖြစ်ပြီး မိခင်ကြည်ငယ်စဉ်က အတူနေခဲ့ဖူးတယ်။

မိခင်ကြည်ဟာ မတင်သိန်းလေးကို သမီးတစ်ယောက်လို ချစ်တယ်။ အစစအရာရာ လိုက်လျော ကူညီပေးလျက်ရှိတယ်။ မတင်သိန်းက ရိုးသားမှုရှိပြီး စိန်မောင်ကိုလည်း ရိုသေလေးစားတယ်။ အိမ်မှာ သူ့အဒေါ် မိခင်ကြည်မရှိရင် စိန်မောင့်ကိစ္စတွေ လုပ်ပေးတယ်။ ထမင်းခူး ပေးတယ်၊ အိပ်ရာခင်းပေးတယ်။ စိန်မောင်ရဲ့ အဝတ်အစားတွေ ဖွပ်လျှော်ပေးတတ်တယ်။

မတင်သိန်းလေးက ရိုးရိုးသားသား ပြုမူပေးတာကို စိန်မောင်က အထင်လွဲနေတယ်။ သူ့ကို မတင်သိန်းက စိတ်ဝင်စားနေတယ်လို့ ထင်တယ်။ စိန်မောင်ဟာ အတန်းပညာ လုံးဝမတတ်ခဲ့ဘူး။ မြန်မာစာတောင်မှ သေသေချာချာ မရေးတတ်၊ မဖတ်တတ်ဘူး။ သူဟာ တွင်ခုံတစ်ခုမှာ ငယ်စဉ်ကတည်းက အလုပ်ဝင်လုပ်ခဲ့လို့ တွင်ခုံလုပ်ငန်း လုပ်တတ်တယ်။

အနှစ်နှစ်ဆယ်လောက် လုပ်ခဲ့ပေမယ့် လုပ်ငန်းပိုင်ရှင်တော့ ဖြစ်မလာဘူး။ အလုပ်သမားဘဝနဲ့ပဲ လုပ်ကိုင်စားသောက်နေသူ ဖြစ်တယ်။ သူတို့ တွင်ခုံအလုပ်ရုံနားမှာ မုန့်ဟင်းခါးရောင်းတဲ့ မိခင်ကြည်နဲ့ အိမ်ထောင်ကျတယ်။ ယခုဆို သားတစ်ယောက်၊ သမီးတစ်ယောက်ရခဲ့ပြီ။ အိမ်ထောင်သက်က ရှစ်နှစ်ကျော်ခဲ့ပြီ။ ဒီညမှာ အကြံသမားစိန်မောင်ဟာ မအိပ်ဘဲနဲ့ နေတယ်။

သူ့မိန်းမ အိပ်ပျော်သွားတဲ့အချိန်မှာ ခြင်ထောင်ထဲက ထွက်ခဲ့တယ်။ ကုလားထိုင်တစ်လုံးမှာ ဆေးလိပ်ထိုင်သောက်ပြီး နောက်ဖေးခန်းမှာ အိပ်နေတဲ့ မတင်သိန်း အခြေအနေကို အကဲခတ်နေတယ်။ မတင်သိန်းက နိုင်လွန်ခြင်ထောင်နဲ့ အိပ်နေတယ်။ ဒါပေမဲ့ မီးရောင်မရှိလို့ သူအိပ်နေတာကို အပြင်က မမြင်ရဘူး။ စိန်မောင်ဟာ ညဥ့်နက်လာတာနဲ့အမျှ

ကိလေသာ စိတ်မိုက်စိတ်ရိုင်းတွေ ဝင်လာနေတယ်။ သူ့စိတ်ထဲမှာ အခွင့်အရေးရမယ်လို့လည်း ထင်နေတယ်။

ပင့်သက်ကို အခါခါချရင်းက တစ်စုံတရာကို ရှူးမိုက်စွာ ဆုံးဖြတ်ချက် ချမှတ်လိုက်တယ်။ ခြေကို ဖွနင်းပြီး နောက်ဖေးခန်းက မတင်သိန်းလေးရဲ့ ခြင်ထောင်နားကိုသွားတယ်။ ခြင်ထောင်နားရောက်တော့ သူဟာ ခေတ္တမတ်တတ်ရပ်နေသေးတယ်။ ခြင်ထောင်ထဲမှာတော့ မတင်သိန်းလေးဟာ အိပ်မောကျနေပြီ။ အညာစောင်ကိုခြုံပြီး ကွေးကွေးလေးအိပ်နေတယ်။

ရာဂနတ်ဆိုးပူးဝင်နေတဲ့ စိန်မောင်ဟာ ခြင်ထောင်ကို ဖြေးညင်းစွာ ဖွင့်လိုက်တယ်။ ပြီးတော့ ခြင်ထောင်ထဲကို ဝင်လိုက်တယ်။ သူ့လက်က 'မတင်သိန်း'ကိုယ်ခန္ဓာကို ထိတွေ့ကိုင်တွယ်လိုက်တာနဲ့ 'မတင်သိန်း'ဟာ လန့်အော်လိုက်တယ်။ စိန်မောင်က အသံမထွက်အောင် 'မတင်သိန်း' ပါးစပ်ကို ပိတ်လိုက်တယ်။

ဒါပေမဲ့ သူပိတ်တာက နောက်ကျသွားပြီ။ အော်သံက ကျယ်လောင်စွာ ထွက်သွားခဲ့ပြီ။ 'မတင်သိန်း'အော်သံကို သူ့မိန်းမ'မိခင်ကြည်' ကြားလိုက်တယ်။ 'မိခင်ကြည်'ဟာ သူ့ဘေးကခင်ပွန်းသည် 'ကိုစိန်မောင်' အိပ်ရာထဲမရှိတာကို အံ့ဩသွားတယ်။ ပြီးတော့ဒေါသစိတ်လည်း ထောင်းခနဲဖြစ်သွားတယ်။

'မိခင်ကြည်'ဟာခြင်ထောင်ထဲက ကပျာကယာထလိုက်ပြီး နောက်ဖေးခန်းကို ပြေးလာတယ်။ အမှောင်ထဲမှာပဲ ကျူထရံမှာညှပ်ထားတဲ့ ကတ်ကြေးကို စမ်းတယ်။ သည်ကတ်ကြေးက သူမှန့်ဟင်းခါးရောင်းရင် အကြော်ညှပ်တဲ့ ကတ်ကြေးဖြစ်တယ်။ ထက်လည်းထက် ချွန်လည်းချွန်တဲ့ ကတ်ကြေးတစ်လက်။

စိန်မောင်ဟာ ရုန်းကန်နေတဲ့ မတင်သိန်းကို ချုပ်နှောင်နေရတယ်။ မအော်အောင် ပါးစပ်ကိုလည်း အတင်းပိတ်နေရတယ်။ နိုင်လွန်ခြင်ထောင်ကြိုးတစ်ဖက်က ပြုတ်ကျနေပြီး ခြင်ထောင်ထဲမှာ လုံးထွေးနေတော့တယ်။ မိခင်ကြည်ဟာ ဒေါသစိတ်နဲ့ ခြင်ထောင်ကို ဆွဲမလိုက်ပြီး စိန်မောင်ရဲ့ ကျောပြင်ကို ကတ်ကြေးနဲ့ ထိုးလိုက်တော့တယ်။ မိခင်ကြည်ရဲ့ထိုးချက်ဟာ ပြင်းထန်တယ်။

စိန်မောင်ဟာ ကြောက်လန့်ပြီး မိခင်ကြည်ကို လက်ပြန်ရိုက်လိုက်တာ ဟန်ချက်မမိဘဲ ပြန်လဲသွားတယ်။ မိခင်ကြည်ဟာ လက်ထဲပြန်ပါလာတဲ့ ကတ်ကြေးနဲ့ နောက်တစ်ချက် စိန်မောင်ရဲ့ လည်ပင်းကို တည့်တည့်ထိုးလိုက်ပါရော။ စိန်မောင်ဟာ မိနစ်ပိုင်းအတွင်းမှာပဲ လူလောကကို အပြီးအပိုင် စွန့်ခွာသွားတော့တယ်။

သူပြုချင်လှတဲ့ ကာမေသုမိစ္ဆာစာရာကံကို ပြုကျင့်မသွားလိုက်ရဘူး။ အချို့မိန်းမတွေဟာ အဲသည်ကိစ္စနဲ့ပတ်သက်ရင် လုံးဝခွင့်မလွှတ်ဘူး။ အသက်သတ်တဲ့အထိ ပြုမူကြတာဖြစ်တယ်။ မိခင်ကြည်ဟာ အဲဒီ မှောင်လွန်းတဲ့ညမှာပဲ သက်ဆိုင်ရာကို အဖြစ်အပျက်အကြောင်းစုံကို ပြောပြပြီး အဖမ်းခံခဲ့ပါတယ်။ ထောင်ကျခံခဲ့ပါတယ်။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ချင်လှတဲ့ စိန်မောင်တစ်ယောက်တော့ ဘယ်ဘဝရောက်သွားတယ် မသိပါဘူး။ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်လို့ အသက်သေကြရသူ ရှိတတ်ပါတယ်။ ပုံစံအမျိုးမျိုးနဲ့ သေကြတာပါပဲ။ အချို့ဆို အသက်မသေပေမယ့် သေရာပါလောက်အောင်ဒဏ်ရာတွေ ရကြရတယ်။ အချုပ်ခံရတယ်။ ထောင်ကျခံရတယ်။ အချုပ်ထောင်တွေက လွတ်ပြန်တော့လည်း နာမည်ပျက်နဲ့ အသက်ရှင်ကြရပြန်တယ်။ လူမသေခင် နာမည်က သေနေပါတယ်။

စိန်မောင်ဆိုရင် သူ့မိန်းမက သူ့ကိုသတ်မယ်လို့ထင်မှာ မဟုတ်ပါဘူး။ သူ့မိန်းမကလည်း ဒေါသနဲ့ လုပ်မိလုပ်ရာလုပ်ပစ်လိုက်တာပါပဲ။ စိန်မောင်ရဲ့ စိတ်ထဲမှာ သည်ကိစ္စကို လွယ်တယ်လို့ထင်ခဲ့တဲ့

အတွက်သည့်လိုဖြစ်တာဖြစ်တယ်။ သူဟာ စဉ်းစားဉာဏ်မရှိဘူး။ ရာဂစိတ်ပြင်းထန်တာပဲ ရှိတယ်။ စိန်မောင်ရဲ့အသုဘမှာ လူသိပ်မရှိဘူး။ နယ်ကသူ့မိဘတွေကလည်း ရှက်လို့မလာကြဘူး။ ညီအစ်ကိုမောင်နှမတွေလည်း မလာဘူး။

ကာမေသုမိစ္ဆာစာရကံ အပြစ်ကြောင့် သေရတာဟာ သေချိန်မှာတောင် လာမယ့်သူမရှိဘူး။ စိန်မောင်ရဲ့အသုဘမှာ အိမ်နီးချင်းသုံးလေးယောက်နဲ့ သူငယ်ချင်းနှစ်ယောက်လာပြီး ခုနှစ်ယောက်လောက်နဲ့ အသုဘ ချလိုက်ရတယ်။ သူ့အပြစ်နဲ့သူဟာ နောက်ဘဝတွေမှာလည်း ဘယ်လို ဒုက္ခတွေရောက်ရဦးမယ် မသိဘူး။

သုတေသီဘုန်းမြင့်သွေး

---

ညစ်ညူးရာဂ၊ ကိလေသဖြင့်၊
တဏှာကိုလိုက်၊ ဒုစရိုက်နှင့်
အမိုက်အားကိုး၊ ပုဂ္ဂိုလ်မျိုးကား
အကျိုးမဲ့စွာ၊ အပြစ်သာရှင့်။ ။

(မဃဒေဝ-ပိုဒ်ရေ-၁၃၅)

သတိ သံဝေဂရဖွယ်ကောင်းလှသော စာရေးဆရာကြီး သော်တာဆွေ၏ ဝတ္ထုတိုတစ်ပုဒ်နှင့် ရန်အောင်မောင်မောင်၏ ဝတ္ထုတို(ဖြစ်ရပ်မှန်) သုံးပုဒ်ကို ရှာဖွေဖော်ပြလိုက်ပါသည်။

# မိန်းမ မဟုတ်သော ကလေးနှစ်ယောက်အမေ

ရန်အောင်မောင်မောင်



# မိန်းမမဟုတ်သော ကလေးနှစ်ယောက်အမေ

ယနေ့ ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို အစွယ် ငေါငေါဖြင့် ခြောက်လှန့်ကာ ရန်သတ္တုရုပြုလျက် ရှိသည့် အေအိုင်ဒီအက်စ် ရောဂါဆိုးကြီး၏ မြစ်ဖျား ခံရာ လမ်းစတစ်ခုဖြစ်သော ကူလီကူမာ လိင်တူ လိင်ကွဲ မောင်မစွကတို့အကြောင်း ရေးကြီးခွင်ကျယ် ငြီးကာချဲ့၍ စာမဖွဲ့လိုပါ။ သို့သော် ကိုယ့်စိတ်ကို ဘယ်လိုမှ ထိန်းမနိုင်သိမ်းမရတာက ခက်လှသည်။ ထိန်းမနိုင်သိမ်းမရဆို မိန်းမထောင် တစ်ထောင်လုံး အုန်းအုန်းကျွက်ကျွက် ပွက်လောရိုက်သွားခဲ့သော တစ်ရံရောအခါက အဖြစ်အပျက်မှာ ရယ်ရခက် ငိုရခက်၊ မျက်စိထဲမှာ ဘယ်လိုမှမထွက်။

ကမ္ဘာပျက်ပြီပေါ့။ ဘယ့်နှယ် သုံးတောင့်ထွာ ဝတ် မိန်းမသားစစ်စစ်တွေချည်းနေတဲ့ မိန်းမထောင် ထဲမှာ အတောင်နှစ်ဆယ်ဝတ်ဆိုတဲ့(ဒီခေတ်သာ ဝတ်ရရင် မောကြောပေါ့) မင်းယောကျ်ားသားကြီး ဆွမ်းဆန်ထဲကြွက်ချေးလာရောနေတာ လေးညလွန် လို့ ငါးရက်မြောက်နေမှကိုး။ တော်သေးတာပေါ့၊ အဲဒီ အတောင်နှစ်ဆယ်ဝတ်က အများသူငါလို အားကောင်းမောင်းသံ မဟုတ်ဘဲ ခင်သူဇာနွဲ့နွဲ့ နှောင်းပမာ မိန်းမလျာ အခြောက်ကြီး ဖြစ်နေလို့။ ဘာပဲဖြစ်ဖြစ် အန္တရာယ်ကတော့ မသေးလှ။ ဖြစ်ပုံ က ငိုအားထက် ရယ်အားသန်ဆိုတာလို ထောင် တစ်ထောင်လုံး အထူးတစ်လာစီသောနေ့တစ်နေ့။

အထူးတစ်လာစီတာ အပြင်မှာလူတွေ ပြော ပြောနေကြတဲ့ မော်တော်ယာဉ် ဆပ်ပလိုင်းချက် လုပ်သလို (Surprise Search)ဆာပရိုက်စ်ဆပ်ချ် အထူးရှာဖွေခြင်း ဖြစ်၏။ ထောင်ဆိုတာ ခဏခဏ စိတ်ကူးရတိုင်း ထထရှာနိုင်ပါမှ တော်ကာတန်ကာ ကျသည်။ ရှာတိုင်းလည်း တားမြစ်ပိတ်ပင်ထား သောပစ္စည်း မတွေ့မရှိ။ အမြဲတွေ့သည်။

ထောင်ထဲမှာ တားမြစ်ပိတ်ပင်ထားသောပစ္စည်း (Prohibited article)ကလည်း အများသား။ အရက် သေစာ၊ ဘိန်းဘင်းကစော်၊ ဆေးခြောက်၊ နောက် ဆုံးကိုကင်း၊ ဘိန်းဖြူ၊ ယခုခေတ်ကျတော့ဖင်စီဒိုင်း၊ သံချွန်၊ စူး၊ ဆောက်၊ ဓား၊ သံဖြတ်လွှမှသည် ဘလိတ်ဓါးအထိ ကုန်ကုန်ပြောရရင် အကျဉ်းသား အကျဉ်းသူတစ်ယောက်ကို တရားဝင်ထုတ်ပေးထား သည့် ဝတ်စုံနှစ်စုံ, စောင်, အိပ်ရာခင်းကလွဲလျှင် အားလုံး ပိတ်ပင်ထားသည့်ပစ္စည်းချည်းပါပဲ။

အထူးတစ်လာစီရာတွင် လူကို ဖင်ပြန်ခေါင်း ပြန် အကြိုအကြားပါမကျန် ပွတ်သပ်ပြီး ရှာရသည်။ အခန်းအတွင်းရှိ လူကုန် အပြင်ထွက်ပြီးမှ အိပ်ရာ များကို လှန်လှောကာ စေ့စေ့စပ်စပ် မွှေနှောက်ရှာ ဖွေရခြင်း ဖြစ်၏။ ထိုနေ့က မိန်းမထောင်မှာ ဒုတိယ အဆင့်မရောက်သေးမီ ပထမအဆင့်အနေနှင့် လူ ခန္ဓာကိုယ်ပေါ်တွင် ပွတ်သပ်ရှာနေစဉ်မှာပင် မမျှော် လင့်ဘဲ စကော့ဒ်ဒုံးကျည်ထပြီး ပေါက်ကွဲခဲ့ရခြင်း ဖြစ်သည်။

''ဟဲ့ ..သောက်ပလုတ်တုတ်''

အမျိုးသမီးထောင်ကြပ်'ဒေါ်ကြူကြူ'ဆို မျက် လုံးမျက်ဆံပြူးသွားရုံမက ပါးစပ်မှပင် ယောင်ယမ်း အော်လိုက်မိသည်။ မဖြစ်ဘူး, မဖြစ်ဘူး၊ ဒီကိစ္စ

ထောင်မှူးဒေါ်ဘော်ဘီအေးကို အမြန်ဆုံး သတင်းပို့မှ။ ပထမ ဒေါ်ဘော်ဘီအေးလည်း ဘယ်ယုံမှာလဲ။

''ဟုတ်မှဟုတ်ရဲ့လား ဒေါ်ကြူကြူဆွေရယ်၊ ရှင် စိတ်ထင်နေလို့များလား''

''ဩော်. . . ခက်ပါဘိတော့ဆရာမရယ်၊ ကျွန်မ အရူးမှမဟုတ်ဘဲ၊ ကျွန်မ သေသေချာချာကို''

ဒေါ်ဘော်ဘီအေး လက်ကာပြလိုက်သည်။ တော်ပြီ ရှေ့မဆက်နဲ့တော့ နားလည်လိုက်ပြီဆိုသည့်သဘော။ ဒါတောင် ဒေါ်ကြူကြူဆွေက ကြက်သီးထသည့်ဟန် ပခုံးတွန့်ပြလိုက်လေသည်။

''ကဲ၊ အဲဒီကောင်မ၊ အဲလေ အဲဒီကောင်ကို ခေါ်ခဲ့စမ်းပါ''

မကြာမီ အကျင်(ခေါ်)ကျင်ကျင်သန်း အမျိုးသမီးထောင်မှူးရုံးခန်း ရောက်လာသည်။ အပြင်ပန်းအနေနှင့် လူပုံသဏ္ဍာန်ကို ကြည့်တော့လည်း တကယ့် ပီဘိမိန်းကလေးအစစ်နှင့် ဘာမှမခြား။ ဆံပင်အရှည်ကို တစ်ပတ်လျှိုထုံးလို့။ မျက်နှာပေါ်မှာလည်း သနပ်ခါး၊ မိတ်ကပ်အဖွေးသားနှင့်။ ညကတည်းက ဆိုးထားသောနှုတ်ခမ်းနီနှင့်။ မျက်ခုံးကို ပြောင်အောင်ရိတ်ထားပြီး ဆိုးဆေးနှင့် ဆွဲထားပုံမှာလည်း သုံးရက်လခုံးမျက်စ နံနက်အိပ်ရာထတခြား အမျိုးသမီးတွေပုံစံအတိုင်း။ အတွင်းက ဘာတွေခုံထားသည်မသိ။ အဖုအထစ်အဖောင်း အကြွပေါ်မှာ ဘော်လီအင်္ကျီခံကာ အပေါ်ကမြန်မာဖြစ် ပါတိတ်ဝမ်းဆက်ဝတ်လျက်။ ခြေသည်းလက်သည်း ရဲရဲနီ။ အသားရောင်က မဖြူမညို။ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်။ အသက်အားဖြင့် သုံးဆယ်တစ်ဝိုက်။

''ဟဲ့ကောင်မတွေ သွားကြစမ်း၊ ဒါ ညည်းတို့ အမေလင် မျောက်ပွဲပြနေတာ မဟုတ်ဘူး''

ထောင်မှူးရုံးခန်းပတ်လည် အမျိုးသမီးအကျဉ်းသူတွေတစ်ယောက်တစ်ပေါက်နှင့်ဝိုင်းလာကြသဖြင့် မိန်းမထောင် တန်းစီးမကုလားမက နှုတ်လျှာကြမ်းကြမ်းနှင့် သံကုန်ဟစ် ပတ်ကြမ်းတိုက်ယူရသည်။ ဒါတောင် မိန်းမတွေဝမ္မတာအတိုင်း ခပ်လှမ်းလှမ်းမှာ ပြူတစ်ပြူတစ် ပွစိပွစိ။ လူရှင်းသလောက်ရှိမှ အမျိုးသမီးထောင်မှူး ဒေါ်ဘော်ဘီအေးက စစ်ဆေးမေးမြန်းရသည်။ သူမကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်။

''ကဲ ဆိုစမ်းပါဦး၊ ညည်းနာမည်၊ အဲလေ မင်းနာမည် ဘယ်သူ''

''အဟင့် ကျင်ကျင်သန်းပါရှင့်၊ မိတ္တီလာ တစ်ဈေးလုံး အိုး. . . တစ်မြို့လုံးပါလေ၊ အကျင်လို့ပဲ ခေါ်ကြတယ်''

ဒေါ်ဘော်ဘီအေး စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကို ကုတ်လျက်

''တော်စမ်းပါကွာ၊ မင်းမိဘတွေ ပေးထားတဲ့ ယောကျ်ားနာမည်ရင်းကို ပြောစမ်းပါ''

''ဂျော်နီ(ခေါ်)မောင်ကျင်ထွန်းပါ''

အမျိုးသမီးထောင်မှူး နှာခေါင်း ရှုံ့သွားသည်။ ရှုံ့မှာပေါ့၊ သူ့နာမည်က ဘော်ဘီ၊ ဒီကောင့်နာမည်က ဂျော်နီ။ ဘော်ဘီနှင့်ဂျော်နီ ခပ်ဆင်ဆင်ဖြစ်နေတာကိုး။ အနီးတွင် ရပ်နေသောအမျိုးသမီး ထောင်ကြပ် ဒေါ်ကြူကြူဆွေကတော့ ဘော်ဘီကို တစ်လှည့် အဓိပ္ပါယ်ပါပါ မျက်လုံးကစားလျက်. . .။

''နေပါဦး မင်းက ဘာမှုနဲ့ထောင်ဘယ်လောက်ကျလာတာလဲ''

''ကျွန်မယောကျ်ားကို ဓားနဲ့ထိုးမှုနဲ့ ထောင်နှစ်နှစ် ကျလာတာပါ''

''ဟင် မင်းမှာ ယောကျ်ားရှိတယ်''

''ရှိတာပေါ့ရှင့်၊ ကလေးတောင် နှစ်ယောက်ရှိသေး''

''ဘာ ကလေးတွေ နှစ်ယောက်ရှိတယ် ဟုတ်လား၊ ဘာလဲ. . . မွေးစားထားတဲ့ ကလေးတွေပေါ့''

''မဟုတ်ပါဘူး၊ ကျွန်မယောကျ်ား ကိုယ်တိုင်ဗိုက်ထဲမှာ ကိုးလလွယ်ပြီး ဆယ်လမွေးထားရတဲ့ ကလေးတွေပါ''

''ဘယ်လို ဘယ်လို နင့်ယောကျ်ားက ကလေး

မွေးတယ် ဟုတ်လား။ ဟာ ပြဿနာတော့ ရှုပ်ကုန်ပါပြီ၊လုပ်စမ်းပါဦး။ နင်က ဘယ်လိုလုပ် ယောကျ်ားရပြီး၊ နင့်ယောကျ်ားက ဘယ်လို ကလေးမွေးတယ်ဆိုတာ အစအဆုံး ရှင်းပြပါဦး''

''ဒီလိုပါ ဆရာမရယ်''

ဤတွင် ကြုံလေဘုံပွေ ရစ်ပလေ (Believe it or not) ကဲ မယုံချင်နေဆိုတာလို ထူးခြားဆန်းကြယ်လှတဲ့ လူ့လောက ဇာတ်ခုံကြီးပေါ်မှာ ပြောမယုံ ကြုံဖူးမှသိ။ 'ရှိတော့ ရှိတယ်၊ ရှားတယ်' ဇာတ်လမ်းတစ်ပုဒ်၊ လန်ကြုတ်မဟုတ်၊ ဇာတ်ရှုပ်ပကတိ အရှိကို အရှိအတိုင်း မေ၊ အကျွန်ုပ်သည်။ ဝေ၊ ဤသို့။ သုတ၊ ကြားလိုက်ရ၏။ ဥပလက္ခိတ၊ မှတ်လိုက်ရ၏။ ဥပဓာရိတ၊ ဆောင်ထားလိုက်ရပါချေ၏။

ဂျော်နီ(ခေါ်)တင်ထွန်းဆိုတာက မိတ္ထီလာမြို့နေ ဗိုလ်ကတော် ဒေါ်အေးကျင်၏သား။ ဗိုလ်ကတော်ဆိုသော်လည်း ယခုခေတ်လူအများ နားလည်ထားသည့် စစ်ဗိုလ်ကတော် မဟုတ်။ လွပ်လပ်ရေးမရမီကျွန်ခေတ်က မိမိကိုယ်မိမိ ဗိုလ်အခေါ်ခံခဲ့သူအများသား။ သူတစ်ပါးတိုင်းပြည်ကို နယ်ချဲ့ကျွန်ပြု အုပ်ချုပ်ခဲ့သူ မျက်နှာဖြူတို့ကလည်း သူတို့ကိုယ် သူတို့ဗိုလ်တဲ့။ သခင်တဲ့။ နောက်ပြီး မီးရထားစက် ခေါင်းမောင်းသူက စက်ခေါင်းဗိုလ်၊ ရထားထိန်းက ဂါတ်ဗိုလ်၊ လမ်းအင်ဂျင်နီယာက လမ်းဗိုလ်ဆိုတာတွေရှိသေးသည်။ အဲဒီအထဲမှာဒေါ်အေးကျင်ယောကျ်ားမစွတာဒတ်စ်ဆိုတာက စက်ခေါင်းဗိုလ်၊ ဗိုလ်ကြက်ချေး။ ဗိုလ်ကြက်ချေးလင်မယားက သမီး တွေမွေးလာတော့ အေမီတို့၊ ဒေစီတို့ဖြစ်၊ အငယ်ဆုံးယောကျ်ားလေးကျတော့ ဂျော်နီ။ ဒါနဲ့ပဲ လူတွေပါးစပ်ထဲမှာတော့ ဗိုလ်ကတော်ဒေါ်အေးကျင်ရယ်လို့ နှုတ်ကျိုးကျန်ခဲ့ပါလေရော။

အရင်းစစ်တော့ အမြစ်မြေကဆိုတာလို ဂျော်နီတစ်ယောက် မိန်းမစိတ်ပေါက်သွားတာက သူ့မိဘတွေအပြစ်။ ငယ်စဉ်ကသူ့အစ်မတွေနဲ့အတူမန္တလေး သာသနာပြု မိန်းကလေးကျောင်းတွင် ထားခဲ့ရာမှ မည်းနှင့်နီပါး အတူထားတော့ နီပါးမည်းစော်နံခဲ့ရခြင်းဖြစ်၏။

ခွေးတောက်သရက်၊ ပင်ချင်းယှက်၍၊ သရက်ပင်မင်း။ သီးချိုကင်းခဲ့ရခြင်း ဖြစ်၏။ မိဘများကွယ်လွန်ပြီး အစ်မများ အိမ်ထောင်ရက်သားကျ၍ တစ်နယ်တစ်ကျေး ပြောင်းရွှေ့သွားတော့ ဂျော်နီတစ်ယောက်တည်း အကျင်(ခေါ်)ကျင်ကျင်သန်း အဖြစ်မိတ္ထီလာတွင် သောင်တင်ကျန်ရစ်ခဲ့သည်။ မိတ္ထီလာဈေးထဲမှ ကျပန်းဈေးရောင်းဖြစ်သွားတာကတော့ သူ့မိခင် မျိုးရိုးလိုက်ခြင်း ဖြစ်၏။ ဗိုလ်ကတော် ဒေါ်အေးကျင်သည် တစ်ချိန်က သာစည်ဘူတာတွင် ဈေးရောင်းရင်း စက်ခေါင်းဗိုလ်မစ္စတာ ဒတ်စ်နှင့် ဖူးစာဆုံခဲ့ကြသည် မဟုတ်လား။

''အကျင် ဈေးကောက်ဟေ့''

''ဈေးကောက်ကလည်း စောလိုက်တာ လွန်ပါရောတော်၊ ဈေးဦးတောင် မပေါက်သေးဘူး''

''နင့်ဘာသာ ဈေးဦးပေါက်တာ မပေါက်တာ ငါမသိဘူး၊ ငါ့အလုပ် ငါလုပ်တာပဲ''

''နောက်တစ်ခေါက် လှည့်လာပါလား ဦးလူလေးရယ်''

''တော်စမ်းပါဟာ၊ ပိုက်ဆံလေးတစ်မတ်နဲ့ ပြန်ပြန်လာရတာ မလွယ်ဘူး၊ လာပြန်တော့လည်း နင်က အကြွေမရှိဘူးလုပ်ပြန်ရော၊ ရက်ကျော်ပေါင်းလည်း များပြီ''

''အကျင်တို့က ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတာလို ဘုရားပန်းရောင်းတာပါနော်၊ ဟိုဘက်က မုန့်ဆိုင်တွေနဲ့ တန်းတူကောက်တော့ အကျင်တို့ပေးရတာ များပြီ''

''ဟဲ့ ဒါတော့ နင့်ဘာသာနင် ဘာရောင်းရောင်းလေ၊ ယူထားတဲ့နေရာ အကျယ်အဝန်းက အတူတူပဲဆိုတော့ တစ်ဈေးတည်း သတ်မှတ်ထားရတာပေါ့''

ဒီလိုနှင့် ဈေးကောက် 'ကိုလူလေး'တစ်ယောက်

ဈေးတစ်ပတ်လည်သွား ပြန်သည်။ အကျင်ထံ နောက်တစ်ခေါက် ပြန်ရောက်ချင်မှ ရောက်တော့သည်။ ဈေးကောက်ဆိုတာမျိုးက ဒီနေ့ချက်ချင်း ပေးလျှင်ပေး၊ မပေးလျှင် နောက်တစ်နေ့ ပြန်တောင်းလို့ရတတ်တာမျိုး မဟုတ်။ တကယ်တော့ 'ကိုလူလေး'အနေနှင့် အကျင်ထံမှ ဈေးကောက်ခွေ တစ်မတ်ကိုလည်း သိပ်အလေးထားလှသည် မဟုတ်ပါ။ ဘေးလူတွေ မြင်ကောင်းကြားကောင်း အောင် စကားမရှိစကားရှာ ဟန်လုပ်ရန်တွေ့ နေရခြင်းသာ ဖြစ်သည်။ အကြောင်းက ရှိသည်။ သူတို့နှစ်ယောက်မှာ ကူလီကူမာ ဘာလိုလို ရိုးတိုးရိပ်တိပ်။

ကိုလူလေးပုံပန်းသဏ္ဌာန်ကို ကြည့်ရအောင်။ အသက်အားဖြင့် သုံးဆယ် မပြည့်တတ်သေး။ ဒီဘက်ခေတ် ရှားရှားပါးပါး သျှောင်ကြီးဖွေ ဘေးစောင်းထုံးထားတတ်သည်။ အတွင်းက စွပ်ကျယ် တစ်ထပ် ခပ်ကျပ်ကျပ်ခံ၍ အပေါ်က ရှပ်အင်္ကျီ လက်ရှည် အမြဲဝတ်ထားကာ အင်္ကျီလက်ကြယ်သီး ဘယ်တော့မှ မတတ်ဘဲ ဖိုးယို့ဖားယား။ ခါးက လုံချည်ဝတ်တော့လည်း ဖရိုဖရဲ ပုံမကျ ပန်းမကျ။ ကွမ်းတဖတ်ဖတ် ဝါးလွန်းသဖြင့် သွားများ ညိုမည်း နေသည်။ စကားပြောသည့်အခါ အသံက ခြောက်ကပ်ကပ်။

ကိုလူလေးနှင့် အကျင်တို့နှစ်ယောက် အကြိုက်ချင်းတူတာတစ်ခု ရှိသည်။

''အကျင်ရေ ဖောင်တော်ဦးဘုရားပွဲမှာ ရွှေမန်းတင်မောင်နဲ့ ကနက်စိန် အပြိုင်တဲ့''

''စိန်လိုက်လေ ကြားသလားလို့၊ ရွှေမန်းသုံးည၊ ကနက်စိန် သုံးညပေါ့၊ ဖျာကောင်းကောင်းရအောင် ဦးလူလေး စိုက်ဝယ်ထားလိုက်နော်၊ ခုနစ်ရက်ဖြစ်နေရင် ကနက်စိန်အတွက် တစ်ညပိုဝယ်လိုက်''

ဇာတ်ပွဲတို့ အငြိမ့်ပွဲတို့သာ မဟုတ်သေး။ ရုပ်ရှင်ဆိုလျှင်လည်း အလွတ်မပေး။ ရုပ်ရှင်ရုံနှစ်ရုံ ကားလဲတိုင်းအတူ ကြည့်ကြသည်။ သူတစ်လှည့် ကိုယ်တစ်လှည့် ဒကာခံကြေး။ ဝင်းဦးကားဆိုလည်း နှစ်ထပ်ကွမ်းပင် ကြည့်ဖြစ်တာများသည်။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိသတဲ့။ ရှေးလူကြီးသူမများ အလွန် လေးစားကြည်ညိုဖွယ်ရာ ကောင်းလှသည်။ ထားရစ်ခဲ့တဲ့ စကားတွေ မှတ်သားလောက်စရာတွေချည်း။ ရိုးရိုးကြိုးချင်းငြိတာက အကြောင်းမဟုတ်။ လိမ်တွန့်ရှုပ်ထွေးပြီး အမယ်ဘုတ်ရဲ့ သူ့ချည်ခင် ဖြစ်ရုံထက် မပိုနိုင်။ ဒီဘက်ခေတ် လျှပ်စစ်ကြိုး အဖိုနဲ့အမ နှစ်ချောင်းငြိမိကြပြီဆိုလျှင် မီးပွင့်ပြီပေါ့။

ဩော် ‥ ကိုလူလေးကို ယောက်ျားအစစ်ထင်လို့လား။ လုံးဝ မဟုတ်ပါခင်ဗျာ။ သူက ယောက်ျားလျာလေး။ နာမည်ရင်းက မစိန်ကြည်။ တောမရွာဇာတိ။ သူ့ကျတော့ ဘယ်လိုကဘယ်လို မိန်းမစစ်စစ်က ယောက်ျားဖြစ်လာတယ် မသိ။ ဘဝဘဝက ဝိပါကဝဋ်ရှိလို့သာ ဆိုစရာအကြောင်း ရှိတော့သည်။

ကိုရွှေဖူးစာနတ်တို့များ တာဝန်ကျေပါပေ့။ တာဝန်ကျေသည့်အပြင် ဟိုဘက်နှစ်ဘူတာလောက် လွန်လိုက်သေးသည်။ ကြည့်ပါဦး၊ မိန်းမလျာနှင့် ယောက်ျားလျာ နှစ်ဦးကိုလည်း သူတို့ဘာသာ သူတို့ အေးအေး မနေရ။ နှစ်ပါး ဂဟေဆက်လို့ ပေါင်းဖက်စေသည်။ မပေါင်းဖက်လို့လည်း မရတော့။ ယောက်ျားလျာ ကိုလူလေးမှာ ဂဗ္ဘသေယျပုနရေတိ ကိုယ်ဝန်ရှိလာမကိုး။ အဲဒီ ပြဿနာတစ်ခုနှင့် နိုးလိုးခုလု ထိပ်တိုက်သွားတွေ့သည်။ ကိုလူလေးမှာ လူသိရှင်ကြား တရားဝင်ယူထားသည့် မယားကြီး ရှိပြီးသား။ သူမက ငါးစိမ်းသည် 'မတင်ရွှေ'။ သူတို့ နှစ်ယောက် တစ်အိမ်တည်း အတူနေကြသည်။ လေးငါးနှစ်ပင် ကြာခဲ့ပြီး ဘာပြဿနာမှ မရှိ။ ဘယ်ရှိမလဲ။ ငြိသည့်ကြိုးနှစ်ချောင်းက အစ်မတွေချည်းပဲ။ လျှပ်စစ်မီးတို့ မည်သည် အဖိုနှင့် အမ ပေါင်းစပ်မိမှ ဖျတ်ခနဲ လင်းလာတတ်တာ မဟုတ်ပါလား။ ဖျတ်ခနဲလင်းလို့ ကိုလူလေးတစ်ယောက် မဖုံးနိုင်မဖိနိုင် ဖြစ်လာတော့ အိမ်ထဲက အိမ်ပြင် မထွက်ဝံ့တော့။

အကျင်ကိုလည်း ပြောင်ပြောင်တင်းတင်း အိမ်ပေါ် ခေါ်တင်ထားလိုက်ရပြီ။ အပြင်ပန်းက ကြည့်လျှင် ဈေးကောက်ကြေး ဦးလူလေးမှာ မိန်းမနှစ်ယောက် နှင့် အမြိုင့်သား။ သို့သော် အဲဒီ ဦးလူလေးကြီး မယားနှစ်ယောက်ကြား ဗျာများပြီး အိမ်တွင်းပုန်း ကလေးမွေးနေရတယ်ဆိုတာ အရပ်ရပ်နေပြည် တော် ကြားလို့မှမလျော်။

ကြားလို့ မတော်တာတော်တာ အပထား။ သဘာဝတရားကို မလွန်နိုင်ကြသည့် ကိုလူလေးနှင့် အကျင်တို့နှစ်ယောက် အစရှိအနောင်နောင် ဆို တာလို သမီးတစ်ယောက် သားတစ်ယောက်ပင် မွေးဖွားပြီးခဲ့ကြပြီ။ ခက်တာက ထိုအချိန်အထိ သူ တို့နှစ်ယောက်၏ စိတ်ဓာတ်များ ပင်ကိုသဘာဝ အတိုင်း ပြန်မရောက်သွားကြသေးခြင်းပင်ဖြစ်သည်။ ဒီတော့ သူတို့မွေးထားတဲ့ ကလေးနှစ်ယောက်ကို မိန်းမစိတ်ဓာတ် အပြည့်အဝရှိနေသူ 'မတင်ရွှေ'က ပင် လူလားမြောက်အောင် ပြုစုထိန်းသိမ်း စောင့် ရှောက်ခဲ့ရသည်ဆို၏။ တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်၊ အမယ်ဘုတ်ကယ်သူ့ချည်ခင်ပမာ ဃရာဝါသသမ္မာ ရဟု ကိစ္စများမြောင် လူတို့ဘောင်ဝယ် အိမ်ထောင် သားမွေး ခြနယ်မြေးသား ဆိုဘိသကဲ့သို့ ဂျော်နီ (ခေါ်) 'အကျင်'က သူ–သူမတို့၏ အေအိုင်ဒီအက်စ် အကယ်ဒမီဇာတ်လမ်းကို ဖြစ်ကြောင်းကုန်စင် နတ် သံနှော၍ အဆုံး။ ဒေါ်ဘော်ဘီအေးက–

''ဒါနဲ့ ဘယ်လိုလုပ် ဓားထိုးမှုက ဖြစ်ကြရတာ တုန်း''

''အလကားပါ ဆရာမရယ်၊ ဒီလူကြီးက သက် သက် သဝန်ကြောင်တာပါ''

''ဟဲ့ ဘယ်လူကြီးလဲ''

''ဘယ်လူ ရှိရဦးမလဲ၊ အကျင့်ယောကျ်ား ဦး လူလေးကြီးပေါ့၊ သူက အကျင်နဲ့ မတင်ရွှေတို့ကို မသင်္ကာဖြစ်သတဲ့လေ''

''ဘာပြုလို့ မသင်္ကာရတာလဲ''

''မတင်ရွှေက သူ့ဘာသူ ကားစပါယ်ယာ တစ်ယောက်နဲ့ဖြစ်ပြီး ကိုယ်ဝန်ရှိတာကို အကျင်နဲ့ စွပ်စွဲတယ်၊ တစ်နေ့လာလည်း ဒီအကြောင်း တစ် နေ့လာလည်း ဒီအကြောင်း မူးမူးပြီး ရမ်းလွန်းလို့ မှတ်လောက်သားလောက်အောင် ဓားနဲ့ထိုးပစ်လိုက် တာပါ၊ ကျွန်မ အသေမလုပ်ပါဘူး၊ ဒါကြောင့် ထောင်နှစ်နှစ်တည်း ကျခဲ့တာပေါ့''

''နို့ မတင်ရွှေနဲ့ ညည်းတို့ကကော တကယ် ငြိစွန်းခဲ့ကြလို့လား''

''ကြဲကြဲဖန်ဖန် ဆရာမရယ်၊ ဘယ်ကလာ ဟုတ်ရမှာလဲ၊ မဟုတ်လို့လည်း အခု ကျွန်မ အမှု ဖြစ်နေတုန်း သူ့ကောင်စပါယ်ယာနောက် လိုက် ပြေးသွားပါပြီ''

ဂျော်နီဇာတ်လမ်းကတော့ ဒီမှာ ဆုံးပါပြီ။ သို့သော် ဒေါ်ဘော်ဘီအေးဇာတ်လမ်းကတော့ အခု မှအစ။ သူမနာမည်ကြည့်လေ။ ဘော်ဘီဆိုတာ မိန်းမနာမည်မှ မဟုတ်ဘဲ၊ ယောကျ်ားနာမည်ကြီး။ ငယ်စဉ်ကတည်းက ယောကျ်ားစိတ် မသိမသာ ဝင် နေ၍ သူ့ကိုယ်သူ ဘော်ဘီအေးဟု ခံယူထားသူ တရားဝင်အမည်က ဒေါ်အေးအေးတင့်။

ဒေါ်အေးအေးတင့် ဆုံးဖြတ်ချက်တစ်ခုကို ခိုင် မာစွာ ချမှတ်လိုက်ပါပြီ။ ရှမ်းတရုတ်မလေး လီလီ ယမ်းနှင့် မိမိတို့၏ဇာတ်လမ်းကို ရပ်တန်းမှ ရပ်လိုက် မှပါကလား။

သြော် မေ့နေလို့ ပတ်စာခွာဖျာသိမ်းဖို့ ကျန်နေ သေးတယ်ဗျို့။

ဂျော်နီခေါ် အကျင်အား ထောင်မှလက်ခံစဉ်က တာဝန်ပေါ့လျော့သူ ဝန်ထမ်းများကိုစစ်ဆေးအရေး ယူပြီးနောက် ဂျော်နီတစ်ယောက်ယောကျ်ားထောင် ဘက်သို့ မပြောင်းချင်ဘဲပြောင်းခဲ့ရကာ အခြားမိန်းမ လျာများနှင့်အတူ တိုက်ပိတ်ခံခဲ့ရလေသတည်း။

မှတ်ချက်။ ။ အထက်ပါဇာတ်လမ်းမျိုး တကယ် ရှိပါသလား မမေးပါနှင့် မြို့တစ်မြို့မှာ တကယ်ရှိ ခဲ့ဖူးပါသည်။ သို့သော် မိတ္ထီလာမှာတော့ မဟုတ်။

ရန်အောင်မောင်မောင်

# မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း

သော်တာဆွေ



# မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း

သတ္တိနှင့် သစ္စာ၊ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းတို့သည် ဒွန်တွဲနေ၏။ သစ္စာမဲ့သူသည် သတ္တိမဲ့သူဖြစ်၏။ သစ္စာကို သတ္တိနှင့် စောင့်ထိန်းရ၏။ သတ္တိဆိုရာ၌ မှန်ကန်သောကိစ္စကို ရဲဝံ့စွာပြုလုပ်ခြင်းသာ မဟုတ်သေး။ မကောင်းမှုကိုစောင့်ထိန်းခြင်း၊ များ ယွင်းသောဆန္ဒလောဘကိုချုပ်တည်းနိုင်ခြင်း၊အောင့် အည်းသည်းခံနိုင်ခြင်းတို့သည်လည်း သတ္တိမည်၏။

မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းလည်း ထိုနည်းအတူ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေ၏။ ပင်ကိုမူလက မည်မျှပင် ရဲရင့်သူဖြစ်နေစေကာမူ မမှန်ကန်သော အမှုကို ပြုလိုက်မိပြီဟု မိမိကိုယ်မိမိ သိလိုက်သည်နှင့် တပြိုင်နက် ထိုသူ၏ ရဲရင့်ခြင်းတို့သည် ပျောက်ကွယ်သွား၍ ကြောက်ရွံ့သူအဖြစ်သို့ ရောက်ရှိသွားတော့၏။

ဝတ္ထုတစ်ခုနှင့် သာဓကပြပါမည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ့်ငါးနှစ်ကျော်က ဖြစ်ပါသည်။ ကာယကံရှင်များမှာမူ လူ့ဘောင်၌ မရှိကြတော့ပြီ။

ဦးအောင်ဒွန်း . . ။

ကျွန်တော်တို့ ရွာမှ ရွာသူကြီးဦးအောင်ဒွန်း။ အင်မတန်မှ ရဲရင့်သတ္တိရှိသည်ဟု ကျော်ကြားသည်။ သူခိုးဓားပြကို လက်ရဖမ်းခဲ့ဖူး၍ နာမည်ကောင်း လက်မှတ်နှင့် ဆုတော်ငွေများ ရခဲ့ဖူးသည်။ နှစ်လုံးပူးသေနတ်ကိုင်ရသည်။ ဆယ်နိုင်သူကြီး ခန့်အပ်ခြင်းခံရ၍ ရွာဆယ်ရွာကို အုပ်ချုပ်ရသည်။ ထိုရွာများ၌ဖြစ်ပေါ်သော အမှုကြီးငယ်တို့သည် ဆယ်အိမ်ခေါင်းများမှတစ်ဆင့် သူ့ဆီရောက်ရသည်။ ကြီးသောအမှုဆိုလျှင် ရုံး၊ ဂါတ်ပို့၍ ငယ်သောအမှုဆိုလျှင် သူပင် စီရင်ချက်ချလိုက်သည်။

လူကောင် ကြီးမားခန့်ညား၍ ဥပဓိရုပ်လည်း ကောင်းလှသည်။ အင်အားဗလလည်း ပြည့်စုံလှသည်။ နွားထီးတစ်ကောင်ကို လက်ပြင်ရိုး လက်သီးနှင့်ထိုး၍ လဲနိုင်သည်ဟု ပြောကြသည်။

သူ့အိမ်နှင့် ကျွန်တော်တို့အိမ်မှာ မျက်စောင်းထိုး ဓားလွယ်ခုတ် အိမ်နီးချင်း ဖြစ်ပါသည်။

ကျွန်တော် အမှတ်သညာ ထားတတ်သော အရွယ်မှာ သူ့အသက်သည် ငါးဆယ်မျှဟု ခန့်မှန်းမိပါသည်။ ဆွေမျိုးမတော်သော်လည်း သူ့ကို ကျွန်တော်က 'ဘိုး'ဟု ခေါ်ပါသည်။

'ဘိုး'သည် ငယ်စဉ်က ကျွန်တော်ကို ချီပိုးလာခဲ့သူ ဖြစ်သည်။ ဘိုးသည် အသားဖြူရာဝယ် သူ့တစ်ကိုယ်လုံးမှာ ဆေးနီဆေးနက်များထိုးထား၍ အလွန်လှသည်ဟု ကျွန်တော်ယူဆခဲ့ပါသည်။ ကျွန်တော့်အဖေကိုယ်မှာလည်း ဆေးရုပ်များ ရှိပါသည်။ သို့သော် သူ့လောက်မများ။ ထို့ပြင် အနက်ရုပ်သာရှိ၍ အနီရုပ်မရှိ။ ဘိုး၏ကျောပြင်ကိုကား ကျွန်တော်က အရုပ်ကားဟု ခေါ်ပါသည်။

''ဘိုးရယ် ဝမ်းလျားမှောက်စမ်းပါဦး၊ ကျွန်တော် အရုပ်တွေ ကြည့်ချင်လို့ပါ''

''အို. . . အခု ထိုင်ရင်းကြည့်လည်း မြင်နေရသားပဲ မြေးရဲ့''

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ မှောက်ကြည့်ရမှ ပိုကောင်းတယ်''

ဘိုး၏ ကျယ်ပြန့်သော ကျောပြင်ဝယ် နဂါးရုပ်၊

ဂဠုန်ရုပ်၊ ဇော်ဂျီရုပ်၊ ကြောင်ရုပ်၊ ကျားရုပ်၊ ခြသေ့်ရုပ်စသည်တို့မှာ ဆေးနီဆေးနက်တို့ဖြင့် ယခု မျက်စိနှင့်ကြည့်သော် လွန်စွာမှ လက်ရာမြောက်လှ ပါပေသည်။

''ဘိုးရယ်... ဒီအရုပ်တွေ ဘယ်သူ ထိုးပေး သွားတာလဲဟင်''

''ဘိုးဟာဘိုး ထိုးတာပေါ့ကွ''

''အောင်မယ် မဖြစ်နိုင်တာကြီးကို၊ ဘိုးဝါတယ်၊ ကဲ... ဘိုးကျောကုန်း ဘိုးမြင်ရလို့လား''

''မှန်ထဲ နောက်ပြန်ကြည့်ထိုးတာပေါ့ကွ''

''အောင်မယ်.. အောင်မယ်.. ဘိုးအိမ်မှာ ဘိုး ကျောကုန်းလောက် ကြီးတဲ့မှန်တစ်ချပ်မှ မရှိဘဲနဲ့''

ဘိုးသည် ရယ်မောကာ...။

''အလကား ပြောတာကွာ၊ ဆရာဦး ထိုးပေး တာပေါ့ကွ၊ ဆရာဦးကို မင်းသိတယ် မဟုတ်လား''

ဆရာဦးသည် ဘိုးအိမ်ခေါင်းရင်းက ထိုးကွင်း ထိုးဆရာ ဖြစ်ပါ၏။ ထို့ပြင် ရုပ်သေးရုပ်တွေထုသော ပန်းပုဆရာလည်း ဖြစ်ပါ၏။

''ဘိုး ဒီရုပ်တွေထိုးတော့ မနာဘူးလားဟင်''

''နာတာပေါ့ မြေးရဲ့၊ ဒါပေမယ့် ယောကျ်ားဆို တာ ဆေးထိုးခံနိုင်တဲ့သတ္တိ ရှိရမယ်ကွဲ့၊ ငါ့မြေး လည်း ကြီးရင်ထိုးကွင်း ထိုးရမယ်ကွဲ့''

သို့သော် ကျွန်တော်တို့ အရွယ်ရောက်သော ကာလ၌ ထိုးကွင်းထိုးသောခေတ်ကုန်၍ ကံကောင်း သည်ဟု ဆိုရမည်။ သို့ရာတွင် အချို့လူကြီးများက မကြိုက်ကြ။ ကျွန်တော် ဆယ့်လေးနှစ်သားလောက် ၌ ဆရာဦးက ကျွန်တော့်ပေါင်မှာ ကျားရုပ်ထိုးပေး သည်။ ထိုးရမည့်မှာ အနီစင်း၊ အနက်စင်းနှင့် တကယ့်ကျားရောင် ထွက်ရမည်။ အသက်လည်း ပါရမည်။ သို့သော် ဤဖေကိုယ်သတ္တိခဲက အဖေ ချုပ်ကိုင်ထားသည့်လက်ထဲမှ ကုန်းအော်၍ ရုန်း ထွက်သဖြင့် ပထမဆုံး အကြောင်းမျှသွားရသေး ရာ ကျားရုပ် မဖြစ်၊ ကြွက်ရုပ်ကလေးလိုလို ရေးရေး မျှ ထင်တော့၏။ ဒီတော့ ဆရာဦးက ကျွန်တော့် အဖေအား ဘာပြောသည် ထင်သနည်း။

''မောင်ဆယ်ရေ .. ခုခေတ်ကလေးတွေတော့ သတ္တိသုဉ်းကုန်ပါပြီကွာ၊ ငါ့သားတွေလည်း အတူတူ ပဲကွ၊ မင်းတို့လို ငါတို့လို ဆယ်နှစ်၊ ဆယ့်တစ်နှစ် သားလောက်က ထိုးကွင်းထိုးခံလာခဲ့လို့ရှိရင် ဒီကျား ရုပ်လောက် ဘယ်ဖြုံလိမ့်မလဲကွာ၊ ခံနိုင်ရည်ရှိမှာပဲ၊ ခုတော့ မင်းသားက မိဖုရား ကင်းကိုက်တဲ့အတိုင်း ပဲ၊ သွား.. သွား..''

ဆရာဦးက ကျွန်တော့်ကိုနှင်လွှတ်ပါသည်။ကျွန် တော်သည် ပေါင်ကလေးထော့နဲ့ထော့နဲ့ မျက်ရည် ကလေး စို့စို့နှင့်။

ဘယ် – မျက်ရည်မစို့ဘဲ ခံနိုင်မလဲဗျ။ လေးခွရှိ တဲ့ ကြေးစုတ်ကြီးနှင့် တစ်ချက်ထိုးလိုက်ရင်း သွေး တစ်ပေါက် ထွက်လာရင်း။

ဤအခါ၌ ကျွန်တော်သည် ထိုးကွင်းမျှမက ဆေးရုပ်တွေ တစ်ကိုယ်လုံးတွင်ရှိသော အဖေတို့၊ ဘိုးတို့ သတ္တိကို ချီးကျူးမိပါသည်။ ဘိုးက ပို၍ များပါသည်။ ဘိုးသည် ခေါင်းဖြူဖြူတွင် ကတုံး ရိတ်ထားသူဖြစ်လေရာ ငယ်ထိပ်မှစ၍ ခြေဖမိုးအထိ ကျောကုန်း၊ လက်ပြင်၊ ခြေသလုံး၊ ခြေကျင်းဝတ်ပါ မကျန် ဆေးတွေအပြည့် ရှိ၏။

ဘာရည်ရွယ်နှင့် ဘာအစွမ်းထက်သည်တော့ ကျွန်တော် မပြောတတ်ပါချေ။ သို့သော် ခံနိုင်ရည်ရှိ သော ယောကျ်ားကောင်းတစ်ယောက် ဖြစ်ကြောင်း တော့ ထင်ရှား၏။

ဘိုးသည် ခွန်အားဗလနှင့် ရဲစွမ်းသတ္တိကောင်း ရုံသာ မဟုတ်သေး။ စာပေပညာကိုလည်း တတ် ကျွမ်းသူ ဖြစ်၏။ ဘိုးသည် ဘိသိက်ဆရာ ဖြစ်၏။ ဘုရားကိုးဆူဆရာ ဖြစ်၏။ စာဟောဆရာ ဖြစ်၏။ ရတု၊ ဩဘာ၊ စာရေးဆရာလည်း ဖြစ်၏။

ဘိုးသည် နေ့စဉ်နံနက်တိုင်း ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်ချိန်တွင် ထ၍ ဘုရားရှိခိုးပြီး စာရွတ်၏။ သူစာရွတ်သည်ကို ဘေးသုံးလေးအိမ် က ကြားရ၏။ သို့သော် ဘာမျှ နားမလည်နိုင်ပေ။

သူ့အသံ ''ဟန်နံ့ ့ ဟန်နံ့ ့ ''ဟူ၍သာ ကြားနေရသည်။

''အဖေ ့ ့ ဘိုးက ဟန်နံ့ ့ ့ ဟန်နံ့နဲ့ ဘာလုပ်နေတာလဲ အဖေရ''

ကျွန်တော်ငယ်စဉ်က အဖေအား အိပ်ရာထဲတွင် မေးခဲ့၏။

''စာဝါးတာခေါ်တယ် သားရဲ့''

''ဘာလို့ စာဝါးတာလဲ အဖေရ''

''သူရထားတဲ့ စာတွေကို မမေ့မပျောက်အောင် နှုတ်က မြန်မြန်ရွတ်နေတာပေါ့ကွာ''

''ကျွန်တော်လည်း ဘိုးလို စာဝါးချင်တယ် အဖေ''

''ဒါဖြင့် စာများများတတ်အောင်သင်ပေါ့ကွ၊ ထမင်းစားချင်တော့ ထမင်းရှိမှ စားဖြစ်သလို စာဝါးချင်တော့ ကိုယ်တတ်ထားတဲ့ စာရှိမှပေါ့ကွ''

ကျွန်တော်သည် ဘိုးကို အစစအရာရာချီးကျူးအားကျသူဖြစ်ခဲ့၏။ ကျွန်တော်သည် ဘိုးကို အတုယူကာ ကကြီး၊ ခကွေးကစ၍ စာဝါးခဲ့ပါ၏။ နို့ပြီး ဘိုးက (အဆက်ဆက်က အစဉ်သာယာတဲ့ သရက်တစ်ပင်ရွာက အထူးအကျိုးပြုတဲ့ ဦးဖိုးနု)ဟု ရှင်ပြုဖိတ်စာတွင်ရေးလျှင် ကျွန်တော်ကလည်း (မချို့အစဉ်သာတဲ့ ကြို့ပင်ရွာက အထူးအကျိုးသယ်တဲ့ ဦးဖိုးဆယ်)ဟု ကျွန်တော့်အဖေနှင့် ရွာနာမည်ကို နဘောထပ်ဆိုလိုက်သောအခါ ဘိုးက လွန်စွာသဘောကျလှ၏။

''မောင်ဆယ်ေ့ ့ မင်းသားကြီးရင် ငါ့ခြေရာနင်းလိမ့်မယ်''ဟု ဂုဏ်ယူပြောဆို၏။ သို့သော် ဘိုးခြေရာကို နင်းဖို့ ဘိုးကို မှီဖို့က ခဲယဉ်းလှပါ၏။

ဘိုးသည် ရပ်ရွာ၌ အုပ်ချုပ်စီမံရာတွင်သူ။ မင်္ဂလာဆောင်၌ ဘိသိက် သွန်းရာတွင် သူ။ ရှင်ပြု၊ ရဟန်းခံတို့၌ သြဘာစာများ ရေးသားဖတ်ကြားရာတွင်သူ။ ရပ်သူ ရွာသားတို့ အပျင်းလည်းပြေ၊ ပညာရ ဗဟုသုတလည်းရအောင် ဇာတ်နိပါတ်တို့ကို သံနေသံထားနှင့် ဟောပြောရာတွင်လည်းသူ။

သူ့ ့ ့ သူ့ ့ ့ သူ့ ့ ့ ထိုသူသည် အသက်ငါးဆယ်ကျော်၌ ကံချော်၍ အကြံတော်တလွဲကို လိုက်မှားမိချေသည်။

မချောဖြူ ့ ့ ့ ။

သူသည် နာမည်နှင့်လိုက်အောင် ဖြူသည်။ ချောသည်။ လှသည်။ ချောသည် လှသည်နှင့်အမျှ ကမြင်းကြောထ၍ လင်ငယ်နေတတ်သူ။

သူ၏ ပထမဦးဆုံးယောကျာ်းသည် သူ မျောက်မထားတာ ပက်ပင်းမိ၍ သူ့အားလယ်ကွင်းထဲ ခေါ်သွားကာ ဓားနှင့်ခုတ်သတ်ပြီး သူ့ကိုယ်သူတော့ မီးရထားအနင်းခံ၍ ပွဲချင်းပြီး စီရင်ပစ်လိုက်သည်။

သို့သော် မကောင်းမှုပြုရန် အကုသိုလ်ကံ ကျန်နေသေးသော မအဟာကမသေ။ လည်ပင်းဓားဒဏ်ရာတွေနှင့် မေ့မြောနေရာမှ သတိပြန်ရလာခဲ့သည်။

ဘိုးနှင့် အခင်းဖြစ်ပွားရန်အချိန်မှာ ထိုမိန်းမသည် အသက်သုံးဆယ်ခန့်လည်ပင်းမှာဓားဒဏ်ရာနှစ်ချက် ရှိသည်။ အသားရောင် ဖြူဖြူဝင်းဝင်းနှင့် ပြည့်ပြည့်တင်းတင်း။ ထိုအချိန်၌ ဒုတိယလော၊ တတိယလောမပြောတတ်သည့် လင်ယောကျာ်းမှာ ဘိန်းစားဖိုးဆိုင်။

ကျွန်တော် သတိထားမိသောအချိန်မှာ မချောဖြူသည် ရွာထဲမှာခံတောင်းရွက်၍ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆားစသော ကုန်စုံရောင်းသည်။ ထိုကုန်စုံဝယ်ရင်းမှ စတင်သည်။

ကျွန်တော်သည် အမှတ်သညာထားတတ်သောအရွယ်မှစ၍ ဘိုးအိမ်မှာ အနေ, အစား များသည်။ အကြောင်းမှာ ဘိုးအိမ်သည် ဘယ်တော့မှ ဟင်းကောင်း မပြတ်ချေ။ မပြတ်ခြင်းမှာ ကျေးရွာဓလေ့ထုံးစံ ရှိ၏။ ရွာတွင် ကျွဲ၊ နွားသေ၍ လည်းကောင်း၊ သတ်၍ လည်းကောင်း၊ အမဲသားပေါ်လျှင် သူကြီးအိမ်ကို တစ်တွဲ ပို့ရသည်။ ဝမ်းတွင်းသား အစုံလည်းပါရသည်။ ဘိုးအုပ်ချုပ်သော ရွာက ဆယ်ရွာဆိုတော့ ဘိုးအိမ်မှာ အမဲဟင်းလျာပြတ်သည် မရှိချေ။

ဘိုးကိုယ်တိုင်ကတော့ အမဲသားမစားချေ။ ကျွန်

တော့်အဖေလည်း မစားချေ။ ကျွဲ၊ နွားဖြင့်အသက်မွေးရသော ကျေးရွာတို့တွင် အမဲသားမစားခြင်းသည် လူကြီးလူကောင်းတို့၏ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်ပေသည်။

ဘိုးတို့ ဂေါ်ပုံတစ်ရပ်ကို တွေး၍ ရယ်ချင်ပါသေးသည်။

ဝါတွင်းမိုးရာသီဆိုတော့ ကျွန်တော်တို့ လယ်တောဒေသမှာ ငါးပေါသည်။ သည်တော့ မချောဖြူက ကုန်စုံရောင်းခြင်းကိုရပ်ဆိုင်း၍ မုန့်ဟင်းခါးရောင်းသည်။ ထိုအခါဘိုးက ကျွန်တော့်ကိုခုတုံးလုပ်၍ မနက်တိုင်း မချောဖြူမုန့်ဟင်းခါးလာတိုင်း။

''ဟော့. . . မင်းဒီနေ့ မုန့်ဟင်းခါး စားဦးမလား'' မေးသည်။ ကျွန်တော်ကတော့ ဆယ်နှစ်သားအရွယ်လောက် ဘယ်သိလိမ့်ဦးမှာတုန်း။ အမြဲတမ်း ခေါင်းညိတ်သည်ပေါ့။ ဘိုး၏ အိမ်သားများကတော့ နာခေါင်းရှုံ့ကြပြီ၊ ရိပ်မိနေကြပြီ။ ထိုအခါ ဘိုးမှာ ဖနီးအမယ်ကြီးနှင့် သမီးနှင့်သားမက် ရှိသည်။

ကျွန်တော့်ကို မုန့်ဟင်းခါးကျွေးတော့ ဝါတွင်းမှာ သက်သတ်လွတ်သမား ဘိုးကမုန့်ကို ဘယ်လိုစားပါသနည်းဟူမူ ဟင်းရည်မဆမ်းစေဘဲ သူ့အိမ်က နှီဆီနှင့် ဆမ်း၍ စားပါသည်ခင်ဗျာ။

ဩော်. . . အာဂဘိုး။ လူကြီးလူကောင်း ဂေါ်ပုံမဆိုးဘူးနော့်။ ဦးကြီးတို့ နည်းယူကြ။

ထို့ပြင် ဘိုးတွင် သူများနှင့်မတူသော ထူးခြားချက်တစ်ရပ် ရှိသေးသည်။ ဘိုးသည် ထမင်းစားပြီး ပလုတ်ကျင်းသောအခါ၌လည်းကောင်း၊တစ်ခုခုစားသောက်ပြီး ပလုတ်ကျင်းသောအခါ၌လည်းကောင်း ဘယ်တော့မှ ထွေးမပစ်ချေ။ ပလုတ်ရေကို မျိုချလိုက်သည်သာ ဖြစ်၏။ ကျွန်တော်က

''ဘိုးလုပ်ပုံဟာ သူများနဲ့မတူဘူး၊ မရွံဘူးလား. . .''ဟု မေးသောအခါ

''ဟ. . . ကိုယ့်ပါးစပ်ထဲကဟာ ကိုယ်ရွံနေမှဖြင့် ငါလခွီးတဲ့ လည်ပင်းလှီးပစ်ဖို့သာ ရှိတော့တာပေါ့ကွ''ဟု ပြန်ဖြေပါသည်။

ဟုတ်တုတ်တုတ်။

ယင်းသို့လျှင် မချောဖြူသည် ကုန်စုံရောင်းရင်းဖြင့် လည်းကောင်း၊ မုန့်ဟင်းခါး ရောင်းရင်းဖြင့်လည်းကောင်း ဘိုးအိမ်နေ့တိုင်းလိုလို ဝင်ထွက်နေရာမှ လေးငါးလလောက်ကြာသော် မချောဖြူယောက်ျား ဘိန်းစားကိုဖိုးဆိုင်မှာ အိမ်ထဲ ဘိန်းငါးကျပ်သားခန့်နှင့် လက်ပူးလက်ကြပ် ဘိုးက ဖမ်းမိလေ၍ခမျာ ထောင်ကျသွားရှာလေသည်။

ဒါဘိုးက သူ့နောက်လိုက် မတရားသက်သေများနှင့် သက်သက် အမှုဆင်တာဖြစ်ကြောင်းကို တစ်ရွာလုံးကသိကြ၍ တဖျစ်တောက်တောက်နေကြ၏။ ကိုဖိုးဆိုင်သည် ဘိန်းစားဆိုသော်လည်း မခိုးတတ်၊ မဝှက်တတ်။ လူကောင်းတစ်ယောက်ဖြစ်၏။ သူ့ဟာသူ ထန်းတက်၍ စား၏။ ပုံးမြှုးထောင်၍ စား၏။

ထိုအရပ်ထဲက လူကြီးများသည် ဘိုးကို ဝိုင်းကြဉ်စ ပြုလာ၏။ သည်နောက် မကြာမီတွင် ဘိုးသည် သူ့အိမ်သူအိမ်သားများနှင့် ရန်ဖြစ်ကြလေ၍ အမယ်ကြီးသည် သမီးနှင့်သားမက်ကို ခေါ်ကာ သူ့ဇာတိရွာသို့ ပြန်သွားလေတော့သည်။

ဘိုးကိုကား မည်သူမျှ တရားချ၍ မရတော့ပေ။ ယခင်တုန်းက ရပ်ရွာအိမ်ထောင်ရေးကိစ္စတို့မှာ သူကသာ ဖျန်ဖြေစီမံခန့်ခွဲ ပေးခဲ့သည်။ သူ့ဇာတ်တွင်ကား သူသာဇာတ်ဆရာ၊ အခြားဇာတ်ဆရာကို လက်မခံတော့ပြီ။

နောက်ဆုံးတစ်နေ့၌ကား မချောဖြူသည် ဘိုး၏အိမ်ပေါ်သို့ ရောက်လာလေသတည်း။ သို့သော် ဤဖြစ်ရပ်တွင်ဘိုး၏ရလဒ်ကားကျဆုံးခြင်းပင်တည်း။

မချောဖြူ ဘိုးအိမ်ရောက်ပြီး ဒုတိယမြောက်နေ့နံနက်တွင် အသက်ခြောက်ဆယ်မျှ ရှိမည်ဖြစ်သော အမယ်ကြီးတစ်ယောက် ဆောင်ဓားရှည်ကြီး တစ်လက်ကိုကိုင်ကာ ဘိုး၏အိမ်ဝင်းထဲရောက်နေလျက် ဓားတလက်လက်နှင့် ဆဲရေးကြိမ်းမောင်းနေပေတော့သည်။

''ဟဲ့ အောင်ဒွန်း၊ နင် ဗလကောင်းလှတယ်၊ သတ္တိကောင်းလှတယ်ဆို၊ ကြိုက်တဲ့လက်နက်ကိုင်ပြီး တံခါးဖွင့် ဆင်းခဲ့စမ်း''

''ချလွှမ်. . . . . . .''

အိမ်ရှေ့နံရံအကာကို သူ့ဓားနှင့်ပစ်လိုက်သည်။ ထို့နောက် ပြန်ကောက်ကာ. . .

''ဟဲ့ အောင်ဒွန်း၊ နင် သတ္တိနည်းလှချည်လား၊ ငါလို အမယ်ကြီးနဲ့မှရင်မဆိုင်ဝံ့တော့ဘူးလား၊ လူချင်းကြောက်ရင် နင့်မှာ နှစ်လုံးပူးသေနတ် ရှိတယ်မဟုတ်လား၊ ဒီမှာ ပစ်လိုက်စမ်းဟေ့ . . .''

ရင်ကိုကော့ပြပြီး သူ့ဓားနှင့်တစ်ဖန်ပစ်လိုက်ပြန်လေသည်။ အိမ်ပေါ်ကတော့ ဘာသံမှ မကြားရ။ ဆိတ်ငြိမ်လှသည်။ လူတစ်ယောက်မျှ မရှိဟုထင်ရသည်။ သို့သော် ဘိုးနှင့် မချောဖြူ ရှိတာအမှန်။ ညကပင် မီးအိမ်ထွန်းတာ မြင်ရသေးသည်။ ယခု မနက်အစောကြီးမှ စောစောစီးစီး ဒီအမယ်ကြီးက ကျွန်တော်အိပ်ယာက မနိုးမီပင် လာရောက်ဆူပူနေခြင်းဖြစ်သည်။

ဘိုးအိမ်သည် တစ်ထပ်အိမ်မြင့်။ အောက်ဆင့်မရှိ။ မြေကြီးပေါ် စားပွဲကုလားထိုင် ထားသည်။ အိမ်အကာမှာ နှစ်တစ်လက်မ သစ်သားတန်းတွေကို ကြက်ခြေခတ် ရိုက်ကပ်ထားသည်။ ထိုနံနက်၌ အပေါ်ထပ်ရော အောက်ထပ်ပါ တံခါးတွေအားလုံး ပိတ်ထားသည်။

ကျွန်တော်သည်အိပ်ရာမှထကာ ပြတင်းပေါက်မှ အံ့ဩစွာနှင့် လှမ်းကြည့်၍နေသည်။ အမယ်ကြီးသည် ပိန်သော်လည်း စိတ်ကဆောင်နေ၍ တော်တော်ပဲ မာကျောပုံပေါ်သည်။ သူသည် အော်ဟစ်ဆဲရေးရင်း အောက်နံရံကို ဓားနှင့်ခုတ်လိုက်၊ အိမ်အပေါ်ထပ်ကို လှမ်းပစ်လိုက်၊ မောလျှင် ထိုင်ပြီးနားလိုက် နောက်ပြီး တစ်စခန်းထလိုက်နှင့် အရှယ်နှင့် မလိုက်အောင်ပင်။ ဒေါသနှင့် ဖွဲ့သတ္တိကကြီးလှပါသည်။

''ဟေ့ . . အောင်ဒွန်း၊ မယားခိုးရဲ့၊ လူ့တိရစ္ဆာန်ရဲ့ နင်ငါ့သားမက်အိတ်ထဲ အတင်းဘိန်းထည့်ပြီးနင့် နောက်တော်ပါ သက်သေလိမ်တွေနဲ့ အမှုဆင်ပြီးထောင်ချတယ်ဆိုတာ လူတိုင်းကသိကြတယ်ဟဲ့''

''ချလွှမ်''

ဓားနှင့်တစ်ချက် ပစ်လိုက်ပြန်သည်။

''နင်ဟာ ဆယ်ခိုင်သူကြီး၊ ဘုရားကိုးဆူ ဆရာကြီး၊ ဘိသိက်ဆရာကြီး၊ ရတု၊ ဩဘာဆရာကြီး၊ ကွက်စိပ်ဆရာကြီးဆိုတဲ့ ဂုဏ်တွေမှမထောက်ဘူး၊ ငအောင်ဒွန်းရယ်၊ ဟို မျောက်မထားမရော ဆင်းခဲ့၊ နင့်ပါ ငါ နုတ်နုတ်စဉ်းပစ်မဟဲ့၊ နင့်အတွက် ငါ တစ်ခါက နှစ်ခါရှက်၊ နှစ်ခါက သုံးခါရှက်၊ တစ်သက်လုံး ရှက်နေရမှာလားဟဲ့. . .၊ နင်တို့ကိုသတ်ပြီး ငါပါသေပစ်လိုက်မဟဲ့.''

ဤအချိန်၌ ကျွန်တော့်မှာ အသက်ရှစ်နှစ်ကိုးနှစ်မျှ ရှိဦးမည်ဖြစ်၍ အဖေ့အနားသို့ ချဉ်းကပ်သွားကာ. . .၊

''အဖေရယ်. .၊ ဘိုးက ဒီအမယ်ကြီးပိန်ပိန်လေးများ ဘာလို့ကြောက်နေရသလဲ၊ အောက်ဆင်းပြီး ဖမ်းလိုက်ရောပေါ့၊ ဘိုးက အားအများကြီးကြီးတာပဲ မဟုတ်လား၊ နို့ပြီး ဘိုးက သူကြီး''

''ဟဲ. ဘာကြီးဖြစ်နေနေ၊ ကိုယ်အမှားလုပ်မိတဲ့အခါမှာ မှန်သူကို ရင်မဆိုင်ဝံ့တော့ဘူး၊ ကြောက်နေရော၊ ဒါဟာ တရားသဘောပဲ. . .''

''ကျွန်တော် နားမလည်ပါဘူး အဖေရာ''

''အေး ငါ့သား၊ ကြီးတော့ နားလည်ပါလိမ့်မယ်''

ထိုအချိန်၌ ကျွန်တော်သည် ဘိုးကိုသာ သနားနေတော့သည်။ ဘိုးဖက်က ဘယ်သူမျှ ကူညီမည့်သူလည်း မရှိပါလား၊ ဒီအမယ်ကြီးကို လာတားခြင်း၊ ဆွဲငင်ခြင်းလည်း မည်သူမျှ မပြုကြ။ အကယ်၍ အခြားအိမ်၌သာ ဤသို့ ဖြစ်နေပါမူ ဘိုးကိုယ်တိုင် သွားရောက် စီစဉ်ဖျန်ဖြေချေမည်။

စင်စစ်တော့ သူကြီးဦးအောင်ဒွန်း၏ မတရားပြုမှုကို တစ်ရွာလုံးက မုန်းတီးရွံရှာနေခြင်း ဖြစ်

သည်။ ဖြစ်နိုင်လျှင် အမယ်ကြီးဖက်ကပင် အကူညီ ပေး ကြဦးမည်။ သို့သော် ကူညီစရာ မလို၊ အမယ်ကြီးက အံ့ဖွယ်ကောင်းလောက်အောင်ပင် ဖွံ့သတ္တိကြီးလှပါဘိ။ ဤနေ့ ပထမနေ့က နံနက် ဝေလီဝေလင်းမှသည် ဆယ်နာရီခန့်အထိ ဆဲရေးကြိမ်းမောင်းပြီး ထမင်းဆာသောကြောင့် ပြန်သွားသည်။ နောက်နေ့နံနက်ဝေလီဝေလင်း၌ ယမန်နေ့ကအတိုင်း ပြန်ရောက်လာပြီးယမန်နေ့ကအတိုင်းပြုမူပြန်တော့သည်။

အမယ်ကြီးသည် ဤသို့ချည်း မနက်တိုင်းလာလုပ်၏။

ပဥ္စမမြောက် ညနေခင်းဝယ် ဦးအောင်ဒွန်းနှင့် မချောဖြူတို့သည် ပစ္စည်းပစ္စယများကို လှည်းတစ်စီးနှင့်တင်၍ ထွက်ခွာသွားကြတော့သည်။

ဤအခင်းဖြစ်နေချိန် ဘိုးအိမ်သို့ မသွားရန် ကျွန်တော့်အားတားမြစ်ထား၍ယင်းညနေလှည်းပေါ် ပစ္စည်းတွေတင်နေတုန်းမှာ ဘိုးကိုကျွန်တော်နောက်ဆုံး မြင်လိုက်ရခြင်းပင်ဖြစ်သည်။ ထိုအချိန်၌ သူ့အား မည်သူကမျှလည်းလာ၍ နှုတ်မဆက်ကြချေ။

ရွာတွင် သူကြီးမရှိတော့ကြောင်း ကြားသိရသောအခါ၌ ဆယ်အိမ်ခေါင်းတွေခေါ်၍ ဖြစ်ပုံကို စစ်ဆေးမေးမြန်းပြီး ဦးအောင်ဒွန်းအား သူကြီးရာထူးမှချလိုက်ကာ နောက်ထပ်သူကြီးအသစ် ရွေးကောက်ပွဲ လုပ်လိုက်လေသည်။

ဦးအောင်ဒွန်းကား ဂုဏ်သိက္ခာ အဖတ်ဆယ်မရလောက်အောင် ကျဆင်းလေ၍ ရွာသို့ပြန်ပြီး မချဉ်းကပ်ရဲတော့ပေ။ သူ့အိမ်ကို သူ့အမယ်ကြီးနှင့် သမီးသားမက်တို့ ပြန်၍နေကြသည်။

ဦးအောင်ဒွန်းသည် ဤမှ မကြာမီတွင် စိတ်ရောလူရော ပင်ပန်းဆင်းရဲလှစွာဖြင့် သေဆုံးသွားသည်ဟု ကြားသိရလေသည်။

**သော်တာဆွေ**

**ကာမဂုဏ်စိတ် ဖြစ်ပေါ်ခြင်းအကြောင်း**

အဒ္ဒသံ ကာမတေ မူလံ၊
သင်္ကပ္ပါ ကာမ ဇာယတိ။
န တံ သင်္ကပ္ပယိဿာမိ၊
ဝေံ ကာမ နဟောဟိ သိ။

**(မဟာနိဒ္ဒေသပါဠိတော်)**

''ဟယ် ကာမဂုဏ်၊ သင်ဖြစ်ပေါ်လာရခြင်းအကြောင်းကို ငါသိပြီ၊ သင်ကာမဂုဏ်သည် တွေးတော၊ စိတ်ကူး၊ ကြံစည်မှုသာ ဖြစ်ပေါ်လာနိုင်ခြင်း ဖြစ်၏။ ယနေ့မှစ၍ သင်ကာမဂုဏ်အကြောင်းကို ကြံစည်စိတ်ကူးခြင်း မပြုတော့အံ့။ ထိုအခါ သင်ကာမဂုဏ်တရားသည် ဘယ်အခါမှ ဖြစ်ပေါ်လာတော့မည် မဟုတ်ချေ''

ဤကား ဘုရားအလောင်းတော်၏ ဝိပဿနာကျင့်စဉ်တစ်ခုပင် ဖြစ်၏။ ကာမဂုဏ်ဟူသည် ကြံစည် စိတ်ကူးနေမှသာဖြစ်ပေါ်လာခြင်း ဖြစ်၏။ ကြံစည် စိတ်ကူးမှုမရှိလျှင် ဖြစ်ပေါ်မလာတော့ပေ။ သားသမီးရမှု နီးကပ်လွန်းခြင်း၊ အိမ်ထောင်ရေး ဖောက်ပြန်မှု ပြုမူမိခြင်းများသည် အထက်ပါ ဒေသနာအတိုင်း မလိုက်နာဘဲ ကာမဂုဏ်ခံစားမှုအကြောင်းများကို အမြဲ ကြံစည်တွေးတောနေတတ်ကြသောကြောင့် ဖြစ်၏။

မယ်တော်ကြီးသည် ထိုအချက်နှင့် ပတ်သက်၍ သူ၏သမီးများကို အမြဲဆုံးမလေ့ရှိ၏။

''သမီးတို့၊ အမှောင်ထဲမှာ ကာမအမှောင်လို့ ခေါ်တဲ့ ခြင်ထောင်အမှောင်ဟာ အဆိုးဆုံးပဲ၊ ပုထုဇဉ်တွေပဲ အာရုံနဲ့တွေ့ကြုံလာရင်တော့ ထိုက်သင့်သလိုခံစားပေါ့။ ဒါပေမဲ့ ဒီကာမဂုဏ်နဲ့ပတ်သက်တာတွေချည်း အမြဲကြံစည်စိတ်ကူး မနေရဘူး။ ဂုဏ်တော်၊ မေတ္တာဘာဝနာတို့ကို အချိန်ရသလောက် ပွားများပေးရတယ်။

''မြင့်မြတ်တဲ့ ပဒုမ္မာကြာတို့၊ ကုမုဒြာကြာတို့ဟာ နောက်ချေးပုံထဲမှာ မပေါက်ဘူး။ ကြည်လင်တဲ့ ရေမှာပဲ ပေါက်ရောက်တယ်၊ ထို့အတူအများအားဖြင့် ထူးမြတ်တဲ့ပါရမီရှင်သားသမီးတွေဟာ ထူးမြတ်တဲ့ မိခင်ဝမ်းမှာပဲ သန္ဓေတည်ကြတယ်။ ယုတ်ညံ့တဲ့

မိခင်ဝမ်းမှာ သန္ဓေတည်လေ့ မရှိကြဘူး။

''ဒီကာမဂုဏ်အကြောင်းတွေချည်း အမြဲကြံစည်စိတ်ကူးနေတဲ့ မိန်းမတွေဟာ သားသမီးရတာလည်း တအားများတယ်၊ တချို့ဆို သားသမီးတွေဟာ တစ်ယောက်နဲ့တစ်ယောက် တစ်နှစ်ပြည့်အောင်တောင် မကွာဘူး။ သန္ဓေသားသုံးလရှိတာနဲ့ ယောကျ်ားနဲ့ ခွဲအိပ်ကြ၊ မီးဖွားပြီး နှစ်လအတွင်းမှာလည်း ယောကျ်ားနဲ့ အတူမနေသင့်ဘူး''

မယ်တော်ကြီးသည် သူကျင့်ခဲ့သည့်အတိုင်း သမီးများကို ပြန်လည်ဩဝါဒပေးနေခြင်း ဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့ ညီအစ်ကို မောင်နှမများသည် တစ်ယောက်နှင့် တစ်ယောက် သုံးနှစ်ခန့်ကွာကြသည်။ အစ်မကြီးနှင့် နှမငယ်တို့ သားသမီးများမှာလည်း ထိုကဲ့သို့ပင် သုံးနှစ်စီ ကွာသည်ကို တွေ့ရသည်။ ဆေးမလိုသော သဘာဝသားဆက်ခြားနည်း ဆိုရပေမည်။

### ပါရမီရှင်တို့၏ အမှား

နှစ်သချေ်နှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်နေသောပစ္စေကဗုဒ္ဓါအလောင်းဖြစ်ပါလျက် တစ်ခုသောဘဝက အမှားတစ်ခုကြောင့် ဒုက္ခပင်လယ် ဝေရပုံကို သုတ္တနိပါတ်အဋ္ဌကထာမှ ထုတ်နုတ်၍ပြဦးမည်။

လွန်လေပြီးသော ကဿပဘုရား ရှင်လက်ထက်တော်အခါက ရဟန်းတော်တစ်ပါးသည် ဝိပဿနာတရားကို အားထုတ်သော်လည်း ပါရမီမရင့်သေးသဖြင့် မည်သည့်မဂ်ဖိုလ်မှမရဘဲ ကွယ်လွန်ခဲ့လေရာ ဗာရာဏသီပြည်တွင် သူဌေးသားသွားဖြစ်သည်။

သူသည် ကဿပဘုရားရှင်လက်ထက်က အနှစ် နှစ်သောင်းကြာအောင် ရဟန်းသီလကို စောင့်ထိန်းခဲ့သောကြောင့် အလွန်ချောမောလှပလေသည်။ သဘာဝအားဖြင့် ကုသိုလ်လုပ်ဖို့ လူဖြစ်လာရသည် မှန်သော်လည်း သူသည် အတွေးချော်ပြီး ကာမဂုဏ်ခံစားဖို့ လူဖြစ်လာသည်ဟု ယူဆလိုက်သည်။

ထိုအတွေးခေါ်သည် သူ့အား ငရဲအထိ ဆွဲချမည် ဖြစ်သည်။ သူသည် ချောမောလှပသော သူ့ရုပ်ရည်ကို ရှေ့တန်းတင်ပြီး သူတစ်ပါး သားမယားကို ပြစ်မှားဖျက်ဆီးလေတော့သည်။ ထိုအကုသိုလ်ကြောင့် သေသောအခါငရဲသို့ကျရသည်။ ငရဲသက်ကုန်၍ လူ့ဘဝတွင် သူဌေးတစ်ဦး၏သမီးဖြစ်လာသည်။ ငရဲမှ လူဖြစ်လာသူတို့၏ ထူးခြားချက်ကို သုတ္တနိပါတ်အဋ္ဌကထာ၌ဤသို့ ဖွင့်ပြထား၏။

နိရယာ အာဂတာနံ ဂတ္တာနိ ဥဏှာနိ ဟောန္တိ။

(သုတ္တနိပါတ်အဋ္ဌကထာ)

**ငရဲမှ လာကုန်သော သတ္တဝါတို့၏ ကိုယ်တို့သည် ပူလောင်ကုန်၏**

သူဌေးကတော်သည် ပူလောင်သောကိုယ်ဝန်ကို ပင်ပန်းဆင်းရဲစွာ ဆယ်လတိုင်အောင် ဆောင်ပြီးမှ မွေးဖွားလေ၏။

### အချစ်ပျက်ရေး လူမုန်းဆေး

သူတစ်ပါးမယားကိုဖျက်ဆီးခဲ့သူများ၏ ထူးခြားသော ဆိုးကျိုးတစ်ခုမှာ လူမုန်းများခြင်းပင် ဖြစ်၏။ ထိုသူဌေးသမီးကို မိဘဆွေမျိုးအားလုံးက အလွန်မုန်းတီးကြ၏။ အသက်(၁၆) နှစ်ပြည့်ပြီးသောအခါ သူ့ကို သူဌေးသားတစ်ယောက်နှင့် အိမ်ထောင်ချပေးလိုက်သည်။ ကာမေသုဆိုးကျိုးကား အံ့ဩဖွယ်ကောင်းလေစွ။ လင်၏ အိမ်သို့ရောက်သောအခါတွင်လည်း သူ့လင်နှင့်တကွ မိဘညီအစ်ကိုမောင်နှမများအားလုံးက သူ့ကို မျက်နှာမမြင်ချင်လောက်အောင် မုန်းတီးကြပြန်၏။

ထို့ကြောင့် သူဌေးသမီးမှာ မျက်နှာငယ်ပြီး အမြဲစိတ်ဆင်းရဲနေရ၏။ တစ်နေ့၌သူတို့မြို့တွင် နက္ခတ်ပွဲသဘင်တစ်ခု ကျင်းပလေသည်။ သူဌေးသားသည် သူဌေးသမီးနှင့်အတူ မသွားလိုသောကြောင့် ပြည့်တန်ဆာမတစ်ဦးနှင့်သွားရန် သူ့မိတ်ဆွေများနှင့် တိုင်ပင်လေ၏။ ထိုအကြောင်းကို သိသွားသော

သူဌေးသမီးသည်သူ့ခင်ပွန်းအား သနားစဖွယ် ယခုလို လာရောက်တောင်းပန်ရှာ၏။

''အရှင်သား၊ မိန်းမတို့မည်သည် မင်းဆယ်ယောက်တို့၏ နှမပင်ဖြစ်စေ၊ စကြဝတေးမင်း၏သမီးပင်ဖြစ်စေ လင်သား၏ကြင်နာယုယမှုကိုရမှ စိတ်ချမ်းသာကြရပါသည်၊ လင်သည် စကားမပြောဘဲပစ်ထားလျှင် သံတံကျင်အလျှိုခံရသကဲ့သို့ ဆင်းရဲလှပါသည်။ အကယ်၍ ကျွန်ုပ်အား မယားနေရာတွင် ချီးမြှောက်ထိုက်အံ့၊ ချီးမြှောက်ပါ၊ မချီးမြှောက်ထိုက်ပါက ကွာရှင်းပေးပါ၊ ဆွေမျိုးမိဘအိမ်သို့ ပြန်ပါမည်''

''ဒါဆိုရင် ကောင်းပါပြီ၊ စားသောက်ဖွယ်ရာများကိုသာ စီစဉ်ပါ၊ သင်နဲ့အတူ နက္ခတ်ပွဲသဘင်ကို သွားပါ့မယ်''

သူဌေးသမီးသည် လင်၏စကားကိုယုံစားလျက် စားဖွယ်သောက်ဖွယ်များကို နက်ဖြန်ခါအတွက်စီစဉ်လေ၏။ နောက်နေ့ရောက်သောအခါ သူဌေးသားသည် သူဌေးသမီးမသိစေဘဲ နက္ခတ်ပွဲသဘင်သို့ ရှောင်ထွက်သွားလေ၏။ နောက်နေ့ရောက်၍ နေမြင့်သည်တိုင်အောင် သူဌေးသား လာမခေါ်သောအခါတွင်မှ သူ့ကိုပစ်ထားခဲ့မှန်း သူဌေးသမီးသိသွားလေသည်။

သူဌေးသမီးသည် ခဲဖွယ်ဘောဇဉ်တို့ကို ယူဆောင်ပြီး ဥယျာဉ်ကြီးတစ်ခုအတွင်းသို့တစ်ယောက်တည်း ဝမ်းနည်းကြေကွဲစွာဖြင့် ထွက်သွားလေသည်။ ထိုအချိန်တွင် နန္ဒမူလိုဏ်ဂူ၌ သီတင်းသုံးသော ပစ္စေကဗုဒ္ဓါတစ်ပါးသည် နိရောဓသမာပတ်မှထလာပြီး ချီးမြှောက်ရမည့်သူကို ဆင်ခြင်ကြည့်ရာ သူဌေးသမီးကို တွေ့သွားလေသည်။

ထိုသူဌေးသမီးသည် ငါ့အား ပူဇော်သက္ကာရကိုပြုအပြီးမှာပင် ပရဒါရက်များ ကုန်ဆုံးခြင်းသို့ ရောက်လိမ့်မည်ဟု သိမြင်တော်မူသောကြောင့် သူဌေးသမီး လာရောက်ရာလမ်းရှေ့၌ ဆွမ်းရပ်လေသည်။ သူဌေးသမီးသည် မြင်းရထားမှ ဆင်းသက်၍ ရှိသေစွာရှိခိုးပြီးလျှင် မထေရ်၏သပိတ်ထဲသို့ ခဲဘွယ်ဘောဇဉ်များကို ပြည့်စုံစွာလောင်းလှူပြီးလျှင် သပိတ်ပေါ်တွင်လည်းကောင်း၊ သပိတ်အောက်တွင်လည်းကောင်း ကြာပန်းကိုခံပြီးလျှင် သပိတ်ကို ကပ်လှူ၏။

ပြီးလျှင် ကြာပန်းများကို လက်အုပ်ဖြင့်ညှပ်ကိုင်ပြီးလျှင် ယခုကဲ့သို့ ဆုတောင်း၏။

''ဤပန်းကို လူအပေါင်း ချစ်ခင်နှစ်သက်သကဲ့သို့ ဖြစ်ရာဘဝတွင် လူရှင်အပေါင်းသည် ကျွန်ုပ်အား ချစ်ခင်နှစ်သက်ပါစေသတည်း''

''အရှင်ဘုရား၊ အမိဝမ်းခေါင်း၌ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှသောကြောင့် အကျွန်ုပ်သည် ကြာတိုက်၌သာ ပဋိသန္ဓေ နေလိုပါ၏။

''အရှင်ဘုရား မာတုဂါမကား စက်ဆုပ်ရွံရှာဖွယ်ရှိ၏၊ စကြဝတေးမင်း၏သမီးပင် ဖြစ်သော်လည်း ယောကျ်ား၏ အလိုသို့သာလိုက်ရ၏၊ ထို့ကြောင့် မိန်းကလေးအဖြစ်သို့မရောက်ဘဲယောကျ်ားစင်စစ် ဖြစ်ပါစေသတည်း။

''အရှင်ဘုရား၊ ဤသံသရာဝဋ္ဋဒုက္ခကို လွန်ပြီးအဆုံးဘဝ နောက်ကာလဝယ် အရှင်ဘုရားတို့သိမြင်အပ်သော အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ကျွန်ုပ်လည်း ရောက်ရပါစေသတည်း။

''အရှင်ဘုရား၊ အကျွန်ုပ်၏ အနံ့အဆင်းသည် ဤပဒုမ္မာကြာနှင့် တူပါစေသတည်း'' ဟု ဆုငါးမျိုးကို တောင်း၏။

အရှင်ပစ္စေကဗုဒ္ဓါသည်

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိ ရသော ယထာ။

''သင်၏ အလိုရှိအပ် တောင့်တအပ်သော ဆုသည် အလျှင်အမြန် ပြည့်စုံစေသတည်း။ ဆယ့်

ငါးရက်မြောက် လပြည့်ဝန်းကဲ့သို့ သင်၏အကြံ အစည်မှန်သမျှ ပြည့်စုံပါစေသတည်း။ လိုတရ မဏိဇောတပတ္တမြားကဲ့သို့ သင်၏ အကြံအစည် မှန်သမျှ ပြည့်စုံပါစေသတည်း''

ဟု ဂါထာနှစ်ဂါထာဖြင့် အနုမောဒနာ ပြုပြီး လျှင် ကောင်းကင်မှ ပြန်ကြလေ၏။ မထေရ်၏ အဓိဋ္ဌာန်ကြောင့် သူဌေးသမီးသည် မထေရ်မြတ် နန္ဒမူလိုဏ်ဂူ ရောက်ပြီး ဆွမ်းဘုဉ်းပေးသည်အထိ တွေ့မြင်ကြည်ညိုရလေ၏။

ထိုခဏမှာပင် သူဌေးသမီး၌ပါလာသော ပရ ဒါရအကုသိုလ်ကံများသည် ကုန်ခန်းခြင်းသို့ရောက် ၏။ မန်ကျည်းသီးမှည့်ဖြင့် ပွတ်အပ်သောကြေးနီ ခွက်ကဲ့သို့ စင်ကြယ်ခြင်းသို့ရောက်လေ၏။ ထိုအခါ မှစ၍ သူဌေးသမီးအား တွေ့မြင်ရသူလူတိုင်းက ချစ်ခင်နှစ်သက်လေ၏။

သူဌေးသားလည်း ထိုခဏ၌ပင်နက္ခတ်ပွဲသဘင် ကစားနေရာမှ သူဌေးသမီးကို သတိရပြီး ချက်ချင်း အခေါ်လွှတ်လေသည်။

သူဌေးသမီးသည် ထိုဘဝမှ စုတေသောအခါ နတ်ပြည်သို့ နတ်သားအဖြစ်ဖြင့် ရောက်လေသည်။ နတ်ပြည်၌သန္ဓေတည်သောအခါ သူ၏ဆုတောင်း အတိုင်း ပဒုမ္မာကြာတိုက်တွင် သန္ဓေတည်ရသည်။

ထိုနတ်သားသည် လျှောင်းသောအခါ၊ ထိုင် သော အခါ၊ ရပ်သောအခါ၊ သွားသောအခါ ပဒုမ္မာ ကြာတိုက်မှာပင်လျှောင်း၏၊ထိုင်၏၊ ရပ်၏၊ သွား၏။ ထို့ကြောင့်သူ့ကို'မဟာပဒုမနတ်သား' ဟုခေါ်ကြ၏။ မဟာပဒုမနတ်သားသည်နတ်ပြည်ခြောက်ထပ်တွင် အစုန်အဆန် နတ်စည်းစိမ်ကို ခံစားလျက်နေ၏။

ထိုအချိန်တွင် ဗာရာဏသီမင်း၏ မိဖုရားပေါင်း နှစ်သောင်းတို့သည် သားသမီးမရဘဲ ဖြစ်နေကြ၏။ မှူးမတ်နှင့် မင်းကြီးတို့၏ တောင်းဆိုချက်အရ သား ဆုပန်ကြသော်လည်း သားသမီး မရကြသေးချေ။ ထိုတွင် သားဆုမပန်ရသေးသည်မှာ မိဖုရားကြီး တစ်ဦးသာ ကျန်၏။

မင်းကြီးက မိဖုရားကြီးကိုလည်း သားဆုပန်နိုင်း ရာ သာမန်ကိုယ်ကျင့်သီလဖြင့် သားဆုပန်၍ မရ နိုင်ဟုဆင်ခြင်ပြီး မိဖုရားကြီးသည် နန်းပြာသာဒ် ထက်သို့တက်ကာ ငါးပါးသီလ စောင့်ထိန်းပြီးမှ သားဆုပန်လေသည်။ သိကြားမင်းလည်း မိဖုရား ကြီး၏ ရှေ့ကောင်းကင်တွင်ရပ်ကာ ''အဘယ် အရာကို တောင်းသနည်း''ဟု မေး၏။

မိဖုရားကြီးက သားကိုတောင်းကြောင်း ပြန် ပြောသောအခါ ''မစိုးရိမ်နှင့် သင့်အား ငါပေးမည်'' ဟု ကတိခံပြီး နတ်ပြည်သို့ပြန်လာခဲ့၏။ မဟာ ပဒုမနတ်သားကို ယခုကဲ့သို့ ပြော၏။

''မဟာပဒုမနတ်သား၊ လူ့ပြည်သို့သွား၍ လူ သားအဖြစ်ယူပါ''

''သိကြားမင်း၊ လူ့ပြည်ကား စက်ဆုပ်ဖွယ်ရှိ ၏၊ လူမဖြစ်လို''

''နတ်သား၊ သင်သည် လူဖြစ်စဉ် ကုသိုလ် ကောင်းမှုကို ပြုသောကြောင့် ဤနတ်ပြည်သို့ ရောက်ရသည် မဟုတ်လော၊ လူ့ပြည်၌ ပါရမီဖြည့် ရန်၊ ကုသိုလ်ပြုရန် လူသားဘဝကို ရယူပါလေ''

''သိကြားမင်း၊ ကျွန်ုပ်ကားဝမ်းတွင်း၌ ပဋိ သန္ဓေ မနေနိုင်''

''နတ်သား၊ သွားပါချေ၊ ကြာတိုက်၌ ပဋိသန္ဓေ နေပါချေ''

ကြာတိုက်၌ ပဋိသန္ဓေ နေရပါစေမည်ဟူသော ဝန်ခံချက်ကိုရမှ မဟာပဒုမနတ်သားသည် နတ် ပြည်မှ စုတေ၍ ဗာရာဏသီမင်းပိုင် ဥယျာဉ်တွင်း ရေကန်ရှိ ပဒုမ္မာကြာတွင် ပဋိသန္ဓေ ယူလေသည်။ သိကြားမင်းသည် မိဖုရားကြီးအား ရေကန်ရှိ ကြာ တိုက်တွင်သားရကြောင်း အိပ်မက်ပေး၏။ အိပ်မက် အတိုင်း ရေကန်တွင်းဆင်း၍ ကြာပန်းပွင့်ကြီးတစ် ပွင့်ကို မိဖုရားကြီးကိုယ်တိုင် ခူးဆွတ်၏။

ခူးဆွတ်ဆဲအခါမှာပင် ကြာပန်းသည်ကား ကားကားစွင့်စွင့် ပွင့်လျက် ရွှေဆင်းတုနှင့်တူသော သတို့သားကို မြင်ရလေ၏။ မင်းကြီးသည် ထို

အကြောင်းကိုသိသောအခါ သားအဖြစ်မွေးမြူပြီး အထိန်းတော်နှစ်သောင်းနှင့် လိုလေသေးမရှိအောင် ထား၏။ အထိန်းသည်များသည်တစ်ထောင်စီသော ဆုလာဘ်ကိုရ၏။ မင်းသားလေးသည် ဗာရာဏသီ တစ်ပြည်လုံးတုန်လှုပ်အောင်ဘုန်းကံကြီးမားလေ၏။

ရှင်လူအားလုံးက လက်ဆောင်ပဏ္ဏာများ နေ့စဉ် ဆက်သနေကြ၏။ တွေ့သမျှလူတိုင်းက ''မင်းသားလေး ဤခဲဖွယ်ကိုခဲပါ၊ ဤစားဖွယ်ကိုစားပါ'' ဟု အမြဲတမ်း လိုက်လံကျွေးမွေးနေကြ၏။ သူ၏ ရှေးဆုတောင်းအတိုင်း တကယ်ဖြစ်လာသောအခါ စိတ်ပင်ပျက်နေရှာ၏။ထိုပဋိသန္ဓာရပြုသော စကားများကို မကြားချင်သဖြင့် တံခါးမုခ်တစ်ခုနားသို့ သွား၍ ဂုံညင်းထိုးတန်း ကစားနေ၏။ ထိုအချိန်က ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဗာရာဏသီပြည်၊ ဣသိပတနမိဂဒါဝုန်တောသို့ သီတင်းသုံးနေထိုင်လျက်ရှိ၏။

မထေရ်မြတ်သည် မင်းသားလေး၏ ရှေးဆုတောင်းငါးမျိုးကိုသိ၏။ သူ၏ ဆုတောင်းငါးမျိုးတွင် လေးမျိုးကားပြည့်လေပြီ။ တစ်မျိုးသာကျန်တော့သည်။ ထိုတစ်မျိုးပါပြည့်စုံစေရန် မထေရ်မြတ်သည် ဆွမ်းရှာသောအသွင်ဖြင့် မင်းသား၏အထံသို့ကြွလာ၏။ မင်းသားလည်း မထေရ်မြတ်ကို မြင်လျှင်–

''ရှင်ရဟန်း၊ ဤအရပ်သို့ မလာပါနှင့်၊ ဤအရပ်သို့လာလျှင် ဤခဲဖွယ်ကို ခဲပါ၊ ဤစားဖွယ်ကို စားပါ''ဟု ဝိုင်းဝန်းပြောဆိုကြလိမ့်မည် ဟု လျှောက်ထား၏။

မထေရ်မြတ်သည် ထိုစကားအဆုံးမှာပင် ချက်ချင်း မိမိကျောင်းသို့ ပြန်ကြွသွားလေ၏။ မင်းသားငယ်သည် မထေရ်က သူ့ကိုစိတ်ဆိုးသွားသည် ဟု ယူဆပြီး မထေရ်မြတ်ကျောင်းသို့ကန်တော့ တောင်းပန်ရန် အခြံရံများစွာဖြင့်သွား၏။

လမ်းတွင် တောသမင်တို့ကိုမြင်လေရာ မင်းသားက အခြံရံများကို ယခုလို မေးမြန်း၏။

''အချင်းတို့၊ ဤသတ္တဝါများကို အဘယ်သို့ခေါ်သနည်း''

''သမင်ဟု ခေါ်ကြောင်းပါဘုရား''

''ဤသမင်တို့ကို ဤခဲဖွယ်ကို စားပါ၊ ဤစားဖွယ်ကို စားပါဟု ပြောမည့်သူတွေ ရှိပါသလား''

''မရှိပါ၊ မြက်, ရေရမည့်နေရာများသို့ သူတို့ ဘာသာရှာ၍ သွားကြပါသည်''

ငါလည်း ဘယ်သောအခါတွင် ဤသမင်တို့ကဲ့သို့ နေရပါမည်နည်း ဟု မင်းသားငယ်၏ စိတ်ထဲတွင် တမ်းတမိ၏။ ကျောင်းဝင်းထဲသို့ ရောက်သောအခါတွင် ဆင်ကျောကုန်းမှ ဆင်းသက်၍ ကျောင်းထဲသို့ ဝင်လေ၏။ ကျောင်းထဲတွင် ပစ္စေကဗုဒ္ဓါ မထေရ် သီတင်းသုံးသောနေရာကို မြင်ကာမျှဖြင့် ပင်လျှင် ဝိပဿနာဉာဏ်များ အဆင့်ဆင့်တက်ပြီး ပစ္စေကဗောဓိဉာဏ်ကို ရလေ၏။

နှစ်သချေ့နှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သူ ဖြစ်ပါလျက် လူမုန်းများသောဘဝသို့ ရောက်ရသည်မှာ ကာမေသုမိစ္ဆာစာရကံကြောင့်ပင် ဖြစ်၏။

### မိန်းမဖြစ်ရခြင်း အကြောင်းရင်း

ထေရီအဋ္ဌကထာတွင် ဣသိဒါသီ အမည်ရှိသော ရဟန္တာထေရီမတစ်ပါး အကြောင်းပါရှိ၏။ သူသည် ရဟန္တာမ မဖြစ်မီ ခုနစ်ခုမြောက်သော ဘဝက ဥစ္စာစည်းစိမ်ကြွယ်ဝပြီး အဆင်းလှပသော ရွှေပန်းထိမ်သည်သား ဖြစ်၏။ ထိုဘဝတွင် ကာမတဏှာနောက်သို့လိုက်ပြီး သူတစ်ပါး၏ မယားတို့ကို ပြစ်မှားဖျက်ဆီးခဲ့၏။ ထိုအကုသိုလ်ကြောင့် သေလွန်သောအခါ ငရဲ၌ နှစ်ပေါင်းများစွာခံရ၏။

ထိုငရဲမှ လွတ်သောအခါ တောအုပ်တစ်အုပ်တွင် မျောက်မဝမ်း၌ သန္ဓေတည်၏။ မွေးဖွား၍ (၇)ရက်မြောက်သောအခါ ဖခင်မျောက်ကြီးက ငါ့နေရာလုယူလိမ့်မည် ဟူသော ဣဿာမစ္ဆရိယစိတ်ကြောင့် မျောက်လေး၏ ယောက်ျားအင်္ဂါကို ကိုက်ဖေါက်၍ သတ်ဖြတ်လိုက်လေသည်။ ကာမေသုကံကျူးလွန်ခဲ့သော နေရာတည့်တည့်ကိုပင် ရေဒါဖြင့် ချိန်ပစ်သော ဒုံးကျည်ကဲ့သို့ တိကျစွာလာရောက်

ဒုက္ခပေးသည်ကို သတိပြုစေချင်၏။

ထိုမျောက်ဘဝမှ စုတေသောအခါ သန္တိဝါရ တိုင်း၌ ကန်းလည်းကန်း ခွင်လည်းခွင်သော ဆိတ်မ ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွား၍ အရွယ်ရောက် သောအခါ ပရဒါရကံကြောင့် ဝေးစေ့ကိုအထုတ်ခံရ (သင်းကွပ်)လေ၏။ထိုဆိတ်ဘဝမှ စုတေသောအခါ ထိုသန္တိဝါရတိုင်း၌ပင် နွားထီး သွားဖြစ်လေ၏။ အရွယ်ရောက်သောအခါ သင်းကွပ်ခံရပြန်၏။

ထိုနွားဘဝမှ စုတေသောအခါ ထိုတိုင်း၌ပင် ဖိုအင်္ဂါ၊ မအင်္ဂါတစ်ခုမှမပါသောနပုန်းပဏ္ဍုက် သွား ဖြစ်လေ၏။ ထိုပဏ္ဍုက်ဘဝတွင် အသက်သုံးဆယ် သာနေရပြီး သေဆုံးခဲ့ရ၏။ ထိုနပုန်းဘဝမှ စုတေ သောအခါ အလွန်ဆင်းရဲပြီး ကြွေးမြီများစွာတင်နေ သော လှည်းသမားတစ်ဦး၏သမီး သွားဖြစ်ရ၏။

အဘလှည်းသမားသည် ကြွေးမြီကို ကုန်စင် အောင် မဆပ်နိုင်သောကြောင့် မြီရှင်ဖြစ်သော ဂိရိဒါသ အမည်ရှိသည့် လှည်းကုန်သည်သားအား သမီးကိုပေးရလေ၏။ ထိုလှည်းကုန်သည်သားသည် မယားကြီးရှိလျက် လှည်းသမား၏သမီး၁၆–နှစ် အရွယ်သို့ရောက်သောအခါ မယားငယ်အဖြစ် သိမ်း ယူလေ၏။ ထိုသူငယ်မသည် မယားငယ်ဖြစ်သည်မှ စ၍ လင်နှင့်မယားကြီးမတည့်အောင် ကုန်းတိုက်၏။

ထိုကုန်းတိုက်သော အကုသိုလ်၊ သူတစ်ပါး မယားဖျက်ဆီးခဲ့သော အကုသိုလ်တို့ကြောင့် နောက် ဘဝများတွင် လင်ဖြစ်သူအား ကျွန်ကဲ့သို့ အောက် ကျခံ၍ လုပ်ကျွေးပြုစုပါသော်လည်း ချစ်ခင်မှုကို မရဘဲ စွန့်ပစ်ခြင်းကိုသာ ခံရလေသည်။ ထိုမယား ငယ်ဘဝမှ စုတေသောအခါ အဝန္တိတိုင်း၊ ဥဇ္ဇေနီ ပြည်၌ သူဌေးသမီး သွားဖြစ်လေသည်။

အရွယ်ရောက်သောအခါ သာကေတမြို့မှ သူဌေးသားတစ်ယောက်နှင့် ပေးစားခံရသည်။ လင် နှင့် မိဘမောင်ဘွားအားလုံးကို ကျွန်ကဲ့သို့ သဘော ထားပြီး အောက်ကျခံကာ ပြုစုလုပ်ကျွေးသော် လည်း လင်၏မုန်းထားခြင်းကိုသာခံရ၏။ ကာမေသု ကံ၏ ဆိုးကျိုးပင်တည်း။ နောက်ဆုံးတွင် ဒီမိန်းမ ရှိနေလျှင် ဤအိမ်၌ မနေတော့ဟု ထိ ပြောဆိုလာ သောကြောင့် ဣသိဒါသီကို သူ့ဖခင်ထံ ပြန်အပ် လိုက်ရလေသည်။

သူ့ဖခင်သည် ကြွယ်ဝသော သူဌေးသားတစ် ယောက်နှင့် ဒုတိယအကြိမ် ပေးစားလိုက်ပြန်လေ ၏။ တစ်လခန့်အကြာတွင်ပင် ထိုသူဌေးသားက ဆက်မပေါင်းနိုင်ဟုဆိုကာ နှင်ချလိုက်ပြန်သော ကြောင့် ဖခင်ထံပြန်ရောက်ရလေ၏။ နောက်ဆုံး၌ ဖခင်သည် သူတောင်းစားယောကျ်ားနှင့် ပေးစားပြီး အိမ်မှာပင် နေစေ၏။

သူဌေးသားတွေမို့ မာန်တက်ပြီး ငါ့သမီးကို မောင်းချတာ သူတောင်းစားကား မာန်တက်စရာ မရှိသောကြောင့် ငါ့သမီးကို ရာသက်ပန် ရိုးမြေကျ ပေါင်းမည် ဟု ဣသိဒါသီ၏ ဖခင်က ယူဆထား၏။ ထို့ကြောင့် အိမ်ထောင်မြဲစေခြင်းငှါ သူတောင်းစား နှင့် ပေးစားခြင်းဖြစ်၏။ ကံ၏ အကျိုးပေးကား အံ့သြဖွယ်ရာ ကောင်းလှ၏။


ထိုသူတောင်းစားယောကျ်ားသည်ပင် (၁၅)ရက် ခန့်ရှိသည်နှင့် ဣသိဒါသီကို ကွာရှင်းပြတ်စဲကာ အိမ်မှဆင်းသွားပြီး သူတောင်းစားအလုပ်ကိုပင် ပြန် လုပ်နေလေတော့၏။ ထိုအခါကျမှ ဣသိဒါသီသည် သံဝေဂကြီးစွာရပြီး ဇိနဒတ္တအမည်ရှိသော ရဟန္တာ မ၏အထံတွင် ဘိက္ခုနီမဝတ်၍ တရားအားထုတ်ရာ ရဟန္တာဖြစ်သွားလေသည်။

ဣသိဒါသီ ရဟန္တာမသည် ဘုရားတစ်ဆူထံ တွင် ဆုပန်စဉ်က အမျိုးသားဘဝနှင့် ဖြစ်၏။ ထို့ကြောင့် ရဟန္တာယောကျ်ားအဖြစ်နှင့် ပရိနိဗ္ဗာန် ဝင် စံလိုသည်မှာ သေချာ၏။ သို့ပါလျက် ရဟန္တာ မိန်းမအဖြစ်နှင့် ပရိနိဗ္ဗာန်ဝင်စံသည်မှာ ရှေးပန်းထိမ် သည်သားဘဝကပြုခဲ့သော ကာမေသုမိစ္ဆာစာရကံ ၏ အကျိုးဆက်ပင် ဖြစ်ပါ၏။

■

# အတွေ့အတွက် အသက်ပေးသူ

ရနှုအောင်မောင်မောင်



# အတွေ့အတွက် အသက်ပေးသူ

အတွေ့ခံစား၊ အောက်ရပ်သားတို့
ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ အဟိတ်ပမာ
ဟီနာစာရ၊ လေ့လာကြ၍
ကာမသတ္တဝါ၊ ကာမရှာ၍
ကာမသဘော၊ ကာမဇောဖြင့်
တပ်လောဘစိတ်၊ ဟိတ်မျှမသိ
ညစ်ညျူးဘိ၏။

(မဃဒေဝ)

စက္ခုန့်အနည်းငယ်သာခံစားရသော ကာမဂုဏ်အတွေ့အတွက် အသက်ပါစွန့်လိုက်ရသော လက်တွေ့ဖြစ်ရပ်သုံးခုကို ရန်အောင်မောင်မောင်၏ 'ထောင်တစ်သက် အတွေ့အကြုံများ' စာအုပ်မှ ကောက်နုတ်တင်ပြပါဦးမည်။

အကျဉ်းထောင် အမှုထမ်းသက်တစ်လျှောက် ဆိုးခဲ့သည်လည်းရှိ၏။ ကောင်းခဲ့သည်လည်းရှိ၏။ တောက်လျှောက် ဆိုးနေမှုဖြင့် ဘယ်လိုလုပ် ဒီအဆင့်ထိ ရောက်လာနိုင်ပါ့မလဲ။ ကြွားစရာကိစ္စလည်း အလျဉ်းမဟုတ်။ ကြွားလည်းမကြွားချင်။ ယနေ့ယခု ဤဆောင်းပါးကို ရေးနေချိန်တွင် စစ်ပြီးခေတ် ထောင်မှူးသင်တန်းဒုတိယပတ်သင်တန်း အမည်နှင့် အကျဉ်းဦးစီးဌာနတွင် လုပ်သက်အရင့်ဆုံးနေရာသို့ ရောက်ခဲ့ရပေပြီ။

တောက်လျှောက်ဆိုးခဲ့သော ထောင်မှူးများ အကြောင်း နတ်သက်ကြွေသလို ကြယ်တစ်ပွင့်နှင့် နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့သူတွေ အများကြီးပေါ့။ ဥပမာအားဖြင့် ထောင်မှူးမောင်မောင်တို့ သင်တန်းတက်စဉ်က ဒိုဘီသည်ကုလားမလေးကို ရည်းစားထားပြီး ယူနီဖောင်းတွေ၊ အရပ်ဝတ်တွေ အလကားတိုက်ခိုင်းသည့် ထောင်မှူးလောင်းတစ်ယောက်အကြောင်း ဆိုကြပါစို့။

သူသည် ထောင်မှူးလောင်းဘဝကပင် ဒီလောက် သောင်းကျန်းစပြုခဲ့ရာ ထောင်မှူးသင်တန်းဆင်းပြီး ပခုံးပေါ် ကြယ်တစ်ပွင့်တပ်၍ ထောင်ကြီးတစ်ထောင်တွင် ထောင်မှူးဖြစ်လာသောအခါ သူ၏ ဗရုတ်သုတ်ခနန်း ဇာတိရုပ်သည် 'ဘွား'ခနဲ ပေါ်လာချေတော့သည်။ ထောင်ထဲက အကျဉ်းသားဆိုတာကတော့ ရေနစ်သူနှင့် ဘာမှမခြား။ ကောက်ရိုးတစ်မျှင် မြက်တစ်ပင်တွေ့လျှင်လည်း ဖမ်းဆုပ်မိမည်သာ။ အဲဒီလို အခါမျိုးတွင် ကောက်ရိုးလည်း မဟုတ်၊ မြက်ပင်လည်း မဟုတ်ပါဘဲ ငါးမန်းစွယ်ကိုဖမ်းဆုပ်မိသည့်အခါမျိုးနှင့်လည်း ကြုံရတတ်၏။

''ဆရာ၊ ကျွန်တော့်အိမ်က နက်ဖြန်ခါ ထောင်ဝင်စာလာလိမ့်မယ်နော်''

''အေး ဟုတ်လား၊ ဘယ်သူလာမှာလဲ''

''ကျွန်တော့်မိန်းမပါဆရာ''

ပြောလာသည့်အကျဉ်းသားမှာ လူသတ်မှုနဲ့ ထောင် အနှစ်နှစ်ဆယ်ကျပြီး ပဲခူးထောင်မှ ပြောင်းလာသူ စံမောင် ဖြစ်၏။ သူ့မိန်းမဆိုတော့ ယင်း

ထောင်မှူးက မျက်လုံးကလေး မသိမသာမှေး၍ စဉ်းစားကြည့်လိုက်သည်။ အင်း. . ဟုတ်သားပဲ။ အရင်တစ်ခါ ထောင်ဝင်စာလာတုန်းက သူ့မိန်းမကို တွေ့လိုက်ဖူးတယ်။ အသားဖြူဖြူ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း၊ လုံးကြီးပေါက်လှ။ သုံးနှစ်အရွယ် ကလေးငယ်ကို ခါးထစ်ခွင်ချီလို့။ တဒင်္ဂပဟာန်အတွင်း ကိုယ့်စိတ်ကူးနှင့်ကိုယ် ကြည်နူးသွားသော ထောင်မှူးက–

''အေး. . ဟုတ်ပြီ၊ အဲဒါ ငါ ဘာလုပ်ပေးရမလဲ''

''တခြားတော့ မဟုတ်ပါဘူး ဆရာ၊ ကျွန်တော့်မိန်းမက *ဝေါ်နောင်ပဏ္ဍရာက* တစ်လမှ တစ်ခေါက် ထောင်ဝင်စာ လာနိုင်တာပါ၊ အဲဒါ အထူးထောင်ဝင်စာ တွေ့ချင်လို့''

ခက်တော့လည်း အခက်သား၊ ဤဒွန္ဒယာကြီးမှာ အထူးဆိုတာက နေရာတိုင်းမှာ ရှိနေသည်။ ကိုးလလွယ် ဆယ်လဖွားရာမှာလည်း ဝါးဖတ်တော်ကဆီနှစ်နှင့် လူဖြစ်အောင်မွေးရာမှာလည်း အထူး၊ စားရာ သောက်ရာမှာလည်းအထူး။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မှသည် လူမွေးလူတောင် ပေါက်သည်ထိ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာမှာလည်း အထူးတွေကအများကြီး။ အို. . ကုန်ကုန်ပြောရရင် သေတာတောင်အထူး။ အဆင်းလှလှလေး သေချင်ကြတဲ့ အထူးကြိုက်ဘဝ။

အပြင်မှာ ဒါလောက်ရေပန်းစားနေသည့်အထူးကြိုက်ရောဂါ။ အုတ်နံရံတစ်ချပ်သာခြားတဲ့ ထောင်ထဲမှာလည်း ကူးစက်လာရမှာပေါ့။ ဒါမွေတာပါပဲ။ အမှန်အတိုင်း အထူးထောင်ဝင်စာ တွေ့ခွင့်ရရန် ချဉ်းကပ်လာသည့် အကျဉ်းသားစံမောင်ကို ဘာမျှ အပြစ်တင်စရာ အကြောင်းမရှိ။ အထူးထောင်ဝင်စာနှင့် ရိုးရိုးထောင်ဝင်စာ ဘယ်ပုံဘယ်နည်း ဘယ်လောက်အထိ ကွာခြားသည်ကိုကြည့်ရအောင်. . ။

ရိုးရိုးထောင်ဝင်စာကို စီကလပ်စ် အကျဉ်းသားများနှင့် ရိုးရိုးတန်းတန်း အချုပ်သားများ တွေ့ခွင့်ရှိ၏။ ထိုစဉ်က ထောင်ကျဆိုလျှင် အေကလပ်စ်၊ ဘီကလပ်စ်၊ စီကလပ်စ်ရယ်လို့ သုံးမျိုးသုံးစား ရှိသလို အချုပ်သားများအနေနှင့်လည်း အထူးတန်း (Special Class) နှင့် (Ordinary Class)ရယ်လို့ နှစ်မျိုးနှစ်စား ခွဲခြားထားချိန်ကိုး။

ကောင်းပြီ။ ရိုးရိုးထောင်ဝင်စာမြင်ကွင်းကို ထင်ထင်လင်းလင်းတွေ့ရအောင်ဆလိုက်ထိုး၍ကြည့်ကြပါစို့။ ထုံးစံအတိုင်း ထောင်ဝင်စာတွေ့သည့် အခန်းထဲတွင် အပြင်မှလာတွေ့သူတို့ကတစ်ဖက်၊ ထောင်တွင်းမှ အကျဉ်းသားအချုပ်သားတို့က တစ်ဖက်ပေါ့။ သူတို့နှစ်ဦးကြားတွင် ခပ်စိပ်စိပ် သံဇကာနှစ်ထပ် ကာရံထားသည်။ သံဇကာနှစ်ချပ်ကြားထောင်ကြပ်များ ဝင်ရောက်ထိန်းသိမ်းစောင့် ကြည့်လျက်ရှိရာ အကွာအဝေးအားဖြင့် တစ်ပေခွဲသာသာခန့်ရှိသည်။

အဲဒီမှာ ထောင်ဝင်စာတွေ့ကြချိန်တွင် အပြင်ကလူနှင့် အထဲကအကျဉ်းသားတို့ အသံကုန် ဟစ်ကြပေရော့။ ဘယ်မှာ အသံကုန်မဟစ်လို့ ရနိုင်ပါမည်နည်း။ အထဲက အကျဉ်းသားတစ်ယောက်ကို အပြင်မှ အနည်းဆုံးလူနှစ်ယောက်တော့ လာတွေ့တတ်သည်။ တွေ့ချင်သူတွေ များလွန်း၍ အပြင်မှ လေးယောက်ထက် မပိုရဟု ကန့်သတ်ထားရ၏။ သည်တော့ အထဲကအကျဉ်းသား ဆယ့်ငါးယောက်ပဲထားပါတော့။ အပြင်မှ လာတွေ့သူများက လေးဆယ်ကျော် ငါးဆယ်နီးပါး။

တွေ့ခွင့်ရသည့်အချိန်ကလေးက ဆယ့်ငါးမိနစ်ရယ်။ ပြောချင်သည့်စကားတွေက အများကြီး။

''နေပါဦး၊ ရှေ့နေက ဘာပြောသလဲ၊ နောက်တစ်ပတ်ရုံးချိန်း အာမခံရမယ်တဲ့လား''

''အယူခံကိစ္စ ဘာထူးသလဲဟေ့ မိန်းမ''

''တော့် အမေအိမ်မှာ ကျူပ်ဆက်နေလို့ မဖြစ်ပါဘူးတော်၊ တော့်အစ်မတွေ ညီမတွေက တော်ထောင်ကျသွားပြီးကတည်းက ကျုပ်ကို မတရားနှိမ်နေကြတာပဲ၊ ကျုပ်အမေအိမ်ပဲ ကျုပ်ပြန်နေတော့

မယ်''

''အဲဒီနွားတစ်ရှဉ်းတော့ မရောင်းလိုက်ပါနဲ့ ရှင်မရာ၊ ငါနဲ့ သေဖော်ရှင်ဖက်ပါ''

''အင်း. . ရှင်ကတော့ ထောင်ထဲကနေပြီးတွန်းမှာနေ၊ ကျွန်မတို့ အပြင်မှာ ဘယ်လိုနေရ၊ ထိုင်ရ၊ စားရ၊ သောက်ရတယ်ဆိုတာများလည်း မေးစမ်းပါဦး။ ထမင်းတောင် နပ်မှန်တာ မဟုတ်ဘူးရှင့်''

''ငါသားရယ်. . .၊ အမေ တစ်ဖွဖွ ဆုံးမနေတဲ့ကြားက မင်းက မိုက်လုံးကြီးခဲ့တာကိုး။ အခုတော့ အမေ ရင်ကျိုးရပြီမဟုတ်လား''

''အဖေရယ်၊ အဖေ့မိန်းမကအလကားဗျ။ အဖေ့အပေါ်မှာသစ္စာရှိတာမဟုတ်ဘူး။ အခုမြောက်ပိုင်းကရွာဖခါင်းဦးစံထွန်းနဲ့ နောက်မီးလင်းနေတာဗျ''

ဤစကားများကို တိုးတိုးညင်သာပြော၍ရသည်မဟုတ်။ လူအုပ်ကများ၍ အသံဗလံတွေကဆူညံလွန်းအားကြီးနေတော့ သူ့ထက်ငါလုပြီး သူ့အသံထက် ကိုယ်ကပိုကျယ်အောင် အာခေါင်ခြစ်အော်နေကြရခြင်း ဖြစ်၏။ ထောင်ဝင်စာတွေ့သည့်နေရာကို ငါးစိမ်းတန်းက အဘခေါ်လောက်သည်။ တကယ့်ကို ကျွက်ကျွက်ညံလို့၊ အထူးထောင်ဝင်စာကျတော့ တစ်မျိုး ရိုးရိုးထောင်ဝင်စာလို သံဇကာတွေဘာတွေ မခြား။ ခုံတန်းရှည်နှစ်ခု ဟိုဘက်ဒီဘက် မျက်နှာချင်းဆိုင်လျက်။

ဒူးချင်းပေါင်ချင်းများပင် မတော်တဆ ထိနိုင်သေး။ အထူးတန်း အချုပ်တရားခံနှင့် ဘီကလပ်စ်ထောင်ကျ အကျဉ်းသားများဆိုလျှင် ကုလားထိုင်နှင့်ထိုင်၍ အကျအနတွေ့ကြရသည်။

ရိုးရိုးထောင်ကျ အကျဉ်းသားအနေနှင့်တော့ ဒါလောက်ကြီး အခွင့်အရေး မရလှပါ။ ခုံတန်းရှည်နှစ်ခုပေါ် မျက်နှာချင်းဆိုင်ထိုင်ကာ ဣန္ဒြေရရ တွေ့ရခြင်းဖြစ်၏။ ပြင်ပလောကမှာသာ အရာရှိရယ်လို့ရှိသည်မဟုတ်။ ထောင်ထဲမှာလည်း အကျဉ်းသားအရာရှိဟူ၍ ရှိသည်။ အကျဉ်းထောင်လက်စွဲဥပဒေစာအုပ်ကြီးထဲတွင် ကွန်ဗစ်အော်ဖစ်ဆာ အကျဉ်းသားအရာရှိဟု အတိအလင်းပါ၏။

သူတို့တစ်တွေကား ရှစ်မှတ်ခေါ်ဘာယာ၊ ဆယ့်နှစ်မှတ်ခေါ် တန်းစီး။ အဲဒီရှစ်မှတ်၊ ဆယ့်နှစ်မှတ်ထဲမှာပင် ဘုတ်ကိုင်တို့၊ မဲဇလီတို့ စသည်အားဖြင့်နောက်ပြီး သန္တေတို့၊ ခြောက်ထောင်ပိုင်ခေါ် ထောင်မင်းသားတို့ ဆိုတာတွေလည်း ရှိသေးသည်။ သူတို့တစ်တွေအားလုံး အကျဉ်းသားအရာရှိတွေချည်းဖြစ်၏။ သူတို့တစ်တွေအားလုံးအတွက် အထူးထောင်ဝင်စာ။

အဲ. . အဲဒီ အထူးထောင်ဝင်စာမှာ မသိမသာလေး ဖောင်၍မျှောင်၍ အကွက်ကောင်း ချောင်းနေသည့် အကျဉ်းသား လူတန်းစားတစ်ရပ်ကလည်းရှိနေသေးသည်။ ယင်းလူတန်းစားကား ထောင်မှူး၊ ထောင်ပိုင်ရုံးခန်းတွင်ခေါ်ထားသည့် ရုံးအကူများဖြစ်၏။ သူတို့တစ်တွေမှာ ဆယ့်နှစ်မှတ်ဖြစ်ဖို့ ဝေလာဝေး။ ရှစ်မှတ်ပင် မဖြစ်သေး။ နို့– ရှစ်မှတ်ဖြစ်ဖို့ဆိုတာကလည်း ထောင်မှူး၊ ထောင်ပိုင်က ဉာဏ်ပွမန်းပြီးဖြစ်ချင်တိုင်း ဖြစ်တာမှတ်လို့။ သူ့မှာ သတ်မှတ်ချက်တွေက အများကြီး။

ဥပမာအားဖြင့် ကျခံရသည့် အပြစ်ဒဏ်၏ခြောက်ပုံတစ်ပုံပြည့်ပြီး ဖြစ်ရမည်။ လျှော့ရက်စနစ်ဖြင့် တွက်လျှင်ရနိုင်သည့် လျှော့ရက်၏ သုံးပုံနှစ်ပုံရပြီး ဖြစ်ရမည်။ ကျန်းမာသန်စွမ်းရမည်။ နေ့ခင်းပိုင်းတာဝန်အပြင် ညပိုင်းဘာယာစောင့်ချိန်အိပ်ရေးပျက်ခံနိုင်ရမည် စသည်အားဖြင့်– သို့သော်လည်း ''အဲ. . ပေါ့လေ''ဆိုတာလို အဲဒီသတ်မှတ်ချက်စည်းကမ်းကလနားတွေကို အဘယ်လူသားတွေကများ အတိအကျ ရာခိုင်နှုန်းပြည့် လိုက်နာကြလို့လဲ။

သာမန် ပုထုဇဉ်လူဝတ်ကြောင် မဆိုထားနှင့်။ ရှင်တော်မြတ်ဘုရား၏ သားတော်ရဟန်းသံဃာများအတွက်ပင် သိက္ခာပုဒ်တွေတစ်ခုပြီးတစ်ခု တိုးခဲ့ရသည် မဟုတ်ပါလား။ သာမန်လူဝတ်ကြောင်တို့၏ဘိုးအေဟု ကင်ပွန်းတပ်ရမည့် ထောင်တွင်းရောက်ကို လွန်ကဲတို့အဖို့မှုကား အဘယ်မှာ ဆိုဖွယ်ရာရှိ

တော့အံ့နည်း။ ပထမဦးဆုံး ရုစ်မှတ်ဘာယာစာရင်း တင်ပေးရမည့် မိန်းဂျေးထောင်မှူး မစ္စတာမဂ္ဂနမ်၏ ဘာယာထံချဉ်းကပ်ရသည်။

''ဆရာ ကျွန်တော် ဒီတစ်ပတ် ရုစ်မှတ်စာရင်း တင်ပေးဖို့ ''မိန်းဂျေးထောင်မှူး၏ ဘာယာကလည်း ခပ်မာမာ။

ဒါလည်း ကန့်သတ်ချက်နှင့်။ မတိမ်းမယိမ်း ချွတ်ယွင်းချက်ရှိသူများသာ ခွင့်ပြု၏။ စံမောင်ဆိုတာ အခုမှ လူသတ်မှုနှင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျလာတာ။ ဘာမှမကြာသေး။ ဘယ်လိုလုပ် ဘာယာစာရင်း တင်နိုင်ပါအံ့နည်း။

သို့သော် စံမောင်က ရိုးရိုးထောင်ကျတစ်ဦး မဟုတ်။ ယခုခေတ်စကားနှင့်ပြောလျှင် အပ်ထည်ထောင်ကျတစ်ဦး ဖြစ်၏။ စံမောင်၏ဖခင်က နောင်ပတ္တရာရွာသူကြီးဆိုတော့ ဝေါမြို့ပိုင်ကို နိုင်သည်။ ပေးကမ်းဆက်သထားရတာတွေကလည်း နည်းနည်းနောနော မဟုတ်။ ဆန်အိတ်လိုက်၊ ဆီပုံးလိုက်၊ ငါးစိုတန်ငါးစို၊ငါးခြောက်ချိန်တန် ငါးခြောက်ပိဿာလိုက်။ ငါးပိရည် ကောင်းကောင်းလေးများ စားချင်သလား။ သုံးဦးစပ်ခေါ် ငါးပြေမ, ငါးဖယ်နှင့် ငါးရံ့တို့ပေါင်းစပ်ထားသည့် ငါးပိရည်ဆို ချက်ချင်း။

စံမောင်တို့ ကံကောင်းချင်တော့ အဲဒီဝေါမြို့ပိုင်နှင့် စံမောင်ရောက်သွားသည့် ထောင်မှူးတို့ကငယ်သူငယ်ချင်း ဖြစ်နေ၏။ သည်တော့ စံမောင်တစ်ယောက် အလိုလိုနေရင်း စပါယ်ရှယ်အပ်ထည် ဖြစ်သွားပြီပေါ့။ ထောင်မှူးကလည်း သူ့သူငယ်ချင်း မျက်နှာထောက်ထားပြီး ရှုံးခန်းခေါ်ထားရသည်။ ထောင်မှူး၏ အထက်အရာရှိများဖြစ်ကြသည့် ထောင်မှူးကြီးတို့၊ ထောင်ပိုင်လေးတို့၊ ထောင်ပိုင်ကြီးတို့မသိရအောင် အကျဉ်းသားတစ်ယောက်ကို ထောင်ထဲမှာ ဖျောက်ထားသည့် နည်းတွေကလည်း အများကြီး။

အပ်ထည်ဖြစ်သော စံမောင်ကို သူ့ထောင်မှူးက မသိမသာ စာရင်းဖျောက်ထားသည်မှာ ဘာမျှမဆန်းပါ။ တစ်လုတ်စားဖူး သူ့ကျေးဇူး၊ ငါးချဉ်တို့၊ ငါးခြောက်တို့ သူ့အိမ်ရောက်ပြီးလောက်ပြီပေါ့။ ဘာပဲဖြစ်ဖြစ် စံမောင်တို့လင်မယားကတော့ အကျေးကြီးကျေနပ်လျက်ပါ။ ဘယ့်နှယ် မနေ့တစ်နေ့ကမှ ထောင်ကျလာသည့် အကျဉ်းသားတစ်ယောက်။ ရုစ်မှတ်တွေ ဆယ့်နှစ်မှတ်တွေကြားထဲ အထူးထောင်ဝင်စာတွေ့ရသည်မှာ နည်းတဲ့ အခွင့်အရေးမှတ်လို့။

စံမောင်ကလည်း ပျော်လို့၊ သူ့မိန်းမ မခင်မြကလည်း ရွှင်လို့။ သုံးနှစ်အရွယ် သားငယ်ကလေးဖိုးပြူးကို သူက ပွေ့လိုက်၊ ကိုယ်က ချီလိုက်၊ တဒင်္ဂပဟာန်အားဖြင့် ကြည့်လျှင်တော့ တကယ့်ကို ကြည်နူးစရာအတိပါ။ သို့သော် ဆယ့်ငါးမိနစ်တည်းဟူသော အချိန်ကာလဆိုသည်မှာ ဘယ်လောက်များ ကြာလိုက်ပါသနည်း။ ဂလိုင်. . . ဂလိုင်. . . ဂလိုင်. . ဂလိုင်ဟူသော ထောင်ဝင်စာချိန်စေ့သည့် ခေါင်းလောင်းသံက စံမောင်နှင့် မခင်မြတို့၏ ချမ်းမြေ့ကမ္ဘာလေးကို အစိတ်စိတ်အမြွှာမြွှာကွဲပျက်အောင် ဖြိုခွင်းဖျက်ဆီးလိုက်ချေပြီ။

စံမောင်နှင့် မခင်မြတို့၏ရင်ထဲတွင် ဒိန်းကနဲ ဒိုင်းခနဲ မြည်ဟီးလျက်. . . အင်း ခွဲရတော့မှာပါတကား။ ထောင်ဝင်စာ ပြပေးနေသည့် ထောင်မှူးကလည်းမနေသာ။ သူ့မှာနောက်ထပ်အသုတ်လိုက်ပြပေးရမည့် ထောင်ဝင်စာတွေက တစ်ပုံတစ်ခေါင်း။

''ကဲ-ကဲ အချိန်စေ့ပါပြီ၊ တော်ကြပါတော့ဗျာ''

မခင်မြထိုင်ရာမှ မထမီ သူ၏ခင်ပွန်းစံမောင်ကို စေ့စေ့စိုက်ကြည့်ရင်း ''အစ်ကို၊ ဆရာက ထောင်ဝင်စာတွေ့ပြီး သူ့အိမ်ကို ခဏလာခဲ့ပါဦးလို့ မှာလိုက်တယ်'' စံမောင် မျက်မှောင်တစ်ချက် ကုပ်လိုက်မိသည်။ စဉ်းစားချိန်လည်း သိပ်မရတော့ ထောင်ဝင်စာ အချိန်စေ့သည်ဖြစ်၍ သူသူကိုယ်ကိုယ်ထိုင်ရာမှ ထနေကြသည်။ ဆရာဆိုသည်မှာ အထူးထောင်ဝင်စာ ခိုးပြပေးသည့် ထောင်မှူးကို ဆိုလိုခြင်းဖြစ်၏။ စံမောင်သည် သူ့ရင်ခွင်ထဲမှ

သားငယ်ကို မခင်မြလက်ထဲ ထည့်လိုက်ရင်း–

''အေး. . သွားလိုက်ပေါ့ကွယ်၊ ပြောစရာရှိလို့ နေမှာပေါ့''

ကလေးကိုချီ၍ ထောင်ဘူးဝဘက်သို့ ထွက်သွားသော မခင်မြတို့သားအမိ၏ ကျောပြင်ကို ကြည့်ပြီး စံမောင် ဟင်းခနဲ သက်ပြင်းရှည်ကြီးချလိုက်မိသည်။ အဲဒီ သက်ပြင်းရှည်ကြီးမျိုး စံမောင် တစ်ခါချခဲ့ဖူးသည်။ ဘာမျှမကြာသေး။ လက်ရှိလူသတ်မှုနှင့် ထောင်မကျမီ နောင်ပတ္တရာရွာမှာ နေစဉ်ကဖြစ်၏။

''ဟင်း''

စံမောင်သည် သက်ပြင်းရှည်ကြီး လေးတွဲစွာချရင်း မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေ၏။

''ဟုတ်ရဲ့လား ညှပ်ကြီးရာ၊ ငါတော့ ဖြစ်နိုင်မယ် မထင်ပါဘူး''

''အေးလေကွာ၊ ငါ့ကိုလည်း ချစ်တီးက ပြောတာပဲ၊ မင်းလည်း စုံစမ်းကြည့်ဦးပေါ့''

ညှပ်ကြီးတို့၊ ချစ်တီးတို့ဆိုတာ စံမောင်နဲ့ ညီအစ်ကို ဝမ်းကွဲတွေ။ အဖြစ်အမှန်မဟုတ်ဘဲ လုပ်ကြသည့် ဇာတ်လမ်းတော့ မခင်းတန်ရာ။

''အေး. . ငါလည်း ကြားကြားချင်း မင်းကို ပြောမလို့ပဲ၊ တိုက်ရိုက်ကြီး ပြောမထွက်တာနဲ့ ညှပ်ကြီးကတစ်ဆင့် ပြောခိုင်းလိုက်ရတာ''

ချစ်တီးက သို့ကလိုဆို၏။ စံမောင် စဉ်းစားရပြီ။ သူ့ဇနီးမခင်မြ၏ အခြေအနေကိုလည်း တစေ့တစောင်း အကဲခတ်ရသည်။ ရလာသည့်သတင်းက အတော်လေး ခိုင်မာနေပြီ မဟုတ်လား။ တကယ်တော့ ဦးဖေမောင်တင် ဆိုသူမှာလည်း စံမောင်တို့နှင့် ဆွေရိပ်မျိုးရိပ်မကင်း။ နောင်ပတ္တရာဆက်ပင်ဖြစ်၏။ ဦးဖေမောင်တင်၏ဖခင် ဦးစံရှင်းမှာ နောင်ပတ္တရာရွာတွင် ဆန်စက်တည်ပြီး ပဲခူးရွှေမော်ဓောဘုရားလမ်းတွင် တိုက်ဆောက်ကာ သူဌေးအမည်ခံနိုင်ခဲ့ခြင်းဖြစ်၏။

ဦးစံရှင်း ကွယ်လွန်ပြီးနောက် ဦးဖေမောင်တင်က နောင်ပတ္တရာရှိ ဆန်စက်သို့ တစ်ပတ်တစ်ခါ လောက်လာသည်။ ကားရှိသော်လည်းကားလမ်းက မပေါက်။ ရထားနှင့်လာရခြင်းဖြစ်၍ တစ်ခါလာလျှင် နှစ်ညသုံးညအိပ်။ ဦးဖေမောင်တင် မိန်းမများတာကတော့ ရပ်သိရွာသိ။ ဟိုးလေးတကျော် ဟိုနားတစ်ယောက် ဒီနားတစ်ယောက်။ တတ်နိုင်သူဆိုတော့ပစ်စလက်ခတ်တော့မဟုတ်။ အိမ်တစ်ဆောင် မီးတပြောင်နှင့်။

မခင်မြမှာ စံမောင်နှင့် မရခင်ကတည်းက ဦးဖေမောင်တင်၏ဆန်စက်တွင် အလုပ်သမားတစ်ဦးအဖြစ် အလုပ်လုပ်နေသူ ဖြစ်၏။ စံမောင်နှင့် ရပြီးတော့ စံမောင်၏မျက်နှာကိုထောက်ထားပြီး သာမန်အလုပ်ကြမ်းဘဝမှ ဂရုချိုးသည့်ရာထူးသို့ တက်ခဲ့ရသည်။ တစ်သားမွေး ထစ်သွေးလုဆိုတာလို မခင်မြကလည်း ဖိုးပြူးကလေးမွေးပြီးကာမှ ပိုပြီးလှလာသလား အောက်မေ့ရ၏။

အပျိုတုန်းကလှသည့်အလှက ပန်းမပွင့်မီ အဖူးအငုံဘဝလှသည့် အလှမျိုး။ တစ်သားမွေးပြီးချိန် အအိုဘဝအလှက ရဲရဲဝံ့ဝံ့ စွင့်စွင့်ကားကား စွမ်းအားရှိသလောက် လှမျိုးကြွယ်သည့် ပန်းပွင့်တစ်ပွင့်၏ အလှမျိုး။ အမှန်အတိုင်းတော့ မခင်မြ ဘယ်လောက်ပဲလှလှ၊ စံမောင်အနေနှင့် ဘယ်လိုမှမဥပဒ်မိပါ။ ဥပဒ်စရာလည်း အကြောင်းမပေါ်ခဲ့ပါ။

အစ်ကိုဝမ်းကွဲတော်များ ဖြစ်ကြသည့် ညှပ်ကြီးနှင့် ချစ်တီးတို့က သတိပေးစကားပြောလာတော့ စံမောင် စဉ်းစားရသည်ပေါ့။ ဦးဖေမောင်တင်သည် မိန်းမဘယ်လောက်များစေကာမူ ကာမေသုမိစ္ဆာစာရကံ သူတစ်ပါးအိမ်ရာကို ဖျက်လိုဖျက်ဆီး လုပ်တတ်သည့် အကျင့်မျိုး မရှိ။ နာမည်ပျက် မရှိစဖူး။

''ဟား. . ဟား. . ဟား မင်းတို့က ဒီကိစ္စ ငါ့ကိုမှ မမေးကြဘဲကိုး၊ အမှန်က ဖေမောင်တင်မဟုတ်ပါဘူးကွ၊ ဖေမောင်တင်တို့က အဲဒီလို ကြာကူရိုရိုက်တဲ့အလုပ်ကို ဘယ်တော့မှမလုပ်ဘူး၊ လွတ်လွတ်ကျွတ်ကျွတ်နဲ့တွေ့မှ ရှော့ပတ္တမြား၊ ရှော့ နဂါး

သိက္ခာရှိရှိ ခြေတော်တင်တတ်တာပါ''

''ဒါဖြင့် ဘယ်သူလဲ ဦးလေးမောင်''

ဦးလေးမောင်ဆိုတာ ဆန်စက်မှစက်ဆရာ ဖိုမင်ကြီးဦးဘမောင်ဖြစ်၏။ ဦးဖေမောင်တင်၏ ဖခင်ဦးစံရှင်းလက်ထက်ကတည်းက သစ္စာရှိရှိ အမှုတော်ထမ်းလာခဲ့သော လူဟောင်းတစ်ယောက်ဖြစ်၍ ဦးဖေမောင်တင်ကို ငယ်ငယ်ကလိုပင် ဖေမောင်တင်ဟုခေါ်ကာ မင်းနှင့်ငါနှင့် ပြောနေသူဖြစ်၏။ အသက်အားဖြင့် ခြောက်ဆယ်ကျော် ခုနစ်ဆယ်အတွင်း ဦးဘမောင်က အရက်ဖန်ခွက်ကို ကောက်ကိုင်၍ ဂွတ်ခနဲ မော့ချလိုက်ရင်း–

''ဟ...ဘယ်သူရှိရဦးမှာလဲ၊ တို့စက်မှာ တဏှာရှူးဆိုလို့ မြကြီးတစ်ယောက် ရှိတာပဲ၊ ဒီအကောင် ဖေမောင်တင်အရှိန်အဝါ သုံးပြီး ကောင်မလေးတွေကို ရိသဲ့သဲ့လုပ်နေတာ ကြာပြီ''

ဦးဘမောင်ပြောသည့် မြကြီးဆိုတာက ဦးဖေမောင်တင်၏ လူယုံတော်ဦးဖေမောင်တင် မလာနိုင်သည့် အခါများတွင် ဆန်စက်ကို မန်နေဂျာသဖွယ် စီမံအုပ်ချုပ်နေရသူ။ ဝေါနှင့် ဘုရားကြီးရွာအကြားမှ ကေရာဇ်ရွာဇာတိဖြစ်၍ ပဲခူးမြို့ဟိုက်စကူးကျောင်းတွင် ဦးဖေမောင်တင်နှင့် ကျောင်းအတူ နေဖူးသည်။ ရန်ကုန်ရှိ အစိုးရရုံးကြီးတစ်ရုံးတွင် ဝင်ရောက် အမှုထမ်းနေရာမှ လာဘ်စားမှုဖြစ်၍ အလုပ်ပြုတ်လာခဲ့ရာ သူငယ်ချင်းဖြစ်သူ ဦးဖေမောင်တင်က ခေါ်ယူစောင့်ရှောက်ထားခြင်း ဖြစ်၏။

အမည်ရင်းကလည်း ဦးမြကြီး။ ဦးဘမောင်ကသာ သူ့တူသားအရွယ်မို့ ဦးမြကြီးကို မြကြီးခေါ်နေသော်လည်း အများအမြင်မှာတော့မန်နေဂျာဦးမြကြီးပါပဲ။ နို့ ဦးဖေမောင်တင်မရှိသည့်အခါများတွင် ဆန်စက်မှာ သူ့လက်သူ့ခြေ မဟုတ်ပါလား။ ဘာပဲပြောပြော စံမောင့်အဖို့တော့ အာရုံပြောင်းသွားခဲ့ရပြီ။ မြားဦးက ဦးမြကြီးဘက် လှည့်သွားခဲ့ရပြီ၊ နောက်ဆုံး အရက်ဝိုင်းမှအပြန် ဇနီးဖြစ်သူ မခင်မြကိုပင် ပြောင်ဖွင့်၍ သတိပေးခဲ့မိသေးသည်။

''တို့ကြားနေရတဲ့ သတင်းတွေကတော့အဲဒါတွေပဲ မခင်မြ၊ အဲဒါ နင် သတိဝီရိယနဲ့ နေဖို့ပြောတာပါ''

''အို စိတ်ချစမ်းပါတော်၊ ခင်မြကို လာစမ်းလို့ ရမတဲ့လား။ ဒီလိုနှာဗူးကြီးမျိုး စိတ်ကူးထဲတောင် မထည့်ဘူး''

ပြောမယ့်သာ ပြောရသည်။ ဦးမြကြီး၏ ရိသဲ့သဲ့အမူရာတွေကို မခင်မြ ရိပ်စားမိတာ ကြာပါပြီ။ တစ်ပတ်တစ်ခါ ငွေရှင်းတာကအစ

''လာ လာ မခင်မြ၊ ယူလှည့်''

ပထမဦးဆုံး အခေါ်ခံရသူ မခင်မြ။

နေ့ခင်း ထမင်းစားချိန်ကျပြန်တော့လည်း

''ရော့ဟေ့...ဟောဒီဟင်းလေး မခင်မြ သွားပေးလိုက်စမ်း၊ ငါတစ်ယောက်တည်းဘယ်လိုလုပ်မှ စားလို့မကုန်ဘူး''

ပထမ စေတနာသန့်သန့်နှင့် ပေးသည်ထင်၍ မခင်မြ ယူစားမိသေးသည်။ နောက်ပိုင်း ဦးမြကြီး၏ အမူအရာ သိပ်ပြီး အကဲမရသောအခါ လုံးဝလက်မခံတော့။ ဘယ်လိုပဲဖြစ်ဖြစ် ဦးမြကြီးကား အကြံသမားပါတည်း။ သုံးထောင်ပြည့်ခန်းသာ အလယ်မှာ 'တို့တော့မယ်တဲ့၊ ဆိတ်တော့မယ်'ဟု ဘယ်လျှောက်ကာ ညာလှမ်းသည်မှာ သူတို့အကျင့်။ ချော့လိုရလျှင် ချော့မည်၊ ခြောက်လို့ရလျှင် ခြောက်မည်။ ပျော့ကွက် ဟာကွက် ရှာမည်။

''ဟဲ့ မခင်မြ၊ လာစမ်း၊ နင့် ဂရိုစာရင်းတွေကလည်း အမှားတွေချည်းပါလား၊ ဒီမှာ လာပေါင်းကြည့်စမ်းပါဦး''

မှန်၏။ ပြန်ပေါင်းကြည့်လိုက်တော့ မခင်မြ၏ အမှား။

''အို...ဒါတော့တော်၊ ကျုပ်လည်း လေးတန်းအထိပဲ အတန်းကျောင်းနေဖူးတာ၊ တစ်ခါတလေတော့ မှားမှာပေါ့''

''အေး...အဲဒီလို အမှားများလာရင် သူ့ငွေကို သွားထိခိုက်မှာပေါ့၊ နောက်တစ်ခါ မှားရင်တော့

သူဌေးကို တိုင်ရလိမ့်မယ်''

သူဌေးကိုတိုင်မှာတော့ မခင်မြအကြောက်သား။ သူ့ယောက်ျား စံမောင်ကလည်း သူ့အဖေကြီးသေပြီးမှ သူကြီးဖြစ်ရမည့် သူ၊ ဘာအလုပ်မှ မယ်မယ်ရရ ရှိသူမဟုတ်။

''မခင်မြ၊ မနက်ဖြန် ဆန်စက်ကိုလာခဲ့ဦး''

ဦးမြကြီးက အလုပ်သမားများအလစ်တွင် နှစ်ယောက်ချင်းကပ်၍ ပြောသည်။ မခင်မြက တအံ့တသြ–

''ဦးလေးမောင်ကပြောတော့ နက်ဖြန်ခါ ဆန်စက်ပြင်မလို့ဆို၊ စက်ပိတ်တယ် မဟုတ်လား''

''အေးလေ၊ စက်တော့ပိတ်တာပေါ့၊ ဒါပေမဲ့ နှင့်ဂရို့စာရင်းတွေ မှားနေတာ ပြန်ပြင်ပြီး လချုပ်စာရင်းလုပ်ရဦးမယ် မဟုတ်လား။ သန်ဘက်ခါဆို သူဌေးက လာတော့မှာ''

ဒီလိုနှင့် နောက်တစ်နေ့ နေခင်းကြောင်တောင် မခင်မြတစ်ယောက် ဇိုကြီးချက်မနှင့် အိမ်ပြန်ပေါက်ချလာသည်။ စံမောင် သိလိုက်ပြီ။ မြကြီး ဇော်ကားလိုက်ပြီပေါ့။ စံမောင် မခင်မြကို တဖွဖွမေးသည်။ မခင်မြ ဘာမျှ ပြန်မပြော။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်ကာ တရှုတ်ရှုတ်သာလျှင် ငိုကြွေးလျက် ရှိ၏။

စံမောင် ဘာမပြော ညာမပြောနှင့် သူ့အဖေ၏ နှစ်လုံးပြူး သေနတ်ကြီးယူကာ ဆန်စက်သို့ အပြေးသွားပြီး ဦးမြကြီးကို လူပုံအလယ်မှာပင် ပြောင်ပြောင်တင်းတင်း ပစ်သတ်လိုက်၏။ ညီအစ်ကိုတော်များဖြစ်ကြသည့် ညှပ်ကြီးနှင့် ချစ်တီးတို့လည်း ဘယ်လိုမှ တားမနိုင်၊ ဆီးမနိုင်၊ ဆွဲမရ သူတို့နှစ်ယောက်ပင် အလိုတူအလိုပါ အားပေးကူညီမှုဖြင့် ထောင်နှစ်နှစ်စီကျလိုက်သေးသည်။ စံမောင်ထောင်ထဲရောက်ပြီးမှ နောက်တစ်ကြိမ်ထွက်လာသော သက်ပြင်းရှည်ကြီးမှာမူ ထူထဲမြင့်မားသော ထောင်အုတ်ရိုးကြီးကို ကျော်လွှားနိုင်ဟန် မတူတော့ပေ။

''စံမောင်၊ မင်းကို ထောင်မှူးကြီးရုံးခန်းက ခေါ်နေတယ်''

စံမောင် ရုတ်တရက် အံ့အားသင့်သွားမိ၏။ ထောင်မှူးကြီးရုံးခန်းသို့ သူရောက်စရာ အကြောင်းမရှိ။ ထောင်ပြစ်မှုအနေနှင့်လည်း ဘာတစ်ခုမှ ကျူးလွန်ခြင်း မရှိ။ စံမောင် ရင်တထိတ်ထိတ်ဖြင့် ထောင်မှူးကြီးရုံးခန်းသို့ လိုက်ခဲ့ရသည်။ ဟိုရောက်တော့ ပိုပြီးရင်မောရသည်မှာ ထောင်မှူးကြီး၏ စားပွဲဘေးရှိ ကုလားထိုင်ပေါ်တွင် သားငယ်ဖိုးပြူးကို ချီပွေ့ကာ တရှုတ်ရှုတ်ငိုကြွေးလျက်ရှိသည့် မခင်မြကို တွေ့လိုက်ရခြင်းပင်တည်း။

စံမောင်က ထောင်မှူးကြီး စားပွဲရှေ့တွင် ပုံစံအနေအထား မတ်တတ်ရပ်လျက်ရှိ၏။ ထောင်မှူးကြီးကမူ လိုက်လိုက်လျောလျော–

''မောင်စံမောင် ထိုင်ကွာ''

ထောင်မှူးကြီးက နှစ်ခါလောက် ထပ်ပြောမှ စံမောင် ကုလားထိုင်ပေါ် ခပ်ရှိုရှို ထိုင်ဝံ့သည်။ ထောင်မှူးကြီးက လေသံခပ်အေးအေးဖြင့်–

''တခြားတော့ မဟုတ်ပါဘူးကွာ၊ မင်းမိန်းမ ထောင်ဝင်စာတွေ့ပြီးတော့ မင်းတို့နှစ်ယောက်ကို အထူးထောင်ဝင်စာ ခိုးပြပေးတဲ့ ထောင်မှူးအိမ်ကို သွားတယ်၊ ဟိုရောက်တော့ အဲဒီထောင်မှူးက ဗလက္ကာရပြုကျင့်ဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ အိမ်နီးနားချင်းတွေ ရှိနေတော့ ဘယ်လိုမှမအောင်မြင်ပါဘူး။ အဲဒါ မင်းမိန်းမက တို့ကိုအကျိုးအကြောင်းလာတိုင်တော့ ငါတို့မ ညည်းဘာလုပ်ချင်သလဲ၊ ရဲဌာနမှာ အမှုဖွင့်ပေးရမလားမေးတော့ မင်းကို တိုင်ပင်ချင်သေးတယ်ဆိုတာနဲ့''

စံမောင်၏စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားသည်။ သူ့အဖေ၏ နှစ်လုံးပြူးသေနတ်ကြီးကိုလည်း ပြေးမြင်လိုက်သည်။

''ဟင်း ငါသာ အပြင်မှာ ရှိနေရင်တော့လား''

အဲဒါက ရုတ်ခြည်းပေါ်လာသော ဒေါသ။ ကိုယ်တကယ် ရောက်နေတာက ထောင်ထဲမှာ။ စံမောင် ကိုယ့်စိတ်ကို အဆုံးစွန်အထိ လျှော့ချလိုက်ပြီး. . .

''ဆရာတို့ သင့်သလိုသာ စီစဉ်ပါ''

''မဟုတ်သေးဘူးလေကွာ၊ မင်းတို့ နှစ်ယောက် တိုင်ပင်ကြပါဦး''

စံမောင်တို့နှစ်ယောက် တွတ်ထိုးတိုင်ပင်ကြပြီး နောက် စံမောင်ကပင်–

''ကျွန်တော်တို့ အပြင်မှာ အမှုမဖွင့်တော့ပါဘူး၊ ဆရာတို့ပဲ သင့်သလိုအရေးယူပေးပါ''

ဌာနဆိုင်ရာအနေနှင့် အရေးယူလို့ကော အဲဒီ ထောင်မှူး ဘယ်လိုလုပ်သက်သာနိုင်ပါ့မလဲ။ ကြယ် တစ်ပွင့်ပြုတ်၍ ထောင်သက် ကြွေခဲ့ရပြီပေါ့။ တကယ်တော့ ထိုအချိန်ထိုအခါက ဗျူရိုကရေစီ စက်ယန္တယား အရှိန်အဟုန်မြင့်မားစွာ လည်ပတ် နေချိန်ကာလ။ အကျဉ်းထောင်များကြောင်း သခင်နု ရေးခဲ့သည့် 'ရက်စက်ပါပေ့ကွယ်' ဝတ္ထုမှာ အပိုမှ အပိုမပါ၊ အလိုသာ ရှိနိုင်ဦးမည့်အကြောင်း။

**(ရန်အောင်မောင်မောင်)**

# အခန်း (၆)

## မိဘ၏ ယုယကြင်နာမှုကို မရခဲ့သော ကလေးငယ်များသည် ကြီးသောအခါ ဆုံးမသွန်သင်၍မရသော ကလေးသူငယ်များ ဖြစ်လာကြသည်။

### ရုပ်အထောက်အပံ့နှင့် စိတ်အထောက်အပံ့

လူတစ်ယောက်အား ကျန်းမာ ပျော်ရွှင်စေချင် လျှင် စား၊ ဝတ်၊ နေရေး ရုပ်ဓာတ်ပိုင်းဆိုင်ရာ ထောက်ပံ့ရုံနှင့် မပြီးပေ။ စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့ ပေးဖို့လည်းလိုအပ်၏။ ၂၀၀၇–ခုနှစ်က စာရေးသူ နှင့် ဒကာ၊ ဒကာမ တစ်ရာခန့်တို့သည် မန္တလေး တိုင်း၊ ပတ္တရာမြို့နယ်၊ နှံ့သာမြိုင်အနာကြီးရောဂါ သည်ရွာသို့သွားရောက်၍ ငွေသားဝတ္ထုပစ္စည်း (ငါး ဆယ့်ရှစ်သိန်းဖိုးခန့်)ကို လှူဒါန်းထောက်ပံ့ခဲ့သည်။ တရားပွဲ တစ်ညလည်း ချီးမြှင့်ဟောကြားခဲ့သည်။

နာမည်ကြီး ဆရာတော်တစ်ပါး ကြွရောက်မည် ဟု သိရသည်နှင့် ရေနံ့သာအနာကြီးရောဂါ ဆေးရုံ အုပ်ကြီးဒေါက်တာမြသီတာက နေ့ဆွမ်းကပ်ဖို့ ဆေး ရုံဝန်ထမ်းများက တာဝန်ယူမည်ဖြစ်ကြောင်း ဖုန်း ဖြင့်လျှောက်ထားလာသည်။ စာရေးသူက ချက်ချင်း ငြင်းဆန်လိုက်ပြီး အနာကြီးရောဂါသည်များချက် သော ဆွမ်းနှင့်ဟင်းကိုသာ ဘုဉ်းပေးသုံးဆောင် မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားလိုက်သည်။

စာရေးသူ ပြန်ကြားသောစကားကြောင့် ဒေါက် တာသည် အတော်အံ့ဩမိကြောင်း ဖုန်းထဲမှ ပြန်၍ လျှောက်သည်။ သူအံ့ဩမည်ဆိုလျှင်လည်း အံ့ဩ စရာပင်။ ဘုန်းကြီးအများစုသည် ရွံ့တတ်ကြသည်။ အသုဘအိမ်မှဆွမ်းကိုပင် မစားရဲသူ အတော်များ များ ရှိနေသောကြောင့်ပင်။

စာရေးသူနှင့် တပည့်သံဃာတော် ငါးပါးအပါ အဝင် ဒကာ,ဒကာမ တစ်ရာကျော်တို့သည် သူတို့ ချက်ကျွေးသော ထမင်းဟင်းကို မြိန်ရှက်စွာ သုံး ဆောင်ကြသည်။

ရောဂါသည်မိသားစုများသည် သူတို့ကျွေးသော ထမင်းဟင်းများကို အားပါးတရ သုံးဆောင်နေကြ သော ရဟန်းနှင့်လူတစ်ရာကျော်ကို ကြည့်၍ အားရ ဝမ်းသာပျော်မြူးလျက် မျက်နာများတပြုံးပြုံး ဖြစ်နေ ကြသည်။ တချို့သော ဝေဒနာရှင်များမှာ ဝမ်းသာ လွန်းသဖြင့် မျက်ရည်များပင် ကျနေကြသည်။ ၅၈ –သိန်းသောငွေကို ရသောဝမ်းသာမှုထက် သူတို့ ကျွေးသောထမင်းကို စားသောကြောင့်ဖြစ်ရသော ဝမ်းသာမှုက ပိုလွန်ကြောင်းကို သူတို့မျက်နာတွင်

အထင်းသားမြင်နေရသည်။

ငါးဆယ့်ရှစ်သိန်းသော ငွေကို ထောက်ပံ့ခြင်းသည် ရုပ်ကို ထောက်ပံ့ခြင်းဖြစ်သည်။ သူတို့ကျွေးသောထမင်းကို စားခြင်းသည် စိတ်ကို ထောက်ပံ့ခြင်း ဖြစ်သည်။ ထိုသို့ အနာကြီးရောဂါသည်တို့၏ စိတ်ပိုင်းဆိုင်ရာကိုပါ အားပေးထောက်ပံ့ချင်သောကြောင့် ဆရာဝန်နှင့်ဆေးဝန်ထမ်းများ ကပ်လှူမည့် ဆွမ်းကို ပယ်ရှားခဲ့ခြင်း ဖြစ်သည်။

စားဝတ်နေရေး ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်းသည် ရုပ်ဓာတ်ကို ထောက်ပံ့ခြင်း ဖြစ်သည်။ တစ်ဖက်လူ စိတ်ချမ်းသာအောင် ပြောဆို၊ ပြုမူ၊ နေထိုင်ပေးခြင်းသည် စိတ်ဓာတ်ကို ထောက်ပံ့ခြင်း ဖြစ်သည်။ လူတစ်ယောက် သက်ရှည် ကျန်းမာရေးအတွက်ရုပ်အထောက်အပံ့သာမက စိတ်အထောက်အပံ့ပါ လိုအပ်သည်သာ ဖြစ်၏။

နှစ်ခုယှဉ်လိုက်လျှင် ရုပ်ဓာတ်ချမ်းသာမှုနှင့် စိတ်ဓာတ်ချမ်းသာမှုတွင် စိတ်ဓာတ်ချမ်းသာမှုက ပို၍ အရေးကြီးပေသည်။ ရုပ်ဓာတ်ချမ်းသာတိုင်း စိတ်ဓာတ်ချမ်းသာသည် မဟုတ်ပေ။ ရုပ်ဓာတ်ပိုင်းဆိုင်ရာတွင် အချမ်းသာဆုံးဖြစ်သော အမေရိကန်နိုင်ငံ သူဌေးအချို့ ကိုယ့်ကိုယ်ကို သတ်သေခြင်းကို ထောက်လျှင် ရုပ်ချမ်းသာမှုထက် စိတ်ချမ်းသာမှုက ပို၍ အရေးကြီးကြောင်း သိသာပါ၏။

### မယ်တော်ကြီးနှင့်
### စိတ်ဓာတ်အထောက်အပံ့

စာရေးသူ ယခုလို သာသနာ့ဘောင်ဝင်ပြီး သာသနာပြုလုပ်ငန်းများကို နောက်ဆံတင်းစရာမလိုဘဲ အားသွန်ခွန်စိုက်လုပ်နိုင်ခြင်းသည် ညီဖြစ်သူမောင်စိုးတင့်၏ကျေးဇူးလည်း ပါပေသည်။ သူသည် စာရေးသူနှင့်အတူ ကိုရင်ဝတ်ခဲ့ပြီး ခုနစ်ဝါရမှ လူဝတ်လဲခဲ့သူ ဖြစ်သည်။ သူလူထွက်စဉ်က စာရေးသူထံ စာတစ်စောင်ရေးခဲ့၏။

သူရေးသောစာထဲတွင်

''နောင်တော် သာသနာအလုပ်ကို အသက်ထက်ဆုံး လုပ်ပါ၊ မိဘနှစ်ပါးကို ညီမောင် လုပ်ကျွေးပါမည်''ဟူသောအချက်လေးတစ်ချက် ပါဝင်သည်။ ထိုအချက်လေးက စာရေးသူ၏ဘဝကိုအမြင့်သို့ ပို့ပေးခဲ့သည်ဟု ဆိုလျှင်လည်းမမှားပေ။ ညီတော်မောင်သည် သူ့ကတိအတိုင်း မိဘနှစ်ပါးအားလက်သမားအလုပ်ဖြင့် ပြုစုလုပ်ကျွေးခဲ့သည်။

ဖခင်ဆုံးပါးပြီးသည့်နောက်တွင် မယ်တော်ကြီးသည် ညီတော်မောင်ကို ပို၍အားကိုးအားထား ပြုလာသည်။ စာသင်သားဖြစ်သော စာရေးသူကား အမရပူရမြို့သို့ တစ်နှစ်တစ်ခေါက်ပင် မှန်မှန်မရောက်တော့ပေ။ ထို့ကြောင့် မယ်တော်ကြီးသည် သားနှစ်ယောက်ရှိသော်လည်း ညီတော်မောင်တစ်ယောက်တည်းကိုသာ အားကိုးနေခြင်းဖြစ်၏။ သမီးငယ်တစ်ယောက်ရှိသေးသော်လည်း အလေးထားခြင်းမပြုဘဲ သားငယ်ကိုသာ အလေးထားအားကိုးလေသည်။

မိခင်များက သားများအားအရေးပေးခြင်း အားကိုးခြင်းကို သမီးများက အမြင်ရှင်းသင့်သည်။ တကယ့်အရေး တကယ့်ဘေးကျရောက်လာလျှင် သမီးများထက် သားများကအားကိုးရသောကြောင့် ဖြစ်သည်။ ထို့အတူဖခင်များက သားများထက် သမီးများအား အရေးပေးဆက်ဆံခြင်းကိုလည်း သားများကအမြင် ရှင်းသင့်သည်။ တကယ့်ဘေးကျရောက်လာလျှင် သားများက ကိုယ့်ကိုယ်ကိုကာကွယ်နိုင်သော်လည်း သမီးများကား ထိုသို့ကာကွယ်နိုင်ခြင်းမရှိပေ။ ထို့ကြောင့် ဖခင်များသည် သားများထက်သမီးများကို အရေးပေးဆက်ဆံကြခြင်းဖြစ်သည်။

ညီတော်မောင်သည် အိမ်ထောင်ဦးစီးနေရာရောက်ပြီး မိသားစုအား လုပ်ကိုင်ကျွေးမွေးနေသော်လည်း မိခင်ဖြစ်သော မယ်တော်ကြီးကား ညီငယ်အား ပီဘိကလေးငယ်တစ်ယောက်လိုသာ မြင်နေ၏။ အမြင်မတော်သည်များကို ချက်ချင်းပြောပြ

ဆုံးမလေ့ရှိ၏။ တစ်ခါတွင် ညီတော်မောင်သည် သူ့မိတ်ဆွေများနှင့် လက်ဖက်ရည်ဆိုင်တွင် အချိန်ကုန်အောင်ထိုင်သော အကျင့်စွဲလာ၏။

ညီတော်မောင်နှင့် ပေါင်းသင်းနေသူအများစုမှာ ရိုက်ပွဲမကြာခဏဖြစ်တတ်ကြသော လူမိုက်လေးများ ဖြစ်၏။ ထို့ကြောင့် မယ်တော်ကြီးကား ဤရက်ပိုင်းအတွင်း လက်ဖက်ရည်ဆိုင်မထိုင်ဖို့ ဆုံးမရှာ၏။ ညီတော်မောင်ကား နားမထောင်နိုင်။ သူ တစ်နေကုန် ပင်ပန်းသမျှအား လက်ဖက်ရည်ဆိုင်ထိုင်ရင်း အပန်းဖြေလိုသည်မဟုတ်ပါလား။ မယ်တော်ကြီး၏စကားကို နားမထောင်သည့်အပြင် တရားဓာတ်ခံနည်းလွန်းသည်၊ အစိုးရိမ်ပိုလွန်းသည်ဟု အပြစ်မြင်လိုက်သေး၏။

သားသမီးသည် မိဘထက် သင်၍တတ်သော သညာခေါ် အတတ်ပညာကား သာချင်သာပေလိမ့်မည်။ ဘဝအတွေ့အကြုံနှင့် ယှဉ်းမှုရသော အသိပညာတွင်ကား မိဘထက်သာဖို့ဝေး၍ မိဘ၏ခြေဖျားပင်မီမည်မဟုတ်ပေ။ တစ်ညတွင်ညီတော်မောင်တို့အဖွဲ့ လက်ဖက်ရည်သောက်နေစဉ် ရန်ငြိုးရှိခဲ့ဖူးသော တစ်ဖက်အဖွဲ့မှလူငယ်များက ညီတော်မောင်တို့အဖွဲ့မှ လူငယ်တစ်ယောက်ကို ဝိုင်းချုပ်ပြီး ထိုးကြကြိတ်ကြ၏။

ညီတော်မောင်သည် မိဘလုပ်ကျွေးနေသော သားလိမ္မာတစ်ယောက်ဖြစ်ကြောင်း တစ်ဖက်အဖွဲ့က သိ၏။ ထို့ကြောင့် ညီတော်မောင်ကို ဘာမျှမလုပ်ခြင်း ဖြစ်၏။ သို့သော် ကိုယ့်အဖွဲ့မှ လူတစ်ယောက်အား ဝိုင်းဝန်းထိုးကြိတ်နေသည်ကို တွေ့ရသောအခါ ညီတော်မောင်သည် လက်ပိုက်ကြည့်မနေနိုင်တော့ဘဲထိုးကြိတ်နေသူ၏ခေါင်းကို ဖင်ထိုင်ခုံနှင့် ခပ်သွက်သွက် ဆွဲရိုက်လိုက်လေတော့သည်။ သူတို့လူကိုရိုက်လာသောအခါ တစ်ဖက်အဖွဲ့မှ လူငယ်တစ်ယောက်သည် မနေသာတော့ဘဲ ညီတော်မောင်၏ခေါင်းကို နံချပ်ကူဖြင့် ရိုက်လိုက်ရာ ခေါင်းကွဲသွားလေတော့၏။

နောင်တွင် ထိုဖြစ်ရပ်နှင့်ပတ်သက်၍ မယ်တော်ကြီးက စာရေးသူအား ယခုလို ပြောပြဖူး၏။

''သားရယ်၊ မယ်တော်ကြီးဖြင့် သားညီလေး ရုံးရောက်နေတယ်ဆိုတာ သိလိုက်တာနဲ့ ထဘီတိုတို ဝတ်တဲ့ပြီး ရုံးကို အပြေးသွားခဲ့တာပေါ့၊ မှောင်က လည်းမှောင်၊ စိုးရိမ်သောစိတ်ကလည်း ဖိစီးဆိုတော့ လမ်းကို သေချာကြည့်ပြီး မသွားမိတော့ပါဘူး။ ဒါကြောင့် ခလုတ်တိုက်ပြီး လမ်းမှာ မှောက်လျက်ကြီး လဲတယ်''

''ဒါလည်း နာတယ်၊ ကျင်တယ် လုပ်မနေနိုင်ဘူး။ ချက်ချင်းထပြီး ရုံးကိုရောက်အောင် သွားတော့တာပဲ၊ သောကပြေသွားမှ သံဝေဂဉာဏ်လေး ဝင်မိတယ်၊ ဒီအချိန်မှာ ငါသေသွားရင် သောက(ဒေါသ) စိတ်ကြောင့် ငရဲကိုကျမှာပဲလို့''

ထို့ကြောင့် စာရေးသူက ညီတော်မောင့်ထံ အတွေးပါသော စာလေးတစ်စောင်ကို ရေးပို့မိ၏။ မိဘကို ပြုစုလုပ်ကျွေးရာတွင် ရုပ်ချမ်းသာအောင် စားဝတ်နေရေး ထောက်ပံ့နေရုံနှင့် မပြီး၊ စိတ်ချမ်းသာအောင်မိဘပြောသောစကားကိုလည်းနားထောင်ဖို့ လိုအပ်ကြောင်း ဒဿနလေးကို သားသမီးတိုင်း သတိပြုသင့်ပါသည်။

မိဘအများစုသည် သားသမီးများ၏ စားဝတ်နေရေးကိုသာ တာဝန်ယူကြပြီး စိတ်ချမ်းသာ ပျော်ရွှင်ရေးကို တာဝန်မယူကြပေ။ ဤကား ရုပ်ဓာတ်ကိုသာ ထောက်ပံ့ရကောင်းမှန်း သိပြီး၊ နာမ်ဓာတ်ကို ထောက်ပံ့ရကောင်းမှန်း မသိခြင်း ဖြစ်သည်။ မိဘ၏ ကြင်နာယုယမှုကို ပြည့်ဝစွာမရခဲ့သော ကလေးများသည် ကြီးသောအခါ သီလပျက်သော လူမိုက်လေးများ ဖြစ်လာကြသည်။

မြန်မာပြည်မှ ကလေးအများစုသည် ထမင်းမငတ်သော်လည်း မေတ္တာငတ်ကြသည်။ ကြေကွဲစရာ ဖြစ်ရပ်ကလေးတစ်ခု ထုတ်ပြပါမည်။ လက်လုပ်လက်စား မိသားတစ်စုတွင် ဆယ်နှစ်အရွယ်ခန့် သားလေးတစ်ယောက် ရှိသည်။ အဖေကလည်း

ဝမ်းစာရှာဖွေရေးလုပ်၊ အမေကလည်း အိမ်မှုကိစ္စ အလုပ်များဖြင့် မအားမလပ်အောင်ဖြစ်နေရာ သားငယ်အား ကြင်နာယုယမှုကို ထိရောက်အောင်မပေးနိုင်ကြပေ။ ရုပ်အာဟာရရှိသော်လည်း နာမ်အာဟာရ မရသောကြောင့် သားငယ်မှာ ရွှင်လန်းမှုမရှိဘဲ ငေးငိုင်နေတတ်သည်။

တစ်ရက်တွင် လေးတန်းကျောင်းသားအရွယ်သာရှိသေးသောသားငယ်သည် ဖခင်ဖြစ်သူ အလုပ်မှ ပြန်လာချိန်ကို ဖွဲနှင့် ထိုင်စောင့်နေသည်။ နေဝင်ဖြိုးဖျ အချိန်မှာပင် ဖခင်ဖြစ်သူ မောကြီးပန်းကြီးဖြင့် အိမ်ပြန်ရောက်လာသည်။ လိုင်းကားတိုးစီးခဲ့ရသဖြင့် သူ့တစ်ကိုယ်လုံးတွင် ချွေးတို့ဖြင့် ရွှဲနစ်နေသည်။ ထို့ကြောင့် ချက်ချင်း ရေးမချိုးသေးဘဲ အင်္ကျီချွတ် ချွေးသုတ်ပြီး ပက်လက်ကုလားထိုင်တွင် ခဏထိုင်ပြီး အမောဖြေနေလိုက်သည်။

ဖခင်သည် စောင့်မျှော်နေသော သားငယ်ကို တွေ့မြင်နေရသော်လည်း နှုတ်ဆက်စကားလေး တစ်ခွန်းပြောဖို့ပင် သတိမရနိုင်ပေ။ သားငယ်ကား ဖခင်ဖြစ်သူကများ စကား စလေမလားဟု တွေးပြီး ဖခင်အား မျက်လုံးဝိုင်းကြီးဖြင့် စိုက်ကြည့်နေသည်။ အပါယ်ဘုံ၌အနေများခဲ့သည့် ပုထုဇဉ်လူသားအများစုသည် သူတစ်ပါး စိတ်ချမ်းသာစေမည့် အပြုအမူ အပြောအဆိုကို ပြုမူပြောဆိုရန် ခဲယဉ်းနေတတ်သော်လည်း၊ သူတစ်ပါး စိတ်ဆင်းရဲစေမည့် အပြုအမူအပြောအဆိုကိုကား လွယ်ကူစွာ ပြုမူပြောဆိုတတ်ကြ၏။

ဥပမာအားဖြင့် မိဘနှင့် ဆရာအများစုသည် သားသမီးနှင့် တပည့်များကို တစ်နှစ်(ရက်ပေါင်း ၃၆၅ရက်)တွင် မကောင်းကွက်တွေ့၍ အပြစ်ပြောသည်မှာ ရက်ပေါင်း၂၀၀–ခန့်ရှိသော်လည်းကောင်းကွက်တွေ့၍ ချီးမွမ်းသည်မှာ နှစ်ရက်ပင် မရှိတတ်ချေ။

အိမ်မှနှင်ထုတ်သောစကား ကျောင်းမှနှင်ထုတ်သောစကားကို တစ်နှစ်တွင် ရက်ပေါင်း၃၀၀–ခန့် ပြောမိသော်လည်း နောက်တစ်ချိန်တွင် သည့်ထက်ကြီးမားသောအိမ်ထောင်စုကြီးကို အုပ်ချုပ်မည့် အိမ်ထောင်ဦးစီးကြီးဖြစ်လာမည်။ သည့်ထက် အဆင့်အတန်းမြင့်သည့် ကျောင်းကြီးကို အုပ်ချုပ်သည့် ကျောင်းအုပ်ဆရာကြီး၊ တက္ကသိုလ်ပါမောက္ခချုပ်ကြီးဖြစ်လာမည်ဟူသော စကားကိုကား တစ်နှစ်တွင် ၃–ရက်ခန့်ပင် မပြောဖူးကြချေ။

ယခုလည်း သူ့ရှေ့နားတွင်ထိုင်လျက် ဖခင်၏ နှုတ်ဆက်စကားကို မျှော်လင့်နေသောသားငယ်အား ဖခင်သည် မသိကျိုးကျွန် ပြုလျက်ရှိ၏။ ထိုအခါ သားငယ်သည် ဖခင်အနီးနားသို့ တရွေ့ရွေ့ကပ်သွားပြီး ဖခင် လုံးဝမျှော်လင့်မထားသော စကားတစ်ခွန်းကို ပြောလိုက်သည်။

"အဖေ၊ တစ်ရက်ကို လုပ်ခ ဘယ်လောက်ရသလဲ"

မောမောဖြင့် ပြန်လာသောဖခင်သည် သူ့လုပ်ခကို လာရောက်စစ်ဆေးနေသော သားငယ်အား ဒေါပွသွား၏။ ထို့ကြောင့် –

"မင်းနဲ့ ဘာဆိုင်လို့ ငါ့လုပ်ခကို လာမေးနေရတာလဲ၊ သွား မောရတဲ့ကြားထဲ၊ နားရင်းထအုပ်မိလိမ့်မယ်"

သားငယ်မှာ သူပြောချင်သောစကားကို ဆက်မပြောရဲတော့ဘဲ မျက်ရည်လေးဝိုင်းပြီး အိမ်ခန်းထဲသို့ ညှိုးငယ်စွာ ဝင်သွားရှာသည်။

သား၏ကျောပြင်ကို လှမ်းကြည့်ရင်းမှ ဖခင်ဖြစ်သူသည် သူ၏အမှားကို သတိရသွားသည်။ ဩော်–အကြောင်းရှိလို့ မေးတာပါလေ၊ သေချာမစိစစ်ဘဲ တန်းငေါက်လိုက်တာ ငါမှားသွားတာပဲ ဟူသော အတွေးနှင့်အတူ သား၏အခန်းထဲသို့ လိုက်သွားပြီး လျှင် သားငယ်၏ခေါင်းကို ပွတ်ကာ ချော့မော့ပြောဆို၏။

"အဖေ မှားသွားတယ် သားရယ်၊ ကဲ..ကဲ သားသိချင်တဲ့ မေးခွန်းကို ဖြေပါ့မယ်၊ အဖေတစ်ရက်ကို နေ့တွက် ၂၀၀၀/ ရတယ်"

''ဒါဆိုရင် ဒီနေ့ နေ့တွက်ထဲကနေ သားကို ၅၀၀ လောက် ချေးပါဖေဖေ''

ဖခင်သည် စကားဆန်းတွေချည်း ပြောနေသော သားငယ်အား အံ့ဩခြင်းနှင့်အတူ ဒေါသပါထွက်လာသည်။ ထိုဒေါသ ပါးစပ်နှင့်လက်သို့ မရောက်မီ ဘရိတ်အုပ်ကာ အိပ်ထောင်ထဲတွင် ပါလာသော ၂၀၀ဝိ/အနက်မှ ၅၀ဝိ/တန်တစ်ရွက်ကိုယူပြီး သားငယ်ကို ပေးလိုက်သည်။ သားငယ်သည် ဖခင်ထံမှ ငွေငါးရာရသည်နှင့် သူခေါင်းအုံးထဲတွင် ဘယ်တုန်းက စုထားမှန်းမသိသော ငါးဆယ်တန်အနွမ်းလေးများကို သေချာစီပြီး ငါးရာတန်ပေါ်တွင် ထပ်လိုက်သည်။

ပြီးလျှင် သေချာအောင် တစ်ခေါက်ပြန်ရေတွက်သည်။ ဖခင်ကား ပါးစပ်အဟောင်းသားဖြင့် သားငယ်ကို စိုက်ကြည့်လျက်သာရှိသည်။ သားငယ်သည် ဖခင်ထံ တစ်လှမ်းချင်းလှမ်းလာပြီး အနားရောက်သည်နှင့် ဒူးထောက်ထိုင်လိုက်ခါ လက်ထဲမှ ပိုက်ဆံအထပ်ကို ဖခင်အား လက်နှစ်ဖက်ဖြင့် လှမ်းပေးလိုက်သည်။ ဖခင်သည် ပိုက်ဆံကို လှမ်းမယူမိသေးဘဲ သားကို နားမလည်နိုင်စွာကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

''သား၊ အဖေက ဒီပိုက်ဆံတွေကို ဘာလုပ်ရမှာလဲ''

''သားတစ်ရက်ကို မုန့်ဖိုး ငါးဆယ်ရတယ်၊ တစ်လ မုန့်မစားဘဲ စုလိုက်တော့ ၁၅၀ဝိ/ ရတယ်၊ စောစောက ဖေဖေချေးပေးတဲ့ ငါးရာနဲ့ ပေါင်းလိုက်တော့ ၂၀၀ဝိ/ ဖြစ်သွားပြီလေ၊ ဖေဖေ့ကို မနက်ဖြန် တစ်ရက် လုပ်ခ ၂၀၀ဝိ/ရအောင် သားတတ်နိုင်တဲ့ နည်းနဲ့ ရှာပေးတာပါ၊ မနက်ဖြန် ဖေဖေ အလုပ်မသွားဘဲနဲ့ သားအနားမှာ နေပါ။

''အဖေ ပြောပြတဲ့ပုံပြင်တွေ နားထောင်ချင်တယ်၊ အဖေ့လက်ကိုဆွဲပြီး ပန်းခြံတွေထဲမှာ လမ်းလျှောက်ချင်တယ်၊ အဖေနဲ့အတူ ခိုလေးတွေကို အစာကျွေးချင်တယ်၊ အဖေ့ကို တစ်ရက်လောက် သားပိုင်ချင်တယ် ဖေဖေရယ်၊ ဒါပေမဲ့ သားရတဲ့ မုန့်ဖိုးက တစ်လလုံးစုမှ ၁၅၀ဝိ/ပဲ ရတယ်၊ ဒါကြောင့် ဖေဖေ့ဆီက ၅၀ဝိ/ ချေးတာ၊ နောက်ဆယ်ရက်ရှိရင် ဒီငွေငါးရာကို သားပြန်ဆပ်မ…''

ဖခင်ဖြစ်သူသည် သားငယ်၏ စကားကို ဆုံးအောင် နားမထောင်နိုင်တော့။ ''သားရယ် ဖြစ်ရလေ''ဟု တစ်ခွန်းသာပြောနိုင်ပြီး သားငယ်အား ရင်ခွင်ထဲဆွဲသွင်းကာ ရှိုက်ကြီးတငင် ငိုကြွေးခဲ့မိလေပြီ။ ယခုခေတ်သည်ကား သားသမီးက မိဘထံမှ ကြင်နာယုယမှုကို ပြန်ဝယ်နေရသော ခေတ်ပေတကား။

**မိဘလေးမျိုး**

သားသမီးကို လိမ္မာအောင်မဆုံးမသော မိဘသည် ညံ့ပါသည်။ တုတ်နှင့်ရိုက်ပြီး ဆုံးမသော မိဘသည် ကောင်းပါသည်။ တုတ်နှင့် မရိုက်ဘဲ ငေါက်ငမ်းဆဲဆိုပြီး ဆုံးမသောမိဘသည် တော်ပါသည်။ ရိုက်လည်း မရိုက်၊ ဆဲဆိုခြင်းလည်း မပြုဘဲ ချော့မော့ချိုးမွမ်း ပြောဆိုဆုံးမသော မိဘသည် အတော်ဆုံး ဖြစ်ပါသည်။ ဆရာကိုလည်း ထို့အတူ လေးမျိုး ခွဲထားသင့်ပါသည်။

မဟာတ္တမဂန္ဓီ၏ မြေးတော်သည်ဟုဆိုသော ပုဂ္ဂိုလ်တစ်ဦးရေးသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရဖူးသည်။ အတ္တကျော်ရေးသော စာအုပ်ထဲမှဟု ထင်သည်။ တစ်ရက်တွင် သားဖြစ်သူသည် ဖခင်အား မြို့ကြီးတစ်မြို့သို့ ကားဖြင့် လိုက်ပို့ရသည်။ မြို့သို့ရောက်သောအခါ ဖခင်ကသားဖြစ်သူအား သေချာမှာသည်။ ကားကို ရေဆေးဆီလိုက်လုပ်ပြီးလျှင် ဘယ်မှလျှောက်လည်မနေဘဲ ညနေလေးနာရီထိုးသည်နှင့် ရုံးရှေ့သို့ရောက်ဖို့ ဖြစ်သည်။

သားဖြစ်သူသည် ကားကို ရေဆေးဆီလိုက်လုပ်သည့်နေရာသို့ သွားပို့၏။ ရေဆေးဆီလိုက် လုပ်ခြင်းသည် ခဏနှင့်ပြီး၏။ ရေဆေးဆီလိုက်ပြီးသောအခါ ညနေသုံးနာရီသာ ရှိသေးသည်။ ဖခင်ကို

တစ်နာရီကြီး ထိုင်မစောင့်ချင်သော သားသည် ရုပ်ရှင်သွားကြည့်သည်။ သူ့စိတ်ထဲတွင် ဇာတ်ကား ဆုံးအောင်မကြည့်ဘဲ တစ်ဝက်လောက် ကြည့်လိုက်လျှင် ညနေလေးနာရီအကိုက်ဟု တွက်ထား၏။

တကယ်ကြည့်မိသောအခါ ဖြတ်၍မရတော့ဘဲ ပြီးအောင်ကြည့်ဖြစ်သွားသည်။ ရုပ်ရှင်ပြီး၍ ရုံအပြင်ဘက်သို့ ထွက်လာသောအခါ ညနေငါးနာရီ ထိုးနေပေပြီ။ သားငယ်သည် ထိတ်ကနဲ တစ်ချက်ဖြစ်သွားကာ ဖခင်ရှိရာရုံးသို့ အပြင်းမောင်းနှင်ပြေး၏။ ဖခင်ကား ရုံးရှေ့တွင်တစ်နာရီကျော်ကြာသည်အထိ မတ်တပ်ရပ်ပြီး စောင့်နေသည်။ သားသည် ဖခင်ကို မကြည့်ရဲဘဲ မျက်လွှာချလျက် ရှေ့သို့လာရပ်သည်။ ဖခင်က အေးဆေးသက်သာစွာမေးသည်။ ဒေါသကိုနိုင်လျှင် လောကကိုနိုင်သည် မဟုတ်ပါလား။

''သား၊ ဘာဖြစ်လို့ နောက်ကျနေတာလဲ''

''ရေဆေးဆီလိုက်ဌာနမှာ ကားတွေ များနေလို့ ဖေဖေ''

ရေဆေးဆီလိုက်ဌာနကို ဖုန်းဆက် မေးပြီးဖြစ်သဖြင့် သားလိမ်သည်ကို အဖေချက်ချင်း သိသွားလေပြီ။ မည်ကဲ့သို့ ဆုံးမလေမည်နည်း...။

''သားရေ၊ အဖေဟာ အရင်က ကိုယ့်ကိုယ်ကို အတော် အထင်ကြီးခဲ့မိတယ်၊ ကိုယ့်ရဲ့သားသမီးတွေကို မလိမ်တတ်အောင်၊ မညာတတ်အောင် ဆုံးမသွန်သင်နိုင်ခဲ့တဲ့ မိဘတစ်ဦးလို့ ထင်ခဲ့မိတယ်၊ ဒီနေ့ဒီအချိန်ကျမှ အဖေဟာ သားသမီးကို အမှန်ပြောအောင် မဆုံးမနိုင်တဲ့ အလကားဖခင်တစ်ယောက်ဆိုတာကို သိလိုက်ရတယ်။

''ကိုယ့်အပြစ်ကို ကိုယ်ဘာသာဒဏ်ခတ်တာ တရားနည်းလမ်း အကျဆုံးပဲသားရဲ့၊ ဒါကြောင့် ဒီကနေအိမ်အထိမိုင်၂၀ခရီးကို အဖေလမ်းလျှောက်ပြန်မယ်၊ သားကတော့ ကိုယ့်ဘာသာကားနဲ့ ပြန်ပေတော့''

ထိုသို့ ပြောပြီးသည်နှင့် ဖခင်သည် လက်ဆွဲအိတ်ကလေးကို ကိုင်ကာ ရှေ့မှ ထွက်သွားနှင့်လေသည်။ သားဖြစ်သူမှာ မမာန်ရ၊ မရိုက်ရဘဲနှင့် မျက်ရည်သွင်သွင် ကျလေပြီ။ လမ်းတစ်လျှောက်လုံး ဖခင်ရှေ့က ကျော်လွန်သွားအောင်လည်း မောင်းမသွားရက်၊ ကားပေါ်တက်ပါအဖေဟုလည်း မခေါ်ရဲနှင့် သားဖြစ်သူမှာ ရင်နှင့်အောင် ခံစားသွားရသည်။ လိမ်ညာမှုတစ်ခုသည် လူတစ်ယောက်၏ စိတ်ကို ဤမျှလောက်ထိ ထိခိုက်စေနိုင်ပါလားဆိုသည်ကို သားဖြစ်သူ လက်တွေ့သိသွားသည်။

ဆောင်းပါးအဆုံးတွင် စာရေးသူက ယခုလို မှတ်ချက်ချခဲ့၏။ အကယ်၍ ကျွန်တော့်ရဲ့အဖေက ကျွန်တော့်ကိုညာတဲ့အတွက်ဆိုပြီး မာန်မဲလိုက်မယ်၊ ရိုက်လိုက်မယ်ဆိုရင် ဒီညာတဲ့အကျင့်ကြီးကို ဖျောက်ချင်မှ ဖျောက်မှာပါ။ အခုတော့ အဖေက ကျွန်တော့်အပြစ်ကိုတောင်မမြင်ဘဲ သူ့အပြစ်သူရှာပြီး မိုင်၂၀ ခရီးကို လမ်းလျှောက်ပြလိုက်တာဟာ ရိုက်တာဆဲတာထက် ကျွန်တော့်ရင်ထဲကို ပိုရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ အဲဒီအချိန်ကစပြီး လိမ်ညာတဲ့အကျင့်ဆိုးကြီး တစ်ခါတည်း အမြစ်ပြတ်ပျောက်သွားပါတယ်။

သဘောထားမပြည့်ဝသောသူသည် သူတစ်ပါးအပြစ်ကိုသာ မြင်တတ်သည်၊ သဘောထားပြည့်ဝသောသူကား မိမိအပြစ်ကိုသာ မြင်တတ်သည်ဟူသောဒဿနနှင့် ယခုဖြစ်ရပ်အား တိုင်းတာကြည့်သင့်ပေ၏။

## ကျော်ဖလုနှင့် သစ္စာ

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် ကျော်ဖလုအမည်ရှိ အမျိုးသားတစ်ယောက်ရှိသည်။ ကျော်ဖလုသည် သရဏဂုံသုံးပါးကို စွဲမြဲပြီး၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို လုံခြုံသူဖြစ်သည်။ ထို့ကြောင့် ကျော်ဖလု၏ သီလသိက္ခာသည် သူ့ရွာမှသည် အမ်းမြို့နယ်အထိ လွှမ်းမိုးပျံ့နှံ့လေ၏။ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးမည်သည့်

ပြဿနာရှိရှိ ကျော်ဇံလှဆုံးဖြတ်ပေးလျှင် အားလုံး က လက်ခံနာယူကြ၏။

ဤသည်ကိုပင် ဩဇာညောင်းသည်ဟု ဆိုလို ခြင်းဖြစ်၏။

ထို့ကြောင့် ဆန့်ကျင်ဘက်အားဖြင့် မုသားပြော လျှင် ဩဇာအာဏာ ကင်းသည်။ မုသားမှ ရှောင် ကြဉ်လျှင် ဩဇာအာဏာညောင်းသည်ဟု မှတ်သင့် ပေသည်။ မုသားပြောသူသည် ဩဇာအာဏာ ကင်းသောကြောင့် ဖြစ်ရာဘဝတွင် နောက်လိုက် ဘဝ၊ ကျွန်ဘဝနှင့် ဇာတ်သိမ်းရသည်။

မုသားမှရှောင်ကြဉ်၍ အမှန်ကိုပြောသူသည် ကား ဖြစ်ရာဘဝတွင် ခေါင်းဆောင်ဘဝ၊ သခင် ဘဝချည်းရောက်ကြရသည်။ ကျော်ဇံလှသည် ယခင်ဘဝက မုသားကိုရှောင်ကြဉ်ခဲ့သောကြောင့် ယခုဘဝတွင် မြို့သူ၊ မြို့သားများကိုသာမက ရဲ စခန်း၊ စစ်တပ်စသော အာဏာပိုင်အဖွဲ့စည်းများ အထိ ဩဇာအာဏာညောင်းခြင်း ဖြစ်သည်။ ဤ အတိုင်းသွားလျှင် အနာဂတ်တွင်လည်း ဩဇာအာ ဏာညောင်းသူတစ်ယောက်ဖြစ်မှာ သေချာနေပေ သည်။

တကယ့်ဖြစ်ရပ်ဟူသည် တစ်ခါတစ်ရံတွင် စိတ်ကူးယဉ်ခြင်းထက် ဆန်းကျယ်နေတတ်သည်။ တစ်မြို့နယ်လုံးက ကိုယ်ကျင့်တရားအရာတွင် စံ ထားရသော ကျော်ဇံလှနှမဖြစ်သူ၏ ယောကျ်ား သည်ကား ဓားပြတစ်ယောက် ဖြစ်နေခဲ့၏။ လွန်ပြီး မှ သိရသောအခါ ကျော်ဇံလှ ဘာမျှမတတ်နိုင် တော့။ သို့သော် ယောက်ဖဖြစ်သူကိုခေါ်၍ မကောင်း တဲ့ အလုပ်ကို ချက်ချင်းစွန့်လွှတ်ရန် ပြင်းထန်စွာ တောင်းဆိုသည်။

အမှုဖြစ်ခဲ့လျှင် ကိုယ့်ယောက်ဖဆိုပြီး ဖုံးကွယ် ပေးလိမ့်မည် မဟုတ်။ ရဲလက်အပ်မည်သာဖြစ် ကြောင်း သတိပေးခဲ့သည်။ သတ်နေကျ၊ ခိုးနေကျ ဖြစ်သော ယောက်ဖဖြစ်သူသည် ကျော်ဇံလှရှေ့တွင် ကတိပေးသော်လည်း ပိပိရိရိ ဖြစ်နေသောဓားပြ မှုဆိုလျှင် သူပါသည်သာဖြစ်၏။ တစ်နှစ်မှ တစ် ကြိမ်ခန့်သာ ကျူးလွန်သည့်အတွက် တကယ့်အရေး ကြုံလာလျှင် ကျော်ဇံလှသည် သူ့ကို ခွင့်လွှတ်လိမ့် မည်ဟု ယောက်ဖဖြစ်သူက ထင်ထား၏။

မည်မျှပင် ပိပိရိရိရှိပါစေ ရာဇဝတ်ဘေးကား ပြေးလွတ်ရိုး ထုံးစံမရှိပေ။ တစ်ခါတွင် ရဲများက ခြေရာခံမိပြီး ကျော်ဇံလှယောက်ဖ၏ အိမ်ကို လာဝိုင်းကြသည်။ ခြံဝင်းကြီးတစ်ခုတည်းတွင် အိမ် နှစ်လုံးဆောက်ထားသည်ဖြစ်သောကြောင့် ယောက် ဖအိမ်ကို ဝိုင်းသော်လည်း ကျော်ဇံလှအိမ်ကိုပါဝိုင်း သလို ဖြစ်နေသည်။ ထိုအချိန်တွင် ကျော်ဇံလှသည် ခြံထဲတွင် ပျိုးပင်စိုက်ရန် ပေါက်ပြားတစ်လက်ဖြင့် မြေဆွနေချိန် ဖြစ်သည်။

ကျော်ဇံလှအိမ်ဝိုင်း ဖြစ်နေသောကြောင့် ဤ အမှုသည် လွယ်ကူလျှင်မြန်စွာ ပြီးမည်ဆိုသည်ကို စခန်းမှူးကတွက်ထားပြီး ဖြစ်သည်။ ထို့ကြောင့် အိမ်ဝိုင်းထဲသို့ မည်သည့်ရဲမှမဝင်ဘဲ ကျော်ဇံလှကို သာ စခန်းမှူးက လှမ်းမေးလိုက်သည်။

''ကဲ–ကိုကျော်ဇံလှ၊ ခင်ဗျားပြောတဲ့စကားဆို ရင် ကျွန်တော်တို့ အကြွင်းမဲ့ယုံတယ်၊ ခင်ဗျားပြော တဲ့ စကားအတိုင်းပဲ လုပ်မယ်၊ မနေ့က ဓားပြမှုမှာ ခင်ဗျား ယောက်ဖပါသလား၊ မပါဘူးလား၊ ပါတယ် ဆိုရင် ကျွန်တော်တို့ ဥပဒေအတိုင်း ချက်ချင်းဝင် ဖမ်းမယ်၊ မပါဘူးဆိုရင် ဒီနေရာကနေ တစ်ခါ တည်း လှည့်ပြန်မယ်''

စခန်းမှူးစကားက ပြတ်သားသလို ကျော်ဇံလှ ၏ အဖြေကလည်း ထက်မြက်လှသည်။ စခန်းမှူး နှင့် ရဲသားအားလုံးက ကျော်ဇံလှမျက်နှာကို စိတ်ဝင် တစား လှမ်းကြည့်နေကြသည်။ ကျော်ဇံလှသည် သူ့ယောက်ဖအိမ်ဘက် လှည့်၍ ဘာမှမဖြစ်သလို စကားတစ်ခွန်း လှမ်းပြောလိုက်သည်။

''ဟေ့ ထွန်းအောင်ကျော်၊ လိုက်သွားလိုက်ကွာ၊ မင်းမိန်းမနဲ့ ကလေးတွေအတွက် ငါအားလုံးတာဝန် ယူတယ်၊ ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရတယ်''

ထွန်းအောင်ကျော်ကား ဘာမျှမငြင်းနိုင်။ သူ့အပြစ်နှင့်သူ ထောင်ကျသွားခဲ့ရသည်။ သူတော်ကောင်းဟူသည် အပေါ်ယံအဝတ်အစားကို ကြည့်၍ သတ်မှတ်နိုင်သည်မဟုတ်၊ စိတ်နှလုံးဖြောင့်မတ်ခြင်း၊ ကိုယ်ကျင့်သီလကောင်းခြင်းကိုကြည့်၍ သတ်မှတ်ခြင်း ဖြစ်၏။ တကယ့်သူတော်ကောင်းမှန်သမျှသည် မှန်သောဘက်တွင်သာ အမြဲနေကြသည်။

မိမိအစ်ကိုနှင့် အခြားသူတစ်ယောက် အမှုဖြစ်နေသည်။ မိမိ အစ်ကိုက မှားပြီး၊ အခြားသူက မှန်နေလျှင် သူတော်ကောင်းစိတ်ရှိသူမှန်က အခြားသူဘက်က ရပ်တည်လိမ့်မည်။ သူတော်ကောင်းစိတ်နည်းသူကား မှားသော မိမိအစ်ကိုဘက်က ရပ်တည်လိမ့်မည်။ ဤကားမိမိတွင်သူတော်ကောင်းစိတ် ရှိမရှိကို မှတ်ကျောက် တင်ကြည့်နည်းတည်း။

ထိုသို့ သူတော်ကောင်းစိတ်ရှိသော ကလေးတစ်ယောက်ကို(၁၂)နှစ်သားအရွယ်ခန့်ကတစ်ကြိမ်တွေ့ဖူးသည်။ အမရပူရမြို့ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်တွင် ဖြစ်သည်။ စာရေးသူတို့ အိမ်နှင့်အိမ်ချင်းကပ်လျက်က ဖြစ်သည်။ သူတို့ ညီအစ်ကိုနာမည်ကို မောင်နီနှင့် မောင်ဖြူဟူ၍ ထားပါ။

အစ်ကိုဖြစ်သူ မောင်နီသည် စိတ်ဓာတ်ညံ့ဖျင်းသူ၊ ညီဖြစ်သူ မောင်ဖြူသည် စိတ်ဓာတ်ကောင်းမြတ်သည်။ တစ်ခါတွင် မောင်နီသည် သူတို့အိမ်ထဲမှ ကြွက်သေကောင်ပုပ်ကြီးကို စာရေးသူတို့ အိမ်ဝိုင်းထဲ လှမ်းပစ်ချလိုက်သည်။ စာရေးသူတို့ဘက်မှ ကလေးများ မြင်ကြသောအခါ မောင်နီနှင့်တစ်ယောက်တစ်ခွန်း စကားများကြရာကတစ်ဆင့်တစ်အိမ်နှင့်တစ်အိမ် ခဲနှင့်ပေါက်ကြသည်။

ထိုဖြစ်ရပ်ကို အစအဆုံး သိနေသော မောင်ဖြူသည် စာရေးသူတို့ အိမ်ဘက်သို့ ပြေးလာပြီးလျှင် သူ့အစ်ကိုဆီသို့ ခဲနှင့် ဝိုင်းထုပေးနေသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကား တကယ့်သူတော်ကောင်းအစစ်ဖြစ်သည်။ မြင့်မြတ်သောစိတ်ရှိသူသည် မြင့်မြတ်သောနေရာသို့ ရောက်ရသည်မှာ ဓမ္မတာပင်ဖြစ်၏။

နှစ်ပေါင်း(၃၀)ကျော် ကွဲကာနေကြရာမှ ဤစာရေးနေဆဲ ၂၀၀၈-ခုနှစ် ၁-လပိုင်းက သူတို့ညီအစ်ကိုနှစ်ယောက်နှင့် အောက်ပြည်အောက်ရွာတွင် မထင်မှတ်ဘဲ ပြန်ဆုံကြရသည်။ စိတ်ဓာတ်ညံ့ဖျင်းခဲ့သော မောင်နီမှာ ဆင်းရဲနွမ်းပါးနေသဖြင့် ငွေ၇၀၀၀ခန့် ကူညီထောက်ပံ့ပေးခဲ့ရသည်။ စိတ်ဓာတ်မြင့်မြတ်သော ညီဖြစ်သူမောင်ဖြူမှာ စက်ရုံကြီးတစ်ရုံတွင် အုပ်ချုပ်ရေးမှူးဖြစ်ပြီး ကြီးပွားတိုးတက်နေသည်ကို တွေ့ရသည်။

သူတော်ကောင်းမှန်သမျှ ဆွေမျိုး၊ မိဘ၊ ဆရာထက် အမှန်တရားကိုပိုချစ်သည်သာဖြစ်၏။ အမှန်တရားထက် ပိုချစ်သောအရာ ရှိသေးသည်ဟုဆိုလျှင် မိမိသည် သူတော်ကောင်းစာရင်းတွင်မဝင်သေးကြောင်း အပြန်အားဖြင့် သိနိုင်ပေသည်။

တရားစခန်းဝင်သက် နှစ်ပေါင်းသုံးဆယ်ကျော်ရှိနေသော်လည်း မှန်သည့်ဘက်မှ မနေသေးဟုဆိုလျှင် မည်သည့်တရားမှမရှိသေးကြောင်းထင်ရှား၏။

တရားရှိခြင်းဟူသည် သိက္ခာသုံးပါး တည်မြဲသွားခြင်း၊ ရတနာသုံးပါးကို အသက်နှင့်လဲပြီးကြည်ညိုသွားခြင်း၊ ငါးပါးသီလကို အသက်နှင့်လဲပြီးလုံခြုံသွားခြင်း၊ ရုပ်နာမ်အပေါ် 'ငါ'ဟူသော အယူများ ပျောက်ကွယ်သွားခြင်း၊ မနာလိုမှု, ဝန်တိုမှုကင်းသွားခြင်း(သောတာပန်ဂုဏ်ရည်၊ သံယုတ်ပါဠိတော်၊ ပထမဂိဇ္ဈကာဝသထသုတ်)တို့ကို ဆိုလိုခြင်းပင်ဖြစ်၏။ ထို့ကြောင့် သီလပျက်ဖို့တွေ့ကြုံလာသောအခါတွင် သီလမပျက်အောင် စောင့်ထိန်းနိုင်မှ တရားရှိသူဟု ဆုံးဖြတ်သင့်၏။

ဓမ္မပဒတွင်လာရှိသော သာမာဝတီမိဖုရားကြီး၏ ငယ်ကျွန်မခုဇ္ဇုတ္တရာသည် သူခိုးမတစ်ယောက်ပင် ဖြစ်၏။ ဥတေနမင်းက သာမာဝတီမိဖုရားအတွက် နေ့စဉ် ပန်းဖိုးရှစ်ကျပ်ပေးသည်ကို သူကလေးကျပ်ခိုးထားပြီး ကျန်လေးကျပ်ဖြင့်သာ ပန်းဝယ်ပြီးဆက်သည်။ တစ်ရက်တွင်ပန်းသည်အိမ်တွင်

ဆွမ်းစားကြွရင်း ဘုရားရှင်တရားဟောနေသည်ကိုတွေ့ရသဖြင့် ဝင်ရောက်နာယူရာ သောတာပန်တည်သွားခဲ့သည်။

ထိုင်ခြင်းတစ်မျိုးကိုသာ တရားကျင့်ခြင်းဟု မသတ်မှတ်သင့်။ တရားနာခြင်း၊ တရားစာအုပ်ဖတ်ခြင်း၊ တရားအကြောင်း မေးမြန်းဆွေးနွေးခြင်းများကိုလည်း တရားကျင့်ခြင်းဟုပင် မှတ်သင့်၏။ ထို့ကြောင့် ခုဇ္ဇုတ္တရာသည် တရားနာရင်းသောတာပန်တည်သွားခြင်းဖြစ်သည်။ သောတာပန်တည်သွားသည်နှင့် ခုဇ္ဇုတ္တရာသည် ခိုးလိုသောစိတ်ပျောက်သွား၏။ ထို့ကြောင့်ပန်းများကိုရှစ်ကျပ်ဖိုးလုံးဝယ်သွားသည်။

ဤကား သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်သော သီလသိက္ခာဟူသောတရား ခုဇ္ဇုတ္တရာသန္တာန်တွင် တည်ရှိသွားသောကြောင့် ဖြစ်၏။ သာမာဝတီထံသို့ရောက်သောအခါ ပန်းတွေနှစ်ဆများလာသည့်အကြောင်းကို သာမာဝတီမိဖုရားက မေးမြန်း၏။ အမှန်ပြောလျှင် သေဒဏ်ကျနိုင်သည်။ လိမ်ညာပြောလျှင် သေဘေးမှ လွတ်နိုင်သည်။

အသက်နှင့်သီလ ထိုနှစ်ပါးတွင် တရားရှိနေပြီဖြစ်သော ခုဇ္ဇုတ္တရာသည် သီလကိုသာရွေးပြီး အမှန်အတိုင်း ဖွင့်ပြောခဲ့သည်။ ဤကား မုသာဝါဒကံကို အသက်နှင့်လဲပြီး ထိန်းသိမ်းခြင်းပင် ဖြစ်၏။ မိမိကိုယ်ကို သောတာပန်ဖြစ်ပြီဟု ယုံကြည်သူများသည် ထိုဖြစ်ရပ်မျိုးနှင့်ကြုံလာလျှင် အမှန်ကိုပြောရဲပါမည်လောဟု ကိုယ့်ကိုယ်ကို မေးခွန်းထုတ်သင့်၏။ ပြီးလျှင် ကိုယ်ကိုယ်တိုင်ပင် မှန်ကန်စွာဖြေပြီး တရားစစ်သင့်၏။

လောကီစာမေးပွဲတွင် မေးသူတစ်ယောက်၊ ဖြေသူတစ်ယောက်၊ အမှတ်ပေးသူတစ်ယောက်ဟု သုံးယောက်အထိကွဲပြားနေသော်လည်း လောကုတ္တရာစာမေးပွဲတွင်ကား မေးသူ၊ ဖြေသူ၊ အမှတ်ပေးသူသည် မိမိတစ်ယောက်တည်းသာ ဖြစ်၏။

သာမာဝတီသည် သူတော်ကောင်းစိတ်ရှိသူဖြစ်သောကြောင့် ခုဇ္ဇုတ္တရာ၏ ကောင်းကွက်ကိုကြည့်ကာ ကြည်ညိုသွားပြီး ပလ္လင်ပေါ်တင်၍ ဘုရားရှင်၏ တရားတော်ကိုတစ်ဆင့်ပြန်နာရာ သူနှင့်မောင်းမမိဿံငါးရာလုံးသောတာပန်တည်ကြပြန်လေသည်။

ဤဖြစ်ရပ်ကို ထောက်၍ ဘုရားရှင်ဟောကြားသော တရားစစ်တရားမှန်ဖြစ်လျှင် ရဟန်း၊ ရှင်၊ လူ၊ သီလရှင် မည်သူဟောဟော နာယူသင့်၏။ ပခုက္ကူမြို့တွင် မြန်မာပြည်လွတ်လပ်ရေး မရခင်သုံးလခန့် အလိုကတည်းက ဟောကြားလာခဲ့သော ပခုက္ကူဝိပဿနာသင်တန်း တရာခွေ(၄၀၀)နီးပါးခန့်ရှိ၏။ဟောကြားသူမှာဆရာကြီးဦးကြင်ရွှေဖြစ်သည်။ စာရေးသူ လေ့လာအားထုတ်သော ဝိပဿနာနည်း ၁၂–နည်းထဲတွင် ပခုက္ကူဝိပဿနာသင်တန်းတရားလည်း တစ်ခုအပါအဝင် ဖြစ်သည်။

လေ့လာဖူးသော ဝိပဿနာနည်းများမှာ မိုးကုတ်၊ ကသစ်ပိုင်၊ ပခုက္ကူ၊ မဟာစည်၊ စွန်းလွန်း၊ သဲအင်းဂူ၊ သစ္စဒီပက၊ ပသုံးလုံး၊ ညောင်လွန့်တောရ(ဘုံကျဉ်း)၊ အမြိုက်၊ လယ်တီ၊ ဝေဘူတို့ ဖြစ်သည်။ ထိုဆယ့်နှစ်နည်းတွင် အသေးအစိတ်ဆုံးနှင့်အပြည့်စုံဆုံး သင်ကြား ပြသပေးသောနည်းမှာ ပခုက္ကူဝိပဿနာနည်း ဖြစ်သည်။ ထိုတရားကိုသေချာနာပြီးမှ စာရေးသူသည် ပညတ်, ပရမတ် အခြေခံခိုင်သွားခဲ့သည်။ ကျေးဇူးကြီးလှပါပေသည်။

ရန်ကုန်မြို့ ဘာသာခြားဘုရားကျောင်းမှ ဓမ္မဆရာကြီးသည် ဆရာကြီးဦးကြင်ရွှေ ဟောကြားသော ဝီထိစဉ်(စိတ်အစဉ်ဖြစ်ပျက်ပုံ)ခွေ၂၀–ကို နာကြားပြီး ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့သည်။ သာမာဝတီတို့အကြောင်းကို ပြန်ဆက်ပါမည်။ ဥတေနမင်းတွင် သာမာဝတီအပြင် မာဂဏ္ဍီအမည်ရှိသော မိဖုရားတစ်ပါး ရှိသေးသည်။ သူသည် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ထားသူ ဖြစ်သည်။

မာဂဏ္ဍီအပျိုစင်ဘဝတုန်းကပင် ဖြစ်သည်။ မာဂဏ္ဍီ၏ ဖခင်ပုဏ္ဏားကြီးသည် ချောမောလှပလွန်းလှသောသူ့သမီးကို လောကတွင် ရုပ်ရည်

အချောဆုံး၊ အလှဆုံး ယောက်ျားနှင့်သာ ပေးစားလိုသည်။ လာစပ်သမျှ ဝန်ကြီးသား၊ သူဌေးသားများသည် ဥစ္စာချမ်းသာသော်လည်း ရုပ်ရည်လှပမှုဆင်းရဲသောကြောင့် ပုဏ္ဏားကြီးက ငြင်းပယ်ခဲ့သည့်ချည်းသာ။

တစ်ရက်တွင် ဆွမ်းခံကြွနေသော ဘုရားရှင်ကိုမြင်လိုက်သည်နှင့် ပုဏ္ဏားကြီးသည် ငါ့သမီးနှင့်လိုက်ဖက်သော ယောက်ျားကိုတွေ့ရလေပြီ–ဟု ထင်မှတ်ကာ ဘုရားရှင်ကိုအကြောင်းစုံပြောပြီး သူ့သမီးအားသွားခေါ်လေသည်။ သူသည်လှပချောမောမှုကိုသာသိသည်။ ဘုရားမှန်းလည်းမသိ၊ ကိလေသာအာသဝေါ ကုန်ပြီးသူမှန်းလည်း မသိရှာပေ။

အရပ်စကားဖြင့်ပြောရလျှင် မြတ်စွာဘုရားသည် သုံးဆယ့်တစ်ဘုံလုံးတွင် အချောဆုံး၊ အလှဆုံးယောက်ျားတစ်ယောက် မဟုတ်ပါလား။

ပုဏ္ဏားကြီးသည် သမီးကိုအလှဆင်ပြီးသည်နှင့်ဘုရားရှင်ထံ ခေါ်လာခဲ့၏။ သူ့ဇနီးလည်း အတူပါလာခဲ့သည်။ ဘုရားရှင်အား လှူဝတ်လဲစေပြီး သူ့သမီးနှင့်လက်ထပ်ရန် တိုက်တွန်းသောအခါ ဘုရားရှင်က–

"ငါသည် ဘုရားမဖြစ်ခင် ကျင့်ကြံပွားများစအချိန်ကတည်းကပင်မာရ်နတ်၏သမီးသုံးယောက်တို့လာရောက်ဖျက်ဆီးသော်လည်း သီလမပျက်စီးခဲ့ပေ၊ ယခုလိုကိလေသာကုန်ပြီး သဗ္ဗညုတဉာဏ်ရပြီးသည့်နောက်တွင်ကား လူသားအဆင့်သာရှိသည့် ကျင်ကြီးကျင်ငယ် အညစ်အကြေးတွေရှိနေသည့် သင့်သမီးအားအဘယ်မှာတပ်မက်တော့မည်နည်း" ဟုပြောပြီး တရားစတင်ဟောကြားရာပုဏ္ဏားကြီးတို့လင်မယား တရားရသွားကြသည်။

မာဂဏ္ဍီကား တရားမရသည့်အပြင် သူ့အားနင့်နင့်နဲနဲ ပြောရမည်လားဟုဆိုကာ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့လေသည်။ ယခုလို သူမိဖုရားကြီးဖြစ်လာသောအခါ သူတို့ကောသမ္ဗီမြို့သို့ သာသနာပြု ကြွလာသောဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့ကို လူအချို့အား ပိုက်ဆံပေး၍ နေ့စဉ်ဆဲခိုင်းသည်။ ခုနစ်ရက်ကြာသောအခါ သူတို့သာမော၍ ရပ်သွားကြသည်။ ဘုရားရှင်နှင့် ရဟန္တာတို့ကား ကြွသွားကြလာမပျက်။

မာဂဏ္ဍီ၏ ရန်ငြိုးကားမပြေသေး။ ဘုရားရှင်ကိုသာမက ဘုရားရှင်ကိုကြည်ညိုနေသောသာမာဝတီကိုပါ ရန်သူအဖြစ် သတ်မှတ်လာသည်။ ထို့ကြောင့် တစ်ရက်တွင် သူ့အကြံပေးချက်ဖြင့် ဥတေနမင်းကို အစီစဉ်နှစ်ခု လုပ်စေ၏။ ပထမအစီစဉ်အရ ကြက်အရှင်ရှစ်ကောင်ကို သာမာဝတီထံပို့၍ဘုရင်အတွက်ဟင်းချက်စေသည်။ မင်းမိန့်ဖြင့် ခိုင်းခြင်းဖြစ်၍ အမိန့်အတိုင်း မလုပ်လျှင် သတ်ပစ်မည်ဖြစ်သည်။

သောတာပန်ဖြစ်နေသော သာမာဝတီသည် အသက်နှင့်သီလတွင် အသက်ကိုမရွေး၊ သီလကိုသာ ရွေးခဲ့သည်။ ကြက်ရှစ်ကောင်ကို မသတ်လို၍ ဟင်းချက်မပေးလိုက်ပေ။ တစ်ဖန်ဘုရားရှင်အတွက် ကြက်အသေရှစ်ကောင်ကို ပေး၍ ချက်ခိုင်းသောအခါ ချက်ချင်းချက်၍ သွားလှူပေးသည်။ ကြက်အရှင်အသေဟူသော ပဓာနအချက်ကို ဥတေနမင်း မသိအောင် မာဂဏ္ဍီက လျှို့ဝှက်ထား၏။ သူက ဥတေနကို သိစေသည်မှာ သာမာဝတီသည် ဘုရင့်အတွက် ကြက်ရှစ်ကောင်ကိုချက်မကျွေးသော်လည်း ဘုရားရှင်အတွက်ကား ချက်ပေးသည်။ ဤအချက်ကိုထောက်၍ ဥတေနမင်းထက် ဘုရားရှင်ပေါ်တွင် ပို၍အလေးထားသည်၊ ပို၍ စိတ်ညွတ်သည်ဟု သာမာဝတီနှင့် ဥတေနမင်းကို ရန်တိုက်ပေးခြင်း ပင်ဖြစ်၏။

ဤ၌သိစေချင်သည်မှာ တရားရှိ၊မရှိကို သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါး မည်၍မည်မျှ လောက် ရှိနေပြီနည်းဟူသော တွက်ကိန်းဖြင့် တိုင်းတာမှသာ မှန်ကန်မည်ဟူသော အချက်ပင်ဖြစ်၏။ ယခုခေတ် ယောဂီအများစုကား ကြာကြာထိုင်နိုင်လျှင် တရားရပြီဟူ၍ ယူဆသူကများ၏။ ထို့ကြောင့် အသိဉာဏ်ထဲတွင် ပြတ်သားစွာသိအောင် တရား

နာမှု၊ တရားစာအုပ်ဖတ်မှု၊ တရားဆွေးနွေးမှုကို အမိကမထားဘဲ မျက်လုံးမှိတ်ပြီး တအားထိုင်ကြတော့၏။

အမှန်အားဖြင့် သူတော်ကောင်းကို မှီဝဲခြင်း၊ တရားနာခြင်း၊ သင့်တင့်စွာ နှလုံးသွင်းနိုင်ခြင်း၊ ကျင့်ကြံပွားများခြင်းဖြင့်သာ တရားရနိုင်ပေသည်။ ကြာကြာထိုင်ပြီး မျက်စိမှိတ်ထားလျှင် နိမိတ် ပုံသဏ္ဌာန်တွေ မြင်ချင်ရာမြင်တတ်သည်မှာ ဓမ္မတာပင်ဖြစ်၏။ သို့သော် ထိုအရာများကား တရားမဟုတ်ချေ။ ယောဂီရဟန်းတစ်ပါးသည် နှစ်နာရီကြာသည်အထိ မလှုပ်မယှက်ထိုင်နိုင်၏။

ထိုသို့ မထိုင်နိုင်သော ရဟန်းတစ်ပါးက ချီးကျူးသောအခါ နှစ်နာရီထိုင်နိုင်သော ကိုယ်တော်က ရိုးသားစွာ ဖွင့်ဟပြောကြား၏။ သူသည်လူ့ဘဝက ရုပ်ရှင်ပိုစတာ ကြည့်ရသည်ကို အလွန်ဝါသနာပါသူဖြစ်၏။ ယခုလို တရားထိုင်သောအခါ ထိုင်စအချိန်မှစ၍ ရန်ကုန်ရုပ်ရှင်ရုံများမှ ပိုစတာများ လိုက်ကြည့်လိုက်ရာ ၂–နာရီသာကြာသွားသည်။ ရုပ်ရှင်ရုံမှ ပိုစတာများကား မကုန်သေးဟုဆိုသည်။ ထိုရဟန်းကား ပိုစတာယောဂီပင်တည်း။

အဟီယောဂီဟူသည်ကိုလည်း တွေ့ရဖူး၏။ အသက်ခြောက်ဆယ်ကျော်စ အမျိုးသမီးကြီးတစ်ဦးသည် မအိပ်ငိုက်ဘဲ သုံးနာရီခန့်အထိ ထိုင်နိုင်သဖြင့် တရားပြဆရာတော်၏ ချီးမွမ်းမှုကိုပင် ခံရ၏။ သို့သော် တရားထိုင်ရင်းဖြင့် ထိုယောဂီမကြီးသည် 'အဟီး. . အဟီ'ဖြင့် ရယ်နေတတ်၏။ ထို့ကြောင့် ဆရာတော်ကခေါ်၍ တရားစစ်သောအခါ ယခုလို အမှန်အတိုင်း ပြန်ပြောပြသည်။

''တပည့်တော်မ တရားထိုင်ရင်း ဟိုး ငယ်ငယ်က အပျိုစင်ဘဝအထိ ပြန်ရောက်သွားပါတယ် ဘုရား။ တစ်ရက်မှာ ငယ်ချစ်ဦးနဲ့ တပည့်တော်မတို့ အိမ်ထဲမှာချိန်းတွေ့ကြပါတယ်၊ အဲဒီအချိန်မှာ တပည့်တော်မအဖေက ချိန်းတွေ့တာကို မြင်သွားပြီး ဓားရှည်ကြီးတစ်ချောင်းနဲ့ပြေးဆင်းလာပါတယ်၊ ဒီအခါ တပည့်တော်မရည်းစားဟာ ကြောက်ရှာလွန်းလို့ ဝင်းထရံပေါ်ကျော်တက်ပြီး ထွက်ပြေးပါတယ်။

''ရည်းစားရဲ့ပုဆိုးဟာ ဝင်းထရံမှာ ချိတ်ကျန်ခဲ့လို့ မိမွေးတိုင်း ဖမွေးတိုင်းနဲ့ပဲ ထွက်ပြေးရပါတယ် ဘုရား။ အဲဒါကိုကြည့်ပြီး တပည့်တော်မ ရယ်နေမိတာ ဘုရား''

ထိုယောဂီကား 'အဟီယောဂီ'ပင်တည်း။

နောက်တစ်မျိုးကား တရားထိုင်တာ ၁၅–မိနစ်မှ မရှိသေးခင် တစ်နာရီထင်ပြီး တရားဖြုတ်ချင်သူများပင် ဖြစ်၏။ ထို့ကြောင့် နာရီဆီသို့ မကြာခဏငဲ့စောင်း ကြည့်တတ်၏။ ခဏခဏ နာရီကိုစောင်းကြည့်ပါများသဖြင့် ရက်ကြာလာသောအခါ ထိုယောဂီ၏ ခေါင်းသည် စောင်းစောင်းကြီး ဖြစ်နေတော့သည်။ နေကြာပွင့်များသည် နေဘက်သို့သာ လှည့်ပွင့်ပြီး စောင်းနေတတ်သဖြင့် ထိုယောဂီများကိုလည်း နာရီဘက်သို့စောင်းနေတတ်သောကြောင့် 'နေကြာပွင့်ယောဂီ' ဟု ခေါ်သည်။

တချို့သောသူများသည် တရားထိုင်ရင်း တစ်ရေးရအောင် အိပ်တတ်ကြ၏။ ယောဂီမလေးတစ်ဦးသည်သူ၏မိခင်ကိုဝမ်းသာအားရ စကားတစ်ခွန်းပြော၏။ ထိုကလေးမသည် တရားစခန်းအတော်များများကို လိုက်ဝင်နေသူ ဖြစ်သည်။ သူ့ကိုယ်သူဝင့်ကြွားစွာ ပြောလိုက်သောစကားက–

''မေမေ၊ သမီးလေ တရားစခန်းဝင်တာနှစ် ကြာလာတာနဲ့ ပညာတစ်မျိုးတတ်လာပြီသိလား''

''ဘာပညာလဲ သမီးရဲ့''

''ထိုင်ရင်းအိပ်တဲ့ ပညာလေ''တဲ့။

ထိုယောဂီမျိုးကား ထိုင်ရင်းအိပ်သော ယောဂီများပင်ဖြစ်၏။ တချို့သော ယောဂီများက ဆရာက တရားစစ်လျှင် မပြောတတ်မှာ စိုးသောကြောင့် ယောဂီဟောင်းများထံတွင် ဘယ်လိုမေးလျှင် ဘယ်လို ဖြေရမည်ဆိုတာကို လေ့ကျင့်ထားကြ၏။ မေးလာလျှင် ထိုအတိုင်း ဖြေ၏။

ဤသို့သောယောဂီမျိုးကိုကား 'မှသားယောဂီ' ဟု ခေါ်သင့်၏။

မှသာဝါဒသိက္ခာပုဒ်အဖွင့် ဆုံးခါနီးတွင် စာရှုသူများအား တရားရမည့်ယောဂီ၏ အင်္ဂါ၊ တရားမရမည့်ယောဂီ၏အင်္ဂါ၊ ဘုရားဟော တရားစစ် တရားမှန်အင်္ဂါများကို ဖော်ပြလိုက်ပေသည်။

### တရား မရမည့်ယောဂီ၏ အင်္ဂါများ

(၁) ဆရာဖြစ်သူဘုရားရှင်အပေါ် မယုံကြည်ခြင်း။
(၂) ကျန်းမာရေး မကောင်းခြင်း။
(၃) ကောက်ကျစ်စဉ်းလဲသော စိတ်ရှိခြင်း။
(၄) အားထုတ်မှု ဝီရိယမရှိခြင်း။
(၅) ထိုးထွင်း၍ သိနိုင်သော ဉာဏ်ပညာမရှိခြင်း။

### တရားရမည့် ယောဂီ၏အင်္ဂါများ

(၁) ဆရာဖြစ်သော ဘုရားအပေါ် ယုံကြည်ခြင်း။
(၂) ကျန်းမာရေး ကောင်းမွန်ခြင်း။
(၃) ရိုးသားဖြောင့်မတ်သော စိတ်ထားရှိခြင်း။
(၄) အားထုတ်မှု ဝီရိယရှိခြင်း။
(၅) ထိုးထွင်း၍ သိနိုင်သော ဉာဏ်ပညာရှိခြင်း။

### တရားစစ်တရားမှန်၏ အင်္ဂါလက္ခဏာများ

ကပ်ငြိမှု ရာဂကင်းဖို့သာ ဖြစ်စေ၏။
ကပ်ငြိမှု ရာဂနှင့် ယှဉ်တွဲဖို့ မဖြစ်စေခြင်း။
သံယောဇဉ် ကင်းဖို့သာ ဖြစ်စေ၏။
သံယောဇဉ် တိုးပွားဖို့ မဖြစ်စေ။
ဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့သာ ဖြစ်စေ၏။
ဝဋ်ဆင်းရဲ၌ နစ်မွန်းဖို့ မဖြစ်စေ။
အလိုရမ္မက်နည်းဖို့သာ ဖြစ်စေ၏။
အလိုရမ္မက် ကြီးဖို့ မဖြစ်စေ။
ရောင့်ရဲတင်းတိမ်မှုကိုသာ ဖြစ်စေ၏။
မရောင့်ရဲ မတင်းတိမ်မှုကို မဖြစ်စေ။
ကိလေသာတရားများနှင့် ကင်းဝေးဖို့သာဖြစ်စေ၏။
ကိလေသာတရားများနှင့် ပေါင်းဖော်ဖို့မဖြစ်စေ။
ကြိုးစားအားထုတ်မှုကိုသာ ဖြစ်စေ၏။
နောက်ဆုတ်ပျင်းရိခြင်းကို မဖြစ်စေ။
ဒကာ, ဒကာမများက လုပ်ကျွေးမွေးမြူရန် လွယ်ကူဖို့သာ ဖြစ်စေ၏။
ဒကာ, ဒကာမများက လုပ်ကျွေးမွေးမြူရန် ခဲယဉ်းမှုကို မဖြစ်စေ။

ဤကဲ့သို့သော တရားမျိုးသည် အပါယ်လေးပါးမကျအောင် ရွက်ဆောင်တတ်သော သဘောဓမ္မဖြစ်၏။ ကိလေသာအပူကို ပယ်ဖျောက်ကြောင်း ဝိနယ ဖြစ်၏။ မြတ်စွာဘုရားရှင်တို့၏ အဆုံးအမ (သတ္ထုသာသန)ဖြစ်၏။

ထိုသဘောတရားများနှင့် ဆန့်ကျင်ဘက် ရာဂဖြင့်ကပ်ငြိရေး၊ သံယောဇဉ် တိုးပွားရေးစသောအင်္ဂါများနှင့် ပြည့်စုံနေလျှင် အဓမ္မ၊ အဝိနယ၊ အသတ္ထုသာသနအဖြစ် ဆုံးဖြတ်နိုင်သည်။

(အင်္ဂုတ္တုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ သံခိတ္တသုတ်)

### နောင်တ ကြိုမိလုံး တစုန်းစုန်း

သုတေသီဘုန်းမြင့်သွေး ၁၉၇၄ခုနှစ်က အရက်ကြောင့် ဆေးရုံတက်ရစဉ် ရေးသည့် ကဗျာရှည်။

- ဖျက်ဆီးမှုတွေ
  ပေါင်းစုနေလျှင်
  သေရည်ဟု ခေါ်ပါ၏။
  ဝမ်းမီးတောက်စာ
  သေတတ်ပါ၍
  သေစာဟုလည်း ခေါ်ပါ၏။
  နိဂုံးချုပ်တွက်
  လွန်နီးစပ်၍
  သေရက်ဟုလည်း ခေါ်ပါ၏။
- ဥစ္စာယုတ်ခြင်း
  ငြင်းခုန်များစွာ၊ ရောဂါထူပြော
  ကျောစောမဲ့တုံ၊ မလုံအင်္ဂါ
  ပညာနည်းပါး၊ ဤခြောက်ပါးကား
  မိုက်မှားဟူလို၊ အပြစ်ဆိုဘိ

ဂီဟိဝိနယ၊ ဆုံးမစကား
ငယ်ကကြားမြင်၊ ဖတ်သင့်သည့်လည်း
စာသိသာရှိ၊ ပညာသိကား
ငါ့မှာမရှိ၊ အိုနတ္ထိ။

- စိတ်ညစ်လည်းသောက်၊စိတ်ပျော်သောက်နှင့်
ဟိုမှောက်ဒီရောက်၊ ကုန်းကောက်စရာ
သိက္ခာဆိုရှိ၊ အပ်တိုစာမျှ
ရှာမရတော့၊
လောကထဲမှာ အကျည်းတန်။
- ချိုးခဲ့သောခုံ၊ ခွဲခဲ့သော အိုး
ကန်ခဲ့သောနံရံ၊ ပေကျံနေသောအိပ်ရာ
ဘယ်သူလာလာ၊ လူတကာရှုတ်ချ
မင်းဟာ စည်းအပြင်ကလူပဲ။
- ကျောင်းရှေ့ဘောကွင်း၊ မြေတလင်းမှာ
ခြေဆင်းအိပ်ကာ၊ ဝေဒနာည
မကြာခဏဆို၊ ဒုက္ခဘုံမှ ညများ။
- စိတ်ထားသွေဖောက်၊ ဘဝမှောက်အောင်
သေသောက်ကြူးရက်၊ ပြန်၍တွက်သော်
ဆယ်နှစ်ကျော်လာ၊ အဖြေပေါ်ထွက်
သီလပျက်သမား၊ ငါတကား။
- ချစ်သောမယား၊ သမီးသားလည်း
ငါ့အားထားပစ်၊ မေတ္တာစစ်နှင့်
ချစ်လျက်နဲ့ပဲ၊ လက်မတွဲတော့။
ငရဲအိမ်ထောင် မတည်နိုင်။
- အရက်ပုလင်းနောက်၊
ဆေးပုလင်းရောက်
စိတ်ချောက်ချားစရာတွေ ဖြစ်ကုန်ပြီ။
- ဆရာဝန်က၊ ရှင်း၍ပြခဲ့
အရက်ကအသည်းကို မာစေသတဲ့။
ဓာတ်မှန်ထဲမှာ၊ အသည်းဟာကျောက်ဖြစ်
လောကထဲမှာ ငါဟာ ခွေးဖြစ်။
- နုနုကြမ်းကြမ်း၊ ဖြတ်သန်းလာရ
စာပေဘဝ၊ အရက်နဲ့ကျမှ ပျက်ပါပေ့ဗျာ။
- ခလုတ်ထိမှ၊ ဘုရားတ,မိ
ခလုတ်ထိမှ၊ တရားတ,မိ
ခလုတ်ထိမှ၊ သံဃာတ,မိ
ခလုတ်ထိမှ ဆရာမိဘ တ,မိတော့
နောင်တ ကြိမ်လုံး၊ တစ်ဖုန်းဖုန်းနဲ့
မဆုံးနိုင်အောင် အရိုက်ခံ။ ။

(သုတေသီ ဘုန်းမြင့်သွေး)

**အရက်သမားတစ်ယောက်၏**
**မှင်ဟဝန်ခံချက်**

*များးရှာသောသူသည်*
*များကိုရခဲ့သော်*
*ကြက်ဆူပင်ပင် ဖြစ်သော်လည်း*
*တောတွင် အမြတ်မှတ်ရာသည်။*
*ပညာရှာသောသူသည်*
*ပညာကို ရခဲ့သော်*
*ဒွန်းစဏ္ဍားပင်ဖြစ်သော်လည်း*
*လူတွင် အမြတ်မှတ်ရာသည်။*

ဟူသော လုံးတော်ဆရာတော်၏ ဩဝါဒအရ အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက် အတွင်းရှိ အိမ်တစ်အိမ်မှ ကိုဘိုနီ၏စကားကို မှတ်သားနာယူကျင့်ကြံရတော့မည်သာ ဖြစ်၏။ ကိုဘိုနီ အသက်ထွက်ခါနီး နောက်ဆုံးပြောသော စကားဟု ဆိုလျှင်လည်း မမှားပေ။ ကိုဘိုနီသည် ဖော်ပြတော့မည့် စကားတစ်ခွန်းကိုပြောပြီး နောက်ထပ် မည်သည့်စကားမျှ မပြောနိုင်တော့ဘဲ ဆယ့်ငါးမိနစ်ခန့် အတွင်း သေဆုံးသွားခဲ့သောကြောင့် ဖြစ်သည်။

စင်စစ် ကိုဘိုနီကား တစ်ရပ်ကွက်လုံး အော်ကြောလန် ဖိုးသမားတစ်ယောက်သာဖြစ်သည်။ နေ့ရောညပါလပေါင်းများစွာ မိုးမလင်းသောက်ခဲ့သော ကြောင့်သူ့အသက်၃၈–နှစ်ခန့်မှာပင် သေမင်းကသူ့ အခန်းတံခါးကို လာခေါက်ခဲ့လေပြီ။ ကိုဘိုနီသည် အသည်းဆန်ကာပေါက်ဖြစ်သောရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ရေဖျဉ်းစွဲရောဂါတို့ဖြင့် သေရပေတော့မည်။

သူ၏ညီငယ်များ၊ တူများကိုတော့ ကိုဘိုနီတစ်ယောက် မေတ္တာထားသည်။ သူလို ငယ်ငယ်ရွယ်ရွယ်နှင့် မသေစေချင်။ တခြားဘာမျှ အမွေအနှစ်လက်ဆောင်ဟူ၍ပေးစရာမရှိ။ သို့သော် သူ့အသက်နှင့်ရင်းရသော ဘဝအတွေ့အကြုံ တစ်ခုကိုတော့ သူသေခါနီးအချိန်တွင်ကျောင်းစာအပျက်ခံကာ ပြုစုယုယကြသော ညီများ၊ တူများကို ပေးခဲ့ချင်သည်။

ထို့ကြောင့် သူ့နားသို့ကပ်လာကြရန် ခေါင်းညိတ်ခေါ်လိုက်သည်။ လက်ကိုအပေါ်သို့တင်ရန်ပင် သူ့မှာ အားမရှိတော့။ အနားသို့ရောက်လာသော ညီများ၊ တူများကို တစ်ကိုယ်လုံးတွင်ရှိသော အားများကို ညှစ်ထုတ်၍ သူပြောလိုက်သည်။

''မင်းတို့ အရက်ကို ဘယ်တော့မှ အစမလုပ်ကြနဲ့၊ အရက်သမားတိုင်းရဲ့ နောက်ဆုံးပန်းတိုင်ဟာ ငါသေသလို အသေဆိုးနဲ့ သေရမှာချည်းပဲ၊ အရက်ကြောင့် သေလောက်တဲ့ရောဂါ စဖြစ်နေပြီဆိုတာကို သိတဲ့အခါ ငါ အရက်ကို ဖြတ်ချင်လာတယ်၊ ဖြတ်ဖို့လည်း ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မရဘူး၊ ဘယ်ရမလဲ၊ ငါ့စိတ်ကသာ အသက်သေမှာကြောက်လို့ အရက်ကို ဖြတ်ချင်တာ၊ ငါ့တစ်ကိုယ်လုံးမှာရှိတဲ့ သွေးတွေက အရက်ကို သေလောက်အောင်ကြိုက်သွားကြပြီ၊ အဖြတ်မခံတော့ဘူး၊ အရက်မသောက်ရင် သွေးတွေဟာသူ့အလုပ်ကို မလုပ်နိုင်တော့ဘူး၊ ဘိန်းသမားဟာ ဘိန်းစားမှ အလုပ်လုပ်နိုင်သလို ဖြစ်သွားတယ်၊ အခု ငါ အရက်ကြောင့် သေရတော့မယ်၊ ငါ့လိုမဖြစ်အောင် မင်းတို့ ဘာအရက်မှ မသောက်ကြပါနဲ့၊ အဲဒါ ဝိုင်းပြုစုကြတဲ့ မင်းတို့ကို ငါ ကျေးဇူးပြန်ဆပ်တာပဲ''

ထိုစကားကိုပြောဆိုပြီးနောက် ကိုဘိုနီတစ်ယောက်အမောဆိုက်နေပြီ။အသက်ရှူလမ်းကြောင်းတွင် သလိပ်များပိတ်ဆို့လာသောကြောင့် အသက်ရှူသံတွင် တဂူးဂူးတဂဲဂဲနှင့် ချွဲသံကြီးတွေ ပါလာပြီ။ ခန္ဓာကိုယ်မှာတွန့်လိမ်နေကာ ဆတ်ခနဲ ဆတ်ခနဲ ဖြစ်သွားသော်လည်းအသက်ကတော်တော်နှင့်မထွက်နိုင်အောင် ဖြစ်နေသည်။ သည်လောက် ဝေဒနာခံစားနေရသည့်ကြားက သူသည် တစ်စုံတစ်ခုကို တောင့်တသည့်အနေမျိုးဖြင့် ဘေးမှ လူများကိုလှမ်းလှမ်းကြည့်နေသည်။

သူ၏အကြည့်က တစ်စုံတစ်စုံကို တောင်းခံနေခြင်းဖြစ်ကြောင်း သူ့မိဘများနှင့် ပြုစုသူများသတိထားမိသွားသလို ကိုဘိုနီ အသက်မထွက်နိုင်ဖြစ်နေသည်မှာ ဆန္ဒတစ်ခုခုကပ်ငြိနေ၍ဖြစ်ကြောင်းလည်း သဘောပေါက် သွားကြသည်။ ထို့ကြောင့် သူတို့စိတ်နှင့် ကိုယ်ချင်းစာပြီး ဘုရားရုပ်ပွားတော်တစ်ဆူကို ယူပြသည်။ ကိုဘိုနီက ခေါင်းခါပြသည်။ အပြေးအလွှား တရားခွေတစ်ခွေ ဖွင့်ပြသည်။ ကိုဘိုနီက ခေါင်းခါတုန်း။ သံဃာတော်ဖူးချင်လို့ ထင်ပါရဲ့ဟုယူဆကာ ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို ပင့်လာကြသည်။ ကိုဘိုနီခေါင်းက ခါတုန်းပင်။

မိသားစုများ ကိုဘိုနီ၏ဆန္ဒကို အကဲမဖြတ်နိုင်ဖြစ်နေကြစဉ် ကိုဘိုနီနှင့် သောက်ဖော်သောက်ဖက် ကိုမြင့်စိန်နှင့်ကျမှ အဆင်ပြေသွားသည်။ ကိုမြင့်စိန်ကသူ့ခါးကြားတွင်ထိုးထားသောအရက်ပုလင်းကိုထောင်ပြလိုက်သောအခါကျမှ ကိုဘိုနီခေါင်းက ညိတ်ဖော်ရပေတော့သည်။ ကိုဘိုနီ၏ သေခါနီးနောက်ဆုံးဆန္ဒက အရက်ကလေးတစ်ကြိုက်စာခန့် သူ့လျှာပေါ် တင်သွားချင်ခြင်းပေတည်း။

သေခါနီးလူ၏ နောက်ဆုံးဆန္ဒမို့ အားလုံးက ဖြည့်ဆည်းပေးကြရပါသည်။ ဂွမ်းစကို အရက်ထဲထည့်စိမ်ပြီး ဟပြဲလျက်ရှိသော ကိုဘိုနီ၏ ပါးစပ်ထဲသို့ ညှစ်ချပေးလိုက်သောအခါတွင်မှ ဖက်ကျိုးကျကာ သေဆုံးသွားတော့သည်။

**သေမင်းဆိုတဲ့ဧည့်သည်ကို**
**ဘာနဲ့ဧည့်ခံမှာလဲ**

- သေမင်းသည်
  သင်၏တံခါးကို ခေါက်သော
  ထိုနေ့၌

သူ့အား ပဇာကို ပေးအပ်နည်း။

- အို. . . ငါသည်
  ငါ၏ညော်သည်ကို
  လက်ချည်းပြန်စေမည် မဟုတ်။
- ငါ၏နောက်ဆုံးနေ့၌
  ညော်သည်သေမင်းသည်
  ငါ၏ တံခါးကို ခေါက်သောအခါ၌
  ငါ့တစ်သက်တာပတ်လုံး
  စောင့်စည်းခဲ့သည့်သီလ
  ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှု
  ဆည်းပူးအပ်သော ဘာဝနာ
  ရှာဖွေ ပြုစုခဲ့သည့်
  မွန်မြတ်သော စာပေရတနာတို့ကို
  သူ့ရှေ့တွင် ထားအံ့။ ။

(ရာဘင်ဒြာနတ်တဂိုး)

တဂိုးကတော့ သေမင်းဆိုတဲ့ညော်သည်ကို ကုသိုလ်ကောင်းမှုတွေ၊ စာပေရတနာတွေနဲ့ ညော်ခံသွားခဲ့သည်။ တစ်နည်းအားဖြင့် မိမိကိုယ်ကို လောကအတွက်အသုံးချသွားခဲ့သည့် သူတော်စင်အစစ်ဟု ဆိုရပေမည်။ကိုဘိုနီကားသေမင်းဆိုသည့်ညော်သည်ကို သူ့တစ်ဘဝလုံးပြုခဲ့သည့်မကောင်းမှုအကုသိုလ်ဖြင့်သာ ညော်ခံလိုက်ရသည်။ တစ်နည်းအားဖြင့် လောကကို မိမိအတွက်အသုံးချသွားခဲ့သော မသူတော်ဟုပင် ဆိုရပေတော့မည်။

**ခွေးသည် အရက်မသောက်ပါ ထို့အတူ**

ဆုံးမရအခက်ဆုံးသော လူသားများတွင်အရက်သမားများသည် ထိပ်ဆုံးမှ ပါဝင်သည်။ တစ်ခါတွင် ရွာတစ်ရွာမှ မောင်နီအမည်ရှိ အရက်သမားတစ်ယောက်သည် မည်သူမှ ဆုံးမလို့မရလောက်အောင် မူးရူးလျက်ရှိ၏။ တစ်ရက်တွင်သူ့ဇနီးကိုယ်တိုင် သူကြီးထံလာတိုင်သဖြင့် သူကြီးသည် အချက်ကျကျဖြင့် မောင်နီအရက်ပြတ်အောင် ဆုံးမတော့အံ့ဟု ဆုံးဖြတ်ချက်ချပြီး မောင်နီ့အိမ်သို့ လိုက်လာလေ၏။

မောင်နီကား အိမ်ပေါက်ဝတွင် မူးလဲလျက်ရှိသည်။ သူကြီးသည် မောင်နီကို ခပ်ကြမ်းကြမ်း ဆွဲထူလိုက်သဖြင့် ထလျက် ဖြစ်သွားသည်။ သူကြီးမှန်းသိသဖြင့်လည်း မရစ်တော့ဘဲ ငြိမ်သက်စွာ ထိုင်ပြီး သူကြီးကိုကြည့်လျက်ရှိသဖြင့် သူကြီးသည် မှတ်သားမိသမျှ အရက်၏အပြစ်များကို ကရားရေလွှတ် တသွင်သွင် ဟောပါလေတော့သည်။

မောင်နီကား အရက်ရှိန်ကြောင့် တအားအိပ်ချင်လျက်ရှိရာ နားထောင်ရင်း တစ်ချက်တစ်ချက်တွင် ခေါင်းက ဆတ်ခနဲ ဆတ်ခနဲ စိုက်စိုက်ကျသွားသည်။ အရက်နံ့ကိုမခံနိုင်၍ မောင်နီနှင့် ခပ်လှမ်းလှမ်းမှထိုင်ပြီး တရားဟောနေသောသူကြီးကား မောင်နီ၏ခေါင်းကြီး တစ်ချက်တစ်ချက်စိုက်စိုက်ကျသွားသည်ကို အိပ်ငိုက်နေခြင်းဟု မရိပ်မိဘဲ သူ့တရားကိုသဘောကျ၍ ခေါင်းညိတ်ထောက်ခံခြင်းဟု ထင်မြင်ယူဆကာအရက်တရားကို အတော်ကြာအောင် ဟောလိုက်လေ၏။

တရားဆုံးသောအခါတွင် အရက်၏အောက်တန်းကျပုံကို လက်တွေ့ပြသရန်အတွက် မောင်နီ၏ ခါးတွင် ထိုးထားသော အရက်ပုလင်းကို ဆွဲယူကာ အနီးရှိ ခွေးစားခွက်ထဲသို့ လောင်းထည့်လိုက်၏။ မောင်နီကား သူ၏အရက်များကို နမြောတသ လှမ်းကြည့်နေသည်။ သူကြီးတစ်ယောက် မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ပြုလုပ်နေကြောင်းကို မောင်နီ နားမလည်နိုင်သေးပေ။

ပုလင်းထဲမှ အရက်များကုန်သည်နှင့် သူကြီးသည် ခွေးတစ်ကောင်ကိုခေါ်ယူကာ အရက်ခွက်ကို ထိုးတိုက်လိုက်၏။ ခွေးကား မစင်သာ စားမည်၊ အရက်ကိုကား မသောက်တတ်ပေ။ ထို့ကြောင့်နမ်းကြည့်ပြီး လှည့်ထွက်သွားသည်။ သူကြီးသည် ဤအကွက်ကို အရယူလိုက်ခြင်းပင် ဖြစ်၏။ ထို့နောက် အောင်မြင် ပိုင်နိုင်သောလေသံဖြင့် ယခုလိုပြော၏။

"မောင်နီ၊ တွေ့လား၊ မင်းသိပ်ကြိုက်နေတဲ့ အရက်ကို ခွေးတောင်မသောက်ဘူး၊ ဒါကြောင့်

ဒီနေ့ကစပြီး အရက်လုံးဝမသောက်နဲ့တော့''

ထိုသို့ ပြောပြီးသည်နှင့် သူကြီးသည် ကွမ်းတံတွေးတစ်ချက်လှမ်းထွေးရင်း မောင်နီထံသို့ အောင်မြင်သော စစ်သူကြီး၏အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်သည်။ သို့သော် မောင်နီ ပြန်ပြောလိုက်သော စကားက သူကြီးလိုသော စကားမဟုတ်။ မောင်နီ ပြန်ပြောလိုက်သည်ကား. . . ။

''သူကြီးခင်ဗျား၊ ကျွန်တော်သောက်တတ်တဲ့ အရက်ကို ခွေးမသောက်တာ မှန်ပါတယ်ခင်ဗျား၊ အဲဒီလိုပဲ သူကြီးစားတဲ့ ကွမ်းယာကိုလည်း ခွေးမစားတာ အမှန်ပါပဲ ခင်ဗျား''

ဟူ၏။ သူကြီးကား အမူးပါးဖြစ်သော မောင်နီကို မဆုံးမနိုင်တော့သဖြင့် စိတ်ဆိုးကာ ချက်ချင်းထပြန်သွားလေတော့သည်။

## လျှော့သောက်ပါသည် သို့သော်

ရွာတစ်ရွာတွင် ဦးမြအမည်ရှိ အမျိုးသားကြီး တစ်ယောက်ရှိ၏။ သူသည် ပရဟိတစိတ် ရှိသောကြောင့် ရွာဦးကျောင်း ဆရာတော်အပါအဝင် တစ်ရွာလုံး၏ မေတ္တာကို ရရှိသည်။ အသက် ၆၀ ကျော်လာပြီ ဖြစ်သောကြောင့် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သည်။ သို့သော် ကျန်သောရက်များတွင်ကား အရက်သောက်သည်။ မကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာပုဂ္ဂိုလ်မရှိ၊ ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် မပေါင်းနိုင်စရာပုဂ္ဂိုလ်မရှိဟူသော ဒဿနအတိုင်းကောင်းကွက်လေးရှိသောကြောင့် ရွာဦးကျောင်းဆရာတော်သည် ဦးမြကို မေတ္တာထားသည်သာဖြစ်၏။

အရက်ဆိုင်မှ အပြန်ဆိုလျှင် ဘုန်းကြီးကျောင်းဝိုင်းထဲကဖြတ်မှ ရွာထဲသို့ ရောက်သည်။ ထို့ကြောင့် ဦးမြမှာ မျက်နှာပူပူဖြင့်ပင် ကျောင်းဝိုင်းထဲမှ ဖြတ်နေရသည်။သို့သော်သတိတော့ထားသည်။ ကျောင်းဝိုင်းထဲမှဖြတ်ချိန်တွင် အရက်သမားနှင့် မတူအောင် တည့်တည့်မတ်မတ်ဖြစ်အောင် ထိန်းပြီး လမ်းလျှောက်သည်။ ဤသို့ သတိထားသည့်ကြားမှပင် နည်းနည်းများလာသော အခါများတွင် ခြေထောက်များက သိုင်းကွက်နင်းသလို ဖြစ်နေတတ်သည်။

တစ်နေ့ ထိုသို့သိုင်းကွက် မနင်းတနင်းဖြင့် လျှောက်လာသောဦးမြနှင့် ဆရာတော်တို့မျက်နှာချင်းဆိုင်သွားကြုံနေသည်။ ဘာသာရေးကိုင်းရှိုင်းသူဖြစ်သည့်အတိုင်း ဦးမြသည် မူးမူးနှင့်ပင် ဆရာတော်အား ထိုင်ကန်တော့ရှာသည်။ ဆရာတော်က–

''ဒကာကြီး ဦးမြ၊ ပုထုဇဉ်မှန်ရင် အပါယ်ကျခဲ့တဲ့ ဘဝတွေကများခဲ့တော့ အပါယ်ကျမယ့် အကုသိုလ်အလုပ်မှာသာပျော်ကြတယ်၊ နတ်ပြည်ရောက်ခဲ့တဲ့ ဘဝကနည်းတော့ နတ်ပြည်ရောက်မယ့်ကုသိုလ်အလုပ်ကျတော့ ပျင်းကြတယ်၊ ဒါကြောင့် အကုသိုလ်အလုပ်ဆိုရင် လုပ်ချင်ပေမယ့် မလုပ်ဘဲအောင့်နေရတယ်၊ ကုသိုလ်အလုပ်ကျတော့ မလုပ်ချင်လည်း ပေလုပ်ရတယ်။

''ဒီအရက်သောက်တယ်ဆိုတာလည်း အကုသိုလ်အလုပ်ပဲ၊ ဒါကြောင့်သောက်ချင်ပေမယ့် အောင့်ပြီး မသောက်ဘဲနေဖြစ်အောင် လေ့ကျင့်ပါ၊ အရက်သောက်တယ်ဆိုတာ အာရုံခံစားခြင်းတစ်မျိုးပဲ၊ ဒါကြောင့် အရက်ပြတ်ချင်ရင် အရက်သောက်တတ်တဲ့အချိန်မှာ တခြားစိတ်ဝင်စားစရာ တစ်ခုခုကိုလုပ်ရတယ်။

''အားကစားလုပ်တာ၊ စာကြည့်တာ၊ လမ်းမှာတံမြက်လှည်းတာစတဲ့ အလုပ်တစ်ခုခုနဲ့ အစားထိုးပေးရတယ်၊ ဘုန်းကြီးက နားလည်ပါတယ်၊ နှစ်များစွာကတည်းက သောက်လာတာဆိုတော့ ချက်ချင်းတော့ ဘယ်ဖြတ်လို့ရမလဲ၊ နည်းနည်းချင်းလျှော့သောက်သွားပေါ့''

''မှန်ပါ၊ လျှော့သောက်ပါ့မယ်ဘုရား''

''သာဓု. . . သာဓု. . . သာဓု. . . ''

ထိုသို့ ဆုံးမပြီး နောက်နေ့ရောက်သောအခါ ဦးမြတစ်ယောက် အရက်ဆိုင်မှအပြန် ကျောင်းဝိုင်းထဲမှ ဖြတ်သွားသောအခါ ယိုင်ရုံမကတော့ဘဲ ပစ်လဲ

သွားရာ မထနိုင်တော့ပေ။ ထို့ကြောင့် ဆရာတော်နှင့် ကိုရင်ကျောင်းသားများက အမူးပြေအောင်ဝိုင်းဝန်း ပြုစုကြရသည်။ အနည်းငယ် အမူးပြေသောအခါ ဆရာတော်က ...

''ဒကာကြီး ဦးမြ၊ မနေ့က ဘုန်းကြီးကို ကတိပေးတော့ လျှော့သောက်မယ်ဆို အခု ပိုတောင်ဆိုးနေပါလား''

''မှန်ပါ၊ တပည့်တော် လျှော့သောက်ပါတယ်ဘုရား။ အရင်တုန်းက တပည့်တော်တို့အဖွဲ့ သုံးယောက်နှစ်ပုလင်းသောက်ပါတယ်၊ အခု ဆရာတော်က လျှော့ဆိုလို့ တစ်ယောက်လျှော့ပစ်လိုက်ပြီး နှစ်ပုလင်းကို နှစ်ယောက်ပဲ သောက်ပါတော့တယ်ဘုရား''

ဩော်.. ဦးမြကား အရက်ကို မလျှော့၊ လူကိုသာ လျှော့သူပါတကား။

**ဆန့်ဘီးကို နှစ်ခါတိုးသော ကြက်ကန်း**

အရက်သမားများ ကြံဖန်ဂုဏ်ယူပြီး ပြောကြသော ပါးစပ်ရာဇဝင်တစ်ခု ရှိသေးသည်။ တစ်ခါက တရုတ်စစ်တပ်ကြီး တစ်တပ်သည် မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူရန် လာ၍ဝိုင်းခဲ့ဖူးသည်ဟု ဆိုသည်။ အင်အားမမျှသဖြင့် မြန်မာဘုရင်က ထွက်မတိုက်ဘဲ အထဲတွင်အခိုင်အလုံနေစဉ် တရုတ်စစ်တပ်မှ စာတစ်စောင်ရောက်လာသည်။ စာရေးထားသည်မှာ–

*''အဆွေတော် မြန်မာဘုရင်၊ အသင်တို့အား မတိုက်ခင်မှာ အခွင့်အရေးတစ်ခုပေးပါမည်။ သင်တို့ မြန်မာပြည်တွင် ပညာရှိများအလွန်ပေါများသည်ဟု သိရသည်။ ထို့အတူ ကျွန်ုပ်တို့ တရုတ်ပြည်တွင်လည်း ပညာရှိများ ပေါများသည်။ ထို့ကြောင့် တိုက်ခိုက်မှုပညာချင်း မပြိုင်မီ အတွေးအခေါ် ဉာဏ်ပညာချင်း ပြိုင်လိုသည်''*

*''ယှဉ်ပြိုင်ပုံမှာ ကျွန်ုပ်တို့ တရုတ်ပညာရှိကြီးက အမူအရာဖြင့် မေးခွန်း ၂–ခုမေးပါမည်။ မြန်မာပညာရှိကလည်း အမူအရာဖြင့်ပင် ထိုမေးခွန်းကို ဖြေရပါမည်။ ဖြေဆိုနိုင်လျှင် မြန်မာပြည်ကို စစ်မတိုက်တော့ဘဲ လက်ဆောင်ပဏ္ဏာများဆက်ပြီး ပြန်ပါမည်။ မဖြေဆိုနိုင်လျှင် ရည်ရွယ်ချက်အတိုင်း သင်တို့နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ပါမည်''*

ဟူ၍ ဖြစ်၏။

မြန်မာဘုရင်လည်း ညီလာခံခေါ်၍ တိုင်ပင်ပြီးလျှင် အမေးအဖြေပြိုင်ပွဲကိုလက်ခံကြောင်း အကြောင်းပြန်လိုက်၏။ ပြီးလျှင် မြန်မာဘက်မှ ဦးဆောင်ဖြေဆိုမည့်ပညာရှိကို တစ်ပြည်လုံးတွင် မောင်းကြေးနင်းခတ်ပြီး ရှာဖွေစေသည်။ ရက်သာနီးလာသည်။ ပညာရှိကား တော်တော်နှင့် ရှာမရဖြစ်နေသည်။

မနက်ဖြန်ဆို ပြိုင်ပွဲဝင်ရတော့မည်။ မြန်မာများရင်တမမ ဖြစ်နေကြသည်။ သည်နေ့မှမြန်မာပညာရှိကိုမရလျှင် မြန်မာပြည်ကြီး စိစိညက်ညက် ကြေရပေတော့မည်။ လေးကန်သောခြေလှမ်းများဖြင့် မြို့ထဲသို့ ဝတ်ကျေတမ်းကျေ မောင်းကြေးနင်းလည် ထွက်ကြရပြန်သည်။ ထိုအချိန်မှာပင် လမ်းပေါ်တွင် မူးလဲနေသော မောင်ကြွက်တွင်းအမည်ရှိ အမူးသမားတစ်ယောက်က သူဖြေဆိုဖို့ တာဝန်ယူကြောင်း လက်မှတ်ထိုးလိုက်ပါလေသည်။

ဖြေရမည့်သူ မပေါ်တာနှင့်စာလျှင် ယှဉ်ပြိုင်ပြီးရှုံးတာကတော်သေးသည်ဟု သဘောပိုက်၍ ထိုမောင်ကြွက်တွင်းကိုပင် ပညာရှိအဆောင်အယောင်များအပ်နှင်းပြီး တာဝန်ပေးလိုက်ကြသည်။ ပညာပြိုင်မည်နေ့တွင်မောင်ကြွက်တွင်းကားပညာရှိဝတ်စုံကြီးဖြင့် ဝေါပေါ်တွင် စတိုင်ကျကျလိုက်ပါလာသည်။ ကွင်းပြင်ကြီးထဲတွင်ကား တရုတ်ပရိသတ်၊ မြန်မာပရိသတ်များဖြင့် ပြည့်ကျပ်လျှက်ရှိသည်။

ပညာရှိနှစ်ဦး ဆုံမိကြသည်နှင့် တရုတ်ပညာရှိကြီးက လက်ငါးချောင်း ထောင်ပြကာ ပထမဆုံးမေးခွန်းကို အမူအရာဖြင့်စတင်မေးလိုက်သည်။ တရုတ်ပညာရှိကြီး၏ မေးလိုရင်းမှာ မင်းတို့မြန်မာဘုရင်

သည် ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းရဲ့လား ဟု ဆိုလိုသည်။ မြန်မာများသည် သူတို့၏ခါတော်မီ ပညာရှိကြီးကို လှမ်းကြည့်ကာ ချွေးပြန်လျက်ရှိကြ သည်။

အမှုအရာဖြင့် မေးခြင်းဖြစ်သောကြောင့် အဖြေ ကို အသာထား၍ သူမေးလိုရင်းကို အမှန်အတိုင်းသိ ဖို့ပင် ခဲယဉ်းလှသည် မဟုတ်ပါလား။ ပရိသတ်များ ချွေးပြန်နေကြသော်လည်း ကြွက်တွင်းကား ချွေးမ ပြန်။ အေးအေးဆေးဆေးပင်။ သို့သော် ရဲဆေးတင် ထားတာများသွားသောကြောင့် မျက်နှာတွင်အရက် ဆိမ့်များကား မြင်မကောင်းအောင် ပျံ့လျက်ရှိသည်။

ကြွက်တွင်းသည် တစ်သက်တာကာလပတ်လုံး အရက်ချည်း သောက်နေတာဖြစ်ခြင်းကြောင့်အရက် နှင့်ပတ်သက်သော အချက်များကိုသာ တွေးသည်။ အခြားမည်သည့်အကြောင်းမှ မတွေးပေ။ ယခု လည်း တရုတ်ပညာရှိကြီး မေးလိုက်သောပုစ္ဆာကို အရက်နှင့် ပတ်သက်ပြီး တွေးလိုက်သည်။ သူက လက်ငါးချောင်းထောင်ပြတယ်၊ ဒါ ငါ့ကို အရက်ငါး ပုလင်းကုန်အောင် သောက်နိုင်ရဲ့လားလို့ မေးတာ ဖြစ်ရမယ်၊ ဘယ်ကမလဲ၊ ငါက ဆယ်ပုလင်းအထိ ကုန်အောင်သောက်နိုင်တာပဲ'' ထိုသို့တွေးပြီး ကြွက် တွင်းကလက်ဆယ်ချောင်းထောင်ပြလိုက်လေသည်။ ထိုသို့ကြွက်တွင်းက လက်ဆယ်ချောင်းထောင်ပြခြင်း ကို တရုတ်ပညာရှိကြီးက အဖြေမှန်ဘက်သို့ ကြံဖန် တွေးယူသွားသည်။ ဪ. . . မြန်မာဘုရင်ကား ငါးပါးသီလလုံခြုံရုံမက မင်းကျင့်တရားဆယ်ပါးနှင့် တောင် ညီနေသေးဆိုပါတကား။ ''ကောင်းပေစွ. . . ကောင်းပေစွ''ဟု အဖြေမှန်ကြောင်း ရှင်းပြလိုက် လေသည်။

မြန်မာများ၏ အော်ဟစ်သံများကား ဘဝင် တိုင်အောင် ညံသွားခဲ့လေပြီ။

ဒုတိယမေးခွန်း စလေပြီ။ တရုတ်ပညာရှိကြီး သည် သူ့ရင်ဘတ်ကို လက်ဝါးဖြင့်သပ်ပြပြီး ဆိုလို သည်မှာ ''မင်းတို့ မြန်မာဘုရင်သည် တိုင်းသူပြည် သားများကို ရင်ဝယ်သားကဲ့သို့ မေတ္တာထားပြီး အုပ်ချုပ်ရဲ့လား'' ဟု ဆိုလိုခြင်း ဖြစ်သည်။ ကြွက် တွင်းကား အရက်သမားဖြစ်သောကြောင့် အရက် နှင့် ဆက်စပ်၍သာ တွေးတောစဉ်းစားလိုက်သည်။

''အင်း. . . ရင်ဘတ်ကို လက်ဝါးနဲ့သပ်ပြတယ် ဆိုတာတစ်တော့ အရက်ဆယ်ပုလင်းသောက်တဲ့အ ခါ ရင်ပူသလားလို့ မေးတာဖြစ်ရမယ်၊ ဆယ်ပုလင်း တောင်သောက်မှတော့ ရင်ဘတ်တင်ဘယ်ကမလဲ၊ ကျောပါပူတာပေါ့''ဟု ဆုံးဖြတ်ပြီး ကြွက်တွင်း သည် ရင်ဘတ်နှင့်ကျောကို နှစ်ဖက်လုံးလက်ဝါး ဖြင့် သပ်ပြလိုက်လေတော့သည်။

ထိုအခါတရုတ်ပညာရှိကြီးက အဓိပ္ပါယ်ကောက် လိုက်သည်မှာ ''ဪ သူတို့မြန်မာဘုရင်ဟာ တိုင်း သူပြည်သားတွေကို ရင်ဝယ်သားလို မေတ္တာထားရုံ သာမက ကျောသားရင်သား မခွဲခြားဘဲ ဆက်ဆံ တယ်ဆိုပါကလား''ဟူ၏။ ထို့ကြောင့် ဒုတိယ မေး ခွန်းကိုလည်း မှန်ကန်အောင် ဖြေနိုင်ကြောင်း ပြန် ကြားလိုက်လေသည်။

တရုတ်တပ်ကြီးသည် သူတို့မေးတာကို မြန် မာတွေဖြေနိုင်သောကြောင့် လက်ဆောင်ပဏ္ဏာတွေ ဆက်ပြီး တပ်ခေါက်ပြန်သွားသော ဟူ၏။ မည်သည့် ကျမ်းတွင်မှ ရှာမတွေ့နိုင်သော၍ဖြစ်ရပ်ကို မကြာ ခဏပြောပြ၍ အရက်သမားများသည် ဂုဏ်ယူတတ် ကြသေးသည်။

### တုတ်နှင့်ဆုံးမသူနှင့် နှုတ်နှင့်ဆုံးမသူ

မော်လမြိုင်မြို့ကို ပတ်ထားသော တောင်တန်း ကြီးပေါ်တွင် ကျိုက်သန်လန်ကစ၍ စေတီတော် ပေါင်းစုံ၊ ဘုန်းကြီးကျောင်း ပေါင်းစုံရှိလေသည်။ တစ်ရက်တွင် ဘုရားဖူးများနားခိုရန် ဆရာတော် ကြီးတစ်ပါး ကိုယ်တော်တိုင် သန့်ရှင်းရေးလုပ်ထား သည့် ဥယျာဉ်ထဲသို့ အမူးသမားတစ်ယောက်လာ အိပ်နေသည်။ အမူးသမားသည် အိပ်ရုံနှင့်မပြီး၊ အန်ချင်တိုင်း အန်ထားရာ ဥယျာဉ်ထဲတွင် ကြည်နူး

စရာမကောင်းတော့ဘဲအော်ဂလီဆန်စရာ ဖြစ်သွား သည်။ ကျောင်းထိုင်ဆရာတော်ကြီးသည် ထိုအမူး သမားကိုတွေ့သည်နှင့် ဒေါသကိုမထိန်းနိုင်တော့ ဘဲ တုတ်တစ်ချောင်းနှင့် ဘာမပြောညာမပြော လိုမ့် ရိုက်လေတော့သည်။

အမူးသမားသည် သူ့အပြစ်နှင့်သူမို့ အော်ဟစ် လူးလိမ့်ကာ အရိုက်ခံရှာသည်။ ရိုက်သောဘုန်းကြီး မောရှ၍ အရိုက်ရပ်သွားသော အချိန်တွင်မှ မြေကြီး ပေါ်မှ ထကာ ဆရာတော်အား စကားတစ်ခွန်း လျှောက်ထားပြီး တောင်ပေါ်မှ ဆင်းသွားလေသည်။ သူ့စကား မည်မျှထိရောက်လိုက်သနည်းဟူမူ ဆရာ တော်ကြီး၏ လက်မှတုတ်သည် အောက်သို့လွတ်ကျ ခဲ့ရသည်အထိ ဖြစ်သွားသည်။ သူလျှောက်ခဲ့သော စကားမှာ–

''ဆရာတော်ဘုရား၊ တပည့်တော်မှာအပြစ်ရှိ တာမှန်ပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်ရဲ့အပြစ် ဟာ လူတွေကိုရာပေါင်းများစွာသတ်တဲ့ အင်္ဂုလိမာ လကိုတော့ မမီပါဘူးဘုရား။ အဲဒီ အင်္ဂုလိမာလကို ဘုရားက တုတ်နဲ့ရိုက်ပြီး ဆုံးမခဲ့တယ်လို့ တပည့် တော် မကြားမိပါဘူးဘုရား''

ဟူ၏။

ဆရာတော်က သူ့ကိုတုတ်နှင့်ဆုံးမသော ကြောင့် သူက ဆရာတော်ကို နှုတ်ဖြင့် ပြန်လည် ဆုံးမခြင်း ဖြစ်ပေလိမ့်မည်။

### ဖျော်ရည်အမှတ်ဖြင့် သောက်ကောင်းပါသလား

အရက်သမားတစ်ယောက်က ကပ်ကပ်သပ် သပ် မေးလာသေးသည်။ ''သူသည် အရက်ကို ဖျော်ရည်အမှတ်ဖြင့် သောက်ပါသည်။ အပြစ်ရှိပါ သလား''ဟု။ ဣတိဝုတ်အဋ္ဌကထာနှင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာတို့တွင် သုရာမေရယက်၏ အင်္ဂါလေးချက်ကို ပြထား၏။ ယင်းတို့မှာ သုရာစ သည် တစ်ပါးပါးဖြစ်ခြင်း၊ သောက်စားလိုစိတ်ရှိ ခြင်း၊ သောက်ဖြစ်အောင် လုံ့လပြုခြင်း၊ သောက် စားခြင်းတို့ ဖြစ်သည်။

ဖျော်ရည်အမှတ်ဖြင့် သောက်သော်လည်း အထက်ပါ အင်္ဂါလေးချက်နှင့် ညီနေသောကြောင့် သုရာမေရယက် ထိုက်သည်ဟုသိနိုင်ပေသည်။ ထို မေးခွန်းမျိုးကို စလင်းဆရာတော်ကြီးက ''စလင်း စကားပုံပေါင်းချုပ်ကျမ်း''တွင် ဖြေဆိုထားသည်ကို ယခုလို တွေ့ရသည်။

*ယစ်ငါးမျိုးကိုပင် ရေထင်၍(ရေအမှတ်ဖြင့်) သောက်မိရာ၌ အပြစ်ရှိ၊ မရှိ နိရယသံဝတ္တနိကဖြစ်၊ မဖြစ်ကို ဖြေရာမှာ မီးကိုတိုးသော ပိုးဖလံမျိုးသည် အလျှံတောက်ပြောင်သည်ကို ရွှေရောင်ဟု ထင်မှတ် ၍ တိုးဝင်သောအခါ ထိုသတ္တဝါပိုးကောင်သည် မီး လောင်ခြင်းဘေးမှကင်းဝေးချမ်းသာခြင်းဖြစ်၊ မဖြစ်၊ စင်စစ် မီးလောင်ခံရဘိသကဲ့သို့ ယစ်မျိုးငါးပါးကို ရေထင်ပြီး သောက်မိငြားသော်လည်း ထိုသူအား အပြစ်မလွတ်ဟု မှတ်ရမည်။*

*မြွေပွေးကို မြက်ရှောထင်၍ နင်းသော်လည်း ကိုက်ခြင်းမှ ချမ်းသာရာ မရသကဲ့သို့ ယစ်မျိုးငါးပါး ကို ရေထင်၍ သောက်မိငြားသော်လည်း ထိုသူအား အပြစ်မလွတ်ဟု မှတ်ရမည်။ ဓား၊ လှံထောင်ထား ရာ ပျဉ်ပြား၊ မြေကြီးထင်၍နင်းသော်လည်း ထိခိုက် ရှနာခြင်းမှ မလွတ်သကဲ့သို့ ယစ်မျိုးငါးပါးကို ရေ ထင်၍ သောက်မိငြားသော်လည်း ထိုသူအား အပြစ် မလွတ်ဟု မှတ်ရမည်။*

### အရက်သမားရဲ့ ဒဿနမေးခွန်း

သင်္ဃာဆရာတော်ဘုရားကြီး ထင်ရှားတော် မူစဉ်ကပင် ဖြစ်၏။ အတွေးအခေါ်ရှိသော အရက် သမားတစ်ဦးကဆရာတော်အားဤသို့လာလျှောက်၏။

''ဆရာတော်ဘုရား၊ တပည့်တော်စိတ်ထဲမှာ မရှင်းတာလေးတစ်ခု လျှောက်ထားပါရစေဘုရား၊ ငါးပါးသီလထဲမှာ သူ့အသက်သတ်တာ၊ သူတစ်ပါး ဥစ္စာခိုးတာ၊ လိမ်ညာပြောတာ၊ သူတစ်ပါးသား

မယားဖျက်ဆီးတာ၊ ဒီလေးပါးကတော့ မိမိရော သူတစ်ပါးကိုပါ စိတ်ဆင်းရဲစေလို့ မလုပ်နဲ့လို့ တားမြစ်တာ ထားပါတော့ဘုရား။ အရက်သောက်တာကတော့ ဘယ်သူ့ကိုထိခိုက်တာမှတ်လို့ဘုရား။ ဒီအရက်လေး ကိုယ်ကြိုက်လို့ ကိုယ့်ပါးစပ်ထဲ ထည့်လောင်းတာပဲ၊ အဲဒါ ဘာကြောင့် သုရာမေရယက်ဟာ ငါးပါးသီလထဲ ပါနေရတာလဲဘုရား''

''ဒကာတော်၊ ပုံပြင်တစ်ပုဒ်နဲ့ ရှင်းပြမယ်၊ တစ်ခါက ရွာတစ်ရွာမှာ နွားမွေးထားတဲ့ အဘိုးတစ်ယောက် ရှိတယ်။ သူ့နွားခြံမှာ နွားတွေဟာ တစ်ရာကျော်နှစ်ရာနီးပါး ရှိတယ်။ အဘိုးကြီးကတော့ သိပ်ပြီး အလုပ်အကိုင် မလုပ်နိုင်တော့ဘူး။ သူ့မြေးကလေးကပဲအဓိကထားပြီးလုပ်ရတယ်။ ညနေရောက်လို့ နွားတွေကို နွားခြံထဲသွင်းပြီးပြီလို့ဆိုတာနဲ့ အဘိုးဖြစ်သူက မြေးဖြစ်သူကို နေ့စဉ် မေးလေ့ရှိတယ်''

''အဲဒီ မေးခွန်းကတော့ ချိုထောင်နွားလေးကို ကြိုးချည်ထားရဲ့လား ဆိုတာပဲ။ နေ့စဉ် ဒီမေးခွန်းချည်းမေးနေတော့ မြေးဖြစ်သူက ထူးခြားတာနဲ့ တစ်ရက်မှာတော့ အဘိုးဖြစ်သူကို ပြန်မေးတယ်။ နွားအများကြီး ရှိတဲ့အထဲက ဘာဖြစ်လို့ ချိုထောင်လေး တစ်ကောင်တည်းကိုချည်း ကြိုးချည်ပြီးပြီလားလို့ မေးနေရတာလဲတဲ့''

''ဒီတော့ အဘိုးဖြစ်သူကပြန်ပြောတယ်။ ဒီနွားတစ်ရာကျော်ထဲမှာ ချိုထောင်လေးဟာ အဆိုးဆုံးဖြစ်တယ်။ သူ့ကိုချည်မထားရင် တွေ့သမျှ နွားတွေကိုလိုက်ဝှေ့တတ်တဲ့အတွက် နွားခြံတစ်ခြံလုံး ဘယ်နွားမှ အိပ်လို့ ရမှာမဟုတ်ဘူး။ ဒါကြောင့် ချိုထောင်လေးကိုပဲမေးတာ။ ငါးပါးသီလထဲမှာ သုရာမေရယဟာ ချိုထောင်နွားလေးနဲ့တူတယ်''

''ချိုထောင်နွားလေးကြောင့် နွားခြံတစ်ခြံလုံး ဒုက္ခရောက်ရသလို အရက်တစ်ခုကြောင့် ကျန်တဲ့ သိက္ခာပုဒ်တွေ အကုန်ပျက်တတ်တယ်။ ဒါကြောင့် ငါးပါးသီလရဲ့အချုပ်အခြာဖြစ်တဲ့အတွက် သုရာမေရယသိက္ခာပုဒ်ကို ငါးပါးသီလထဲထည့်ထားရတာ''

ဟူ၍ သင်္ဃာဆရာတော်ကြီးက ဖြေဆိုတော်မူခဲ့သည်။

မှန်၏။ အရက်သောက်ခြင်း၏ အဓိကဆိုးကျိုးနှစ်ခုအနက် ပထမတစ်ခုမှာ အကုသိုလ်ဒုစရိုက်အလုပ်မှန်သမျှကို လွယ်လွယ်ကူကူ ကျူးလွန်မိတတ်ခြင်းပင်ဖြစ်သည်။ မည်မျှလောက်ထိ ကျူးလွန်မိတတ်ပါသနည်း။ ထိုအရက်သာဝင်သွားပြီဆိုလျှင် အဖေကလည်း သားကို ပြန်သတ်မိသည်။ သားကလည်း အဖေကို ပြန်သတ်မိတတ်သည်။ အဖေအရင်းက သမီးအရင်းကို ပြန်စော်ကားမိသည်။

ထိုအချက်သုံးချက်နှင့် ပတ်သက်၍ လက်တွေ့ဖြစ်ရပ်သုံးခုကို ရှာဖွေတင်ပြပါမည်။ အဖေက သားကိုသတ်မိသောဖြစ်ရပ်မှာ သိပ်မကြာလှသေး။ တစ်နှစ်ခန့်သာ ရှိသေးသည်။ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့တွင်ဖြစ်ခဲ့သည်။ ဖခင်တစ်ဦးသည်အရက်ကြောင်ပြီး အိမ်ရှိသားသမီးများကို ဓားဖြင့် လိုက်ခုတ်သတ်လျက် ရှိသည်။ အရွယ်ရောက်နေပြီဖြစ်သော သားသမီးအကြီးများကား ပြေးနိုင်၍လွတ်သွားကြပါ၏။

ပြေးနိုင်ဖို့နေနေသာသာ ထိုင်ရုံပင်မထိုင်နိုင်သေးသော ကိုးလအရွယ်ခန့် သူ့သားလေးတစ်ယောက်ကားအော်ဟစ်ငိုယိုလျက် အိပ်ရာပေါ်တွင် ပက်လက်လေး ကျန်နေခဲ့သည်။ လူစိတ်ပျောက်နေသောဖခင်သည် ထိုကလေးကိုပင် အတုံးအတစ်ဖြစ်အောင် ဓားဖြင့် ခုတ်သတ်လိုက်လေသည်။ ယခုအချိန်တွင်တော့ ဖခင်ဖြစ်သူမှာ ထောင်ထဲရောက်နေလေပြီ။

အပေါ်ယံကြည့်လျှင် အဖေကသားကိုသတ်ခြင်းဖြစ်သည်။ နက်နဲစွာ တွေးခေါ်ကြည့်လျှင်ကား အဖေက သားကို သတ်ခြင်းမဟုတ်။ အရက်ကသားကို သတ်လိုက်ခြင်းသာ ဖြစ်ပါ၏။

**အဖေကိုသတ်ခြင်း**

သားက အဖေကို သတ်သောနေရာမှာ မကွေးတိုင်း၊ မြိုင်မြို့နယ်တွင် ဖြစ်သည်။ ၁၉၇၁–ခုနှစ်

ဝန်းကျင်ကပင် ဖြစ်၏။ အဘသတ်သော သား၏ အမည်ကို မောင်အေးသောင်ဟု ခေါ်သည်။

သူသည် မိတဆိုးဖြစ်သောကြောင့် ဖခင်၏ အလိုလိုက်ခံရမှုကို များစွာ ရရှိခဲ့သည်။ ထို့ကြောင့်လည်း အရက်သမား၊ ဖဲသမား ဖြစ်သွားခဲ့ရခြင်းဖြစ်သည်။ တစ်ရက်တွင် အရက်မူးပြီးဖဲရိုက်ရာ ပါသမျှငွေ အကုန်ရှုံးသွား၏။ ထို့ကြောင့် အိမ်ကိုအရက်ထွေထွေဖြင့်ပြန်လာပြီး ပိုက်ဆံတောင်းသည်။ ဖခင်ဖြစ်သူမှာလည်း ထိုအချိန်က ငွေပြတ်နေ၏။ ထို့ကြောင့် ပေးစရာငွေမရှိဟု ပြောလိုက်သည်။

ထိုသို့ သူတောင်းသောငွေကို မပေးရကောင်းလားဟုဒေါသဖြစ်ကာ မောင်အေးသောင်သည် ငုံ့ပြီး တောင်းယက်နေသောဖခင်ကို ဓားဖြင့် စလွယ်သိုင်းခုတ်ချလိုက်ရာ ပွဲချင်းပြီးသေလေသည်။ ပဉ္စာနန္တရိယကံထိုက်သွားလေပြီ။ မည်သည့် ကုသိုလ်လုပ်လုပ် အဝီစိငရဲမှ လွတ်လမ်းမရှိတော့ပေ။ မောင်အေးသောင်ကား လူသတ်မှုဖြင့် မြင်းခြံထောင်တွင် ဆယ်နှစ်ကျသွားလေသည်။

အပေါ်ယံကြည့်လျှင် သားက အဖေကိုသတ်ခြင်းဖြစ်သည်။ နက်နဲစွာ တွေးကြည့်လျှင်ကား အရက်က အဖေကိုသတ်လိုက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓက သူတော်ကောင်းများ ရောင်းဝယ်ဖောက်ကားခြင်း မပြုသင့်သည့် ကုန်ငါးမျိုးကိုဟောထား၏။ ယင်းကုန်ငါးမျိုးကား သေရည်သေရက်၊ အဆိပ်၊ လက်နက်၊ အသားငါး၊ လူတို့ ဖြစ်ပေသည်။

ထောင်ထဲရောက်၍ အမူးပြေသောအခါ မောင်အေးသောင်သည် လူးလိမ့်၍ ငိုရှာသည်။ သူ့အဖေကို သတ်မိသည့်အတွက် ယူကြုံးမရဖြစ်ပြီး ငိုခြင်းဖြစ်သည်။ ဖခင်သတ်သည့် အကုသိုလ်ကံကြောင့် ထောင်ထဲတွင် ဆယ်နှစ်မပြောနှင့် ဆယ်လတောင်မနေရပေ။ ထောင်မှ လွတ်သွားခြင်းမဟုတ်၊ အသေဆိုးနှင့် သေသွားခြင်း ဖြစ်သည်။

တစ်ရက်တွင်သူသည် ထောင်သားများအတွက် ထမင်းချက်ရာတွင်ဝိုင်းကူဖို့ တာဝန်ကျသည်။ ရောမမိုးဖြဲဒယ်ကြီးနှင့် ရေများကို ပွက်ပွက်ဆူအောင် တည်ရသည်။ ရေများပွက်ပွက်ဆူသည်နှင့် မောင်အေးသောင်သည် ဆန်တောင်းကြီးကို မနိုင်မနင်း ထမ်းပြီး ဒယ်အိုးကြီးရှိရာသို့ လာခဲ့သည်။ သူသည် အလုပ်ကို ခပ်မြန်မြန်ပြီးချင်သည့်အတွက် မပြေးရုံတမယ် ခပ်သွက်သွက် လှမ်းလာခဲ့သည်။ ဒယ်အိုးရှေ့ရောက်သည်နှင့် ခလုတ်တစ်ချက် တိုက်မိကာ ဒယ်အိုးထဲသို့ ဟပ်ထိုး လဲကျသွားလေသည်။ ဆန်တောင်းက မြေကြီးပေါ်၊ မောင်အေးသောင်က ဒယ်အိုးထဲ။

ဖခင်ကို သတ်ခဲ့သော အကုသိုလ်ကံက နေရာပြောင်းပေးလိုက်ခြင်းဟု ဆိုလျှင် မှားအံ့မထင်။ မောင်အေးသောင်ကား အရှင်လတ်လတ် ရေနွေးဖြင့်ပြုတ်ပြီး အသတ်ခံရသကဲ့သို့ဖြစ်ကာ သေရှာလေပြီ။

**သမီးအရှင်းကို ဓော်ကားသူ**

ဤသတင်းကို ဖတ်ရသည်မှာ ရှစ်နှစ်ခန့်လောက်တော့ ရှိပေမည်။ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့တွင် နောက်ဆုံးအဆင့်သို့ရောက်နေသောအရက်သမားကြီးတစ်ယောက် ရှိသည်။ သူသည် တစ်နေကုန် အရက်သောက်ဖို့မှတစ်ပါး တခြားဘာကိုမှ ဂရုစိုက်သူ မဟုတ်တော့ပေ။ သူ့အတွက် အရက်ဖိုး၊ အမြည်းဖိုးကို ဇနီးနှင့် သမီးဖြစ်သူတို့က ဈေးရောင်း၍ ရှာဖွေပေးရသည်။

သို့နှင့်လည်း ကျေးဇူးတင်ရကောင်းမှန်း မသိဘဲ မထင်လျှင် မထင်သလို ရိုက်နှက်ဆဲဆို နှိပ်စက်တတ်သောကြောင့် နဂိုကမှ ကျန်းမာရေးမကောင်းရှာသောဇနီးမှာ အရင်ဆုံးသွားရှာသည်။ ထိုအခါ အရက်ဖိုးရှာသောအလုပ်ကို သမီးပျိုလေးက ဆက်လုပ်ရသည်။ တစ်ညတွင် သူအရက်မူးပြီး အိမ်ရှေ့လမ်းမပေါ် လဲနေရာမထနိုင်တော့ပေ။

ထိုအခါ သမီးဖြစ်သူမှာ မနေနိုင်တော့ဘဲ ဖခင်

အား မနိုင့်တနိုင်တွဲ၍ အိပ်ခန်းထဲသို့ ပို့ပေးလေသည်။ အိပ်ခန်းထဲရောက်သည်နှင့် တိရစ္ဆာန်စိတ်ပေါက်နေပြီဖြစ်သော ဖခင်သည် သမီးကိုစော်ကားမိလေတော့သည်။ သမီးလေးကား မျက်ရည်နှင့်မျက်ခွက်ဖြစ်နေပြီး ထိုနေ့မှစ၍ အိမ်ပြင်မထွက်ရဲရှာတော့ပေ။

ထိုအကြောင်းကို ရိပ်မိသွားသော အိမ်နီးချင်းများက ခဲနှင့်ဝိုင်းထုကြသဖြင့် အမူးသမားကြီးသည် ထိုမြို့ပေါ်တွင် မနေရဲတော့ဘဲ ရွာလေးတစ်ရွာသို့ ထွက်ပြေးရကာ ထိုရွာလေးမှာပင် သေဆုံးသွားကြောင်း သိရလေသည်။ ဤဖြစ်ရပ်တွင်လည်း အပေါ်ယံကြည့်လျှင် ဖအေအရင်းက သမီးအရင်းကို စော်ကားခြင်း ဖြစ်သည်။ နက်နဲစွာကြည့်လျှင်ကား အရက်က သမီးအရင်းကို စော်ကားလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ရှင်မဟာရဋ္ဌသာရက လက်သစ်တောင်တာ ဆုံးမစာတွင် ...

သေရည်အရက်၊ စီးပွားဖျက်ကို
တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်
ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့်
အဆိပ်ရည်...။

ဟု ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

၁၉၂၉ခု၊ မတ်လ(၁၃)ရက်နေ့တွင် မဟတ္တမဂန္ဒီက မော်လမြိုင်မြို့၌ အရက်နှင့်ပတ်သက်၍ ဒဿနတစ်ခု ဟောပြောခဲ့ကြောင်း ဂန္ဒီဘားမင်းစာအုပ်စာမျက်နှာတွင်(၁၇)တွင် ဖော်ပြထားသည်မှာ...

"အခြားနိုင်ငံတွေအနေနှင့် အရက်သောက်တာကို အကောင်းဘက်က လေ့လာသုံးသပ်နိုင်ပေမယ့် ရာသီဥတုအကာကွယ်အဖြစ် အရက်သောက်ခြင်းနှင့် လုံးဝဆန့်ကျင်ဘက် မြန်မာပြည်မှာ အရက်သောက်တာဟာ မိမိကိုမိမိ သေစေရာရောက်တယ်"

ဟူ၍ ဖြစ်သည်။

ဒေါက်တာအုန်းကျော်၏ ဆေးဆောင်းပါးတစ်ခု၌-

အရက်သောက်တဲ့အခါ သွေးကြောမျှင်လေးတွေ ပိတ်သွားတယ်။ သွေးလည်း ဝပ်နေတယ်။ လှုပ်ပတ်လှုပ်ရှားမှု မရှိတော့။ အရက်ပမာဏများလေလေ သွေးကြောမျှင်ပိတ်မှု တိုးလေလေ ဖြစ်တယ်။ တိုးတိုးပြီး ထပ်သောက်တဲ့အခါ သွေးကြောမျှင်ကလေးမှာ ဝပ်နေတဲ့သွေးတွေမှာ သွေးကြောမျှင် ပေါက်ကွဲသွားပြီး ယိုထွက်သွားတယ်။

လူ၏ ဦးနှောက်တွင် နာဗ်ဆဲလ် သန်းပေါင်း ၁၄၀၀-ကျော် ရှိတယ်။ အရက်သောက်လို့ မူးတိုင်းမှာ နာဗ်ဆဲလ်ပေါင်းများစွာ ၇၀၀၀-ကျော် ပျက်စီးလေ့ရှိတယ်။ ဦးနှောက်ဆဲလ်တစ်ခု ပျက်စီးရင် ပြန်ကောင်းလေ့ မရှိဘူး။ တစ်သက်တာလုံး ဆုံးရှုံးသွားတော့တာပဲ။ ဒါပေမဲ့ သန်းပေါင်းများစွာရှိတာကြောင့် ထောင်ပေါင်းများစွာ ပျက်စီးရုံနဲ့မသိသာဘူး။

နေ့တိုင်းရက်တိုင်း နှစ်နဲ့ချီပြီး အရက်သောက်တဲ့အခါ အဆိုပါဆဲလ်များ သန်းပေါင်းများစွာ ပျက်စီးရတော့တယ်။ ဒါကြောင့် အရက်စွဲတဲ့လူတွေဟာ နှေးကွေးလေးလံလာတယ်။ ထိန်းသိမ်းနိုင်မှု ချို့တဲ့ လာတယ်။ ဆုံးဖြတ်မှု ချွတ်ယွင်းလာတာ တွေ့ရတယ်- ဟူ၍ဖြစ်သည်။

အရက်သောက်ခြင်းကြောင့် စိတ်ရောဂါဖြစ်ခြင်းကို သိပ္ပံပညာက မနေ့တစ်နေ့ကမှသိရခြင်းဖြစ်သည်။ ဗုဒ္ဓက လွန်ခဲ့သောနှစ်ပေါင်း ၂၅၅၁-ခုနှစ်ကျော်ကတည်းက အရက်သောက်သူများ ဖြစ်ရာဘဝတွင် စိတ္တဇဝေဒနာသည် ဖြစ်တတ်ကြောင်း ဟောထားပြီးဖြစ်သည်။ တရားထိုင်ရင်း စိတ်ရောဂါဖြစ်သွားသူအချို့ရှိသည်။ ထိုအခါ အတွေးအခေါ်ဗဟုသုတမရှိသူများက တရားထိုင်ရင် စိတ်ရောဂါဖြစ်တတ်တယ်ဟု ဝါဒဖြန့်တတ်ကြသည်။ အမှန်ကား တရားထိုင်၍ စိတ်ရောဂါဖြစ်ရခြင်းမဟုတ်။ အတိတ်ဘဝက အရက်သောက်ခဲ့သောကြောင့်သာ စိတ်ရောဂါ ဖြစ်ရခြင်းပင်။

ထိုအချက်ကို သင်္ချာနည်းအားဖြင့် သက်သေပြနိုင်ပါသည်။ မြန်မာပြည်တွင် တရားကျင့်ကြံသူပေါင်း နှစ်သိန်းခန့် ရှိသည်။ တရားထိုင်သူတိုင်း

စိတ်ရောဂါ ဖြစ်ရမည်ဆိုလျှင် ထိုယောဂီနှစ်သိန်းလုံး စိတ်ရောဂါ ဖြစ်ကြရပေမည်။ ထိုသို့ကား မဖြစ်ခဲ့။ ယောဂီနှစ်သိန်းခန့်တွင် စိတ်ရောဂါဖြစ်သူ လေးဦး ခန့်သာ ရှိသည်။

ထိုလေးဦးခန့်သည် အရင်ဘဝက အရက် သောက်ခဲ့ကြသောကြောင့် ဖြစ်သည်။ သူတို့သည် အရက်သောက်ခဲ့သည့်ကံပါခဲ့သောကြောင့် အသက် ၄၀တွင် စိတ်ရောဂါ ဖြစ်ကိုဖြစ်ရမည်။ အသက် ၄၀–ပြည့်ချိန်ရောက်လျှင် ကလေးသေလျှင်သော် လည်းကောင်း၊ စာကျက်များလျှင်သော်လည်း ကောင်း၊ အိမ်မီးလောင်လျှင်သော်လည်းကောင်း၊ လင်မယားကွဲလျှင်သော်လည်းကောင်း၊ တရားထိုင် လျှင်သော်လည်းကောင်း တစ်ခုခုသော အကြောင်း ကြောင့် စိတ်ရောဂါ ဧကန်မုချ ဖြစ်ရပေမည်။

ထိုအချိန်တွင် တရားစခန်း ဝင်လိုက်မိသော ကြောင့် တရားက စိတ်ရောဂါဖြစ်ခြင်း၏ တရားခံ အဖြစ်သို့ ရောက်သွားရခြင်းဖြစ်သည်။ ၂၀၀၇–ခု နှစ်က တနင်္သာရီတိုင်းအတွင်းရှိ ထင်ရှားသော မြို့ကြီးတစ်မြို့သို့ တရားဟောကြွခဲ့ရသည်။ ထို တရားပွဲတွင် အရက်သမားများသည် ဖြစ်ရာဘဝ တွင် စိတ်ရောဂါသည်များ ဖြစ်ရကြောင်း၊ ထို့ကြောင့် အရက်ကို ရှောင်ကြဉ်သင့်ကြောင်း ဟောကြားခဲ့ သည်။

တရားပွဲအပြီးတွင် ဦးဆောင်ပြီး တရားပွဲကျင်းပ သော ကျောင်းထိုင်ဆရာတော်က အရက်သောက် သူများ ဖြစ်ရာဘဝတွင် စိတ်ရောဂါဖြစ်သည် ဟူ သော ဟောကြားချက်သည် လက်တွေ့ဖြစ်၍ မှန် ကန်လှကြောင်းထောက်ခံတင်ပြသည်။ သူ့ကျောင်း တွင် ငါးဝါရ ရဟန်းတစ်ပါး ရှိသည်။ ထိုကိုယ်တော် လေးသည် သူဌေးသားဖြစ်သည်။ သာသနာကို ကြည်ညိုလွန်း၍ သာသနာ့ဘောင်သို့ ဝင်ရောက် လာခြင်း ဖြစ်သည်။

ဥပဓိရုပ်ကလည်း သပ္ပါယ်၊ စိတ်ကောင်းက လည်း ရှိ၊ စာကလည်း တတ်၊ (ဓမ္မာစရိယတန်း)၊ တရားဟောလည်း ကောင်းသောကြောင့် မြို့လူထု သည် ထိုကိုယ်တော်လေးကို သိပ်အားထားကြ သည်။ ငါတို့မြို့အတွက် သာသနာ့အာဇာနည်တစ် ပါး ရပြီဟု ဝမ်းသာနေကြသည်။ သူတို့ဝမ်းသာမှု သည် ထိုကိုယ်တော်လေး ငါးဝါအရမှာပင် ရပ်တန့် သွားခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် စိတ်ရောဂါ စွဲကပ်လာ သောကြောင့် ဖြစ်သည်။ နည်းမျိုးစုံဖြင့် ကုသကြ သည်။ နောက်ဆုံး ရန်ကုန်ရှိ စိတ်ကျန်းမာရေး ဆေးရုံအထိ လာရောက်ကုသသော်လည်း ရောဂါ က မပျောက်ပေ။ ထူးခြားချက်တစ်ခုမှာ ပစ္စုပ္ပန်ဘဝ တွင် စိတ်ထိခိုက်စရာ တစ်ခုခုကြောင့် စိတ်ရောဂါ ဖြစ်ရသူများသည် စိတ်ကျန်းမာရေးဆေးရုံတွင် ကုသလျှင် ပျောက်သည်။

အတိတ်က အရက်သောက်ခဲ့သောကြောင့် စိတ်ရောဂါဖြစ်နေသူများကား စိတ်ကျန်းမာရေး ဆေးရုံအထိ လာရောက်ကုသသော်လည်း ဘယ် သောအခါမှ မပျောက်တော့ခြင်းပင်တည်း။

ယခုလည်း ထိုကိုယ်တော်လေးမှာ အတိတ်ဘဝ က အရက်သောက်ခဲ့သောကြောင့် စိတ်ကျန်းမာရေး ဆေးရုံအထိ လာရောက်ကုသသော်လည်း ရောဂါ မပျောက်ခြင်း ဖြစ်၏။

သူသည် ရဟန်းဘဝကို အလွန်မြတ်နိုး၏။ လူဝတ်မလဲချင်။ သို့သော် စိတ်ဖောက်သောအခါ သင်္ကန်းများကို ချွတ်ပစ်ပြီး တစ်မြို့လုံးသို့လှည့် လည်နေတတ်ရာ သာသနာအတွက် အလွန်သိက္ခာ ကျ၏။

ထို့ကြောင့် သူသည် လူဝတ်မလဲချင်သော် လည်း လဲလိုက်ရရှာသည်။ လူဝတ်လဲပြီး ရက်ပိုင်း အရမှာပင် ကြိုးဆွဲချ၍ သေဆုံးသွားခဲ့ရသည်။ ထို ကိုယ်တော်လေး၏ အတိတ်ဘဝဇာတ်ကြောင်းကို ရဟန္တာဟုသမုတ်ခံရသော ထိုမြို့မှ ဆရာတော်ကြီး တစ်ပါးက ရှင်းပြသည်။ ထိုကိုယ်တော်လေးသည် အတိတ်ဘဝကလည်း ဤမြို့တွင် သူဌေးကြီးတစ်

ယောက် ဖြစ်ခဲ့သည်။

သဒ္ဓါတရားရှိသည်။ လှူဒါန်းပေးကမ်း စွန့်ကြဲသည်။ သို့သော် သီလတရားက မရှိ။ တစ်နေ့ကုန် အရက်သောက်ပြီးမူးနေတတ်သည်။ ထိုဘဝမှ သေသောအခါ ဒါနကုသိုလ်ကြောင့် သူဌေးသားတစ်ယောက်လာဖြစ်သည်။ သေရည်သေရက် သောက်ခဲ့သောကြောင့် အသက်၂၅–နှစ်၊ ရဟန်းငါးဝါအရမှာပင် စိတ်ရောဂါဖြစ်၍ ကြိုးဆွဲချကာ သေခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း စံကင်းဆရာတော်ဘုရားကြီးက သြဝါဒဓမ္မကထာ၌–

ဒုစရိုက်ဆယ်ခု၊ ပွားကြောင်းမှုကို
မည်သူ့ကြောင့်နည်း၊ ဖြစ်သနည်းဟု
စိတ်လည်းဉာဏ်နှင့်၊ အမှန်ချင့်သော်
အခွင့်မသိ၊ သတိကင်းပ၊ ဟဒယမကြည်
မတည်က္ကန္ဓေ၊ တွေဝေအံ့မှိုင်း
စိတ်ဓာတ်ရိုင်းအောင်၊ အတိုင်းမသိ
စွမ်းနိုင်ဘိသား၊ လူ၏ရန်ဘေး
အရူးဆေးဟု၊ ခေါင်တွေးချင့်တွက်
သေအရက်တည်း ...။
လူပျက်လူနွမ်း၊ လူ့သရမ်းတို့
သောက်သွမ်းသည်ပင်၊ အကောင်းထင်၍
မစင်ကိုခွေး၊ နှစ်သက်ရေးတမလွန်
နှစ်တန်စီးပွား၊ပျက်ပြားဆုတ်ယုတ်
အမှန်ဟုတ်၍၊ လူရုပ်မပီ၊ အဆိပ်ရည်
လူပြည့်ပျက်စီး၊ ရန်သူကြီး ..

ဟူ၍ဆုံးမတော်မူခဲ့သည်။

### စိတ်ဝေဒနာကို အမြေခံရှာခြင်း

မြိတ်မြို့တွင် စာရေးသူ၏ မိတ်ဆွေတစ်ယောက် ရှိသည်။ သူ့ညီမတစ်ယောက် စိတ်ရောဂါဖြစ်သည်မှာ နှစ်ပေါင်း၂၀–ကျော်ခန့် ရှိနေပြီဟု သိရသည်။ ယခုအချိန်တွင် အလွန်ကိုကြမ်းတမ်းနေသောကြောင့် အခန်းကျဉ်းထဲတွင် လှောင်ပိတ်ထားရသည်။ သူ့ကို 'မရင်'ဟုခေါ်ပြီး၊ သူ့ညီမကို 'မကျင်'ဟု ခေါ်သည်။ သူနှင့်အတူမောင်နှမရှစ်ယောက်ရှိသည်။ မိဘနှစ်ပါးနှင့်ဆိုလျှင် မိသားစုဆယ်ယောက်ဟု ဆိုရမည်။

တစ်နေ့တွင် သူတို့အိမ်ကို သူခိုးအဖွဲ့တစ်ဖွဲ့က အိပ်မွေ့ချ၍ ခိုးယူခြင်းကို ခံလိုက်ရသည်။ မနက်မိုးလင်းမှအိမ်တွင်ရှိသောပစ္စည်းများ ခိုးယူခံရကြောင်း သိကြရသည်။ မိသားစုဆယ်ယောက်ပိုင်ပစ္စည်းအားလုံးခိုးယူခံရခြင်းဖြစ်သည်။ ထိုအချိန်မှာပင် အသက် ၂၀–အရွယ်ခန့်ရှိမကျင်သည် သူပိုင်အဝတ်ထဘီဗီရိုလေးကိုဖွင့်ကြည့်ရင်း ရှိုက်ကြီးတငင် ငိုနေသည်မှာ နောက်တစ်နေ့အထိရောက်သည်။

ဝိုင်းဝန်းချော့မော့ကြလည်း မရ၊ အစားပြန်ဝယ်ပေးမယ် ပြောလည်းမရနှင့် နောက်ဆုံးတွင် ထိုသို့ ငိုကြွေးနေရင်းမှပင် စိတ်ရောဂါ စွဲကပ်သွားခဲ့သည်။ ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံကြီးသို့ တက်ရောက်ကုသသော်လည်း အမြစ်ပြတ်ပျောက်ကင်းခြင်း မရှိတော့ပေ။ အပေါ်ယံကြည့်လျှင် မကျင်စိတ်ရောဂါဖြစ်ရသည်မှာ အခိုးခံရလို့ ဖြစ်သည်။

နက်နဲစွာကြည့်လျှင် မကျင်တစ်ယောက် စိတ်ရောဂါဖြစ်ရသည်မှာ အရင်ဘဝက အရက်သောက်ခဲ့သောကြောင့်သာ ဖြစ်သည်။ ပစ္စည်းဥစ္စာများ ခိုးယူခံရခြင်းကြောင့် စိတ္တဇဝေဒနာ ဖြစ်ရမည်ဆိုလျှင် သူတို့မိသားစုဆယ်ယောက်လုံး အခိုးခံရသောကြောင့် အားလုံးစိတ်ရောဂါ ဖြစ်ရပေမည်။ ဖြစ်ကားမဖြစ်ခဲ့။ မကျင်တစ်ယောက်တည်းသာ စိတ်ရောဂါဖြစ်ခဲ့သည်။ ဆိုလိုသည်မှာ မကျင်တစ်ယောက်တည်းသာအရင်ဘဝကအရက်သမားကြီးဖြစ်သည်။ ထို့ကြောင့် ယခုဘဝတွင်မကျင်တစ်ယောက်တည်းသာ စိတ်ရောဂါ ခံစားရခြင်းဖြစ်သည်။

### သဘောပေါက်မှ စိတ်ဝေဒနာသည်များ

၂၀၀၃ ခုနှစ်ကပင် ဖြစ်၏။ စာရေးသူသည် ကော့သောင်းမြို့ တရားပွဲများအပြီးတွင် ပင်လယ်

ကူးသင်္ဘောကြီးဖြင့် ရန်ကုန်သို့ ပြန်လာခဲ့သည်။ ပူလောင်ပြီး အတော်လေးချောင်ကျသောနေရာတစ်ခုတွင် အမျိုးသားခုနစ်ယောက်နှင့် အမျိုးသမီးသုံးယောက် စုစုပေါင်းဆယ်ယောက်ခန့်ကို သံကြိုးများ ရစ်ပတ်ကာ နှောင်ဖွဲ့ထားလျက်တွေ့ရသည်။ လက်နက်ကိုင်လျက် အစောင့်ရဲသားတစ်ယောက်ကိုလည်း တွေ့ရသည်။

လူဆယ်ယောက်၏ မျက်နှာလေးများကို စောင့်ကြည့်လိုက်တော့လည်း ပီတိအပြစ်ကင်းစင်သော မျက်နှာလေးများပင် ဖြစ်သည်။ စောင့်နေသော ရဲသားထံတွင် သွားရှုံစုံစမ်းကြည့်မိသည်။

''ဒကာကြီး ဒီဆယ်ယောက်က ရာဇဝတ်သားတွေလား''

''မဟုတ်ပါဘူး၊ ကော့သောင်းမြို့ပေါ်က စိတ်ဝေဒနာသည်တွေပါ''

''သူတို့ကို ရန်ကုန်ကျတော့ ဘာလုပ်ကြမှာလဲ ဒကာကြီး''

''စိတ်ကျန်းမာရေးဆေးရုံမှာ ဆေးကုပေးမှာပေါ့ ဘုရား''

သူ၏ အဖြေစကားအဆုံးတွင် စာရေးသူရင်ထဲကျင်ခနဲ ဖြစ်သွားသည်။ ကိုယ်ချင်းစာစိတ်ကြောင့်ပင်ဖြစ်သည်။ ယခုခေတ်တွင် မည်သည့်ဆေးရုံသွားတက်တက်၊ ဆေး, ဆေးထိုးအပ်, ပိုက်, ပတ်တီးလိပ်, ဂွမ်းလိပ်ကစ လူနာရှင်က အကုန်ဝယ်ပေးရသည်။ ဆေးရုံများ၌ရှိသည်မှာ နှစ်မျိုးတည်း။ နားကြပ်နှင့်ပါးစပ်။

ယခုလည်း ဆွေမတော်မျိုးမစပ် စိတ်ဝေဒနာ သည် ဆယ်ဦးအတွက် နေရေး၊ စားရေးအတွက် ဆေးဖိုးအတွက် မည်သူကများအနာခံကာ ထောက်ပံ့ပေးကြပါမည်နည်း။ မည်သူမျှ အနာမခံချင်နေသတော့ပေါ်မှာရှိသမျှ ငါပဲ အနာခံမည်ဟု ဆုံးဖြတ်ပြီး နှစ်ညအိပ် သုံးရက်ခရီးစဉ်အတွင်း စာရေးသူပါသမျှ ထမင်းဟင်းများ၊ မုန့်များ၊ သောက်ရေများကို တစ်လမ်းလုံး ဂရုစိုက် ကျွေးမွေးလာခဲ့သည်။ ကျွေးစနေ့ကဆိုလျှင် သူတို့တစ်တွေသည် ဘယ်အချိန်က အစာရေစာဝတ်နေကြသည်မသိ၊ တစ်ယောက်လျှင် ထမင်းသုံးပန်းကန်ကျော်ခန့်ထိ ကုန်သည်။ ထမင်း တစ်ပန်းကန်ကို နှစ်မိနစ်ပင် မကြာပေ။

အစာရေစာဝသည်နှင့် သူတို့ထဲမှ အသက်သုံးဆယ်ကျော်ခန့်ရှိ အမျိုးသမီး စိတ္တဇဝေဒနာရှင်တစ်ယောက်သည် စာရေးသူတို့အား ကျေးဇူးကျေးဇူးဆပ်ပါသည်။ ထိုအချိန်က စာရေးသူ၏ တရားများကိုနာယူပြီး အခြားဘာသာဝင်မှ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်လာသည့် မောင်ရဲမြင့် တစ်ဖြစ်လဲ ဦးဝိသုဒ္ဓလည်း စာရေးသူနှင့်အတူပါလာသည်။ စာရေးသူနှင့် ဦးဝိသုဒ္ဓက သူတို့ဆယ်ဦးကို မိမိတို့၏ ဆွေမျိုးသားချင်းလိုသဘောထားပြီး ခပ်လှမ်းလှမ်းမှ ရပ်ကြည့်ကာ သူတို့လိုအပ်မည်ထင်သော အရာများကို တစ်လမ်းလုံး ဖြည့်ဆည်းပေးနေသည်။

သူတို့ထဲမှ ဆံပင်တိုတိုနှင့် ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ဦးသည် စာရေးသူကိုလှမ်းကြည့်ပြီး မျက်လုံးတစ်ဖက် မိတ်ပြလေသည်။ စာရေးသူ ရှက်သွားပါသည်။ သို့သော် စိတ်မဆိုးပါ။ သူတို့မှာ စိတ်ရောဂါ ရှိနေသည်မဟုတ်ပါလား။ ပြီးတော့ သူက စာရေးသူကို လက်ယပ်ပြီး လှမ်းခေါ်လိုက်သေးသည်။ စာရေးသူတို့နှစ်ပါးလုံး မဖုရားဆီအခစားဝင်လိုက်ကြသည်။

သူ့ရှေ့သို့ စာရေးသူတို့နှစ်ပါး ရောက်သည်နှင့် သူသည် စာရေးသူတို့အား ခြေဆုံးခေါင်းဆုံး သေချာကြည့်သည်။ ပြီးတော့မှ စပြီးစကားပြောသည်။

''အရှင်ဘုရားတို့ကို မေးစရာ ရှိတယ်''

''မေးပါ၊ မေးပါ''

''ဖြေစမ်းပါဦး၊ အရှင်ဘုရားတို့ ရုပ်နာမ်ဆိုတာ သိရဲ့လား''

သူ့မေးခွန်းအဆုံးတွင် ဘေးနားမှ ခရီးသည်များမှာ တဝါးဝါး ရယ်ကြပါလေတော့သည်။ 'အရူးက တစ်မူးသာ' ဆိုသည်မှာ မှန်နေသည် မဟုတ်


ပါလား။ ဤနေရာ၌ အတွေးအခေါ်တစ်ခုကို တင်ပြချင်ပေသည်။ ကော့သောင်းမြို့တွင် လူဦးရေ တစ်သိန်းရှိသည် ထားပါ။ တစ်သိန်းတွင် စိတ်ဝေဒနာရှင် ဆယ်ဦးရှိသည်။ သူတို့ အဘယ့်ကြောင့် စိတ်ဝေဒနာ ဖြစ်ရသနည်း။ အပေါ်ယံကြည့်လျှင် စီးပွားပျက်လို့၊ သားသမီးသေလို့၊ အိမ်မီးလောင်လို့၊ စာမေးပွဲကျလို့ စသော အကြောင်းများကြောင့် စိတ်ဝေဒနာဖြစ်ရသည်ဟု ဖြေကြမည်။ ဤကဲ့သို့ စိတ်ထိခိုက်စရာ အကြောင်းများကား ကော့သောင်းမြို့မှာရှိသည့် လူတစ်သိန်းလုံး တစ်ခုမဟုတ် တစ်ခုကြုံကြမည်သာ ဖြစ်၏။

ထိုသို့ စိတ်ထိခိုက်စရာ တွေ့ကြုံတာချင်း တူပါလျက် ကျန်သည့် လူတစ်သိန်းတွင် စိတ်ဝေဒနာမစွဲကပ်ဘဲ ဤဆယ်ယောက်တည်းတွင်သာ အဘယ့်ကြောင့် စိတ်ဝေဒနာ စွဲကပ်နေရပါသနည်း။ အဖြေကား ဤဆယ်ယောက်တည်းသာလျှင် အရင်ဘဝက အရက်သောက်ခဲ့ကြသောကြောင့်ပေတည်း။ ကျန်လူတစ်သိန်းကား အရင်ဘဝ အရက်မသောက်ခဲ့ကြ။ ထို့ကြောင့် စိတ်ထိခိုက်စရာ ကြုံသော်လည်း စိတ်ရောဂါ မဖြစ်ကြခြင်းပင်။

ဘီအေ၊ အမ်အေ၊ ပီအိတ်ချ်ဒီဘွဲ့များကို ဝီရိယနှင့် ဉာဏ်ပညာရှိလျှင် ရနိုင်သည်။ သို့သော် နိုင်ငံကလက်ခံသော စာရေးဆရာတစ်ဦးဖြစ်ဖို့ အတွက်ကား ထိုနှစ်ချက်ရှိရုံနှင့် မရနိုင်ပေ။ ပြည်သူလက်ခံသောစာရေးဆရာတစ်ယောက်ဖြစ်ဖို့အတွက်

၁။ စာဖတ်အားကောင်းခြင်း။
၂။ ဖတ်သမျှ မှတ်မိခြင်း၊(မှတ်ဉာဏ်ကောင်းခြင်း)။
၃။ ဖန်တီးနိုင်သော အနုပညာဗီဇရှိခြင်း။
၄။ အနှစ်ပါအောင် ရေးနိုင်ခြင်း။
၅။ နားလည်အောင် ရေးနိုင်ခြင်း။
၆။ စိတ်ဝင်စားအောင် ရေးနိုင်ခြင်း။
၇။ ကျဉ်းသင့်သောနေရာတွင် အကျဉ်းချုပ်ရေးနိုင်ခြင်း။
၈။ ချဲ့သင့်သောနေရာ၌ အကျယ်ချဲ့ရေးနိုင်ခြင်း။
၉။ စိတ်ကောင်းရှိခြင်း ..

ဟူသော အင်္ဂါလက္ခဏာများ လိုအပ်ပေသည်။ ဤအင်္ဂါကိုးချက်နှင့် ညီအောင်ရေးနိုင်လျှင်ကား စာပေပညာရှင်များပါ လက်ခံမည် ဖြစ်သည်။ ထိုသို့ကြိုးစားလာပြီးမှ အောင်မြင်လာသော စာရေးဆရာများ သက်တမ်းရှည်ရှည်ဖြင့် စာကောင်းတွေ အများကြီး ရေးနိုင်စေချင်သည်။ သို့သော် စာရေးဆရာအများစုသည် အရက်သောက်ကြသောကြောင့် မသေသင့်ဘဲ အသေစောခဲ့ကြရာ ပြည်သူလူထုအတွက် နစ်နာလှသည်။ ဒဿနစာတမ်းလေးတစ်ခုရှိသည်။ **အတွေးခေါ်ရှိသူများသည် သူတစ်ပါးအမှားကြည့်ပြီး ကိုယ်မမှားအောင် သင်ခန်းစာယူတတ်သည်** တဲ့။ ထိုကဲ့သို့ သင်ခန်းစာယူနိုင်ရန် ဆရာကြီး သော်တာဆွေ၏ 'စာပေလောက'စာအုပ်မှ အရက်နှင့်ပတ်သက်သော ဆောင်းပါးသုံးပုဒ်ကို ဖော်ပြလိုက်ပေသည်။


ဆရာကြီးသုံးယောက်
သော်တာဆွေ

# ဆရာကြီးသုံးယောက်

''မခင်ကျော်ရေ၊ ဒီနေ့တော့ အိမ်ကဓာတ်ပုံဟောင်းတွေ မွှေလိုက်တာ ဆရာကြီးရွှေဥဒေါင်းနဲ့ ဆရာကြီးမြမျိုးလွင်တို့ နှစ်ယောက်တွဲဓာတ်ပုံ ထွက်လာတယ်ဗျာ၊ ဟောဒီမှာ ကြည့်စမ်း''

''နှစ်ယောက်စလုံး ပိန်ပိန်ရှည်ရှည်ကြီး ထင်ပါ့၊ ဟုတ်ဗျာ၊ ဆရာကြီးရွှေဥဒေါင်းက ဆရာကြီးမြမျိုးလွင်ထက် နှစ်လက်မလောက် ပိုမြင့်တယ်ဗျ''

''ဒါ ဘယ်နှစ်ခုနှစ်က ရိုက်ထားတာလဲ''

''၁၉၆၀–ခုနှစ် မတိုင်ခင်လောက်က ဖြစ်လိမ့်မယ်ဗျ၊ အဲဒီဓာတ်ပုံတွေ တွေ့တဲ့နေရာမှာပဲ ဒီလသောင်းပြောင်းက ခေါင်းကြီးဆောင်းပါးကို ရေးနေတုန်းမို့ ခင်ဆွေဦးနဲ့အေးအေးတို့ ညီအစ်မနာမည်လေးတွေပါလာတော့ သူတို့အဖေဆရာကြီး မဟာဆွေကိုလည်းကျွန်တော်သတိရလိုက်တာလေ''

''ဆရာကြီးရွှေဥဒေါင်းရယ်၊ ဆရာကြီးမြမျိုးလွင်ရယ်၊ ဆရာကြီးမဟာဆွေရယ်ကဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက မြန်မာပြည်မှာ နာမည်ကြီးထိပ်သီးစာရေးဆရာကြီးတွေပေါ့၊ သူတို့သုံးယောက်က စာပေနယ်မှာ နာမည်ကြီးတာချင်းတူသလို အရက်ကြိုက်တာချင်းလည်း တူတယ်ဗျ''

''ဒါမှာတော့ ဦးဆွေကပါ ဝင်တူပစ်လိုက်တာပေါ့နော်''

''ဟုတ်တယ်လေ၊ ကျွန်တော်လည်း အရက်သမားဟာမို့ ဒီအရက်ကိုကြိုက်တဲ့ စာရေးဆရာကြီးတွေနဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်း ဆက်ဆံနိုင်ခဲ့တာမို့ ဒီဆရာကြီးတွေအကြောင်း နောင်လာနောက်သားတွေကို ပြောပြနိုင်တာပေါ့ဗျ''

''ဘာများပြောမှာလဲရှင်''

''ဒီဆရာကြီး သုံးယောက်ဟာ အရက်ကြိုက်တာချင်း တူကြပေမယ့် သောက်ပုံသောက်နည်းက လုံးဝ မတူကြဘူးဗျ''

''ဘယ်လို ခြားနားသလဲ''

''ပြောမယ်လေ၊ ဒီဆရာကြီး သုံးယောက်ကို ကျွန်တော်ပထမဦးဆုံး လူချင်းတွေ့ရတာက ဆရာကြီး ရွှေဥဒေါင်း၊ ဒုတိယက မြမျိုးလွင်၊ တတိယက ဆရာကြီး မဟာဆွေ၊ ဆရာကြီး ရွှေဥဒေါင်းနဲ့ ကျွန်တော်တွေ့ကြပုံကိုတော့ ဆရာကြီးက သူ့ဘဝတစ်သက်တာမှာရော ရေးပြီးခဲ့ပြီမို့ အများသိပြီးကြပါပြီ၊ အဲ ဆရာမြမျိုးလွင်နဲ့ ကျွန်တော် ရင်းနှီးရပုံကတော့ မမျှော်လင့်ဘဲနဲ့ မတော်တဆ ကြုံရတာမျိုးဗျ''

''ဘယ်လိုပါလဲရှင်''

''ကျွန်တော်ဟာ မန္တလေးမြို့ကနေပြီး စာရေးဆရာဖြစ်ဖို့ ကြိုးစားလိုက်တာ ရှမဝထဲမှာ 'ဘရန်ဒီတစ်ပုလင်းနဲ့ ဟစ်လို့သာ ငိုလိုက်ချင်တော့' ဝတ္ထုနှစ်ပုဒ်ပါပြီး ရွေးချယ်ထားတာတွေလည်း လေးငါးပုဒ်ရှိနေတော့ စာရေးဆရာအဖြစ်နဲ့ပဲ အသက်မွေးတော့မယ်လို့ ...''

ရန်ကုန်ပြန်ဖို့ ပြင်ဆင်တဲ့အခါ ဆရာကြီးရွှေ

ဥဒေါင်းက သူလည်း ရန်ကုန်လိုက်ခဲ့ဦးမယ်၊ မင်း ဘယ်နေ့ပြန်မလဲမေးတော့ ကျွန်တော်က ဆရာကြီး ကြိုက်တဲ့နေ့သွားမယ်လို့ ပြောလိုက်တယ်။ ဒါနဲ့သူ နောက်တစ်နေ့ လမ်းလျှောက်က ပြန်လာတော့ ဆရာမြမျိုးလွင်လည်း ရန်ကုန်ဆင်းမှာနဲ့ အဆင် သင့်လို့ ဆရာကြီးအတွက်ပါ ဒုတိယတန်းက ဒကာ ခံလိုက်တယ်။

မနက်ဖြန်မနက်သွားမယ်၊ မင်းလည်း ဒီရထား နဲ့ လိုက်ခဲ့ပေါ့ကွယ်ဆိုတာနဲ့ နောက်တစ်နေ့ မနက် မှာ ကျွန်တော်ကတော့ ရိုးရိုးတန်းကပဲလိုက်ခဲ့တယ်။ လူကလည်း ချောင်လိုက်တာ မပြောပါနဲ့တော့၊ အိပ် ချင်တဲ့သူဟာ အိပ်လိုက်နိုင်တယ်။ အဲသည်လို ရထားနဲ့ ကျွန်တော် အေးအေးဆေးဆေး လိုက်ခဲ့ တာ ကျောက်ဆည်ဘူတာရောက်တော့ ဆရာ သမားတွေဘာများဝတ်ကြီးဝတ်ငယ်ပြုစရာရှိလဲလို့။

ကျွန်တော် သူတို့ ဒုတိတန်းတွဲပေါ် တက်သွား တော့ အောင်မယ် တစ်တွဲလုံးမှာ သူတို့ နှစ်ယောက် တည်းရယ်။ ဆရာသမားကြီးများ ပုလင်းထောင် နေကြတယ်ဗျ။ မြင်းဖြူတံဆိပ်ဝီစကီနဲ့။ ကျွန်တော် က ဆရာကြီးကို ''ဦးကြီး ဘာများ လုပ်ပေးစရာရှိ သလဲ''လို့ မေးတော့ ''အေး တို့ ပြည့်စုံတယ်ကွာ၊ ဘာမှ မလိုပါဘူး''ဆိုလို့ ကျွန်တော်က ပြန်မယ်လုပ် တော့ ဆရာမြမျိုးလွင်က ဆရာကြီး ဒီသူငယ်ဘယ် သူလဲ၊ ရုပ်ရည်လေးကသန့်ပါဘိသနဲ့ မေးတော့ ဆရာကြီးက. . . ။

''ကျုပ်တပည့် စာရေးဆရာ ပေါက်စလေးပေါ့၊ သူ့ဝတ္ထုနှစ်ပုဒ်လား၊ ရှမဝမှာပါပြီးပြီ၊ လူနာမည်က မောင်ကျင်မောင်၊ ကလောင်နာမည်က သော်တာ ဆွေတဲ့''ဒီတော့ ဆရာလွင်က ဝမ်းသာအားရ–

''အော် သော်တာဆွေဆိုတာ သူလား၊ ကျုပ် သူ့ဝတ္ထု လူပြောများတာနဲ့ဖတ်ကြည့်မိတယ်၊ ဘရန် ဒီတစ်ပုလင်းဆိုတဲ့ ဟာသဝတ္ထုဟာ ထူးထူးခြားခြား ဆိုပြီး ကျွန်တော့်ကို ''လာ ထိုင်ကွယ်၊ ကိုရင် သောက်များ သောက်တတ်သလား''မေးတော့ ဆရာကြီးက ပြုံးစိစိနဲ့''ဒီကောင် သောက်တတ် သလား မေးတော့ 'မိချောင်းကလေး ရေကူးတတ် သလား'မေးသလို ဖြစ်နေတာပေါ့''

''ကဲ–လာလာ၊ ကိုယ့်လူ ထိုင်ထိုင်''လို့ ဆရာ ကြီးက ကျွန်တော့်ကိုခေါ်တယ်။

''ဦးဆွေလည်း လူရှိုး ဖြစ်သွားတာပေါ့. . .''

''ဒါပေါ့၊ အဲသည်တုန်းက ဆရာမြမျိုးလွင်က ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီရဲ့ မန္တလေးမြို့နယ် ကိုယ်စားလှယ်ဆိုတော့ ငွေကြေးက အင်မတန် ပေါ နေတာကိုး၊ ဝီစကီပုလင်းနဲ့ ဆိုဒါသေတ္တာတွေနဲ့ ရေခဲဗူးနဲ့ လမ်းတစ်လျှောက်လုံး သောက်သွားဖို့ အပြည့်အစုံပဲ။ ကျွန်တော်က ပုလင်းကိုင်ခွက်ကိုင် လုပ်ရတော့တာပေါ့။

အဲသည်ကတည်းက ဆရာလွင်နဲ့ ကျွန်တော် ခင်မင်သွားလိုက်တာ ၁၉၅၀–ခုနှစ် နွေရာသီ နိုင်ငံ တော်သကြၤန်ပွဲနဲ့ ကျွန်တော် မန္တလေး ရောက်သွား တော့ အဲသည်အချိန်မှာ ဆရာကြီး ရွှေဥဒေါင်းတို့က ရန်ကုန်က ပြန်ရောက်ခါစ အိမ်ငှားမရမီ ဆရာလွင် တို့အိမ်မှာ ခေတ္တနေတုန်း ဖြစ်လေတော့ ကျွန်တော် တို့ဟာ တစ်အိမ်တည်းသားတွေ ဖြစ်သွားကြတာ ပေါ့။

ဆရာလွင်တို့ အိမ်သားက ဆရာကတော်ဒေါ်မြ သောင်းရယ်၊ တုတ်ပွဆိုတဲ့ စိတ်တိုတိုခွေးကြီးတစ် ကောင်ရယ်၊ ဒါပဲရှိတယ်။ ဆရာလွင်ကတော် မမ သောင်းကလဲ သားသမီးမထွန်းကားဘူး။ ဒေါ်ကြီး စိုးလိုပဲ။ ကျွန်တော့်ကို သားတစ်ယောက်လို ခင်မင် ပါတယ်။ အခုထိ ကျွန်တော်နဲ့ စာအဆက်အသွယ် မပြတ်ရှိပါတယ်။

''အသက် ဘယ်လောက်ရှိမလဲ''

''အင်း၊ အခု ၁၉၈၄–ခုနှစ်ဆိုတော့ ၇၂–နှစ် ပေါ့။ မုဆိုးမကြီးတွေ အသက်ရှည်ကြတယ်။ ဒေါ် ကြီးစိုးဆိုရင် အခု ၈၀–ကျော်ပြီ၊ သူ့ဇာတိမြေမြ တောင်မှာ ပြန်နေတယ်။ မျက်စိမမြင်တော့ဘူး လို့ ကြားရတယ်။ မမသောင်းဟာ မိတ်ဆွေသင်္ဂဟကို

အင်မတန် ခင်မင်တတ်တယ်။ ဆရာလွင်နဲ့ လင်မယားနှစ်ယောက်ဘက်ညီတယ်။ သူတို့အိမ်ဟာ သတင်းစာဆရာနဲ့ စာရေးဆရာအသင်းတိုက် လုပ်ထားလေတော့ အင်မတန် လူစည်တာပဲ။ အဲသည်အချိန်တွေမှာ ဆရာလွင်ဟာ ဗြိတိသျှဘာသာမားရုပ်ရှင်ကိုယ်စားလှယ် မဟုတ်တော့ဘူး။ ကုမ္ပဏီနဲ့အဆက်ပြတ်သွားပြီး လူကလည်း ကျန်းမာရေးမကောင်းမို့ စာလည်း မရေးနိုင်တော့ဘူး။

''ဒါဖြင့် ဘာလုပ်စားလဲ''

''ဆရာလွင်က အင်မတန် လူချစ်လူခင်များတဲ့လူဖြစ်လေတော့ ဒီဆူဇာဦးခင်ဇော်က မန္တလေးမြို့ ဒီဆူဇာကိုယ်စားလှယ် ပေးထားလိုက်တယ်။ လင်မယားနှစ်ယောက် သူတို့ အိမ်မှာပဲ ဆေးတိုက်ဖွင့်ရောင်းကြတယ်''

''ဒီလိုဆို ချမ်းချမ်းသာသာပေါ့''

''ဒါပေါ့၊ သူတို့ နှစ်ယောက်တည်းရှိတာပဲ၊ ဆရာလွင်ရောဂါက တုံးလုံးပက်လက်လဲနေတာ မဟုတ်ဘူး၊ လူကတော့ ထူထူထောင်ထောင်နဲ့ ချောင်း တဟွပ်ဟွပ် ဆိုးနေတာပဲ ရှိတယ်၊ အဲသည်လိုချောင်းဆိုးနေရင်း သူ ဒီဆူဇာချောင်းဆိုးပျောက်ဆေးရောင်းပုံက ရယ်စရာကောင်းလှတယ်''

''ဘာလို့လဲရှင်''

''ဆေးလာဝယ်တဲ့လူကို ပြောပုံကြည့်လေ၊ အဟွပ် ဟွပ်၊ ကျုပ် ချောင်းဆိုးနေတာ ကြည့်ပြီးတော့ဖြင့် အဟွပ် ဟွပ်၊ ဒီဆေးက ကောင်းလှချည်ဆိုပြီး အဟွပ်ဟွပ်၊ ဆေးရောင်းတဲ့ ဆရာကြီးကတော့ အဟွပ်ဟွပ်၊ ချောင်းမပြတ်ဆိုးနေပါလားလို့ မယူဆပါနဲ့ သူငယ်မရဲ့၊ အဟွပ်ဟွပ် ကျုပ်ရောဂါကတော့ မြတ်စွာဘုရားလက်ထက်က ဇီဝကလာကုတောင်မှ အဟွပ်ဟွပ်၊ မရနိုင်တဲ့ ဝဋ္ဋနာကြမ္မာနာပါကွဲ့၊ အဟွပ်ဟွပ်နဲ့ တတွတ်တွတ် ပြောရောင်းတာခင်ဗျ၊ ဒီတော့ ဆေးဝယ်တဲ့လူက တပြုံးပြုံးနဲ့ ဝယ်သွားရော၊ အဲဒီဆေးဝယ်တဲ့လူလည်း ပြန်သွားရော သူက အရက်တစ်ခွက်သောက်လိုက်ကရော''

''ဘာလို့ သောက်တာလဲ''

''ဒီလိုပဲ၊ သူက နာရီဝက်တစ်ခါလောက် သောက်သောက်နေရတယ်လေ''

''ဒါဖြင့် မပူဘူးလား''

''မပူဘူး၊ သူသောက်တာက ဘရန်ဒီ၊ ဆိုဒါအများကြီးနဲ့ ရောသောက်တာပဲ၊ သောက်တာကလည်း အရက်များများ မဟုတ်ဘူး၊ တစ်ခါငှဲ့ ဟာဖ်ပတ်လောက်ကို ဆိုဒါအပြည့်နဲ့ တစိမ့်စိမ့် သောက်နေတာ၊ တစ်နေ့လုံး၊ အဲဒါ ဆရာမြမျိုးလွင်ရဲ့ အရက်သောက်နည်းပဲ''

''နို့၊ ဆရာကြီးရွှေဥဒေါင်းကကော''

''ဆရာကြီးကတော့ အရက်ကို အချိန်နဲ့ အကန့်အသတ်နဲ့ မနက် ထမင်းစားခါနီးမှာ ဝမ်းပက်လောက်၊ ညစာမှာ နှစ်ပက်သုံးပက်လောက်၊ထမင်းစားကောင်းရုံပဲ၊ ဒါထက် ဘယ်တော့မှ ပိုမသောက်ဘူး၊ အင်မတန် အသောက်စည်းကမ်းကြီးတဲ့သူ''

''နို့၊ ဆရာကြီး မဟာဆွေကကော''

''အဲ ဆရာကြီး မဟာဆွေကတော့ မောင်သော်တာဆွေတို့ သောက်လှဆိုသူတောင်သြချယူရတယ်၊ မှတ်မှတ်ရရ ၁၉၅၀–ခုနှစ် ဆိုဗီယက်ယူနီယံအောက်တိုဘာ တော်လှန်ရေးနေ့ည၊ ရုရှားသံရုံးက ဧည့်ခံပွဲ စထရင်းဟိုတယ်မှာ ကျွန်တော်တို့စာရေးဆရာတွေပါ ဖိတ်လေတော့၊ အဲဒီမှာ ဆရာကြီးမဟာဆွေ များသွားရောဗျ၊ ကျွန်တော်က သူ့အိမ်လိုက်ပို့ရတယ်၊ အိမ်ပေါ်ရောက်တော့ တကတည်းသူကကျွန်တော့်ကို မပြန်ရသေးဘူးဗျာ၊ သူနဲ့ အတူအရက်သောက်ရပါဦးမယ်လို့ သူ့သမီးတွေကို ပုလင်းနဲ့ ဖန်ခွက်တွေ ပြင်ခိုင်း၊ ရှိတဲ့ စားစရာတွေ ထည့် ဟဲ့ လုပ်တော့. . ''

''ကျွန်တော် ငြင်းမရတော့ဘူး၊ အဲဒီည ကျွန်တော်အမူးလွန်ပြီး မပြန်နိုင်တော့ဘူး၊ သူတို့ အိမ်မှာ အိပ်ရရော၊ အဲ မနက်ကျတော့ မထနိုင်တော့ဘူး၊ ညက စထရင်းဟိုတယ်မှာသောက်ခဲ့တဲ့ နိုင်ငံခြားအရက်ကောင်းတွေနဲ့ အဲသည်တုန်းက တရုတ်လိုင်

စင်စီချက်အရက်တွေ ရောသွားတာကိုဗျ၊ ခေါင်းသိပ်ကိုက်နေတယ်''

''နို့ ဆရာကြီး မဟာဆွေကကော''

''သူကတော့ ဘာမှ မဖြစ်ဘူးဗျ၊ မနက်စောစော တုတ်ကောက်ကြီးနဲ့ လမ်းလျှောက်ထွက်သွားတယ်၊ ပြန်လာလို့ ကျွန်တော် အိပ်ရာထဲ တုံးလုံးပဲရှိနေသေးတာမြင်တော့ ဟိတ်– မောင်ဆွေ ဘာလို့မထသေးလဲမေးလို့ ဆရာကြီး ကျွန်တော်ခေါင်းသိပ်ကိုက်နေတယ်ပြောတော့ တစ်ခါတည်း အရက်ခွက်ပြည့်ကြီး ထည့်လာပြီးတော့ ရော့– ရော့– ပစ်ကမီအပ်လိုက်တဲ့၊ ကျွန်တော်ကမသောက်ပါရစေနဲ့ ငြင်းတော့ သူစိတ်ထဲ ကျွန်တော်ကသူ့အားနာလို့အောက်မေ့တယ်ထင်ပါရဲ့၊ တကတည်းဗျာ၊ တုံးလုံးလဲနေတဲ့ကျွန်တော့်ကိုလူနာဆေးတိုက်သလို ခေါင်းကပွေ့ထူပြီး အတင်းတိုက်ပါလေရောဗျ၊ အဲသည်တော့ ကျွန်တော်ထပ်မူးပြီး တစ်ခါ အိပ်ပျော်သွားပြန်ရော''

''နို့ ဆရာကြီးကော သောက်သလား''

''အောင်မလေး မိုးလင်းကတည်းက သောက်နေတာ၊ ဒါပေမယ့် သူကတော့ ဘာမှမဖြစ်ဘူးဗျ၊ ကျွန်တော် သူ့ကြည့်နေတယ်၊ ကိုယ်တုံးလုံးကြီးနဲ့ စာရေးနေတာပဲ၊ အဲ မနက်စာ ထမင်းစားချိန်ကျပြန်တော့တစ်ခါတစ်ခါ သူ ကျွန်တော့်ကို ပွေ့ထူပြီး ထမင်းစားပွဲပေါ် အရက်ခွက်တင်ပြီး ထမင်းကျွေးတယ်။

''ဒါပေမယ့် ကျွန်တော့်ဗိုက်ထဲအရက်ဝင်ပြီး အစာတော့ ဖြစ်ဖြစ်မြောက်မြောက် မစားနိုင်တော့ဘူး၊ ရင်သိပ်ပူနေတယ်၊ ဆရာကြီးကတော့ ထမင်းစားပြီး ဒေါင်းသွားပြီ၊ ဒါနဲ့ ကျွန်တော်အိပ်ရာထဲ ပြန်လှဲပြီး ခင်ဆွေဦးတို့ညီအမကို ''ဟိတ်–ငါ့ကို သစ္စားသီးရရ စိမ်းစားဥရရ ဝယ်ပေးကြစမ်းပါဟယ်'' ဆိုတော့ အေးအေးက သစ္စားသီးတွေ ဝယ်ကျွေးတယ်၊ အခွံနွာ ခွဲစိတ်ပေးပါတယ်၊ ကျွန်တော် အိပ်ရာထဲမှာ သစ္စားသီးစားရင်း တလူးလူးတလိမ့်လိမ့်နေရတယ်၊ အရက်နာကျနေတာပေါ့။

''တော်တော် အခံရဆိုးမှာပေါ့''

''ဆိုးပြီးလားဗျ၊ ကျွန်တော်ဟာ ကိုယ့်အိမ်မှာဆိုရင် ညအရက်လွန်တဲ့အခါ ဘယ်တော့မှ ပစ်ကမီအပ်ခေါ်တဲ့ မနက်ထသောက်တဲ့အကျင့်ကို မလုပ်ဘူး။ ဝမ်းနုတ်ပစ်လိုက်တာပဲ။ အဲဒီမှာတော့ ဝမ်းနုတ်ခွင့်မရဘူး။ မနက်တိုင်း လူနာဆေးတိုက်သလို ဆရာကြီးက အတင်းပစ်ကမီအပ်ခိုင်းတာနဲ့ ကျွန်တော် အမူးဆက်ပြီး သုံးညနဲ့နှစ်ရက် သူတို့အိမ်မှာ အရက်နာကျနေခဲ့တယ်။

''အဲ တတိယမြောက်နေ့ မနက်ရောက်တော့ အဲသည်အတိုင်းဆိုရင်ဖြင့် မဖြစ်ဘူး။ ကြာရင် ငါသေတော့မှာပဲဆိုပြီး ဆရာကြီး မနက်လမ်းလျှောက်သွားရာကမပြန်မီ အိပ်ရာက ကြိုးစားထ၊ အေးအေးကို အိမ်အောက်တွဲပို့ခိုင်း၊ ဆိုက်ကား တစ်စီးခေါ် တက္ကစီကားရှာပြီး အိမ်ကို ပြန်ခဲ့ရပါတယ်ခင်ဗျာ''

''ဒါဖြင့် သော်တာဆွေတို့ သောက်တယ်ဆိုတာ ဆရာကြီး မဟာဆွေနဲ့လည်း ယှဉ်လိုက်ကော..''

''ဆင်နဲ့ဆိတ်ပါခင်ဗျာ၊ ဆရာကြီး မဟာဆွေဟာ လူပုပုဝဝ ဂင်တိုတိုနဲ့ လေးလုံးခြောက်ဖက် လူသန်ကြီးဗျ၊ ကိုယ်ကာယကလည်း ကြီး၊ ဗလကလည်း ကောင်းတော့ အရက်လည်း အင်မတန်သောက်နိုင်တယ်။ ကျွန်တော် သူ့အိမ်မှာနေတုန်း သတိထားမိခဲ့တယ်။ အရက်သောက်လို့က မူးတုန်းမူးပြီး နောက်ဘာမှမဖြစ်ဘူး။ မနက်စောစော ထပြီး လမ်းလျှောက်တယ်။ ပြန်လာတော့ အရက်ပုလင်းနံဘေးထားပြီး သောက်ရင်း စာရေးနေတယ်။ လူနဲ့အရက်နဲ့လည်း တည့်ထင်ပါရဲ့ဗျာ။ ကျန်းမာရေးလည်း အင်မတန်ကောင်းတယ်။

''နို့ ဘာကြောင့် စောစောစီးစီး သေရလဲ''

''အရက်ကြောင့်ပေါ့ဗျ၊ တစ်ည အရက်မူးလွန်ပြီး တစ်ယောက်တည်း အိမ်ပြန်အလာ လှေကားပေါ်အတက်မှာ လိမ့်ကျ၊ နောက်စေ့နဲ့ အုတ်ခုံနဲ့ဆောင့်မိ၊ အာရုံကြောပြတ်ပြီး ဆေးရုံပေါ်မှာ သုံးရက်လောက်ပဲ ခံတော့တယ်''

''ဖြစ်မှဖြစ်ရလေရှင်၊ နိုင်ငံသားကောင်းနာမည်ကျော်စာရေးဆရာကြီး''

''ကျွန်တော်အစက ပြောခဲ့ပါရောလား၊ ဆရာကြီးရွှေဥဒေါင်းရယ်၊ ဆရာကြီးမြမျိုးလွင်ရယ်၊ ဆရာကြီး မဟာဆွေရယ်၊ မြန်မာပြည်မှာ ထိပ်သီးစာရေးဆရာကြီးတွေ နာမည်ကြီးတာချင်းလည်းတူတယ်။ အရက်ကြိုက် တာချင်းလည်း တူတယ်''

သို့သော် သောက်ပုံသောက်နည်းချင်းက မတူကြလို့ နောက်ဆုံးမှာ ဘာတွေခြားသွားသလဲဆိုတော့ သူတို့ရဲ့သင်္ချိုင်းဂူကမ္ဗည်းမှာ မဟာဆွေ (၁၉၀၀– ၁၉၅၃)၊ မြမျိုးလွင်(၁၉၀၂–၁၉၇၀)၊ ရွှေဥဒေါင်း(၁၈၈၉–၁၉၇၃) ဖြစ်သွားတော့တာပေါ့ဗျ။

(သောင်းပြောင်းထွေလာ၊ မေ–၁၉၈၄)

### စာရေးဆရာနှင့် အရက်

''ဦးဆွေက ၁၉၁၉ ခုနှစ်၊ မေလမွေးနော်''

''ဟုတ်တယ်။ ဒဂုံတာရာရယ်၊ ထင်လင်းရယ်၊ ကျွန်တော်ရယ်ဟာ၁၉၁၉–ခုနှစ် မေလမွေးတွေပေါ့။ သူတို့က ကျွန်တော့်ထက်ရက်ပိုင်းလေးကြီးကြတယ်။ ကျွန်တော်က အခု၁၉၈၉–ခုနှစ် မေလ၂၆–ရက်နေ့ဆိုရင် အသက်၇၀–တင်းတင်း ပြည့်ပြီပေါ့''

''စာရေးသက်ကော''

''ကျွန်တော်က ၂၈–နှစ်မှာ ၁၉၄၇–ခုနှစ်၊ ဩဂုတ်လထုတ် ရှုမဝကစပြီး သော်တာဆွေဖြစ်ခဲ့တာဆိုတော့ စာရေးသက်(၄၂)နှစ် ရှိပြီပေါ့ဗျ''

''ဦးဆွေနဲ့ ခေတ်ပြိုင် ရေးဖော်ရေးဖက် စာရေးဆရာတွေထဲကကောတော်တော်သေဆုံးကုန်ကြပြီနော်''

''ဟုတ်တယ်၊ သန်းဆွေ၊ မိုးဝေ၊ တင့်တယ်၊ မင်းရှင်တို့တွေတော့ မရှိကြတော့ဘူး။ သူတို့ဟာကျွန်တော်နဲ့ လူချင်းအတွဲဆုံး ရေးဖော်ရေးဖက်သောက်ဖော်သောက်ဖက်တွေပေါ့ဗျ''

''အဲသည်အထဲမှာ ဘယ်သူက အကြီးဆုံးလဲ''

''စာရေးသက်ရော လူသက်ရော တင့်တယ်က အကြီးဆုံးပဲ၊ သူက မြန်မာပြည် ဂျပန်မရောက်မီ အင်္ဂလိပ်ခေတ်ကတည်းက အောင်ဆိုတဲ့ ကလောင်နာမည်နဲ့ နှစ်ပဲတန်လုံးချင်းဝတ္ထု ထွက်ခဲ့ဖူးတယ်၊ စစ်ပြီးခေတ်ကျတော့မှ သူကလောင်နာမည်က တင့်တယ်ဖြစ်တာ၊ နို့ပြီး လူ့အသက်မှာ ဒုတိယအကြီးဆုံးက ကျွန်တော်ပဲ၊ ကျွန်တော်က တင့်တယ်ထက် သုံးနှစ်ပဲ ငယ်တယ်၊ သန်းဆွေ၊ မိုးဝေ၊ မင်းရှင်တို့ထက်တော့ကျွန်တော်ကခြောက်နှစ်ခုနစ်နှစ်လောက်ကြီးတယ်၊ သို့သော် စာရေးဆရာဖြစ်တာတော့ သူတို့က ကျွန်တော့်ထက် စောကြတယ်ဗျ''

''ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာဝတ္ထုမဂ္ဂဇင်းတွေ ပြန်လည်ထူထောင်လာတဲ့၁၉၄၆–၄၇ ခုနှစ်မှာ ကမာရွတ်မြို့နယ်ကသန်းဆွေ၊ မိုးဝေ၊ မင်းရှင်ဆိုတဲ့ သက်တူရွယ်တူ လူငယ်စာရေးဆရာကလောင်သစ်ကလေးတွေတပြိုင်တည်းလိုနာမည်ကျော်ကြားထင်ရှားလာခဲ့ကြတယ်ဗျ။ ၁၉၄၇–ခုနှစ်မှာ ကျွန်တော်လည်း စာရေးဆရာဖြစ်လို့ ရန်ကုန်ရောက်လာတဲ့အခါ သူတို့နဲ့တွေ့ဆုံ၊ ခင်မင်ရင်းနှီးတယ်၊ အဲဒီအချိန်မှာ သူတို့သုံးယောက်တည်းမှာ အသက်အကြီးဆုံးဖြစ်တဲ့ မိုးဝေကအိမ်ထောင်နဲ့၊ သန်းဆွေနဲ့ မင်းရှင်ကတော့လူပျိုကလေးတွေပဲ ရှိကြသေးတယ်၊ အရက်လည်းတစ်စက်မှ မသောက်တတ်ကြသေးဘူး၊ မိုးဝေပဲနည်းနည်းပါးပါး သောက်တတ်တယ်''

''တင့်တယ်ကော''

''သူကတော့ ကောင်းကောင်းကြီး သောက်တတ်နေပြီ''

''နို့ ဦးဆွေကော''

''ကျွန်တော်ကတော့ ဂျပန်ခေတ် မြင်းလှည်းသမား ဘဝကတည်းက အရက်စွဲလာခဲ့တာ သူတို့အထဲမှာ အရက်ဝါအရင့်ဆုံးပေါ့ဗျ''

''ဒါနဲ့ ဦးဆွေက ကျန်းမာရေးကောင်းတုန်းပဲ၊ သန်းဆွေတို့၊ မိုးဝေတို့၊ မင်းရှင်တို့၊ တင့်တယ်တို့ဟာ အရက်နဲ့ ဘဝပျက်စီးကုန်ကြတာ မဟုတ်လား''

''ဟုတ်တယ်၊ ကျွန်တော်နဲ့သူတို့က အရက်

သမားချင်း တူပေမယ့် သောက်ပုံသောက်နည်းချင်း တူကြတာ မဟုတ်ဘူး၊ ကျွန်တော်က အရက်ကို အချိန်နဲ့ထားသောက်တာ''

''ဘယ်လို အချိန် ထားတာလဲ၊ မိုးရွာတဲ့အခါနဲ့ မိုးမရွာတဲ့အခါမှာပဲ သောက်တယ်လား''

''ဒါက ကျွန်တော့် ဟာသဝတ္ထုတွေမှာ ရယ်စရာ ရေးခဲ့တာပါဗျာ၊ အမှန်တော့ ကျွန်တော်က ညနေငါးနာရီထိုးမှ သောက်တယ်ဗျ''

''နို့ပြီး ဒီနေ့ည အမူးလွန်တယ်ဆိုရင် နောက်တစ်နေ့နံနက်မှာ အင်္ဂလိပ်လို ပစ်ကမီအပ်ဆိုတဲ့ထပ်သောက်ခြင်းကို မပြုဘူး၊ ဝမ်းနုတ်ပစ်လိုက်တာပဲ''

''တကယ်လို့ မနက်မှာ ထပ်သောက်မယ်ဆိုရင် အရက်ရဲ့သဘောက အဲဒီပစ်ကမီအပ်တစ်ခွက်တည်းနဲ့ ဘယ်တော့မှ မပြီးဘူး၊ သူ့အရှိန် ကုန်သွားရင် နောက်တစ်ခွက် ထပ်သောက်ရရင်းနဲ့ တစ်နေ့လုံးမူးနေရော၊ အဲဒီတော့ ကျွန်တော့်မှာ သူများတွေနဲ့မတူ တစ်ခုထူးခြားတာက ကံကောင်းတယ်ပဲပြောရမလားမသိဘူး၊ ကျွန်တော်ဟာ အရက်သောက်မိပြီး အရက်မူးပြီဆိုရင် ဘာမှ မလုပ်ချင်တော့ဘူး၊ မလုပ်နိုင်တော့ဘူး၊ စာရေးဖို့မပြောနဲ့ စာတောင်ဖတ်ချင်စိတ် မရှိတော့ဘူး၊ ဒါကြောင့် ကျွန်တော့်ဘဝရဲ့ လုပ်ငန်းဖြစ်တဲ့ စာရေးခြင်း၊ စာဖတ်ခြင်းတာဝန် မပျက်ရအောင် အရက်ကို အချိန်မရွေးသောက်ခြင်းကိုရှောင်ကြဉ်ပြီး ညနေငါးနာရီထိုးမှသောက်ရပါတယ်ဗျ''

''ဒါဖြင့် လုံးဝမသောက်ဘဲ နေလိုက်ပါတော့လားရှင်''

''ဒီလိုတော့လည်း မနေနိုင်ပြန်ဘူး၊ ကျွန်တော်က အရက်ကို သိပ်ကြိုက်တယ်ဗျ၊ အရက်က ကျွန်တော့်အဖို့ ထမင်းစားကောင်းတယ်၊ အိပ်ကောင်းတယ်၊ အရက်မမူးသေးရင်လေ၊ ကျွန်တော်က တော်တော်နဲ့ အိပ်မပျော်တော့ဘူး၊ ကိုယ် စာရေးဖို့တွေးနေဆဲဖြစ်တဲ့ အကြောင်းရာတွေ၊ ဇာတ်ကောင်တွေက ခေါင်းထဲမှာ တဝဲလည်လည်နေရောဗျ၊ အတွေးသံသရာ မဆုံးတော့ဘူး၊ ဒီတော့ အိပ်မပျော်တော့ဘူး''

''ဒါဖြင့်ရင် ဦးဆွေက အရက်မသောက်တော့လည်း အိပ်မပျော်၊ အရက်မူးတော့လည်း စာမရေးနိုင်''

''ဟုတ်တယ်ဗျ၊ တင့်တယ်ကျတော့လည်း အံ့ဩစရာပဲ၊ အရက်သောက်ရင်းနဲ့ကို စာရေးနိုင်တယ်ဗျ၊ ပြောရဦးမယ်၊ ကျွန်တော်တို့ ၁၉၄၈–ခုနှစ်၊ ပဒေသာမဂ္ဂဇင်းကို ထုတ်ကြတော့ တစ်ခါကြုံရပုံက အဲဒီရက်ပိုင်းမှာက တင့်တယ်ရဲ့ဝတ္ထုရှည်ကို စာစီနေတုန်း အိမ်ကရေးခဲ့ပြီးမနက် ပုံနှိပ်တိုက်လာတော့ တင့်တယ် ညကအမူးလွန်လို့ စာတစ်လုံးမှ မရေးနိုင်ခဲ့ဘူး။

''ဒီတော့ စာပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်သန်းတင်က ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်မ စာစီသမားတွေကို ပြန်လွှတ်လိုက်ရတော့မလားဆိုတော့ တင့်တယ်က သူ့စားပွဲပေါ်မှာ စာရေးစက္ကူတွေချပြီး ကျွန်တော့်ကို ကဲ–မောင်ဆွေ၊ အရက်တစ်လုံး သွားဝယ်ခဲ့စမ်းကွာဆိုပြီး ပိုက်ဆံထုတ်ပေးတယ်၊ ကျွန်တော်ပြန်လာတော့ သူစာ(၁၀)မျက်နှာလောက် ရေးပြီးနေလို့ စာစီသမားသုံးယောက်ကို သုံးမျက်နှာ စီခွဲပေးပြီး စီခိုင်းထားပြီ။ အဲဒီနေ့ တင့်တယ် အရက်ပုလင်းနံဘေးထားပြီး သောက်ရင်းစာရေးလိုက်တာဗျာ၊ စာစီသမားသုံးယောက်က သူ့ကိုမနိုင်ဘူးဗျ''

''နို့၊ စာတွေကော ကောင်းသေးရဲ့လား''

''ဟာ၊ ကောင်းလိုက်တာမှ မခင်ကျော့ ဖတ်ဖူးမှာပေါ့၊ 'ဖြေလျှော့ခွေ' ဝတ္ထုလေဗျာ၊ မဂ္ဂဇင်းမှာအခန်းဆက်ဝတ္ထုရှည် သုံးလဆက်ထည့်ခဲ့ရတယ်၊ တစ်လကို မဂ္ဂဇင်းအုပ်ရေ ငါးရာတိုးခဲ့တယ်၊ နောက်လုံးချင်းထုတ်တော့လည်း ခဏခဏ ပြန်ရိုက်ခဲ့ရတယ်၊ ဗြိတိသျှဘားမားကလည်း ရုပ်ရှင်ရိုက်ခဲ့တယ်လေ''

''ဟုတ်တယ်၊ မြင့်မြင့်ခင်နဲ့ ကျော်ဆွေ''

''တင့်တယ်ဟာ စာရေးလည်းမြန်တယ်၊ စာများများလည်း ရေးနိုင်တယ်၊ သူ့ကလောင်နာမည်

တွေက တင့်တယ်၊ အောင်မြင်၊ အေးစိမ့်၊ အဲဒါ ဝတ္ထုရေးတဲ့ နာမည်တွေ၊ ဆောင်းပါးဆိုရင် 'ကျော်ဇော'၊ တက္ကသိုလ်ဘေ၊ လုပ၊ စိန်တစ်ပွင့် စသဖြင့် ကလောင်ပွားတွေ အများကြီးထားတယ်''

''နို့ ဦးဆွေကော''

''ကျွန်တော်သူ့အားကျလို့ ပဒေသာထုတ်တုန်းကဆိုရင် အောင်နက်နဲ့ ဝေလင်းဆိုတဲ့ ကလောင်ခွဲ နှစ်ခု ထားခဲ့ဖူးပါတယ်၊ နောက်တော့ သော်တာဆွေ တစ်ခုတည်းပဲ ရေးပါတော့တယ်ဗျာ။

''နို့ပြီး ပြောရဦးမယ်၊ အရက်သောက်ရင်း စာရေးနိုင်တာ နောက်တစ်ယောက်ရှိသေးတယ်၊မိုးဝေဗျ၊ ဟိုတယ်ထဲမှာ သူငယ်ချင်းတွေနဲ့ ခွက်လည် မှန်မှန် အရက်သောက်ရင်း စကားပြောရင်းကို စာရေးနိုင်တယ်ဗျ၊ သူက အရက်တိုက်မယ်ဆိုလို့ လိုက်သွား၊ သူ့အိတ်ထဲမှာက ပိုက်ဆံပါတာမဟုတ်ဘူး၊ ဟိုတယ်ထဲရောက်မှ သူက အင်္ဂလိပ်ဝတ္ထုတွေ မိုးသမား၊ ဘာသာပြန်သမားကိုးဗျ၊ အင်္ဂလိပ်စာအုပ်ကို ပေါင်ပေါ်မှာထားပြီး သောက်ရင်းစားရင်း ရေးတော့တာပဲဗျို့၊ သူ့စာမျက်နှာတော်တော်များများရပြီဆိုရင် သူ့တပည့်ကြီးအောင်ကျော်ကို သူ့ပတ်ဘလစ်ရှာ စုံထောက်မဂ္ဂဇင်းထုတ်သူ ဦးဆန်နီဆီ စာမူပို့လွှတ်ပြီး ပိုက်ဆံတောင်းခိုင်းတယ်ဗျ၊ အဲဒါ မိုးဝေ အကျင့်ပဲ။

''ဒီတော့ တင့်တယ်နဲ့ မိုးဝေတို့ဟာ အရက်မူးရင်းလည်း စာရေးနိုင်တယ်ဆိုတော့ အရက်ကို အချိန်မရွေး သောက်ကြတယ်ဗျ၊ နေ့ဆက်ရက်ဆက်သောက်ကြတယ်ဗျ၊ ကြာတော့ အသည်းကျွမ်းရော၊ ၁၉၆၆ခုနှစ်မှာ မိုးဝေဟာ အရက်ဝေဒနာကို ခံစားရပြီ၊ ဒီတော့ ဆရာဝန်က အရက်ဖြတ်ရင် ဖြတ်၊ မဖြတ်ရင် သေဖို့ပဲ ရှိတော့တယ်ပြောတော့ မိုးဝေဟာမဖြတ်နိုင်ဘူး၊ ဆက်သောက်တာ အသက် ၄၁–နှစ်နဲ့ သေပါလေရောဗျာ''

''ဦးသန်းဆွေ သေတာက ဆရာမိုးဝေထက် စောတယ်နော်''

''ဟုတ်တယ်၊ ၁၉၆၄–ခုနှစ် အသက်၃၈–နှစ်နဲ့ အရက်မူးလွန်ပြီး သကြၤန်အတွင်း အင်းလျားကန်ထဲမှာ လေ့ပေါ်ကကျ ရေနစ်သေတာ''

''နမြောစရာ ကောင်းလိုက်တာနော်၊ အသက် ငယ်ငယ်လေးတွေနဲ့ အရက်ကြောင့်သေကြရတယ်''

''အရက်သမားတွေမှာ သုံးဆင့်ရှိတယ်ဗျ၊ ပထမ လူက အရက်ကိုသောက်တယ်၊ ဒုတိယ အရက်က အရက်ကိုသောက်တယ်၊ တတိယ အရက်က လူကို သောက်သွားရော''

''အရက်က အရက်ကို သောက်တယ်ဆိုတာ ဘယ်လိုလဲ''

''လူဟာ အရက်မသောက်ရ မနေနိုင်တော့ဘူးဗျာ၊ အေ့ ‥ အေ့ ‥ အက်နဲ့ လေချဉ်တွေတက်ပြီး လက်တုန်ခြေတုန် ဖြစ်နေတယ်၊ အဲဒါ တစ်ခွက်လောက် သောက်လိုက်မှ ငြိမ်သွားတယ်၊ နောက်မကြာဘူး၊ တစ်ခွက်ထပ်သောက်ရပြန်ရော၊ ဗိုက်ထဲမှာ အယ်လ်ကိုဟောခတ် အပြတ်ခံလို့ မရဘူး၊ အဲဒါ အရက်ကို အရက်ကသောက်တာပဲ၊ လူ့စိတ်က မသောက်ချင်ပါဘူး၊ ဒါပေမဲ့ မသောက်လို့ မဖြစ်ဘူး''

''ဦးဆွေ၊ အဲလို ဖြစ်ဖူးလား''

''ဖြစ်ဖူးလို့ ဒါတွေပြောပြနိုင်တာပေါ့ဗျာ၊ အဲဒီအခြေရောက်ရင် လူဟာ အရက်ဖြတ်ရမယ့်အချိန်ပဲ၊ မိုးဝေဟာ ဆရာဝန်စကား နားမထောင်ဘူး၊ မဖြတ်ဘူး၊တင့်တယ်ဟာဆရာဝန်စကားနားထောင်တယ်၊ ဖြတ်တယ်၊ ကိုယ့်စိတ်နဲ့ကိုယ် မဖြတ်နိုင်တော့ တံတားလေးဆေးရုံမှာ သွားဖြတ်တယ်၊ ပြတ်တယ်၊ သို့သော် အရက်သမားအားလုံးကို ကျွန်တော်ပြောလိုတယ်၊ အဲဒီလို ဆေးရုံသွားဖြတ်ပြီးရင်တော့ နောက်ထပ် အရက်ကို ပြန်မသောက်ပါနဲ့တော့၊ ဘာကြောင့်ဆို သင့်ကိုယ်ထဲမှာ အရက်နဲ့ မတည့်တဲ့ ဆေးတွေ ထိုးထားပြီ၊ ကျွေးထားပြီ၊ အရက်ပြန်သောက်ပြီး အရက်ပြန်စွဲရင် အန္တရာယ်ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့ရေးဖော် ဒေါက်တာ အုန်းမောင်

လည်း ဒီလိုပဲ ပြောပါတယ်။

"တင့်တယ်ဟာ အဲလို ဖြတ်ဖြတ်ပြီး ပြန်ပြန် သောက်လို့ တံတားလေးကို သုံးကြိမ်ရောက်ခဲ့ပါ တယ်၊ တတိယအကြိမ်လည်း ဆေးရုံက ပြန်ဆင်း လာရော အရက်ကို တကယ်ပြတ်ကရော၊ နောက် ထပ် သောက်ချင်စိတ် လုံးဝမရှိတော့ဘူး။ အရက်ကို အနံ့ခံလို့ကို မရတော့ဘူး။ သို့သော် လူက ဦးနှောက် နဲ့စဉ်းစားဉာဏ်ပြတ်သွားပြီ၊ စာစီသမားသုံးယောက် ကို နိုင်အောင်ရေးနိုင်ခဲ့တဲ့ တင့်တယ်၊ ကလောင် အမည်အမျိုးမျိုးနဲ့ ဝတ္ထု၊ ဆောင်းပါးအမျိုးမျိုး အများကြီး ရေးခဲ့တဲ့ တင့်တယ်၊ တံတားလေးဆေး ရုံက သုံးခါပြန်လာတဲ့နောက် ဦးနှောက်မကောင်း တော့ဘူး။ ကလောင် မထက်တော့ဘူး။ သူကြိုးကြိုး စားစား ရေးတဲ့စာတွေလည်း မကောင်းတော့ဘူး၊ မေ့လျော့တတ်တဲ့ သက်ကြီးရွယ်အိုတွေ စကားပြော ရာမှာ ပြောပြီးသားတွေ ထပ်ထပ်ပြောတတ်သလို တင့်တယ်ရေးတဲ့ စာတွေဟာ ထပ်ထပ်ပြီး လည်နေ လို့ဖတ်တဲ့လူ နားမလည်တော့ဘူး"

"အဲဒီတော့ အယ်ဒီတာတွေက ပယ်ကြရရော၊ စစ်ပြီးခေတ် မြန်မာစာပေ ပြန်လည် ထူထောင်စမှာ မဂ္ဂဇင်းတွေဦးဆောင်ခဲ့တဲ့ တင့်တယ်၊ အချစ်ဝတ္ထု မှာ နှုတ်ခမ်းနီပါးနီလေးတွေရဲ့ အသည်းစွဲလို့ ဝေ ဖန်ရေးဆရာတွေကပင်ဂုဏ်တင်ခံရတဲ့စာရေးဆရာ တင့်တယ်ဟာ အရက်ကြောင့် ကလောင်ပျက်ပြီး စာမရေးနိုင်တော့ဘဲ ရေးတဲ့စာတွေလည်း မကောင်း တော့ဘဲ ၁၉၈၀–ခုနှစ် ဇန်နဝါရီလ ၄–ရက်နေ့ အသက်၆၄–နှစ်မှာ အရက်ဝေဒနာနဲ့ပဲ ကွယ် လွန်သွားပါတယ် ခင်ဗျာ"

"အောင်လင်းလည်း ဒီလိုပဲ၊ တံတားလေး သွားပြီး သုံးခါ အရက်ဖြတ်ခဲ့ရတယ်၊ တင့်တယ်လိုပဲ ဖြစ်ပြီး (၂၅–၁–၈၄)မှာ အသက်ငယ်ငယ်လေးနဲ့ အနိစ္စ ရောက်ခဲ့ရပါတယ်။

**(သော်တာဆွေ)**

(သောင်းပြောင်းထွေလာ၊ မေ–၁၉၈၉)

**ကွယ်လွန်သူ၏ ရှင်ပြုနားသမင်္ဂလာ ဖိတ်ကြားစာ**

နှစ်ဦးသော မိဘများကို အာရုံပြု၍
(ကွယ်လွန်သူ)
စာရေးဆရာ ဦးသန်းဆွေ+ဇနီး ဒေါ်သန်းစိန်
မိသားစုတို့က
(ဂါရဝတရား) ရှေ့ဝယ်ထားလျက်
လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။
ကျွန်တော်ကျွန်မတို့မှာ သံသရာထွက်လမ်း
နိဗ္ဗာန်နန်းကို ရည်မှန်းခြင်း
(ကွယ်လွန်သူ)စာရေးဆရာဦးသန်းဆွေ+ဒေါ်သန်းစိန်တို့၏
သား
မောင်မျိုးသန်း၊ မောင်ကျော်လင်းတို့ကို
ပဗ္ဗဇ္ဇအမွေ၊ ရှင်သာမဏေအဖြစ်
တင်ဆောင်ချီးမြှင့်ခြင်းနှင့် သမီး
မခင်သက်ဆွေကို ကဏ္ဏဝိဇ္ဈန နားသမင်္ဂလာ
ပြုလုပ်ခြင်း မင်္ဂလာအဖြာဖြာနှင့်
ပင့်ဖိတ်အပ်သော ထေရ်သံဃာတော်
အရှင်မြတ်တို့အား လှူဒါန်းဖွယ် ဒါနဝတ္ထု
အစုစုတို့ဖြင့် ဆက်ကပ် လှူဒါန်းပြီးလျှင်
ကောင်းမှုကုသိုလ် အစုစုတို့ကို (ကွယ်လွန်သူ)
စာရေးဆရာ ဦးသန်းဆွေအား အမျှအတန်း
ပေးဝေ၍ ပရိတ်တရားတော်နာ ဓမ္မစက်ကို
အတူတကွ နာကြားပါရန်
ကြွရောက်တော်မူကြပါမည်အကြောင်း
လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အထက်ပါ ဖိတ်စာအလှူနေ့မှာ ၁၃၂၇–ခု၊ တပေါင်းလပြည့် တနင်္ဂနွေနေ့ ၁၉၆၆–ခု၊ မတ်လ ၆–ရက်နေ့ ဖြစ်လေရာ သန်းဆွေမှာ ၁၉၆၄–ခု၊ ဧပြီလ ၁၄–ရက်နေ့တွင် ကွယ်လွန်ခဲ့သည် ဖြစ်ရ ကား သူသေသည်နှင့် သူ့သားသမီးများ ရှင်ပြု နားသမင်္ဂလာ ကျင်းပသောရက်မှာ တစ်နှစ် ဆယ် လနှင့် နှစ်ဆယ့်သုံးရက် ကွာခြားလေသတည်း။

အိမ်ထောင်ပြုပြီး သားသမီးရတနာ ထွန်းကားသော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ မျှော်လင့်ချက် ပန်းတိုင်ကြီးတစ်ခုမှာ ကိုယ့်ရင်သွေးများကို ရှင်ပြု နားသမင်္ဂလာ ဆင်နွှဲရန် ဖြစ်သည်။ ကံနည်းသူသန်းဆွေကား ဤပန်းတိုင်ကို ကပ်၍ လွဲသွားရှာသည်။

ကျွန်တော်တို့ မြန်မာလူမျိုးတို့တွင် အချို့သည် အင်မတန်မှ ကြောက်မက်ဖွယ် ကောင်းလှသော ကျိန်တွယ်ခြင်းမျိုးကို ပြုလေ့ရှိကြသည်။ ယင်း ကျိန်တွယ်ခြင်းကား သားသမီးတွေမအုပ်မိဘဲ သေရစေရဲ့ဟူ၍တည်း ဤစကားလုံးအဓိပ္ပါယ်သည် စေ့စေ့တွေးလေ ကြောက်မက်ဖွယ် ကောင်းလေတည်း။

မိမိ စောစောသေရရုံမက ကိုယ့်သားသမီးလေးတွေမှာ အုပ်ထိန်းမဲ့ဖြစ်လျက် အတိဒုက္ခ ရောက်ရချေဦးမည်။ မိဘတို့၏ မလိုလားဆုံးသော သာဓကပြယုဂ် တစ်ခုဖြစ်ချေသည်။ ဤကျိန်ဆိုမှုကို မပြုအပ်ချေ။

သို့ရာတွင် ယင်းသို့ ကျိန်သည်ဖြစ်စေ၊ မကျိန်သည်ဖြစ်စေ ဘဝအကြောင်းကံ ဖန်လာတော့လျှင်ကား မိမိ၏ ငယ်ငယ်ရွယ်ရွယ် သားသမီးလူမမယ်ကလေးတွေကို စွန့်ခွာသွားကြကုန်သော မိဘတွေ အနမတဂ္ဂပင်။

စာဖတ်သူများ စိတ်ဝင်စားဖွယ်ရှိသည့် စာပေနယ်မှ ကွယ်လွန်သူပုဂ္ဂိုလ်များအကြောင်းကျွန်တော် လက်လှမ်းမီသမျှဖော်ပြရလျှင် ရေနစ်သေသလိုလိုဖြင့် အလောင်းတောင်မယ်မယ်ရရရှာမရလိုက်သော ဆရာမင်းဆွေ။ သူသေသောအခါတွင် သားသမီးကလေးတွေမှာ လူမမယ်နှင့်။ သူ့နောက်ဆရာရဲထွဋ်လည်း ထိုအတူပင်။ ကာတွန်းဆရာ ဦးဘဂျမ်းကွယ်လွန်သောအခါလည်း သူ၏တစ်ဦးတည်းသောသား မိတဆိုးကလေး မောင်ကျော်ညွန့်မှာ ထိုင်နိုင်ခါစမျှ ရှိသေး၏။

ဆရာကြီး မဟာဆွေ ကွယ်လွန်သောအခါ၌ သူ၏နှစ်ဦးတည်းသောသမီး ခင်ဆွေဦးနှင့်အေးအေးတို့မှာ အပျိုဖော်ဝင်စ မိဘ၏အအုပ်အထိန်း အလိုဆုံးသော အချိန်ပင်ဖြစ်လေသည်။ ဆရာကြီးမဟာဆွေသည် တာမွေသုသာန်တွင် စာဆိုဗိမာန်ကို ဈေးဦးဖောက်လိုက်သူဖြစ်၍ ဒုတိယလိုက်သူ ငွေတာရီမှာ သမီးကလေးမျက်နှာမြင်၍ ကွယ်လွန်ရသည်ဖြစ်လေရာ သူ့ကြွမ္ဘာကား သမီးကလေးကို ချီ၍မျှမသွားရရှာပေ။

ထို့နောက် ပန်းချီလှစိုး၊ ရွှေဓါး၊ အောင်လျှပ်စက် (စစ်သူမြလေး)တို့လည်း သားသမီးလေးတွေ လူမမယ်နှင့်ပင်။ မောင်ကြည်ဆွေတစ်ယောက်သာ အသက်တိုတိုနှင့် တစ်ကိုယ်ရေတစ်ကာယ လူ့ဘဝမှ ထွက်သွားသူဖြစ်သည်။

သန်းဆွေ သေသောအခါတွင် သူ၏အကြီးဆုံးသောသား မောင်မျိုးသန်းမှာဆယ်နှစ်၊ မောင်ကျော်လင်းက ရှစ်နှစ်၊ သမီးကလေး မခင်သက်ဆွေက ခြောက်နှစ်မျှ။

သန်းဆွေသည် ကျွန်တော်နှင့် ဆန့်ကျင်ဘက်။ သမသတ် တူညီသည်။ ကျွန်တော်က အသက်၂၁ နှစ်တွင်မိန်းမရ၍ ၂၈–နှစ်မှ စာရေးဆရာဖြစ်သည်။ သန်းဆွေကား၂၁–နှစ်သားက စာရေးဆရာဖြစ်၍ ၂၈–နှစ်ကျကာမှ အိမ်ထောင်ကျ၏။ နို့ပြီး သူက အလွမ်းစာရေးဆရာ။ ကျွန်တော်က ဟာသကစ၍ နာမည်ရသည်။

သန်းဆွေနှင့်ကျွန်တော် စတွေ့ကြတော့ ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ။ သူက၂၁–နှစ်သား။ ကျွန်တော်က ၂၈–နှစ်။ သူက ကျွန်တော့်ထက် စာရေးဆရာအဖြစ် ဦးသေးသည်။ သူ၏'ချစ်ကြွေးမပြေ'လုံးချင်းဝတ္ထု ထွက်ပြီး၍ နာမည်ရနေပေပြီ။ ဤဝတ္ထုဖြင့် သူ့အား ကျွန်တော်သည် လူချင်းမတွေ့ရမီကပင် သူ့နာမည်ကို စတင်သိကျွမ်းခဲ့ရသည်။ နောက် ရှုမဝမဂ္ဂဇင်းမှာ ရေးဖော်ရေးဖက်များဖြစ်ကြရသည်။

၁၉၄၈–ခု နှစ်ဦးပိုင်းတွင်ကားကျွန်တော်တို့သည် ရှုမဝမှာ ရေးရရုံဖြင့် အားမရကြတော့ဘဲ တင့်တယ်အမှူးပြု၍ ပဒေသာမဂ္ဂဇင်းကို ထုတ်ဝေကြသည်။

သန်းဆွေ၊ မိုးဝေ၊ ကျွန်တော်တို့ သုံးယောက်က ဆရာတက်တိုးနှင့်တင့်တယ်၏ညွှန်ကြားချက်အောက်မှာ အလုပ်လုပ်ကြရသည်။ ထိုအချိန်၌ ကျွန်တော်တို့သည် စာရေးဆရာဖြစ်စ ရေးအားအလွန်ကောင်း၍နေကြရာ ကိုယ့်မဂ္ဂဇင်းမှာ တစ်ပုဒ်စီ ရေးရုံဖြင့် အားမရ။

နာမည်ခွဲများဖြင့် အပြိုင်ဆော်ကြရာ တစ်ခါတရံ ဒီလ ငါက တစ်ပုဒ်ထဲရယ်။ သူက ဘယ်နှစ်ပုဒ်တောင်၊ သူ့ဝတ္ထုကြီးက အရှည်ကြီးပဲ၊ ငါ့ဝတ္ထုတော့ ဟိုဒင်းတွေ ဘာပြုလို့ဖြတ်ပစ်ရသလဲ စသည်ဖြင့် အငြင်းပွားတတ်ကြသေးသည်။ စာရေးခပိုက်ဆံကတော့ တစ်ပြားမှ ရကြသည်မဟုတ်။ ကိုယ်ရေးလိုက်သောဝတ္ထု စွံသွား၍ ချီးမွမ်းမိတ်ဖွဲ့စာလာသည်များကိုသာ တစ်ယောက်တစ်ယောက် ကြွားဝါ၍ ပျော်ကြရသည်။ ထိုအချိန် ကျွန်တော်တို့သည် တစ်လထက်တစ်လ နာမည်တက်နေစဉ်ပေါ့။

ယင်းကာလ၌ သန်းဆွေသည် အရက်တစ်စက်မျှ မသောက်တတ်သေး။ တင့်တယ်နှင့် ကျွန်တော်သောက်လျှင် သူက အမြည်းစားရုံမျှ ရှိသေး၏။ နောက် ကိုယ်တော်လေးအရမ်းကြိုက်မယ့် ကြိုက်တော့ဗျာ၊ သေတာတောင်မှ အရက်မူးလွန်ပြီး ရေနစ်လို့ပါလားခင်ဗျာ။

သန်းဆွေသည် အေးအေးနေ အေးအေးစား အေးအေး အလုပ်သမား ဖြစ်၏။ ငါဘာကြီး ဖြစ်လိုက်မည်၊ ဘယ်လိုလုပ်လိုက်မည်၊ဘယ်လိုကြိုးပမ်းလိုက်မည်ဟူသော စိတ်ဖွဲ့မျိုးထားရှိသူ မဟုတ်ပေ။

ကျွန်တော်တို့ ပဒေသာမဂ္ဂဇင်းကို ထုတ်၍ စိတ်ကူးယဉ်သဘောကြီးလွှင့်စဉ်က လုပ်ခ တစ်လ တစ်ရာကျပ်သာယူ၍ ရေးခတို့ကိုမူ တစ်ပြားမှ မယူခဲ့။ သို့သော် ရှမဝကပေးသော နှုန်းအတိုင်း တန်ဖိုးကိုမှတ်ထား၍ ပဒေသာမဂ္ဂဇင်းကြီးဖြစ်တည်ကြီးပွားသောအခါ၌ ကျွန်တော်တို့သည် ရည်တူတန်းတူ အစုရှယ်ယာဝင်များ ဖြစ်ကြရသည်။

ထိုအချိန်၌ စာပေဝါသနာရှင်တွေ အများသိကြသည့်အတိုင်း ပဒေသာသည် များစွာအလားအလာရှိနေ၍ ကျွန်တော်တို့ စိတ်ကူးယဉ်ကြရာတွင် ပဒေသာတိုက်၊ ပဒေသာပုံနှိပ်စက်၊ ပဒေသာမော်တော်ကား၊ ပဒေသာဘလောက်တိုက်၊ ပဒေသာပိုင် စာအုပ်ဆိုင်ကြီး၊ ထို့နောက် ပဒေသာဂျာနယ်၊ သည့်နောက် နေ့စဉ်ထုတ်ပဒေသာသတင်းစာ၊ (ပဒေသာရုပ်ရှင်တော့ မပါဘူးပေါ့ဗျာ။ တောက် ခေတ်မမီလို့ အဲဒါတော့ နာတာပဲ)။ ဤသည်တို့ကား ဆရာတင့်တယ်၏ ရည်ရွယ်ချက်များ ဖြစ်ပါသည်။

ကျွန်တော်ကား ကိုယ့်လူကို အားလည်းကိုး၏။ ယုံလည်း ယုံ၏။ ထို့ကြောင့် ကျွန်တော်သည် အလွန်အမင်း ကြိုးစားလုပ်၏။ တစ်နေ့ ၂၄–နာရီကို ၁၆–နာရီပဒေသာအတွက် ကျွန်တော်လုပ်ခဲ့၏။

သန်းဆွေမူ ဤသို့ မဟုတ်ပေ။ သူ့နဂိုမူအတိုင်း အေးတိအေးစက်ဖြင့်ပင် ပဒေသာနံပါတ် (၄)(၅) လောက် ထွက်ပြီးသည်၌ ''တော်ပြီဗျာ၊ ကျွန်တော်မလုပ်ချင်တော့ဘူး''ဆို၍ အလုပ်တိုက်သို့ မလာတော့ချေ။

(မိုးဝေကား ပဒေသာအမှတ်(၃)ကတည်းက လစ်၏။ သူလည်း စာသာ အေးအေးဆေးဆေး ရေးနေချင်သူဖြစ်၏)။ စင်စစ်ကား သူတို့စိတ်ထားသည် ငြိမ်းချမ်း၏။ အင်မတန် ကြီးပွားချင်စိတ်ရှိသူ ကျွန်တော်သာ ပဒေသာမဂ္ဂဇင်းကြီး မှန်းချက်နှင့် မကိုက်သောအခါ ရင်ကွဲရ၏။

သန်းဆွေသည် ပဒေသာမှ ထွက်ပြီးနောက် မကြာမီ သွေးသောက်မဂ္ဂဇင်းတိုက်သို့ ရောက်သွားပြန်ချေ၏။ ထိုစဉ်မှာ ရှမဝက ပထမ၊ ပဒေသာက ဒုတိယ၊ သွေးသောက်က တတိယမျှရှိရာ ကျွန်တော့်စိတ်တွင် ''ဒီမောင့်နှယ် ဘယ်နှယ် ကိုယ်ပိုင်ရှယ်ယာလည်း ရမယ့်အလားအလာလည်း များစွာရှိနေတဲ့ တို့ပဒေသာတော့ပစ်ပြီး ပုဂ္ဂလိကပိုင်သွေးသောက်မှာသွားပြီး လုပ်နေပါလိမ့်''ဟုအောက်မေ့မိ၏။

သို့သော်နောက်မှ သန်းဆွေစိတ်ကို ကျွန်တော်

နားလည်လာ၏။ သူသည် ဘယ်နေရာမှ အတည်တကျ လုပ်မနေချင်။ တစ်နေရာမှတစ်နေရာကူးပြီး နေချင်သူသာ ဖြစ်၏။ သွေးသောက်မှာ လအနည်းငယ်လုပ်ပြီး တိုးတက်ရေး သတင်းစာတိုက်ရောက်သွားပြန်၏။ တိုးတက်ရေးသတင်းစာပြုတ်တော့ ရှေ့ဆောင်သတင်းစာ၊ သည့်နောက် ကြီးပွားရေးသတင်းစာ၊ ပြီးတော့ အိုးဝေ၊ ဗမာ့ခေတ်၊ ကြေးမုံ။

ဤသို့ သတင်းစာတိုက်တွေစုံအောင် သူလျှောက် လုပ်နေသည်ကို ကျွန်တော်တို့ နီးစပ်သူချင်းသာ သိကြ၏။ တိုင်းပြည်က မသိ။ တိုင်းပြည်ကသိသည်ကား သူသေသည်အထိစာရေး ဆရာသန်းဆွေ၊ သန်းဆွေ စာရေးဆရာသာဖြစ်၏။

စင်စစ် သူလိုလားသည်မှာလည်း စာရေးဆရာသန်းဆွေသာ ဖြစ်၍၊ ဤနာမည်ကလေး တည်တံ့စိမ့်သောငှာ အိမ်ထောင်ရှင်ဖြစ်လာတော့ သူစာရေးတာချည်း ဝင်ငွေကမလောက်၍ တစ်ဖက်တစ်လမ်းက ဝမ်းရေးအထောက်အပံ့ရရန်နှင့် စာပေနှင့် စပ်လျဉ်းသော လုပ်ငန်းတို့ကို အဆင်သင့်သလို ဝင်ရောက်လုပ်ကိုင်နေရခြင်း ဖြစ်လေ၏။

တစ်နေရာရာကို ဖောက်ချမလုပ်သည်ကတော့ သူ၏ဝါသနာပင်။ တကယ်တိ သတင်းစာတစ်တိုက်တိုက်မှာ စွဲစွဲမြဲမြဲကြီး ကြိုးစားပမ်းစား လုပ်လိုက်၍ သတင်းစာဆရာကြီး အယ်ဒီတာကြီး ဖြစ်သွားပါမူ သူမက်မောနေသော စာရေးဆရာသန်းဆွေ ဆိုတာကလေး မှေးမှိန်သွားပေမည်။

ဥပမာပြအံ့။ ကွယ်လွန်သူဆရာရွှေပိန်သောင်း။ ယခုတိုင် မြန်မာ့အလင်းတွင် အယ်ဒီတာချုပ်လုပ်နေသောဦးစိုးမောင်(သာဂရစိုး) သတင်းစာနယ်မှာပဲ မြုပ်သွားသော အောင်ထူး၊ သတိုးအိမ်၊ အိုးဝေနှင့် ညှိုးခွေသွားသော ညိုမြ၊ ၎င်းတို့မှာ ရှေးယခင်က (မောင်ထင်သည်) သတင်းစာနယ်မှ ပြန်လည်ရုန်းကန်လာသူဖြစ်၏။

အချို့ရှိသေးသည်။ စာရေးရာ၌ စွမ်းပကားမည့်လုသော်လည်း ရာထူးရာခံ(သို့)ငွေကြေး မက်မောသဖြင့် တိမ်မြုပ်နေသော တိမ်မြုပ်စပြုပြီဖြစ်သော သူများလည်းတွေ့ရ၏။

သန်းဆွေကား ဤအမျိုးအစားမဟုတ်။ စာရေးဆရာအဖြစ်နှင့် ဘယ်လောက်ပဲဘိုင်ကျကျ 'လေ့ခွက်ချည့်ဆန်မည် အလံမလှဲဘူး'ဟူသော ဖွဲ့ဖြင့် စာပေနယ်မှာ မျက်ခြည်မပြတ်အောင်နေရင်း သေဆုံးသွားရှာသည်။

သူနောက်ဆုံး ရည်ရွယ်ခဲ့သည်မှာ သူ၏စာရေးဆရာဘဝ တည်တံ့စိမ့်သောငှာ ငွေများများရတတ်သော လုပ်ငန်းဖြစ်သည့် ရုပ်ရှင်ဇာတ်ညွှန်းရေးရန်ဖြစ်သည်။ သူ ဇာတ်ညွှန်းများရေးမည်။ ပထမဦးဆုံး ကျွန်တော်၏ ရွှေပြည်တော်သည်ဝတ္ထုကို စီစဉ်ကြသည်။ ယင်း၌ အများပေါက်ဈေး ဇာတ်ညွှန်းဖိုး ၅၀၀၀ိ/ကျပ်ထား၍ ကျွန်တော်က ဝတ္ထုအတွက် ၃၀၀၀ိ/ကျပ်၊ သန်းဆွေက ဇာတ်ညွှန်းရေးခ၂၀၀၀ိ/ကျပ်ဟု လျာထားကြသည်။ စရံငွေများယူကြသည်။ သို့ သော် သူသည် ဤဝတ္ထုကို ဇာတ်ညွှန်းခွဲမသွားရရှာပေ။

သန်းဆွေသည် လူပျိုဘဝက အရက်ကို အနိုင်မျှခံနိုင်ခဲ့သည် မဟုတ်သော်လည်း အိမ်ထောင်ကျပြီး သားသမီးများရကာမှ အရက်ကို အစွဲကြီးစွဲနေပေပြီ။ သေမည့်နေ့တွင် မနက်ပါ'ပစ်ကမီအပ်'ခေါ် မသောက်ရ မနေနိုင်ဖြစ်နေပြီ။ ထို့ကြောင့် သူ့အိမ်မှာ အရက်လက်ကျန်နှင့် ဆော်ဒါပုလင်းများ မပြတ်ရှိနေသည်ကို တွေ့ရသည်။ ညနေတိုင်း သောက်ဖော်များနှင့် အချိန်ကုန်ခဲ့သည်။

သန်းဆွေသည် အရက်စွဲပြီ ဖြစ်သော်လည်း တစ်ဦးတည်း အိမ်မှာ သောက်တတ်သည့်အကျင့်ကို မရသေး။ အပေါင်းအသင်းများနှင့် သောက်ပြီး စကားပြောချင်သည်။ မူးလာသောအခါ သီချင်းဆိုချင်သည်။ ကချင်ခုန်ချင်သည်။ ဤကားသူ၏အမူးဝါသနာ။

သူ့အိမ်နှင့် ကျွန်တော့်အိမ်သည် နီးလေရာ

သောက်ချိန်မှာ အခြား အပေါင်းအဖော်များနှင့် မတွေ့လျှင် ကျွန်တော့်အိမ်သို့ လာတတ်သည်။

သူသည် သေခါနီး၌ကျွန်တော့်အိမ်သို့ မကြာခဏ လာတတ်လေရာမှတ်မှတ်ရရသူသည် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၁၄-ရက် သင်္ကြန်အကျနေ့၌ သေမည်ဖြစ်ရာ ၁၂-ရက်နေ့၌တစ်ခါပေါက်လာသည်။

''လာဗျာ၊ ကျွန်တော့်မှာ တစ်ဆယ်ကျပ်ပါတယ်၊ သဟာယဘား သွားသောက်ရအောင်''

ကျွန်တော့်မှာလည်း ငွေအနည်းငယ်ရှိသည်ဖြစ်၍ ကျွန်တော်အိမ်နှင့် ဆယ်မိနစ်မျှ လျှောက်ရသော ကမာရွတ်သဟာယဘားသို့ သွားရောက်ကြသည်။

သန်းဆွေသည် သောက်ဖော်အဖြစ် အလွန်ကောင်း၏။ ခိုက်ရန်ဒေါသ မဖြစ်တတ်။ စကားကို အလျှင်မပြတ်အောင် ပြောတတ်သည်။ မည်သူမဆို သူနှင့် အရက်သောက်ရလျှင် ပျော်သည်။ ထိုနေ့က ကျွန်တော်လည်း တစ်ဆယ်ကျပ် ကုန်သွားသည်။

နောက်တစ်နေ့ ဧပြီ ၁၃-ရက်တွင် သူရောက်လာပြန်သည်။

''ဒီနေ့တော့ ကျွန်တော်ခြောက်ကျပ်ပဲ ပါတယ်ဗျာ၊ ခင်ဗျာ့ရှိသေးတယ် မဟုတ်လား''

''ဟ ငါ့မှာလည်း သိပ်မရှိတော့ဘူး၊ ဒီသင်္ကြန်အတွင်းမှာ ဘယ်ကမှလည်း ရစရာမမြင်ဘူး၊ အိမ်စားဖို့ စရိတ်ပဲရှိတော့တယ်''

''ဒါဖြင့် ခင်ဗျား အရက်မသောက်တော့ဘူးလား''

''ဟာ ဒါတော့ ငါဘယ်နေနိုင်မလဲ၊ ငါ့အိမ်မှာ ချက်အရက်ရှိတယ်၊ မင်းလည်းဒါပဲသောက်ကွာ။ ဒီမှာသန်းဆွေ တို့လို စာရေးဆရာဝင်ငွေနှင့်ကောင်ဟာ ဘယ်မှာနေ့စဉ် ဆယ့်လေးငါးကျပ်ပေးရတဲ့ရမ်ကိုချည်း သောက်နေနိုင်မလဲကွာ၊ ဒီတော့ မင်းလည်းပဲ ငါ့လို ချက်အရက်သောက်ကျင့်တော့ကွ၊ ဒါမှ တို့ခံသာမှာ၊ တို့မှာက အိမ်ထောင်တာဝန်တွေနဲ့ကွ၊ တို့သာ တစ်ကိုယ်ရေတစ်ကာယဆိုရင် ဘာအရေးလဲ''

သူသည် သက်ပြင်းကြီးချ၍ ''အေးဗျာ''ဟုဆိုပြီး အိမ်ပေါ်မှ ဆင်းသွား၏။

သူသည် ချက်အရက်ကို နဂိုအတိုင်း မသောက်နိုင်သေး၍ ရောမွှေရန် ကရင်ဆိုဒါ သွားဝယ်ခြင်းဖြစ်၏။ သူပြန်လာသောအခါ၌ ကျွန်တော်သည် ချက်အရက်ကို အိမ်မှာရှိနေသော သဗျစ်ရည်နှင့် ရောပြီးဖြစ်နေ၍-

''ဟ သန်းဆွေ၊ ငါ မင်းအကြောင်း သိပါတယ်ကွာ၊ မင်းကရင်ဆိုဒါ ထားလိုက်တော့၊ ဒီမှာ မင်းသောက်နိုင်အောင် စပ်ပြီး ရောပြီးပါပြီကွ''

ကျွန်တော်တို့ တစ်ယောက်တစ်ခွက် မော့လိုက်ကြပြီး သူက-

''အင်း မဆိုးဘူးဗျ''

''အေးပေါ့ကွ၊ ဘာပဲသောက်သောက် နောက်ဆုံးတော့ မူးဖို့ပဲ မဟုတ်လားကွ၊ မူးတော့ရင် ရမ်မူးတာရော၊ ဝီစကီမူးတာရော ချက်အရက်မူးတာရော အတူတူပါပဲကွ၊ အဲ- အရေးကြီးတာက ခုညစာ ထမင်း စားကောင်းပြီးတော့ ည နှစ်နှစ်ခြိုက်ခြိုက်အိပ်၊ မနက် ကြည်ကြည်လင်လင်နိုး၊ ခုအချိန်မှာ ငါအရက်သောက်တဲ့ ရည်ရွယ်ချက်ကတော့ ဒါပဲ''

ကျွန်တော်သည် သူနှင့်စကားပြောရင်းသောက်၍ ရေချိန်ကိုက်ကာ ထမင်းဆာလာသောအခါ၌ ခူးခပ်ပြီး ''ကဲ ငါတော့ ထမင်းစားတော့မဟေ့၊ မင်းလည်း ဒီမှာရှိတာနဲ့ပဲ စားကွာ''

သို့သော် သူသည် ဒီအရက်သောက်ရတာ အားရပုံမပေါ်သေး။ အမြည်းသာစားပြီး ထမင်းမစား။

ဤအချိန်၌ ကျွန်တော့်အိမ်မှာ ကျွန်တော်တစ်ယောက်တည်း ဇနီးနှင့်သားများက တောင်ကြီးပြန်သွားကြသည်။

ကျွန်တော် ထမင်းစားနေစဉ်၌ သန်းဆွေက-

''ခင်ဗျား မနက်ဖြန်ခါ သင်္ကြန်ထွက်မလည်ဘူးလား''

''ဟေ့အေးကွာ၊ ငါ ဒါတွေ ဝါသနာမပါတော့

ဘူး''

ကျွန်တော်သည် ထမင်းစားပြီး အိပ်ရာသို့ဝင်တတ်သည်ဖြစ်ရာ သန်းဆွေသည် အိပ်ခန်းထဲလိုက်လာ၍ ခေတ္တခုတင်ပေါ်ထိုင်ကာ ကျွန်တော့်ရင်ဘတ်ပေါ် စောင်တင်ပေးပြီး နှုတ်ဆက်ထွက်ခွာသွားလေ၏။ ည ၈–နာရီခန့် ဖြစ်သည်။

နောက်တစ်နေ့ည ဤအချိန်လောက်မှာပင် သန်းဆွေ ရေနစ်သေကြောင်း လာပြော၍ ကျွန်တော် သိရတော့သည်။

သည်လိုပဲ ကျွန်တော်လို ရုတ်တရက် မယုံနိုင်သူတွေ အများကြီး။ ဘာ့ကြောင့်ဆိုသော် သန်းဆွေ၏ မိတ်ဆွေများအဖို့ အင်မတန် မလိုလားဆုံးသော သတင်း ဖြစ်သောကြောင့်တည်း။

သန်းဆွေအား ချစ်ခင်သူတွေအင်မတန်များကြသည်။ စာပေနယ်သာမက ဂီတနယ်၊ ရုပ်ရှင်နယ်။

ကျွန်တော်တို့စာပေနယ်က မသာများထဲတွင် သခင်ကိုယ်တော်မှိုင်းကလွဲလျှင်(ယခုထိကျွန်တော်ပို့ဖူးသမျှ) သန်းဆွေမသာသည် လူအစည်ဆုံး ဖြစ်၏။

သူ့အလောင်း ခေါင်းထဲမသွင်းမီ ရေခဲတိုက်ထဲကျောက်ပြားပေါ်ထားစဉ် ကျွန်တော်သည် နံဘေး၌ရပ်ကာ တွေးပြီးကြည့်နေမိသည်။ ဘန်ကောက်လုံချည် ရေညှိရောင်ကလေးနှင့် အပေါ်ဖုံး ပိုးအကျႌအနက်ကလေး ကိုယ်မှာလွှမ်းလျက် သူ၏ ပုတိုတိုခန္ဓာကိုယ် ဝဝကလေး။

''မင်းအရပ်ကကွာ၊ ခွေးပစ်တဲ့ တုတ်လောက်ရှိတာ''ဟု ကျွန်တော်ကနောက်လျှင် သူက ''နပိုလီယန်နဲ့လီနင်လည်း ကျွန်တော့်လို ပုတာပါပဲဗျာ''ဟု ပြန်ပြောလေ့ရှိ၏။

နို့ပြီး သန်းဆွေနဖူးကို ကျွန်တော်တို့က လေယာဉ်ပျံကွင်း၊ သူ့နှုတ်ခမ်းကို ခြေမလောက်ထူထပ်သည်ဟု ပြောလေ့ရှိရာ ယခုအရပ်က ခွေးပစ်တဲ့တုတ်၊ နှုတ်ခမ်းက ခြေမ၊ နဖူးက လေယာဉ်ပျံကွင်းဟု ပြောလောက်စရာဖြစ်သော ခန္ဓာကိုယ်လေးမှာ အသက်မရှိတော့ပြီ။

ကျွန်တော်သည် သူ၏ နဖူးနှင့်ပါးပြင် နှုတ်ခမ်းတို့ကို ကိုင်တွယ်စမ်းသပ်ကြည့်လိုက်သည်။ ပွဖောင်းဖောင်းနှင့် ပျော့အိအိနေ၏။ သူအရက်မူးလာလျှင် သူ၏ကြမ်းတမ်းသော မုတ်ဆိတ်များနှင့် သူငယ်ချင်းတွေပါး လျှောက်ပွတ်တတ်သည်ကို သတိရမိသည်။

သူငယ်ချင်းသည် အရက်တွေ အားရအောင် သောက်၍ သေသွားသည်။ ထိုည သူ ကျွန်တော်အိမ်မှ ထွက်သွားသောအခါ သဟာယဘားဝင်၍ သူ့ငွေခြောက်ကျပ်နှင့် ရမ်သုံးခွက်သောက်သေးသည်တဲ့။ ပြီးလျှင် သူ့အိမ်ပြန်ရာလမ်းတွင်ရှိသော အရက်ဖြူဆိုင်ကြီးက (မန်နေဂျာနှင့်သူ ခင်သည်နှင့်)အရက်ဖြူတစ်ပုလင်း အကြွေးဆွဲသွားသေးသည်တဲ့။ မြို့ထဲရောက်တော့ ရမ်ဆက်သောက်ကြသည်တဲ့။ ရေပက်ခံရင်းလည်း မော်တော်ကားပေါ်သောက်သွားကြသည်တဲ့။ နေ့လည်လောက်ရောက်တော့ သူကပဲ အင်းယားသွားရေကူးရန် တိုက်တွန်းသည်တဲ့။

ရေကူးနေကြတုန်း သူကအဖော်နှစ်ယောက်နှင့် လှေဖြင့် အင်းယားဟိုတယ် ရောက်သွားသည်တဲ့။ ဟိုတယ်မှာ သူ့မိတ်ဆွေ မိုးကုတ်သားများ ဝီစကီသောက်နေကြတာတွေ့တော့ သူ ဝင်သောက်ပြန်သည်တဲ့။ သူ့ပုံသဏ္ဌာန်ကြည့်၍ မိုးကုတ်မိတ်ဆွေများက ''ကိုသန်းဆွေ မူးနေပြီ၊ တော်တော့'' ဆိုသည်ကို မခံမရပ်နိုင်ဖြစ်ပြီး သရီးပက်ကို တစ်ခါတည်း ဆိုဒါမရောပဲ ကြွားဝါစွာ မော့ချပြီးသကာလ ရေကူးဆိပ်ကို လှေနှင့်ပြန်သည်။

ရောက်ခါနီး သူလှေပေါ်က ကျသွားသည်။ သန်းဆွေသည် ရေကောင်းကောင်း ကူးတတ်သည်ဖြစ်၍ သူ့ဟာသူ ခုန်ဆင်းသည်ဟု အောက်မေ့ကြသည်။ နောက်မှ သူ့ကို မမြင်ကြ၍ လိုက်ရှာတော့မှ ရေအောက်က အလောင်းကိုတွေ့ကြရသည်။

ကျွန်တော် ကိုယ်တွေ့နှိုင်း၍ ပြောရဲသည်။ သန်းဆွေသည် ဝီစကီသုံးခွက်ကိုမော့ပြီး လှေပေါ်

အရောက် အပလေနှင့်တွေ့ကတည်းက သတိမေ့သွားရမည်။ လေ့ပေါ်မှ ကျသွားသည်။ သို့မဟုတ်ခုန်ဆင်းသည်ကိုလည်း သူ့ကိုယ်သူသိမည်မဟုတ်။ ရေအောက်ရောက်၍ မွန်းသောအခါကား သူခံစားမှုရှိ မရှိကိုဖြင့် ကျွန်တော် မပြောတတ်တော့ပြီ။

ဩဘ် ယခု ၁၉၆၆–ခု၊ ဧပြီလ ၁၄–ရက်ကဖြင့် နှစ်နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။ ရှေ့နှစ်ခါတွင် သုံးနှစ် ပြည့်မည်။ နောက် လေးနှစ်ပြည့်ဦးမည်။ ဒီလိုပဲ သကြဲန်ကျတိုင်းကျတိုင်း တစ်နှစ် တစ်နှစ်တိုး ပြည့်သွားပေမည်။

သန်းဆွေသေခါစဌ် သူ့ကိုချစ်ခင်ကြကုန်သော ဆွေမျိုးမိတ်ဆွေတို့သည် လူမမယ် သူ့သားသမီးကလေးများအတွက် အလွန်ပူကြသည်။ မည်သို့မည်ပုံ ကူညီထောက်ပံ့ကြမည်နည်းဟု ဆွေးနွေးကြသေးသည်။ စာပေဂီတနှင့် ရုပ်ရှင်နယ်မှ သန်းဆွေအား ချစ်ခင်ကြသူ လူတစ်သိုက်ပေါ့။ စင်စစ်တော့ သန်းဆွေကို ချစ်သောစိတ်ဖြင့် ကောက်ရိုးမီးသဖွယ် ဟုန်းခနဲ တောက်လောင်ခြင်းသာဖြစ်သည်။

နောက်တော့ ဓမ္မတာအတိုင်း မေ့ကြသည်သာ။

အမှန်အားဖြင့်လည်း သတ္တဝါတစ်ခု ကံတစ်ခုပဲ။ ဒီလိုပဲ သားသမီးလူမမယ်ကလေးတွေနှင့် လူ့ဘဝမှ စွန့်ခွာသွားကြသော မိဘတွေ အနန္တပင်။ ကျန်ခဲ့သော ကလေးတို့သည် တစ်နည်းမဟုတ်တစ်နည်းဖြင့် သူ့ဘဝသူ ရပ်တည်ကြသည်သာ။

ယခုပဲကြည့်။ အချိန်တန်တော့ သူ့ကလေးတွေ ရှင်ပြု၍ပင် ပြီးချေပြီ။ အဲ– ဖိတ်စာမှာသာ ကွယ်လွန်သူ ဦးသန်းဆွေ၏ သားသမီးဟူ၍ သူ့နာမည်ရှေ့ကကွယ်လွန်သူဟု ဝိသေသနပြုရသည်။ နောင်သူတို့တစ်တွေ မင်္ဂလာဆောင်ဖိတ်စာ ရိုက်သောအခါတွင်လည်း ထိုနည်းလည်းကောင်း ကွယ်လွန်သူဟု ဖော်ပြရပေဦးမည်။

စင်စစ်ကား မည်သူမဆို ကွယ်လွန်သူ လောင်းလျာများသာ ဖြစ်ကြသည်။ ယခု စာဖတ်သူလည်း ကျွန်တော်ထက် အသက်ရှည်မည်ဆိုလျှင် တစ်နေ့သင်၌ ကွယ်လွန်သူ သော်တာဆွေဆိုသည်ကို မုချတွေ့ရပါလိမ့်မည်။

အဲ– ကျွန်တော်လိုချင်သည်ကား သန်းဆွေလိုပင် စာရေးဆရာအဖြစ်က မရွေ့လျားဘဲ စာရေးရင်းနဲ့ပဲ ကွယ်လွန်ချင်ပါသတည်း။

**(သော်တာဆွေ)**

(မြဝတီ၊ မေ၊ ၁၉၆၆)

## သမိုင်းကြောင်းမကောင်းသောအရက်

ဓမ္မပဒအဋ္ဌကထာနှင့် ဇာတ်အဋ္ဌကထာတို့ကို ထောက်ဆကြည့်လျှင် သေအရက် ပေါ်ပေါက်သည်မှာ ကမ္ဘာနှင့်ချီ၍ ကြာခဲ့ပြီ ဖြစ်သည်။ မြတ်စွာဘုရား သေအရက်၏ သမိုင်းကြောင်းကို စတင်ဟောသောနေရာမှာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ဖြစ်သည်။ တစ်ခါတွင် သာဝတ္ထိပြည်၌ သေအရက်သောက်ပွဲကြီးတစ်ပွဲ ကျင်းပ၏။

ကျောင်းအမကြီး ဝိသာခါ၏ မိန်းမမိတ်ဆွေငါးရာတို့သည် ထိုပွဲသဘင်သို့ သွား၍ ပျော်ပါးသောက်စားကြသည်။ ဝိသာခါကား သောတာပန်ဖြစ်သောကြောင့် ထိုမိန်းမတို့ကခေါ်သော်လည်း အရက်ပွဲသို့ မလိုက်ပေ။

ညအခါ ပန်းနံ့သာလက်စွဲပြီး တရားပွဲသို့ သွားကြသောအခါ အခြံအရံမိတ်ဆွေမငါးရာတို့သည် အရက်မူးလျက် လိုက်ပါလာကြသည်။ ဝိသာခါကား သူ့မိတ်ဆွေမများ မူးနေသည်ကို သိဟန်မတူပေ။

ဘုရားရှင်ရှေ့တော်သို့ ရောက်သောအခါ အချို့သော မိန်းမများသည် သီချင်းအော်ဆိုကြသည်။ အချို့သော မိန်းမများသည် ထကကြသည်။ အချို့သော မိန်းမများသည် ခိုက်ရန်ပွား၍ စကားများကြသည်။ ထိုအခါ ဘုရားရှင်သည် မျက်မှောင်တော်မှ ညိုသောရောင်ခြည်တော်ကို လွှတ်ပြီးလျှင် ကျောင်းဝင်းကြီးတစ်ခုလုံး မည်းမှောင်သွားအောင် ပြုလုပ်လိုက်သည်။

မုဆိုးသည် ထိုအခြင်းအရာကိုကြည့်ပြီး စဉ်းစားခန်းဝင်၏။ ဤအရည်သည် သေစေသော အဆိပ်ကား မဖြစ်နိုင်။ သေစေသော အဆိပ်ရည်ဆိုလျှင် အောက်ကျလာသော ငှက်များသည် ပြန်ထတော့မည် မဟုတ်။ ယခုကား ခဏသာအိပ်ပျော်သလိုဖြစ်သွားပြီး ပြန်ထသည်သာ။ ငါကိုယ်တိုင် စမ်းသောက်ကြည့်အုံဟု ဆုံးဖြတ်ကာ အတန်ငယ်ခွက်နှင့်ယူပြီး သောက်ကြည့်လေသည်။

မူးယစ်ရီဝေသောအရသာကို ခံစားရသောအခါ သဘောကျပြီးလျှင် အရက်မူး၍ကျလာသော ငှက်မျိုးစုံကိုကင်ကာ သေရည်နှင့်မြည်းနေသည်မှာ သုံးရက်ခန့်ပင် ကြာသွားလေ၏။

ထိုသစ်ပင်နှင့် မနီးမဝေးအရပ်တွင် ဝရုဏမည်သော ရသေ့တစ်ပါး ရှိ၏။ မုဆိုးသည် သေရည်များကို ဝါးကျည်တောက်ဖြင့် ခပ်ယူသွားပြီး ရသေ့ကို ငှက်သား၊ အမဲကြော် အမြည်းများဖြင့် တိုက်ကျွေးလေ၏။

သူရာမည်သော မုဆိုးနှင့် ဝရုဏမည်သော ရသေ့တို့ အစဆုံး မြင်အပ်ပြုအပ်သောကြောင့် ထိုအရည်ကို 'သူရာဝရုဏ'ဟု ခေါ်ကြ၏။

သူတို့နှစ်ဦးသည် သေရည်များကို ဝါးကျည်တောက်များဖြင့် ယူဆောင်ကာ တိုင်းပြည်အသီးသီးသို့ သွားကြပြီးလျှင် ထူးခြားဆန်းပြားသော ဖျော်ရည်များကို ဆက်သလိုပါသည်ဟု သတင်းပို့ပြီး ဘုရင်ကို ဦးစွာအရက်တိုက်ကြ၏။

ဘုရင်မှတစ်ဆင့် မှူးမတ်များထိ အရက်စွဲသွားကြ၏။ သေရည်ကုန်တိုင်း တောထဲကသစ်ပင်မှသွားယူနေရရာ ကြာသောအခါမတတ်နိုင်တော့ပေ။ ထို့ကြောင့် အသီးမျိုးစုံ၊ အခေါက်မျိုးစုံထည့်၍ မြို့ထဲ၌ပင် သေရည်ချက်ကြလေ၏။ ပြီးလျှင် တစ်မြို့လုံးအလုပ်မလုပ်တော့ဘဲ သေရည်ချည်း သောက်ကြလေတော့ရာ တစ်မြို့လုံးဆင်းရဲပြီး တိုင်းပြည်ပျက်လေတော့သည်။

ထိုအခါ သူရာနှင့် ဝရုဏတို့သည် ဗာရာဏသီ

ထိုအခါ မှူးနေသော မိန်းမများသည် ထိတ်လန့်ပြီး အမူးများပျောက်သွားသည်။ ထိုအခါကျမှ ဘုရားရှင်သည် ဥဏ္ဏလုံမွေးရှင်တော်မှ ဖြူသော ရောင်ခြည်ကိုလွှတ်ပြီး တစ်ကျောင်းတိုက်လုံးကို ပြန်လည် လင်းလက်သွားစေသည်။ ထို့နောက်မှတရားဟောတော်မူရာ တရားအဆုံးတွင် မိန်းမငါးရာလုံး သောတာပန်တည်သွားသည်။

ထိုအခါ ဝိသာခါက ''မြတ်စွာဘုရား အရက်အကြောက်ကင်းစေပြီး သူရူးကဲ့သို့ဖြစ်စေတတ်သော ဤသေရည်သေရက်သည် ဘယ်အခါကစ၍ ဖြစ်ပေါ်လာပါသနည်း''ဟု မေးလျှောက်၏။ ထိုအခါ ဘုရားရှင်သည် သမိုင်းကြောင်းမကောင်းသော အရက်အကြောင်းကို ယခုလို ဟောကြားတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း အုပ်ချုပ်နေသော အချိန်ကာလပင် ဖြစ်၏။ သူရာမည်သော ကာသိတိုင်းသားမုဆိုးတစ်ယောက်သည် သားသမင်ရှာဖွေရန် ဟိမဝန္တာတောသို့ ဝင်လေသည်။ တောထဲတွင် သစ်ပင်ကြီးတစ်ပင် သုံးခွဆိုင်တွယ်နေပြီး အလယ်တွင် အိုးစရည်းပမာဏ ကျယ်ဝန်းသော ကျင်းကြီးတစ်ကျင်း ဖြစ်နေ၏။

ထိုကျင်းကြီးထဲသို့ မိုးရေများဝင်ရာ ပြည့်သွားသည်။ တစ်ဖန် ငှက်ပေါင်းစုံက အသီးအနံ့ပေါင်းစုံကို ထိုသစ်ပင်၌ လာစားကြရာ အကြွင်းအကျန်များသည် ထိုသစ်ခေါင်းထဲသို့ ကျကုန်ကြသည်။ တစ်ဖန် ထိုစိမ်ရည်များကို နေပူထိသောအခါ အချဉ်ပေါက်ပြီး သေရည်ဘဝသို့ ရောက်သွားလေသည်။

နွေကာလရောက်သောအခါ ရေဆာသော ငှက်များသည် ထိုသစ်ပင်ခွကြားမှ သေရည်ကို သောက်ကြ၏။ ထိုအခါ မူးယစ်ပြီးလျှင် အဝေးသို့ မပျံနိုင်တော့ဘဲ ထိုသစ်ပင်ခြေရင်းသို့ တဖြုတ်ဖြုတ်ကျလေသည်။ ကျသောနေရာတွင် မိနစ်အနည်းငယ်အိပ်ပြီးလျှင် အော်ဟစ်မြည်တွန်လျက် လိုရာအရပ်သို့ ပျံတက်သွားလေသည်။

ပြည်သို့ဆက်သွားပြီး မင်းအား သေရည်ကိုတိုက်ပြန်၏။ ရှေ့တိုင်းပြည်များနည်းတူ ဗာရာဏသီပြည်လည်း ပျက်လေတော့သည်။ ထိုမှ သာကေတပြည်သို့ရောက်ပြန်ရာ ထိုမြို့လည်း ရှေးမြို့များနည်းတူ ပျက်ပြန်တော့၏။ သာကေတမြို့ ပျက်သောအခါ အမူးသမား နစ်ယောက်သည် သာဝတ္ထိပြည်သို့ ရောက်လာကြပြန်၏။

ထိုအခါ သာဝတ္ထိပြည်တွင် သဗ္ဗမိတ္တမည်သော မင်း အုပ်ချုပ်နေ၏။ ထိုမင်းလည်း သေရည်၏ဆိုးကျိုးကိုမသိရကား အရက်ချက်ရန် ပစ္စည်းမျိုးစုံကို ဆောင်ယူပေး၏။ သူတို့တောင်းသောပစ္စည်းမှာ သျှိသျှား၊ သဖန်းခါးစသော သစ်သီးများ၊ သလေး ဆန်မှုန့် အိုးစရည်းငါးရာတို့ ဖြစ်သည်။

သူရာနှင့် ဝရုဏတို့သည် သေရည်များ ချက်ပြီးစတွင် ကြွက်များ လာမသောက်နိုင်စေရန် အိုးငါးရာတွင် ကြောင်တစ်ကောင်စီ ကြိုးဖြင့် ချည်ထားပေး၏။

ကြောင်တို့သည် အိုးမှဝေကျသော သေရည်တို့ကို သောက်မိလေရာ မူးယစ်သောကြောင့် အိပ်ပျော်သွားကြ၏။ ထိုအခါ ကြွက်များရောက်လာပြီး ကြောင်တို့၏ နား၊ နှာခေါင်း၊ အမြီးစသည်တို့ကို ကိုက်ခဲကြ၏။ သို့သော် ကြောင်များကား အမူးလွန်ပြီး အိပ်ပျော်နေသောကြောင့် တုပ်တုပ်မျှမလှုပ်ပေ။ ထိုအကြောင်းကို သဗ္ဗမိတ္တမင်းကြားသောအခါ ဤအရည်များကား အဆိပ်ရည်ဖြစ်အံ့ဟု ဆုံးဖြတ်ပြီး သူရာနှင့်ဝရုဏကို သတ်စေ၏။

သေရည်အိုးငါးရာတို့ကိုလည်း ခွဲပစ်ရန်စေခိုင်း၏။ သို့သော် သေရည်အိုးတို့ကိုမခွဲမီမှာပင် ကြောင်တို့သည် အမူးပြေရာမှထပြီး ကစားနေကြပြန်သောကြောင့် အဆိပ်ရည်ကားမဖြစ်နိုင်။ အကောင်းဆုံး ဖျော်ရည်တစ်မျိုးသာဖြစ်နိုင်၏ဟု ဆုံးဖြတ်ပြီး သေသောက်ပွဲကြီး ကျင်းပရန်စီစဉ်စေ၏။

ထိုအချိန်မှာပင် သိကြားမင်းသည် သဗ္ဗမိတ္တမင်းနှင့်တကွ လူ့လောကတစ်ခုလုံး ပျက်စီးမည့်ဘေးကိုမြင်သောကြောင့် သေရည်အိုးတစ်လုံးကို လက်ဝါးပေါ်တင်ပြီးလျှင် ပုဏ္ဏားအသွင်ဖြင့်လာ၍ ဤအိုးကိုဝယ်ပါဟု ရောင်းချ၏။ ထိုအခါ သဗ္ဗမိတ္တမင်းက ပြန်မေး၏။

"အရှင်ပုဏ္ဏား၊ ဤအိုးကား အဘယ်မည်သော အိုးနည်း၊ အဘယ်အကျိုးအပြစ်များ ရှိသနည်း"

"မင်းကြီး၊ ဤအိုးကားထောပတ်အိုး၊ ပျားရည်အိုး၊ တင်လဲအိုးမဟုတ်၊ သေရည်အိုးတည်း။ ဤသေရည်ကို သောက်လျှင် ချောက်ကမ်းပါးသို့လည်း စောက်ထိုးကျတတ်၏"

**မှတ်ချက်။** ။

ရုပ်ရှင်သရုပ်ဆောင်တစ်ဦးသည် အရက်မူးပြီး ရထားပြတင်းပေါက်မှ ခေါင်းထွက် အကြည့်တွင် တံတားပေါင်နှင့်ရိုက်မိပြီး ချောက်ထဲကျ၍ သေဆုံးဖူးသည်။

**မစားကောင်းသော အဆိပ်ကိုလည်း**
**စားမိ၏၊**
**အဝတ်မဝတ် ကိုယ်လုံးတီးလှည့်လည်**
**သွားလာတတ်၏၊**
**စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးခြင်းသို့**
**ရောက်ရ၏၊**
**အရှက်အကြောက် ကင်းခြင်းကိုပြု၏၊**
**ဒုစရိုက်သုံးပါးကို ပြုမိတတ်၏၊**

ထိုသေရည်ကို သောက်၍ ဒသဘာတိညီနောင်မင်းတို့သည် ပျက်စီးခြင်းသို့ ရောက်ရ၏၊ အသူရာနတ်တို့သည် တာဝတိံသာနတ်ပြည်မှ လျှောကျ၍ သမုဒ္ဒရာအောက် အသူရာပြည်သို့ ရောက်ကြရ၏။

ဤအရက်ကိုသောက်ပြီးသူသည် တုန်တုန်လှုပ်လှုပ်နှင့်ဦးခေါင်း၊ လက်ခြေ ယိမ်းယိုင်လှုပ်ရှားလျက် ရုပ်သေးရုပ်လို ကခုန်လိမ့်မည်။

ဤအရက်ကို သောက်ပြီးသူသည် မူးယစ်တွေဝေကာ မီးလောင်မှန်းမသိ အိပ်မောကျလိမ့်မည်။ ခွေးကိုက်ခံရသည်ကိုလည်း မသိဘဲ နေလိမ့်မည်။ အနှောင်အဖွဲ့၊ အချုပ်ခံရခြင်း၊ ဒဏ်တပ်ခံရခြင်း၊

အသတ်ခံရခြင်း၊ စီးပွားဥစ္စာဆုတ်ယုတ်ခြင်းဖြစ်ပေါ် လာလိမ့်မည်။

ဤအရက်ကို သောက်ပြီးသူသည် မပြောသင့်သော စကားကို ပြောလိမ့်မည်။ အစည်းအဝေးရှိရာအရပ်၊ လူစုလူဝေးရှိရာအရပ်၊ လူပရိသတ်များပြားစုံရာ ပွဲလမ်းသဘင်ရှိရာအရပ် ဖြစ်စေကာမူ အဝတ်မကပ်၊ အရှက်ပြတ်ကာ သွားလာလိမ့်မည်။ အမူးလွန်ကာ မိမိထွေးအန်ဖတ်ထဲ၌ လူးလဲလိမ့်ကျညစ်ညျူးနေလိမ့်မည်။

ဤအရက်ကို သောက်ပြီးသူသည် မိမိကိုယ်ကို အကြီးမြင့်ဆုံးပုဂ္ဂိုလ်အဖြစ် မှတ်ထင်လာလိမ့်မည်။ မျက်လုံးတွေ နီရဲဝင်းပြောင်လာလိမ့်မည်။ အောင်နိုင်သူလိုလို စစ်သူကြီးလိုလို မဟာကေရာဇ်ကြီးလိုလို မှတ်ထင်လိမ့်မည်။

ဤအရက်ကို သောက်ပြီးသူသည် စိတ်နေမြင့်မောက် ဘဝင်ကောက်သူ ဖြစ်ရလိမ့်မည်။ ခိုက်ရန်ငြင်းခုန် ပြုလုပ်မိလိမ့်မည်။ ကုန်းတိုက်စကား ပြောကြားလိမ့်မည်။ အဆင်းဖောက်ပြန် မူမမှန်သူဖြစ်ရလိမ့်မည်။ အဝတ်အကျွတ်ကျွတ် ဖိုသီဖတ်သီဖြစ်နေလိမ့်မည်။ ထိုဤ ပြေးလွှားလှုပ်ရှားနေလိမ့်မည်။ ဤအမူအရာမျိုးကား သူခိုး၊ ဓားပြ သေသောက်ကျူးတို့၏ အမူအရာပင် ဖြစ်သည်။

သေသောက်ကျူးသည် မိဘမျိုးရိုး လွန်စွာပြည့်ဖြိုးချမ်းသာ ကုဋေကုဋာရွှေငွေရတနာ ပေါများလှသူ ဖြစ်စေကာမူ ဤအရက်က ဆင်းရဲမွဲတေ အခြေမကျ၊ အနေမလှ ကလေကဝဖြစ်အောင် ပြုလုပ်လိမ့်မည်။

အကြွင်အမျိုးအိမ်၌ သေသောက်ကျူးအရက်သမားရှိ၏။ ထိုအမျိုးအိမ်သည် စပါး၊ ပဲ၊ ဆန်၊ ရွှေငွေ၊ စိန်ရတနာ၊ လယ်ယာ၊ ကျွဲနွား မည်၍မည်မျှပေါများကြွယ်ဝစေကာမူ နောက်ဆုံး၌ ဆင်းရဲမွဲတေ၊ အခြေမလှ ဖြစ်ရလိမ့်မည်။

အရက်သောက်ပြီးသူ အမူးသမားသည် စိတ်နေစိတ်ထားဖောက်ပြားကာ အမေကိုလည်း ဆဲရေး၏။ အဖေကိုလည်း ဆဲရေး၏။ မည်သူ့ကိုမဆို ဆဲရေး၏။ ချွေးမကိုလည်း မယားအမှတ်ထင် ဆွဲငင်ဖမ်းကိုင်တတ်၏။

ယောကျ်ားအရက်ကျူးသူ အမူးသမားသာ မဟုတ်ချေ၊ မိန်းမအရက်ကျူးသူ အမူးမသည်လည်း စိတ်သဘော ချွတ်ယွင်းဖောက်ပြန်ကာ ယောက္ခမကိုလည်း ဆဲရေး၏။ လင်ယောကျ်ားကိုလည်း ဆဲရေး၏၊ ကျွန်ယောကျ်ားကိုလည်း ရာဂစိတ်ယိုဖိတ်ကာ မိမိလင်ယောကျ်ားအဖြစ် မှတ်ထင်ဆွဲကိုင်၏။ အခြားအစေအပါး သိက္ခမ်းသော ယောကျ်ားများကိုလည်း ကိလေသာမိုး ရွာသွန်းဖြိုးကာ မိမိသက်ထားလင်ယောကျ်ားဟု မှတ်ထင်ဆွဲကိုင်၏။

အမူးသမားသည် တရားကျင့်သုံးသောသမဏ၊ ဗြာဟ္မဏအမည်ခံ တရားရှင်များကို သတ်ဖြတ်ညှင်းဆဲတတ်၏။ ထိုသို့ သတ်ဖြတ်ညှင်းဆဲခြင်းကြောင့် အပါယ်ဘုံသို့ ကျရောက်၍ ဒုက္ခခံစားရ၏။

အရက်သောက်ပြီးသောအခါ အမှန်စင်စစ် မကောင်းကျင့်ဒုစရိုက်ကို ကျင့်ကြံပြုလုပ်ကြသည်သာ ဖြစ်၏။ ကိုယ်၊ နှုတ်၊ စိတ် ဒွါရသုံးပါးဖြင့် မနားမနေ ဒုစရိုက်ပြုလုပ်ကြသည်သာ ဖြစ်၏။

ရှေးအခါက ရွှေငွေများစွာပေး၍ မုသားစကားပြောဆိုပေးရန် တောင်းပန်ခြင်းကို လက်မခံသော လူကြီးလူကောင်းတစ်ဦးသည် အရက်သောက်ပြီး၍ မူးယစ်လာသောအခါ မုသားစကားကို ပြောဆိုလေတော့၏။

အရက်သောက်၍ မူးယစ်နေသောအခါ အရေးတကြီး ကိစ္စလုပ်ငန်းတို့ကို မှန်ကန်စွာ မလုပ်နိုင်၊ မဆောင်ရွက်နိုင်တော့ဘဲ အမှားမှား အယွင်းယွင်းလုပ်ကိုင်ဆောင်ရွက်မိတတ်၏။

အရှက်အကြောက် ဟိရီဩတ္တပ္ပရှိသော လူကြီး၊ သူတော်ကောင်းတို့သည်ပင် အရက်သောက်မူးယစ်သောအခါ အရှက်အကြောက်ကင်းမဲ့လျက် စိတ်စေရာ ဖွတ်အတင်းပြုလုပ်တတ်ကြ၏။ သတိ၊ ပညာ၊ သမာဓိရှိသောလူကြီးလူကောင်း သူတော်ကောင်းတို့

သည်လည်း အနှစ်မပါ၊ သိမ်ဖျင်းယုတ်ညံ့သော စကားကို ပြောဆိုတတ်ကုန်၏။


သောက်စားမူးယစ် ဖောက်ပြန်သောအခါ မျိုးဇာတ်နွယ်ယုတ်ညံ့သူများနှင့်အတူ ဝက်များကဲ့သို့ အိပ်စက်တတ်၏။ အစားအစာ စားသောက်ရမှန်းမသိ၊ ဝတ်မွတ်တတ်၏။ ကိုယ်ခန္ဓာရုပ်ရည်အဆင်းအသွင်အပြင်ဖောက်ပြန်တတ်၏။ မကောင်းသတင်း ပျံ့သင်းကြိုင်လှိုင်တတ်၏။

အရက်သောက်သူသည် သတ်ရန် တံဆိပ်ရိုက်ထားသော နွားကို နွားသတ်ရုံသို့ ယူလာသောအခါ ခေါင်းငိုက်စိုက်ကျနေသကဲ့သို့ ဦးခေါင်း ငိုက်စိုက်ကျနေတတ်၏။ အရက်သောက်ခြင်းကြောင့် ကိုယ်ခန္ဓာခြောက်သွေ့ ပိန်ချုံးကာ အင်အားဆုတ်ယုတ်ပြီး ချောင်းဆိုးသွေးပါ(တီဘီ)ရောဂါ ဖြစ်တတ်၏။

လောက၌ လူကောင်း၊ သူကောင်းတို့သည် အရက်ကို ပြင်းထန်သော မြွေဆိပ်ကဲ့သို့လည်းကောင်း၊ ပြင်းထန်သော အဆိပ်ကဲ့သို့လည်းကောင်း မှတ်ထင် ရှောင်ကြဉ်ကြကုန်၏။ ထိုအဆိပ်နှင့်တူသောအရက်ကို အဘယ်သူသောက်လိမ့်မည်နည်း''

ဤအဆုံးအမကြောင့် သဗ္ဗမိတ္တမင်းသည် အသိတရားရကာ အရက်အိုးများအားလုံးကို ရိုက်ခွဲပစ်စေပြီး တစ်မြို့လုံး ငါးပါးသီလလုံအောင် စောင့်ထိန်းစေသည်။ ထို့ကြောင့် သီလလုံသူအားလုံး နတ်ရွာသုဂတိသို့ လားကြရသည်။ ထိုအချိန်က သဗ္ဗမိတ္တမင်းသည် အရှင်အာနန္ဒာဖြစ်လာ၍၊ သိကြားမင်းသည် ဘုရားရှင် ဖြစ်လာခဲ့သည်။

**မစားကောင်းသော**
**အဆိပ်ထိုလည်း စားမိ၏၊**
**အဝတ်စတေ ထိုထိုလုံးတီး**
**လှည့်လည်သွားလာတတ်၏၊**
**စည်းစိမ်ဥစ္စာများ**
**ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရ၏၊**
**အရှက်အကြောက် ကင်းခြင်းကိုပြု၏၊**
**ဒုစရိုက်သုံးပါးကို ပြုမိတတ်၏၊**



# ကြီးကောင်ဝင်စ

လူထုဦးလှ

၁။ ကြီးကောင်ငင်စ
၂။ ဦးရေအေး
၃။ ချစ်တဲ့သူ အငိုတိတ်အောင်

ဆယ့်လေးငါးနှစ်အရွယ် ကြီးကောင်ငင်စမှာ လူငယ်သဘာဝ လူ့လောကအကြောင်းတွေ အားကြီးသိချင်ကြတယ်။ဒီလိုအရွယ်တွေကိုဟိုအကြောင်း ဒီအကြောင်း စိတ်ဝင်စားအောင်ပြောပြတတ်တဲ့ အတွေ့ကြုံများသူ ၂၀–ကျော်အရွယ်တွေ ကလည်း ဒါမျိုးကို သိပ်ပြောချင်ကြတယ်။ အမျိုးသမီးအကြောင်းက အဓိက၊ အရက်အကြောင်းက ဒုတိယ။

ဒီနေရာမှာလည်း ပြောသူရဲ့ ဝါသနာနဲ့ အတွေ့ကြုံအရ ဦးစားပေးမှုရှိတယ်လို့ ဆိုရမယ်ထင်ပါတယ်။ အရက်သန်တဲ့သူကလည်း အရက်၊ အမျိုးသမီးသန်သူကလည်း အမျိုးသမီးအကြောင်း ရွှန်းရွှန်းဝေအောင် ပြောတော့တာပဲ။ ခေတ်လူငယ်တွေ စကားနဲ့ဆိုရင် 'ဖယ်'အကြောင်း 'ဗိုး'အကြောင်း တွေပေါ့။

ကြားဖူးနားဝရှိလာကြတဲ့အခါ ကြီးကောင်ငင်စ အချင်းချင်း ဗဟုသုတဖလှယ်ကြတယ်။ အတွေ့အကြုံရှိရင်လည်း အင်မတန်ပြောချင်ကြတယ်၊ ပြောကြတယ်။ ခပ်ကြီးကြီးတချို့က နှလုံးသားကို ကလိတာမျိုးတွေ ရိုးတိုးရွတဖြစ်စရာတွေကို ကိုယ်တိုင်သွားရည်ကျပြီးပြောတယ်။ နားထောင်တဲ့လူငယ်တွေလည်း သွားရည်တမြားမြား ဖြစ်ကုန်တာပေါ့။

# ကြီးကောင်ငင်စ

အင်္ဂလိပ်ပြေးလို့ ဂျပန်ဝင်လာတဲ့အချိန်မှာ ကိုဘဝင်းဟာ ကြီးကောင်ငင်စ ဆယ့်လေးငါးနှစ်အရွယ်ပါ။ ဂျပန်ဝင်စပထမနှစ်မှာတော့ သူကျောင်းနေရသေးတယ်။ ဒုတိယနှစ်ရောက်တော့ သူတို့အရပ်မှာ ကျောင်းလည်း မရှိတော့ဘူး။ ဆရာတွေလည်း ဘယ်ရောက်ကုန်တယ် မသိဘူး။ ဒီတော့ မိဘတွေက သူတို့သားကလေး လေလွင့်သွားမှာ စိုးတယ်။ ဒီအရွယ် အပေါင်းသင်းလိုက်ပြီး ကောင်းချင်လည်း ကောင်းတယ်။ ဆိုးချင်လည်း ဆိုးသွားတတ်တယ်။ ဒါကြောင့် သားကလေးကို အလုပ်ထဲသွင်းပေးကြတယ်လေ။

ကိုဘဝင်း အလုပ်ဝင်လုပ်ရတာက မီးရထားဘက် ဘူတာရုံကုန်စာရေး အလုပ်ပါ။ ကျောင်းသားဘဝတုန်းကတော့ ကျောင်းလောကပဲ အပေါင်းသင်း ရှိတယ်။ အခုတော့ လူမျိုးပေါင်းစုံနဲ့ တွေ့ဆုံရ၊ ပေါင်းဆုံရပြီ။ စစ်တွင်းကာလဆိုတော့ ပညာသင်ကြားဖို့ အခြေနေ မပေးတော့ဘူး။ နောက်ပြီး စားဝတ်နေရေးအတွက် အလုပ်ရှိဖို့ လိုတယ်။ ကိုဘဝင်း ပတ်ဝန်းကျင်မှာ 'ဗိုး''ဖယ်'ပုံပြင်လေးတွေ ပြောတတ်တဲ့လူတွေ ရှိတယ်။ မီးရထားက လေယာဉ်ပျံ စက်သေနတ်ကြောက်ရပြန်တော့ ညအချိန်မှ ထွက်တယ်၊ ဝင်တယ်။ တချို့မီးရထားက ည၁၀–နာရီလောက်မှ ထွက်တယ်။ တချို့က မနက်၂–နာရီမှ ထွက်တယ်။ ဒီတော့ ကိုဘဝင်းတို့ဟာ ညအချိန်မှာ အလုပ်လုပ်ရတဲ့ အလုပ်သမားတွေပဲ။ မီးရထားတွေ ထွက်သွားပြီ၊ ဝင်စရာရထားတွေလည်းဝင်ပြီးသွားပြီ ဆိုရင် လက်ဖက်ရည်ဆိုင်သွားလိုက်၊ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ သူတို့ အချိန်ဖြုန်းကြတယ်။ မီးရထားဘက်မှာအလုပ်လုပ်နေတာဆိုတော့ စားစရာလည်း ပေါတယ်၊ အရက်လည်း ပေါတယ်။ ကိုဘဝင်း အလုပ်လုပ်ရတာဟာ ဟသ်ာတဘူတာမှာပါ။

'ဒိုင်မားရှူး'ဆိုတဲ့ ဂျပန်ကုမ္ပဏီက ဟသ်ာတမှာ

'ဂျင်'တို့ 'ရမ်'တို့ ချက်နေတယ်။ ပုသိမ်မှာတော့ ခြောက်လုံးပြူးတံဆိပ်ဝီစကီ၊ ဟော်လန်ဘရမ်ဒီ၊ စူးဝုတ်တောင်လို့ နာမည်ပေးထားတဲ့ ဝင်ကာနစ်လို အရက်တွေ ထုတ်လုပ်နေတယ်။ မြန်အောင်က တော့ 'အောရိန့်ချ်ဝိုင်' ဆိုတဲ့ လိမ္မော်နံ့အရက်ထွက် တယ်။ ဝိုင်ဆိုပေမယ့် တကယ်တော့ ဝိုင်မဟုတ်ဘူး။ အင်မတန်ပြင်းတဲ့အရက်ပဲ။

လူငယ်တွေအတော်များများ ဒီလိုပဲ အလုပ်ဝင် လုပ်နေကြတယ်။ ဒီလို ဝင်လုပ်ကြတဲ့အကြောင်း တစ်ကြောင်းကတော့ ရွေးတပ်ဆွဲ ခံရတဲ့ဘေးက လွတ်အောင်ပေါ့။ အဲဒီဘေးကလည်း မသေးဘူး။

ဒီလိုနဲ့ ပတ်ဝန်းကျင်က အရက်သောက်ဖို့ ဖြစ် လာတယ်။ ဒါကြောင့် ကိုဘဝင်းတို့လို လူငယ်လေး တွေ တော်တော်များများ အရက်သောက်ကြတယ်။ အရက်သောက်တာ ကောင်းတယ်လို့လည်းထင်လာ ကြတယ်။ ကြိုက်လို့ရယ်လို့တော့ မဟုတ်ဘူး။ အပျော်သောက်၊ အပြိုင်သောက်ကြတာပဲ။

အပျော်သောက်တယ်ဆိုတာက အရက်ဝယ် မယ်၊ ကြက်သားဟင်းချက်မယ်။ ပြီးတော့ ပျော်ပျော် ရွှင်ရွှင် ကကြ၊ ခုန်ကြ၊ သီချင်းဆိုကြမယ်။ အပြိုင် သောက်တယ်ဆိုတာကတော့ မင်းက ဘယ်နှစ်ပက် သောက်နိုင်သလဲ၊ ငါကဘယ်နှစ်ပက်သောက်နိုင်သ လဲဆိုတာ ပြိုင်ပြီးသောက်ကြတာပဲ။ ကိုဘဝင်းတို့သူ ငယ်ချင်းတွေထဲက ဖိုးပါကြီးဆိုတဲ့ကောင်ဟာ အသောက် နိုင်ဆုံးပဲ။ ပက်ရေခုနှစ်ဆယ်လောက်အထိ သောက် နိုင်တယ်။ သူ့ကိုတော့အားလုံးက လက်မြှောက်ရ တယ်။

ဒီလူငယ်လေးတွေ စိတ်ထဲမှာ အလုပ်လုပ်ရ မယ်၊ အရက်သောက်ရမယ်။ ဒီနှစ်မျိုးပဲ ရှိတယ်။ တခြားမြို့တွေကို အလည်သွားရင်လည်း အဲဒီက အပေါင်းသင်းတွေက အလိုက်သိသိ အရက်နဲ့ဧည့် ခံကြတယ်။ ထန်းရည်နဲ့ ဧည့်ခံကြတယ်။ ထန်းရည် နဲ့ ဧည့်ခံတယ်ဆိုတာ ဝိုင်းကလေးနဲ့ တော်သင့်သ လို လုပ်ကြတာမဟုတ်ဘူး။ ထန်းတောထဲမှာ အဲဒီ နေ့ထွက်တဲ့ ထန်းရည်တွေ အကုန်ဝယ်ပြီး သူငယ် ချင်းတွေ သောက်ကြ၊ စားကြ၊ ပျော်ကြ သဘောရှိ လုပ်ကြတာမျိုးပါ။ အဲဒီလို ဧည့်ခံတာ။

အရက်ဆိုတာကတော့ အလွယ်ပယ်ပဲ။ ဖန်ပုလင်း ကြီးတွေနဲ့ ထည့်ပြီး အိပ်ရာခေါင်းရင်းမှာ ထားပေး တယ်။ ကြိုက်သလိုသောက်၊ သောက်ချင်သလောက် သောက်၊ သောက်ချင်တဲ့အချိန်သောက်၊ တစ်ရေး နိုးသောက်ချင်လည်း သောက်၊ အဲဒီလို ဧည့်ဝတ်ပြု ကြတာ။ ဒါမှလည်း ဧည့်ဝတ်ကျေတယ်လို့ ယူဆ ထားကြတာကိုး။

အဲဒီတုန်းက ကိုဘဝင်းတို့လူစု သောင်းကျန်းပုံ ဟာ တော်တော်ဆိုးတယ်။ လူမှုရေးလည်း သူတို့ ဘာမှ နားမလည်ကြဘူး။ ပျော်ဖို့ပဲ သူတို့ နားလည် ကြတယ်။

တစ်နေ့တော့ ဟင်္သာတကနေ ပုသိမ်ထွက်တဲ့ ရထားနဲ့ သူတို့ လိုက်သွားကြတယ်။ အဖွဲ့က ၁၅ ယောက်လောက်ပေါ့။ အဲဒီ လူစုထဲမှာ ကုန်တွဲဖက် ဆိုင်ရာ အင်ဂျင်နီယာ(C & WE) မစ္စတာအာဂပ်စ် လည်းပါတယ်။ တွဲမကောင်းဘူး ကောင်းတယ်ဆို တာ အဆုံးဖြတ်ပေးနိုင်သူပေါ့။ အဖွဲ့သားတွေက တွဲပေါ်မှာ သူတို့ချည်းလွတ်လွတ်လပ်လပ် ပျော်ချင် ကြတယ်။ ဒီတော့ မစ္စတာအားဂပ်စ်ကို–

''ကျွန်တော်တို့ စီးလာတဲ့တွဲ ဝင်ရိုးပူနေတယ်၊ ဆက်ဆွဲလို့ မဖြစ်ဘူး၊ မီးတောက်တော့မယ်၊ လုပ် ပါဦး''လို့ ပြောကြတယ်လေ။ သူကလည်း သဘော တူတယ်။ ပျော်တတ်တဲ့လူကိုး။ ဒီတော့ ခမောက် စုဘူတာမှာ တွဲဖြုတ်ဖို့ လုပ်ကြတော့တာပေါ့။ ခရီး သည်တွေခမျာ အထုပ်အပိုးတွေနဲ့ တခြားတွဲတွေ ကို တိုးတက်ကြရတယ်။ ကျေတော့ ဘယ်ကျေနပ် ကြမလဲ။

ဒီတွဲကို တကယ်ဖြုတ်သလားဆိုတော့ မဖြုတ် ခဲ့ပါဘူး။ အလေးချိန်မများရင် သွားလို့ရတယ်ဆိုတဲ့ သဘောနဲ့သူတို့လူစုသာလိုက်ပါပြီး ခရီးဆက်ထွက်

ခဲ့တယ်။ တွဲထဲမှာ သောက်ကြပျော်ကြပေါ့။

အခုတော့မစ္စတာအားဂပ်စ်လည်း မရှိတော့ဘူး။ အရက်သောက်တာ များများလာပြီး နောက်တော့ မသောက်ရရင်မနေနိုင်တဲ့အဆင့်ရောက်သွားတယ်။ နောက်ဆုံးမှာ သွေးကျောပါဒဖြစ်ပြီး သေဆုံးသွားတယ်။ ဇနီးနဲ့ ကလေးနှစ်ယောက်အတွက် ဘာမှမထားခဲ့နိုင်ဘူး။

သူတို့ အဲဒီလို သောက်ကြပျော်ကြတာကို ကိုဘဝင်းတို့အစ်ကိုက နည်းနည်းမှမကြိုက်ဘူး။ သူလည်း ကိုဘဝင်းတို့လိုပဲ မီးရထားဘူတာရုံမှာ အလုပ်ဝင်လုပ်နေသူတစ်ယောက်ပါ။ ဒါပေမယ့် သူက အရက်ဆို အနံ့တောင်မခံဘူး။ ကိုဘဝင်းတို့ဝိုင်းနားလည်း အနားမသီဘူး။ ကိုဘဝင်းတို့ကတော့ နေ့တိုင်းပဲ ဝိုင်းရှိတယ်။ သူတစ်လှည့် ကိုယ်တစ်လှည့် ဒကာခံတယ်။ ကြိုက်လို့ ဖိမ်ခံသောက်တာတော့ မဟုတ်ဘူး။ စောစောက ပြောခဲ့သလို အလဲအကွဲ သောက်ကြတာပဲ၊ ဒီလိုသောက်ကြရမှ စိတ်ကျေနပ်ကြတယ်။ ဒီလို အရက်ပေါ်တဲ့နေရာမှာ သူတို့နှစ်ယောက် သုံးယောက်အတွက် ဝန်မလေးဘူး ဆိုတဲ့ သဘောပေါ့။

တစ်ခါတော့ ကိုဘဝင်းတို့ဝိုင်းမှာ နှစ်ယောက်လဲတယ်။ ကိုမြမောင်နဲ့ကိုဘဝင်းပါ။ အဲဒီနေ့က ကိုဘဝင်းတစ်ယောက်တည်း ရမ်တစ်ပုလင်းခွဲသောက်တယ်လေ။ စသောက်လို့တော်တော်ကလေးမှူးတော့ ဘာမှန်းညာမှန်း မသိဘူး။ တစ်ခွက်ပြီး တစ်ခွက် သောက်ရင်းနဲ့ တော်တော်များများ သောက်မိသွားတာပဲ။ ဒီလိုအသောက်လွန်ပြီး ပျက်စီးသွားမှာစိုးလို့ ခင်မင်ရင်းနှီးသူတွေက ကိုဘဝင်းအစ်ကိုကို ''ကိုရေအေး၊ ကောင်လေးကို ကြည့်ဆုံးမပါဦး၊ တော်တော်ကြာ ပျက်စီးသွားမယ်''လို့ သွားပြောကြတယ်။

အဲဒီ မူးတဲ့နေ့က ကိုဘဝင်းအစ်ကို ကိုရေအေးဟာ ညီကိုဆုံးမဖို့ တုတ်ကိုင်သွားတယ်။ ရိုက်မယ်လေ။ ရောက်သွားလို့ ကုတင်ပေါ်မှာ မှောက်ပြီးအန်နေတဲ့ညီဖြစ်သူကို တွေ့ရတော့ သနားသွားတယ်။ ဖြစ်မှဖြစ်ရလေ၊ အပေါင်းအသင်းတွေကြောင့် ငါ့ညီလေး ဒုက္ခဖြစ်နေပြီပေါ့။ ဒီတော့ သူ့တုတ်ကိုချပြီး ကိုဘဝင်းကို နှိပ်ပေး၊ ယပ်ခပ်ပေးရတော့တယ်။

ကိုဘဝင်းအဖေကတော့ ပြင်းပြင်းထန်ထန် မပြောဘူး။ သားကလေး အရက်သောက်တာ မကြိုက်ပေမယ့် သူ့ဟာသူ သိတတ်လို့ပြုပြင်မှဖြစ်မှာ ဆိုတဲ့ သဘောနဲ့အတူ လမ်းလျှောက်သွားတဲ့အခါ အရက်သောက်တဲ့အတွက်အကျိုး ဘယ်လိုယုတ်စေတယ်၊ လူ့တန်ဖိုး ဘယ်လိုကျစေမယ်စသဖြင့် အေးအေးဆေးဆေးပဲ ပြောတယ်။ သူ့မိတ်ဆွေ အရက်သမားတွေအကြောင်းကိုလည်း ပြောပြတယ်။ ဒါပေမယ့် ကိုဘဝင်းကတော့ ပြန်မပြောနားမထောင်ဘဲ။

လူငယ်လူရွယ်တွေထဲမှာ ပေတယ်၊ တေတယ် ဆိုတာကို အားကျတာဂုဏ်ယူတာမျိုးလည်း ရှိတတ်တယ်။ အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်အခြေအနေများကြောင့် ဖြစ်တတ်တာမျိုးတွေပေါ့။ ဘယ်သူတွေကတော့ဘယ်လိုပေတာပဲ၊ သူတို့နှစ်ယောက်ပေါ့ကွာ။ မူးပြီးလှေစီးကြရင်းနဲ့ လှေပေါ်မှာ အမူးလွန်ပြီး အိပ်ပျော်သွားကြတယ်။ လှေကလည်း မျောနေတာပဲ။ မနက်မိုးလင်း နိုးကြည့်လိုက်တော့ တစ်နေရာမှာ လှေကမ်းတင်နေတယ်။ သူတို့မှာ ပိုက်ဆံလည်း တစ်ပြားမှမပါဘူး။ ထမင်းလည်း ဆာလှပြီ။ ဒါနဲ့ ထမင်းဆိုင်သွားပြီးထမင်းစားကြတယ်။ စားပြီးတော့မှ ''ကျွန်တော်တို့မှာ ပိုက်ဆံပါမလာဘူး၊ ဒီ နာရီပဲ ယူထားကြပါဦး၊ ကျွန်တော်တို့ လာပြန်ရွေးပါမယ်'' လို့ ပြောခဲ့ရတယ်ဆိုတဲ့အဖြစ် အပျက်မျိုးဆိုရင် ကိုဘဝင်းတို့လူစု အင်မတန်သဘောကျတာကလား။ အားတောင်ကျကြတယ်။

အရက်သောက်တာ ကြိုက်တာ မျိုးရိုးနဲ့တော့ တယ်မဆိုင်ဘူး ထင်တယ်။ ဒါပေမယ့် ကိုဘဝင်းတို့ ဘကြီးကလည်း အရက်သမားကြီးပဲ။ အားကြီးသောက်တဲ့လူပေါ့။ တစ်နှစ်မှာ တောင်ပြုန်းပွဲကိုသူသွားတယ်။ ထုံးစံအတိုင်း အရက်ပုလင်းခါးထိုးပြီး

ပွဲခင်းထဲမှာ ဟိုလျှောက်သည်လျှောက်သွားနေတာပေါ့။ တော်တော်ကလေးကြာတော့ ပုလိပ်အမှုထမ်းတစ်ယောက်က အရက်ဖမ်းတယ်။ ပုလင်းပေးလူသွားတော့လို့ဆိုပြီး ပုလင်းပေးဖို့ တောင်းသတဲ့။ သူကလည်း လူပါး။ ဒါကတော့ ဘယ်ရမလဲ ကိုယ့်လူ ဒီပွဲလာတာ သူမပါရင် ဘယ်ပြီးမလဲ၊ လူဖမ်းချင်ဖမ်း အရက်တော့အဖမ်းမခံနိုင်ဘူးဆိုပြီး အကုန်မော့ချပစ်လိုက်တယ်လေ။

ဒီလို ပေပုံ၊ ရွှတ်ပုံကလေးမျိုးတွေကို ကိုဘဝင်းတို့ လူငယ်တွေ သဘောကျကြတယ်။ ကိုယ်တိုင်လည်း ပေးစမ်းကြည့်ချင်ကြတယ်။ ရန်ဖြစ်ရမှာလည်း မကြောက်ဘူး။

နေ့စဉ် ပုံးသံ၊ စက်သေနတ်သံတွေ ကြားထဲမှာ ကြောက်ကြောက်လန့်လန့် နေကြရလို့ တခြားစိတ်ညစ်ဖျောက်စရာနည်းလမ်း ဘာမှမရှိလို့ အရက်သောက်ကြတယ်ဆိုတဲ့ အကြောင်းပြချက်တွေဟာ စစ်တွင်းကာလတုန်းက အရက်သောက်သူတွေရဲ့ လက်ကိုင်စကားတွေပဲ။ ထနောင်းပေါက်တဲ့အထက်ပိုင်း မြန်မာပြည်မှာလည်း အခေါက်ကောင်းကောင်းကျန်တဲ့ ထနောင်းပင်ရယ်လို့ မရှိဘူး။ အရက်ချက်သူတွေက ထနောင်းပင်ကိုပဲ နိုပ်စက်နေကြတာပဲ။

လူထုဦးလှ


ဦးရေအေး
လူထုဦးလှ

# ဦးရေအေး

စစ်ကြီးပြီးသွားတော့ ကိုဘဝင်း ကျောင်းပြန်နေတယ်။ ဒီလောက်သောက်လာခဲ့ပေမယ့် စွဲစွဲလမ်းလမ်းကြီး မသောက်ရမနေနိုင်တဲ့အဆင့်တော့လည်း မရောက်ခဲ့ဘူး။ ပတ်ဝန်းကျင်ကလည်း လုံးလုံးပြောင်းသွားပြီ။ ကိုဘဝင်း ကျောင်းပြန်တက်သလို ကိုဘဝင်းအစ်ကို ကိုရေအေးလည်း ကျောင်းပြန်နေတယ်။ စစ်ဒဏ်တွေ ပြန်ထူထောင်ဖို့ မြို့ပြအင်ဂျင်နီယာတွေ အများကြီးလိုနေတယ် မဟုတ်လား။ ဒီတော့ အင်းစိန်အင်ဂျင်နီယာကျောင်း (ဂျီတီအိုင်)ကို အမြန်ပြန်ဖွင့်ပေးတယ်။ ကိုရေအေး အဲဒီကျောင်းမှာတက်ခွင့်ရတယ်။

အချိန်ကာလ ပြောင်းသွားသလို ဖြစ်ရပ်တွေလည်း ပြောင်းတတ်တယ်။ ကိုဘဝင်းရဲ့ပတ်ဝန်းကျင် ပြောင်းသွားသလို ကိုရေအေးရဲ့ပတ်ဝန်းကျင်လည်း ပြောင်းသွားတယ်လေ။ ကိုဘဝင်းက လွတ်လပ်ရေးရဖို့ဆိုတဲ့ နိုင်ငံရေးယုံကြည်ချက်မျိုးနဲ့ ဖြစ်လာတယ်။

ကိုရေအေးကတော့ အင်ဂျင်နီယာကျောင်းကဆင်းပြီးတဲ့နောက် ပျဉ်းမနားနယ်မှာ အလုပဝင်ရတယ်။ မြို့နယ် အင်ဂျင်နီယာလေးပေါ့။ လူပျိုကြီး တစ်ကိုယ်တည်းပဲ။

အဲဒီတုန်းက သူအလုပ်လုပ်တဲ့ လမ်းဌာနက အင်္ဂလိပ်ကို အတိုကောက်(P.W.D) (ပီ–ဒဘယ်လ်ယူ–ဒီ)လို့ခေါ်တယ်။ အပြင်ဘက်က ဝင်ငွေကောင်းလို့ အဲဒီကလူတွေဟာ အင်္ဂလိပ်စာလုံး အတိုသုံးသဘောအတိုင်း ဖဲကစားတယ်၊ မိန်းမလိုက်တယ်၊ အရက်သောက်တယ်ဆိုပြီး တခြားဌာန အမှုထမ်း အရာထမ်းတွေ အရပ်သားမိတ်ဆွေတွေက နောက်ပြောင်ပြီး ပြောကြတယ်။ တကယ်ကတော့ လူလိုက်လို့ နေမှာပါပဲ။

ကိုရေအေးဆိုတဲ့အတိုင်း လူအေး၊ လူကောင်းတစ်ယောက် ဖြစ်တယ်။ ဦးရေအေးဟာ (အခုတော့ အရာရှိဖြစ်နေ၊ 'ဦး'ဖြစ်နေပြီလေ)။ ပတ်ဝန်းကျင်ကို မလွန်ဆန်နိုင်ဘူး။ မတော်လှန်နိုင်ဘူး။ တော်လှန်ဖို့လည်း မကြိုးစားဘူးနဲ့တူတယ်။ အလုပ်သက်ကလေး နည်းနည်းရလာတော့ အဲဒီ ပြောင်ပြောကြတဲ့ (P.W.D) အခေါ်အဝေါ် အလုပ်မျိုးတွေထဲ သူဝင်မိနေပြီ။

တစ်ချိန်က အရက်ဆို အနံ့တောင်မခံတဲ့ ကိုရေအေး။ ညီကိုဘဝင်း အရက်သောက်ရမလားဆိုပြီး ရိုက်ဆုံးမ, မလို့လုပ်တဲ့အစ်ကို ကိုရေအေးဟာ အခုတော့ သောက်တတ်နေပြီ။

ကိုရေအေးဟာ မိဘညီအစ်ကို မောင်နှမကို အလွန်ချစ်ခင်သူပါ။ မိဘ စကားနားထောင်တယ်။ မိဘနဲ့ ညီအစ်ကိုမောင်နှမအပေါ် အင်မတန်သံယောဇဉ်ကြီးတယ်။ သူ အင်ဂျင်နီယာကျောင်းတက်နေစဉ်က တွေ့ဆုံတဲ့ချစ်သူရှိတယ်။ အဲဒီ ချစ်သူနဲ့ အိမ်ထောင်ပြုဖို့ ရည်မှန်းထားတယ်။ သူတို့

နှစ်ယောက်ချစ်နေကြတာကိုနှစ်ဖက်မိဘကသိတယ်။ ဒါပေမဲ့ မိဘတွေက နေ့ရွှေညရွှေ့နဲ့ မပေးစားကြဘူး။ သူတို့နှစ်ယောက်ကလည်း မိဘတွေ မပေးစားလို့ဆိုပြီး ဒီလိုပဲနေကြတာပဲ။ သည်းခံစောင့်နေကြတာပဲ။

ဒီလိုနဲ့ နှစ်တွေတော်တော်ကြာလာပြီ။ ဦးရေအေးတို့ အဖေကတော့ သားယူမယ်ဆိုရင် ပေးစားလိုက်ချင်တယ်၊ အမေနဲ့နှမတွေ အစ်မတွေက အိမ်ထောင် မပြုစေချင်ဘူး။ ဒီလိုပဲ ညီအစ်ကိုမောင်နှမတွေ အိမ်ထောင်မပြုဘဲ လူပျိုအပျိုဘဝနဲ့ နေကြမယ်။ အိမ်ထောင်ပြုသူဟာ တရားခံဆိုတဲ့ အယူအဆမျိုး ဝင်လာတယ်။

ဒီလိုနဲ့ ဦးရေအေးအသက်ဟာ တဖြည်းဖြည်းကြီးလာတယ်။ အသက်၃၈–နှစ်ဟာ အိမ်ထောင်ရေးမှာ နောက်ဆုံးအရွယ်ပဲ။ ဒီထက်ကြီးမှ အိမ်ထောင်ပြုရင် ကိုယ်ကအသက်ကြီး၊ သားသမီးတွေက ငယ်ငယ်နဲ့ ကိုယ့်သားဆက်သမီးဆက်ကို မြေတောင်မမြှောက်နိုင်ဘူးလို့ အကြောင်းပြတယ်။ အမေနဲ့နှမတွေ အစ်မတွေက လျှော့မပေးဘူး၊ နားမဝင်ဘူး။ အဲဒီအကြောင်းလည်း ပါမလား။ တခြားကြောင်းတွေကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ ကိုရေအေး အသက်၄၀–အရွယ်လောက် ရောက်တော့ ရုပ်ရောနာမည်ရော ပြောင်းသွားပြီ။ ရုပ်ရည်အင်မတန် ကျသွားတဲ့အပြင် 'ကဇော်ကြီး' ဆိုတဲ့ နာမည်လည်း ရနေပြီ။

သူတို့ဌာနနဲ့ ဆက်စပ်ပြီး အလုပ်အကိုင် လုပ်နေကြသူတွေက အမျိုးမျိုးရှိတယ်။ ကန်ထရိုက်စတဲ့ အလုပ်တွေ ရချင်သူတွေပေါ့။ အဲဒီလူတွေမှာ ကိန်းသေတွက်နည်း တစ်ခုရှိတယ်။ ဘယ်သူက ဘာသားနဲ့ ထုထားတာမို့လဲ။ ဖိုး၊ ဖယ်၊ ဘော် တစ်ခုခု ကြိုက်ရမယ်။ ဒီနေရာရောက်ဖို့ သော့ဘယ်နှစ်ချက်ဖွင့်ရမလဲ၊ ဘယ်အပေါက်ကဝင်ရင် ရပါတယ်ဆိုတာတွေပေါ့။

တိုင်းပြည်မှာ စပါးဆန်ရေ အထွက်ကောင်းပြီး နိုင်ငံခြားငွေ ကောင်းကောင်းရတဲ့ ခေတ်တစ်ခေတ် ဖဆပလအစိုးရလက်ထက်က ကြုံလိုက်တယ်။ အဲဒီငွေဝင်ကောင်းပုံကိုကြည့်ပြီး ပြည်တော်သာ စီမံကိန်းဆိုတာတွေ လုပ်တာပဲ။ အဲဒီစီမံကိန်းဟာ တိုင်းပြည်အတွက် အကောင်းအဆိုး အမျိုးမျိုးရှိခဲ့ပေမယ့် ဦးရေအေးကိုတော့ အသက်တိုစေခဲ့တာ အမှန်ပဲ။

အရက်သောက်တဲ့ လူတစ်ယောက်ဟာ ညနေပိုင်းနဲ့ ညပိုင်းမှာ တော်တော်များများ သောက်တယ်။ မနက် အိပ်ရာကထတော့လည်း သောက်တယ်။ အဲဒီလို မနက်ပါသောက်မှ နေလို့ထိုင်လို့ ဖြစ်တယ်ဆိုရင် အဲဒီလို အခြေနေဟာ မကောင်းဘူး။ အရက်ဖြတ်ဖို့ မလွယ်ဘူး။ အစားကနည်းနည်း အရက်က များများ ဖြစ်ဖြစ်လာရင် အဲဒီလူဟာမဟန်တော့ဘူး။

ဦးရေအေး နေထိုင်မကောင်းတော့ သူ့ညီကိုဘဝင်းက သမားတော်ကြီးများနဲ့ပြပေးတယ်။ တီဘီရောဂါ ဖြစ်နေပြီ။ တီဘီက ဦးနှောက်တီဘီ ကာလသားရောဂါကလည်း ပါသေးတယ်။ တော်တော်ဆိုးနေပြီ။ (××××)ကြက်ခြေလေးခုလို့ ဆေးအမှတ်သားပြတယ်။

ဆိတ်ဖြူနယ်မှာ လက်ထောက်အင်ဂျင်နီယာတာဝန်ထမ်းဆောင်နေရခိုက်မှာ သူ့ကျန်းမာရေးအခြေနေဟာပိုဆိုးလာတယ်။ တစ်နေ့တော့ နှစ်ချုပ်အတွက် သူပခုက္ကူကိုလာရတယ်။

အဲဒီအချိန်မှာ သူ့ညီကိုဘဝင်းက ပခုက္ကူမှာ ကုန်သည်လုပ်နေတယ်။ ပခုက္ကူရောက်ပြီး နောက်တစ်ရက်မှာ ဦးရေအေး နည်းနည်းဖျားတယ်။ နောက် သတိမေ့သွားတယ်။ ဒီလို ဖြစ်တယ်ကြားတော့ သူတည်းတဲ့ဆီကို ကိုဘဝင်းလိုက်သွားတယ်။ စကားပြောရင်းနဲ့ တစ်ဖက်ဆွဲပါးစပ်ရွဲ့ပြီး တက်သွားတယ်။ ဟိုနှိပ် ဒီနှိပ်နဲ့ ပြန်ကောင်းသွားတယ်။ ဒါကြောင့် ချောက်ဘီအိုစီဆေးရုံကို အမြန်ခေါ်သွားပြီး တစ်လလောက် ကုရတယ်။

ဆေးရုံကဆင်းပြီး တစ်နှစ်ခွဲလောက်နေတော့ ရောဂါပြန်ပေါ်လာပြန်တယ်။ ဦးနှောက်တီဘီဆိုတာ

အင်မတန်ကြောက်စရာကောင်းတာပဲ။ သူ့တင်ပါးတွေမှာ ဆေးထိုးတာ အလုံးငါးရာ မကတော့ဘူး။ နှစ်ဖက်လုံး ကြပ်ခဲကြီးဖြစ်နေပြီ။

ဒီတစ်ခါထပ်ဖြစ်တော့ ကိုဘဝင်းက သူ့အစ်ကိုကို မန္တလေးမှာကုဖို့ ခေါ်ခဲ့ပြီး ဆေးရုံတင်တယ်။ လမ်းလျှောက်သွားနေရာက ဒူးတွေညွှတ်ပြီး လဲသွားတယ်။ အိမ်သာတက်မယ်ဆိုပြီး အိမ်သာထဲမှာ သတိလစ်နေလို့ ပွေ့ယူရတယ်။ တစ်နေ့နှစ်ကြိမ် အဖျားတက်တယ်။ အဖျား ၁၀၄ ကျော်သွားရင် အကြောတွေဆွဲပြီး တက်တော့တာပဲ။

ဆေးရုံကြီးက ဆရာဝန်များ ဆရာမများလည်း ကြိုးစားပြီး ကုသပေးကြတယ်။ နောက်ဆုံးတော့ ဆေးရုံက ဆင်းခွင့်ရတယ်။ အဖျားလည်း မရှိတော့ဘူး။ ဒါပေမဲ့ လမ်းမလျှောက်နိုင်ဘူး။ ဦးနှောက်လည်း မမှန်တော့ဘူး။ ဦးနှောက်က အလုပ်မလုပ်တော့ စကားပြောလည်း မမှန်တော့ဘူး။ ဒီရောဂါဟာ ကုလို့လည်း မရဘူးတဲ့။ ဦးရေအေး မုံရွာမှာ ဆုံးတယ်။ အဲဒီတော့ သူ့အသက် ၄၃-နှစ်ပဲရှိပါသေးတယ်။

လူထုဦးလှ


ချစ်တဲ့သူ အငိုတိတ်အောင်
လူထုဦးလှ

# ချစ်တဲ့သူ အငိုတိတ်အောင်

အစ်ကိုဆုံးပြီးတဲ့နောက် ကုန်သည်အလုပ်က လည်း မရေရာတာနဲ့ ကိုဘဝင်းလည်း မန္တလေးက စက်ရုံတစ်ရုံမှာ ဝင်အလုပ်လုပ်တယ်။ အဲဒီ စက်ရုံက စာရေးကြီးဦးဘဖေဟာ အင်မတန်သဘောကောင်း တယ်။ ကိုဘဝင်းနဲ့ ဦးဘဖေဟာ တွေ့တွေ့ချင်းခင် မင်ကြတယ်။ ဦးဘဖေက အသောက်သမား။ ကိုဘ ဝင်းနဲ့တွေ့စမှာ နေ့စဉ် အရက်ဖြူတစ်ဝက်ရည်ကို ကရင်ဆော်ဒါနဲ့ ရောသောက်တဲ့ အဆင့်ပဲ ရှိသေး တယ်။ သူ့ဇနီးဒေါ်ခင်စီက အချက်အပြုတ်ကောင်း တယ်။ လူမှုရေးလည်း အင်မတန် နားလည်တယ်။ သူတို့မှာ သမီးကြီးတစ်ယောက်နဲ့ သားငယ်သုံး ယောက်ရှိတယ်။ ကိုဘဝင်း အလုပ်ဝင်ပြီးလို့ လေး ငါးလနေတော့ သူတို့စက်ရုံကမန်နေဂျာ နိုင်ငံခြား ကိုသွားရတယ်။ ဒီတော့ စာရေးကြီးဟာ စက်ရုံမှာ အကြီးဆုံးပေါ့။ မန်နေဂျာရှိနေတုန်းကတော့ မန်နေ ဂျာက အကျိုးအကြောင်းပြောပြပြီး ထိန်းတယ်။ အခုတော့ အကွပ်အညှပ်မရှိဘူး။

ဦးဘဖေရော သူ့ဇနီး ဒေါ်ခင်စီပါ အပေါင်း အသင်း အင်မတန်ကောင်းတယ်။ ဒါကြောင့် သူတို့ ကို ခင်မင်ကြတယ်။ ဦးဘဖေရဲ့စိတ်က အရက်ထဲ သာရောက်နေတော့ အလုပ်ထဲမှာ ဘာအာရုံမှ မရှိ ဘူး။ အလုပ်ကတော့ အောက်လူတွေနဲ့ လွှဲထားတဲ့ သဘောပဲ။ သူ့လက်သုံး စကားကတော့ "အို. . ဒါတွေ ရှုပ်ပါတယ်၊ မီးသာ ရှို့ပစ်လိုက်ပါ"တဲ့။

ဒီလိုနဲ့ အရက် အသောက်များများလာတယ်။ မိုးလင်းချိန်ကစပြီး အရက်ဖြူ နှစ်လုံးလောက်ကို ရေများများရောပြီး တစိမ့်စိမ့် သောက်တယ်လေ။ အဲဒီ နှစ်လုံးလောက် ကုန်တဲ့အချိန်ဆိုရင် ရုံးခန်း အပေါက်မှာ ဇက်ကျိုးနေလို့ အိမ်ပြန်ပို့ရတာပဲ။ မွန်းလွဲပိုင်း အိပ်ရာကနိုးတော့ တစ်ခါဆက်သောက် ပြန်တာပဲ။ မနက်ပိုင်းကလိုပဲ ကုပ်ကျိုးပြီး အိပ်ပျော် သွားပြန်တာပဲ။ အဲဒီလိုနဲ့ ဦးဘဖေရဲ့ အရက်ဟာ နေ့ညဆက်နေတယ်။ ကိုဘဝင်းက သူ့ စာရေးကြီး ကို သူ့အစ်ကို အင်ဂျင်နီယာဦးရေအေး ဖြစ်ရပုံတွေ ပြောပြတယ်။ မရပါဘူး။

ဒါပေမဲ့ သူကပါးတယ်။ အရက်သောက်ရင် အစာဝင်မှ ခံနိုင်တယ်ဆိုတာ သူသိတယ်။ ဒါ ကြောင့် အချိန်မရွေးဘူး၊ သူနိုးတဲ့အချိန်မှာ ထမင်း စားတယ်။ ဝင်အောင်ကို စားတယ်။

သူ့လခ ၃၀၀/လောက် ရတယ်။ အဲဒီ အထဲက အသက်အာမခံအတွက် လစဉ် ၂၅/လောက်သွင်း တယ်။ ဟိုလူဒီလူတိုက်တာတွေ သောက်ပေမယ့် သူ့လခတစ်ဝက်လောက်ကလည်း အရည်ပျော် အရက်ဖြစ်ကုန်တာပဲ။ ဒါကြောင့် အသက်အာမခံ အတွက် သူမထည့်ချင်တော့ဘူး။ မထည့်ချင်တဲ့အ ကြောင်း ရုံးကလူတွေကိုပြောတော့ အားလုံးလိုကပဲ "ထည့်သာထည့်ပါ၊ ခင်ဗျားက ရှုံးမယ့်လူမဟုတ်ပါ ဘူး၊ မြတ်မယ့်လူပါ"လို့ ရယ်ရယ်မောမော ဝိုင်း

ပြောကြတယ်။ ဦးဘဖေလည်း ဆဲဆိုပြီး ထည့်ရတာပေ့ါ။

ဒီလိုနဲ့ လုပ်အားသိပ်ကျပြီး သောက်အားက သိပ်တက်နေတယ်။ တကယ်ကတော့ သူအလုပ် မလုပ်နိုင်တော့ပါဘူး။ ခြောက်နှစ်အတွင်းမှာ စာ ခြောက်ရွက်ပြည့်အောင်မှ ရေးရဲ့လား မပြောတတ်ဘူး။ သူ့ကို ဘာတာဝန်ပေးလို့မှ မရတော့ဘူး။ ဒါကြောင့် ဘေးမဲ့သဘောပဲ ထားလိုက်ကြတယ်။ စက်ရုံကိုလာရင် ဟိုထိုင်ဒီထိုင်နဲ့ ပြီးသွားတာပဲ။ ဘယ်သူကမှလည်း သူ့ကို ဘာမှမပြောကြတော့ဘူး။

စက်ရုံမှာ ပစ္စည်းလာဝယ်သူတွေက တိုက်သွားတာတွေလည်း ရှိသေးတယ်။ လူတွေကလည်း အလိုက်သိကြတယ်။ သူနားပူမခံဘူး။ တစ်ကျပ်ဖိုး နှစ်ကျပ်ဖိုးတော့ တိုက်သွားကြတာပဲ။ အိမ်မှာ ဆန်ဖိုးမရှိဘူးဆိုရင် သူ့လက်ထဲတော့ မထည့်ကြဘူး။ အိမ်မှာ သွားပေးကြတယ်။ သူမူးနေရင် 'ချစ်တဲ့သူ အငိုတိတ်အောင်' ဆိုတဲ့ စကားလုံးကို ဆိုလေ့ရှိတယ်။

ဦးဘဖေဟာ တကယ်ကတော့ အလားအလာ ရှိသူပါ။ ပထမ သူ ပြန်ကြားရေးအရှိငယ် လုပ်တယ်။ ဒီနောက် အလယ်တန်းပြဆရာလုပ်ခဲ့တယ်။ အရက်ကြောင့် ဒီလို ဖြစ်ကုန်တာပါ။ သူမင်္ဂလာ ဆောင်တုန်းက နှစ်ဖက်မိဘတွေကို ကန်တော့ကြတော့ အမူးလွန်နေလို့ ကန်တော့ပြီးပြန်ထတဲ့အချိန်မှာ သူငယ်ချင်းတွေက တွဲထူကြရတယ်။ အဲဒီလောက်ဆိုးတာ။

ခရီးထွက်ရင်လည်း ပုလင်းပဲ သူကဂရုစိုက်တယ်။ အိပ်ရာလိပ်တို့၊ အဝတ်အစားအိတ်တို့ဟာ ဘာမှအရေးမကြီးဘူး။ မန္တလေးကအသွား ဘယ်တွဲစီးရင် ပျဉ်းမနားဘူတာရောက်တော့ ဘူတာက အရက်ဆိုင်နဲ့ တည့်တယ်။ ရန်ကုန်ကအပြန် ဘယ်တွဲ စီးရင် တောင်ငူဘူတာက အရက်ဆိုင်ရှေ့ ရောက်တယ်ဆိုတာတွေ သူ အားလုံးသိတယ်။ မီးရထားရပ်တဲ့ အချိန်ကလေးမှာ အပြေးအလွှား ရိက္ခာဖြည့်လိုက်သေးတယ်။ အလွတ်မပေးဘူး။

ပုလင်းယူလာပြီး မီးရထားပေါ်မှာလည်း တစိမ့်စိမ့် သောက်တာပဲ။ အရက်ကုန်တော့ ပုလင်းကို ပစ်ချခဲ့ရော။

ဒီလိုနဲ့ အရက်ဖိုးက တရားလွန် များများလာတယ်။ အစိုးရချက်တဲ့ အရက်ဖြူတောင် မသောက်နိုင်တော့ဘူး။ 'တော'ကို သောက်ရတယ်။ တောဆိုင်မှာသူ့ဇနီးဒေါ်ခင်စီက လက်မှတ်ရေးပြီးအကြွေးယူရတယ်။ လခထုတ်တော့ပေးပေ့ါ။

တစ်နေ့တော့ ရန်ကုန်မှာ သင်တန်းတက်ဖို့ အစီအစဉ်ရှိတာနဲ့ ဦးဘဖေ ဆေးရုံကြီးမှာ ဆေးလက်မှတ် သွားယူတယ်။ အဲဒီတော့ ရောဂါတွေ တွေ့တော့တာကိုး။ အသည်းတွေ ရောင်နေပြီ။ မိုက်ကလည်း ဖျဉ်းနဲ့။ ဒီတော့ သူတော်တော် ကြောက်သွားတယ်။ ဒါပေမဲ့ သူကြောက်တဲ့အချိန်ဟာ တော်တော်နောက်ကျသွားပြီလေ။

ဒီလို အသောက်ကြူးတဲ့ အရက်သမားတွေ နောက်ဆုံးကြုံကြရတဲ့အဆင့်ကတော့ သတိလစ်ပြီး တက်သွားမယ်။ ကိုယ်ရောင်ပြီး သေမယ်။ မျက်စိကန်းမယ်။ ဖျဉ်းစွဲပြီးသေမယ်။ အသည်းရောင်ပြီး သေမယ်။ ဦးနောက်တိဘီ၊ ရိုးရိုး အဆုတ်တီဘီ ဖြစ်ပြီး သေမယ်။ ဒါတွေက တစ်မျိုးမဟုတ်တစ်မျိုး မလွဲမသွေ တွေ့ကြုံရတဲ့ ရောဂါတွေပဲ။


အခြေနေ တော်တော်ဆိုးပေမယ့် ဦးဘဖေကတော့ အရက်ကို မဖြတ်နိုင်သေးဘူး။ သောက်နေတာပဲ။ ဆရာဝန်က ဆေးတွေဘာတွေထိုးတာကုတာပဲ။ မရပါဘူး။ ဦးဘဖေဆုံးတော့ အသက် ၃၈–နှစ်ပဲ ရှိသေးတယ်လေ။

'ချစ်တဲ့သူ အငိုတိတ်အောင်' ဆိုတဲ့ သူ့စကားအတိုင်းပဲ အသက်အာမခံငွေ ၆၀၀၀ိ/နဲ့ လုပ်သက်ဆု ၃၀၀၀ိ/သူ့ဇနီးနဲ့ သားသမီးများအတွက် ထားခဲ့တယ်။

လူထုဦးလှ

# ပြောစမှတ် ဆုတောင်း

လူထုဦးလှ



# ပြောစမှတ်ဆုတောင်း

ကိုစောမောင် ထန်းရည်ခါးစသောက်တာ မြန်မာပြည် ဂျပန်ဝင်စတုန်းကပါ။ အသက်ဆယ့်ငါးနှစ်လောက်ပဲရှိသေးတယ်။ လူတွေ စိတ်ဓာတ်ပျက်၊ အကျင့်ပျက်တဲ့အချိန်ပေါ့။ နောက်ပြီး သူတို့ ရပ်ရွာဒေသက ထန်းရည်ခါးပေါတယ်။

သူ့မှာ မွေးချင်းငါးယောက် ရှိတယ်။ သူက အငယ်ဆုံး။ သူငယ်ငယ်ကတည်းက သူ့မိခင် ဆုံးသွားတယ်။ မိတဆိုးကလေးဆိုပြီး မွေးချင်းသားချင်းများက ဗိုင်းအလိုလိုက်၊ ယုယလာခဲ့ကြတော့ ခပ်ပေပေ အောက်ခြေခပ်လွတ်လွတ် သောက်တယ်၊ ရမ်းတယ်။ ထန်းပင်ပေါတဲ့အရပ်ဆိုတော့ ထန်းရည်ခါးက အလျှံပယ်။ ချက်အရက်ကလည်း သိပ်မပြတ်ဘူး။ ပတ်ဝန်းကျင်ကျေးရွာတွေကလည်း ထန်းပင်ပေါတဲ့ရွာတွေ ဒီတော့ ကိုစောမောင် သောက်ချင်သလောက် သောက်နေတာပဲ။

ဂျပန်ခေတ်မှာပဲ အသက် ဆယ့်ခုနစ်နှစ်အရွယ်နဲ့ ကိုစောမောင် အိမ်ထောင်ပြုတယ်။ ဘာအလုပ်မှတော့ မယ်မယ်ရရ မလုပ်တတ်ဘူး။ သူ့မိဘက လယ်သမားပေမယ့် စီးပွားရေး ချောင်လည်တယ်။ ကိုစောမောင်ကို ဘာမှသိပ်မခိုင်းဘူး။ အလုပ် မလုပ်ရလေ ပိုသောက်လေပေါ့။

နဂိုကတည်းက သိပ်အလုပ်မလုပ်တတ် အသောက်ကလည်း စွဲနေတော့ သူအိမ်ထောင်ဦးစီးဖြစ်နေပေမယ့်လည်း အလုပ်ကောင်းကောင်း မလုပ်ဘူး။ တဖြည်းဖြည်း သားသမီးတွေသာ တိုးလာပြီး စားအိုးက ကြီးလာတယ်။ စီးပွားရေးက ကျပ်တည်းလာတယ်။ မြေရောင်းလှည်းရောင်း စားရတယ်။ နောက်တော့ အိမ်ပဲကျန်တော့တယ်။ မိဘအမွေရခဲ့တဲ့ပစ္စည်းများဟာကောင်းကောင်းမွန်မွန် လုပ်ကိုင်စားမယ်ဆိုရင် တောအနေနဲ့ ဝမ်းဝဝ ခါးလှလှနေနိုင်တဲ့ ပစ္စည်းများပါ။ လယ်ယာလုပ်စရာမရှိတော့ နွားသတ်ပြီး ရွာစဉ်လှည့် အမဲရောင်းစားတဲ့ အလုပ်လုပ်တယ်။ ဒီလိုအလုပ်မျိုး လုပ်ဝံ့တာကတော့ ထန်းရည်အရက်သောက်လို့ပဲ။

ဒီအချိန်အထိ နောင်တမရသေးဘူး။ မရရှိမက ကိုယ်တိုင်ထန်းတက် ထန်းရည်ခါးတည် ရောင်း။ သောက်လည်းသောက်၊ အရက်လည်း ချက်တယ်။

သူ့မှာ သားသမီးကိုးယောက် ရှိနေပြီ။ တူတူတန်တန် စာသင်ရတဲ့ကလေး တစ်ယောက်တစ်လေမှ မရှိဘူး။ ငါးနှစ်ခြောက်နှစ်အရွယ် ကျောင်းထား။ ရှစ်နှစ်ကိုးနှစ်အရွယ် ကျောင်းနှုတ်ပြီး အိမ်ဟာဟီရ ခိုင်း။ ဒီထက် နည်းနည်းကြီးလာတော့ သူများ ကျွဲနွား အငှားကျောင်းခိုင်း။ ပဲကောက်၊ နှမ်းနှုတ် အငှားလိုက်ခိုင်းတယ်။ ဒီလို ခိုင်းလွန်းလို့ ဘုရားရှိခိုးရင် ''စောမောင် မိန်းမနဲ့ သားသမီးများ ဘဝတိုင်း မဖြစ်ပါရစေနဲ့'' လို့ ဆုတောင်းကြလို့တောင် ပြောစမှတ် ဖြစ်နေတယ်လေ။

သောက်ပေမယ့် သူတစ်စိမ်းတွေနဲ့ကျတော့

အပေါင်းအသင်းဆန့်တယ်။ အိမ်သူအိမ်သားချင်းတွေအပေါ်တော့ အားကြီးဆိုးတယ်။ ဟိုဆဲ၊ ဒီဆဲ၊ ဟိုရမ်း၊ ဒီရမ်းပဲ။ သားချင်းတွေက လူမိုက်ဆိုပြီး သူ့ကို ဘယ်သူကမှ မတုကြဘူး။ တစ်နည်းဆိုရင်တော့ သားချင်းတွေကရော ပတ်ဝန်းကျင်ကပါ သူ့ကို ဝိုင်း ပယ်ထားကြတယ်။

အသက်လေးဆယ်ကျော်လာပြီ။ ဆယ့်ငါးနှစ်သားလောက်က စသောက်တာဆိုတော့ ထန်းရည်၊ အရက်သောက်လာတာချည်း အနှစ် နှစ်ဆယ်ကျော်ပြီ။ ခြေတွေလက်တွေ နည်းနည်းတုန်လာတယ်။ အသားအရေတွေကလည်း ပွရောင်းရောင်းဖြူဖတ်ဖြူရော်နဲ့ ဖြစ်လာတယ်။

၁၉၇၂-ခုနှစ် စက်တင်ဘာလ မိုးစွေနေတဲ့ နေ့တစ်နေ့မှာ မနက်အိပ်ရာက ထထချင်း ကိုစောမောင် အရက်သောက်တယ်။ မူးလာတော့ ဆေးလိပ်,လိပ်ပြီးသား မရှိရကောင်းလားလို့ မိန်းမကို ဆူတယ်။ မအားလို့ မလိပ်မိတဲ့အကြောင်း၊ ခုချက်ချင်း လိပ်ပေးမယ့်အကြောင်း ပြောပေမယ့် မကျေနပ်ဘူး။ သူ့ကို ပြန်ပြောရကောင်းလားဆိုပြီး မိန်းမကို ရိုက်တယ်။ ဒီတော့ အပျိုပေါက်၊ လူပျိုပေါက်ဖြစ်နေတဲ့ သားသမီးတွေကပါ အဖေလုပ်တာ မမှန်ဘူးလို့ ဝိုင်းပြောကြတယ်။ ဒီတော့ သားအမိတစ်တွေ ငါ့ကိုကာပြန်တယ်၊ နင်တို့ အိမ်မှာ မနေတော့ဘူးဆိုပြီး ထွက်သွားတယ်လေ။ အသင့်ရှိနေတဲ့ ထန်းရည်နှစ်မြူနဲ့ အရက်ဖြူတစ်ပုလင်းလည်း ယူသွားတယ်။ တစ်နေ့လုံး တစ်ညလုံး ပြန်မလာဘူး။

နောက်တစ်နေ့မနက်မှာ သူ့မိန်းမ ဟင်းရွက်ခူးသွားတယ်။ ရွာနဲ့ ကိုက်ငါးရာတွင်းလောက်ဝေးတဲ့ လယ်တဲတစ်တဲရောက်တော့ အဲဒီတဲထဲမှာ ကိုစောမောင် တုံးလုံးလဲနေတာ တွေ့ရတယ်။ မိုးရွာတာကလည်း နေ့ညမစဲဘူး။ အဲဒီအချိန်ထိ ရွာနေတုန်း။ ကိုစောမောင်ကို ကိုင်ကြည့်လိုက်တော့ တစ်ကိုယ်လုံး အေးစက်ပြီး တောင့်တင်းနေပြီ။ သူနဲ့ ပါသွားတဲ့ ထန်းရည်နှစ်မြူလည်း ကုန်နေပြီ။ အရက်ပုလင်းထဲက အရက်လည်း လက်နှစ်လုံးစာလောက်ပဲ ကျန်တော့တယ်။

ကိုစောမောင်ဟာ တစ်ယောက်တည်း နင်းကန်သောက်ပြီး အိပ်ပျော် သွားဟန်တူပါတယ်။ အကာအရံမရှိတဲ့ လယ်တဲထဲမှာ မိုးကရွာ၊ လေကတိုက် ခြုံစရာစောင်က မပါလို့ အအေးပတ်သွားတယ်နဲ့ တူပါရဲ့။ မနေ့ညနေကတည်းက အိပ်သလား။ မှောင်မှ အိပ်သလားလည်း မသိဘူး။ ခေါ်လို့လည်း မရတော့ဘူး။ အသက်ရှူနေတာ တွေ့ရလို့သာ အသက်ရှိနေတယ်ဆိုတာ သိရတယ်။ အနီးအနားမှာ လယ်ထွန်နေတဲ့လူတွေကို အကူအညီတောင်းပြီး အိပ်ပြန်ခေါ်လာတယ်။ သူ့ကို မ,ယူတဲ့အခါ ပျော့ပျော့ပျောင်းပျောင်း မဟုတ်ဘူး။ သစ်တုံးကြီးမ,ရသလို တောင့်တောင့်ကြီး ဖြစ်နေပြီတဲ့။


အိမ်ရောက်တော့ ဆရာပင့်ပြီးကုကြတယ်။ ပါးစပ်လှုပ်ရုံ လက်လှုပ်ရုံလောက်တော့ ကောင်းလာသေးရဲ့။ စကားပီပီသသ ပြောလို့မရတော့ဘူး။ နှစ်ရက်လောက်ပဲ အကုခံတယ်။ သူသောက်တဲ့ ထန်းရည်နဲ့အရက်နောက်ကိုစောမောင်ပါသွားတော့တယ်။

ကိုစောမောင် လူတစ်ယောက်ကြောင့် အနည်းဆုံး လေးငါးယောက် ဒုက္ခဖြစ်တယ်။ ''ဘဝအဆက်ဆက် စောမောင်မိန်းမနဲ့ သားသမီးများ မဖြစ်ပါရစေနဲ့လို့ ဆုတောင်းကြ''လို့ ပြောစမှတ် ဖြစ်နေကြတာ လွန်မလား။

လူထုဦးလှ

# နှစ်လောင်းပြိုင်ဖြစ်ရသော ကာကမေသုကံ

ရန့်အောင်မောင်မောင်



# နှစ်လောင်းပြိုင်ဖြစ်ရသော ကာမေသုကံ

ဆားငန်ရေနောက်၊ ဝေါ်တိုင်းသောက်က
သောက်လေသောက်လေ၊ ဝေါ်မပြေသို့
ပေမအရာ၊ တဏှာဖွဲ့ရစ်၊ ထိုအချစ်လည်း
ချစ်လျှင်ပျော်နိုး၊ ချစ်စပျိုးသည်
ချစ်ရိုးချစ်စဉ် ချစ်လမ်းတည်း။

ဦးဒီပကျတော့ ကိုနေဦးနှင့် တစ်ဘာသာစီ။ သူသည် ကိုနေဦးလို စိတ်ကျန်းမာရေးဆေးရုံသို့ ရောက်ဖူးသူ မဟုတ်ပေ။ အမှုဖြစ်ပွားစဉ်ကလည်း စိတ်ရောဂါ ခံစားနေရခြင်း မရှိ။ လူကောင်း ပကတိ ဖြစ်၏။ ယုတ်စွအဆုံး သူ့မိန်းမသတ်မှုနှင့် ကြိုးမိန့်ကျလာပြီးနောက် ကြိုးသမားဘဝနှင့် ရှိနေစဉ်ကပင် ထိုကဲ့သို့ ကြောင်တောင်တောင် မဖြစ်သေး။

တရားရုံးမှ သေဒဏ်စီရင်ခြင်း ခံရသူတို့သည် စီရင်ချက်ချစဉ်က တစ်ကြိမ်၊ အကျဉ်းထောင်ဘူးဝသို့ ဝင်စဉ်က တစ်ကြိမ်၊ မျက်စိ မျက်နှာပျက်ဖြစ်လောက်အောင် ကြောက်ရွံ့ထိတ်လန့်လေ့ရှိကြသည်။ သူသူကိုယ်ကိုယ် လူသတ်မှုကို သက်သေခံအထောက်အထား ခိုင်လုံစွာဖြင့် အမှန်တကယ်ကျူးလွန်ခဲ့သည့် လူသတ်တရားခံများ အဖို့တော့ မိမိကိုယ်မိမိ သေလူဟု ထွက်ထားပြီးသာ ဖြစ်၏။

သို့သော် တကယ်တမ်း တရားသူကြီး၏ ပါးစပ်မှ မသေမချင်း လည်ပင်းကြိုးကွင်းတပ်၍ သတ်စေဟု စီရင်ချက်ချလိုက်သောအခါ ဘယ်သကောင့်သားသည် ပြုံးပြုံးကလေး နားထောင်နေနိုင်ပါအံ့နည်း။ ဤနေရာတွင် ကြိမ်ဖန်များစွာ ရေးသားတင်ပြခဲ့ဖူးသော်လည်း ထပ်ခါတလဲ သိလို၍ မေးမြန်းကြသူများအတွက် အပြန်ပြန်အလှန်လှန် ထပ်မံရှင်းပြပါဦးမည်။

''အဲဒီလို ကြိုးတစ်ခါပေးလို့ မသေရင် အဲဒီလူကို လွှတ်လိုက်ရတယ်ဆို''

''လုံးဝ လုံးဝမဟုတ်ပါခင်ဗျာ၊ ဘယ့်နှယ်တရားသူကြီး လက်မှတ်ရေးထိုးတဲ့ဝရမ်းထဲမှာ မသေမချင်းလို့ အတိအကျပါပြီးသားပဲ၊ အင်္ဂလိပ်လို ဝရမ်းထဲမှာလည်း(nindeath) လို့ အထင်အရှားပါပြီးသား ခင်ဗျာ၊ ဒီတော့ ဒီတစ်ကြိုးနဲ့မသေရင် နောက်တစ်ကြိုးနဲ့ ထပ်သတ်ပဲ၊ မသေတဲ့သူလည်း မရှိပါဘူးလေ။

ဒါဖြင့် မတော်တဆ ချွတ်ချော်တိမ်းပါးမှုများ မရှိနိုင်တော့ဘူးလား။ မှန်ပါသည်၊ ရှိနိုင်ပါသည်။ သို့မို့ကြောင့် လူတစ်ယောက်ကို ကြိုးပေးတော့မည်ဆိုလျှင် ကြိုးစင်ပေါ်တွင် ကြိုးကွင်းနှစ်ခု အရံသင့်ဆင်ပြီးသား။ ကားများသာ စပယ်ယာဘီးသုံးသည် မဟုတ်။ ကြိုးဒဏ်စီရင်ရာတွင်လည်း စပယ်ယာကြိုးနှင့် ကြိုးသမားလူသစ် ထောင်ဘူးဝင်ကာစ ကြောက်တာ၊ လန့်တာကတော့ ထောင်ကျလူသစ်တို့၊ အချုပ်လူသစ်တို့နှင့် သိပ်မထူးခြားလှပါ၊ ဓမ္မတာပါပဲ။

ထောင်ထဲရောက်လျှင် ဘယ်လို နေထိုင်ရမလဲ အရိုက်အနှက်များ ခံရဦးမလား၊ ထောင်ဆိုသည်မှာ

ကြောက်စရာကောင်းမှန်းကြိုတင်သိထားသော်လည်း ကိုယ်တွေ့မကြုံရခင် တွေး၍ကြောက်ရွံ့ ထိတ်လန့်တတ်သည့် သဘောတရားသာလျှင်ဖြစ်၏။ တကယ်တော့ ကြိုးသမားကိုဘာမှမလုပ်ပါ၊ လက်ဖျားနှင့်ပင် မတို့ပါ။

နာမည်မေးမည်၊ အဖေနာမည် မေးမည်။ နေရပ်လိပ်စာ၊ ဖြစ်ခဲ့သောပြစ်မှု၊ ပုဒ်မ၊ ကျခံခဲ့ရသော အပြစ်ဒဏ်တို့ကို ဝရမ်းနှင့်တိုက်ဆိုင်စစ်ဆေးမေးမြန်းမည်။ ပြီးတော့ ရဲပုံသဏ္ဌာန်တွင်ပါသည့် ကိုယ်ခန္ဓာ အမှတ်အသားများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုမည်။ ကြိုးသမားဆိုတော့ ရိုးရိုးအကျဉ်းသားထက် ပို၍ စေ့စေ့စပ်စပ် ရှာဖွေမည်။

ပြီးသည်နှင့် ထောင်မှူးကြီးကိုယ်တိုင် ကြိုးတိုက်ခန်းသို့ လိုက်ပို့မည်။ ကြိုးတိုက်ခန်းကိုလည်း နံ့နံ့စပ်စပ် ရှာဖွေစစ်မည်။ ထောင်အခေါ် တလာစီမည်။ကြိုးသမားထားသည့်တိုက်ခန်းသော့ခလောက်အတွက် သော့တူနှစ်ချောင်း ထားရသည်။ တစ်ချောင်းကို အဝတ်ငယ်အိတ်ကလေးထဲ ထည့်ပြီး အသေချုပ်ကာ ချိတ်ပိတ်ထားရ၏။ ထို့အပြင် ဓားပါးပါး ငါးလက်မခန့် တစ်ချောင်းနှင့်အတူ ကြိုးတိုက်စောင့် ထောင်ကြပ်ထံတွင် အပ်နှံထားရ၏။

ကြိုးသမား မိမိကိုယ်မိမိ သေကြောင်းကြံလျှင်၊ သို့တည်းမဟုတ် အရေးပေါ်ကိစ္စကြုံကြိုက်လျှင် ဖွင့်နိုင်ရန် ဖြစ်၏။ ကျန်တစ်ချောင်းမှာ နေ့ခင်းပိုင်း လမ်းလျှောက်ရေချိုး ထုတ်ရန်ဖြစ်၏။ ကြိုးတိုက်ခန်းကို ထောင်မှူးတစ်ယောက် ရှေ့မှာသာလျှင် ဖွင့်ခွင့်ရှိ၏။ ကြိုးသမား လူသစ်သည် ကြိုးတိုက်ခန်းထဲရောက်သွားပြီး မိမိနှင့်ဘဝတူ ကြိုးသမားများကို တွေ့လိုက်ရသည်နှင့် အလိုလိုနေရင်း အားငယ်စိတ်များ ပပျောက်သွားတတ်၏။

ကြောက်ရွံ့ထိတ်လန့်စိတ်များလည်း ဘယ်ရောက်ကုန်သည် မသိရတော့။ ဆေးရုံတက်ရသူ တစ်ဦး ဆေးရုံပေါ်တွင် မိမိနှင့် ရောဂါတူအချင်းချင်း တွေ့လိုက်ရသည့်အခါငါလိုလူလည်းရှိသေးပါကလားဟု အားတက်သွားသည့် သဘောမျိုးပင်။ ကြိုးသမားဘဝဆိုတာကလည်း အခက်သား။ အယူခံတို့ စာဒကတက်တာတို့က အနည်းဆုံး တစ်နှစ်ခွဲနှစ်နှစ်ခန့် ကြာတတ်သည်။ အဲဒါတွေ ရှုံးပြီးလို့ နောက်ဆုံးအဆင့် သမ္မတထံ အသနားခံစာတင်ထားပြီဆိုလျှင်တော့ ရက်အကန့်အသတ်မရှိ။

သို့ဖြစ်၍ အချို့ကြိုးသမားများသည် ကြိုးတိုက်ခန်းထဲတွင် အနေကြာလာသောအခါ မိမိကိုယ်မိမိ ''သေဒဏ်စီရင်ခြင်း ခံထားရသူပါတကား'' ဆိုသောအသိပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားတတ်သည်။ စိပ်ပုတီးကို နာနာစိပ်သူတို့လည်း ရှိတန်သလောက်ရှိပါသည်။ အများစုကတော့ မေ့မေ့လျော့လျော့ ပျော်ပျော်ပါးပါးပင်။ ရေချိုးထုတ်ချိန်တွင် ခြင်းလုံးခတ်သူက ခတ်၊ မယ်ဒလင်တီးသူက တီး။ သီချင်း ဆိုသူကဆို။ နှစ်ဆယ့်လေးနာရီလုံးလုံး တိုက်ခန်းကျဉ်းကျဉ်းကလေးတွင် အညောင်းမိသမျှ အချိန်ကလေးအတွင်းမှာပင် အကြောလျှော့ကြရသည် မဟုတ်ပါလား။

ထောင်မှူးမောင်မောင်သည် ဦးဒီပ ကြိုးတိုက်အတွင်းရှိစဉ်က လုံးဝ သတိမမူမိပေ။ သတိမူနိုင်စရာလည်း အကြောင်းမရှိပေ။ သူက အလုပ်ဘက်ထောင်မှူးအဖြစ် တာဝန်ယူထားချိန်ဖြစ်ရာ ကြိုးတိုက်နှင့် လုပ်ငန်းသဘောအရ ဆက်စပ်မှုမရှိသလောက် ဖြစ်၏။

ဦးဒီပတစ်ယောက် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ ထောင်အနှစ်နှစ်ဆယ်သို့ ပြောင်းပြီး အလုပ်ဘက်လာအပ်ချိန်တွင်လည်း အများနှင့်လက်ခံခဲ့ရခြင်းဖြစ်သဖြင့် ဦးဒီပကို ဝကွက်၍ မသိရှိခဲ့။ ကိုနေဦးနှင့် ညောင်ရွက်လုကြသော ကိစ္စမှစတင်ကာ ဦးဒီပကို သိခဲ့ရခြင်းဖြစ်သည်။ အမှုကို မေးမြန်းလိုက်တော့လည်း ကိုယ့်မယား ကိုယ်သတ်ပြီး ကြိုးမိန့်ကျရာမှ ထောင်တစ်သက်တစ်ကျွန်းသို့ ပြောင်းလာသူ။

ထိုအချိန်တွင် ထောင်မှူးမောင်မောင်သည်

ကိုယ့်မယားကိုယ် သတ်၍ ထောင်ထဲရောက်လာပြီး နောက်ခပ်ကြောင်ကြောင်ဖြစ်သွားသူများအကြောင်း ကို အတော်လေး စိတ်ဝင်စားနေမိပြီ ဖြစ်၏။ သို့ သော် ဘာကြောင့်မှန်း မသိ။ ထောင်ထဲရောက်လာ သမျှ အကျဉ်းသားတို့သည် အပြင်တွင်ဖြစ်ပျက်ခဲ့ သမျှ အမှုအကြောင်းအရာတွေကို ထောင်အာဏာ ပိုင်တွေကမေးလျှင် ဘယ်သောအခါမှ အမှန်တိုင်း မပြောချင်ကြ။ အချုပ်တရားခံဆိုလျှင်လည်း ထားပါ တော့။ အမှုမပြတ်သေးလို့။ အခုတော့ အမှုပြီးပြတ် ၍ ထောင်ကျလာသူတို့ကလည်း ဝေ့လည်ကြောင် ပတ် ဖြေလေ့ရှိကြသည်။

''အလကားပါ ဆရာရယ်၊ သူကြီးနဲ့ မတည့်လို့ အမှုဆင်တာ ခံလိုက်ရတာပါ။ ငွေများ တရားနိုင်လို့ အဆိုရှိတယ်မဟုတ်လားဆရာရယ်၊ တကယ်သတ် တဲ့သူဘက်က ငွေရှင်ကြေးရှင်တွေဆိုတော့ အာဏာ ပိုင်တွေကို ငွေနဲ့ပေးအောပြီး ကျွန်တော့်ကို ထောင် ချလိုက်တာပါ'' စသည် စသည်အားဖြင့် ထောင် ထဲရောက်လာသမျှ ခြောက်ပြစ်ကင်း သဲလဲစင် လူ သူတော်ကောင်းကြီးတွေလား ထင်မှတ်မှားရသည်။

အဲ သူတို့အကျဉ်းသား အချင်းချင်းတွေ့ကြပြီ ဆိုမှဖြင့် ဒီလို မဟုတ်ပြန်တော့ပေ ငါ့အမှုက ဒီလိုကွ ဟု အစချီကာ ဖြစ်ကြောင်းရယ် ကုန်စင်လို ကကြီးမှ အစအဆုံး အူမချေးခါး မကျန်တစ်လုံးချင်း ဖေါက် သည်ချလေ့ရှိသည်။ တစ်ခုတော့ရှိသည်။ ထောင်အာဏာပိုင်တို့ဖြစ်စဉ် ကျောရိုးလောက်ထိ သိထားပြီဆိုလျှင်တော့ မလိမ်ရဲ မညာရဲတော့။ အမှန်အတိုင်း ပြောလာတတ်ကြ၏။

သို့နှင့် ထောင်မှူးမောင်မောင်မှာ ကြားလူတစ် ယောက် ရာရတော့သည်။

''မောင်တွတ်ရေ''

''ခင်ဗျာ. . . ဆရာကြီး''

မောင်တွတ်မှာ ထောင်မှူးမောင်မောင်၏ ခြေ မြန်တော် သို့မဟုတ် ရုံးစေလုလင်။ တစ်နည်းအား ဖြင့် ထောင်တွင်းအခေါ် အလုပ်ဘက်ထောင်မှူး၏ ဘာယာဖြစ်၏။ပင်လယ်ဘူးဗန်းမောက်မှဂဒူးဂဏန်း အမျိုးသားဖြစ်၍ အလွန်ရိုးသားသည်။ 'လက်သမား ရုံး သွားစမ်းဟေ့'ဟု ဆိုလိုက်လျှင် စကားမှမဆုံး သေးဘဲ ရှတ်ခနဲ သူပြေးသွားပြီး လက်သမားရုံး ရောက်မှ တစ်ခေါက်ပြန်လာကာ 'ကျွန်တော် ဘာ လုပ်ရမလဲ ဆရာကြီး' ဟု ပြန်မေးတတ်သည့် လူ စားမျိုး ဖြစ်၏။ သို့ဖြစ်၍ သူ့ကိုခိုင်းလျှင် လက်ကို ဆွဲထားပြီး စကားအစအဆုံးပြောပြီးမှ လက်ကို ပြန် လွှတ်လိုက်ရ၏။

''လက်သမားရုံးက ဆိုင်းဆရာကိုဘဖေကို သွားခေါ်စမ်း၊ တယောဘဖေကိုပြောတာနော်၊ စက် ရုံက စက်ဘဖေကို ပြောတာမဟုတ်ဘူး''

ထိုစဉ်က ထောင်ထဲတွင် နာမည်ကြီးဘဖေနှစ် ဦးရှိသဖြင့် တယောနှင့်စက်ဟု နှစ်ခုခွဲထားရ၏။ တယောဘဖေကထီးချိုင့်နယ်ကထောင်ကျလာသော ရှေးခေတ်တယောအထိုးကောင်းသူ။ စက်ဘဖေက စက်ချုပ်ရာတွင် နာမည်ကြီး။ ထောင်မှအရာရှိများ ပါသိသွားကာ ယူနီဖောင်းလာ၍အပ်လေ့ရှိကြသည်။ နာမည်ကြီးမှာပေါ့။ သူက(၂၆)ဘီလမ်းရှိ နာမည်ကြီး စက်ချုပ်ဆိုင်တွင် စက်ချုပ်ရာမှ အပေါင်းသင်းမှား၍ ဓားပြမှုဖြင့် ထောင်ကျလာသူကိုး။

မကြာမီ မောင်တွတ်နှင့်အတူ တယောဘဖေ ရောက်လာ၏။

''ကိုဘဖေ ဦးဒီပဟာ ခင်ဗျားဆိုင်းကနော်''

''ဟုတ်ပါတယ်''

''အိပ်တော့ကော''

''ထောင်ကျဆောင် အခန်းမှာလေ၊ ကျွန်တော် နဲ့ တစ်ခန်းတည်းပေါ့''

''အေးဗျာ တစ်ခုလောက်ကူညီစမ်းပါ၊ သူ့အမှု ဖြစ်စဉ်လေး မေးပေးစမ်းပါ''

ကိုဘဖေမှာ နားခေါင်းရှုံ့သွားသည်။

''ဟာ ဆရာရယ်၊ တခြားခိုင်းချင်တာ ခိုင်းစမ်း ပါ၊ ကျားမြီးဆွဲဆို ဆွဲပါ့မယ်၊ ဒီကောင်နဲ့ စကား ပြောရတာ လက်ပေါက်ကပ်လွန်းလို့''

''ဘယ်လို လက်ပေါက်ကပ်တာလဲဗျ''

''အို မေးလည်း ပြောချင်မှပြောတာ၊ ခိုင်းလိုက်ရင်လည်း သူလုပ်သမျှ တလွဲချည်းပဲ၊ တစ်လောဆီကများ ဆရာမြင်စေချင်တယ်၊ ဗီရိုဘေးတောင်ခြောက်တစ်တစ်ချပ်ကို ရွှေပေါ်ထိုးနေလိုက်တာ ရွှေပေါ်စာလည်း မထွက်ပါလားလို့ ရွှေပေါ်ကိုယူကြည့်လိုက်တော့ ရွှေပေါ်သွားမှ မတပ်ဘဲကိုးဗျ''

ထောင်မှူးမောင်မောင်ပါ ပြုံးလိုက်မိသည်။

''ဒါနဲ့ အဖြတ်အတောက်များ ရမလားလို့ လှအပ်ကြည့်တော့လည်း ခြစ်ပြထားတာက တစ်နေရာ၊ သူဖြတ်တာကတစ်နေရာ၊ ဆောက်ကိုင်ခိုင်းဖို့တော့ ဝေလာဝေးပေါ့၊ လက်သမားရုံး ရောက်နေတာလည်း ကြာလှပြီ၊ သူ့နောက်မှရောက်တဲ့သူတွေတောင် ဆိုင်းခွဲထောင်နေကြပြီ''

''အေး အဲဒီလို ထူးခြားတာလေးတွေရှိလို့ ခင်ဗျားကို အမေးခိုင်းရတာပေါ့ဗျ၊ အကြမ်းဖျဉ်းလောက်သိရင်တော်ပါပြီ၊ ကျန်တာ ကျွန်တော့်ဘာသာ ဆက်မေးပါ့မယ်၊ မောင်တွတ်ရေ ဗီရိုထဲက ကြယ်နီဆေးပေါ့လိပ် ဆယ်စီးတစ်စီး ကိုဘဖေကို ပေးလိုက်ကွာ''

''သူက ကွမ်းကြိုက်တာ ဆရာရဲ့ ကွမ်းမရရင် ဆေးရွက်ကြီးရှာငုံတာပဲ၊သူ့မှာထောင်ဝင်စာကလည်း လာမယ့်သူမရှိတော့ ဒီလိုပဲ ဝက်သားဟင်းပုံစံလေး ရောင်းလိုက်၊ အနင်းအနှိပ် ကြိုက်တဲ့သူကို နင်းနှိပ်ပေးလိုက်နဲ့ ကြဲဖန်ပြီး ဆေးရွက်ကြီးငုံနေရတာ''

''အဲဒီ ဆေးပေါ့လိပ်ကလည်း ဆေးရွက်ကြီးတို့ ကွမ်းတို့ ဖြစ်ပါတယ်ဗျာ၊ ဦးဖဲသာ ဘုရားဈေးမှာ ဘာယူမလဲ ကြိုက်တာသာပြော''

မှန်၏။ ထောင်ထဲမှာတော့ ဆေးပေါ့လိပ်ဆိုသည်မှာ ပေါ့သေးသေးမဟုတ်၊ ပြင်ပလောကရှိ အက်ဖ်အီးစီလောက် နီးနီးခရီးရောက်၏။ ဦးဖဲသာ ဘုရားဈေးကလည်း ယခုခေတ် လေဟာပြင်ဈေးနှင့်နင်လားငါလား။ လိုတာ အစုံရသည်။ ကွမ်းယာယူမလား ကုလားပဲကြမ်းကြော် ယူမလား။ ထန်းလျက်၊ ပဲကြီးလှော်၊ သကြားလုံး အစုံရသည်။ ဘီကလပ်စ်မှ ပိုရှိရောင်းသည့် ပေါင်မုန့်ထောပတ်သုပ်၊ ယိုသုပ်လည်း ရနိုင်သည်။ အသားနေ့ဆိုလျှင် ကုလားဖိုမှ ပြန်ရောင်းသည့် ကြက်သားဟင်းနှင့် ပလာတာ ဝယ်စားဦးမလား။ ဆေးပေါ့လိပ်နှင့် တန်ဖိုးဖြတ်၍ သူ့ဈေးနှင့်သူ။

သို့နှင့်ပင် ဆေးလိပ်ငါးဆယ် အရင်းပြု၍ ကိုဘဖေ ပြန်ပြောသမျှ နားထောင်ပြီး ဦးဒီပဇာတ်ကြောင်း ပုံကြမ်းလောင်းနိုင်ခဲ့သည်။ နောက်ထပ် ဆေးရွက်ကြီး ငါးဆယ်သားလောက် ဝယ်ထားပြီး တစ်ပတ် တစ်ကြိမ်နှစ်ကြိမ်ဆိုသလို အနှိပ်ခံရင်း စပ်စုလိုက်သောအခါ ဆေးရောင်စုံဖြင့် စုတ်ချက်ပီပီ ခြယ်မှုန်းထားသော ပန်းချီကားတစ်ချပ်သဖွယ် ပီပြင်လာ၏။ ရုပ်လုံးပေါ်လာ၏။

အသက်ဝင်လာ၏။ အရေးကြီးတာက အဲဒီ ပန်းချီကားချပ်ကို အနုပညာမျက်စိဖြင့် ဝေဖန်သုံးသပ် ကောက်ချက်ချရန်လိုအပ်သလို ဦးဒီပ၏ ရင်တွင်းမှ အခြေခံကျသော အဖျွတ္တခံစားမှု ဝေဒနာကို မှန်ကန်တိကျစွာ ရှာကြံဖော်ထုတ်နိုင်ဖို့ပင် ဖြစ်၏။ သို့မှသာ ဦးဒီပတစ်ယောက်ဘယ်လိုလုပ်ပြီး ကြောင်တောင်တောင် ဖြစ်သွားသည်ကို ခြေရာကောက်နိုင်ပေမည်။

သို့တည်းမဟုတ် တစ်ဆက်တည်းလိုပင် ကိုယ့်မိန်းမကို သတ်လာပြီးနောက် ထောင်ထဲရောက်မှ ကြောင်တောင်တောင်ဖြစ်သွားကြသူတွေအကြောင်းကိုလည်း အစဖော်ပေးနိုင်မည့် ကွင်းဆက်ကလေးများ ရကောင်းရနိုင်ပေမည်။

''အား ကျွတ်ကျွတ်၊ အဲဒီအကြော သိပ်မထောက်နဲ့ နာတယ်ဗျ၊ ဒါနဲ့နေပါဦး၊ ခင်ဗျား အားတဲ့အချိန်တွေမှာ ဘာတွေ စဉ်းစားနေတတ်သလဲ''

ထောင်မှူးမောင်မောင်သည် အနှိပ်ခံနေရင်း လက်ပြင်ကြောတစ်ချက် ခတ်ဆတ်ဆတ်လေးအဆွဲခံလိုက်ရသဖြင့် စုတ်သပ်လိုက်ရင်း ဦးဒီပဘက် ခေါင်းစောင်း၍ မေးလိုက်ခြင်း ဖြစ်၏။

''ကျွန်တော်လား. . ''

ဦးဒီပသည် ကျွန်တော်လားဟုဆိုပြီး သူ၏စိတ်တွေ ကယောက်ကယက် ဖြစ်သွားကြောင်းကို နိုပ်လက်စ လက်ကျလက်နက ဖော်ပြလျက်ရှိ၏။ စောစောကလို စည်းချက်မမှန်တော့။ ခပ်ဖွဖွ တစ်ချက်၊ ခပ်ဖိဖိတစ်ချက် ကပေါက်တိကပေါက်ချာ ဖြစ်နေလေပြီ။

''အေးလေ. . ၊ ခင်ဗျားစိတ်ထဲမှာ ဘာတွေစဉ်းစားနေတယ် ဆိုတာကို အမှန်အတိုင်းသိချင်လို့ ကျွန်တော်က မေးတာ''

''ကျွန်တော် စဉ်းစားတာကတော့ စုံနေတာပဲ ဆရာရေ၊ ဟို ရောက်လိုက် ဒီရောက်လိုက်ပဲ''

''ဟုတ်ပြီ. . ၊ အဲဒီ ဟိုရောက်ဒီရောက်ကိုပဲ ကျွန်တော်က သိချင်တာ''

ဦးဒီပ ငြိမ်ကျသွားပြန်သည်။ နောက်ကြောရိုးတစ်လျှောက်ကို လက်ဖနောင့်နှင့် ထောက်နေရာမှ ဘာပြန်ပြောရပါ့မလဲဟု အကြံယူနေဟန် ရှိသည်။ တစ်ချက်ချက် အထိနာသွားသော်လည်း ထောင်မှူးမောင်မောင် မလှုပ်ဝံ့။

''ကျွန်တော် အဓိကထားပြီး စဉ်းစားတာကတော့ အခုဖြစ်တဲ့ကိစ္စမှာ အစပိုင်းက မှားသလား၊ အဆုံးပိုင်းက မှားသလား ဆိုတာပဲ''

''အစပိုင်းဆိုတာက. . ''

''အစပိုင်းဆိုတာက ဆရာရယ်၊ ကျွန်တော် အိမ်ထောင် ပြုလိုက်တဲ့အချိန်လို့ ဆိုရမှာပေါ့''

''ဩော်. . ဩော်''

ဒီတစ်ခါ ငြိမ်ကျသွားသူက ထောင်မှူးမောင်မောင်ဖြစ်၏။ ဒီလိုပဲဖြစ်ရမှာပေါ့၊ ဘယ့်နယ် လူတစ်ယောက်လုံး တငေးငေးတငူငူနဲ့ ကြောင်တောင်တောင် ဖြစ်လောက်အောင် ခိုင်လုံသောအကြောင်းအချက်ဆိုတာ ရှိကိုရှိရမည်။ ယင်း အချက်ပေါ်တွင် အခြေခံ၍ တနုံ့နုံ့တွေးနေ ငေးနေတာမှန်လျှင်တော့ ဦးဒီပကို ဘာမျှအပြစ်ဆိုစရာ အကြောင်းမရှိ။ လူ၏စိတ်အလျဉ်ဆိုသည်မှာထန်းလျက်ကို ညောင်စေးကျအောင် ကျိုလိုက်သောအခါ တစ်နွယ်ငင်တစ်မျှင်တန်းသွားသကဲ့သို့ဘေးဘီသို့ဖိတ်စင်စရာအကြောင်းမရှိတော့ပေ။

ပြောချင်တာ ပြောနေကြပါစေ၊ သူကြားချင်မှ ကြားမည်။ လုပ်ချင်တာတွေ လုပ်နေ၊ သူမြင်ချင်မှ မြင်မည်။ ဒါကို ကြောင်တောင်တောင်မကလို့ ကြောင်တက်တက်ပြောလျှင်လည်း သူဂရုစိုက်လိမ့်မည် မဟုတ်။ ဦးဒီပသည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်၊ နောင်မွေ့ရွာဇာတိဖြစ်သည်။မိဘရိုးရာ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့၍ အဓိကအားဖြင့် ကြက်သွန်ဖြူနှင့်အာလူး စိုက်ပျိုးသည်။

တစ်ရွာတည်းနေ တစ်ရေတည်းသောက်နန်းရွှေမြနှင့်အိမ်ထောင်ကျပြီး သားကလေးအိုက်ထွန်းတစ်ယောက်သာ မွေးဖွားခဲ့သည်။ ဦးဒီပသည် အသောက်အစား လောင်းကစားကင်း၍ အလုပ်ကိုသာ ကြိုးစားလုပ်ကိုင်ခဲ့သည့်အလျောက် စီးပွားရေးအားဖြင့် ချောင်ချိပြေလည်လျက် ရှိကြသည်။

အိုက်ထွန်း ခုနစ်နှစ်သားကျော်ကျော် ရှစ်နှစ်အတွင်းသို့အရောက် တစ်လခန့်ကြို၍ ရှင်ပြုရန် ရက်သတ်မှတ်ပြီး သင်္ကန်းတောင်းကျက်ရန် လေသာစံကျောင်းဆရာတော်ထံ အပ်နှံပြီးပြီ။ အကျွေးအမွေးအတွက်လည်း ကြိုတင်စီမံပြီးပြီ။ သားလေးအိုက်ထွန်းကိုလည်း ကြိုတင်ဆုံးမစကား ပြောထားရသေး။

''ငါ့သား ဒီရက်ပိုင်းအတွင်းမှာ သစ်ပင်အမြင့်တွေဘာတွေ မတက်နဲ့၊ ချောင်းထဲကိုလည်း ရေသွားမချိုးနဲ့၊ ကိုက်တတ်တဲ့ ခွေးတွေအနားကိုလည်း မကပ်နဲ့၊ ကန်တတ်တဲ့မြင်းတို့ ကျွဲတို့ နွားတို့နားကိုလည်း မကပ်နဲ့''

''ဘာပြုလို့လဲ အဘ''

''ရှင်ပြုခါနီး မောင်ရှင်လောင်းဆိုတာ ဒီလိုပဲ အသွားအလာအနေအထိုင် ဆင်ခြင်ရတယ်ကွယ့်''

''မဆင်ခြင်ရင် ဘာပြုလို့လဲ အဘ''

''မဆင်ခြင်ရင် ကုသိုလ်ကောင်းမှုပြုမှာကို

မလိုလားတဲ့ နတ်မိစ္ဆာတွေက ပြုစားတတ်လို့ပေါ့၊ နတ်မိစ္ဆာဆိုတာ မကောင်းဆိုးဝါးနတ်ကို ပြောတာပေါ့ကွယ်၊ မြတ်စွာဘုရား ပွင့်ခါနီးတော့ မာရ်နတ်က ဖျက်လိုဖျက်ဆီး လုပ်သလိုပေါ့''

အိုက်ထွန်းအနေနှင့် ဘယ်လောက်အထိ နားလည်သည် မလည်သည်မသိသော်လည်း ဦးဒီပက သူတတ်သမျှ ရှင်းပြခဲ့သည်။ သို့သော် ဘိုးမသေဘဲ ဘွားသေရသကဲ့သို့ အလှူမတိုင်မီ ငါးရက်အလိုတွင် မမျှော်လင့်သော အကုသိုလ်ဂြိုဟ်ဆိုးတစ်ခုဝင်ရောက်လာခဲ့သည်။ အလှူတွင် ချက်ပြုတ်ရန်အတွက် တောထဲသို့ ထင်းခုတ်သွားသောအဖွဲ့ကို ဒေါ်နန်းရွှေမြနှင့် အမျိုးသမီးအဖော်နှစ်ဦး ထမင်းလိုက်ပို့ကြရာမှ ဒေါ်နန်းရွှေမြမှာ ပိုးထိခြင်းခံရသည်။

ထိုစဉ်က ကျေးလက်ဆေးပေးခန်းများလည်း မရှိသေးသဖြင့် ပင်းတယမြို့သို့ သယ်ယူသွားခဲ့ရာ လမ်းမှာပင် အသက်ပျောက်ခဲ့ရသည်။ ဦးဒီပမှာ အတက်တွင် ဇက်ပြတ်သလို ခဲလေသမျှသဲရေကျခဲ့ရ၏။ အသုဘကို မြန်မြန်ပြီးပြတ်အောင် ဆောင်ရွက်ပြီး အလှူရက်နေ့တွင် အိုက်ထွန်းကို မပျက်မကွက် ရှင်ပြုပေးခဲ့ရာ ''မိရွှေမြရေ အမျှ အမျှ''ဟု ငိုသံပါကြီးနှင့် ရေစက်ချသံကို ကြားရသူအပေါင်းတို့မှာရင်မဆို့ဘဲ မနေနိုင်ကြတော့ပေ။ နောက်ပိုင်းတွင် ဦးဒီပအတွက် အလုပ်တစ်ခု ပိုလာခဲ့သည်။ တစ်ဦးတည်းသောသား မိတဆိုးကလေးအိုက်ထွန်းကို စိတ်မချနိုင်သဖြင့် သွားလေရာခေါ်သွားသည်။

အလုပ်သွားလည်းအတူတူ။ ပင်းတယသို့ ကုန်ရောင်းသွားလည်း အတူတူ။ သို့ကလို သွားရင်းလာရင်းက ဦးဒီပ သွားနေကျပွဲရုံတွင် တောင်ကြီးမှ သူဌေးဦးစိုင်းအောင်ထွန်းနှင့် တွေ့ခဲ့ရခြင်း ဖြစ်၏။ ဦးစိုင်းအောင်ထွန်းသည် ဦးဒီပတို့မိသားစု၏ အဖြစ်သနစ်များကို မေးမြန်းစုံစမ်းပြီးနောက် စိတ်နှလုံးကောင်းသူပီပီ မိမိတို့မှာ သမီးကလေးနှစ်ယောက်သာမွေးဖွားပြီး သားယောကျ်ားလေးမထွန်းကားခဲ့သဖြင့်ဇနီးဖြစ်သူမှာသားရူး,ရူးနေသူဖြစ်ကြောင်း. . .။

ဦးဒီပ ခွင့်ပြုမည်ဆိုလျှင် အိုက်ထွန်းကို စာချုပ်စာတမ်းနှင့် မွေးစားလိုကြောင်း၊ ပညာတတ်အောင်လည်း ကျောင်းကောင်းကောင်းထားပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဦးဒီပ အမက်ဆုံးအချက်မှာ ကျောင်းထားပေးမည်ဆိုသည့် ကိစ္စပင်ဖြစ်၏။ တကယ်တမ်း အိုက်ထွန်းသည် ကျောင်းနေဖို့ ဝေလာဝေး၊ မြန်မာလို သေစာရင်စာလေးတောင်မှ ဘုန်းကြီးကျောင်းမှာ အနိုင်နိုင်တက်ခဲ့ရသူဖြစ်၏။

သို့ဖြစ်၍ ကိုယ်မချိအမိသော်လည်း သားတော်ခဲဆိုသကဲ့သို့ သားလေးအိုက်ထွန်းကို မခွဲချင်ဘဲ ခွဲခဲ့ရ၏။ မထည့်ချင်ဘဲ ထည့်ခဲ့ရ၏။ သို့နှင့်ပင် ဦးဒီပသည် မယားကိုလွမ်းတာကတစ်မျိုး၊ သားကို သတိရတာကတစ်ဖက်နှင့် အသက်၃၅–နှစ်ကျော်မှ အရက် သောက်တတ်လာခဲ့သည်။ တစ်နှစ်ခွဲခန့်အကြာ သားဖြစ်သူ ရွာသို့ပြန်လာရာတွင် တစ်သွေးတစ်မွေးကြီး ဖြစ်လာသောသားကို ကြည့်ပြီး ဦးဒီပ ကြည်နူးခဲ့ရသည်။

သားက သတိတရဝယ်ယူလာခဲ့သော ရှမ်းဘောင်းဘီ အကောင်းစားတစ်ထည်နှင့်ခေါင်းပေါင်းသည့် တဘက်တစ်ထည်ကို အမြတ်တနိုးကိုင်တွယ်ရင်း ရွာထဲတွင်ကြွားလို့မဆုံး။ ပျော်တပြုံးပြုံး၊ မော်လို့မဆုံး။ တစ်ပတ်ခန့်အကြာတွင် အိုက်ထွန်း တောင်ကြီးသို့ ပြန်သွားခဲ့သည်။ နောက်ပိုင်းတွင် သောင်းကျန်းသူများ နှိပ်စက်ညှင်းပန်းမှုဒဏ်ကြောင့် နောင်မွေရွာသူရွာသား အတော်များများ ရွာထဲတွင် မနေရဲကြတော့ဘဲ နီးစပ်ရာမြို့များသို့ ပြေးခဲ့ကြရသည်။

ထိုအထဲတွင် ရှိသမျှငွေလေးပိုက်ပြီး ပင်းတယသို့ တက်ခဲ့သူ ဦးဒီပလည်းပါသည်။ အစ်မဝမ်းကွဲတစ်ဦး၏ အိမ်တွင်နေကာ ဖြစ်သလို လုပ်ကိုင်စားသောက်နေခဲ့ရ၏။

''အဲဒီမှာ ရွတီနဲ့ ကျွန်တော် စပြီးတွေ့ခဲ့တာပဲ။ ရွတီက ဦးအဝိန်ရဲ့ ခေါက်ဆွဲဆိုင်က ဦးအဝိန်ရဲ့ ခယ်မပါ။ အပျိုတော့ မဟုတ်ပါဘူး၊ တစ်ခုလပ်ပါ။

အောင်ပန်းကကားသမားတစ်ယောက်နဲ့အိမ်ထောင်ကျတယ်လို့ ပြောပါတယ်၊ ကျွန်တော့်ထက်တော့ ဆယ်နှစ်ကျော်ကျော် ငယ်မှာပေါ့၊ ကျွန်တော်ကလည်း ညနေတိုင်းလိုလို ဦးအဝိန်ဆိုင်ကို အရက်သောက်သွားရင်း တွေ့ခဲ့ကြတာပါ''

အမှန်ကတော့ ဦးဒီပကကြောင်ခံတွင်းပျက်၊ မရှုတီက ဆက်ရက်တောင်ပံကျိုး။ ယင်းဆက်ရက်တောင်ပံကျိုးကို ကြောင်ခံတွင်းပျက်ပါးစပ်ထဲ ဖွတ်ခွံ့ကျွေးသူက ဦးအဝိန်မိန်းမ မကျင်လှ။ ကျွေးပေမပေါ့။ သူ့ယောကျ်ားဦးအဝိန်ကြီးက မျက်စောင်းတထိုးထိုး၊မာန်တဖီဖီဖြစ်နေသည့်ကြောင်အလစ်သမားပေကိုး။ ဦးဒီပသည် မရှုတီနှင့် အကြောင်းပါပြီးနောက် ဦးအဝိန်ဆိုင်မှာပင် အတူလုပ် အတူစားရာမှ ဒေါ်ကျင်လှ၏အကြံပေးချက်အရ မြို့အထွက်ကားလမ်းဘေးတွင် မြေစိုက်အိမ်လေးတစ်လုံးဆောက်ကာ ခေါက်ဆွဲဆိုင်တစ်ခု ထောင်ခဲ့သည်။

ဦးဒီပ၏အမည်မှာ ရိုးလွန်းလှသဖြင့် 'ရှုတီစားတော်ဆက်'ဟုဆိုင်းဘုတ်တင်လိုက်သည်။ ဒါလည်း ဒေါ်ကျင်လှ၏အကြံပင် ဖြစ်၏။ ဦးဒီပမှာ မရှုတီက မီးဖိုချောင်မှ ဒိုင်ခံချက်ပြုတ်ကြော်လှော်ပေးသမျှ ဆိုင်ရှေ့ချပေးခြင်း၊ သိမ်းဆည်းပေးခြင်း၊ အရက်ပုန်းရောင်းခြင်း၊ ယင်းအရက်ပုန်းထဲမှ ကိုယ်ကြိုက်သလို သောက်သုံးနေရသဖြင့် အကျေနပ်ကြီးကျေနပ်လျက် ရှိသည်။

နောက်ပိုင်းတွင် ဦးဒီပတို့ဆိုင်တစ်ဝိုက် ကွက်သစ်ကလေး တစ်ခုသဖွယ် လူစည်ကားလာသဖြင့် လူငှားပင်ထားရသည်။ တစ်နေ့တွင် မမျှော်လင့်ဘဲ အိုက်ထွန်း ရောက်လာသည်။ တစ်ယောက်တည်း မဟုတ်၊ သူ့သူငယ်ချင်း သုံးယောက်နှင့်အတူ မော်တော်ကားတစ်စီးဖြင့် လာခြင်းဖြစ်၏။ ဒီတစ်ခေါက် အိုက်ထွန်းကို ကြည့်ရသည်မှာ ဦးဒီပအဖို့ ဘယ်လိုမှ ဝမ်းသာမှုမဖြစ်ခဲ့ပေ။

အကြောင်းသော်ကား ဆံပင်ကလည်း ဖိုးရိုးဖားယားနှင့် ကုပ်ထောက်။ ရှိရင်းစွဲ မျက်နှာအလှကလေးပင် ဖုံးအုပ်သွားသည်။ အင်္ကျီကလည်း ကြောင်ကြောင်ကျားကျား။ ဘောင်းဘီရှည်ကြီးကလည်း မြေပြင်တွင် ဒရွတ်တိုက်ဆွဲလျက်။ ပါးစောင်မှာလည်း စီးကရက်ခဲထားလိုက်သေးသည်။

ဦးဒီပ ရင်တုန်ပန်းတုန် မေးမိသည်။

''ငါ့သား ဘယ်လို ဖြစ်လာတာတုံး''

''မြို့မှာ ဒီလိုပဲဝတ်ရစားရတယ်၊ ဒါမှ ခေတ်မီတာ ဒက်ဒီရဲ့''

''ဒက်ဒီဆိုတာ ဘာလဲကွ''

''ဒက်ဒီဆိုတာ အဖေကိုပြောတာပါဗျာ၊ခင်ဗျားကြီးနဲ့ စကားပြောရတာ အတော်ဝ္ဂကျတာပဲ''

''ကဲ ရောက်သခိုက် ငါ့ဆီမှာပဲ ထမင်းစားသွားကြ''

အိုက်ထွန်းတို့ လူသိုက်သည် ကားပေါ်မှ ပစ္စည်းတွေချကာ ဂီတာတီးကြ၊ သီချင်းဆိုကြ၊ ဘီယာဘူးတွေ ဖောက်သောက်ကြ၊ အရက်ပုလင်းပါ ဖွင့်ရောလိုက်ကြနှင့် 'ရှုတီစားတော်ဆက်'အတွင်း ပြောင်းဆန်အောင် သောင်းကျန်းသွားကြသည်။ ပြန်ကာနီးအရှိန်ကလေးရရန်နှင့် ရိသွားလိုက်သေး။

''ဒက်ဒီ အမျိုးသမီးက တကယ်မိပါလား''

''ဟာ တော်တော်မိုက်ရိုင်းတဲ့ကောင်တွေပါလား၊ သွားကွာ မြန်မြန်သွားကြ''

နောက်ထပ် နှစ်နှစ်ခန့်အတွင်း တပ်မတော်က တိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် နောင်မွေ့ရွာ တစ်ဝိုက်လုံးဝ သာယာသွားခဲ့ပြီဖြစ်၏။ သို့ဖြစ်၍ အချို့ကိုယ့်ရွာကိုယ် ပြန်ကြသည်။ ဦးဒီပလည်း ပြန်ချင်သဖြင့် မရှုတီကို စကားစကြည့်တော့ မြို့မှာမွေးပြီး မြို့မှာကြီးပြင်းခဲ့သော မရှုတီက ဘယ်လိုမှလက်မခံခဲ့ပေ။

ဦးဒီပလည်း နန်းရွှေမြခေါင်းချခဲ့သော ရွာကလေး၊ မိမိတစ်သက်လုံး တောင်ယာလုပ်ကိုင် စားသောက်ခဲ့သောရွာကလေးကို သံယောဇဉ်မပြတ်ချင်သဖြင့် ရွာသို့ခေတ္တပြန်ကာ တောင်ယာလုပ်ငန်းများကို အလုပ်သမားများနှင့် စီစဉ်ထားပြီး မြို့နှင့်ရွာ ကူးချီသန်းချီ လုပ်နေခဲ့ရသည်။

တစ်နေ့တွင် ရွာမှမြို့သို့ ပြန်အရောက် မရွှတီက သိမ်းထားသော သတင်းစာဟောင်း တစ်စောင်ကိုယူပြီး တစ်နေရာကိုထောက်ပြ၍ ဦးဒီပဖတ်ကြည့်ရာ အိုက်ထွန်းသည် ရွှေငွေစုစုပေါင်း တန်ဖိုးတစ်သောင်းနီးပါး ခိုးယူထွက်ပြေးသွားသဖြင့် အမွေစားအမွေခံသားသမီးအဖြစ် မွေးစားထားခြင်းမှ စွန့်လွှတ်လိုက်ကြောင်း သူဌေးကြီး ဦးစိုင်းအောင်ထွန်း၏ ကြော်ငြာကိုတွေ့လိုက်ရသည်။

အင်း တစ်နေ့နေ့တော့ ဒီကိန်းဆိုက်မှာပဲဟု ယခင်တစ်ခေါက်လာကတည်းက ဦးဒီပ တွေးမြင်လိုက်ပြီးသား။ အမှုမလုပ်တာဘဲ တော်လှပြီဟု သူဌေးကြီးကို ကျေးဇူးတင်နေရသေးသည်။ တစ်နှစ်ခန့်ကြာသောအခါ အိုက်ထွန်းတစ်ယောက် ဦးဒီပထံပြန်ရောက်လာသည်။ ခြေကုန်လက်ပန်းကျခဲ့ပြီ။ ပါသမျှလည်း ဖြုန်းခါပြာခါ ကျခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် ဦးဒီပမှာတော့ ကိုယ့်သားဟာ ကိုယ့်သားပဲပေါ့။ တောင်းဆိုးပလုံးဆိုးသာပစ်နိုင်မည်၊ သားဆိုးဖြစ်နေမှန်းသိပါလျက် မပစ်ရက် မပစ်နိုင်။ သို့ဖြစ်၍ နောက်နောင် မမိုက်တော့ဘဲ လိမ်လိမ်မာမာနှင့် မိမိတို့နှစ်ဦး ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသွားရန် ဆုံးမစကားပြောပြီး လက်ခံထားခဲ့ရသည်။

'အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ'စကားပုံ ရှိပြီးဖြစ်၏။ သို့သော် တကယ်တမ်း ကြိုးပိုင်ရှင်နှင့် အိုးပိုင်ရှင်တို့ စိတ်ထဲတွင်မူ မဖြစ်တန်ပါဘူးဟု လျှော့တွက်ထားလေ့ရှိ၏။ အိုးချင်းထိ၍ ခွပ်ခနဲကွဲမှ ကြိုးချင်းငြိ၍ ဖြုတ်မရတော့မှ ဟုတ်ပေသားပဲဟု နောင်တရလေ့ရှိကြသည်။ ယခုလည်း ထိုနည်းနှင်နှင်ပါပဲ။

ဦးဒီပအနေနှင့် မရွှတီနှင့် အိုက်ထွန်းတို့အပေါ် မသင်္ကာစရာတွေက အများသား။ မိမိအား အလုပ်ပင်ပန်းသည်ဟုဆိုကာ စောစော အရက်မူးလောက်အောင်တိုက်ပြီး ထမင်းကျွေး၍ စောစော အိပ်စေခြင်း၊ ညဉ့်နက် သန်းခေါင်သန်းလွဲ ဆိုင်ပိတ်ချိန်အထိ သူတို့နှစ်ယောက်တည်း ကျန်ရှိနေတတ်ခြင်း၊ အစားအသောက် ကျွေးမွေးရာတွင်လည်း မိမိထက် ပို၍ ဂရုတစိုက် ကျွေးမွေးတတ်ခြင်း၊ အိုက်ထွန်း အကြိုက်ဆုံး အခေါက်ကင်တစ်ပွဲစာ အမြည်းကို သပ်သပ်ဖယ်ထား၊ ဖုံးထားပြီး အရက်သောက်သည့်အချိန်ကျမှထုတ်ပေးတတ်ခြင်းစသည် စသည်အားဖြင့်။

သံသယဆိုသည်မှာ အင်မတန် ကြောက်စရာကောင်း၏။ ချိန်ခွင်ခွက် နှစ်ခွက်ထဲတွင် ဟုတ်တာနှင့် မဟုတ်တာကို ဆတူထည့်၍ ချိန်ခွင်ကို မြှောက်ကြည့်ပါ။ သံသယတည်းဟူသော ချိန်ခွင်လျှာသည် ဘယ်တော့မှ ဘောင်ပိတ်မနေ၊ နတ်ဝင်သည် အလား ဟိုဘက်သည်ဘက် ယိမ်းထိုးနေပေလိမ့်မည်။ စင်စစ် သံသယမီးကို မွေးသူသည် သူတစ်ပါးကို မလောင်ကျွမ်းခင် မိမိကို အရင်ဆုံး အလောင်ခံရပေလိမ့်မည်။

တစ်ညတွင်မူ ဦးဒီပ၏ သံသယချိန်ခွင်လျှာသည် ဟုတ်သည့်ဘက်သို့ ဇောက်ထိုးလောက်နီးနီး ကစားသွား၏။ ထိုညက ထုံးစံအတိုင်း စောစော အရက်မူးအောင်သောက်၍ ထမင်းစားပြီး မိမိတို့ လင်မယားအိပ်သည့် အထပ်ခိုးလေးပေါ်သို့ တက်အိပ်နေခဲ့ရာမှ တစ်ရေးနိုးသလိုလို၊ အိပ်မက် မက်သလိုလို အောက်ထပ်မှ အသံတစ်ပိုင်းတစ်စများကို ကြားနေရ၏။

''ပေးပါဦးဗျ၊ တစ်ပက်လောက်''

''တော်ပြီကွယ်၊ မင်း. . . ကလေး များနေပြီ၊ ထမင်းစားတော့'' ဟူသော မရွှတီ၏အသံ။

''မမဆီတီကလည်းဗျာ''

''ဘာ မမဆီတီလည်း သူများနာမည် ရွှတီပါ''

''ဆီတီဆိုတာ ဘိုလိုပြောတာလေ၊ ချိုမြသော အချစ်ကလေး တဲ့''

''ရှူး. . . တိုးတိုး၊ အပေါ်က အဘိုးကြီး ကြားသွားဦးမယ်၊ ရော့ တစ်ပက်၊ ဒါပြီး စားတော့''

ဦးဒီပလည်း ခုတင်ဘေးက အရက်ပုလင်းကို

အသာဆွဲပြီး သုံးလေးကြိုက်မော့ကာ အိပ်ပစ်လိုက်ရ၏။

''အဲဒီလိုပဲ ယုံထင်ကြောင်ထင်နဲ့ စိတ်မချမ်းမသာဖြစ်နေခဲ့ရာက တစ်နေ့မှာ တောင်ယာလုပ်ငန်းနဲ့ပတ်သက်ပြီး မသွားမဖြစ်လို့ နောင်မွှေကိုပြန်လာခဲ့ပါတယ်၊ ပင်းတယကနေပြီး ရွာကိုယောက်ျားခြေလှမ်းနဲ့ မှန်မှန်လျှောက်သွားရင် ခြောက်နာရီလောက်တော့ ကြာပါတယ်၊ မနက်စာစားပြီး နေ့မွန်းတိမ်းသာသာလောက်မှာ ထွက်ခဲ့တာ ညနေလေး နာရီလောက်မှာ အင်တိုင်းရွာအဝင်ရောက်တော့တောထဲကပြန်လာတဲ့သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး သူတောထဲက ယုန်တစ်ကောင်ရခဲ့တဲ့အကြောင်း၊ အိမ်မှာလည်း ရွှေလိမ္မော်တစ်ပုလင်းအသင့်ရှိတဲ့အကြောင်း ပြောပြီးခေါ်တာနဲ့ သူ့အိမ်ခဏရယ်လို့ ဝင်လိုက်မိပါတယ်''

အခုလို အခါမျိုးတွင် ဦးဒီပကို စကားထောက်ပံ့ပေးနေဖို့မလိုတော့။ ကရားရေလွှတ် တတွတ်တွတ်အရှိန်ရသွားပြီဖြစ်၏။ ထောင်မှူးမောင်မောင်၏ ကျောပြင်ကို နှိပ်လက်စ လက်ကျလက်နများလည်း နရီကိုက် မှန်နေပြီ ဖြစ်၏။

''ညနေခြောက်နာရီခွဲလောက်ကျတော့ ရွှေလိမ္မော်တစ်ပုလင်းလည်း ပြောင်၊ ယုန်တစ်ကောင်အမြည်းလည်းကုန်တာနဲ့ကျွန်တော်ရွာကိုဆက်ထွက်ခဲ့ပါတယ်၊ ဒါပေမဲ့ အင်တိုင်းရွာအထွက်ကျတော့ ကျွန်တော့်နားထဲမှာ ဟိုတစ်ညက အိပ်ချင်မူးတူးနဲ့ ကြားခဲ့ရတဲ့ 'မမဆီတီ'တို့၊ 'အဘိုးကြီး ကြားသွားမယ်'တို့ဆိုတဲ့အသံတွေကိုကြားယောင်လာပြီး ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ ကျွန်တော့်ခြေလှမ်းတွေဟာ ပင်းတယဘက်ကို ပြန်လှည့်လာခဲ့မိတယ်''

''ပင်းတယဘက်ပြန်ရောက်တော့ ဆယ်နာရီခွဲသာသာ၊ ဆယ့်တစ်နာရီလောက် ရှိမှာပေါ့။ ဆိုင်ရောက်တော့ မီးတွေအားလုံး ပိတ်ထားကြပြီ။ ဒါနဲ့ ကျွန်တော်လည်း နောက်ဖေး မီးဖိုချောင်ဘက်က ပြတင်းပေါက်ကို အသာခိုးဖွင့်ပြီး အထဲဝင်လာခဲ့တော့ အပေါ်ထပ်ခိုး ကျွန်တော်တို့အိပ်ခန်းထဲက အိုက်ထွန်းနဲ့ ရှုတီတို့ရဲ့ တခိခိရယ်သံတွေကို ကြားလိုက်ရတာပဲ၊ ကျွန်တော် ဘယ်လိုခံစားလိုက်ရမယ်ဆိုတာ ဆရာ စဉ်းစားသာကြည့်ပါတော့''

ဦးဒီပသည် တအောင့်လောက်ကြာအောင် ငိုင်နေသေး၏။ ပြီးမှ သတိပြန်ဝင်လာကာ အရက်တစ်ပုလင်းဆွဲပြီး ရေမရောဘဲ တစ်ဝက်လောက်ကုန်သည်အထိ မော့ချလိုက်၏။ ထို့နောက် ပထမအသားခုတ်သည့်ဓားကို သွားကိုင်သည်။ တစ်ခါ ဒီဓားနှင့်တော့ ဘာမှ မဖြစ်လောက်ပေဘူးဟု ယူဆကာ ထင်းခွဲသည့် ဓားမကြီးကိုထပ်ယူပြီး ဓားနှစ်လက်ကိုင်၍ အထပ်ခိုးပေါ်တွင် အခြေအနေပျက်နေကြသည့် သားနှင့်မိန်းမတို့ကို မိရာဆွဲခုတ်တော့သည်။ နှစ်ယောက်လုံး ငြိမ်ကျသွားမှ အောက်ထပ်ပြန်ဆင်းလာပြီး ရေနံဆီပုလင်းကိုယူ၍ နံရံတွေပက်ဖျန်းကာ မီးတင်ရှို့ပြီး ဆိုင်အပြင်သို့ ပြေးထွက်လာခဲ့ခြင်းဖြစ်၏။

''ကျွန်တော် မြို့ပြင်ရောက်လို့ ပြန်လှည့်ကြည့်လိုက်တော့ မီးတောက်က တော်တော်တောက်နေပြီ၊ ဘေးအိမ်တစ်အိမ်တောင် ကူးလောက်ပြီထင်ပါရဲ့၊ အဲဒီကျတော့လည်း ကျွန်တော့်စိတ်ထဲ ဘယ်လိုစိတ်ရှုးတွေ ပေါ်လာတယ် မသိပါဘူး၊ ဆိုင်ဘက်ကို ပြန်ပြေးမိပြန်ရော၊ ဟိုရောက်တော့ လူတွေလည်း အတော်ရောက်နေကြပြီ၊ ကျွန်တော်လည်း ထပ်ခိုးပေါ်ကို မီးလုံးတွေကြားထဲက ပြေးတက်သွားခဲ့ပါတယ်၊ အထဲမှာတော့ သွေးတွေ အိုင်ထွန်းနေတာပေါ့၊ သူတို့နှစ်ယောက်ကို ကြည့်လိုက်တော့ အိုက်ထွန်းက မလှုပ်တော့ဘူး၊ ရှုတီက လူးလွန့်နေတာကို တွေ့တာနဲ့ပဲ သူ့ကိုထမ်းပြီး မီးတောက်ထဲကပဲ ပြန်ဆင်းလာခဲ့ပါတယ်''

ထောင်မှူးမောင်မောင်မှာ ပြီးခါနီးလေ မြန်မြန်သိချင်လေလေ။

''ဒါဖြင့် ခင်ဗျားသားက မီးထဲမှာ ကျန်ရစ်ခဲ့တာပေါ့''

''ဘယ်ကျန်လိမ့်မလဲ ဆရာ၊ ရပ်ကွက်ထဲက ကြက်ခြေနီလူငယ်တစ်ယောက်က အသက်စွန့်ပြီး ဝင်ကယ်ခဲ့ပါတယ်၊ အဲဒီမှာ ကျွန်တော့်အထင်နဲ့ အမြင် တစ်လွဲစီ ဖြစ်ကုန်တော့တာပေါ့၊ ကျွန်တော် သေပြီလို့ ထင်ထားခဲ့တဲ့သားက မသေဘဲ မသေဘူး ထင်လို့ ကယ်ခဲ့တဲ့မိန်းမက အပြင်ရောက်လို့ တစ်အောင့်အကြာမှာ သေသွားခဲ့တာကိုး၊ ကျွန်တော့် သားဟာ ဆေးရုံမှာ နှစ်ရက်လောက်ခံလိုက်ပါသေးတယ်၊ ကျွန်တော့်ကို အမှုပေါ်အောင်ဆိုပြီး သူနဲ့ ရှုတီတို့ သူတစ်ပြန်ကိုယ်တစ်ပြန် ဓားနဲ့ခုတ်ကြလို့ ရတဲ့ဒဏ်ရာတွေပါလို့ ရဲမှာအစစ်ခံသွားတယ်လေ၊ ကြည့်ပါဦး၊ ကျွန်တော် ဘယ်လောက်မိုက်လုံးကြီး သလဲလို့''

''ဒါနဲ့ ခင်ဗျား မိန်းမသတ်မှုနဲ့ ကြိုးကျခဲ့တာ ဆို''

''ဟုတ်တယ်လေ၊ ရှုတီက မသေခင် အရပ်လူကြီးတွေရှေ့မှာ သူနဲ့ အိုက်ထွန်းတို့ကို ကျွန်တော်က ဓားနဲ့ခုတ်သတ်ပြီး မီးရှို့ခဲ့တာပါလို့ ထွက်သွားတာကိုး၊ ဒါကြောင့် သူ့ကို သတ်တဲ့အမှုက ကြိုးမိန့်၊ အိုက်ထွန်းက ဆေးရုံရောက်မှ သေတာဆိုတော့ လူသေမှုနဲ့ တစ်သက်တစ်ကျွန်း ကျခဲ့ရတာပေါ့''

အင်း‥ ဦးဒီပတစ်ယောက် ကြောင်တောင်တောင် ဖြစ်လောက်ပါပေသည်။

(မှတ်ချက်။ ။ ဤအမှု၌ သားဖနှစ်ယောက်လုံး အရက်မူးနေသည်ကို သတိပြုပါ၊ အရက်သည် တရားခံအစစ် ဖြစ်သည်။)

**ရန်အောင်မောင်မောင်**


မျောက်အ ဇာတ်ထုတ် ကာတွဲ့မင်းသား
လူထုဦးလှ

# မျောက်အဖာတ်ထုတ်ကတဲ့မင်းသား

ဒုတိယကမ္ဘာစစ် မတိုင်ခင်တုန်းက မင်းသား ချောတစ်ယောက် မန္တလေးကိုရောက်လာတယ်။ သူက မော်လမြိုင်ဘက်ကပါ။ မင်းသားက ရုပ်လည်းချောတယ်၊ အကလည်းကောင်းတယ်၊ အသံလည်း ရှိတယ်။ ဘယ်လိုကြောင့်မှန်းတော့ မသိဘူး။ သူတို့ ဇာတ်ဟာ သာစည်မှာ သောင်တင်နေတယ်။ ပုံနေပြီ။ မရွှေ့နိုင်တော့ဘူး။ ဇာတ်အဖွဲ့ဝင်တွေလည်း မနေကြတော့ဘူး။ ကြာတော့ ပြေးကုန်ကြရော။

အဲသည် မင်းသားနာမည်က 'ဘာသာတင့်'တဲ့။ ဒီလို ဒုက္ခရောက်နေတော့ မင်းသားအဖေနဲ့ မင်းသားက မန္တလေးသွားပြီး အလုပ်ဆက်သွယ်ကြည့်မယ်၊ ရရင်လည်း ရ၊ မရင်လည်း ဘုရားဖူးပေါ့ ဆိုပြီး သာစည်က ထွက်ခဲ့ကြတယ်။

အဲသည်ရက်မှာ မန္တလေး၊ တရုတ်တန်း တရုတ်ကလပ်တစ်ခု ကခဲ့တဲ့ပွဲတစ်ပွဲကို မင်းသား ဦးစိန်အုပ်က လက်ခံထားတယ်။ ဦးစိန်အုပ်က အသက်ကြီးလှပြီ။ သူကိုယ်တိုင် မကနိုင်တော့ဘူး။ သူ့မှာ ဇာတ်ပစ္စည်းတွေတော့ အစုံရှိတယ်။ သူ အခုလက်ခံထားတဲ့ပွဲအတွက် အဲသည်လို အကြပ်အတည်းဖြစ်နေတုန်း ပွဲဝင်ရမယ့်ညမှာ သာစည်ကလာတဲ့ ဘာသာတင့်တို့သားအဖက တရုတ်တန်းမှာ ဇာတ်စင်ကြီးမြင်တာနဲ့ ဝင်မေး၊ ဝင်နှုတ်ဆက်တာကိုး။

ဒီတော့ ဦးစိန်အုပ်တို့က

''ကဲ ဒီလိုဆို ဒီညပဲဝင်ကပေတော့ကွာ'' ဆိုပြီး ကနိုင်းတော့တာပဲ။ ရုပ်ကလည်း သနားကမား၊ မင်းသားဆက်ကလည်းကျတော့ ဦးစိန်အုပ်ကဝင်ကရင် အရုပ်မဆိုးနိုင်ဘူးလို့ မြင်တယ်။ ကတော့ လူကြိုက်တယ်လေ။ မော်လမြိုင်မင်းသားဆိုတော့ အကတွေကဆက်တယ်။ ဖျတ်လတ်တယ်၊အသံကလည်း ပေါက်တယ်။ ရုပ်လည်း ရှိတယ်မဟုတ်လား။

တရုတ်တန်းမှာ သုံးညကပြီးတဲ့နောက် မင်းသားကြီး ဦးနယားပျံက ''မင်း ကမယ်ဆိုရင် ငါဇာတ်ထောင်မယ်''လို့ ပြောတယ်။ မန္တလေးမှာ အစွမ်းလည်းပြချင်၊ ပညာလည်း ရချင်တဲ့ မင်းသားဆိုတော့ ''ကပါမယ်''ဆိုပြီး သာစည်ကသူ့ပစ္စည်းတွေ သွားယူတယ်။ ဦးနယားပျံနဲ့ ကတော့လည်း အောင်မြင်တာပဲ။ တွဲတဲ့မင်းသမီးက ဩဘာညွှန့်။ လူရွှင်တော်တွေက ဦးချစ်စံ၊ မတ္တရာကိုရွှေဖျိုး။ မင်းသားကြီးနေရာမှာ ဦးနယားပျံကိုယ်တိုင် ပါဝင်ဇာတ်ဆောင်တယ်။ လူကြမ်းက မင်းသားရဲ့ အဖေ ဦးဘဖိုး။

မင်းသားက နာမည်တော့ တော်တော်တက်ပါရဲ့။ အရက်သောက်တတ်နေတာက ခက်တယ်။ သာစည်မှာ ဇာတ်မပျက်ခင်ကတည်းက သောက်တတ်နေတာတဲ့။ အသက်က၂၁နှစ်ပဲ ရှိသေးတယ်။ ဦးနယားပျံနဲ့ ကတဲ့နှစ်က စလင်းအထိရောက်ပြီး မိန်းမရလာတယ်။

ဒုတိယနှစ်တော့ ဦးနယားပျံနဲ့ ကွဲသွားပြီး သူ့

ဇာတ်သူ ထောင်တယ်။ ကတော့ ကရတယ်။ ဒါပေမဲ့ အသောက်ပိုလာတယ်။ တစ်ခါတော့ လက်ဆည်ကန်မှာ ပွဲရှိတယ်။ မင်္ဂလာဈေးနားမှာရှိတဲ့ သူ့အိမ်က စက်ဘီးနဲ့ ထွက်လာတာ မျက်ပါးရပ်နားရောက်တော့ စက်ဘီးနဲ့ မြင်းရထား တိုက်မိတာ လက်ယာဘက် ညှပ်ရိုး ကျိုးသွားရော။ တော်တော်မူးလာတာကိုး။

ဇာတ်ခုံပေါ်ရောက်တော့ ဇာတ်သူဇာတ်သားတချို့ကိုပဲ အသိပေးတယ်။ ပရိသတ်တော့ မရိပ်မိစေဘူး။ ထိုင်းမသိမ်းနဲ့ ပုဆိုးဝတ်ပြီး ထွက်ကသေးတယ်။ မနက်သုံးနာရီလောက်ရှိတော့ အေးလာလို့ လက်မမြှောက်နိုင်၊ မကနိုင်တော့ဘူး။ ဒီတော့ ကားလိပ်ကြီးဖွင့်၊ ဒဏ်ရာကိုပြပြီး ပရိသတ်ကို တောင်းပန်ပြီး ပွဲသိမ်းလိုက်ရတယ်။ ဒီနောက်တော့ ဆရာဝန်နဲ့ ကုရတာပေါ့။

တတိယနှစ်မှာလည်း မင်းသားတို့ သားအဘပဲ ဇာတ်ပြန်ထောင်တယ်။ ဝန်းသိုဘုန်းကြီးပျံမှာ ကဖို့ ဇာတ်အဖွဲ့က သွားနှင့်ပြီ။ သူမနက်ရထားနဲ့ လိုက်သွားရင် ဟိုမှာ ချောင်ချောင်လည်လည်မီတယ်။ အမူးလွန်အိပ်ပျော်နေတော့ လိုက်ရမယ့်ရထား မမီဘူး။ ဟိုမှာဂွကျနေရော။ နောက်ရထားနဲ့ လိုက်ရတော့ မနက်သုံးနာရီထိုးမှ ရောက်သွားတယ်။ အဲဒီမှာ ''ကျွန်တော် ရောက်ပါပြီ''ဆိုပြီး အရပ်ဝတ်နဲ့ တက်ကရတော့တာပေါ့။ တောင်းပန်ရတာပေါ့။ ရောက်နှင့်တဲ့ လူတွေလည်း ဒုက္ခဖြစ်လို့ ပရိသတ်ကလည်း မကျေမနပ်နဲ့။

သူကလေ့ရှိတာတွေကတော့ အမွှရက်ခွဲတဘီလူး (သရက်ပင်စောင့်တဲ့ ဘီလူး)၊ ဘူရိဒတ်နဂါးမင်း၊ မျောက်အ'စတဲ့ ဇာတ်ထုတ်တွေပဲ။

မျောက်အ'ဇာတ်ထုတ်မှာ မင်းသားက လက်ဟန်ခြေဟန်နဲ့ပဲ ပြောတယ်။ သူ့ဘာကို ဆိုလိုတယ်ဆိုတာ တစ်ဦးက ဘာသာပြန်ပြောပြတယ်။ မိဖုရားကြီးက မွေးတာတော့ မှန်တယ်။ ဒါပေမဲ့ ဟိုရှေးဘဝက ရဟန္တာကို ''မျောက်အိုကြီးနဲ့ တူလိုက်တာ''လို့ ပြောမိတာကြောင့် မျောက်ရေစွပ်ပြီး ဖွားလာတာကိုး။ ဒါကလည်း မူးလို့ ပြောမိတာပဲ။ ဘုရင်က မိဖုရားကြီးလည်းသနား၊ သားကိုလည်း သနားတာနဲ့ ငါကိုယ်တော်မြတ် သားတော်ကို သုံးခါ ခေါ်တော်မူမယ်။ အဲဒီ သုံးကြိမ်ခေါ်တဲ့အထဲက တစ်ကြိမ်ပြန်ထူးရင် ပြည်ဝက်လို့ မင်းဖက်ပြုမယ်လို့ အမိန့်တော်ရှိတယ်။ အိမ်ရှေ့မင်းသားရာထူး ပေးသနားမယ်ပေါ့။

ဘုရင်က သုံးကြိမ်ခေါ်တယ်။ ခေါ်မှန်းသိတယ်။ သူ ပြန်မထူးနိုင်ဘူး။ နွားကျောင်းသား ဘဝတုန်းက ဖွတ်တွင်း ပုတတ်တွင်းတွေပိတ်ခဲ့တဲ့ အကုသိုလ်ကြောင့်လား၊ ရဟန္တာကို မတော်တရော် ဆိုမိပြောမိလို့ပဲလား၊ တစ်ခုခုကြောင့် နေမှာပဲ။ သူပြန်မထူးနိုင်ဘူး။ မထူးနိုင်တော့ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာတယ်။ လည်ချောင်းကို ကိုင်လိုက်၊ ဆုပ်လိုက်၊ ရင်ထုလိုက်ပေါ့။ ဆိုင်းက ငိုချင်း တီးပေးပြီလေ။ ပရိသတ်ကလွမ်းတယ်၊ အားကြီးလွမ်းတယ်။ စကားပြန်ကလည်း အပို့ကောင်းသကိုး။

သုံးခွန်းခေါ်လို့ တစ်ခွန်းတောင် မထူးနိုင်တော့ ဘုရင်က''ထွက်ပြီးတဲ့ဆင်စွယ် ဝင်တယ်လို့ မရှိ၊ ကေ ဝစန် ဒွိမခံဘူး။ ဘုရင်စကား မိုးကြိုးသွား၊ သားတော် ထွက်စေ''လို့ အမိန့်တော် ချမှတ်တယ်။ အဲဒီတော့လည်း မျောက်အ,က ရင်ထု၊ ဆိုင်းက ငိုချင်းတီး၊ ပရိသတ်က ငိုပေါ့။

အဲဒီမှာ မျောက်အ,က ခမည်းတော်နဲ့ မယ်တော်ကို ကန်တော့တယ်။ နောက်ပြီး လက်ဟန်ခြေဟန်နဲ့ သူပြောတယ်။ အဲဒါကို စကားပြန်က ''မယ်တော်နဲ့ ခမည်းတော်ကတော့ ရွှေနန်းမြ၊ နေနဲ့ လလိုပါပဲ''လို့ ဘာသာပြန်ပြီး ထီးနန်းနဲ့မတန်လို့ သူတော့ သွားရပါတော့မယ်လို့ လျှောက်တင်တဲ့ အကြောင်း ရှင်းပြတယ်။ ပရိသတ် ရင်ဆို့ရတာပေါ့။

ဒီမြင်ကွင်းမှာ မိဖုရားက ''ထီးနန်းနဲ့ မတော်တဲ့ သားတော်ကို မွေးဖွားတဲ့မိခင်''ဖြစ်လို့ ''ဘုရားကျွန်မကို သားတော်နောက် လိုက်ခွင့်ပြုတော်မူပါ''

လို့ လျှောက်လိုက်တော့ ဘုရင်က ''သားတော်နဲ့ ငါ့ကို ဘယ်သူ့ ပိုချစ်သလဲ''လို့ မေးတော်မူတယ်။

''ချစ်တာတော့ အညီအမျှပါပဲ၊ သားတော်က တော့ ငယ်လည်း ငယ်၊ ဒုက္ခသည်လည်း ဖြစ်လို့ စောင့်ရှောက်ဖို့ လိုက်လိုတာပါ''လို့ ပြန်လျှောက် တယ်။ ဒီတော့ ဘုရင်က ''လိုက်စေလို့'' အမိန့် တော် မှတ်လိုက်ရော။ (ကားချ)

နန်းတော်ကအထွက်မှာ သားတော်က မယ် တော်ကို ထမ်းသွားတယ်။ လမ်းမတစ်နေရာမှာ နားကြတော့ မိဖုရားကြီးက ''သားတော်၊ တို့ ဘာ လုပ်စားကြမလဲ၊ ငါကလည်း ဘာမှ မလုပ်တတ် ဘူး''လို့ ပြောတော့ သားတော်က ''ကျွန်တော် မျောက်က ကကျွေးပါ့မယ်''လို့ ပြောတယ်။

ဒီလိုနဲ့ ဘယ်ရယ်လို့ မဟုတ်ဘူး။ သားအမိနှစ် ယောက် ခြေဦးနဲ့ရူး တည့်ရာထွက်လာလိုက်ကြတာ သာကေတတိုင်းပြည်ကို ရောက်သွားရော။

တစ်နေရာမှ မင်းလုလင်နဲ့တွေ့လို့ ''နန်းတော် ထဲမှာ ကျွန်တော်တို့ မျောက်ပွဲကပါရစေ''လို့ ပြော တော့ မင်းလုလင်က ''ဒီလိုဆို လိုက်ခဲ့၊ ခင်ဗျားတို့ ဆုတွေလာဘ်တွေရမယ်'' လို့ပြောပြီးခေါ်သွား တယ်။ နန်းတော်ခန်းမမှာ မျောက်ပွဲကတော့ သမီး တော်က ကနေသူဟာ မျောက်လို့မမြင်ဘူး၊ အင်မ တန်ချောတဲ့ မင်းသားတစ်ပါးလို့ ထင်တယ်။ မင်းပ ရိသတ်ကလည်း စုံပါဘိသနဲ့၊ ဒီလိုနဲ့ ကနေတဲ့ မျောက် သူ့နားရောက်လာတော့ မင်းသမီးက မနေ နိုင်ဘူး။ မျောက်လက်ကိုဆွဲပြီး ချစ်တင်းစကား ပြောပါလေရော။ ပရိသတ် ရုတ်ရုတ်သဲသဲ ဖြစ်ကုန် တာပေါ့။ မျောက်အ'နဲ့ သူ့အမေကို ရန်မူမယ်လုပ် တော့ မျောက်အ'က သူ့အမေကိုထမ်းပြီး ပြေးရော။ မြို့ရိုး အလွန်ရောက်တော့ လေးသမားတွေ လုမ်းပစ် တဲ့အထဲက မြားတစ်စင်းက မယ်တော်ကို ထိမှန် တယ်။ မိဖုရားဟာ အဲဒီ မြားဒဏ်ရာနဲ့ပဲ နတ်ရွာစံ သွားရော။

ဒီနေရာမှာ မျောက်အ'က အမူအရာနဲ့ ငိုတယ်။ ဆိုင်းက ငိုချင်းတီးပေးတယ်။ ပရိသတ်က လွမ်းကြ ပြန်ရော။ မျောက်အ'က မယ်တော်ရဲ့အလောင်းကို မြေကြီးမှာချပြီး မသဂြိုဟ်ဘူး။ သူ့ကျောပေါ်မှာပဲ သဂြိုဟ်မယ်ဆိုပြီး ကျောပိုးရက် မီးရှို့တယ်။ အဲဒီမှာ မယ်တော့်အလောင်း ပြာကျတာနဲ့အတူ သူ့ကိုယ် ပေါ်က မျောက်ရေလည်းကျွတ်ပြီး ပြာကျသွားရော။ သူလည်း မင်းသားချောတစ်ယောက် ဖြစ်လာရော။ ဝဋ်ကြွေးတွေကုန်ပြီ၊ ကျွတ်ပြီပေါ့။ သာကေတက ဘုရင့်သမီးနဲ့ လက်ထပ်ပွဲကြီးကျင်းပ၊ နှစ်ပါးသွား ပြီး ပွဲသိမ်းလိုက်တာပဲ။

မင်းသား ဘာသာတင့် သရုပ်ဖော်ကောင်းလို့ အင်မတန် လူကြိုက်များတဲ့ ဒီဇာတ်လမ်းကလည်း အရက်ကပဲ မြစ်ဖျားခံတာပါပဲ။ အရက်မူးပြီး ရဟန္တာ ကို နှုတ်နဲ့ ပြစ်မှားမိလို့ ဒုက္ခမျိုးစုံကြုံရတဲ့ သဘော ပေါ့။ ဒါပေမဲ့ ဒီဇာတ်ထုတ်ကို ပိုင်ပိုင်နိုင်နိုင် က နိုင်တဲ့ ဒီမင်းသားကိုယ်တိုင်ကတော့ အရက်ကို အာဟာရလုပ်နေတယ်။ မသောက်ရင် မနေနိုင်ဘူး။ ဇာတ်ခုံပေါ်မှာလည်း သောက်နေတာပဲ။ အသောက် များလာ၊ ကြူးလာတော့ အင်မတန်ကောင်းတဲ့ အသံဟာ အက်လာ၊ ပျက်လာတော့တယ်။ အရင် လောက် မကောင်းတော့ဘူး။

ဂျပန်ခေတ်မှာတော့ မီးမထွန်းရတဲ့ ကာလ တွေကများလို့ ဇာတ်သဘင်တွေ မကကြရဘူး။ ဘာသာတင့်လည်း စိတ်ညစ်ညစ်နဲ့ အရက်ပဲ သောက်နေတာပဲ။ အရက်ကောင်းလည်း မသောက် နိုင်တော့ဘူး။ တောအရက်သောက်၊ ချိုင့်ကလေးနဲ့ သွားဝယ်ခိုင်းပြီး ဘုံဆိုင်ကအရက်ပဲ သောက်တဲ့ အခါသောက်နဲ့ ဖြစ်နေတာပေါ့။


ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ နည်းနည်း အား တက်လာတယ်။ ပြင်စရာများ ပြင်ဆင်ပြီး အဖွဲ့ သားတွေနဲ့ မတ္တရာမှာကဖို့ စီစဉ်တယ်။ မတ္တရာနယ် က သူ့ကို ကြိုက်ကြသကိုး။ ပွဲကမယ့်ည ဇာတ်ခုံ ပေါ်ရောက်တော့သူတပည့်တစ်ယောက်ကို ဘာသာ တင့်က အရက်ဝယ်ခိုင်းပြန်တယ်။ သောက်ရပေ

မယ့် မတင်းတိမ်နိုင်ဘူး။ နောက်ထပ် သွားဝယ်ခိုင်း ပြန်တယ်။ တပည့်လေးက''ဆိုင်မှာ ထည့်စရာ မရှိ ဘူးဆရာ''လို့ ပြောတယ်။ ''ဒီကပုလင်း ယူသွား'' ဆိုတော့ ဓာတ်ခံ့နားက ပုလင်းတစ်လုံးယူပြီး ဝယ် ခဲ့တယ်။ ဒီပုလင်းက အောက်လင်းဓာတ်မီးထွန်းတဲ့ အခါ သုံးရတဲ့ အရက်ပျံထည့်တဲ့ပုလင်း။ အရက်ပျံ လက်ကျန်လည်း နည်းနည်းရှိတယ်။ တပည့်က မဆေးမကြောဘဲ အရက်ဝယ်ထည့်လာတာကိုး။ မင်းသားက ဘာမှမသိဘူး။ သောက်ချင်တာပဲ သိ တယ်။ ပုလင်းချချင်း ဖန်ခွက်ထဲ အရက်ထည့် သောက်တော့တာပဲ။ သောက်ပြီး မကြာဘူး၊ မနေ နိုင်မထိုင်နိုင်ဖြစ်လာပြီး ပါးစပ်ထဲကအမြှုပ်တွေထွက် လာတယ်။ ဓာတ်သူဓာတ်သားတွေလည်း မျက်လုံး ပြူးကုန်ကြတာပေါ့။ ဘာလုပ်ရမှန်း မသိကြဘူး။

ဆရာဝန် သွားပင့်တော့လည်း ဆေးဝါးစုံစုံ လင်လင်ရှိတဲ့ခေတ် မဟုတ်တော့ ဘာမှ မလုပ်နိုင် ဘူး။ ဆေးဝါးတွေရှိနေရင်တောင် လုပ်လို့ရချင်မှ ရမှာ။ အရက်ချိုးကပ်နေတာက ကြာနေပြီ မဟုတ် လား။ အသည်းတွေ၊ အဆုတ်တွေက ဘာဖြစ်နေပြီ လဲမှ မသိတာ။

မင်းသား နေမကောင်းလို့ ပွဲမကနိုင်တဲ့ အ ကြောင်း ပရိသတ်ကိုကြေငြာပြီး ဖျာဖိုး၊ လက်မှတ် ဖိုးတွေ ပြန်ပေးကြရတယ်။ မကြာပါဘူး။ မင်းသား မှာ လက်သည်းတွေလည်း ညိုမည်းလာပြီ။ ဆရာ ဝန်က မျှော်လင့်စရာမရှိတော့ဘူးတဲ့။ သန်းခေါင် ကျော် နာရီပြန်တစ်ချက်ကျော်ကျော်မှာ ဆုံးသွား တယ်။ မင်းသားကတော့ တကယ်အချိုးကျတဲ့ မင်းသား။ ဘယ်သူမှမပြောဘဲ မင်းသားမှန်း သိကြ တယ်။ အလောင်းစင်ပြင်ထားတော့လည်း လှနေ တာပဲ။ ဒါပေမဲ့ အသားတွေတော့ ညိုပုပ်ပုပ်ကြီး ဖြစ်သွားပြီ။ ။

လူထုဦးလှ



# အရက်ရူးနိဒါန်း

ရဲဘော်နေအောင်

# အရက်ရှုးနှိဒါန်း

ကျွန်တော့်အသက် အခု (၅၀)ရှိပါပြီ။

တစ်နေ့မှာ ဘုံဆိုင်သွားပြီး အရက်သောက်တော့ အပေါင်းအသင်းတွေနဲ့တွေ့လို့ကြာလည်းကြာ များလည်းများသွားတယ်။ မနက်ဆယ့်တစ်နာရီခွဲလောက် အိမ်ပြန်ရောက်တော့ ကြွေးတောင်းသူရောက်နေတာတွေ့ရလို့ စိတ်ကထောင်းခနဲ ဖြစ်သွားတယ်။

ကြွေးရှင်ပြန်သွားတော့ ကျွန်တော်က မိန်းမကို ဆူတယ်။

"ဘာဖြစ်လို့ အကြွေးယူစားရတာလဲ၊ မရှိရင် အငတ်နေပါလား၊ အကြွေးကို အိမ်ပေါ် အတက်မခံပါနဲ့၊ အိမ်ပေါ်တက်လာရင် ဒီအကြွေးက အိမ်ပေါ်က ကြည်ကြည်သာသာ ဘယ်တော့မှ မဆင်းဘူးလို့ ငါပြောထားတယ် မဟုတ်လား၊ ကြွေးတင်လို့ ကျွန်ဖြစ်တာလည်း ရှိတယ်၊ ကြွေးယူလို့ သမီးထိုးအပ်လိုက်ရတာတွေလည်း ရှိတယ်။ ကြွေးယူထားရင် ဘယ်လောက်ဖိုးကလေးပဲ ယူထားယူထား ကြွေးရှင်ကို အားနာနေရတယ်၊ ကြောက်နေရတယ်၊ မျက်နှာပူ နေရတယ်၊ ဝန်ထုပ်ကြီးတစ်ခု ထမ်းထားရသလို ဖြစ်နေတယ်၊ ဒီအကြွေးကို မယူချင်ပါနဲ့လို့ ငါပြောတာ ဘယ်နှစ်ခါ ရှိပြီလဲ၊ ကဲ–မင်းယူတဲ့ကြွေး မင်းပဲဆပ်၊ ဒီကြွေးရှင်ကိုလည်း ငါ့အိမ်ပေါ် မတက်စေနဲ့"လို့ ခတ်မာမာ ပြောလိုက်တယ်လေ။

ကြွေးယူရတဲ့အကြောင်းသူ့မှာရှိမှာပေါ့။ ဒါပေမဲ့ မူးပြီး အနိုင်အထက်ပြောနေတဲ့ လင်ယောက်ျားကို အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြလို့ ကိစ္စကပြီးမှာ မဟုတ်ဘူး။ လက်ခံမှာလည်း မဟုတ်ဘူး။ တစ်မျိုးမဟုတ်တစ်မျိုး ဆူပူအော်ဟစ်မှာ သေချာတယ်။

မယားကဘာမှပြန်မပြောတော့ ကျွန်တော်စိတ်ပေါက်လာတယ်။ ပြန်ပြောရင်လည်း ပေါက်မှာပါပဲ။

"ငါပြောတာ မကြားဘူးလား၊ ဒါမှ မကြားရင် ကြားအောင် ပြောတာပေါ့"ဆိုပြီး အနားကပန်းကန်စင်ကို ခြေထောက်နဲ့ ကန်လှဲပစ်လိုက်တယ်။ ဝုန်းဆို ပန်းကန်စင် လဲသွားတော့ ဒေါသပိုဖြစ်ပြီး မကွဲသေးတဲ့ ပန်းကန်တွေအားလုံး ပေါက်ခွဲပစ်လိုက်တယ်။ အားလုံးကွဲကုန်တော့မှ အရက်ဆိုင်ပြန်သွားပြီး ထိုင်သောက်ပြန်တာပေါ့။

အဲဒီနေ့က မူးတယ်ဆိုပေမယ့် လူမှန်းမသိအောင်တော့ မဖြစ်ပါဘူး။ အားလုံးသိပါတယ်။ သောက်တုန်းက အမြည်းကလေး ခပ်များများစားထားမိတော့ အမူးမဆိုးလှဘူး။ အရက်သမားဝေါဟာရနဲ့တော့ ထုံနေတယ်လို့ ဆိုရမှာပေါ့။ ဒီလိုထုံနေရင်ဘယ်လောက်သောက်သောက်မမူးတော့ဘူး။ ဒီနေ့အဖို့ အမူး'ပြီး'နေသလို ဖြစ်နေရော။ တကယ်မမူးဘူးလားဆိုတော့ မူးတာပဲ။ မူးပေမယ့် ထုံထိုင်းထိုင်းကြီး၊ လေးလေးကြီး။

ကျွန်တော် အိမ်ကိုပြန်ရောက်တော့ အိမ်မှာ မိန်းမ မရှိတော့ဘူး။ ဒီလို လင်မယား စိတ်ဆိုးတိုင်း

တစ်လမ်းခြားမှာရှိတဲ့ သူ့အမေအိမ် ပြန်သွားလေ့ရှိလို့ အခုလည်း ပြန်သွားပြီဆိုပြီး ကျွန်တော် ဘာမှ မတွေးတော့ဘူး။ ပန်းကန်ကွဲ အစနတွေကိုလည်း လှဲကျင်းထားခဲ့တယ်။ ထုံးစံအတိုင်း ကျွန်တော် အိပ်ရာထဲ ထိုးအိပ်လိုက်တယ်။ ဒါပေမဲ့ ခါတိုင်းလို အိပ်လို့ မပျော်ဘူး။ မျက်စိကြောင်နေတယ်။ ကြက်အိပ်ကြက်နိုး ဖြစ်နေတယ်။

ခုလို အိပ်ရာထဲမှာ ပျော်သလိုနိုးသလို စိတ်ဟိုရောက်ဒီရောက် ဂနာမငြိမ် တွေးမိတွေးတွေးရာ အမျှင်မပြတ် တွေးနေတုန်း လမ်းမဆီက ကျွန်တော့်နာမည်ကို သေသေချာချာခေါ်ပြီး မအေနမဆဲသံ ကြားလိုက်ရတယ်။ သေသေချာချာ နားစွင့်ထောင်လိုက်တော့ဟုတ်တယ်၊ တစ်ယောက်တည်း အသံမဟုတ်ဘူး။ ဆယ်ယောက်ကိုးယောက်အသံ ''မင်းကို သတ်မလို့လာတာ၊ တံခါးဖွင့်လိုက်''လို့ အော်တဲ့ အသံက ဘသွယ်ရဲ့ အသံပဲ။

တစ်ခါက အရက်ဆိုင်မှာ အရက်သောက်ရင်း ဘသွယ်နဲ့ကျွန်တော်ရန်ဖြစ်တယ်။ ဒီကောင်ဟာ လူလည် လူရှုပ် လူညာ။ လစ်ရင်လည်း ခိုးတတ်တယ်။

အရက်ဆိုင်မှာ တစ်ဝိုင်းတည်း အရက်သောက်နေကြတုန်း ကျွန်တော့်ဖိနပ်ပျောက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး စကားများကြတယ်။ ကျွန်တော်က ပုလင်းနဲ့ ကောက်ရိုက်ရော။ ဘေးကလူတွေ ဆွဲကြလွှဲကြလို့ ကိစ္စပြီးသွားတယ်။ သွေးရဲရဲ သံရဲရဲနဲ့ ဖြစ်နေတဲ့သူ့ကို လူတစ်ယောက်က ဆိုက်ကားပေါ်တင်လွှတ်လိုက်တယ်။ ဆိုက်ကားပေါ်ရောက်မှ ကျွန်တော့်ကိုအော်ဆဲသွားတယ်လေ။ ကျွန်တော်က ဘာမှ ဆက်မလုပ်တော့ပါဘူး။ အရက်ကိုပဲ ဣန္ဒြေမပျက် ပြန်သောက်နေလိုက်တယ်။ အဲဒီကတည်းက ဒီကောင် ကျွန်တော့်အပေါ် ရန်ငြိုးထားတယ်လို့ ကျွန်တော်ထင်တယ်။ ခုလည်း သူကခေါင်းဆောင်၊ သူ့အသံက အကျယ်ဆုံး။

ကျွန်တော်ထပြီး မီးခလုတ်ဖွင့်လိုက်တယ်။ ထမင်းမစားဘဲ အရက်ချည်း မနက်မိုးလင်းက မိုးချုပ်ကြီးအထိ ဝိုင်းကျနေတာ စုစုပေါင်းလေးယောက်လောက် တစ်ဆက်တည်းဖြစ်တော့ လူကအားမရှိဘူး။အဲဒီရက်တွေမှာလည်းတစ်ညမှကောင်းကောင်း အိပ်မပျော်ခဲ့လို့ လူက အနုံးကြီးနုံးပြီး ယိုင်ချင်နေတယ်။ တစ်နေ့လုံးသောက်ထားတဲ့အရက်က ထုံနေပြီဆိုပေမယ့် မူးတော့လည်းမူးနေတာပဲ။ သွက်သွက်လက်လက် ဖြတ်ဖြတ်လတ်လတ်ရှိတဲ့မူးပုံမျိုးမဟုတ်ဘူး။ လေးတွဲ့တွဲ့နဲ့ ထိုင်နေရင် မထချင်ဘူး။

ဒါပေမဲ့ အပြင်ဘက်က ဆဲသံတွေ၊ ကြိမ်းမောင်းဆဲဆိုသံတွေကြားတော့ တစ်ချီတစ်မောင်းတော့တွေ့ကြသေးတာပေါ့။ မင်းတို့ကအုပ်နဲ့၊ ငါက တစ်ယောက်တည်း။ မင်းတို့ ဆယ်ယောက်သေပြီးမှ ငါတစ်ယောက်သေရမှာ ဆယ်သက်နဲ့တစ်သက် ငါ မလဲရဲစရာဘာရှိသလဲ။ အခုလိုငြိမ်နေရင် ရှက်စရာကြီး။ လူကြောက်လို့ ဘသွယ်ကလည်း ထင်မယ်။ အများကလည်းထင်မယ်။ ဆော်မယ့်ဆော်ရင် လင်းလင်းထင်းထင်းမှာပြောင်ဆော်မယ်လို့ထွက်ပြီး အိမ်ထဲကမီးကို ထဖွင့်လိုက်တယ်။ ဓားဆွဲပြီး မီးခလုတ်ကိုသာ ဖွင့်လိုက်တာ။ လူကတော့ ယိုင်လို့။

ဓားကို မြဲမြဲဆုပ်ပြီး တံခါးတစ်ဖက်ကို ဖွင့်ရင်း အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ ခွေးမသားဆဲနေတဲ့အကောင်တွေ တစ်ကောင်မှမရှိဘူး။ လမ်းဓာတ်မီးကြီးက ထိန်နေတာပဲ။ သူတို့ ဘယ်ပြေးကုန်ပြီလဲ။ အဟုတ်လုပ်မယ့်လူနဲ့ တွေ့တော့ ပြေးကြပြီပေါ့။ သတ္တိရှိတဲ့ အကောင်တွေမှ မဟုတ်ဘဲ။ ငါမှားသွားတယ်။ မီးမဖွင့်ဘဲ ထွက်လိုက်ရင် အကောင်းသား။ အခုတော့ အဟုတ်ဆော်မယ့်အကောင်မှန်းသိတာနဲ့ ပြေးကြတာပဲလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ပြီး တံခါးပြန်မပိတ်တော့ဘဲ ဧည့်ခံအခန်းက ပက်လက်ကုလားထိုင်မှာပဲ ထိုင်နေလိုက်တယ်။ ဒါနဲ့ သတိရလို့ နာရီကိုမော့ကြည့်တော့ မိုးလင်းခါနီးပြီ ငါးနာရီထိုးတော့မယ်။

ပြန်မအိပ်တော့ပါဘူးဆိုပြီး ရေမိုးချိုးတယ်။ ညက ဘသွယ် လာစော်ကားတာကို အရပ်လူကြီး

တိုင်ထားဦးမှလို့ စဉ်းစားမိတာနဲ့ အဝတ်စားလဲပြီး ထွက်ခဲ့တယ်။ မိုးထိန်ထိန်လင်းနေပါပြီ။

ခေါင်းထဲမှာ အုံတုံတုံဖြစ်နေလို့ တစ်ခွက် လောက်သောက်ချင်လာတယ်။ သောက်ရမှဖြစ်လိမ့် မယ်။ သည်လို သောက်လိုက်ရင် ထုံထိုင်းနေတာ၊ တုံတုံရီရီဖြစ်နေတာ ရင်ထဲမှာလှိုက်လှိုက်လှိုက်လှိုက် ဖြစ်နေတာ ခေါင်းအုံခေါင်းကိုက်ဖြစ်တာ စတဲ့ အရက်သောက်လွန်ကျူးလို့ ဖြစ်တဲ့ရောဂါ အနာမျိုး တစ်ရာ့တစ်ပါးဟာ ချက်ချင်းယူပစ်သလို ပျောက် တယ်။ တစ်ပက်သောက်လိုက်လို့ ဝေဒနာ ပျောက် သွားတဲ့အခါ နောက်တစ်ပက် နှစ်ပက်ထပ်လုပ်ရင် တော့ မနေ့ကအတိုင်းပြန်မူးတာပဲ။ ဒါကြောင့် ဒီလို မနက်အိပ်ရာထသောက်တဲ့နေရာမှာ စိတ်နိုင်ဖို့ သိပ်အရေးကြီးတယ်။ သောက်သင့်တာထက် ပို သောက်မိရင်တော့ အဲဒီနေ့အဖို့ မဆုံးတရားပဲ။

ထုံထိုင်းနေတာ ပျောက်သွားအောင် တစ်ပက် လောက် သောက်ချင်ပေမယ့် အိမ်မှာအရက်ဝယ်ပြီး သား မရှိဘူး။ ဒီတော့ ဘသွယ်အကြောင်း အရပ် လူကြီးကိုတိုင်ပြီးရင် ဒိုင်ပုန်းတစ်ခုခုမှာ တစ်ခွက် လောက်သောက်ပြီး ခေါင်းကိုက်ဖြေမယ်လို့ စိတ်ကူး ပြီး အိမ်ကထွက်ခဲ့တယ်။ အရပ်လူကြီး ဦးဘရှင်တို့ အိမ်ရှေ့ရောက်တော့ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ အိမ် ရှေ့မှာ ဦးဘရှင်ရပ်နေတာမြင်တာနဲ့ သူ့ဆီဝင်ပြီး ညကဖြစ်ပျက်ပုံအကျိုးအကြောင်းစုံကိုပြောပြတယ်။

ဒီတော့ သူကခေါင်းတစ်ဖက်စောင်းပြီး သေ သေချာချာနားထောင်ရာက ''ဟုတ်နိုင်ပါ့မလားဗျာ၊ ဒီတေလေဂျပိုး ဘသွယ်က ခင်ဗျားကိုလမ်းမလာပြီး ကလော်ဆဲတယ်ဆိုတာ နားရှိလို့သာ ကြားလိုက်ရ တယ်၊ ကျုပ် နည်းနည်းမှ မယုံဘူး၊ ကျုပ် စုံစမ်းပါ ဦးမယ်၊ ဟုတ်ရင် ကျုပ် ထိထိရောက်ရောက် ဆုံးမ ပါ့မယ်၊ ဒါနဲ့ ဒီမနက် ခင်ဗျားကိုလာပြောမလို့ မနေ့ကအိမ်မှာ လာရှာတော့လည်း ဘယ်သူမှမရှိ ကြဘူး၊ အကြောင်းကတော့ဒုလ္လဘရဟန်းကိစ္စပဲ'' လို့ ပြောတယ်။

ဦးဘရှင်က ဒီလိုစကား စလိုက်တော့ ဒီကနေ့ ဟာ သင်္ကြန်ကြိုဖို့ တစ်ရက်အလို ဧပြီလ(၁၁)ရက် နေ့မှန်း သတိရပြီး နှစ်စဉ်နှစ်တိုင်း ကျင်းပနေကျ သင်္ကြန်တွင်း ရပ်ကွက်ဒုလ္လဘရဟန်းခံပွဲကိစ္စကို ကျွန်တော် သတိရတယ်။

''အဲ ဟုတ်ပါရဲ့၊ ကျွန်တော်လည်း အခုပြောမှ သတိရတယ်''

''တစ်နေ့ညက အစည်းဝေးမှာ ဒုလ္လဘရဟန်း လောင်းတွေအတွက် နှစ်စဉ်နှစ်တိုင်းလိုပဲ မဲချတော့ ကိုယ့်ဆရာလည်း မဲပေါက်တယ်၊ အဲဒီအကြောင်း ပြောဖို့ မနေ့က ခင်ဗျားတို့အိမ်လာတာ၊ ခင်ဗျားရော ခင်ဗျားမိန်းမရော ဘယ်သူမှ မတွေ့ဘူး၊ ဒါကြောင့် ဒီနေ့မနက် ရှစ်နာရီမှာ မဲပေါက်တဲ့ ဒုလ္လဘရဟန်း လောင်းငါးပါး ဓမ္မသုခကျောင်းကိုသွားရမယ်၊ ဟိုမှာ ဆံချပိတ်ဖြူစီးပြီးလိုင်၊ ဒဏ်၊ သေခိယနဲ့ သက်န်း တောင်းကျက်ရမယ်၊ တတ်ပြီးသားလူက ဝိနည်းကို ကြည့်ရမယ်၊ မနက်ဖြန် သင်္ကြန်အကြိုမှာ ကိုရင် ဝတ်ပြီး သင်္ကြန်အကျနေ့မှာ သိမ်ဝင်ရဟန်းခံရမယ်။ အဲဒါ ခင်ဗျား အဆင်သင့်ဖြစ်အောင် လုပ်ပေတော့'' လို့ပြောတယ်။ အရပ်လူကြီး ဦးဘရှင်ကတော့ သူ့ တာဝန်သူပြောတာပဲ။

ကျွန်တော်မှာတော့မိုးလင်းကတည်းက အရက် လိုနေလို့ ခေါင်းက တဒိန်းဒိန်း ဖြစ်နေတယ်။ လူက မရွှင်မပျနဲ့ ထိုင်းတိုင်းတိုင်း။ ဒါကို အရက်ကုစားဖို့ လာရာမှာ ဘုန်းတော်ကြီးကျောင်းသွားပြီး သူတော် သူမြတ်လုပ်ရမယ့်အရေးနဲ့ ရင်ဆိုင်တွေ့နေရတော့ အများကြီး အဖြေရခက်နေတာပေ့ါ။ လူစားထည့် ပေးဖို့ ပြောရကောင်းမလားလို့ စဉ်းစားမိပါရဲ့။ ဒါပေ မဲ့ ရပ်နဲ့ရွာနဲ့လုပ်နေကြတဲ့ကိစ္စမှာ ဒီလိုပြောရင် မကောင်းဘူးဆိုပြီး ''ဟုတ်ကဲ့၊ သွားနှင့်ကြပါ၊ ကျွန် တော်လိုက်ခဲ့ပါမယ်''လို့ ပြောပြီး သူ့ဆီက ထွက် ခဲ့ပါတယ်။

အိမ်ပြန်ရကောင်းမလားလို့ စဉ်းစားမိပေမယ့်၊ ခြေထောက်က အရက်ပုန်းရောင်းတဲ့ အိမ်တွေဘက်

လျှောက်သွားတာနဲ့ လူပါ, ပါသွားပြီး တံခါးမဖွင့်သေးတဲ့ မဆွဲမိတို့အိမ်ကို တံခါးထု နိုးမိတယ်လေ။

အိမ်မှုန်စုံမွှားနဲ့ထလာပြီး မဆွဲမိက တံခါးဖွင့်ပေးတယ်။ ကျွန်တော့်ကိုတွေ့တော့ ''အစ်ကိုက စောလှပါလား''လို့ပြောပြီး လသာမှန်အိမ်ကို မီးစာနည်းနည်းမြှင့်လိုက်တယ်။ ပက်လက်ကုလားထိုင်တစ်လုံးလည်း ရှာပေးတယ်။ အပြင်မှာ လင်းနေပေမယ့် မဆွဲမိတို့ အိမ်ထဲမှာတော့မှောင်နေသေးတယ်။ အိမ်ရှေ့က ကုက္ကိုပင်ကြီးကြောင့်လည်း ပိုမှောင်တာဖြစ်မှာပါ။ ဒီအိမ်က အရက်ဒိုင်ပုန်း ဆိုပေမယ့် ကျွန်တော့် စားအိမ်သောက်အိမ်လည်း ဖြစ်တယ်။ မယားစိတ်ဆိုးတဲ့အခါ လူတွေ့သူတွေ့ မခံရအောင် ဒီမှာလာသောက်ရင်း ခိုနေတဲ့ အကြိမ်ပေါင်းလည်း များပါပြီ။

''ဘယ်လောက်ထည့်ရမလဲ''လို့ မဆွဲမိက မေးတော့ ကျွန်တော်က''တစ်စိတ် တော်ပါပြီ''လို့ ပြောလိုက်တယ်။ တစ်စိတ်ပုလင်းရယ်၊ ရေတစ်ခွက်ရယ်၊ ဖန် ခွက်ကလေးရယ်၊ပက်လက်ကုလားထိုင်ဘေးက စားပွဲဝိုင်းပေါ်မှာ မဆွဲမိလာတင်တယ်။ ဒီတော့သူက ''ဒါ ဓာတ်မြေဩဇာနှင့် ချက်တာမဟုတ်ဘူး။ နည်းမှန်လမ်းမှန်နဲ့ချက်တဲ့ (......)ရွာက အရက်၊ စိတ်ချလက်ချသာသောက်၊ အစ်ကိုကြီး'' လို့ ပြောလိုက်သေးတယ်။

ဖန်ခွက်ထဲ လက်နှစ်လုံးလောက် ထည့်ပြီး သောက်ချလိုက်ပါတယ်။ အစာမရှိလို့ဗိုက်ထဲပူဆင်းသွားတယ်။ နှစ်မိနစ်လောက်နေတော့ ကိုက်ခဲနာကျင်တာတွေ နေမကောင်းထိုင်မသာ ဖြစ်နေတာတွေအားလုံး ယူပစ်သလိုပျောက်သွားပြီး လန်းလန်းဆန်းဆန်း ဖြစ်လာပါတယ်။ ဒါပေမဲ့ သုံးလေးရက်လောက် ထမင်းမစားတော့ အားမရှိဘူး။ နုံးနေတယ်။ ဒါကြောင့် တစ်ခွက်ထပ်ဆင့်လိုက်ရင် ပိုလန်းမလားလို့ နောက်ထပ် လက်နှစ်လုံးလောက် ထည့်ပြီးသောက်လိုက်တယ်။ ဒီလိုသောက်ပြီး ခဏနေတော့ မနေ့ညနေတုန်းက မူးတဲ့အတိုင်း တစ်ခါတည်း ပြန်ဖြစ်သွားတာပဲ။ ရေချိန်ကိုက်သွားပြီပေါ့။

ဒီလိုအချိန်မျိုးဟာ အရက်သမားတွေ ဉာဏ်အမျိုးမျိုးထွက်တဲ့အချိန်ပဲ။ မျိုးစုံစိတ်ကူးတတ်တယ်။ အမျိုးမျိုးလည်း လုပ်တတ်တယ်။ ဘုရား, တရား ဝါသနာပါတဲ့ ပုဂ္ဂိုလ်နဲ့စကားစပ်မိရင်လည်း ဘုရား, တရားစကား ကြီးကြီးကျယ်ကျယ်တွေ ပြောတော့တာပဲ။ ရယ်စရာ၊ မောစရာပြောတတ်တဲ့လူနဲ့ တွေ့ရင်လည်း ရယ်စရာ မောစရာတွေပြောပြီး တသောသောပေါ့။ ယုတ်ယုတ်မာမာ ညစ်တီးညစ်ပတ်တွေ ပြောတတ်တဲ့လူနဲ့ဆုံမိစပ်မိရင်လည်း အဲဒီဘက်မှာ တစ်ဖက်ကမ်းခပ်ပေါ့။ ဒီအချိန်မျိုးမှာ ကြက်ခိုးဖို့အဖော်လာညှိရင်လည်း ပါသွားတာပဲ။ ဓားပြတိုက်ဖို့ လာဆွယ်ရင်လည်း ချက်ခြင်းထလိုက်သွားမယ့် လူစားမျိုးဖြစ်နေတယ်။ကိုယ့်ကိုယ်ကိုအစိုးမရတော့ဘူး။

မယားနဲ့ ကတောက်ကဆဖြစ်တာကို တွေးမိတယ်။ ''ကွဲသွားလည်းအေးတာပဲ၊ သားသမီးလည်း ရှိတာမှ မဟုတ်ဘဲ၊ လွတ်လွတ်လပ်လပ် ငါ ဘယ်မှာနေနေ ဖြစ်ပါတယ်၊ အိပ်ဖို့အခန်းတစ်ခန်း ငှားထားရင်ပြီးတာပဲ၊ ထမင်းလခပေးစားမယ်၊ ဒိုဘီဆိုင်တွေ လည်းအများကြီး၊ ဒီကောင်မနဲ့ပေါင်းနေသမျှတော့ ငါ လူဖြစ်မှာမဟုတ်ဘူး၊ တစ်ရာပေးလည်း ကြွေးနဲ့၊ နှစ်ရာပေးလည်း ကြွေးနဲ့၊ ဘယ်တော့ လူဖြစ်တော့မှာလဲ၊ ကွဲတာပဲအေးပါတယ်'' လို့ တွေးမိတယ်။ ဒီလိုတွေးမိတာနဲ့ လက်ကပုလင်းကိုင်ပြီး ဖန်ခွက်ထဲ ငှဲ့ထားပြီးသား ဖြစ်သွားတာပဲ။

''ပထမတော့ လူက အရက်ကိုသောက်တယ်၊ ဒုတိယအဆင့်မှာအရက်ကအရက်ကိုသောက်တယ်၊ တတိယအဆင့်မှာ အရက်က လူကိုသောက်တယ်'' ဆိုတဲ့ ဂျပန်စကားပုံဟာ လက်တွေ့အင်မတန်ပါတဲ့ စကားပုံပဲ။ အခု မနက်ခုနစ်နာရီ မထိုးခင် မဆွဲမိတို့ အရက်ပုန်းအိမ်ထဲမှာ အရက်က ကျွန်တော့်ကို သောက်နေပါသည်။အများကြီးသောက်နေပါသည်။

ဒါကြောင့် ''ဘာဒုလ္လဘကြီးမှလည်း မလုပ်တော့ဘူး၊ စိတ်မချမ်းသာရတဲ့အထဲ ရဟန်းခံရင်

ကာသိုလ်တစ်ပဲ ဇရဲတစ်ပိဿာဖြစ်မှာပဲ''လို့ တွေးမိတယ်။ ဒါနဲ့ အရပ်လူကြီး ဦးဘရှင်ဆီ စာတစ်စောင်ကောက်ရေးလိုက်ပြီး မဆွဲမိရဲ့သား ပါဒိုကို သွားအပ္ပိုင်းလိုက်တယ်။ ''ကျွန်တော် အလွန်စိတ်မချမ်းမသာ ဖြစ်နေရလို့ ဒုလ္လဘရဟန်း မဝတ်နိုင်အောင်ဖြစ်နေပါတယ်၊ ကျွန်တော့်အစား သင့်တော်မယ့် ဒါမှမဟုတ်၊ လုပ်ချင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဒုလ္လဘရဟန်းအဖြစ် ချီးမြှင့်ကြပါတော့''ဆိုတဲ့သဘောပါတဲ့ စာပါပဲ။

အရက်က ကျွန်တော့်ကို တစိမ့်စိမ့်သောက်နေသလို ကျွန်တော်ကလည်း ညက လာဆဲထားတဲ့ ဘသွယ်တို့ကို သတိရနေပါတယ်။ ကျောင်းမှန်းကန်မှန်းသိအောင် ဒီအကောင်ကို လုပ်ရဦးမယ်။ လုပ်ဖို့လိုနေပြီ။ လုပ်ကိုလုပ်ရမယ်လို့ အသံမထွက်တထွက်ဆိုမိတယ်။

၈-နာရီထိုးတော့ စားပွဲပေါ်ကအရက်က ကုန်ပါပြီ။ ကျွန်တော်လည်း မတ်တတ်မရပ်နိုင်လောက်အောင် မူးနေပါပြီ။ သတိကတော့ မလစ်ပါဘူး။ လုံချည်မနိုင်၊ ပုဆိုးမနိုင်တော့ ဖြစ်တာပေါ့။ မိုးလင်းစမှာ ခလောက်မူးနေတော့လည်း အရပ်ကို အရှက်သား။ အိမ်ပြန်မှ ဖြစ်မယ်လို့ သတိရတယ်။ ဒါနဲ့ မဆွဲမိယောကျ်ား ကိုဘသာကို ''ဆိုက်ကားတစ်စီးခေါ်ပြီး၊ ကျွန်တော့်ကို အိမ်အထိပို့ပေးစမ်းပါ၊ ကျွန်တော်တော့မဟန်နိုင်ဘူး။ အင်မတန်လည်း အိပ်ချင်နေပြီ''လို့ ပြောလိုက်ပါတယ်။ အိပ်ရရင် အားရှိမယ်၊ နေကောင်းမယ်။

ကိုဘသာက အိမ်အထိ အိပ်ရာထဲအရောက်လိုက်ပို့ပါတယ်။ အိမ်မှာ ဘယ်သူမှမရှိမှန်းသိတော့ မနက်စာ ယူလာမယ်လို့ပြောပြီး ပြန်သွားတယ်။ ဒီအလုပ်ကို ခါတိုင်းလည်း သူလုပ်နေကြပါ။ မယားစိတ်ဆိုးလို့ သူ့အိမ်ပြန်သွားရင် ကျွန်တော် ဒီလိုပဲသောက်၊ ဒီလိုပဲ ဖြစ်ပါတယ်။ ကိုဘသာက ဒီလိုပဲလာပြုစုရတယ်၊ ထမင်းပို့ရတယ်၊ အရက်ဝယ်ပေးရတယ်၊ ကျသမျှငွေကိုနောက်မှ ကျွန်တော်ကရှင်းပေးလေ့ရှိပါတယ်။ အဲဒီလို ရှင်းတဲ့အခါ သူတစ်ဆယ်စိုက်ထားရင် ဆယ့်ငါးကျပ် နှစ်ဆယ်လောက်အိတ်ထဲပါသလောက် သူ့ကိုပေးလိုက်တာပဲ။ ကျေးဇူးက ကြီးပေသကိုး။

အိပ်တော့ အားကြီးအိပ်ချင်တာပဲ။ ဒါပေမဲ့ အိပ်လို့မပျော်ဘူး။ ဒါနဲ့ မျက်စိဖွင့်ပြီး ကြည့်နေတော့ ခြေရင်းက စာအုပ်ဗီရိုထဲမှာ ကြွက်ကလေး တစ်ကောင် လှုပ်လှုပ်ရွရွလုပ်နေသလိုမြင်ရတယ်။ ကြာရင် ငါ့စာအုပ်တွေကုန်တော့မှာပဲလို့ မောင်းဖို့ ဗီရိုနားထသွားတော့ လှုပ်လှုပ်, လှုပ်လှုပ် လုပ်နေတာ ကြွက်မဟုတ်ဘူး။

လုံးထွေးပြီး ဒေါင့်ထဲပစ်ထည့်ထားတဲ့ ကျွန်တော့်လက်ကိုင်ပဝါဖြစ်မှန်းသိရတယ်။ သြော်- မျက်စိများပဝါနဲ့ကြွက်တောင် ကွဲကွဲပြားပြား မသိနိုင်တော့ပါလားလို့တွေးပြီး အိပ်ရာပေါ်ပြန်လာတယ်။ အိပ်ရာပေါ်ကပြန်ကြည့်တော့ ဒီပဝါဟာစာအုပ်တွေကိုကိုက်နေတဲ့ ကြွက်ကလေးလို ဖြစ်နေပြန်တယ်။ အင်း- တော်တော်မူးနေပြီ၊ တော်တော်ဆိုးနေပြီ။

ဒါကြောင့် မျက်နှာလွှဲပြီး ခြေရင်းကနံရံကိုကြည့်နေလိုက်ပါတယ်။ အစီအစဉ်မရှိ စိတ်ကလည်း အရှုးအိပ်မက်လို ရောက်ရာပေါက်ရာ စိတ်ကူးမိနေလေတော့ စိတ်ကူးလိုက်တာတွေဟာ ရုပ်ပုံကားချပ်တွေအဖြစ်နဲ့ နံရံမှာစိတ်ကူးတဲ့အတိုင်း ပေါ်လာပြီး ရုပ်ရှင်ပြသလို လှုပ်ရှားပြောင်းလဲနေတာ ထင်ထင်ရှားရှား မြင်တွေ့နေပါတယ်။ စိတ်ကူးကြောင့်ပေါ်လာတဲ့အရုပ်တွေနဲ့အတူ မျောနေသလို တခြားဘာမှ သတိမရဘဲ ဖြစ်နေပါတယ်။ နောက်သတိရလို့ မျက်တောင်ခတ်ပြီး သေသေချာချာ ကြည့်လိုက်တော့ နံရံမှာ ဘာမှမရှိပါဘူး။ အဖြူသက်သက်ပါပဲ။ အရက်ချည်းဆက်သောက်နေလို့ ဒီလိုဖြစ်တာပဲ။ အဲဒီလို သုံးသပ်စဉ်းစားလာတယ်လေ။

ကိုဘသာက သွေးဆေးဖျော်ထားတဲ့ ဖန်ခွက်ကျွန်တော့်ကို လှမ်းပေးလိုက်တယ်။ သောက်လိုက်ပါဆရာ၊ ဒီဆေးသောက်ပြီးရင် ဆရာ အိပ်ပျော်သွား

လိမ့်မယ်၊ အိပ်ပျော်သွားလို့ အိပ်ရေးဝရင် ဆရာ အားရှိလာမယ်၊ ပကတိ အကောင်းဖြစ်လာမယ်၊ အားရှိမယ့် စားစရာတွေ ကျွန်တော်ကျွေးမယ်၊ အဲ ဟုတ်ပြီ၊ ရေလည်း နည်းနည်း သောက်လိုက်ပါဦး ဆရာ၊ ဒီသွေးဆေးက အင်မတန်အိပ်လို့ ကောင်း တဲ့ သွေးဆေးဆရာ။ နာမည်ကြီးပဲ။ ကဲကဲ စိတ်ချ လက်ချ အိပ်ချလိုက်ပါ ဆရာ။ မျက်စိ မှိတ်ပါဆရာ။ ကျွန်တော် ဆရာ့နားကဘယ်မှမသွားပါဘူး။

ကိုဘသာက ကျွန်တော့်ကို ချော့သိပ်နေတယ်။ ကျွန်တော့်နားထဲမှာ ဆဲသံတွေ သဲ့သဲ့တော့ကြားနေ သေးတယ်။ ကိုဘသာကတတွတ်တွတ်အိပ်ပါဆရာ၊ စိတ်လျှော့ချလိုက်ပါ၊ ဆရာအိပ်ပျော်တော့မှာပါ၊အဲ ဒီလို မျက်စိစင်းလာရင် အိပ်သွားမှာပဲ၊ စိတ်ချ လက်ချသာ အိပ်လိုက်ပါလို့ ပြောနေတာနဲ့ စိတ်မာန် လျှော့ပြီးအိပ်လိုက်တာတကယ်ပဲအိပ်ပျော်သွားတယ်။

သင်္ကြန်အကြိုနေ့ မွန်းမတည့်ခင်က စအိပ်လိုက် တာ သင်္ကြန်ကျတဲ့နေ့ ညနေငါးနာရီလောက်မှပဲ ကျွန်တော်နိုးတော့တယ်။ ပြန်နိုးလာတော့လူကောင်း ပကတိတော့ ဖြစ်ပါရဲ့။ အားကသိပ်နည်းနေတယ်။ ဘာမှလည်း မစားချင်ဘူး။ ကိုဘသာ လုပ်ပေးတဲ့ ဆန်ပြုတ်ရေကြဲကြဲ လေးငါးဇွန်းပဲသောက်နိုင်တယ်။ မိုးချုပ်လို့ ခုနစ်နာရီခွဲ ရှစ်နာရီအချိန်လောက်က ပြန်အိပ်လိုက်တာ သင်္ကြန်အကြတ်နေ့ မနက်မှပဲ နိုးပါတယ်။

ဆန်ပြုတ်ကလေး စွပ်ပြုတ်ကလေးနဲ့ သုံးလေး ရက်နေရတယ်။ အစားအသောက် စားချင်အောင် ပြန်မျှားရ မွေးရတဲ့သဘောပေါ့။ ဒီနောက် ထမင်း စားနိုင်တော့လည်း ခပ်ပျော့ပျော့က စစားတယ်။ လေးငါးရက်လောက်တော့ နည်းနည်းနည်းနည်း တစ်နေ့ သုံးလေးကြိမ်စားတာပဲ။ နောက်တော့ မှန် သွားတာပေါ့။ အဲဒီကတည်းက အရက်ပြတ်သွား တာ ဒီကနေ့အထိပဲ။ ဘယ်တော့မှ မသောက်တော့ ပါဘူး။ အသက်ထက်ဆုံး မသောက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

ဟုတ်ကဲ့။ ရူးမှာကြောက်လို့ အရက်မသောက် တော့တာအမှန်ပဲ။ အရက်ရူး ရူးတယ်ဆိုတာ ဘယ် လိုခံစားရတယ်။ ဘယ်လိုနေတယ်လို့ နိဒါန်းအနေ နဲ့ မြည်းပြီးပြီကော။ ဒီတော့ သတိရှိတဲ့သူကတော့ ကြောက်တာပဲ။ အတင်းတိုးရင်တော့လည်း သေ သေချာချာ ရူးမှာပဲ။

အင်္ဂလိပ်စကားပုံတစ်ခုမှာ 'ရေဟာ အကောင်း ဆုံးသောက်စရာပဲ'လို့ ဆိုတယ်မဟုတ်လား။ ကျုပ် တို့က ကောင်းတာကို မသောက်ချင်ဘဲ ရူးတာကိုမှ သောက်ချင်တာက ခက်နေတာ။

ကျွန်တော် အရက်ပြတ်တဲ့အတွက် ဝမ်းအသာ ဆုံးကတော့ ကျွန်တော့် မိန်းမပဲ။

ရဲဘော်နေအောင်

# ရှုးရှုးမပေါက်သင့်သောနေရာ

ရဲဘော်နေအောင်



# ရှုံးရှုံးမပေါက်သင့်သောနေရာ

ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)တွင် ကျွန်တော်က တပ်ခွဲမှူး(အရာရှိ အဆင့်)အဖြစ် တာဝန်ထမ်းဆောင်နေရာမှ ဘီအိုင်အေကို ဖျက်သိမ်းလိုက်ပြီးနောက် ဗမာ့ကာကွယ် ရေးတပ်မတော်(ဘီဒီအေ)အဖြစ် ပြန်လည် ဖွဲ့စည်း လိုက်သောအခါ ကျွန်တော်၏ ကျန်းမာရေး အခြေ အနေမကောင်းသဖြင့် အနားယူလိုက်ရသည်။

ကျွန်တော်က အနားယူရင်းနှင့် ရန်ကုန်မြို့ စမ်းချောင်းနှင့် ကွက်သစ်ရပ် အရှေ့အာရှတိုက် လူငယ်များ အစည်းအရုံး(ခွဲ)ကို တည်ထောင်ဖွဲ့စည်း ကာ အစည်းအရုံး၏ အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့သည်။

အာရှလူငယ် အစည်းအရုံးဝင်များသည် စစ် အတွင်း လူငယ်များ၏ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ရေး၊ ပညာဗဟုသုတ တိုးပွားရေးနှင့် တစ်ကိုယ်ကောင်း စိတ်ထားပယ်ရှား၍ မိဘပြည်သူအများ၏ အကျိုး စီးပွားကို စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ပေးရေး၊ မြို့ရွာစည်ပင်သာယာရေးနှင့် ကာကွယ်စောင့် ရှောက်ရေးများကို တတ်နိုင်စွမ်းရှိသလောက် ရန်သူ ၏ ဗုံးဘေးအန္တရာယ်ကြားမှ မကြောက်မရွံ့ ဆောင် ရွက်ပေးခြင်းစသော ပရဟိတလုပ်ငန်းများကြောင့် မိဘပြည်သူများကလည်း လူငယ်များကို ချစ်ခင် မြတ်နိုးကြသည်။ ကျေးမွေးစောင့်ရှောက်ကြသည်။

ဤကဲ့သို့ မိဘပြည်သူများ၏ ချစ်ခင်မြတ်နိုး၊ ကျွေးမွေး စောင့်ရှောက်ခံရသူများထဲတွင် အာရှ လူငယ်အစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သော ကျွန်တော်လည်း ထိပ်ဆုံးမှ တစ်ယောက်အပါအဝင် ဖြစ်သည်။ အတွင်းရေးမှူးအလုပ်သည် အစည်း အရုံးလုပ်ငန်းများကို နေ့စဉ် အချိန်ပြည့် တာဝန်ယူ လုပ်ကိုင်ရသဖြင့် အခြားဝင်ငွေရသော အလုပ်များ ကို မလုပ်နိုင်၍ ဝင်ငွေမရှိ။ အစည်းအရုံးမှလည်း ထောက်ပံ့ကြေးမပေးနိုင်။ ထို့ကြောင့် ရပ်ကွက်ရှိ မိဘပြည်သူအချို့က ကျွန်တော့်ကို ထောက်ပံ့ကျွေး မွေးကြရသည်။

ဤသို့ အာရှလူငယ်အစည်းအရုံး အတွင်းရေး မှူးတာဝန်ကို ဆောင်ရွက်နေရင်းမှ မြေအောက် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ဂျပန်စစ်ပုလိပ်အဖွဲ့မှ ကျွန်တော်တို့ အာရှလူငယ် အစည်းအရုံးကို သင်္ကာမကင်းဖြစ်ကာ စစ်လား၊ ဆေးလား ဖြစ်လာသည်။ အစည်းအရုံး၏ နာယက တစ်ဦးကို ဖမ်းဆီးချုပ်နှောင်ကာ နှိပ်စက်ညှဉ်းပန်း တော့သည်။ ဤပုံ ဂျပန်စစ်ပုလိပ်အဖွဲ့မှ အန္တရာယ် ပေးလာမှုကို ဘီဒီအေစစ်ရုံးမှ ဗိုလ်ကြီးသိန်းဟန် (မုတ်ဆိတ်သခင်သိန်းဟန်)အား တင်ပြဆွေးနွေးပြီး နောက် ကျွန်တော်က ဗမာကာကွယ်ရေးတပ်မ တော်(ဘီဒီအေ)သို့ ဝင်ရောက်၍ တပ်ကြပ်အဆင့် ဖြင့် ဘီဒီအေစစ်ရုံးမှာပင် အမှုထမ်းလိုက်ရသည်။

ထိုသို့ တပ်မတော်တွင် အမှုထမ်းနေခိုက် စမ်း

ချောင်းနှင့် ကွက်သစ်ရပ် ဘုရားပွဲတော်ကို အငြိမ့်ပွဲနှင့် သိုက်သိုက်မြိုက်မြိုက်စည်စည်ကားကားကျင်းပကြရာ ကျွန်တော်တပ်မတော်သို့ ပြန်လည်မဝင်ရောက်မီ စမ်းချောင်းကွက်သစ်အာရုလူငယ်အစည်းအရုံး၊ အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့စဉ်က ရပ်ရွာအကျိုးကို အတူတကွ သယ်ပိုးဆောင်ရွက်ခဲ့ကြသော လုပ်ဖော်ကိုင်ဖက်များမှာ ယခုဘုရားပွဲကျင်းပရေးကော်မတီတွင် ပါဝင်နေကြသဖြင့် ကျွန်တော့်ကို စားရင်းသောက်ရင်းနှင့် အငြိမ့်ပွဲ ကြည့်ရန် လာရောက်ဖိတ်ခေါ်ကြတော့သည်။

ညနေ ၅–နာရီလောက်ကပင် ဘုရားပွဲကျင်းပသော နေရာနှင့် မနီးမဝေးမှ အငြိမ့်စင်ရှေ့တွင် ရာဇမတ်ကာပြီး စားပွဲ၊ ကုလားထိုင်များနှင့် ခင်းကျင်းထားသော အထူးဧည့်သည်များအတွက် ဧည့်ခံပွဲနေရာသို့ ကျွန်တော်က တပ်မတော်ယူနီဖောင်းနှင့် ရောက်ရှိသွားသည်။ ကျွန်တော်ရောက်ပြီးမကြာမီပင် ဂျပန်စစ်ဘက်မှ သုံးလေးယောက်နှင့် စကားပြန်၊ ထို့နောက်ရဲအရာရှိတချို့ ရောက်လာကြသည်။ ဂျပန်စစ်အရာရှိများကို ကျွန်တော်က ကြည့်မရသော်လည်း ဧည့်သည်ချင်းဖြစ်နေ၍ အောင့်သက်သက်နှင့် ရောထိုင်နေရသည်။

မိတ်ဆွေ ဘုရားပွဲကျင်းပရေးကော်မတီများက ကျွန်တော်တို့ဝိုင်းတွင် ပထမ စမ်းချောင်းမှသိပ္ပံနည်းကျချက်လုပ်သော (ရဲဘော်ဘရန်ဒီ)နှင့်ဧည့်ခံသည်။ အမြည်းမှာ ကြက်၊ ဝက်၊ ဘဲ စသော တရုတ်အစားအစာများ ဖြစ်သည်။ ဘရန်ဒီသောက်လိုက်၊ အမြည်းစားလိုက်၊ မိတ်ဆွေများနှင့် တချိန်က အာရုလူငယ်အစည်းအရုံးတွင် အတူတကွ ဆောင်ရွက်ခဲ့ကြပုံများကို စမြုံ့ပြန်လိုက်နှင့်ကြည်နူးနေကြသည်။ အချိန်စောနေသေးသဖြင့် အငြိမ့်စင်ပေါ်တွင် တီးဝိုင်းဆရာများပင် ရောက်မလာကြသေးပါ။

သောက်ရင်းစားရင်းနှင့် ရဲဘော်ဘရန်ဒီ ကုန်သွားသောအခါ ဂျပန်အရက်(ဆာကေး)နှင့် ဧည့်ခံပြန်တော့သည်။ ဂျပန်အရက်သည် အပြောအဆိုအကျင့်အကြံ ဆိုးဝါးလှသော ဂျပန်ဖက်ဆစ်များနည်းတူ အနံ့လည်း ဆိုး၊ အရသာလည်း ဆိုးလှသည်။ သို့ပင်လျှင် ချဉ်ချဉ်တူးတူး မူးယင်ပြီးရောသဘောမျိုးနှင့် တိုက်သူကတိုက်၍ သောက်သူကသောက်လိုက်ရပေတော့သည်။

အရက်သမား မဟုတ်သေးသော ကျွန်တော့်အဖို့တွင် ဒကာတော်မိတ်ဆွေများကို အားနာ၍သာ ဂျပန်ဆာကေးကို ရှုံ့ရှုံ့မဲ့မဲ့နှင့် သောက်လိုက်ရသည်။ မကြာမီပင် ရင်ထဲတွင် ဘရန်ဒီနှင့်ဆာကေးတို့ သူနိုင်ငါနိုင် ရန်ဖြစ်ကုန်ကြသလားမသိ။ နေမထိထိုင်မသာနှင့် အခံရဆိုးလာသည်။ ဦးခေါင်းကို တူနှင့် အထုခံလိုက်ရသလို မူးမိုက်လာပြီး စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ပျို့မှုန်း၊ အန်မှုန်းပင် ကောင်းကောင်းမသိလိုက်ပါ။ နားထဲတွင် ဆိုင်းတီးသံ၊ လူပြက် ပြက်သံနှင့် ဝါးခနဲ ရယ်သံများကို မသဲမကွဲ ကြားနေရသည်။ ခေါင်းထောင်ကြည့်ရာ မရ၊ ထို့နောက် မင်းသမီးသီချင်းဆိုသံ ကြားလိုက်ရပြန်၍ ခေါင်းထောင်ကြည့်လိုက်မိပြန်သည်။ ခေါင်းကမတ်မတ်မထူနိုင်ဘဲယိမ်းထိုးနေသည်။ ခေါင်းမထူနိုင်ရသည့်အထဲ မင်းသမီးက လှုပ်လှုပ်ရှားရှားနှင့် ကပြနေပြန်သဖြင့် မျက်စိထဲတွင် တရိပ်ရိပ်ဖြစ်ကာ ပို၍မူးလာပြန်သည်။

မူးနေသဖြင့် ရီဝေနေသော မျက်လုံးအစုံကို တအားကုန်ပြူးကြည့်လိုက်သော်လည်း မင်းသမီး၏ရုပ်ပုံကို သဲသဲကွဲကွဲမမြင်ရ။ သည်အထဲတွင်လူပြက်နှင့်တူသူကမင်းသမီးအနားတွင်တောင်တောင်မြောက်မြောက်တွေပြောကာ ယောက်ယက်ခတ်လုပ်နေပြန်သဖြင့် ဒေါသထွက်လာပြီး အော်ဟစ်ကြိမ်းမောင်းလိုက်သည်အထိ နှုတ်သရမ်းမိတော့သည်။ ကိုယ့်ကိုယ်ကို မူးနေမှန်းသိ၍ သတိထားနေသည့်ကြားမှ သတိက တစ်ချက်တစ်ချက် လစ်လစ်သွားသည်။

မူးနေသော ကျွန်တော့်ကို မိတ်ဆွေများက ဖျောင်းဖျနှစ်သိမ့်ကာ ပွဲပြင်သို့တွဲခေါ်ကြသည်။ တွဲသည့်ကြားမှ မြေပေါ်သို့ ခွေကျသွားရသေးသည်။

ပွဲပြင်ရောက်သောအခါ မိတ်ဆွေများကို အားနာလာသဖြင့် သူတို့၏ ဖေးမတွဲခေါ်ခြင်းကို မခံယူတော့ဘဲ ကိုယ့်ကိုယ်ကို အားတင်းရပ်တည်ကာ လျှောက်သွားရာ အယိမ်းအယိုင်နှင့် မျက်စိများပြာလာပြီး သတိလစ်သလို ဖြစ်သွားပြန်သည်။ သတိမူလိုက်သောအခါ ရှုံးရှုံးမပန်းသင့်သော နေရာတွင် ရှုံးရှုံးပန်းမိလျက်သား ဖြစ်နေတော့သည်။

လူမြင်မကောင်း သူမြင်မကောင်း၊ လူကြားမကောင်း သူကြားမလျော် ဖြစ်ရလောက်အောင် ယုတ်ကြမ်းလိုက်မိခြင်းအတွက် အရှက်ကြီး ရှက်ရတော့သည်။ မိတ်ဆွေများကတွဲပို့၍ အိမ်ရောက်လာသည့်တိုင် အမူးမပြေသေးသော်လည်းသတိကမလစ်တော့ပဲစောစောကအရက်ကြောင့်လူ့ဘုံအလယ်တွင် အရှက်ကွဲခဲ့ရသည်ကို စိတ်မကောင်းဖြစ်ကာ မိမိကိုယ်ကို ဒေါသဖြစ်နေမိတော့သည်။

နောက်တစ်နေ့ စစ်ဝန်ကြီးရုံးတွင် ရုံးတက်နေစဉ် မည်သူကသတင်းပို့ တိုင်တန်းလိုက်သည် မသိ။ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ခေါ်ယူစစ်မေးတော့သည်။ ဗိုလ်ချုပ်ရှေ့ရောက်သောအခါကြောက်စိတ်မွှန်ကာ ရင်တဒိတ်ဒိတ် ခုန်နေသည်။

ခန္ဓာကိုယ်ကို (သတိ)အနေအထားနှင့် မတ်မတ်ရပ်နေရသော်လည်း ဒူးများမှာတုန်နေသည်။ ဗိုလ်ချုပ်က ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး စစ်ဆေးမေးမြန်းသောအခါ ဗိုလ်ချုပ်စိတ်ဓာတ်ကို ကြားသိထားပြီးဖြစ်သော ကျွန်တော်က မှန်ရာကိုသာ အစစ်ခံလိုက်သည်။

''မင်း ဒါဟာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ နောက်ထပ် ဒါမျိုးဖြစ်လာရင် ပြင်းပြင်းထန်ထန် အရေးယူမယ်၊ ကြားလား၊ သွားတော့''

ဗိုလ်ချုပ်က ဘယ်လိုအပြစ်မျိုး များပေးမှာပါလိမ့်ဟု တထိတ်ထိတ် တလန့်လန့်နှင့် စောင့်နေရာမှ သတိပေးရုံသာပေးလိုက်သဖြင့် ရင်ထဲမှအလုံးကြီးကျကာ စိတ်သက်သာရာ ရသွားပါတော့သည်။

''အရက်ဆို၊ တော်တန်တိတ်၊ ကောင်းကျိုးနှစ်ပြားသားမှမပေးတဲ့ အရက်၊ နောင်ကို မသောက်တော့ဘူးကွ၊ ဝေးဝေးက ရှောင်တော့မယ်''

ကျွန်တော်က ဤသို့ဤနှယ် ကြိမ်းဝါးပစ်လိုက်ပါတော့သည်။

ရဲဘော်နေအောင်

**(မှတ်ချက်)**။ ။ ဤဖော်ပြခဲ့ပြီးသော အကြောင်းအရာသည် ယစ်ထုပ်ကြီးဖြစ်သွားသော စာရေးဆရာရဲဘော်နေအောင်၏ ကိုယ်တိုင်ရေးသားချက်ဖြစ်သည်။ ယခုဆက်လက်ဖော်ပြမည့် အကြောင်းအရာသည်လည်း ရဲဘော်နေအောင်၏ ကိုယ်တွေ့ရေးသားချက် ဖြစ်ပါသည်။ ယင်းစာအုပ်ကို သေရည်အမည်ဖြင့် ၁၉၈၀–ခုနှစ်က ကိုယ်တိုင်ရေးသားထုတ်ဝေခဲ့သည်။

# သေသောက်ကြူး၍ အရူးဖြစ်ရခြင်း

ဘဝ၏အဆင်မပြေမှုနှင့် ပတ်ဝန်းကျင်မှဖောက်ပြန်မှုများကြောင့် စိတ်ထိခိုက်ရလေတိုင်း အရက်နှင့်ဖြေသိမ့်နေခဲ့သည်။

ဤသည့်အထဲတွင် တစ်ဦးတည်းသော ညီမလေး၏ခင်ပွန်း ကွယ်လွန်သွား၍ အမြန်လာရန် မိဘထံမှ သံကြိုးစာရလိုက်ပြန်သောအခါ စိတ်အနှောက်အယှက် ဖြစ်ရပြန်သည်။ အသက်အရွယ်ကြီးပြင်းပြီဖြစ်သော မိဘများ၏နောင်ရေးနှင့် အသက်အရွယ်ငယ်ငယ်နှင့် သားသမီးလေးယောက်အမေမုဆိုးမဖြစ်သွားရရှာသော ညီမလေး၏ နောင်ရေးတို့ကို တွေးမိကာ စိတ်မအေးဖြစ်ရပြန်သည်။

စိတ်ထိခိုက်စရာ ပိုလာပြန်သဖြင့် အရက်ကိုပို၍ သောက်လိုက်ရပြန်သည်။ သားတစ်ယောက်၊ သမီးတစ်ယောက်သာရှိသော မိဘများအဖို့သားကြီးဖြစ်သောကျွန်တော်က မိဘများနှင့် ဝေးလံလှသော မန္တလေးမြို့သို့ရောက်ရှိနေသဖြင့် သမီးနှင့်သားမက်ကိုသာ အားကိုးနေရရှာသည်။

ယခု အားကိုးရာသားမက်က သေဆုံးသွားသောအခါ လူ့ဘဝအကြောင်းကိုအကောင်းအဆိုးမှ ပိုင်းခြားနားလည်ပုံ မရသေးသော မုဆိုးမသမီးငယ်နှင့်သာ မိဘကနေသွားရပေတော့မည်။ သောကမအေးဖြစ်နေရုံနှင့် ပြီးမည်မဟုတ်။ ကွယ်လွန်သူယောက်ဖ၏ အသုဘကိုလည်း သဂြိုဟ်ရန်နှင့် မိဘနှင့်ညီမလေးတို့နောင်ရေးကိုလည်း ဆွေးနွေးဆောင်ရွက်သွားရန် ဇနီးနှင့်အတူ မိဘရပ်ထံ ခေတ္တပြန်ရတော့သည်။

မန္တလေးမှ ထွက်စကတည်းက လမ်းတစ်လျှောက်လုံးမီးရထားပေါ်တွင်ကြက်သားကြော်ကလေးတစ်ဖဲ့ နှစ်ဖဲ့လောက်ကို စားသည်မှလွဲပြီး အရက်ကိုချည်း သောက်လာခဲ့သည်။ ထမင်းကိုမစားပါ။

မန္တလေးမှ မွေးရပ်ဌာနေသို့ မီးရထားတောက်လျှောက်မသွား၍ ရန်ကုန်မြို့တွင် တထောက်ရပ်နားရသည်။ တထောက်နားသော တစ်ရက်တာကာလတွင် နှစ်အတန်ကြာကွဲကွာနေကြသော ရဲဘော်များနှင့် ပြန်လည်တွေ့ဆုံရာတွင် အရက်နှင့်ပင် ဧည့်ခံကြပြန်သည်။

ကွဲကွာနေကြရသော အချိန်ကာလကို အတိုးချပြီး ပြောကြ၊ ဆိုကြ၊ နောက်ကြ၊ ပြောင်ကြ၊ သောက်ကြသည်။ သို့သော် အစာစားကြသည်ဟူ၍ သိပ်မရှိကြပေ။

"ယောက်ဖသေတာများ ဝမ်းနည်းစရာမှတ်လို့၊ ယောက်ဖအသစ်ရှာပေးလိုက်ယင် ပြီးတာပဲ၊ စကားထဲ ထည့်ပြောမနေစမ်းပါနဲ့၊ ကွဲနေရတဲ့နှစ်တွေ အတိုးချပြီး သောက်လိုက်စမ်း၊ ပျော်လိုက်စမ်းပါ ရဲဘော်ရာ"

ကျွန်တော်က မပျော်အားနိုင်သော်လည်းရဲဘော်များ စိတ်ချမ်းသာအောင်မချိုပြုံး ပြုံးပြလိုက်ရသည်။ အရက်ကိုလည်း များများသောက်ပြလိုက်ရသည်။

လင်းအားကြီးလောက် အရက်ရှိန် ကျသွားသဖြင့် နိုးလာသည်။ အစာမရှိဘဲ အရက်ချည်းမင်းမူနေသော ရင်ထဲတွင်ပူလောင်ကာ တဒိတ်ဒိတ်ခုန်နေသဖြင့် ရေနှင့်ပက်ဖြန်းလိုက်ရသည်။ မျက်နှာမှာ အန်းနေပြီး မျက်စိများလည်း ရီဝေမှုန်မွှားနေသည်။

ဦးခေါင်းကလည်း အုံ၊ ခြေလက်များလည်း တုန်ကာ ကတုန်ကယင် ဖြစ်လာသည်။ အော့လိုက် အန်လိုက်ဖြစ်၍ လက်ကျန်အရက်ကို နှစ်ခွက်လောက် မော့ချလိုက်ရပြန်သည်။

မိုးလင်းသောအခါ ရန်ကုန်မှပြည် အဆန်ရထားဖြင့် မွေးရပ်ဌာနေသို့ လိုက်ပါလာခဲ့သည်။

မိဘအိမ်ရှေ့ရောက်သည်ဆိုလျှင်ပင် ညီမလေးမုဆိုးမမှာ ပဋိသန္ဓေအရင့်အမာကြီးနှင့် ဆီးကြိုငိုယိုပါတော့သည်။ သမီးငိုသောအခါ မိခင်ကပါ လိုက်ငိုပြန်သည်။ လူမမယ်တူ၊ တူမလေးများလည်း လန့်ဖျတ်ငိုကြပြန်သည်။

ဆို့နစ်သွားသောရင်ကိုဖိကာ ကျွန်တော်ရောက်မှ သင်္ဂြိုဟ်မည်ဖြစ်၍ ပြင်ဆင်ထားသောယောက်ဖ၏အလောင်းကို သွားကြည့်လိုက်သည်။

သောကမီးတောက်လောင်နေသော ညီမကိုလည်း တရားမချနိုင်၊ အသုဘသို့ ရောက်ရှိနေကြသော ဆွေမျိုးမိတ်သင်္ဂဟများကိုလည်း စကားမပြောနိုင်။ စိတ်ထိခိုက်လှသဖြင့် အိပ်ခန်းထဲသို့ဝင်ကာ လှဲနေလိုက်ရသည်။

ကြာကြာလှဲနေ၍လည်း မရသဖြင့် ပူပန်သောစိတ်များ တဒင်္ဂငြိမ်သက်သွားစေရန် အရက်နှင့်ငြိမ်းသတ်လိုက်ရပြန်သည်။ သောကသည် ညီမ မုဆိုးမကို တရားမပြနိုင်ရုံသာမက မိမိကိုယ်တိုင်ကပင် တရားနှင့်မဖြေ၊ အရက်နှင့်သာ ဖြေသိမ့်နေမိတော့သည်။ ဤမျှအထိ ကျွန်တော့်အပေါ် အရက်ကသြဇာ ညောင်းနေတော့သည်။

ကျွန်တော်၏ယောက်ဖမှာ အရက်ဌာနမှမန်နေဂျာတစ်ယောက်ဖြစ်၍ သူ၏အသုဘတွင် လာရောက်ကူညီကြသော အရက်ဌာနမှ တပည့်တပန်းများ အရက်ကြိုက်တတ်သော ကျွန်တော့်အတွက် အရက်ဖြူပုလင်းများကို ဖောခြင်းသောခြင်း ပါရမီဖြည့်နေကြပြန် သည်။

ယောက်ဖ၏ အသုဘသင်္ဂြိုဟ်ပြီးနောက် ရက်လည်ဆွမ်းသွတ်သည်အထိ မိဘအိမ်မှာ နေထိုင်ရသည်။ မိဘညီမတို့နှင့် လောလောဆယ် အတူတူမနေနိုင်ခြင်းကို ခွင့်လွှတ်ရန် အကျိုးအကြောင်းပြောပြတောင်းပန်ရသည်။

ကျွန်တော်ပြန်ခါနီးတွင် သူတို့မိသားစုကို ပစ်ပယ်မထားရန် ညီမလေးမုဆိုးမကငိုယိုကာ တောင်းပန်ရှာသည်။ သားနှင့် ခွဲခွာရဦးတော့မည်ဖြစ်သော မိခင်ကြီးကလည်း ငိုရှာသည်။

အခွင့်သာလျှင် မကြာခဏ လာဖို့နှင့်၊ မလာနိုင်လျှင်လည်း မာရေး၊ သာရေးများကို မကြာမကြာ စာထည့်ဖို့အပြင် အမေ့ကိုချစ်လျှင် အရက်ကိုဖြတ်လိုက်ဖို့ သနားစရာ မှာရှာသည်။

ကျေးဖူးရှင်မိခင်ကြီး၏ သိမ်မွေ့နက်နဲ၍ တန်ဖိုးမဖြတ်နိုင်လှသော မေတ္တာရေစင်သည် အရက်သမား သားလူမိုက်၏အသည်းနှလုံးကို ပက်ဖျန်းလိုက်သောအခါ ယူကျုံးမရဖြစ်ကာ မျက်ရည်များပင် ကျလာတော့သည်။

မိဘရှေ့တွင်ပင် မဆင်မခြင် အရက်ကိုသောက်နေမိသော သားမောင်၏မိုက်လုံးထွားမှုကို ခွင့်လွှတ်ပါရန် မိဘကို လက်အုပ်ချီကန်တော့ကာတောင်းပန်လိုက်ရသည်။ ကြီးမားသော မေတ္တာ,ကရုဏာရှင် မိဘနှစ်ပါးက အရက်သမား သားလူမိုက်အပေါ်ခွင့်လွှတ်ရုံသာမက ကျန်းမာချမ်းသာပြီးမိဘနှင့်မခွဲမခွာနေနိုင်ပါစေ၊ အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းပင် တောင်းလိုက်ပါသေးသည်။

မန္တလေးသို့အပြန် ရန်ကုန်တွင်တစ်ထောက်နားရပြန်သည်။ ရန်ကုန်တွင် ရဲဘော်နှင့် မိတ်ဆွေများက အရက်တိုက်ကြပြန်သည်။ ကျွန်တော်ကလည်း သောက်ပြန်သည်။

''အမေ့ကို ချစ်ရင်၊ သနားရင် အရက်ကိုဖြတ်

လိုက်ပါ သားရယ်''သနားစရာမှာရှာသော ကျေးဖူး ရှင် မိခင်ကြီး၏ စကားကိုလည်း အရက်နှင့်တွေ့ လိုက်လျှင် ငမိုက်သားကျွန်တော်က သတိမရနိုင် တော့ပါချေ။

သေသောက်ကကြူး၊ အစာကမရှိ၍ အားအင် နည်းလာသောအခါ စိတ်တွေက တုန်လှုပ်ချောက် ချား ဖြစ်လာသည်။ ကြောက်စိတ်များ ဝင်လာရုံမက ရင်ထဲမှာ တလှုပ်လှုပ် ဝမ်းနည်းချင်သလို၊ ငိုချင် သလိုလည်း ဖြစ်လာသည်။

ညဥ့်က နက်လာပြီ။ ကျွန်တော်က မူးရလွန်း၍ မမူးတော့သလို ထုံထိုင်းနေပြီး မျက်လုံးကြောင်နေ သည်။ နံနက်က မိဘနှင့် ခွဲခွာရခါနီးတွင် အမေမှာ လိုက်သောစကားနှင့် ဆုမွန်ကောင်းများ ပေးလိုက် သည်များကို ပြန်လည်ကြားယောင်လာသည်။

သားက ပြန်တော့မည်ဆိုသောအခါ မခွဲရက်၍ မျက်ရည်စက်လက် ကျနေသော မိခင်ကြီး၏ မျက် နှာကိုလည်း အထင်းသား မြင်လိုက်မိသည်။ မိဘ နှင့်အတူ မနေနိုင်သော ကျွန်တော့်ဘဝကို စိတ်နာမိ သည်။ ဝမ်းနည်းမိသည်။

ရင်ထဲတွင် တလှုပ်လှုပ်နေရင်းမှ မီးရထားကြီး ခုတ်မောင်းသံကြားရပြီးနောက် ကျွန်တော်၏အမည် ကို အော်ခေါ်နေသော သေသွားသူ ယောက်ဖအသံ ကို အိမ်ရှေ့လမ်းမဆီမှ ကြားလိုက်ရသည်။

ကျွန်တော် အလွန် ထိတ်လန့်ကြောက်ရွံ့ကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ယောက်ဖက လည်း ထပ်ခါတလဲ ခေါ်နေပြန်သည်။ အကြောက် များ သက်သာလိုသက်သာငြား စောင်ကိုဆွဲကာ ခေါင်းမြီးခြုံလိုက်ရသည်။ ချွေးစေးများသာ ပြန်လာ သည်။ အကြောက်ကတော့ မပြေပါလေ။ ကျွန်တော် က တုန်လှုပ်နေသောစိတ်များ ပျောက်လွင့်သွားစေ ရန် ခေါင်းမြီးခြုံထားသော စောင်ကိုဖယ်ကာ ထထိုင်လိုက်သည်။

''အစ်ကိုကြီး ဘာဖြစ်တာလဲဟင်၊ မျက်ရည် တွေနဲ့ပါလား၊ စိတ်ညစ်စရာတွေ တွေးမနေပါနဲ့ အစ်ကိုကြီးရယ်၊ အအိပ်ပျက် အစားပျက်တွေက လည်း များလှပြီ၊ အရက်သောက်တာကလည်း များ တယ်၊ ကျန်းမာရေးထိခိုက်မှာ စိုးရတယ်၊ မနက် ကျလည်း မီးရထားနဲ့မန္တလေး ပြန်ရအုံးမှာ၊ တရေး လောက် အိပ်ပျော်အောင် အိပ်လိုက်ပါအုံးလား''

ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်။

''အိပ်ရအောင် ကြိုးစားအိပ်ကြည့်စမ်းပါအုံး၊ အိပ်မရသေးခင်မှာ ဘုရားဂုဏ်တော်ကို ရွတ်နေပေါ့ အစ်ကိုကြီးရယ်''

ကျွန်တော်၏ အနေအထိုင်အမူအရာများ ဟန်ပုံ မရ၍ အအိပ်ပျက်ခံကာ အကဲခတ်စောင့်ကြည့်နေ ရှာသော ဇနီးသည်က စိုးရိမ်ကြီးစွာနှင့် ကျွန်တော့် ကို အိပ်ခိုင်းနေတော့သည်။ သူ့နှုတ်က ဂုဏ်တော်ကို လည်း ရွတ်လိုက်သည်။

ကျွန်တော်က မျက်စိကို မှိတ်၊ နားကိုပိတ်၍ ကြိုးစားအိပ်ကြည့်သည်။ အိပ်မရ၊ စောစောက ကြားခဲ့ရသော သေသူယောက်ဖ၏ သနားစရာ စကားသံများကိုသာ ကြားယောင်နေသည်။

ဘုရားဂုဏ်တော်ကို ကိုးကြိမ်ရွတ်ဆိုပြီးသောအ ခါ စိတ်အတော်ကလေး တည်ငြိမ်လာသဖြင့် စော စောကအဖြစ်အပျက်ကို စဉ်းစားကြည့်လိုက်မိသည်။

အမှန်မှာ အရက်သောက်များလွန်းလှသဖြင့် ဦးနှောက်နှင့် အာရုံကြောများကို ထိခိုက်ကာ စိတ္တဇ ရောဂါဝင်လာသည်။

စိတ္တဇရောဂါကြောင့် နားအာရုံ ဖောက်ပြန်ကာ တကယ်မဟုတ်သော အသံများကို တကယ်ကြားရ သလိုဖြစ်ပြီး စိတ်ထဲမှာ တကယ်ပြန်ပြောနေခြင်း ပင် ဖြစ်သည်။

တိတိကျကျ ဆိုရလျှင် စိတ်ဖောက်ပြန်လာခြင်း (ဝါ)စိတ္တဇရောဂါ ဝင်လာခြင်း(ဝါ) အရူးရောဂါ စတင် လာခြင်းပင် ဖြစ်ချေသည်။

စိတ်ဖောက်ပြန်သောအခါ သတိလစ်သွားပြီး ကြောက်စရာအသံတွေကို ကြားနေ၍ တုန်လှုပ် ချောက်ခြားပြီး ကယောင်ကတမ်းတွေ ပြောမိခြင်း

သာဖြစ်သည်။ သတိပြန်ဝင်လာသောအခါ စော စောကအဖြစ်ကို ပြန်သတိရပြီး ရင်တုန်မောဟိုက် ရသည်။

ရန်ကုန်မှ အမြန်ရထားကြီးနှင့် မန္တလေးသို့ ပြန်ခဲ့သည်။ လမ်းခရီးပေါ်တွင် သောက်သွားရန် ရဲဘော်များက ရမ်အရက်ပုလင်းကြီးတစ်လုံး လက် ဆောင်ပေးလိုက်သည်။

အိပ်ရေးပျက်သော ညများက တော်တော်များခဲ့ ပြီးဖြစ်၍ ရထားထိုင်ခုံနောက်မှီတွင် ဖန်စပ်နေသော မျက်လုံးများကို မှိတ်ကာ တရေးအိပ်လိုက်ကြည့်ရာ မနေ့ညက ရန်ကုန်တွင် ဖြစ်ပျက်ခဲ့သော နားအာရုံ ဖောက်ပြန်ခဲ့မှုများမှာအသက်ဝင်လာပြန်တော့သည်။

ကြောက်ချင်စိတ်များ ပေါ်လာပြန်၍ အရက် သောက်လိုက်ရ ပြန်သည်။ အရက်သောက်ပြီး ဖွတ် မှိတ်၍ အိပ်ကြည့်ပြန်သည် မရ။

''မင်းကို သတ်မယ်၊ မင်းကို သတ်မယ်''

ရထားတွဲချင်း ချိတ်ဆက်ထားသောဒိုးယိုးပေါက် နေရာမှ မြည်ထွက်လာသော ရထားခုတ်မောင်းသံ 'ဂျုံးဂျုံးဂျက်ဂျက်'နေရာတွင်''မင်းကိုသတ်မယ်၊မင်း ကိုသတ်မယ်''ဟူသောခြိမ်းခြောက်သံများက အစား ဝင်လာသဖြင့် ကြောက်ရွံ့တုန်လှုပ်သွားရပြန်သည်။

ကြောက်လျက်နှင့်ပင် ခြိမ်းခြောက်သံကြားရာ ဆီသို့ကြည့်လိုက်မိရာ မလည်ဘဲရပ်နေသောပန်ကာ ကိုအုပ်ထားသောသံဇကာထဲတွင်ပြူးကျယ်၍တောက် ပလှသောမျက်လုံးကြီးများနှင့် ကြောက်စရာကောင်း သော မျက်နှာပေါက်ဆိုးကြီးသည် ကျွန်တော့်ကို ဝါးစားမတတ် စူးစိုက်ကြည့်နေတော့သည်။

''မင်းကိုသတ်မယ်၊ မင်းကိုသတ်မယ်''ဆို သော ငက်ဆိုးထိုးသံမျိုးကလည်း ထိုကြောက်စရာ သတ္တဝါကြီး၏ ပါးစပ်မှထွက်လာသည် ဟု ထင် လိုက်ရသည်။

ကျွန်တော်ကကြောက်အားကြီးနေသဖြင့် အော် လိုက်မိသော်လည်းအသံကမထွက်။ ထွက်ပြေးလို သော်လည်း ရထားခုတ်မောင်းနေဆဲ ပြေး၍မဖြစ်။ ထိုင်၍လည်း မနေရဲ ဘာလုပ်ရမှန်းမသိအောင်ဂနာ မငြိမ်ဖြစ်ကာ ချွေးစီးများလည်း ပြန်လာတော့သည်။

ဘေးနားမှ ကပ်ထိုင်ကာ ကျွန်တော်၏ အရိပ် အကဲကို အမြဲစောင့်ကြည့်နေသော ဇနီးသည်မှာ အသားများတုန်ကာ ပုံပျက်ပန်းပျက် ဖြစ်နေသော ကျွန်တော့်ကို သတိမလွတ်အောင် သတိပေးရင်း နှင့် ဂုဏ်တော်ကိုလည်း ရွတ်ဖတ်ပေးနေရှာသည်။

ဇနီးသည်၏ ဂုဏ်တော်ရွတ်သံ ကြားလိုက်ရ သောအခါတွင် ကျွန်တော်က သတိပြန်ဝင်လာ သည်။ မောပန်းနွမ်းဟိုက်နေသည့်အထဲမှ ဂုဏ် တော်ကိုအားတင်း၍ ဖြည်းဖြည်းရွတ်လိုက်မိသည်။ ''မင်းကို သတ်မယ်၊ မင်းကို သတ်မယ်''ဆိုသော ခြိမ်းခြောက်သံများလည်း သဲ့သဲ့ပင်ကြားရတော့ သည်။

တောင်ငူဘူတာ ဆိုက်သောအခါ ဇနီးသည်က ကျွန်တော့်ကို ထမင်းကျွေးသည်။ ခေါင်းယမ်းပြ လိုက်သည်။ ကြက်ပေါင်ကြော်စားရန် တောင်းပန် ရှာသည်ကိုမူ လက်ခံလိုက်သည်။ ကြက်ပေါင်ကြော် သည် အရက်နှင့်အလိုက်ဆုံးပင် မဟုတ်ပါလား။

ငမိုက်သား ကျွန်တော်သည် အရက်ကြောင့်ပင် လောလောလတ်လတ် ဒုက္ခတွေ့နေသည့်ကြားမှ အမှတ်သညာမရှိဘဲ ကြက်ပေါင်ကြော်ကို တစ်ဖဲ့စား ပြီးနောက် အရက်တစ်ခွက်ကို သောက်ချလိုက်ပြန် သည်။

ကြက်ပေါင်ကြော်ကလေး တစ်ဖဲ့ဝါးစားလိုက်၊ အရက်တစ်ခွက် သောက်လိုက်နှင့် အတော်ကလေး ကြာသွားသောအခါ ကြောက်စရာအသံများကို ကြားလာရပြန်သည်။

''သတ်မယ်၊ သတ်မယ်၊ ဒီလောက်မိုက်လှတဲ့ အကောင် သတ်ပစ်လိုက်တာ ကောင်းတယ်၊ ဒီ အရက်ကြောင့် ဒုက္ခဖြစ်နေတာ၊ ဒီအရက်ကိုပဲ ထပ် သောက်နေပြန်တယ်၊ သတ်ကွာ၊ သတ်ကွာ၊ သတ် မယ်၊ သတ်မယ်''

ကျွန်တော်ကို သတ်တော့မည့် အသံများမှာ

တစ်ယောက်မကတော့ဘဲ အများ၏ အသံပေါ် ထွက်လာသဖြင့် ယခုအခါတွင် အမှန်ပင်အသတ်ခံ ရတော့မည်ဟုထင်မိကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပင် ပန်ကာဆီသို့ မဝံ့တဝံ့ကြည့်၍ ရှိခိုးတောင်းပန် လိုက်မိတော့သည်။

''ကျွန်တော့်ကို မသတ်ကြပါနဲ့ဗျာ၊ ရှိခိုးပါတယ်၊ နောက်လဲ အရက်မသောက်တော့ပါဘူး''

''ဟား ဟား ဟား ဟ. . . နောင် အရက် မသောက်တော့ပါဘူးတဲ့၊ အမှတ်သညာမရှိတဲ့ ငမိုက်သားမျိုး သတ်ကိုသတ်ပစ်မှ ဖြစ်မယ်၊ ဟိုရွေ့မှာ တွေ့မယ်၊ တံတားကြီးပေါ်ရောက်ရင် တစ်ခါ တည်း တွန်းချလိုက်ရုံပဲကွာ''

သေရမည့်ဘေးကို ပြေးနိုင်လျှင် လွတ်လိမ့်မည် ထင်၍ ရထားတွဲတစ်ဖက်ထောင့်သို့ ထပြေးရန် ဟန်ပြင်လိုက်ရာ ဖနီးက ဆွဲထားသည်။ ကျွန်တော် ကရုန်းသည်။ ဖနီးက အတင်းဆွဲပြန်သောအခါ ဖနီးကို တွန်းပစ်လိုက်သည်။

''မင်းဘာသိလဲ၊ ငါ့ကို သတ်ကြတော့မလို့၊ ငါပြေးမှ ဖြစ်မယ်'' ဖနီးက ကျွန်တော့်ကိုထဆွဲပြီး သတိမလွတ်ဖို့နှင့် ဂုဏ်တော်ရွတ်လိုက်ဖို့ တောင်းပန်ရှာသည်။ ဘေးနားမှ ခရီးသွားဖော်များကလည်း ကျွန်တော့်အဖြစ်ကို မေးမြန်းနေသည်။

မျက်ရည်များ တသွင်သွင်စီးကျနေပြီး ပါးစပ်မှလည်း တဖွဖွနှင့် ဂုဏ်တော်ရွတ်ဆိုနေသော ဖနီးသည်၏ သနားစရာ မျက်နှာငယ်ကလေးကို မြင် လိုက်ရသောအခါ သတိပြန်ဝင်လာပြီး နေရာတွင် ထိုင်ချလိုက်သည်။

''အရက် ထပ်မသောက်ပါနဲ့တော့ အစ်ကို ကြီးရယ်၊ အရက်သောက်တာ များလွန်းလို့၊ ခုလို ကယောင်ချောက်ချားတွေ ဖြစ်ရတာပါ''

မှန်သည်။ အရက်ကြောင့်ပင် စိတ်ဖောက်ပြန် ကာ ကယောင်ချောက်ချားတွေ ဖြစ်ရသည်ဟု မိမိ ၏ အမှတ်မရှိသော မိုက်လုံးကြီးမှုအတွက် ဒေါသ ထွက်မိသည်။

ထို့ပြင်လည်း ကျွန်တော့်အဖြစ်ကို ဘေးနားမှ ကြည့်ရှု စောင့်ရှောက်ရင်း စိုးရိမ်တကြီးနှင့် စိတ်ရော ကိုယ်ပါ ဒုက္ခရောက်နေရရှာသော ဖနီးသည်ကို သနားသွားမိသည်။ စိတ်မောလူမောနှင့် အစာအာ ဟာရ နည်းလှသော ရင်ထဲမှလည်း ပူလောင်နေ သည်။ ကြောက်ရွံ့စိတ်များ ပပျောက်သွားအောင် ဂုဏ်တော်ကို ရွတ်ဖတ်နေသည့်ကြားထဲမှ ရထား ကြီးက တံတားများကိုဖြတ်သောကြောင့် ကျယ် ကျယ်လောင်လောင် မြည်ဟီးလာသော အသံနှင့်အ တူ ''မင်းကို သတ်မယ်၊ သတ်မယ်''ဆိုသော အသံ ဆိုးကြီးက ထပ်ကြပ်မကွာ ပါလာတော့သည်။

နားထဲ ကြားလာရသမျှသော အသံတိုင်းက ''သတ်မယ်၊ သတ်မယ်၊ မင်းကို သတ်မယ်''ဟူ၍ ကျွန်တော့်ကို ခြိမ်းခြောက်နေသည်။

ဤသို့နှင့်ပင် ဇော်ဂျီမြစ်ကိုဖြတ်ကူးသောမြစ် ငယ်တံတားကြီး ရောက်ခါနီးတွင် ပို၍ဆိုးလာတော့ သည်။

''ဇော်ဂျီမြစ်ဟာ မင်းရဲ့ နောက်ဆုံးသင်္ချိုင်း ဖြစ်မှာပဲ၊ မြစ်ငယ်တံတားကြီးပေါ်ရောက်ရင် မင်း ကို ကန်ချလိုက်မယ်၊ မင်းမယားကလေးကိုတော့ သနားပါရဲ့၊ မင်းကိုတော့ အရက်သမားဖြစ်လို့ သိပ် မုန်းတယ်ကွာ၊ ဘယ့်နှယ်လဲ၊ သေရတော့မယ်ဆို တော့ သိပ်ကြောက်နေသလား။ဟား . . ဟား . .''

ကြိမ်းမောင်းသံနှင့်အတူ ဟားတိုက်ရယ်သံများ ကလည်း နားထဲသို့ ဆောင့်ဝင်လာပြန်သည်။

မြစ်ငယ်တံတားကြီးနှင့် နီးလာလေလေ၊ နလုံး သားမှာလည်း ရထားကြီးနှင့်အတူ တဒုန်းဒုန်း ခုန် နေသည်။ မျက်လုံးတွေလည်း ပြာလာသည်။

''ငါ သေရဖို့ နီးလာပါပကောလား''

တုန်လှုပ်ခြောက်ချားရင်းနှင့် မြစ်ငယ်တံတား ကြီးပေါ်သို့ ကျော်ဖြတ်လိုက်၍ တချုန်းချုန်း တဝေါ ဝေါအသံများ မြည်ဟီးလာသောအခါတွင် နားကို ပိတ်ပြီး မျက်စိကိုတအားမှိတ်ပစ်လိုက်ရာမှ ကျွန် တော် သတိလက်လွတ် ဖြစ်သွားပါတော့သည်။

''အစ်ကိုကြီး သတိရပြီနော်၊ မန္တလေးနဲ့ နီးလာပါပြီ၊ မန္တလေးရောက်ရင် အိမ်မှာခဏနားပြီး ဆရာဝန်ဆီသွားလိုက်ပေါ့၊ အားဆေးထိုးလိုက်ရင် သက်သာသွားမှာပါ၊ သတိ မလွတ်ပါစေနဲ့၊ အရက်လည်း ထပ်မသောက်နဲ့ဦးနော်''

ပူပန်သောက ရောက်နေရှာသော ဇနီးသည်က ချွေးစေးများနှင့် အေးစက်ကာ ကြောင်တက်တက်ဖြစ်နေသော ကျွန်တော်၏မျက်နှာကို ပဝါနှင့်သုတ်ပေးရင်းမှ အားပေးနှစ်သိမ့်ရှာသည်။

ခရီးပြင်း လာရသဖြင့် ပင်ပန်းမောဟိုက်နေပုံရသော မီးရထားမှာလည်း တရှူးရှူးတရှဲရှဲနှင့် ခရီးဆုံး ရပ်နားရာဖြစ်သော မန္တလေးဘူတာကြီးသို့ ထိုးဆိုက်လိုက်တော့သည်။

အသက်မသေတော့ဘဲ ကိုယ့်အိမ်ကိုယ် ပြန်ရောက်လုနီးဖြစ်၍ စောစောပိုင်းက ဒီဂရီအမြင့်ဆုံးတက်နေသော ကြောက်စိတ်များလည်း တော်တော်ကြီးတော့ လျော့နည်းသွားသည်။ ကတုန်ကယင်နှင့်ပင် အားတင်းကာ မီးရထားပေါ်မှဆင်း၍ ဘူတာရုံစကြံပေါ်သို့ ခြေချလိုက် ရုံရှိသေးသည်။

''မီးရထားပေါ်မှာ မင်းကိုမသတ်လိုက်ရပေမယ့် မန္တလေးက ဒို့အဖွဲ့တွေက မင်းကိုသတ်ဖို့ ဘူတာရုံအပြင်ဘက်မှာ စောင့်နေလေရဲ့ကွ၊ ဒီတစ်ခါတော့ မင်းကိစ္စအတုံးပဲ''

ကြောက်စိတ်များမှ မပြေသေးမီ နောက်ထပ်ခြိမ်းခြောက်သံကြီးက ပေါ်လာပြန်သဖြင့် ဘူတာရုံအပြင်ဘက်သို့ မထွက်ရဲအောင် တုန်လှုပ်သွားရပြန်သည်။ ကြောက်စိတ်ကြောင့် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသော ကျွန်တော်ကိုဇနီးသည်ကဖျောင်းဖျနှစ်သိမ့်ကာ ဘူတာရုံအပြင်ဘက်သို့ ခေါ်လာပြီး မြင်းလှည်းငှား၍ အိမ်သို့ ပြန်ခဲ့ကြသည်။

''သတ်မယ်၊ သတ်မယ်၊ မင်းအိမ်ရှေ့ရောက်မှပဲ သတ်ပစ်မယ်'' မြင်းခွာသံများမှ တဆင့် ထွက်ပေါ်လာပြန်သော ခြိမ်းခြောက်သံများကြောင့် အိမ်သို့ တောက်လျှောက် မပြန်ရဲတော့ပဲ ကျနော်အယ်ဒီတာလုပ်နေသော ဗဟိုရိစည်သတင်းစာတိုက်နှင့် မျက်စောင်းထိုးမှ သားချင်းတမျှ ချစ်ခင်ရှာသော ရွှေမန်းမော်တော်ဆိုင်ကယ် ပြုပြင်ရေးဌာနပိုင်ရှင် ဦးလှသိန်း+ဒေါ်မမကြီးတို့အိမ်ဆီသို့ မြင်းလှည်းကို မောင်းခိုင်းလိုက်ရသည်။

''ကိုလှသိန်း၊ ကယ်ပါအုံးဗျာ၊ ကျနော့်ကို သတ်မလို့လိုက်နေကြတယ်''

ဦးလှသိန်း အိမ်ရှေ့သို့ မြင်းလှည်း ရပ်လိုက်သည်နှင့်တပြိုင်နက် အိမ်ထဲသို့ အတင်းပြေးဝင်ကာ အကူအညီ တောင်းခံရတော့သည်။ အိမ်ခန်းနောက်ဘက်တွင် မိတ်ဆွေများနှင့်ဝိုင်းဖွဲ့ပြီး အရက်သောက်နေသော ကိုလှသိန်းက ကျွန်တော်၏ တုန်လှုပ်ချောက်ချားနေသောအသံကြောင့် တအံ့တသြကြည့်နေသည်။

''ကယ်ပါအုံး၊ ကိုလှသိန်းရယ်၊ ကျွန်တော့်ကို သတ်ကြမလို့တဲ့''

''နေစမ်းပါအုံး၊ ခင်ဗျားဘယ်တုန်းက အရပ်ကပြန်ရောက်လာတာလဲ၊ ခင်ဗျားပြောတဲ့စကားတွေ ကျုပ်နားမလည်ဘူး''

''အရပ်ကပြန်လာတာ အရက်နဲ့မြည်းစရာကြက်သားကြော်လေးမှ ပါမလာဘူး''

ဦးလှသိန်း၏ စကားကိုနားထောင်ယင်းပင် ဦးလှသိန်း၏ အိပ်ခန်းထဲမှ ''မင်းကို သတ်မယ်၊ သတ်မယ်''ဆိုသော အသံဆိုးကြီးများ ပေါ်ထွက်လာပြန်သည်။

''ကျွန်တော့်ကို သတ်မယ့်လူတွေဟာ ခင်ဗျားအိမ်ခန်းထဲ ရောက်နေပြီဗျ၊ ကယ်ပါအုံး''

''ဟာ ဒီလူ ဘာတွေလျှောက်ပြောနေပြန်ပါလိမ့်၊ ရူးများလာသလား၊ ကျုပ်က အရက်သောက်ပေမယ့် ဘုရားနဲ့တရားနဲ့ နေတဲ့လူဗျ၊ ကျုပ်အိပ်ခန်းထဲကို ဘာကောင်မှ မဝင်ရဲဘူး၊ ခင်ဗျားအရက်သောက်ချင်ရင်လာ၊ အမြည်းပါရင်လည်း ယူခဲ့''

ရူးများလာသလားဟူသော သူ၏ ထင်မြင်ချက်အတိုင်းပင် ကျွန်တော်အရက်ကြောင့် အရူးတစ်ပိုင်း

ဖြစ်လာရပါပြီဆိုသည်ကိုမူ ဦးလှသိန်းက တကယ် မသိရှာသေး။ ကျွန်တော်၏ တကယ့်အဖြစ်ဆိုးကို ပြောပြ လျှင်လည်း သူက ယုံချင်မှယုံပေလိမ့်မည်။

''နေစမ်းပါအုံး၊ ညည်းယောကျ်ား ဘယ်လိုဖြစ်လာသလဲ၊ ရှူးများနေပြီလား၊ အရပ်ကဘယ်တုန်းက ပြန်ရောက်လာကြတာလဲ၊ ပြောစမ်းပါအုံး''

ဦးလှသိန်း၏အမေးကို ကျွန်တော်၏ဇနီးက အဖြေမပေးသေးမီ ကျွန်တော်က ဦးလှသိန်းရှေ့မှ အင်္ဂတေ ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီကန်တော့လိုက်သည်။

''ကျွန်တော့်ကို သတ်ကြတော့မလို့တဲ့၊ ကယ်ပါအုံးဗျာ''

ကျွန်တော်၏ အသက်ကိုကယ်ပါရန် ဦးလှသိန်းကို တောင်းပန်လိုက်ရပြန်ပါသည်။

အားကိုးတကြီးနှင့် ဦးလှသိန်း၏ မျက်နှာကို ကြည့်လိုက်ရာတွင် ဦးလှသိန်းမှာတကယ်အံ့သြသွားခြင်းနှင့်အတူ စိုးရိမ်သောအမူအရာများနှင့် ကျွန်တော့်ကိုစိုက်ကြည့်နေသည်။ စကားတွေ ဖောင်ဖွဲ့အောင် ပြောနေကြသော အရက်ဝိုင်းမှ အုတ်သူကြီးကိုအေးလှိုင်နှင့် ရဲထူးတို့မှာလည်း စကားမပြောနိုင်ကြတော့ဘဲ ကျွန်တော့်ကို တအံ့တသြ ဝိုင်းကြည့်နေကြသည်။

ဦးလှသိန်းက ကျွန်တော့်၏ အဖြစ်အပျက်ကို မေးမြန်းသောအခါ မျက်ရည်ဝဲနေသော ဇနီးသည်က အပြန်လမ်းခရီးတစ်လျှောက်တွင် ကျွန်တော်ဖြစ်ပျက်လာခဲ့ရသမျှကို ပြန်လည်တင်ပြလိုက်သည်။

ဇနီးသည်၏ ပြောပြသမျှတို့ကို နားထောင်ပြီးနောက် ဦးလှသိန်းက ကျွန်တော့်ကိုထူမပြီး ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းတော့သည်။

''ဒီမှာ ကိုနေအောင်၊ ခင်ဗျားကို သတ်မယ့်လူတစ်ယောက်မှ မရှိဘူး၊ ခင်ဗျားရဲ့စိတ်က ခင်ဗျားကို ပြန်ခြောက်နေတာပါ၊ အရက်ကို နေ့ရောညပါ တအားသောက်ပြီး အစားကျတော့ မစားဘူး၊ ကြာတော့ အားနည်းလာပီး ကယောင်ချောက်ချား ဖြစ်လာတာပေါ့၊ ဘာမှကြောက်စရာ မရှိဘူး၊ အရက်လျှော့သောက်၊ မနက်နဲ့နေ့ခင်းမှာ အရက်မသောက်နဲ့၊ အစားကို များများစားပေးလိုက်ရင် ကောင်းသွားမှာပါဗျာ၊ ခုလတ်တလော အကြောက်ပြေသွားအောင် ကျုပ်ပေးတဲ့ရေမန်းကို ယုံယုံကြည်ကြည်နဲ့ သောက်လိုက်ပါ၊ ဘုရား, တရား, သံဃာကိုလည်း အာရုံပြုနေပါ၊ ခင်ဗျားကို ဘာကောင်ကြီးမျိုးကမှ သတ်ဖို့မပြောနဲ့ အနားတောင် မကပ်နိုင်ဘူး''

ဦးလှသိန်းက အားပေးစကား ပြောပြီးနောက် ရေမန်းမန်းကာကျွန်တော့်ကိုတိုက်သည်။ ကျွန်တော်က ရတနာသုံးပါးကို အာရုံပြုကာ ဦးလှသိန်း၏ ရေမန်းကို ယုံယုံကြည်ကြည်နှင့်ပင် သောက်ချလိုက်သည်။

ကျွန်တော်၏ဇနီး၊ ဦးလှသိန်း၊ ဒေါ်မမကြီးနှင့် မိတ်ဆွေနှစ်ယောက်ကပါ ကျွန်တော်၏ အရိပ်အကဲကို စောင့်ကြည့်နေကြတော့သည်။

ခဏကြာသောအခါ ဦးလှသိန်းက အရက်တစ်ခွက်ပေးသည်။ ''ကဲ အကြောက်တော်တော်ပြေသွားပြီ မဟုတ်လား၊ အမောပြေ အရက်တစ်ခွက်လောက် သောက်လိုက်ပါ၊ ပြီးတော့ ထမင်းစားရမယ်''

ဦးလှသိန်းပေးသော အရက်ခွက်ကို ယူလိုက်ပြီး ရေအနေတော်ရောကာ သော်က်လိုက်သည်။ အနည်းငယ်ကြည်လင်သွက်လက်လာသောကျွန်တော်၏ အမူအရာကြောင့် အရက်ဝိုင်းမှာ ပြန်လည်စိုပြည်လာတော့သည်။

ဦးလှသိန်း၏ဇနီး ဒေါ်မမကြီး ခူးခပ်ကျွေးသော ထမင်းဟင်းကို စေတနာရှင်များ ကျေနပ်အားရသွားအောင် တစ်လုတ်စ နှစ်လုတ်စ ဝါးမျိုလိုက်သည်။ ကြက်သားဆီပြန်နှင့် ချဉ်ရေဟင်းကလေးက အစပ်တည့်လှ၍ ခံတွင်းလိုက်သွားသည်။ ထမင်းနှင့်ဟင်းကို လှည့်မကြည့်ခဲ့သော အရက်ကလည်းများခဲ့သောကြောင့် တော်တော်ကြီးပင် စားမြိန်လိုက်တော့သည်။

ကျွန်တော် ထမင်းစားပုံကိုကြည့်ပြီး ဦးလှသိန်း၊ ဒေါ်မမကြီးနှင့် မိတ်ဆွေနှစ်ယောက်တို့မှာ ဝမ်းသာနေပုံရသည်။ ဖနီးသည်၏ ညှိုးငယ်နေသော မျက်နှာမှာလည်း လန်းဆန်းလာတော့သည်။

''ခင်ဗျားခုစားသလိုသာ နေ့စဉ် ထမင်းမှန်မှန် စားသွားရင် ခုလို ရူးကြောင်ကြောင်ရောဂါမျိုးလည်း ဖြစ်မှာ မဟုတ်တော့ဘူး၊ အသက်လည်း မတိုနိုင်ဘူး၊ မှတ်ထား၊ ညနေပိုင်းရောက်မှအရက်သောက်၊ သောက်ပြီးရင် ဝဝစား၊ ဒါပဲ''

ဦးလှသိန်း ပြောခြင်းမှာ မှန်လှသည်။ မိုးလင်းကတည်းက အရက်ကိုချည်းသောက်ပြီး၊ အစားအစာဆိုလျှင် ပြန်မကြည့်သော မိတ်ဆွေ အရက်သမား တစ်ယောက်မှာ လွန်ခဲ့သောနှစ်ထဲမှာ အသက်အရွယ် ငယ်ငယ်နှင့် အသေစောခဲ့ရှာသည်။

မိုးအတော်ချုပ်လာပြီဖြစ်၍ ဦးလှသိန်းနှင့် အဖွဲ့ကို နှုတ်ဆက်ကာ အိမ်ပြန်ရန် အခန်းထဲမှ ထွက်အလာတွင် တစ်ခါမှ မကြားဘူးသော အမယ်အို၏အသံကို ကြားလိုက်ရ၍ အံ့သြသွားမိသည်။

''ငါ့သား နေအုံး နေအုံး၊ အမေပြောစရာရှိလို့''

အသံကြားရာဆီသို့ ခပ်ရွံ့ရွံ့နှင့် လှမ်းကြည့်လိုက်ရာ ဦးလှသိန်းတို့အိပ်သော အခန်း၏ ခြေရင်းဘက် အခန်းထဲတွင် ဇာတ်ပွဲများထဲမှ ပွဲဦးထွက် အပျိုတော်ကြီးဝတ်သော အဝတ်တန်ဆာမျိုး ဝတ်ထားသည့် အသက်ခြောက်ဆယ်ကျော်ခန့် အမယ်အိုကို တွေ့မြင်လိုက်ရသည်။

''ငါ့သားကို စောင့်ရှောက်ဖို့ အထက်ဆရာကြီးက အမေ့ကို တာဝန်ပေးလိုက်တယ်၊ ငါ့သားကို လမ်းတစ်လျှောက်လုံး ဒုက္ခပေးလာတဲ့ ရန်ကုန်က အကောင်နှစ်ကောင်ကိုလည်း မန္တလေးမြေထဲက ချက်ခြင်းထွက်သွားဖို့ ဆရာကြီးက အမိန့်ပေးလိုက်ပြီ၊ ငါ့သား ဘာမှမကြောက်နဲ့တော့ ဒုက္ခကြုံလာရင် ဆရာကြီးနှင့် အမေ့ကို တမ်းတလိုက်''

ဇာတ်သဘင်ဆန်ဆန် ထူးထူးဆန်းဆန်း ပေါ်လာသော အမယ်အိုနှင့် အမယ်အို၏ အားပေးနှစ်သိမ့် စကားပြောသံများကို ကျွန်တော်က တအံ့တသြ ငေးမောကြည့်ရှု နားထောင်နေမိတော့သည်။

''လာလေ အစ်ကိုကြီး''

ဖနီးက ခေါ်သည်ကို ကျွန်တော်က ဂရုမထားနိုင်အားဘဲ ကျွန်တော်၏အသက်အန္တရာယ်ကို ကာကွယ်ပေးမည်ဟုဆိုသော ထူးဆန်းသည့်အမယ်အိုကို ကျွန်တော်ထိုင်၍ပင် ရှိခိုးလိုက်သေးသည်။ ရေနစ်နေသော သူသည် မြက်ပင်ကလေးကိုပင် အားကိုးလိုက်သလို။

''အေး အမေ့ကို ကန်တော့ရတဲ့အကျိုးအားကြောင့် ငါ့သား ဘေးအပေါင်းရန်အပေါင်း ကင်းရှင်းပါစေကွယ်၊ ဆရာကြီးကိုလည်း စိတ်ကမှန်းပြီး ကန်တော့လိုက်အုံး''

အမယ်အိုပြောသော မမြင်ဘူးသေးသည့် ဆရာကြီးဆိုသူကိုလည်း ကျွန်တော်က စိတ်မှန်းနှင့် ကန်တော့လိုက်ပြန်သည်။

အိမ်ပြန်ရောက်သောအခါ ညဥ့်သန်းခေါင်နီးနေပေပြီ။ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်လှပြီဖြစ်၍ အားပါးတရအိပ်ပစ်လိုက်ရန် အိပ်ယာထက်သို့ လဲလျောင်းလိုက်သော်လည်းမျက်လုံးကကြောင်နေသည်။

ကုတင်ခေါင်းရင်းဘက် ခပ်လှမ်းလှမ်းရှိ ဗီရိုပေါ်မှ စားပွဲတင်နာရီ၏ တချက်ချက် မြည်နေသော စက်သံက တိတ်ဆိတ်လှသော ညဥ့်အမှောင်ကို နှောက်ယှက်နေသည်။ အိပ်မရသော ကျွန်တော့် စိတ်ကိုလည်း ချောက်ချားစေတော့သည်။

''သတ်မယ်၊ သတ်မယ်၊ မင်းကိုသတ်ပြီးမှ ဒို့ရန်ကုန်ကို ပြန်နိုင်မယ်၊ မသတ်ရရင်မပြန်ဘူးကွ''

ဘုရား၊ ဘုရား ရန်ကုန်မှလိုက်လာပြီး ကျွန်တော်ကို အန္တရာယ်ပြုနေသော သတ္တဝါကောင်တွေက နာရီစက်သံမှတဆင့် ခြိမ်းခြောက်လိုက်ပြန်ပါပြီ။

ကြောက်ရွံ့တုန်လှုပ်သွားရပြန်သော ကျွန်တော်က ဆရာကြီးနှင့် အမယ်အိုကို တ,လိုက်မိသည်။

''ဟေ့ကောင် မင်းတ,နေတဲ့ဆရာကြီးနဲ့ အမယ်အိုဆိုတာ တကယ်ရှိတာ မဟုတ်ဘူးကွ၊ မင်းကို

သတ်မယ့် ဒို့ကမှ တကယ်ရှိတာ၊ မင်းမယုံရင် နာရီဘက်ကို လှမ်းကြည့်လိုက်စမ်း''

မိမိအသက်ကို ရန်ရှာနေကြသူများမှန်းသိလျက် နှင့်ပင် သူတို့၏မျက်နှာကို ကြည့်ချင်မြင်ချင်နေသည်။ ထို့ကြောင့် ခပ်မှိန်မှိန် ထွန်းထားသောမှန် အိမ်မီးရောင်မှုန်ဝါးဝါးအောက်ရှိ ဗီရိုပေါ်မှ စားပွဲတင် နာရီဆီသို့ လှမ်းကြည့်လိုက်မိသည်။

''အမယ်လေး၊ ဖောင်းပွနေတဲ့ လူသေကောင် မျက်နှာကို သနပ်ခါးလိမ်းထားသလို အကြည့်ရဆိုးပြီး ရွံစရာနဲ့ လန့်စရာကောင်းလှတဲ့ မျက်နှာပေါက် ကြီးပါကလား''

မျက်လုံးတစ်ဖက်မှာ ထွက်ကျလုမတတ် ပြူးပြူးကာ အရောင်တောက်နေသည်။ အခြားတစ်ဖက်မှာမူ မျက်လုံးမရှိဘဲ ဟောက်ပက်ကြီးဖြစ်ကာ ရဲရဲနီနေသည်။ နှာခေါင်းပွကြီးအောက်မှ ပါးစပ်ကြီးထဲတွင် သွားကြီးတွေကလည်း ကျိုးတိုးကြဲတဲနှင့် အသည်းယားစရာ ကောင်းနေသည်။

ဤသို့ဤနယ် ကြောက်စရာနှင့် ရွံစရာကောင်းလှသော မျက်နှာပေါက်ဆိုးကြီးကို ကြာရှည်မကြည့်ရဲတော့၍ မျက်စိကို တအားမှိတ်ပစ်လိုက်ရသည်။ တုန်လှုပ်ချောက်ချားသွား၍ ဖောချွေးများပင် ပြန်လာသည်။

ဘေးနားတွင် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်လှသဖြင့် ကွေးကွေးကလေး အိပ်ပျော်နေရှာသော ဇနီးသည်ကို အကူအညီတောင်းရန် ကြည့်လိုက်သောအခါတွင်လည်း ဇနီး၏ပါးစပ်တွင် လျှာကြီးတစ်လစ်နှင့် အစွယ်နှစ်ဖက်ပါ ပြူးထွက်နေသဖြင့် ထိတ်လန့် အော်ဟစ်လိုက်မိတော့သည်။

''အစ်ကိုကြီး ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ''

အလန့်တကြားနှင့် ပြန်အော်မေးလိုက်သော ဇနီးသည်၏ မျက်နှာကိုပင် စေ့စေ့မကြည့်ရဲအောင် မျက်စိကို တအားမှိတ်ထားလိုက်ရပြန်သည်။ မိမိ၏ အဖြစ်ဆိုးကို အဘယ်ကယ်တင်ရှင်မျိုးက လာရောက်ကူညီပါမလဲ၊ ကျွန်တော်က မျှော်ကိုးနေမိသည်။

''အစ်ကိုကြီး အစ်ကိုကြီး အိပ်မပျော်ဘူးလားဟင်၊ အားရှိလာအောင် တရေးလောက် အိပ်လိုက်ပါအုံးလား''

အစွယ်နှစ်ဘက် ပြူးထွက်နေသော ဇနီးသည်၏ မျက်နှာကို မကြည့်ရဲသဖြင့် မျက်စိမှိတ်လျက်နှင့် ဇနီးသည် စိတ်ချမ်းသာအောင် ခေါင်းကို ညိတ်ပြလိုက်ရသည်။

''ဟေ့ကောင် ဘယ်ကယ်တင်ရှင်ကိုမှ မျှော်ကိုးမနေနဲ့ ငါပြောတာသာလုပ်၊ မင်းစိတ်သက်သာအောင် ဘုရားဂုဏ်တော်တစ်ထောင် ရွတ်လိုက်ပါ၊ တစ်နာရီအတွင်း ဂုဏ်တော်တစ်ထောင် ပြည့်အောင် ရွတ်ရမယ်နော်၊ မပြည့်ရင် အသေပဲ''

ဘုရားဂုဏ်တော် ရွတ်ရမည်ဆိုသော အမိန့်သံမှာ ဝမ်းသာစရာကောင်းလှသလောက် တစ်နာရီနှင့် ဂုဏ်တော်တစ်ထောင်ကိုအပြီး ရွတ်နိုင်ဖို့မှာ တော်တော်မလွယ်လှပါကလား။ မလွယ်သော်လည်း ကြိုးစားရွတ်ရပေမည်။ ကိုယ်တိုင်ကလည်း ဂုဏ်တော်ကို အမြတ်တနိုးနှင့် ရိုကျိုးစွာ ရွတ်ဆိုနေကျဖြစ်သည်။

ထို့ကြောင့် ကျွန်တော်က ဘုရားဂုဏ်တော်ကို ရွတ်ဆိုလိုက်ပါသည်။ တစ်နာရီနှင့် ဂုဏ်တော်တစ်ထောင် ပြည့်နိုင်အောင် ကြိုးစားပြီး သွက်သွက်ကြီး ရွတ်ဆိုလိုက်သည်။ မြန်မြန်ကြီးလည်း ရွတ်ရသည်။ တစ် နာရီနှင့် ဂုဏ်တော်တစ်ထောင် ပြည့်ပါ့မလားဆိုသော စိုးရိမ်စိတ်ကလည်း မွှန်နေပြန်ခြင်းကြောင့် ရှေ့နောက်မမှန် ပြောင်းပြန် ဖြစ်ကုန်တော့သည်။

တစ်ချက်တစ်ချက်တွင် အသက်ရှူများပင် မှားမှားသွားကာ မောဟိုက် ပင်ပန်းလှတော့သည်။ သို့ပင်လည်း ဂုဏ်တော်တစ်ထောင်ပြည့်အောင်ကို မောလျက်၊ ဟိုက်လျက်၊ ပန်းလျက်နှင့် ရွတ်ဖတ်နေရသည်။ တစ်နာရီနှင့် ဂုဏ်တော်တစ်ထောင် မပြည့်လျှင် အသေပဲဆိုသောအမိန့်သံကို နားထဲ

တွင် ကြားယောင်နေသည်။

''မင်းကြည့်ရတာ တော်တော်မောနေပြီ ထင်တယ်၊ သနားစရာပါပဲ၊ မင်းကြောင့် ဒုက္ခရောက်နေရတဲ့ မင်းမယားကလေးကိုလည်း သနားပါတယ်၊ ဒီတော့ တစ်နာရီနှင့် ဂုဏ်တော်တစ်ထောင် မပြည့်နိုင်လည်း နေပါစေတော့၊ ဖြည်းဖြည်းမှန်မှန်သာ ရွတ်ပါ''

''ဟုတ်ကဲ့၊ ကျေးဇူးတင်လိုက်တာဗျာ''

ကျွန်တော်က ဝမ်းသာအားရ ပြန်ပြောလိုက်သည်။

''ကျေးဇူးတင်တယ်ဆိုတာ ငါ့ကို လျောင်တာပေါ့''

''မလျောင်ရဲပါဘူးဗျာ၊ ကြောက်ပါတယ်''

''မင်းကြောက်ရအောင် ငါက သရဲသဘက်ကြီး မဟုတ်ဘူးကွ၊ မင်းတကယ်ကြောက်ရမှာကအရက်ကွ အရက်၊ မင်းအသက်ကို တကယ်သတ်မှာက အရက်ကွ အရက်၊ မင်း ဒုက္ခရောက်နေရတာ အရက်က နှိပ်စက်လို့ကွ၊ မင်း အရက်သောက်အားကြီးပြီး အစာမစားဘဲနေတော့ အားတွေယုတ်လျော့လာတယ်၊ အားတွေယုတ်လျော့လာတော့ ဦးနှောက်နဲ့အာရုံကြောတွေကို ထိခိုက်လာတယ်၊ သတိတွေလွတ်လာတယ်၊ ကယောင်ချောက်ချားတွေ ဖြစ်လာပြီး မကောင်းဆိုးဝါးကောင်တွေကို မြင်လာတယ်၊ တုန်လှုပ်ကြောက်လန့်စရာ ခြိမ်းခြောက်သံတွေကို ကြားနေရတယ်။

''ကိုယ်ကလည်း တွေ့ကရာတွေ ပြန်ပြောတယ်၊ ဒီလိုနဲ့တဖြည်းဖြည်း အရူးကြီး ဖြစ်သွားတာပဲ၊ ခုလည်း မင်းအဖြစ်ကိုကြည့်ရတာ အရူးတစ်ပိုင်းလို ဖြစ်နေပြီ၊ ဒီတော့ မင်းအရက် မြန်မြန်ဖြတ်လိုက်ပြီး ဆရာဝန်နဲ့ ကြပ်ကြပ်မတ်မတ် ကုလိုက်ရင် မင်းခု ခံစားနေရတဲ့ ဝေဒနာဆိုးတွေ ပျောက်သွားမှာပဲ၊ အဲဒါမှမဟုတ်ဘဲ အရက်လည်းမဖြတ်၊ ဆေးလည်း မကုဘူးဆိုရင်တော့ သွက်သွက်လည်အောင် ရူးသွားမယ်၊ အသက်လည်း မြန်မြန်တိုသွားမယ်၊ ကဲ မင်း ဘယ်လမ်းရွေးမလဲ''နာရီစက်သံထဲမှ ကျွန်တော့်ကို သတိပေးစကားပြောကြားတော့သည်။

''အရက်ဖြတ်လိုက်၊ ဆေးကုလိုက်ပါ။ အရက်ဆက်သောက်ရင် ရူးသွားမယ်၊ အသက်တိုသွားမယ်''

အိမ်ပြင်ဖက်မှ ပုရစ်ကလေးများကလည်း သူတို့၏ မာဂဓစကားနှင့် တပြိုပြို အော်မြည်ကာ ကျွန်တော့်ကို အရက်ဖြတ်ရန် ဆန္ဒပြုကြပြန်သည်။ ကျွန်တော်က လက်ရှိခံစားနေရသော ဝေဒနာဆိုးကို သတိကြီးကြီးထားကာ ပြန်လည်စဉ်းစား သုံးသပ်ကြည့်လိုက်မိသည်။ အဓိက အကြောင်းရင်းမှာ အရက်ကြောင့် ကျန်းမာရေးထိခိုက်ကာ ဦးနှောက်ပျက်စပြုလာခြင်း ဖြစ်သည်။

''အရက်၊ အရက်၊ အရက်က ငါ့အသက်ကို ရန်ရှာနေပါပြီ၊ ဒီအရက်ကို ငါဖြတ်လိုက်မှ ဖြစ်တော့မယ်၊ ငါ အရက်ဆက်သောက်ရင် ငါအရူးကြီးဖြစ်သွားမယ်၊ ငါ့အသက်လည်း တိုသွားမယ်''

ကျွန်တော်က သတိမလစ်ချိန်တွင် မိမိကိုယ်ကို မိမိ ဆုံးမရသည်။ သတိကိုလည်း လစ်လစ်မသွားရအောင် ထိန်းချုပ်ထားရသည်။

သတိကြီးတွေ ထားနေသည့်ကြားမှပင် သတိလွတ်လွတ်သွားကာ နာရီစက်သံနှင့်လည်းကောင်း၊ ပုရစ်မြည်သံကလေးများနှင့် လည်းကောင်း စကားပြောနေမိပြန်သည်။ ဤပုံ စကားပြောနေရသည့်အထဲမှ ခြိမ်းခြောက်သံပေါ်လာပြန်လျှင် တုန်လှုပ်သွားရပြန်သည်။ ဝမ်းနည်းစကားကြားရလျှင် စိတ်ထိခိုက်ရပြန်သည်။ အားပေးစကားဆိုလာလျှင် ဝမ်းသာကြည်နူးမိရသည်။

တိတ်ဆိတ်လှသော ညဉ့်မှောင်ထုအောက်ဝယ် အရက်ကြောင့် အရူးတပိုင်းဖြစ်နေရသော အားကိုးရာမဲ့ကျွန်တော့်အား အခြားတစ်ဖက်မှလည်း အိမ်မြှောင်စုတ်ထိုးသံ၊ တောက်တဲ့အော်သံနှင့် တစ်ခါတစ်ရံ မလှမ်းမကမ်းမှ မော်တော်ကားဖြတ်သွားသံများက ''မင်းကို သတ်မယ်၊ သတ်မယ်'' နှင့်

ခြိမ်းခြောက်နေသလို ထင်ရပြန်ပါသည်။

တစ်ဖက်ကုတင်တွင် အိပ်နေသော ယောက္ခမကြီး၏ ဟောက်သံကိုပင် ညတိုင်းကြားနေကျဖြစ်လျက်နှင့် ယခုအခါတွင်မူ ဟောက်သံဟု မထင်မိဘဲ ''မင်းကို သတ်မယ်၊ သတ်မယ်''ဆိုသော ခြိမ်းခြောက်သံဟုထင်လိုက်သဖြင့် မသတ်ပါရန် ထထိုင်ပြီး ရှိခိုးတောင်းပန်သည်အထိ သတိလက်လွတ်ဖြစ်သွားရသည်။

အိပ်မပျော်တိုင်း အမျိုးမျိုးတုန်လှုပ်ချောက်ချားကာ ဘယ်ပြောင်းညာလှည့်နှင့် တလွန့်လွန့် တလူးလူး ဖြစ်နေရာမှ အမှတ်မဲ့ ခြင်ထောင်အမိုး မျက်နှာကြက်ကိုကြည့်လိုက်မိရာတွင် အသည်းယားစရာနှင့် ကြောက်လန့်စရာကောင်းလှသော မြွေကြီးတစ်ကောင်မှာ ကျွန်တော့်ကို ပါးပျဉ်းထောင်ကာ လျှာထုတ်ပြနေသည်။

''ဘုရား၊ ဘုရား ငါ့ကိုမျှားလာပြီး ပေါက်လိုက်အုံးမှာလား'' စိုးရိမ်စိတ်ကြီးစွာနှင့် ကျွန်တော့်မျက်နှာကို ခြင်ထောင်အောက်နားသို့ စောင်းငဲ့ပစ်လိုက်ရာတွင် ကြွက်စုတ်လိုလိုအကောင်တစ်ကောင်က ကျွန်တော်ကို ပြူးကြောင်ကြောင် မျက်လုံးနှင့် စိုက်ကြည့်နေပြန်သဖြင့် မျက်စိကို တအားမှိတ်လိုက်ကာ ဂုဏ်တော်ရွတ်ရပြန်တော့သည်''

ကြောက်ရွံ့တုန်လှုပ်နေရသောဒုက္ခကြီးကို ခံစားရင်းနှင့်ပင် မိုးစင်စင်လင်းသွားတော့သည်။ အိပ်ရေးကပျက်၊ အစားလည်းပျက်၍ အားအင်ကုန်ခမ်းရမှုကြောင့် နှလုံးက ခုန်၊ ခေါင်းက အုံပြီး တစ်ကိုယ်လုံးကတုန်ကယင်နှင့် ထိုင်းမှိုင်းလေးလံနေသည်။ အစာမရှိ၍ ရင်ထဲမှ ပူလောင်နေသည်။ အသည်းအေးအောင် ရေသောက်ပြန်သောအခါ ချွေးစေးတွေကထွက်လာသည်။ တတောင်ဆစ်အောက်နှင့် ဒူးအောက်တွင် အေးစက်နေသည်။ အတွင်းက ပူ၊ အပြင်က အေးနှင့် အနေရဆိုးရသည်။

မိုးလင်းပြီးဖြစ်၍ ပြတင်းပေါက်မှကျော်ပြီး အိမ်ပြင်ဘက်ဆီသို့ လှမ်းကြည့်လိုက်သောအခါ ပန်းချီကားများမှာ ရေးဆွဲထားသော ရှေးမြန်မာစစ်သားများ၏ အဝတ်တန်ဆာအတိုင်း ဆင်မြန်းထားသော သုံးပေခန့်လောက်ရှိလူပုပုသေးသေးလေးငါးယောက်ခန့်မှာ အိမ်ရှေ့ဝင်းထရံ ခြံစည်းရိုးပေါ်တွင်ထိုင်ကာ ကျွန်တော့်ကို လှောင်ပြောင်ပြနေကြသည်။ သူတို့ပုံပန်းသဏ္ဌာန်မှာ တော်တော် ရယ်စရာကောင်းလှသဖြင့် ရယ်ချင်လျက်နှင့် မရယ်ရဲဘဲ ဖြစ်နေသည်။

အဆိုပါ လူပုကလေးတို့၏မျက်နှာမှာ တဖြည်းဖြည်းနှင့် ကြောက်စရာရုပ်မျိုးဖြစ်လာသဖြင့် သူတို့ကိုကျော်ကာ ခပ်လှမ်းလှမ်းသို့ ကြည့်လိုက်မိရာ မြတောင်ကျောင်းတိုက်(ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဆယ်နှစ်သားအရွယ်က စာသင်ကြားသွားခဲ့သောကျောင်းတိုက်) အုတ်နံရံပေါ်တွင် ဆယ့်နှစ်ပေခန့်အမြင့်ရှိ ဝဝပြဲပြဲ မျက်လုံးကြီးတွေ အပြူးသားနှင့် အင်္ကျီမရှိ၊ ခါးတောင်းကျိုက်ထားသော လူကောင်ကြီးတစ်ကောင်မှာ ကျွန်တော့်ကို စူးစိုက်ကြည့်နေပြန်သဖြင့် ထိတ်လန့်တုန်လှုပ်သွားရပြန်သည်။

အရက်ကြောင့် ဦးနှောက်ပျက်ကာ ကယောင်ချောက်ချား ဖြစ်ရသည်။ တကယ်မဟုတ်သော ကြောက်စရာ နာနာဘာဝတွေကို မြင်တွေ့နေရသည်။ ထိတ်လန့် တုန်လှုပ်စရာ အသံဆိုးတွေကို ကြားနေရသည်။ ဤသို့သော အမြင်ဆိုးအကြားဆိုးတွေကြောင့် စိတ်ဝေဒနာမှာ တိုး၍တိုး၍သာ လာတော့သည်။

စိတ်ဝေဒနာသာမကရုပ်ဝေဒနာကလည်း တစ်မျိုးပြီးတစ်မျိုး စွဲကပ်လာပြန်သည်။ ထိုင်းမှိုင်း၊ ထုံကျဉ်၊ မူးဝေ၊ ချောင်းဆိုး၊ အော့အန်ရခြင်းများမှာ ရှိနေပါပြီ။ ယခု ကျောကုန်းနှင့် ရင်ပြင်တွင် အပ်ကလေးနှင့် လိုက်ဆွနေသကဲ့သို့ တစစ်စစ် တဖျဉ်းဖျဉ်းနှင့် နာကျင်သော ဝေဒနာတမျိုးကို ခံစားနေရပြန်သည်။

လျှာနှင့် နှုတ်ခမ်းများမှာလည်း အကြောဆွဲသလိုတုန်နေသဖြင့် ပြောချင်သောစကားကို ပီပီသသသွက်သွက်လက်လက် မပြောနိုင်အားပါ။ ပြောပြီး

သော စကားများလည်း မေ့သွားတတ်သည်။ လမ်းလျှောက်ရာတွင်လည်း ခြေဖဝါး ထုံကျဉ်နေ၍ နင်းအားမရှိလှဘဲ ယိုင်တိယိုင်တိုင် ဖြစ်နေတော့သည်။

အိပ်မပျော်ဘဲ တစ်ညလုံး အိပ်ရာထက်တွင် လဲလျောင်းနေရခြင်းကြောင့် ကျောက ပူနေသည်။ ကျောပြင်မှာ အရိုးအပြိုင်းသားဖြစ်နေ၍ ရှိသမျှသော အသားကလေးတွေက နာကျင်နေသည်။ မကောင်းဆိုးဝါးတို့၏ ခြောက်လှန့်မှုကြောင့်လည်း တုန်လှုပ်မောဟိုက်နေရသည်။ ထိုနာကျင်မှုနှင့် ထိုအနိဋ္ဌာရုံတို့၏ နှိပ်စက်ခြင်းမှ ကင်းရှင်းစေခြင်းအလို့ငှာ ဇနီးသည်၏ ဖေးမကူညီမှုဖြင့် အိမ်ရှေ့ခန်းသို့ ထွက်ထိုင်လိုက်ရသည်။

စိတ်ရောကိုယ်ပါ သက်သာစေရန် ထိုင်နေခိုက်တွင် တစ်အိမ်ကျော်မှ ဒိုင်နမိုစက်သံက ပေါ်လာသည်။ ထုံးစံအတိုင်း စကားပြောမိပြန်သည်။ စက်သံထဲမှ စကားပြောသူမှာ မောင်ကျော်စိန်ဆိုသူဖြစ်သည်။ သူက ဖက်ဆစ်တော်လှန်ရေးကာလက ကျွန်တော်တို့၏ စက်မှုလက်မှုတပ်ရင်း၂-မှ တပ်သား ရဲဘော်တစ်ဦး ဖြစ်သည်။ တော်လှန်ရေးပြီးဆုံးသည့်နောက်ပိုင်းတွင် မျိုးချစ်ဗမာ့တပ်မတော်မှ ထွက်သည်။ ဆင်းရဲပင်ပန်းစွာလုပ်ကိုင်စားသောက်ရင်းနဲ့ သေဆုံးခဲ့သည်။

သေပြီးသည့်နောက်တွင် လူ့ဘဝပြန်မရောက်ဘဲ ပြိတ္တာတစ်မျိုးဟု ခေါ်ရမလားမသိသော ခြေလက်အင်္ဂါမစုံ၊ ဖင်ရွှေ့သွားရသည်။ ပါးစပ်ပေါက်ကလည်း ကျဉ်းလှ၍ စားရသောက်ရ ဒုက္ခရောက်လှသည်။ ယခုလည်း အစာငတ်လွန်း၍ ကျွန်တော်ရှိရာကို စုံစမ်းမေးမြန်းပြီး အပန်းတကြီး လာရသည်ဟု ပြောသည်။

ကျွန်တော်က ရဲဘော်ဟောင်း ကျော်စိန်ဆိုသူ၏ အကြောင်းကို ကြားရသောအခါ တော်တော်စိတ်မကောင်းဖြစ်သွားရသည်။ ဖက်ဆစ်တော်လှန်ရေးပြီးဆုံးသည်မှာ နှစ်အတော်ကြီးကြာခဲ့ပြီဖြစ်၍ ရဲဘော်ကျော်စိန်ကို မမှတ်မိတော့ပါ။ သူ့ကိုဘယ်ပုံ ကူညီရမည်ဆိုသည်ကိုသာ ကျွန်တော်က မေးလိုက်ရသည်။

သူ ယခု စားပွဲတင်နာရီထားသော ဗီရိုခြေရင်းမှာရောက်နေသည်။ ကျွန်တော်ကိုတော့ သူမြင်နေရသည်။ ကျွန်တော်အားရှိအောင်စားဖို့ ကျွန်တော်၏ ယောက္ခမကြီးဝယ်လာသော ဗီရိုထဲမှ ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို ခြေနှင့်ပျော့နေအောင်နင်းပြီး သူရှိသော နေရာတွင်ချထားပေးပါဟု အသနားခံသည်။ ငှက်ပျောသီးတစ်လုံးတည်း ဝပ်မည်လားကို ပင် အချိန်အကြာကြီး ပင်ပန်းတကြီး စားမျိုရလိမ့်မည်ဟု ပြန်ပြောသည်။

ရဲဘော်၏ ရုပ်ပုံကို ပြနိုင်လျှင်ပြပါ။ အစာခွံ့ပေးပါမည်ဟုပြောရာ သူ့ပုံကိုမြင်လျှင် အလွန်ထိတ်လန့်သွားပါလိမ့်မည်။ မပြပါရစေနှင့်၊ အစာကို ယူစားရန် လက်မရှိသော်လည်းရှိသော ပါးစပ်ပေါက်ကလေးနှင့်ခေါင်းငုံ့ပြီး တဖြည်းဖြည်းစားပါမည်။ မြန်မြန်သာ ငှက်ပျောသီး ကျွေးပါတော့ဟုပြောသည်။

သူပြောသည့်အတိုင်းပင် ဗီရိုထဲမှ ဖီးကြမ်းငှက်ပျောသီးတစ်လုံးယူပြီး ခြေနှင့်မနင်းရက်၍ လက်နှင့်ဖျစ်ရာ ခြေနှင့်နင်းမှသာ သူ့ဘဝက စားရပါသည်ဟု ဆိုလာသဖြင့် ရင်ဆို့ဆို့နှင့်ပင် ငှက်ပျောသီးကို ခြေနှင့် အသာနင်းပြီးနောက် သူရှိမည်ထင်သော နေရာသို့ ချထားလိုက်ပါသည်။ ''အဖြစ်ဆိုးလှချည်လား ရဲဘော်ကျော်စိန်ရယ်'' ဟုပင် မြည်တမ်းကာ သက်ပြင်းချလိုက်မိပါသည်။

အမှန်တော့ အရက်ကြောင့် အတော်ကလေးပျက်စီးနေသော ကျွန်တော်၏ ဦးနှောက်ကသာ ကယောင်ချောက်ချားဖြစ်နေခြင်းဖြစ်သည်။ ရဲဘော်ကျော်စိန်ဆိုသူမှာကား အမှန်တကယ် မရှိပါ။

အမှန်တကယ် မရှိသော ရုပ်ဝတ္ထုများကို ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် မြင်တွေ့နေရခြင်းနှင့် သူ့အကြောင်းနှင့် သူ့သဘာဝကြောင့် ပေါ်ထွက်လာသော အသံများနှင့် စကားပြောခြင်း၊ တစ်ခါတစ်ရံ မြန်မာစကား သာမက အင်္ဂလိပ်စကားများအပြင် ဘန်းစကားလိုလိုရော ဘာစကားမှန်းမသိသော

စကားမျိုးများနှင့်ပါ အားပါးတရ မမောနိုင်မပန်း တမ်း ပြောနေခြင်းမျိုးမှာ ဦးနှောက်ပျက်၍ (ဝါ) စိတ်နောက်၍ပင် မဟုတ်ပါလော။

ယခင် စိတ်နောက်နေသူများကို တွေ့မြင်ဖူးရာ တွင်တစ်ယောက်တည်းပင် ထိုင်နေရင်း၊ လမ်းသွား ရင်း ရပ်နေရင်းနှင့် စကားပြောနေကြသည်။ ရယ် နေကြသည်။ ငိုနေကြသည်။ ဆဲဆိုကြိမ်းမောင်း နေကြသည်။ ရန်ဖြစ်လိုက် လုပ်နေကြသည်။ ဤပုံ သူတို့၏ အဖြစ်ဆိုးကိုကြည့်ပြီး စိတ်မကောင်း ဖြစ် ခဲ့ရသည်။ သနားခဲ့မိသည်။ ဤအဖြစ်ဆိုး ရောဂါ ဆိုးများမှ ကင်းစင်သွားရန် စိတ္တဇဆေးရုံသို့ ပို့ပေးရ ကောင်းလေမလားဟုပင် စိတ်ကူးမိခဲ့သည်။

သူတို့ ဘာကြောင့်များ စိတ်နောက်သွားကြရပါ လိမ့်ဟု သိချင်စိတ်ဖြင့်စုံစမ်းကြည့်သောအခါ အချို့ မှာ ဥစ္စာပျက်၍၊ အချို့မှာဦးနှောက်ထဲသို့ ရောဂါပိုး ဝင်သွား၍၊ အချို့မှာ လူပြုစား၍၊ အချို့မှာ အရက် အလွန်သောက်၍ ဖြစ်သည်ဟု ကြားဖူးခဲ့သည်။

ဤသို့ဆိုလျှင် ယခု မိမိကိုယ်တိုင် တစ်ယောက် တည်း စကားပြောနေခြင်း အဖြစ်မျိုးသို့ ရောက်ရှိ လာသောအခါတွင် မည်သို့သော အဖြေမျိုးကို ပေး ရပါမည်နည်း။ ဥစ္စာရှုးလည်း မဟုတ်။ ဦးနှောက် ထဲ ရောဂါပိုးဝင်၍လည်း မဟုတ်သဖြင့် တရားခံ အစစ်ကို ရှာသောအခါ ''သေသောက်ကြူး၍ အရူးတပိုင်းဖြစ်ရခြင်းပါ'' ဟူ၍သာ ဖြေပါတော့အံ့။

အရူးကြီး၊ အရူးကလေးသာ ကွဲပြားသည်။ အရူးတော့ အရူးပင် ဖြစ်သည်။ သို့သော် ယဉ်ကျေး သည့်သဘောမျိုးနှင့် စိတ်နောက်နေသူ၊ ဦးနှောက် ပျက်နေသူဟုသာ သုံးနှုန်းကြသည်။

တစ်နေ့အရက်၏ ဒဏ်ရာဒဏ်ချက်များကို ခံစားနေခိုက်တွင်''မင်းကိုသတ်ဖို့ တောင်ဘက်ကလူ တွေ လာကုန်ပြီ၊ သူတို့လက်ထဲမှာ ပုဆိန်ကြီးတွေ ကိုင်လို့ မြောက်ဘက်ကို မြန်မြန်ပြေးတော့၊ ပြေး တော့''

တစ်အိမ်ကျော်မှ ဒိုင်နမိုစက်သံထဲမှ သတိပေး သံကို ကြားလိုက်ရ၍ ထိတ်လန့်တုန်လှုပ်ပြီး ''ငါ့ကို သတ်ဖို့ လာကုန်ပြီတဲ့၊ ငါ ပြေးတော့မယ်''ဟု ခပ် လှမ်းလှမ်းမှ ဇနီးသည်ကို ပြောပြောဆိုဆိုနှင့်ပင် အိမ်ရှေ့၈၅–လမ်းအတိုင်း မြောက်ဘက်သို့ တအား ကုန်ပြေးတော့သည်။ ယာဉ်အသွားအလာများလှ သော 'အေ'လမ်းမကြီးကိုပင် ဝဲယာမကြည့်နိုင်ဘဲ ဖြတ်ဖြတ်လိုက်မိသည်အထိ နောက်ပိုင်းရန်ကို ကြောက်သည့်စိတ်က များနေသည်။

''အစ်ကိုကြီး မပြေးပါနဲ့၊ ကားတွေ မြင်းလှည်း တွေ တိုက်ကုန်လိမ့်မယ်၊ အစ်ကိုကြီးကို ဘယ်သူမှ မသတ်ပါဘူး၊ နေပါအုံး အစ်ကိုကြီး''

ဇနီးသည်က စိုးရိမ်တကြီးနှင့် အော်ဟစ်ပြောဆို ရင်း နောက်မှအပြေးလိုက်လာသည်။ ဇနီးက ဘယ် လိုပင်တားတား ကျွန်တော့်နားတွင် ''မင်းကို သတ် မယ်၊ သတ်မယ်''ဆိုသော ခြိမ်းခြောက်သံများသာ မရပ်မနား ကြားနေရပြန်သဖြင့် ၈၅–လမ်းမကြီးအ တိုင်းတအားပြေးနေမိသည်။ မလွန်သာသနာ့ဗိမာန် ကြီး၏ မြောက်ဘက်ထောင့် အရောက်တွင် အား အင် ချိနဲ့လှသော ကျွန်တော်အဖို့ အမောဆို့ကာ လမ်းဘေးသို့ လဲကျသွားပါတော့သည်။

ဇနီးသည်ရောက်လာပြီး ကျွန်တော့်ကိုထူမကာ အိမ်ပြန်ရန် ဖျောင်းဖျသည်။ အရပ်ထဲမှ ရောက်လာ ပိုင်းအုံနေသော လူများမှာလည်း ကြီးကန်းတောင်း မှောက်လို ပြူးကြောင်ကြောင်ဖြစ်နေသော ကျွန် တော့်ကို မြင်ကြရ၍ တအံ့တသြ ဖြစ်ကုန်ကြသည်။ ဘယ်လိုဖြစ်တာလဲဟု မေးမြန်းကြသည်။ ဇနီးသည် ကလည်း ဘေးလူများ၏အမေးကို မဖြေနိုင်အား၊ ကျွန်တော့်ကိုသာ အိမ်ပြန်ပါရန် နားချနေသည်။

ကျွန်တော့်ဇနီးသည်၏ စကားကို နားမဝင်နိုင်။ ရဲဘော်များနှင့် မိတ်ဆွေများရှိရာ ကျွန်တော်အလုပ် လုပ်သော ဗဟိုရ်စည်သတင်းစာတိုက်သို့သာ ခြေဦး လှည့်လိုက်တော့သည်။

''ဘယ်ပြေးလို့ လွတ်မှာလဲ နေအောင်ရယ်''

မကောင်းဆိုးဝါးများ၏ ကြောက်စရာ ကြိမ်း

မောင်းသံကြီးက ကျောနားမှကပ်၍ ကြားလိုက်ရပြန်သဖြင့် မောဟိုက်ပင်ပန်းသည်ကို ဂရုမစိုက်နိုင်အားဘဲ ဗဟိုရ်စည်သတင်းစာတိုက်နောက်ဘက် တောင်ကြခတ်ဝင်းထဲမှ အိမ်တစ်အိမ်ပေါ်သို့ အတင်းတက်ပြေးတော့သည်။ အိမ်ရှင်များက တအံ့တဩဖြစ်ကုန်ကြသည်။ ကျွန်တော်ကပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်ဘဲ ခေါင်းရင်ဘက်မှ ဘုရားစင်ကိုသာ လက်အုပ်ချီကန်တော့လိုက်ပြီး ကယ်မတော်မူပါရန် ဘုရားကို အသနားခံရတော့သည်။

ကျွန်တော့်၏ ဇနီးသည်က ယခုလို အိမ်ပေါ်သို့ ဖွတ်တက်လာမိခြင်းကို ခွင့်လွှတ်ပါရန် အိမ်ရှင်များအား တောင်းပန်နေရှာသည်။ ကျွန်တော်ကမူ အိမ်ရှင်ကို အားနာရမှန်း တောင်းပန်ရမှန်း မသိနိုင်တော့သော အရူးတပိုင်းဖြစ်နေပြီးအသတ်ခံရမည့် အရေးမှကင်းဝေးစေရန်သာ ဆုတောင်းနေမိသည်။ ဇနီးသည်က သတင်းစာတိုက်သွားရန် ဖျောင်းဖျသည်။ သတင်းစာတိုက်ဆိုသော အသံကိုကြားလိုက်တော့ ကျွန်တော် သတိပြန်ဝင်ကာ အားတက်လာသည်။

ယခုမှ အိမ်ရှင်များကို ကျေးဇူးတင်ကြောင်း ပြောဆိုနိုင်ပြီး အိမ်ပေါ်မှဆင်းကာ လမ်းကလေးပေါ်ရောက်ရုံ ရှိသေးသည်။ ''ဘယ် ပြေးပြေး မလွတ်ဘူးဟေ့''ဆိုသော မကောင်းဆိုးဝါးသံကြီးက ပေါ်လာပြန်သဖြင့် မဝေးလှသော ဗဟိုရ်စည်သတင်းစာတိုက်ဆီသို့ အတင်းပြေးရ ပြန်သည်။ စက်ခန်းနှင့် စာစီခန်းများထဲမှ ဖြတ်သန်းပြီး သတင်းစာတိုက်ပိုင်ရှင်ဇနီးမောင်နှံနေရာ တိုက်အပေါ်ထပ်တက်ကာ ဘုရားခန်းထဲသို့ ဖွတ်ဝင်လိုက်ရတော့သည်။

''တပည့်တော်၏ အသက်ကို ကယ်မတော်မူပါ ဘုရား''

ဘုရားကျောင်းဆောင်အတွင်း ရွှေပလ္လင်ထက်ဝယ် သပ္ပါယ်စွာစံမြန်းနေသော ဘုရားရွှေဆင်းတုတော်ရှေ့ဝယ် ဝပ်တွားရှိကျိုးရှိခိုးဦးနှိမ်ကာဘုရားရှင်အားကယ်မပါရန် အသနားခံလိုက်ရပြန်သည်။ မောဟိုက်နွမ်းလျနေသည့်ကြားမှပင် အသက်ဘေးမှကင်းဝေးစေရန် ဘုရားဂုဏ်တော်ကိုမနားတမ်းရွတ်ဖတ်နေရသည်။ လူသတ္တဝါများကိုမေတ္တာပို့ရသည်။

အမောလည်း ပြေ၊ အညောင်းလည်း ဆန့်သည့်သဘောနှင့် ဘုရားစင်ကို မျက်နှာမူနေရာမှ ကျောဘက်သို့ လှည့်အထိုင်လိုက်တွင် လျှာကြီးတယားယားနဲ့ ကျွန်တော့်ကို ပြေးခုန်ကိုက်စားတော့မည့်ဟန်ဖြင့် စူးစူးစိုက်စိုက်ကြည့်နေသော ခွေးသမင်ကြီး၏အရိပ်သဏ္ဌာန်ကို ဘုရားခန်းဝင်ပေါက်မှ ခန်းစီးပိတ်ပေါ်တွင် ထင်ထင်လင်းလင်းကြီး တွေ့မြင်လိုက်ရတော့သည်။ ကျွန်တော်က လန့်ဖျပ်ကာ မျက်စိကိုမှိတ်ပစ်လိုက်ရသည်။ ကြောက်စိတ်များက မွှန်နေသည်။

''နေအောင်၊ မင်း အဲဒီခွေးကြီး ကိုက်သတ်တာကို ခံမလား၊ ဒါမှ မဟုတ်ရင် တိုက်ဆင်ဝင်ပေါ်က ခုန်ချပြီး အသေခံမလား၊ တစ်ခုခုကို အမြန်ဆုံးရွေးလိုက်ပါ''

သေရမှာကိုပင် ရိုးရိုးတန်းတန်းနှင့် မသေရဘဲ ကြောက်စရာ ခွေးကြီးကိုက်သတ်၍ သေရမည် (သို့မဟုတ်) တိုက်ပေါ်မှခုန်ချပြီး သေရမည်ဆိုသည့်အတွက် ငိုပင် ငိုလိုက်မိသည်အထိ ဝမ်းပန်းတနည်းစိတ်ထိခိုက်သွားရပါသည်။

ကျွန်တော့်အဖို့ အမြဲတမ်း ကြောက်ရွံ့ထိတ်လန့်ကာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ခံနေရသောဒုက္ခကြီးကို ကြာရှည်မခံချင်တော့ပါ။ ဤလို ဒုက္ခမျိုးများကို ကြာရှည်ခံစားနေခြင်းထက် မြန်မြန်သေသွားရသည်က ကောင်းပေလိမ့်မည်ဟု စိတ်ပိုင်းလိုက်ကာ ''တိုက်ပေါ်က ခုန်ချမယ်ကွာ''ဟု အားတင်းပြီး အဖြေပေးလိုက်သည်။ ထို့နောက်တွင် စိတ်က ပို၍ ကယောင်ချောက်ချား ဖြစ်လာတော့သည်။

''နေအောင် မင်းစိတ်တွေ ဖောက်လာပြန်ပြီ၊ သတိထားလိုက်စမ်းပါအုံး ရဲဘော်၊ မင်းကို ဘယ်သူမှ မသတ်ပါဘူး၊ မင်းကိုမင်း ခြောက်လှန့်နေတာပါ၊ စောစောကမြင်ရတဲ့ ခွေးသမင်ကြီးဆိုတာလည်း တကယ်မရှိဘူး၊ မင်းမှာ တကယ်ဖြစ်နေတာက

အရက်သိပ်သောက်လို့ ဖြစ်နေတဲ့ အရက်ရောဂါပဲ၊ ဒီအရက်ရောဂါကို ဆရာဝန်နဲ့ မြန်မြန်ကုဖို့ အရေးကြီးနေပြီ၊ အရက်သာ ဆက်သောက်နေရင် သွက်သွက်လည်အောင် ရူးသွားမယ်၊ ရူးပြီးရင် သေဖို့ပဲ ရှိတော့တယ်''

ကျွန်တော်က အရဲစွန့်ပြီး မျက်စိဖွင့်ကာ အသံကြားရာ ဘုရားခန်းဝင်ပေါက်မှ ခန်းစီးကိုကြည့်လိုက်သည်။ စောစောက မြင်ရသော ကြောက်စရာခွေးသမင် အရိပ်သဏ္ဌာန်မှာ တကယ်ပင် မရှိတော့ဘဲ ဂျပန်ခေတ် ဗမာ့တပ်မတော် စစ်ဗိုလ်ယူနီဖောင်း ဝတ်ဆင်ထားသော ရဲဘော်ကြီးတစ်ဦး၏ ရုပ်ပုံလွှာကို မြင်လိုက်ရသဖြင့် အံ့သြသွားသည်။ တည်ကြည်ခန့်ငြား၍ ကျက်သရေရှိသော ရဲဘော်ကြီးကို ကြည့်ပြီး အားကိုးမိသည်။ မိမိအတိတ်မှ ရဲဘော်ဘဝကို ပြေး၍ပင် မြင်ယောင်လိုက်မိသည်။

''မသေချင်ပါနဲ့အုံး ရဲဘော်၊ ငယ်ပါသေးတယ်၊ အရက်သာ ဖြတ်လိုက်ပါတော့''

တည်တည်ကြည်ကြည်နှင့် ကျွန်တော့်ကိုကြည့်ပြီးပြောလိုက်သော ရဲဘော်ကြီးကို ကျွန်တော်က လေးလေးစားစားနှင့် ပြန်ကြည့်ရင်းမှ ကြောက်စိတ်များ လျော့နည်းသွားကာ ဝမ်းသာသလို ဖြစ်လာသည်။ တဖြည်းဖြည်းနှင့် ခန်းစီးပေါ်မှ ရဲဘော်ကြီး၏ ရုပ်ပုံလွှာမှာလည်း ပျောက်ကွယ်သွားတော့သည်။

အတော်ကြီး စိတ်သက်သာရာရလာပြီ ဖြစ်၍ ဘုရားဆင်းတုတော်ကို ဝပ်တွားရှိခိုးပြီးနောက် ဘုရားခန်း အပြင်သို့ ထွက်ခဲ့သည်။ စိုးရိမ်တကြီးနှင့် စောင့်နေသော ဇနီးသည်နှင့်အတူ သတင်းစာတိုက်ပိုင်ရှင် ဇနီးမောင်နှံတို့က ကျွန်တော်၏ အရိပ်အကဲကိုခတ်နေကြသည်။ ကျွန်တော်က သတင်းစာတိုက်ပိုင်ရှင် ဇနီးမောင်နှံတို့အား ရှိခိုးပြီးနောက် ကျေးဇူးတင်စကားပြောကာဇနီးနှင့်အတူအိမ်သို့ပြန်ခဲ့သည်။

အိမ်ပြန်ရောက်သည်အထိ ''သတ်မယ်၊ သတ်မယ်၊ မင်းကို သတ်မယ်''ဆိုသော အမင်္ဂလာ အသံဆိုးများက ကြားယောင်ဆဲပင်ဖြစ်၍ ဆရာဝန်နှင့် အမြန်ဆုံးကုသရန် စဉ်းစားရတော့သည်။ ကျွန်တော်က လူမှုရေးအဖွဲ့ဝင်တစ်ဦးဖြစ်၍ နက်ဖြန်ပင် လူမှုဖူလုံ ရေးဌာနသို့သွား၍ ဆရာဝန်နှင့်ပြသရန် ဇနီးက လည်း အကြံပေးတိုက်တွန်းလေတော့သည်။

**ရဲဘော်နေအောင်**

(ဆရာဝန်ကြီးဦးခန့်''မူးယစ်ဆေးဝါးအထူးကု ဆရာဝန်ကြီး'' စိတ်ကျန်းမာရေးအထူးဆေးရုံကြီး၏ သုတေသနပြုချက်)

အရက်စွဲရောဂါသည် ကမ္ဘာအနှံ့အပြားတွင် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသဖြင့် တိုင်းပြည်တိုင်း၏ ပြဿနာကြီးတစ်ရပ်လို ဖြစ်နေသည်ကို တွေ့ရပေသည်။ ဤရောဂါသည် ဆေးပညာ၏ ပြဿနာတစ်ခုသာမက လူမှုရေးပြဿနာကြီး တစ်ခုလည်း ဖြစ်လာပါသည်။ အရက်စွဲရောဂါကြောင့် ရာဇဝတ်မှုကျူးလွန်မိခြင်း၊ စီးပွားရေးပျက်စီးခြင်း၊ အိမ်ထောင်ရေး ပြဿနာပေါ်လာခြင်း စသော ပြဿနာများ ဖြစ်ပေါ်လာရုံသာမက မိမိ၏ ကျန်းမာရေးကိုပါ ထိခိုက်နိုင်ပေသည်။

ပထမတွင် အရက်မသောက်ဘဲ မနေနိုင်ဖြစ်မည်။ သောက်ပြန်လျှင်လည်းစည်းမဲ့ကမ်းမဲ့သောက်မည်။ အကယ်၍ အရက်မရလျှင် ရတဲ့နည်းနှင့် ရှာကြံကာသောက်မည်ဆိုသော အလေ့အကျင့်မှနေ တစ်နေ့ထက်တစ်နေ့ အရက်တိုး၍ သောက်လာတတ်ခြင်းကစတင်ပြီး အရက်စွဲရောဂါ ဖြစ်လာပါသည်။ ခန္ဓာကိုယ်နှင့် စိတ်တို့၏သွေးတောင်းခြင်းကြောင့် မိမိ၏ စိတ်နှင့်ကျန်းမာရေးကို ထိခိုက်လာစေရန်၊ မိမိနှင့်ပတ်ဝန်းကျင်ကို ထိခိုက်လာစေရန် သောက်စားမူးယစ်တတ်ကြပါသည်။ ထို့ကြောင့် အရက်စွဲရောဂါသည် အရက်စွဲသောလူနာနှင့်လူနာ၏ ပတ်ဝန်းကျင်တို့ကိုပါ ထိခိုက်ရုံတွင် မရပ်သေးဘဲ နောက်ဆုံး တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားကိုလည်း လျော့ပါးသွားရန်သေချာပါသည်။

လူများသည် အနည်းနှင့်အများ အရက်ကို သောက်တတ်ကြပါသည်။ သို့သော် အရက်စွဲရောဂါသည် အချို့သော အရက်သောက်တတ်ကြသူများ

တွင်သာ ဖြစ်တတ်ကြပါသည်။ အဘယ့်ကြောင့် ထိုသူများ အရက်စွဲရောဂါဖြစ်ရသနည်းဆိုသော မေးခွန်းကိုဖြေဆိုရန် အကြောင်း(၃)ချက်ပေါ် မူတည်ပြီး စဉ်းစားသင့်ပေသည်။ ထိုအကြောင်းများမှာ–

၁။ အရက်

၂။ အရက်စွဲသူ

၃။ အရက်စွဲသူ၏ပတ်ဝန်းကျင် တို့ဖြစ်ပါသည်။

ရှေးဦးစွာ အရက်အကြောင်းကို စဉ်းစားလျှင် အရက်သည် မူးယစ်စေတတ်သည်။ သောက်သူကို အပန်းပြေစေတတ်သည်။ စိတ်ပင်ပန်းမှု တစ်နည်းဆိုသော် စိတ်သောကများကို ရုတ်တရက်ပျောက်ကင်းစေတတ်ပါသည်။ထို့ကြောင့်အရက်က အနည်းနှင့်အများဆိုသလို ဘဝ၏သာယာမှုကိုပေးနိုင်သည်ဟု ဆိုလျှင်လည်း မမှားနိုင်ပေ။ အရက်သောက်ပြီးသောအခါ ပထမအဆင့်အနေနှင့် သောက်သူသည် စိတ်လွတ်လပ်လာပါသည်။ စိတ်ပေါ့ပါးလာပါသည်။ နှုတ်သွက်လာတတ်ပါသည်။ ထို့အပြင် စိတ်လည်း တက်ကြွလာတတ်ပါသည်။ အချုပ်အားဖြင့်ဆိုလျှင် အရက်သည် စိတ်၏သာယာမှုကို ပေးသည်။ ထို့ကြောင့် အချို့လူများက စိတ်ညစ်သောအခါ သို့မဟုတ် စိတ်ပျော်ရွှင်သောအခါ အရက်ကို သောက်တတ်ကြပါသည်။ အချို့စိတ္တဇရောဂါရှိသူများသည် မိမိစိတ်မငြိမ်မသက် ဖြစ်ပြီး စိတ်ရှုပ်ထွေးနေသောအခါ အရက်သောက်၍ ဖြေရှင်းတတ်ကြသည်ကို တွေ့ရပါသည်။ ဤ အချက်များသည် အရက်၏ အာနိသင်တန်ခိုးများပင် ဖြစ်ပါသည်။

ဒုတိယအချက်ဖြစ်သော အရက်စွဲနေသူတစ်ဦးကို ဆန်းစစ်ကြည့်လျှင် အများအားဖြင့် ထိုလူနာများသည် ကိုယ်ရည်သွေးနိမ့်ကျသည်ကို တွေ့ရပါသည်။ ထိုလူနာများသည် အခက်အခဲကို ရင်မဆိုင်ဝံ့။ စိတ်ပျော့ညံ့ပြီး အခက်အခဲနှင့် တွေ့ကြုံရသောအခါ မိမိစိတ်ကို မထိန်းနိုင်သဖြင့် ပြဿနာများကို ဖြေရှင်းနိုင်စွမ်း မရှိသောသူများ ဖြစ်ကြပါသည်။ ထိုလူနာများသည် အခက်အခဲ တစ်ခုခုနှင့်ရင်ဆိုင်ရလျှင် ပြေလည်အောင်မဖြေရှင်းတတ်သဖြင့် အရက်သောက်ပြီး ထိုပြဿနာကိုမေ့ပျောက်အောင် ကြိုးစားတတ်ကြပါသည်။ ထို့ကြောင့် ယင်းလူနာများသည် မိမိ၏ပြဿနာကို မေ့ပျောက်စေရန် ထပ်ခါထပ်ခါ အရက်ကို ဖိသောက်တတ်ကြပါသည်။

တတိယအချက်အနေနှင့် ပတ်ဝန်းကျင်နှင့် လူနာများ စပ်ဟပ်နေပုံကိုတင်ပြရသော် 'တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး'ဆိုသော စကားပုံကဲ့သို့ ပတ်ဝန်းကျင်သည် လူတစ်ယောက်၏ စိတ်နေသဘောကို လွှမ်းမိုးစေပါသည်။ ပတ်ဝန်းကျင်က အရက်သောက်ခြင်းကို လက်ခံလျှင် အရက်သောက်သူများတတ်ပါသည်။ ကျွန်ုပ်တို့ အရှေ့တိုင်းနိုင်ငံများတွင် မိန်းမအရက်သောက်သူများကို တွေ့ရလျှင် ရှုံ့ချတတ်ကြသဖြင့် အမျိုးသမီးအရက်စွဲရောဂါသည်များ ရှားပါးလှပေသည်။

မိန်းမများသည် အရက်သောက်ရမည်ကို ရှက်ကြောက်တတ်ပါသည်။ သို့သော် ယောကျ်ားများ အရက်သောက်သည့် အလေ့အကျင့်ကိုကား လက်ခံကြသဖြင့် အရက်ကို လွတ်လွတ်လပ်လပ် စွဲစွဲမြဲမြဲ သောက်ရင်းက ကိုယ်ရည်ကိုယ်သွေး နိမ့်ကျသူများ၊ စိတ်ပျော့ညံ့သူများသည် အရက်၏ အာနိသင်တန်ခိုးများကြောင့် အရက်စွဲရောဂါဖြစ်လာတတ်ပါသည်။ လူတစ်ယောက်၏ အလုပ်အကိုင် အခြေအနေကလည်း အရက်စွဲရောဂါဖြစ်စေရန် ဖန်တီးပေးလာသည်ကို တွေ့ရပေသည်။ ဥပမာ– အရက်ရောင်းသူများသည် အများအားဖြင့် အရက်စွဲရောဂါဖြစ်တတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အရက်ကို လွယ်လွယ်နှင့်လိုတိုင်း အမြဲရနိုင်သောကြောင့် နေ့စဉ်နေ့တိုင်း စည်းမဲ့ကမ်းမဲ့ သောက်ရာမှ နောက်ဆုံးတွင် အရက်စွဲရောဂါ ဖြစ်လာပါတော့သည်။ အရက်စွဲရောဂါကုသရာတွင်အရက်စွဲရောဂါ ဘာ့ကြောင့် ဖြစ်ပေါ်လာပုံကို ဆန်းစစ်ရန်လိုပေသည်။

ကျွန်ုပ်တို့နိုင်ငံတွင် သာမန်အားဖြင့် အရက်ကို

စွဲစွဲမြဲမြဲသောက်သူ ၅–မျိုးရှိကြောင်း တွေ့ရပေသည်။

ပထမအမျိုးမှာ စိတ်မှ သွေးတောင်း၍ သောက်သောသူများ ဖြစ်သည်။ ထိုသူများသည် စိတ်ရွှင်လန်းမှု၊ ကိုယ်လက်ပေါ့ပါးမှုနှင့် ဘဝသာယာမှုများကို အရက်ကပေးဆောင်တတ်စေသော အာနိသင်ရှိသည် ဟု ယူဆကြသဖြင့် မိမိတွင် ခံစားနေသောစိတ်သောကများကို ဖြေဖျောက်နိုင်စေရန် သောက်သူများ ဖြစ်ကြပါသည်။ သို့မဟုတ်လျှင် နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသော သာမန် အခက်အခဲများကို ကျော်လွှားစေနိုင်ရန် သောက်သူများဖြစ်စေကာမူ သူတို့သည် အရက်ကိုကြိုက်၍ သောက်သူများသာ ဖြစ်ကြပါသည်။

ဒုတိယအမျိုးမှာ စိတ်ရောဂါ သို့မဟုတ် ကိုယ်ခန္ဓာရောဂါကြောင့် သောက်သူများ ဖြစ်ပါသည်။ အချို့သော အရက်စွဲရောဂါသည်များသည် စိတ်ရောဂါ သို့မဟုတ် ကိုယ်ခန္ဓာရောဂါတစ်ခုခုကြောင့် အရက်ကို ဆေးဖြစ်ဝါးဖြစ်သောက်တတ်ကြပါသည်။ ထိုသို့သောက်ရင်း သောက်ရင်းနှင့် တဖြည်းဖြည်း အရက်စွဲရောဂါ ရလာပါတော့သည်။ ထိုသူများသည် စိုးရိမ်ကြောင့်ကြ၍ ဖြစ်စေ၊ စိတ်ညစ်၍ ဖြစ်စေ အခြားစိတ်ရောဂါ လက္ခဏာများကို ဖြေဖျောက်နိုင်စေရန် မှီဝဲသူများ ဖြစ်ကြပါသည်။

တတိယအမျိုးမှာ ပြတ်တောင်းသောက်သူများ ဖြစ်ပါသည်။ ထိုလူများသည် အရက်ကိုသောက်မိလျှင် မူးအောင်သောက်ပြီး နေ့စဉ်ရက်ဆက်သောက်တတ်ကြပါသည်။ သို့သော် အရက်ဖြတ်ချင်သောအခါတွင်အရက်ကိုမသောက်ဘဲ နေနိုင်သူများ ဖြစ်ပါသည်။ ထိုလူများသည် တစ်နှစ်လျှင် သုံးလမှ ခြောက်လအထိ လုံးလုံးမသောက်ဘဲ နေတတ်သူများ ဖြစ်ပါသည်။

စတုတ္ထအမျိုးမှာ အကန့်အသတ်မရှိ အရက်သောက်သူများ ဖြစ်ပါသည်။ ထိုလူမျိုးများကား အရက်ကို တစ်ကြိမ်ထဲ အလွန်အကျွံမူးအောင်သောက်တတ်သူများ ဖြစ်ပါသည်။ ထိုလူတွေ၏ သဘာဝကို လေ့လာကြည့်လျှင် အရက်ကုန်သွားသောအခါ၊ ဝယ်သောက်ရန် ငွေကုန်သွားသောအခါ၊ သို့မဟုတ်အရက်မူးလွန်ပြီး သတိလစ်လုမတတ်ဖြစ်သွားသောအခါကျမှသာ အရက်သောက်ရပ်သွားကြောင်း တွေ့ရတတ်ပါသည်။ ထိုသူတို့သည် အရက်ကို မသောက်ဘဲ မနေနိုင်ကြပါ။ သောက်သောရေချိန်ကလည်း တစ်နေ့တခြား တိုး၍တိုး၍ သောက်လာတတ်ပါသည်။ ထို့ကြောင့် အရက်မသောက်ဘဲနေလိုက်လျှင် အရက်ဖြတ်သူများတွင် ဖြစ်တတ်သောလက္ခဏာများပေါ်လာပါတော့သည်။

ပဥ္စမအမျိုးကား အရက်စွဲရောဂါ ဖြစ်ပါသည်။ ဤရောဂါသည် အရက်သောက်သူများ၏ နောက်ဆုံးအဆင့်ရောဂါ ဖြစ်ပါသည်။ သူတို့သည် အရက်သောက်၍ မည်သို့မျှ အရသာမခံစားရသော်လည်း မသောက်ဘဲလည်း မနေနိုင်ကြပေ။ အမြဲတမ်း အော့အန်တတ်ခြင်း၊ စိတ်ကြည်လင်မှုမရှိဘဲ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ သတိမေ့တတ်ခြင်း ဖြစ်တတ်ပါသည်။ ထိုကဲ့သို့ ကြာရှည်လာလျှင် စိတ္တဇဝေဒနာများပင် စွဲကပ်လာပါတော့သည်။

အရက်သည် အစားအစာကြေညက်မှုကို ပျက်ပြားစေသည့်ပြင် အရက်စွဲသူများသည် အစားအစာကို ပစ်ပယ်ကြသဖြင့် အစာအိမ် အချဉ်ပေါက်ပြီး လေနာဖြစ်တတ်ပေသည်။ ထိုလူများသည် အစားအသောက်ပျက်မည်။ အော့အန်တတ်မည်။ မကြာခဏ ဗိုက်နာမည် ဖြစ်ပါသည်။

အရက်စွဲရောဂါရှိသူများသည် အရက်ကို အလွန်အကျွံ သောက်တတ်ကြသဖြင့် အစားအစာကို လုံလောက်စွာစားသောက်လေ့ မရှိကြပေ။ အစာအိမ်သည် စားသောက်လိုက်သောအစားအစာများကို အရက်ကြောင့် ကောင်းစွာကြေညက်အောင် ချက်နိုင်ခြင်းမရှိပေ။ ထို့ကြောင့်သူတို့သည် အာဟာရ ချို့တဲ့မှုများ ဖြစ်တတ်ကြပါသည်။ အများအား

ဖြင့် အရက်စွဲသူများသည် ရသမျှဝင်ငွေကို အရက်ဝိုင်းတွင် အကုန်သုံးဖြုန်းပစ်ကြသဖြင့် စားရေး၊ သောက်ရေးတွင် ငြိုးငြင်ရပါတော့သည်။ နောက်တစ်ချက်မှာ အရက်ဆိုင်အနီးတွင် အမြည်းအဖြစ် လွယ်ကူစွာရတတ်သောအာလူးကြော်၊ ဘယာကြော်များကိုစား၍ တင်းတိမ်နေကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် အရက်စွဲသူများသည် အသားဓာတ်နှင့် ဗီတာမင်ဓာတ်ချို့တဲ့မှုများ ဖြစ်တတ်ပါသည်။

ထိုကဲ့သို့ အာဟာရချို့တဲ့မှုများ ဖြစ်လာတတ်သောအခါ အသည်းကျွမ်းနာရောဂါ ဖြစ်လာတတ်ပါသည်။ အရက်သည် အာဟာရချို့တဲ့နေသော အသည်းကို လွယ်ကူစွာ ဖျက်ဆီးပစ်နိုင်ပါသည်။ အသည်းကျွမ်းမှုဖြစ်ခဲ့လျှင် ပြန်လည်ကောင်းမွန်ရန် နည်းလမ်းမရှိတော့ပေ။ ထိုလူနာသည် အနေးနှင့် အမြန်ဆိုသလို ဘဝဆုံးရှုံးရပါတော့သည်။

အရက်သည် ဦးနှောက်ကို၊ တိုက်ရိုက်ထိခိုက်သဖြင့် အရက်ကို စွဲစွဲမြဲမြဲ သောက်သူများသည် စိတ္တဇဝေဒနာများပင်ခံစားရရှိလာနိုင်ပေသည်။ ရှေးဦးစွာ လူနာသည် တည်ငြိမ်မှုမရှိဘဲ စိတ်ဓာတ်ကျဆင်းခြင်း၊ အိပ်၍မပျော်ခြင်းတို့ဖြစ်ရာမှ အကြောင်းမဲ့ ကြောက်လန့်တတ်ခြင်း၊ တစ်ခါတစ်ရံ လှုံ့ဆော်မဲ့အာရုံများရှိလာခြင်းစသော စိတ္တဇရောဂါ ဖြစ်တတ်ပါသေးသည်။

ထို့ကြောင့် အရက်စွဲသောသူသည် ခြေလက်များ ကိုက်ခဲမည်။ ကျဉ်လာမည်။ နောက်တဖြည်းဖြည်း ခြေလက်များ တုန်လာတတ်ပါသည်။ ထို့ကြောင့် ခြေဖဝါးနှင့် ကြမ်းပြင်ထိမှန်း မသိသည့်ပြင် ဝေဒနာရှင်သည် လမ်းလျှောက်သောအခါ ယိမ်းထိုးပြီး လဲနိုင်ပါသည်။

ဤရောဂါမျိုးဖြစ်တတ်သကဲ့သို့ အခြားရောဂါမျိုးလည်း ဖြစ် တတ်ပါသေးသည်။ ဤရောဂါသည် အရက်စွဲရောဂါသည်များ အများဆုံးဖြစ်တတ်သော အရက်ငန်းဖမ်းရောဂါ ဖြစ်ပါသည်။ လူနာသည် အဖျားဝင်လာသောကြောင့်ဖြစ်စေ၊ အရက်ကို ရုတ်တရက်ဖြတ်လိုက်ချိန်တွင်ဖြစ်စေ သို့မဟုတ် အရက်ကို အလွန်အကျွံ ရက်ဆက်ကာလအတော်ကြာအောင် သောက်လာသောအခါ၌ဖြစ်စေ အရက်ငန်းဖမ်းရောဂါ ဖြစ်ပေါ်လာတတ်ပါသည်။

ရောဂါလက္ခဏာများမှာ ချွေးထွက်လွန်ခြင်း၊ ခြေ၊ လက်၊ လျှာ စသည်တို့အပြင် တကိုယ်လုံးနီးပါး ကတုန်ကယင်ဖြစ်ခြင်း။ စိတ်လည်း ရှုပ်ထွေးနေပြီး ပတ်ဝန်းကျင်နှင့် ဆက်စပ်မရဖြစ်နေခြင်း၊ ပါးစပ်က ပြောမိပြောရာ ပြောနေတတ်ခြင်း၊ လှုံ့ဆော်မဲ့အာရုံများ(အကြားအမြင်ထိတွေ့ မှု)ရှိနေခြင်းတို့ ဖြစ်သည်။ လူနာသည် အများအားဖြင့် ထိတ်လန့်စရာကောင်းသော အရာတွေကို မြင်တွေ့နေတတ်ပါသည်။ ထို့ကြောင့် ထိုလူနာသည် လွန်စွာကြောက်ရွံ့ထိတ်လန့်တတ်ပါသည်။ လူနာကို စမ်းသပ်ကြည့်လျှင် သွေးခုန်နှုန်း မြန်ခြင်း၊ အဖျားအနည်းငယ်ရှိပြီး ချွေးထွက်လွန်ခြင်း လက္ခဏာများကိုတွေ့ရပါသည်။

ထို့ကြောင့်အရက်ကို အပေါင်းအသင်းပတ်ဝန်းကျင်ကြောင့်ဖြစ်စေ၊ ကိုယ့်စိတ်ကသွေးတောင်း၍ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ သောက်စားမူးယစ်သောအကျင့်များ စွဲမြဲလာပြီဆိုလျှင် လူကို အရက်က နိုင်သွားတတ်ပါသည်။

ဤကဲ့သို့ အနိုင်ယူသွားသဖြင့် စိတ်ကျန်းမာရေးရော၊ လူကျန်းမာရေးကိုပါ ထိခိုက်ပျက်စီးစေနိုင်သည်ဆိုသောအချက်ကို အလေးဂရုပြုသင့်လှပေသည်။ မည်သို့သော ဝေဒနာမျိုးကို ခံစားရနိုင်သည်ဆိုသည်ကိုလည်း ဖော်ပြခဲ့ပြီးပေပြီ။ ထို့ကြောင့် အရက်စွဲရောဂါကို အချိန်မီဖြတ်ပစ်ပြီး မိမိတို့ကျန်းမာရေးကို ပြန်လည်ထူထောင်သင့်ကြောင်း တင်ပြလိုက်ရပေသည်။

(မြန်မာနိုင်ငံဆရာဝန်များအသင်း ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာအဖွဲ့၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာစာစောင်အတွဲ–၁၊ အမှတ်–၁၊ ဖေဖော်ဝါရီလ ၁၉၄၇–ထုတ်စာစောင်မှ ဆောင်းပါးကို တဆင့်ကူးယူပါသည်။)

### အရက်စွဲလူနာများနှင့် ရောဂါများ

အရက်စွဲနေသူများတွင် မည်သည့်ရောဂါ အမျိုးအစားများ စွဲကပ်တတ်သည်ကို သိရှိလိုသဖြင့် စိတ်ရောဂါအထူးကုဆေးရုံကြီး မူးယစ်ဆေးဝါး အထူးကု ဆရာဝန်ကြီးဦးခန့်ထံ ၁၉၇၈–ခု၊ နိုဝင်ဘာလ–၁ရက်၊ စနေနေ့ နံနက်က သွားရောက်တွေ့ဆုံ မေးမြန်းရသည်။

ဆရာဝန်ကြီးက ၁၉၇၁–ခု၊ ဇန်နဝါရီလမှ ၁၉၇၇–ခုနှစ်အထိ စိတ်ရောဂါ အထူးကုဆေးရုံကြီးသို့ လာရောက်ကုသကြသော အရက်စွဲရောဂါလူနာ ၁၅၀–တို့ကို ၎င်းတို့တွင်မည်သည့်ရောဂါမျိုးများစွဲကပ်နေသည်ဆိုခြင်းကိုစမ်းသပ်စစ်ဆေးကြည့်ရာတွင် အောက်ပါ ရောဂါအမျိုးအစားများ စွဲကပ်နေသည်ကိုတွေ့ရှိရကြောင်း သူ၏ဆေးသုတေသနမှတ်တမ်းစာအုပ်ကြီးမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

### အရက်စွဲလူနာတွင် တွေ့ရှိရသော ရောဂါများ

| | | |
|---|---|---|
| ၁။ | အသည်းရောင်ရောဂါများ– | ၃၂% |
| ၂။ | အသည်းကျွမ်းရောဂါ– | ၆% |
| ၃။ | အစာအိမ်ရောဂါ– | ၁၆% |
| ၄။ | အာရုံနာဗ်ကြောထုံကျဉ်ရောဂါ– | ၂၂% |
| ၅။ | သတိမေ့ရောဂါ(KORSA KOB SYNAHOME) | ၀. ၆% |
| ၆။ | အဆုတ်ကင်ဆာ– | ၀. ၆% |

အရက်စွဲလူတွင် အထက်ပါရောဂါများ ဖြစ်ပွားတတ်ကြောင်း တွေ့ရှိရခြင်းအားဖြင့် အရက်သည် အသည်းကို များစွာဒုက္ခပေးစေပါ သည်။ ထို့ပြင် အရက်သည် ဦးနှောက်နှင့်အာရုံကြောများကိုလည်း ပျက်စီးစေနိုင်သည်ကို တွေ့ရှိရပါသည်။

### အရက်နှင့် အသည်း

(ဒေါက်တာခင်မောင်တင်
လက်ထောက်ညွှန်ကြားရေးမှူး၊
ဆေးသုတေသနဦးစီးဌာန၊
အသည်းရောဂါအထူးကုသမားတော်ကြီး၏
သုတေသနပြုချက်များ)

အရက်သောက်ခြင်းသည် အသည်းကို ထိခိုက်နိုင်သလား ဟူသောမေးခွန်းသည် ကျွန်တော့်အဖို့ မကြာခဏကြားရသောမေးခွန်းတစ်ခု ဖြစ်ပေသည်။

ထမင်းစားပွဲများ၊ ကော့တေးပါတီများတွင် ရေပန်းစားသော ဆွေးနွေးချက်တစ်ရပ်လည်း ဖြစ်ပေသည်။ သူငယ်ချင်းမိတ်ဆွေများထဲမှ အရက်ကြောင့် ဒုက္ခရောက်ခဲ့သည့် နမူနာတင်ပြသူ ရှိသလို ရင်းနှီးသူ အရက်အိုးတစ်ယောက် ဒေါင်ဒေါင်မြည် ကျန်းမာနေသည့် သာဓကကို ထောက်ပြသူလည်း ရှိတတ်ပေသည်။

(၁) မှန်ပါသည်။ အရက်သမားတိုင်း အသည်းရောင်ရောဂါတွင် အဆိုးဆုံးဖြစ်သော(CIRRHOSIS) (ခေါ်)အသည်းတွင် အဆီအောင်းသောရောဂါ။

ဤရောဂါမှာ အရက်မှန်မှန်သောက်သူတိုင်းတွင် ဖြစ်တတ်ပါသည်။ ရောဂါလက္ခဏာ အထူးမပြပါ။ အရက်ဖြတ်လိုက်လျှင် ပြန်၍ ပျောက်ကင်းသွားသဖြင့်အန္တရာယ်ရှိသောရောဂါ မဟုတ်သေးပါ။

(၂) ALCHOLIC HEPATITIS (ခေါ်) အရက်ကြောင့်ဖြစ်သော အသည်းရောဂါ။

ဤရောဂါမှာ အရက်သောက်များလျှင်သော်လည်းကောင်း၊ကြာရှည်လာလျှင်သော်လည်းကောင်း ဖြစ်တတ်ပါသည်။ အရက်သောက်ပြီး နောက်တစ်နေ့တွင် ညာဘက်နံစောင်းအောက် အသည်းနေရာတွင်နာခြင်း၊ အောင့်ခြင်းဖြစ်ပါက အသည်းရောင်သည်ဟု ယူဆနိုင်ပါသည်။ မကြာခဏဖြစ်ပါက (CIRRHOSIS) (ခေါ်) အသည်းကျွတ်နာအဆင့်သို့ တိုးတက် ဖြစ်ပွားသွားနိုင်ပါသည်။ အရက်များများသောက်နေကျလူတွင်အသည်းရောင်ရောဂါဖြစ်ပါက သုံးယောက်တွင်တစ်ယောက် သေနှုန်းရှိပါသည်။

(၃) CIRRHOSIS (ခေါ်) အသည်းကျွတ်နာ။

ဤရောဂါမှာ အရက်များများ ကြာရှည်သောက်လျှင် ဖြစ်တတ်သောရောဂါ ဖြစ်ပါသည်။ ရေဖျဉ်း

ဆွဲခြင်း၊ သွေးအန်ခြင်း၊ အသားဝါခြင်း၊ သတိလစ်ခြင်းများဖြစ်ပြီး သေဆုံးနိုင်သည်။ မြန်မာပြည်ရှိ အသည်းကျွတ်နာလူနာများတွင်(၁၅. ၆)%မှာအရက်ကြောင့်ဖြစ်သည်ကို တွေ့ရသည်။

အသည်းရောင် ရောဂါနှင့် အသည်းကျွတ်ရောဂါနှစ်မျိုးလုံးကို အရက်သောက်ရင်း အစားကောင်းများစားပေးခြင်း ဖြင့်မကာကွယ်နိုင်ပါ။ တောက်လျှောက်စွဲ၍ သောက်ခြင်းသည် ပြတ်တောင်းပြတ်တောင်းသောက်ခြင်းထက် ပို၍ဆိုးဝါးသည်။

အသည်းကျွတ်နာ ကြာရှည်လာလျှင် အသည်းကင်ဆာ ဖြစ်ပွားနိုင်သည်။ အရက်သောက်သူတိုင်း အရက်ရောဂါဆိုး မဖြစ်သဖြင့် အရက်၏အန္တရာယ်ကို သံသယဖြစ်နိုင်သေးသည်။ စာဖတ်သူများ စဉ်းစားဝေဖန် ဆုံးဖြတ်နိုင်ရန် အရက်နှင့် ပတ်သက်၍ သုတေသနတွေ့ရှိချက် အချို့ကို တင်ပြလိုပါသည်။

(၁) အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်လေးဆယ့်ငါးခုတွင် လေ့လာရာဝယ် အသည်းကျွတ်နာကြောင့် သေဆုံးနှုန်းသည် ပြည်နယ်တွင်းရှိ ပြည်သူလူထု၏ အရက်သောက်နှုန်းနှင့် အချိုးကျဆက်စပ်မှုရှိသည်ကို တွေ့ရလေသည်။ အရက်သောက်နှုန်း အနည်းဆုံးပြည်နယ်တွင် လူဦးရေ-၂၀၀,၀၀၀တွင် အသည်းကျွတ်နာကြောင့် လေးယောက်သေဆုံးပြီး အရက်သောက်နှုန်း အများဆုံးပြည်နယ်တွင် သေဆုံးနှုန်း ဆယ့်ခုနစ်ယောက်ဖြစ်လေသည်။

### အသည်းကျွတ်နာ သေဆုံးနှုန်း

| ပြည်နယ် | အရက်သောက်သူ | အရက်မသောက်သူ |
|---|---|---|
| ကာလီဖိုးနီးယားပြည်နယ် | ၁၄% | ၂% |
| မေရီလင်းပြည်နယ် | ၁၃. ၁% | ၁% |
| တိုရန်တို(ကနေဒါ) | ၁၃% | ၁% |
| အမေရိကန်ရေတပ်သားများ | ၁၀% | ၁% |
| မရိမ်းတင် | ၁၉. ၁% | ၁% |

အထက်ဖော်ပြပါ သာဓကများအရ အရက်ကြောင့် အသည်းကျွတ်နာဖြစ်ခြင်းကို ယုံမှားဖွယ်ရာရှိမည်မထင်ပါ။

အသည်းရောဂါ ဖြစ်ခြင်းသည် အရက်သောက်ခြင်း အနည်းအများနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်ကို တစ်ဖက်ပါ လေ့လာချက်အရ သိရှိနိုင်ပေသည်။

### ပြင်သစ်ပြည်ရှိ အရက်မှန်မှန် သောက်သူအပေါ် တွေ့ရှိချက်

တစ်နေ့တွင် အရက်သောက်နှုန်း လူတစ်သိန်းတွင် အသည်းကျွတ်နာဖြစ်နှုန်း

| | | |
|---|---|---|
| ၆၀ ဂရမ်(ဝီစကီငါးပက်) | ၇ ဦး | |
| ၁၂၀ ဂရမ် | ၃၄ ဦး | |
| ၁၈၀ ဂရမ် | ၁၆၇ ဦး | |
| ၂၄၀ ဂရမ် | ၃၆၆ ဦး | |
| ၂၄၀ အထက် | ၁၀၅၀ ဦး | |

အသည်းကျွတ်နာဖြစ်နှုန်းသည် အရက်သောက်နှုန်းနှင့် အချိုးကျများသွားသည်ကို တွေ့ရသည်။ အမျိုးသမီးများတွင်မူ အမျိုးသားလောက် အရက်ဒဏ်ကို မခံနိုင်ကြောင်းတွေ့ရသည်။

| | |
|---|---|
| ၂၀ ဂရမ်(၂ ပက်နီးပါး) | ၅ ဦး |
| ၄၀ ဂရမ် | ၁၄ ဦး |
| ၆၀ ဂရမ် | ၅၈ ဦး |
| ၈၀ ဂရမ် | ၅၅၀ ဦး |
| ၈၀ အထက် | ၂၀၀၀ ဦး |

အသည်းကျွတ်နာဖြစ်ပြီးသော အရက်သမား(၇၀၀)ကို လေ့လာရာဝယ် အရက်ဖြတ်သူများ(၇၀%)မှာ ငါးနှစ်ကြာကာလ၌ ကျန်းမာလျက် ရှိကြသော်လည်း အရက်သောက်သူများမှာမူ (၄၀%)သာ အသက်ရှင်လျက်ရှိသည်ကို တွေ့ရသည်။

ထို့ကြောင့် အသည်းကျွတ်နာ စွဲပြီးသား လူနာများတွင် အရက်ဖြတ်က အချိန်မီ အကျိုးဖြစ်ထွန်းနိုင်သေးသည်ဟု ယူဆနိုင်ပေသည်။

အရက်သောက်ခါစတွင် လူကအရက်ကို

သောက်သည်။ နောက်တော့ အရက်က အရက်ကို သောက်သည်။ နောက်ဆုံးတွင် အရက်က လူကို သောက်သည်ဟူသော စကားသည် မှန်ပါသည်။ အရက်၏ အန္တရာယ်ကို သိရှိပြီးနောက် အချိန်မီ ဆင်ခြင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

(ဒေါက်တာ ခင်မောင်တင်)

(ကျွန်တော် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အသည်းရောဂါကြောင့် ပြန်လည်တက်ရောက်စဉ်က အသည်းရောဂါ အထူးကုသမားတော်ကြီး ဦးခင်မောင်တင်မှာ ကျွန်တော့်အပေါ် မေတ္တာ၊စေတနာထားကာဂရုတစိုက်ကုသပေးခြင်း၊ ဆေးရုံမှ ဆင်းပြီးနောက် အသည်းပြန်နာလာသည့် အခါများတွင်လည်း ဂရုတစိုက် ကုသပေးရှာသော ကျေးဇူးရှင် ဆရာကြီးတစ်ဦး ဖြစ်ပါသည်။)

**အရက်+ စိတ္တဇ = ရာဇဝတ်မှု**

(ဒေါက်တာနေအုပ်၏ သုတေသနပြုချက်များ)

အရက်ကြောင့် စိတ္တဇဝေဒနာဖြစ်စေသည်ကို လုပ်သားပြည်သူအပေါင်းတို့က သိရှိပြီးဖြစ်ပေမည်။ အရက်ကြောင့် စိတ်ဝေဒနာခံစားနေစဉ်အတွင်း ဖြစ်မှုဆိုင်ရာမှုခင်းတစ်ခုကို ကျူးလွန်တတ်ကြောင်းတင်ပြလိုပါသည်။

အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်တတ်သော စိတ္တဇအခြေအနေများမှာ အရက်ဖြစ်ခြင်း(Drunkess)၊ အရက်ငန်းဖမ်းရောဂါ(Alcoholic Halluceinatory Insaruty)အရက်သံသယရောဂါ (Alcoholicrseusoparanoia) အရက် အာရုံကြောချုတ်ယွင်းရောဂါ(Alcoholic Pseudo Paresis)နှင့် အရက်သတိမေ့ရောဂါ (Alcoholic) စသည်တို့ ဖြစ်ပါသည်။

အရက်မူးခြင်းတွင် အရက်ကို အလွန်အကျွံ သောက်ခြင်းကြောင့် သောက်သုံးသူသည် ဆင်ခြင်မှုကင်းမဲ့ခြင်း၊ စိတ်လှုပ်ရှား နောက်ယှက်မှုဖြစ်ခြင်း၊ အဖြစ်မှန်မှ ကွာဟခြင်း၊ အရှက်အကြောက်တရား ထိန်းသိမ်းမှုကင်းမဲ့ခြင်း၊ တပ်မက်မှုကို မထိန်းသိမ်းနိုင်ခြင်းများ ဖြစ်လာပါသည်။ သို့ဖြစ်၍ လူသေမှု၊ ကိုယ်ခန္ဓာကို ထိခိုက်နာကျင်စေမှု၊ ကာမဂုဏ်ဖောက်ပြန်မှု၊ လူမှုဆက်ဆံရေး အဆင်မပြေမှု စသည်တို့ ဖြစ်ပေါ်တတ်ကြောင်း လေ့လာသိရှိရပါသည်။ အရက်ငန်းဖမ်းရောဂါကြောင့် လူသတ်မှု၊ ထိခိုက်နာကျင်စေမှုနှင့် သေကြောင်းကြံစည်စေမှု မှုခင်းများ ဖြစ်တတ်ပါသည်။

ဥပမာပြရလျှင် အရက်ငန်းဖမ်းရောဂါသည်နားထဲတွင် မလွန်ဆန်နိုင်သည့် ခိုင်းစေသံကြားခြင်း၊ မိမိ၏လည်ချောင်းကို ဓားဖြင့် လှီးခိုင်းသံကြားခြင်းဖြင့် မိမိကိုယ်ကိုမိမိ သေအောင် ပြုလုပ်နိုင်သည်။ မိမိဇနီးကို မျက်စိထဲတွင် ကြောက်စရာ လန့်စရာကောင်းသည့် အစွယ်ငေါငေါ ဘီလူးကြီးသဖွယ်ဖြစ်ခြင်း၊ မိမိကိုယ်ကို ဒုက္ခအန္တရာယ် တစ်စုံတစ်ရာလာပေးမည်ဟု ယုံမှားလွန်း၍ ဓားရှည်(သို့) ဓားဖြင့် ခုတ်သတ်နိုင်သည်။ ဝေဒနာသည်သည် ကြောက်အားလန့်အားဖြင့် ဝိုင်းလာသူတို့ကို မိမိ၏လက်တွင် ရှိသော လက်နက်တစ်ခုခုဖြင့် ထိခိုက်နာကျင်အောင် လုပ်တတ်သည်။

အရက်စိတ္တဇရောဂါတွင်မူ လူနာသည် ခြေလက်တွေ တုန်တုန်ယင်ယင် ဖြစ်သည်။ အာရုံနာဗ်ကြောများ ရောင်ခြင်း၊ ယုံမှားလွန်ခြင်းများ ဖြစ်သည်ကိုတွေ့ရပါသည်။ မိမိကိုယ်ကို တစ်ဦးတစ်ယောက်က အနှောင့်အယှက်ပေးနေသည်။ အစားအစာထဲသို့ ဆေးခတ်ထားသည်ကို ယုံမှားတတ်သည်။ နားထဲတွင်လည်း ကြောက်မက်ဖွယ်ကောင်းသော ခြိမ်းခြောက်သံများ ကြားရသည်။ ၎င်းအသံများ၏ဒဏ်ကို မခံနိုင်သည့်အတွက် အမြန်ဆုံးရှောင်ရှားနိုင်ရန် မိမိကိုယ်မိမိ အဆုံးစီရင်တတ်ပါသည်။ တစ်ခါတစ်ရံ နားထဲတွင်ကြားရသည့် အမိန့်ပေးသံကို တသွေမတိမ်း လိုက်နာရပါသည်။

အရက်သံသယရောဂါသည်ကို လေ့လာကြည့်ရာ လူနာသည် မိမိဇနီးအပေါ် မယုံသင်္ကာဖြင့် သူတစ်ပါးနှင့် ဆက်ဆံသည်ကိုလည်း မနာလိုဝန်တို

ဖြစ်၏။ အိမ်ထောင်ရေး သစ္စာစောင့်မှုမရှိဟု ထင်၏။ မိမိ၏ဇနီးသည် နေပုံထိုင်ပုံမမှန်ကန်ဟု ထင်မြင်ယုံမှား သံသယစိတ်ဖြစ်၏။ မိန်းမသည် အခြားယောကျ်ားတစ်ဦးတစ်ယောက်နှင့် ကာမဂုဏ်ဖောက်ပြန်သည်ဟု သံသယစိတ်ရှိ၏။ သို့ဖြစ်၍ အပြင်မှ အိမ်သို့ပြန်လာသော ဇနီး၏အဝတ်အစားကို စစ်ဆေးလေ့လာကြည့်၏။ ဝန်မခံလျှင် ဝန်ခံသည့်တိုင်အောင် ရိုက်နှက်ကန်ကြောက်၏။ ဤသို့ဖြင့် ကျေနပ်အားရခြင်းမရှိလျှင် မိန်းမကိုဓားဖြင့်ခြိမ်းခြောက်၏။ သတ်၏။ သို့တည်းမဟုတ် မိမိအသက်ကို မိမိသတ်သေ၏။ တစ်ခါတစ်ရံ ပစ္စည်းဥစ္စာများကို ဖျက်ဆီးပစ်၏။ သားသမီးများသည်မိမိနှင့်မွေးဖွားသည့် ရင်သွေးမဟုတ်ကြောင်းကို သံသယစိတ်ဝင်၏။ သို့နှင့်ပင်သားသမီးများကိုသတ်ပစ်တတ်သည်။

အရက်အာရုံကြော ချုတ်ယွင်းရောဂါကို စူးစမ်းကြည့်ပြန်သော် လူနာသည် ခြေလက်တုန်ခြင်း၊ ခြေလက်စားရောဂါဖြစ်ခြင်း၊ အပြောဖောက်ပြန်ခြင်း စသည်တို့ကို တွေ့ရပါသည်။ ဘဝင်မြင့် ယုံမှားလွန်းစိတ်ကြောင့် ဝေဒနာရှင်သည် သူ့ကိုယ်သူရှင်ဘုရင်ဖြစ်သည်။ စိန်နှင့်ပုလဲ၊ ရွှေ ငွေများစွာပိုင်ကြောင်းပြော၏။ သူ့အား ယုံကြည်သူများသည် အညာခံရတတ်သည်။အလွန်ဈေးကြီးသောဟိုတယ်သို့ ဝင်၍စားသည်။ ပိုက်ဆံမပေးဘဲထွက်လာတတ်သည်။ ဤနည်းဖြင့် လူမှုရေးပြဿနာပေါ်စေတတ်ပါသည်။

အရက်သတိမေ့ရောဂါမှာလည်း ဝေဒနာရှင်သည် မှတ်ဉာဏ် ကျဆင်းမှု၊ အာရုံစိုက် ကင်းမဲ့မှု၊ နဂိုရှိ စွမ်းဆောင်မှုကို ထိန်းသိမ်းရန် အရည်အသွေးကျဆင်းမှု၊ စိတ်ဝင်စားခြင်းလျော့နည်းမှုများရှိသဖြင့် မကြာခဏ ပြဿနာဖြစ်၏။ သူစိမ်းကိုလည်း မိမိမိတ်ဆွေ သူငယ်ချင်းဟောင်းဟု ထင်၏။ မိမိ၏နောင်ရေးအတွက် ပူပန်ကြောင့်ကျမှုမရှိ၍ အလုပ်လက်မဲ့ ဖြစ်စေသည်။ သူတစ်ပါး၏ လိမ်လည်ခြင်းကိုခံရ၏။ မရောက်ဖူးသောနေရာကိုရောက်ဖူးသည်ဟု ထင်၏။ လမ်းသွားလမ်းလာရင်းနှင့်ပင် လမ်းစပျောက်သွား၏။ ဘယ်သွားနေမှန်း မသိ။ သို့ဖြစ်၍ ထိုသို့သော လူနာအတွက်ဘေးအန္တရာယ်ရှိ၏။ လူ့အသိုင်းအဝိုင်း တစ်ခုလုံးအတွက်လည်း အနှောင့်အယှက် ဖြစ်ပါသည်။

တကယ်စင်စစ်သော်ကား အရက်ကို သောက်ပါများလာလျှင် လုပ်ငန်းခွင်ကို ပျက်ကွက်ထိခိုက်စေပါသည်။ အကြွေးတင်ခြင်း စသော ငွေရေးကြေးရေး ပြဿနာပေါ်ပေါက်တော့သည်။ သို့ဖြစ်၍ ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံမှု နည်းလာပြီး တဖြည်းဖြည်း အထီးကျန်ဘဝသို့ ဆိုက်ရောက်ပါသည်။ အရက်ဒဏ်ကြောင့်လည်း ခန္ဓာကိုယ်ပိုင်းဆိုင်ရာချို့တဲ့မှု ဝင်လာပါသည်။ သို့နှင့်ပင် အာဟာရချို့တဲ့ရောဂါ၊ အသည်းကျွမ်းရောဂါ၊ ဦးနှောက်ပျက် အာရုံကြောထုံတဲ့ပိုးတွေ ဖိစီးလာပါသည်။ လိင်ကိစ္စအရေးအခင်းမှာလည်း မပြေလည်မှုများပေါ်ပေါက်လာ၏။ အရက်သောက်ခြင်း၏နောက်ဆုံးအဆင့်တွင်မှ စိတ်ပိုင်းဆိုင်ရာ စိတ္တဇရောဂါများပေါ်လာပေတော့သည်။

ထိုအရက်ကြောင့်ဖြစ်သည့် စိတ္တဇရောဂါများပေါ် အခြေပြုပြီး လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းကို ထိခိုက်စေမည့် အန္တရာယ်ဖြစ်စေမည့် ရာဇဝတ်မှုခင်းများကို ဖြစ်ပေါ်စေသည်။ သို့ပါ၍ အရက်သည် ယခုခေတ်တွင်ရေပန်းစားသည့် မူးယစ်ဆေးဝါးထဲတွင် စာရင်းဝင်မည် မဟုတ်သော်လည်း ၎င်းကြောင့် အန္တရာယ်မသေးလှသည်ကို အထက်ဖော်ပြပါ အချက်များအရ သိရှိနိုင်ပေသည်။ ထို့ကြောင့် 'မှုခင်း ကျဆင်းရေး'ဆောင်ပုဒ်နှင့်အညီ အရက်စွဲရောဂါနှင့် အရက်ကြောင့် ဖြစ်ပေါ်လာသည့် စိတ္တဇရောဂါများကို သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆေးရုံကြီးတွင် ပျောက်ကင်းအောင် ကုသသင့်ကြောင်း တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

(၁၉၇၈ ခု၊ နိုဝင်ဘာလ၊ ၃၀–ရက်နေ့ထုတ် လုပ်သားနေ့စဉ်သတင်းစာမှ)

### အရက်ပိုင်း ဓားဖြင့်ထိုးသေ

(ရန်ကုန်၊ ဖေဖော်ဝါရီလ ၁၂)

မင်္ဂလာဒုံရွာမ,နေ မောင်တင်ညွန့်နှင့် မောင်ကျော်စိုး ယမန်နေ့ ညကိုးနာရီက မော်တင်ကမ်းနားတွင် အရက်သောက်ကြရာမှ ကြည့်မြင်တိုင် နာနတ်တောရပ်ကွက်နေ စိုးနိုင်၊ မြသောင်းတို့နှင့် စကားများကြရာ မြသောင်းက ဓားနှင့်ထိုးသဖြင့် ကျော်စိုးမှာ ရင်ညွန့်တွင် ဒဏ်ရာရပြီး သေဆုံးသွား၍ အမှုကို ဆိပ်ကမ်းရဲစခန်းမှ ပုဒ်မ ၃၀၂–အရ မြသောင်းနှင့် စိုးနိုင်တို့ကို အရေးယူထားရ၏။

### အရက်မူးရမ်းတဲ့ ဖခင်
### သားက ရိုက်လို့ သေ

(ပေါက်ခေါင်း၊ မတ် ၁၇)

ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့၊ အရှေ့တောင်ဘက် လေးမိုင်ကွာ ပြည်၊ တောင်ငူ ကားလမ်းမကြီးဘေးရှိ မြို့တောင်ကျေးရွာတွင် ယမန်နေ့ နေ့လည်ပိုင်းက ဖခင်ဖြစ်သူအား သားအရင်းက တုတ်ဖြင့်ရိုက်၍ သေဆုံးမှု ဖြစ်ပွား၏။

သေဆုံးသူမှာ ၎င်းရွာနေ ဦးသူတော်(၅၀–နှစ်) ဖြစ်ပြီး တုတ်နှင့်ရိုက်သူမှာ သေဆုံးသူ၏ သားအရင်း မောင်ထွန်းကြဲ(၂၃)နှစ်ဆိုသူ ဖြစ်၏။

ဖြစ်ပွားပုံမှာ ဦးသူတော်သည် နေ့စဉ်နေ့တိုင်း အရက်သေစာများ မူးယစ်သောက်စား၍ ၎င်း၏ အိမ်ထောင်စုတွင် အမြဲလို ဆူပူကြိမ်းမောင်းလေ့ရှိပြီး ၎င်း၏ ဇနီးဖြစ်သူကိုလည်း အခြားယောကျ်ားများနှင့် စွပ်စွဲကဲ့ရဲ့သည် ဆို၏။

ထိုနေ့ နေ့လည်ပိုင်းကလည်း ဦးသူတော်မှာ အရက်သောက်စားမူးယစ်၍ အိမ်သို့ပြန်လာပြီး ဆူပူကြိမ်းမောင်းခဲ့သည် ဆို၏။ ထို့နောက် ၎င်း၏သား မောင်ထွန်းကြဲ တောထဲသို့ နွားကျောင်းသွားသည်ကို နောက်မှပြေးလိုက်၍ ဓားနှင့်ခုတ်မည်အပြုတွင် သားဖြစ်သူက တစ်လက်မ ပတ်လည်ရှိ ပျဉ်းကတိုးတုတ်နှင့် ဦးသူတော်၏ဦးခေါင်း ညာဘက်ချိုစောင်းကို နှစ်ချက်ဆက်၍ရိုက်ရာ ဦးသူတော်မှာနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခြင်းဖြစ်သည်ဆို၏။

ပေါက်ခေါင်းရဲတပ်ဖွဲ့စခန်းမှ တရားခံ မောင်ထွန်းကြဲအား ဖမ်းဆီးအရေးယူထား၏။

(မြန်မာ့အလင်း။ ၂၂–၃–၇၃)

### အရက်မူး၍ ရထားကြိတ်သေခြင်း

(ဖင်းကျိုက်၊ စက်တင်ဘာ ၂၀)

ပေါင်မြို့နယ်၊ အုတ်တံတားကျေးရွာ ဦးချစ်မောင် +ဒေါ်ဖွား ရင်တို့၏သား မောင်အေးသိန်း(၂၅ နှစ်)သည် ယမန်နေ့ ညကိုးနာရီက အရက်မူးပြီး မီးရထားလမ်းပေါ် အိပ်ပျော်နေစဉ် ဖင်းကျိုက်ဘူတာမှ မုတ္တမသို့ ခုတ်မောင်းသော ရန်ကုန်လော်ကယ် ရထားက ကြိတ်သွားသဖြင့် ကိုယ်နှစ်ပိုင်းပြတ် သေဆုံးနေသည်ကို ပြည်သူ့စစ်ကတွေ့ရှိ၍ ပေါင်ရဲစခန်းသို့ တိုင်ကြားထား၏။

(မြန်မာ့အလင်း။ ၂၃–၉–၇၆)

### အရက်အတူ သောက်ရာမှ
### နှစ်လောင်းပြိုင်သတ်မှုဖြစ်

(ပေါက်မြို့၊ စက်တင်ဘာ ၂၇)

စက်တင်ဘာ ၂၅ ရက်၊ နေ့ခင်း ၁ နာရီအချိန်က နှစ်လောင်းပြိုင် လူသတ်မှုကြီးတစ်ခု မကွေးတိုင်း၊ ပေါက်မြို့နယ်၊ သရက်ကန်ကျေးရွာ၌ ဖြစ်ပွား၏။

သတ်သူမှာ ပေါက်မြို့နယ်၊ သရက်ကန်ကျေးရွာမှ မောင်ဉာဏ်ဝင်း (အသက်၂၄နှစ်)ဖြစ်ပြီး သေဆုံးသူမှာပေါက်မြို့နယ်၊ လယ်အိုရွာမှ ကျေးရွာသမဝါယမအသင်း ဥက္ကဋ္ဌဦးညိုမောင်(၃၄ နှစ်)နှင့် တောင်သူဦးဖိုးချော(၃၄ နှစ်)တို့ ဖြစ်ကြ၏။

ဖြစ်ပုံမှာ လယ်အိုကျေးရွာ သမဝါယမအသင်း ဥက္ကဋ္ဌ ဦးညိုမောင် အမှုဆောင် ဦးမောင်ကြည်နှင့် လှည်းမောင်းသူ ဦးဖိုးချောတို့သည် မိမိတို့ကျေးရွာခွဲတမ်းပစ္စည်းများကို ထုတ်ယူပြီး ပေါက်မြို့မှ စက်

တင်ဘာ ၂၄ ရက်နေ့က လယ်အိုကျေးရွာသို့ ပြန်ခဲ့ကြ၏။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် လမ်းခုလတ်ဖြစ်သည့် သရက်ကန်ကျေးရွာသို့ ရောက်ရှိပြီး နေ့ခင်းတစ်နာရီ အချိန်တွင် သရက်ကန်ကျေးရွာမှ အသိဖြစ်သူ ကိုရွှေရ၏ နေအိမ်ပေါ်၌ သရက်ကန်ရွာသား မောင်ဉာဏ်ဝင်းဆိုသူနှင့် အရက်အတူသောက်ကြရာမှအစ စကားများရန်ဖြစ်ကာ ထွေးလုံးသတ်ပုတ်ကြပြီးနောက် ဦးညိုမောင်နှင့် ဦးဖိုးချောတို့ကို လှံဖြင့်ထိုးသတ်ရာ ဦးညိုမောင်နှင့် ဦးဖိုးချောတို့တွင် ရင်ဘတ်ဝမ်းဗိုက်များ၌ ဒဏ်ရာများဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွား၏။

အလောင်းများကို ပေါက်မြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ သယ်ဆောင်ပြီး လူသတ်တရားခံ မောင်ဉာဏ်ဝင်းအား ပုဒ်မ(၃၀၂)အရ ဖမ်းဆီးအရေးယူထား၏။

(မြန်မာ့အလင်း။ ၄-၁၁-၇၆)

**အရက်မူးရမ်း မီးခင်အိမ်မီးရှို့**

(မင်းလှ၊ ဒီဇင်ဘာ ၂၇)

ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ သစ်တူးအိုင်ကျေးရွာ ဒေါ်တိုးစိန်၏သား အသက်(၂၈နှစ်)ရှိ မောင်ကောက်ချိတ်(ခေါ်)စိုးမောင်သည် ဒီဇင်ဘာလ ၂၄ ရက် ညနေက အရက်များ သောက်စားမူးယစ်ပြီး ကျေးရွာထဲတွင် ဆဲဆိုရမ်းကားနေသည်ကို မိခင်ဖြစ်သူက ဆုံးမရာ ကိုစိုးမောင်သည် ကိုင်းခုတ်ဓားကိုကိုင်၍ မိခင်နေအိမ်ကို မီးတင်ရှို့သဖြင့် ကျေးရွာတွင် လူနေအိမ်ခြောက်လုံး မီးကူးစက်လောင်ကျွမ်းပြီး ရွှေ၊ ငွေ၊ အဝတ်အထည်၊ ပစ္စည်းမျိုးစုံအပါအဝင် တန်ဖိုးငွေ(၅၀၀၀၀)ကျော်ကို မီးလောင်ဆုံးရှုံးသွားသည်။

(ဒိုလ်တစ်ထောင်၊ ၂-၁-၇၇)

**အရက်ဝိုင်းမှ လူသတ်မှုအယူခံ ဗဟိုရုံးမှ သေဒဏ်အတည်ပြု**

(ရန်ကုန်၊ ဇွန် ၂၈)

လူသတ်မှု ကျူးလွန်ခဲ့၍ ဘိုကလေးမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ်ကျခံစေရန် အပြစ်ပေးခံရသော ဘိုကလေးမြို့နယ်၊ ငွေတောင်ရွာနေ၊ မောင်ထွန်းမြင့်(၃၁နှစ်)၏ အယူခံမှုကို ဥက္ကဋ္ဌဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင် ဗိုလ်မှူးလှမောင်နှင့် ဦးကြည်မြပါဝင်သော ဗဟိုတရားရုံး တရားစီရင်ရေးအဖွဲ့က ကြားနာပြီး သေဒဏ်ကို အတည်ပြု၍ အယူခံကို ပယ်ချလိုက်ကြောင်း ယနေ့စီရင်ချက်ချ၏။

**အရက်ဝိုင်း**

အမှုမှာ (၂၄-၉-၇၄)နေ့၊ ည ၉ နာရီခန့်တွင် ငွေတောင်ရွာနေ မောင်ငွေသောင်း၏ ဖိတ်ခေါ်ချက်အရ ဘူးတင်းစုံချောင်းဝရှိ ပုဇွန်ဖောင်သို့ မောင်ချိုအောင်ထွန်း၊ အောင်မြင့်သိန်းနှင့် ၎င်း၏ညီ သေသူအေးတင်(၂၀ နှစ်)တို့ သွားရောက်၍ ဝိုင်းဖွဲ့ကာ အရက်သောက်ကြသည်။ အရက်မလောက်၍ တစ်ဖက်ကမ်းသို့သွားပြီး အရက်ဝယ်ရာမှ မောင်စိန်သောင်းနှင့် မောင်အေးတင်တို့ စကားများရန်ဖြစ်ကြသည်။ ထို့နောက် မောင်စိန်သောင်းသည် ရွာသို့ပြန်သွားပြီး ၎င်း၏အစ်ကို ထွန်းမြင့်ကိုခေါ်လာကာ ထွန်းမြင့်က မောင်အေးတင်အား ဓားဖြင့်ထိုး၍ စိန်သောင်းက အောင်မြင့်သန်းအား လှံဖြင့်ထိုးသည်။ မောင်အေးတင် သေဆုံးပြီး အောင်မြင့်သန်းမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့၍ ဘိုကလေးရဲစခန်းက ဖမ်းဆီးတရားစွဲတင်ခဲ့မှုဖြစ်သည်။

ယင်းအမှုကို ဘိုကလေးမြို့နယ် တရားရုံးက ကြားနာပြီး ထွန်းမြင့်အား သေဒဏ်၊ စိန်သောင်းအား ပုဒ်မ ၃၂၆ အရ ထောင်ဒဏ်ခုနစ်နှစ် အပြစ်ပေးခဲ့ခြင်းကို မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံဝင်ရောက်ခဲ့မှု ဖြစ်သည်။

## အတည်ပြု

ဗဟိုတရားရုံး၏ စီရင်ချက်တွင် မောင်အေးတင်အား ဓားဖြင့်ထိုးသူမှာ မောင်ထွန်းမြင့်ဖြစ်ကြောင်း ယုံမှားဖွယ် မရှိသောကြောင့် ဤသို့ ဓားဖြင့်ထိုးရာ၌ ကြိုတင်ကြံရွယ်ချက် ရှိ/မရှိ စဉ်းစားရန် ရှိသည်။ သေဆုံးသူ မောင်အေးတင်နှင့် ရန်သူဖြစ်သူမှာ မောင်ထွန်းမြင့်မဟုတ်။ ၎င်း၏ညီ မောင်စိန်သောင်းဖြစ်၏။ ရန်ဖြစ်၍ လူစုကွဲပြီးနောက် ပုဇွန်ဖောင်တွင်ရှိနေသော မောင်အေးတင်ထံ ထွန်းမြင့်တို့ တကူးတကရောက်လာ၍ ရန်ပြုခြင်းဖြစ်လေသည်။ ဤသို့ ပြုရန်အတွက် ဓား, လုံအစရှိသောလက်နက်များလည်း ယူဆောင်လာသည်ဖြစ်သောကြောင့် ရုတ်တရက် ဒေါသအလျောက် သတ်ဖြတ်လိုက်ခြင်း ဖြစ်သည်ဟုမဆိုနိုင်။ ထို့ကြောင့် မြို့နယ်တရားရုံးက မောင်ထွန်းမြင့်အပေါ် ပုဒ်မ(၃၀၂)(၁)(ခ)အရ သေဒဏ်ပေးခြင်းကို အတည်ပြု၍ အယူခံကို ပယ်ချလိုက်သည်ဟု ဖော်ပြထား၏။

(လုပ်သားပြည်သူ့နေ့စဉ်၊ ၂၉-၆-၇၇)

### အရက်မူးပြီး မိခင်ဓော်ကားသူ

(ရန်ကုန်၊ ဩဂုတ် ၁၀)

သက်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်ရပ်ကွက်၊ အပိုင်း(၁)တွင် လူသတ်မှုတစ်ခုဖြစ်ပွားပြီး အလောင်းကိုမြေမြှုပ်လိုက်သည်မှာ တစ်လခန့်ရှိပြီဖြစ်ကြောင်း တာဝန်သိ လုပ်သားပြည်သူများ၏သတင်းပေးချက်အရ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းလေ့လာစုံစမ်းပြီး လူသတ်တရားခံနှစ်ဦးကို ယနေ့ဖမ်းဆီးလိုက်သည်။

သေဆုံးသူမှာ မိကျောင်းကန်၊ အပိုင်း ၁၊ ပဒေသာလမ်း၊ အမှတ် ၉၆ နေ ဝင်းနိုင်(ခေါ်)ခင်ညွန့် ၃၆-နှစ်ဖြစ်ပြီး (၂၂-၇-၇၇)နေ့ ညက အရက်သေစာ သောက်စားမူးယစ်၍ နေအိမ်သို့ပြန်လာပြီး မိခင်ဖြစ်သူဒေါ်အန်ကြူက ထမင်းထည့်ကျွေးရာ ထမင်းဝိုင်းကို ခြေနှင့်ကန်ကြောက်ပြီး ကြိမ်းမောင်းသဖြင့် သားကြီးဖြစ်သူ မောင်သိန်းဟန်သို့ ပြောကြားရာမှ ညီကိုနှစ်ဦး စကားများရန်ဖြစ်ရာ မောင်သိန်းဟန်၏သားဖြစ်သူ မောင်ဝင်းနိုင်က ဦးလေးဖြစ်သူ ခင်ညွန့်၏ဦးခေါင်းကို တုတ်နှင့်ရိုက်သဖြင့် ရရှိသောဒဏ်ရာနှင့် (၈-၇-၇၇)နေ့ကသေဆုံးသွားပြီး (၁၀-၇-၇၇)ရက်နေ့က မြေမြှုပ်လိုက်သည် ဆို၏။

ယင်းအမှုနှင့် ပတ်သက်၍ ဦးသိန်းဟန်နှင့် သားဖြစ်သူ ဝင်းနိုင်တို့အား ပြည်သူ့ရဲတပ်ဖွဲ့မှ ပုဒ်မ ၃၀၂-၅၄အရ အရေးယူထား၏။

(မြန်မာ့အလင်း၊ ၁၆-၈-၇၇)

သင်လူတစ်ယောက်ဖြစ်ပြီလား
စာအုပ်ပြီး၏။

မေတ္တာရှင်(ရွှေပြည်သာ)

## ဤစာအုပ်တွင် ပါဝင်သော သရုပ်ပြပုံရသဆောင်းပါးနှင့် ဝတ္ထုများ

- ကြိုးစင်အထိ ပို့နိုင်စွမ်းရှိသောအပေါင်းအသင်း(ရန်အောင်မောင်မောင်)
- ကာမဂုဏ်နှင့်သစ္စာ(ရန်အောင်မောင်မောင်)
- လင်သတ်အလောင်းဖျောက် ထောင်ထဲရောက်(ရန်အောင်မောင်မောင်)
- မိုးကြိုးအသက် ကြွေရက်စော(ရန်အောင်မောင်မောင်)
- မိုးပေါ်ကအပ်တစ်စင်းနှင့် မြေကြီးပေါ်ကအပ်တစ်စင်း(မြနှောင်းညို)
- ညစ်ကျူလိပ်ပြာ(အတွင်ကျော်)
- ခြေရာအဆိပ်(လွန်းထားထား)
- ဖမ်း၍မမိသော တရားခံ(ဦးသုခ)
- ခဲအိုမွှေးသောမီး(သုတေသီဘုန်းမြင့်သွေး)
- အပြာရုပ်ရှင်(သုတေသီဘုန်းမြင့်သွေး)
- ဖွဲ့တစ်ဆုပ်နိုင်သေးရင်(သုတေသီဘုန်းမြင့်သွေး)
- မယားခိုး(သုတေသီဘုန်းမြင့်သွေး)
- မပြုံး ကြောင့် မပြုံးနိုင်ပါ(သုတေသီဘုန်းမြင့်သွေး)
- အတွေ့ကို မရှောင်နိုင်တဲ့အခါ(သုတေသီဘုန်းမြင့်သွေး)
- အိမ်တွင်းရေးအရှုပ်(သုတေသီဘုန်းမြင့်သွေး)
- မှောင်လွန်းသောည(သုတေသီဘုန်းမြင့်သွေး)
- မိန်းမ မဟုတ်သော ကလေးနှစ်ယောက် အမေ(ရန်အောင်မောင်မောင်)
- မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း(သော်တာဆွေ)
- အတွေ့အတွက် အသက်ပေးသူ(ရန်အောင်မောင်မောင်)
- ဆရာကြီးသုံးယောက်(သော်တာဆွေ)
- ကြီးကောင်ငင်စ(လူထုဦးလှ)
- ဦးရေအေး(လူထုဦးလှ)
- ချစ်တဲ့သူ အငိုတိတ်အောင်(လူထုဦးလှ)
- ပြောစမှတ်ဆုတောင်း(လူထုဦးလှ)
- နှစ်လောင်းပြိုင်ဖြစ်ရသော ကာမေသုကံ(ရန်အောင်မောင်မောင်)
- မျောက်အ'ဇာတ်ထုတ်ကတဲ့မင်းသား(လူထုဦးလှ)
- အရက်ရှူးနိဒါန်း(ရဲဘော်နေအောင်)
- ရှူးရှူးမပေါက်သင့်သောနေရာ(ရဲဘော်နေအောင်)

## ဆရာတော် အရှင်ဇဝန မေတ္တာရှင်(ရွှေပြည်သာ)၏

## "ထုတ်ဝေပြီး စာအုပ်များ"

၁။ မျက်ရည်မကျခင် သိစေချင်
၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း(၁)
၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း(၂)
၄။ သရဏဂုံအစွမ်း အံ့မခန်း
၅။ မေတ္တာအစွမ်း အံ့မခန်း
၆။ သီလအစွမ်း အံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မဂ်တားဖိုလ်တား အန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာရသစာစုများ (မင်းဟိန်းထိဝ်နှင့်အတူ)
၁၁။ မြန်မာတို့၏အသက်
၁၂။ အရှုံးမရှိသော ဒသာန
၁၃။ Aprofitable Philosophy
၁၄။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၁+၂)
၁၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၃+၄)
၁၆။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၅+၆)
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ (၁)
၁၉။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ (၂)
၂၀။ မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာ (အိတ်ဆောင်)
၂၁။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါး (အိတ်ဆောင်)
၂၂။ ကျောင်းအမ နတ်သမီးအလှကြီး (အိတ်ဆောင်)
၂၃။ စုန်လမ်းနှင့်ဆန်လမ်း (အိတ်ဆောင်)
၂၄။ အသေမြတ်ချင် သေနည်းသင် (အိတ်ဆောင်)
၂၅။ အစားစားရင်း မဂ်ဖိုလ်ရအောင် ကျင့်ဆောင်ခြင်း (အိတ်ဆောင်)
၂၆။ မေတ္တာဖြင့် စီးပွားရှာခြင်း
၂၇။ သညာသိနှင့် ပညာသိ (သုဒ္ဓဝိပဿနာကျင့်စဉ်)
၂၈။ ဆရာကောင်းကို ရှာဖွေခြင်း
၂၉။ မဂ်ဖိုလ်ရမည့် သမာဓိအဆင့်ဆင့်
၃၀။ ကိုးဆယ့်နှစ်ကမ္ဘာ ဒိုခဲ့ရသူများအကြောင်း
၃၁။ ထေရဝါဒ မှတ်ကျောက်
၃၂။ ကာယကံမေတ္တာ (အိတ်ဆောင်)
၃၃။ စိတ်ဝင်စားဖွယ်ကောင်းသောစာတစ်စောင်နှင့် အခက်ဆုံးမေးခွန်းသုံးခု (အိတ်ဆောင်)
၃၄။ ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော အရှင်ဒေဝဒတ်၏တပည့်များ
၃၅။ လူဖြစ်ရခြင်း၏အဓိကရည်ရွယ်ချက်
၃၆။ ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်နှင့် ဒသာနရသဝတ္ထုတိုများ ယူခု
၃၇။ သင်လူတစ်ယောက်ဖြစ်ပြီလား

**<u>ဆက်လက်ထွက်ရှိမည့်စာအုပ်</u>**

၃၈။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၇)